

ဆရာတော် အရှင်ဇနကာဘိဝံသ ၏

သက်တော် ( ၇၄ ) နှစ် အရွယ် ပုံတော်

မျက်နှာဖုံးဒီဇိုင်းကို

ဆရာတော် အရှင်စန္ဒောဘာသ၏ ညွှန်ကြားမှုကိုခံယူကာ

မောင်အေးမြင့်(မြန်မာ့ရိုးရာဒီဇိုင်း)က

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီးအား

ကြည်ညိုသဒ္ဓါစိတ်ဖြင့် ရေးဆွဲပူဇော် လှူဒါန်းပါသည်။

အမရပူရမြို့


မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်

# အရှင်ဇနကာဘိဝံသ

၏

# တဘဝ သံသရ

[ဆရာတော်ကိုယ်တိုင် ရေးသားခဲ့သော စာမူကို မွမ်းမံပြင်ဆင် ဖြည့်စွက်၍ ဘဝဇာတ်ကြောင်းကို ပျံလွန်ပြီးဆုံးသည်အထိ ဖော်ပြထားပါသည်။]



နယူးဘားမား ပိဋကပုံနှိပ်တိုက်
အမရပူရမြို့။

A

## စာရှုသူအတွက် မှာထားချက်

ကိုယ်တည်း တယောက် ချမ်းသာရောက်ဖို့
ခုလောက်ကြိုးကုတ် အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ သာသနာ၏ ရှေ့ခါ ဘိုးဘ
လက်ထက်ကလျှင် ရသည့်တန်ဖိုး ထပ်မညှိုးဘို့
အားကြိုးမာန်တက် ငါဆောင်ရွက်သည်.....
ဆက်လက် တည်တံ့ပါစေသော်။

**ဘာသာအရေး ဦးစားပေး**

ဤလက်ာပိုဒ်ဖြင့်ပင် ဆရာတော်၏ ဗုဒ္ဓမြတ်စွာ သာသနာတော်အတွက် ဘယ်မျှလောက် အလေးပေးထားကြောင်းကို ကောင်းကောင်းကြီး အကဲဖြတ်နိုင်ကြပါသည်၊ ဆရာတော်သည် သက်ရှယ်တော် ကြီးရင့်မှ ဤဆန္ဒမျိုးဖြစ်ပေါ်လာသည်လည်း မဟုတ်ပါ၊ ရဟန်းငယ်ဘဝကပင် သာသနာရေးနှင့် ပတ်သက်လာလျှင် ကိုယ်ကျိုးမဖက် ဘာသာအကျိုးသက်သက်ကိုသာ ရှေးရှုပြီး ဆန္ဒတော်ပြင်းပြစွာ ဆောင်ရွက်ခဲ့သည့် ကိစ္စများကို အကြိမ်ပေါင်းများစွာ တွေ့ရှိခဲ့ရပါသည်၊ ဤစာရေးသူသည် နှစ်ပေါင်းများစွာ အတူနေခဲ့ရ၍ ကောင်းကောင်းသိခွင့်ရရှိခဲ့ပါသည်၊ ယင်းဘာသာအရေးနှင့်ပတ်သက်လာလျှင် မည်သည့်ဒကာ-ဒကာမကိုမျှ ထောက်ထားမှုမပြု, ဘာသာအကျိုးတခုကိုသာ ဦးစားပေး ကျင့်သုံးတော်မူခဲ့ပါသည်၊ ဘာသာအရေးကြောင့် သာသနာညှိုးမည်ဆိုလျှင် မုန်း-ချစ် နှစ်ပါး ပယ်ရှား၍ အသေးအဖွဲ့ကစပြီး နည်းမှန်လမ်းကျ ကျင့်သုံးခဲ့ပါသည်။

မှန်ပါသည်—စစ်အတွင်းအချိန်မှာ မိသားစုတခုသည် ကျောင်းတွင်း၌ လာရောက်၍ စင်ပြေးဒုက္ခသည်အဖြစ်ဖြင့် ခေတ္တတည်းခိုနေထိုင်စဉ်, နေ့လည်တချိန်တွင် သီချင်းဓာတ်ပြားဖွင့်၍ ပျော်ရွှင်စွာ ဆူဆူညံညံ စကားပြောနေကြရာ သီချင်းဓာတ်ပြားမဖွင့်ရန်-မဆူညံရန် စာရေးသူကို သွားရောက်တားမြစ်စေခဲ့ပါသည်၊ မကြာမီ နောက်တရက်မှာလည်း သီချင်းဓာတ်ပြားဖွင့်ကြပြန်ရာ, ဆရာတော်ကိုယ်တိုင်သွား၍ “တနေ့ကလည်း တားမြစ်ခဲ့ပြီ, နားမထောင်ကြ, ရှေ့လဲ ဒီအတိုင်း ဖြစ်နေဦးမည်၊ ဒါ့ကြောင့် ဒီကနေ့ဘဲ

ကိုယ်အလိုရှိရာ ပြောင်းရွှေ့ကြပါ" လို့ အပြတ်ပြော၍ ထုတ်ပစ်ခဲ့ပါသည်၊ ထိုအချိန်တွင် ဆရာတော်၏ သက်တော်မှာ (၄၀)ကျော်မျှသာ ရှိပါသေးသည် ကျောင်းတွင်း၌ သာသနာတော်၏ အသရေပျက်စေမည့် ဘာသာရေးပွဲလမ်းသဘင်နှင့် ဆုညံမှုများကို လုံးဝမလိုလားကြောင်း ထင်ရှားစေပါသည်။ [သက်ဆိုင်ရာပုဂ္ဂိုလ်များ ယခုတိုင်ရှိနေကြခြင်းကြောင့် အမည်များကို မဖေါ်ထုတ်ခြင်းဖြင့် ဝတ္တရားကျေစေပါသည်။ ]

**ပွက်လောရှုညံ့ လူသံပွဲတို့ ကျောင်းဘုရားထဲ လုပ်ကြသည်၊**
**ဗုဒ္ဓအယူ အကွင်းလူဖျက်လို့ ဘာသာပျက်၍ ခက်လိမ့်မည်။**

**ဝိနည်းအရေး အလေးပေး**

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ မကြာသေးသော အချိန်မှာ "ပြည်သူ့ရဲဘော်- ကရင်- ကွန်မြူနစ်ပါတီ" စသည်တို့ ပြည်တွင်းရေး မပြေမလည် မညီမမျှဖြစ်၍ ကာလ ဒေသ မတည်မငြိမ် ရှိနေကြသောကြောင့် နေ့ရောညပါ ကျီးလန့်စာစား နေကြရရာကာလဝယ် (ဘောင်မြို့) ကျောင်းအမကြီးက အားကိုးတကြီးဖြင့် အိမ်မှာခိုင်းစေထားသော လူတယောက်ကို သံသေတ္တာငယ် တခုဖြင့် အတွင်းပစ္စည်းများကို ထည့်၍ ဆရာတော့်ထံသို့ လာရောက်အပ်နှံရာ, ဆရာတော်က "ငါ့ကျောင်းပေါ်တော့ မထားခဲ့နဲ့, သင့်တော်သော ကျောင်းဝင်းတနေရာမှာ ဒကာကိုယ်တိုင် မြှုပ်နှံထားလိုက ထားခဲ့ပါလား" ဟု အမိန့်ရှိသံကို စာရေးသူကိုယ်တိုင် ကြားခဲ့ရပါသည်၊ ပစ္စည်းလာပို့သော ထိုဒကာလည်း တနေရာမှာ သူ့သဘောအတိုင်း မြှုပ်နှံပြီး ပြန်သွားပါသည်။

နောက်တနာရီခန့်ကြာသောအခါ ပျာယီးပျာယာဖြင့် ပြန်လာရာ, "ဘာကိစ္စရှိလို့ ပြန်လာတာလဲ" ဟု မေးရာ, တပည့်တော်မြှုပ်ထားတဲ့ ပစ္စည်းကို စာချဘုန်းကြီးက ကျောင်းပေါ် ထားခွင့်မပြုလျှင် တူးဖေါ်ပြီး ပြန်ယူခဲ့ရန် ကျောင်းအမကြီးကခိုင်းလို့ ပြန်လာခဲ့ရကြောင်း, "စာချဘုန်းကြီးကလဲ သွားလိုသဘောထားပြီး အားကိုးလို့ အပ်တာအောင် တာဝန်မယူချင်ဘူး" လို့ ကျောင်းအမကြီးက အပြစ်တင်စကားပြောကြောင်း လျှောက်တော့, "သာသနာ့မျက်နှာကို ကြည့်ရမှာဘဲ, ဒကာမကြီးမျက်နှာကိုတော့ မကြည့်နိုင်တာ အားတော့နာပါရဲ့, အဲဒါ ပြန်ပြောလိုက်, မြှုပ်ထားတဲ့ ပစ္စည်းတွေလဲ ပြန်ယူသွားပါ" လို့ အမိန့်ရှိပါသည်။ [ ဒကာ - ဒကာမများ၏

ပစ္စည်းများကို တာဝန်ယူပြီး သိမ်းဆည်းပေးခြင်းသည် ဝိနည်းတော်နှင့် ဆန့်ကျင်သောကိစ္စဖြစ်ပါသည်၊ တာဝန်ယူခွင့်ရှိသော အချို့ကိစ္စများကား ရှိပါသေးသည်၊ ကျောင်းအမကြီးက ဆရာတော်ကို "သားစာချဘုန်းကြီး" ကျန်ဦးပဉ္စင်းနှင့် ကိုရင်များကိုလည်း "သားဦးပဉ္စင်း, သားကိုရင်" ဟု အမြဲခေါ် လေ့ရှိပါသည်၊ကျောင်းတိုက်ဦးစီး အတိသုခဆရာတော်ဘုရားကြီး ရှိတော်မူသေး၍ ဆရာတော်ကို "စာချဘုန်းကြီး" ဟု အများက ခေါ်ကြပါသည်။]

**ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက**
**နောက်ဆုံးအထိ ပါရမီ၊**
**လူနတ်များစွာ ချမ်းသာရေးမို့**
**အသက်ပေးလို့ ဖြည့်ခဲ့သည်။**
**ဗုဒ္ဓမြတ်စွာ သာသနာအတွက်မို့**
**ငါပါအသက် ဆုံးစေမည်၊**
**နောက်မဆုတ်ပေါင် ခုလိုတွေးလို့**
**ကုသိုလ်ရေးမို့ ကြိုးစားမည်။**

**သာသနာ့အရေး အသက်ပေး**

အထက်ပါ သာသနာရေးနှင့် ပတ်သက်သည့် ခံယူချက်ကို လွန်ခဲ့သော နှစ်ပေါင်း(၃၀)ကျော်က စိတ်ရှိအတိုင်း ရေးခဲ့ခြင်းဖြစ်ပါသည်၊ ယင်းခံယူချက်ကို ရေးသားရှိတွင်မက စိတ်ခတ်ပြင်းပြစွာဖြင့် အခါအားလျော်စွာ အကြိမ်ကြိမ် နှုတ်ဖြင့်လည်း ဖော်ထုတ်ခဲ့ပါသည်၊ ဆရာတော်၏ နောက်ဆုံး ဆောင်ရွက်ချက်များကို ကြည့်ရှုလျှင် အသက်ကို ပဓာနမထားဘဲ သာသနာ့အရေးကိုသာ ဦးလည်မသုံ ယုံကြည်ချက် အပြည့်အဝ ကျင့်သုံးသွားပုံမှာ အများအသိပင် ဖြစ်ပါသည်။ [နောက်ဆုံး ဆောင်ရွက်ချက်များကို စာမျက်နှာ ၅၂၃ မှစ၍ ကြည့်ပါ။] လောကဓမ် မုန်တိုင်းလည်း ဆရာတော်အတွက်မှာ အပြင်းထန်ဆုံးနှင့် အကြိမ်ပေါင်းများစွာ တွေ့ကြုံခဲ့ရပါသည်၊ ယင်းသို့ တွေ့ကြုံရသော်လည်း မြင့်သောသစ်ပင်သည် လေမိုးဒဏ်ကို အများဆုံးခံရသလို သဘောထား၍ မဖြုံတမ်း အပြုံးမျက်နှာဖြင့် အခွင့်သင့်သလို ကြံ့ကြံ့ခံခဲ့ပါသည်၊ ဆရာတော်၏ သာသနာရေးနှင့် စပ်သော

ကံကလည်း "နှိပ်လေ ထလေ, ဖိလေ ကြွလေ, ဘောလုံးပမာ မြေပေါ်မှာ နာနာပေါက်လေ မြင့်မြင့်တက်လေ" ဆိုရမည်ကဲ့သို့ ရှိပါသည်။

**ဗုဒ္ဓအပေါ် ယုံကြည်ချက်**

ဘုရားတည်းဟူသော နေမင်း မထွန်းပေါ်လျှင်, ဘုရားတည်းဟူသော လမင်း မထွန်းလင်းလျှင် ပရမတ္ထသဘာဝဖြစ်သော ကုသိုလ် အကုသိုလ် ရုပ် နာမ် မမ္မတို့ကိုခွဲခြား၍ အသေးစိတ်သိဘို့ကို မဆိုထားဘိ, နာမည်ကိုသော်မှ သိနိုင်ခွင့်ရကြမည်မဟုတ်ပါ။

ဘုရားရှင်တော် မပွင့်ပေါ်လျှင်
လူတော်အများ စိတ်ကောင်းထားလည်း
ဤကား ကုသိုလ် အကုသိုလ်နှင့်
ထိုထိုဘုံဘဝ မသိရ များလှအပြစ်တွေ။

ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍
ဟောဖော်ညွှန်ကြား မြတ်တရားကြောင့်
ဤကား ကုသိုလ် အကုသိုလ်နှင့်
ထိုထိုဘုံဘဝ သိကြရ များလှ ကျေးဇူးတွေ။

ဤမျှသာ မကသေးပါ— "ဘိက္ခုတို့.... ကိလေသာကုန်စင်၍ အစုံအလင် သိမြင်တော်မူစွမ်းနိုင်သော "တထာဂတ" အမည်ရသည့် ပုဂ္ဂိုလ်တဆူ ဖြစ်ထွန်းတော်မူလာခြင်းကြောင့် လောကမှာ(သတ္တာတွေမှာ)အလွန်စူးရှ၍ ကြီးမားလှသော ဉာဏ်စက္ခုနှင့်, လွန်စွာ တောက်ပြောင်သော ဉာဏ်ရောင် အလင်း ပေါ်ထင်းလာပေသည်၊ (ဧကင်္ဂုတ္တရ-ကေပုဂ္ဂလဝဂ်, ၆ သုတ်)" ဤစကားတော်အရ သတ္တလောကမှ တုနှိုင်း၍မရလောက်အောင် အသိဉာဏ် တွေ ညွှန်ပေးသည့်အတွက် အားရ ကျေနပ်လှသောကြောင့် မည်သည့် လောကဓမ်ကိုမျှ အရေးမထားဘဲ ဗုဒ္ဓရှင်တော်မြတ်အပေါ်၌သာ အမြဲတမ်း တသမတ်ထည်း ကြည်ညိုလေးစားစွာ ယုံကြည်မှုရှိပါသည်။

**ဗုဒ္ဓ၏ ကျေးဇူးတော်**

ဗုဒ္ဓရှင်တော် ပွင့်ထွန်းပေါ်လာခြင်းကြောင့် နတ်လူတို့မှာ ပင်ကိုယ်မျက်စိဖြင့် မမြင်နိုင်, မူလစိတ်ဖြင့် ခွဲကြိတ်၍ မသိနိုင်သော အကြောင်းအရာများကို ကောင်းကောင်းသဘောပေါက်အောင် ခွဲခြား သိမြင်ခွင့် ရရှိကြပါသည်၊

ယင်းသို့ သိမြင်ခွင့် ရကြသည့်အတွက် ဗုဒ္ဓရှင်တော်မြတ်ကို " သတ္တဝါများ၏ ဉာဏ်မျက်လုံး, ဉာဏ်အလင်းရောင်ကြီး " ဟု တင်စား၍ ခေါ်ဆိုရပါမည်၊ ဗုဒ္ဓရှင်တော်မြတ်တည်းဟူသော ဉာဏ်မျက်လုံး ဉာဏ်အလင်းရောင်ဟပ်သဖြင့် သတ္တဝါတို့၏သန္တာန်မှာလည်း ဉာဏ်မျက်စိအကြည်ဓာတ် စူးရှ ဖေါက်ထွင်း၍ မြင်စွမ်းနိုင်သည်အထိ ပွင့်လင်းလာရပေသည်၊ သတ္တဝါတို့၏ ဗုဒ္ဓရှင်တော်မြတ်တည်းဟူသော ဉာဏ်မျက်လုံးဖြင့် သိမြင်ရသော အကြောင်းအရာများမှာ— (၁) သတ္တလောက, (၂) ဩကာသလောက, (၃) သင်္ခါရလောကများ ဖြစ်ကြပေသည်။

**သတ္တလောက**

သက်ရှိသတ္တဝါများကို"သတ္တလောက"ဟု ခေါ်သည်၊ ဗုဒ္ဓရှင်တော် ပွင့်ထွန်းတော် မမူမီအချိန်မှာ"သက်ရှိသတ္တဝါဟူသည် လူနှင့် ကုန်းနေသတ္တဝါ, ရေနေသတ္တဝါများသာရှိသည်"ဟု ထင်မှတ်နေကြလေသည်၊ ဗုဒ္ဓရှင်တော် ပွင့်ထွန်းပေါ်လာတော်မူခြင်းကြောင့် ဉာဏ်အလင်းရောင်ပွင့်လင်း၍ သိမြင်ကြရသည်ကား ဤမျှမက"ငရဲသား, ပြိတ္တာ, နတ်, ဗြဟ္မာ"ဟူသော သတ္တဝါတွေ ရှိကြပါသေးကလား ဟု သတ္တလောကကြီးကို ချဲ့ထွင်၍ သိခွင့်ရကြလေသည်၊ [ "ကုန်းနေသတ္တဝါမျိုးပေါင်း ကိုးကုဋေ, ရေနေသတ္တဝါမျိုးပေါင်း ဆယ်ကုဋေရှိသည်"ဟု အဆိုရှိသည်။]

**ဩကာသလောက**

သတ္တဝါတို့၏တည်နေရာ ကမ္ဘာလောကဓာတ်ကြီးကို"ဩကာသလောက"ဟု ခေါ်သည်၊ ဗုဒ္ဓရှင်တော် ပွင့်ထွန်းတော်မမူမီ အချိန်ဝယ်"သက်ရှိသတ္တဝါတို့၏ တည်နေရာ, သက်မဲ့ဖြစ်သော သစ်ပင်, တော, တောင်, ရေ, မြေ, လေ, မီးစသော အရာဝတ္ထုတို့၏တည်နေရာ ကမ္ဘာလောကသည် မြေပုံတွင် မြင်ရသလောက်သာရှိသည်"ဟု မှတ်ထင်နေကြလေသည်၊ ဗုဒ္ဓရှင်တော် ပွင့်ထွန်းတော်မူလာခြင်းကြောင့် ဉာဏ်အလင်းရောင် ထင်လင်းလာသဖြင့် သိကြရသည်ကား—"ဤကမ္ဘာမြေကြီး၏အတွင်း၌ငရဲ, ကောင်းကင်၌ငရဲ, သတ္တဝါတို့၏တည်နေရာ ဩကာသလောက ရှိပါသေးကလား, ဤကမ္ဘာလောကကဲ့သို့ အခြားသော ကမ္ဘာလောကတွေ သတ္တဝါတွေနှင့်အတူ မြောက်များစွာ တည်ရှိနေကြပါသေးကလား"ဟု အမြင်ကျယ်ကျယ်ဖြင့် ချဲ့ထွင်သိခွင့် ရကြပြန်ပါသည်။ [ငရဲပြည်သည် မြေကြီး၏အတွင်း(အောက်)၌ရှိ၍, နတ်ပြည်-ဗြဟ္မာ့ပြည်များကား ကောင်းကင်၌ တည်ရှိကြသည်။]

**သင်္ခါရလောက**

ရုပ်နာမ်တရားများကို " သင်္ခါရလောက " ဟု ခေါ်သည်၊ ဗုဒ္ဓရှင်တော် ပွင့်ထွန်းတော်မမူမီ အချိန်ဝယ် " ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ မီး " စသော ဓာတ်သဘာဝများကို အကောင်အထည်အဖြစ် အတုံးအခဲ အဖြစ်ဖြင့်သာ မှတ်ထင်နေကြလေသည်၊ ဗုဒ္ဓရှင်တော် ပွင့်ထွန်းတော်မူလာခြင်းကြောင့် ရရှိသည့် ဉာဏ်မျက်စိ အလင်းရောင်ဖြင့် ကြည့်ရှုသောအခါ "အကောင်အထည် မဟုတ်၊ အတုံးအခဲ မဟုတ်၊ သက်ရှိသတ္တဝါဟူ၍ အကြောင်းအားလျော်စွာ ပေါင်းစပ်နေသော ရုပ်နာမ်တွေသာ ဖြစ်သည်၊ သက်မဲ့ဖြစ်သော သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ လေ၊ မီး စသည်တို့လည်း အကြောင်းအားလျော်စွာ အဆက်မပြတ်ဖြစ်နေသော ရုပ်ကလာပ် အမှုန့်စုတွေသာဖြစ်သည်၊ အတ္တမရှိ၊ သူမရှိ၊ ငါမရှိ "ဟု စစ်မှန်သော သင်္ခါရလောကကြီးကို ဉာဏ်မျက်စိ အရောင်အလင်းဖြင့်ချွတ်ထွင်၍ အကျယ်တဝင့်သိခွင့်ရရှိကြပါသည်၊ ဤမျှသာ မကသေးပါ၊ အချို့က " သတ္တဝါများသေပြီးနောက် ဘဝ ရှိသေးသည်၊ အချို့ကား ဘဝမရှိတော့ "ဟု မရေမရာဖြင့်သာ နေကြရ၍၊ အသေအချာ သိခွင့်မရကြပါ၊ ဗုဒ္ဓရှင်တော် ပွင့်ထွန်းတော်မူလာခြင်းကြောင့် " အဝိဇ္ဇာ-တဏှာကုန်ခန်း၍ ရဟန္တာဖြစ်မှသာ သံသရာအဆက်ပြတ်ပြီး ဘဝကုန်ဆုံးကြောင်း " အတိအကျ သိကြရပါသည်။

ဤသို့စသော ဂုဏ်တော် ကျေးဇူးတော်တွေကြောင့် ဗုဒ္ဓအပေါ် ယုံကြည်ကိုးစား အားထားသောစိတ်ဖြင့် အသက်ပါနှင်း၍ ဆည်းကပ်ကိုးကွယ်ခြင်း ဖြစ်ပါသည်၊ ဆရာတော်၏စိတ်ဓာတ်မှာ ဗုဒ္ဓအပေါ်၌ ဤမျှသာမက၊ ရေးပြ၍ပင် မကုန်နိုင်လောက်အောင်သော ယုံကြည်ချက်များအပြင်၊ အမျိုးသားစိတ်ဓာတ်လည်း အပြည့်အဝရှိကြောင်းကို " အနာဂတ်သာသနာရေး " စသော ကျမ်းစာများနှင့် "တဘာဝသံသရာ" ဤကျမ်းစာကို လေ့လာသောအားဖြင့်၎င်း၊ တွေ့ကြုံ ဆုံဆည်းချိန်များ၌ ကိုယ်တော်တိုင် ဟောပြောချက်များဖြင့်၎င်း မှန်းဆနိုင်ကြပါသည်၊ ယင်းကဲ့သို့ အမျိုးဘာသာ သာသနာ ကြီးပွားကောင်းစားရေးစိတ်ဓာတ်ဖြင့် ထုံမွမ်းထားအပ်သော ဤခန္ဓာကိုယ်သည် မည်မျှပင် ပင်ပန်းနွမ်းနယ်စေကာမူ၊ ယင်း ပင်ပန်းနွမ်းနယ်မှုကို ဂရုမပြု လစ်လျူရှုရုံမျှမက အသက်ကိုပင် ပဓာနမထားဘဲ ကဲ့ရဲ့မှု-ချီးမွမ်းမှု လောကဓမ်တရားစုကို အခွင့်မပေး အရေးမထား ဇာနည်ဘွားယောကျ်ား ပီပီ အလုပ်သဘော တောက်ပြောင်အောင်မြင်မှုကိုသာ " တခုတည်းသော

လှမ်းစဉ်” ဟု လေးနက်သော ယုံကြည်မှုဖြင့် ဆုံးဖြတ်ချက်ချကာ ကြီးစွာသောဇွဲ လုံ့လကို အဖော်သဟဲပြုလျက် ပျော်ပျော်ကြီး ဆောင်ရွက်တော်မူခဲ့ခြင်းသည် သာသနာ့သမိုင်းစဉ်မှာ ရဲရဲကြီး သာဓကတင်နိုင်ခဲ့ပါသည်။

ဆရာတော်သည် ငယ်ရွယ်စဉ်ကပင် အမျိုး ဘာသာ သာသနာရေးကိုသာ ရှေးရှုလျက် တဘာဝကောင်းစားရေးနှင့် ကိုယ်ရေးကိုယ်တာကိစ္စကို ကြောင်းနိုင်ခဲ့ကာ မိမိဉာဏ်မီသလောက် အခါအခွင့်သင့်သလို တပည့်များအား ညွှန်ကြားမှုဖြင့် ဉာဏ်အရောင်အလင်းပေးကာ နေ့မအား-ညမအား ရေးသား ဟောပြောမှုပြုရုံတွင်မက, ကိုယ်တိုင်လည်း စံထား၍ ပညာပေးသင်ခန်းစာ အနေဖြင့် ကျင့်သုံးခဲ့ပါသည်၊ ပင်ပန်းနွမ်းနယ်မှုကို အရေးမထား အများအကျိုးကို ရှေးရှုရေးသားအပ်ခဲ့သော ကျမ်းစာများ၏ အရေအတွက်မှာ အထင်အရှားအားဖြင့် (၆၃) ကျမ်း, အရွယ်မျိုးစုံ စာမျက်နှာအားဖြင့် ၄၀၀၀၀(လေးသောင်း) ကျော်ခန့် ရှိပါသည်။

## အမျိုး ဘာသာ သာသနာကျိုးအတွက် ပြုစုတော်မူခဲ့သော ဆရာတော်၏ ကျမ်းစာများ။

| | |
|---|---|
| ၁။ ရတနာ့ဂုဏ်ရည် | ၁၃။ ရုပ်ပုံ ရှင်ကျင့်ဝတ် |
| ၂။ အခြေပြုသင်္ဂြိုဟ် | ၁၄။ အခြေပြုမဂ်လသုတ် |
| ၃။ အခြေပြုသဒ္ဒါ | ၁၅။ ဗြဟ္မဇာလသုတ် မြန်မာပြန် |
| ၄။ သင်္ဂြိုဟ်ဘာသာဋီကာ | ၁၆။ သာမညဖလသုတ် မြန်မာပြန် |
| ၅။ ဝိထိနှင့်သုံးချက်စုဘာသာဋီကာ | ၁၇။ ဗုဒ္ဓဝင်အမေး အဖြေ |
| ၆။ ကိုယ်ကျင့်အဘိဓမ္မာ | ၁၈။ ပါဠိသိက္ခာနှင့် သဒ္ဒါကျဉ်း |
| ၇။ ပါတိမောက်ဘာသာဋီကာ | ၁၉။ ဘုရား ဥပဒေတော်ကြီး |
| ၈။ ရူပသိဒ္ဓိဘာသာဋီကာ (ပ) | ၂၀။ ဘာသာသွေး |
| ၉။ ရူပသိဒ္ဓိဘာသာဋီကာ (ဒု) | ၂၁။ နိုင်ငံတော်အစိုးရ ဗုဒ္ဓဘာသာ သင်ခန်းစာ |
| ၁၀။ ကစ္စည်းဘာသာဋီကာ (ပ) | |
| ၁၁။ ကစ္စည်းဘာသာဋီကာ (ဒု) | ၂၂။ ဘာသာရေးပြဿနာနှင့် စစ်တပ်တရားတော် |
| ၁၂။ အနာဂတ်သာသနာရေး | |

၂၃။ ဝိုင်-အမ်-ဘီ-အေ ဗုဒ္ဓဘာသာ
သင်ခန်းစာ } မူလတန်း
အလယ်တန်း

၂၄။ အလင်္ကာဘာသာဋီကာ

၂၅။ ကင်္ခါဘာသာဋီကာ (ပ)

၂၆။ ကင်္ခါဘာသာဋီကာ (ဒု)

၂၇။ ဘေဒစိန္တာနှင့် ကစ္စာယနသာရ
ဘာသာဋီကာ

၂၈။ ဋီကာကျော်နိဿယ

၂၉။ ခုဒ္ဒသိက္ခာဘာသာဋီကာ

၃၀။ ရုပ်စုံဗုဒ္ဓဝင်

၃၁။ ဗုဒ္ဓါနုဿတိဘာဝနာ

၃၂။ ပါရာဇိကဏ်ဘာသာဋီကာ(ပ)

၃၃။ ၎င်း (ဒု)

၃၄။ ၎င်း (တ)

၃၅။ ၎င်း (စ)

၃၆။ ပါစိတ်ဘာသာဋီကာ

၃၇။ မဟာဝါဘာသာဋီကာ

၃၈။ စူဠဝဂ္ဂဘာသာဋီကာ

၃၉။ ပရိဝါရဝဂ္ဂ ဘာသာဋီကာ

၄၀။ သီလက္ခန်ဘာသာဋီကာ (ပ)

၄၁။ ၎င်း (ဒု)

၄၂။ ၎င်း (တ)

၄၃။ ၎င်း (စ)

၄၄။ အဋ္ဌသာလိနီ ဘာသာဋီကာ (ပ)

၄၅။ ၎င်း (ဒု)

၄၆။ ၎င်း (တ)

၄၇။ ၎င်း (စ)

၄၈။ သမ္မောဟဝိနောဒနီ
ဘာသာဋီကာ (ပ)

၄၉။ ၎င်း (ဒု)

၅၀။ ၎င်း (တ)

၅၁။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ

၅၂။ ပဥ္စပကြိုဏ်ဘာသာဋီကာ (ပ) *

၅၃။ ၎င်း (ဒု) *

၅၄။ ၎င်း (တ) *

၅၅။ သုတ်မဟာဝါ ဘာသာဋီကာ *

၅၆။ အဋ္ဌကထာ အခြေပြု *

၅၇။ ဣထာသလ္လာပသိက္ခာ *

၅၈။ ဗုဒ္ဓဘာသာသင်ခန်းစာလက်စွဲ *

၅၉။ ပဗ္ဗဇိတဒုလ္လဘကထာ *

၆၀။ လူချမ်းသာ *

၆၁။ သရဏဂုံနှင့်စပ်၍ မှတ်ဘွယ် *

၆၂။ အလယ်တန်း ဘာသာရေး *

၆၃။ တဘဝသံသရာ
(ကိုယ်တိုင်ရေး ထေရုပ္ပတ္တိ)

[စုစုပေါင်း ၆၃- ကျမ်းရှိပါသည်။]

ဤသို့ ရေတွက်ဖေါ်ထုတ်ပြခြင်းသည် လိုလားသူများ၏ အားရဝမ်းသာစွာဖြင့် ကြည်ညိုနိုင်ရန်သာ ရည်ညွှန်းပါသည်။ ခရေပွင့်ပြ ကျမ်းစာများမှာ တကြိမ်မျှ မရိုက်နှိပ်ရသေးပါ။

## ဇွဲလုံ့လကြီးမားပုံ

ဆရာတော်သည် အမျိုး ဘာသာ သာသနာရေးနှင့် ကြုံတွေ့လာလျှင် ပြင်းပြသောဆန္ဒ, ကြီးမားသော ဇွဲလုံ့လဖြင့် ပြုမူဆောင်ရွက်ချက်များကို သာဓကတခုအနေဖြင့်တင်ပြရမည်ဆိုလျှင်....၁၃၀၅–ခုနှစ် ဒုတိယကမ္ဘာစစ်ကာလအတွင်းမှာ "ကစ္စည်းဘာသာဋီကာ"ကျမ်းကို ရေးသားပြုစုနေချိန်၌ ရက်ပေါင်း တော်တော်ကြာအောင် ငှက်ဖျားရောဂါ ကပ်ရောက်နေယင်းပင် ကျမ်းစာရေးသားမှုကို နေ့စဉ်မပြတ် ဆောင်ရွက်ခဲ့ပါသည်၊ တနေ့သော အခါ တကိုယ်လုံး တုန်ခိုက်ပြီး အဖျားတက်နေ၍ ကလောင်တံကို လုံးဝ မကိုင်နိုင်လောက်သောအခြေရောက်နေသည့်အတွက် အိပ်ယာ ခုတင်(ခဋင်) ပေါ်မှာ တုန်တုန်ခိုက်ခိုက်နှင့် လဲလျောင်းနေယင်းပင် ရောဂါဒဏ်ကို ဖယ်ထား၍ ဆိုလိုသော အဓိပ္ပါယ်ကို နှုတ်ဖြင့် အစီအစဉ်အတိုင်း ပြောသွားသည်ကို ဤစာရေးသူက နောက်မှလိုက်၍ ရေးပေးခဲ့ရဘူးပါသည်၊ မိမိအတွက် သေရေး – ရှင်ရေးတမျှ ခံစားနေရသော ရောဂါဝေဒနာဒဏ်ကို သာသနာရေး–ဘာသာရေးလောက် ဂရုမပြု အမှုမထားဘဲ လျစ်လျူရှုအားနိုင်ခြင်းသည် မည်မျှအထိ ဆန္ဒပြင်းပြပုံနှင့် ဤမျှသော ဇွဲ – လုံ့လကြီးမားပုံကို မှန်းဆနိုင်ရန် ကိုယ်တွေ့အဖြစ်အပျက်ကို တင်ပြရပါသည်။ ကြီးမားသော ဇွဲလုံ့လပါပေ။

## နောင်ရေးကို မြော်တွေးထားပုံ

ဒုတိယကမ္ဘာစစ်အတွင်းကာလ ညဥ့်အချိန်များတွင် တဖက် စစ်လေယာဉ်များသည် မကြာမကြာ လာရောက် ဗုံးကြဲခြင်း, စက်သေနတ်ပစ်ခြင်းဖြင့် တိုက်ခိုက်လေ့ရှိပါသည်၊ ဆရာတော်သည် တညသောအခါ ဤစာရေးသူနှင့် အတူ အခြားဦးပဥ္စင်းတပါးအား စာအဓိပ္ပါယ်ပြောနေခိုက် ပတ်ဝန်းကျင်တဝိုက်၌ ဗုံးကြဲခြင်း, စက်သေနတ်ပစ်ခြင်းဖြင့် ရန့်ရင်းဆံခတ်တိုက်ခိုက်နေရာ "ကြောက်လျှင် သွားကြ" ဟု ပြောရာ, မည်သူကမျှ ပြန်လျှောက်ခြင်း ထသွားခြင်း မပြုကြသဖြင့် "မကြောက်ကြဘူးလား"ဟု မေးပါသည်၊ ဤစာရေးသူက "ဘုန်းကြီးဘုရားကော မကြောက်ပါလား"ဟု ပြန်လျှောက်ရာ "ရှေးဝိပါက်ပါလျှင် ကြောက်ပြီး တိမ်းရှောင်နေသော်လဲ လွတ်ချင်မှလွတ်မှာ, အဲဒီတော့ ယခုလို ဘုရားတရားတော်များကိုပြောယင်း သေသွားယင် ကောင်းသော သေခြင်းဖြစ်လို့ မြတ်တာပေါ့၊ တကယ်လို့ ဗုံးဒဏ်–စက်သေနတ်ဒဏ်မှလွတ်ယင် တိမ်းရှောင်နေမည့် အချိန်အတွင်း ရရှိမည့်ကုသိုလ်

ပါရမီပြည့်မှုမှ မဆုံးရှုံးဘဲ အမြတ်အများကြီးထွက်လို့ ဘဝသံသရာ ဂနှောင်ရေးကို မြော်တွေးမည်ဆိုပါက များစွာ တွက်ချေကိုက်တာပေါ့”ဟု အမိန့်ရှိပါသည်။

အများကိုသာ“ တိမ်းကြ ရှောင်ကြ ”ဟု သတိပေးပြီး ကိုယ်တိုင်ကတော့ အများအားဖြင့် တိမ်းရှောင်ခြင်း သိပ်မရှိလှ၊ တခါတရံ ကြုံသလို သစ်ပင်ကြီးများ အနီးအပါး၌သာ ခေတ္တခဏလောက် အကာအကွယ် ယူနေယင်းဖြင့်ပင် ကိစ္စပြီးသွား၍, စာရေး-စာကြည့် မပျက်သည်သာ များပါသည်၊

ဉ်ကား “သတ္တိကောင်းခြင်း, သမာဓိပြည့်စုံခြင်း, ဗုဒ္ဓအပေါ် လုံးဝ ကြည်ခြင်း၏ အထိမ်းအမှတ်လက္ခဏာ”ဟု ဆိုရပါမည်။

## သာက် သည်းခံပုံ

အသောက်အတွက် သည်းခံမှုမှာလည်း နီးကပ်စွာ ဆက်ဆံဘူးကြ ...း အသိဖြစ်ပါလိမ့်မည်၊ ငယ်ရွယ်စဉ်ကပင် ထန်းလျက်တခဲ, ပဲလှော်တဆုပ်မျှဖြင့်ပင် ဆွမ်းတနပ်ပြီးစီးအောင် ဘုဉ်းပေးနိုင်ခဲ့သော အကြိမ်များလည်း မနဲပင် ရှိခဲ့ဘူးပါသည်၊ အရွယ်တော် ကြီးရင့်သောအခါ ဘုဉ်းပေးတော်မူပုံမှာ အခြားသူများ တကြိမ်က နှစ်ကြိမ်ဆိုလျှင် ငြီးငွေ့ဘွယ် အစားအစာများဖြစ်သော ဆီမပါ ဆားမပါ ရေလုံပြုတ်သာသာ ဟင်းမျိုးဖြင့်သာ ဘုဉ်းပေးပါသည်၊ “ကျန်းမာရေးအတွက်ပါ”ဟု ပြောကြမည်ဖြစ်သော်လည်း ထိုသို့ ပြောကြသူများသည်ပင် ကာလကြာမြင့်စွာ သည်းခံနိုင်ကြမည် မဟုတ်ပါ၊ အခုရအတွက်ကသည်း နှစ်ခွက်ကပိုလျှင် အခြားစာချဘုန်းကြီးများထံသို့သာ ပို့စေပါသည်၊ ကိုယ်တိုင်ကတော့ အများအားဖြင့် နှစ်ခွက် ( နှစ်မျိုး ) လောက်သာ ဘုဉ်းပေးလေ့ ရှိပါသည်၊ တခါတရံမှာ “ဒို့တော့ ဝင့်ပါလာဟာန်တူပါရဲ့, ဘုန်းကြီးတို့သာ များများဘုဉ်းပေးကြပါ”ဟု တိုက်တွန်းလေ့ရှိပါသည်၊ ပြန်လွန်တော်မမူမီ ( ၆ ) နှစ်လောက် အချိန်ကစပြီး သက်သတ်လွတ် ဘုဉ်းပေးတော်မူခြင်း၏အကြောင်းကို ဤစာအုပ် တနေရာ၌ တွေ့ရှိရပါမည်။

## ပရိဘောဂ ချို့ချန်ပုံ

အမြဲသီတင်းသုံးနေထိုင်ရာ ကျောင်းမှာလည်း လက်ရှိ ၃ ခန်း ပတ်လည် ကျောင်းနိမ့် အငယ်စားသာဖြစ်ပါသည်၊ ( တနေရာမှာ ဓာတ်ပုံပါသည်၊) နွေအခါ အပူရှိန် လွန်ကဲ၍ မနေနိုင်သောအခါ ကျောင်းအမိုးပေါ်မှာ ထန်းရွက်များဖြင့် ထပ်ဆင့်၍ မိုးပေးရပါသည်၊ ဤကဲ့သို့ ထန်းရွက်များဖြင့်

မိုးပေးသော်လည်း အပူရှိန် မြင့်နေပြန်သေးလျှင် ရေချိုးခန်းနှင့်တွဲထားသော ကုဋ္ဌိတွင်း၌ ဝင်ရောက်နေလေ့ရှိပါသည်၊ ပြန်လွန်တော်မမူမီ ရက်ပိုင်း အချိန်တွင် အအေးဒဏ်ခံနိုင်ရန် အနွေးစက်ကလေးတခုကို ဒကာမကြီး တယောက်က လာရောက်တပ်ဆင်ပေးရာ"အဲဒါ ဘာလဲ"ဟု မေးပါသည်၊ "ဆရာတော် အေးမှာစိုးလို့ နွေးအောင်ပြုပေးတဲ့ စက်ပါဘုရား "ဟု လျှောက်ထားရာ"မလိုပါဘူး, နောင်လာနောင်သား ရဟန်းငယ် သာမဏေများက ဘုန်းကြီးများ ကောင်းကောင်းမွန်မွန် ဒီလို ခေတ်အသုံးအဆောင်များဖြင့် (စိမ်ခံ) နေကြခြင်းသည် ဘုန်းကြီးလောက ထုံးစံဘဲ-ဟု ထင်မှတ်နေကြလိမ့်မည်၊ ဒါ့ကြောင့် ပြန်ယူသွားပါ" ဟု အမိန့်ရှိပါသည်၊ ဤကဲ့သို့ ကိုယ်ချမ်းသာအောင် ကြံဆောင်ဖန်တီး၍ (စိမ်ခံ) နေခြင်းသည် ကိုယ်ကျင့်သီလများ တိုးတက်အောင် ဖြည့်ဆည်းပူးရာတွင် အဟန့်အတားသဘွယ်ဖြစ်နိုင်သည်ကို ကြိုတင် စဉ်းစားမိဟန်ရှိရှိတွင် မက, ကာမသုခလ္လိကာနုယောဂ (ကာမဂုဏ်ချမ်းသာကို ခံစားခြင်း) အကျင့်သဘော သက်ရောက်သည်ဟု ယူဆ၍ ယင်း အကျင့်ဆိုးများကို ပယ်ချိုးနိုင်အောင်ကြိုးစားလျက် ပါရမီဘခုအနေဖြင့် ကျင့်သုံးခဲ့ပါသည်၊ သတ္တာတိုင်း အကောင်းကြိုက်ခြင်း ( ချမ်းချမ်းသာသာနေလိုခြင်း )ကို အပြစ်မဆိုလိုသော်လည်း ထိုအပြစ်ကို ပယ်နိုင်အောင် ကြိုးစားခြင်းသည်သာ ရှင်တော်မြတ်ဘုရား၏အလိုတော်ကျဖြစ်၍ သူတော်ကောင်းများ နှစ်မြို့ဘွယ်ရာ ဖြစ်ပါလိမ့်မည်။

## သဘိုပြင်ကြပါ

ဆရာတော်၏အနီးသို့ရောက်လာသော ဒကာ-ဒကာမများနှင့် တပည့်သံဃာတော်များအား နေ့စဉ်နှင့်အမျှ အဓိကထားပြီး ဆုံးမတော်မူလေ့ရှိသော စကားမှာ"သေဘိုပြင်ကြပါ"ဟုပင် ဖြစ်ပါသည်၊ ဒါနမှုကို ထိုက်သည်အားလျော်စွာပြု၍, ကိုယ်ကျင့်သီလကိုတော့ အသေးအဖွဲကစပြီး ပြည့်စုံလုံလောက်အောင် ထိန်းသိမ်းကြဘို့ ဆုံးမတိုက်တွန်းလေ့ရှိပါသည်၊ ကိုယ်ကျင့်သီလမရှိယင် (သီလပျက်ယင်) မည်မျှလောက်ကြီးမားသော ဒါနပင်ဖြစ်စေကာမူ အပါယ်လေးပါးသို့ မကျရောက်အောင် တားဆီးနိုင်မည် မဟုတ်ပါ၊ သီလပြည့်စုံလျှင် ဒါနမပါသော်လည်း အပါယ်လေးပါးသို့ မကျရောက်နိုင်ကြောင်း အထောက်အထားပေါင်း မြောက်မြားစွာပြ၍ ဟောပြောခြင်းသည် ကိုယ်ရေးကိုယ်တာသာ မက, ကိုယ်နှင့် ဆက်သွယ်သူများအတွက် ( ပရဟိတ )ပါ သံသရာနောင်ရေး စိတ်အေးဘို့ ကြီးလေးသောတာဝန် တရပ်-ဟု သဘောထားကြောင်း ရိပ်စားနိုင်ပါသည်။

**ဒကာ-ဒကာမများ၏ ကျေးဇူး**

ဤသို့စသည်ဖြင့် ဗုဒ္ဓအခေါ်၌ ကိုးစားမှုနှင့်တကွ ဘဝသံသရာအတွက် လေးနက်သော ယုံကြည်ချက်ဖြင့် နေ့စဉ် ကျင့်သုံး ဆောင်ရွက်တော်မူပုံကို နောက်နှောင်းများ အတုယူကျင့်သုံးနိုင်ရန်ရည်သန်၍ အနည်းငယ်ဖေါ်ထုတ်ပြခြင်းသည် "ကုဟန-လပန" ခေါ် ပလွှားမှု အလျင်းမပါ, ရိုးသားသော စိတ်ထားဖြင့် အမှန်တရားကိုသာ ညွှန်ပြခြင်းဖြစ်ပါသည်၊ ဤကဲ့သို့ အမျိုး ဘာသာ သာသနာရေးကို ရှေးရှုလျက် ဆောင်ရွက်ချက်ကို အားပေးကူညီသောအားဖြင့်၎င်း, မဂ်ဖိုလ်နိဗ္ဗာန်ကိုရရန်ရည်မြော်၍၎င်း, ကုသိုလ်ကောင်းမှု ဒါနစုကို ပါဝင်ပြုကြသည့်အလျောက် သံဃာ့ပရိသတ်များအတွက် စား-ဝတ်-နေရေး ကျန်းမာရေး-ဟု ဆိုအပ်သော, အဆောက်အဦ-ခဲဘွယ်ဘောဇဉ်နှင့် သက်နိုး စသော ပရိက္ခရာအသုံးအဆောင်များကို ကျောင်းဒကာ-ကျောင်းအမများနှင့် အနယ်နယ်အရပ်ရပ်မှ သာသနာ့ဒါယကာ-ဒါယိကာမများက နေ့စဉ်လှူဒါန်းနေသော ကောင်းမှုများကို ဇယားချကြည့်လျှင် ကျေးဇူးဆပ်၍မဆုံးနိုင်အောင်ပင် များပြားလှပါသည်၊ ဥပမာ—ဆွမ်းတမျိုးအတွက်ပင်လျှင် တန်ဖိုးထားကြည့်ပါက မည်မျှအထိ ကျေးဇူးကြီးမားကြောင်း ကောင်းကောင်း တွေ့ရှိရပါမည်၊ တပါးလျှင် တနေ့စာ (နံနက်ဆွမ်း-နေ့ဆွမ်း)အတွက်(ငါးကျပ်)နှုန်းဖြင့်, **သံဃာတော်(၆၀၀)**၏ ဆွမ်းစရိတ် ကုန်ကျငွေမှာ........

(က) တနေ့လျှင် ၆၀၀×၅=၃၀၀၀ိ (**ကျပ်**သုံးထောင်)၊

(ခ) တလလျှင် ၃၀၀၀×၃၀=၉၀၀၀၀ိ (**ကျပ်**ကိုးသောင်း)၊

(ဂ) တနှစ်လျှင် ၃၀၀၀×၃၆၅ = ၁၀, ၉၅, ၀၀၀ိ ( ကျပ် ဆယ်သိန်း ကိုးသောင်း ငါးထောင်)၊

(ဃ) **ဆယ်နှစ်လျှင်** ၁၀၉၅၀၀၀×၁၀ = ၁၀, ၉, ၅၀, ၀၀၀ိ (ကျပ်တရာ့ကိုးသိန်း ငါးသောင်း) ဖြစ်ပါသည်။

**သံဃာတော်**များ၏ ချမ်းသာစွာ နေထိုင်နိုင်ရေးအတွက် ဤမဟာဂန္ဓာရုံကျောင်းဝိုင်းမြေမှာ ၁၆-ဧကကျော်ရှိ၍, အဆောက်အဦးများမှာလည်း ( အငယ်စား-အလတ်စား-အကြီးစား ) စုစုပေါင်း ( ၉၆ )ခုရှိ၍ ကာလတန်ဖိုးအားဖြင့် သိန်းတရာကျော်ခန့်-ဟု နားလည်သူများက ခန့်မှန်းကြပါသည်၊ ဤမျှလောက်ကြီးလေးသော တာဝန်များကို ဘုရားသာသနာတော်၏ အသရေနှင့် အများအတွက် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ဆရာတော်

နှင့် ကျေးဇူးရှင် ဒကာ-ဒကာမများအပေါ်၌ မထောက်မထား ကိုယ်ကျင့်သီလကို မဖြည့်ဘဲနေထိုင်ကြပါက မည်မျှအထိ တာဝန်ကြီးလေးကြောင်း မေ့စကောင်းသောကိစ္စ မဟုတ်ပါ။

ဆရာတော်သည် ဤမျှလောက် ထုထည်ကြီးမားလှသော သံဃာ့အဖွဲ့အစည်းနှင့် သာသနာ့ အဆောက်အဦးများကို ဘဝခရီး လှမ်းယင်းပင် နှစ်ပေါင်းများစွာ အားသွန်ခွန်စိုက် တည်ထောင်ခဲ့ရပုံကိုရင်း, ယင်းသို့ တည်ထောင်ဆောင်ရွက်လျက် ဘဝအတွေ့အကြုံ လောကဓံအကြောင်းစုံကို တုန်လှုပ်ခြင်းမရှိ ထခုတည်းသော ယုံကြည်ချက်ဖြင့် ကြံ့ကြံ့ခံကာ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်ရောက်အောင် တက်လှမ်းခဲ့ရင်းကိုရင်း, နောက်နှောင်းများအတွက် ပညာပေး သင်ခန်းစာအနေဖြင့် မိမိ၏ ဘဝအကွေ့တိုင်း၌ တွေ့ကြုံခဲ့ရသော ဝဲဂယက်လှိုင်းဒဏ်ကို ရှောင်နိုင်-တိမ်းနိုင်-ရင်ဆိုင်နိုင်ရန် ရည်သန်၍ အမှား-အမှန် နှစ်တန်သော အဖြစ်အပျက်ကို မကွယ်မဝှက် ထိန်ချန်ချက်မရှိ ပကတိသဘောအတိုင်း ပွင့်ပွင့်လင်းလင်း ကိုယ်တော်ဘိုင်ရေး၍ မှတ်တမ်းတင်ခဲ့ပါသည်၊ ယင်းမှတ်တမ်းကို လေ့လာကာ မိမိတို့အတွက်လည်း ရှောင်သင့်သည်ကိုရှောင်၍ ဆောင်သင့်သည်ကို ဆောင်ပြီးလျှင် အမျိုး ဘာသာ သာသနာထွန်းလင်းရေးကို အလေးထားကာ........

"ဗုဒ္ဓမြတ်စွာ သာသနာအတွက်မို့, ငါ့ပါအသက် ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ခုလိုတွေးလို့, ကုသိုလ်ရေးမို့ ကြိုးစားမည်"

ဟူသော ဆရာတော်၏ ဓိဋ္ဌာန်ချက်ကို အသက်ပါပါ လှုပ်ရှားမှု အပြည့်အဝဖြင့် တက်တက်ကြွကြွရွတ်ဆိုပြီး "နောက်မဆုတ်ပေါင် ခုလိုတွေးလို့, ကုသိုလ်ရေးမို့ ကြိုးစားမည်" ဟူသော ဓိဋ္ဌာန်ချက်၏နောက်၌ "ဒို့သဲ ကြိုးစားမည်" ဟူသော ကြွေးကြော်သံဖြင့် ကျွန်းမာပျော်ရွှင်စွာ သစ္စာမဏ္ဍိုင်ကို တူပြိုင်ပြိုင် စိုက်ထူနိုင်ကြပါစေသော်။

**အရှင်စန္ဒောဘာသ**
**(ဦးစီးနာယက)**
မဟာဂန္ဓာရုံကျောင်းတိုက်
အမရပူရမြို့
၁၄-၅-၇၉ နေ့စွဲ။

### အမရပူရမြို့
### မဟာဂန္ဓာရုံကျောင်းတိုက်

# အရှင်ဇနကာဘိဝံသ၏

## တဘဝသံသရာ ဖြစ်စဉ်အကျဉ်းချုပ်

၁။ ဆရာတော်သည် စစ်ကိုင်းတိုင်း ဝက်လက်မြို့နယ် သရိုင်ရွာ၊ ဦးဇောတိ-ဒေါ်အုန်းလှိုင်တို့မှ၊ ၁၂၆၁-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ( ၁၄ ) ရက် အင်္ဂါနေ့တွင် ဖွားမြင်သည်။

၂။ ၁၂၆၆-ခုနှစ်၌.... (ပဌမအကြိမ်) ရှင်သာမဏေပြုသည်။

၃။ ၁၂၇၅-ခုနှစ်၌... (ဒုတိယအကြိမ်) ရှင်သာမဏေပြုသည်။

၄။ ၁၂၇၉-ခုနှစ်(၁၈ နှစ်အရွယ်)၌ ပဌမကြီးတန်းကို အောင်မြင်သည်။

၅။ ၁၂၈၀-ပြည့်နှစ် တပေါင်းလပြည့်နေ့၌ ပဌမအကြိမ်၊ ၁၂၈၁-ခုနှစ် နယုန်လပြည့်နေ့၌ ဒုတိယအကြိမ်၊ ၁၂၈၁-ခုနှစ် တပေါင်းလပြည့်နေ့၌ တတိယအကြိမ်၊ ရဟန်းအဖြစ်ကို ခံယူသည်။

၆။ ၁၂၈၇-( ၁၉၂၆ ) ခုနှစ်၌ "ပဌမကျော်" အောင်မြင်တော်မူသည်။

၇။ ၁၂၈၉ - ခုနှစ်၌ "ပရိယတ္တိသာသနဟိတဓမ္မာစရိယ" ဘွဲ့ ရရှိသည်။

၈။ ၁၃၁၂-နှစ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ( ရွှေဦးစွာ ) "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ် ဆက်ကပ်ခြင်းကို ခံယူရသည်။

၉။ ၁၃၁၅ ခုနှစ်၌ (က) ဆဋ္ဌသံဂီတိ ဩဝါဒါစရိယ သံဃနာယက၊
(ခ) ဆဋ္ဌသံဂီတိ ဘာရနိတ္ထာရက၊
(ဂ) ဆဋ္ဌသံဂီတိ ပါဠိ ပဋိဂ္ဂါဟက၊
(ဃ) ဆဋ္ဌသံဂီတိ ဩသာန သောဓေယျ ပတ္တပါဠက၊
အဖြစ် တင်မြှောက်ခြင်းကို ခံယူရသည်။

၁၀။ ၁၃၃၃-ခုနှစ် ပဲခူးမြို့၌ ကျင်းပအပ်သော ဂိုဏ်းလုံးကျွတ် အစည်းဝေးကြီးမှ ရွှေကျင်ဂိုဏ်း၏ ဥပဥက္ကဋ္ဌ ( ဒုတိယ သာသနာပိုင် ) အဖြစ် တင်မြှောက်ခြင်းကို ခံယူရသည်။

၁၁။ ၁၃၃၉-ခုနှစ် သက်တော် (၇၈) နှစ်အရောက် နတ်တော်လပြည့်ကျော် ( ၂ ), ( ၂၇-၁၂-၇၇ ) ရက် အင်္ဂါနေ့ညနေ ၀၄-၃၀ နာရီတွင် တဘဝအတွက် ငြိမ်းတော်မူသည်။

# အရှင်ဇနကာဘိဝံသ၏

# တဘဝသံသရာ

## အခြေခံနိဒါန်း

သော ဇာတော ယေန ဇာတေန, ယာတိ ဝံသော သမုန္နတိံ၊
ပရိဝတ္တိနိ သံသာရေ, မရိတော ကော ဝါ န ဇာယတေ။

ဇာတေန-ရှေးကံအထူး, ရှိခဲ့ဘူးသဖြင့်, မီးရှူးသန့်စင်, ဖွားမြင်၍လာသော၊ ယေနပုတ္တေန-ကျောက်ကောင်းတလုံး, ပမာသုံးသို့, တိုင်းလုံးထင်ရှား, အကြွင်သားကြောင့်၊ ဝံသော-ဆွေရင်းမျိုးချာ, သူသူငါမျှ, မကာသယ်ကျုံး, တန္ဒယ်လုံးသည်၊ သမုန္နတိံ-အောက်တန်းမှမြင့်, အဆင့်ဆင့်ဖြင့်, စွင့်စွင့်တက်လှမ်း, အထက်တန်းသို့၊ ယာတိ-ယခုလည်းကောင်း, နောင်လည်းကောင်းလျက်, ကောင်းကောင်းပုံသေ, ရောက်နိုင်ပေ၏၊ သောပုတ္တော-တန္ဒယ်လုံးပင်, စုံအလင်ဖြင့်,ဂုဏ်အင်ပွားကြောင်း, ထိုသားကောင်းသည်၊ ဇာတော-အမျိုးသားတို့, တိုးပွားဘို့ရာ, မွေးဖွားသည်ဟုဆိုထိုက်ပါပေ၏၊ ပရိဝတ္တိနိသံသာရေ—တပြောင်းပြန်ပြန်, အဖန်ဖန်ဖြင့်, မှန်မှန်ပြောင်းလွဲ, သံသရာထဲ၌၊ မရိတော-တဘဝဇာတ်, အဆုံးသတ်၍, နေရပ်ရှောင်သွေ, သေလေပြီးသော၊ ကောဝါ-ဘယ်နတ် ဘယ်လူ, အဘယ်သူသည်မူလည်း၊ နဇာယတေ-ရုပ်သစ် နာမ်သစ်, ခန္ဓာသစ်ဖြင့်, အသစ်လဲကာ မဖြစ်ဘဲရှိပါအံ့နည်း။[ဟိတောပဒေသ, ကထာမုခ(၁၅)။]

× × × × × × ×

သားကောင်းတယောက်, ထွန်းပေါ်ပေါက်က, သူ့နောက်ဆွယ်ကျုံး, တနယ်လုံးလည်း, ကံဘုန်းဆင့်လှောက်, အမြင့် ရောက်၏၊ သို့လောက်နောက်ဖွား, ကျေးဇူးများမည့်, ထိုသားကိုသာ, ဖွားမြင်လာဟု, ကောင်းစွာကြိုဆီး, မြှောက်ပင့်ချီးလော၊ သေပြီးတဖန်, မွေးဖွားရန်ကား, ဤသံသရာ, ဓမ္မတာမို့, လူ့သာမည, မွေးရုံမျှဖြင့်, အားရချီးမြှင့်, မမြှောက်သင့်သည်, သူနှင့် ငါနှင့် တူရုံကိုး။

သံသရာ။ ။" သံ = ဆက်စပ်၍ + သရ = ဖြစ်ခြင်း " ဟူသော ပါဠိစကားကို "သံသရာ" ဟု ခေါ်ကြ၏၊ ထို့ကြောင့် ရုပ်ခန္ဓာအစဉ် နာမ်ခန္ဓာအစဉ်

တို့၏ အဆက်မပြတ်အောင် ဆက်၍ဆက်၍ ဖြစ်နေသော အစဉ်ကို "သံသရာ" ဟု မှတ်ပါ၊ သတ္တဝါတယောက်အတွက် ဘဝများစွာ ထိုသံသရာသည် မရေမတွက်နိုင်အောင် ကြာခဲ့လေပြီ၊ ကံတခုဖြင့် ပိုင်းခြား၍ပြောရလျှင် တဘဝ၌ ပဋိသန္ဓေဟု ခေါ်အပ်သော ရုပ်နာမ်မှစ၍ စုတေသည့် ရုပ်နာမ်တိုင်အောင်ဖြစ်နေသော အစဉ်ကိုလည်း "တဘဝ (တသံသရာ)" ဟု ခေါ်နိုင်ပါသည်။

**စဉ်းစားခဲ့ခြင်း။** ။မိမိသည် အလွန်ငယ်ရွယ်စဉ်အခါဝယ် အဖိုးထံမှရင်း, ဘုန်းတော်ကြီးကျောင်းသို့ ရောက်သောအခါ ဆရာသမားများ၏ အထံမှရင်း ရှေးသူတော်ကောင်းသူမြတ်လောင်းတို့၏ နုစဉ်အခါတုန်းက အဖြစ်တော်စဉ်များကို ကြားရ၏၊ ထိုသို့ ကြားရသောအခါ မိမိ၏ ရှေးရှေးဘဝကဖြစ်ခဲ့သော အစဉ်များကိုရင်း, အထူးအားဖြင့် လွန်ခဲ့သောဘဝက ဖြစ်စဉ်ကိုရင်း အလွန်သိလိုသောဆန္ဒ ဖြစ်ခဲ့ပါသည်၊ ထိုဆန္ဒအလျောက် ရှာဘွေ ဖြစ်စဉ်ကို တွေး၍တွေး၍ကြည့်၏, ဘာမျှ မပေါ်လာပါ၊ "နတ်များက အိပ်မက်ပေးတတ်သည်" ဟု ကြားဘူးသောကြောင့် တရံတခါ အိပ်မက်မက်ဘို့ရန် တောင့်တ၍အိပ်၏, မက်ကား မမက်ခဲ့ပါ။

**ယခုဘဝ။** ။ဤသို့ တောင့်တပါလျက် ရှေးဘဝက အကြောင်းအရာကိုမျှ မသိရသောအခါ မိမိဉာဏ်ကို မကျေနပ်သလိုဖြစ်ရပါသည်၊ သို့သော် ယခုတဘဝ အကြောင်းအရာကိုကား အတော်များစွာပင် မှတ်မိနေ၏၊ ဤသို့ မှတ်မိသမျှကို ပြန်၍စဉ်းစားသောအခါ "တဘဝသံသရာ" သည်ပင် ဝတ္ထုဇာတ်လမ်းပမာ ဝမ်းသာဝမ်းနဲ ဖြစ်စရာတွေနှင့် အားတက်စရာ သံဝေဂရစရာတွေ ရောပြွမ်း၍နေသည်ကို တွေ့ရပါသည်၊ ထို့ကြောင့် ရေး၍ပြနိုင်သော ယခုတဘဝ အကြောင်းအရာကိုသာ ရေးပြရပါတော့မည်။

**ကိုယ်တိုင်ရေးရခြင်း။** ။ပုဂ္ဂိုလ်တပါး၏ အကြောင်းအရာကို အခြားပုဂ္ဂိုလ်တပါးက ရေးသားရာ၌ ထင်ရှားသော အကြောင်းအရာကိုသာ ရေးသားနိုင်ပါ၏၊ ထို ထင်ရှားသော အကြောင်းအရာသို့ရောက်ဘို့ရန် နေ့စဉ်ရက်ဆက် လုံ့လထားရသော, မထင်ရှားသော ဉာဏ်-ဝီရိယ အကြောင်းအရာကိုကား မရေးသားနိုင်ပါ၊ နောင်လာနောက်သားတို့ အတုယူဘွယ် အကြောင်းအရာမှာ ကြီးကျယ်ခြင်း မဟုတ်ဘဲ, ထိုအဆင့်သို့ ရောက်ဘို့ရန် ကြိုးစားရသော ဉာဏ်-ဝီရိယအလုပ်သာ ဖြစ်ပါသည်၊ ထို ဉာဏ်-ဝီရိယ အကြောင်းအရာသည် နောင်လာနောက်သားတို့အတွက် လမ်းညွှန်ဖြစ်နိုင်

ပါသည်၊ ထို့ကြောင့် မိမိသေပြီးမှ အမှန်းတင်၍ အတ္ထုပ္ပတ္တိရေးခြင်းကို မလိုလားသည့်အတွက် မိမိ၏ အကောင်း–အဆိုး အကြောင်းအမျိုးမျိုးကို ကိုယ်တိုင် ရေးပြရပါသည်။

အကျဉ်းချုပ် အစီအစဉ်။ ။ပုဂ္ဂိုလ်တယောက်၏ စိတ်နေစိတ်ထား ဖြစ်ရပုံသည် တိုင်းပြည် နိုင်ငံနှင့်လည်း ဆက်သွယ်၏၊ မွေးရာ နယ်ပယ်ဒေသနှင့်လည်း ဆက်သွယ်၏၊ မွေးရာဌာန ရပ်ရွာနှင့်လည်း ဆက်သွယ်၏၊ မိဘမျိုးရိုးနှင့်လည်း ဆက်သွယ်၏၊ ဆရာသမားများနှင့်လည်း ဆက်သွယ်၏၊ ထိုစိတ်နေစိတ်ထားအတိုင်းပင် ဉာဏ်–ဝီရိယများလည်းဖြစ်ပေါ်ရ၏၊ ဉာဏ်ဝီရိယ ကောင်း–မကောင်း လိုက်၍လည်း တိုးတက်မှု ဆုတ်ယုတ်မှုဖြစ်ရ၏၊ ထို့ကြောင့် မိမိ အကြောင်းအရာကိုပြရာ၌ တိုင်းပြည်နိုင်ငံမှစ၍ အခြေခံအဖြစ်ဖြင့် ပြရပါလိမ့်မည်၊ [ထိုသို့ပြရာ၌ သာချရှင်းအောင် "ဉူးဓမ္မဂုတ္တ" ဟု မှည့်ထားအပ်သော နိမ္မိတ ( ဖန်ဆင်းအပ်သော ) ရဟန်းတပါးက မေးသည့်ဟန်ဖြင့် ရေးသားပါမည်၊ ဓမ္မ–တရားလမ်းမှန်ကို+ဂုတ္တ-စောင့်ရှောက်သောပုဂ္ဂိုလ်။]

ကိုယ်တော်တိုင် ဟောရိုး။ ။ကိလေသာကုန်ခန်း၍ ဘဝလမ်းအဆုံးသို့ရောက်တော်မူကြသော ဘုရား ပစ္စေကဗုဒ္ဓါနှင့် ရဟန္တာဖြစ်ပြီးသော ထေရ ထေရီ အလီလီသော ယောကျ်ားမွန် မိန်းမမြတ်တို့သည် မိမိတို့၏အတ္ထုပ္ပတ်ဖြစ်စဉ်ကို နောင်လာနောက်သားတို့ အတုယူရစ် ရှောင်ကြဉ်ရစ်ကြဘို့ရန် အပဒါန်ပါဠိတော်ဝယ် ဟောပေါ် ထုတ်ပြတော်မူကြပေသည်၊ ထိုအရှင်မြတ်တို့၏ထုံးကို နှလုံးသွင်းကာ ထို အရှင်မြတ်တို့အား လွန်စွာရိုကျိုး ဦးနှိမ်ချိုး၍ ရှိခိုး ကန်တော့ပါသည်။

အချုပ်။ ။ရှင်တော်ဘုရား, ထေရ်အများတို့, ရှည်လျားဖြစ်စဉ်, မှတ်တမ်းတင်ဘို့, ကြည်သင်မိန့်သံ, အပဒါန်ကို, နာခံရထုံး, စိတ်ဝယ်သုံးလျက်, နှလုံးရှင်ပျ, ဉူးတင်သ၍, တဘဝတွင်, ကိုယ့်ဖြစ်စဉ်ကို, စာတွင်ကျန, တင်ကာပြပိမ့်, နှောင်းထ ရှင် လူ, လိုရာယူသည့်,.... မတူ ကျိုးကြောင်း ဖုံဖုံတည်း။

သာသနာ ၂၅၁၃
အရှင် ဇနကာဘိဝံသ ကောဇာ ၁၃၃၁
ပြာသိုလ

# တဘဝသံသရာ မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၁။ လူ့ဘဝ=လူ့ခန္ဓာ .... .... .... .... | ၁ |
| လူ့ဘဝကို ရွေးလိုခြင်း .... .... .... .... | ၁ |
| အပျော်လွန်လို့ နတ်တွေသေ .... .... .... | ၂ |
| လူ့ အလှ၌ သံဝေဂ .... .... .... | ၃ |
| လူ့ပြည်မှာ ပါရမီဖြည့်စရာများ .... .... .... | ၄ |
| ရန်သူနှင့်မှ ခန္တီပြည့် .... .... .... .... | ၄ |
| နတ်ထက် လူကသာပုံ .... .... ... .... | ၆ |
| ၂။ အမိမြန်မာပြည် .... .... .... .... | ၇ |
| မြန်မာနိုင်ငံက သာပုံ .... .... .... .... | ၇ |
| အဘိဓမ္မာ မြင့်ပုံ .... .... .... .... | ၈ |
| ကိုယ်ကျင့် မမြင့်ပုံ .... .... .... .... | ၉ |
| ၃။ ပြည်ရွှေဘို=ပြည်ရွှေဘို .... .... .... .... | ၁၀ |
| အထက်-အောက် ပျော်စရာ တမျိုးစီ .... .... | ၁၁ |
| ရွှေဘိုသွေး .... .... .... .... .... | ၁၂ |
| အခြားဘာသာကို အထင်မသေး .... .... .... | ၁၃ |
| ၄။ ရွာရွှေရိုင်=ရွာရွှေရိုင် .... .... .... .... | ၁၃ |
| တရွာလုံး အဆင့်အတန်းမြင့်ပုံ .... .... .... | ၁၄ |
| မောင်နှမဝမ်းကွဲချင်း လက်ထပ် .... .... .... | ၁၄ |
| သိပ်ရှိစရာကောင်းတယ် .... .... .... .... | ၁၅ |
| ဆရာတော်ကြီးများရဲ့ ဩဝါဒ .... .... .... | ၁၆ |
| ရှေးလူကြီးများ ယဉ်ကျေးပုံ .... .... .... | ၁၆ |
| ရဟန္တာနှင့် သိမ်တော် .... .... .... .... | ၁၇ |
| မောင်ရင်ချွန်ရဘုရား .... .... .... .... | ၁၇ |
| အမျိုးထုံးစံ .... .... .... .... | ၁၇ |
| အဖေ့ဘက် ဆွေမျိုးများ .... .... .... | ၁၈ |
| အမေ့ဘက် ဆွေမျိုးများ .... .... .... | ၁၉ |
| ဘုရားဝိုင်း ၄ ဝိုင်း .... .... .... .... | ၁၉ |

| | | |
|---|---|---|
| | ဆွေမျိုးများရဲ့ ကျောင်း–ဘုရားများ .... .... | ၂၀ |
| | လူမိုက်လဲလွှက်တဲ့ အမျိုး.... .... .... .... | ၂၁ |
| | စိန်ဗေဒါကြီးဆိုင်း ခဲကျ .... .... .... | ၂၂ |
| | ပုညတိတ္ထရွာ .... .... .... .... .... | ၂၂ |
| | အမျိုးတိမ်ကောပုံ .... .... .... .... | ၂၃ |
| | ရွာဘွဲ့ ရတု .... .... .... .... .... | ၂၄ |
| ၅။ | မွေးဖွားပြီးလစ်=ရှယ်ငါးနှစ် .... .... .... | ၂၅ |
| | ဘိုးဘွား မိဘ .... .... .... .... | ၂၆ |
| | ဇာတာ .... .... .... .... .... | ၂၇ |
| | လက္ခဏာ .... .... .... .... .... | ၂၇ |
| | အဖွားက အရေးပါပုံ .... .... .... .... | ၂၈ |
| | ဘိုးနှင့် ဘိုးကြီး .... .... .... .... | ၂၉ |
| | ဘိုးကြီးတယောက် တော်ပုံ .... .... .... | ၃၀ |
| | အက ဝါသနာပါပုံ .... .... .... .... | ၃၁ |
| | ဘိုးက စာသင်ပေး .... .... .... .... | ၃၂ |
| | ရုပ်ကို ပြုပြင်နည်း .... .... .... .... | ၃၃ |
| | ကလေးကို မစောင့်ရှောက်တတ် .... .... .... | ၃၃ |
| | ကလေး နို့တိုက်ပုံ .... .... .... .... | ၃၅ |
| | ရှေးလူကြီးများ ကံကောင်း .... .... .... | ၃၆ |
| | ဆုတ်ကပ်ဆိုတာ .... .... .... .... | ၃၇ |
| | ရှေးက ဆုံးမလေ့ရှိပုံ .... .... .... .... | ၃၈ |
| | ကလေးဘဝက စဉ်းစားပုံ .... .... .... | ၃၉ |
| | ငယ်ငယ်က အယူမှားတမျိုး .... .... .... | ၃၉ |
| | မိုးပေါ်မှာ လူရှိသလား .... .... .... | ၄၂ |
| | ကျေးဇူးရှင်များ .... .... .... .... | ၄၂ |
| | ရှင်ပြုဆိုတဲ့ အလှူ .... .... .... .... | ၄၃ |
| | ထမ်းစင်ပေါ်ငိုက် .... .... .... .... | ၄၄ |
| | အမျိုးကြီးမှာ ဖြစ်ရကျိုး.... .... .... .... | ၄၅ |
| ၆။ | ငါးနှစ်ကျော်ဝယ်=ဆယ်နှစ်ရှယ် .... .... .... | ၄၇ |
| | ကျောင်းနေချိန် .... .... .... .... | ၄၈ |

| | |
|---|---|
| မိဘများ ပစ္စည်းအညှိဆိုး .... — — | ၅၀ |
| အမျိုးထုံးစံ .... .... .... .... .... | ၅၀ |
| တစ္ဆေကြောက်တတ်တယ် .... .... .... | ၅၁ |
| တစ္ဆေထက် ဆရာကိုပိုကြောက် .... .... .... | ၅၁ |
| သတ်ပုံမှန်အောင် မရေးတတ် .... .... .... | ၅၃ |
| စာဖတ်ဝါသနာပါ .... .... .... .... | ၅၄ |
| ဘုန်းကြီးကျောင်းများ၌ ဂဏန်းသင်ခဲ့ပုံ .... .... | ၅၅ |
| လူစာသင်ကျောင်း ပေါ်လာပုံ .... .... .... | ၅၆ |
| အခြေခံစာမေးပွဲလုပ်ဘို့.... .... .... .... | ၅၉ |
| ဘုန်းကြီးစာသင်ကျောင်းများ ကွယ်ခဲ့ပုံ .... .... | ၅၉ |
| ကျောင်းရောက်မှအသိတိုးပုံ .... .... .... | ၆၀ |
| ဉာဏ်ထက်အောင် အပ်လုပုံ .... .... .... | ၆၁ |
| အလောင်းတော်များကိုအားကျ .... .... .... | ၆၁ |
| မြန်မာသွေးရှိခဲ့ပုံ .... .... .... .... | ၆၁ |
| ဥပုသ်မချိုးပါ .... .... .... .... | ၆၂ |
| ပိယသိဒ္ဓိ ကောင်းသတဲ့ .... .... .... .... | ၆၂ |
| ဘုရားပွဲမလိုက်ခဲ့ .... .... .... .... | ၆၃ |
| ကံကောင်းလို့ မသေ .... .... .... .... | ၆၈ |
| အဆော့ဝါသနာပါတယ် .... .... .... | ၆၉ |
| မန္တလေးနေဘို့ ပဌမရောက် .... .... .... | ၇၀ |
| ရွာပြန်ခဲ့ရ .... .... .... .... .... | ၇၀ |
| မီးငြိမ်းလို့ အပူလောင်.... .... .... .... | ၇၁ |
| ကစား အမျိုးမျိုး .... .... .... .... | ၇၂ |
| ဖဲရိုက်ဝါသနာ .... .... .... .... | ၇၂ |
| ဆယ်နှစ်လွန်တစ် = ဆယ့်ငါးနှစ် .... .... .... | ၇၃ |
| အဘယာရာမဆရာတော်နှင့် စချိတွေ့ပုံ .... .... | ၇၄ |
| သရိုင်သားရဲ့ ရုပ်လက္ခဏာတဲ့ .... .... .... | ၇၅ |
| သဒ္ဓါတရားမရှိလျှင် အပါယ်ကျတတ် .... .... | ၇၆ |
| တူဝရီးသုံးယောက်ရဲ့ သာသနာ့ဟာ .... .... | ၇၇ |
| နောက်တကြိမ် မန္တလေးရောက် .... .... .... | ၇၈ |
| ထမင်းစားယင်း ဝမ်းနဲ့.... .... .... .... | ၈၀ |

ပဲပြုတ်လေးရှုံးလို့ အဖေမဲ့ .... .... .... ၈၁
ကုလားကြီးမုတ်ဆိတ်မွေး .... .... .... ၈၂
ဒီဟာ ဒူးရင်းသီး .... .... .... .... ၈၂
စာမေးပွဲကျလို့ငို .... .... .... .... ၈၄
စာသင်နည်းမှန်ပြီ .... .... .... .... ၈၅
မြောင်းမြဆရာတော်လောင်းနဲ့တွေ့ .... .... ၈၆
ငိုက်တတ်တဲ့ဝါသနာ .... .... .... .... ၈၆
ရှက်လိုက်တာ.... .... .... .... .... ၈၈
သေသွားပါတော့လို့ တောင့်တ .... .... .... ၈၈
ချစ်လို့ပေးတာမှစား .... .... .... .... ၈၈
အောက်မကျပါဘူး .... .... .... .... ၈၉
မန္တလေးအိမ်ဝယ်ဘို့ကြံ.... .... .... .... ၈၉
ဘုန်းကြီးများကို အထင်မသေးအောင် .... .... ၉၀
ပွဲဝါသနာပါ .... .... .... .... ၉၁
အလောင်းအစား ဝါသနာပါ .... .... .... ၉၁
စုံအောင်သင်ပေးကြ .... .... .... .... ၉၁
မဟာဂန္ဓာရုံဆရာတော်နဲ့တွေ့ .... .... .... ၉၂
ချမ်းအေးဆရာတော်ကြီးနဲ့တွေ့ .... .... .... ၉၂
ဆရာတော်၏ နေရာဝင်သွားပုံ .... .... .... ၉၃
ကောင်းဆရာတော်ကို ဖူးရပုံ .... .... .... ၉၃
သိမ်ကျောင်းထဲက တွေ့ပွဲ .... .... .... ၉၄
အောက်ပြည်သွားခြင်း .... .... .... .... ၉၅
အပျော်ဆုံးရွာ .... .... .... .... ၉၆
အနှင်ခံရ .... .... .... .... .... ၁၀၀
မြောင်းမြဆရာတော်လောင်းက လိုက်ခေါ် .... .... ၁၀၁
ဝက်သက်ပေါက် .... .... .... .... ၁၀၁
ရထားကြီးရဲ့အသံ .... .... .... .... ၁၀၂
ကျေးဇူးရှင်များကို ကန်တော့ခြင်း.... .... .... ၁၀၄
မိန်းမတွေနဲ့ ကြင်ပစ်တယ် .... .... .... ၁၀၅
၈။ ဆယ့်ငါးလွန်ကြွယ် = သက်နှစ်ဆယ် .... .... ၁၀၆
တော့လုံးဝါသနာ ... .... .... .... ၁၀၇

| | |
|---|---|
| နတ်မြင်းပျံစီးဘို | ၁၀၈ |
| စာကိုချစ်လို့ ရွာကိုပစ် | ၁၀၉ |
| ဆရာတော်ပြန်က ပွဲတွေနဲ့ | ၁၀၉ |
| ခေါင်ကာ မိုးဃ်းမလုံ | ၁၁၀ |
| ရက္ခမူချောင် ခေတ္တနေ | ၁၁၀ |
| ဗလိပ်မြို့ ရွှေကြာရ | ၁၁၁ |
| တာဝန်မကြေသလိုထင် | ၁၁၂ |
| ကိုရင်ဘွဲ့ ရှင်ဇနကတဲ့ | ၁၁၃ |
| ဝတ်ပုံစားပုံပြင် | ၁၁၃ |
| ကိုရင်ဖြစ်တဲ့ဝါတွင်း တရားဟော | ၁၁၃ |
| ငိုရာကလဲ တရားဟော | ၁၁၄ |
| ကထိန်ပွဲညဘရားဟော | ၁၁၄ |
| ပစ္စည်း ၄ ပါး ဖိဘ်တဲ့စာ | ၁၁၅ |
| တောင်သာဂိုဏ်း ဆေးကုနည်းရ | ၁၁၆ |
| ဘုန်းကြီးကျောင်း၌ အမျိုးသမီးများ မအိပ်သင့် | ၁၁၇ |
| ပလိပ်မြို့မှ ခွဲကြရပုံ | ၁၁၇ |
| ဓမ္မကထိကအောက် မကျို့ဘူး | ၁၁၈ |
| ဗေဒင်မေးပါတယ် | ၁၁၉ |
| အလှန်ချင်းဆို ၂ယောက်လုံး ရှက်ပြီး ပြေး | ၁၂၀ |
| လူပါ...လူပါဟု အော်လိုက်တာ | ၁၂၀ |
| စာမေးပွဲစိတ် | ၁၂၀ |
| ကျုပ်ကိုရင်က အကျော်အောင်မှာ | ၁၂၂ |
| ပခုက္ကူဝါဆိုရခြင်း | ၁၂၂ |
| ရှက်လွန်းလို့ ပြန်ပြေးခဲ့ | ၁၂၅ |
| ငါ့မှာ ဘာတန်ခိုးမှမရှိ | ၁၂၇ |
| ဆရာတော်များ ညဉ့်ဘိုင်းစည်းဝေး | ၁၂၈ |
| တနိုင်ငံလုံး တုပ်ကွေးဖြစ် | ၁၂၉ |
| ဇနကနှင့် ကေသရတို့ သေကြပြီလား | ၁၂၉ |
| ပဌမကြီးအောင် | ၁၃၀ |
| ကိုရင် ရဲရဲသာဆို | ၁၃၁ |
| အဖိုးတန်စိန်တလုံး လက်လွှတ်သွား | ၁၃၃ |

ဆရာတော်ကြီး ၂ ပါး တိုင်ပင် .... .... .... ၁၃၃
ပလိပ်မြို့မှာ ရဟန်းဖြစ် .... .... .... .... ၁၃၆
အမရပူရမှာ ရဟန်းထပ်.... .... .... .... ၁၃၆
မဟာဂန္ဓာရုံဆရာတော် ပြန်တော်မူ .... .... ၁၃၇
တောင်တန်းတလျှောက်မှာ အရောင်တွေ .... .... ၁၃၇
စာရေးတံဆွမ်းကျမှ ဟင်းကောင်းစားရ .... .... ၁၃၈
တတိယအကြိမ် ရဟန်းထပ် .... .... .... ၁၃၉
၉။ နှစ်ဆယ်လွန်ကာယ်=သုံးဆယ်ရွယ် .... .... .... ၁၄၀
မင်းလောက်ဆင်းရဲယင် ငါမနေဘူး .... .... ၁၄၀
ငါ့မေတ္တာက ဘာစူးမှာတုန်း .... .... .... ၁၄၁
တပည့်တော်သဘောနဲ့ နေတာပါ.... .... .... ၁၄၂
ဟင်—ဇနကပါလားတဲ့ .... .... .... ၁၄၃
ပြန်သိမ်းမည့်ဆရာ ရှိသလားတဲ့ .... .... .... ၁၄၃
တနေ့ထဲ စာနှစ်ဝါဆိုရ .... .... .... ၁၄၃
စာပို့ကြီး လာပြီတဲ့ .... .... .... .... ၁၄၄
နေ့ဆွမ်း ထန်းလျက်နဲ့ ရေနဲ့ ကျိုက်ချ .... .... ၁၄၄
ရပြီးစာကို မမေ့အောင် .... .... .... ၁၄၅
အထင်သေးမှာစိုး .... .... .... .... ၁၄၆
မူလနေရာကို လေးစား .... .... .... ၁၄၇
နဝမကျွန်ဖရင့်အချိန် .... .... .... ၁၄၈
မျက်စိဆေးကုပုံ.... .... .... .... .... ၁၄၉
မန္တလေး ၂ ရက် စာလိုက် .... .... .... ၁၅၀
ရဟန်းလောင်းဆုံးမသင်ပေး .... .... .... ၁၅၁
ရွှေကျင်လား ဒွါရလား .... .... .... ၁၅၂
ရွှေကျင်ပေါ့ဗျာတဲ့ .... .... .... .... ၁၅၂
စာချမြောက်ချိန် .... .... .... .... ၁၅၃
စုံထောက်လာတယ် .... .... .... .... ၁၅၄
တပည့်တာသာ စီစဉ်နိုင်ပြီတဲ့ .... .... .... ၁၅၄
မြောင်းမြဆရာတော် အုပ်ချုပ်ပုံ .... .... .... ၁၅၅
ပခုက္ကူဆရာတော်များ အုပ်ချုပ်ပုံ .... .... .... ၁၅၅
သူတို့ကြောင့် ကြက်သီးထတယ် .... .... ၁၅၆

| | |
|---|---|
| အဆိပ်ပြင်းသော နဂါးမကလေးများ .... .... | ၁၅၇ |
| အဆိပ်ဖြေ တေးထပ် .... .... .... | ၁၂၈ |
| ဖျော်ရည်ကလေးမျှ မသောက်ရ .... .... .... | ၁၅၉ |
| တနိုင်ငံလုံးကို ကြည့်လေ့ရှိ .... .... .... | ၁၆၀ |
| မန္တလေးတော့ ဘာရလိမ့်မှာလဲတဲ့ .... .... | ၁၆၁ |
| ၂ နံပါတ်က အောင်ပါဘယ် .... .... .... | ၁၆၁ |
| ဘယ်ဆီမှာ အတည်ဖြစ်ရပါ့ .... .... .... | ၁၆၃ |
| ပန္နက္ကူမှာ ပလိပ်ရောဂါဖြစ် .... .... .... | ၁၆၅ |
| ဇနက-က နှင်နိုင်တယ် .... .... .... | ၁၆၆ |
| မင်းလဲ နက်ဖန်ပြန်လိုက်သွားတော့ .... .... | ၁၆၇ |
| တိုက်ကြီးနဲ့ ခွဲရတော့ ဝမ်းနည်း .... .... .... | ၁၆၇ |
| သီလရှင်ကလေး လာပင့် .... .... .... | ၁၆၈ |
| ဆန်းအခိပ္ပါယ် ပြောပေးပါတဲ့ .... .... .... | ၁၆၉ |
| "ကပ်-စာ-ထိုး" ရှောင်တဲ့ .... .... .... | ၁၆၉ |
| ဟေမဝတနှင့် သာတာဂိရိချောင် .... .... | ၁၇၁ |
| အလင်္ကာအဓိပ္ပါယ် ပြောရ .... .... .... | ၁၇၁ |
| စာစီစာကုံး ပြပေးပါတဲ့.... .... .... .... | ၁၇၂ |
| တံခါးပိတ်ပြီး စာပြရ .... .... .... .... | ၁၇၂ |
| ပဌမကျော် .... .... .... .... | ၁၇၅ |
| ပဌမကျော်အောင်တို့ ညာဏ်များကြပုံ .... .... | ၁၇၆ |
| နတ်မင်းများ ကူညီကြပုံ .... .... .... | ၁၇၆ |
| စိန်ကလေးတလုံး ကြည့်စရာရှိလို့ .... .... | ၁၇၉ |
| ရဟန်းအမနဲ့ အဆင်မပြေဘူး .... .... .... | ၁၈၀ |
| ဆင်ကသာ သွားတာတဲ့ .... .... .... | ၁၈၀ |
| စာသိပ်ရတာကိုးတဲ့ .... .... .... .... | ၁၈၁ |
| တညတော့ ကင်းကိုက် .... .... .... | ၁၈၂ |
| ပန်းရာကျော် ပူဇော် .... .... .... | ၁၈၂ |
| အောင်တေးထပ် .... .... .... .... | ၁၈၃ |
| ဘာကျေးဇူးဘို့ ယိုသေးတုန်းတဲ့ .... .... .... | ၁၈၄ |
| အားလုံး ဖြေထားတယ်ကိုး .... .... .... | ၁၈၄ |
| သေလျှင်မြေကြီး ရှင်ရွှေထီး .... .... .... | ၁၈၅ |

ဆဲချင်လိုက်တာ .... .... .... .... ၁၈၆
နိမိတ်ကောက်ချင်တယ် .... .... .... .... ၁၈၆
မျက်တွင်းတွေ ချိုင့်ကုန်ပြီတဲ့ .... .... .... ၁၈၇
ရင်ထဲက လှပ်လှပ်လှပ်လှပ် .... .... .... ၁၈၇
စိတ်နာလို့ရေးတဲ့ တေးထပ် .... .... .... ၁၈၈
ပိုးခြင်ထောင်လားလို့ .... .... .... ၁၈၉
သာ+ဇံကို နိမိတ်ကောက်ပုံ .... .... .... ၁၉၀
ကိုယ်တိုင် အတ္ထုပ္ပတ္တိရေး .... .... .... ၁၉၂
ပရိယတ္တိ(သက္ကျသီဟ)အောင် .... .... .... ၁၉၂
အဘယာရာမတိုက် လိုက်ဘို့ဆုံးဖြတ် .... .... ၁၉၃
သက္ကတကို ဆိုရပါတယ် .... .... .... ၁၉၄
မေတ္တာဘာဝနာပို့ .... .... .... .... ၁၉၅
ဗုဒ္ဓါနုဿတိ မေတ္တာ .... .... .... .... ၁၉၆
အောင်ပွဲဝင် ဘိနပ်နှင့် သက်နိုး .... .... .... ၁၉၆
ကျွန်းကုန်း သွားရပါတယ် .... .... .... ၁၉၉
ဆရာနှင့်တွေ့ မျက်ရည်ကျ .... .... .... ၁၉၉
သိမ်ထပ်ခွင့် မပြုပါ .... .... .... .... ၂၀၁
စာသင်တိုက်မှာသာ အလုပ်ရှိ .... .... .... ၂၀၂
ပြန့်တန်ဆာဝင်ရ .... .... .... .... ၂၀၃
ဘယ်နေရာမှ သတ္တမကြောင်လို့ .... .... .... ၂၀၅
ညီရဟန်းခံပစ္စည်းတွေ .... .... .... .... ၂၀၆
ဤ ၂ မျိုးသာ သာသနာနေထိုက် .... .... .... ၂၀၇
ရှင်ချောင်-သေကြပ် .... .... .... .... ၂၀၇
ကျန်းမာရေး မကောင်းသေး .... .... .... ၂၀၈
သိပ် အသက်ရှည်မှာ မဟုတ်တဲ့ .... .... .... ၂၀၈
သင်္ဂြိုဟ်ဘာသာဋီကာ စပြီးရေး .... .... .... ၂၀၈
သဒ္ဒေးမိခင်က ကျောင်းဆိုင်ပင့် .... .... .... ၂၁၀
တတက်စားလဲ ကြက်သွန်.... .... .... .... ၂၁၁
သာသနာသန့်ရှင်းဘို့ မလွယ် .... .... .... ၂၁၂
၁၀။ သုံးဆယ်လွန်ကယ်=သက်လေးဆယ် .... .... ၂၁၃
ရထားတွဲပေါ်မှာ စဉ်းစား .... .... .... ၂၁၄

ကုသိုလ်ဆွေမျိုး နေ့စဉ်တိုး .... .... .... ၂၁၅
ကျောင်းဘွဲ့ဂါထာ .... .... .... .... ၂၁၅
အာဟာရ ချို့တဲ့မှု .... .... .... .... ၂၁၇
နှင့်ဟာ ဟုတ်မှာလားတဲ့ .... .... .... ၂၁၈
ကျွန်းကုန်းကျေးဇူးတင် ၂ ဂါထာ .... .... ၂၁၉
သင်္ဂြိုဟ်ဘာသာဋီကာရဲ့ အလင်းရောင် .... .... ၂၂၀
ရတနာ့ဂုဏ်ရည် .... .... .... .... ၂၂၁
စာအုပ်ရိုက်ဘို့ ဘိဒ္ဓိရောင်းရ .... .... .... ၂၂၂
ဟန်သာရှိ အဆန်မရှိ .... .... .... .... ၂၂၃
ငွေဘယ်လောက်ပါတုန်းတဲ့ .... .... .... ၂၂၄
ညနေပြီးအောင် စီမံချင်တယ် .... .... .... ၂၂၄
ကြွေးရှင်းရပါတယ် .... .... .... .... ၂၂၅
လောကဓမ်ခံဘို့ လက်နက် .... .... .... ၂၂၆
ညီကို သတိပေးတဲ့တေးထပ် .... .... .... ၂၂၆
စစ်ကိုင်းဘက် ဝါဆို .... .... .... .... ၂၂၈
ဝါတွင်းမှာ တရားကောင်းလို့တဲ့.... .... .... ၂၂၈
စာချတုန်းကြီးများကို စီစဉ်တဲ့အခါ .... .... ၂၃၁
ဦးမေဃိယာဘိဝံသ .... .... .... .... ၂၃၂
အကြံပေးပါတယ် .... .... .... .... ၂၃၂
ကံမကောင်းလျှင် ဉာဏ်လဲမကောင်း ... .... ၂၃၃
စာမေးပွဲ အရကျက်စရာတွေ .... .... .... ၂၃၄
စာချတာပါးရဘို့မလွယ်, ကျောင်းသာလွယ် .... .... ၂၃၅
စာတော်ပြီး အားနည်းသူကို မထောက်ပံ့တတ် .... ၂၃၅
ရဟန်းထပ်ရတာက စိတ်ချ .... .... .... ၂၃၆
မတ်ဘတ်စာရေး(ကျုန်းမာရေးကြောင့်) .... .... ၂၃၇
ပင့်တိုင်း မလိုက် .... .... .... .... ၂၃၇
အမြုံမသည် မွေးရတဲ့ဒုက္ခကို မသိ .... .... .... ၂၃၈
မတွင်ချင် နေပါစေတဲ့ .... .... .... .... ၂၃၉
အားလုံး ကူးချတာချည်းဘဲ .... .... .... ၂၃၉
ကျမ်းစာကြီး လူကယ်တဲ့ .... .... .... ၂၄၀
"အဂ္ဂမဟာပဏ္ဍိတ"ဘွဲ့ ရထိုက်တဲ့ .... .... .... ၂၄၀

ငွေတွေ အပ်စပ်ပါတယ်... .... .... .... ၂၄၁
အပ်အပ်စပ်စပ် စီမံပါတယ် .... .... .... ၂၄၁
လေဖြစ်သွားပါတယ် .... .... .... .... ၂၄၃
ဒီကိစ္စလဲ ရေဖြစ်သွားပါတယ် .... .... .... ၂၄၃
နွားထိုးကြီးမို့ ကျောင်းကိစ္စ .... .... .... ၂၄၄
စောဒကထံ သွားခွင့်ရလျှင် .... .... .... ၂၄၅
စောဒကအား ပြောပုံ .... .... .... .... ၂၄၆
ဝိဿာသဂ္ဂါဟ အယူခက် .... .... .... ၂၄၆
လက်မှတ်ထိုးလိုက်ပါတယ် .... ... .... ၂၄၇
စောဒကအမှန်းတင် ဩဝါဒ .... .... .... ၂၄၈
စုဒိတက မနစ်နာအောင်.... .... .... .... ၂၅၁
အဆုံးအဖြတ်.... ... .... .... .... ၂၅၂
ဘုန်းကြီးပြန် ရန်မဖြစ်ဘို့ .... .... .... ၂၅၄
ဘုန်းကြီးရဲ့စကားကို နားထောင်ကြပါ .... .... ၂၅၅

၁၁။ လေးဆယ်ကျော်ဝယ်=သက်ငါးဆယ် .... .... ၂၅၆
ပ႑မငယ်အောက် အကြိုတန်း .... ... .... ၂၅၆
စာချတန်းပုစ္ဆာထုတ် .... .... .... .... ၂၅၇
ဂုဏ်ထူးတန်းပုစ္ဆာထုတ် .... ... .... .... ၂၅၈
ပရိယတ္တိ(သကျသီဟ)ပုစ္ဆာထုတ် .... .... .... ၂၅၈
ခက်အောင် ပုစ္ဆာထုတ်လျှင် ဝင့်ပါနိုင် .... .... ၂၅၉
ပုံနှိပ်စက်ရှိမှ ဖြစ်တော့မယ် .... .... .... ၂၅၉
သူတို့ ကြောင့်ကြစိုက် .... .... .... .... ၂၆၀
ငွေကို မစီမံပါ .... .... .... .... ၂၆၀
သက်ာရှင်းအောင် လင်းစမ်းပါ .... .... .... ၂၆၁
သာသနာစိတ် ကြီးမားကြောင်း .... .... .... ၂၆၂
ဆရာတော့်ထံ ပစ်စာရောက် .... .... .... ၂၆၃
ဆရာတော်က အထင်မလွဲပါဘူး .... ... .... ၂၆၃
ဒုတိယဆရာတော်လို့ .... .... .... .... ၂၆၄
စာအုပ်ရိုက်ဘို့ အသင်းဖွဲ့မယ်တဲ့ .... .... .... ၂၆၄
စိတ်တိုင်းကျအရပ် ရွေ့မယ် .... .... .... ၂၆၅
ဂန္ဓာရုံတိုက်တော့ ကြီးပွားတော့မှာဘဲ .... .... ၂၆၆

နာမည်ဆိုတာ လူကဖြစ်တာပါ .... .... .... ၂၆၆
ပခုက္ကူဆရာတော် ကြွလာပါတယ်.... .... .... ၂၆၆
သားကို မကျေနပ်တာ မျိုးပါတဲ့ .... .... .... ၂၆၆
ဆည်ရှင်ဆရာဆော်ကြွလာ .... .... .... ၂၆၇
သုန္ဒရာဘိဝံသဆရာတော်က မေးပါတယ် .... .... ၂၆၇
ကြွားတယ်ထင်သလား .... .... .... .... ၂၆၈
ဂုဏ်နဲ့ မလိုက်ပါဘူးကွာတဲ့ .... .... .... ၂၆၉
ကုလားတွေနေရာ ပရိတ်ရွတ်ပေး .... .... .... ၂၇၀
မုန့်တွေအဝယ်ခိုင်းပြီးဝေ .... .... .... ၂၇၀
အကောင်းဆုံးဟင်းနဲ့ မုန့် .... .... .... ၂၇၂
၇- ကြိမ် ဗုံကြဲ .... .... .... .... ၂၇၂
စစ်အတွင်း အကြံဖြင့်ပုံနှင့်ဂါထာ.... .... .... ၂၇၃
လူထွက်ဖို့ အားလုံးစုံပြီတဲ့ .... .... .... ၂၇၄
သက်န်းဝတ်နဲ့ အသေခံနိုင် .... .... .... ၂၇၄
ဂိုဏ်းသံဃာကို နဲ့အောင်လုပ်နိုင်မှ .... .... .... ၂၇၅
ဒကာကြီးက ဂဏန်းမပါဘူးတဲ့ .... .... .... ၂၇၆
သံဝေဂဂါထာပါဋ္ဌိများ .... .... .... ၂၇၇
ဆရာတော် ၂ပါးနဲ့ ဒကာထိန်ဝင်းလာ .... .... ၂၇၉
အနာဂတ်သာသနာရေးကျမ်း .... ... .... ၂၈၀
ကွန်မြူနစ်တဲ့ .... .... .... .... .... ၂၈၀
ဘာသာရေးတရားဟောရ .... .... .... ၂၈၀
အထက်တန်းကျောင်းမှာ တရားဟောခဲ့ .... .... ၂၈၁
ဘာဆုတောင်းကုန်းတဲ့ .... .... .... .... ၂၈၂
သက်န်းကြီးနဲ့ (သံ- လက်သမား) .... .... .... ၂၈၂
စာရေးတာဝန်ခံများ .... .... .... .... ၂၈၃
ကျောင်းတိုက် သာယာအောင်ပြု .... .... .... ၂၈၃
စေတီတော်ကို ပြုပြင် .... .... .... .... ၂၈၄
ဘုရားတိုက်ကို ပြုပြင် .... .... .... .... ၂၈၄
၂ထပ်ကျောင်းဆောက်.... .... .... .... ၂၈၄
ထန်းရွက်ကျောင်းနဲ့ ထန်းရွက်ကုဋ္ဌိ .... .... ၂၈၅
တလအတွက်ကုန်ကျစရိတ် .... .... .... ၂၈၅

အတူစားရတဲ့အကျိုး .... .... .... .... ၂၇၆
ကိုရင့်အသက် လုယူကြ .. .... .... .... ၂၈၈
နံနက်တိုင်း ဩဝါဒပြီးမှ စာပို့ချ .... .... ၂၈၈
၁၂။ ငါးဆယ်လွန်လျှင်း = ခြောက်ဆယ်တွင်း .... .... ၂၉၀
သက်န်း-ဘိနပ်ကလေး ရအောင်လို့ .... .... ၂၉၀
ဆရာတော်ကြီး တောင်မြို့ကြွလာ .... .... .... ၂၉၁
ကျောင်းဟောင်းကလေး ချီးမြှင့်လိုက် .... .... ၂၉၂
ဆရာများရဲ့ ကျောင်းဟောင်းမို့ပါ .... .... ၂၉၂
တောင်မြို့က တဝက်သာဝင်တဲ့ .... .... .... ၂၉၂
ဆရာတော်ဘုရားကြီး အားရတော်မူပုံ .... .... ၂၉၃
စာပြန်ပွဲဝင်ခွင့်ကို ပိတ်လိုက်ပြီတဲ့ .... .... .... ၂၉၃
ရမည့်လာဘ်ဟာ ဝင်လာလိမ့်မယ်.... .... .... ၂၉၄
တပည့်တော်ကျောင်းမှာ ပွဲမလုပ်ပါ .... .... ၂၉၄
သင်ခဏ်းစာရေးဘို့ ကော်မီတီဖွဲ့ .... .... .... ၂၉၅
ဖွင့်ထားတဲ့ရေပိုက် ပိတ်ရ .... .... .... ၂၉၅
ကျေးရွာမှာ ဘုန်းတော်ကြီးကောင်းလို .... .... ၂၉၆
ညဏ်ပူဇော်ခ ထောင့်ငါးရာတဲ့ .... .... .... ၂၉၆
ငွေကိုပယ်တဲ့ စာကလေး .... .... .... ၂၉၇
ဆဋ္ဌသံဂါယနာဝန်ဆောင် .... .... .... ၂၉၉
အကြံပေးပါတယ် အရေးမယူပါ .... .... .... ၂၉၉
သီးခြား ဝိနိစ္ဆယဌာနရှိဘို့သာ .... .... .... ၃၀၀
ဂိုဏ်းသဘောကျ ဝိနိစ္ဆယစည်းမျဉ်း .... .... ၃၀၀
တပည့်တော်ရဲ့ ဖြစ်စေချင်တဲ့ ပါဠိတက္ကသိုလ် .... ၃၀၀
တပည့်တော့်တိုက်က သင့်သလိုနေခဲ့ .... .... ၃၀၂
၁၃။ ခြောက်ဆယ်ကျော်ရွယ် = ခုနစ်ဆယ် .... .... ၃၀၄
ဆေးရုံတက်ပါတဲ့ .... .... .... .... ၃၀၄
ညကျတော့ ကိုယ်ဆန့်မအိပ် .... .... .... ၃၀၄
ဆေးရုံတက်ရပေမဲ့ မသက်သာ .... .... .... ၃၀၄
ဝတာလား ပွတာလား .... .... .... ၃၀၅
သွေးတိုးရောဂါ (သက်စောင့်ရောဂါ) .... .... ၃၀၅
တပည့်ဒေါက်တာ လာ၍တိုင်း .... .... .... ၃၀၅

| | |
|---|---|
| ဒကာကို ဆရာမြှောက်, ဆရာကို ဒကာမြှောက် | ၃၀၆ |
| သဟာသေယျ ဟင်းလေးအိုးတဲ့ | ၃၀၆ |
| ထိုင်ပြီး အိပ်ရပါတယ် | ၃၀၇ |
| အာပတ်နဲ့တော့ မသေလို | ၃၀၇ |
| ဆရာတော်ကြီးရဲ့ ဩဝါဒကထာ | ၃၀၈ |
| ရွာအုပ်ဖြစ်အောင် ရိုက်ပါတဲ့ | ၃၀၈ |
| ကန့်ကွက်ကြပါရော | ၃၀၈ |
| ပဌမ တပါးရောက်လာ | ၃၀၉ |
| နောက် တဖွဲ့ရောက်လာ | ၃၀၉ |
| တပည့်တော်၏ လျှောက်ချက်ဟု ပြင် | ၃၁၀ |
| ဟံသာဝတီကထပ်ရိုက် | ၃၁၀ |
| လေးစားတို့ မလိုတဲ့ | ၃၁၂ |
| ဝိနည်းနဲ့အပ်အောင် စီစဉ်ပုံ | ၃၁၄ |
| သာ၍ရှင်းအောင် လျှောက်ပါ့မယ် | ၃၁၄ |
| ဒကာကြီးကျော် | ၃၁၄ |
| လူထွက်မိလျှင် | ၃၁၆ |
| တာဝန်ယူသူများ ဆက်လဲသတိပေး | ၃၁၇ |
| မိုးညိုကြီးနဲ့ အိုးသံလို | ၃၁၇ |
| ဂုဏ်မရှိယင် လာဘ်မရှိယင် | ၃၁၇ |
| မှော်ဘီအစည်းအဝေး | ၃၁၈ |
| သာသနာသန့်ရှင်းရေး | ၃၁၉ |
| စာမေးပွဲအကြံပေးချက် | ၃၁၉ |
| စာကပ်ကြတယ် | ၃၁၉ |
| သံဃာစုံ - ဗိုလ်စုံမှာ ရေစက်ချရ | ၃၂၀ |
| တာပတ်ကွင်း ပြေးနေကျမြင်းလို | ၃၂၀ |
| သာခုမခေါ်နိုင်ယင် အဖိုးမရ | ၃၂၁ |
| ဂတိ ၅မျိုးတွင် တမျိုးသာ သာခုခေါ်နိုင် | ၃၂၁ |
| မှတ်စရာဆက် | ၃၂၁ |
| ဘုရင်ခံရဲ့ ဆွမ်းကပ်ပွဲ | ၃၂၂ |
| ဒေါက်ဒေါက်နဲ့ လျှောက်လာသံကြား | ၃၂၃ |
| မထေရ်ကြီးတပါးက လုပြော | ၃၂၃ |

ငှက်ဆိုးထိုးသံလို .... .... .... .... ၃၂၃
အားလုံး ရှက်ရှက်နဲ့ ထပြန်ခဲ့ရ .... .... .... ၃၂၃
သမတကြီး ဆွမ်းကျွေးပွဲ .... .... .... ၃၂၄
ကန်တရိုက်ဟင်းတွေ .... .... .... .... ၃၂၄
အငှါးလိုက် ကော်ဇောတွေ .... .... .... ၃၂၄
ကတ္တီပါကွပ် သင်ဖြူးချောချော .... .... .... ၃၂၄
မန်းနေပြည်တော်သားတွေပေါ့ .... .... .... ၃၂၅
ဝတ်ကျေတန်းကျေပါ .... .... .... .... ၃၂၅
မကျေနပ်စရာ မတွေ့ပါ.... .... .... .... ၃၂၅
လာမဲ့ဘေး ပြေးတွေ့ .... .... .... .... ၃၂၆
စုံထောက်တွေနဲ့ လမ်းရှင်းထား .... .... ၃၂၆
စိတ်ကြီးဝင်တယ် ဆိုရမည်လား .... .... .... ၃၂၇
၁၄။ ခုနစ်ဆယ်ကျော်ဝယ်=ရှစ်ဆယ်ရွယ် .... .... ၃၃၀
သင်ရိုးကုန်အောင် ရေးဘို့မှန်း .... .... .... ၃၃၀
ကျန်းမာရေး အသက်ကိုမူထား .... .... .... ၃၃၀
သေရေးလဲ စဉ်းစားတာပေါ့ .... .... .... ၃၃၁
ဗုဒ္ဓါနုဿတိဘာဝနာအကျိုး .... .... .... ၃၃၁
ဘုရားကို ကြည်ညိုတဲ့လူ .... .... .... ၃၃၁
မေတ္တာအစစ်ရဲ့ အကျိုး .... .... .... ၃၃၂
မရဏဿတိရဲ့ အကျိုး .... .... .... .... ၃၃၃
ဝိပဿနာဘာဝနာလဲလုပ် .... .... .... ၃၃၄
ရဟန်းကောင်း၏ လမ်းစဉ် .... .... .... ၃၃၅
စဥ္စအိုးပမာ .... .... .... .... .... ၃၃၈
သာဝကများက စဥ္စအိုးအကောင်းနဲ့တူ .... .... ၃၃၈
ဥပါသကာများက စဥ္စအိုးအပဲ့ .... .... .... ၃၃၈
တိတ္ထိတို့က စဥ္စအိုးအကွဲ.... .... .... .... ၃၃၉
သာသနာ့အရေး ဒို့အရေး .... .... .... ၃၄၀
ပါဠိတော်ကို မူထားချဘို့ .... .... .... ၃၄၀
လောကဓမ်ခံရလို့ ပါရမီအကဲခပ်လို့ရ .... .... ၃၄၂
ကျေးဇူးတုန့်ပြန်ခြင်း .... .... .... .... ၃၄၂
ရင်းနှီးတဲ့အခါ ခင်ကြပါတယ် .... .... .... ၃၄၃

ပါရမီဖြည့်သလိုပါဘဲ .... .... .... .... ၃၄၃
တပည့်တော် ရည်ရွယ်ချက်က .... .... .... ၃၄၄
ခွဲရေး-တွဲရေးတုန်းက .... .... .... .... ၃၄၄
ဘီလူးစည်း၊ လူ့စည်း .... .... .... .... ၃၄၅
ပြုပြင်ရကျိုး အများကြီးရှိနိုင် .... .... .... ၃၄၆
ဇေတီတော် သာယာပုံ .... .... .... .... ၃၄၇
ဒေါက်တာဂတ် .... .... .... .... ၃၄၈
ကျောင်းမြေ ပြုပြင်ပုံ .... .... .... .... ၃၄၈
သံဃာများ ပြုပြင် .... .... .... .... ၃၄၈
စိန်ပီတာဆရာမကြီး .... .... .... .... ၃၄၈
အင်္ဂလန် ပရိဖက်ဆာဆရာကြီး .... .... .... ၃၄၉
ငါက ဘုန်းကြီးကျောင်းသား .... .... .... ၃၄၉
ဆရာကြီးနဲ့ စကားပြောပုံ ... .... .... ၃၅၀
ဘွဲ့ရ အီတလီအမျိုးသမီး.... .... .... .... ၃၅၁
နောက်ဘဝတော့ တွေ့ချင်ပါတယ်တဲ့ .... .... ၃၅၂
သီဟိုဠ်မဟာမင်းကြီး .... .... .... .... ၃၅၂
ဆင်းတုကလေးတွေ တယ်များပါလား .... .... ၃၅၃
ပါဠိပါရဂူတယောက် .... .... .... .... ၃၅၃
ဂျပန်အမျိုးသား .... .... .... .... ၃၅၃
ဂျပန်က ရုပ်ရှင်လာရိုက်.... .... ... .... ၃၅၄
ဆိုရှယ်လစ်စနစ်အောင် .... .... .... .... ၃၅၄
ဗုဒ္ဓအလိုတော်ကျ မပါ.... .... .... ... ၃၅၅
ရုပ်ဝတ္ထုတိုးသလောက် စာရိတ္တပျက် .... .... ၃၅၅
ကိုယ်ချမ်းသာတိုင်း စိတ်မချမ်းသာဘူး .... .... ၃၅၆
ဘုံကျွန်တွေ သနားစရာ .... .... .... ၃၅၆
ကျောင်းတိုက် သာယာပုံ .... .... .... ၃၅၇
ကျောင်းတိုက်ရဲ့ ဆောင်ပုဒ် .... ... .... ၃၅၈
ပါရမီနဲ့ မဂ်ဖိုလ်ရည်ရွယ်မှု .... .... .... ၃၅၉
နေလိုသူနဲ့ သိနှင့်ဘွယ်စည်းကမ်း .... .... .... ၃၅၉
ငွေအပ်ယင် ကာမဂုဏ်လဲအပ် .... .... .... ၃၆၀
ခုဒ္ဒါနုခုဒ္ဒကကို မပယ်နှုတ် .... .... ... .... ၃၆၁

သံသယကြောင့် နဂါးဖြစ် .... .... .... ၃၆၁
ငရဲကျပြီးမှ ပြိတ္တာဖြစ် .... .... .... ၃၆၂
အဂတိကလေးကြောင့် အကျိုးရနဲ .... .... ၃၆၂
တောင်ပေါ်တက်၍ တရားကျင့် .... .... .... ၃၆၃
ကမ္မဋ္ဌာန်းဘုန်းကြီးတစ္ဆေ .... .... .... ၃၆၃
တစ္ဆေဖြစ်တောင် သာစေချင် .... .... .... ၃၆၄
စိတ်ကောင်းရှိဘို့က ပဌမ .... .... .... ၃၆၅
ဝိနည်းလေးစားဘို့က ဒုတိယ .... .... ... ၃၆၅
ကျွန်းမာဘို့က တတိယ .... .... .... ၃၆၆
သန့်ရှင်းဘို့က စတုတ္ထ .... .... .... .... ၃၆၆
အဝတ်အစားတတ်ဘို့က ပဥ္စမ .... .... .... ၃၆၇
အနေအထိုင်တတ်ဘို့က ဆဋ္ဌမ .... .... .... ၃၆၈
အပြောအဆိုတတ်ဘို့က သတ္တမ .... .... .... ၃၆၉
အသွားအလာတတ်ဘို့က အဋ္ဌမ ... .... .... ၃၆၉
စည်းကမ်းလိုက်နာဘို့က နဝမ .... .... .... ၃၆၉
စာတတ်ဘို့က ဒသမ .... .... .... .... ၃၇၀
မွေးနေ့အထိမ်းအမှတ် မလုပ် .... .... .... ၃၇၁
နေ့စဉ် ဒါနမှုရှိပါတယ် .... .... .... ၃၇၁
မွေးနေ့အတွက် ကုသိုလ်ဒါန ပြုသင့်သလား .... .... ၃၇၁
ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက .... .... .... ၃၇၂
သာသနာရေးနဲ့စပ်၍ ရေးအပ်သော စာတမ်းများ .... ၃၇၂
အသစ်သာသနာပြုရေး ... .... .... .... ၃၇၂
ဝန်ဆောင်ကျောင်းတိုက် ရှိသင့်ပုံ .... .... .... ၃၇၂
ပရဟိတသံဃာ့အစည်းအဝေး၌ လျှောက်ထားချက် .... ၃၇၃
သာသနာတော်အရေး မေးလာသောအရှင်ရှိအား ဖြေကြားချက်....၃၈၀
ပညာရေးမှုအတွက် ရည်မှန်းချက် .... .... ... ၃၈၁

၁၅။ အသက်(၇၂)နှစ်အတွင်းဖြစ်စဉ် .... .... ၃၈၂
အောက်နတ်များ ၅ ပါးသီလ မလုံပါ .... .... ၃၈၆
မှန်မှန်မြတ်မြတ်လှူမှ မှန်မြတ်သောပစ္စည်းရ .... .... ၃၈၇
ဒါန ၃ မျိုး .... .... .... .... ၃၈၈

၁၆။ အသက်(၇၃)နှစ်အတွင်း ဖြစ်စဉ် .... .... .... ၃၉၀
သာသနာ့အတွက် ဆရာတော်များအား တိုင်တန်းချက်(နိဂုံး) ၃၉၄
၁၇။ အသက်(၇၄)နှစ်အတွင်း ဖြစ်စဉ် .... .... ၃၉၅
ဆုန်းကြီးသေ တစ္ဆေဖြစ်သတဲ့ .... .... .... ၃၉၈
ဘုန်းကြီးဘဝ ပစ္စည်းစုတာ တွက်ခြေမကိုက်ပါ .... ၄၀၀
ဖနက္ကူဆရာတော်ဘုရား၏ဩဝါဒ.... .... .... ၄၀၅
အဘယာရာမဆရာတော်ဘုရား၏ဩဝါဒ .... .... ၄၀၅
တပည့်တော်ကြားဘူးတဲ့ ရှေးစကား .... .... ၄၀၇
ဝိသာခါကျောင်း အမ ကျောင်းရေစက်ချပွဲမှာ က–သတဲ့.... ၄၀၈
“ဝိနည်းတည်”ဆိုတာ ဘာလဲ ... ... .... ၄၁၂
သံဃာမှန်သမျှ ဝိနည်းဂရုစိုက်ရမည် .... .... ၄၁၄
လှေခွက်ချည်းကျန်ပါစေ အလံမလှဲဘူး .... .... ၄၁၆
ဂျပန်သံအမတ်ကြီးလဲ မပြန်ချင် .... .... .... ၄၁၆
ကျောင်းထဲ ဆန္ဒပြကြခြင်း .... .... .... ၄၁၈
ဇာတိ သရိုင်ရွာကြွခြင်း.... .... .... .... ၄၂၀
သရိုင်ရွာသွား မှတ်တမ်း .... .... .... ၄၂၀
ဆရာတော်ငယ်စဉ်က စာအံခဲ့ရတဲ့(ခရေပင်)နေရာ .... ၄၂၈
မိဘများကိုရည်မှန်းပြီး ဒါနပြု အမျှဝေခြင်း .... .... ၄၂၉
ဤကျောင်းတိုက်သာသနာဖြင့် ဗုဒ္ဓကို ပူဇော်ပါ၏ .... ၄၃၆
ဝိုင်–အမ်–ဘီ–အေ တရားပွဲ .... .... .... ၄၃၉
ရန်ကုန်မှအပြန် ပြွန်တန်ဆာမြို့ ဝင်ရပုံ .... .... ၄၃၉
သံသရာခရီးအတွက် ရထားစီးယင်း စဉ်းစားချက်ပေါ် .... ၄၄၂
ရန်ကုန်မှအပြန် ကျန်းမာရေးစစ်ဆေ ခံ .... .... ၄၄၄
၇၄ နှစ်ပြည့်ခါနီး ကုသိုလ်ကောင်းမှုပြု .... .... ၄၄၅
၁၈။ အသက်(၇၅)နှစ်အတွင်း ဖြစ်စဉ်.... .... .... ၄၄၇
သရိုင်စေတီကြီးပြီးလုလို့ ဝမ်းသာ.... .... .... ၄၄၈
ကျောင်းအမကြီးဒေါ်ကျင်, သမီး မရီတို့နဲ့ ဗုဒ္ဓါနုဿတိကျမ်းစာ ၄၄၈
ရေကြီးတုန်း ဆွမ်းဆံအိပ်များ အခိုးခံရ .... .... ၄၄၉
ဘုရားကြီးပြီးလို့ ရန်ကုန်က ဘုရားဒကာ–ဘုရားအမများ ဘုရားဖူးရန် ရောက်လာ .... .... .... .... ၄၅၁
“မောင်ရင်ချောန်ရ” စေတီတော်ကလေး .... .... ၄၅၄

ဟန်လင်း(ဟလင်း)မြို့ဟောင်းက ရေပူတွင်း .... .... ၄၅၄
အစိုးရပါလျှင် တသာသနာလုံးပြင်မယ် .... .... ၄၆၁
ရဟန်းတော်မှန်လျှင် တာဝန် ၃ မျိုး တမျိုးမျိုးထမ်းရမယ် ၄၆၂
တရားထိုင်လျှင် သီလ ပဌမဖြည့် .... .... .... ၄၆၄

၁၉။ အသက်(၇၆)နှစ်အတွင်း ဖြစ်စဉ်... .... .... ၄၆၈
ရဟန်းတော်များနဲ့ (ဒေါင်း)လေးချိုး .... .... ၄၆၉
မြောင်းမြဆရာတော် ပြန်လွန်တော်မူခြင်း .... .... ၄၇၀
ရန်ကုန်ကျောက်ကုန်း မဟာဗောဓိကျောင်းအတွက် စာပေးပို့ ၄၇၁
ပဲခူး ရွှေကျင်ဂိုဏ်းအစည်းအဝေးကို ဘာ့ကြောင့်လိုက်သလဲ ၄၇၂
ပဲခူး ရွှေကျင်ဂိုဏ်းကို "တောဂိုဏ်း"လို့ ခေါ်ပါတယ် .... ၄၇၃
ရန်ကုန် မဟာဗောဓိကျောင်းနေရေး အစီအစဉ် .... ၄၇၆
မဟာပဒါနသုတ်လာ ပုဂ္ဂိုလ် ၄ မျိုး .... .... ၄၇၇
ပုဂ္ဂိုလ် ၄ မျိုးပြ လင်္ကာ .... .... .... ၄၇၈
မွေးနေ့ဆိုတာ သေဘို့ နှစ်လည်အထိမ်းအမှတ်ပါ .... ၄၈၃
မွေးနေ့နဲ့ စပ်တဲ့ လင်္ကာနဲ့ ဂါထာ .... .... ၄၈၄

၂၀။ အသက်(၇၇)နှစ်အတွင်း ဖြစ်စဉ် .... .... .... ၄၈၅
အများအတွက် စီမံဆောင်ရွက်ရတဲ့ ကုသိုလ်များ .... ၄၉၁
ကျောင်းတာဝန်နဲ့ ဦးပိန်တံတား .... .... .... ၄၉၂
နောက်ထပ်တိုးလာတဲ့ ကျောက်တော်ကြီးဘုရား ပြုပြင်ရေး ၄၉၂
ပဉ္စလောဟာဆင်းတုတော် ပင့်ဆောင်ပူဇော်ခြင်း .... ၄၉၈

၂၁။ အသက်(၇၈)နှစ်အတွင်း ဖြစ်စဉ် .... .... .... ၅၀၁
ခလုပ်တိုက်ပြီး မှောက်လျက်လဲ .... .... .... ၅၀၂
ငါးပါးသီလဆောက်တည်သော အမေရိကန်ဒကာ .... ၅၀၃
ပြန်တော်မူတယ်ကြားလို့ စစ်ကိုင်း ရွှေဟင်္သာဆရာတော်ကြွလာ ၅၀၅
လှည်းအိုပမာ ကိုယ်ခန္ဓာ .... .... .... ၅၀၈
တောင်ကိုရီးယား ဆရာတော်ကြီးများ ကြွလာ .... ၅၀၉
ပြန်ကြွဘို့ နှုတ်မဆက်ချင်ပါ .... .... .... ၅၁၃
ကိုယ်တိုင်ရေး ထေရုပ္ပတ္တိ ပြီးဆုံးခြင်း .... .... ၅၁၃
ကျန်ရှိနေသေးသော (၁၃)ရက်ကာလ၏ အစ .... ၅၁၅
မီးကြည့်ရမှာကြောက်လျှင် ဘာ့ကြောင့် ညအချိန်စာရေးသလဲ ၅၁၆

မတ်တတ်ရပ် စာရေးတာ ဘယ်လောက်ကြာပြီလဲ .... ၅၁၆
"ဘာသာဋီကာ"နာမည်ကို ဘယ်သူ စ-သုံးသလဲ .... ၅၁၈
ဘာသာဋီကာနဲ့ အတိုက်အခံ .... .... .... ၅၁၈
နှစ်ပါးမရှိတဲ့ ဇွဲ .... .... .... .... ၅၁၉
ကျမ်းစာရေးပြီးတိုင်းနှင့် တောင့်တချက် .... .... ၅၂၀
ဗူးသီးကြော်နှင့် ဆွမ်းဘုဉ်းပေး .... .... .... ၅၂၁
နတ်တော်လပြည့်နေ့ ညနေပိုင်းမှာ နဲနဲမော .... .... ၅၂၂
လပြည့်နေ့ ညပိုင်းမှာ ဖျား .... .... .... ၅၂၃
လပြည့်ကျော် (၁) ရက်နေ့ ရေချိုး .... .... ၅၂၃
ဖျားပြီး နေမကောင်းတော့ ဆရာဝန်က နားရန်လျှောက် ၅၂၆
ဆရာဝန်လျှောက်သော်လဲ အနားမယူ .... .... ၅၂၆
နောက်ဆုံးကျမ်းမို့ ဇွဲမလျှော့ .... .... .... ၅၂၆
အကယ်၍ ကျမ်းပြီးဆုံးခဲ့ယင် .... .... .... ၅၂၇
ပုထုဇဉ်တို့၏ ထုံးစံ .... .... .... .... ၅၂၈
မာလကာသီးနဲ့ အဖျားရောဂါ တွဲပါ့မလား.... .... ၅၂၉
ရှေးနီတိစကားနဲ့ ဖြေရပါတယ် .... .... .... ၅၃၀
လပြည့်ကျော်(၂)ရက် ဩဝါဒနားသော်လဲ စာချမနား.... ၅၃၀
မသေသေးယင် နက်ဖန် ဆက်ပို့ချမယ်တဲ့ .... .... ၅၃၂
စာပို့ချပြီးအပြန် မောသတဲ့ .... .... .... ၅၃၃
နေ့ ၂နာရီလောက် ကျောင်းအမများကို အပြန်ခိုင်း .... ၅၃၄
၄ နာရီထိုးတော့ ခင္ဃင်ပေါ်ရွှေ့ .... .... .... ၅၃၅
ပြန်လွန်တော်မူချိန် .... .... .... .... ၅၃၆
မငိုကြဘူးလား .... .... .... .... ၅၃၇
သာသနာပိုင်ဆရာတော်ကြီးများ၏အမိန့် .... .... ၅၃၉
ပရိသတ် ဘယ်လောက်ရှိသလဲ .... .... .... ၅၄၀
မီးသင်္ဂြိုဟ်တဲ့နေရာ ဘာနဲ့ပင့်ဆောင်သလဲ .... .... ၅၄၀
အရိုးကောက်ပွဲ လုပ်သေးသလား .... .... .... ၅၄၁
နောက်ဆုံး ကန်တော့ခြင်း .... .... .... ၅၄၂

**တဘဝသံသရာ—မာတိကာ ပြီး၏။**

## သဗ္ဗညုတာဉာဏ်တော်စွမ်း
## သုံးပါး

(က) သိရန်မှန်က၊ မကျန်ရအောင်၊
လုံးဝစုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

(ခ) သိသည့်တရား၊ များအပြား၌၊
ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊
ချယ်လှယ်စုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

(ဂ) ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊
ဇာနြေစရိုက်၊ သူ့အကြိုက်ကို၊
နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊
သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

ဉာဏ်တော် စွမ်းပကား၊ ဤသုံးပါးကြောင့်၊
အများဝေနေ၊ ကျွတ်လွတ်စေဘို့၊
မနေမနား၊ သက်တော်အားဖြင့်၊
ကြီးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊
ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊
ဘုန်းခေါင် ငါတို့ ဘုရားတည်း။

### မဟာဂန္ဓာရုံ
### ဆရာတော် နောက်ဆုံးညွှန်ကြားသွားသည့်
### သံဝေဂ တရားတော်

၁။ ငါတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်။

၂။ တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်။

၃။ ရသည့်ဥစ္စာ ချစ်သူပါ စွန့်ခွါသွားရမည်။

၄။ တကယ့်အရေး တကယ့်ဘေး
ဘယ်သွေး ဘယ်သား မကယ်ပြီ။

၅။ ငါနှင့်ရွယ်တူ ငါ့အောက်လူ
ကြီးသူသေကြများလှပြီ။

၆။ ခဏမစဲ အိုစမြဲ ကိုယ်လဲသေဘက် နီးခဲ့ပြီ။

၇။ ဇရာမီးတောင် ကိုယ်ထည်းလောင်
သေအောင်မြှိုက်တော့သည်။

၈။ မသေရခင် သွားလမ်းစဉ် ကြိုတင်ပြင်သင့်ပြီ။

၉။ ဒါနသီလာ ဘာဝနာ လမ်းသာထွင်လိမ့်မည်။

၁၀။ မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်။

# အရှင်ဇနကာဘိဝံသ ၏

# ဘာဘဝသံသရာ

## ၁။ လူ့ဘဝ=လူ့ခန္ဓာ

**ဦးခမ္မရက္ခိတ**။ ။ဦးဇနကရေ....တပည့်တော် သိပြီးဖြစ်သော်လဲ အများသိအောင် မေးပါရစေ၊....ဘဝဆိုတာ ဘာကို ခေါ်တာပါလဲ။

**ဆရာတော်**။ ။(၁) ရှေးရှေးဘဝတုန်းက ပြုအပ်ခဲ့သော ကံကြောင့် ဖြစ်ရသော ရုပ်, နာမ် (ခန္ဓာ)ကို "ဘဝ" လို့ ခေါ်ပါတယ်။ [ ခန္ဓ = အစု၊ ရုပ်ခန္ဓာ=ရုပ်အစု၊ နာမ်ခန္ဓာ=စိတ် စေတသိက်ဟူသော နာမ်အစု။]

**ခမ္မရက္ခိတ**။ ။အဲဒီ "ဘဝ" ဆိုတာ အမျိုးအစားအားဖြင့် ဘယ်နှစ်မျိုး ရှိသလဲ။

**ဆရာတော်**။ ။( ၂ )အဲဒီဘဝကို ဂတိနှင့်တွဲပြီး သုံးစွဲလေ့ရှိပါတယ်၊ အဲဒီဂတိကို ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်ဗြဟ္မာလို့ ငါးမျိုး ပြတော်မူပါတယ်။ [ဂတိ – ကံကြောင့် ရောက်ထိုက်သော ဘဝ၊– နဝက အင်္ဂုတ္တိုရ်၊ ဒုတိယ ပဏ္ဏာသက၊ ဒုတိယဝဂ် (၆) သုတ်။]

**ခမ္မရက္ခိတ**။ ။လွန်ခဲ့တဲ့ဘဝတုန်းက စုတေခါနီးမှာ ကိုယ်တော်ရဲ့ကံက ကိုယ်တော့်ကို "လိုရာ ဘဝတခု ရွေးပါ" လို့ (မဆိုနိုင်သော်လဲ) တကယ်လို့ ဆိုခဲ့လျှင် ဘယ်ဘဝကို ရွေးမှာလဲ။

**ဆရာတော်**။ ။ယခု အသိဉာဏ်မျိုးသာ ရှိရင်တော့ "လူ့ဘဝကို ရွေးမှာပေါ့ တုရား"၊ ဒီလို မရွေးတတ်ခဲ့ပေမဲ့ ကံက လူ့ဘဝကို ရွေးပေးလိုက်တဲ့အတွက် အလွန် ကျေနပ်ပါတယ်။

**ခမ္မရက္ခိတ**။ ။အထက် နတ်ဘဝတွေဆိုတာ အလွန် ချမ်းသာတယ်၊ ကာမဂုဏ်အာရုံတွေ အလွန်ကြီးကျယ်ပါတယ်၊ လူ့ရဲ့ အထက်တန်းကာမဂုဏ်တွေနှင့် နှိုင်းယှဉ်ကြည့်တာတောင်မှ မြက်ဖျားကနှင်းပေါက်နှင့် သမုဒ္ဒရာရေလောက် ကွာခြားနိုင်တယ်၊ "အဲဒီနတ်ဘဝကို မသာယာဘူးလား", နတ်စည်းစိမ်ကို မခံစားချင်ဘူးလား။

**ဆရာတော်**။ ။ ပုထုဇဉ်မို့ "မခံစားချင်ဘူး" လို့တော့ မကြွားလိုပါဘူး၊ ဒါပေမဲ့....

**ဓမ္မဂုတ်**။ ။"ဘာ ဒါပေမဲ့"လဲ ကိုယ်တော်။

**တပည့်တော်**။ ။(၁) နတ်ပြည်ဆိုတာ စားဝတ် နေရေးအတွက် ဘာပြဿနာမှ မရှိဘူး၊ ခံစားဘွယ်တွေကလဲ အလွန်ကြီးကျယ်ပါတယ်၊ ဒါ့ကြောင့် ကုသိုလ် ကိစ္စ၌ သတိရမှု အလွန်နည်းတယ်လို့ ဘုရား ဟောတော်မူပါတယ်၊ (၂) ထို့ပြင် ရဲရင့်မှုသတ္တိလဲ အလွန် နဲပါးသတဲ့၊ ဒီလူ့ပြည်မှာတော့....ဘုရား ပွင့်တော်မူတဲ့ အခါမှာ အောက်တန်း အထက်တန်း ကုသိုလ်ဖြစ်စရာတွေ အလွန် များပါတယ်၊ လူ့ပြည်မှာ ဒါနပြုဘို့ရာ အလှူခံပုဂ္ဂိုလ် အဆင်သင့် ရှိသော်လဲ နတ်ပြည်မှာ အားလုံး ပြည့်စုံနေတာဖြစ်တော့ ဒါနပြုစရာ အလှူခံ ပုဂ္ဂိုလ် မရှိပါဘူး၊ (၃) ထို့ပြင်—လူ့ပြည်မှာ ဥပုသ်စောင့်လို့ ဖြစ်သော်လဲ နတ်ပြည်မှာ ဥပုသ်စောင့်ဘို့တောင် မဖြစ်ပါဘူးတဲ့။

**ဓမ္မဂုတ်**။ ။ဘာပြုလို့လဲ ကိုယ်တော်။

**တပည့်တော်**။ ။အရှင်ဘုရားဘဲ စဉ်းစားကြည့်ပါလား၊ နတ်သမီး နတ်သားတွေက အလွန်လှနေတာဖြစ်တော့ သူတို့မှာ အပျော်အပါးတွေကများပြီး ဥပုသ် စောင့်ရင်လဲ ဥပုသ်ကျိုးမှာပေါ့။

**ဓမ္မဂုတ်**။ ။အား— ဟုတ်ပြီ၊ ဝိဓူရဇာတ်မှာ နဂါးမင်းလဲ နဂါးပြည်မှာ ဥပုသ် စောင့်လို့ မရ၊ သကြားမင်းလဲ နတ်ပြည်မှာ ဥပုသ်စောင့်လို့ မရသော ကြောင့် လူ့ပြည် ဇမ္ဗူဒိပ်ဥယျာဉ်မှာလာပြီး ဥပုသ်စောင့်ကြရ သတဲ့၊— (ဝိဓူရဇာတ် အဋ္ဌကထာ)။

**တပည့်တော်**။ ။အရှင်ဘုရား.... ဥပုသ်စောင့်လို့ ဥပုသ်ကျိုးတာ ဘာဟုတ် သေးတုန်း၊ တချို့ နတ်တွေမှာ နတ်သမီးတွေနဲ့ အပျော်လွန်နေလို့ အစာ စားရမှာတောင် သတိ မရဘူးတဲ့၊ နောက် သတိရလို့ စားမည်ကြံတော့ "အလွန်နူးနယ်တဲ့ ခန္ဓာကိုယ်ကို အလွန်ထက်မြက်တဲ့ ဝမ်းမီးက လောင်လို့ တဖြေးဖြေး ညှိုးပြီး သေတာဘဲ"တဲ့။ (သီလက္ခန်—ဗြဟ္မဇာလသုတ်။)

**ဓမ္မဂုတ်**။ ။ဟင်.... နတ်သမီးတွေရဲ့ အတွေ့ဟာ အစာတောင် မေ့လောက်ပါ လားနော်။

**တပည့်တော်**။ ။မှန်ပါတယ်....ဘုရားရှင်ရဲ့ ညီတော် နန္ဒမင်းသားဟာ လူ့ပြည် မှာတော့ အလှဆုံးလို့ ဆိုရတဲ့ ဇနပဒကလျာဏီကို စွဲနေလိုက်တာ ရဟန်း ဘဝမှာ မပျော်ဘူးတဲ့၊ နောက်တော့—ဘုရားရှင်က နတ်ပြည်ကို ခေါ်သွား

ပါတယ်၊ နတ်ပြည်သွားခါနီး လမ်းမှာ လယ်ကွင်းထဲက မီးလောင်သစ်ငုတ်ပေါ်၌ ထိုင်နေတဲ့ မျောက်မကြီးကိုလဲ ပြတော်မူခဲ့ပါတယ်၊ နတ်ပြည်ရောက်လို့ သကြားမင်းဆီ လာကြတဲ့ နတ်သမီးတွေကိုမြင်တော့ နန္ဒ ရဟန်းဟာ သိပ်ပြီး မျက်စိကျနေပါသတဲ့၊ ဘုရားရှင်က "ဇနပဒကလျာဏီနဲ့ ဘယ့်နှယ် နေသလဲ" လို့ မေးတော်မူတော့ "ဇနပဒကလျာဏီဟာ စောစောက တွေ့ခဲ့တဲ့ မျောက်မကြီးရဲ့ အဆင့်အတန်းထဲ ရောက်သွားပါတော့တယ်"လို့ လျှောက်ပါသတဲ့၊.... (ဓမ္မပဒ—နန္ဒတ္ထေရဝတ္ထု)။

**ဓမ္မဂုတ်**။ ။ ဒါလောက်ဘဲ လူ့သမီးနဲ့ နတ်သမီးတို့ ကွာခြားနိုင်ပါ့မလား ကိုယ်တော်, "ဇနပဒကလျာဏီ"ဆိုတာ လူထဲမှာ ဒိပ်ဘဲဥစ္စာ။

**တပည့်တော်**။ ။ မကွာခြားဘဲ နေမလားဘုရား၊ လူ့သမီးဆိုတဲ့ လူ့သမီးဟာ ရေမိုးချိုးပြီး ပြင်နိုင် ဆင်နိုင် ဖီးနိုင် လိမ်းနိုင်မှ ကြည့်သာရုံကလေး လှတဲ့ အလှပ့ါ၊ ခေမာထေရီဝတ္ထုမှာ အောက်ပါအတိုင်း ရှိပါတယ်။

"ဥဒ္ဓရန္တိ—မျက်စိ နား နှာ အင်္ဂါရှိတိုင်း အထက်ပိုင်းဝယ် ရွံဘွယ် သိုးပုပ် အန်ထုတ်၍လဲနေထသော၊ ပဋ္ဌရန္တိ— ကျင်ကြီး ကျင်ငယ် အသွယ်သွယ် ဟု မဖွယ်မရာ အဖြာဖြာကို မှန်စွာ နေ့ ည ယိုချ၍လဲနေထသော၊ သမုဿယံ—သုံးဆယ့် နှစ်ဝ ကောဋ္ဌာသတို့ လုံးဝ ခိုမှီး ဤကိုယ်ကြီးကို၊ ပဿ—စေ့စေ့ငုငု ဉာဏ်စက္ခုဖြင့် (အရှင်ဘုရားကိုယ်တိုင်)ကြည့်ရှုစမ်းပါဘုရား"။

**ဓမ္မဂုတ်**။ ။နတ်သမီးတွေကတော့ကော ကိုယ်တော်။

**တပည့်တော်**။ ။နတ်သမီးတွေဆိုတာ လူ့သမီးထက် ကံချင်းလဲ သာတယ်၊ ဥတုချင်းလဲ ကွာတယ်၊ အာဟာရဆိုတာက နတ်သြဇာတဲ့၊ ထိုအစာဟာ ဖြူဖြူဖွေးဖွေး နူးနူးကလေးမို့ အလွန် လှတယ်လို့ သုဓာဘောဇနဇာတ်မှာ ဆိုပါတယ်၊ အဲဒီ နတ်သြဇာကို စားလိုက်ရရင် အဆာလဲပြေ ရေမွတ်သိပ်လဲပြေရုံမက အပျင်းတောင် ပြေပါသတဲ့၊ သည်တော့—နတ်သမီးတွေဟာ အလွန်စိတ်ချမ်းမြေ့ကြပါတယ်၊ သို့အတွက် ကံကြောင့်ဖြစ်သောရုပ် စိတ်ကြောင့်ဖြစ်သောရုပ် ဥတုကြောင့်ဖြစ်သောရုပ် အာဟာရ ( အစာ ) ကြောင့်ဖြစ်သောရုပ်တွေက လူ့သမီးများ၏ ရုပ်ထက် သာချင်တိုင်း သာနေရုံသာမက အောက်ပိုင်း အပေါက် ၂ ခုနှင့် မျက်စိ နား နှာ အထက်ပိုင်းအင်္ဂါတို့မှ ထွက်ဘို့ရာ အညစ်အကြေးလဲ မရှိပါဘူးတဲ့။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ နတ်သိုမ်းများက လူ့သိုမ်းတွေထက် သာထိုက်ပေသပေါ့ နော်၊ ဒါတောင် ကိုယ်တော်က နတ်ပြည်ထက် လူ့ပြည်ကို လိုချင်တာက ဘာအကျိုးမြင်လို့တုန်း ကိုယ်တော်။

**တပည့်တော်**။ ။ယခု အသိမျိုးနဲ့ ပြောရရင်တော့ နတ်ပြည်မှာ ဘုရားရှင်နှင့် တွေ့တုန်းက တရားရသူတွေ များသော်လဲ ကိုယ့်ဘာသာ ကြိုးစား၍ နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှုပါရမီဖြစ်ဘို့ရန် အလွန် ခဲယဉ်းပါတယ်၊ လူ့ပြည် မှာတော့ ကောင်းမှုပါရမီ ဖြည့်စရာတွေ အလွန် များပါတယ်၊ ဒါကြောင့် လူ့ပြည်မှာ ဖြစ်ချင်တာပါ။

**ဓမ္မဂုတ်**။ ။ကောင်းမှုပါရမီဖြည့်ဘို့များပုံတွေ ပြောစမ်းပါ ကိုယ်တော်။

**တပည့်တော်**။ ။ဒါနနဲ့ သီလအကြောင်းကို ပြောခဲ့ပါပြီ၊ နတ်ပြည်မှာ တော ထွက်၍ တရားကျင့်ရတဲ့ နေက္ခမ္မပါရမီ မဖြစ်နိုင်ပါဘူး။

**ဓမ္မဂုတ်**။ ။ပညာပါရမီကော ကိုယ်တော်။

**တပည့်တော်**။ ။သကြားမင်းတို့လို စာတုမဟာရာဇ် နတ်မင်းတို့လို နတ်ကြီးများ မှာ အများကောင်းစားအောင် ပြောရဟောရ စဉ်းစားရတဲ့ပညာလောက် တော့ ဖြစ်နိုင်ပါလိမ့်မယ်၊ လူအများ သတ္တဝါအများ ကောင်းစားအောင် သင်ကြားပေးရ ပြောဟောပေးရတဲ့ ပညာမျိုးတော့မရှိပါဘူး၊ ပညာပါရမီ တိုးပွားအောင် အားပေးရသော စာသင်တိုက်, စာသင်ကျောင်းလဲ မရှိ ပါဘူး၊ ဘုရားပွင့်မှ ကျင့်ရတဲ့ ဝိပဿနာပညာ ဆိုတာတော့ နတ်ပြည်မှာ သာ၍ပင် ဖြစ်ဘို့ခဲယဉ်းပါသေးတယ်။

**ဓမ္မဂုတ်**။ ။ဝီရိယပါရမီကော ဘယ်လိုနေမလဲ။

**တပည့်တော်**။ ။ဝီရိယ ပါရမီဆိုတာလဲ နတ်ပြည်မှာဖြစ်ဘို့ ခဲယဉ်းပါတယ်၊ သကြားမင်း စာတုမဟာရာဇ်နတ်မင်းတို့ဟာ အလွန်ဝီရိယ ကောင်းပုံရပါ တယ်၊ အများစုအတွက်တော့ စားဝတ်နေရေး ပြည့်စုံပြီးလေတော့ ဝီရိယ အားထုတ်၍ အလုပ်- လုပ်စရာ မရှိကြပါဘူး၊ ထိုသို့ လောကီဝီရိယ မရှိကြ သလောက် လောကမှ လွတ်မြောက်ဘို့ရာ တရားနှင့်ဆိုင်သော ဝီရိယလဲ အလွန်နည်းပါး ပါလိမ့်မယ်။

**ဓမ္မဂုတ်**။ ။ခန္တီပါရမီကော ကိုယ်တော်။

**တပည့်တော်**။ ။သည်းခံမှု ခန္တီပါရမီဆိုတာ အရာရာမပြည့်မစုံနေရတဲ့ နေရာနှင့် ဆန့်ကျင်ဘက် ရန်သူရှိတဲ့နေရာ၌သာ ဖြစ်နိုင်ပါတယ်၊ အရာရာ ပြည့်စုံ

နေတဲ့သူ ဆန့်ကျင်ဘက် ရန်သူမရှိတဲ့သူမှာ သည်းခံစရာ မရှိတော့တဲ့အတွက် ခန္တီပါရမီ မဖြစ်နိုင်ပါဘူး၊ နတ်ပြည်မှာ အရာရာ ပြည့်စုံနေပါတယ်၊ ဆန့်ကျင်ဘက်လဲ အများစုမှာ ရှိမယ်မထင်ပါဘူး၊ လူ့ပြည်မှာတော့ အအေး အပူကြောင့် ဒုက္ခတွေလို့ စိတ်မဆင်းရဲအောင် သည်းခံရ, မှက် ခြင် လေနေတို့ကြောင့် ဒုက္ခတွေလို့ သည်းခံရ, အဲဒီလို သည်းမခံချင်ပေမဲ့ သည်းခံစရာတွေက တွေ့ — တွေ့ နေတတ်တော့ ပါရမီဖြည့်လိုတဲ့ သူတော်ကောင်းမှာ သည်းခံရတာကိုဘဲ ဝမ်းသာစရာတမျိုးဖြစ်၍ ခန္တီပါရမီဖြစ်နိုင်ပါတယ်။

**ဓမ္မဂုတ်**။ ။သစ္စာပါရမီကော ကိုယ်တော်။

**တပည့်တော်**။ ။သစ္စာဆိုတာ မုသားရဲ့ ပြောင်းပြန် ဖြစ်ပါတယ်၊ ယခုခေတ် လူများရဲ့ သစ္စာမရှိပုံကိုကြည့်လျှင် "နတ်ပြည်မှာ သစ္စာဖြည့်စရာမလို" ဟု ယူဆနိုင်ပါတယ်၊ ယခုလူတွေ သစ္စာပျက်တာ (မုသားပြောတာ) ကို စဉ်းစားပါ၊ ကာမဂုဏ် အာရုံကိစ္စမှာ တယောက်နှင့်တယောက် ညာကြ လိမ်ကြတယ်၊ စီးပွားရေး ရာထူးရေးမှာလဲ လိမ်ကြတယ်၊ နတ်ပြည်မှာ ထိုအရေးတွေကြောင့် လိမ်စရာ ညာစရာမလိုပါဘူး၊ ဒါ့ကြောင့် သစ္စာမရှိပေမဲ့ သူတော်ကောင်းလုပ်သူကတော့ သစ္စာရှိရှိနှင့် ပြောဆိုပြုလုပ်ရင်း သစ္စာပါရမီ ဖြည့်နိုင်ပါတယ်။

**ဓမ္မဂုတ်**။ ။အဓိဋ္ဌာန်အကြောင်း ပြောပါဦး ကိုယ်တော်။

**တပည့်တော်**။ ။ကုသိုလ်ဆိုင်ရာ၌ စွဲစွဲမြဲမြဲ ဆောက်တည်ထားမှုကို "အဓိဋ္ဌာန်" ဟု ခေါ်ပါတယ်၊ နတ်ပြည်မှာ ထိုသို့ဆောက်တည်စရာ များများမရှိပါဘူး၊ လူ့ပြည်မှာတော့ သူတော်ကောင်းလူ ပီသလိုလျှင် ဒါနမှန်မှန်ပြုမည်၊ သီလ ကို မကျိုးမပေါက်အောင်စောင့်ထိန်းမည် အချိန်မှန်မှန်ဘာဝနာပွားမည်၊ အသိဉာဏ် တိုးပွားအောင် ပညာရှိထံ မေးမြန်းမည်၊ ဘယ်သူက ဘာပြော ပြော သည်းခံမည်၊ ဤသို့စသည်ဖြင့် အဓိဋ္ဌာန်စရာ ကောင်းမှုကိစ္စတွေ အများအပြား ရှိပါတယ်။

**ဓမ္မဂုတ်**။ ။မေတ္တာဖြည့်ပုံ ပြောပါဦး။

**တပည့်တော်**။ ။မေတ္တာပါရမီကတော့ နတ်ပြည်မှာလဲ သကြားမင်း စာတု မဟာရာဇ်နတ်မင်း စသော နတ်တချို့မှာ ဖြည့်နိုင်စရာရှိပါတယ်၊ သို့သော် လူ့ပြည်လောက်တော့ ကျယ်ကျယ်ပြန့်ပြန့် မေတ္တာဖြန့်ဘို့ လွယ်မယ်မထင် ပါဘူး၊ လူ့ပြည်မှာတော့ စိတ်ဖြင့် မေတ္တာပို့ရဲ့ မနေ့ကံ မေတ္တာလဲ

ဖြစ်နိုင်, နှုတ်ဖြင့် မေတ္တာစကားပြောရတဲ့ ဝစီကံမေတ္တာလဲဖြစ်နိုင်,ကိုယ်ဖြင့် အများ ကောင်းစားအောင် လုပ်ရတဲ့ ကာယကံမေတ္တာလဲ ဖြစ်နိုင်လို့ အလွန်ကျယ်ပြန့်ပါတယ်။

**ဓမ္မဂုတ်**။ ။ဥပေက္ခာပါရမီဖြည့်နိုင်ပုံ ပြောပါဦး။

**တပည့်တော်**။ ။ပါရမီဆယ်ပါးမှာပါတဲ့ ဥပေက္ခာဆိုတာ သူတပါးကဒုက္ခဖြစ်အောင်လုပ်လဲ စိတ်မဆိုးဘဲ သင့်တော်အောင် ရှုတတ်, သူတပါးက သာယာအောင် ယုယုယယပြုလဲ မသာယာဘဲ သင့်တော်အောင် ရှုတတ်တဲ့ စိတ်သဘော ဖြစ်ပါတယ်၊ ဥပေက္ခာမျိုးဆိုတာ နတ်ပြည်မှာ မဆိုထားနဲ့ လူ့ပြည်မှာတောင် အတော်ကောင်းတဲ့ သူတော်ကောင်းမှသာ ဖြစ်နိုင်ပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ သူတော်ကောင်းလုပ်ပြီး ပါရမီ တိုးပွားအောင် ကြိုးစားသူတို့အတွက် လူ့ပြည်မှာ ဖြစ်ဘို့ကောင်းတာ မှန်ပေတယ်နော်။

**တပည့်တော်**။ ။လူ့ပြည်က နတ်ပြည်ထက် သာတဲ့အချက်တွေများလို့ ဘုရားရှင်က ဇမ္ဗူဒိပ်ကျွန်းသည် အခြားကျွန်းထက်လဲသာတယ်, နတ်ပြည်ထက်လဲ သာတယ်လို့ ဟောတော်မူတာပေါ့ဘုရား။

**ဓမ္မဂုတ်**။ ။နတ်ထက်သာတဲ့ အချက်က ပါရမီဖြည့်ဘို့သာတဲ့အပြင် ဘယ်ဟာ ရှိသေးသလဲ ကိုယ်တော်။

**တပည့်တော်**။ ။ဤ ကျွန်းကလူတွေသည်.... သူရ — ရဲစွမ်းသတ္တိ လုလ္လဝီရိယ ရှိကြကုန်၏၊ သတိမန္တော — ကောင်းသောသတိလည်း ရှိကြကုန်၏၊ ဣဓ ဗြဟ္မစရိယဝါသော—ဤ ကျွန်း၌သာ မြတ်သော ( သူတော်ကောင်း ) အကျင့်တွေကိုကျင့်၍ နေနိုင်၏၊ ဤသို့ သာတဲ့အချက် ၃ မျိုးကိုဟောတော်မူပါတယ်၊ လက်စွဲလဲ ဟုတ်ပါတယ်၊.... ( နဝကအင်္ဂုတ္တိုရ် ပဌမပံ ၃— သတ္တာဝါသဝဂ်၊)

နိဂုံး။ ။ငါတို့နေရာ ဤလူ့ရွာ၏ ခြောက်ဖြာနတ်ပြည် အလီလီထက် ဂုဏ်ရည် ဂုဏ်သွေး သာသည့်ရေးကို မြော်တွေးစေ ဟု ရေးသားမှုကြောင့် ယခု လူပေါင်း လူ့ပြည်ကောင်း၌ စားကောင်း နေကောင်း စိတ်လဲကောင်းဘို့ အကြောင်းထွေထွေ ကောင်းပါစေသတည်း၊.... ထွေထွေ ငါ့လူ အများ သူလည်း ငါ့တူမိဋ္ဌာန် ရည်စိတ်သန်သည် နိဗ္ဗာန်တိုင်အောင် ကောင်းစေသော၀်။

## ၂။ အမိ မြန်မာပြည်

**ဓမ္မဂုတ်။** ။ဦးဇနကဓရေ........ကိုယ်တော်ရဲ့ စိတ်ထဲမှာ လူ့ပြည် လောကကို သဘောကျတာတော့ ကျသင့်ပါပြီ၊ လူ့ပြည်လောကမှာ တိုင်းပြည် နိုင်ငံတွေ အများအပြား ရှိပါတယ်၊ ဘယ်တိုင်းပြည်ကို သဘောအကျဆုံး ပါလဲ။

**တပည့်တော်။** ။ဒါကတော့ အရှင်းသားဘဲ ဘုရား၊ ကုသိုလ်ရေး ပါရမီ အရေးနှင့် စဉ်းစားလျှင်တော့ အမိမြန်မာနိုင်ငံကို သဘောအကျဆုံး ဖြစ်ရမှာပေါ့။

**ဓမ္မဂုတ်။** ။ဗုဒ္ဓမြတ်စွာရဲ့ အဆုံးအမ တရားတော်များ ပြန့်နှံ့တဲ့ နိုင်ငံတွေ အများသားဘဲ, ဘာ့ကြောင့် မြန်မာနိုင်ငံကို ပို၍ သဘောကျရသလဲ။

**တပည့်တော်။** ။ဗုဒ္ဓမြတ်စွာရဲ့ သုတ္တန် ဝိနည်း အဘိဓမ္မာဆိုတဲ့ ပိဋက ၃ ပုံတွင် သုတ္တန်ကိုတော့ အခြားနိုင်ငံ၌ တော်တော် လိုက်စားကြ, တော်တော်လဲ ကျွမ်းကျင်ကြပုံ ရပါထယ်၊ ဒါပေမဲ့ မြန်မာနိုင်ငံက ဆရာတော်များထက် မသာပါဘူး၊ အဘိဓမ္မာနှင့် ဝိနည်းအရာ၌ ကျွမ်းကျင်မှုမှာတော့ မြန်မာ ဆရာတော်များကို မမှီပါဘူး။

**ဓမ္မဂုတ်။** ။ကိုယ်တော်က အခြားနိုင်ငံတွေကို ရောက်ဘူးလို့ ဒီလို ကောက်ချက် ချနိုင်တာလား။

**တပည့်တော်။** ။မရောက်ဘူးပါဘူး, ဒါပေမဲ့ " အသွေးမြင်တော့ အသွင်သိ, အပွေးမြင်တော့ အပင်သိ " ဆိုတာလိုပေါ့ ဘုရား၊ ဆဋ္ဌသံဂါယနာ ကိစ္စတုန်းက " နိုင်ငံခြားမှ ကြွလာကြတဲ့ ဆရာတော် သံဃာတော်များနှင့် တွေ့ရလို့ စာပေရေးရာ ဝိနည်းသိက္ခာကို သိနိုင်ခွင့်ရပါတယ်၊ တပည့်တော် ကိုယ်တိုင် မရောက်ဘူးပေမဲ့ တပည့်တော်ရဲ့ ကျေးဇူးရှင်များ ဖြစ်တော်မူကြသော အဘယာရာမ ဆရာတော်နှင့် မြောင်းမြ ဆရာတော်တို့က ရောက်ရှိတွင် မက, အတော်ကြာကြာ သီတင်းသုံးတော်မူခဲ့ကြလို့ ထို နိုင်ငံက အကြောင်း တချို့ကို ရောက်ဘူးသလောက်နီးနီး သိပြီးဖြစ်နေ ပါတယ်။

**ဓမ္မဂုတ်။** ။ဘာ့ကြောင့် ဒီနိုင်ငံက ဝိနည်းအရာမှာ သေချာကျန ကျွမ်းကျင် ကြရသလဲ ကိုယ်တော်။

**တပည့်တော်**။ ။အရှင်အရဟံ လက်ထက်မှစ၍ ဆရာတော် အဆက်ဆက်တို့ ဝိနည်းကို သင်ကြ ကျင့်ကြရုံသာမက, မင်း အဆက်ဆက်ကလဲ အားပေးခဲ့ ကြလို့ ဒီနိုင်ငံက ဆရာတော်အများပင် ဝိနည်းအရာ၌ ကျွမ်းကျင်တော်မူခြင်း ဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။ယခုအချိန်မှာကော ဝိနည်းအကျင့်က ကောင်းတုန်းဘဲလား။

**တပည့်တော်**။ ။ကိုယ်တော်က တချို့ ကိုယ်တော်များရဲ့ အနေကို ကြည့်ပြီး ဝိနည်းအကျင့် ကျဆင်းနေတယ်လို့ ဆိုချင်ပါသလား၊ ထို ကိုယ်တော်မျိုးဟာ ရာခိုင်နှုန်းမများသေးပါဘူး၊ ဒါပေမဲ့....နိုင်ငံခြားလက်အောက်မှာ အတော်ကြာခဲ့တဲ့အပြင် အစိုးရများကလဲ မစောင့်ရှောက်အားသေးလို့ ပါ၊ အစိုးရက စောင့်ရှောက်သည်နှင့် တပြိုင်နက် အကျင့်ဘက်ကလဲ တက်လာဘို့ အချက်တွေကို စဉ်းစားပြီးသား ရှိပါတယ်၊ မြန်မာလူမျိုး များဟာ လူရော ရှင်ပါ သဒ္ဓါတရား ကောင်းကြပါတယ်၊ ဝိနည်းကျင့်မှု ဆိုတာလဲ သဒ္ဓါတရားနှင့် အများကြီး ဆိုင်ပါတယ်။

**ဓမ္မဂုတ်**။ ။အဘိဓမ္မာဘက်မှာတော့ ဘာ့ကြောင့် အဆင့်အတန်း မြင့်ရသလဲ ကိုယ်တော်။

**တပည့်တော်**။ ။ရှေးခေတ်က မြန်မာဆရာတော်ကြီးများဟာ ဘုရားကိုအလွန် ကြည်ညိုကြ, ယုံကြည်ကြပါတယ်၊ ဒါ့ကြောင့် မြတ်စွာဘုရားကို ပူဇော်သောအားဖြင့် အဘိဓမ္မာမှ ခက်ခဲသော တရားတော်များကို ညဥ့်အခါ၌ လေ့လာကြပါတယ်၊ ထိုသို့ ညဝါအဖြစ်ဖြင့် လေ့လာမှုကြောင့် အဘိဓမ္မာ တချို့၌ ပဋ္ဌာန်းကျမ်းကြီးတိုင်အောင် အလွန် ကျွမ်းကျင်တော်မူကြပါ တယ်၊ ယခုခေတ်မှာလဲ ထိုကျွမ်းကျင်မှုဟာ မလျော့သေးပါဘူး၊ ဒါ့ကြောင့် အဘိဓမ္မာဘက်၌ အဆင့်အတန်းမြင့်လျက်ပင် ရှိပါတယ်။

**ဓမ္မဂုတ်**။ ။သရုပ်ခွဲ အရကျက် အနေအားဖြင့်တော့ ကိုယ်တော် ယူဆသလို ကျွမ်းကျင်ကြပါလိမ့်မယ်၊ သဘော သဘာဝအရာမှာတော့ ကျွမ်းကျင်ကြ ပါ့မလား ကိုယ်တော်။

**တပည့်တော်**။ ။မှန်ပါတယ်........ စိတ်ရဲ့ သဘော, ဖဿရဲ့ သဘော, ရုပ်ရဲ့ သဘော, စိတ်အစဉ်(ဝီထိ)ဖြစ်ပုံ သဘော, ပဋ္ဌာန်းနည်းအားဖြင့် ကြောင်း ကျိုး ဆက်သွယ်ပုံသဘော, ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အရ ကြောင်းကျိုး ဆက်သွယ်ပုံ စသော သဘောတိုင်အောင် နက်နက်နဲနဲ စဉ်းစားနိုင်အောင်

ပုဂ္ဂိုလ်ရဲ့ အရေးအတွက်ကတော့ များလှမယ် မဟုတ်ပါဘူး၊ ဒါပေမဲ့—ထို သရုပ်အသိကို အခြေခံပြီးမှ သဘောအသိကို ကျကျနန သိနိုင်သော ကြောင့် အဘိဓမ္မာတရားတော်ဘက်၌ အဆင့်အတန်း မြင့်တယ်လို့ဘဲ ဆိုနိုင်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က တရားဘက်၌ အဆင့်အတန်းမြင့်လို့ မြန်မာနိုင်ငံကို သဘောကျတာပေါ့နော်၊ လောကီ အဆင့်အတန်းကိုတော့ ဘယ်လိုမြင်ပါသလဲ။

**တပည့်တော်**။ ။မှန်ပါတယ်....လောကီဘက် အဆင့်အတန်းကို စဉ်းစားလျှင်တော့ အများကြီး ကြိုးစားရပါဦးမယ်၊ ဒါလဲ လက်အောက်ခံဘဝမှာ အတော်ကြာအောင် နေခဲ့ရလို့ပါ၊ ကြိုးစားလျှင် အဆင့်အတန်းတက်ဘို့ သဘာဝ အခြေအနေကတော့ ကောင်းပါတယ်၊ တရားဘက် အဆင့်အတန်းမှာတော့ အခြားနိုင်ငံက လိုက်လို့မမှီနိုင်ပါဘူး၊ တပည့်တော်ကလဲ သံသရာအရေး, ပါရမီအရေးကိုစဉ်းစားပြီး မြန်မာနိုင်ငံကို သဘောကျတာပါ၊ တရားဘက်က မြင့်နေတာဖြစ်တော့ ဘယ်သူ မကျင့်—ကျင့် ကိုယ်ကျင့်လျှင် ကိုယ်ရတာဘဲ မဟုတ်လား ဘုရား၊ သည်တော့ ကျင့်လိုတဲ့ သူများအတွက် ကျင့်စဉ်လမ်းမှန်ရှိနေလျှင် အဖိုးတန်သော နိုင်ငံပင်ဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။ဟုတ်ပါရဲ့....ကိုယ်တော်ကတော့ လောကီဘက်က တိုးတက်နေတဲ့ တခြားနိုင်ငံများသာ မက , နတ်ပြည်ထက်တောင် ဤမြန်မာနိုင်ငံကို သဘောကျဦးမှာပါဘဲ။

**တပည့်တော်**။ ။ဤနိုင်ငံကို သဘောကျတာပေါ့ ဘုရား၊ လောကီဘက်က တိုးတက်နေကြတဲ့ ထိုနိုင်ငံသားအများစုရဲ့ စိတ်တွေဟာ လောဘ ဒေါသ မာန်မာနနှင့် မနာလိုတဲ့ ဣဿာ, ကိုယ့်လို ကြီးပွားမှာစိုးတဲ့ မစ္ဆရိယတွေ တိုးပွားနေတာမြင်တော့ လောကီဘက်ကမြင့်ပေမဲ့ ကိုယ်ကျင့်မမြင့်ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော့ မြန်မာနိုင်ငံက ယခုလူတွေလဲ ဒီလိုဘဲ မဟုတ်လား, ဘာထူးသေးလဲ။

**တပည့်တော်**။ ။ဒီနိုင်ငံမှာလဲ ယခု လူတွေကတော့ သိပ်မထူးပါဘူး၊ ဒါလဲ နိုင်ငံခြားသားတွေနဲ့ ပေါင်းပြီး သူတို့လုပ်သမျှ အကောင်းထင်ခဲ့တဲ့ စိတ်ကြောင့်ပါ၊ သို့ပေမဲ့ လူကောင်း သူကောင်း လုပ်ချင်တဲ့ သူများအတွက်ကတော့ ဒီလိုလူတွေကြည့်ပြီး ကိုယ့်ကိုယ်ကို သာ၍ကောင်းအောင် သတိ

ထားဘို့ရာ တရားကောင်းတွေ ရှိသေးတဲ့အတွက် အကျိုးမယုတ်ပါဘူး၊ တနည်းအားဖြင့် ပြောရလျှင် အဲဒီ လူညံ့တွေကြောင့် ကိုယ့်အတွက် သတိထားနိုင်သူမှာ သာ၍အကျိုးရှိပါသေးတယ်။

**မမွဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်က ဒီမြန်မာနိုင်ငံကို အဟုတ်သဘောကျတာပေါ့နော်။

**တပည့်တော်**။ ။အဟုတ်သဘောကျတာပေါ့ ဘုရား။

**မမွဂုတ်**။ ။ဒီလိုဆိုရင်........ကိုယ်တော်နဲ့ တပည့်တော် သံပြိုင်ရွတ်ရအောင် ကိုယ်တော်........ ညီညီနော်။

**တပည့်တော်**။ ။တရားနဲ့ဆိုင်တဲ့ ဂါထာလင်္ကာကို ရွတ်ကောင်းပါရဲ့၊ ဒါပေမဲ့ အသံဆွဲပြီး ဂီတသံပေါက်အောင်တော့ မရွတ်ကောင်းဘူးနော်။

**မမွဂုတ်**။ ။ဥပုသ်သည်များကိုတောင် နစ္စ ဂီတသိက္ခာပုဒ်က တားမြစ်ပြီးပါ၊ ကိုင်း....ကိုင်း....ရိုးရိုးကလေး ဥဒါန်းကျူးရင်း နိဂုံးချုပ်ကြစို့ ကိုယ်တော်။ ညီညီနော်.... ညီညီ ညီညီ။

၁။ အရှင်အရဟံ နော်ရထာမင်းတို့, သန့်ရှင်းခဲ့တဲ့ သာသနာ,
အရည်းကြီးတွေ မူရင်းပျောက်ဘို့, လူတွင်းအရောက် နှိမ်ခဲ့တာ၊
ခုလဲ ဒို့မှာ သာသနာရှင်းဘို့, ဒါယကာမင်းတို့ ကူမည်သာ,
ကူသောအခါ ကောင်းစွာဖြေ၍, ကျောင်းမှာမွေ့မွေ့ ပျော်ကြမှာ။

၂။ ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက, နောက်ဆုံးအထိ ပါရမီ,
လူနတ်များစွာ ချမ်းသာရေးမို့ အသက်ပေး၍ ဖြည့်ခဲ့သည်၊
ဗုဒ္ဓမြတ်စွာ ဘာသာအတွက်တော့, ငါပါအသက် ဆုံးစေမည်,
နောက်မဆုတ်ပေါင် ခုလိုတွေးလို့, ကုသိုလ်ရေးမို့ ကြိုးစားမည်။

## ၃။ ပြည်ရှေ့ဘို – ပြည်ရှေ့ဘို

**မမွဂုတ်**။ ။ဦးဇနကရေ .... ကိုယ်တော်က ဒီမြန်မာနိုင်ငံကို အကောင်းလို့ မြင်တာတော့ ဟုတ်ပါပြီ၊ အထက်နိုင်ငံနှင့် အောက်နိုင်ငံတော့ ဘယ်မှာ ပို၍ သဘောကျသလဲ။

**တပည့်တော်**။ ။မွေးဖွားပြီး အတော်ကြာကြာ နေဘို့အတွက် အထက်နိုင်ငံ သဘောကျပါတယ်။ လူ့ဘဝနဲ့ တသက်လုံးနေဘို့တော့ အောက်နိုင်ငံကို သဘောကျပါတယ်။

**ဓမ္မဂုတ်**။ ။ဘာ့ကြောင့်လဲ ကိုယ်တော်။

**တပည့်တော်**။ ။အထက်နိုင်ငံက များသောအားဖြင့် ဘာသာရေးဘက်မှာ ကျွမ်းကျင်တဲ့ ဆရာတော်များရဲ့ အဆုံးအမကို ရနိုင်ပါတယ်၊ ဒါကြောင့် ငယ်ငယ်ရွယ်ရွယ်က ဘာသာရေးအသားကျဘို့ လိုပါတယ်၊ အောက်နိုင်ငံမှာ ဘာသာရေးဘက်က ဆုံးမမဲ့ဆရာတော်များ ရှိတန်သလောက်ရှိပါတယ်၊ ဒါပေမဲ့ အထက်နိုင်ငံလောက်မများတော့ ကံကောင်းသူတို့သာ တွေ့နိုင်ကြပါတယ်၊ ဥတုရေမြေနှင့် အစာ အာဟာရကျတော့ အောက်နိုင်ငံက အများအားဖြင့် သာပါတယ်၊ နိုင်ငံရေးဗဟုသုတလဲ အောက်နိုင်ငံက သာပါတယ်၊ ရန်ကုန်က မြို့တော်ဖြစ်တော့ ခေတ်ပညာလဲ အောက်နိုင်ငံက အထက်တန်းပညာအတွက် လွယ်ကူပါတယ်၊ ဒါကြောင့် လူ့ဘဝနဲ့ စဉ်းစားရင်တော့ အထက်နိုင်ငံမွေးပြီး အောက်နိုင်ငံကြီးရတာ ကောင်းပါတယ်။

**ဓမ္မဂုတ်**။ ။ရဟန်းဘဝနဲ့တော့ကော ကိုယ်တော်။

**တပည့်တော်**။ ။ရဟန်းဘဝဆိုတာ ပစ္စည်း ၄ ပါးမျှတရုံ ကောင်းပါတယ်၊ အောက်နိုင်ငံက ပေါများတော့ ပရိယတ် ပဋိပတ်ဘက်မှာ အတိုးတက်နဲပါတယ်၊ အထက်နိုင်ငံမှာတော့ (ကျောင်းမှတပါး) ကျန်ပစ္စည်းက မပေါများပါဘူး၊ သို့သော် မျှတရုံတော့ နေနိုင်ပါတယ်၊ ပညာရှိဆရာတော်များလဲ အောက်နိုင်ငံစာလျှင် အထက်နိုင်ငံက များပါတယ်၊ ဒါ့ကြောင့် ရဟန်းဘဝနဲ့ နေရလျှင် အထက်နိုင်ငံကိုပင် သဘောကျပါတယ်။

**ဓမ္မဂုတ်**။ ။အထက်နိုင်ငံမှာတော့ ဘယ်နယ်ကို သဘောအကျဆုံးလဲဘုရား။

**တပည့်တော်**။ ။ဟဲဟဲ........ ဒါကတော့ ရွှေဘိုနယ်ပေါ့ဘုရား။

**ဓမ္မဂုတ်**။ ။ကိုယ့်ငါးချဉ်တော့ ကိုယ်ချဉ်ရမှာပေါ့နော်။

**တပည့်တော်**။ ။အကြောင်းမဲ့ မဟုတ်ပါဘူး, အကြောင်းလဲရှိပါတယ်။

**ဓမ္မဂုတ်**။ ။ဘာအကြောင်းလဲ ကိုယ်တော်။

**တပည့်တော်**။ ။အရှင်ဘုရားဘဲ စဉ်းစားကြည့်ပါလား၊ တပည့်တော်တို့ရဲ့ ကျွန်ဘဝမရောက်ခင် (ရောက်သည့်အဆက်မှာ) ရာဇဝင်အထင်ရှားဆုံး မင်းဟာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ မဟုတ်ပါလား။

**ဓမ္မဂုတ်**။ ။ ရိုးရိုးအသံနဲ့ ပြောပြပါကိုယ်တော်၊ ကိုယ်တော်က ရွှေဘို အကြောင်းပြောမှ အသံကျယ်လာလိုက်တာ။

**တပည့်တော်**။ ။ကျယ်မှာပေါ့ဘုရား ဇာတိသွေး ဇာတိမာန်ဆိုတာ ထိမ်ချန်လို့ ရကောင်းတာ မဟုတ်ဘူး။

**ဓမ္မဂုတ်**။ ။ ဦးအောင်ဇေယျ ဘုန်း လက်ရုံးကြီးတာနဲ့ ကိုယ်တော်နဲ့ ဘာဆိုင်တုန်း။

**တပည့်တော်**။ ။ဦးအောင်ဇေယျရဲ့ ထန်းတုံးတပ်မြို့ တည်တုန်းက ဘယ်နယ်သားတွေ ပါမယ်ထင်တုန်း၊ ရွှေဘိုနယ်သားတွေချည်း မဟုတ်ပေဘူးလား။

**ဓမ္မဂုတ်**။ ။ဒါတော့ဟုတ်မှာပေါ့ ကိုယ်တော်။

**တပည့်တော်**။ ။ရွှေဘိုနယ်သားမှန်လျှင် ဒီရာဇဝင် မမေ့ကောင်းဘူးဘုရာ့။

**ဓမ္မဂုတ်**။ ။ အနို့........ ကျွန်ဘဝ ရောက်တော့လဲ အဲဒီ ရွှေဘိုမင်းဆက်တဲ မဟုတ်လား။

**တပည့်တော်**။ ။မှန်ပါတယ်....မူလလူကြီးတွေရဲ့ အရှိန်ကိုယူပြီး "ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသလေး ဘာလေးလဲ"နဲ့ ရွှေဘိုသွေး ပျောက်သွားလို့ သူတပါးလက်အောက် ရောက်ရတာပါ။

**ဓမ္မဂုတ်**။ ။လက်နက်မှမရှိဘဲ ရွှေဘိုသွေးကော ဘာတတ်နိုင်မှာလဲကိုယ်တော်။

**တပည့်တော်**။ ။ရွှေဘိုသွေးပီလျှင် အင်္ဂလိပ်နဲ့ ပဋ္ဌမစစ်ကိုဘဲမဖြစ်ရအောင် ကြိုးစားမှာဘဲ၊ မရှောင်သာလို့ ပဋ္ဌမစစ်ဖြစ်ရရင်လဲ ရန္တပိုစာချုပ် ချုပ်ပြီးတဲ့ နောက်တော့ ကိုယ်တော်.... "ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူလှသော" ဆိုတဲ့ ဂုဏ်ပုဒ်တွေဖြုတ်ပြီး မင်းရော မိဖုရားတွေရော တနိုင်ငံလုံး အလုပ် လုပ်မှာပေါ့ ဘုရား။

**ဓမ္မဂုတ်**။ ။ကိုယ်တော့မှာ ခုအထိ ရွှေဘိုသွေးရှိသေးသလား။

**တပည့်တော်**။ ။ တပည့်တော်က ကျောင်းတိုက်မှာ သစ်ပင်က သစ်ခက်တို့ ဘာတို့ ဖြတ်စရာရှိ၍ ရွှေဘိုနယ်က ကိုယ်ရင်ကို ခိုင်းတဲ့အခါ "ငါ....ရွှေဘိုသားလို့ ကြုံးဝါးပြီး တချက်ထဲနဲ့ ပြတ်အောင်ဖြတ်" လို့ ခိုင်းတာဘဲ။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ယခုအထိ ရွှေဘိုသွေး ရှိသေးတာပေါ့နော်။

**တပည့်တော်**။ ။သာသနာတော်ကို မြှင့်တင်လိုတဲ့စိတ်တွေ ပြင်းပြနေတာလဲ မြန်မာသွေး ဘာသာသွေးနှင့် ရွှေဘိုသွေး မကင်းဘူး ဘုရား။

**ခမ္မဂုတ်**။ ။သာဓုပါ ကိုယ်တော် သာဓုပါ၊ ရွှေဘိုသားလဲပီ, မြန်မာတိုင်း ဘွားလဲပီ, ဗုဒ္ဓဘာသာလဲ ပီပါပေတယ်။

**ဘုပည့်တော်**။ ။"ဗုဒ္ဓဘာသာပီ"ဆိုပေမဲ့ အခြားဘာသာကို အထင်မသေး ပါဘူး ဘုရား၊ အခြားဘာသာများလဲ လောကီကောင်းကျိုးကို ညွှန်ပြကြ ပါတယ်၊ လူအများစုဟာ ကိုယ့်ဆိုင်ရာ ဘာသာနဲ့ အဆုံးအမကို လိုက်နာ ကြမယ်ဆိုရင်တော့-ဘာသာတိုင်းမှာပင် လူတော် လူကောင်းတွေ ဖြစ်နိုင် ကြပါတယ် ဘုရား။

**ခမ္မဂုတ်**။ ။ကိုင်းကိုင်း.... ရွှေဘိုမြို့အကြောင်း ပြောရင်တော့ ရာဇ၀င်စာအုပ် ကြည့်တုန်းက မင်းကြီးဗန္ဓုလ ကျဆုံးဖွဲ့အခန်း တွေ့တဲ့အခါ ၀မ်းနဲလို့မှ မဆုံးသေးဘူး စာရွက် လေးငါးရွက်လောက် ကျော်တဲ့အခါမှာ အင်္ဂလိပ် တွေက အဘက်ဘက်၌ အထက်စီးနဲ့ချုပ်တဲ့ စာချုပ်တွေ့ရတော့ စိတ်တွေ ဘယ်လိုဖြစ်သွားမှန်း မသိအောင် လှုပ်ရှားပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။နိုင်ငံသွေး ဘာသာသွေးတွေ ဆူလာလို့ ရွှေကို မတိုးတော့ဘဲ ရွှေဘိုဖုံကြီးသံနဲ့ နိဂုံးအုပ်ပါစို့ ကိုယ်တော်၊ ညီညီနော် .. ညီညီ ညီညီ။

ရန်ကြီးအောင်- ကုန်းဘောင်ခေါလို့ ငါးမည်ရ ပြည်ရွှေဘို....ဘေး.... ရန်ကပြို၊ မုဆိုးဘို ရန်ပြိုတဲ့ **နာသိဿ ဘိုးတော်ဒေသ**။

## ၄။ ရွာရွှေရိုင်-ရွာရွှေရိုင်

**ခမ္မဂုတ်**။ ။ဥုးဇနကရေ ...ရွှေဘိုနယ်မှာ တောင်လက် မြောက်လက် ခွဲခြား၍ ရွာအများရှိပါတယ်၊ ကိုယ်တော်က ဘယ်နယ် ဘယ်ရွာမှာ ဖြစ်လိုသလဲ။

**တပည့်တော်**။ ။ တပည့်တော်ကတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်တယ် ဆိုဆို, ရွှေဘိုတောင်လက် သရိုင်ရွာမှာဘဲ ဖြစ်ချင်ပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်ရဲ့ သရိုင်ရွာမှာ ရွှေကျောင်ဂိုဏ်းရဲ့ ဒုတိယသာသနာပိုင် ဖြစ်တော်မူသော မဟာ၀ိသုဒ္ဓါရုံ ဆရာတော်, ထရံကာ ဆရာတော်တို့ကို အကြောင်းပြုပြီး သံဃာတော်များဘက်က အသိများပါတယ်၊ နိုင်ငံရေး ခေါင်းဆောင်မထွက်တော့ နောက်ပိုင်းမှာ လူသိမများပါဘူး။

**တပည့်တော်**။ ။ရွာအနေနဲ့တော့ အိမ်ခြေမများလှလို့ မကြီးကျယ်ပါဘူး၊ ဒါပေမဲ့ လူများစုအနေနဲ့က မြန်မာမင်း လက်ထက်မှာရော အင်္ဂလိပ် လက်ထက်မှာရော အဆင့်အတန်းမြင့်ပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်လိုမြင်ပုံလဲ ကိုယ်တော်။

**တပည့်တော်**။ ။ရွာဦး ရွာထိပ်မှာ ရှေးမင်းတို့တည်ထားတဲ့ စေတီတော်များ ရှိပါတယ်၊ ထို့နောက် ပစ္စည်းရှိသူတို့ တည်ထားတဲ့ စေတီတော် ဆင်းတု တော်များလဲ အများပင် ရှိပါတယ်၊ ထိုစေတီတော်များက ရွာ၏ အဆင့် အတန်းကို မှန်းနိုင်လောက်သောအမှတ်အသားများ ဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။သည့်ပြင်ကော ကိုယ်တော်။

**တပည့်တော်**။ ။မူလက ရွာ၏ အခြေအနေ ခိုင်မာလေတော့ အနီးအပါး ဖြစ်တဲ့ ခင်မင်ရွာ စမွန်းရွာတို့မှ ပစ္စည်းရှိတဲ့လူ တော်တော်များများနှင့် သရိုင်သူ သရိုင်သားတို့ အကြောင်းပါကြပါတယ်၊ နောက် (သူခိုး ဒါးမြ ဘေးကြောင့် ) ပစ္စည်းရှင်အများပင် သရိုင်ရွာသို့ ပေါင်းစုကြပါတယ်၊ ထိုသို့ ပေါင်းစုမိလို့ အတော်ကြာတဲ့အခါ သားရေး သမီးရေး ဆက်သွယ်မှု ကြောင့် ထိုလူအများစုဟာ ဆွေမျိုးတော်စပ်ကုန်ကြပါတယ်၊ အဲဒီ တမျိုး လုံးက အိမ်ခြေ တရာ့ငါးဆယ်ခန့်ရှိသော ရွာကို သုံးပုံ ၂ ပုံလောက် ဖုံးနေ တာ ဖြစ်တော့ တရွာလုံး အဆင့်အတန်းမြင့်သလို ဖြစ်သွားတာပေါ့။

**ဓမ္မဂုတ်**။ ။အင်း ဒီလိုတော့ ဖြစ်နိုင်စရာရှိပါတယ်၊ ဒါ့ကြောင့် ကိုယ်တော်တို့ အမျိုးဟာ မောင်နှမချင်း လက်ထပ်ကြတာ ထင်တယ်။

**တပည့်တော်**။ ။တပည့်တော်တို့အမျိုး ဇာတိသွေး အင်မတန် အရေးကြီးပါ တယ်၊ သူတို့ရဲ့ စီးပွားတွေကို ဆွေမျိုးထဲက ဆက်၍ ခံစားစေချင်ပါတယ်၊ ဒါ့ကြောင့် လက်ထပ်ချိန်ရောက်၍ သားသမီးများအတွက် စဉ်းစားတဲ့အခါ မှာ တဝမ်းကွဲထဲက ပဌမ၊ တဝမ်းကွဲ အရွယ်တူမရှိလျှင် ၂ ဝမ်းကွဲ၊ ၂ ဝမ်း ကွဲ မရှိလျှင် သုံးဝမ်းကွဲထဲက ရွေးကြပါတယ်၊ ခုလို ရွေးစရာမရှိလျှင် အခြား တရွာကဖြစ်ဖြစ် ရွေးကြပါတယ်၊ အမျိုးညံ့လျှင် ပစ္စည်းရှိသော်လဲ မပေး စားလိုကြဘူး။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်တို့အမျိုးက သာကီဝင်မင်းမျိုးကို အားကျ တာပေါ့နော်။

**တပည့်တော်**။ ။ချီးမွမ်းချင်တဲ့သူက ဒီလိုမြင်ပေမဲ့ ရန်ဖြစ်ကြလို့ အမျိုးထိမြီး ဆဲတဲ့အခါ " ဟဲ့-ခွေးမျိုး....မောင်နှမချင်း အတူပြုတဲ့ ခွေးမျိုး " လို့လဲ အဆဲ ခံရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့မိဘများလဲ မောင်နှမချင်းဘဲလား။

**တပည့်တော်**။ ။အမေ့ဘက်က မောင်နှမချင်း စပ်ထားပါတယ်၊ ဒါကို အမေက သဘောမကျလို့ အဖေနဲ့ လိုက်ပြေးတာနဲ့ အတော်ကြာကြာ အမေ့ ဘိုးဘွားဘက်က မခေါ်ဘူး၊ နောက်မှ ခေါ်တယ်လို့ ကြားဘူးပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်အဖေဘက်က ညှံ့လို့လား။

**တပည့်တော်**။ ။မညှံ့ပါဘူး....မောင်နှမချင်း စပ်ထားတာ မဖြစ်ရလို့ပါ၊ ဒီလို သွေးမစပ်တဲ့မိဘနှစ်ဖက်ကြောင့် တပည့်တော်ရဲ့အမျိုးဟာ ပိုပြီး ကျယ်ပြန့်သွားတာပေါ့။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့အမျိုးဟာ ဆွေကြီးမျိုးကြီးမို့ ပျော်စရာကောင်းမှာဘဲနော်။

**တပည့်တော်**။ ။အား....ဒီလိုလဲ အထင်မကြီးလိုက်နဲ့အုံး၊ သိပ် ရှုံ့စရာကောင်းတဲ့ အချက်တွေကလဲ ဒီအမျိုးထဲမှာ အများကြီး ဖြစ်နေတယ်။

**ဓမ္မဂုတ်**။ ။ဘာများ မကောင်းဖြစ်စရာရှိလို့လဲ ကိုယ်တော်၊ အားလုံး အမျိုးတွေချည်းဘဲဟာ။

**တပည့်တော်**။ ။လောဘ ဒေါသ မာန ဣဿာ မစ္ဆရိယ ဆိုတာ ( ပုထုဇဉ်မှန်သမျှ) အပြည့်ရှိနေတာဘဲဘုရား၊ ဒီတော့ လောဘဆိုင်ရာ စီးပွားရေးနှင့် စပ်ပြီး မောင်နှမ အရင်းချင်းတောင် ( အိမ်ထောင်ကွဲတဲ့အခါ ) မေတ္တာ အစေးမကပ်ချင်ကြဘူး၊ လောဘကို အကြောင်းပြုပြီးတော့ ဒေါသ မာန တွေ မနာလို ဝန်တိုဆိုတဲ့ ဣဿာ မစ္ဆရိယတွေဟာ အနဲနဲ့ အများ မကင်းကြတော့ဘူး၊ ဒီတော့—တပည့်တော်တို့ရဲ့ အမျိုးတွေလဲ လူထဲကလူတွေဘဲ ဖြစ်တော့ လူလိုနေကြတာပေါ့ဘုရား၊ ဒါ့ကြောင့် တပည့်တော်က နောက်လူတွေကို ပြောလေ့ရှိပါတယ်၊ "ဒို့အမျိုးဟာ ကြီးကန်းတွေလိုဘဲ, စီးပွားရေးနှင့် ဆိုင်လာလျှင် ကြီးကန်းတွေ တကောင်နှင့်တကောင် မညှာသလို တယောက်နှင့် တယောက် ( အရင်းပေမဲ့ ) မညှာတတ်ဘူး၊ သူများက တယောက်ယောက်ကို စော်ကားတယ်ဆိုရင် စီးပွားရေးတုန်းက မတဲ့ပေမဲ့ ဝိုင်း အာကြတယ်" လို့။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့အမျိုးဟာ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးတို့ ထရံကာဆရာတော်ကြီးတို့လို ပုဂ္ဂိုလ်ကြီးတွေ ထွန်းကားတဲ့ အမျိုးဖြစ်တော့ လူ့ကျင့်ဝတ် စာရိတ္တဘက်ကတော့ ကောင်းမှာဘဲနော်။

**တပည့်တော်**။ ။ထိုဆရာတော်ကြီးများက ရာဇဂုရုတံဆိပ်တော် ရကြလို့ နိုင်ငံမှာ ထင်ရှားတာပါ၊ ထိုဆရာတော်ကြီးများရဲ့ အထက်က သရိုင်ဆရာတော်ကြီးလို့ ထင်ရှားတော်မူတဲ့ ရွှေတောင်ကျောင်း ဆရာတော်ကြီးဆိုတာ ရှိပါတယ်၊ သရိုင်ရွာတွင် မကပါဘူး၊ တနယ်လုံးမှာ ဩဇာ ကောင်းပါတယ်၊ သတ္တဝါများရဲ့ အကျိုးကိုလဲ ဆောင်တော်မူဟန် တူပါတယ်၊ ရွာရဲ့ အနောက်အင်းကြီးကို ဘေးမဲ့ထားတို့ ရှင်ဘုရင့်ထံ မေတ္တာရပ်လို့ ဘေးမဲ့ ရအားပါတယ်၊ ထိုဆရာတော်ကြီးရဲ့ ဩဝါဒကို နာယူရလို့ တပည့်တော်တို့ အမျိုးသာမက တရွာလုံး စာရိတ္တ ကောင်းကြပါတယ်၊ ရှေး လူကြီးသူမများရဲ့ ထုံးစံမှာ ရဟန်း သံဃာမြင်လျှင် ဦးခေါင်းပေါ်မှာ ပခုံးပေါ်မှာ ရှိတဲ့ ဝန်ထုပ်ကို ချပြီး ထိုင်၍ လက်အုပ်ချီလေ့ ရှိကြပါတယ်၊ ဒီအကျင့်ဟာ တပည့်တော်တို့ ငယ်စဉ်တိုင်အောင် ရှိသေးလို့ မန္တလေးမှ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးနှင့် အတူ ပါလာတဲ့ မြို့နယ် အစုံက သံဃာတော် တွေက ချီးမွမ်းတော်မူကြပါတယ်။

**စမ္ပဂုတ်**။ ။သရိုင် ဆရာတော်ကြီးက ဩဝါဒ ကောင်းတော့ လူကြီးတွေက ဆက်ပြီး လူငယ်တွေပါ ကောင်းကြရမှာပေါ့နော်။

**တပည့်တော်**။ ။ဘာသာရေး၌ယဉ်ကျေးရုံသာမဟုတ်ပါဘူး မြန်မာမင်းလက်ထက်ကို မှီလိုက်တဲ့ လူကြီးသူမတို့က ရိုးရာအားဖြင့်လဲ ယဉ်ကျေးကြဟန် တူပါတယ်၊ တပည့်တော် ငယ်ငယ်တုန်းက အဘိုးများနှင့် အရွယ်တူ လူကြီးတွေ စကားပြောတာကို ကြားလိုက်ရဘူးပါတယ်၊ နံနက်ဆွမ်းခံဝင်ချိန်လောက်မှာ တပည့်တော်တို့အိမ်ကိုလာပြီး ဘိုးအရွယ်တွေ လဘက်ရည်သောက်ရင်း စကားပြောကြပါတယ်၊ အသက်ကြီးတဲ့လူကြီးက ပြောလိုက်ရင် အသက်ငယ်တဲ့လူကြီးက "အမိန့်တော်အတိုင်းပါခင်ဗျား၊ ဦးထိပ်ရွက်ပါခင်ဗျား" လို့ ပြောကြပါတယ်၊ (ယခုခေတ် "ဟုတ်ကဲ့" လို့ အပြောမျိုးနှင့် သဘောတူပါတယ်)။

**စမ္ပဂုတ်**။ ။တယ် နားထောင်ကောင်းတဲ့ စကားအသုံးတွေဘဲနော်၊ ဒီ အသုံးအနှုန်းမျိုး ယခု ရှိသေးသလား။

**တပည့်တော်**။ ။ဝေးပါရဲ့ ဘုရား....တပည့်တော် မိဘတို့ လက်ထက်ကျတော့ မကြားရတော့ပါဘူး၊ မိဘ လက်ထက်မှာ အင်္ဂလိပ် အုပ်စိုးချိန်ဖြစ်လို့ မြန်မာ့ယဉ်ကျေးမှုတွေ တစတစ ကွယ်သွားပါတယ်၊ ဘိုးများရဲ့ လက်ထက်မှာ ဝတ်ထားတဲ့ အဝတ်ကလဲ များသောအားဖြင့် အဖြူတွေဖြစ်တော့

လူကြီးတွေကို ကြည့်ရတာ အသွားအလာ အနေအထိုင်မှစ၍ သိပ်ပြီး ကြက်သရေရှိပါတယ်။

**ဓမ္မဂုတ်**။ ။ဒီ ယဉ်ကျေးမှုကတော့ အုပ်ချုပ်တဲ့ အစိုးရလိုက်ပြီး ပြောင်းလဲရမှာပေါ့ ကိုယ်တော်၊ ဒါ့ထက် စကားဌကို ပြန်ဆက်ရဦးမယ်၊ ရွှေတောင်ကျောင်းဆရာတော်ကြီးကတော့ ဘယ်လို ဆက်လာသလဲ ကိုယ်တော်။

**တပည့်တော်**။ ။အဲဒီ အဆက်တော့ တပည့်တော် မကြားဘူးပါ၊ ဒါပေမဲ့— သရိုင်ရွာက ရှေးသူတော်ကောင်း ဆရာတော်ကြီးတွေ အတော်ကြာကြာ ဆက်ခဲ့ကြဟန်တူပါတယ်၊ အရှင်သုမေဓာဆိုတာ "ရဟန္တာ" လို့ ကျော်စောခဲ့ပါတယ်၊ ယခုလဲ စေတီလှဘုရားဝိုင်းရဲ့ အရှေ့တောင်ဒေါင့်မှာ "ရဟန္တာ သမုတ်သဲ့သိမ် " ဟု အသိအမှတ်ပြုအပ်သဲ့သိမ်တော် ရှိပါသေးတယ်၊ အဲဒီ သိမ်တော်မှာဘဲ ရွှေကျင်ဆရာတော်ကြီး ဥပဇ္ဈာယ်ပြု၍ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး ရဟန်းဖြစ်တယ်လို့ ပြောစမှတ်ရှိပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်တို့ရွာဟာ ဆရာတော်ကြီးတွေရဲ့ဩဝါဒကို အဆက်ဆက် နာယူခဲ့ရပါလိမ့်မယ်။

**တပည့်တော်**။ ။ဖြစ်တောက်ပါတယ် ဘုရား၊ အဲဒီ စေတီလှရဲ့ မဟာရာမ်တံတိုင်းအတွင်းမှာဘဲ မောင်ရင်စျာန်ရ တည်ထားသဲ့ " လေးကျွန်းမြေ စေတီတော်ကလေး" ဆိုတာ တပည့်တော် ငယ်စဉ်က ဖူးလိုက်ရဘူးပါသေးတယ်၊ စေတီတော်က ငယ်ငယ်ဆိုတော့ လူမလေးစားလို့ ယခုတော့ မရှိတော့ပါဘူး။

**ဓမ္မဂုတ်**။ ။နှမြောစရာဘဲ ကိုယ်တော်၊ ရာဇဝင်တန်ဘိုးကိုမသိကြတော့ မစောင့်ရှောက်တတ်ကြပေဘူးပေါ့၊ ဒီလိုဆိုတော့ ကိုယ်ဖော်တို့ရွာရဲ့ ဘာသာရေးယဉ်ကျေးမှုဟာ ကြာလှပြီပေါ့နော်။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား....အရှင်အရဟံတို့ရဲ့ ရှေ့ပိုင်းခေတ်အဆက်နဲ့ ပြိုင်ဖြစ်စရာရှိပါတယ်။

**ဓမ္မဂုတ်**။ ။ဒီ စေတီတော်ကြီး၊ စေတီတော်ငယ်များကို ယခုတိုင်အောင် ပြုပြင်နေကြတာတော့ ချီးမွမ်းစရာပါဘဲ ကိုယ်တော်။

**တပည့်တော်**။ ။မှန်ပါတယ်—တပည့်တော်တို့ရဲ့ အမျိုးမှာ ရှေးထုံးစံတခု ရှိပါတယ်၊ အိမ်ထောင်ကျပြီးတဲ့နှစ်မှာ တတ်နိုင်လျှင် ကထိန်ခင်းရပါတယ်၊

သားကလေး ၅ နှစ်သားလောက်ရှိတဲ့ အခါ ရှင်ပြု အလှူပေးရပါတယ်, နောက်တကြိမ်ရှင်ပြုဘို့ သားရှိသေးလျှင် ဒုတိယ ရှင်ပြုအလှူပေးရပါတယ်, နောက်တော့ တတ်နိုင်လျှင် မိဘ ဘိုးဘွားတို့ရဲ့ ကျောင်း, ဘုရားစေတီ, တန်ဆောင်းပြာသာဒ်တို့ကို ပြုပြင်ရ မွမ်းမံရပါတယ်။

**ဓမ္မဂုတ်**။ ။ပစ္စည်းက မပေါများရင်ကော ကိုယ်တော်။

**တပည့်တော်**။ ။ပစ္စည်းမရှိလို့ မတတ်နိုင်လျှင်တော့ ဘာမှ မလုပ်တော့ဘူးပေါ့ ဘုရား၊ ဒီလိုလူအတွက်တော့ "အမျိုးတိမ်ကောသွားတယ်" လို့ ဆိုရတော့တာပေါ့၊ အဲဒီလို တတ်နိုင်တဲ့လူကလဲ သဒ္ဓါတရားရှိဦးမှ ပြုပြင်တာပါ၊ သဒ္ဓါ မရှိလျှင် မပြုပြင်ကြလို့ တတ်နိုင်တဲ့ ဆွေနီးမျိုးစပ်က ပြုပြင်လေ့ရှိပါတယ်။

**ဓမ္မဂုတ်**။ ။ဒါ့ကြောင့် ကိုယ်တော်တို့ရွာက စေတီ ဆင်းတုတော်များမှာ ယနေ့အထိ ထုံးသင်္ကန်းဖွေးဖွေးနှင့် တန်ဆောင်းကြီးငယ်များလဲ တင့်တယ်နေတာဘဲနော်။

**တပည့်တော်**။ ။မှန်ပါတယ်, တပည့်တော်ရဲ့ မိဘက် ဖဘက် ၂ဘက်လုံးမှာ တဘက် တဘက်လျှင် အမိ အဘ အစုံဖြာလိုက်တော့ ၄ ဘက်ဖြစ်သွားပါတယ်၊ အဲဒီ ၄ ဘက်တွင် အဖေ့ဘက် ဘိုးက စမွန်းညှံ့နွယ်ဖြစ်တော့ စမွန်းရွာမှာ သူ့မိဘဘက်က စေတီတော်ကို ထပ်မံ၍ ပြင်ပါတယ်၊ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်လောက်မှာ ရွာက ထပ်မံ ပြင်မယ်လို့ တပည့်တော်ကို အကြောင်းကြားတော့ တပည့်တော်ဆိုင်ရာယ ဝတ္ထုတထောင် ထည့်လိုက်ရပါသေးတယ်၊ အဖေ့ဘက် အဖွားတို့ကတော့ အစိုးရပိုင်းမှာ ပါနေဟန်တူပါတယ်၊ အဖွားရဲ့ မောင်တယောက်က ဆားတောင်အုပ်, ညီမတယောက်က နန်းတော်သူလို့ ကြားဘူးပါတယ်၊ ရှေးမင်းများ တည်ထားခဲ့တဲ့ ရှေးအကျဆုံး "ရွှေမုဋ္ဌောစေတီ" ဆိုတာ အဖွားဘက်က အမွေဆိုင်ဘုရားပါ၊ နောက်ဆုံးမှာ တပည့်တော်ရဲ့ အမတဝမ်းကွဲက ပြင်သွားပါတယ်၊ အမနောက်တော့ မပြင်ကြလို့ အမေ့ဘက် ဒေါ်လေးတယောက်က ပြင်ပါတယ်၊ မကြာမီက မန္တလေးနေတဲ့ တူတယောက်ကို မင်းတို့ တတ်နိုင်တဲ့အခါ "ရွှေမုဋ္ဌောစေတီတော်" ကို တာဝန်ယူကြလို့ ပြောလိုက်ပါသေးတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ရဲ့ မယ်တော်ဘက်ကတော့ ဘာကောင်းမှုများရှိသလဲ။

+

**တပည့်တော်။** ။အမေ၏ အမေ့ဘက်က ယခုတိုင်အောင် တတ်နိုင်တဲ့လူတွေ အများအပြင် ရှိပါသေးတယ်, သို့သော် အရင်းထဲကတော့ အတော်အားရော သွားပါပြီ, တဝမ်းကွဲတွေက အားကောင်းပါတယ်၊ ရွှေမုဋ္ဌောဘုရားဝိုင်း ထဲမှာ အမေ့ဘက် အဖွားကြီးမှစ၍ ဆွေမျိုးတွေရဲ့ ကောင်းမှု တော်တော် များများ ရှိပါတယ်၊ ထို ကောင်းမှုများကို သရိုင်ချောင်က သီလရှင်ဆရာ ဒေါ်လေး ဝက်လက်ရွှေ့ ပြောင်းနေတဲ့ ဒေါ်လေးနှင့် မန္တလေးရွှေ့ ပြောင်း နေတဲ့ ညီတဝမ်းကွဲတို့က ပြုပြင်ကြပါတယ်၊ အမေ့အဖွားရဲ့ စေတီတော်, အမေ့ဦးလေးရဲ့ စေတီတော်စတဲ့ ဆွေမျိုး စေတီ ပြာသာဒ် အားလုံးဟာ တဝိုင်းလုံး သာယာခနေပြီလို့ ပြောကြပါတယ်။

**မမွှဂုတ်။** ။"ရွှေမုဋ္ဌောဘုရားဝိုင်း"ဆိုတဲ့ စကားအရ မေးရအုံးမယ်, ကိုယ်တော် တို့ရဲ့ ရွာဦး ရွာထိပ်မှာ ဘုရားဝိုင်းက ဘယ်နှစ်ဝိုင်းရှိသလဲ။

**တပည့်တော်။** ။စေတီလှဝိုင်း, ရွှေမုဋ္ဌောဝိုင်း, လေးမျက်နှာဝိုင်း, ပွတ်စေတီ ဝိုင်းတို့ တံတိုင်းအသီးသီးခတ်ပြီး ခွဲခြားထားတဲ့ ဘုရားဝိုင်းက ၄ ဝိုင်းရှိပါ တယ်, ဘုရားဝိုင်းကြီးတွေရဲ့ အကြားမှာ စရပ်ကြီးတွေလဲ ရှိပါတယ်၊ တပည့်တော်ဆွေမျိုး အဆက်ဆက်ရဲ့ စရပ်တွေပါ၊ တရွာလုံး သုံးနေတဲ့ အကြီးဆုံး စရပ်ကို မကြာမီက အမေ့ဆိုင်ဖြစ်တဲ့ ဝမ်းကွဲအမနှင့် သကျသီဟ ဓမ္မာစရိယ, ဦးကောဏ္ဍညဘိဝံသရဲ့ မယ်တော်လဲဖြစ်, တပည့်တော်ရဲ့ တဝမ်းကွဲနှမလဲ ဖြစ်တဲ့သူက ပြင်ထားပါတယ်၊ အဲဒီ စရပ်ဒကာ-ဒကာမ ကြီးရဲ့ ရွှေသာလျောင်းဘုရား ဆင်းတုတော်ကြီး၏ကိန်းရာ အုဋ္ဌ်တိုက် ကြီးလဲ ပြင်ပါသေးတယ်။

**မမွှဂုတ်။** ။ကျစ္စာမင်းကြီး တည်ထားတဲ့ စေတီလှကြီးကိုကော ဘယ်သူ့ အဆက်က အမွေဆိုင်သလဲ။

**တပည့်တော်။** ။အဲဒီ စေတီတော်ကြီးကို မိုးညှင်းမင်းက ထပ်ပြီး ကြီးမား အောင် ( နဂိုရ် စေတီတော်ကို ငုံ၍ ) ပြုပြင်ပါသတဲ့၊ စေတီတော်ကြီးက ကြီးကျယ်လွန်းတော့ တခါတခါ ပြိုပါတယ်၊ ထိုအခါ စုပေါင်းပြီး ပြုပြင် ပါသတဲ့၊ နောက် ၁၂၆၀ ပြည့်နှစ်ပြိုတော့ ခင်မင်ကျောင်းဒကာ ဘိုးစံဝန် နှင့် အဖွားဝိတို့က ပြုပြင်ပါတယ်၊ (အဖွားဝိဆိုတာ ဒေါ်လေးမြရဲ့ အဖေ့ အမဖြစ်တဲ့ အရီး အရင်းပါ)၊ နောက်တခါပြိုပြန်တော့ သိပ်မကြာတဲ့နှစ်က ဘိုးစံဝန်ရဲ့ မြေးတော်တဲ့ ညီအမ ၃ ယောက်က အိမ်ထောင် မပြုတဲ့ ယောဂီများ ဖြစ်လို့ သူတို့ အမွေရတဲ့ စိန် ရွှေ တချို့ကို မဝတ်တော့ဘဲ

ဘုရားကြီးကို ခေါင်းဆောင်ပြီး ပြုပြင်ကြပါတယ်၊ ယခုအချိန်မှာ သူတို့ ဆွေမျိုးများ အမွေဆိုင်ပါဘဲ။

**ဓမ္မဂုတ်** ။ ။ကိုယ်တော်တို့ ဆွေမျိုးက ဘုရားများကို ဂရုစိုက်သလောက် ကျောင်းတွေကိုတော့ ဂရုမစိုက်ကြဘူးထင်တယ်။

**တပည့်တော်**။ ။ထင်စရာပေဘဲဘုရား...သရိုင်ရွာမှာ ရှေးကကျောင်း၅ ကျောင်း ရှိပါတယ်၊ ရွှေတောင်ကျောင်း, ပင်းကျောင်း, ဗောဓိကျောင်း ဆိုတဲ့ ၃ ကျောင်းဟာ အခိုင်အခန့်ဆုံး ပါဘဲ၊ ထို ကျောင်းကြီး ၃ ကျောင်းလဲ မိဘက် ဘဘက်က ကျောင်းများဖြစ်ပါသယ်၊ ရွှေတောင်ဆရာတော်ကြီးရဲ့ ကျောင်းကို အဖေ့ဘက် ဘိုးကြီး ဘိုးဖေက မူလ တည်ပါသတဲ့၊ ဗောဓိ ကျောင်းကြီးကို အမေ့ဘက် အဖွား မယ်အိမ်၊ ထို့နောက် ကြီးတော် ဒေါ်မန်းညွန့် သား မောင်သာဌေး တို့က အမွေဆက်ပြီး ပြင်ပါတယ်၊ ပင်းကျောင်းဆိုတာ ဘိုးအရင်းရဲ့ မ-တည် ကျောင်းကြီးပါ၊ နောက်တော့ (ယခု ကျောင်းထိုင် ဘုန်းတော်ကြီးရဲ့) မယ်တော်က တန်ဆောင်းဆက်ပြီး ဦးလတ်ကြီးက ပြာသာဒ်ဆက်ပါတယ်၊ အငှဲတိုက်ကတော့ ဒေါ်လေးမြနှင့် (ယခု ဘုန်းတော်ကြီးရဲ့) နောင်တော် ကောင်းမှုပါ၊ အဲဒီကျောင်းတွေကို မပြုပြင်ကြတာက ကျောင်းမှာ သံဃာက မရှိတော့လို့ပါ၊ ကျောင်းထိုင် ဘုန်းကြီး တပါးစီသာ ရှိပါတော့တယ်၊ ဒါ့ကြောင့် ဘုရားတွေ စိုပြေ သလောက် ကျောင်းတွေ ခြောက်ကပ်နေတာပါ။

**ဓမ္မဂုတ်**။ ။ကျောင်းတွေစိုလာအောင် ဘယ်လိုလုပ်ဘို့စိတ်ကူးသလဲ ကိုယ်တော်။

**တပည့်တော်**။ ။ဒီကိစ္စကတော့ လွယ်လွယ်နဲ့ ခက်တဲ့အလုပ်ပါဘုရား၊ဘုန်းတော် ကြီးတွေ မကြိုးစားလို့ ကျဆင်းလာတာဖြစ်တော့ ကြိုးစားလျှင် တနှစ် အတွင်းမှာ ပြန်၍ စိုပြေနိုင်ပါတယ်၊ နည်းလမ်းကိုတော့ အနာဂတ် သာသနာ, ဘာသာသွေး, ရုပ်ပုံရှင်ကျင့်ဝတ်, စာအုပ်တို့မှာ ရေးခဲ့ပါပြီ၊ ယခုလဲ တပည့်တော်နေခဲ့တဲ့ ပင်ကျောင်းမှာ ဒေါ်လေးက လူ့တူ ဦးပဥ္ဇင်း ကို တိုက်တိုက်တွန်းတွန်း တောင်းပန်ပြီး ကိုးကွယ်ထားလို့ ကျောင်းလဲ အတော်အတန် သာယာလာပြီလို့ ကြားရပါတယ်၊ ဘုန်းကြီးကလေးက လောကီပညာလဲ ရှစ်တန်းလောက် သင်ဘူးပါတယ်၊ ဒါ့ကြောင့် ကလေး တွေလဲ အတော်ရောက်လာပြီလို့ ကြားရပါတယ်၊ ရွာကလဲ အတော် ၈ ၊ စိုက်ကြပါသတဲ့။

**ဓမ္မဂုတ်**။ ။ ဒီလိုဆိုတော့ ကိုယ်တော်ရဲ့ မိမျိုး ဘမျိုး ၂ မျိုးလုံးဘဲ ဘုရား ဒကာ, ကျောင်းဒကာ အဆက်ဆက်တွေဖြစ်တော့ ကိုယ်တော်တို့အမျိုးဟာ လူ့လိမ္မာ လူ့သူတော်ကောင်းချည်း ဖြစ်မှာပေါ့နော်။

**တပည့်တော်**။ ။ဒီလိုလဲ အထင်မကြီးလိုက်ပါနဲ့ ဘုရား၊ လူလိမ္မာ လူ့သတ္တိခဲ အစုံ ထွက်ပါတယ်၊ အမေရဲ့ ဘိုး ( ဘိုးရာဇာ ) မှာ မွေးပေါက်ဖေါ် ဆယ်ယောက်ရှိပါသတဲ့၊ ယောကျ်ား ၉ ယောက်, မိန်းမ တယောက်သာ ပါပါတယ်၊ အဲဒီ ဆယ်ယောက်က ပေါက်ဖွားလိုက်တာ အမျိုး တော်တော် ပြန့်သွားပါတယ်၊ ထရံကာ ဆရာတော်ကြီးဟာ ဒီ ဆယ်ယောက်ထဲက နောင်တော်တယောက်ရဲ့ သားပေါ့၊ အဲဒီ မောင်နှမဆယ်ယောက်တုန်းက ဆင်းရဲသူ မပါပါဘူး၊ သူတို့က ပေါက်ဖွားတော့ ဆင်းရဲသူတွေလဲပါ, လူမိုက် သတ္တိခဲတွေလဲ နဲနဲပါးပါး ပါလာပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ့်လောက်မျှား သတ္တိရှိကြတုန်း ကိုယ်တော်။

**တပည့်တော်**။ ။ဒါတော့ တပည့်တော် မသိပါဘူး၊ ရှေးက သံချပ်ထိုးတာ တော့ ... "ဒုတ်တို ၂ ချောင်း, ဘေးမှာမြှောင်, သေအောင်ရိုက်တဲ့ ရွှေရိုင် သားဘဲ" တဲ့။

**ဓမ္မဂုတ်**။ ။ဟုတ်မှာပေါ့နော်....ကိုယ်တော်တို့က အလောင်းမင်းတရားကြီးရဲ့ ရွှေဘိုသွေးရော, အမျိုးသွေးရောဆိုတော့ သတ္တိရှိစရာပါဘဲ။

**တပည့်တော်**။ ။ ဒီ သရိုင်ဆွေမျိုးတွေဟာ မာနလဲ ကြီးကြပါတယ်၊ တခါ တုန်းက အမေရဲ့ အမိဘက်က တဝမ်းကွဲ ဦးကြီးဟာ သူ့အလှူ သားရှင်ပြု မှာ စိန်ဗေဒါကြီးရဲ့ ဆိုင်းကို ငှါးပြီး ပွဲငြိမ်အောင် စောင့်ရှောက်ဘို့အတွက် သူ့ဩဇာရှိတဲ့ တောင်ဘက်နယ်က သတ္တိထင်ရှား ကျော်ကြားတဲ့ ညီအစ်ကို ၂ ယောက်ကို ခေါ် ထားပါသတဲ့။

**ဓမ္မဂုတ်**။ ။သရိုင်က သတ္တိရှိတဲ့လူတွေည် သူက မ–ခဘူးဆိုတဲ့ သဘောပေါ့နော်။

**တပည့်တော်**။ ။မှန်ပါတယ်, သရိုင်က သတ္တိခဲတွေက အမေရဲ့ အဖေ့ဘက်က မောင်နှမဆယ်ယောက်ရဲ့ အဆက်တွေပါ, သည်တော ဦးကြီးနဲ့ သွေး မစပ်ပါဘူး၊ ဒီလို သူက အဝေးနယ်သားကို အားကိုးတယ်ဆိုတော့ သရိုင် သတ္တိခဲတွေက ယားကျိကျိ ဖြစ်တာပေါ့ဘုရား။

**ဓမ္မဂုတ်**။ ။ယားကျိကျိဖြစ်တော့ ဘယ့်နှယ်လုပ်သလဲ ကိုယ်တော်။

**တပည့်တော်**။ ။ညကျတော့ စိတ်ဗေဒါကြီးလဲ ဆိုင်းဝိုင်းထဲ ဝင်ပြီး ပတ်ပျိုး စပါရော (ဝုံး—ဒိုင်း) ခဲ့ကျလို့ စိန်ဗေဒါကြီးလဲ အတော် လွတ်အောင် ထွက်ပြေးရရှာသတဲ့။

**ဓမ္မဂုတ်**။ ။ စိန်ဗေဒါကြီးကတော့ ကိုယ်တော်တို့ရွာကို အတော် စိတ်နာမှာ ဘဲနော်။

**တပည့်တော်**။ ။စိတ်နာ—မနာတော့ မပြောနဲ့တေဒ နောက်တခါ ဦးကြီးရဲ့ သားက အလှူပေး သားရှင်ပြုပြန်တော့ ရာဇဝင်ကြွေး ဆပ်ချင်တဲ့သဘော နဲ့ စိန်ဗေဒါကြီးကိုဘဲ ငှါးပါသေးတယ်။

**ဓမ္မဂုတ်**။ ။စိန်ဗေဒါကြီးက လိုက်လာရဲ့လား ကိုယ်တော်။

**တပည့်တော်**။ သရိုင်ဆိုရင် ရွှေပေးတောင် မလိုက်ဘူးလို့ ဆလံတင်လိုက်ပါ သတဲ့။

**ဓမ္မဂုတ်**။ ။ဟား ဟား....ကိုယ်တော်တို့ရွာကတော့ ပြောစရာဘဲ, ရွှေတောင် ဆရာတော်ကြီး, မဟာဝိသုဒ္ဓါရုံ ရွှေကျင်သာသနာပိုင်ကြီး, ထရံကာ ဆရာကြီး စသော ရဟန်းပညာရှိများနှင့် စေတီတော်ကြီး, ဆင်းတုတော် ကြီး, ရေတွင်း ရေကန်ကြီးများကို ပြုစုပြင်ဆင်ဖေါ်ရပြီး နောင်လာ နောက်သားတို့ ထွန်းကားကြ, သူတော်ကောင်းကြသလောက် လူမိုက် သတ္တိခဲများလဲ ပေါ်ထွက်တဲ့ ရွာကြီးဖြစ်တော့ ရွာရဲ့မြေခံဟာ အင်မတန် ထူးလိမ့်မယ် ထင်တယ်။

**တပည့်တော်**။ ။တပည့်တော်ငယ်ငယ်က မန္တလေး ဝိသုဒ္ဓါရုံတိုက်ရောက်တော့ တချို့ စာချဘုန်းကြီးများက ဆရာတော်ကြီးဆီ ခေါ်သွားပြီး ဆရာ တော်ရဲ့ဆွေမျိုး ဉာဏ်ကောင်းကလေးပါလို့ ပြတဲ့အခါ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးက၊ "သရိုင်ရွာဟာ ပူညတိတ္ထ(ကောင်းမှုပြုလုပ်ရာ ရေဆိပ် သဘွယ်) ဖြစ်တယ်၊ ပူညတိတ္ထ၌နေကြသော မိဘတို့သည် ကုသိုလ် ကောင်းမှု အမြဲတိုးပွားနေသောကြောင့် ထိုသူတို့ရဲ့သားသည် မိသစကား, ဆရာ့စကား, နားထောင်သူ သူတော်ကောင်း ပညာရှိဖြစ်တတ်တယ်"လို့ ပါဠိတောပဒေသဂါထာကို ရွတ်ပြပြီး မိန့်တော်မူဘူးပါတယ်။

**ဓမ္မဂုတ်**။ ။ ဒါထက်မေးရအုံးမယ်, ကိုယ်တော်တ်ရွာရဲ့ အခြေအနေနဲ့ ကိုယ်တော်တို့အမျိုးရဲ့ အခြေအနေဟာ ယခုအခါ ရှေးကလိုဘဲလား။

**တပည့်တော်**။ ။အမျိုးရဲ့စာရိတ္တဟာ အင်္ဂလိပ်လက်ထက်မှာ တဖြေးဖြေး လျော့လာပါတယ်၊ ဘိုးတို့ကို အဖေတွေ မမှီတော့ပါဘူး, တပည့်တော် ငယ်စဉ်က တဝမ်းကွဲအထိ တမျိုးလုံးဟာ လူကြီးများရဲ့စကားကို လိုက်နာကြပါသေးတယ်၊ ညီအစ်ကို မောင်နှမချင်းလဲ အကိုကြီး – အမကြီးရဲ့ စကားကို အငယ်က နားထောင်ကြပါသေးတယ်၊ တပည့်တော် နဲနဲကြီးလာရင်ဘဲ ညီအရင်းတယောက်နှင့် ညီဝမ်းကွဲတယောက် အတော် ဖေါက်လာပါတယ်၊ သောက်ပါတယ်, စားပါတယ်, ဖဲကစားပါတယ်, ပစ္စည်း အခြေအနေကလဲ တပည့်တော်ငယ်စဉ်မှာ မုဆိုးကမှန်တော့ ပါတ်ဝန်းကျင်လယ်တွေက စပါးထွက်ပါတယ်၊ ယာတွေကလဲ သူ့အချိန်နှင့်သူ နှမ်းထွက်ပါတယ်၊ ထန်းတောများကလဲ ထန်းလျက်ထွက်ပါတယ်၊ ဒါကြောင့် အမျိုးထဲမှာဆင်းရဲတဲ့လူ ရှိကို မရှိပါဘူး၊ ဒါပေမဲ့ တပည့်တော် တော်တော် ကြီးလာတဲ့အချိန်မှာ မိုးမကောင်းပါဘူး, ရေမြောင်းလဲ မရှိတော့ လယ်တွေမလုပ်ရပါဘူး, ယာတွေလဲ ကောင်းကောင်းမလုပ်ရ ပါဘူး, ဒါ့ကြောင့် အမျိုးထဲမှာ လူထင်းရဲတွေ စ-လာပါတယ်။

**ဓမ္မဂုတ်**။ ။ယခုတောကော လိုယ်တော်။

**တပည့်တော်**။ ။ဒုတိယကမ္ဘာစစ်ဖြစ်ကထဲက ပစ္စည်းရှိတဲ့ဆွေမျိုးတွေက ၁က်လက်ပြောင်း, **မန္တလေးပြောင်း**, ပြောင်းကုန်ကြတော့ အတော် အသင့်ရှိသူနှင့် မရှိသူတွေသာ ရွာမှာကျန်ရစ်ပါတယ်၊ ဒီတော့ အမျိုး တွေလဲ စီးပွားပျက်တော့ စာရိတ္တပျက်ကုန်တဲ့အပြင် စိတ်ရောလူပါကွဲကြ ပါတယ်၊ ရွာလဲ ရှေးကအဆင့်အတန်းမျိုး မရှိတော့ပါဘူး, ဆရာသမား ဖြစ်တဲ့ သံဃာတော်များလဲ အရှိန်အဝါနှင့်တကွ အရေအတွက်ပါ အလွန်ကျဆင်းသွားပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဝမ်းမနဲပါနဲ့ ကိုယ်တော်, ဆုတ်ကပ်ဆိုတာ ရုပ်အမြင်ကတိုးတက် သလောက် စိတ်အနေကယုတ်ကြမ်းပြီး ဘရမ်းဘတာဖြစ်မြဲပါ၊ ဒီအထဲမှာ တခါတခါ ကမ္ဘာစစ်နဲ့တွေ့ပြန်တော့ လူသတ္တာတွေဟာ တိရစ္ဆာန်တွေလို စာရိတ္တပျက်ကြရပါတယ်။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား.... ဒါပေမဲ့ – ဗုဒ္ဓမြတ်စွာရဲ့ တရားတော် တွေက မတိမ်ကောသေးပါဘူး၊ တရားတော်ကိုမှန်လိုကြည့်ပြီး မတော်တာ တွေကို ပြင်နိုင်လျှင် ဒီနိုင်ငံအတွက်က လူပသောနိုင်ငံဖြစ်ဘို့ရာ မြော်လင့် ချက် ရှိပါသေးတယ်။

**ဓမ္မဂုတ်။** ။ရွာနှင့်စပ်ပြီး စာပေသမိုင်းကော မရှိဘူးလား။

**တပည့်တော်။** ။ မကြားဘူးပါဘူးဘုရား၊ တပည့်တော်ငယ်စဉ်က ရဘူးတဲ့ ရတုတော့ရှိပါတယ်။

**ဓမ္မဂုတ်။** ။ရတုဆိုတာ ဟုတ်တာထက်ပိုပြီး မြှောက်တဲ့ဂုဏ်တွေတော့ ပါမှာဘဲ နော်၊ ကဲကဲ ...အဲဒီရတုကိုဘဲ နိဂုံးအနေနဲ့ ရွတ်ပြစမ်းပါ။

၁။ ရွှေဘိုလကျာ ဒက္ခိဏာတွင်၊ ကြေငြာသတင်းလှိုင်။

၂။ အံ့၍မပြီး ရှုမငြီးသည့်၊ ရပ်ကြီး ရွာရွှေရိုင်ဟု။

၃။ ဖက်ပြိုင် ရှင်းသည့်၊ စံကင်းပျော်ဘို့ရာ။

၄။ တပဲသာတွင်း ရေချို သွင်းသည့်၊ နတ်မင်း တူးလာတာမို့။

၅။ ပဒုမ္မာနှင့် ငါးဖြာကြာဝတ်စီ၊ နတ်ရေကန်ထဲ ငှက်စုံဝဲသည်၊ ခြိမ့်သဲ တလည်လည်နှင့်။

၆။ ခြောက်မည်ရောင်စုံ တလူလူ၊ ရွှေစေတီကြီး မိုးတိမ်နီးသည့်၊ လျှံညီး အဆူဆူသို့။

၇။ ရွှေဂူ.... ဘုရား ထူးခြားဟန် အာကာဘဝဂ်၊ တိမ်တောင်တက်သည့်၊ ထွန်းတက်လျှံလျှံသို့။

၈။ မြဖလ်တကောင်း ထိပ်မှာတင်၊ ရွှေရိုင်သူများ ဖြူဖြူထွားတို့၊ ဝပ်တွား ပဏာထင်၍။

၉။ လေးအင်မချမ်းသာ.... ဗိုလ်သူရည်မှန်း၊ နိဗ္ဗာန်လမ်းကို၊ ကျွတ်တန်း စေတနာနှင့်။

၁၀။ မုဋ္ဌောရယ်တဲ့ ရွှေစေတီ၊ ဓာတ်တော်စုံ၊ ရောင်စုံကြွ၊ ထွန်းပ ရောင်ခြည်၊ အာကာလမ်းက ပျံ့သန်းမှီ၊ ဥဒုံးတင်ချီ၍ ပဏာမြွက်၊ ရပ်ရွှေရိုင်သူ ဆီမီးစုံတလူလူနှင့်၊ ဩကာသံဝစီကြူး၍ ပြည်နိဗ္ဗူ ခေမာကမ်းကိုလ၊ လျင်မကြာ ထွက်ခွါမြန်းရအောင်ကွယ်....နန်းသူ့ ရင်သွေး။

## ၅။ မွေးဖွားပြီးလစ်-ရှယ်ငါးနှစ်

**မမှုကုတ်**။ ။တချို့ မိခင်များ သားကောင်းတယောက် ရမယ်ဆိုလျှင် အိပ်မက်ကောင်း မက်တတ်တယ်လို့ ဆိုတယ်၊ ကိုယ်တော်ကို မိခင်ကကိုယ်ဝန်ရှိတုန်းမှာ အိပ်မက်ကောင်းကလေးများ မမက်ဘူးတဲ့လား။

**တပည့်တော်**။ ။ဒီကိစ္စဟာ နဲနဲ အူလယ်လယ်နိုင်ဟန်တူပါတယ်၊ဘုရားအလောင်း ဗင်္ဂသန္တေနေတော့ မယ်တော် မာယာမှာ အိပ်မက် မက်လို့ နောက်လဲ အိပ်မက်ယူကြဟန်တူပါတယ်, အိပ်မက်က ပဓာနမဟုတ်ပါဘူး, မွေးပြီးတဲ့အခါ အလုပ်က ပဓာနပါ။

**မမှုကုတ်**။ ။သူများကို ဝေဘန်မနေပါနဲ့ ကိုယ်တော်, ကိုယ်တော့် မယ်တော်မှာ အိပ်မက်ကောင်း မက်—မမက် ပြောစမ်းပါ။

**တပည့်တော်**။ ။လိုရင်းမဟုတ်ဘူးလို့ လျှောက်ပြီးပြီမဟုတ်ပါလား၊ နှောင်လာနောက်သား အချောင်သမားရှေ့ အစတူယူပြီး လုပ်ဇာတ် ခင်းကုန်မှာ စိုးပါတယ်။

**မမှုကုတ်**။ ။ရှိပါစေတော့ ကိုယ်တော်, ကိုယ်တော်ရဲ့ ၂ ဖက် ဘိုးဘွားနှင့် မိဘ နာမည်များကိုတော့ နှောင်လာနောက်သားတို့ သိချင်မှာပါ။

**တပည့်တော်**။ ။အမေ့ဘက် ဘိုးဘွားက ဘိုးဆိုးပေ-ဖွားနန်းအိမ်၊ အမေက ဒေါ်အုန်းလှိုင်တဲ့၊ အဖေ့ဘက်က ဘိုးဘွားက ဘိုးခင်မောင်-ဖွားစောမေ၊ အဖေက ဦးဇောတိတဲ့။

**မမှုကုတ်**။ ။ဘိုးဘွားများရဲ့ ကိုယ်ရေး အရည်အချင်းကတော့ကော။

**တပည့်တော်**။ ။ အဖွား ၂ ယောက်လုံး ထက်မြက်ပါတယ်၊ အသက်တော့ သိပ်မရှည်ကြဘူး၊ ဘိုး ၂ ယောက်က လူအေး လူကောင်းကြီးတွေပါ၊ စီးပွားရေးလဲ အေးအေးပါတဲ့, အထက်လူကြီးများ စုထားခဲ့တဲ့ ပစ္စည်းကို တော့ မပျက်စီးရှေအောင် ထိန်းနိုင်ကြပါတယ်, သိပ်တော့ မတိုးပါဘူး၊ ဒါ့ကြောင့် နောက်ပိုင်းမှာ ပစ္စည်းအရှာကောင်းတဲ့ လူကြီးတွေက တက်သွားတော့ ဘိုး ၂ ယောက်ရဲ့ ပစ္စည်းဟာ ရွာမှာ ဒုတိယတန်းလောက် ရှိပါတော့တယ်၊ အဘိုး ၂ ယောက်လုံး အသက်ရှည်ကြပါတယ်၊ အမေ့ဘက် ဘိုးက နံနက်စောစော တုံးကြီးခေါက်တဲ့အခါ ဘုရားရှိခိုးပါတယ်၊ ဘိုးရဲ့ အသံဟာ အတော်ဝေးဝေးက ကြားရပါတယ်၊ ဥပုသ်စောင့်လဲ မှန်ပါ

တယ်၊ ဆုံးခါနီး ၃ ရက်လောက် နေမကောင်းတော့ "ဘုရားရှိမခိုးနိုင်တာ နာသကွယ်"ဟု ညီးရှာပါသတဲ့၊ အဖေ့ဘက် ဘိုးကတော့ ရိုးရိုးကောင်းတဲ့ လူကောင်းကြီးပါ၊ ၂ ယောက်လုံးဘဲ လူရိုသေခံကြရပါတယ်။

**ဓမ္မဂုတ်။** ။မိဘများရဲ့ စာရိတ္တကတော့ကော။


**တပည့်တော်။** ။မိဘများက မြန်မာမင်းလက်ထက် ၁၂၄၀–၄၁ ခု ဖွားတွေ့ ပါ၊ အင်္ဂလိပ်ရောက်တော့ အသက်က ငယ်ကြပါသေးတယ်၊ အင်္ဂလိပ် လက်ထက်မှာ ကြီးကြရတော့ ချီးမွမ်းလောက်အောင် စာရိတ္တဘက်မှာ မထူးကြပါဘူး၊ အမေက ကျောင်းအမသမီးဖြစ်ပေမဲ့ ရတနာသုံးပါးဘက်မှာ သိပ်မလိုက်စားပါဘူး၊ စီးပွားရေးမှာ အရေးကြီးပုံ ရပါတယ်၊ မောင်နှမ ၅ ယောက်ထဲမှာ အထက်မြက်ဆုံးပါဘဲ၊ အဖေကတော့ ဘိုးဘွားတို့ရဲ့ သမီး ၂ ယောက် သားတယောက်တွင် အချစ်ဆုံး, အငယ်ဆုံး သားတယောက်မို့ အလိုလိုက်ထားဟန်တူပါရဲ့၊ စီးပွားရေးမှာ အခြား ဝမ်းကွဲများလို ပင်ပန်း ခံပြီး ရှာလိုပုံမရပါဘူး၊ မိဘ ၂ ယောက်လုံး အဖေ့ဘက်က ဘိုးဘွားနှင့် တအိမ်တည်း နေကြပါတယ်၊ တပည့်တော်မှာ မောင်နှမ ၄ ယောက် ရှိပါ တယ်၊ နှမ တယောက်ထဲပါ, တပည့်တော် အကြီးဆုံးဖြစ်ပါတယ်၊ နာမည် ကတော့ "မောင်ငွေးလွင်"လို့ ခေါ်ပါတယ်။

**ဓမ္မဂုတ်။** ။မောင်နှမ ၄ ယောက် နာမည်များကို ဘယ်လို ခေါ်ကြပါသလဲ, အများသိရအောင် ပြောပြစမ်းပါအုံး။

**တပည့်တော်။** ။ (၁) မောင်ငွေးလွင်၊ (၂) မရှုတင်၊ (၃) မောင်ငွေးတင်၊ (၄) မောင်ဘနိုင်လို့ ခေါ်ကြပါတယ်, အဲဒီ ၄ ယောက်ထဲမှာ တပည့်တော် တယောက်သာ ရှိပါတော့တယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့ မွေးဖွားတဲ့ ခုနှစ် သကရာဇ်ကကော။

**တပည့်တော်။** ။တထောင့်နှစ်ရာခြောက်ဆယ့်တခု, တပို့တွဲလကွယ်, အင်္ဂါနေ့ မွန်းမတည့်မီ ဖြစ်ပါတယ်၊ ထိုအချိန်မှာ အဖွားဖေါမေက ဥပုသ်စရပ်မှ ပြန်ရောက်ခါစဖြစ်ပါတယ်၊ တပည့်တော်ဖွားမြင်မှုအတွက် ကြောင့်ကြောင့် ကြကြနှင့် ဝမ်းမြောက်လှသောကြောင့် ဥပုသ်စောင့်ရင်း နေ့စာ လစ်ဟင်း ရှာပါသတဲ့၊ အောက်ပါ ဇာတာခွင်မှာ ဗေဒင်ပညာရှိများ မှန်းဆနိုင်ရန် ဖြစ်ပါတယ်။




**ဓမ္မဂုတ်**။ ။ဟောစာတမ်းကော မရှိဘူးလား၊

**ဘပည့်တော်**။ ။ဟောစာတမ်း ရှိပါရဲ့, ဒါပေမဲ့ — သိဘို့မလိုပါဘူး ဘုရား၊ ဗေဒင်ပညာရှိများ သိလိမ့်မည်ပေါ့၊ ဇာတာထက် ရုပ်လက္ခဏာက သာ၍ တိကျမယ်ထင်ပါတယ်၊ ဘုရားအလောင်းတော်ဖွားမြင်တဲ့အခါ သုဒ္ဓေါဒန မင်းက ပုဏ္ဏားကျော်များကို ဖိတ်ပြီး ရုပ်လက္ခဏာကို စစ်ဆေးစေပါ တယ်, ရုပ်လက္ခဏာက သာမန်အားဖြင့် မိဘတို့နှင့် တူတတ်သော်လဲ အမိ ဝမ်း၌ ခန္ဓာကိုယ်ကလေး စတည်ကတည်းက ကမ္မဇရုပ်ကလာပ်ကလေး တွေမှာ ရေးကံကြောင့်ဖြစ်ခဲ့ရလေတော့ ရုပ်လက္ခဏာနှင့်အသံကိုကြည့်လျှင် နားလည်သူအတွက် ရေးကံကို မှန်းဆ၍ သိနိုင်မှာပါဘဲ။

**ဓမ္မဂုတ်**။ ။ဟုတ်တယ်, ဟုတ်တယ်.......ကိုး, ညဏ်, အသံ, ဆံ, ဤ ၄ မျိုးဟာ ရေးကံအတိုင်း ဖြစ်ကြရတာမို့ ဘယ်သူမှ တုပြိုင်လို့ မရနိုင်ဘူးတဲ့။

**တပည့်တော်**။ ။မှန်ပါတယ်, လက်ဖဝါးမှာပါတဲ့ အကြောင်းတွေဟာ၆ ရေး ကံရဲ့ အမှတ်လက္ခဏာဖြစ်သလို, တကိုယ်လုံးလဲ ရေးကံရဲ့ အမှတ်အသား လက္ခဏာတွေ ပါနေပါတယ်၊ တပည့်တော်ရဲ့ လက္ခဏာကို ကြည့်ဘို့ရန် မန္တလေးက ဆရာစိန်ကို ဒကာထိန်ဝင်းက ပင့်လာပါတယ်, ရောက်တော့ ဆရာစိန်က လက်ကိုမကြည့်ဘဲ ဘယ်ဘက်ခြေဖဝါးကို ကြည့်ပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်လိုများ အဟောထုတ်သလဲ။

**တပည့်တော်**။ ။သူဟောပေမဲ့ တပည့်တော်က အလုပ်မလုပ်ရင် ဘာမှ မဖြစ် နိုင်ဘူးဆိုတာ တပည့်တော် နားလည်ပြီး ဖြစ်ပါတယ်၊ ဒါ့ကြောင့် သူဟော သည့်အတွက် တပည့်တော်မှာ သာသနာရေး, နိုင်ငံရေးကို ရွေးရှုကာ ပိုပြီး

အလုပ် — လုပ်ရဲလာပါတယ်၊ တပည့်တော်ရဲ့ ဒကာရင်းဖြစ်တဲ့ ဒကာတင်မောင်နှင့် တပည့်လို ရင်းနှီးတဲ့ ဘုန်းကြီးကလေး "ဥုးဣန္ဒက" ဆိုသူတို့ကလဲ ဗေဒင်ပညာ အရှေရင်း, လက္ခဏာပညာ အရှေရင်း, အသက်ရှည်ပြီး အလုပ်–လုပ်လျှင် အထမြောက်မည့်အကြောင်းကို အားပေး ထျှောက်ထားကြပါတယ်၊ ထို့နောက်လဲ ဆရာတယောက်က တပည့်တော်ကိုလဲ မသိ, ရဟန်းလား လူဝတ်ကြောင်လားလဲမသိဘဲ ဗေဒင်ဝါသနာပါတဲ့ဒကာရင်း တယောက်က သူမှတ်ထားတဲ့ တပည့်တော်ရဲ့ ဇာတာကွက်ကို ရေးပြတဲ့အခါ "ဒီဇာတာရှင်ဟာ အသက်လဲရှည်မယ်, နိုင်ငံကိုလဲကျေးဇူးပြုနိုင်တယ်, သူ့ဂုဏ်နဲ့လိုက်အောင် ခမ်းခမ်းနားနားလဲ မနေဘူး" လို့ ဟောပါသတဲ့။

**ဓမ္မဂုတ်။** ။ကိုယ်တော်ဖွားမြင်ပြီးတဲ့နောက် ကလေးဘဝဖြစ်ပုံကလေးများကို ပြောပါအုံး။

**တပည့်တော်။** ။တပည့်တော် ဖွားပြီးနောက် လသားအရွယ်လောက်ဖြစ်ပါလိမ့်မယ်, တရပ်လုံးမီးလောင်တော့ အဖွားစောက ဘာပစ္စည်းမှမယူဘဲ လက်တဖက်က ဆွမ်းတော်အုပ်ပွေ့, လက်တဖက်က တပည့်တော်ပွေ့ပြီး အိမ်ကဆင်းသွားတာတဲ့။

**ဓမ္မဂုတ်။** ။ကိုယ်တော့် အဖွားက ကိုယ်တော့်ကို တယ်အရေးစိုက်ပါလား။

**တပည့်တော်။** ။တပည့်တော်ကို အရေးစိုက်တာလဲ ဝမ်းသာပါတယ်, ဒါထက် "လက်တဖက်က ဆွမ်းတော်အုပ်ပွေ့" ဆိုတာကိုလဲ ကြည်ညိုပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့် အဖွားက သူတော်ကောင်းစိတ် များဟန်တူပါတယ်။

**တပည့်တော်။** ။အဖွားအရွယ်က အဲဒီအချိန်မှာ ငါးဆယ်ကျော်လောက်ဘဲ ရှိပါအုံးမယ်၊ ဒါပေမဲ့ — ဝါတွင်းကျရင် ဝါကြီးစောင့်လေ့ ရှိပါတယ်။

**ဓမ္မဂုတ်။** ။"ဝါကြီးစောင့်" ဆိုတာ ဘာအဓိပ္ပါယ်တုန်း။

**တပည့်တော်။** ။ဝါတွင်း ၃ လအတွင်း ဥပုသ်မချဘဲ ဥပုသ်ရက်ရှည်စောင့်ခြင်းကို "ဝါကြီးစောင့်" လို့ ခေါ်မှါတယ်၊ တပည့်တော်တို့ ရွာမှာ ဒီ အလေ့အထက အဖွားအရွယ်တွေ စောင့်လေ့ရှိတဲ့ ထုံးစံပါ။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ရွာက ရှေးဆရာတော်ကြီးတွေရဲ့ အဆုံးအမ ဩဝါဒကို နာကြရတော့ ဒီလိုလဲ သူတော်ကောင်း အဖွားကြီးတွေ ရှိကြမှာပေါ့နော်။

လက်ဝဲ လက္ခဏာပုံတော်



ဆရာတော်၏ ဒကာတဦးဖြစ်သူ
မန္တလေး=ရှမ်းပွဲ ဦးတင်မောင်=ဒေါ်လှလှ ထံမှရရှိသည်။

လက်ျာ လက္ခဏာပုံတော်



ဆရာတော်၏ ဒကာတဦးဖြစ်သူ
မန္တလေး = ရှမ်းပွဲ ဦးတင်မောင်=ဒေါ်လှလှ ထံမှ ရရှိသည်။

**တပည့်တော်** ။ ။ ဟုတ်ပါတယ်, အဲဒီ ဝါကြီးစောင့် အဖွားတို့တွင် ခေါင်းဆောင်လို့ ဆိုနိုင်တဲ့ အဖွားဂွမ်းတယောက်တော့ တပည့်တော် မှတ်မိတဲ့ အချိန်ကျမှ ဆုံးပါတယ်၊ ထို အဖွားဂွမ်းဆုံးခါနီးမှာ "တအိမ်လုံးမွှေးတယ်, သာယာသော တီးသံတွေကိုလဲ ကြားရတယ်" လို့ ပြောကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့် အဖွားကတော့ ဘယ်အရွယ်မှာ ဆုံးသတုန်း။

**တပည့်တော်** ။ ။ တပည့်တော် မမှတ်မိခင်က ဆုံးပါတယ်၊ တပည့်တော် ကောင်းကောင်း မသွားတတ်ခင် အဖွားက ဥပုသ်စရပ်ကို လက်ဆွဲခေါ် သွားအော့ တခုဘဲ မှတ်မိဖူးတော့တယ်။

**ဓမ္မဂုတ်**။ ။ဘိုးအရွယ်တွေကတော့ ဝါကြီးမစောင့်ကြဘူးလား။

**တပည့်တော်**။ ။ဘိုးအရွယ်တွေ ဝါကြီးစောင့်တာတော့ မကြားဘူးပါဘူး၊ အမေ့အကြံ ဘိုးတော့် တလ ရှစ်သီတင်း ဥပုသ်မှန်မှန် စောင့်ပါတယ်၊ အဲဒီဘိုးရဲ့ အဖေ ( ဘိုးကြီး ) ဘိုးရာဇာတော့ နောက်ပိုင်းမှာ ဆုံးသည့် တိုင်အောင် အမြဲ ရှစ်ပါးသီလနဲ့ နေသွားပါတယ်၊ ဆုံးတော့ အသက်ရှစ်ဆယ် ကျော်ပါပြီ။

**ဓမ္မဂုတ်**။ ။ဆုံးခါနီးကော ဥပုသ်စောင့်တုန်းဘဲလား။

**တပည့်တော်** ။ ။ စောင့်တုန်းပါဘဲ, ဘိုးကြီးရဲ့ ထုံးစံက နံနက်စောစော စားစရာကလေးစားပြီး နေ့စားဆို ထမင်းချိုင့်ကလေးယူကာ သူတည်ထားတဲ့ ကျောင်းတော်မှာ ဘုရား ကျောင်းကို အရင်သွားပါတယ်၊ ဘုရားတန်ဆောင်းထဲမှာ တံမြက်လှည်း, ဘုရားရှိခိုးပြီးမှ အုတ်သင်္ချိုင်းဆောက်ထားတဲ့ ပုဝင်းကျောင်းသွားပြီး နှံနှံပါးပါး တံမြက်လှည်းပြီးမှ ထမင်းစားပါတယ်၊ တနေ့လုံး ကျောင်းမှာနေပါတယ်, သူနေဘို့ပြုလုပ်ထားတဲ့ အခန်းကလေးမှာ နေပါတယ်, ညနေကျမှ အိမ်ပြန်အိပ်ပါတယ်၊ နောက်ဆုံးနေ့ မှာတော့ အတူနေ မြေးတယောက်ကို ပြောပါတယ်, "ဒီနေ့ ဘိုးကြီး နဲ့နဲ့ နေမကောင်းဘူးဟေ့ မင့် အဖွား ( သူ့ရှေးမ ) ပြောလိုက်, ထမင်းကို အိမ်ပြန်စားမယ်" လို့ ။

**မြေး**။ ။ ဟုတ်ကဲ့။

**ဘိုးကြီး**။ ။ထမင်းချိုင့်မယူဘဲ ထုံးစံအတိုင်း ဘုရားသွားရှိခိုး တံမြက်လှည်း, ကျောင်းသွား တံမြက်လှည်း, အလုပ်ပြီးမှ အိမ်ပြန်လာပါတယ်၊ အိမ်ရောက်တော့ "ဘိုးပြန်လာပြီဟေ့–အဖွားပြောလိုက် ထမင်းခူး" လို့ ။

**မြေး**။ ။ဟုတ်ကဲ့– ဟု ဆိုပြီး ဘိုးကြီးကို ထမင်းကျွေးပါတယ်, ထမင်းနဲ့နဲ့ဘဲ စားပါတယ်၊ ဒါပေမဲ့ – ဇလုံကလေး တလုံးလောက်တော့ ကုန်ပါသေးသတဲ့၊ ထမင်းစားပြီး ဆေးလိပ်တောင်းလို့ သူသောက်နေကျ ဆေးလိပ်ကလေးကို မီးညှိပေးပြီးတဲ့အခါ – ဆေးလိပ်ကလေး လက်ကြားညှပ်ပြီး အိပ်ယာထဲမှာ လှဲနေပါတယ်။

**အဖွား**။ ။မောင်မင်းရေ……..ဘိုးရဲ့ အဝတ်များ ဖွပ်ရအောင် အဝတ်လဲခဲ့ပါဟေ့။ (ထိုမြေးက "မောင်ချစ်မင်း" ပါ)။

**မြေး**။ ။အဝတ်လဲဘို့ ဘိုးကြီးဆီလာတော့ ဘိုးကြီးက ခေါ်လို့ မရတော့ဘူးတဲ့၊ အဖွား လာကြည့်တော့မှ ဆုံးနေပြီဖြစ်ကြောင်း သိရတော့တယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ရဲ့ ဘိုးရော့, ဘိုးကြီးရော့ ဆုံးသွားကြပုံ တယ်ကောင်း ကိုယ်တော်, ဘိုးဖြစ်သူကလည်း သုံးရက်သာ ဘုရားရှိမခိုးနိုင်ဘဲ ဆုံးရှာတယ်။

**တပည့်တော်**။ ။အမေရဲ့အဖွားဘက်က (အဖွားရဲ့ဘိုး) ဘိုးကြီးဇာယောက်လဲ သိပ်တော်တာဘဲတဲ့၊ ရွာထဲမှာ စပါးလှောင်ချိန်ရောက်ရင် နဲနဲဆင်းရဲတဲ့ အိမ်တွေသွားပြီး "ဝမ်းစာစပါး လုံလောက်ကြရဲ့လား–ဟဲ့" လို့ စပါးပုတ်ကလေးတွေ လိုက်ကြည့်ပါသတဲ့၊ ဝမ်းစာ လုံလောက်ပုံ မရရင် "ဦးကြီးဆီလာပြီး စပါးယူလှည့်ကြ" ဟု ဖိတ်မန့်ပါသတဲ့၊ ထိုခေတ်က တနှစ်လုံး ပေါက်အောင် ဝမ်းစာ မလှောက်တဲ့အိမ်က နဲလေတော့ မလုံလောက်တဲ့ အိမ်တချို့က သွားပြီးယူကြပါသတဲ့၊ ကာလမျက်လို့ ဒါးမြတွေထတော့ အဲဒီ ဘိုးကြီးက ဘုရားအသွားမပျက်ပါဘူး, ဒါးမြတွေကသာ ဟေ့– ဘုရားဒကာမြင်ပါမယ်, ဟု ပြောပြီး ပုန်းရှောင် သွားပါသတဲ့။

**ဓမ္မဂုတ်**။ ။ယော်ယော်တုန်းက ဆွေမျိုးဖြစ်တဲ့ ဒီလို လူကြီး လူကောင်းတွေရဲ့ လမ်းစဉ်ကို တွေ့ရ ကြားရတော့ ကိုယ်တော့်အတွက် သူတော်ကောင်းဘက်မှာ အားတက်စရာကြီး ဖြစ်မှာဘဲနော်။

**တပည့်တော်**။ ။ယော်ယော်တုန်းကတော့ သိပ်ပြီး အားကျရမှန်း မသိပါဘူး ဘုရား, တော်တော်ကြီးလာတော့မှ လူ့ဘက်က ဘိုးတွေ ဘွားတွေကိုလဲ အားကျ, သံဃာတော်ဘက်က မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးကိုလဲ အားကျမိပါတယ်။

**မမ္မဂုတ်**။ ။ကိုယ်တော့်အတွက်ကတော့ ရှာကလဲ ပင့်ရှုပဒေသ(သူတော်ကောင်း လုပ်ဘို့ သင့်တော်တဲ့အရပ် ) ဖြစ်တဲ့အပြင် ဆွေမျိုးအမျိုကလဲ သပ္ပုရိသူပ နိဿယ (သူတော်ကောင်းအမှီ)ရတာဖြစ်တော့ "ပုဗ္ဗေစ ကတပုညတာ" ဆိုတဲ့ ရှေးကံကိုမှန်းဆဘို့ဟာ အင်မတန် အားရစရာပါဘဲ ကိုယ်တော်။

**တပည့်တော်**။ ။ဒါလောက် ကံကောင်းပေမဲ့ စိတ်မချရသေးပါဘူး ဘုရား၊ တပည့်တော်ငယ်ငယ် ဘာမျှ မသိတတ်သေးတဲ့ အရွယ်တုန်းက တဝမ်းကွဲ အကိုကြီးတယောက်က "တိန်းချိုချို၊ တိန်းချိုချို"လို့ သင်ယင်း (အက) တတ်နေပါသတဲ့၊ စကားပြောတတ်တော့ အဆိုလဲသင်လို့ သီချင်းလဲ ဆိုတတ်နေပါသတဲ့၊ အဲဒီလို ကလေးက ဆိုတတ်-ကတတ်တော့ အများက မြှောက်ခိုင်း - ခိုင်းကြရော့၊ တပည့်တော်ကလဲ အမြှောက်ကြိုက်တော့ "နတ်ရှူး ဗုံနဲ့ မြှောက်၊ ခြေထောက်က"ဆိုတာလို ဖြစ်နေလို့ အဆိုရော အကပါ ဝါသနာပါနေပါသတဲ့။

**မမ္မဂုတ်**။ ။ကိုယ်တော့် ဘိုးဘွားများက "ကလေးကို သင်မပေးကြနဲ့"လို့ မတားဘူးတဲ့လား။

**တပည့်တော်**။ ။သင်ပေးတဲ့သူက သူတို့ရဲ့ မြေးအကြီးဖြစ်တော့ ပြုံးပြီး ကြည့်နေကြမယ် ထင်ပါတယ်၊ ဒီအချိန်မှာ အဖွားလဲ ရှိချင်မှ ရှိတော့ မှာပါ။

**မမ္မဂုတ်**။ ။အဲဒီတုန်းက သီချင်းလေးများ ရသေးလား။

**တပည့်တော်**။ ။၂ ပုဒ်လောက်တော့ ရပါသေးရဲ့ ဘုရား။

**မမ္မဂုတ်**။ ။ပြောစမ်းပါ ကိုယ်တော်။

**တပည့်တော်**။ ။သီချင်းတပုဒ်က မကောင်းပါဘူး၊ တပုဒ်ကတော့ နောက်လူ များ မှတ်စရာမို့ ကောင်းပါတယ်။

**မမ္မဂုတ်**။ ။ပြောသာပြောပါ ကိုယ်တော်။

**တပည့်တော်**။ ။"မြစ်ပင်လယ် ရေသမုဒ္ဒ၊ ဥပဂုတ် မြတ်ရှင်ပင်၊ မိုးဆီးလေ နိုင်စေတတ်တဲ့ ကြေးပြာသာဒ်ရှင်၊ မလေးခင်က ရှိရှစ်ခိုး၊ မကြီးခင်က ရှိ ရှစ်ခိုး၊ အလိုဗျာ ဒီတည်၊ ဆိုင်းပါ့ ရွှေမိုး"တဲ့ ဘုရား။

**မမ္မဂုတ်**။ ။အသူမှာ မိုးဆီးမရွာအောင် ရှင်ဥပဂုတ်ကို တိုင်တယ်တဲ့ သီချင်းဘဲ ကောင်းပါတယ်၊ နောက် တပုဒ်က...

**တပည့်တော်**။ ။"ဘောက် မကြာ ဘာ မကြောက်ပါဘူး၊ နောက်တခါ အနူခွာ ပျောက်ရင်တော့ ဖါတခေါက်ကိုတဲ့ သွားအုံးမယ်" တဲ့၊ ရှေ့ဆက်လို့ မကောင်းပါဘူး။

**မမွဂုတ်**။ ။နှစ်ချီး ကျန်ပါသေးတယ်လေ၊ ဆက်စမ်းပါအုံး။

**တပည့်တော်**။ ။သာပြီး ရှန့်ရင်းပါသေးတယ်၊ မဆက်ပါရစေနဲ့၊ ကလေးဘဝ တုန်းက စကား မပီ့ထားပီနဲ့ ဆိုတာ နားထောင်ကောင်းပေမဲ့၊ ကြီးတော့ နားထောင်လို့ မကောင်းပါဘူး။

**မမွဂုတ်**။ ။ကိုယ်တော် ငယ်ငယ်တုန်းက ရှင်ပါန်တူပါတယ်။

**တပည့်တော်**။ ။ရှင်ပုံရပါတယ်၊ အဖေက တပည့်တော်ကိုပွေ့ပြီး ဘုရားပွဲကို ဘဲ့တို့ လိုက်ရတာ အလွန် ဂုဏ်ယူပါသတဲ့၊ တမျိုးလုံးကလဲ ချစ်ပုံရပါ တယ်၊ အဖေရဲ့ အမကြီး အရီးဆို သာတောင်မှ ချစ်ရှာပါသေးတယ်။

**မမွဂုတ်**။ ။ကလေးငယ်ငယ်ဟာ မငိုတတ်ဘဲ ရှင်နေရင် ကောင်းတဲ့ အုဂတိ ဘဝက လာတယ်လို့ အသိအမှတ် ပြုကြပါတယ်၊ အငို အားကြီးနေရင် မကောင်းတဲ့ဘဝက လာတယ်လို့ ဆိုကြပါတယ်။

**တပည့်တော်**။ ။များသောအားဖြင့်တော့ ဟုတ်စရာရှိပါတယ်၊ ဒါပေမဲ့— တချို့ ကလေးများတော့ ကျန်းမာရေး မကောင်းလို့ ငိုရှာတာ ဖြစ်ပါ လိမ့်မယ်။

**မမွဂုတ်**။ ။ကိုယ်တော် နဲနဲပါးပါး သိတတ်တဲ့အရွယ်ရောက်တော့ ဆိုသေး– က သေးလား။

**တပည့်တော်**။ ။သိတတ်တဲ့ အရွယ်ရောက်တော့ မဆိုတော့–မကတော့ပါဘူး၊ ဘိုးကာ ကကြီး၊ ခကွေး ချပေး၊ ဘုရားရှိခိုး ချပေးလို့ လမ်းတမျိုးပြောင်း သွားပါတယ်၊ "ရွှေယုန်နဲ့ ရွှေကျား၊ ဆက်ကယ်ရိုတ် သွား ရောတဲ့" စသော ပုံပြင်ကလေး ဘာကလေးများလဲ နားထောင်ချင်လာပါတယ်။

**မမွဂုတ်**။ ။ ကိုယ်တော်ဟာ ကံကောင်းချင်တော့ သူတော်ကောင်းလမ်း ပြောင်းပေးမဲ့ ဘိုးနဲ့ အတူနေရတာဘဲနော်၊ အဲဒီတုန်းက ပြင်မပေးရင် ကိုယ်တော်ဟာ အဆိုး အက ဝါသနာပါနေမှာဘဲ။

**တပည့်တော်**။ ။တပည့်တော်နဲ့ စပ်ပြီး နောက်လဲ ဆရာ့ကံကောင်းလို့ လမ်းမှန် ရောက်တာတွေ အများဘဲ တွေ့ရပါလိမ့်မယ်၊ ဘာမဆို ရွေးကံမှာ မလွတ်

နိုင်ပါဘူး၊ ဉာဏ်မရှိခင် ငယ်စဉ်အရွယ်မှာ ကံစီမံသမျှ ခံကြရပါတယ်၊ တပည့်တော် အတွက်တော့ လူကောင်းများတဲ့အမျိုးမှာ ဖြစ်ရတာကိုက ပဌမ ကံကောင်းခြင်းပါဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဘိုးက လူကောင်းဖြစ်အောင် လမ်းလွှဲပေးတာလဲ ကိုယ်တော်ရဲ့ ဒုတိယ ကံကောင်းခြင်းပေါ့။

**တပည့်တော်**။ ။ဒီလိုလဲ ဆိုနိုင်ပါတယ်၊ ဒါပေမဲ့-ကျန်းမာရေးတော့ ထိုခေတ်က မလိုက်စားတတ်ကြလို့ တပည့်တော်ငယ်ငယ်က တော်တော် ချူချာပါသတဲ့၊ ကိုယ်ခန္ဓာရဲ့ကျန်းမာရေးကို ဂရုစိုက်ကြဟန် မတူပါဘူး။

**ဓမ္မဂုတ်**။ ။ဟုတ်တယ် ကိုယ်တော်, ရှေးလူတွေသာ ကျန်းမာရေး လိုက်စားတတ်လျှင် ယခုအခါ မြန်မာလူမျိုးတွေ တောင့်တောင့်တင်းတင်း မြစ်စရာ ရှိတယ်, ကျန်းမာရေး မလိုက်စားတတ်လို့ ယခုတော့ ချူနာသယ်ကလေး တွေ များနေတာဘဲ။

**တပည့်တော်**။ ။ကျန်းမာရေးသာမက, အချိုးအစားကျအောင်လဲ မပြုပြင် တတ်ကြပါဘူး၊ တပည့်တော်တို့ ကျမ်းစာထဲမှာတော့ ရုပ်ပြုပြင်တာရော စိတ်ပြုပြင်တာရော အပြည့်အစုံပါတာဘဲ ဘုရား။

**ဓမ္မဂုတ်**။ ။ရုပ်ပြုပြင်ပုံ ဘယ်လိုပါတုန်း ကိုယ်တော်။

**တပည့်တော်**။ ။ကလေးငယ်ငယ်မှာ ကိုယ်နဲ့ မကောင်းလျှင် ကောင်းအောင် နှံ့သာရေ အကျဲကလေးနဲ့ လိမ်းပေးရ, ပွတ်ပေးရသတဲ့၊ အမိဝမ်းထဲ အောင်းနေခဲ့ရတုန်းက ကုပ်ကုပ်ကလေး နေခဲ့ရတာဖြစ်တော့ လက် ခြေ ကိုယ်အင်္ဂါတွေဟာ ဖြောင့်ဖြောင့်စန့်စန့် မရှိပါဘူး၊ ဒါ့ကြောင့် မိခင်က ခြေဆင်းပြီးတော့ ကလေးကို ပေါင်ပေါ်မှာ စန့်စန့်ကလေး ထားပြီး လက်မောင်း, လက်ရိုး, ခြေသလုံး, ပေါင်တို့ကို ဆန့်တန်လျှင် ဆန့်ပေးရ, ဖိတန်လျှင် ဖိပေးရပါသတဲ့၊ နှာခေါင်းကလေး ပုနေ ပြားနေလျှင် သာသာ ယာယာ ဆွဲဆန့် မြှင့်ပေးရပါတယ်၊ နဖူးမောက်နေလျှင် ဖိပေးရပါတယ်၊ နောက်စေ့ထွက်နေ ကောက်နေလျှင်လဲ ပြုပြင်ပေးရပါတယ်။

**ဓမ္မဂုတ်**။ ။ကျမ်းစာက ကလေးနုနုကို ပြုပြင်ဘို့ သေသေချာချာ ဆိုတယ်နော်, ယခု အမေတွေကတော့ ဒီလိုပြင်ပေးတာကို တွေ့ဘူးရဲ့လား။

**တပည့်တော်**။ ။ယခုအမေတွေက ပြင်ရမှန်းလဲ မသိကြရှာပါဘူး, ဘာဘဲ ဖြစ်ဖြစ် ကံချည်းဘဲ အောက်မေ့လိုက်တာပါဘဲ၊ ဘုရားရဲ့ ဉာဏ် ဝီရိယဖြင့် ပြုပြင်မှု ကြိုးစားမှုကို အသားပေးတဲ့ဩဝါဒ ရှိပါလျက် ကံချည်းချထား တော့ ဘာသာလဲနာ လူမျိုးလဲ နာတာပေါ့ဘုရား။

**ခမ္မဂုတ်**။ ။ကံချည်း ပုံချရုံတွင် မကပါဘူး, သူတို့ရဲ့ ဉာဏ်မရှိတဲ့ဒဏ်ကို ကလေး နုနုတွေ ခံကြရရှာပါသေးတယ်။

**တပည့်တော်**။ ။မှန်ပါတယ်, (၁)ကလေးနုနုအရွယ်မှာ အမေတို့ အထိန်းတို့က မချီတတ် မပွေ့တတ်နဲ့ တဖက်သတ် ချီပွေ့ထားတော့ နဂိုရ်ကောင်းတဲ့ ဦးခေါင်းကလေးတောင် ရွဲ့စောင်းသွားတတ်ပါတယ်။

(၂) ပခုံးပေါ်တင်ပြီးချီလို့ ပခုံးပေါ်မှာ ဖိထိနေတဲ့ ရင်ပတ်ကလေး ပြားချပ် နေတတ်ပါတယ်။

(၃) အမေ (အထိန်း) တို့ရဲ့ လက် ၂ ဖက်နဲ့ ကလေးရဲ့ ဂျိုင်းအောက်က ဘေး ၂ ဖက်ကို ကိုင်ကိုင်ထားတာများလို့ ရင်ပတ်ကလေးတွေဟာ မကားနိုင်ဘဲ သေးသွားတတ်ပါတယ်၊ ရင်ကလေးက ပြားပြီး သေးနေ လျှင် အတွင်းမှာရှိတဲ့ နှလုံး အသည်း စသည်တို့လဲ ကျယ်ကျယ်ပြန့်ပြန့် ရင်ထဲမှာ တည်ရသလောက် မကောင်းဘူးပေါ့။

(၄) ပက်လက်ထားပြီး လက် ၂ ဖက်နှင့် ပွေ့တဲ့အခါမှာလဲ လက်တဖက်က တင်ပါးအထက်မှာ ထားပြီး ပွေ့လို့ ကလေးဟာ ဖြောင့်ဖြောင့်ဖြူးဖြူး မရှိဘဲ ဖင်ကော့ကလေး ဖြစ်သွားတတ်ပါတယ်။

(၅) သိပ်ပြီး မရပ်နိုင်ခင် "ရပ်နိုင်ပွေ့ ရပ်နိုင်ပွေ့" ဟု မြှောက်ပေးပြီး အရပ် သင်, အသွားသင်တဲ့အတွက် ခြေသလုံးလဲကောက်, ပေါင်လဲ ခွင်နေ တတ်ပါတယ်။

(၆) ကလေးရဲ့အရိုးတွေ မမာခင် အမေ(အထိန်း)က ခါးထစ်ခွပြီး ချီလို့လဲ ပေါင်ကလေး ခြေသလုံးကလေး ခွင်တတ်ပါတယ်၊ ဒီထဲမှာ ခါးထစ်ခွ စေတဲ့သူက ဝဝကြီးဆိုလျှင် သာ၍ ဆိုးပါတယ်။

**ခမ္မဂုတ်**။ ။ဟုတ်ပါ့ ကိုယ်တော်....စဉ်းစားမယ်ဆိုလျှင် သိစရာတွေ တယ်များ ပါလား, အမေတွေမသိတဲ့ဒဏ်ကို ကလေးတွေ-တယ် ခံရတယ်နော်။

**တပည့်တော်။** ။မှန်ပါတယ်ဘုရား....တေမိဇာတ် အဋ္ဌကထာမှာ (၁) နို့တိုက်မည့် အထိန်းရွေးပုံကို ပြထားပါတယ်၊ နို့တွဲကျတဲ့ မိန်းမရဲ့နို့ကို စို့ရရင် နို့က ဖိထားလို့ နှာခေါင်း ပိနေ (ပုနေ)တတ်ပါသတဲ့။

(၂) အရပ်ရှည်တဲ့ မိန်းမရဲ့နို့ကို စို့ရရင် ရင်ခွင်ထဲနေတဲ့ ကလေးက နို့တံမှီအောင် ကြိုးစားရလို့ လည်ပင်းရှည်နေတတ်ပါသတဲ့။

(၃) ပိန်တဲ့မိန်းမရဲ့နို့ကို ရင်ခွင်ထဲမှာနေပြီး စို့ရရင် နို့ထိန်းရဲ့ အရိုးတွေကြောင့် ပေါင်နာပါသတဲ့၊ ဝလွန်းတဲ့မိန်းမရဲ့နို့ကို စို့ရလျှင် ခြေခွင်နေတတ်ပါသတဲ့။

**ဓမ္မဂုတ်။** ။ကျမ်းစာက တယ်သေချာတယ်နော်။

**တပည့်တော်။** ။သေချာတာပေါ့ဘုရား, လူတွေက အသိဉာဏ်ကို တန်ဘိုးမထားတတ်လို့, အသိဉာဏ်ပေးတဲ့ကျမ်းစာ ကိုယ်ကျင့်ကို တန်ဘိုးမထားတတ်လို့, ကိုယ်ကျင့်ပေးတဲ့ ကျမ်းစာကို မကြည့် မရှုကြတာပါ၊ ဒီလိုကျမ်းစာရဲ့ အသေးစိတ် ပြုပြင်ဘွယ်တွေကိုသိရင်တော့ ကလေးနုနုကလေးကို ခြေမဆန့် လက်မဆန့်သာအောင် ပွေ့ထားခြင်း, စောင်ကိုလုပ်ထားတဲ့ စောင်ပုခက်မှာ ထားပြီး ကွေးနေအောင် သိပ်ခြင်းဟာလဲ မဖြောင့်စရာအကြောင်း ဖြစ်မှာပါဘဲ, ကောင်းတာကတော့ မိခင် (အထိန်း) တို့က ကြာကြာကြီး ပွေ့ပိုက်မထားဘဲ လက် ခြေ ဆန့်သာအောင် သစ်သားပုခက်— ကြိမ်ပုခက် ကျယ်ကျယ်မှာ ထားခြင်း, သိပ်ခြင်းဟာ ကောင်းမယ်ထင်ပါတယ်၊ အအေးမိလောက်အောင် ပုခက်ကိုလဲ သိပ်လှဲ့ဘိုမသင့်ပါဘူး, အပေါ်က အဝတ်ကလေးအုပ်ပြီး သာသာကလေး လှဲ့သင့်ပါတယ်။

**ဓမ္မဂုတ်။** ။ငယ်ငယ်က ပြုပြင်ပေးတတ်ကြမယ်ဆိုရင် မြန်မာလူမျိုးတွေ သိပ်အရုပ်ဆိုးသူ ရှိမှာမဟုတ်ပါဘူး၊ ယခုတော့ ကျန်းမာရေးကို ဂရုမစိုက်ဘဲ ပစ်စလက်ခတ် ထားကြလို့ ကလေးအများဟာ မထွား မကျိုင်း မျက်စိမျက်နှာ မလှ, ပုံပန်းမကျဘဲ ရှိရတဲ့အပြင်, ဖုံတွေထဲ ပစ်ထားလို့ နှပ်တွဲလဲနှင့် သူငယ်နာရောဂါ စွဲပြီး မဲမဲ ပိန်ပိန်ကလေးတွေ ဖြစ်ကြရတာဟာ လူမျိုးအတွက် နာတယ်ကိုယ်တော်။

**တပည့်တော်။** ။မှန်ပါတယ် ဘုရား, လူမျိုးတိုင်းမှာ အပြုအပြင်ကောင်းရင် မလှသော်လဲ ပုံပန်းကျကျတော့ ဖြစ်နိုင်ပါတယ်။

**ဓမ္မဂုတ်**။ ။ရှေးကရော ယခုရောပါဘဲ, မြန်မာလူမျိုး အများစုဟာ အစား အသောက်ကို ဖြစ်သလို စားသောက်နေကြတာလဲ သနားစရာဖြစ်နေ တာဘဲ ကိုယ်တော်။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား, ရှေးတုန်းက မိုးညှင်းကောင်းတော့ မြက်ပေါ ပါတယ်၊ နွားတွေမွေးပြီး ကလေးတွေ နွားနို့ တိုက်ပေးရလျှင် ထွားထွား ကျိုင်းကျိုင်း ရှိစ်နိုင်ပါတယ်၊ တပည့်တော်တို့အိမ်မှာ "ဘော်ဖြူမ" ဆိုတဲ့ နွားမတကောင် ရှိပါတယ်, သူမွေးထားတဲ့အခါတော့ နွားနို့ သောက်ရ ပါတယ်၊ ဒါပေမဲ့ – တကောင်ထဲဆိုတော့ အမြဲ မသောက်ရဘူးပေါ့, ၃–၄ ကောင်ဆိုလဲ တတ်နိုင်သားနဲ့ မမွေးကြဘူး၊ နွားမတွေမွေးပြီး မြက်ပေါတဲ့နေရာမှာ အဖက်ပေးပြီး မွေးထားရင် နွားနို့လဲ မပြတ်အောင် သောက်ရမယ်, နွားကလေးတွေလဲ တိုးလာမယ်။

**ဓမ္မဂုတ်**။ ။ရှေးခေတ်က ဟင်းသီး ဟင်းရွက်ကိုလဲ စနစ်တကျ ကြော်ချက် မစားတတ်ကြဘူး, ခရမ်းချဉ်သီးတို့ ဗူးသီး ဗူးရွက်တို့, ကြက်ဟင်းခါးသီး, ကန်စွန်းရွက်တို့ဆိုတာ တောရွာမှာ စိုက်လို့ရပါတယ်, များများစား ပေးရင် ကျန်းမာရေး ကောင်းနိုင်ပါတယ်။

**တပည့်တော်**။ ။ ခေတ်အလိုက်ဆိုတော့ နားမလည်ရှာကြဘူးပေါ့ဘုရား၊ ရှေးက ကံကောင်းတာတော့ ရှိပါတယ်၊ မိဘတွေရဲ့သွေးသားက ယခု အများစုထက် သန့်ရှင်းပါတယ်၊ ပြီးတော့ စားရတဲ့ဆန်ကလဲ မောင်း ထောင်း ဆန်ဆိုတော့ ဖွဲနုတွေ အများကြီးကျန်သေးလို့ အားရှိအောင် တတ်နိုင်ပါသေးတယ်၊ ဒါကြောင့် ရှေးက ဘိုးဘွားတွေ ကျန်းမာရေးလဲ ကောင်းကြ, အသက်လဲ ရှည်ကြပါတယ်၊ ဘိုးတို့ခေတ်က သရိုင်သား တွေဟာ အရပ်လဲ မနိမ့်ပါဘူး, အသံကြီးတွေကလဲ တချို့များ ဟိန်း နေပါတယ်၊ မန္တလေး မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးရဲ့ နောက်လိုက် ကိုယ်တော်များက ပြောကြပါတယ် "သရိုင်သားကြီးတွေဟာ လူကောင် ကြီးတွေလဲ ကြီးမားတယ်, အသံတွေကလဲ ကြီးကျယ်တယ်" လို့။

**ဓမ္မဂုတ်**။ ။ဟုတ်ပါရဲ့, သူတို့က ကျန်းမာရေး နားမလည်ပေမဲ့ ကံက ကျန်းမာ အောင် စီမံလိုက်သလို ဖြစ်နေတာဘဲ၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးလဲ ခေါ်ပုံကြည့်ရတာ ကြီးကြီးမားမားကြီး ပါဘဲ။

**တပည့်တော်**။ ။ရှေးက လူကြီးတွေက ထွေထွေရာရာလဲ စားလေ့မရှိပါဘူး, ပဲလှော်တို့ ထန်းလျက်တို့ ထန်းရည်ချိုတို့ နွေအခါ မန်ကျည်းဖျော်ရည်တို့

စားကြ သောက်ကြတာဘဲ၊ ထမင်းလဲ နေ့လည်စာ စားတော်ကြပါတယ်၊ ဒီအခါ ပဲလှော်ဆီဆမ်းနဲ့ လဲ စားကြ ထန်းလျက်နဲ့လဲ စားကြပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီလို သရည်စာကို ထွေထွေရာရာ မစားတာကလဲ ကျန်းမာရေး ဖါဘဲ၊ ခုတော့ကိုယ်တော် စားလိုက်ကြတဲ့ အစာတွေ အမျိုးမျိုးပါဘဲ၊ ပီးတော့ တွေ့ကရကို မကြာခဏ စားတော့ ဝမ်းမီးကလဲ ချက်နိုင်မှာ မဟုတ်ပါဘူး၊ စားတဲ့မုံ့တွေထဲမှာလဲ ဆေးအမျိုးမျိုး အနံ့အမျိုးမျိုးပါဘဲ။

**တပည့်တော်**။ ။မှန်ပါတယ် – ခုလူတွေက ခေတ်မီတယ်ဆိုပြီး ကျန်းမာရေး လိုက်စားကြ၊ ကျန်းမာရေး ဆေးတွေ စားကြပေမဲ့ သူတို့ရဲ့ အပျော်အပါး လိုက်စားမှုက ဆေးစားတာနဲ့ မကာမိပါဘူး၊ သူတို့ရဲ့ သွေးသားလဲ တော်တော်များများဘဲ သန့်ရှင်းမယ်မဟုတ်ပါဘူး၊ သား သမီးတွေက ကျန်းမာရေး ညံ့ဘို့ရန် အဖေ အမေထဲမှာ အခြေခံပါလာစရာ ရှိပါ တယ်။

**ဓမ္မဂုတ်**။ ။ဆေးဝါးဘက်က အသိအမြင် တိုးတက်လာတာတော့ အမှန်ပါဘဲ၊ ဒါပေမဲ့- ထို ဆေးဝါးကို လူအများစု သုံးစွဲနိုင်ဘို့က အတော်ကြိုးစားရ ပါလိမ့်ဦးမယ်။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား၊ ဆေးဝါးကောင်းတွေကို သုံးနိုင်တဲ့လူ၊ အစားအသောက်ကို သတိထားပြီး စားတတ်တဲ့လူများအတွက်ကတော့ ယခုခေတ်ဟာ မဆိုးပါဘူး၊ ဒါပေမဲ့ – အများစုက ဆေးဝါးကောင်းကို မသုံးနိုင်တဲ့အပြင် အများစားနေကျ စက်ကြိတ်ဆန်တွေက အဖြူလွန်ပြီး အာဟာရဓာတ် (ဖွဲနု) နည်းပါးသောကြောင့် အသွေးအသား အဖြစ်နည်း စရာ ဖြစ်နေပါတယ်။

**ဓမ္မဂုတ်**။ ။ ဟုတ်ပါရဲ့ "အသီး၊ အရွက်၊ သားငါးတွေမှာ အားရှိနိုင်တဲ့ ဓာတ်တွေပါတယ်"လို့ ဆိုပေမဲ့ အသီးအရွက်ကိုလဲ မချက်တတ်၊သားငါး ကိုလဲ များများမစားနိုင်တဲ့ လူတွေအတွက် ဆေးဝါးကောင်းလဲ မသုံးရ စက်ကြိတ် ဆန်ဖြူတွေကိုသာ စားနေရတယ်ဆိုတော့ ကျန်းမာရေးအတွက် သားငယ် သမီးငယ်တွေ ကြီးထွားလာဘို့အတွက် နိုင်ငံခေါင်းဆောင်တွေ ပါးစပ်နဲ့ မန်းမှုတ်နေရုံဖြင့် မတိုးတက်နိုင်ပါဘူး။

**တပည့်တော်**။ ။ ဗုဒ္ဓမြတ်စွာက ယခုအခါဆုတ်ကပ်လို့ မိန့်တော်မူပေမဲ့ ကိုယ်ကျင့်တရားဆုတ်တာကိုသာ ရည်ရွယ်ပြီး မိန့်တော်မူလိုရင်း ဖြစ်ပါ

တယ်၊ အသက်ရှည်ဘို့အတွက်မှာတော့ "ဥတု ရေမြေနှင့် အစာသာ ပဓာန ဖြစ်တယ်" လို့ ကျမ်းစာတို့က ဆိုပါတယ်၊ (ဥတုဘောဇန ဝသေန ဟိ အာယု ဟာယတိပိ ဝဍ္ဎတိပိ=ဥတုဘောဇဉ်ကြောင့် အသက်သည် ဆုတ်လဲ ဆုတ်နိုင်, တိုးလဲ တိုးနိုင်၏။ (သုတ်မဟာဝဂ္ဂ, မဟာပဓာနသုတ္တဋ္ဌကထာ)။

**ဓမ္မဂုတ်**။ ။ ခေတ်အလိုက် မပြုပြင်တတ်မှုကြောင့် ကိုယ်တော် ငယ်စဉ်က ကျန်းမာရေး မကောင်းတာကတော့ သိရပါပြီ, စာရိတ္တတော့ ဘယ့်နှယ် တုန်း။

**တပည့်တော်**။ ။စကားပြောတတ်တဲ့ အချိန်ကစပြီး ဘိုးရဲ့ အသင်အပြကို ရခဲ့ တာကြောင့် အကျင့်စာရိတ္တတော့ ကောင်းမည့်ဘက်သို့ ရှေးရှုနေပါ တယ်၊ ပြီးတော့ ပတ်ဝန်းကျင်အိမ်တွေက ဆွေမျိုးတွေချည်း ဖြစ်တော့ မတော်တာကို မြင်တွေ့ကြလဲ ဆုံးမလေ့ရှိကြပါတယ်။

**ဓမ္မဂုတ်**။ ။သင်ပြပုံကလေးတွေကို မှတ်မိသလောက် ပြောစမ်းပါ ကိုယ်တော်။

**တပည့်တော်**။ ။ လူကြီးတွေအနားမှာ ဘိနပ်စီး၍ မသွားရပါ၊ လူကြီးတွေ ရှေ့မှာ မတ်မတ်ရပ်ပြီး မနေရပါ၊ လူကြီးများရဲ့ အနီးအပါး သွားစရာ ရှိလျှင် ခပ်ငုံ့ငုံ့ ခပ်ကုန်းကုန်း သွားရပါတယ်၊ နောက်ဖေးသွား ရှူးရှူး ပေါက် တို့ကို လူနှင့်ဝေးတဲ့ နေရာမှာ သွားရပါတယ်၊ သောက်ရေအိုးနား တံတွေးမထွေးရ, နှပ်မညှစ်ရပါ၊ ထမင်းစားတုန်း စကားမပြောရပါ၊ ပျတ်ပျတ် မမြည်အောင် စားရပါတယ်၊ ထမင်းစားတဲ့အခါ ဟင်းကို များများမစားဘဲ ထမင်းကို များများစားရပါတယ်။

**ဓမ္မဂုတ်**။ ။ဟင်းစားနဲတဲ့ အကျင့်ကတော့ ယခုခေတ်နဲ့ မလျော်ဘူးနော်။

**တပည့်တော်**။ ။မှန်ပါတယ်– တပည့်တော်တို့ ငယ်ငယ်တုန်းက လူကြီးတွေနဲ့ အတူ မစားရသေးပါဘူး၊ ထို ခေတ်က ဇလုံထဲမှာ ထမင်းရော ဟင်းရော ထည့်ပေးပြီး ထမင်းမကုန်ခင် ဟင်းမကုန်အောင် စားရပါတယ်၊ ဟင်း ဆိုတာလဲ အမဲခြောက်ဖုတ်တို့ ငါးတို့ဖြစ်ပါတယ်၊ အဲဒီလို ဟင်းကိုနဲနဲစား ရပေမဲ့ ထိုခေတ်က မောင်းထောင်ဆန် ထမင်းထဲမှာ အာဟာရဓာတ်က များလို့ တော်ပါသေးတယ်။

**ဓမ္မဂုတ်**။ ။ကစားဖေါ် အပေါင်းအသင်းတွေက အရေးကြီးတယ်, ဘယ်လို ကစားရတုန်း။

**တပည့်တော်။** ။၅ နှစ်သားအတွင်းမှာ ဟိုအိမ် ဒီအိမ် သွားပြီး ကစားလေ့ မရှိပါဘူး၊ အိမ်တွေက အသီးအသီး ဝင်းထရံ ကာထားလို့ အိမ်ဝင်းက ကျယ်တော့ တအိမ်နဲ့တအိမ်လယ်ဘိုလဲ ကလေးအရွယ်မှာ မလွယ်ပါဘူး၊ လူကြီးတွေသွားမှ လိုက်ရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ့်အိမ်မှာ မောင်နှမချင်း ကစားကြတာဘဲလား။

**တပည့်တော်။** ။တပည့်တော်အောက် ဒုတိယက နှမဖြစ်ပါတယ်၊ တပည့်တော် အောက် ၂ နှစ်လောက်ငယ်တော့ သူလဲ တပည့်တော် ၃–၄ နှစ် ရှိပေမဲ့ မကစားတတ်သေးပါဘူး၊ နောက် ညီ ၂ယောက်လဲ ၅နှစ်, ၉နှစ် ငယ်ပါ တယ်, တပည့်တော်နဲ့ မကစားကြရပါဘူး၊ တပည့်တော်က အကိုကြီး ဖြစ်တော့ သူတို့က တပည့်တော်ကို လေးစားကြရပါတယ်၊ တပည့်တော် ကလဲ ဝမ်းကွဲ အကိုကြီး အမကြီးများကို လေးစားရပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတော့ ကိုယ်တော်ရဲ့ ကလေးဘဝဟာ ပျင်းစရာကြီးဘဲ နေဝ်။

**တပည့်တော်။** ။မှန်ပါတယ်, တပည့်တော်လဲ တခါတုန်းက နေ့လည်မှာ တယောက်ထဲပျင်းလို့ စဉ်းစားဘူးပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်လို စဉ်းစားသလဲ ကိုယ်တော်။

**တပည့်တော်။** ။အိမ်ရဲ့ အရှေ့ဘက်မှာ မန်ကျည်းပင် ရှိပါတယ်၊ အရှေ့ ပြူတင်းပေါက်က မန်ကျည်းပင်ကို ကြည့်ပြီးတော့ "လူဖြစ်ရတာထက် မန်ကျည်းရွက်တွေဖြစ်ရတာ ကောင်းသေးတယ်, သူတို့တော့ ပျင်းကြမှာ မဟုတ်ဘူး" လို့။

**ဓမ္မဂုတ်။** ။ကိုယ်တော်က မန်ကျည်းရွက်တွေကို "သက်ရှိ အကောင်တွေလို့" ထင်နေသလား။

**တပည့်တော်။** ။ထင်နေပါတယ်, မန်ကျည်းပင်က မိခင်ကြီး, မန်ကျည်းရွက် မန်ကျည်းသီးတို့က သားသမီးတွေလို့ ထင်နေပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ဟာ အတွေးလွန်နေတာဘဲနေဝ်။

**တပည့်တော်။** ။ဟုတ်ပါတယ်, အတွေးလွန်နေတာပါ၊ တပည့်တော်သာ အတွေးလွန်တာ မဟုတ်ပါဘူး, အိန္ဒိယက ရှေးလူတွေလဲ အတွေးလွန်ကြ

ပါတယ်၊ " ဇီဝသညီနော ဟိ မနုဿာ ရုက္ခသ္မိံ = လူတွေက စိမ်းစိုသော မြက်သစ်ပင်တွေမှာ အသက်ရှိတယ်, မြက်သစ်ပင်တွေဟာလဲ သက်ရှိ အကောင်ကလေးများ ဖြစ်ကြတယ်လို့ မှတ်ထင်ကြတယ် "တု မိန့်တော်မူပါတယ်၊ (ဝိနည်းပါစိတ်, ဘူတဂါမသိက္ခာပုဒ်)။

**ခမ္မဂုတ်**။ ။အဲဒီ့ယက ရှေးလူတွေကလဲ "မြက်သစ်ပင်တွေမှာ အသက်ရှိတယ်လို့ ထင်ကြတာဘဲ" ကိုး။

**တပည့်တော်**။ ။ဒီလို ထင်နေကြလို့ပေါ့ ဘုရား, မိုးတွင်းမှာ ခရီးသွားတဲ့ ရဟန်းများကို " အသက်ရှိတဲ့ မြက်ပင်ကလေးတွေကိုနင်းပြီး ညှဉ်းဆဲကြ တယ် "လို့ လူတွေက ကဲ့ရဲ့ကြတော့ ဘုရားရှင်ကလဲ " သစ်ပင်ကို မနင်း မခုတ်ကြနှင့်, မိုးတွင်းမှာ အသွားအလာမရှိဘဲ ငြိမ်သက်စွာ နေကြ" လို့ ပညတ်တော်မူရတာပေါ့။

**ခမ္မဂုတ်**။ ။"သစ်ပင်တွေမှာ အသက်ရှိတယ်"လို့ ယူဆတဲ့အယူဟာ မှန်လို့ ဘုရားရှင်က ပညတ်တော်မူတာလား။

**တပည့်တော်**။ ။မှန်လို့တော့ ဘယ်ဟုတ်မလဲ ဘုရား, တချို့လူတွေက အပြစ် မြင်နေကြတော့ ဘုရားရှင်က မဆန့်ကျင်အောင် ပညတ်တော်မူတာဖြစ်ပါ တယ်၊ မိုးတွင်းမှာ ခရီးမသွားဘဲ တရားကို ကြိုးစားစေလိုသောကြောင့် ပညတ်တော်မူတာလဲ ဖြစ်ပါလိမ့်မယ်။

**ခမ္မဂုတ်**။ ။မြက်သစ်ပင်တွေ အသက်ရှိတယ်ဆိုတဲ့ အယူမျိုးဟာ တိတ္ထိတို့ အယူ ထဲမှာ ပါသလား။

**တပည့်တော်**။ ။မက္ခလိဂေါသာလဆရာကြီးက စိမ်းစိမ်းစိုစိုနဲ့ ကြီးပွားနေတဲ့ သစ်ပင်ဟူသမျှ ကောက်ပင်, ပဲပင်, မြက်ပင်, သစ်ပင်အားလုံးကို "ဇီဝ= အသက်ရှိတဲ့ အကောင်တွေ"လို့ ယူပါသတဲ့။

**ခမ္မဂုတ်**။ ။ဟုတ်ကော ဟုတ်ရဲ့လား ကိုယ်တော်။

**တပည့်တော်**။ ။ဘယ်ဟုတ်မှာလဲ ဘုရား, အသက် (ဇီဝ)ဆိုတာ ရုပ်တရား နာမ်တရားထဲမှာပါတဲ့ ဇီဝိတကို ခေါ်တာပါ၊ ရုပ်ထဲမှာပါတဲ့ "ဇီဝိတ" ဟာ ကံကြောင့်ဖြစ်ရတဲ့ ရုပ်ပါ၊ ဒါ့ကြောင့် သတ်လို့သေသေ, ရောဂါကြောင့် သေသေ, ကံအစွမ်းကုန်လို့ သေသေ, အသက်တမ်းစေ့လို့ဘဲ သေသေ, သေတာမှန်သမျှ ထိုဇီဝိတရုပ်, ဇီဝိတနာမ်တွေ တဘဝအတွက် နောက်ထပ်

မဆက်တော့တဲ့ ချုပ်တာချည်းပါဘဲ၊ အဲဒီ ဇီဝိတကိုပင် အာယု=အသက် လို့လဲ ခေါ်ရပါတယ်၊ မြက် သစ်ပင်တွေမှာ ထိုဇီဝိတမျိုး မရှိပါဘူး။

**မမှုဂုတ်**။ ။အော်...ကိုယ်တော်ဟာ ငယ်ငယ်တုန်းက ဒိဋ္ဌိကလေးပေါ့နော်။

**တပည့်တော်**။ ။တပည့်တော် ငယ်ငယ်တုန်းက မြက် သစ်ပင်တွေကို အသက် ရှိတယ်လို့ ယူရုံတွင်မက, အဲဒီ မြက်သစ်ပင်တွေကို နွား, ကျွဲ, မြင်း စသော အကောင်တွေက စားတော့ ထို သစ်ပင် သစ်ရွက်မှ အသက်တွေဟာ နွား, ကျွဲ, မြင်းတို့အထဲရောက်ပြီး ထိုမှတဆင့် နွားထီး, နွားမ စသည်တို့ ပေါင်း စပ်လို့ နွားဖြစ်, ကျွဲဖြစ်, မြင်း စသည်ဖြစ်တယ်၊ လူတွေက သစ်သီး သစ်ရွက် စားကြရာမှ တဆင့်လူလဲဖြစ်နိုင်တယ်လို့ ယူဆနေပါတယ်။

**မမှုဂုတ်**။ ။ ကိုယ်တော့်ဟာ ကလေးဘဝကတည်းက ဒိဋ္ဌိမှ မိစ္ဆာဒိဋ္ဌိကိုယ် ဖြစ်နေတာပေါ့နော်။

**တပည့်တော်**။ ။အယူမှားလျှင် မိစ္ဆာလို့ ဆိုချင်ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ ကံနှင့် ကံ၏ ကောင်းကျိုး ဆိုးကျိုးကို မပယ်သမျှတော့ မိစ္ဆာဒိဋ္ဌိဖြစ်တယ်လို့ မဆိုနိုင်ပါဘူး၊ တပည့်တော်ငယ်ငယ်တုန်းက အယူမှားတခု ရှိပါသေးတယ်၊ အဲဒီအယူကတော့ ငါးနှစ်အရွယ်ကျော်မှ ဖြစ်တယ်လို့ ထင်ပါတယ်။

**မမှုဂုတ်**။ ။ဘယ်လို အယူတုန်း ကိုယ်တော်။

**တပည့်တော်**။ ။တောင်အရပ်က လူကြီးတယောက် မအိုသေးဘဲ သေဆုံးပါ တယ်၊ ထိုအခါ တပည့်တော်က စဉ်းစားပါတယ်၊ "ဒီလူကြီးဟာ ခရီး အသွားများတယ်, စကား အပြောများတယ်, လူတယောက်မှာ တဘဝ အတွက် ခရီးမည်မျှ သွားနိုင်တယ်, စကားမည်မျှ ပြောနိုင်တယ်, အစား မည်မျှစားနိုင်တယ်"စသည်ဖြင့် သတ်မှတ်ချက်ရှိပြီးဖြစ်တယ်၊ ဒီလူကြီးဟာ အဲဒီ သတ်မှတ်ချက်ကုန်လို့ သေဆုံးရတယ်လို့ တွေးမိပါတယ်။

**မမှုဂုတ်**။ ။ဒီအယူလဲ မိစ္ဆာအယူထဲမှာ ပါနေတာပေါ့နော်။

**တပည့်တော်**။ ။ပါနေပါတယ်, မက္ခလိဆရာကြီးက"သတ္တာတိုင်းမှာ သုခနှင့် ဒုက္ခကို ချင့်တောင်းနှင့်ချင့်ထားသလို ပိုင်းခြားသတ်မှတ်ပြီးဖြစ်တယ်"လို့ ယူပါတယ်၊တပည့်တော်အယူဟာလဲ ထိုအယူနဲ့ ခပ်ဆင်ဆင်ဖြစ်နေပါတယ်။

**မမှုဂုတ်**။ ။ကိုယ်တော်က တွေးတော စဉ်းစားတဲ့အလေ့ဟာ ကလေးဘဝတုန်းက ပါနေတာဘဲကိုး။

**တပည့်တော်**။ ။တပည့်တော်ငယ်ငယ်က နဲနဲမိုးချုပ်မှ အဖေနဲ့ အတူ လှည်းနဲ့ "ဗန်သင်" ဆိုတဲ့ တောက ပြန်လာတုန်းမှာ မိုးပေါ်ကြည့်ပြီး "မိုးပေါ်က ကြယ်တွေမှာ လူရှိသလား"လို့ မေးဘူးပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်အဖေက ဘယ်လိုပြန်ပြောတုန်း။

**တပည့်တော်**။ ။ပြန်ပြောတာတော့ မမှတ်မိပါဘူး, "လူမရှိဘူး—နတ်ရှိတယ်" လို့ ပြောမယ်ထင်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်အတွက်ကတော့ ဗုဒ္ဓမြတ်စွာရဲ့ ဘာသာရေး စာပေတွေကို တတ်သိရတာ အလွန်ကံကောင်းတာဘဲ, သာသနာပမှာ ကိုယ်တော် စဉ်းစားလေ့ရှိပုံမျိုးနဲ့ စဉ်းစားရင်တော့ ကိုယ်တော့်အတွက် သွက်သွက် လယ်အောင် မှားတော့မှာဘဲ။

**တပည့်တော်**။ ။ဒါ့ကြောင့်မို့ " တပည့်တော် ကံကောင်းတာတွေကို တွေ့ရ ပါလိမ့်ဦးမယ်"လို့ လျှောက်ခဲ့တာဘဲ၊ ဒါ့ကြောင့်လဲ ယခုတွေ့ရတဲ့ ဗုဒ္ဓ မြတ်စွာရဲ့ သာသနာတော်ကို မတိမ်ကောစေချင်တာပါ၊ မတိမ်ကော အောင် စောင့်ရှောက်ဘို့လဲ တပည့်တော်မှာ တာဝန်ရှိတယ်လို့ ယူဆနေ တာပါဘဲ၊ သာသနာကြီးဟာ တပည့်တော်ရဲ့ တသံသရာလုံးအတွက် ကျေးဇူးရှင်ကြီး မဟုတ်ပါလားဘုရား။

**ဓမ္မဂုတ်**။ ။ဟုတ်ပါတယ် ဟုတ်ပါတယ်, ကိုယ်တော့်အတွက် " ဘုရားကျေးဇူး တော်သည် အဆုံးမရှိ"ဆိုတာ မှန်ပါတယ်။

**တပည့်တော်**။ ။ဘုရားရှင်ရဲ့ ကျေးဇူးတော်များ ထင်ရှားတာလဲ တရားတော် များကြောင့် ဖြစ်ပါတယ်၊ ဒါ့ကြောင့် တရားတော်များရဲ့ ကျေးဇူး တော်လဲ တပည့်တော်မှာ အနန္တောပါဘဲ၊ ဒီတရားတော်များကို ဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ရဟန္တာ အဆက်ဆက်, ရဟန်းကောင်း အဆက်ဆက်တို့ ဆောင်ရွက် စောင့်ရှောက်တော်မူလာခဲ့လို့ မပျောက် ပျက်တာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သံဃာ့ကျေးဇူးတော်လဲ တပည့်တော် အတွက် အနန္တောပင် ဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။ဘုရား, တရား, သံဃာအကြောင်းကို ဘယ်အရွယ်ကျမှ ကိုယ်တော် ကောင်းကောင်းသိသလဲ။

**တပည့်တော်**။ ။အတော်အတန်တော့ ဘုန်းကြီးကျောင်း ရောက်ရင် သိပါ တယ်၊ ဆင်းတုတော်များကို ဘုရားအစစ်ရဲ့ ပုံတော်မှန်း အရိုးခံတတ်တော်

များကို စေတီတော်အတွင်းမှာ ထာပနာထားမှန်းကိုတော့ ပိဋကစာပေကို တော်တော်များများ သင်တဲ့အခါကျမှ သိပါတယ်၊ ပိဋကတရားတော်များနှင့် မဂ်ဖိုလ်နိဗ္ဗာန် တရားတော်များသာ တရားအစစ်ဆိုတာရယ် အရိယာသံဃာတော်မှ သံဃာအစစ်ဆိုတာရယ်ကိုတော့ ပိဋကစာပေကို ကောင်းကောင်း လေ့လာပြီးတဲ့ အခါကျမှ ရှင်းရှင်းလင်းလင်း သိပါတယ်၊ အဲဒီအခါကျမှ ဘုရားရှင်ရဲ့ သဗ္ဗညုတဉာဏ်တော်ကိုလဲ မှန်းဆနိုင်ပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတော့ ဗုဒ္ဓဘာသာဝင် အများစုဟာ ဗုဒ္ဓ, ဓမ္မ, သံဃာ့အကြောင်းကို ကောင်းကောင်းသိဘို့ မလွယ်ဘူးပေါ့နော်။

**တပည့်တော်။** ။မလွယ်ပါဘူးဘုရား၊ ကောင်းကောင်းမသိကြလို့ ဘာသာရေးကိစ္စတွေမှာ အလွဲအချော် လုပ်နေကြတာ ဖြစ်ပါတယ်၊ ကောင်းကောင်းသိကြရင် ဒီအလုပ်တွေဟာ ဘုရားအလိုတော်နှင့် ဆန့်ကျင်မှန်းသိကြမှာပါ၊ ဒီလိုသိရင် အကျိုးမရှိတဲ့ ငွေကုန်မှုတွေ ဘယ်မှာ လုပ်ကြတော့မှာလဲ။

**ဓမ္မဂုတ်။** ။ဟုတ်ပါရဲ့, ကိုယ်တော်တို့အမျိုးဟာ "သားကလေး ၅ နှစ်သားလောက်ရှိရင် ပစ္စည်းတတ်နိုင်တဲ့ မိဘက ရှင်ပြု အလှူပေးကြတယ်"ဆိုတာ ဘယ်မှာ ဘုရားအလိုတော်ဟုတ်တော့မှာလဲ၊ကိုယ်တော့်ကို ဘယ်အရွယ်မှာ ရှင်ပြုတုန်း။

**တပည့်တော်။** ။ တပည့်တော်ကို ၅ နှစ်ပြည့်ခါနီးမှာ ရှင်ပြုပါတယ်၊ ရှင်ပြုတဲ့နေ့က ၁၂၆၆ – ခုနှစ် တပို့တွဲလဆန်း ၁၀ ရက်ဆိုတော့ ၅ နှစ် ပြည့်ဘို့ ၁၉ ရက်သာ လိုပါတော့တယ်။

**ဓမ္မဂုတ်။** ။အဲဒီ ရှင်ပြုပြီးတော့ သင်္ကန်းဝတ်ရောလား။

**တပည့်တော်။** ။သင်္ကန်းဝတ်ဘို့ နေနေသာသာ ဘုန်းကြီးကျောင်းတောင် မနေရသေးပါဘူး, အမျိုးထုံးစံအတိုင်းမို့ ရှင်ပြုတာပါ၊ နည်းလမ်း မကျတဲ့အလုပ်တွေပါဘုရား။

**ဓမ္မဂုတ်။** ။အလှူလုပ်တဲ့အခါတုန်းက မပျော်ဘူးလား။

**တပည့်တော်။** ။အလှူပေးပြီး ရှင်ပြုတဲ့အအချိန်မှာ အိမ်ဝင်းထဲ မဏ္ဍပ်ထိုးပြီး အလှူနေ့မတိုင်ခင် လူတွေ ထွက်ဝင် စားသောက်ကြ, မုန့်တွေ ကြော်ကြနှင့် အလွန်ပျော်ပါတယ်။

**ဓမ္မဂုတ်။** ။အလှူနေ့မှာ မောင်ရှင်လောင်းလုပ်ရတာကော မပျော်ဘူးလား။

**တပည့်တော်**။ ။အဲဒီနေ့တော့ မောင်ရှင်လောင်းလုပ်ပြီး ပိုးပုဆိုး တောင်ရှည်ဝတ်ရ၊ သနပ်ခါးလိမ်းရ၊ "ကလေးကဣန္ဒြေရတယ်ဟေ့" ဟု မြှောက်ကြလို့ ဣန္ဒြေနဲ့နေရတဲ့အတွက် မပျော်ပါဘူး၊ တပည့်တော်က ဆော့နေချင်တာ။

**ဓမ္မဂုတ်**။ ။ရှင်လောင်းယူတဲ့ (လှည့်တဲ့) အခါကော မပျော်ဘူးလား။

**တပည့်တော်**။ ။တပည့်တော်တို့အရပ်မှာ ပဌမရက်မှာ ဝတ်စားပြီး ဆွေမျိုးလူကြီးများကို ကန်တော့ရပါတယ်၊ အဲဒါကို "ရှင်လောင်းလှည့်" လို့ ခေါ်ပါတယ်၊ ဒုတိယအလှူရက်မှာ ကျောင်းက ရှင်လောင်းကို ခေါ်ယူလာတဲ့ သဘောမျိုးနဲ့ "ရှင်လောင်းယူ" လုပ်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့ရွာမှာ အဲဒီ ရှင်လောင်းယူတဲ့ အလုပ်က ပဌမရက်အလုပ်ထက် ကြီးကျယ်မှာပေါ့နော်။

**တပည့်တော်**။ ။ကြီးကျယ်ပါတယ်၊ ရှင်လောင်းကြီးရင် မြင်းစီးရပါတယ်၊ ရှင်လောင်းငယ်တော့ ထမ်းစင် စီးရပါတယ်၊ ၂မျိုးလုံးမှာ ရွှေထီးဆောင်းလျက် ချည်းပါ၊ တပည့်တော်က ငယ်တော့ ထမ်းစင်စီးရပါတယ်၊ ထမ်းစင်ရှေ့ကလူကြီးတွေက တံခွန်ကုက္ကားကိုင်လို့၊ အလှူ့ဒကာလဲ သပိတ် ပရိက္ခရာလွယ်လို့၊ မိန်းမ ကြီး ငယ်တွေတချို့က လှူဘွယ်ဝတ္ထုနှင့် မီးထောင်ပြည့်ပူဇော်ဘို့ ဖယောင်းတိုင်များကို ရွက်လို့၊ ဆွေမျိုးထဲက ချောတဲ့ အပျိုကလေးများက ကွမ်းတောင်ကိုင်လို့၊ ထမ်းစင်နောက်က ဘုန်းကြီးကျောင်းသားတွေက ရတုဆိုပြီး **သျှီး** (ရှိုး) ထိုးကြလို့၊ အဲဒီနောက်မှာ ဒိုးပတ်ဆိုင်းက တီးလို့ လိုက်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ရွာ့ထုံးစံအတိုင်းဆိုတော့ ပျော်စရာကောင်းပေလိမ့်မယ်နော်။

**တပည့်တော်**။ ။ပျော်စရာကောင်းပါတယ်၊ ရှင်လောင်းယူပုံကို ထွက်ကြည့်တဲ့ လူတွေ အပျော်ဆုံးကတော့ ဒိုးပတ်ဝိုင်း ပါဘဲဘုရား၊ ဒိုးပတ်ဝိုင်းက လမ်းဆုံတိုင်းမှာ ခပ်ကြာကြာတီးလေ့ ရှိပါတယ်။

**ဓမ္မဂုတ်**။ ။ အင်း.... ရှေးထုံးစံဟာ အကျိုးရှိ- မရှိကို မစဉ်းစားရင်တော့ အတော် ပျော်စရာကောင်းပါတယ်၊ ကိုယ်တော်တော့ ရွှေထီးဆောင်းပြီး ထမ်းစင်စီးရတာ မပျော်ဘူးလား။

**တပည့်တော်** ။ ။ တပည့်တော်တော့ ထမ်းစင်စီးတုန်းက ပျော်ဘို့ နေနေသာသာ ထမ်းစင်ပေါ်မှာအိပ်ပြီး ငိုက်နေလို့ အဖေကလာပြီး သတိပေးရပါသေးတယ်၊ "ငိုက်မနေနဲ့ နောက်က ဘထွေးကြူကတာ ကြည့်" တဲ့။

**မမ္ဗဂုတ်** ။ ။ ကိုယ်တော်က တမျိုးဘဲ, ဒီလို အခါမျိုးဟာ စိတ်ကြီးဝင်ပြီး ပျော်ဘို့ အင်မတန်ကောင်းတာ, ဒါတောင် ကိုယ်တော်က မပျော်ဘဲကိုး၊ ဒါကြောင့်ကိုယ်တော်က "အနာဂတ်သာသနာရေး" ကျမ်းစာမှာ ရှင်ပြုအလှူပေးကြပုံကို အပြစ်ပြုပြီး ဝေဘန်ထားတာ ထင်တယ်။

**တပည့်တော်**။ ။ဒါလဲ ပါကောင်း ပါပါလိမ့်မယ်, ခေတ်အလိုက် သုံးစရာတွေက များလာတော့ ဟို့ရှေးခေတ်ကလို တရားတော်နဲ့မလျော်တဲ့ အပိုကုန် အလှူဒါနကို ပြုမဲ့အစား အကျိုးရှိတဲ့ အလှူဒါနကိုသာ ပြုစေချင်လို့လဲ ဖြစ်ပါတယ်၊ ငွေကုန်သလောက် အကျိုးရှိစေချင်ပါတယ်, ခေတ်လူငယ် တို့က ကေန် စိစစ်တော့မှာကိုလဲ မြင်ပါတယ်၊ ဤ အကြောင်းများကြောင့် တပည့်တော်က တင်ကြိုပြီး "အနာဂတ်သာသနာရေး" ကျမ်းစာမှာ ဒါန အားလုံးကို စိစစ်ပြတာပါ၊ သည့်ပြင်လဲ ရပ်ရွာ ဘုန်းတော်ကြီးများကို ရှေးက ဘုန်းတော်ကြီးများလို ရွာဦး ရွာထိပ်ကနေပြီး ရွာသားကလေး တွေကို ခေတ်အလိုက် ပညာပေးကာ ဆရာသမားကောင်းများပီပီနဲ့ ထိပ်တန်းမှာ တည်မြဲ တည်စေချင်လို့ပါ။

**မမ္ဗဂုတ်**။ ။ကိုယ်တော့် ဆန္ဒအတိုင်းကော ဖြစ်ရဲ့လား။

**တပည့်တော်**။ ။ကောင်းသော ပြုပြင်ရေးဆိုတာ အသိဉာဏ်ရှိသူသာ လိုက်ရိုးထုံးစံဖြစ်ပါတယ်၊ အသိဉာဏ်မရှိသူအတွက်တော့ အကောင်း- မကောင်း မစဉ်းစားတတ်, အကျိုးရှိ-မရှိ မသိတတ်တဲ့အတွက် မိရိုးဖလာလိုက်ရမှ ကျေနပ်နိုင်ပါတယ်၊ ဒီ ကိစ္စမျိုးမှာ အစိုးရ ကိုယ်တိုင်က ဇိကုပ်ပြီး နတ်ပြည်တင်ရမဲ့ ကိစ္စမျိုးဖြစ်ပါတယ်။

**မမ္ဗဂုတ်**။ ။အင်း.... အစိုးရဆိုတဲ့သူမှာလဲ တိုင်းသူ ပြည်သား လူအများနဲ့ ဆန့်ကျင်ပြီး မှန်တာကို လုပ်ရဲတဲ့သတ္တိက မလွယ်လှဘူး ကိုယ်တော်။

**တပည့်တော်**။ ။ မှန်ပါတယ်, အစိုးရဆိုသူမှာ ပဌမကိစ္စက အမှား အမှန်ကို သိဘို့ ဖြစ်ပါတယ်၊ မှားမှန်းသိသောအရာကို ပြုပြင်ဘို့က ဒုတိယကိစ္စပါ၊ ဘာသာရေးနှင့် စပ်လာလျှင် မှားတယ် မှန်တယ်ဆိုတာ လူဝတ်ကြောင် များကို မဆိုထားနဲ့ ပိဋကပါဠိတော် အဋ္ဌကထာကို ကောက်ချက်ချ၍ မသင်ယူခဲ့လျှင် "ပိဋက ကျွမ်းကျင်ပါပေ့" ဆိုတဲ့ ပညာရှင်သော်မှ သတိမမူ ဂူမမြင် ဖြစ်နိုင်ပါတယ်ဘုရား။

**မမ္ဗဂုတ်**။ ။ကိုယ်တော်ရဲ့ စကားအရ စဉ်းစားလျှင် ကိုယ်တော်ရဲ့အမျိုးဟာ သရိုင်တရွာလုံးကို လွှမ်းမိုးနေကြောင်းကိုလဲ သိရပြီ၊ သရိုင်ရွာရဲ့ ရွာဦး

ရွှာထိပ်က ဘုရားကျောင်းတွေလဲ ယခုအထိ ကိုယ်တော့်ဆွေမျိုးအများစုရဲ့ ကောင်းမှုများ ဖြစ်ကြောင်းကိုလဲ သိရပြီ ၊ စိန်ဗေဒါကြီးကိုတောင် အနှောက်အရှက်ပေးတဲ့ အကြောင်းကိုလည်း သိရပြီ၊ ဒီလို လူဆိုး လူကောင်း သောင်းပြောင်း ပြည့်နေသောအမျိုးမှာ ကိုယ်တော် ဖြစ်ရတဲ့ အတွက် ဘယ်လို အကျိုးရတယ်ဆိုတာ ပြောစမ်းပါအုံး။

**တပည့်တော်။** ။ပွဲကြည့်ရ, ဇာတ်ဝတ္ထုများကို ကြားနာရတဲ့အခါ ဇာက်အဖွဲ့ ကြီးလေ ဇာတ်ဝတ္ထု ကောင်းလေ အသိဉာဏ်တိုးလေ ဖြစ်ရသကဲ့သို့ , ဆွေမျိုးကြီးထဲမှာ အမျိုးမျိုး အဖုံဖုံ စုံအောင်တွေ့နေရလေတော့ ကလေး တုန်းက အမှတ်တမဲ့ နေခဲ့ပေမဲ့ တော်တော်ကြီး၍ နိုင်ငံအရေး သာသနာ တော် အရေးကို စဉ်းစားတတ်တဲ့ အရွယ်ရောက်တော့ ကိုယ်တွေ့မျက်မြင် သင်ခဏ်းစာတွေကိုလဲ ကိုယ့်အမျိုးထဲမှာပင် အတွင်းကျကျရရှိနေပါတယ်၊ အထက်လူ အောက်လူတွေရဲ့ စိတ်နေစိတ်ထားကိုလဲ ကိုယ်တွေ့သိရပါ တယ်၊ ဒါယကာ ဒါယိကာမများနှင့် ဆက်ဆံနိုင်တဲ့ အရွယ်မှာလဲ ကိုယ့် အမျိုးနဲ့ နှိုင်းယှဉ်ပြီး သူတို့ရဲ့ စိတ်ထားကို မှန်းဆနိုင်ပါတယ်၊ ဒီတော့ တက္ကသိုလ် " အထက်တန်းက ထွက်လာသူဟာ တက္ကသိုလ်ဗဟုသုတ ရခဲ့ သလို" လူနှင့်ဆိုင်ရာဗဟုသုတကို ပိုက်ဆံမကုန်ဘဲ တမင်လာလဲ မရှာရဘဲနှင့် အမျိုးထဲကပင် အပြည့်အစုံရသောကြောင့် အမျိုးကြီးမှာ ဖြစ်ရတဲ့အတွက် အလွန် ကျေးဇူးများပါတယ် ဘုရား၊ မိမိအမျိုးက အရာရာမှာ လူတန်းစေ့ သူတွေများတော့ ခေတ်အလိုက် အထက်တန်း ရောက်နေကြတဲ့ ဒကာ— ဒကာမများနဲ့ ဆက်ဆံရာမှာလဲ အမျိုးတွေကိုကြည့်ပြီး ညှာညှာတာတာ ဆက်ဆံတတ်တဲ့ အလေ့အကျင့်ရနေလို့ အားလုံးနဲ့ အဆင်ပြေအောင် ဆက်ဆံနိုင်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုင်း, ကိုင်း....ကိုယ်တော်ရဲ့ ငါးနှစ်အတွင်းမှာဖြစ်ခဲ့တဲ့ အကြောင်း အရာကို ကလေးဘဝ၌ အဆိုအကမှစ၍ ရှင်မပြုဘဲနှင့် ရှင်ပြုလို့ ခေါ်ကြတဲ့ အလှူကိစ္စမှာ အိပ်ငိုက်ချင်တဲ့အထိတော့ သိရပါပြီ၊ ၆-နှစ်မှ အထက် ဖြစ်သမျှအကြောင်း ကောင်း-မကောင်းကို တခန်းဆက်ကြဉ်းစို့။

**နိဂုံး။** ။ငါးနှစ်တွင်းဝယ် , ဒိုင်ယယ်ဌ်, ကိုယ့်ဝယ်ဖြစ်ပုံ , စနစ်စုံအောင်, အကုန် ရေးသား, မလျှောက်အားလည်း , အများအတွက် သိဘွယ်ချက် နှင့်, မှတ်ချက်ယူနည်း, လျှောက်ထားပြီး၍, တနည်း တွက်စရာ, အဆက် လာဘို့, ဤမှာ ငါးနှစ်, နိဂုံးဖြစ်သည် ... ပြည်ချစ်သူတို့ သိဘွယ်ဘို့။

## ၆။ ငါးနှစ်ကျော်ဝယ်-ဆယ်နှစ်ရှယ်

**ဓမ္မဂုတ်။** ။ဦးဇနကရေ....ကိုယ်တော်ရှင်ပြုပြီးတဲ့အခါ ကျောင်းနေရောလား။

**တပည့်တော်။** ။မနေရသေးပါ ဘုရား, ဘိုးက အင်မတန်ချစ်တော့ ၅ နှစ်ပြည့်တောင် ကျောင်းမထားသေးပါဘူး။

**ဓမ္မဂုတ်။** ။လူကြီးတွေက အချစ်လွန်တာလုံ ချစ်ရာမရောက်ဘဲ နှစ်ရာရောက်တာဘဲနော်။

**တပည့်တော်။** ။မှန်ပါတယ်, တပည့်တော်တို့ အဖေ့ဘက် အမျိုးကိုက သားသမီးကို အချစ်လွန်ဟန်တူပါတယ်၊ ၃ ဆက်မြောက် ဘိုးကြီးက အသက်ရှစ်ဆယ်လောက်ရှိတော့ ပြောပါသတဲ့၊ "ငါ သေရမှာ မကြောက်ပါဘူး, ငါသေတဲ့အခါ ငါ့သားကလေးက ( နှစ်ဆက်မြောက် ဘိုးဖြစ်သူက ) ငါ့အလောင်းကို ကြောင့်ကြစိုက်ရမှာ သနားတာဘဲ" လို့။

**ဓမ္မဂုတ်။** ။ငါ့သားကလေးဆိုတဲ့သူက ဘယ်လောက်ကြီးပြီလဲ။

**တပည့်တော်။** ။ငါ့သားကလေးဆိုတဲ့သူက အဲဒီအချိန်မှာ အသက် ၆၀ လောက် ရှိပါပြီတဲ့၊ " ဘိုးဖေ "လို့ ခေါ်ပါတယ်၊ ရွှေတောင်ကျောင်းကြီးရဲ့ ကျောင်းဒကာပါ။

**ဓမ္မဂုတ်။** ။ဩော်...အသက် ၆၀ လောက်ရှိတာတောင် (သားကလေး)တဲ့လား, ကိုယ်တော့်အမျိုးက သံယောဇဉ်ကြီးပုံရတယ်။

**တပည့်တော်။** ။သံယောဇဉ် ကြီးကြပါတယ်၊ အဖေရဲ့ အဖေ ဘိုးခင်မောင်ဆုံးခါနီးမှာ တပည့်တော်ကို အပင့်ခိုင်းပါသေး သတဲ့၊ အဖေက ပင့်မပေးပါဘူး၊ အဲဒီအချိန်မှာ တပည့်တော်က ပခုက္ကူမှာ စာသင်နေပါတယ်၊ ဆုံးမှ သံကြိုးလာတော့ မဆုံးခင်ကခေါ် လျှင် လာတို့ပါဘဲ, ဆုံးမှ လာလို့တော့ မထူးပါဘူး, ကုသိုလ်ပြီး ငိုဘို့သာ ရှိပါတော့တယ်, "မလာပါရစေနဲ့" လို့ စာပြန်လိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ အင်း... ကိုယ်တော့် လက်ထက်ကျတော့ သဘာဝကျတဲ့ ပိဋကတော်တွေကို သင်ရလို့ အမှန်ကို လိုက်နိုင်ပြီပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ် ဘုရား, ဘုရားရှင်၏ ရွှေနှုတ်တော်ထွက်ဖြစ်တဲ့ ပိဋကတော်ဟာ သတ္တာတွေ ချမ်းသာဘို့ချည်းဖြစ်ပါတယ်၊ ယခုလူတို့ ဒုက္ခ

ရောက်နေတာဟာ ငွေမကုန်တန်ဘဲ အပိုကုန်တာတွေများပြီး တကယ် သုံးစရာကြုံတဲ့အခါ မသုံးနိုင်ကြလို့ ဖြစ်ပါတယ်၊ မသာ- အသုဘဟာ (ဘုန်းကြီးပြန်ဖြစ်စေကာမူ)ချွတ်ချုံ ငွေကုန်လေ, လူပန်းလေ ဒုက္ခများလေ ဖြစ်ပါတယ်။

**စမ္မဂုတ်**။ ။ကိုင်း, ကိုင်း....ရှေးလူကြီးတွေရဲ့ အမှားဒုက္ခတွေကို ပရွက်ဆိတ်အုံ ဒုတ်နဲ့ဆွသလို ပွ၍ ထ မလာပါစေနဲ့တော့၊ ကိုယ်တော် ဘယ်အရွယ်ကျမှ ကျောင်းနေတုန်း။

**တပည့်တော်**။ ။၆ နှစ် ပြည့်ခါနီးမှာ နေရလို့ သိပ်မကြီးပါဘူး၊ ကျောင်း ထားတဲ့ရက်က တပို့တွဲလပြည့်နေ့ နှမ်းမနဲ့ထိုးကြတဲ့အခါ နှမ်းမနဲ့လှူရင်း ကျောင်းအပ်တာပါဘဲ။

**စမ္မဂုတ်**။ ။တခြားနေ့ရက်မှာကျောင်းအပ်ရင် ဆွမ်းအုပ်ပါရမှာမို့ ကိုယ်တော့် ဘိုးက ချွေတာတဲ့သဘောနဲ့ ထိုရက်မှာ ကျောင်းအပ်တာထင်တယ်။

**တပည့်တော်**။ ။ မလျှောက်တတ်ပါ ဘုရား, ဖြစ်ချင်လဲ ဖြစ်နိုင်တာပါဘဲ၊ တပည့်တော်တို့အမျိုးက အများအားဖြင့် ချွေတာရေး အားကြီးလွန်းပါ တယ်။

**စမ္မဂုတ်**။ ။ဟုတ်တယ်, ဟုတ်တယ် — ဇာတ် အငြိမ့် လူပြက်တွေကတောင် "ဖြစ်လေရာ ဘဝသံသရာမှာ သရိုင်ရွာရဲ့ဆီပုလင်း မဖြစ်ပါရစေနဲ့" လို့ ဆုတောင်းသတဲ့၊ လူပြက်တယောက်က ( ဘာပြုလို့တုန်း )လို့ မေးတော့ "ဆီများများ မကျအောင် ဆီပုလင်းအပေါက်ကို လက်နဲ့ပိတ်-ပိတ်ပြီး ဟင်းအိုးအထက်မှာ လှဲ့ရမ်းတဲ့အခါ မူးလွန်းလို့" ဟု ပြက်လုံးထုတ်ကြ သတဲ့။

**တပည့်တော်**။ ။ အဲဒီပြက်လုံးအတိုင်း မဟုတ်ပါဘုရား၊ အဲဒီခေတ်တုန်းက ဆီပုလင်းတောင် မသုံးသေးပါဘူး၊ ဆွေမျိုးများရဲ့ အိမ်တိုင်းမှာ အများ အားဖြင့် ပိုလို့ရောင်းဘို့ ဆီအိုးကြီး, အိမ်မှာ တနှစ်လုံးသုံးဘို့ ဆီအိုးလတ်, မီးဖိုထဲမှာသုံးဘို့ ဆီအိုးငယ်ငယ်ကလေး၊ အဲဒီလို ၃ မျိုး ထားကြပါတယ်၊ ဆီအိုးငယ်ငယ်ကလေးမှာ ဆီကုန်ရင် ဆီအိုးလတ်ကဆီကို ယူပါတယ်၊ အဲဒီ အိုးကလေးထဲမှာ ထန်းသီးအငယ်ကလေးကို လုပ်ထားတဲ့ ဆီမှုတ်ပေါက်စ ကလေး ရှိပါတယ်၊ အရွယ်ကတော့ လက်ညှိုးနှင့် လက်မ ကွင်းထားတဲ့ လက်ကွင်းလောက်သာ ရှိပါတယ်၊ အဲဒီမှုတ်ကလေးနဲ့ယူပြီး ဟင်းအိုး

ထဲမှာ ထည့်တာဖြစ်တော့ ဘယ်အခါမှ ပိုလျှံမသွားနိုင်ပါဘူး၊ နောက် အိုးပ်ရာထဲမှာ ကလေးတွေကို ဆီဆမ်း ဆားဖြူး ထမင်းကျွေးလျှင် အဲဒီ မွှတ်ကလေးကို ထမင်းထဲ လှည့်ပတ် ဖိလိုက်တာပါဘဲ ဆီကဇတော့ တစက် ၂စက်သာသာလောက်သာ ဆမ်းတာပါ။

**မမှုဂုတ်။** ။ဒီလို စည်းကမ်းကြီးကြီးနဲ့ နှမြောလို့လဲ ရှေးလူကြီးတွေက "ငါတို့ အမျိုးမှာ လူမွဲမရှိဘူး" လို့ ကြွားကြွဟန်တူတယ်။

**တာပည့်တော်။** ။ဟုတ်လောက်ပါတယ်, တပည့်တော်တို့အမျိုးရဲ့ တစမ်းကဲ့နှင့် အရင်းထဲမှာ တပည့်တော်ရဲ့ မိဘများဟာ ပစ္စည်းအညီဆုံးလို့ ထင်ပါ တယ်၊ ဘာ့ကြောင့်လဲဆိုတော့ စပါးထားတဲ့ကျီဟာ တပည့်တော်တို့ကျီက အငယ်ဆုံးပါ, စပါး တထောင်လောက်သာ ဝင်ဆံ့နိုင်ပါတယ်၊ ဒါပေမဲ့ လှည်း, နွား, ကျွဲ အစုံရှိတဲ့အပြင် အဖေစီးဘို့ မြင်းတစီးလဲ ရှိပါသေးတယ်၊ လယ်ယာလုပ်တဲ့အခါ စာရင်းငှါးတယောက် ကြီးကြီးလဲ ထားလေ့ရှိပါ တယ်, အဖေက သိပ်ပြီး အပင်ပန်းမခံပါဘူး။

**မမှုဂုတ်။** ။ကိုယ်တော်တို့ရဲ့ ရှေးခေတ်အမျိုးက နှမြောတာတော့ မှတ်တမ်း တင်လောက်ပါတယ်၊ အဲဒီလို နှမြောလောက်အောင် ပစ္စည်းရှိတာက ဘာ့ အကြောင်းလဲ။

**တာပည့်တော်။** ။ ဒီဟာလဲ လုံလောက်တဲ့အကြောင်း ရှိပါတယ်၊ သားနဲ့ သမီးတို့ အိမ်ထောင်ကျတဲ့အခါမှာ ၂ ယောက်လုံး ဆွေမျိုးချည်း ဖြစ်တော့ ယောက္ခမမိဘတအိမ်အိမ်မှာ လူကြီးတွေနဲ့ အတူနေကြပါရတယ်, အိမ်ကလဲ နေလောက်အောင် ကျယ်ဝန်းပါတယ်, လူကြီးများက ကျွေးထားပါတယ်၊ တချို့မှာ အဝတ်လဲ ဆင်တယ်, ဒီတော့ သူတို့ မင်္ဂလာဆောင်တုန်းက လက်ဖွဲ့လိုက်ကြတဲ့ ငွေဟာ သုံးစရာမလိုပါဘူး, စပါး ဝယ်ကြပါတယ်၊ အိုးအင်းကျွတ်လျှင် ကထိန်လဲခင်းနိုင်ကြပါတယ်, ကိုယ်ပိုင်စပါး တော်တော် များပြီး အိမ်ငယ်တလုံးနဲ့ နေနိုင်လောက်မှ အိမ်ခွဲကြပါတယ်၊ အဲဒီလို အိမ်မှရှိတော့လဲ မိဘများရဲ့ ခြံထဲမှာ အိမ်ဆောက်ရတာဖြစ်တော့ လူကြီး များရဲ့ အုပ်အထိန်း မကင်းပါဘူး။

**မမှုဂုတ်။** ။လူကြီးများနဲ့ တဝင်းထဲနေရတော့ အဖေါ်အပေါင်း မကောင်း နဲ့လဲ မပေါင်းဖြစ်, ထို အပေါ်အပေါင်း မကောင်းကလဲ မလာကြ, ဒီတော့ အရွယ်သော်အစား အကစားဆိုတာလဲ မဖြစ်နိုင်၊ ဒါကြောင့် ဖစ္စည်းသာ မရှာ စာရိတ္တဘက်ကလဲ ထိန်းပြီးသားဖြစ်သွားတာပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်–အသုံးအစွဲမှာလဲ လူကြီးတွေနဲ့ အတူနေ အတူစာ ဖြစ်တုန်းက လက်ထပ်သင်ပြီးဖြစ်လို့ စနစ်ကျနေပါတယ်၊ ဒီလိုနေရင်းက တဖြေးဖြေး စပါးများလာတဲ့အချိန်မှာ တဖက်ဖက်က အမွေရပြန်တော့ သာပြီး အားရှိသွားပါတယ်၊ တချို့တော့ စပါးသာ ပိုပြီးလျှောင်ပါတယ် အိမ်တော့ ကြီးကြီးကျယ်ကျယ် မဆောက်သေးပါဘူး၊ စပါးကျီနဲ့ တွဲပြီ နေကြပါတယ်၊ "ဦးသာရ"ဆိုတဲ့ ဦးကြီးတယောက်ဟာ ပဌမဆုံး အမြတ် တော်ခွန် ကောက်တဲ့စနစ် ပေါ်လာတော့ အမြတ်တော်ခွန် ပေးရပါတယ် စပါးကျီနဲ့ တွဲနေတုန်းဖြစ်တော့ အမြတ်တော်ဝန်ထောက်က ကိစ္စရှိ၍ နာမည်မမှတ်မိကဲ့အခါ " ဘယ်သူတဲ့ဗျာ၊ အိမ်မရှိတဲ့လူကြီးဟာလေ " ပ ပြောပါသတဲ့။

**ဓမ္မဂုတ်။** ။ဟုတ်ပါရဲ့၊ ကိုယ်တော်တို့အမျိုးက စီးပွားရှာရေးတော့ နာမည ရတဲ့ အမျိုးပါဆဲ။

**တပည့်တော်။** ။မှန်ပါတယ်၊ ဒုတိယကမ္ဘာစစ်ဖြစ်တော့ တဝမ်းကွဲ အမျိ တွေရဲ့ စီးပွားဟာ အတော်မြင့်နေပါပြီ၊ ဦးလေးတယောက်ဟာ စပ ရောင်းယင်း ငွေစက္ကူတွေသိမ်းယင်းနဲ့ ဝက်လက်မှာ ဗုံးချတော့ ပါသွ ရှာပါတယ်၊ ဒီလို အမေ့ဘက်ကအမျိုးတွေ စီးပွားတက်နေချိန်မှာ အမေ ပစ္စည်းအညံ့ဆုံးအချိန် ရောက်နေတော့ အမေဟာ ပိုပြီး စိတ်မကော ဖြစ်ရှာပါတယ်။

**ဓမ္မဂုတ်။** ။ဘာပြုလို့ ကိုယ်တော့်မိဘက စီးပွားညံ့ရသလဲ။

**တပည့်တော်။** ။ဒီကိစ္စကို နောက်မှ ပြောပါရစေဘုရား၊ နဲနဲ ကျယ်ဝန်း တယ်၊တပည့်တော် ကျောင်းနေစအချိန်မှာ အမျိုးထုံးစံအတိုင်း သားရှင် လုပ်နိုင်ကြတာဖြစ်တော့ တပည့်တော်ယံစဉ်က မမွဲကြသေးပါဘူး။

**ဓမ္မဂုတ်။** ။ကိုယ်တော်ကျောင်းနေတာ ရှင်ပြုပြီး နောက်တနှစ် တပို့တွဲလပြ နေ့ဆိုတော ၆ နှစ်ပြည့်လုပြီနော်။

**တပည့်တော်။** ။မှန်ပါတယ်၊ ၆ နှစ်ပြည့်ဘို့ရန် ၁၄ ရက်သာလိုပါတော့တပ ကျောင်းနေစအခါမှာ ဘိုးက စိတ်မချလို့ နေ့တိုင်းလိုက်ပို့ပါသေးတယ်

**ဓမ္မဂုတ်။** ။ကျောင်းနဲ့ ရွာနဲ့က ဝေးလို့လား။

**တပည့်တော်။** ကျောင်းနဲ့ ရွာနဲ့က မဝေးပါဘူး၊ ဒါပေမဲ့ တပည့်တော် အိမ်က ရွာလယ်မှာဆိုတော့ နဲနဲဝေးတယ်လို့ ဆိုရမှာပါ။

**ဓမ္မဂုတ်**။ ။ရွာ့အလယ်မှာ အိမ်ရှိတယ်ဆိုတော့ ကိုယ်တော်တို့အိမ်က သိပ်ကြီးကျယ်သလား။

**တပည့်တော်**။ ။မကြီးကျယ်ပါဘူး, အဖေ့ဘက်က ဘိုးရဲ့မိဘ ဘိုးဘွားများလက်ထက်က ရွာထဲမှာ ဂုဏ်တော်တော်ရှိဟန်တူပါတယ်၊ ဘိုးရဲ့ အမနေ့ါ်လေးကြီးဆိုသူနှင့် အကြောင်းပါတဲ့ ဘိုးအကြီးဟာ တနယ်လုံးထင်ရှားတဲ့ ပစ္စည်းရှင် ဖြစ်ပါတယ်၊ တပည့်တော်တို့အမွေရတဲ့ ဘိုးအိမ်ကတော့ ၄ ခန်း ၃ ခန်းသာရှိတဲ့ ၂ ဆောင်ပြိုင်အိမ်ကလေးပါ၊ မီးလောင်ပြီးမှ ကဗျာကယာဆောက်ရတဲ့အတွက် ခမ်းခမ်းနားနား မရှိလှပါဘူး၊ ဒါပေမဲ့-အိမ်နေရာဝင်းက လမ်း ၃ လမ်းဆုံတဲ့ ရွာ့အလယ်မှာ တည်နေတာဖြစ်တော့ နံနက် ဆွမ်းခံချိန် လူကြီးနဲ့နဲ, ညဦးဦးအချိန်မှာ လူကြီးတွေ များများစုပြီး လဘက်ရည်သောက်ကြ, စကားပြောကြနဲ့ တော်တော်စိုပြေပါတယ်၊ ဒီသူကြီးတွေလာပြီး စကားပြောကြလို့လဲ တပည့်တော်မှာ ငယ်ငယ်က လဘက်ရည်တည်ပေးယင်း အကြားအမြင် ဗဟုသုတ အတော်ရပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်ဟာ ကံလဲ ကောင်းတယ်နော်, ငယ်ငယ်ကလေးက လူကြီးတွေနဲ့ နီးနီးကပ်ကပ် နေခဲ့ရတယ်၊ ညဦးဦးက စကားပြောကြတော့လဲ ကိုယ်တော်က မအိပ်ဘဲ နားထောင်နေတာဘဲလား။

**တပည့်တော်**။ ။ဘာဟုတ်မလဲ, အိပ်ချင်တဲ့အခါ လူကြီးတွေ စကားပြောတဲ့ ၂ ခန်းပေါက် ခင်ြင်ကြီးပေါ် လူကြီးတွေအနား လှဲလိုက်တာဘဲ, ဘိုးတို့အဖေတို့က "အိမ်ပေါ်ကို တက်အိပ်ချေ" လို့ ပြောလဲ အိမ်ပေါ်မှာ တစ္ဆေကြောက်လို့ မတက်ဝံ့ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ငယ်ငယ်က သတ္တိနဲ့သလား။

**တပည့်တော်**။ ။လူချင်းတော့ သိပ်ကြောက်တတ်မယ် မထင်ပါဘူး, တစ္ဆေကိုယ်တော့ အတော်ကြီး ကြောက်တတ်ပါတယ်၊ သို့ပေမဲ့- တစ္ဆေထက်ဆရာကိုကြောက်တာက ပိုဟန်တူပါတယ်၊ ၉ နှစ်ထက် မကြီးသေးတဲ့အရွယ်မှာ အိမ်-အိပ်ပါတယ်, ကျောင်းက လက်ထောက် ဦးပဉ္စင်းက နက်ဖန်ညောင်ပင်တွင်းရွာမှာ ဆွမ်းကြီးခံကိစ္စရှိလို့ လိုက်ရမယ်, စောစောလာခဲ့လို့ မှာပါတယ်၊ တပည့်တော် တရေးနိုးတော့ ကျောင်းသွားဘို့ ပြင်ပါတယ်, အမေက အစောကြီး ရှိသေးတယ်လို့ ပြောပေမဲ့ ဦးပဉ္စင်းဆိုမှာ

ကြောက်လို့ ကျောင်းသွားပါတယ်၊ ကျောင်းနဲ့ ရွာနဲ့ အကြားမှာ ကုက္ကိုပင်ကြီးက တစ္ဆေချောက်တတ်တယ်လို့ ကျောင်းသားကြီးတွေကလဲ ပြောကြပါတယ်၊ဒါပေမဲ့ တစ္ဆေကြောက်ကြောက်နဲ့ဘဲ ဆရာကို ပိုကြောက်လို့ တယောက်ထဲ သွားပါတယ်၊ ကျောင်းရောက်တော့ နာရီပြန် ၂ ချက်သာ ထိုးပါသေးတယ်၊ ထပ်အိပ်ပြီး ညောင်ပင်တွင်းသွားခါနီးမှ ထ–တဲ့အခါ မိုးနေလို့ မလိုက်နိုင်တော့ပါဘူး။

**ဓမ္မဂုတ်**။ ။အကြောက်လွန်ပြီး မူးတာထင်ပါတယ်။

**တပည့်တော်**။ ။မသိပါဘူး ဘုရား, အအေးမိလို့ မူးတာလဲ ဖြစ်နိုင်ပါတယ်။

**ဓမ္မဂုတ်** ။ ။ ကိုယ်တော် တစ္ဆေကြောက်တဲ့ အကျင့်က ဘယ်အရွယ်ကျမှ ပျောက်သလဲ။

**တပည့်တော်**။ ။တပည့်တော် တစ္ဆေကြောက်တတ်တဲ့ အကျင့်က ကျမ်းစာ ဗဟုသုတ ရင့်ကျက်မှ ပျောက်သွားပါတယ်၊ ဒါကြောင့် တပည့်တော် တောင်မြို့ရောက်မှ မြောင်းမြဆရာတော် ကြွလာတဲ့အခါ ဦးပဥ္စင်းများကို မေးပါသတဲ့၊ "ဦးပဥ္စင်းတို့ရဲ့ ဆရာက တယောက်ထဲအိပ်ဝံ့သလား" လို့, အိပ်ဝံ့တဲ့အကြောင်း လျှောက်ကြတော့ "အော်....တယ် တော်နေပါလား" လို့ မိန့်တော်မူပါသတဲ့။

**ဓမ္မဂုတ်**။ ။ကိုယ်တော် ကျောင်းရောက်တဲ့အခါ အောက်တန်းစာများသင်ရပုံကို ပြောစမ်းပါဦး။

**တပည့်တော်**။ ။ထုံးစံအတိုင်းပေါ့ ဘုရား–သင်ပုန်းကြီး, မင်္ဂလသုတ်, ဆုမ္မစာ, လက္ခဏာတော်ကြီး ဘုရားရှိခိုး, ပရိတ်ကြီးပါဠိ, လောကနီတိတို့ကို အစဉ်အတိုင်း တက်ရပါတယ်။

**ဓမ္မဂုတ်**။ ။ဒီစာတွေကိုသင်နေရတာ ဘယ်လောက်ကြာသလဲ။

**တပည့်တော်**။ ။တပည့်တော်က ကျက်ဉာဏ်ထက် မမေ့တဲ့ဉာဏ်က ပိုကောင်းပါတယ်၊ သင်ပုန်းကြီး တော်တော်များများကို ဘိုးက ချပေးထားလို့ ကျောင်း ရောက်တဲ့အခါ သိပ်ပြီး ကြာကြာ မတက်ရပါဘူး, ရပြီးတွေလို ဖြစ်နေပါတယ်၊ လောကနီတိတိုင်အောင် တနှစ်ခွဲလောက်သာ ကြာမယ် ထင်ပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ မြန်တာပေါ့နော်, လောကနီတိကုန်တဲ့အခါ စာရေး–စာဖတ် သွက်ပလား, သတ်ပုံများကော နားလည်ပလား။

**တပည့်တော်**။ ။အဲဒီဟာကတော့ ဂွဘဲဘုရား, သင်တုန်းကိုက စာအရေး အသားကို ဦးစားပေးသင်တာ မဟုတ်တော့ သတ်ပုံ မမှန်သော စာရေး နည်းတောင် မတတ်ပါဘူး။

**ခမ္မဂုတ်**။ ။သတ်ပုံ မသင်ရဘူးလား။

**တပည့်တော်**။ ။"ငါးမည် ရွှေကြာ, ခက်ညွန့်ဖြာ, စိမ်းပြာကိုလည်း ရစ်ရမည်" စသော သတ်ပုံ သံပေါက်ကို ကျက်ရပါတယ်၊ ဒါပေမဲ့ သံပေါက်ရတာဘဲ ရှိတယ်၊ ရေးနည်းပုံစံကို မပြတော့ သတ်ပုံမှန်အောင် မရေးတတ်ပါဘူး၊ ကြီးတဲ့အခါ ကျမ်းစာရေးတော့တောင် သတ်စုံစာအုပ်ကို အနားထားရ ပါတယ်, ဒါတောင် မှားမှား နေပါသေးတယ်။

**ခမ္မဂုတ်** ။ ။ ဟုတ်ပါ့ ကိုယ်တော်, တပည့်တော်တို့ရဲ့ ဘုန်းကြီးကျောင်း တွေဟာ ရှေးရှေး ခေတ်က သတ်ပုံအရာမှာ ခေါင်းဆောင် လုပ်နိုင်တဲ့ ပညာရှိတွေ ထွက်ခဲ့ပါလျက်ကနဲ့ နောက်ပိုင်းကျတော့ သတ်ပုံညံ့ရတယ် ဆိုတာ သိမ်ဝမ်းနည်းစရာပါဘဲ။

**တပည့်တော်**။ ။အရှင်ဘုရား....သတ်ပုံညံ့ဆိုတာတော့ မပြောနဲ့တော့, တချို့ စာတော်တော် — တော်မှ စာပေးစာယူပြုတဲ့အခါ "**အကျောင်းစကား မှာကျဒ့္ဒ္ လိုက်ပါသည်** "ဟု **ကျောင်း + ကျား** တို့ကို ယပင့်ဖြင့် ရေးပါ သေးတယ်။

**ခမ္မဂုတ်**။ ။ဟုတ်တယ်, ဟုတ်တယ်— ဘုန်းကြီးကျောင်းထွက် လူဝတ်ကြောင် တွေကျတော့ စာရေးပုံဟာ သွက်သွက်လည်အောင် မှားကုန်တော့တာဘဲ။

**တပည့်တော်**။ ။မှားတာမှ တချို့ အမှားဟာ ရယ်စရာကောင်းအောင်ဖြစ်သွား ပါတယ်၊ စစ်ကိုင်းချောင် ခေတ္တနေတုန်းဟာ နံနက် ဆွမ်းစားသွားယင်း လမ်းမှာပစ်ထားတဲ့ စာရွက်စုတ်ကလေးကို ကောက်ယူပြီး ဖတ်မိပါတယ်၊ အဖေက သမီး သီလရှင်ထံ ပေးတဲ့စာထဲမှာ "**ငါ့သမီး မြစ်တာကျောင့် အဖေလီး မာပါ၏**" တဲ့။

**ခမ္မဂုတ်** ။ ။ ဟား ဟား— ဟုတ်ပြီ ကိုယ်တော်, ဒါကြောင့် အထက်မြို့မှာ ဘွင်းဘွင်း ပြောလေ့ရှိတဲ့ ဆရာတော်ကြီးတပါးအထံ သီလရှင်ကလေး တယောက်က လျှောက်သတဲ့။

**တပည့်တော်**။ ။ဘယ်လို လျှောက်သတဲ့တုန်း ဘုရား။

**ဓမ္မဂုတ်**။ ။တပည့်တော်ရဲ့ သီလရှင်ဆရာကြီးက သင်္ဂြိုဟ်ပို့ချတော့ " စိတ္တံ– စိတ်လည်းကောင်း စေတသိကံ – စေတသိက်လည်းကောင်း " ဆိုတဲ့ နိဿယမှာ "လည်း"ကို မထည့်ဘဲ " စိတ္တံ– စိတ်ကောင်း, စေတသိကံ – စေတသိက်ကောင်း"လို့ ချပေးပါတယ်,မှန်ပါသလားလို့ လျှောက်သတဲ့။

**တပည့်တော်**။ ။ဒီတော့ ဆရာတော်ကြီးက ဘယ်လိုအမိန့်ရှိသတဲ့တုန်းဘုရား။

**ဓမ္မဂုတ်**။ ။ဒီတော့ ဆရာတော်ကြီးက.... ဟာ – နင်တို့ဆရာ "လည်း"အကြံမှားနေပြီ, နင်တို့ဆရာကြီး ကြောက်တဲ့ဟာက"လုံးကြီးတင် ဆန်ခတ်ပါ" ဟ, ဒီလည်းက စိတ်နဲ့ စေတသိက်တို့ကို စုစည်းတဲ့ သမုစ္စည်းအနက်ဟော "လည်း" ပါလို့ မိန့်တော်မူပါသတဲ့။

**တပည့်တော်**။ ။ဟုတ်ပါတယ်ဘုရား, ပါဠိမှာ သတ်ပုံလို့ ခေါ်နိုင်တဲ့ အက္ခရာမှားလျှင် အနက်အဓိပ္ပါယ် အယူအဆ မှားနေသလိုဘဲ, မြန်မာစာမှာလဲ သတ်ပုံအက္ခရာမှားလျှင် အနက်အဓိပ္ပါယ်အယူအဆမှားတာပါဘဲ၊ဒီတော့ တပည့်တော်တို့ရဲ့ ဘုန်းကြီးကျောင်းတွေမှာ သတ်ပုံသတ်ညွှန်းနှင့်စာကွ စာရေး ဆင်ရတဲ့ ရှေးနည်းကို ပြင်သုံးကြဘို့ ကောင်းနေပါပြီ ဘုရား။

**ဓမ္မဂုတ်** ။ ။ ကိုယ်တော် ငယ်ငယ်က စာရေးတဲ့ အလေ့အထနဲ့ပြီး သတ်ပုံ မမှန်တာ ရှိပါစေအုံး, စာဖတ်ကတော့ ဘယ့်နှယ်တုန်း။

**တပည့်တော်**။ ။စာဖတ်ကတော့ ဝါသနာပါလို့ ဖတ်တတ်ပါတယ်, အိမ်မှာ ဘိုးရဲ့ စာအုပ်တွေရှိပါတယ်၊ " ဒါးပိန်ရိမ်းဆရာ ရေးတဲ့စာအုပ်, ရှင်ယောဟာ– ဝေဂိလိကျမ်း, မြို့ပြင်ကြီး သင်္ဂြိုဟ်အကောက်, ဗားကရာသင်္ဂြိုဟ် နိဿယ, ဇိနတ္ထပကာသနီ, မဟာဝင်ကျမ်းနှင့် – အီနောင်ပြဇာတ်ကြီး" ဆိုတဲ့ စာအုပ်များ ရှိပါတယ်, ရှိသမျှစာအုပ်တွေကို ဖတ်ပါတယ်၊ ပြဇာတ်ထဲမှာ အီနောင်မင်းသား ပွတ်စပါးမင်းသမီးတို့ အကြောင်းကို တော်တော်ကြေအောင် ဖတ်ခဲ့ပါတယ်၊ ချဉ်ပေါင်ရွက်သယ် မှောင်မှိုင်း ပြဇာတ်လဲ ဖတ်ခဲ့ပါတယ်။

**ဓမ္မဂုတ်**။ ။ဒါဖြင့် ကိုယ်တော်ဟာ စာဖတ်တော့ မညံ့ဘူးပေါ့နော်, စာဖတ်မညံ့တော့ ကိုယ်သန်တဲ့ စာဖတ်ကို ကြိုးစားဖတ်မှာပါဘဲ၊ အဲဒီလို စာဖတ်ရာမှာ ရတဲ့ ဗဟုသုတက ကိုယ်တော့်အတွက် ကလေးဘဝမှာ ကြီးပွားဘို့ရာ မျိုးစေ့လို့ ဆိုရမှာဘဲနော်။

**တပည့်တော်**။ ။ဆိုနိုင်ပါတယ်, ဘာမဆို ကလေးဘဝမှာ ဝါသနာအလိုက် လုပ်လေ့ ရှိကြပါတယ်၊ အဲဒီ ဝါသနာဟာ ဝါသနာကောင်းဖြစ်လျှင် နောင်ခါကြီးပွားဘို့ မျိုးစေ့ဖြစ်တာချည်းပါဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်မှာ စာဝါသနာပါတဲ့ ဘိုးနဲ့အတူ နေရတာလဲ ကံကောင်းတမျိုးလို့ ဆိုရပေမှာပေါ့။

**တပည့်တော်**။ ။ဘိုးက စာအုပ်စုတာဘဲ ထင်ပါရဲ့, စာဖတ်တော့ ဝါသနာ ပါလှတယ် မထင်ပါဘူး၊ ဒါပေမဲ့-ရိုးသားခြင်း, သတ္တိမနဲခြင်း, လူကြီး ပီသခြင်းဆိုတဲ့ ဂုဏ်နဲ့, မျိုးရိုးဂုဏ်ကတော့ လုံလုံလောက်လောက်ရှိဟန်တူ ပါတယ်၊ သို့သော် စောစော ကွယ်လွန်သွားရှာတဲ့ အဖွားစောမေလောက် မတော်ဘူးလို့ ပြောသံကြားဘူးပါတယ်၊ ဝမ်းကွဲအကိုလတ်တယောက်ကို "ဘိုးနဲ့ အဖွား, ဘယ်သူက အရည်အခြင်း သာသလဲ "လို့ မေးဘူးပါ တယ်၊ "အဖွားက သာတယ်, ဒါပေမဲ့-ယခုလူတွေ(ဆွေမျိုးတွေ )ဘိုးကို တယောက်မှ မမှီးဘူး"လို့ အကိုလတ်က ပြောဘူးပါတယ်။

**ဓမ္မဂုတ်**။ ။ဂဏန်းသင်္ချာတော့ သင်ခဲ့ရရဲ့လား။

**တပည့်တော်**။ ။"နော ဧက နော, နဝ ဒွေး, အသ်ဋ္ဌ ဒသ"ဆိုတဲ့ လင်္ကာကို ကျက်ပြီး ဂဏန်းတွက်ခဲ့ရပါရဲ့၊ ဒါပေမဲ့-သက္ကတ အသံထွက်ဖြစ်တော့ "ကိုး တလီ ကိုး, ကိုး နှစ်လီ တဆယ့်ရှစ်"လောက် မလွယ်ပါဘူး။

**ဓမ္မဂုတ်**။ ။ဘယ်အထိ သင်ပေးလေ့ ရှိကြသလဲ။

**တပည့်တော်**။ ။ရှေးရှေးကတော့ ရောင်းတဲ့ ဝယ်တဲ့အခါ အသုံးပြုနိုင်လောက် အောင် သစ်တွန်တွက်နည်းပါ သင်ရိုးတွင် မကု, တချို့ ကျောင်းသားကြီး များကို ဗေဒင်တောင် သင်ပေးတယ်လို့ ကြားဘူးပါတယ်၊ တပည့်တော် တော့ မသင်ခဲ့ရပါဘူး၊ နဲနဲပါးပါး ဂဏန်းသင်ပြီးရင် "ဘုန်းကြီးဖြစ် လောက်တဲ့ ကလေးဘဲ"ဟု ယူဆပြီး သဒ္ဒါကို သုတ်စဉ်ကစ၍ သင်ပေးကြ ပါတယ်။

**ဓမ္မဂုတ်**။ ။ရှေးရှေးက ဘုန်းတော်ကြီးကျောင်းတွေမှာ"နော ဧက နော"မှ စ၍ ဂဏန်းပါခဲ့လျက် နောက်တော့ ဘာ့ကြောင့် အဆက်ပြတ်သွားသလဲ။

**တပည့်တော်**။ ။အကြောင်းနဲ့ အကျိုးဆိုတာ အမြဲ ဆက်သွယ်နေပါတယ်၊ ဂဏန်းသင်္ချာကို ဘုန်းကြီးကျောင်းများမှာ မသင်တဲ့ အကြောင်းလဲ အဆက်ရှိပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်လို ဆက်သလဲ ကိုယ်တော်။

**တပည့်တော်။** ။အင်္ဂလိပ်က မြန်မာနိုင်ငံအောက်ပိုင်းကို သိမ်းယူပြီးနောက် ကောဇာသကရာဇ် ၁၂၂၅ ( တထောင့်နှစ်ရာ့ နှစ်ဆယ့်ငါး ) ခုနှစ် လောက်မှာ "ဆာအာသာဖယ်ရာ" ဆိုသူ မဟာဝန်ရှင်တော်မင်းကြီး က....

(၁) ဘုန်းတော်ကြီး ကျောင်းများ၏ အဆောက်အဦး အဝန်းအဝိုင်း ကောင်းမွန် ကျယ်ပြန့်ပုံကိုရင်း။

(၂) ဆရာဘုန်းတော်ကြီးများ၏ သြဇာ ကြီးမားပုံကိုရင်း။

(၃) ဘုန်းတော်ကြီးများ သင်ပြအပ်သော အစာတ်ပညာဟို၏ လိမ်မာ ယဉ်ကျေးမှုနှင့် အကျင့်စာရိတ္တကောင်းမွန်မှုအတွက် ကျေးဇူးများပုံကို ရင်း, သိမြင်သောကြောင့် တိုင်းရင်းဘာသာ ပညာသင်ကြားရေး အတွက် ဘုန်းတော်ကြီးကျောင်းများကိုသာလျှင် အားကိုးအားထား ပြုထိုက်ကြောင်း။

ထိုကျောင်းများ၌ သင်ကြားမြဲဖြစ်သော ဗုဒ္ဓဘာသာ သင်ခဏ်းစာအပြင် လောကီရေးရာအတွက် အသုံးဝင်မည့် သင်ခဏ်းစာများကိုလည်း သင်ကြား ပြသတော်မူပါရန် ဘုန်းတော်ကြီးများကို တောင်းပန် လျှောက်ထားသင့်ကြောင်း။

ထိုသို့ လျှောက်ထားရာ၌လည်း ဖြစ်မြောက်အောင် ( ဉာဏ်ပညာဖြင့် မြော်မြင် နိုင်းဆ၍ ) လျှောက်ထားရန်လိုကြောင်း, လိုရာ စာအုပ်များ ကိုလည်း ဘုန်းတော်ကြီးများအား လှူဒါန်းရမည်ဖြစ်ကြောင်း။

မြို့ငယ်များနှင့် ကျေးရွာများတွင် အိမ်-ကျောင်း, (ယခုခေတ် လူ စာသင် ကျောင်း ) များ ဖွင့်လှစ်ခဲ့သော ဘုန်းတော်ကြီးကျောင်းများနှင့် အပြိုင်အဆိုင် ဆန့်ကျင်ဘက်ဖြစ်သည်-ဟု ယူဆကြမည်ကို စိုးရိမ် ရကြောင်း။

သို့အတွက် ဘုန်းတော်ကြီးကျောင်းများနှင့် အပြိုင်အဆိုင်သော်၎င်း, ထို ဘုန်းတော်ကြီးကျောင်းများကို ဖြည့်စွက်သည့် အနေအားဖြင့်သော် ၎င်း, အိမ်ကျောင်းများ မဖွင့်သင့်ကြောင်း ညွှန်ကြားပါသတဲ့။ (ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေး မော်ကွန်းမှ ကောက် နှုတ်ချက် ဖြစ်ပါသည်)။

**မမှုဂုတ်**။ ။ တထောင့်နှစ်ရာ နှစ်ဆယ့်ငါးခုနှစ်က ဆိုတော့ အထက်နိုင်ငံမှာ မြန်မာရှင်ဘုရင် ရှိသေးတာပေါ့နော်, ဒီတော့ အဲဒီစီမံကိန်းဟာ အောက်နိုင်ငံအတွက်ပေါ့။

**တပည့်တော်**။ ။မှန်ပါတယ်, အောက်နိုင်ငံအတွက်ဖြစ်ပါတယ်၊ အဲဒီ စီမံကိန်းကြောင့် အောက်နိုင်ငံမှာ ၁၂၂၉ (တထောင့်နှစ်ရာနှစ်ဆယ့်ကိုး) ခုနှစ်မှာ အစိုးရ အသိအမှတ်ပြုအပ်သော ဘုန်းတော်ကြီးစာသင်ကျောင်းပေါင်း ၃၁ ကျောင်းရှိ၍, တထောင့်နှစ်ရာ လေးဆယ့်ရှစ်ခု နှစ်၌ ၃၉၇၅ (သုံးထောင့်ကိုးရာ ခုနစ်ဆယ့်ငါး)ကျောင်းအထိ ရှိခဲ့ပါသတဲ့။

**မမှုဂုတ်**။ ။အထက်နိုင်ငံမှာတော့ကော။

**တပည့်တော်**။ ။အထက်နိုင်ငံကို သိမ်းပြီးတဲ့အခါ ထိုအတိုင်းပင် စီစဉ်သောကြောင့် ကောဇာသကရာဇ် ၁၂၅၈ (တထောင့်နှစ်ရာငါးဆယ့်ရှစ်)ခုနှစ်မှာ အစိုးရ အသိအမှတ်ပြုအပ်သော ဘုန်းတော်ကြီး စာသင်ကျောင်းပေါင်း ၂၀၉၈ (နှစ်ထောင့်ရှစ်ရာကိုးဆယ့်ရှစ်)ကျောင်း ရှိပါသတဲ့။

**မမှုဂုတ်**။ ။ ဒီလိုဆိုရင် အထက် အောက် ၂ ရပ် ပေါင်းတော့ ၆၀၇၃ (ခြောက်ထောင်ရှစ်ရာခုနစ်ဆယ့်သုံး)ကျောင်း ရှိတာပေါ့နော်၊ ဒီကျောင်းတွေက သတ်ပုံမှန်မှန်နှင့် ဂဏန်းသင်္ချာရော, ဘာသာရေး ယဉ်ကျေးမှုရော သင်ပေးတယ်ဆိုတော့ တော်တော် အားရစရာ ရှိပါတယ်။

**တပည့်တော်**။ ။ဒါပေမဲ့—ဘုန်းတော်ကြီးများ၏ ကလေးများ စာသင်ပေးတဲ့ ကျောင်းက နောက်ပိုင်းမှာ တိုးမလာဘူးဘုရား၊ တဖြေးဖြေး ရှော့သွားပြီး ကောဇာသကရာဇ် ၁၂၇၈(တထောင့်နှစ်ရာခုနစ်ဆယ့်ရှစ်)ခုနှစ်ကျတော့ အထက် အောက် ၂ ရပ်ပေါင်းမှ အစိုးရ အသိအမှတ်ပြုအပ်သောကျောင်းပေါင်း ၃၀၉၂ (သုံးထောင့်ကိုးဆယ့်နှစ်) ကျောင်းသာ ရှိပါတော့သတဲ့။

**မမှုဂုတ်**။ ။ဟာ—တဝက်သာသာကြီးကို ရှော့သွားတာဘဲနော်။

**တပည့်တော်**။ ။မှန်ပါတယ်, ဘုန်းကြီးစာသင်ကျောင်းများ ရှော့သွားတော့ လူဆရာသင်ပြတဲ့ စာသင်ကျောင်းတွေ ဟုန်းကနဲထလာတာပါဘဲ, ၁၂၇၈ (တထောင့်နှစ်ရာခုနစ်ဆယ့်ရှစ်)ခုမှာ လူဆရာတို့၏စာသင်ကျောင်းပေါင်း ၃၆၇၀ (သုံးထောင့်ခြောက်ရာခုနစ်ဆယ်) အထိ ရှိလာပါသတဲ့။

**မမှုဂုတ်**။ ။ဘုန်းတော်ကြီးများ ဆိုတာ ဆွမ်းဒကာ, ဆွမ်းအမများရဲ့ သားကလေးတွေကို ပညာသင်ပေးရိုးထုံးစံဖြစ်ရက်သားနဲ့ အစိုးရက တမင်္ဂလာ

အသိအမှတ်ပြုတဲ့အခါကျမှ ဘာပြုလို့ မသင်ကြတဲ့ ကျောင်းအရေအတွက် လျော့သွားရတာလဲ။

**တပည့်တော်။** ။ကိုယ့်ဘာသာကိုယ် ခေတ်နဲ့လျော်စွာ တတ်အောင်သင်ပေးဘို့သာ ဘုန်းတော်ကြီးများရဲ့ မူရင်းတာဝန်ဖြစ်ပါတယ်၊ ယခုတော့ အစိုးရ အထောက်အပံ့ကိုယူပြီး သင်ကြတာဖြစ်တော့ မူရင်းပျောက်ပြီး ကမောက်ကမ ဖြစ်ကုန်တာပါဘဲဘုရား၊ အရှင်ဘုရားပြောတဲ့ ပညာသင်ပေးရိုး ထုံးစံဆိုတာ အထောက်အပံ့ မခံဘဲ ဆရာသမားပီပီ လိမ္မာစေလို့ တတ်စေလိုတဲ့ဆန္ဒကို ပဓာနထားခဲ့တဲ့ သင်ပေးခြင်းမျိုးပါ၊ ဒီလို သင်ပေးခြင်းမျိုးကတော့ အရှင်အရပ်တို့လက်ထက်စပြီး တပည့်တော်တို့လက်ထက် တိုင်အောင်ပါဘဲ။

**ဓမ္မဂုတ်။** ။မှန်ပေတယ်ကိုယ်တော်....အဲဒီတုန်းက ဘုန်းတော်ကြီးကျောင်းထွက်တွေဟာ စာရိတ္တလဲ ကောင်းကြတယ်, ပညာလဲ တတ်ကြတယ်, ဒီတော့ နေရာတိုင်းမှာ လူရာဝင်ကြတာပေါ့။

**တပည့်တော်။** ။မှန်ပါတယ်ဘုရား.... ရှင်ဘုရင်နှင့် မှူးကြီး မတ်ရာ သေနာပတိများသည်ပင် ဘုန်းတော်ကြီးကျောင်းသားများဖြစ်ခဲ့ကြပါတယ်၊ သို့သော် ခေတ်အလိုက် တိုးတက်လာသော ဝိဇ္ဇာဆိုင်ရာ အတတ်ပညာများကိုတော့ ဆရာဘုန်းတော်ကြီးများ တတ်ပြီးသားဖြစ်မှ ဆရာဖြစ်ထိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ ဟုတ်တယ် ကိုယ်တော်.... ဆရာဆိုတာ ဆရာဖြစ်နိုင်သော အရည်အချင်းရှိမှ, အရည်အချင်းမရှိဘဲ ဆရာလုပ်ယင်တော့ တပည့်တွေအောက်ကျကုန်မှာဘဲ။

**တပည့်တော်။** ။အောက်ကျရုံတွင် မကပါဘူး, သူတို့က ဆရာကို အထင်သေးကြမှာပါ, အထင်သေးတော့ ဩဝါဒပေးသမျှကိုလဲ ဘယ်မှာ လိုက်နာကြတော့မှာလဲ၊ ဒီတော့ ဆရာလုပ်မယ့်ဘုန်းတော်ကြီးများက ကလေးတွေကို ခေတ်အလိုက် သင်မပေးနိုင်မှုကြောင့် အများစုမှာ စာရိတ္တပျက်တဲ့အပြင် ပညာဘက်မှာလဲ တော်ရွာက ကလေးများ အောက်ကျရပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ခေတ်က သိပ္ပံဘက်မှာရော ဝိဇ္ဇာဘက်မှာရော တိုးတက်လာတော့ တပည့်တော်တို့ ဘုန်းတော်ကြီးများနှင့် ကြာလေဝေးလေ နေတော့မှာဘဲ ထင်တယ်။

**တပည့်တော်။** ။မကြိုးစားယင်တော့ ကြာလေ ဝေးလေနေမှာက သေချာပါတယ်၊ ကြိုးစားရင်လဲ ကြာလေ နီးလေ ဖြစ်နိုင်တာလဲ သေချာပါတယ်၊ ခေတ်ပညာဆိုတာ သိပ္ပံဘက်က တဆင့်ထက်တဆင့် တိုးတက်တာပါ၊ ဝိဇ္ဇာဆိုတဲ့ ပညာကတော့ နဲနဲပါးပါးသာ ထူးနိုင်မှာပါ၊ တပည့်တော်တို့က ကလေးတွေကို သင်ပေးဘို့ဆိုတာ ဝိဇ္ဇာအခြေခံလောက်သာ ဖြစ်ပါတယ်၊ ထို့ အခြေခံလောက်ဟာ ယခုခေတ် အောက်တန်း, အလယ်တန်းလောက် ဖြစ်ပါတယ်၊ ထိုမျှလောက် ပညာကို ကျန်းမာရေးပါရောပြီး စာရိတ္တကောင်းအောင် သင်ပေးနိုင်လျှင် ကျေးရွာ ဘုန်းတော်ကြီးများအတွက် တာဝန်ကြေပါပြီ၊ ထို ကျေးရွာကလေးများလဲ အများစုက လယ်ယာကိုင်းကျွန်းနှင့် အသက်မွေးရမှာဖြစ်တော့ တဘဝအတွက် သာယာသောလမ်းစခန်းကို ဖြောင့်တန်းစွာ သွားနိုင်ကြပါလိမ့်မယ်။

**ဓမ္မဂုတ်။** ။ဒီတော့ ကျောင်းထိုင်ဘုန်းတော်ကြီး လုပ်ရမဲ့ စာသင်သားတွေအတွက် ပိဋကပညာအပြင်, အဲဒီ အခြေခံပညာလဲ လိုမှာပေါ့နော်။

**တပည့်တော်။** ။လိုတာပေါ့ဘုရား, ဒုတိယကမ္ဘာစစ် မဖြစ်ခင်က ရဟန်းတော်များ၏ စာမေးပွဲပြုပြင်ရေးအတွက် ဆရာတော်ကြီးများနှင့် လူကြီးများ ကော်မီတီဖွဲ့၍ ညှိနှိုင်းလှည့်ပြီး လိုလားအပ်တာတွေကို စုံစမ်းကြပါတယ်၊ အဲဒီ ကော်မီတီမှာပါတဲ့ အဘယာရာမ ဆရာတော်ကြီးက ဘုန်းတော်ကြီးကျောင်း၌နေကြသော ကျောင်းသား သာမဏေများအတွက် ပဌမငယ်တန်း မဝင်မီ မူလတန်းအနေအားဖြင့် ဂဏန်းသင်္ချာနှင့်တကွ အခြေခံစာမေးပွဲလုပ်ဘို့ရန် တိုက်တွန်းထားပါတယ်။

**ဓမ္မဂုတ်။** ။ဒါလောက် ကြီးကျယ်တဲ့ဆရာတော်ဘုရားကြီးက တိုက်တွန်းတာကို ဘာ့ကြောင့် အဲဒီခေတ် အစိုးရက မလုပ်သလဲ။

**တပည့်တော်။** ။အဲဒီ ကော်မီတီထဲမှာပင် "ဂဏန်းသင်္ချာ မသင်ကောင်းဘူး, တိရစ္ဆာနဝိဇ္ဇာဖြစ်တယ်, သင်လျှင် အပါယ်သွားမယ်" လို့ ဆိုပြီး ကန့်ကွက်တဲ့ ဆရာတော်များလဲရှိနေတော့ အစိုးရက နေသာတာပေါ့ဘုရား။

**ဓမ္မဂုတ် ။** ။ ကိုယ်တော်တို့လက်ထက်မှာကော ဆက်ပြီး ဂဏန်းသင်္ချာသင်ဘို့ရန် မကြိုးစားဘူးလား။

**တပည့်တော် ။** ။ ကြိုးစားပါတယ်, ယခုအထိတော့ ထို ကျောင်းသားသာမဏေများအတွက် မူလတန်းစာမေးပွဲ မဖြစ်သေးပါဘူး။

**မမွဂုတ်**။ ။နေပါအုံး, မေးစရာရှိနေပါတယ်၊ ဂဏန်းသင်္ချာရော ဘာသာစာရိတ္တ ယဉ်ကျေးမှုရော အပြည့်အစုံသင်ပေးတဲ့ ဘုန်းတော်ကြီးကျောင်းတွေ အထက်အောက် ၂ ရပ်ပေါင်းမှာ (၆၇၇၃) ကျောင်းတောင် ရှိခဲ့ပါလျက် ဘာ့ကြောင့် ပျောက်ကွယ်ကုန်ရသလဲ။

**တပည့်တော်** ။ ။ အကြောင်းကတော့ အမျိုးမျိုးနေမှာပေါ့ဘုရား, ဆရာဘုန်းတော်ကြီးများကိုယ်တိုင် မိမိတို့ရဲ့ ဆွမ်းဒကာ-ဒကာမများရဲ့ သားကလေးများကို ပညာတတ်အောင် ယဉ်ကျေးအောင် သဘောထားပြီး မူလတန်းပညာကို အပြည့်အစုံသင်ပေးဘို့ရန် အလယ်တန်းပညာလောက်မှ မတတ်လျှင်တော့ ဘယ်အစိုးရလက်ထက်မှာမှ ဘုန်းတော်ကြီးကျောင်းတွေ တိုးတက်အောင် လုပ်နိုင်မှာမဟုတ်ပါဘူး၊ ကိုယ်တိုင်က ရွာသူရွာသားကလေးများကို လိမ်မာစေလို တတ်စေလိုသောဆန္ဒဖြင့် ဆရာပီပီ သင်ပေးနိုင်ကြမယ်ဆိုလျှင် ဘယ်သူမှလဲ ဖိနှိပ်နိုင်မယ် မဟုတ်ပါ၊ ဒီကိစ္စနှင့်စပ်ပြီးတော့ နောက်မှတဖန် ဆွေးနွေးကြသေးတာပေါ့။

**မမွဂုတ်**။ ။ကိုယ်တော်မှာ ဉာဏ်ကောင်းရက်သားနဲ့ သတ်ပုံတို့ ဂဏန်းသင်္ချာတို့ မနိုင်ဘူးဆိုတော့ များစွာသော ဘုန်းကြီးကျောင်းသားတွေဟာ ကံဆိုးသလို ကိုယ်တော့်အတွက်လဲ ကံဆိုးတာပေါ့နော်။

**တပည့်တော်** ။ ။တပည့်တော်အတွက်ကတော့ အဲဒီ ၂ ချက်မှာ ကံဆိုးပေမဲ့ အလွန်ကံကောင်းတာတွေရှိပါသေးတယ်၊ ဘုန်းတော်ကြီးကျောင်းရောက်တော့ အိမ်နဲ့မတူတဲ့ အကြားအမြင်တွေ ပိုလာပါတယ်၊ ဘာသာရေးဇာတ်နိပါတ်တော်များကို ကြားနေရပါတယ်၊ ဘုရားကို ရှေ့လူ ပန်းလှူရပါတယ်, ဘာသာရေး သင်ခန်းစာတွေကို သင်တဲ့အခါ အကုန်လုံးနားမလည်သော်လဲ နားလည်သမျှကတော့ အလွန်ယဉ်ကျေးမှုပါပါတယ်၊ အဲဒါကြောင့် တပည့်တော်မှာ ကံဆိုးတာက တပဲသားလောက်ရှိပေမဲ့ ကံကောင်းတာတွေက တပိဿာမကရှိပါတယ် ဘုရား။

**မမွဂုတ်**။ ။ဘယ်လို ကံကောင်းပုံလဲ ကိုယ်တော်။

**တပည့်တော်** ။ ။ ဘုန်းကြီးကျောင်းရောက်ပြီး အတော်ကြာတော့ ဉာဏ်ကောင်းတယ်ဆိုတာ အများသိ ဖြစ်လာပါတယ်, "ဉာဏ်ကောင်းတယ်" ဆိုတော့ "ဘာသာရေး ဗဟုသုတ" အရ ဉာဏ်ထက်ချင်လာပါတယ်၊ ဒါကြောင့် ဘုရားကို ရှေ့လူ ပန်းလှူ ဆွမ်းတော်တင်တဲ့အခါ တိုးတိုးကလေး " ဉာဏ်ထက်တဲ့သူ ဖြစ်ရပါလို၏ " လို့ ဆုတောင်းပါတယ်၊

အပ်လှူလျှင် ဉာဏ်ထက်တယ်လို့ ပြောသံကြားလို့ ဘုရားဆင်းတုတော်မှာ အပ်ကိုတောင် လှူဘူးပါသေးတယ်။

**ခမ္မဂုတ်**။ ။ဩော် ... ကိုယ်တော်က ငယ်ငယ်ကဘဲ ဉာဏ်ကို အသားယူတယ်နော်။

**တပည့်တော်**။ ။မှန်ပါတယ်, တပည့်တော်တို့ရဲ့ ရှေ့သွားဖြစ်တဲ့ မဟာဝိသုဒ္ဓါရုံ ဆရာတော်တို့ ထရံကာဆရာတော်တို့က ဉာဏ်ထက်ကြတယ် မဟုတ်လား, ဒါ့ကြောင့် တပည့်တော်လဲ ထို့ဆရာတော်ကြီးများလို ဉာဏ်ထက်ချင်တာ ပါဘဲ။

**ခမ္မဂုတ်**။ ။ဇာတ်နိပါတ်တော်များကိုကြားရတော့ စိတ်ဘယ်လိုဖြစ်သလဲ။

**တပည့်တော်**။ ။ငယ်ငယ်ကပင် တေမိ, မဟာဇနက, ဝေဿန္တရာဇာတ်တော် တို့ကိုဖွဲ့ထားတဲ့ ရတုများကို ရခဲ့ပါတယ်, အလှူရှိတဲ့အခါလဲ ဆိုရပါတယ်, ဇာတ်တော်အကြောင်းကိုလဲ တော်တော်ကြည်ညိုပါတယ်၊ ထို ဇာတ် တော်များကို သိရတော့ ထို သူတော်ကောင်း အလောင်းအလျာတွေကို ကြည်လဲ ကြည်ညို အားလဲကျပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။ကိုယ်တော်က ရှေးသူတော်ကောင်းများကိုတော့ အားကျတယ်, ရွှေဘိုသားဆိုတဲ့ အလောင်းမင်းတရားကြီးကိုတော့ အားမကျဘူးလား။

**တပည့်တော်**။ ။အလောင်းမင်းတရားကြီးကိုတော့ အားမကျပါဘူး, ဒါပေမဲ့ ရွှေဘိုသွေးကတော့ အဲဒီအချိန်မှာ ကောင်းကောင်းရှိနေပါတယ်။

**ခမ္မဂုတ်**။ ။ဘာပြုလို့လဲ ကိုယ်တော်။

**တပည့်တော်**။ ။တပည့်တော်တို့အိမ်နဲ့ လဲနီး ဆွေမျိုးလဲဖြစ်တဲ့ "ဘိုးဖုန်း" ဆိုတဲ့ ဘိုးက မြန်မာမင်းများလက်ထက်ကို ကောင်းကောင်းမှီပြီးတော့ ရွှေကျင်တိုက်ကြီးမှာ ဖိုးသူတော်ဘဝနဲ့ နေခဲ့တာဖြစ်လို့ မြန်မာသွေး ကောင်းကောင်းရှိပါတယ်, အင်္ဂလိပ်တို့ ရောက်လာတဲ့အခါ ရွှေဘိုသား ဗိုလ်များက အတော်ကြာအောင် ခံချနေတာကို ဗိုလ်နာမည်နှင့်တကွ ပြောလေ့ရှိပါတယ်, တပည့်တော်မွေးပြီးတဲ့ အချိန်မှာ နိုင်ငံကို အင်္ဂလိပ် သိမ်းပြီးလို့ ၁၄ နှစ်သာ ရှိသေးတာဖြစ်လို့ တပည့်တော် ၈ါးနှစ်သား လောက် ရောက်သည့်တိုင်အောင် မြန်မာမင်းများအကြောင်း, စစ် အကြောင်းကို ဘိုးဖုန်းက ဒေါ်နဲ့ မောနဲ့ သူ့နှုတ်ခမ်းမွှေးကြီးကို ပွတ်ကာ သပ်ကာ ပြောနေသံ ကြားရပါတယ်၊ အဲဒီအခါက တပည့်တော်ဟာ မြန်မာသွေးရော ရွှေဘိုသွေးပါ ကောင်းကောင်းရနေပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဇာတ်နိပါတ်တော်တွေသိရလို့ အလောင်းအလျာတွေကို အားကျတော့ ဘာလုပ်သလဲ။

**တပည့်တော်**။ ။ပိုပြီး လိမ်မာအောင် နေပါတယ်, ပိုပြီး ကုသိုလ်ဆိုတာကို ပြုပါတယ်၊ တပို့တွဲလကဲ့သို့ ဘာသာရေးနေ့တွေမှာ ကျောင်းသားကြီးတွေ, ကိုရင်တွေနဲ့အတူ သနပ်ခါးထင်းဖြင့် မီးပူဇော်ပါတယ်၊ အဲဒီလို ပူဇော်နိုင်အောင် သူတို့နဲ့အတူ တောထဲလိုက်ပြီး သနပ်ခါးထင်းခုတ်ရာမှာ ကူပြီးထမ်းပါတယ်, သင်္ကြန်တွင်းကျတော့လဲ ရေအိုးသစ်ကလေးနဲ့ ဘုရားကို ရေသပ္ပါယ်ပါတယ်, ဥပုသ်လဲ စောင့်ပါတယ်။

**ဓမ္မဂုတ်**။ ။ဥပုသ်စောင့်တော့ ထမင်းမဆာဘူးလား။

**တပည့်တော်**။ ။သိပ်ဆာတာဘဲ, ဒါပေမဲ့ ဥပုသ်မချိုးပါဘူး၊ အရုဏ်တက်တဲ့အခါစားဘို့ မုန့်ကို အဆင်သင့်ထားပါတယ်၊ အရုဏ်တက်ကြေးစည်ကို သီလရှင်ကျောင်းက တီးပါတယ်၊ တီး–တီးချင်း စားဘို့ရန် မုန့်ကိုလက်က ကိုင်ထားပြီး ကြေးစည်တီးသံ စောင့်နေပါတယ်၊ အဲဒီလို စားပြီးတောင် အားမရှိပါဘူး, ကျောင်းမှာအိပ်ပြီး အိမ်ပြန်တဲ့အခါ အိမ်ရောက်အောင် ၂ ခါ ၃ ခါ နားရပါသေးတယ်၊ ဒါပေမဲ့ နောက်ရက်လဲ ရေသပ္ပါယ်ယင်း ဥပုသ်စောင့်ပါတယ်, အခြား ဥပုသ်နေ့တော့ ဥပုသ်စောင့်တယ် မထင်ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော် သဒ္ဒါကြီးတက်တော့ အသက်ဘယ်လောက်ရှိပြီလဲ။

**တပည့်တော်**။ ။ကျောင်းရောက်ပြီး တနှစ်ခွဲလောက်မှာ သဒ္ဒါကြီးတက်ရတာဖြစ်တော့ အသက် ၅ှစ်နှစ်အတွင်းလောက် ရှိဦးမယ်ထင်ပါတယ်။

**ဓမ္မဂုတ်** ။ ။ သဒ္ဒါကြီးကို သင်တဲ့အခါ ရှေးရိုးသင်နည်းက သိပ်ခက်တယ်, ဒီတော့ ကိုယ်တော် စိတ်မပျက်ဘူးလား။

**တပည့်တော်**။ ။"သဒ္ဒါကြီး တက်ရတယ်"ဆိုတဲ့ ဂုဏ်ကြောင့် စိတ် မပျက်တဲ့အပြင် ပျော်တောင် ပျော်ပါသေးတယ်၊ သန္ဓိကုန်လို့ နာမ်တက်၍ ရုပ်တွက်တဲ့အခါ "ဘောတိ ကညေ=အို...သတို့သမီး"ဆိုတဲ့ ရုပ်ကိုတွက်တော့ ဘောတိရုပ်က ခက်လွန်းလို့ ကျောက်သင်ပုန်းထဲမှာရေးပြီး အခေါက်ခေါက်ဆိုရ, ရေးရပါတယ်၊ ဆရာက "အဲဒီရုပ် တွက်တဲ့အခါ ကျောက်သင်ပုန်းက ကျောက်တံ အမှုန့်တွေဟာ ပီယသိဒ္ဓိကောင်းတယ်" ဆိုလို့ အဲဒီ အမှုန့်တွေကို နဖူးတောင် လိမ်းဘူးပါသေးတယ်။

**ဓမ္မဂုတ်။** ။အား .. ကိုယ်တော်က စာ၀ါသနာပါတယ်ဆိုပြီး ပိဋကသိဒ္ဓိလဲ ပြီးချင်သေးသလား, ကလေးအရွယ် ရှိသေးတဲ့ဥစ္စာ။

**တပည့်တော်။** ။ဒီကိစ္စမှာ ကလေး–လူကြီး မထူးပါဘူး၊ ဒီ၀ါသနာက ပုထုဇဉ် သောတာပန် သကဒါဂါမိတို့ရဲ့ ထုံးစံဖြစ်တယ်ဆိုတာ အရှင်ဘုရားလဲ အသိသားနဲ့, အရှင်ဘုရားကော ပိဋကသိဒ္ဓိ မပြီးချင်ဘူးလား၊ ဆွမ်း ဏလေး, ကျောင်းကလေး ရအောင်လေ။

**ဓမ္မဂုတ်။** ။ ရိုးရိုးပြောရယင်တော့ ပြီးချင်ပါတယ်, ဒါပေမဲ့–မလိုက်စား ကောင်းဘူး မဟုတ်လား၊ ဒါ့ထက် ကိုယ်တော်ကဉာဏ်ကောင်း အဆို ကောင်းဖြစ်တော့ အဲဒီ သိဒ္ဓိက ပြီးပြီး ဖြစ်နေမှာပါဘဲ။

**တပည့်တော်။** ။တပည့်တော်က ဉာဏ်ကောင်းလေတော့ ဆရာက လိမ်မာဘို့ ပို့ချပေးတဲ့ စာများကိုလဲ တပည့်တော်အရင်ရလို့ နံနက်စောစောမှာ တပည့်တော်ကတိုင်ပေးပြီး ကြီးကြီးငယ်ငယ် ကျောင်းသားတွေက လိုက်ဆို ရပါတယ်၊ ဒီတော့ တပည့်တော်က ပညာရေးဘက်၌ တရွာလုံးအပေါ်မှာ အထင်ရှားဆုံးဖြစ်လို့ ချစ်ခင်သူလဲ များပါတယ်။

**ဓမ္မဂုတ်။** ။ ကိုယ်တော်က ပွဲလမ်းသဘင် အပျော်မျိုးတော့ ၀ါသနာ မပါ ဘူးလား။

**တပည့်တော်။** ။ သိပ် ၀ါသနာပါတာပေါ့ဘုရား, ဒါပေမဲ့–စာကို ပွဲထက် ပိုပြီး ၀ါသနာပါယှန်တူပါတယ်။

**ဓမ္မဂုတ်။** ။ဘာ့ကြောင့် စာကိုပိုပြီး ၀ါသနာပါတယ်လို့ ထင်တာလဲ။

**တပည့်တော်။** ။သစ်ဆိပ်ကြီးက ကူကြီးဘုရားပွဲဆိုတာ တရွာလုံးနီးနီး လှည်း တွေနဲ့ သွားကြတယ်, ပျော်စရာလဲ ကောင်းပါတယ်, တော်သလင်းလ မှာပါ၊ ၃ ညလောက်အိပ်ပြီး တနှစ်စာသုံးဘို့ အိမ်သုံးအစားအစာများကို ၀ယ်လေ့ရှိကြပါတယ်၊တပည့်တော်ကိုလိုက်ဘို့ခေါ်တော့ သိပ်လိုက်ချင်တာ ဘဲ, ဒါပေမဲ့–သဒ္ဒါတက်၍ ရုပ်တွက်ခါစမှာ ရုပ်တွေ မေ့မှာစိုးလို့ မလိုက် ပါဘူး၊ ကျောင်းက ဘုန်းတော်ကြီးက သိပ်–ကျေနပ်ပုံရပါတယ်၊ အဲဒီ အခါမှာ တရွာလုံး ဆွမ်းလောင်းမည့်သူ မရှိကြတော့ သီလရှင်ကျောင်းက ကောင်းပေ့ဆိုတဲ့ဟင်းများနဲ့ ဆွမ်းလောင်းကြပါတယ်၊ တပည့်တော်ကိုလဲ ထမင်းစားဘို့ ဒေါ်လေး–သီလရှင်ဆီမှာ ပြောခဲ့ပါတယ်၊ ဒေါ်လေးကလဲ ကောင်းကောင်းကျွေးပါတယ်, ကျောင်းမှာလဲ ကောင်းကောင်းစားရပါ

တယ်၊ အဲဒီနှစ်ကစပြီး နောက်နောက်နှစ်တွေကျတော့လဲ ကူကြီးဘုရားပွဲကို မလိုက်တော့ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်မှာ ဘုရားပွဲကြီး မလိုက်တဲ့အတွက် အစားကောင်းစား ရလို့ ကိုယ်တော်က နောက်နောက်နှစ်များလဲ မလိုက်တာဖြစ်မှာပေါ့။

**တပည့်တော်**။ ။အစားကောင်း စားရတာလဲ မှန်ပါတယ်, "ဒါလောက် တရွာလုံးနီးနီး လိုက်ချင်ကြတဲ့ ဘုရားပွဲတောင် မလိုက်တဲ့ကလေး" ဆိုတဲ့ ဂုဏ်ကလေးက တပည့်တော်အတွက် အလွန်မွေးသွားပါတယ်, အဲဒီဂုဏ်ကို ထိန်းတဲ့အနေနဲ့ နောက်နောက်နှစ်တွေမှာ မလိုက်တာပါ။

**ဓမ္မဂုတ်**။ ။ဒါ့ထက် ကိုယ်တော်တို့ရွာမှာ သီလရှင်များလဲ ရှိကြသလား။

**တပည့်တော်**။ ။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးစသော ဆရာတော်များ အရှိန်ကြောင့် ရဟန်းသံဃာ အများအပြားပေါ်ထွက်ကြသလို, အမျိုးသမီး အများလဲ သီလရှင်ဝတ်ကြပါတယ်၊ အများအားဖြင့် တပည့်တော်ရဲ့ အမျိုးတွေသာများပါတယ်၊ အဲဒီအချိန်မှာ ထရိကာဆရာကြီးကလဲ သီလ ရှင်များကို စာပို့ချပေးပါတယ်၊ ယခုအခါ စစ်ကိုင်းချောင်မှာ ထင်ရှားတဲ့ (ကွယ်လွန်ပြီး) သော အေးငြိမ်းချောင်ဆရာကြီး, ထင်ရှားရှိနေသေးသော သမိဒ္ဓေါချောင်ဆရာကြီးတို့လဲ သရိုင် သီလရှင်ကျောင်းတိုက်မှာ နေဘူးကြ ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ သီလရှင်တိုက်ဟာ ယခု ရှိသေးသလား။

**တပည့်တော်**။ ။ယခုတော့ မြေရာသာ ကျန်ပါတော့တယ်၊ ရဟန်းတော်များ ဘက်မှာ နောက်ထပ်ပေါ်ထွန်းသူ ရှိသေးသော်လဲ သီလရှင်ဘက်မှာတော့ အမျိုးသမီးတွေက စိတ်တောင် မကူးကြတော့ဘူး ထင်ပါတယ်၊ စစ်ကိုင်း ဘက်မှာတော့ အသက်ကြီးသော သရိုင်ချောင်ဆရာ-ဒေါ်လေးတယောက် ကျန်ပါသေးရဲ့၊ မင်းကွန်းမှာလဲ ဆရာကလေးတယောက် ကျန်ပါတယ်။

**ဓမ္မဂုတ်**။ ။ ကိုယ်တော်တို့ရွာကထွက်တဲ့ ရှေး ရဟန်းတော်ကြီးများကော အတော်များများ ရှိပါသေးသလား။

**တပည့်တော်**။ ။တပည့်တော်ထက်ကြီးတဲ့ ရှေးရဟန်းတော်ကြီးများ တချို့ ကွယ်လွန်, အချို့ လူ့ဘောင်ရောက်လို့ အများပင် မရှိကြတော့ပါဘူး၊ စစ်ကိုင်း ရွှေပြည့်ချောင်မှာ ဘုန်းတော်ကြီး ဉူးဇောတိကနှင့်, မစိုးရိမ် ချောင် ဉူးသုမင်္ဂလတို့သာ ရှိပါတော့တယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့ရွာက မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် ဩဇာ ကောင်းတဲ့ ရွှေတောင်ဆရာတော်ကြီးများပေါ်ထွက်ပါလျက် ဘာ့ကြောင့် သာသနာတော်ဘက်က အရှိန်အဝါ လျော့ကျသွားရသလဲ။

**တပည့်တော်**။ ။တပည့်တော်မြင်တဲ့အတိုင်း လျှောက်ရယင်တော့ ကလေးသူငယ် များကို သူ့ခေတ်နှင့်သူ့ခါ လူရာဝင်အောင် ပညာသင်မပေးနိုင်ခြင်းဟာ "သာသနာလျော့ကျခြင်း၏ မူရင်း" လို့ ထင်ပါတယ်။

**ဓမ္မဂုတ်**။ ။ပြီးတော့ကော ကိုယ်တော်။

**တပည့်တော်**။ ။မန္တလေးသို့ စာသင်သွားတဲ့ကိုယ်တော်များက ရပ်ရွာပြန်လာ တဲ့အခါ ရွာသူရွာသား ဆွေမျိုးကြီးများ၏ လေးစားလောက်အောင် ကြည်ညိုဘွယ်ကို မဆောင်နိုင်ခြင်း, နောက်နောက်ကလေးများ၏ မိဘ တို့က ဘုန်းကြီးဘ၀ကို အထင်သေးကာ မိမိတို့ကလေးများကို ဘုန်းကြီး ကျောင်း၌ မထားလိုခြင်းလဲ အကြောင်းရင်းတပါးဘဲလို့ ထင်ပါတယ်။

**ဓမ္မဂုတ်**။ ။မန္တလေးပြန်တွေက ဘယ်လိုနေလို့ အထင်သေးတာလဲကိုယ်တော်။

**တပည့်တော်**။ ။ထိုခေတ်က မန္တလေး စာသင်သွားတဲ့ကိုယ်တော်များလဲ ရှိပါ တယ်, စစ်ကိုင်းမှာ စာသင်တဲ့ကိုယ်တော်များလဲ ရှိပါတယ်၊ စစ်ကိုင်းမှာ ထရံကာဆရာကြီးက သီလရှင်များကို စာပို့ချတဲ့အခါမှာ မန္တလေး တချို့, စစ်ကိုင်းတချို့, စာသင်သွားကြပါတယ်၊ မန္တလေးသွားတဲ့အထဲ မှာ တပည့်တော်ဦးလေး ဦးပဋ္ဌင်းက အကြီးအကဲဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီကိုယ်တော်များက ဘာလုပ်ကြတုန်း ကိုယ်တော်။

**တပည့်တော်**။ ။အဲဒီကိုယ်တော်များက တရံတခါပြန်လာပါတယ်, ပြန်လာပြီး မန္တလေးက လူပြက်တွေပြက်လေ့ရှိတဲ့ စကားလုံးများကို သုံးကြပါတယ်, တရားဟောရင်းလဲ ပြက်လုံးတွေထည့်ပြီး ဟောကြပါတယ်၊ ကာလသား လူငယ်တစုက သိပ်သဘောကျပါတယ်, လူကြီးတွေက နှာခေါင်း ရှုံ့ကြ ပါတယ်၊ တခါတုန်းက သကြန်တွင်းမှာ ဦးလေးကြီး တရားဟောတော့ စည်လိုက်တဲ့ပရိသတ်ဟာ မပြောနဲ့တော့, အဲဒီအခါ တပည့်တော်က ခွေး မဆူအောင် ချောက်ရတဲ့ ချာတူးကလေးသာ ဖြစ်ပါသေးတယ်။

**ဓမ္မဂုတ်**။ ။ အဲဒီ မန်းပြန်ကိုယ်တော်များက ကျောင်းသားကလေးသူငယ် တွေကို ယဉ်ကျေးအောင် ကူညီပြီး စာသင်မပေးဘူးလား။

**တပည့်တော်**။ ။သူတို့သင်ခဲ့တဲ့ ပညာက သဒ္ဒါ, သင်္ဂြိုဟ်မှစ၍ ပိဋကစာပေ ဆိုင်ရာချည်း ဖြစ်တော့ ကလေးတွေနဲ့ ဆိုင်တာကို မသင်တတ်ကြပါဘူး။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုယင် သူတို့စာသင်ပြီးလို့ ကျောင်းဘုန်းကြီးလုပ်လဲ ရှေးရိုးအတိုင်း သင်ပေးကြတော့မှာပေါ့နော်။

**တပည့်တော်**။ ။ရှေးရိုးအတိုင်း ဘာသာရေး သင်ပေးယင်တော့ တော်သေးတာပေါ့, သူတို့က အထက်တန်း ပိဋကစာပေတွေသင်ထားတော့ ကျေးရွာကျောင်းမှာ ကျောင်းဘုန်းကြီး မလုပ်ချင်ကြတော့ဘူး ဘုရား၊ အဲဒီတော့ မိမိတို့ရွာမှာ ပြန်ပြီး ကလေးတွေကို ပညာသင်ပေးချင်တဲ့ပုဂ္ဂိုလ်ဟာ မရှိသလောက် နဲသွားပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့ရွာကျောင်းကော ဘယ်လိုနေသလဲ။

**တပည့်တော်**။ ။တပည့်တော်တို့ရဲ့ ရွာကျောင်းမှာ ဘုန်းတော်ကြီးတပါးသာ ရှိပါတော့တယ်၊ အဲဒီ တပါးဆိုတာလဲ မိခင်ဆောက်ထားတဲ့ကျောင်းရှိလို့ ကျောင်းစောင့်တဲ့သဘောနဲ့ သီတင်းသုံးရှာတာပါ၊ ယခု ပြန်တော်မူလို့ တူ–ဦးပဥ္စင်းတပါး နေပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့ ကျောင်းသားဘဝနဲ့တော့ အပုံကြီး ကွာခြားပြီး လျော့ကျသွားတယ်နော်။

**တပည့်တော်**။ ။မှန်ပါတယ်, တပည့်တော်တို့ကျောင်းသားဘဝတုန်းကတော့ တပည့်တော်တို့ရဲ့ကျောင်းသာမက, ရွာကျောင်းတိုင်းလိုလိုပင် ကျောင်းသားတွေ, ကိုရင်တွေနဲ့ စိုစိုပြေပြေ ရှိကြပါတယ်။

**ဓမ္မဂုတ်**။ ။မန္တလေးတက်ပြီး စာသင်ကြတဲ့ ရဟန်းတော်တွေလဲ တော်တော်များမှာပေါ့နော်။

**တပည့်တော်**။ ။တော်တော်များပါတယ်, အဲဒီ စာသင်ရဟန်းတော်များ ပြန်လာကြတဲ့အခါ အလွန် စည်ကားတယ်လို့ ဆိုနိုင်ပါတယ်၊ ရွာကလဲ မိုးလေဝသကောင်းလို့ စပါးဆန်ရေပေါတော့ ရွာရေကျောင်းများပါ ပျော်စရာကောင်းပါတယ် ဘုရား။

**ဓမ္မဂုတ်**။ ။အဲဒီတုန်းကအခြေအနေကို မန္တလေးစာသင်သွားကြတဲ့ ကိုယ်တော့် ဦးလေးကြီးများ ထိန်းထားနိုင်ကြမယ်ဆိုယင် ကိုယ်တော်တို့ကျောင်းမှာ ယခုလို ကျောင်းသားကင်းမဲ့မှာ မဟုတ်ဘူးနော်။

**တပည့်တော်။** ။မှန်ပါတယ်, အဲဒီတုန်းက ခေတ်အလိုက် မူလတန်းပညာနှင့် ဘာသာယဉ်ကျေးမှုကိုသာသင်ပေးနိုင်ကြရင် ရွာမှာလဲ လူကောင်းအများ, ကျောင်းမှာလဲ ကျောင်းသားအများနဲ့ စည်ကားမြဲ စည်ကားနေမှာပေါ့ဘုရား။

**ခမ္မဂုတ်။** ။မဖြစ်ခင်က တင်ကြိုပြီး မြင်ဘို့ဆိုတာလဲ တယ်တော့ မလွယ်ပေဘူးပေါ့နော်။

**တပည့်တော်။** ။အဲဒီကိစ္စလောက်ကတော့ သိပ်ပြီး ခက်စရာမဟုတ်ပါဘုရား, စဉ်းကို မစဉ်းစားကြလို့ ဒီလိုဖြစ်ရတာပါ, ယခုလဲ မနှောင်းသေးပါဘူး၊ ယနေ့ကြိုးစားယင် နက်ဖန် အကောင်အထည်ပေါ်အောင် ကောင်းနိုင်ပါသေးတယ်။

**ခမ္မဂုတ် ။** ။ ကိုယ်တော် သဒ္ဒါကြီးတက်နိုင်တဲ့အခါ ဆရာသမားများက မန္တလေး စာသင်မပို့သေးဘူးလား။

**တပည့်တော်။** ။မပို့သေးပါဘူး, ပင်းကျောင်းဆရာတော်ကြီးက သက်တော်ကြီးလို့ ကျောင်းသားတွေကို လက်ထောက် ဦးပဥ္စင်းကြီးနဲ့ လွှဲထားပါတယ်၊ တပည့်တော်လဲ ပဌမက အဲဒီ လက်ထောက် ဦးပဥ္စင်းကြီးဆီမှာ တက်ရပါတယ်, နောက်တော့ ဆရာတော်ကြီးကိုယ်တိုင် ပို့ချပေးပါတယ်၊ ဆောင်းအခါ နေပူစာဥ္စ ဆရာတော်ကြီးအထံမှာ နှပ်တရှုပ်ရှုပ်နဲ့ သဒ္ဒါတက်ခဲ့ရပုံ, သမာသ်ရှုပ်တွက်တဲ့အခါ (လွဲလို့) ထိပ်ခေါက်ခံခဲ့ရပုံကို မှတ်မိပါသေးတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော် ဘယ်အရွယ်လောက်မှာ မန္တလေးရောက်သလဲ။

**တပည့်တော်။** ။ အလယ်ရောက်ဘူးတာတော့ ၅ နှစ်, ၆ နှစ်သားလောက်က ရောက်ဘူးပါတယ်၊ စာသင်ဘို့တော့ ၉ နှစ်, ၁၀ နှစ်လောက်မှ စရောက်ပါတယ်။

**ခမ္မဂုတ်။** ။ဘယ်သူက လိုက်ပို့သလဲ။

**တပည့်တော်။** ။အဖေက လိုက်ပို့ပါတယ်, အဖေ မပို့ခင် တပည့်တော်က မင်းကွန်းဘက်ကို ခဏ ရောက်နေပါတယ်၊ မင်းကွန်းတိုက်စုမှာ (ဆရာ-ဒေါ်ဇာလီလက်ထက်) တဝမ်းကွဲ ဒေါ်လေး ညီမနှစ်ယောက်သီလရှင် ရှိပါတယ်၊ အဲဒီ သီလရှင်များရဲ့မိခင် (အဖွားလေး) နှင့်အတူ တပည့်တော်ရယ်, ညီဝမ်းကွဲ မောင်ချစ်မင်းရယ် လိုက်သွားကြပါတယ်။

**ဓမ္မဂုတ်**။ ။မင်းကွန်းမှာ ပျင်းစရာမကောင်းဘူးလား။

**တပည့်တော်**။ ။တပည့်တော်ကတော့ (ကြက်မျှား ခြေကျရာပျော်သလို) ရောက်ရာ ပျော်တာပါဘဲ, တပည့်တော် ဉာဏ်ကောင်းမှန်းသိလို့ သီလရှင်ဆရာတွေက အရေးပါကြပါတယ်ဘုရား၊ ကျောင်းမှာ တပည့်တော်ရတဲ့ တရားဂါထာကို တိုးတိုးရွတ်နေတာကို သီလရှင်ကြီးတွေကြားလို့ ထပ်ပြီး အရွတ်ခိုင်းကြပါတယ်, ညီအစ်ကို ၂ ယောက် ခေါင်းလော်င်းကြီးသွားလိုက်, မြသိန်းတန်ဘုရားပေါ်တက်ပြီး စောင်းတန်းမှာ အပြေးဆင်းလိုက်နဲ့ အလွန်ပျော်ကြပါတယ်၊ တခါတော့ မင်းကွန်းခေါင်းလောင်းလာကြည့်တဲ့ အင်္ဂလိပ်တွေက တပည့်တော်တို့ ညီအစ်ကို ၂ ယောက်ကို ဓာတ်ပုံရိုက်မယ်လုပ်လို့ ပြေးလိုက်ရတာ မောလို့။

**ဓမ္မဂုတ်**။ ။ကြောက်လို့လား ကိုယ်တော်, "ရှေ့ဘိုသား" ဆို။

**တပည့်တော်**။ ။ကြောက်လို့လား, ရှက်လို့လားဆိုတာတော့ မသိပါဘူးဘုရား၊ ပြေးရတာဘဲ မှတ်မိပါတော့တယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ကတော့ "ဉာဏ်ကောင်းတယ်, ဂါထာအရွတ်ကောင်းတယ်" ဆိုတဲ့ဂုဏ်ကြောင့် အရေးပါကြတော့ ပျော်စရာဖြစ်မှာပေါ့နော်။

**တပည့်တော်**။ ။တပည့်တော်က အဲဒီဂုဏ်ကြောင့်ချည်း မဟုတ်ပါဘူး, ငယ်ငယ်က ခပ်ပျော်ပျော် နေတတ်ပါတယ်၊ အဲဒီ မင်းကွန်းမှာတော့ ဒေါ်လေးတို့ကလဲ အလိုလိုက်, အခြားသီလရှင်ဆရာတွေကလဲ အရေးပါကြတဲ့အတွက် အပျော်လွန်ပြီး ကံကောင်းလို့ မသေတာပါဘုရား။

**ဓမ္မဂုတ်**။ ။ဘာပြုလို့လဲ ကိုယ်တော့။

**တပည့်တော်**။ ။မြစ်ဆိပ်က တိုက်စုနဲ့ ကပ်နေတာဖြစ်တော့ နေ့တိုင်းမြစ်ဆိပ်ဆင်းပြီး ရေချိုးကြရပါတယ်, တနေ့တော့ ကမ်းနားရောက်နေတဲ့ ဖေါင်ရဲ့ သစ်တုံးပေါ် ခုန်ပြီးတက်လိုက်တာ သစ်တုံးက လိမ့်သွားလို့ လူပါနစ်ပါရောလား၊ ရေကလဲ ထောက်လို့မမှီ့တမှီနေရာမှာ နစ်နေတော့ ဒေါ်လေးက လက်ဆွဲယူလိုက်လို့ မသေတာပေါ့ဘုရား၊ ဆယ်မဲ့သူမရှိရင် သို့မဟုတ်— ရေကပို၍နက်လို့ ဖေါင်အောက်ဝင်သွားရင် သေဘို့ပါဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ရေမကူးတတ်ဘူးလား, ကိုယ်တော်တို့ရွာမှာ ဆင်းပြီး ရေချိုးနိုင်တဲ့ ရေကန်ကြီးတွေရှိသားဘဲ မဟုတ်လား။

**တပည့်တော်**။ ။အများ ကလေးတွေကတော့ အင့်ကန်ကြီးထဲမှာ ရေကူးကြလို့ ရေကူးတတ်ကြပါတယ်, တပည့်တော်ကတော့ ဆံပင် ရေစိုမှာစိုးလို့ ရေတိမ်မှာသာကူးပြီး ရေချိုးလေ့ရှိပါတယ်၊ ဒါ့ကြောင့် ရေကူး ကောင်းကောင်း မတတ်ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဆံပင်ကို ဒါလောက်ဂရုစိုက်ရသလား။

**တပည့်တော်**။ ။တပည့်တော်ရဲ့ ဆံပင်က ဂရုစိုက်ရလောက်အောင် ကောင်းပါတယ်, တချို့တော့ ကတုံးရိတ်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ရေလဲမကူးတတ်ဘဲနဲ့ ရေချိုးဆိပ်က တုံးပေါ် ခုန်ကူးတာတော့ အဆင်ခြင်နဲ့ရာမကျဘူးလား။

**တပည့်တော်**။ ။အဆင်ခြင်နဲ့တာပေါ့ ဘုရား, တပည့်တော်ဟာ စာဝါသနာပါသလောက် အဆော့လဲ ဝါသနာပါဟန်တူပါတယ်၊ ကျောင်းက ကွပ်ပျစ်ပေါ် ခုန်ခုန်တက်လို့ ထိခိုက်မိတာများပါတယ်, တပည့်တော်ရဲ့ ခြေသလုံး ရှေ့ဘက်မှာ ယခုအထိ အမာရွတ်တွေရှိနေပါတယ်၊ ခုန်တက်တော့ တိုက်မိတဲ့ အထိမ်းအမှတ်တွေပါဘဲ။

**ဓမ္မဂုတ်** ။ ။ ဟုတ်ပါလိမ့်မယ်, မဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး ကတောင် တခါက အမိန့်ရှိတော်မူဘူးပါသေးတယ်, "တောင်မြို့ဘုန်းကြီး ငယ်ငယ်က သိမ်ကျောင်းလှေကားပေါ် ခုန်ခုန်တက်သွားတာကလေး မြင်နေသေးတယ်" လို့။

**တပည့်တော်** ။ ။ ဟုတ်မှာပါဘဲ, တပည့်တော်ဆော့တာကို တပည့်တော် မမှတ်မိပေမဲ့ အတော်များများက မှတ်မိနေပါတယ်၊ တပည့်တော်နဲ့ အတူ ပခုက္ကူစာသင်သွားတဲ့ ရွှေဘိုဆရာတော်ကလည်း "ဇနက ငယ်ငယ်က မဆော့တယ် ဆော့တယ်မပြောနဲ့တော့, သူဆော့တာနဲ့ ကျောင်းကလေးတောင် ပြိုကျဘူးတယ်"လို့ ရန်ကုန်က ဒကာကြီး ဦးထွန်းလှိုင်ကို ပြောဘူးပါသတဲ့၊ ဒါလဲတပည့်တော် မမှတ်မိပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော် ဒါလောက်ဆော့လို့ ရေဝတီမြစ်ထဲမှာ စတေးရလောက်အောင်ဖြစ်တော့ ကိုယ်တော်ရဲ့ဒေါ်လေးများ စိတ်မညစ်ကြဘူးလား။

**တပည့်တော်** ။ ။ စိတ်တော့ညစ်ကြဟန် မတူပါဘူး, ဒါပေမဲ့ မတော်တဆ ဖြစ်ယင် သူတို့အပေါ် အပြစ်တင်စရာဖြစ်မှာစိုးလို့ ပြန်တော့ပို့ချင်ကြဟန်

တူပါတယ်၊ ဒီအချိန်မှာ အဖေက လယ်သမားတပိုင်း, စပါးကုန်သည် တပိုင်းဖြစ်နေလို့ စပါးရောင်းဘို့ရန် သစ်ဆိပ်ကြီးမှ လှေကြီး ၂ စင်းနှင့် မန္တလေး ဆင်းလေ့ရှိပါတယ်၊ ဒါ့ကြောင့် မင်းကွန်းဝင်လာပါတယ်, မင်းကွန်းဝင်လာပြီး မန္တလေးခေါ်သွားပါတယ်, မန္တလေးရောက်တော့ တပည့်တော်ကလဲ နေချင်တာနဲ့ ဥုးလေးကြီးဖြစ်တဲ့ ဥုးပဥ္စင်းထံ ထားခဲ့ပါတယ်, အဲဒီအခါမှာ ၉ နှစ်, သို့မဟုတ် ၁၀ နှစ်သားလောက် ရှိပါဥုးမယ်၊ ဥုးလေးကြီးထံ သဒ္ဒါကြီး ဥဏာဒ်ကိုတက်ရတာ မှတ်မိပါသေးတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်အဖေက ဆရာဖြစ်တဲ့ သရိုင်ပင်းကျောင်းဆရာတော်ကြီးကို မလျှောက်ခဲ့ဘဲ မန္တလေးထားခဲ့တာကို ဆရာတော်ကြီးက ကျေနပ်ရဲ့လား။

**တပည့်တော်**။ ။အဲဒီလို ပေါ့ပေါ့ဆဆ လုပ်လို့ပေါ့ဘုရား, ရွာရောက်မှ ဆရာဘုန်းတော်ကြီးကို မန္တလေး ထားခဲ့တဲ့အကြောင်းလျှောက်တော့ ဆရာတော်ကြီးကစိတ်ဆိုးပြီး ရှိသမျှကျောင်းသားတွေ နှင်ထုတ်ပါရောတဲ့။

**ဓမ္မဂုတ်**။ ။ဟာ ဒါတော့ ကိုယ်တော်တို့ဆရာတော်ကြီးက လွန်ပြီထင်တယ်၊ ကိုယ်တော့်အဖေရဲ့အပြစ်ဟာ ကျောင်းသားများပေါ် ကူးစက်တာတော့ မတော်လှဘူးထင်တယ်။

**တပည့်တော်**။ ။ တပည့်တော်တို့ဆရာတော်ကြီးက ရှေ့ကျင်တိုက်မှာနေခဲ့ပေမဲ့ စိတ်က အလွန်ထက်ပါတယ် , မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ကြွလာတဲ့အခါ ကျောင်းသားတွေကို မရိုက်ဘို့ရန် အလှူခံတော့ လှူခဲ့ရပါတယ်, နောက် ရိုက်ချင်လောက်အောင် အပြစ်တွေ့တော့ “ငါက ဒုတ်သာလှူခဲ့တာ, ဒါးမလှူခဲ့ဘူး, သတ်ပစ်လို့ သေကုန်ကြမယ်” လို့ အမိန့်ရှိပါသတဲ့။

**ဓမ္မဂုတ်**။ ။အဲဒီအခါ မန္တလေးရောက်ကထဲက မန္တလေးမှာဆက်ပြီး စာသင်ရသလား။

**တပည့်တော်**။ ။မဟုတ်ပါဘုရား, နောက်တခေါက် စပါးရောင်းဘို့ အဖေလာတဲ့အခါမှာ တပည့်တော်က ဖျားနေတာလဲ တကြောင်း, ရွာကျောင်းဆရာတော်က မကျေနပ်တာလဲ တကြောင်း, ဒီအကြောင်းကြောင့် ရွာသို့ ပြန်လိုက်ခဲ့ရပါတယ်။

**ခမ္မဂုတ်။** ။ရွာရောက်တော့ ဘာစာတွေ တက်ရသလဲ။

**တပည့်တော်။** ။သဒ္ဒါကြီးက ကုန်လုနေတော့ ကုန်အောင်တက်ပြီးမှ သဂြိုဟ် သင်ရပါတယ်၊ ရပြီးတဲ့စာတွေကို ညတိုင်းပြန်တဲ့အခါ မကုန်နိုင်လို့ ၉နာရီ လောက်ထိအောင် စာပြန်ရပါတယ်၊ အခြားကျောင်းသားတွေ စာအံ တိတ်သော်လဲ တပည့်တော် မတိတ်ရသေးပါဘူး။

**ခမ္မဂုတ်။** ။အဲဒီအခါမှာ ကိုယ်တော်က ကျောင်းအိပ်သလား။

**တပည့်တော်။** ။သဒ္ဒါအတော်ရောက်ကထဲက ကျောင်းမှာအိပ်ရတာများပါ တယ်၊ ညကို ရပြီးတဲ့စာတွေကုန်အောင် ပြန်ရပါတယ်, နံနက်စောစော အိပ်ရာထတော့ ခဏလောက် ဘုရားဝတ်တက်, ဦးပေါ်ဦးရဲ့ "ယမမင်းထံ အစစ်ခံသံပေါက်" စသည်ကို ကျောင်းသားများအား ချပေးရပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်က ဆယ်နှစ်လောက်ရှိယင်ဘဲ လူကြီးကလေးလိုဖြစ်နေ တာပေါ့နော်။

**တပည့်တော်။** ။ မှန်ပါတယ်, တပည့်တော်က စာတော်တဲ့ကလေးဖြစ်တော့ စိတ်ကလဲ စာကိုအကြောင်းပြုပြီး လူကြီးလိုဖြစ်လာပါတယ်၊ အိမ်မှုကိစ္စ ကိုလဲ ကြောင့်ကြောင့်ကြကြ ရှိလာပါတယ်၊ တခါတုန်းက နေ့လည် အချိန်မှာ လူကြီးတွေမရှိဘဲ လဘက်ရည်တယ်သလား, ဘာလုပ်သလဲ မမှတ်မိပါဘူး, ကိစ္စပြီးတော့ မီးဖိုထဲကမီးကို ငြိမ်းလေ့ရှိတဲ့အတိုင်း မီးကျီး တွေ အပေါ်က လက်နဲ့ခံပြီးတော့ ရေဖျန်းပါတယ်, မီးအငွေ့ရိုက်လို့ ညာဘက် လက်ဖမိုးတွေပူတော့ ဘယ်ဘက်လက်နဲ့ခံပြီး ဖျန်းပါတယ်၊ မီးတော့ ငြိမ်းပါရဲ့, လက်ဖမိုး ၂ ဘက် အပူလောင်နေပါတယ်၊ အဲဒီ အခါမျိုးမှာ ငံပြာရည်နဲ့ နယ်ရတယ်ကြားဘူးလို့ ငံပြာရည်နဲ့နယ် ပါတယ်၊ သာပြီး ပူစပ်၍ မခံနိုင်တော့ ရေအင်တုံထဲနှစ်လိုက်ရော လက် ဖမိုး ၂ ဘက်လုံး အဖုတွေထလာတော့တာပါဘဲ၊ အဲဒီကစပြီး အနာ ဖြစ်လို့ အတော်ခံလိုက်ရပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်ကျောင်းအိပ်တဲ့အခါ ကစားရသေးလား, ကိုယ်တော်က ကစားဝါသနာပါတယ်ဆို။

**တပည့်တော်။** ။ကျောင်းအိပ်တဲ့အခါ မကစားရတော့ပါဘူး, အိမ်အိပ်တဲ့ အခါတုန်းကတော့ စာကလဲနဲသေးလို့ စာပြန်ပြီးယင် အိမ်နီးချင်း နှမ

တွေနဲ့ ကစားတဲ့အခါလဲ ကစား၊ လူကြီးများစကားပြောတာနားထောင်တဲ့အခါလဲ နားထောင်နဲ့၊ တခါတခါလဲ ရွာထဲမှာလမ်းထွက်ပြီး အခြားကလေးတွေနဲ့ကစား၊ အဲဒီလိုနေတာနဲ့ မပျင်းပါဘူး။

**ဓမ္မဂုတ်**။ ။နွမတွေနဲ့ ဘာလုပ်တမ်း ကစားသလဲ။

**တပည့်တော်**။ ။"ဖန်ခုန်၊ ထုပ်ဆီး၊ ညောင်ပင်တစ္ဆေ၊ ကြက်ထုပ်ပစ်" စတဲ့ကစားတွေပါ၊ တခါတလေတော့ ဆွေမျိုးသိပ်မရင်းတဲ့ အမျိုးသမီးတွေနဲ့လဲ နေ့(ကျောင်းအားတဲ့အခါ)ကစားပါတယ်၊ သူတို့က တပည့်တော်ကို ခင်လို့ ဆွေမျိုးရင်းအချို့နဲ့ အတူလိုက်လာပါတယ်၊ သူတို့နဲ့ ကစားတဲ့အခါတော့ သူတို့ကလဲ သိက္ခာရှိလို့၊ တပည့်တော်က သီလပေးတဲ့ကိုယ်တော်၊ သူတို့က သီလယူတဲ့ ဉပုသ်သည်လုပ်ပြီး သိက္ခာရှိရှိဘဲ ကစားကြပါတယ် ။

**ဓမ္မဂုတ်**။ ။ညီတွေ အကိုတွေနဲ့တော့ မကစားဘူးလား။

**တပည့်တော်**။ ။အကိုတွေက တော်တော်ကြီးပါတယ်၊ သူတို့က ကျောင်းမှာအိပ်ကြတာများပါတယ်၊ ညီလဲ အိမ်နီးချင်းမှာ မရှိပါဘူး၊ ရှိတဲ့ညီကလဲ အိမ်ချင်းနဲနဲဝေးတော့ ကစားဖေါ် မဖြစ်ကြပါဘူး။

**ဓမ္မဂုတ်**။ ။ကျောင်းမှာတော့ လုံးလုံး မကစားရဘူးလား။

**တပည့်တော်**။ ။ နေ့လည် စာအံနားချိန်မှာ ကစားရပါတယ်၊ အလှူရှိလို့ အားတဲ့အခါနှင့် ဉပုသ်နေ့မှာလဲ ကျောင်းပြင်ထွက်ပြီး ကစားကြပါတယ်၊ ကျည်းသားရိုက်တမ်း၊ ဂုံညင်းထိုးတမ်းနဲ့ ကြီးတဲ့အခါ ဘောလုံးကန်တမ်း၊ ပိုက်ဆံပစ်တမ်း၊ တော်တော်ကြီးတဲ့အခါ လူခပ်ကြီးကြီးတွေနဲ့ သုံးပုံဖဲရိုက်တမ်း၊ စုံလို့ပါဘဲ၊ နဘမ်းချ၊ လက်ဝှေ့သတ်ကစားနည်းတော့ ကြမ်းလွန်းလို့ တပည့်တော်တော့ ဝါသနာမပါလှပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ငယ်ငယ်က သုံးပုံဖဲလဲ ရိုက်တတ်သလား။

**တပည့်တော်**။ ။ရိုက်တတ်ရုံ မကဘူး၊ သိပ် ဝါသနာပါတာဘဲ၊ သုံးပုံဖဲက အတွေးကောင်းဘို့လိုပါတယ်၊ အဲဒီလို တွေးရတာက အလွန်သမာဓိရပြီး အရသာရှိပါတယ်၊ အတွေးမှန်လျှင်တော့ သိပ်ပျော်တာဘဲ။

**ဓမ္မဂုတ်**။ ။ပိုက်ဆံတမ်းလား။

**တပည့်တော်**။ ။ပိုက်ဆံတမ်း မဟုတ်ပါဘူး, ဆွေမျိုးတွေ အစ်ကိုကြီးတွေနဲ့ တခြားက လူကြီးတွေ ထုံးခွေတမ်းပါ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ရဲ့ ဆယ်နှစ်အရွယ်အထိ အကြောင်းအရာတွေကို သိရပါပြီ၊ ကိုယ်တော်ကျောင်းနေတဲ့အခါ ဉာဏ်ကောင်းကြောင်း ထင်ရှားပုံ, စာဖတ်ဝါသနာပါ၍ စာဖတ်တတ်သော်လဲ ဂဏန်းသင်္ချာနှင့် သတ်ပုံနားမလည်ပုံ, ညဥ့်စာအံတဲ့အခါ တခြားကျောင်းသားတွေ စာအံတိတ်သော်လဲ မတိတ်ရသေးပုံ, နံနက်စောစော ကျောင်းသားများအား ကိုယ်တော်က သံပေါက်စာများကို တိုင်ပေးရပုံ, ဇာတ်တော်တွေကြားရလို့ အားကျပြီး ကုသိုလ်များများပြုပုံ, ဘိုးဖုန်းရဲ့ အရေးတော်ပုံစစ်ကို ကြားရ၍ ဝံသာနုစိတ်, ရွှေဘိုသွေး ထက်သန်ပုံ, မင်းကွန်းရောက်ခိုက် အင်္ဂလိပ်တွေက ခွတ်ပုံရိုက်မယ်လုပ်တော့ ညီအစ်ကို ၂ ယောက်ပြေးကြပုံ, မြစ်ထဲမှာရေနစ်လို့ ကံကောင်းထောက်မသဖြင့် ဆယ်မည့်သူ အဒေါ်ရှိပုံ, မန္တလေး ခေတ္တနေရပုံ, လှေကားကို ခုန်ခုန်တက်လို့ တိုက်မိ၍ ခြေသလုံးရိုးမှာ အနာရွတ်တွေ ယခုအထိ ရှိသေးပုံ, ကိုယ်တော်ရဲ့ ခုန်တက်ပုံကို မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီးရဲ့ မျက်စိတော်ထဲမှာ မြင်နေပုံ, ကစားမျိုးစုံနှင့်တကွ သုံးပုံဖဲဝါသနာပါပုံ, မီးထင်းကိစ္စမှာလဲ ကြောင့်ကြရှိပုံ, အတော်စုံစုံ သိရပါပြီ၊ ဆယ်နှစ်မှအထက် သိစရာတွေကို သိဘို့ရန် ဆယ်နှစ်နိဂုံးကို ဤနေရာတွင် ကမ္ပတ်ဖုံးကြပါစို့။

**နိဂုံး**။ ။လူတွင်တယောက်, ဆိုရလောက်အောင်, ထွန်းတောက်မည့်သူ, ထိုသည့်လူကား, ငယ်မူငယ်သွေး, ငယ်ကလေးက, ဘိုးဘေးလည်းစောင့်, မျိုးလည်း စောင့်၍, စောင့်မည့်အရာ, တွေ့မြဲသာတည်း၊ ဝါသနာခေါ်, အထုံသော်ကား, မတော်မတဲ့ မရှိခဲ့၍, တဲ့ရာ တော်ရာ, ဝါသနာကြောင့်, ဉာဏ်ပါ ဝီရိ, အမြဲရှိသား၊ မိမိဘိုးဘွား, ဆရာများက, အားထားလေးမူ, အရေးယူ၏၊ ထိုသူမျိုးသာ, ဖြစ်ခဲ့ပါမူ, နောင်ခါဆက်ဆက်, ညွှန့်အတက်ဖြင့်, ကွန့်လျက်ဝေဖြိုး, သစ်ပင်မျိုးသို့, တိုင်းကျိုး ပြည်ရွာ, သာသနာနှင့်, ဘာသာမျိုးနွယ်, ခိုကိုးဘွယ်သည်....ငယ်ငယ် သစ်ပင်သဘောတည်း။

## ၇။ ဆယ်နှစ်လွန်လစ်-ဆယ့်ငါးနှစ်

**ဓမ္မဂုတ်။** ။ကိုယ်တော်က မန္တလေးကပြန်ပြီး ရွာမှာနေတဲ့အခါ မန္တလေးနှင့် အဆက်အသွယ် မရှိတော့ဘူးလား။

**တပည့်တော်။** ။တပည့်တော်တို့ ရွာနဲ့ မန္တလေး ဝိသုဒ္ဓါရုံတိုက်က အိမ်ဦး ကြမ်းပြင်လို ဖြစ်နေတော့ မကြာမကြာ အဆက်အသွယ်ရှိပါတယ်၊ တခါ တုန်းက မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ပင်းကျောင်းမှာ သိမ်သမုတ် ကိစ္စနဲ့ ကြွတော်မူလာပါတယ်, ဓမ္မကထိကများနှင့် စာချဘုန်းကြီးများလဲ ပါလာပါတယ်,အဲဒီ စာချဘုန်းကြီးအများထဲမှာ အဘယာရာမဆရာတော် ဖြစ်မည့် စာချဘုန်းတော်ကြီးလဲ ပါလာပါတယ်၊ တပည့်တော်ရဲ့နာမည်နဲ့ သားရေအုပ်ထားတဲ့ သဒ္ဒါသုံးစောင်တွဲစာအုပ်ကို လက်ထောက်ဦးပဥ္စင်း အနားမှာတွေ့တော့ ဒီကလေးက သဒ္ဒါတက်သလားလို့ မေးပါသတဲ့၊ အဲဒီအခါမှာ တပည့်တော်ရဲ့အကြောင်းကို ပြောနေကြတုန်း တပည့် တော်က ကွမ်းကပ်ဘို့ ကွမ်းအစ်ယူပြီး ကျောင်းပေါ် တက်သွားတော့ လက်ထောက် ဦးပဥ္စင်းက " ဒွေးလွင် " ဆိုတာ သူဘဲလို့ ပြောပါတယ်, ဒီတော့....

**စာချဘုန်းကြီး။** ။စာအုပ်ကိုင်ပြီး ထိုင်အုံးဟေ့-ဒီစာအုပ်က မင်းစာအုပ်လား။

**တပည့်တော်။** ။ဟုတ်ပါတယ်ဘုရား။

**စာချဘုန်းကြီး။** ။မင်းက သဒ္ဒါတက်တော့ ရုပ်တွက်တတ်သလား။

**တပည့်တော်။** ။နဲနဲတော့ တွက်တတ်ပါတယ်ဘုရား။

**စာချဘုန်းကြီး။** ။ "မျာယံ"ကို တွက်စမ်း။

**တပည့်တော်။** ။တွက်ပြပါသည်။

**စာချဘုန်းကြီး။** ။"ပင္ခိသန္တာဝရဝုတျာ"ကို တွက်စမ်း။

**တပည့်တော်။** ။တွက်ပြပါသည်။

**စာချဘုန်းကြီး။** ။ အနားမှာရှိသော ( မန္တလေးက ပါလာသော ) များကို မင်းတို့ သူ့လို တွက်တတ်ကြရဲ့လား , ( ကိုရင်များက ဖြေ ကြသည် )။

**စာချဘုန်းကြီး။** ။မန္တလေး မနေချင်ဘူးလား။

**တပည့်တော်**။ ။ နေချင်ပါတယ်ဘုရား, တပည့်တော် ခဏလောက်တော့ နေဘူးပါတယ်၊ ဖျားလို့ အဖေက ပြန်ခေါ်လာတာပါ။

**စာချဘုန်းကြီး**။ ။အေး....မန္တလေး လာနေပေါ့။

[အဘယာရာမဆရာတော်သည် ထိုအခါကစ၍ မိမိအပေါ် မှာဂရုစိုက်သော လက္ခဏာ ရှိပါသည်၊ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးကလည်း အဘယာရာမ ဆရာတော်ကို အထူး ဂရုစိုက်တော်မူသောကြောင့် ဉာဏ်ကောင်းသော ကလေးလဲဖြစ်, ဆရာတော်ကြီး၏ မျိုးရိုးလဲဖြစ်သည့်အတွက် အတုန့်ပြန်တဲ့ လက္ခဏာပင် ဖြစ်ပါသည်။]

**မွေ့ဂုတ်**။ ။မန္တလေးမှာနေကြတဲ့ ကိုယ်တော်တို့ရွာက ကိုယ်တော်တွေကော ဉာဏ်ကောင်းတွေ မရှိကြဘူးလား။

**တပည့်တော်**။ ။အများပင် ရှိကြပါတယ်, ဒါပေမဲ့ သာသနာတော်မှာ ကြာရှည် မမွေ့လျော်တဲ့ တချို့က လူ့ဘောင်ပြောင်းလို့ ဆရာတော်ကြီး ကိုယ်တိုင်ပင် သရိုင်သားတွေကို မချီးမြှောက်ဝံ့အောင် ဖြစ်နေပါတယ်, ဝိသုဒ္ဓါရုံ အရှေ့တိုက်မှစ၍ ပြောစမှတ်တခုရှိပါသတဲ့၊ "သရိုင်သားတွေဟာ အစကောင်းသော်လဲ အနှောင်းမကောင်းဘူး"လို့ တပည့်တော် ဝိသုဒ္ဓါရုံ တိုက်ရောက်လို့ နာမည်ထွက်လာတဲ့အခါမှာ အဲဒီလိုဘဲ ပြောကြပါတယ်၊ သရိုင်မှာနေတုန်းကပင် တပည့်တော်ရဲ့နာမည်က မန္တလေးဝိသုဒ္ဓါရုံတိုက် မှာ ရောက်နှင့်ပြီး ဖြစ်နေပါတယ်။

**[illegible]ထ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်နာမည်ကြီးဘို့ဇာတာက သိပ်ကောင်းဟန် တူပါတယ်, နာမည်ကြီးလို့လဲ ကိုယ်တော့်ကို လိုလားတဲ့သူတွေက အားရ ကြည်လောက်, မလိုလားတဲ့သူတွေက နှိမ်ကြဟန်တူပါတယ်။

**[illegible]တော်**။ ။တပည့်တော်တွင် မကပါဘူး, မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီးနဲ့စပ်ပြီး သရိုင်သား ဉာဏ်ကောင်းတွေဟာ အနှိမ်ခံကြရပါ တယ်, ဝိသုဒ္ဓါရုံတိုက်ထဲမှာ ပြောလေ့ရှိတဲ့ စကားတရပ်က.... "ဟော့.... [illegible]ရိုင်သား ဟုတ်-မဟုတ်ကို ရုပ်လက္ခဏာကြည့်ရမယ်, သရိုင်သားမှန်ယင် [illegible]သွားယင်လဲ မဲရမယ်, သွားယင်လဲ ခေါရမယ်, နဖူးယင်လဲ မောက်ရမယ်, [illegible]ရောင်ယင်လဲ ကောက်ရမယ်, နောက်စေ့ယင်လဲ ထွက်ရမယ်"တဲ့။

**ဓမ္မဂုတ်**။ ။အား.... ကိုယ်တော့်ရွာသားတွေကို တယ်နှိမ်ကြပါလား။

**တပည့်တော်**။ ။ရွာသားတွေကလဲ နှိမ်ချင်စရာပါဘဲဘုရား, ပညာတော်ပြီး သဒ္ဓါတရားနဲ့သလား မသိပါဘူး၊ တပည့်တော်ရဲ့ ဆွေမျိုးရင်းများသည် ပင် ရဟန်းဖြစ်ပြီးမှ လူ့ဘောင် ရောက်ကုန်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ဟုတ်တယ် ဟုတ်တယ်, "ဦးလာသန" ဆိုတာ ကိုယ်တော့်ညီ အရင်းဆို။

**တပည့်တော်**။ ။ဟုတ်ပါတယ်, တပည့်တော်ထက် ကျက်ဉာဏ်ကောင်းပါတယ်၊ ရုပ်ရော အသံပါ တပည့်တော်ထက် သာပါတယ်၊ ဒါပေမဲ့ ဆရာသမား တွေက အရေးပါတော့ သဒ္ဓါတရားနဲ့သလိုဖြစ်နေပါတယ်၊ ဒါ့ကြောင့် ရဟန်းမဖြစ်ခင် ၁၀ နှစ်သားလောက်က "မင်း....လူထွက်ပြီး ဒကာကြီးနဲ့ အတူ ကုန်သန်းရောင်းဝယ်ရေး အလုပ်သင်ယင် ကောင်းမယ်ထင်တယ်" လို့ ပြောမိပါတယ်၊ ဒါပေမဲ့ မထွက်သေးဘဲ ရဟန်းဖြစ်ပြီး "ပဌမကျော် အောင်, သကျသီဟ ၂ ကျမ်းလား အောင်ပြီးမှ လူထွက်ပါတယ်"။

**ဓမ္မဂုတ်**။ ။ ကိုယ်တော်က သဒ္ဓါတရားကောင်းတဲ့သူမှ သာသနာတော်မှာ နေထိုက်တယ်လို့ ယူဆသလား။

**တပည့်တော်** ။ ။ ဟုတ်ပါတယ်, သဒ္ဓါတရားမရှိယင် ဝိနည်းကိုမလေးစား ပါဘူး၊ လူများရဲ့ ပစ္စည်းလေးပါးကိုသုံးစွဲပြီး ဝိနည်းတော်အတိုင်း မနေယင် အပါယ်လေးပါးသွားဘို့ သေချာတယ်လို့ယူဆပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီဝါဒကို ကြားကြားနေလို့ ကိုယ်တော်ရဲ့ ဉာဏ်ကောင်း စာတော်ဆွေမျိုးတွေ လူထွက်သွားကြတာဘဲထင်တယ်၊ "ဦးကစ္စာယန" ဆိုတာလဲ ကိုယ်တော်ရဲ့ တူတော်တယ်ဆိုမဟုတ်လား။

**တပည့်တော်** ။ ။ ဟုတ်ပါတယ်, အစ်ကိုတဝမ်းကွဲနှင့် အဒေါ်ကလေး တဝမ်းကွဲရဲ့သားပါ, သူကမှ သာပြီးတော်ပါသေးတယ်, ကိုရင်ဘဝ တုန်းက ပဌမကျော်လဲအောင်, သကျသီဟ ကိုရင်စာပြန်ပွဲလဲ ထိပ်ဆုံး အထိအောင်, အစိုးရဓမ္မာစရိယ, သကျသီဟ (ပရိယတ္တိ) ဓမ္မာစရိယရော အောင်ပြီးမှ လူထွက်ပြီး (ဘီအေ)တောင် အောင်လိုက်ပါသေးတယ်။

**ဓမ္မဂုတ်** ။ ။ အား.......အဲဒီ ညီနဲ့ တူသာ သဒ္ဓါတရား ကောင်းကောင်းနဲ့ ကိုယ်တော့်ကိုကူညီပြီး သာသနာကို ရှက်ဆောင်လိုက်ရယင် ကိုယ်တော်တို့

တူဝရီးသုံးယောက်ရဲ့ သာသနာဟာ ဗမာတပြည်လုံးတောင် ဆံ့မှာ မဟုတ်ဘူးနော်။

**တပည့်တော်။** ။သူတို့တွင်မကသေးဘူးဘုရား၊ တပည့်တော်ရဲ့ နှမတဝမ်းကွဲ သားတွေလဲ ကိုရင်ဘဝက ဓမ္မာစရိယအောင်သူတွေ ၂ ယောက်လား, ၃ ယောက်လား ရှိပါသေးတယ်, သူတို့လဲ လူ့ဘောင်ရောက်ကုန်ပါပြီ။

**ဓမ္မဂုတ်။** ။ကိုယ်တော်က သူတို့ကို သေသေချာချာ မသိရအောင် သူတို့က ဘယ်မှာနေကြလို့တုန်း။

**တပည့်တော်။** ။သူတို့အဖေအာက်ကသာ ၁၅ရင်းတဲ့ စစ်ကိုင်းတောင် ဆရာတော် ဦးဝိသုဒ္ဓိရဲ့ ဝိဇ္ဇာဒပ္ပဏချောင်မှာ နေကြလို့ သေသေချာချာမသိတာပါ၊ ဦးဝိသုဒ္ဓိ ဆိုတာလဲ ရွှေကျင်ဂိုဏ်းမှာ ထင်ရှားတဲ့ သကျသီဟ ဓမ္မာစရိယ တပါးဖြစ်ပါတယ်, တပည့်တော်နဲ့လဲ ၂ဝမ်းကွဲ ဦးလေးတော်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့အမျိုးက ဉာဏ်ကောင်းတွေ များသလား။

**တပည့်တော်။** ။များတယ်လို့ ဆိုရမှာပေါ့ဘုရား, ဒါ့ကြောင့် ရွှေဘိုမြို့ စက်ပိုင် ဦးထွန်းဖေက တပည့်တော်ရဲ့ညီ သစ်စက်ပိုင်တယောက်ကို ပြောသတဲ့၊ ကိုဘသန်းရေ "ဦးဇနကနောက်တော့ ခင်ဗျားတို့အမျိုးထဲက ထွန်းကားတဲ့သူ မပေါ်နိုင်တော့ဘူးလို့ထင်တာ,ယခုလဲ တပါးပေါ်လာပြန်ပြီ" လို့ (ဦးကစ္စာယနကို ညွှန်ပြ၍) ပြောပါသတဲ့။

**ဓမ္မဂုတ်။** ။ဒီတော့ ကိုယ်တော့်ညီက ဘယ်လိုပြန်ပြောသတဲ့လဲ။

**တပည့်တော်။** ။တပည့်တော်ရဲ့ အဲဒီညီက ခပ်ကြွားကြွားဘဲ " ကျွန်တော်တို့ အမျိုးမှာ ဗိုက် ဆယ်လုံးရှိယင် သုံးလုံးကတော့ နိုင်ငံကျော်ဖြစ်မှာ သေချာပါတယ်" တဲ့။

**ဓမ္မဂုတ်။** ။ အင်း ......ကြွားမယ်ဆိုလဲ ကြွားစရာပါဘဲ, ကိုယ်တော်ကတော့ ကိုယ်တော့်ညီများ တူများလိုမဖြစ်ဘဲ တမျိုးတဘာသာ ဖြစ်လာတာက ဘာအကြောင်းလဲ ကိုယ်တော်။

**တပည့်တော်။** ။လူတယောက်ရဲ့ ဘဝဖြစ်စဉ်ဟာ ရှေးရှေးဘဝက ပါလာတဲ့ အထုံဝါသနာနဲ့လဲဆိုင်, မိဘ ဘိုးဘွား ဆရာများနဲ့လဲဆိုင်, ပတ်ဝန်းကျင် အပေါင်းအသင်းနဲ့လဲဆိုင်ပါတယ်၊ တပည့်တော်ရဲ့ ရှေးရှေးဘဝကံတွေက

လမ်းတမျိုး စဉ်ပေးလိုက်ဟန်တူပါတယ်, ယယ်ယယ်တူနှိုးက သစ်ပင်တွေမှာ အသက်ရှိတယ်လို့ ထင်တာရယ်, မိုးပေါ်ကကြယ်တွေမှာ လူရှိ-မရှိ သိချင်တာရယ်, အဲဒီ အချက်တွေဟာ ရှေးရှေး ဘဝကပါလာတဲ့ ဉာဏ်ဓာတ်နေမှာပါဘဲ၊ ဒီဘဝရောက်တော့လဲ ဘိုးရဲ့ထိန်းသိမ်းမှုဟာ တပည့်တော်မှာ ကောင်းသော အထောက်အကူ ဖြစ်ပါတယ်, ကျောင်းရောက်တော့လဲ ဇာတ်နိပါတ်တွေကို ကြားရလို့ အားကျတဲ့စိတ်ဟာ ရှေးဘဝဓာတ်ခံကြောင့် ဖြစ်မှာပါ၊ အားကျပြီး ကုသိုလ်ပြုတာကတော့ ပတ်ဝန်းကျင် ဆွေမျိုးများက ဘုရားဒကာ ကျောင်းဒကာတွေများလို့ ဖြစ်ပါတယ်၊ "မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးစသော သူတော်ကောင်းကြီးများကိုလဲ အားကျတာကတော့ ပတ်ဝန်းကျင် အပေါင်းအသင်းကြောင့်" ဟု ဆိုရမှာပါဘဲ၊ အဲဒီ အားလုံးကို ခြုံလိုက်တဲ့အခါ တပည့်တော်ရဲ့ လမ်းစဉ်ဟာ ဖြောင့်မှန်ဘို့အကြောင်းတွေ ဖြစ်လာပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော် မန္တလေးကို ဘယ်အရွယ်လောက်ကျမှ နောက်တခေါက် ရောက်ရသလဲ။

**တပည့်တော်**။ ။မန္တလေး နောက်တခေါက် ရောက်တဲ့အချိန်ဟာ သကရာဇ် တထောင့်နှစ်ရာ ခုနစ်ဆယ့်သုံးခုနှစ်, နတ်တော်လဆန်း ၃ ရက်လို့ မှတ်မိပါတယ်၊ အဲဒီတော့ တပည့်တော်အသက်ဟာ ၁၂နှစ် ပြည့်လုနေပါပြီ။

**ဓမ္မဂုတ်**။ ။မန္တလေးရောက်တော့ ဘာစာတွေ ကုန်ပြီးပြီလဲ။

**တပည့်တော်**။ ။သဒ္ဒါ, သဂြိုဟ်နဲ့ ပုဒ်စစ် တချို့တဝက် ရနေပါပြီ။

**ဓမ္မဂုတ်**။ ။မန္တလေးရောက်ပုံ ပြောပြပါအုံး။

**တပည့်တော်**။ ။ရွှေတောင်ကျောင်းက ဦးပဥ္စင်းတပါး အရပ်ပြန်လာတဲ့အခါ ပင်းကျောင်းဆရာတော်ဘုရားကြီးက အမေ့ခေါ်ပြီး "နင့်သားကို မန္တလေး စာသင်ရအောင်ထဲ့လိုက်" ပြောလို့ အဲဒီ ဦးပဥ္စင်းနဲ့ ထဲ့လိုက်တာပါဘဲ။

**ဓမ္မဂုတ်**။ ။အဲဒီတော့ ဦးပဥ္စင်းရဲ့တပည့် ဖြစ်သွားတာပေါ့နော်။

**တပည့်တော်** ။ ။ဆရာတော်ဘုရားကြီးကတော့ တပည့်အဖြစ်နဲ့ အပ်တဲ့သဘော ဟုတ်ဟန် မတူပါဘူး, မန္တလေးရောက်ယင် ပင်းကျောင်းက ဆွေမျိုးတော်တဲ့ ဦးပဥ္စင်းများ ထိန်းကြလိမ့်မယ်ဆိုတဲ့သဘောနဲ့ အထဲ့ခိုင်းဟန်တူပါတယ်။

**ခမ္မဂုတ်။** ။ဒါပေမဲ့-လောကသဘောနဲ့တော့ အဲဒီ ဦးပဥ္ဇင်းထံ တပည့်အဖြစ် အပ်နှံသလို ဖြစ်သွားတာပေါ့။

**တပည့်တော်။** ။မှန်ပါတယ်, အဲဒီဦးပဥ္ဇင်းဆိုတာကလဲ သူ့အဖေနဲ့ တပည့်တော်အဖေက ဆွေမျိုးမတော်ပေမဲ့ အလွန်ရင်းနှီးကြလို့ မန္တလေးရောက်တဲ့အခါ တပည့်အဖြစ်နဲ့ ထိန်းပါတယ်။

**ခမ္မဂုတ်။** ။ဒီအချိန်မှာ ကိုယ်တော့်ဘိုးနဲ့ ကိုယ်တော့်အဖေက ဘယ်သွားနေကြသလဲ။

**တပည့်တော်။** ။ဘိုးက နောက်အိမ်ထောင်ပြုပြီး ခင်မင်ရွာရောက်နေပါတယ်, အဖေက စပါးကုန်သည်ဖြစ်နေပါပြီ, မန္တလေးကို စပါးရောင်းသွားနေပါတယ်၊ ဒါ့ကြောင့် တပည့်တော်ကို မန္တလေးထဲ့တဲ့ကိစ္စမှာ ဘိုးနဲ့အဖေမပါတာဖြစ်ပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော့်ကို မန္တလေးပို့ပုံကတော့ မရေမရာကြီးဘဲကိုယ်တော်။

**တပည့်တော် ။** ။ မှန်ပါတယ်, "အစမကောင်းတော့ အနှောင်းမသေချာ" ဆိုတာလို နောက်တော့ မကောင်းကျိုးတွေဖြစ်လာတာကို တွေ့ရပါလိမ့်မယ်။

**ခမ္မဂုတ် ။** ။ မန္တလေးရောက်တော့ အဘယာရာမဆရာတော်လောင်းဖြစ်တဲ့ စာချဘုန်းတော်ကြီးနဲ့ တွေ့သေးသလား။

**တပည့်တော်။** ။ဆရာတော်နဲ့တွေ့တော့ ဆရာယောင်က သဘောကျတဲ့လက္ခဏာနဲ့ "မင်းရောက်လာပြီလား ဟေ့"တဲ့၊ ဒါပေမဲ့-ဆရာတော်နေတဲ့ကျောင်းကြီးနဲ့ တပည့်တော်နေတဲ့ ဆီးပင်ကျောင်းက တခြားစီဖြစ်တော့ အဆက်အသွယ် မရှိပါဘူး, ဆရာတော်လဲ မကြာခင်ပင် အိန္ဒိယသို့ သက္ကတအသင်သွားဟန်တူပါတယ်, မတွေ့တော့ပါဘူး။

**ခမ္မဂုတ်။** ။အဲဒီအခါမှာ ကိုယ်တော်ရဲ့ဦးလေးဆိုတာ မရှိဘူးလား။

**တပည့်တော်။** ။မရှိတော့ပါဘူး, ဦးလေးကြီးက သကျသီဟစာပြန်ပွဲဝင်တာကျလို့ရှက်ပြီး အောက်ပြည်ပြေးဟန်တူပါတယ်၊ ပဋ္ဌမရနိကုန့်နောက်တော့ လပွတ္တာမြို့ လေးထပ်ကျောင်းဆရာတော်ထံ ရောက်နေပါတယ်။

**ခမ္မဂုတ်။** ။မန္တလေးရောက်တော့ ဖြစ်ပျက်ပုံများကို ပြောပြပါအုံး။

**တပည့်တော်။** ။မန္တလေးရောက်တော့ အဖေနဲ့တွေ့ပါတယ်, အဖေက ထမင်းလခပေးစားဘို့ စီစဉ်ပါတယ်, တပည့်တော်က နေပါစေ, ကျောင်းမှာဘဲ စားမယ်လို့ ပြောပါတယ်, မုန့်ဘိုးပေးထားပါတယ်၊ အဲဒီခေတ်တုန်းက ခေါက်ဆွဲတလုံး တပဲ, ပေါက်စီတလုံး တပြားဆိုတော့ နေ့စဉ် ပိုက်ဆံ ငါးပြားလောက်သုံးနိုင်ယင် ညနေစာလုံလောက်ပါတယ်၊ခေါက်ဆွဲဆိုင်က ဝိသုဒ္ဓါရုံတိုက်မြောက်ဘက် ကျောက်လမ်းဘေးမှာရှိပါတယ်၊တပည့်တော်ကတော့ မကြာမကြာ သွားစားပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတော့ စားရေးအတွက် မဆင်းရဲဘူးပေါ့နော်။

**တပည့်တော်။** ။ဒီလိုလဲ မဟုတ်သေးဘူးဘုရား, တခါတလေ ကျောင်းမှာ ညနေစာချက်စားပါတယ်, တပည့်တော်က တထောက်ထဲ ထမင်းချက်ပြီး ငါးဘတ်ငါးပိကို ထမင်းအိုးထဲအုံးပြီး စားပါတယ်၊ တယောက်ထဲလဲဖြစ်, ငါးပိအုံး တခွက်ထဲနဲ့စားရလို့ ဝမ်းနဲလိုက်တာဘုရား။

**ဓမ္မဂုတ်။** ။ခေါက်ဆွဲသွားစားဘို့ ပိုက်ဆံကုန်နေလို့လား။

**တပည့်တော်။** ။ဒီလိုလဲ ဟုတ်မယ်မထင်ပါဘူးဘုရား၊ တပည့်တော်က မျိုးရိုးအလိုက် ပိုက်ဆံအသုံးချွေတာပါတယ်, ကုန်သင့်မှ ကုန်စေပါတယ်။

**ဓမ္မဂုတ်။** ။ဟုတ်မှာပါဘဲ, ကိုယ်တော့်အမျိုးကိုယ်က ချွေတာရေးကြောင့် ပိုက်ဆံပေါနေတဲ့ အမျိုးတွေဘဲ။

**တပည့်တော်။** ။ဝန်ခံပါတယ်ဘုရား၊ ချွေတာမှုမရှိယင် ဘယ်အိမ်မှ မခံနိုင်ပါဘူး၊ တပည့်တော်တို့တမျိုးလုံးဟာ ပိုက်ဆံအသုံး စည်းကမ်းရှိလွန်းလို့ လူမွဲ မရှိဘူးလို့ ပြောနိုင်တာပါ၊ စည်းမဲ့ကမ်းမဲ့သုံးယင် အားလုံးလူမွဲမျိုးဖြစ်နိုင်ပါတယ်။

**ဓမ္မဂုတ်။** ။ဒါပေမဲ့ ချွေတာလွန်းအားကြီးလို့ ငတ်နေတာတော့ မကောင်းပါဘူး ကိုယ်တော်။

**တပည့်တော်။** ။ဒါလောက်လဲ မချွေတာပါဘူး, စားသင့်သလောက်တော့ စားကြပါတယ်၊ အဖေကတော့ ဆွေမျိုးတွေထဲမှာ ချွေတာမှုမရှိတဲ့လူ တယောက်ပါ, ကောင်းကောင်းစားပါတယ်၊ ထမင်းစားတဲ့အခါ ထမင်းပူပူပေါ်မှာ ထောပတ်ဆမ်းပြီးစားလေ့ရှိပါတယ်၊ အဲဒီခေတ်က ထောပတ်ကောင်းကောင်း တပိဿာမှ ၃ ကျပ်လောက်သာ ပေးရပါတယ်။

**ဓမ္မဂုတ်**။ ။ဒါဖြင့် ကိုယ်တော်တို့အိမ်မှဲ့တာဟာ ကိုယ်တော့်အဖေ အသုံးအစွဲများလို့ ဆိုချင်သလား။

**တပည့်တော်**။ ။မွဲတို့အကြောင်းကတော့ အသုံးအစွဲချည့်မဟုတ်ပါဘူး, ပဌမကမ္ဘာစစ် နောက်ပိုင်းမှာ ပဲဖြူကလေး ဈေးကောင်းပါတယ်၊ အဖေက စပါးကုန်သည်သာမက, ပဲကုန်သည်လဲ အကြီးအကျယ်လုပ်ပါတယ်၊ စစ်ပြီးခါနီး ပဲဖြူကလေးဈေးအကျမှာ ကုန်သည်အများပင် အမွဲသာ အဖတ်တင်ရစ်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်အဖေက လူစုံ လူလယ် လူကြွားထင်ပါရဲ့။

**တပည့်တော်**။ ။ဆိုစရာဖြစ်နေတာပါဘဲ, ဆွေရင်း မျိုးရင်းထဲမှာ အဖေက အလယ်ဆုံးပါ၊ ဘိုးက အိမ်ထောင်ပြုပြီး ရွှေ့ပြောင်းသွားကထဲက အိမ်မှာ လူစုံ အဝင်အထွက် ရှိလာပါတယ်၊ ရုံးကိစ္စဆိုယင် အဖေ့ကို အားကိုးကြပါတယ်၊ ရပ်ကိစ္စ ရွာကိစ္စမှာလဲ အဖေပါတာ များပါတယ်၊ တပည့်တော်ငယ်ငယ်တုန်းက လူခွန်မပေးရဘဲ အိမ်ခွန်သာပေးရပါတယ်, တပည့်တော်တို့ရွာမှာ ပစ္စည်းရှိသူတွေများလို့ တအိမ်ခြောက်ကျပ်နှုန်း ထားပါတယ်၊ အဲဒီအခါ မည်သည့်အိမ်က မည်မျှပေးထိုက်တယ်လို့ စီစဉ်ဘို့ရန် သမာဓိလူကြီးသုံးယောက်လောက် ရွေးပါတယ်, အဖေနဲ့ အခြား ဆွေမျိုးလူကြီးနှစ်ယောက်လောက်စုပြီး တပည့်တော်တို့အိမ်မှာ စည်းဝေးဆုံးဖြတ်ကြတာပါဘဲ, အစိုးရဘက်ကလဲ ရွာမှာကိစ္စရှိယင် တပည့်တော်တို့အိမ်မှာတည်းပြီး အလုပ် လုပ်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်အဖေ ကုန်သည်လုပ်လို့ မွဲတယ်ဆိုယင် မမွဲခင်က ဆွေမျိုးလူကြီးများက သတိမပေးကြဘူးလား။

**တပည့်တော်**။ ။ပေးကြပါတယ်, တပည့်တော်တို့အိမ်နဲ့ ကပ်နေတဲ့ ဓနရှင်ဘကြီးတယောက်က စပါးကုန်သည် လုပ်နေကြတဲ့ အဖေနဲ့ ဘိုးလေးကို ပြောပါသတဲ့၊ "ဟဲ့– နင်တို့နှစ်ယောက် ထူးလွန်း ကဲလွန်းတယ်, ဒို့အမျိုးထဲမှာ ရိုးရာအလုပ်နဲ့ မမွဲခဲ့ပါဘူး" လို့။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဘိုးလေးထက် ကိုယ်တော့်ဘကြီးက ကြီးသလား။

**တပည့်တော်**။ ။အမျိုးတွေကများတော့ ဝါစဉ်အားဖြင့်သာ ဘိုးလေး တော်တာပါ, အသက်ချင်းတော့ ဘကြီးက အပုံကြီး ကြီးပါတယ်, ဘိုးလေးဆိုသူက ဘိုးရဲ့အဖေ (ဘိုးကြီး)ရဲ့ နောက်အိမ်ထောင်က မွေးတဲ့ သား

ကလေးဖြစ်ပါတယ်, အဖေထက်တော့ အများကြီး ကြီးပါသေးတယ်၊ အဲဒီ ဘိုးလေးကလဲ စပါးကုန်သည်လုပ်ပါတယ်, ဘိုးလေးရဲ့သား (ဘထွေး)လဲ မန္တလေး ဆီးပင်ကျောင်းမှာ ကိုရင်ဝတ်နဲ့ နေပါသေးတယ်, နောက်တော့ လူထွက်ပါတယ်၊သူလဲ စပါးကုန်သည်လုပ်ပြီး နောက်တော့ဆုံးရှာပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော် မန္တလေးရောက်တော့ တော-မကျဘူးလား။

**တပည့်တော်။** ။တောက ကလေးများထုံးစံအတိုင်းပေါ့ ဘုရား, ကိုယ်မသိတဲ့ နေရာကျတော့ နားမလယ်ဘူးပေါ့၊ ဒီလို နဲနဲပါးပါး နားမလယ်မှန်းမှ သိတော့ အယင်ရောက်ပြီးဖြစ်တဲ့ တောသားဘုန်းကြီးများကလဲ လှောင်ကြ ပြောင်ကြနဲ့ အလယ်လုပ်ကြပါသေးတယ်။

**ခမ္မဂုတ်။** ။ဘယ်လို အလယ်လုပ်သလဲ။

**တပည့်တော်။** ။ကျောင်းတိုက်ထဲလာပြီး ကုလားတွေက မုန့်ရောင်းကြပါ တယ်, မုတ်ဆိတ်ကြီးနဲ့ ကုလားရောင်းတဲ့ "အာတာပူစီ" ဆိုလား, အမျှင် အမျှင်နဲ့ မုန့်ကို ဝယ်စားတော့ ကုလားပြန်သွားတဲ့အခါ " အဲဒီ မုန့်ဟာ သူ့ရဲ့ မုတ်ဆိတ်မွေးတွေကို ဖြတ်ပြီးတော့ သကြားနဲ့ နယ်ပြီး ဆေးဆိုး ထားတာတဲ့။

**ခမ္မဂုတ်။** ။ကိုယ်တော်က ယုံရောလား။

**တပည့်တော်။** ။မယုံပါဘူး, ဒါပေမဲ့ ရွံသွားတာနဲ့ နောက်တော့ ဝယ်မစား တော့ဘူး၊ တခြား ကုလားတယောက်ရောင်းတဲ့ နံပြားနဲ့ ကာဖီကိုသာ သောက်တော့တယ်, နံပြားတပိုင်း တပြား, ကာဖီတခွက်ငယ်ငယ် တပြား ပေးရပါတယ်။

**ခမ္မဂုတ်။** ။ဒီပြင်တော့ မြို့ကအစာတွေ ဘာစားရသေးတုန်း။

**တပည့်တော်။** ။တခါတော့ ဒူးရင်းသီးကို ကိုယ်တော်ကြီးတွေက ပေးတယ်၊ တပည့်တော်က အနံ့တောင် မခံချင်လို့ ပြန်ပေးတော့ "တောသား, ဘာ နားလယ်လို့လဲ, ဒီဟာ ဒူးရင်းသီး သိပ်ကောင်းတာဘဲ" တဲ့။

**ခမ္မဂုတ်။** ။ကိုယ်တော်က ဘယ်နှယ်ပြန်ပြောသလဲ။

**တပည့်တော်။** ။ပိန္နဲသီးလောက်မကောင်းပါဘူးလို့ ပြန်ပြောတော့ အားလုံးက ရယ်ကြတယ်, ဒါပေမဲ့ "ဒါလောက် သူများပြောလှ ငါလဲ ကြိုက်အောင် လုပ်မယ်"လို့ စိတ်ထဲက ကြံလိုက်ပါတယ်။

**ဓမ္မဂုတ်။** ။နောက်တော့ ကြိုက်ရောလား။

**တပည့်တော်။** ။နောက်တော့ မှိုတက်နေတဲ့ ဒူးရင်းယိုကို သူများစားတဲ့အခါ စားကြည့်တော့ နဲနဲစားနိုင်ပါတယ်၊ ဒီလိုနဲ့ တစတစ ဒူးရင်းသီးအစား သင်လာလိုက်တာ နောက်တော့ ဒူးရင်းသီးနဲ့တောင် ထမင်းဝအောင် စားတတ်လာပါတယ်၊ ခုအနေတော့ ပိန္နဲသီးတောင်မစားချင်တော့ပါဘူး၊ ဒူးရင်းသီးအရသာက လွှမ်းသွားပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော် မန္တလေးရောက်စမှာ ဘာများ မှတ်မှတ်သားသား ရှိသေးသလဲ။

**တပည့်တော်။** ။တပည့်တော် မန္တလေးရောက်တော့ အများက "ဆရာတော်ကြီးရဲ့ ဆွေမျိုးအဆက်ဖြစ်တဲ့ ဉာဏ်ကောင်းကလေး"ဆိုပြီး အရေးပါကြပါတယ်၊ ဒါပေမဲ့ တချို့ စာတော်ပုဂ္ဂိုလ်များက စမ်းတဲ့သဘောနဲ့ စာမေးကြပါတယ်၊ တပည့်တော်ကလဲ ဖြေနိုင်ပါတယ်၊ ဒီလို ဖြေနိုင်ရက်သားနဲ့ "မင်းလဲ မင့်ဦးလေးလို ဖြစ်အုံးမှာဘဲ"လို့ ဗျာဒိတ်ပေးသွားကြပါတယ်။

**ဓမ္မဂုတ်။** ။ဘာ ဆိုလိုတာလဲ။

**တပည့်တော်။** ။ဦးလေးကြီးက သကျသီဟ (ပရိယတ္တိ) စာမေးပွဲမှာ ကျပြီး ထွက်ပြေးပါတယ်၊ တပည့်တော်လဲ "ဒီလို စာမေးပွဲကျအုံးမှာဘဲ"လို့ ဆိုလိုတယ်လို့ နားလယ်ပါတယ်၊ အခြား စာချဘုန်းကြီးတပါးကတော့ သဂြိုဟ်ဘက်က မေးပါတယ်၊ ဖြေလဲ ဖြေနိုင်ပါတယ်၊ ဒါပေမဲ့ "ကျော်သလောက် မဟုတ်သေးပါဘူးကွာ"လို့ ပြောသွားပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်မှာ ငယ်ငယ်ကပင် မလိုတဲ့ပုဂ္ဂိုလ်တွေရှိနေတာပေါ့နော်။

**တပည့်တော်။** ။အရှင်ဘုရား၊ တပည့်တော်လို သာမန်သတ္တဝါအတွက် မဆန်းပါဘူး၊ ဘုရားရှင်တောင်မှ တိတ္ထိတွေက သိပ်ပြီး မလိုလားကြသေးတာဘဲ မဟုတ်လား။

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့ စာသင်ရပုံကို ပြောပါအုံး။

**တပည့်တော်။** ။ပဌမ ရောက်စတော့ သရိုင်ကတက်လာတဲ့စာကိုဘဲ ဆက်ပြီး တက်ရပါတယ်၊ တနှစ်လောက်ကြာတော့ အစိုးရ ပဌမပြန် အငယ်တန်းမှာ ဝင်ပါတယ်။

**ဓမ္မဂုတ်။** ။အောင်ရဲ့လား။

**တပည့်တော်**။ ။စာရတာသာရှိတာဘဲ အခိပ္ပါယ် ကောင်းကောင်းနားမလည် ပါဘူး၊ အရွယ်ကလဲ ၁၃နှစ်သားရှိသေးတော့ အများကိုယ်တော်တွေက သူတို့ဖြေပြီးလို့ လာကြည့်ကြတာ ဖြည့်နေတာဘဲ, ဟိုကပြော- သည်က ပြောနဲ့ ပြောလိုက်ကြတာ ပညာဝန် ဦးစောဆိုတာကလဲ ဇာလေး တယောက်ထဲပါတာမို့ ဘာလုပ်လုပ်သဘောကျပြီး ကြည့်နေတာဘဲ၊ အားလုံးက အောင်မယ်လို့ပြောကြတော့ တပည့်တော်လဲ အောင်မယ် လို့ဘဲ ထင်ခဲ့တာဘဲ, ဂေဇက်ထွက်တော့ မပါလာဘူး, အိပ်ရာထဲသွား စောင်ခြုံပြီးငိုလိုက်တာ ဘာပြောကောင်းမလဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ၁၃ နှစ်သားဆိုတော့ ငယ်လဲငယ်လွန်းပါသေး တယ်လေ။

**တပည့်တော်**။ ။တပည့်တော်က ထွားထွားကျိုင်းကျိုင်းလဲမဟုတ်တော့သာပြီး ငယ်သလိုလဲ ဖြစ်နေပါတယ်၊ နောက်တနှစ်ကျတော့ ၁၅ နှစ် မပြည့် သေးယင် စာမေးပွဲမဝင်ရဘူးဆို့ ဥပဒေလုပ်လို့ ၁၄ နှစ်သားအရွယ်မှာ စာမေးပွဲမဖြေရပါ, အဲဒီနှစ်မှာတော့ စာကိုကောင်းကောင်းနိုင်နေပါပြီ။

**ဓမ္မဂုတ်** ။ ။ ဘယ်လိုသင်နည်းနဲ့သင်လို့ နိုင်တာလဲ, ကျက်တဲ့စာတွေက ကြေလို့လား။

**တပည့်တော်**။ ။မဟုတ်ပါဘူး စာသင်နည်းမှန်လာလို့ပါ။

**ဓမ္မဂုတ်**။ ။ဘယ်လိုမှန်လာတာလဲ။

**တပည့်တော်**။ ။သဒ္ဒါသင်ယင် ပဌမ(၁)နာမ်ဂိုဏ်း, အာချာတ်ဂိုဏ်း, ကြေရ ပါတယ်၊ (၂)သုတ်စဉ်, သုတ်နက်, ကြေရပါတယ်၊ (၃)တသုတ်အတွက် ဆိုင်ရာရုပ်များကိုလဲတွက်တတ်ရပါတယ်၊ ဒါလောက်ဆိုယင် သဒ္ဒါဘက်က အခြေခံရပါတယ်။

**ဓမ္မဂုတ်**။ ။သဒ္ဒါကြီးပါဠိကို မကျက်ရဘူးလား။

**တပည့်တော်**။ ။ကျက်ဘို့ မလိုပါဘူး, စာမေးပွဲအတွက်တော့ ကျက်ကြရ ပါတယ်၊ ဒါပေမဲ့ ထိုသို့ကျက်မှုကြောင့် သဒ္ဒါအခြေအနေတော့ သိပ်ပြီး မတိုးလာပါဘူး။

**ဓမ္မဂုတ်**။ ။အများကတော့ သဒ္ဒါကြီးကို အရကျက်ကြရတယ်နော်။

**တပည့်တော်။** ။တပည့်တော်လဲ ရွာတုန်းက အရကျက်ခဲ့ရပါတယ်, ဒါပေမဲ့- ဝိသုဒ္ဓါရုံတိုက်ရောက်တော့ သူများတွေ ရုပ်တွက်ကြပါတယ်, တပည့်တော်က သူတို့လောက် မတွက်တတ်ပါဘူး။

**ဓမ္မဂုတ်။** ။စာသင်နည်းကို ဘယ်သူကပြောင်းပေးသလဲ။

**တပည့်တော်။** ။တပည့်တော် ကံကောင်းချင်တော့ နောင်အခါ မြောင်းမြဆရာတော်ဖြစ်မဲ့ စာချဘုန်းကြီးက ဝိသုဒ္ဓါရုံတိုက် စည်ရှင်ကျောင်းက နေပြီး တပည့်တော်တို့ ဆီးပင်ကျောင်းကို ပြောင်းလာပါတယ်, ဆီးပင်ကျောင်းမှာ အတော်အတန် စာဝါသနာပါတဲ့ ဦးပဥ္စင်းများဟာ အဲဒီ စာချဘုန်းကြီးဆီမှာ စာတက်ကြပါတယ်, တပည့်တော်ကို ခေါ်လာတဲ့ ဦးပဥ္စင်းလဲ အဲဒီ စာချဘုန်းကြီးဆီမှာ စာတက်ပါတယ်။

**ဓမ္မဂုတ်။** ။ဆီးပင်ကျောင်းဘုန်းကြီးက စာမချဘူးလား။

**တပည့်တော်။** ။ဆီးပင်ကျောင်းဘုန်းကြီးလဲ စာချပါတယ်, ဒါပေမဲ့ နဲနဲပျင်းဟန်တူပါတယ်၊ နောက်တော့ လူထွက်ပါတယ်, ဉာဏ်ကောင်း သတောကောင်း, သကျသီဟ ဓမ္မာစရိယလဲအောင်ပြီး ဖြစ်ပါတယ်၊ မြောင်းမြဆရာတော်လောင်း စာချဘုန်းကြီးကလဲ သကျသီဟ ဓမ္မာစရိယပါဘဲ၊ သည့်ပြင်လဲ ဦးနိယမဆိုတဲ့ သကျသီဟဓမ္မာစရိယလဲ ရှိပါသေးတယ်, အဲဒီအချိန်မှာ ဆီးပင်ကျောင်းဟာ စာတော်တဲ့စာသင်သားတွေ စာချဘုန်းကြီးတွေနဲ့ အလွန်မှိုင်ပါတယ်၊ စာသင်သားတွေလဲ (၄၀)ခန့် လောက်ရှိပြီး ကျောင်းလဲပြည့်နေပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဘယ်နည်းနဲ့ စာသင်ပုံပြောင်းခဲ့သလဲ။

**တပည့်တော်။** ။သာမဏေအများ အလယ်တိုက်ကြီးအောက်မှာ ညဥ့်အခါ စာပြန်ကြပါတယ်၊ အဲဒီအခါမှာ သူတို့ချင်းရုပ်တွက်ပုံကိုမေးကြ, ဖြေကြပါတယ်၊ တပည့်တော်က သူတို့လိုမဖြေတတ်ပါဘူး, စာအရကတော့ သူတို့ထက်သာပါတယ်၊ စာရပေမဲ့ အသိကနဲတော့ ရှက်ပါတယ်၊ တနေ့တော့ နေရာချင်းနီးကပ်နေတဲ့ ဦးဉာဏဆိုတဲ့ ဦးပဥ္စင်းတပါးအထံမှာ "တပည့်တော်တော့ ဒီဘဝမှာ ရုပ်ကောင်းကောင်းတွက်တတ်တော့မယ် မထင်ပါဘူး"လို့ ငြီးမိပါတယ်, အသံကလဲ ဝမ်းနဲသံ ပါဟန်တူပါတယ်၊ မှန်ပါတယ်, အဲဒီ စာကျက်တဲ့နည်းနဲ့တော့ ရုပ်တွက်တတ်ဘို့ မဖြစ်နိုင်ပါဘူး။

**ဓမ္မဂုတ်။** ။ဒီတော့ ဦးဉာဏက ဘယ်လိုပြောသလဲ။

**တပည့်တော်။** ။သနားဟန်တူပါတယ်၊ မြောင်းမြဆရာတော်လေ ာင်းဖြစ်တဲ့ စာချဘုန်းကြီးကို "ကောင်ကလေးကရုပ်မတွက်တတ်လို့ ငြိုးနေရှာတယ်" ဟု လျှောက်ပါသတဲ့၊ ဒီတော့ အဲဒီစာချဘုန်းကြီးက ကိုရင်တပါးဆိုနေတဲ့ နာမ်ဂိုဏ်းကို အလိုက်ခိုင်းပါတယ်၊ တပည့်တော်လဲ ဝမ်းသာလာတယ်၊ အဲဒီ ကိုယ်ရင်နဲ့အတူ တခေါက်ကုန်တော့ တပည့်တော်ချည်း နောက် တခေါက်ထပ်ပြီး အဆိုခိုင်းပါတယ်၊ အဲဒီနာမ်ဂိုဏ်းကုန်တော့ နာမ်ရုပ်တွေ ကျေလိုက်တာ မပြောနဲ့တော့၊ "ငါမသိတဲ့နာမ်ရုပ်ရယ်လို့ မရှိတော့ဘူး" လို့တောင် ထင်မိပါတယ်၊ နာမ်ဂိုဏ်းကိုလဲ ည-ဘုရားဝတ်တက်အပြီးမှာ ရွတ်အံလိုက်တာ အဲဒီ စာချဘုန်းကြီးကတောင် "တော်လောက်ပါပြီဟာ" ဟု တားယူရပါတယ်။

**ဓမ္မဂုတ်။** ။နာမ်ဂိုဏ်းကုန်တော့ ဘာစာဝါ ပို့ချပေးသလဲ။

**တပည့်တော်။** ။အာချာတ်ဂိုဏ်း ချပေးပါတယ်၊ ဒီနောက်တော့ ရူပသိဒ္ဓိကို အလိုက်ခိုင်းပြီး ဓမ္မပဒတဝါပို့ချပေးပါတယ်၊ ရူပသိဒ္ဓိပို့ချတဲ့အခါမှာ စာလိုက် ဦးပဉ္စင်းတွေ တော်တော်များများပါတယ်၊ တပည့်တော်က ကျောင်းသားအဖြစ်နဲ့ နောက်ဆုံးကလိုက်ရပါတယ်၊ စာချဘုန်းကြီးက ချပေးသမျှ နိယာမ်တွေကို တပည့်တော်ရနေပါတယ်၊ "စပ်ဆိုင်လာတဲ့ အခါ ရွတ်ကြစမ်း"လို့ စာချဘုန်းကြီးကခိုင်းလျှင် ဦးပဉ္စင်းတွေက သွက်သွက်မရွတ်တတ်ပေမဲ့ တပည့်တော်ကရွတ်တတ်ပါတယ်၊ ဦးပဉ္စင်း တွေက နောက်လှည့်ပြီး တပည့်တော်ကို ကြည့်ကြပါတယ်၊ "အာကကောင် ကလေးဘဲ" ဆိုတဲ့မျက်နှာနဲ့၊ တပည့်တော်ကတော့ ကောင်ကလေးပေမဲ့ အဲဒီ ဦးပဉ္စင်းများကို ကိုယ့်ထက်သာတယ်လို့ မယူဆပါဘူး။

**ဓမ္မဂုတ်။** ။ဓမ္မပဒလဲ ဒီလိုအများနဲ့ဘဲလား။

**တပည့်တော်။** ။ဓမ္မပဒတော့ တပည့်တော်တယောက်ထဲပါ၊ နေ့ဆွမ်းစားပြီး နာရီဝက်လောက်ဆိုရပါတယ်၊ တခါခါ တပည့်တော်က ထမင်းစားပြီး အိပ်ချင်လို့ ဘုန်းကြီးက ရှောကချသွားတာကို တပည့်တော်ကငိုက်လျက် ဆိုသွားတာဘဲ။

**ဓမ္မဂုတ်။** ။ကိုယ်တော်က အအိပ်အငိုက်ဝါသနာပါသလား။

**တပည့်တော်။** ။ဝါသနာလို့ဆိုရမယ်ထင်ပါတယ်, နောက်လဲ အဲဒီလိုအိပ်ငိုက်တဲ့ အကြောင်းများကို လျှောက်ပါဦးမယ်။

**ခမ္မဂုတ်။** ။ရှုပသိဒ္ဓိနဲ့ ဓမ္မပဒကို ကုန်အောင်တက်ရရဲ့လား။

**တပည့်တော်။** ။ကောင်းကောင်းတော့ မမှတ်မိပါဘူး, ကုန်တယ်လို့ ထင်ပါတယ်၊ ပလိပ်ရောဂါဖြစ်လို့ ထွက်ပြေးကြရတဲ့အခါမှာ တပည့်တော်ကို ခေါ်လာတဲ့ ဦးပဥ္ဇင်းရဲ့ ရဟန်းဒကာများရွာကို သွားကြပါတယ်၊ မြောင်းမြဆရာတော်လောင်း စာချဘုန်းကြီးလဲ ပါပါတယ်၊ စဥ့်ကိုင်အနောက်က ဝန်းသိုဆိုတဲ့ရွာပါ၊ အဲဒီရွာရဲ့အနောက်ကျောင်းက ရဟန်းဒကာကြီး ဦးထယ်, ရဟန်းအမကြီး ဒေါ်ထိုက်တို့ ကိုးကွယ်တဲ့ကျောင်းမို့ အဲဒီကျောင်းမှာနေရင်း ရှုပသိဒ္ဓိကို ကိုရင်တပါးနဲ့အတူ ဆက်၍တက်ရပါတယ်၊ ညကျယင် တယောက်နဲ့တယောက် ခက်တဲ့ရုပ်တွေကို အပြိုင်မေးကြ–ဖြေကြရပါတယ်၊ ဒါ့ကြောင့် ရှုပသိဒ္ဓိကို အတော်နိုင်နိုင်နားလည်ပါတယ်, ဓမ္မပဒကိုလဲ ကိုယ်တိုင်ဆိုရတာဖြစ်လို့ အတော်ကြေနေပါတယ်, ဝတ္ထုတွေကိုလဲ အများကြီးသိပြီး အနက်ဉာဏ်လဲ ရင့်သန်နေပါတယ်၊ ဒီအခါမှာ ၁၄ နှစ်ပြည့်ခါနီးလောက် ရှိပါလိမ့်မယ်။

**ဓမ္မဂုတ်။** ။ပလိပ်ပြေးရင်း စာတက်ရတယ်ဆိုတော့ ကိုယ်တော့်အတွက် စာဝါ မပျက်ဘူးပေါ့၊ အဲဒီရွာက ပျော်စရာကောင်းရဲ့လား။

**တပည့်တော်။** ။တပည့်တော်အတွက်တော့ ရောက်တဲ့နေရာက အရေးပါကြလို့ ပျင်းစရာရယ်လို့ မထင်ပါဘူး၊ အဲဒီရွာမှာ ကျောင်းဒကာ ရဟန်းဒကာကြီးရဲ့ သမီးအကြီးဆုံးက အိမ်ထောင်သည်ဖြစ်ပါတယ်, မလေးပိုတဲ့၊ တပည့်တော်ကို "ကိုဋ္ဌေး, ကိုဋ္ဌေး"နဲ့ အရေးစိုက်ပါတယ်၊ အဲဒီကျောင်းဒကာကြီးများက ကြံလက်ကားကုန်သည်ကြီးဖြစ်တော့ မန္တလေးမှာ လက်ကားကြံဆိုင် ထွက်တဲ့အခါ တပည့်တော်ကို ကြံတစည်းတစည်း ပေးလို့ ဈေးချိုကနေ ဝိသုဒ္ဓါရုံတိုက်ထိအောင် ထမ်းလာခဲ့တာဘဲ။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ကျောင်းသားဆိုပေမဲ့ အသက်က ၁၄ နှစ်လောက်ဆိုတော့ အတော်ကြီးနေပြီ, မရှက်ဘူးလား။

**တပည့်တော်။** ။ဒါကတော့ အမကြီးလိုနေတဲ့သူက ချစ်လို့ပေးတာဖြစ်တော့ ထမ်းလာရတာ မရှက်ပါဘူး၊ ဒါပေမဲ့ သကျသီဟ (ပရိယတ္တိ)အောင်ပြီးဖြစ်တဲ့ စာချ–စာသင်များတို့ လပြည့်နေ့တိုင်း ပြစ်တောင်း ၂လုံးနဲ့ ဆွမ်းဆံ

ယူဘို့ရန် သကျသီဟဘုရားထဲ သွားရပါတယ်၊ အဲဒီက ပြန်လာတဲ့အခါမှာ လမ်းကတိုက်တွေ အိမ်တွေရှေ့က ဖြတ်လာရပါတယ်၊ သူတို့ကလဲ တိုးတိုး တိတ်တိတ်နဲ့ "ဘုန်းကြီးကျောင်းသား သူတောင်းစား" လို့ ဆိုချင် ဆိုမှာ, အဲဒီလိုတွေးပြီး ရှက်တာပေါ့သူရား။ [လူ့ဘဝယ်ပစ္စည်းများထည့်ပြီး ထမ်းရတဲ့တောင်းကို "ပြစ်တောင်း"ဟု ခေါ်သည်။]

**ဓမ္မဂုတ်**။ ။ရှက်တော့ ဘာလုပ်သလဲ။

**တပည့်တော်**။ ။ဘာလုပ်နိုင်မှာလဲ, ဘဝကိုက ဒီလိုဖန်တီးလာတော့ ဒီလိုဘဲ လုပ်ရမှာပေါ့၊ ဒါပေမဲ့ အအေးမိပြီး ဖျားတဲ့အခါကျတော့ သူများလို အဖျားပျောက်ဘို့ တောင့်တမဲ့အစား "သေသွားပါတော့"လို့ တောင့်တ မိပါတယ်၊ ဒီတခါသေယင် ပြုထားတဲ့ ရေလှူ, ပန်းလှူ, ဥပုသ်စောင့်တဲ့ ကုသိုလ်ကြောင့် ဒီဘဝထက် အဆင့်အတန်းမြင့်မယ်ဆိုတာ ယုံကြည်နေ ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ပြစ်တောင်းထမ်းရတာကလေးအတွက် သေချင် လောက်အောင် ရှက်ရသလား, သရိုင်ရွာတုန်းက မထမ်းခဲ့ရဘူးလား။

**တပည့်တော်**။ ။အမှန်ဘဲ သေချင်လောက်အောင် ရှက်ပါတယ်, သရိုင်ရွာ တုန်းကတော့ ကျေးရွာထုံးစံဖြစ်နေလို့ သပိတ်တို့ ပြစ်တောင်းတို့ ထမ်းရ ပေမဲ့ ရှက်စရာလို့ မယူဆခဲ့ပါဘူး၊ မန္တလေးရောက်တော့ အဆင့်အတန်းက တမျိုးစီဖြစ်လို့ ရှက်တာပါ၊ တပည့်တော် ငယ်ငယ်ကထဲက မူရှိပါတယ်၊ အမေတွေ-အဒေါ်တွေက မုန့်ပေးတဲ့အခါ တပည့်တော်က မယူပါဘူး၊ "ငါက သနားလို့ပေးတာ"လို့ ပြောပြီးပေးယင်, ကျုပ်ကို မသနားနဲ့, "ဒုက္ခိတသတ္တာ မဟုတ်ဘူး"လို့ပြောပြီး မယူပါဘူး၊ "ငါ့မောင်ကိုချစ်လို့ ပေးတာ, ငါ့တူကိုချစ်လို့ပေးတာ"လို့ ပြောမှ ယူပြီးစားပါတယ်။

**ဓမ္မဂုတ်**။ ။ ကိုယ်တော် အဖေက စပါးရောင်းဘို့ မကြာမကြာလာတော့ ကိုယ်တော်လဲ မြို့ထဲ မကြာမကြာ သွားမှာပေါ့။

**တပည့်တော်**။ ။ တပည့်တော် အဖေလာတိုင်းတော့ မသွားပါဘူး, တခါ တခါတော့ သွားပါတယ်၊ အဲဒီခေတ်က ကမ်းနားမှာရှိတဲ့ ပွဲစားတွေအိမ် မှာလဲ အိပ်ဘူးပါတယ်, ဈေးချိုအနောက်က သက်န်းတန်းမှာလဲ အအိပ် အနေ များပါတယ်, ယခုမာဃသက်န်းတိုက်နဲ့ ဆက်စပ်နေတဲ့ ဦးလူသစ် အိမ်မှာ အဖေက တည်းလေ့ရှိပါတယ်၊ ထိုအိမ်ရဲ့ နောက်ဘေးဝင်းထဲ

မှာဘဲ(သူတို့ဆွေမျိုးတွေဖြစ်လို့)တည်းပါတယ်၊ သရိုင်က အလှူရှိယင် အဲဒီဦးလှူသစ်ဆီမှာ ပရိက္ခရာဝယ်ကြလို့ မိတ်ဆွေရင်းဖြစ်နေပါတယ်။

**ခမ္မဂုတ်။** ။ဒီလိုဆိုယင် ကိုယ်တော်ရဲ့အသိတွေ မန္တလေးမှာ မျှားနေမှာပေါ့။

**တပည့်တော်။** ။မမျှားပါဘူး, အဲဒီသက်န်းတန်းက ဆွေမျိုးမျှားလောက်ဘဲရှိပ့ါတယ်၊ အဖေနဲ့အတူ ပွဲစားတွေ စက်ပိုင်တွေရဲ့ အိမ်တို တိုက်တိုတော့ ရောက်ဘူးပါတယ်, အကျွမ်းမဝင်ပါဘူး။

**ခမ္မဂုတ်။** ။အဲဒီလို ဝင်ထွက်သွားလာနေရတာတော့ မရှက်ဘူးလား။

**တပည့်တော်။** ။အလှူခံသွားတာမှ မဟုတ်ဘဲ ဘာရှက်စရာရှိတုန်း, တပည့်တော်ရဲ့ပုံပန်းနှင့် နေထိုင်ပုံအချိုးအစားက အဲဒီ ပွဲစား စက်ပိုင်တွေရဲ့သားတွေထက် အောက်မကျပါဘူး၊ စာပေပညာမှာ တပည့်တော်က သာဒပါသေးတယ်, သူတို့ အင်္ဂလိပ်စာပညာသင်ပေမဲ့ အဲဒီအရွယ်မှာ သိပ်မတတ်ကြသေးပါဘူး။

**ခမ္မဂုတ်။** ။တော်သားဘဲ, ကိုယ်တော့်စိတ်က ဒီနေရာမှာ အောက်ချမထားဘူး။

**တပည့်တော်။** ။ဘာအောက်ချစရာရှိလဲ, သူတို့တတွေလဲ ဒီလိုစပါးကုန်သည်ဘဝမျိုးက တိုးတက်သွားကြတာ မျှားပါတယ်, အဖေက တွှမှည့်တော်ကို မန္တလေးထားတာဟာ ရည်ရွယ်ချက် ရှိပါတယ်၊ "ဘုန်းကြီးဖြစ်ယင်လဲ စာတတ်ဘုန်းကြီးဖြစ်ရော, ဘုန်းကြီးမဖြစ်ယင်လဲ မန္တလေးအကြောင်းကောင်းကောင်းသိရော"လို့။

**ခမ္မဂုတ်။** ။ကိုယ်တော့်အဖေက မန္တလေးကို သဘောကျသလား။

**တပည့်တော်။** ။သဘောကျတာတော့ မပြောနဲ့တော့, မဲဇာသက်န်းတိုက်နဲ့ မျက်စောင်းထိုးအိမ်ကိုတောင် ဝယ်ဘို့စိတ်ကူးသေးတယ်, ရွာကဆွေမျိုးတွေဖျက်လို့ မဝယ်ဖြစ်တာပါ၊ ထိုအချိန်က မြေရောအိမ်ရောမှ နှစ်ထောင်လောက် ပေးရမှာပါ, အိမ်က သိပ်မကြီးသော်လဲ နေလောက်ပါတယ်။

**ခမ္မဂုတ်။** ။အဲဒီတုန်းက ကိုယ်တော့်အဖေ မန္တလေးနေဖြစ်ယင် ကိုယ်တော်လဲ ဘုန်းကြီးဖြစ်မှာ မဟုတ်ပါဘူး။

**တပည့်တော်။** ။ဒီလိုဘယ်ဟုတ်မလဲ, တပည့်တော်က ဘုန်းကြီးဘဝကို အထင်မသေးပါဘူး၊ ဗုဒ္ဓမြတ်စွာက ဆင်းသက်လာတဲ့ ဘုန်းကြီးဘဝကို ယခုလဲ

အထင်ကြီးနေတာပါဘဲ၊ ဒါ့ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော် အားလုံးကို အထင်သေးမခံရအောင် တပည့်တော် စိတ်ကူးနေတာပါ။

**ခမ္မဂုတ်**။ ။ဘယ်လိုလုပ်ဘို့ စိတ်ကူးသလဲ, ပိုက်ဆံကိုအထင်ကြီးတဲ့ လောကထဲမှာ ပိုက်ဆံမရှိဘဲ တောင်းရမ်းစားနေရတဲ့ ဘုန်းကြီးဘဝကို ဘယ်သူက အထင်ကြီးမှာလဲ။

**တပည့်တော်**။ ။အရှင်ဘုရားလို အပေါ်ယံတွေးတဲ့လူတွေအတွက်တော့ အထင်သေးစရာပေါ့၊ ဒါပေမဲ့(ဘုရားအမိန့်တော်အတိုင်း) ဝိနည်းသီလကိုထိန်းပြီး သမာဓိရရန့် ဝိပဿနာပညာကိုသာ ကြိုးစားနေကြယင် ဘယ်သူကမှ အထင်မသေးပါဘူး၊ ယခုတော့ လိုချင်မှုအားကြီးနေလို့ ဝိနည်းတော် အတိုင်းလဲ မနေကြလို့ အထင်သေးခံရတာပါ။

**ခမ္မဂုတ်**။ ။ဝိနည်းတော်အတိုင်း နေပေမဲ့ ခေတ်လူတွေကတော့ အထင်သေး မှာပါဘဲ ကိုယ်တော်။

**တပည့်တော်**။ ။ "ခေတ်လူ" ဆိုပေမဲ့ တချို့က ဗုဒ္ဓဘာသာကို လေးစားတဲ့ လူတွေ အများပင်ပါဝင်ပါတယ်, ထိုလူများကတော့ ဝိနည်းတော်အတိုင်း နေကြယင် အထင်မသေးပါဘူး၊ လေးစားကြ, ရှိသေကြပါတယ်။

**ခမ္မဂုတ်**။ ။ကျေးရွာမှာ ကျောင်းထိုင်နေကြတဲ့ ဘုန်းတော်ကြီးများကို အထင် မသေးအောင် ဘယ်လိုစီစဉ်မလဲ။

**တပည့်တော်**။ ။အလွယ်ကလေးပါဘုရား, ဝိနည်းတော်အတိုင်း ဣန္ဒြေရရ နေပြီး ကျေးရွာက ကလေးများကို ခေတ်အလိုက် ပညာတတ်အောင်, စာရိတ္တကောင်းအောင် သင်ပေးနိုင်လျှင်, လူကြီးများကို ဘာသာရေး ယဉ်ကျေးအောင် ဟောပြနိုင်လျှင် ဘယ်တော့မှ အထင်မသေးပါဘူး၊ ထို အရည်အချင်း မရှိယင်တော့ အထင်သေးသူရဲ့ အပြစ် မဟုတ်ပေဘူးပေါ့ ဘုရား၊ ဒီကိစ္စနှင့်စပ်၍ ရေးစရာတွေကို "အနာဂတ်သာသနာရေး" ကျမ်း မှာ အတော်ကလေး ရေးပြီးပါပြီ။

**ခမ္မဂုတ်**။ ။ကိုယ်တော့် အဖေက မန္တလေး ခဏခဏရောက်တော့ ကိုယ်တော်ရော ကိုယ်တော့် အဖေဆီသွားတဲ့အခါ ပွဲမကြည့်ဘူးလား။

**တပည့်တော်**။ ။အား....အဖေ့ဆီသွားမှ မဟုတ်ပါဘူး, ကျောင်းက ပွဲမကြည့်ဘို့ရန် တားမြစ်ပေမဲ့ ခိုးခိုးကြည့်တဲ့ ကိုရင်တွေနဲ့ အတူ ခိုးပြီးကြည့်နိုင်ပါ

တယ်၊ တပည့်တော်က ပွဲဝါသနာ ပါပါတယ်၊ ဒါပေမဲ့ သူတို့ရဲ့ အကနဲ့ အဆိုကို နားမလည်ပါဘူး, သူတို့ခင်းတဲ့ ဇာတ်လမ်းကိုသာ မှတ်တာပါ၊ ခိုးကြည့်တဲ့အခါရော, အဖေတို့နဲ့ကြည့်တဲ့အခါရော, ဇာတ်လမ်းမပြီးခင် တပည့်တော်က မပြန်ချင်ဘူး, သူတို့ပြန်တော့ ပြန်ရလို့ စိတ်မကြေနပ်ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ပွဲသာ ဝါသနာပါသလား, အလောင်းအစားကော ဝါသနာမပါဘူးလား။

**တပည့်တော်**။ ။အလောင်းအစားလဲ သိပ်ဝါသနာပါတာဘဲ၊ ကိုးမီးဖဲ, ကျင်ဖဲ ဆိုတဲ့ ဖဲလဲ အပျော်တမ်း ကစားတတ်ပါတယ်, ကြွေလဲ ပစ်တတ်ပါတယ်, ပွဲသွားတဲ့အခါ ကစားမျိုးစုံလဲ နဲနဲပါးပါးတော့ လောင်းလိုက်သေးတာဘဲ၊ လှေပွဲတို့ မြင်းပွဲတို့ တွေ့တဲ့အခါလဲ လောင်းသေးတာဘဲ, ရှုံးတာများပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ကျောင်းသားရှိသေးတယ်, ကစားတဲ့အတတ်ကတော့ တော်တော်စုံနေပြီ၊ ဒါတောင် စာတတ်အောင်သင်ပြီး ရဟန်းဖြစ်လာတာတော့ ချီးမွမ်းစရာပါဘဲ။

**တပည့်တော်**။ ။တပည့်တော်မှာ ကလေးဘဝနဲ့ ကစားမျိုးစုံပေမဲ့ ဆရာသမားများက စာကိုလဲ စုံအောင်သင်ပေးကြတာဘဲ၊ ပါဠိစီကုံးနည်း, ဂါထာစီနည်းကို ၁၃ နှစ်သားကသင်ပေးပြီး မြောင်းမြဆရာတော်လောင်း စာချဘုန်းကြီးက စာအရေးအသား ကောင်းအောင်လို့ ကျောင်းသားဘဝနဲ့ ပျို့ကဗျာလင်္ကာ တေးထပ်တို့ကိုလဲ လေ့လာစေပါတယ်၊ ၁၄ နှစ်, ၁၅ နှစ်သားလောက်မှာ အတော်အတန် တတ်နေပါပြီ၊ တပည့်တော် စာတော်တာက တတိုက်လုံးသိနေတာဖြစ်တော့ နောင်ခါ ဂိုဏ်းချုပ်ဥက္ကဋ္ဌ မဟာနာယကတပါးဖြစ်မည့် ထိုအချိန်က တိုက်ကြပ်ဆရာတော်ကလဲ အများကျောင်းသားတွေကို ပို့ချပေးတဲ့ စာအတွက် ညနေတိုင်း ကျောင်းသားတွေ စာဆိုဘို့ လာရောက်သော်လဲ တပည့်တော်ကိုတော့ မလာနဲ့တော့တဲ့, မည်သည့်စာအုပ်မှာ ပါတယ်, ကိုယ့်ဘာသာ ကျက်ခဲ့လို့ ပြောပါတယ်, တပည့်တော်က အားလုံးရဲ့အယင် ရနှင့်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ရာ ပညာဘက်မှာတော့ ဉာဏ်ကောင်းတဲ့အပြင်, ကံလဲ ကောင်းတယ်နော်။

**တပည့်တော်။** ။ပညာဘက်မှာသာ ကံကောင်းတာမဟုတ်သေးပါဘူး၊ စာရိတ္တဘက်မှာလဲ ကံကောင်းတယ်လို့ ဆိုနိုင်ပါတယ်၊ ငယ်ငယ်တုန်းက လူကြီးလူကောင်းဖြစ်တဲ့ ဘိုးရဲ့ အဆုံးအမနဲ့ ကြီးခဲ့ရပါတယ်၊ ကျောင်းနေတော့လဲ စာကိုအကြောင်းပြုပြီး ဆရာသမားကြီးများက အရေးစိုက်ကြလို့ စာရိတ္တကောင်းရပါတယ်၊ ဒါ့ထက်ပိုပြီး ကမ္မဋ္ဌာန်းဆရာတော်ဖြစ်တဲ့ စစ်ကိုင်းမဟာဂန္ဓာရုံဆရာတော်ကို ဖူးတွေ့ရတာလဲ ကံကောင်းပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်လိုဆက်သွယ်ပြီး ဖူးတွေ့ရသလဲ။

**တပည့်တော်။** ။တပည့်တော် ၁၃ နှစ်သားလောက်မှာ မန္တလေးမှာ ပလိပ်ဖြစ်လို့ မြောင်းမြဆရာတော်လောင်း စာချဘုန်းကြီးနဲ့ တပည့်တော့်ဆရာအပါအဝင် ဦးပဥ္စင်းများ စစ်ကိုင်း ချမ်းအေးဆရာတော်ဘုရားကိုမှီခိုပြီး ဓမ္မာရုံချောင်မှာနေကြပါတယ်, သက်သတ်လွတ် ဆားဟင်းကိုစားကြရပါတယ်၊ ချမ်းအေးဆရာတော်ကြီးနဲ့ အခြား ကမ္မဋ္ဌာန်းဆရာတော်ဘုရားများကလဲ ဂရုစိုက်တော်မူကြပါတယ်၊ စာကိုတော့ အားလုံးဘဲ တိုးတိုးကလေးအံကြရပါတယ်, နေ့လယ်မှာဆိုယင် သစ်ရွက်ကြွေသံ, ငှက်သံမှတပါး ဘာသံမှမကြားရပါဘူး၊ စစ်ကိုင်းတောင်က ယခုလောက်လဲ မစည်ကားသေးပါဘူး, တပည့်တော်လဲ ကျောင်းသားငယ်ပေမဲ့ အလွန်ပျော်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်လဲ သက်သတ်လွတ် ဆားဟင်းကိုစားနိုင်သလား။

**တပည့်တော်။** ။စားနိုင်ပါတယ်, ချမ်းအေးဆရာတော်ဘုရားကြီးက ပဋိပတ်အကျင့်ဘက်မှာပါဝင်ပေမဲ့ ပရိယတ်ကိုအလွန်အားပေးတော်မူပါတယ်၊ တပည့်တော် စာတော်တာကိုသိတော်မူလို့ အထူးအရေးစိုက်တော်မူပါတယ်၊ ထမင်းစားပုံစားနည်းကို သင်ပေးပါတယ်၊ ပတ္တပိုဏ်စားသလို ဇလုံကြီးထဲမှာ ဟင်းရောဆွမ်းရောထဲ့ပြီး ထမင်းလုတ်ကို (ဝိနည်းတော်အတိုင်း) ပြင်ပြီးစားရပါတယ်၊ ထမင်းလုတ်ပြင်နည်းကို ဒန်ပူစားရင်းအနားကထိုင်ပြီး ပြတော်မူပါတယ်။

**ဓမ္မဂုတ်။** ။အဲဒီအခါတုန်းက မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးက ဘယ်မှာသီတင်းသုံးတော်မူသလဲ။

**တပည့်တော်။** ။နံနံနာမည်ကြီးလာလို့ လူတွေအလာများတဲ့အခါ ကမ္မဋ္ဌာန်းအလုပ်ပျက်တဲ့အတွက် ပတ်ဝန်းကျင်၌ ထရံကြီးတွေကိုကာစေပြီး ယခု

မဟာသုခချောင်နေရာမှာ လူတွေမခံဘဲ တရားသက်သက် ကျင့်နေတော်မူပါတယ်, ဆွမ်းပို့တဲ့ပုဂ္ဂိုလ်တပါးသာ ဝင်ခွင့်ရှိပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီအထဲကို ကိုယ်တော်ရောက်ဘူးသလား။

**တပည့်တော်**။ ။တနေ့တော့ ဆွမ်းပို့သွားတဲ့ အတိသုခဘုန်းတော်ကြီးက တပည့်တော်နဲ့တွေ့လို့ "လာဟေ့... လိုက်မလား" လို့ ခေါ်ပါတယ်, တပည့်တော်က လိုက်သွားပါတယ်, ချောင်ထဲဝင်ခါနီးတော့ သော့ခတ်ထားတဲ့တံခါးကိုဖွင့်ပြီး အတွင်းဝင်ရပါတယ်, အားလုံးတိတ်ဆိတ်နေတာတောင် ခြေသံမကြားစေနဲ့လို့ သတိပေးပါသေးတယ်။

**ဓမ္မဂုတ်**။ ။ကျောင်းတွင်းရောက်တော့ ဆရာတော်ကိုတွေ့ရသေးသလား။

**တပည့်တော်**။ ။မတွေ့ရပါဘူး, မနေ့က ဆွမ်းဘူဦးပေးပြီးဆေးထားတဲ့ ဆွဲချိုင့်ကလေးကို ဆွမ်းဘူဦးပေးတဲ့နေရာအနီးမှာတွေ့လို့ အဲဒီ ဆွဲချိုင့်ကိုယူပြီး ယနေ့ယူလာတဲ့ (အကပ်ခံပြီး) ဆွဲချိုင့်ကို ထားခဲ့ရပါတယ်, တိတ်တိတ်ကလေး ပြန်ထွက်ခဲ့ကြပြီး ဝင်းတံခါးပေါက်အပြင် ရောက်တဲ့အခါ သော့ခတ်မြဲ ခတ်ရပါတယ်၊ ပြီးတော့မှ တုံးကလေးကို(၃) ချက်လောက် ခေါက်ရပါတယ်, ဆွဲချိုင့်ထားခဲ့ပြီးပါကြောင်း အထိမ်းအမှတ်ပေါ့။

**ဓမ္မဂုတ်**။ ။ဘယ်လောက်ကြာကြာ လူအတွေ့မခံဘဲ အားထုတ်တော်မူသလဲ။

**တပည့်တော်**။ ။သုံးနှစ်လောက်ကြာတယ်လို့ ကြားဘူးတာပါဘဲ, နောက်တော့ မကျန်းမာလို့ အတင်းပင့်ရတယ်လို့ဆိုပါတယ်၊ အဲဒီဆရာတော်က တပည့်တော်ကို ရဟန်းဖြစ်ခါနီးမှာ အထူးဂရုစိုက်တော်မူတဲ့ ဥပဇ္ဈာယ်ဆရာဖြစ်လာပါတယ်, တပည့်တော်မှာ အဲဒီ ဆရာတော်နဲ့ ရင်းရင်းနှီးနှီးတွေ့ရတဲ့အတွက် သာသနာရေးကိစ္စမှာ သဘာဝကျကျ အစစ်အမှန်ကို လိုက်နိုင်ပါတယ်ဘုရား, အလွန်ကျေးဇူးတော်ကြီးမားလှပါတယ်။

**ဓမ္မဂုတ်**။ ။အခြား ဘယ်ဆရာတော်များကို အထူးလေးစားပါသေးသလဲ။

**တပည့်တော်**။ ။ပရိယတ်ဆရာတော်များကတော့ နောက်လာမည့်ဆရာတော်အများပါဘဲ, ပဋိပတ်ဘက်ကတော့ မဟာဂန္ဓာရုံဆရာတော်, ချမ်းအေးဆရာတော်, အတိသုခဆရာတော်နှင့် ပရိယတ်စာသင်တိုက်လဲရှိ, ပဋိပတ်လဲကျင့်, ဝိနည်းသိက္ခာကိုလည်း အထူးလေးစားတော်မူတဲ့ ကောင်းဆရာတော်ဘုရားကြီးများဖြစ်ပါတယ်, အဲဒီကောင်းဆရာတော်ကြီးများဟာ မြောင်းမြ

ဆရာတော်ရဲ့ဆရာသမားလဲဖြစ်တော်မူကြပါတယ်၊ တပည့်တော်ပခုက္ကူစာချဖြစ်ပြီးမှ စစ်ကိုင်းချောင်မှာဖူးမွှော်ရပါတယ်, စကားပြောတဲ့အခါ သိမ်မွေ့တော်မူပုံကို မပြောနဲ့တော့, စကားတလုံးတလုံးကို ဝါကွမ်းနဲ့ ခံယူထားဘိုတောင်ကောင်းတော့တာဘဲ၊ အဲဒီဆရာတော်များက တပည့်တော်ကိုလဲ ဂရုစိုက်တော်မူကြလို့ တပည့်တော်မှာ ပရိယတ်ဆရာတော်များရဲ့ကျေးဇူးသာမက, ပဋိပတ်ဆရာတော်များရဲ့ ကျေးဇူးတွေကလဲ မကုန်နိုင်အောင် ဆပ်ဘို့ကြွေးတင်နေသလိုဖြစ်ပါတယ်ဘုရား၊ ဒါ့ကြောင့် သဝဏသနာပြုရာမှာ ပဋိပတ်ကိုယ်ကျင့်မပါသော သာသနာကို တပည့်တော် မပြုနိုင်ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ကို ငယ်ငယ်တုန်းက ဝိသုဒ္ဓါရုံတိုက်ကဘုန်းတော်ကြီးအများကလဲ ဂရုစိုက်ကြတယ်ဆို့, ကိုယ်တော်ကလဲ အဲဒီငယ်ငယ်တုန်းက လူ့နွေနဲ့ သိက္ခာနဲ့နေရမှာပေါ့နော်။

**တပည့်တော်**။ ။ဒီလိုလဲဘယ်ဟုတ်မလဲ ဝါသနာဆိုတာအခက်သားဘဲဘုရား, ညနေ ၃ နာရီအချိန်မှာ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးက ပါရာဇိကဏ် အဋ္ဌကထာပို့ချပါတယ်, မြောင်းမြဆရာတော်လောင်း စာချဘုန်းကြီးက စာဆိုပါတယ်, စာတော်သော ဘုန်းကြီးဦးပဉ္စင်းအများဘဲ စာလိုက်ကြပါတယ်၊ ဒီအချိန်မှာ ကိုရင်တွေနဲ့ တပည့်တော်က သိမ်ကျောင်းတံခါးပိတ်ပြီး ဘောကန်ကြတာဘဲ။

**ဓမ္မဂုတ်**။ ။ဘုန်းကြီးများက မသိကြဘူးလား။

**တပည့်တော်**။ ။တရက်မက ၂ ရက်မကဆိုတော့ သိကြမှာပေါ့ဘုရား၊ တခါတော့ တိုက်ကြပ်ဘုန်းတော်ကြီးလာပြီး ဖမ်းတာပါဘဲ၊ ကိုရင်အများထွက်ပြေးကြပါတယ်၊ တပည့်တော်ကတော့ အဝေးမပြေးနိုင်တာနဲ့ သိမ်ကျောင်းဘေးနားကပ်နေပါတယ်, ဘုန်းတော်ကြီးက "ဟဲ့ကောင် လာခဲ့ လာခဲ့"လို့ ခေါ်တာနဲ့ သွားရပါတယ်, ဘောကန်တဲ့ကိုရင်တွေကို အခေါ်ခိုင်းလို့ ခေါ်ပေးရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့က လွန်ကိုလွန်ပါတယ်, နှင်မထုတ်ဘူးလား။

**တပည့်တော်**။ ။နှင်တော့မထုတ်ပါဘူး, ဒဏ်ပေးလို့ အားလုံးဒဏ်ထမ်းရပါတယ်, ဒီနောက်တော့ တပည့်တော်တို့ဘောပွဲလဲ ပျက်သွားပါတယ်။

**ဓမ္မဂုတ်**။ ။ဘောလုံးက ဘယ်ကရသလဲ။

**တပည့်တော်**။ ။ဘယ်ကမှ မရပါဘူး, သင်္ကန်းစုတ်တွေကိုလုံးပြီး ဘောလုံးလုပ်ကြတာပါ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့ဘောလုံးက ဝံသာနုဘောလုံးပေါ့နော်။

**တပည့်တော်**။ ။တပည့်တော်တို့ခေတ်က အများအားဖြင့် ဝံသာနုစိတ်ရှိကြပါတယ်၊ ဒါပေမဲ့ ဘောလုံးကိုတော့ ဝံသာနုစိတ်နဲ့ လုပ်တာမဟုတ်ပါဘူး၊ ဘယ်သူမှ တာဝန်ယူပြီး မဝယ်ကြလို့ လွယ်တဲ့နည်းနဲ့ သင်္ကန်းစုတ်လုပ်ကြတာပါ။

**ဓမ္မဂုတ်**။ ။ဒီအချိန်မှာ ကိုယ်တော့်အသက် ၁၄ နှစ်ပြည့်ပြီလား။

**တပည့်တော်**။ ။၁၄ နှစ် ပြည့်လုပါပြီ၊ အဲဒီနှစ်မှာ အစိုးရစာမေးပွဲ မဝင်ရလို့ အရပ်ကခေါ်လာတဲ့ဦးပဥ္စင်းနဲ့အတူ အောက်ပြည်ကိုသွားပါတယ်။

**ဓမ္မဂုတ်**။ ။အာကိစ္စနဲ့တုန်း။

**တပည့်တော်**။ ။ကိစ္စကတော့ အထူးမရှိပါဘူး, အဲဒီအချိန်မှာ တပည့်တော် ဦးလေးက ရန်ကုန် ဗိုလ်တထောင်တိုက် (သရိုင်သားဖြစ်တဲ့)ဆရာတော် ဦးတိဏ္ဏဆီမှာ နေပါတယ်, ဦးလေးကြီးရဲ့အဖ ဒကာကြီးဆုံးလို့ ဗိုလ်တထောင်ဆရာတော်နဲ့ ဦးလေးကြီးတို့ ကြွလာကြပြီး ဘိုးလေးရဲ့ အလောင်းကို မီးသင်္ဂြိုဟ်ကြပါတယ်၊ အဲဒီဆရာတော် ဦးတိဏ္ဏအပြန်မှာ လိုက်သွားကြတာပါဘဲ။

**ဓမ္မဂုတ်**။ ။ရန်ကုန်တွင်ဘဲလား။

**တပည့်တော်**။ ။ရန်ကုန်တွင် မကပါဘူး, မြောင်းမြနယ် သုစနွေရွာမှာ ဆရာဦးပဥ္စင်းရဲ့ ရဟန်းဒကာ ရဟန်းအမများရှိပါတယ်၊ အဲဒီ မြောင်းမြနယ်ရောက်အောင် သွားကြပါတယ်၊ တပေါင်း–တန်ခူးဆိုတော့ တပည့်တော် အသက်လဲ ၁၅ နှစ်ထဲ ရောက်လာပါပြီ။

**ဓမ္မဂုတ်** ။ ။ ကိုယ်တော့်ဆရာ ဦးပဥ္စင်းက ရဟန်းဒကာ ၂ ဦးလား၊ စဉ့်ကိုင်နယ် ဝန်းသိုရွာမှာလဲ ရဟန်းဒကာ ရဟန်းအမရှိတယ်ဆို။

**တပည့်တော်**။ ။ဟုတ်ပါတယ်, ရဟန်းဒကာ ၂ဦးရှိပါတယ်၊ မြောင်းမြနယ်လဲ ပြောက်ရွာဆရာတော်ကြီးက သရိုင်သားဖြစ်လို့ အဲဒီ ဆရာတော်ကြီးကို အကြောင်းပြုပြီး ရဟန်းဒကာတယောက် ရှိဟန်တူပါတယ်၊ အဲဒီအချိန်

တုန်းကလဲ ပြောက်ရွာဆရာတော်ကြီးကို အကြောင်းပြုပြီး သရိုင်နဲ့စပ်တဲ့ ဘုန်းတော်ကြီးတွေ မြောင်းမြနယ်မှာ တော်တော်များများ ရှိကြပါတယ်၊ နောက်တော့ လူထွက်ကြတာများပါတယ်, တပည့်တော်ဆရာဦးပဍ္ဍင်းလဲ သုခနေမှာ ကျောင်းထိုင်ပြီး, နောက်တော့ လူဝတ်လဲတယ်လို့ ကြားရပါတယ်။

**ဓမ္မဂုတ်**။ ။ အဲဒီအခါ ကိုယ်တော့်အသက်က ၁၅ နှစ်ထဲ ရောက်နေလို့ ကျောင်းသားကြီး ဖြစ်မနေဘူးလား။

**တပည့်တော်**။ ။သိပ်ကြီးပုံတော့ မရသေးပါဘူး, တပည့်တော်က မန္တလေးမှာ အနေကြာတော့ မြို့ရည်ဝပြီး မြို့သားလိုဖြစ်နေပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ အောက်ပြည်ခရီးမှာ ဘယ်မြို့ဘယ်ရွာဟာ ပျော်စရာကောင်းသလဲ။

**တပည့်တော်** ။ ။ ဘယ်မြို့ ဘယ်ရွာမှ ပျင်းစရာ မကောင်းပါဘူး, နွေအခါဆိုတော့ အညာဒေသထက် အားလုံးသာတယ်လို့ ဆိုရမှာဘဲ၊ သုခနေမှာနနဲ့တော့ ပျင်းစရာကောင်းပါတယ်၊ ဒါပေမဲ့ တပည့်တော်အတွက်တော့ ကာလသားတွေနဲ့ ကက်ဆွဲရလို့ ဖဲဗဟုသုတတမျိုး တိုးလာပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဘုန်းကြီးကျောင်းသားဘဲ, ကိုယ်တော့်ကို ကာလသားတွေက အဖက်လုပ်သလား။

**တပည့်တော်** ။ ။ တပည့်တော်က စာတော်တဲ့ကျောင်းသားဖြစ်လို့ စိတ်က မငယ်ပါဘူး, သူတို့ကလဲ အထင်မသေးပါဘူး, အရေးစိုက်ကြပါတယ်၊ ကျောင်းဒကာကြီးရဲ့သား မောင်ချစ်–မောင်နှစ်ဆိုတာ အဲဒီရွာတွင် မက, အဲဒီနယ်မှာ နာမည်ကြီးကြပါတယ်။

**ဓမ္မဂုတ်**။ ။ပြီးတော့ ဘယ်ရွာရောက်သေးသလဲ။

**တပည့်တော်** ။ ။ ပတ်ဝန်းကျင် ရွာကလေးတွေနဲ့ ခပ်ဝေးဝေးရွာတွေ လပွတ္တာမြို့ထိအောင် ရောက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်ရွာက အပျော်ဆုံးလဲ။

**တပည့်တော်** ။ ။အတော်ကြာကြာနေရတဲ့ "တူးမြောင်း" ဆိုတာ အပျော်ဆုံးပါ၊ အဲဒီရွာမှာ အဲဒီအချိန်က သရိုင်သားဘုန်းတော်ကြီးတပါး သီတင်းသုံးပါတယ်, သူတော်ကောင်းပါ၊ လူလဲ မထွက်ပါဘူး။

**ခမ္မဂုတ်။** ။ဘာပြုလို့ အဲဒီရွာမှာ ပျော်တာတုန်း။

**တပည့်တော်။** ။နေရတာကလဲ ကြာပါတယ်, စားရတာလဲ ကောင်းပါတယ်, ကျောင်းဒကာ ကျောင်းအမကြီးတို့ မိသားစုကလဲ သိပ်ဂရုစိုက်ပါတယ်, တမျိုးလုံးကလဲ ဂရုစိုက်ပါတယ်, အဲဒီရွာမှာ သူတို့ကအမျိုးကြီးပြီး ပစ္စည်းအရှိဆုံးဖြစ်ပါတယ်, ဥတု ရေ မြေလဲ အညာထက်သာပါတယ်၊ ဒါ့ကြောင့် ပျော်တာပေါ့။

**ခမ္မဂုတ်။** ။ထမင်း ဘယ်မှာစားတုန်း။

**တပည့်တော်။** ။နံနက်ပိုင်းတော့ ကျောင်းမှာ စားပါတယ်, ညနေပိုင်းတော့ ကျောင်းဒကာ ကျောင်းအမကြီးတို့အိမ်မှာ စားပါတယ်, ကျောင်းစားတဲ့ အခါ ရှေးက မြေဇလုံကြီးထဲမှာ ထမင်းထည့်, ငါးဟင်းနဲ့ နယ်ပြီး မျှင် ငါးပိရည်နဲ့ထည့် သရက်ကင်းကလေးများကို အတို့လုပ်ပြီး တယောက်ထဲ လဘက်ရည်နဲ့ သောက်စားရတာ အလွန်မြိန်တာဘဲ။

**ခမ္မဂုတ်။** ။ညနေစာတော့ကော။

**တပည့်တော်။** ။ညနေကျတော့ တပည့်တော်ရယ်, အဲဒီအိမ်က သားငယ် ကျောင်းသားနှင့် သမီးရယ်, ၃ ယောက် အတူစားလေ့ရှိပါတယ်၊ တပည့် တော်တို့ ၃ ယောက်ရဲ့ အရွယ်ကလဲ မောင်နှမ ၃ ယောက်လိုဖြစ်တော့ အမကြီးတွေကလဲ သဘောကျ, ကျောင်းအမကြီးကလဲ သဘောကျပါ တယ်၊ ဥပုသ်နေ့ကျတော့ အမကြီးတွေက တပည့်တော်ကို သန်းရှာပေး, ခေါင်းဖီးပေးကြပါတယ်၊ အနီးအပါးအိမ်တွေကလဲ သူတို့မောင်ကလေးကို သန်းရှာနေသလားလို့ လာကြည့်ကြပါတယ်၊ အဲဒီအိမ်ကတော့ ကိုယ့်အိမ် လိုပါဘဲ, အောက်ထပ် အထက်ထပ်သွားနေတာပါဘဲ, ညနေစာတော့ တပည့်တော်တို့ ၃ ယောက်က နေ့စဉ် လူကြီးများ မစားခင် အယင်စားကြ ပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်ပြောသလိုတော့ ကိုယ်တော့်အတွက် ပျော်စရာပေပေါ့ နော်, ပြန်ခဲ့ရတော့ မလွမ်းဘူးလား။

**တပည့်တော်။** ။လွမ်းစရာတော့ အလွန် ကောင်းတာဘဲဘုရား၊ လွမ်း မလွမ်း တော့ မမှတ်မိပါဘူး, မပြန်ခင်တရက် ညနေမှာ ၃ ယောက်အတူ ထမင်း စားကြတော့ မောင်အငယ်က နက်ဖြန် ခင်ဗျား ပြန်တော့မှာလားတဲ့၊ ပြန်တော့မှာလို့ပြောတော့ အမလေးက အဟုတ်လားတဲ့၊ အဟုတ်ပါလို့

ပြောတော့ ဘုရားစူးတဲ့၊ ဒီတော့ နဲနဲရှက်ပြီး အဟုတ်ပါလို့ ထပ်ပြော လိုက်ရပါတယ်၊ တပည့်တော်လဲ စိတ်မကောင်းပါဘူး၊ သူလဲ စိတ်ကောင်း ဟန် မတူပါဘူး၊ အဲဒီ အမလေးဟာ အဲဒီတရွာလုံးရဲ့ မျက်နှာဖုံးပါ၊ ထို အချိန်က ပဒုမ္မာပိတ်ပါးအင်္ကျီကို ဝတ်သူ မများသေးပါဘူး၊ သူတို့ညီအမ များလောက်သာ ဝတ်ကြပါသေးတယ်၊ ထိုပဒုမ္မာပိတ်ပါးဟာ အသား ဖြူသူတို့နဲ့ အလွန်လိုက်ပါတယ်။

**ဓမ္မဂုတ်။** ။လူချင်း မခွဲချင်ပေမဲ့ ကံကခွဲတော့ ကွဲရတာဘဲနော်။

**တပည့်တော်။** ။တပည့်တော်ကတော့ ဒီအချိန်မှာ ဘာသာရေးတရားတွေ အများကြီး နားလည်နေပါပြီ၊ သူ့ခမျာတော့ တပည့်တော် ပြန်တဲ့အခါ ငိုရှာပါတယ်၊ သူ့အတွက် အိမ်ထောင်ကောင်းကောင်း မြန်မြန်ရပါစေလို့ ဆုတောင်းပါတယ်၊ နှစ်မကြာမီဘဲ အခြားမြို့က ဓနရှင်တယောက်နဲ့ အိမ်ထောင်ကျတယ်လို့ သိရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်ဆုတောင်း ပြည့်ရဲ့လား။

**တပည့်တော်။** ။ပြည့်ပုံရပါတယ်၊ တပည့်တော်တို့ နောက်ထပ်အဆက်အသွယ် မရှိပေမဲ့ တပည့်တော် စာမေးပွဲတွေပြီးလို့ စစ်ကိုင်း ဇေတဝန်ချောင်မှာ ခေတ္တနေတုန်း ဒကာမကြီးတယောက်နဲ့ စကားစပ်မိလို့ သူ့ရဲ့နာမည် ပါလာတာနဲ့ ဆက်ပြီးမေးတဲ့အခါ တပည့်တော်နဲ့ ထမင်းအတူစားဘက် ဖြစ်တဲ့ အမျိုးသမီးဖြစ်ကြောင်း သိရပါတယ်၊ သူတို့မှာ မော်တော်ပိုင်လဲ ရှိတယ်၊ ကျောင်းဆောက်ပြီးလဲရှိတယ်လို့ သိရပါတယ်။

**ဓမ္မဂုတ်။** ။သာဓု သာဓု....ကိုယ်တော့်စိတ်က ဘုန်းကြီးလုပ်ဘို့ အမြဲဘဲလား။

**တပည့်တော်။** ။တပည့်တော်ရဲ့ ကောင်းတဲ့ဉာဏ်၊ တတ်တဲ့ပညာတွေဟာ ဘုန်းကြီးဘဝနဲ့ ပါရမီဖြည့်ဘို့ အခြေခံဖြစ်ပါတယ်၊ လူ့ဘဝမှာဆိုယင် ဒါလောက် အသုံးဝင်မှာမဟုတ်ပါဘူး၊ ငယ်ငယ်ကလဲ ဥပုသ်စောင့် ရေလှူ ပန်းလှူ လုပ်နေတာဘဲ၊ ဆော့တဲ့ဝါသနာမှတပါး အားလုံး ဝါသနာတွေ ဟာ အကောင်းချည်းပါဘဲ၊ သရိုင်ရွာနေတုန်းကစပြီး ဝိသုဒ္ဓါရုံတိုက်မှာ နေသည်အထိ ပညာဘက်က တပည့်တော်ကို ဘယ်သူမှ မပြိုင်ကြပါဘူး၊ အားလုံးက အသာပေးထားကြပါတယ်၊ တပည့်တော် မမွေးခင် မိခင် အိပ်မက်ကလဲ ဘုန်းကြီးဘဝနဲ့ အလုပ်လုပ်ဘို့ လမ်းညွှန်သလို ဖြစ်နေပါ တယ်၊ ဒါ့ကြောင့် တပည့်တော်ကို ခင်မင်တဲ့ အမျိုးသမီးတွေကို သူတော်

ကောင်း ဖြစ်ယင်ဖြစ်, မဖြစ်ယင်လဲ အိမ်ထောင်ကောင်းကောင်း ရကြပါစေလို့သာ ဆုတောင်းပါတယ်။

**စမ္မဂုတ်။** ။အဲဒီရွာကရွှေ့တော့ ဘယ်**ရောက်**သေးတုန်း။

**တပည့်တော်။** ။လပွတ္တာရောက်ပါတယ်, အဲဒီအချိန်က လပွတ္တာ လေးထပ်ကျောင်းကြီးမှာ သီတင်းသုံးသော ဆရာတော်ကြီးက မန္တလေးမြို့ အရှေ့ဝိသုဒ္ဓါရုံတိုက် မိုးကောင်းကျောင်းဘုန်းတော်ကြီး ဖြစ်ခဲ့ဘူးပါတယ်၊ မိုးကောင်းကျောင်း ကျောင်းဒကာ— ကျောင်းအမကြီးများရဲ့ ရဟန်းလဲဖြစ်ပါတယ်၊ လပွတ္တာက တနှစ်တခေါက်ပြန်လာပြီး အနောက် ဝိသုဒ္ဓါရုံမှာ ဆွမ်းကျွေးလေ့ရှိပါတယ်၊အဲဒီအခါ တပည့်တော်နေတဲ့ ဆီးပင်ကျောင်းမှာ တဲပါတယ်, တပည့်တော်ကို မိုးကောင်းကျောင်းဒကာကြီးတိုက် ခေါ်သွားလေ့ရှိပါတယ်၊ ဆွမ်းအယူလဲ ခိုင်းပါတယ်, ဆွဲချိုင့်နဲ့ သွားယူပါတယ်, အပြန်တော့ ခေတ်ရထားစီးပြီး ပြန်လေ့ရှိပါတယ်၊ ဒါ့ကြောင့် လပွတ္တာ ဆရာတော်ကြီးနဲ့ အလွန်ရင်းနှီးပြီး ဆရာတော်ကြီးကလဲ အလွန် ဂရုစိုက်ပါတယ်, လပွတ္တာရောက်တော့လဲ တမျိုး ပျော်ပါတယ်၊ စားစရာတွေ အလွန်ပေါပါတယ်၊ လိပ်သား, မျောက်သား, မိကျောင်းသားဆိုတာကို အဲဒီကျမှ စားဘူးပါတယ်၊ ပြန်ခါနီးရက်က ဥပုသ်နေ့ဖြစ်လို့ ဥပုသ်စောင့်လာကြပါတယ်၊ တပည့်တော်က ကျောင်းသားတွေနဲ့ ကစားနေတုန်း ဆရာတော်ကြီးက "ဟိုကလေးကို အထင်မသေးကြနဲ့, အလွန် အဆိပ်ပြင်းတယ်, စာသိပ်တော်တာဘဲ" လို့ ပြောပါသတဲ့၊ ဒီတော့ ဥပုသ်သည်တွေက ခေါ်ပြီး စာမေးကြပါတယ်။

**စမ္မဂုတ်။** ။ဖြေနိုင်ရဲ့လား။

**တပည့်တော်။** ။လူတွေရဲ့ သင်္ဂြိုဟ်အသိလောက်တော့ ဘာဂရုစိုက်လိမ့်မှာတုန်း၊ **စာမေးပြီးတော့ "ပြန်ခါနီးဖြစ်နေကွယ်, ထမင်းကျွေးစမ်းချင်သေး" လို့** ဒကာတယောက်က ပြောပါတယ်, အဲဒီဒကာတွေထဲမှာ "ဒကာတာတီး" ဆိုတဲ့ ဒကာကလေးကတော့ ယခုအထိ ရှိပါသေးတယ်, အသက်ရှစ်ဆယ်ကျော်နေပါပြီ၊ လပွတ္တာလေးထပ်ကျောင်း ယခုဘုန်းတော်ကြီးက တပည့်**တော်ရဲ့** ရင်းနှီးတဲ့ သီတင်းသုံးဖော် ဖြစ်ပါတယ်၊ မြောင်းမြဆရာတော်ရဲ့ တပည့်ကြီးတပါးလဲ ဖြစ်ပါတယ်, ဒါ့ကြောင့် လပွတ္တာနဲ့တော့ ယခုလဲ အဆက်ရှိနေပါတယ်။

**ဓမ္မဂုတ်။** ။အောက်ကပြန်ရောက်တော့ ဘယ်မှာနေတုန်း

**တပည့်တော်။** ။ဝိသုဒ္ဓါရုံတိုက်မှာဘဲ နေပါတယ်, စာတော့ မြောင်းမြဆရာတော်လောင်း စာချဘုန်းကြီးအထံမှာ လိုက်လဲလိုက်, ဆိုလဲဆိုပါတယ်၊ ဓမ္မပဒကို ဆက်ပြီးဆိုတယ်လို့ ထင်ပါတယ်။

**[illegible]တ်။** ။ကိုယ်တော့်ကိုရွာကခေါ်လာတဲ့ဆရာနဲ့တော့ ဘယ်လိုကွဲကြတာလဲ။

**တပည့်တော်၊** ။တပည့်တော်ဖျားလို့ ရွာကမိဘများလာကြပါတယ်, အဲဒီဖျားတဲ့အခါတုန်းကပေါ့, တပည့်တော်က ဒီအဖျားနဲ့ သေသွားတာကောင်းတယ်လို့ စဉ်းစားမိတာ၊

**[illegible]တ်။** ။ဒီလိုစဉ်း[illegible]ရ[illegible]ပုလို့လဲ။

**တပည့်တော်။** ။[illegible]ပြည့်နေ့များမှာ[illegible]ကျသိ[illegible]ထဲက ပြစ်တောင်းထမ်းပြီး ပြန်ရတာရှက်တဲ့အကြောင်း လျှောက်ခဲ့အုံးတယ်မဟုတ်လား၊ ဒါ့ကြောင့် နောက်ဘဝမှာ ဒီလိုအောက်ကျတဲ့အဖြစ်မျိုး မဖြစ်နိုင်ဘူးလို့ ယူဆပြီး "သေသွားလျှင်ကောင်းတယ်" လို့ စဉ်းစားမိတာပေါ့ဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်[illegible]ဖျားပျောက်[illegible]ထက် ယေဘိုကို တောင့်တ[illegible]ဒ့ စိတ်တမျိုးလို့ ဆိုရမှာပေါ့, အဖျားပျောက်တော့ဘာဖြစ်သလဲ။

**[illegible]ဒ်။** ။အဖျားပျောက်[illegible] အမေ-အဖေများက နေ့လည်ရထားအမီ[illegible]မို့ ပြန်ခါနီးမှ [illegible]ခါ လာတဲ့ ဥုးပဥ္စင်းအိပ်နေလို့ ဝပ်မချဘဲ ပြန်ကြတယ်၊ ကိုယ်[illegible]ကနိုးလာလို့ သူ့ကိုဝပ်မချဘဲ ပြန်ကြတဲ့ မိဘကိုအကြောင်းပြုပြီး "နင်လဲ [illegible]ိုက်သွား" လို့ နှင်တော့[illegible]ဘဲ။

**ဓမ္မဂုတ်။** ။ကိုယ်တော့်မိဘများကလဲ လွန်တာဘဲ, [illegible]ရဲ့ဆရာကို ဝပ်မချဘဲ ပြန်သွားတာကိုး။

**[illegible]ဒ်။** ။[illegible]ပည့်တော်ကို အဲဒီဥုး[illegible]ပဥ္စင်း[illegible] စာတတ်အောင် သင်မပေးနိုင်ဘူးဆိုတာ [illegible] သိပါ[illegible]ယ်၊ မိဘချင်း [illegible]ပင်းနှီးလို့ သာထားတာ, ဆို ဥုးပဥ္စင်းကို နဂိုရ်ကပင် သိပ်[illegible]မိုက်[illegible]။

**[illegible]။** ။ဒါ ကိုယ်တော့[illegible] [illegible], [illegible]ပြောပြော သူကစောင်[illegible]ရှ[illegible] [illegible]ဒ်အရေးစိုက်မှပေါ့၊ ကိုယ်[illegible]ကို အဲဒီဥုးပဥ္စင်းက [illegible]င်တော့ ကိုယ်တော်က [illegible]ပြန်ပြီးလျှောက်သေးတုန်း။

**တပည့်တော်**။ ။ဘာမှမလျှောက်ဘူး၊ အဖေများဆီ မှီအောင်လိုက်သွားတာဘဲ ရှမ်းစုဘူတာရောက်တော့ အဖေကလဲအကြောင်းသိတဲ့အခါ တပည့်တော်ကို ရွာကောက်အောင်ခေါ်သွားကာဘဲ၊ ပြင်ကဲ ကျောင်းပန်ဘူး။

**ခမ္မဂုတ်**။ ။ ကိုယ်တော့်မိဘများက သာသနာတော်နဲ့ ဘုန်းကြီးများခေါ် သဘောကို နားမလည်တာလား မာနကြီးတာလား၊

**တပည့်တော်**။ ။နှစ်မျိုးစလုံး ဖြစ်ဟန်ရှိပါတယ်၊

**ခမ္မဂုတ်**။ ။နောက်တော့ ဘာဖြစ်သေးလဲ၊

**တပည့်တော်**။ ။ တပည့်တော်ကို စာချနေတဲ့ မြောင်းမြဆရာတော်လောင်း ဘုန်းကြီးက တပည့်တော်ရဲ့တန်ဘိုးကိုသိလို့ လိုက်ခေါ်ပါတယ်၊ ဒီတော့ ဒကာကြီးက လွယ်လွယ်ဘဲထဲ့လိုက်တာပါဘဲ၊ နဂိုရ်ကလဲ ဒကာကြီးက မန္တလေးရောက်တိုင်း အဲဒီစာချဘုန်းကြီးဆီမှာ အဝင်များပါတယ်။

**ခမ္မဂုတ်**။ ။နောက်တော့ ဘာဖြစ်သေးသလဲ။

**တပည့်တော်**။ ။ဘာမှပြဿနာအထူးမဖြစ်ပါဘူး၊ တပည့်တော် စာသင်မြဲ တက်နေတာပါဘဲ၊ မူလဆရာလုပ်တဲ့ဦးပဥ္စင်းက ဘာမှပြောပြ သိပ် မလုပ်ပါဘူး၊ နောက် နွေအခါမှာ မန္တလေး၌ (တော်တော်ဆိုးတဲ့ရောဂါထင်ပါ တယ်)ရောဂါဖြစ်လို့ ပြန်ခဲ့ပါတယ်၊ ဒီအခါမှာ အဖေက ကျော်လှော်ခေတ္တ နေပြီး စပါးအရောင်းအဝယ်လုပ်ပါတယ်၊ အဲဒီ ဝက်လက်မှာ တပည့် တော်တို့ မောင်နှမ ၇ ယောက်လုံး ဂျက်ကောက်ပါကြပါတယ်၊ ဆရာ အထူးမခေါ်ပါဘူး၊ ကောထုံးစံအတိုင်း ကားစီးလို့နဲ့ ပီးတာပါဘဲ၊ ဒါပေမဲ့ တပည့်တော်ရဲ့ ကျောက်မျက်လုံးထဲမှာ ဂျက်ကောက်ပါက်လိ မျက်စိ ကွယ်မယ်ထင်ပြီး အကောင်ဘဲ ဂိုက်ဆင်းရဲခဲ့ရပါတယ်။

**ခမ္မဂုတ်**။ ။မကတ်းဘူးလား။

**တပည့်တော်**။ သူငယ်အိမ်ပေါ်မှာ ပေါက်တာမဟုတ်လို့ တိမ်နဲ့နဲ့ဖြစ်ပြီး ပျောက်သွားပါတယ်၊ ဒါပေမဲ့ မျက်စိကားတော့ နဲနဲဘယ်လို့ထင် တာနဲ့ အိမ်မှာအလွယ်ရှိနေတဲ့ ရွှေကိုင်မျက်မှန်တော တပ်ပါသေးရဲ ပါဝါရှိတာ မဟုတ်တော့ အကျိုးမရှိပါဘူး။

**ခမ္မဂုတ်**။ ။ကိုယ်တော် အဲဒီအရွယ်မှာ ၁၅နှစ်ထဲရောက်နေပြီနော် ဝက်လက်က ဦးကလေးလိုဖြစ်တော့ မပျော်ဘူးလား။

**---သ့်တော်** ။ ။ မပျော်အားပါဘူး၊ အဲဒီတုန်းက အစိုးရစာမေးပွဲဝင်တို့ ---မှတ်ထိုးပြီးဖြစ်လို့ ဝက်သက်ပျောက်ယင်ဘဲ ထိုအချိန်က ပြဋ္ဌာန်းထားတဲ့ မဟာဇနကဇာတ်အဋ္ဌကထာကို ကိုယ့်ဘာသာကြည့်နေပါတယ်၊ ဒီလိုကြည့်နေတာကို အမျိုးသမီးကြီးတယောက်က အင်္ဂလိပ်စာကြည့်တယ် ထင်လို့လားတော့ မပြောတတ်ပါဘူး "အဒေါ်ကတော့ ဒီသားကြီးယင် သိပ်မျက်နှာကြီးမှာဘဲ" တဲ့။

**မမ္မဂုတ်**။ ။အဲဒီတုန်းက ကိုယ်တော့်---- စပါးကော့ဝယ်ပြီးဘယ်ပို့လဲ။

**တပည့်တော်** ။ ။ အဲဒီ အချိန်က --က်လက်မှာ စပါးကုန်သည်ပွဲစားတွေ တော်တော်များများရှိပါကယ်၊ အားလုံးက မီးရထားနဲ့ မန္တလေးပို့ကြ ---ယ်၊ မန္တလေးက --က်ပိုင်ပွဲစားတွေက ပေါက်စျေးအတိုင်းရောင်း --ပးပြီး ပွဲခယူပါတယ်၊ တခါတခါ ဝက်လက်က ကုန်သည်တွေကိုယ်တိုင် လိုက်ပြီး ရောင်းကြပါတယ်။

**မမ္မဂုတ်**။ ။လူကိုယ်တိုင် မလိုက်ဘဲနဲ့ စက်ပိုင်ပွဲစားတွေက ရောင်းပေးတာကို ---နပ်ကြသလား။

**---ည့်တော်**။ ။အများအားဖြင့် ကျေနပ်ကြပါတယ်၊ ဒါပေမဲ့ တခါတုန်းက ပွဲစားတယောက်ဆီက ရှင်းတမ်းနဲ့ စက်ပိုင်တယောက်ဆီက ရှင်းတမ်းကို တိုက်ဆိုင်ကြည့်တဲ့အခါ ပွဲစားဆီကရောင်းစျေးမြင့်ပြီး ရှင်းတမ်းကြတော့ အရှုံးထွက်နေတာနဲ့ သေသေချာချာစစ်တဲ့အခါမှာ ပွဲစားလိမ်တာသိလို့ တရားစွဲ--ယ်လို့လုပ်ကြပါကယ်၊ ပွဲစားကလဲကြောက်ပြီး ဝက်လက်ရောက် လာပါတယ်၊ ဝက်လက်က ပွဲစားတွေက သူ့ကို အရေးမစိုက်ကြပါဘူး၊ အခြားအိမ်မှာညအိပ်ပြီး ---ည့်တော်ရဲ့အဖေလဲမရှိခိုက်မှာ အိမ်ရောက် လာတော့ တပည့်တော်လဲ သနားတာနဲ့ အရေးတယူပြုစုပါတယ်၊ နောက် တော့လဲ ကြေအေးလို့တရားမစွဲဖြစ်ပါဘူး၊ အဲဒီအခါတုန်းကပေါ့ဘုရား မီးရထားကြီးက ---------လို့ ရီစရာပြောကြပါတယ်။

**မမ---** ။ ---------

**တပည့်တော်** ။ ။ ပေါက်က---က ဝက်လက်ဘူတာသို့ မီးရထားကြီး ဝင်လာတဲ့---ါ ဂျောက်ဂျ---က်ဂျက်ဂုက်မြည်တဲ့ မီးရထားအသံကြီးက "ခြော---်ဆယ့်ငါးကျပ်၊ ခြောက်ဆယ့်ငါးကျပ်" လို့ အော်ပြီး ဝင်လ--- ----- ကြားကြသတဲ့၊ ဝက်လက်မှထွက်ခါနီး "ဂျုံးဂျုံး၊ ဂျုံးဂျုံး" လို့

ခြည်ဘဲ့ အသံကြီးကိုတော့ ''ရှူးရှူး, ရှူးရှူး''လို့ နားထဲမှာ ကြားကြားရသတဲ့၊ အဲဒီအခါတုန်းက စပါးတရာကို ခြောက်ဆယ်ငါးကျပ်ကျော်ကျော် ခုနစ်ဆယ်လောက်ရောင်းရမှ မရှုံးဘဲ အမြတ်ရမှာကိုး။

**ဓမ္မဂုတ်။** ။ဝက်လက်ကတဆင့် ဘယ်သွားရတုန်း။

**တပည့်တော်။** ။ မြောင်းမြဆရာတော်လောင်းဖြစ်တဲ့ဆရာက ( သကျသီဟ အောင်ပြီးမှ ) ရွှေဘိုမြို့ မိတ္ထီလာတိုက်မှာ ပဋ္ဌာန်းဆိုဘို့ ခေတ္တရောက်နေပါတယ်၊ ဒါ့ကြောင့် အဖေက ရွှေဘိုပို့ပါတယ်။

**ဓမ္မဂုတ်။** ။ပျော်စရာကောင်းရဲ့လား။

**တပည့်တော်။** ။မကောင်းပါဘူး, အချိန်ကလဲ နွေအခါဖြစ်ပါတယ်၊ မိတ္ထီလာတိုက် နေရမည့်ကျောင်းကြီးကလဲ ရှေးအင္ဂလေ့ကားပျက်ကြီးနဲ့ ကြည့်လို့ မကောင်းပါဘူး ဘုရား, ကျောင်းဖြစ်ပေမဲ့ မညီမညွတ်ခင်းထားတဲ့ ဝါးကြမ်းတွေပါ၊ အမိုးကလဲ သက်ကယ်မိုးထားပါတယ်, ထိုကျောင်းကြီးနဲ့ တွဲထားတဲ့ ၂ ခန်းကျောင်းကလေးမှာ နေကြရပါတယ်, သံဃာလဲ တော်တော်များပါတယ်၊ ထိုအချိန်က တိုက်သံဃာ ခုနစ်ဆယ်ကျော်, ရှစ်ဆယ်လောက် ရှိမယ်ထင်ပါတယ်၊ ရွှေဘိုမြို့ပေါ်မှာ သံဃာအများဆုံးဖြစ်ပါတယ်, ဆရာတော်ကြီးက ကြည်ညိုစရာကောင်းပါတယ်၊ ဒါပေမဲ့ ကျောင်းတွေကတော့ နဲလဲနဲ့, ကောင်းလဲ မကောင်းပါဘူး။

**ဓမ္မဂုတ်။** ။ပျင်းတော့ ဘယ်လိုကြံသေးသလဲ။

**တပည့်တော်။** ။ပျင်းပေမဲ့ ဘယ်လိုမှ မကြံပါဘူး, တပည့်တော်ရဲ့ ပင်ကိုယ်စိတ်က လူကြီးထားတဲ့နေရာမှာ ပျော်ပျော်–ပျင်းပျင်း နေဘို့တာဝန်ရှိတာဘဲလို့ အမြဲယူဆပါတယ်။

**ဓမ္မဂုတ်။** ။နောက်လဲ ပျင်းတာဘဲလား။

**တပည့်တော်။** ။နောက်တော့ မပျင်းရုံတွင် မကပါဘူး, အလွန်ပျော်တဲ့နေရာဖြစ်သွားပါတယ်။

**ဓမ္မဂုတ်။** ။ဘာ့ကြောင့်လဲ။

**တပည့်တော်။** ။စာတော်တဲ့အတွက် ဆရာတော်ကြီးကလဲ ဂရုစိုက်ပါတယ်၊ အတူနေသံဃာများကလဲ အရေးပါကြပါတယ်, တတိုက်လုံးကတဲ့ ဂရုစိုက်

ကြပါတယ်၊ နောင်အခါ ကန့်ဗလူမှာ ဆရာပေါ်ဖြစ်ပြီး ပြန်တော်မူသွားတဲ့ ဦးပညာသီဟ, ဦးဇဝနတို့နှင့် ယခု မုတ္တမမှာ သီတင်းသုံးတဲ့ ဦးအာစိဏ္ဏတို့ဆိုတာ တပည့်တော့်ကို ဟင်းကောင်းကောင်း ပေးလေ့ရှိပါတယ်၊ မုတ္တမဆရာတော်ကို သံဂါယနာတင်မှာ တွေ့စဉ်က စကားလက်ဆုံ မကျလိုက်ရတဲ့အတွက် ယခုအထိ ဝမ်းနဲမိပါတယ်၊ ယခုကန်တော့ပါတယ် ဘုရား၊ ယခု ရှိ-မရှိ မသိရသော စာတက်ဘက် ဦးမာရိန္ဒ, ဦးဝိသုဒ္ဓတို့ကိုလဲ ကန်တော့ပါတယ်ဘုရား။ ရွှေဘိုဆရာတော်ဦးကေသရကတော့ မြောင်းမြဆရာတော်ရဲ့ တပည့်ကြီးဖြစ်ပြီး, တပည့်တော်နဲ့ ပခုက္ကူမှာ စာသင်အတူသွားတဲ့ သီတင်းသုံးဖော်အရင်း ဖြစ်ပါတယ်၊ ဆရာတော်ကြီးရဲ့ကိုယ်စား ဆွမ်းခံကြသော ဦးဇဝန(ယခု လားရှိုးမြို့မှာ သာသနာပြုနေသော ဆရာတော်)နဲ့အတူ တပည့်တော်က ဗျပ်ဆိုင်းထမ်းပြီး ဆွမ်းခံလိုက်ရပါတယ်၊ ထိုဆရာတော်ကိုလဲ အမှတ်တရကန်တော့ပါတယ် ဘုရား၊ စစ်ကိုင်း လေးကျွန်းသာယာချောင်မှာ ပြန်တော်မူသွားတဲ့ ဆရာတော် ဦးဇောတကိုလဲ ကန်တော့ပါတယ် ဘုရား၊ စာချဆရာတော်ဦးသုဒဿန, မရွှေပေါက်ပင်ဆရာတော်ကြီး ဦးဇရာကို့ကတော့ မြောင်းမြဆရာတော်၏ သီတင်းသုံးဖော်များ ဖြစ်ကြပါတယ်၊ ထို ဆရာတော်ကြီးများကိုလဲ ကန်တော့ပါတယ် ဘုရား။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ရွှေဘိုမှာ ပျင်းတုန်းကပျင်းပြီး ပျော်တော့လဲ သိပ်ပျော်တာဘဲလား။

**တပည့်တော်**။ ။မှန်ပါတယ်, ဒီပျော်စရာတွေဟာ ဝါတွင်းမှာ ဖြစ်ပါတယ်၊ ခရွှေဘိုရောက်ပြီး သိပ်မကြာဘဲ မန္တလေးကို စာမေးပွဲဝင်ဘို့ လာရပါတယ်၊ အဲဒီအချိန်မှာ အစိုးရစာမေးပွဲလုပ်ရာဌာနက မန္တလေးနဲ့ ရန်ကုန် ၂ ဌာနသာ ရှိပါတယ်။

**ဓမ္မဂုတ်**။ ။မန္တလေးရောက်တော့ ဘယ်မှာ တဲသလဲ၊

**တပည့်တော်**။ ။အဖေတဲလေ့ရှိတဲ့ အိမ်တော်ရာသက်နီးတန်းက ဦးလူသစ်အိမ်မှာ တဲပါတယ်။

**ဓမ္မဂုတ်**။ ။စာမေးပွဲ ဖြေနိုင်-မဖြေနိုင်ကို စစ်ဆေးမဲ့လူ မရှိဘူးပေါ့။

**တပည့်တော်**။ ။စစ်ဆေးမဲ့သူ မရှိပါဘူး, နံနက်စာစားပြီးတော့(ထိုအချိန်က ရှိတဲ့) ဓာတ်ရထားကို ဈေးချိုအလယ်ပေါက်ကစီးပြီး ( အဲဒီတုန်းက

စာမေးပွဲလုပ်တဲ့ ) မဟာမြတ်မုနိဘုရားကြီး သွားပါတယ်၊ ဆာတဲ့အခါ မုန့်တီဝယ်စားပါတယ်, အများစားတဲ့ ဆွမ်းကျွေးတော့ သွားမစားပါဘူး, စာဖြေပြီး ပြန်လာပါတယ်၊ တဲအိမ်ရောက်တော့"ဘယ့်နယ်လဲဟေ့.... ကိုငွေး"လို့ မေးတော့ "ဖြေနိုင်ပါတယ်ဗျာ"လို့ ပြောပြီး လွယ်အိတ်ကလေးချ, အများအားဖြင့် အဲဒီအိမ်ရဲ့ နောက်ဖေးက မိန်းမတစု "ကြွင်ပစ်"တဲ့နေရာဝင်ပြီး တပည့်တော်လဲ ကြွင်ပစ်တာပါဘဲ။

**ဓမ္မဂုတ်**။ ။"ကြွင်ပစ်"ဆိုတာ အဲဒီခေတ်က ဖဲ့ရိုက်ခြင်းတမျိုးဘဲ, ကိုယ်တော်က ဖဲဆိုရင် ဝါသနာပါတာဘဲလား, နောက်ရက်အတွက် စာမကြည့်ဘူးလား။

**တပည့်တော်**။ ။ခဏလောက်ကြည့်ယင် ကြွင်ဖဲရိုက်နည်း နားလယ်တာပေါ့ ဘုရား, စာမေးပွဲမဝင်ဘဲ တနှစ်တောင်နားနေရလို့ ပဌမငယ်လောက်တော့ အရေးမကြီးပါဘူး, အောင်လဲ အောင်တာပါဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က"ပျော်ပျော်နေယင်း စာမေးပွဲဝင်, ဝင်လဲအောင်" ဆိုတော့ ကိုယ်တော့်အတွက် စာတွေဟာ ပျော်စရာဖြစ်နေတာပေါ့နော်, အဲဒီအချိန်မှာ ကိုယ်တော့်အသက်ဟာ ၁၆ နှစ်ထဲဝင်လာပြီဖြစ်လို့ တခန်းရပ်ကြဦးစို့၊ ဆယ်နှစ်မှ ၁၅ နှစ်အတွင်း ကိုယ်တော်က ပျော်ပျော်နေလို့သာ ပျော်စရာဖြစ်နေတာဘဲ, ဝမ်းနဲစရာ(မူလဆရာရဲ့ အနှင်ခံရသည့်တိုင်အောင်) ရှိသေးတာဘဲ၊ ကိုယ်တော်ကတော့ နှင်တာလဲ မဖြုံဘူးပေါ့နော်။

**တပည့်တော်**။ ။တပည့်တော်ကံက တမျိုးထင်တယ်ဘုရား, တပည့်တော်ရဲ့ တိုးတက်ဘို့ ကိစ္စကြုံတိုင်း အနှိမ်ခံရ, အဖျက်ခံရ, ဆင်းရဲရတာတွေကို နောက်လဲ တွေ့ပါလိမ့်အုံးမယ်၊ ဒီလို လောကဓမ်မျိုးကိုတော့ ရှေးရှေးဘဝတွေက ကျင့်သားရခဲ့သလား မသိပါ, အရေးကို မကြီးတော့ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုင်း ကိုင်း.... နောက်ဆက်စရာတွေအဘွက် တခန်းရပ်ကြစို့ရဲ့။

**နိဂုံး**။ ။လူ–ဟု ဆိုလျှင်, လူလိုပင်သာ, လူတွင်တွေ့ရိုး, ကြောင်း အကျိုးနှင့်, ကောင်းဆိုးနှစ်တန်, လောကဓမ်ကို, အမှန်တွေ့မြဲ, စိတ်ဝယ်စွဲ၍, ဝမ်းနဲဝမ်းသာ, မများပါမှ, နောက်လာဆက်ဆက်, တိုးကာတက်၏, သို့တွက်များပြား, အိုလူသားတို့, ဘုရားမိန့်ဖေါ်, တရားတော်ကို, ဖျော်ပျော်လိုက်စား, စိတ်ဝယ်ထားလျက်, များလောကဓမ်, ကြံ့ကြံ့ခံ၍, မှန်မှန်မဖြုံ, စိတ်မတုန်အောင်,....လူ့ဘုံသင်တို့ သွားဘွယ်ကို့။

## ၈။ ဆယ့်ငါးလွန်ကြွယ်-သက်နှစ်ဆယ်

**ဓမ္မဂုတ်**။ ။ကိုယ်တော် စာမေးပွဲဖြေပြီးပြန်လာတော့ ဘယ်လမ်းက ပြန်သလဲ။

**တပည့်တော်**။ ။သင်္ဘောလမ်းက အဖေနဲ့အတူ ပြန်လာပါတယ်၊ သင်္ဘောပေါ်မှာ စဥ့်ကူးက ပလိပ်**အရာရှိ**တယောက်က တပည့်တော်ကိုမြင်တော့ အလွန်ခင်ပြီး အရေးပါပါတယ်၊ ဟသ်ာကြီးဆိုတဲ့ရွာမှာ ဥုးစံပွင့်ဆိုတဲ့ အဖေ့မိတ်ဆွေအိမ်မှာ တဲပါတယ်၊ နောက်ညနေမှာ ဖဲအကြီးအကျယ် ရိုက်တဲ့ အနီးအပါးရွာသို့ သွားကြပါတယ်၊ ဖဲဒိုင်ခံတဲ့အိမ်ဟာ အလှူပွဲကလေးလိုဘဲ ဟင်းကောင်းချက်ပြီး ဖဲသမားတွေကို ကျွေးပါတယ်၊ အဲဒီအထဲမှာ နာမည်ကြီး ဖဲသမားတယောက်က တပည့်တော်ကို ငွေတကျပ်ပေးလို့ ဖဲရိုက်တဲ့နေရာမှာ ဘေးကနေပြီးထိုးလိုက်ပါတယ်, ရှုံးပါရော့။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က အလောင်းအစား ဝါသနာပါပေမဲ့ အကျိုးမပေးဘူးထင်တယ်။

**တပည့်တော်**။ ။အစစ်အမှန် စဥ်းစားယင်တော့ ဖဲသမားဆိုတာ တလှဲလောက် အကျိုးပေးပေမဲ့ နောက်တော့ အိတ်ထဲက ပါတာပါဘဲ၊ တပည့်တော် အတွက်တော့ အကျိုးမပေးတာဟာ ကံကောင်းပါတယ်, အကျိုးပေးနေယင် ဖဲသမားကြီးဖြစ်မှာ စိုးရပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီကနေပြီး ဘယ်သွားသလဲ။

**တပည့်တော်**။ ။မိမိတို့ရွာ (သရိုင်) သွားပြီး ရက်နဲနဲကြာတဲ့အခါ ရွှေဘိုပြန်တာပါဘဲ, ရွှေဘိုပြန်တော့ သာ်းအဖ ၂ ယောက် မြင်းတစီးစီနဲ့ ဝက်လက်သွားပါတယ်၊ ဒီအချိန်မှာ အဖေစီးနေကျ မြင်းတစီးအပြင် တော်တော်ပြေးတဲ့မြင်းကလေးတစီးလဲ ဈေးကောင်းကောင်းရယင်ရောင်းဘို့ ထားတာရှိပါတယ်၊ အဲဒီမြင်းကလေးကို အဖေကစီး, မြင်းကြီးကို တပည့်တော်က စီးပါတယ်၊ ဝက်လက်မရောက်ခင်တော့ မှန်မှန်ပါဘဲ, ဝက်လက်ထဲရောက်တော့ (အဖေက မြင်းကောင်းကြောင်း ပြချင်လို့နဲ့တူပါရဲ့) အပြေးစီးပါရော့, တပည့်တော်မြင်းကြီးကလဲ အတူလိုက်ပြီးပြေးလို့ မြင်းပေါ်က မကျအောင် အတော်ထိန်းထားရတယ်, ကြောက်လိုက်တာလဲ မပြောနဲ့တော့။

**ဓမ္မဂုတ်**။ ။ရွှေဘိုရောက်တော့ ပျော်ရဲ့လား။

**တပည့်တော်**။ ။ဒီတခါတော့ ကျောင်းရှိသံဃာအားလုံးက အရေးပါနေကြပြီဖြစ်လို့ ပျော်ပါတယ်၊ ကျောင်းသားချင်းလဲ ဘောလုံးကန်ကြပါတယ်၊ ရင်းနှီးတဲ့ ကျောင်းသားတချို့ကတော့ "လူညာနဲ့ သာယံ" တို့ဖြစ်ပါတယ်၊ ဘောလုံးဆိုပေမဲ့ မန္တလေးတုန်းကကန်ခဲ့တဲ့ သက်န်းစုတ်တွေ လုံးထားတဲ့ ဝံသာနုဘောလုံးပါဘဲ, စာကိုလဲ နေ့လယ် ဆွမ်းစားကျောင်းဘုန်းကြီးဆီမှာ ဋီကာကျော်လိုက်ပြီး, သုံးနာရီလောက်ကျတော့ ဆရာ့ဆီမှာ သီလက္ခန်အဋ္ဌကထာဆိုရပါတယ်, ညကျတော့ ယမိုက်ဆိုရပါတယ်, နံနက်ပိုင်းမှာ ပဋ္ဌမတော့ အဋ္ဌသာလိနီ ဆိုရပါသေးတယ်, နောက်တော့ စာဝါများလို့ ရပ်ထားရပါတယ်၊ တပည့်တော်ရဲ့ စာဆိုသံကို ဆရာတော်ကြီးက ကြားတော်မူလို့ တပည့်တော်ကို အလွန် အရေးပါပါတယ်၊ ညနေ ဘုရားဝတ်မတက်ခင် စားစရာပေးပြီး ပါဠိ စီကုံးခိုင်းလေ့ရှိပါတယ်, တခါတရံ ဂါထာစီလဲခိုင်းပါတယ်၊ တပည့်တော်တို့ပြန်သွားတဲ့အခါတောင်မှ တပည့်တော်ရဲ့ ဂုဏ်ကို သံဃာ့အလယ်မှာ မိန့်တော်မူပါသတဲ့။

**ခမ္မဂုတ်**။ ။ကိုယ်တော်က ဘောလုံးကန်တဲ့ ကစားနည်းတော့ သိပ် ဝါသနာပါဟန် တူတယ်။

**တပည့်တော်**။ ။ဝါသနာပါတယ်လို့ ဆိုရမှာပါဘဲ, ယခုတောင် နိုင်ငံခြားနဲ့ကန်တဲ့ ဘောသတင်းကို ဂရုစိုက်ပြီး ဖတ်ပါသေးတယ်, အဲဒီတုန်းက ရွှေဘိုမှာ ဝါတွင်း(မိုးတွင်း)အခါ အသင်းဖွဲ့ပြီးကန်ရတဲ့ ဘောပွဲလဲရှိပါတယ်၊ ထိုအချိန်မှာ ရုံးသင်းဟာ အကောင်းဆုံးပါဘဲ၊ စာရေးကြီး ထင်ပေါ်တို့, ပျာတာ ဖိုးငယ်တို့, မြို့အုပ်ကြီးတို့ဟာ အလွန်ကောင်းတဲ့ ဘောသမားတွေပါ၊ စာရေးကြီး ထင်ပေါ်ဆိုတဲ့လူဟာ လူကတော့ ခပ်သေးသေးဘဲ, ဂိုးအပြင်စည်းကနေပြီး ကန်လိုက်တဲ့ ဘောလုံးဟာ ကွင်းအလယ်လောက်ရောက်သွားတာဘဲ, ပရိသတ်က "ထင်ပေါ်ကွ" လို့ အော်ကြတယ်, တပည့်တော်လဲ အော်တာဘဲ။

**ခမ္မဂုတ်**။ ။ကိုယ်တော့်မှာ စာဝါတွေ ပြည့်နေတဲ့ကြားက ဘယ်လိုလုပ်ပြီး ဘောပွဲသွားသလဲ, ကိုယ်တော့်ဆရာက ခွင့်ပြုသလား။

**တပည့်တော်**။ ။ဆရာက ခွင့်ပြုတာပေါ့, ဆရာကိုယ်တိုင်လဲ ဝါသနာပါတာဘဲ, အဲဒီခေတ်က ရဟန်း သာမဏေများ ဘောလုံးပွဲ မလာကြပါဘူး, တပည့်တော်ကတော့ ကျောင်းသားဘဝမို့ လွတ်လပ်တာပါ၊ညနေ ၃ နာရီ စာဝါဆိုပြီးယင် ညအခါဆိုဘို့ ယမိုက်ကို တော်တော်ရတဲ့အခါ ဘောပွဲမှီအောင်

ခပ်ပြေးပြေး သွားတာပါဘဲ, ဘောဂပွဲပြီးယင် ကုလားကြီးဆီက ကုလားပဲ ပြုတ်ဝယ်ပြီး လမ်းမှာစားယင်းခပ်ပြေးပြေးပြန်လာပါတယ်, ကျောင်းတိုက် ရောက်တော့ ညဆိုရမဲ့ ယမိုက်ကို ထပ်ပြီးကြည့်ပါတယ်, ညမှာဆိုတဲ့အခါ ဆရာက မထောက်ရပါဘူး၊ တပည့်တော်ဘာသာ ဆိုသွားတာပါဘဲ။

**ဓမ္မဂုတ်**။ ။ ကိုယ်တော် စာသင်ရတာက ပျော်ပျော်ပါးပါး ကစားယင်း, ဘောဂပွဲကြည့်ယင်း သင်ရတာမို့ ကိုယ်တော့်မှာလဲ ကျန်းကျန်းမာမာနဲ့ စာတော်လာတာထင်တယ်။

**တပည့်တော်**။ ။ထင်စရာပါဘဲဘုရား, တပည့်တော်မှာ စာသင့်ရလို့မပျင်း ခဲ့ပါဘူး, ဉာဏ်ကလဲ ကျက်ဉာဏ်ကတော့ အကောဇ်းကြီး မဟုတ်ပါဘူး၊ ဆရာပြောသမျှကို မှတ်မိတဲ့ဉာဏ်, ရပြီးမမေ့တဲ့ဉာဏ်ကတော့ ကောင်းပါ တယ်၊ ကျန်းမာရေး သိပ်မချို့ယွင်းတာကတော့ ကျောင်းသားဘဝနဲ့ အကြာကြီးနေပြီး ညစာစားပြီး စာသင်ရတာလဲ အကြောင်းတခုဖြစ်ပါ လိမ့်မယ်၊ တပည့်တော်ကို လူထွက်မှာ မဟုတ်ဘူးလို့ ယုံကြည်ကြတဲ့ အတွက် စောစောကိုရင်ဝတ်ဘို့ မစီမံကြပါဘူး။

**ဓမ္မဂုတ်**။ ။ရွှေဘိုနေတုန်းမှာ သရိုင် မပြန်ရဘူးလား။

**တပည့်တော်**။ ။ ရွှေတောင်ကျောင်းဆရာတော်ကြီး ပြန်လွန်တော်မူတော့ တပေါင်းလ သင်္ဂြိုဟ်မှာမို့ တပည့်တော် ပြန်ပါသေးတယ်၊ အဲဒီ ဆရာတော်ပြန်မှာ လောင်တိုက်တွေ, နတ်လမ်းတွေ, ရုပ်သေး, အငြိမ့် တွေနဲ့ အလွန်စည်ကားလှပါတယ်၊ အလောင်းကို နတ်ရထားနဲ့ လောင်တိုက်ပေါ်တင်တဲ့အခါ တပည့်တော်ကို နတ်မြင်းပျံစီးဘို့ စီမံကြ ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က နတ်ရထားပေါ်မှာ နတ်သားလုပ်ပြီး နတ်မြင်းပျံ စီးရမယ်ဆိုတော့ ကိုယ်တော်က ရုပ်ချောလို့လား။

**တပည့်တော်** ။ ။ရုပ်ချောလို့တော့ မဟုတ်ပါဘူး, မြို့မှာ အနေများလို့ သန့်ရှင်းတဲ့ရုပ်ကိုကြည့်ပြီး ရွေးကြတာ ဖြစ်ပါလိမ့်မယ်၊ တပည့်တော်က ၁၄ – နှစ်သားလောက်ကထဲက ရွာရောက်တဲ့အခါ ရှင်ပြုအလှူရှိယင် ညဥ့်အခါ သံဃာစင်ပေါ်တက်ပြီး သင်္ဂြိုဟ်စကား ပြောလေ့ရှိပါတယ်၊ ဒါကြောင့် တပည့်တော်က ရွာမှာထင်ရှားပြီး လူချစ်များသောကလေး တယောက်မို့ ရွေးကြတာလဲ ဖြစ်ဟန်တူပါတယ်၊ အဲဒီတုန်းက "ခါရွှေ

ညာကြေ့ လေပြေလေ ဆော်သွင်း ဆော်သွင်း ” ဆိုတဲ့ သီချင်းတောင် ကျက်ရပါသေးတယ်၊ ဒါပေမဲ့ လူကြီးတွေက သဘောမတူလို့ ထင်ပါရဲ့ နတ်ရထား မစီးဖြစ်ပါဘူး။

**ဓမ္မဂုတ်**။ ။အဲဒီ ဘုန်းကြီးပြန်ပွဲမှာ မပျော်ဘူးလား။

**တပည့်တော်**။ ။ပျော်တာတော့ မပြောနဲ့တော့ ရွယ်တူတွေက ရှင်လူထွက်ဖြစ်ကုန်ပြီ၊ တပည့်တော်က မွှီသားလိုဖြစ်နေတော့ အားလုံးကအရေးပေါ်ကြတယ်, တပည့်တော်ကလဲ အဲဒီ ရှင်လူထွက် ငယ်သူငယ်ချင်းတွေနဲ့ အတူ ပိုလိုကို သောက်လေ့မရှိပေမဲ့ ဟန်သောက်တော့ သောက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဒါဖြင့် ရွာမှာ ဆက်မနေချင်ဘူးလား။

**တပည့်တော်** ။ ။တပည့်တော်မှာ သင်ပြီးဖြစ်တဲ့ ပိဋကစာပေတွေက တပည့်တော်ကို ရွာမှာနေခွင့် မပေးသလို ဖြစ်နေပါတယ်၊ တပည့်တော်ကလဲ ပိဋကစာတွေကို အလွန် လေးစားပါတယ်၊ အဲဒီစာတွေကိုပစ်ပြီး ရွာကို မချစ်နိုင်ပါဘူး, ရွာထက် စာကိုချစ်လို့ ဆွေမျိုးတွေ, သူငယ်ချင်းတွေ ပေါ်ပြီး ပျော်စရာကောင်းတဲ့ရွာကို ပစ်ခဲ့ရပါတယ်ဘုရား။

**ဓမ္မဂုတ်** ။ ။ မေးပါရစေ့, ကိုယ်တော်တို့ရွာက ဒုတိယအကြိမ် ရွှေကျင်သာသနာပိုင်ဖြစ်တော်မူတဲ့ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားရဲ့ ဆွေမျိုးအများနေတဲ့ရွာ မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားရဟန်းဖြစ်ရာ သိမ်တော်နှင့် စေတီတော်ပေါ်များတဲ့ရွာ, ရွှေတောင်ကျောင်းဆရာတော်ကြီးကလဲ မဟာဝိသုဒ္ဓါရုံဆရာတော်ကို စောင့်ရှောက်ပြီး အရှေ့ဝိသုဒ္ဓါရုံတိုက်မှာ တိုက်အုပ်ဘုန်းတော်ကြီးဖြစ်ခဲ့တဲ့ ဆရာတော်ကြီးလို့ ဆိုတယ်၊ အဲဒီလို ဆရာတော်ကြီးပြန်တော်မူတဲ့ကိစ္စမှာ ဒီလိုရွာက ရုပ်သေး, အငြိမ့်တွေနဲ့ ဘုန်းကြီးပြန်ဈာပနကို ပြာကျစေတယ်ဆိုတာ အမြီးအမောက်, အထက်အောက်, ညီပါရဲ့လားကိုယ်တော်၊ ကိုယ်တော်လဲ ပျော်ရုံသာပျော်ပြီး ဒီအချက်တွေကို အဲဒီတုန်းက မစဉ်းစားမိဘူးလား။

**တပည့်တော်**။ ။အလုပ်လုပ်ကြပုံကတော့ ဘယ်မှာ အမြီးအမောက် ရှေ့နောက် ညီတော့မှာလဲ ဘုရား၊ အဲဒီအခါတုန်းက တပည့်တော်လဲ ကျောင်းသားဘဝမှာ ရှိနေသေးတာမို့ ပျော်ရုံသာ ပျော်တတ်ပါတယ်, မစဉ်းစားတတ်သေးပါဘူး, အမှန်ကတော့ ရွာက ရဟန်းသံဃာတော်ထဲမှာရော ရွာသူရွာသားထဲမှာရော စဉ်းစားတတ်သူတွေရှိပေမဲ့ အားနဲ့ဟန် တူပါတယ်၊

မန္တလေးကိုစာသင်ကြကြတဲ့ ရဟန်းအများကလဲ "ဘုန်းကြီးပြန် ကြာကြာ မထားရ, ပွဲလမ်း မပါရ" ဆိုတဲ့ ဂိုဏ်းစည်းမျဉ်းဥပဒေကို လေးစားမှုထက် မန္တလေးကအကျင့်ရလာတဲ့ အပျော်အပါးကို ဂရုစိုက်ကြဟန်တူပါတယ်၊ အဲဒီရွှေတောင်ဆရာတော်ကြီးပြန်တော်မူချိန်မှာ မန္တလေးမဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီးလဲ သက်တော်ထင်ရှား ရှိပါသေးတယ်၊ အားလုံး ခြုံပြီး စဉ်းစားရယင် အဲဒီ ဘုန်းကြီးပြန်ဈာပနဟာ ရင်နာစရာကြီး ဖြစ်ပါတယ်ဘုရား၊ ဒီလို ဘုန်းကြီးပြန်ကိစ္စ၌ အကြီးအကျယ် ပွဲသဘင် လုပ်မှုရဲ့ အပြစ်တွေကို "အနာဂတ်သာသနာရေးကျမ်း" မှာ တပည့်တော် စိစစ်ညွှန်ပြပြီး ဖြစ်ပါတယ်ဘုရား။

**ဓမ္မဂုတ်** ။ ။အင်း........"ခေါင်က မိုးယိုမလုံ" ဆိုတာလို ဒုတိယရွှေကျင် သာသနာပိုင်ထွက်တဲ့ အရပ်က မဟာဝိသုဒ္ဓါရုံ ရွှေကျင်ဆရာတော်ကြီး သက်တော်ထင်ရှားရှိတုန်းမှာပင် ရွှေကျင်ဂိုဏ်းရဲ့စည်းမျဉ်းကိုမလိုက်ဘူး ဆိုတော့ ကိုယ်တော့်ရွာရဲ့ နောင်အချိန်တွင် သာသနာရေးမှာ ဘယ်လို နေလိမ့်မယ်ဆိုတာ ဗေဒင်မေးစရာ မလိုတော့ဘူးပေါ့နော်၊ ဒါထက်— ကိုယ်တော့်ဆရာနဲ့ကိုယ်တော်တို့ ဘယ်အချိန်မှာ ရွှေဘိုမြို့ မိတ္ထီလာတိုက်မှ ခွဲခွါခဲ့ကြသလဲ။

**တပည့်တော်**။ ။အဲဒီ ဆရာတော်ပြန်က အပြန်မှာ သိပ်မကြာဘူးလို့ ထင်ပါတယ်၊ တပည့်တော်တို့ စစ်ကိုင်းရုက္ခမူချောင်မှာ ခေတ္တ ရွှေ့လာပါတယ်။

**ဓမ္မဂုတ်**။ ။ရုက္ခမူချောင်ရောက်တော့ ကိုယ်တော်က ဘာလုပ်ရတုန်း။

**တပည့်တော်**။ ။နံနက်စောစော အားလုံးယာဂုသောက်ပြီးတဲ့အခါ စစ်ကိုင်းမြို့ထဲသို့ သံဃာများ ဆွမ်းခံကြကြပါတယ်၊ အဲဒီအချိန်မှာ မန်ကျည်းရွက် ဟင်းစတဲ့ ဟင်းရည်ချက်ရပါတယ်, ဟင်းရည်ကိုလဲ သက်လွတ်တမျိုး, သက်မလွတ် တမျိုး, ၂ မျိုး ချက်ရပါတယ်၊ ဟင်းရည်ချက်ပြီးတော့ စစ်ကိုင်းကပြန်လာတဲ့ ဆွမ်းဟင်းဗျပ်ဆိုင်းကို မြို့ပေါက်လောက်ကနေပြီး ကြိုရပါတယ်၊ အဲဒီလိုဟင်းချက်တုန်း အကြိုသွားတုန်းမှာလဲ တပည့်တော် ကျက်စရာရှိတဲ့စာကို ကျက်ပါတယ်၊ ထိုအချိန်က အတိသုဒ္ဓါရုံချောင် မရှိသေးပါဘူး, အတိသုဒ္ဓါရုံဆရာတော်ကြီးက ရုက္ခမူချောင်မှာ သီတင်းသုံးပါတယ်, တပည့်တော်က ဆရာတော်ကြီးပို့ချတဲ့ အဋ္ဌသာလိနီနှင့် မူလဋီကာကိုလိုက်ပြီး, ဆရာ့ထံမှာ သီလက္ခန်အဋ္ဌကထာကို ဆိုပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ ရုက္ခမူချောင်မှာ ဘယ်လောက်ကြာတုန်း။

**တပည့်တော်**။ ။သိပ်မကြာပါဘူး, ကဆုန်လလောက်မှာ ပလိပ်ကပင့်လို့ မြောင်းမြဆရာတော်ဆောင်းဖြစ်တဲ့ စာချဆရာနဲ့အတူ ပလိပ်မြို့သို့ လိုက်သွားရပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ ပလိပ်မှာကော ကိုယ်တော် ပျော်ရဲ့လား။

**တပည့်တော်**။ ။လူဆိုတာ ကိုယ့်ကို အရေးပါတဲ့နေရာမှာ ပျော်တာချည်းဘဲ ဘုရား, ပလိပ်ရောက်တော့ ကျောင်းဒကာ ဉူးခင်ဆိုတာ ရွှေကျင်ဂိုဏ်း ဒကာ မဟုတ်ပေမဲ့ ရွှေကျင်ဒကာတွေကို ပင့်ပေးပါဆိုလို့ ရွှေကျင်ဒကာ များက ပင့်ရတာဖြစ်တော့ ရွှေကျင်ဒကာ–ဒကာမများကရော, ကျောင်း ဒကာရဲ့ ဆွေမျိုးများကရော ပါလာတဲ့ သံဃာအားလုံးကို သိပ်ဂရုစိုက် ကြပါတယ်၊ တပည့်တော်ကိုတော့ ပဌမလတ်ဝင်မဲ့ ကျောင်းသားဆိုပြီး အထူး အရေးပါကြပါတယ်၊ ဒီတော့ တပည့်တော်ဟာ ပလိပ်မှာမပျော်ဘဲ နေပါ့မလား။

**ဓမ္မဂုတ်**။ ။ကိုယ်တော် ပဌမလတ်ဝင်တော့ ပလိပ်ကသွားပြီး ဘယ်မှာတဲသလဲ, အောင်ကော အောင်ရဲ့လား။

**တပည့်တော်**။ ။ငယ်ငယ်က နေခဲ့ဘူးတဲ့ ဝိသုဒ္ဓါရုံတိုက် ဆီးပင်ကျောင်းမှာ တဲပါတယ်၊ တပည့်တော်က ပဌမလတ်ထက်မြင့်တဲ့ စာတွေကိုတောင် တက်နေတာဖြစ်လို့ အလွယ်တကူနဲ့ အောင်ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ ပလိပ်မြို့ဟာ အဲဒီအချိန်က ငှက်ဖျားရှိတယ်လို့ ဆိုပါတယ်၊ ကိုယ်တော် မဖျားဘူးလား။

**တပည့်တော်**။ ။ တပည့်တော်က ငှက်ဖျားမှာ ဗွေဆော်ဘဲ, နောက်တော့ အခြားသံဃာများလဲ ဖျားပါတယ်, ဝါတွင်းမှာ သံဃာအစိတ်လောက် ရှိပါတယ်၊ မဖျားတဲ့သူ မရှိသလောက်ပါဘဲ။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုယင် မပျင်းကြဘူးလား။

**တပည့်တော်**။ ။ဒကာ–ဒကာမတွေက သိပ်ပြုစုကြလို့ ဘယ်သူမှ မပျင်းကြ ပါဘူး, တခါတလေ မြို့ထဲက ဟင်းကောင်းမျှားများ မပါတာကိုသိယင် "ရွှေမိုး"လို့ ခေါ်တဲ့ ဒကာကြီးက ဈေးလဲသွားတာဘဲ, ဈေးထဲက နံနံစီ

စုပြီး ငါးဝယ်လာပါတယ်၊ အဲဒီနေ့မှာ ငါးဟင်းကောင်းကောင်း ပူပူ နွေးနွေး စားကြရပါတယ်၊ မိုးလင်းလာတဲ့အခါတော့ "ဒကာပို့ ဒကာ ဦးလူငယ်၊ ဒကာကိုး"ဆိုတဲ့ ဒကာကြီးများက ဆွမ်းခံပေးကြပါတယ်၊ အားလုံး သံဃာများဟာ စားလိုက်၊ ဖျာားလိုက်နဲ့ ပျော်ကြပါတယ်၊ ဒါပေမဲ့ တပည့်တော်မှာ စိတ်တမျိုးဖြစ်လာပါတယ်၊ သူတို့က ဒါလောက် ဂရုစိုက်ယင် ငါတို့က "ပေါ့ပေါ့နေလို့ မဖြစ်ဘူး"လို့ စိတ်ဖြစ်ပါတယ်၊ ဒါ့ကြောင့် စာကောင်းကောင်း မအံရတဲ့ ဥပုသ်နေ့မှာ တာဝန်မကြေ သလို စိတ်မှာဖြစ်ရပါတယ်။

**မမ္မဂုတ်။** ။အဲဒီလို စားလိုက်၊ ဖျားလိုက်နဲ့ နေတဲ့အခါ တာဝန်ခံပြီး ပြုစုမဲ့ သူကော ရှိကြရဲ့လား။

**တပည့်တော်။** ။တာဝန်ခံပြီး ပြုစုဘို့ရန် ကိုယ်ရင်များနှင့် ဦးပဉ္စင်းငယ်များ အတွက် ပစ္စည်းလေးပါး ဒကာ-ဒကာမများ ရှိကြပါတယ်။

**မမ္မဂုတ်။** ။ကိုယ်တော့် ပစ္စည်းလေးပါး ဒကာ-ဒကာမကတော့ ဘယ်သူ တွေတုန်း။

**တပည့်တော်။** ။တပည့်တော်ကိုတော့ ဘယ်သူကမှ တာဝန်ခံပြီး ဖိတ်တဲ့သူ မရှိပါဘူး။

**မမ္မဂုတ်။** ။အို....ကိုယ်တော့်ကို အရေးအပါကြဆုံးဆို မဟုတ်လား၊ဘာ့ကြောင့် ပစ္စည်းလေးပါးဖိတ်မဲ့သူ မရှိသလဲ၊ ကိုယ်တော်က ကျောင်းသားဘဝမှာ ရှိနေလို့လား။

**တပည့်တော်။** ။မသိပါဘူး ဘုရား၊ ဘယ်သူကမှ မဖိတ်တာတော့ အမှန်ဘဲ၊ တပည့်တော်ကို ဝါဆိုခါနီးမှာ ဘိုးနဲ့ အမေလာပြီး သင်္ကန်းဝတ်ပေးလို့ ကျောင်းသား မဟုတ်တော့ပါဘူး၊ ကိုယ်ရင် ဖြစ်နေပါပြီ။

**မမ္မဂုတ်။** ။ကိုရင်ဖြစ်ပြီးတဲ့အခါ ကျောင်းသားတုန်းကလို ဆော့သေးသလား၊ ပွဲကော ကြည့်သေးသလား။

**တပည့်တော်။** ။ပလိပ်ရောက်ကထဲက မဆော့တော့ပါဘူး၊ ကိုရင်ဖြစ်သည်က စ၍ ပွဲလဲ မကြည့်တော့ပါဘူး၊ သိက္ခာကို စွမ်းနိုင်သမျှ ထိန်းပါတယ်။

**မမ္မဂုတ်။** ။"ရှင်ဇနက"ဆိုတဲ့ ဘွဲ့ကို ဘယ်သူက ပေးတာလဲ။

**တပည့်တော်**။ ။ဆရာဘုန်းတော်ကြီးက“မင်းဘွဲ့ကို မင်းဘာသာ ကြိုက်သလို ပေးတော့”လို့ ခွင့်ပြုတာနဲ့ ရွေးနာမည်လဲဖြစ်ရမယ်၊ အနက်အဓိပ္ပါယ်လဲ ရှိရမယ်ဆိုတဲ့မူနဲ့ ရှာပါတယ်၊ ဒီတော့ ငယ်ငယ်တုန်းက စွဲလာခဲ့တဲ့ ဝီရိယ အရှင် ဖြစ်တော်မူသော “ မဟာဇနက ”အလောင်းတော်ကို သတိရလိုက် ပါတယ်၊ အဘိဓာန်မှာ အနက်အဓိပ္ပါယ်ကြည့်တော့ “ တာတော=အဖ, ဇနကော = အဖ, ပိတာ =အဖ”လို့ တွေ့ရပါတယ်၊ ဒီတော့ “ငါလဲ လူ အများရဲ့ အဖအရာမှာ နေရလောက်အောင် ဉာဏ်ကောင်းပြီး ပညာအရှိ သားဘဲ၊ အလောင်းတော်ရဲ့ နာမည်လဲဖြစ်တယ် , ဘုရားရှင်ကို အလေး ဂရုပြုရာလဲရောက်အောင်“ရှင်ဇနက”ဆိုတဲ့နာမည်ကို သဘောကျကြောင်း လျှောက်တော့ ဆရာကလဲ ဆန်းဂိုဏ်းအလိုနှင့်လဲ သင့်တာဒနဲ့ ဒီဘွဲ့ကိုခွင့်ပြု လိုက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဝတ်ပုံ စားပုံကိုတော့ ဘယ်သူက သင်ပေးသလဲ။

**တပည့်တော်**။ ။စားပုံကိုတော့ စစ်ကိုင်း ချမ်းအေးဆရာတော် (ဒုတိယ မဟာ ဂန္ထဝါရ်ဆရာတော်)က ကလေးအခုန်းကမင် သင့်ပေးထားလို့ တတ်ပြီးဖြစ် ပါတယ်၊ သင်္ကန်းဝတ်တော့ ဆရာက မတို မရှည် ညီညီဝတ်ရမယ်လို့ အမိန့် ပေးထားတဲ့အတွက် ညီ-မညီကို ကိုယ့်ကိုယ်လဲကြည့်, အရိပ်ထဲလဲကြည့်, ညဥ့်စာပြန်ဖွင်း လသာမီးအိမ်အောက်မှာလဲ အရိပ်ကြည့်ပြီး ခဏခဏ ပြင်ဝတ် , ပြင်ရမ်းနဲ့ လေ့ကျင့်ပါတယ်၊ သင်္ကန်းရုံလဲ ကောင်းတဲ့ပုဂ္ဂိုလ် များကို ပြတ္တိုမြော်ပြီး သင်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ပလိပ်မှာ ကိုရင်ဖြစ်ရတာနဲ့ ရှင်ဒကာလဲ မရှိ, ပစ္စည်းလေးပါးဒကာလဲ မရှိ၊ ဒီလိုဆိုတော့ ကိုယ်တော့်ကို အိမ်ကြည်ညိုသူ မရှိဘူးထင်တယ်။

**တပည့်တော်**။ ။အရှင်ဘုရား...တွေးမယ်ဆိုလဲ တွေးစရာပါဘဲ၊ ဒါပေမဲ့ ကိုရင် ဖြစ်တဲ့ဝါမှာ ပဌမဆုံး ဥပုသ်နေ့ရောက်တော့ ကျောင်းအမကြီးရဲ့ အဖေက သူ့ရပ်မှာ သီလပေးဖို့ တပည့်တော်ကိုပင့်ပါတယ်, တပည့်တော်ကလဲ ကိုရင်ကလေးပေမဲ့ ဟောရေး ပြောရေးမှာ မရှက်မကြောက်တတ်တော့ လိုက်သွားတာဘဲ၊ သီလပေးပြီး ပြန်မယ်လို့ထတော့, ကိုရင် ရေစက်မချ တော့ဘူးလားလို့ ဒကာကြီးကမေးမှပါတယ်၊ ဒီတော့ ချတာပေါ့ဗျာဆိုပြီး, ပြန်ထိုင်ကာ“ဣဒံ မေ ပုညံ အာသဝက္ခယာ ဝဟံ ဟောတု”ကို အနက်ပါ ပေးပြီး ရေစက်ချပါတယ်, ပြီးတော့ ပြန်လာခဲ့ပါတယ်။

**ဓမ္မဂုတ်**။ ။နောက်သီတင်းရောက်တော့ မပင့်တော့ဘူးလား။

**တပည့်တော်**။ ။နောက်သီတင်းလဲ အဲဒီစရပ်က တပည့်တော်ကို ပင့်ပါတယ်၊ ရေစက်ချပြီးတဲ့အခါ တရားဟောပါအုံးဆိုလို့ ဓမ္မပဒထဲက ဂါထာတပုဒ် ရွတ်ပြီး တရားဟောပါတယ်၊ အဲဒီအခါကစပြီး တရားဟောကောင်းတယ်လို့ နာမည်ဖြစ်သွားပါတယ်။

**ဓမ္မဂုတ်**။ ။နောက်တော့ ကိုယ်တော်က တရားဟောတော့တာဘဲလား။

**တပည့်တော်**။ ။မဟောလို့လဲ မဖြစ်တော့ဘူးဘုရား၊ တပည့်တော်ကို ဥပုသ်နေ့မှာလဲ ဆရာက ဒီဃနိကာယ် ပါဠိတော်နှင့် အဋ္ဌကထာစာဝါကို ပို့ချတယ်၊ စိတ်မထင်ယင် ငေါက်ရုံမကပါဘူး ဖနောင့်နဲ့လဲ တခါတခါ ပေါက်ပါတယ်၊ တပည့်တော်က ငိုယင်းစာဆိုနေတာဘဲ၊ ဥပုသ်နေ့ကြုံတဲ့အခါ တပည့်တော် စာဆိုတာကို ဥပုသ်သည်တွေက နာနေပါတယ်၊ စာဆိုပြီးတော့ ကျောင်းအောက် ဥပုသ်သည်တွေက အပင့်ခိုင်းလို့ တပည့်တော်ကို လာပင့်ပါတယ်၊ တပည့်တော်လဲ တခါတလေ မျက်ရည်သုတ်ပြီး လိုက်သွားတာဘဲ၊ ကျောင်းအောက်ရောက်တော့ သီလပေးပြီး တရားတပုဒ်တော့ဟောလိုက်သေးတာဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဟောသမျှ သဘောကျတာချည့်ဘဲလား။

**တပည့်တော်**။ ။သဘောကျ မကျတော့ မပြောနဲ့တော့၊ သီတင်းကျွတ်လို့ ကထိန်ပွဲမှာ မန္တလေးဝိသုဒ္ဓါရုံတိုက်က နိုင်ငံကျော် ဓမ္မကထိကများနဲ့ အတူ တပည့်တော်ကိုလဲ ညတရားဟောဘို့ရှန် တိုက်တွန်းကြတာပါဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ကလဲ အရှက်မရှိ ဟောတာဘဲလား။

**တပည့်တော်**။ ။တရားဟောတာ ဘာရှက်စရာရှိလဲ, တပည့်တော်က ကိုယ့်ဘာသာ စီစဉ်ပြီး ဓမ္မကထိကအစစ်လို ညတရားအရှည် ဟောတာဘဲ၊ အဲဒီတုန်းက ဟောတဲ့တရားဟာ အရှင်မဟာကဿပနှင့် မယ်ဘဒ္ဒါတို့ ပါရမီဖြည့်ခဲ့ပုံ ဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။အများက သဘောကျရဲ့လား။

**တပည့်တော်**။ ။သဘောကျ မကျကို စဉ်းစားပေတော့, တရားဟောပြီး မကြာခင် ဆည်ရွာအလှူက ညတရားဟောဘို့ လာပင့်တာဘဲ, မန္တလေး

ဝိသုဒ္ဓါရုံတိုက်ကလဲ "တရားဟောကောင်းတဲ့ကိုရင်"လို့ စာချဘုန်းတော်ကြီးများကပါ အသိအမှတ်ပြုသွားပါတယ်။

**ဓမ္မဂုတ်**။ ။ဆည်ရှာလိုက်ပြီး ညတရားဟောသေးသလား။

**တပည့်တော်**။ ။ဆရာဘုန်းတော်ကြီးက ငယ်ငယ်ရှိသေးတယ်, ညတရားဟောလို့တော့ မတော်ဘူးလို့ တားမြစ်တာနဲ့ မဟောဖြစ်ပါဘူး၊ ကျောင်းမှာရှိတဲ့ ဓမ္မကထိက ဦးပဥ္စင်းတပါး လိုက်ပြီးဟောပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော့်ကို သိပ်ကြည်ညိုကြတာဘဲနော်၊ ဒါတောင် ပစ္စည်းလေးပါး ဖိတ်မဲ့သူ မရှိဘူး, တခြားကိုရင် ဦးပဥ္စင်းတွေမှာတော့ ဖိတ်တဲ့သူတွေ အရှိသားနဲ့။

**တပည့်တော်**။ ။ဟုတ်ပါတယ်, ဒါပေမဲ့ တနေ့တော့ အဲဒီအရပ်သား လူနာမည် "ထွန်းရွှေ"လို့ခေါ်တဲ့ ကိုရင်တပါးက စာကလေးလာပေးတယ်၊ စာရဲ့အဓိပ္ပါယ်က ပစ္စည်းလေးပါးဖိတ်တဲ့ စာဘဲ၊ ဖိတ်တဲ့သူရဲ့ နာမည်က ကျောင်းမှာကြည်ညိုတဲ့ အမျိုးသမီးထဲမှာ အဆင့်အတန်းအမြင့်ဆုံး ဖြစ်ပြီး တပည့်တော်ထက် နဲနဲငယ်တဲ့ အမျိုးသမီးရဲ့နာမည် ဖြစ်နေပါတယ်။

**ဓမ္မဂုတ်**။ ။ဒီတော့ ကိုယ်တော်က သိပ်ဝမ်းသာ မသွားဘူးလား။

**တပည့်တော်**။ ။ဝမ်းမသာအားပါဘူး, တွေးတောစရာတွေ အလွန်များသွားပါတယ်၊ ဒီကိစ္စဟာ နောင်တချိန်မှာ ရှုပ်ထွေးစရာရှိတယ်, ကျောင်းလဲ နာမည်ပျက်နိုင်တယ်, ဒီစာကို ဆရာ့ထံပြမှဖြစ်မယ်လို့ စဉ်းစားပြီး စာကို ဆရာ့ထံပြမယ်လို့အသွား လမ်းမှာရှိတဲ့အခန်းက ဦးပဥ္စင်းတွေနဲ့ စာပေးတဲ့ကိုရင်တို့ ထွက်လာပြီး တပည့်တော်ကို တားကြပါတယ်, ကိုယ်တော့်စိတ်ကိုစမ်းချင်လို့ ရေးကြတာပါတဲ့, ဆရာ့ကိုမလျှောက်ဘို့ရှိန်တောင်းပန်ကြပါတယ်။

**ဓမ္မဂုတ်**။ ။အော်.... ဒီလိုကိုး, ကိုယ်တော်က ဝမ်းသာပြီး ငြိမ်နေလိုက်ယင် ကိုယ်တော့်ကို "အူလယ်လယ်အကောင်ဘဲ"လို့ ထင်ကြမှာပေါ့နော်။

**တပည့်တော်**။ ။သူတို့ထင်တာ မထင်တာ အရေးမကြီးပါဘူး, လမ်းစဉ်အတိုင်း မှန်အောင်သွားဘို့သာ တပည့်တော်ရဲ့ တာဝန်ပါ။

**ဓမ္မဂုတ်**။ ။သူတို့က အဲဒီလိုစာရေးရအောင် အဲဒီအမျိုးသမီးက ကိုယ်တော့်ကို အထူးကြည်ညိုလို့လား။

**တပည့်တော်**။ ။တပည့်တော်ကို သူတို့အားလုံးက ကြည်ညိုတယ်ဆိုတာသိလို့ အဲဒီ အမျိုးသမီးကလဲ ကြည်ညိုမှာဘဲလို့ ယူဆကြဟန်တူပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ အမျိုးသမီးက ကြည်ကော မကြည်ညိုဘူးလား။

**တပည့်တော်**။ ။နောင်အခါ တပည့်တော်ရဲ့ ရဟန်းအမဖြစ်မဲ့ ဒကာမရဲ့ ဆွေမျိုးဖြစ်လို့ တပည့်တော်ကို သူ့အိမ်ထောင်ကျပြီးလဲ ကြည်ညိုပါတယ်၊ တပည့်တော်ကလဲ အရေးပါပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့ ပလိပ်မှာနေတဲ့အခါ ငှက်ဖျားဖျားတော့ ဘယ်က ဆရာနဲ့ ဆေးကုသလဲ, အဲဒီအခါတုန်းက ဆရာဝန်လဲ သိပ်မရှိသေးဘူး။

**တပည့်တော်**။ ။ ဖျားတဲ့အခါ ဗျင်းကလေးရွာက " ဆရာနှစ် " ဆိုတဲ့ ဆေးဆရာကြီးက ကုသပေးပါတယ်, သူ့ရဲ့သား ၂ ယောက်က ကိုရင် အဖြစ်နဲ့ ကျောင်းမှာရှိပါတယ်, အဲဒီ သားကိုရင်များကိုအကြောင်းပြုပြီး တကျောင်းလုံးကို ဆေးကုသပေးပါတယ်, အဲဒီ ဆရာကြီးက တောင်သာ ဂိုဏ်းဆရာကြီးပါ၊ တော်လဲ တော်ပါတယ်, ပစ္စည်းလဲရှိပါတယ်၊ တပါး မှလဲ မပျက်စီးပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က အဲဒီဆေးကုနည်းကို မရလိုက်ဘူးလား။

**တပည့်တော်**။ ။ တပည့်တော်လဲ အဲဒီ တောင်သာဂိုဏ်းရဲ့ ဆေးကုနည်းကို အတော်များများ ရလိုက်ပါတယ်, အဲဒီ လက်တွေ့ကြောင့် ပဲကျား (စွန်တာ့နီ)ပဲပြုတ်ဟာ ကျန်းမာရေးကောင်းတယ်၊သံပုရာသီး ရှောက်သီး တို့ဟာ ဓာတ်စာတောစင် ဖြစ်နိုင်ပါတယ်၊ အုန်းရည်ဟာ ဆောင်းအခါ နံနက်စောစောသောက်ယင် ကျန်းမာရေးကောင်းတယ်, မှိုခေတ်က "ကွီနိုင်" တောင် မပေါ်သေးတော့ "ကွီနိုင်" အစား ဂန့်ဂလာရွက်ကို သုံးခွက် တခွက်တင်ကျိုပြီး အဖျားဖြတ်ဆေး လုပ်ရတယ်ဆိုတာတွေကို နားလည်ခဲ့ပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်မှာ ပလိပ်နေပြီး ငှက်ဖျား ဖျားရတာ အကျိုးများတာပေါ့နော်၊ယခု ကိုယ်တော်ကျန်းမာရေးလိုက်စားတာဟာ ပလိပ်ရဲ့ကျေးဇူးလို့ ဆိုရမှာပေါ့။

**တပည့်တော်**။ ။ ဆိုထိုက်ပါတယ်, ပလိပ်မြို့အတွက်တော့ တပည့်တော်ရဲ့ မွေးရပ်လိုဖြစ်ပြီး, ရင်းနှီးတဲ့ ဒကာ-ဒကာမ အများစုဟာ ဆွေမျိုးတွေလို ဖြစ်နေပါတယ်။

**ခမ္မဂုတ်။** ။အဲဒီပလိပ်မှာနေတုန်း ကိစ္စအထူးတော့ ဘာများဖြစ်သေးတုန်း။

**တပည့်တော်။** ။ တပည့်တော်တို့ ပလိပ်မှာ ဒုတိယဝါ မဆိုခင် မန္တလေးက မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး ပြန်လွန်တော်မူပါတယ်၊ အဲဒီ ဆရာတော်ပြန် ဈာပနအခါမှာ ရင်းနှီးတဲ့ ဒကာ–ဒကာမများနဲ့အတူ တပည့်တော်တို့ သွားကြရပါတယ်၊ ဆီးပင်ဆွမ်းစားကျောင်းမှာ ဒကာမ များတည်းခိုတဲ့နေရာသို့ ကိုယ်တော်များ လာကြတဲ့အခါမှာ ဟိုက ဒီက လက်အုပ်ချီကြလို့ ဘယ်ကိုယ်တော်မှ မသွားဝံ့ပါဘူး, ဒကာမများက အဲဒီလောက် ယဉ်ကျေးပါတယ်၊ ဒါတောင် "ဉူးတိဏ္ဏ" ဆိုတဲ့ သရိုင်သား ဉူးပဥ္စင်းက တပည့်တော်နဲ့ရင်းနှီးတဲ့ အမျိုးသမီးကို သူလိုချင်တယ် ပြောပေးစမ်းပါလို့ ခိုင်းသေးတယ်,အဲဒီလောက်ရိုင်းပါတယ်၊ဒါ့ကြောင့် ဘုန်းကြီးကျောင်းမှာ အမျိုးသမီးခပ်ရွယ်ရွယ်တွေ ညဉ့်အိပ်ညဉ့်နေ မသွား သင့်ပါ၊ တခါတုန်းကလဲ(တပည့်တော်ပခုက္ကူကပြန်မှ)သီလရှင်၂ယောက် ဆွမ်းစားကျောင်းမှာ အိပ်ကြပါတယ်၊ ညကျတော့ အော်သံကြားလို့ တပည့်တော်လဲ ကပြာကယာ ထပြေးတော့ သီလရှင်ရဲ့လက်ကို ဒါးနဲ့ တွက်ပြီး ဆင်းပြေးလို့ မမိလိုက်ပါဘူး၊ ဒီအထိ စိုးရိမ်စရာများပါတယ်။

**ခမ္မဂုတ်။** ။အဲဒီလောက် ယဉ်ကျေးပြီး ရင်းနှီးတဲ့ပလိပ်မှာ ဘယ်နှစ်ဝါနေပြီး ဘယ်လိုနည်းနဲ့ ခွဲခွါခဲ့ကြတုန်း, အဲဒီအခါမှာ ကိုယ်တော့်အသက်က ဘယ်လောက်ရှိနေပြီလဲ။

**တပည့်တော်။** ။အဲဒီပလိပ်မြို့မှာ ၂ဝါကြာပါတယ်, တပည့်တော်လဲ ပဋ္ဌမကြီး ဝင်နိုင်လောက်အောင် စာတွေပြည့်စုံတဲ့အပြင် ဒီဃနိကာယ် ၃ကျမ်းလုံး ပါဠိတော်ရော အဋ္ဌကထာပါ ကုန်အောင်ဆိုပြီးဖြစ်ပါတယ်၊ အသက်တော့ ၁၈ နှစ်ပြည့်လုပါပြီ၊ ပဋ္ဌမလတ်အောင်ပြီးနောက် တနှစ်နားပြီးဖြစ်လို့ ပဋ္ဌမကြီးဝင်ဘို့ရန် လက်မှတ်ထိုးထားပါတယ်၊ အဲဒီအခါမှာ ဆရာ ဘုန်းတော်ကြီးက တပည့်တွေဖျားလွန်းလို့ ရိုတ်မကောင်းဖြစ်ဟန်တူ ပါတယ်၊ သံဃာလဲ သိပ်များများတိုးဘို့ မဖြစ်နိုင်ဘူးဆိုတာ စဉ်းစားမိ ပါလိမ့်မယ်၊ ဒါ့ကြောင့် အဲဒီ ပလိပ်မြို့က ပြောင်းရွှေ့ဘို့ စဉ်းစားပါ လိမ့်မယ်၊ သို့သော် ဒကာ–ဒကာမတွေက သိပ်ပြီး ဂရုစိုက်ကြတော့ "ရွှေတော့မယ်" ဆိုတဲ့ အကြောင်းကိုလဲ ပြောရက်ဟန် မတူပါဘူး၊ ဒါ့ကြောင့် မည်သူ့ကိုမျှ မပြောတော့ဘဲ တိတ်တိတ်ကလေး စစ်ကိုင်းကို ကြွတော့တာပါဘဲ။

**မမ္မဂုတ်။** ။ဒကာများက လိုက်မပင့်ကြဘူးလား။

**တပည့်တော်။** ။ချက်ချင်း လိုက်ကြပါတယ်, ဒါပေမဲ့ ပြန်ပင့်လို့ မရတော့ပါဘူး၊ ကျန်ခဲ့တဲ့ တပည့်တွေလဲ အနေခက်ကြပါတယ်, အချိန်ကလဲ နွေပေါက်ခါစဖြစ်လို့ ညောင်ရွက်တွေလဲ ကြွေကုန်ပါပြီ, ကျီးကမလေးတွေကလဲ ပျင်းကြဟန်တူပါတယ် တအာအာနဲ့၊ ဆရာမရှိတော့ တပည့်တွေ ကြာကြာနေလို့ အကျိုးမထူးတာနဲ့ တပည့်တော်တို့အားလုံး စစ်ကိုင်းတချို့ အခြားနီးစပ်ရာတချို့ ရွှေ့ကြ ပြောင်းကြရပါတယ်။

**မမ္မဂုတ်။** ။စစ်ကိုင်း ဘယ်ချောင်မှာ တဲကြတုန်း။

**တပည့်တော်။** ။အရှေ့မှန်ကျောင်းမှာ တဲကြပါတယ်၊ အရှေ့မှန်ကျောင်း ဆရာတော်က နိုင်ငံကျော် မမ္မကထိကဆရာတော် ဦးသုနန္ဒ ဖြစ်ပါတယ်၊ မြောင်းမြဆရာတော်လောင်းဖြစ်တဲ့ ဆရာဘုန်းကြီးနဲ့ ဥက္ကံ ဘုရားကြီးတိုက်မှာ အတူနေခဲ့ကြတယ်လို့ ကြားဘူးပါတယ်၊ ပြောမနာ ဆိုမနာ ရင်းနှီးကြဟန်တူပါတယ်, တပည့်တော်တို့ဆရာက ငယ်ပါတယ်, ဒါပေမဲ့ စာအရည်အချင်းတော့ ဆရာက သာပါတယ်၊ တခါတခါ "ဟော့....ဖိုး....သ" လို့ ခေါ်သံကြားတော့ တပည့်တော်ကမခံချင်ပါဘူး၊ ငါကြီးတဲ့အခါ "မမ္မကထိကတွေရဲ့ အောက်ကျနောက်ကျ မဖြစ်စေရဘူး" လို့ တောင် စိတ်ဖြစ်မိပါတယ်၊ မမ္မကထိက စာချ ၂ မျိုးတွင် သာသနာ့အလုပ်ကို စာချဘုန်းတော်ကြီးတို့ကသာ များများ လုပ်နိုင်တာဖြစ်တော့ "စာချဘုန်းကြီးကို မမ္မကထိကဘုန်းကြီးက လေးစားရမယ်" လို့ ငယ်ငယ်ကတဲက ယူဆခဲ့ပါတယ်။

**မမ္မဂုတ်။** ။ရင်းနှီးလို့ "ဟော့....တို့, ဖိုး....တို့" ခေါ်တာကို ကိုယ်တော်က နာသလား။

**တပည့်တော်။** ။ဘုန်းကံကြီးမားတဲ့ပုဂ္ဂိုလ်က စာချဘုန်းကြီးတပါးကို ဒီလို မခေါ်သင့်ပါဘူး၊ စာချပုဂ္ဂိုလ်တပါးဖြစ်အောင် စာသင်ရတာဟာလဲ မမ္မကထိကဖြစ်ဘို့ထက် ခက်တယ်လို့ ယူဆတာကြောင့် မကျေနပ်သလို ဖြစ်မိပါတယ်၊ ပုဂ္ဂိုလ်သဘောနဲ့တော့ ထိုဆရာတော်ကို တပည့်တော် ကိုယ်တိုင်လဲ ခင်မင်ပါတယ်, လေးစားပါတယ်။

**မမ္မဂုတ်။** ။အဲဒီနှစ်မှာ နေရာအပြောင်းအလဲတွေဖြစ်ပြီး စာမတက်ရတော့ ပဌမကြီး ဝင်ဖြစ်သေးသလား။

**တပည့်တော်။** ။ပဌမကြီးဝင်ဘို့ စိတ်ပျက်နေပါတယ်, ဒါနဲ့ သရိုင်ပြန်သွားပါတယ်၊ ဝက်လက်ဘူတာရောက်တော့ ဒကာကြီး လာကြိုပါတယ်, နေပူတာနဲ့ ရွာထိအောင် မသွားသေးဘဲ အိမ်တအိမ်ရဲ့ အထက်ထပ်မှာ ခဏတဲခိုပါတယ်၊ ဒကာကြီးက တခြားအိမ် သွားနေတုန်းမှာ အောက်ထပ်၌ မိန်းမတွေစုပြီး ဘုန်းတော်ကြီးတပါးထံ ဗေဒင်မေးသံကို ကြားရပါတယ်, ဗေဒင်ဟောပုံကို အိမ်ပေါ်ကနားထောင်ပြီး မေးချင်စိတ်ရှိတာနဲ့ အောက်ဆင်းသွားပါတယ်၊ ဘုန်းတော်ကြီးက တခန်းပေါက် ခုတင်ကြီးပေါ်မှာ နေပါတယ်, တပည့်တော်က ခုတင်အောက် အနောက်ဘက်နားထိုင်ပြီး ဝပ်ချပါတယ်၊ ကိုရင်က ဘာကိစ္စရှိတုန်းလို့ မေးတော့ " တပည့်တော် စာမေးပွဲဝင်တဲ့အခါ အောင်-မအောင် သိချင်လို့ပါဘုရား " လို့ လျှောက်ပါတယ်။

**ဘုန်းတော်ကြီး။** ။လျှောက်လိုက်သည်နှင့်တပြိုင်နက်"အောင်ပါ့ အောင်ပါ့" တဲ့၊ လွန်ခဲ့တဲ့ ၂ နှစ်လောက်တုန်းကဝင်ယင် "သာတောင် အောင်သေး" လို့ ဟောကိန်းထုတ်ပါတယ်။

**တပည့်တော်။** ။လွန်ခဲ့တဲ့ ၂ နှစ်လောက်ကလဲ ပဌမလတ် အောင်ပါတယ် ဘုရား, ယခု ပဌမကြီးဝင်ရမှာပါ။

**ဘုန်းတော်ကြီး။** ။အောင်မှာပါ, အောင်မှာပါ၊ ဉာဏ်က တယ်ထက်တယ်, မိန်းမဆိုယင် "ဇော်ဂနီ"ဘဲလို့ မိန်းမတွေဘက်လှည့်ပြီး ဟာသတောင် လုပ်လိုက်ပါသေးတယ်။

**ဓမ္မဂုတ်။** ။အဲဒီဗေဒင်က ခုနှစ်သကရာဇ် မမေးဘဲ ရုပ်နဲ့ အနေအထိုင်ကို ကြည့်ပြီးဟောတာမို့ အင်္ဂဝိဇ္ဇာဖြစ်ပါလိမ့်မယ်, အင်္ဂဝိဇ္ဇာဆိုတာ မှန်ယင်လဲ သိပ်မှန်တာပါတယ်၊ လွဲယင်လဲ သွက်ချာပါတော လယ်ကုန်မှာဘဲ။

**တပည့်တော် ။** ။ ဟုတ်ပါလိမ့်မယ်, တပည့်တော်လဲ အဲဒီ ဘုန်းတော်ကြီး ဟောလိုက်မှ ပဌမကြီးဝင်ဘို့ စိတ်အားတက်လာပါတယ်၊ အောင်လဲ အောင်ပါတယ်။

**ဓမ္မဂုတ်။** ။ပဌမကြီးဝင်တော့ ဘယ်မှာတဲခိုပြီး ဝင်သလဲ။

**တပည့်တော်။** ။စာဖြေဌာနဖြစ်တဲ့ မဟာမြတ်မုနိဘုရားကြီးရဲ့ အရှေ့မြောက်ဒေါင့်က စရပ်ကြီးမှာ တဲပါတယ်၊ စာတွေကလဲ ကြည့်စရာများတာနဲ့

စာဖြေဌာနနှင့်နီးအောင် ညှော်သည်တွေ တဲခိုတဲ့ ၂ ထပ်တိုက်ကြီးမှာ ဆိုင်ရာလူကြီးများထံ ခွင့်တောင်းပြီး တဲရပါတယ်၊ ရွှေဘိုဆရာတော် လောင်း ဦးကေသရ, စစ်ကိုင်းမှန်ကျောင်းဆရာတော်လောင်းဦးသောမ, မိဂဒါဝုန်ဆရာတော်လောင်း ဦးရာဇိန္ဒတို့နဲ့ အတူတဲပါတယ်၊ ၂ ထပ် တိုက်ကြီးရဲ့ အရှေ့ဘက် တထပ်တိုက်မှာတော့ သီလရှင်များတဲကြပါတယ်။

**ခမ္မဂုတ်**။ ။ဆွမ်းကော ဘယ်ကရသလဲ, ကိုယ်တော်တို့က အများသဲလိုက်[illegible] မစားကြဘူးလား။

**တပည့်တော်**။ ။ဘယ်ကမှလဲ ဆွမ်းမရပါဘူး, "ဘာသိန်း" ဆိုတဲ့ ကျောင်းသား[illegible] တယောက်က မတတ်-တတတ်နဲ့ နံနက်ဆွမ်း ချက်ရှာပါတယ်၊ [illegible] လိုက်, မာလိုက်နဲ့ ဆွမ်းလဲမကောင်း, ဟင်းလဲ မကောင်းပါဘူး။

**ခမ္မဂုတ်**။ ။တဲခိုတဲ့နေရာချင်း နီးကပ်နေတဲ့ သီလရှင်များက ချက်မ[illegible] ဘူးလား။

**တပည့်တော်**။ ။သူတို့လဲ ချက်စားကြပါတယ်, ထမင်းချက်တဲ့နေရာ စပို့[illegible] တခုမှာ အတူချက်ကြတာပါဘဲ။

**ခမ္မဂုတ်**။ ။ဒါတောင် သူတို့က ကူညီပြီး ချက်မပေးကြဘူးလား။

**တပည့်တော်**။ ။သူတို့မှာလဲ သူတို့တာဝန်နဲ့မို့ ကူညီအားမယ် မ[illegible] ဘူး၊ ပြီးတော့ ခပ်ရွယ်ရွယ်ချည်း နီးနီးတဲခိုရလို့ စိတ်ကလဲ ရှင်း[illegible] မတူပါဘူး၊ တခါတော့ စာဖြေပြီး ပြန်လာတဲ့အချိန်မှာ တ[illegible] အောင့်ထားရှုတာ စွန့်ချင်လွန်းလို့ မီးဖိုချောင်နောက်ဖေး[illegible] အကြားသို့ တပည့်တော်တို့ဘက်က ဦးပဥ္စင်းက အရှေ့ဘက်က [illegible] သီလရှင်တယောက်က အနောက်ဘက်က အဝင်, သင်းပိုင် အ[illegible] ဆီနေပါရော, အဲဒီအခါ ၂ ယောက်လုံးရှက်ဖြီး ပြန်ပြေး[illegible] တဲခိုတဲ့နေရာရဲ့ တံခါးပေါက်အရောက်မှာ ၂ယောက်လုံးက[illegible] ချောင်းကြည့်တာကို ၂ ယောက်လုံးမြင်ကြလို့ [illegible] ကိုယ်တော်မှာ အပြေးအလွှား တိုက်အပေါ်ထပ် တက်ပြေးလ[illegible] မောကြီးပန်းကြီးနဲ့ လာပြောပါတယ်။

**ခမ္မဂုတ်**။ ။အင်း....တဘက်နဲ့တဘက် စိတ်မလုံနေကြတဲ့အ[illegible] ဖန်ဖန်လဲ လာဆုံတတ်သေးတယ်နော်, ဩော်....လောက [illegible]

**တပည့်တော်။** ။ ဒါတွင် ဘယ်ကမလဲ ( နောက်တရက်ထင်ပါတယ် ) နံနက်စောစော အိပ်ရာထပြီး အပြင်ဘက် မျက်နှာသစ်သူကသစ်, အိမ်သာတက်သူကတက်နဲ့ ကိုယ့်ကိစ္စနဲ့ ကိုယ်ဖြစ်နေတုန်း သီလရှင်တယောက်ကမျက်နှာသစ်ပြီး ပြန်ဝင်တဲ့အခါ မဟာမြတ်မုနိဘုရားရဲ့ ခွတ်မီးရောင်က သူ့တိုက်အတွင်း တံခါးပေါက်မှ လင်းနေတာကို သတိမထားဘဲ ကတုံးကြီးနဲ့ လူတယောက်အရိပ်ကို နံရံမှာမြင်လို့ "လူပါ လူပါ လူပါ"လို့ ကြောက်တဲ့အသံကြီးနဲ့ အော်လိုက်တာ တဝင်းလုံး ချောက်ချားသွားတာဘဲ၊ တပည့်တော်လဲ အိမ်သာတက်နေရာက မလှုပ်ဝံ့ဘူး။

**မှူဂုတ်။** ။နောက်တော့ ဘယ်ကလူကို ဖမ်းမိတုန်း။

**ည့်တော်။** ။ဘယ်ကလူမှ မဟုတ်ဘူး, သူ့အရိပ်သူ လန့်ပြီး အော်တာဖြစ်ကြောင်း နောက်မှ အားလုံးသိကြတယ်၊ ဒီလိုမသိယင် တပည့်တော်တို့အဖွဲ့ထဲက တပါးပါးကို စွပ်စွဲမှာပေါ့။

**တ်။** ။ကိုယ်တော်တို့မှာ သူတို့ရဲ့ အချက်အပြုတ် အကူအညီ မရတဲ့အပြင်ကံကောင်းလို့ ဂတ်(ပလိပ်ဌာန) မရောက်ကြရတာဘဲနော်။

**ည့်တော်။** ။တနေ့တော့ သူတို့ရဲ့ဆရာလုပ်တဲ့သူက ကိတ်မုန့်ပုဂံပြားကလေးတချပ်စာလှူလို့ နဲနဲပါးပါး အကူအညီရပါတယ်။

**တ်။** ။ဒီပြင်ကော ဘယ်က အကူအညီရသေးတုန်း။

**ည့်တော်။** ။ဦးရာဇိန္ဒ(မိဂဒါဝုန်ဆရာတော်လောင်း)ရဲ့ ရဟန်းအမကြီးကရေခဲမုန့်လာလှူလို့ အားလုံး ဝဝစားကြရပါတယ်၊ ဒါပေမဲ့ တပည့်တော်တော့ ရင်ပြေ့နေလို့ အဲဒီရေခဲမုန့်တောင် ကောင်းကောင်းမမျိုနိုင်ပါဘူး၊ စာမေးပွဲစိတ်ဟာ အလွန် ပြင်းထန်ပါတယ်ဘုရား၊ ဒါ့ကြောင့် မိမိဆရာဖြစ်တဲ့အခါ စာမေးပွဲကို ဖြေးဖြေးဝင်ကြလို့ ပြောရပါတယ်။

။ ။အဲဒီ မိဂဒါဝုန်ဆရာတော်လောင်းရဲ့ ရဟန်းအမအပြင် ဘယ်သူကမှ ဂရုမစိုက်ကြဘူးလား။

**တော်။** ။စားရေးသောက်ရေးအတွက်တော့ ဘယ်သူကမှ ဂရုမစိုက်ကြဘူး၊အငယ် အလတ်နေ့တွေကုန်လို့ အကြီးတန်းသံဃာများ ဆွမ်းကျွေးခါ တပည့်တော်ကတော့ အများနည်းတူ လိုက်ပြီးစားပါတယ်။

**မမှုဂုတ်**။ ။အဲဒီ အကြီးတန်းဖြေတဲ့သံဃာက ဘယ်လောက်များတုန်း, သာမဏေ ဘယ်နှစ်ပါး ပါသေးတုန်း။

**တပည့်တော်**။ ။အဲဒီအချိန်တုန်းက စာဖြေဌာနက မန္တလေးနှင့် ရန်ကုန် ၂ဌာန သာ ရှိပါသေးတယ်၊ အထက်နိုင်ငံ စာဖြေသံဃာအားလုံးက မန္တလေးမှာ ဖြေကြရပါတယ်၊ မန္တလေးမှာ ငယ်, လတ်, ကြီး, အားလုံးမှ ၉၊ ရာလောက် ရှိပါတယ်၊ အကြီးတန်းမှာ ၆၀ ထက် မများပါဘူး၊ သာမဏေက တပည့် တော်တပါးသာ ပါပါတယ်။

**မမှုဂုတ်**။ ။ကိုယ်တော်တပါးထဲ သာမဏေပါတယ်ဆိုတော့ ဆွမ်းကျွေးတဲ့အခါ ကိုယ်တော့်ကို သီးခြား ခွဲကျွေးရမှာပေါ့နော်။

**တပည့်တော်**။ ။မှန်ပါတယ်, တပည့်တော်ကို သီးခြားခွဲကျွေးတဲ့အပြင် ရှမ်းပွဲ ရပ်က မဟာမြတ်မုနိဘုရားလူကြီးလဲဖြစ်, သမာဓိမြို့ဝန်လဲဖြစ်တဲ့ ပွဲစားကြီး "ဦးဘ"ဆိုတဲ့ ဒကာကြီးက တပည့်တော်ကို သိပ်ကြည်ညိုဟန်တူပါတယ်၊ ဆွမ်းကျွေးတဲ့နေရာမှာ တခြား လူကြီးတွေကို "ကျွန်တော့် ကိုရှင်, ကျွန်တော့်ကိုရှင်"လို့ ပြောပြီး ကျွန်တော့် ကိုရင်က "အကျော်အောင် မှာ"လို့ ပြောပါတယ်၊ စာမေးပွဲပြီးယင် သူ့တိုက်ကြွပါလို့ ပင့်တာနဲ့ တခေါက် သွားခဲ့ဘူးပါသေးတယ်။

**မမှုဂုတ်**။ ။ဟိုတုန်းက နယုန်လမှာ စာမေးပွဲပြုလုပ်တာဖြစ်လို့ စာမေးပွဲပြီးယင် မကြာခင် ဝါဆိုရတယ်, အဲဒီဝါမှာ ဘယ်အရပ်ဆိုသလဲ။

**တပည့်တော်**။ ။မြောင်းမြဆရာတော်လောင်းဖြစ်တဲ့ဆရာက ပခုက္ကူ သွားစေ ချင်တယ်လို့ အမိန့်ရှိတာနဲ့ ရွှေဘိုဆရာတော်လောင်း ဦးကေသရနဲ့ အတူ ပခုက္ကူမြို့သွားပြီး ပဌမ မဟာဝိသုတာရာမတိုက်ကြီးမှာ ဝါဆိုရပါတယ်။

**မမှုဂုတ်**။ ။ကိုယ်တော်တို့ရောက်တဲ့အချိန်မှာ သံဃာဘယ်လောက်ရှိပြီလဲ။

**တပည့်တော်**။ ။ငါးရာကျော်လောက်ရှိပြီလို့ ထင်ပါတယ်, ယခုအချိန်လောက် နေစရာကျောင်းက မများသေးပါဘူး၊ ကျောင်းတိုင်းမှာ သံဃာပြည့်နေ လို့ တပည့်တော်တို့မှာ ဆူများ မနေချင်လောက်အောင် ပျက်စီးနေတဲ့ (ဝါးကြမ်းအခင်းတွေ ပျက်နေ၍ ကြမ်းပေါက်ကျဲကျဲမှာစိုးလို့ ဖြေးဖြေး နင်းသွားရသော, မတော့်တဆက်ျုကျယင် ခြေတဖက်က ကျောင်းပေါ်မှာ နေရစ်၍, ခြေတဖက်က မြေကြီးထောက်မိနေလောက်အောင် နိမ့်သော,

သံဃာ ၅ ပါး ၆ ပါးထက်လဲ ပို၍မနေလောက်သော)ဝါးကပ်မိုး ထရံကာ နေမြင် လမြင်ကျောင်းမှာ နေခွင့်ရကြပါတယ်၊ ကျောင်းနာမည်က "ဓမ္မ ရက္ခိတ"ပါတဲ့။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ကျောင်းအတွက် ကံမကောင်းဘူးနော်၊ ရွှေဘိုတုန်း ကလဲ ကျောင်းအိုကြီးနဲ့ကပ်နေတဲ့ ကျောင်းကလေးမှာ နေခဲ့ရတယ်။

**တပည့်တော်။** ။ကျောင်းကလေးက နေမြင် လမြင် ခင်မင်စရာမကောင်းရုံတွင် မကဘူး, ဘုရားတိုက်ကြီးပတ်လည်ကျောင်းတန်းတွေထဲမှာ အနောက်ဘက် ကလဲ (ယခုလိုလဲ ကုဋီကောင်းကောင်းက မရှိသေးတဲ့အတွက်) ကုဋီကလေး တွေ တော်တော်များများ တန်းပြီးထားရာမှာ တလုံးသောကုဋီကလေးနဲ့ အတော်နီးကပ်နေပါတယ်၊ တခါတရံ ဆွမ်းစားယင်းတောင် ဂန္ဓာရုံရနံ့က သင်းပြန့်လာပါတယ်။

**ဓမ္မဂုတ်။** ။ဟဲဟဲ....ကိုယ်တော်ရဲ့ဇွဲသတ္တိကို နေရာက စမ်းပြီထင်တယ်။

**တပည့်တော်။** ။ဇွဲသတ္တိကိုသာ နေရာကစမ်းတာ မဟုတ်ဘူး, အဲဒီ မလုံမခြုံ ကျောင်းကလေးမှာနေရတာမို့ ညတညမှာ သူခိုးခိုးခံရလို့ ဥူးကေသရဲ့ သံသေတ္တာနဲ့ တပည့်တော်ရဲ့ မိုင်းလုံကော်ဇောကြီးနဲ့ ရှိစုမဲ့စုပစ္စည်းတွေ ကုန်ပါရောလား။

**ဓမ္မဂုတ်။** ။အဲဒီအခါ ဘယ်သူကများ ထောက်ပံ့ကြသေးတုန်း။

**တပည့်တော်။** ။ဘယ်သူကမှမထောက်ပံ့ပါဘူး၊မြောင်းမြဆရာတော်လောင်းလဲ ဆွမ်းတော်ထားလို့ ဝမ်းတော်မှ မနိုင့်တနိုင်ဖြစ်နေတဲ့အခါဖြစ်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ ဆရာတပည့်တွေဟာ ကံတူအကျိုးပေးထင်တယ်၊ အဲဒီ ဓမ္မရက္ခိတကျောင်းအိုကလေးမှာ အုပ်ချုပ်တဲ့ဘုန်းကြီး ရှိသေးလား။

**တပည့်တော်။** ။ထိုကျောင်း အုပ်ချုပ်တဲ့ဘုန်းကြီးကို "ပွဲခေါင်း"လို့ ခေါ်ကြ ပါတယ်၊ (ဆွမ်းစားတဲ့ပွဲမှာ ခေါင်းဆောင် ဟု ဆိုလိုဟန်တူပါတယ်၊ နောက်တော့ ကျောင်းဘုန်းကြီးလို့ပြင်ခေါ်ပါတယ်၊) ကျောင်းဘုန်းကြီး ဆိုတာ ထိုကျောင်းမှာ အယင်ရောက်၍ ဝါအားဖြင့် ကြီးသောပုဂ္ဂိုလ်သာ ဖြစ်ပါတယ်၊ ထိုပုဂ္ဂိုလ်က ဥူးသောဘိတပါတဲ့၊ အင်မတန် ရိုးရှာပါတယ်၊ တပည့်တော်က စာတော်တဲ့ကိုရင်ဆိုတာ သိတဲ့အခါကစပြီး ကျောင်းရှိ ပုဂ္ဂိုလ်များနှင့် အနီးအပါးကျောင်းများက အရေးပါကြပါတယ်။

**ဓမ္မဂုတ်**။ ။ဆွမ်းကော ဘယ်လိုရသလဲ။

**တပည့်တော်**။ ။ရောက်ခါစသုံးရက်မှာ အာဂန္တုကဆိုပြီး နံနက်ရော, နေ့ရော, ဆရာတော်များက ကျွေးပါတယ်၊ အာဂန္တုကများတဲ့ ဝါဆိုခါနီးမှာ ဆွမ်းကျွေးကလေးတမျှ အတော်များများ ကျွေးရပါတယ်၊ အဲဒီရက်အတွင်းမှာ မိမိဆွမ်းခံဘို့လမ်းကို နီးစပ်ရာ အယင်ရောက်နေသော စာသင်သားများနဲ့ စီစဉ်ရပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်လို စီစဉ်ပုံလဲ။

**တပည့်တော်**။ ။သံဃာက မြို့နဲ့မလိုက်အောင် များနေလို့ ရိုးရိုးရပ်ပြီး ဆွမ်းခံတဲ့ကိုယ်တော်ဟာ ပြည့်စုံအောင် ဆွမ်းရဘို့မလွယ်ပါ၊ ဒါ့ကြောင့် ညနေပိုင်းလောက်မှာ သံဃာအသွားနဲ့တဲ့ ရပ်ကွက်ကို ဆွမ်းဖိတ်သွားရပါတယ်၊ [ ဆွမ်းဟင်းဖြစ်စေ, ဆွမ်းဖြစ်စေ လောင်းဘို့ရန် ပြောခြင်းကို "ဆွမ်းဖိတ်" လို့ ခေါ်ပါတယ်။ ] အိမ်တအိမ်ကို သံဃာနဲ့တယ်ထင်လျှင် အိမ်ပေါက်က ရပ်ရပါတယ်, အိမ်ရှင်က " ဘာအလိုရှိပါတုန်း " လို့ မေးတဲ့အခါ ဆွမ်းဟင်းနဲ့ဆွမ်း အလိုရှိလို့ဟု ပြောရပါတယ်၊ တာဝန်ခံထားတဲ့သံဃာက များနေလို့ မတတ်နိုင်သေးပါဟု လျှောက်ယင် အခြားတအိမ်သို့ သွားရပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆွမ်း, ဆွမ်းဟင်းဖိတ်တဲ့နည်းကို ဝိနည်းတော်က ခွင့်ပြုရဲ့လား။

**တပည့်တော်**။ ။သက်နီးရှိပြီး ဆွမ်းခံသလိုရပ်တဲ့နည်းကို (ဆွမ်းခံတာလိုဘဲ) ဝိနည်းတော်က ခွင့်ပြုပါတယ်, သို့သော် "မတတ်နိုင်ပါ" ဟု လျှောက်ထားသောအခါ ဆက်ပြီးလက်မခံချင်-ခံချင်အောင်ပြောတဲ့နည်းကိုတော့ ဝိနည်းတော်က ခွင့်မပြုပါ၊ ထိုသို့ ပြောသည့်အတွက် အားနာပါးနာနှင့် လက်ခံပြီးလောင်းတဲ့ဆွမ်း, ဆွမ်းဟင်းကို ထိုပုဂ္ဂိုလ်မှာလဲ မအပ်, အခြားပုဂ္ဂိုလ်များမှာလည်း မအပ်ပါ၊ (သေခိယမှာလာတဲ့ "သူပေါဒနဝိညတ္တိ" အပြစ်ရှိ၍ စားသူတိုင်း ဒုက္ကဋ်အာပတ်သင့်ပါတယ် )။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်အတွက်တော့ ဖိတ်ရသေးလား။

**တပည့်တော်**။ ။မဖိတ်ရတဲ့ကိုယ်တော်ဆိုတာ နဲနဲပါးပါးသာ ရှိပါလိမ့်မယ်၊ မိမိဆိုင်ရာမိဘ ရဟန်းဒကာ, ရဟန်းအမ စသူတို့က ကြောင့်ကြစိုက်ပေးတဲ့ ပုဂ္ဂိုလ်များတော့ မဖိတ်ဘဲ ပြည့်စုံကြပါတယ်။

**ဓမ္မဂုတ်**။ ။"ကြောင့်ကြစိုက်" ဆိုတာ ဘယ်လိုလဲ။

**တပည့်တော်**။ ။ပခုက္ကူမြို့မှာ မိတ်ဆွေရှိတဲ့သူများက "သူ့ဉူးပဉ္စင်းအတွက် ကြောင့်ကြစိုက်လိုက်ပါ" လို့ မှာကြားလိုက်ယင်, ထို အသိများက ဆွမ်းပြည့်စုံအောင် ဂရုစိုက်တတ်ပါတယ်၊ ဒါမှမဟုတ်ယင် ဆွမ်းဆိုင်က လာပေးပြီး "ဆွမ်းလောင်းပါ" ဟု ပြောထားယင်လဲ ဆွမ်းဆိုင်က လခ ရနေသမျှ ကြောင့်ကြစိုက်ပါတယ်၊ တပည့်တော်မှာတော့ အဲဒီ၂မျိုးလုံး မရှိတာကြောင့် "ဘုန်းကြီးပဏ်" ဆိုတဲ့ ကိုယ်တော်ကြီးတပါးက 'ဆွမ်း ဖိတ်ဘို့ ခေါ်သွားလို့ လိုက်ရပါတယ်။

**ဓမ္မဂုတ်**။ ။ဆွမ်းဖိတ်သွားတော့ "လောင်းပါ့မယ်" လို့ တာဝန်ခံတဲ့အိမ်က ဘယ်နှစ်အိမ်ရသလဲ။

**တပည့်တော်**။ ။ရဘို့ဝေးပါရဲ့, တပည့်တော်ကို သံဃာနဲ့မယ်လို့ ထင်ရတဲ့ ခံတောအရပ်ကို ခေါ်သွားပါတယ်၊ ပဌမဆုံး အိမ်ကြီးတအိမ်ကိုဝင်ပြီး ရပ်ပါတယ်, မိဘများအပြင် အရွယ်တူ အမျိုးသမီးတယောက် ဆန်ဆေး နေဟန်တူပါတယ်၊ ဘာအလိုရှိပါတုန်း – ဟု ထုံးစံအတိုင်း မေးတဲ့အခါ "ဟောဒီ ကိုရင်ဟာ စာသင်ချင်လွန်းလို့ မိဝေး ဘဝေး လာရှာတယ်" စသော သနားစဘွယ်စကားမျိုးကို နိဒါန်းပျိုးနေတုန်း ထိုဘုန်းကြီး နောက်က တပည့်တော်မှာ ရှက်လွန်းလို့ စကားဆုံးအောင် နားမထောင် နိုင်ဘဲ တိတ်တိတ်ကလေး ပြန်ပြေးခဲ့ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ဟာ ဘုန်းကြီးပဏ်မှ အားမနာဘူး, ဘုန်းကြီးပဏ်က ပြန်လာတော့ မဆူဘူးလား။

**တပည့်တော်**။ ။မဆူရှာပါဘူး, အလွန် သဘောကောင်းတဲ့ ဘုန်းကြီးပါ, ကျောင်းတိုက်မှာ ကိုယ်တော်အများသုံးတဲ့ ကနုတံတွေကို သူနဲ့အပေါ် များက တာဝန်ယူပြီး ဆေးပေးလေ့ရှိပါတယ်, သူတော်ကောင်းစိတ်လဲ ရှိပါတယ်, နေမကောင်းလို့ ခေါင်းကိုက်တယ်ဆိုယင် ဘယ်သူ့ကိုမဆို နှိပ်ပေးပါတယ်, ပျောက်ပါပြီလို့ မဆိုမချင်း အတင်းနှိပ်တော့တာဘဲ, သူ့လက်သည်းတွေကရှည်တော့ နာတာနဲ့ "ပျောက်ပါပြီ"လို့ ဆိုကြ ရပါတယ်၊ သူက တိုက်မှာအခနကြာတော့ စာလဲ နဲနဲပါးပါး ပို့ချပါ တယ်။

**ခမ္မဂုတ်။** ။နောက်တော့ ကိုယ်တော့်ကို ဆွမ်းဖိတ်ပေးမဲ့သူ ရှိသေးရဲ့လား။

**တပည့်တော်။** ။အဲဒီ ဘုန်းကြီးပဏ်ကလဲ ဖိတ်ပေးပါသေးတယ်, ဦးဝါသဝ ဆိုတဲ့ ဘုန်းကြီးတပါးကလဲ ဖိတ်ပေးပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်ကလဲ လိုက်တာဘဲလား။

**တပည့်တော်။** ။မလိုက်လို့ ဘယ်ဖြစ်မလဲ, အဲဒီကျောင်းမှာ ကိုရင်တပါး တည်းမို့ တပါးတည်း ဆွမ်းစားရပါတယ်, ဟင်းမရယင် အနားက ဥပုသ်စောင့်များက ပေးရမှာပေါ့, သူတို့မှာလဲ များများမရတော့ အားနာစရာကြီး။

**ခမ္မဂုတ်။** ။လိုက်သွားတော့ ရရောလား။

**တပည့်တော်။** ။ရသင့်သလောက်ရပါတယ်, ဒါပေမဲ့ တပည့်တော်က စကား ရှည်ရှည်မပြောရဘဲ ဆွမ်းဟင်း အလိုရှိကြောင်းပြောရုံနဲ့ "ကြွခဲ့တာပေါ့" လို့ လက်ခံတဲ့အိမ်ကို မှတ်ထားပြီး, အဲဒီအိမ်မျိုးကိုသာ သွားပါတယ်၊ မလောင်းချင် လောင်းချင်အောင်ပြောမှ လက်ခံတဲ့အိမ်ကိုတော့ မသွား ပါဘူး။

**ခမ္မဂုတ်။** ။ကိုယ်တော်က "မရှိ- စိတ်ကြီးဝင်ကြီး" ပေါ့နော်။

**တပည့်တော်။** ။ စိတ်ကြီးဝင်တာ မဟုတ်ပါဘူးဘုရား၊ ဝိနည်းတော်ကိုက ထပ်ပြောမှရတဲ့ ဆွမ်း, ဆွမ်းဟင်းကို ခွင့်မပြုလို့ပါ၊ တရားသဖြင့်ရတဲ့ ဆွမ်းတောင်မှ တပည့်တော်က တချို့အိမ်ကို မသွားပါဘူး။

**ခမ္မဂုတ်။** ။ဘယ်လိုအိမ်ကို မသွားဘဲနေတုန်း။

**တပည့်တော်။** ။ဖိတ်ပြီး နောက်တရက်မှာ တရားသဖြင့်ရတဲ့ အိမ်တအိမ်ကို ဝင်ပါတယ်,ဝင်တဲ့အခါ မနေ့ကတွေ့တဲ့ဒကာကို မတွေ့လို့ "ဘယ်သွားလဲ" လို့ မေးတော့ "လှည်းတိုက်သွားပါတယ်လို့ " လျှောက်ပါတယ်, တပည့်တော်စိတ်ထဲမှာ သနားပြီး အတော် စိတ်မချမ်းမသာဖြစ်ပါတယ်၊ ဒကာမကလဲ ကျန်းမာလှပုံ မရပါဘူး, အနီးအပါးမှာ ခွေးအပိန်ကိုလဲ မြင်ရပါတယ်, အိမ့်အပြင်မှာခင်းထားတဲ့ အသားကြမ်းတွေကလဲ ကျိုးတိုး ကျဲတဲနဲ့ အတော်ဟောင်းနေပါပြီ၊ အိမ်ကလဲ အိမ်ငယ်လေးဖြစ်ပါတယ်၊ လောင်းတဲ့ဟင်းကတော့ မနေ့ညကသီးခြားခွဲထားဟန်တူတဲ့ ငါးမြင်းသား

ဟင်းလို့ ထင်ပါတယ်, အသား အခေါက်ကလေးပါပါတယ်၊ ပြန်လာပြီး လမ်းမှာ စဉ်းစားပါတယ်, ငါဟာ အရှင်မဟာကဿပလို တန်ခိုးကြီး ယင်တော့ ဒိဋ္ဌဓမ္မအကျိုးရအောင် သမာပတ်ဝင်စားပြီးမှ နက်ဖန် ဒီအိမ် ကလေးသို့ ဆွမ်းခံဝင်မှာဘဲ, ယခုငါ့မှာ ဘာတန်ခိုးမှ မရှိ, သူတို့မှာလဲ ပစ္စည်းမပေါ်ရှာပါဘူး, သဒ္ဓါလဲ အလွန်ကောင်းတယ်, ငါ့မှာ ယခုရှိတဲ့ သီလ သမာဓိလောက်နဲ့တော့ ဒီအိမ်က ဆွမ်းဟင်းကို မခံထိုက်သေးဘူး၊ အဲဒီလိုစဉ်းစားပြီး နက်ဖန်တော့ အဲဒီအိမ်ကို မဝင်တော့ပါဘူး။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုယင်တော့ ကိုယ်တော်ဟာ ဆွမ်းဆင်းရဲဘို့ သေချာတာ ပေါ့နော်။

**တပည့်တော်**။ ။ဆင်းရဲဘို့ မပြောနဲ့တော့, တသက်လုံး အစားအတွက် မဆင်းရဲခဲ့ပေမဲ့ ပခုက္ကူမှာ တသံသရာလုံးက ဝဋ်ကြွေးတွေ အခွင့်သာဟန်တူပါတယ်၊ ဆက်ပြီး မနေရဲလောက်အောင် ကြောက်နေပါတယ်။

**ဓမ္မဂုတ်**။ ။ဆွမ်းဆင်းရဲတာတော့ ဟုတ်ပါပြီ၊ စာသင်ရ, စာလိုက်ရတာတော့ ဘယ်လိုလဲ။

**တပည့်တော်**။ ။စာလိုက်ရတာကတော့ အားရစရာကြီးပါဘဲ, တပည့်တော်တို့ ရောက်စက အရှေ့တိုက်လဲ မခွဲသေးတော့ ဆရာတော် ၄ ပါး စည်းစည်း လုံးလုံးနဲ့ အုပ်ချုပ်ပြီး, တနေ့ အနဲဆုံး စာသုံးဝါစီ ပို့ချကြပါတယ်၊ ရန်ကုန်မြို့ ဘုရားကြီးတိုက်မှာ တိုက်ခွဲမည့်ဆရာတော် ဦးကေဒွါညနဲ့ စာချဘုန်းတော်ကြီးများလဲ စည်းစည်းလုံးလုံး ညီညီညွှတ်ညွှတ်နဲ့ ၅ ပါး လောက် အမြဲရှိပါတယ်၊ ဒီတော့ ဝိနည်း, သုတ္တန်, အဘိဓမ္မာ, ဘက်စုံ စာဝါတွေကို လိုက်လိုရာ လိုက်နိုင်ပါတယ်၊ တပည့်တော်လဲ တိုက်ထဲမှာ မည်သည့်စာဝါများ ရှိတဲ့အကြောင်းကို မြောင်းမြ ဆရာတော်လောင်း ဖြစ်တဲ့ ဆရာရှိရာသို့ စာဖြင့် လျှောက်ရပါတယ်၊ ဆရာကလဲ မည်သည့် စာဝါကို လိုက်ရမယ်လို့ အမြဲ အမိန့်ပေးပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော့်အတွက် အထက်ဘန်း ပါဠိတော် အဋ္ဌ ကထာများကိုပေါက်ဘို့ သေချာတာပေါ့နော်, ဆရာတော်များနဲ့ စာချ ဆရာတော်များအတွက် ဆွမ်းတော့ ဘယ်လို ဘုဉ်းပေးကြတုန်း။

**တပည့်တော်**။ ။ စာချဆရာတော်အားလုံးပင် ဆရာတော်ကြီးများနဲ့အတူ ဆွမ်းစားကျောင်း တကျောင်းထဲမှာ ဘုဉ်းပေးကြပါတယ်၊ နံနက် ၇နာရီ

လောက် ဘုဉ်းပေးဘို့ ကျောင်းကကိုရင်များ ချက်ကြပါတယ်, မြို့ထဲကလဲ ပို့ပါတယ်၊ နေ့ဆွမ်းအတွက် မြို့ထဲလဲခံ, ကျောင်းကလဲ ဆွမ်းနဲ့ ဟင်း ချက်ပါတယ်, အားလုံး ပြည့်စုံကြပါတယ်၊ ဆွမ်းအတွက်က ပြည့်စုံနေတာ ဖြစ်လို့ ဆရာတော်ကြီးများနဲ့ စာချဘုန်းကြီးများလဲ စာချဘို့ တင်ကြို မြီးလဲ ကြည့်နိုင်, အချိန်တန်ယင် မှန်မှန်လဲ ပို့ချနိုင်ကြပါတယ်။

**ဓမ္မဂုတ်။** ။စာပို့ချတော့ ကိုယ့်သဘောနဲ့ကိုယ် အချိန်ထားပြီး ပို့ချကြ သလား။

**တပည့်တော်။** ။မဟုတ်ပါဘူး, စာဝါတိုင်းမှာ အချိန်တူ ပို့ချဘို့ရန် တုံး ခေါက်ပါတယ်၊ နေ့ဆွမ်းမစားမီ ၉ နာရီလောက် တုံးခေါက်ပါတယ်၊ နေ့ဆွမ်းစားပြီး ညနေ ၄ နာရီအထိ ၃ ကြိမ် တုံးခေါက်ပါတယ်၊ စာဝါ အချိန်ကုန်တဲ့အခါ ဆရာတော်ကြီးတချို့က တိုက်ကြီးပတ်လည် ကျောင်း တွေကို ကြည့်ရှုယင်း လမ်းလျှောက်ကြပါတယ်, နံနဲမှောင်တဲ့အခါ ဘုရား ဝတ်တက်တုံးခေါက်ပြီး ဝတ်တက်ကြပါတယ်၊ ဝတ်တက်ပြီးသောအခါ ဆရာတော်ကြီးများက အလည်ကျောင်းကြီးရဲ့အောက်ထပ် အရှေ့နားမှာ စုဝေးပြီး တိုက်တာအရေး စာဝါအရေးကို ဆွေးနွေးယင်း ဝတ်ပြုဖို့ လာတဲ့ ကိုယ်တော်တချို့ရဲ့ ဝတ်ပြုမှု (နင်း, နှိပ်, ချီးပေးမှု)ကို ခံကြ ပါတယ်။

**ဓမ္မဂုတ်။** ။ဒီလို သာသနာတော်ရဲ့ ပရိယတ်လုပ်ငန်းကို ကြိုးပမ်းတော်မူ ကြယင် ဘယ်မှာ ပရိယတ်သာသနာ ဆုတ်နိုင်စရာရှိတော့မှာလဲနော်။

**တပည့်တော်။** ။မှန်ပါတယ်, တပည့်တော်ရောက်တဲ့အချိန်တုန်းက ဆရာတော် ကြီးများရဲ့ သက်တော်မှာ ၄၀ ပတ်ဝန်းကျင်သာ ရှိကြသေးတော့ သဒ္ဓါ အား, ဉာဏ်အား, ဝီရိယအားတွေ အစွမ်းကုန်ထက်တုန်းအချိန် ဖြစ်ပါ တယ်၊ ဒါ့ကြောင့် ကြိုးစားတော်မူကြ, ကြိုးစားသည့်အတွက် ၃ နှစ်လောက် ကြာယင် ဝါဆိုသံဃာ ခြောက်ရာကျော်လောက်ဖြစ်ပါတယ်၊ ဘာ့ကြောင့် မှတ်မိသလဲဆိုတော့ " ကထိန်အောင်စာ " ရေးတဲ့အခါမှာ " အောက် အညာမှ ရောက်လာကြတဲ့ ခြောက်ရာမျှ တပည့်များကို, ပိပြားအောင် ဆုံးမ၍ "ဟု တပည့်တော်ကိုယ်တိုင် ထည့်သွင်းပြီး ရေးခဲ့လို့ပါ။

**ဓမ္မဂုတ်။** ။ဩော်...ကိုယ်တော့်ကို ဆရာတော်ကြီးများက ရောက်ရောက်ချင်း ချီးမြှောက်လို့ ကိုယ်တော်က အရေးပါ အရာရောက်နေပြီလား။

**တပည့်တော်။** ။ရောက်ခါစတုန်းက ဘယ်ချီးမြှောက်မှာတုန်း, တပည့်တော်ရဲ့ အကြောင်းကို ဆရာတော်များက ထူးထူးခြားခြား ဘာမှ မသိသေးပါဘူး, သံဃာငါးရာလောက်ထဲမှာ တပည့်တော့်ကို အထူးသိဘို့လဲ မလွယ်ပါဘူး၊ ဒါပေမဲ့ ဆရာတော်များနဲ့ရင်းနှီးပြီး ဆွမ်းစားကျောင်းမှာနေတဲ့ ဦးဂန္ဓမာကတော့ တပည့်တော်ရဲ့အကြောင်းကို နဲနဲပါးပါး သိပါတယ်၊ တပည့်တော်တို့ကို အာမခံဘို့ရန် ဦးနန္ဒမာလာဆိုတဲ့ ဘုန်းတော်ကြီးက ဦးဂန္ဓမာထံစာရေးလို့ ဦးဂန္ဓမာက တပည့်တော်တို့အတွက် နေခွင့်ရဘို့ အာမခံပါတယ်။

**ခမ္မဂုတ်။** ။ဒီလိုဆိုတော့ ကိုယ်တော့်အတွက် မန္တလေးဝိသုဒ္ဓါရုံတိုက်တုန်းကလို ပခုက္ကူတိုက်ကြီးမှာ ထင်ရှားဘို့ အခက်သွားပါကလား။

**တပည့်တော်။** ။ထင်ရှားဘို့ ခက်ပါတယ်၊ ဒါပေမဲ့ ဆရာတော်များ အသိအမှတ်ပြုဘို့ အကြောင်းအမျိုးမျိုး တိုက်ဆိုင်လာတာကတော့ တပည့်တော်ရဲ့ ရှေးကံလို့ ဆိုရမှာပါဘဲ၊ တပည့်တော်တို့ရောက်တဲ့ဝါမှာ တနိုင်ငံလုံး တုပ်ကွေး အကြီးအကျယ်ဖြစ်ပါတယ်, တပည့်တော်တို့ တကျောင်းလုံးလဲ တုပ်ကွေးဖြစ်ပါတယ်, တတိုက်လုံးလဲ အများအားဖြင့် ဖြစ်ပါတယ်, စောစောပိုင်းက ဆရာတော်များကိုယ်တိုင် ကျောင်းတိုင်းလိုက်ပြီး ဆေးတိုက်ကြ, အားပေးကြပါတယ်၊ နောက်တော့ ဆရာတော်များလဲ ကွေးကြပါတယ်, နဲနဲပါးပါးလဲ ပျက်စီးပါတယ်၊ ဦးကေသရနဲ့အတူ တပည့်တော်ဘို့လဲ စစ်ကိုင်း ပြန်ပြေးခဲ့ကြရပါတယ်။

**ခမ္မဂုတ်။** ။ဒီလိုပြန်ပြေးခဲ့တော့ ဆရာတော်များက ကိုယ်တော့်ကို ဘယ့်နှယ်လုပ်ပြီး သိနိုင်မှာတုန်း။

**တပည့်တော်။** ။အဲဒီလို တနိုင်ငံလုံးတုပ်ကွေးဖြစ်ပြီး တချို့လဲသေကြတော့, အဲဒီဝါမှာ စစ်ကိုင်းချောင်မှာ သီတင်းသုံးနေတဲ့ မြောင်းမြဆရာတော်လောင်းဆရာက စာပေးတာလဲ စာမပြန်ကြလို့ ပခုက္ကူဆရာတော် ဦးပညာထံ သံကြိုးရိုက် မေးပါတယ်၊ ဇနကနဲ့ ကေသရတို့ သေကြပလား, သံကြိုး ပြန်ပါတဲ့။

**ခမ္မဂုတ်။** ။ကိုယ်တော်တို့ ဆရာကလဲ စိုးရိမ်အားကြီးမှာပေါ့နော်, ဒီတော့ ဘယ်လို သံကြိုးပြန်လိုက်သတဲ့လဲ။

**တပည့်တော်။** ။အဲဒီ သံကြိုးစာအရ စိစစ်မ်းတဲ့အခါမှာ ဦးဂန္ဓမာက ပြန်သွားပြီလို့ လျှောက်သဖြင့် ပြန်သွားကြကြောင်း သံကြိုးပြန်လိုက်ပါသတဲ့၊ အဲဒီ သံကြိုးစာအရ "**ဇနက**" ဆိုတဲ့ ဘွဲ့နာမည်ကို ဆရာတော်များ နှုတ်တက် ရသွားတဲ့ အကျိုးဟာ မနဲဘူးဘုရား။

**ခမ္မဂုတ်။** ။ဘယ်လို အကျိုးဆက်လာသလဲ။


**တပည့်တော်။** ။သီတင်းကျွတ်ခါနီးမှာ အစိုးရစာမေးပွဲ ဂေဇက် ထွက်လာပါတယ်, ဆရာတော်များလဲ သတင်းစာကို အဖတ်ခိုင်းပြီး နားထောင်လေ့ရှိပါတယ်, သတင်းစာထဲမှာ ဂေဇက်ပါလို့ ဖတ်တော့ ပဌမကြီးတန်းမှာ "ပလိပ်မြို့ ရွှေကျောင်းကျောင်း ရှင်ဇနက" ဆိုတဲ့နာမည်ကိုကြားတော့, တနေ့တုန်းက "ဇနကလား" လို့ မေးကြပါသတဲ့၊ ဦးဂန္ဓမာကလဲ ဟုတ်ပါလိမ့်မယ်၊ အဲဒီကိုရင်ဟာ စာလဲတော်, ရွှေကျင်လဲ ရွှေကျင်ပါလို့ လျှောက်သတဲ့၊ အဲဒီခေတ်က ကိုရင်အဖြစ်နဲ့ ပဌမကြီးအောင်တာ မန္တလေးက တပည့်တော်တပါးနဲ့ ရန်ကုန်က ရှင်ဉာဏဝံသ တပါးသာ ပါပါတယ်၊ ဒါ့ကြောင့် ပခုက္ကူတိုက်ကြီးက စာမေးပွဲကို ပမာနမထားသော်လဲ ကိုရင်အဖြစ်နဲ့ အောင်တာကိုတော့ သတိထားတော်မူကြဟန် တူပါတယ်။

**ခမ္မဂုတ်။** ။နောက်တော့ ဘယ်လိုဆက်သွယ်သေးတုန်း။

**တပည့်တော်။** ။သီတင်းကျွတ်ပြီး မကြာခင် ဦးကေသရ မပါဘဲ တပည့်တော် တပါးထဲ ပခုက္ကူပြန်သွားပါတယ်၊ ပခုက္ကူရောက်တော့ "ဇနက" ဆိုတာ မင်းလားလို့ အရှေ့တိုက်သစ်တည်မည့် ဆရာတော်က မေးလို့ ဟုတ်ပါကြောင်း လျှောက်တဲ့အခါ, စာမေးပွဲ ဝင်သလားလို့ မေးပြန်ပါတယ်, ဝင်ထားကြောင်း လျှောက်တော့ တနေ့က ဂေဇက်ထဲမှာ "မင်းကိုး" လို့ အမိန့်ရှိပါတယ်။

**ခမ္မဂုတ်။** ။သူမျှားဆိုတာကို လိုက်ပြီးနားထောင်ရတဲ့ စာလိုက်ပုဂ္ဂိုလ်ထက် ဆရာ့အထံမှာ ကိုယ်တိုင်ဆိုရတဲ့ စာဆိုပုဂ္ဂိုလ်က ပို၍ ကျေးဇူးရှိတာဟာ စာသင်သားလောကမှာ ထုံးစံလိုဖြစ်နေပါတယ်၊ ကိုယ်တော်က စာလိုက်လား, စာဆိုလား။

**တပည့်တော်။** ။တပည့်တော်က စောစောပိုင်းမှာ စာလိုက်ထဲကပါဘဲ, အတော်ကြာလို့ စာမေးပွဲ အကြီးအောင်ထားတဲ့ကိုရင်မှန်း သိတဲ့အခါ ယခုရှိတဲ့



ဆရာတော် အရှင်ဇနကာဘိဝံသ၏
သက်တော် (၁၈) နှစ် သာမဏေဘဝ ပုံတော်

မဟာရဋ္ဌဂုရုဆရာတော်လောင်း စာချဘုန်းတော်ကြီးက သုတ်ပါထေယျ ပါဠိတော်နှင့် အဋ္ဌကထာစာဆိုနေကျကိုယ်တော်က အသံဝင်နေလို့ စာချ ဘုန်းကြီးရဲ့အနီးမှာ စာလိုက်နေတဲ့ တပည့်တော်ကို " ကိုရင်ဆိုစမ်း " ဟု ရုတ်တရက်ခိုင်းပါတယ်။

**ဓမ္မဂုတ်**။ ။စာလိုက်က ဘယ်လောက်ရှိတုန်း, ကိုယ်တော်က ကျေနပ်အောင် ဆိုနိုင်ရဲ့လား။

**တပည့်တော်**။ ။စာလိုက်က ၂ ရာနီးနီး ရှိမယ်ထင်ပါတယ်၊ တပည့်တော်က စောဝေတင်ကြိုပြီး ကြည့်လေ့ရှိတာလဲ တကြောင်း , အဲဒီ အဋ္ဌကထာကို ပလိပ်မှာတုန်းက ကိုယ်တိုင် ကုန်အောင်ဆိုပြီးဖြစ်တာလဲတကြောင်း, အဲဒီ အကြောင်းကြောင့် ကောင်းကောင်း ဆိုနိုင်ပါတယ်၊ နောက်တရက် ကျတော့ အနားကူ စာလိုက်ဦးပဥ္စင်းကြီးက ကျောကို လက်နဲ့သပ်ပြီး "ကိုရင်....ဘာမှ မကြောက်နဲ့, ရဲရဲသာဆို" လို့ အားပေးပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က သံဃာ ၂ ရာနီးနီး ပရိသတ်ကို ကြောက်လို့လား။

**တပည့်တော်**။ ။ဘာကြောက်လိမ့်မှာလဲ, အဲဒီ ၂ ရာနီးနီးဟာ ဦးပဥ္စင်းတွေသာ များပါတယ်၊ အဲဒီအထဲမှာ ကိုယ့်ထက်သာတာ တပါးမှမရှိနိုင်ဘူးလို့ ယူဆ ထားပြီးပါ။

**ဓမ္မဂုတ်**။ ။ဘယ်လောက်ကြာကြာ ဆိုရတုန်း။

**တပည့်တော်**။ ။သုံးရက်လောက်ပါ, နောက်တော့ နင်္ဂရံဆိုမြဲ ဦးပဥ္စင်းက အသံထွက်လာတာနဲ့ သူဘဲ ဆက်ဆိုပါတယ်၊ သို့သော် အဲဒီ မဟာရဋ္ဌဂုရု ဆရာဘော်လောင်းက သမ္မောဟဝိနောဒနီနဲ့, မူလဋီကာချတဲ့အခါ မူလ ဋီကာ အဆိုခိုင်းလို့ ကိုယ်တိုင်ဆိုရပါတယ်၊ အဲဒီအခါမှာ တပည့်တော်က ရဟန်းဖြစ်ပါပြီ။

**ဓမ္မဂုတ်**။ ။ အဲ....ကိုယ်တော် ရဟန်းဖြစ်ပုံ အစီအစဉ်ကို သိလိုပါတယ်, ပြောပါအုံး။

**တပည့်တော်**။ ။တပည့်တော်ရဲ့ကိစ္စဟာ ဘယ်ဟာမဆို လွယ်လွယ်ကူကူ မဖြစ် တတ်ပါဘူး၊ တပည့်တော် ပဌမကြီးအောင်တော့ ဆရာက စစ်ကိုင်းချောင် မှာ သီတင်းသုံးပါတယ်၊ ထိုအချိန်က ပဌမကြီးအောင်တဲ့ ကိုရင်ဆိုတာ အလွန် အရေးပါခံရပါတယ်၊ ဒါကြောင့် စစ်ကိုင်းချောင်ကဆွေမျိုးတစုက

သူတို့တမျိုးလုံး စုပေါင်းပြီး ရဟန်းဒကာခံလိုတယ်လို့ ဆရာကို လျှောက်တော့ ဆရာလဲ ကျေနပ်ပြီး တပည့်တော်နဲ့ စစ်ကိုင်းမှာတွေ့တဲ့ ကပ္ပိယကျောင်းသားတယောက်နဲ့ ကြွလာပါတယ်၊ တပည့်တော်လဲ ပခုက္ကူက ပြန်လာပါတယ်၊ စစ်ကိုင်းချောင် အရွှေမှန်ကျောင်းမှာ ဆရာနဲ့တွေ့တဲ့အခါ ပခုက္ကူမှာ ဆွမ်းဆင်းရဲလွန်းလို့ နေချင်စိတ် မရှိတဲ့အကြောင်းကို လျှောက်ပါတယ်၊ အမှန်လဲ မနေချင်ပါဘူး၊ မဟာဂန္ဓာရုံဆရာတော်လို စာကြည့်ပြီး ဘာဝနာနဲ့နေတို့သာ စိတ်ဖြစ်နေပါတယ်၊ အဆက်စာတွေကိုလဲ အတော်ကြည့်တတ်ပြီလို့ ယူဆပါတယ်။

**မမွှေဂုတ်**။ ။ကိုယ်တော့်ဆရာက ဘာ အမိန့်ရှိတုန်း။

**တပည့်တော်**။ ။ဆရာက ဘာမှ အမိန့်မရှိသေးပါဘူး၊ ရဟန်းခံကိစ္စကိုသာ စဉ်းစားဟန်တူပါတယ်၊ ဒါ့ကြောင့် အောက်ပြည် "စစ်ချောင်း" ကို လိုက်ခဲ့ဘို့အမိန့်ရှိပါတယ်၊ အောက်ပြည်မသွားခင် မိဘများထံ ခွင့်ပန်ဘို့ ကိစ္စလဲရှိပါတယ်၊ မိဘများထံ ခွင့်မပန်ခင် ပလိပ်ကိုလဲ နှုတ်ဆက်ယင်းနဲ့ အကျိုးအကြောင်း ပြောဘို့ဆိုပြီး ဆရာက ကြွသွားပါတယ်၊ အကျိုးအကြောင်းကို ပြောပြတဲ့အခါမှာ "မပု" ဆိုတဲ့ ဒကာမက "ကိုရင့်ကို သူတို့က ရဟန်းခံမယ်လို့ ရည်စူးထားပါတယ်၊ အောက်ပြည်ကိုတော့ မပေးနိုင်ပါဘူး" လို့ လျှောက်တော့ ဆရာက စကားပရိယာယ် မကြွယ်တာလဲ တကြောင်း၊ နဂိုရ်ကရင်းနှီးနေတာလဲ တကြောင်းကြောင့် ဘာမှ မငြင်းတော့ဘဲ "ဒကာမပုက ရဟန်းအမ လုပ်လိမ့်မယ်" ဆိုတဲ့ သတင်းကိုသာယူပြီး မှန်ကျောင်း ပြန်လာခဲ့ပါတယ်။

**မမွှေဂုတ်**။ ။ရှေးတုန်းက ရဟန်းအမလုပ်ဘို့ လျှောက်ဘူးသလား။

**တပည့်တော်**။ ။လျှောက်ဘူးတယ်လို့ မမှတ်မိကြပါဘူး၊ လျှောက်ဘူးယင်လဲ ဆရာက ဘယ်မှာ အောက်ပြည်က ဒကာ–ဒကာမများကို ခွင့်ပြုလိမ့်မှာလဲ၊ အမှန်ကတော့ ပလိပ်နေစဉ်က ရင်းရင်းနှီးနှီးဖြစ်လို့ ဆရာက ဘာမှ မငြင်းဘဲ ပြန်ခဲ့ဟန်တူပါတယ်။

**မမွှေဂုတ်**။ ။ကိုယ်တော့်ကို "ပလိပ်က ပစ္စည်းလေးပါးဖိတ်တဲ့သူ မရှိဘူး" လို့ ဆိုခဲ့တယ်၊ အဲဒီ ရဟန်းအမလုပ်မဲ့သူကလဲ မဖိတ်ဘူးလား။

**တပည့်တော်**။ ။ပစ္စည်းလေးပါးတော့ မဖိတ်ပါဘူး၊ ဒါပေမဲ့ လိုတာတော့ လှူနေတာပါဘဲ။

**ဓမ္မဂုတ်**။ ။အဲဒီအခါ ကိုယ်တော်က ရဟန်းခံနိုင်လောက်အောင် အသက်ပြည့်ပြီလား။

**တပည့်တော်**။ ။မပြည့်သေးပါဘူး, "အောက်ပြည်ကို လိုက်ရတော့မယ်" ဆိုလို့ လိုက်ဘို့ရန် စီစဉ်နေကြခြင်းဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ကတော့ ဘယ်ကို သဘောကျသလဲ။

**တပည့်တော်**။ ။တပည့်တော်က ပစ္စည်းရှိတဲ့ဘက်ကိုလိုက်ရမှာ ရှက်ပါတယ်, ဒါ့ကြောင့် ပစ္စည်းသိပ်မရှိကဲ့ နဂိုရ်က ကြည်ညိုနေတဲ့ ဒကာမပုကိုဘဲ ကျေနပ်နေပါတယ်၊ ဒါပေမဲ့ အောက်ပြည်က တပည့်တော်ကို ရဟန်းပြုခွင့် မရဘူးဆိုတာ ကြားတော့ ဆရာနဲ့အတူပါလာတဲ့ ဒကာကလေး အထံ အမျိုးသမီးတယောက်ဆီက "သူတို့မှာ အဖိုးတန်စိန်တလုံး လက်လွတ်သွားလို့" ဝမ်းနဲတဲ့ အကြောင်းကို စာပြန်လာတဲ့အခါ အတော်ကြီး သနားသွားပါတယ် ဘုရား၊ နောက်ကိုလဲ လူကြုံတဲ့အခါ အဲဒီ အမျိုးသမီး အကြောင်းကို မေးလေ့ ရှိပါတယ်၊ ရေစက်ဆိုတာ ဒီလို ကိစ္စမှာလဲ အရေးကြီးပြန်တာပါဘဲ။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော့် ဆရာဘုန်းတော်ကြီးက အောက်ပြည် စစ်ချောင်းကို ပြန်ကြွသေးသလား။

**တပည့်တော်**။ ။တပည့်တော့် ဆရာက သိပ်ရိုးပါတယ်, လူဝတ်ကြောင်များကို လှကာ ပတ်ကာ စကားပြောလေ့ မရှိပါဘူး၊ စစ်ချောင်းက ဒကာ ဒကာမများအား တပည့်တော်ကို မရတဲ့အကြောင်း ပြောရမှာလဲ အားနာဟန်တူပါတယ်၊ ဒါ့ကြောင့် ကိုယ်တိုင် မပြန်တော့ဘဲ ကပ္ပိယ လုပ်ပြီး လိုက်လာတဲ့ ဒကာကလေးကိုသာ ပြန်လွတ်လိုက်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့် မိဘများကိုတော့ ဘယ်လို အကြောင်းကြားသလဲ။

**တပည့်တော်**။ ။မိဘများကို တိုက်ရိုက် အကြောင်းကြားဘို့တော့ ဆရာ့မှာ ဝန်လေးဟန် တူပါတယ်၊ ဒါ့ကြောင့် အကြောင်းမကြားသေးပါဘူး, ဒကာမပုက ရဟန်းအမ လုပ်လိမ့်မယ်ဆိုတဲ့ အကြောင်းကိုတော့ စစ်ကိုင်း ချမ်းအေးဆရာတော်ကြီးကြားတဲ့အခါ မဟာဂန္ဓာရုံဆရာတော်နဲ့ တိုင်ပင်တော်မူကြတယ်လို့ နောင်ခါသိရပါတယ်၊ "ဒကာမပု" ဆိုတာ ထို ဆရာတော် ၂ ပါးရဲ့ ငယ်တပည့်ဖြစ်ပါတယ်, သဒ္ဓါတရားက ပစ္စည်း အင်အားထက် ဖိုပါတယ်၊ ထို အချိန်မှာ အိမ်ထောင် မရှိသေးပါဘူး,

ဆရာတော်ကြီး ၂ ပါးကလဲ ငယ်ငယ်ကလို "မိပု" လို့ဘဲ ခေါ်ပါတယ်၊ ဆရာတော် ၂ ပါး တိုင်ပင်ပုံက ကိုရင်က ကျောင်းတိုက်နဲ့ ဆရာတော် လုပ်နိုင်လောက်အောင် အရည်အချင်းရှိတယ်၊ မိပုက ကျောင်းတိုက်တည် ပေးဘို့ မလွယ်ဘူး၊ ဒီတော့ ပစ္စည်းလေးပါး ဒကာမလဲဖြစ်၊ ဂန္ဓာရုံ ကျောင်းအမလဲဖြစ်တဲ့ အမရပူရမြို့ တရုတ်တန်းက ဒကာမကြီး ဒေါ်ကြည် နဲ့၊ ဒကာမ မညွန့်တို့ ညီအမကို ရဟန်းအမလုပ်ခိုင်းဘို့ စိတ်ကူးကြပါ သတဲ့၊ အဲဒီလို စီစဉ်တဲ့အခါ ဒကာမပုကိုလဲ ငုံ့ညှာတော်မူတာကြောင့် "ဒကာမပုက ပဌမ၊ တောင်မြို့ကျောင်းအမများက ဒုတိယ၊ မိဘရင်း ဒကာကြီး-ဒကာမကြီးတို့က တတိယ" လို့ ရဟန်းခံကိစ္စကို စီစဉ်ကြပါ တယ်၊ ပဌမနဲ့ ဒုတိယက ဘာပြဿနာမှမရှိသော်လဲ ဒကာကြီးက (သူ့မှာ ပစ္စည်းဆုတ်ယုတ်နေလို့ ဒီလိုစီစဉ်တယ်ထင်ဟန်တူပါရဲ့၊) မပေးနိုင်ပါဘူး ဆိုပြီး ငြင်းနေလို့ ချမ်းအေးဆရာတော်ကြီးက အတော်တရားဟောရပါ သေးတယ်။

**ဓမ္မဂုတ်**။ ။အဲဒီအချိန်မှာ ကိုယ်တော့်ဒကာကြီးရဲ့ ပစ္စည်းအခြေအနေဟာ သိသိသာသာကြီး ဆုတ်ယုတ်နေပြီလား။

**တပည့်တော်**။ ။ဆုတ်ယုတ်ပါပြီ၊ ပြန်ပြီးတိုးတက်ဘို့လဲ အလားအလာရှိဟန် မတူပါဘူး၊ အမေကလဲ စိတ်အလွန်ဆင်းရဲနေဟန်တူပါတယ်၊ နဂိုရ်က မာနကြီးခဲ့တာကြောင့် သာပြီး မနေတတ်မထိုင်တတ် ဖြစ်ခနဟန်တူပါ တယ်၊ အဖေနဲ့အမေလဲ သိပ်ပြီး အဆင်မပြေကြပါဘူး၊ တခါတော့ "အမေစိတ်ကောင်းအောင် ဘယ်လိုပြင်မလဲ" လို့ အဖေ့ကိုမေးတဲ့အခါ "ဘယ်လိုပြင်လို့မှ ရမှာမဟုတ်ဘူး၊ ပြန်ပြီး ပစ္စည်းပေါ်မှရမှာ" လို့ ပြောပါတယ်။

**ဓမ္မဂုတ်**။ ။ပစ္စည်းဆုတ်ယုတ်တဲ့အိမ်ဟာ ဒီလိုဘဲ များပါတယ်၊ ကိုယ်တော့် သံသရာတလျှောက်လုံးရဲ့ ရှေးကံကို စဉ်းစားပြီး သဘောကြီးကြီးထား နိုင်တဲ့ မိန်းမများနဲ့ ဖြစ်သလိုနေတတ်တဲ့ သတ္တိရှိသူများသာ ဒီလိုအချိန် မျိုးမှာ နေသာထိုင်သာ ရှိနိုင်ပါတယ်။

**တပည့်တော်**။ ။ဟုတ်ပါတယ်၊ အမေက ကျောင်းအမသမီးဖြစ်ပေမဲ့ တရား သဘောအတိုင်း နေတတ်ဘို့ အပုံကြီးလိုပါသေးတယ်၊ အဖေကတော့ နေလဲနေတတ်ပါတယ်၊ နဂိုရ်က အရည်အချင်းရှိတာကြောင့် ဆက်ဆံ ပေါင်းသင်းရေးမှာလဲ တန်းမလျှောပါဘူး၊ ဆွေမျိုးထဲမှာ အားလုံးက

အရေးပေးလျက်ပါဘဲ၊ အမေ့ကျတော့ ဒီလိုမဟုတ်လို့ သာပြီးစိတ်ဆင်းရဲ ဟန်တူပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဘာမှ အကူအညီ မပေးနိုင်ဘူးပေါ့နော်။

**တပည့်တော်**။ ။တပည့်တော်ရဲ့စိတ်မှာ မိဘ ၂ပါးလုံး အမွေရနိုင်တာကိုလဲ စဉ်းစား၊ တပည့်တော် ငယ်ငယ်က ငွေတိုးပေးတဲ့ အော်ဒီမင်စာချုပ်များကိုလဲ တွေ့ဘူးလို့ မိဘများ မဆင်းရဲနိုင်ဘူးလို့ ထင်ခဲ့ပါတယ်၊ ဒါ့ကြောင့် မိဘများအတွက် ခြေကြင့်ကြမဲ့နေခဲ့ရာ၊ ယခုလို ဆုတ်ယုတ်ပုံကို သိမှ ဘာမှ အကူအညီမပေးနိုင်လို့ တပည့်တော်လဲ စိတ်မကောင်းပါဘူး၊ မိဘများကို ပြုစုရအောင် ၁၀ နှစ်သားလောက်က လူထွက်ဘို့တောင် ကြံမိပါသေးတယ်၊ အဖေရဲ့ မိတ်ဆွေတွေနဲ့ ဆက်ဆံပြီး ကုန်သန်းရောင်း ဝယ်ရေးလုပ်ရလျှင် တက်လမ်းရှိသေးတယ်လို့ ထင်နေပါတယ်၊ အဖေဟာ သရိုင်ရွာအရှေ့ဘက် မြစ်ရိုးဘလျှောက်မှာ ဟသာကြီး တိုင်အောင်နဲ့ အနောက်ဘက်မှာ ဝက်လက်အနောက် ရွှေပန်းကုံး ဘိုင်အောင် မိတ်ဆွေများပါတယ်၊ အများက ယုံကြည်တဲ့အတွက် ဝံသာနုခေတ်မှာ ရွှေဘိုတောင်လက် ဝက်လက် အရှေ့ဘက်မှာ ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်၊ ပဌမဥက္ကဋ္ဌကတော့ ပင်းစင်းက ဦးထွန်းဇံကြီး ဆိုသူပါ၊ ဝက်လက်အနောက် ဘက်မှာ ဒုတိယ ဥက္ကဋ္ဌတယောက်လဲ ရှိပါတယ်၊ အဲဒီလို ယုံကြည်သူ များတဲ့အတွက် စပါး၊ ပဲ တို့ကို ငွေအကြေ မပေးသေးဘဲ၊ အများကြီး ယူပြီး ရောင်းနိုင်ပါတယ်၊ ဒါ့ကြောင့် တပည့်တော်လဲ ဒီအလုပ်ကိုလုပ်ဘို့ ကြံစည်မိတာပါ။

**ဓမ္မဂုတ်**။ ။ဘာပြုလို့ အကြံအတိုင်း မလုပ်ဖြစ်သလဲ၊ မလုပ်ရဲလို့လား။

**တပည့်တော်**။ ။မဟုတ်ပါဘူး၊ အဲဒီအချိန်မှာ ပဌမကြီးတန်းဝင်နိုင်လောက် အောင် စာတွေက ပြည့်စုံပြီးဖြစ်လို့ စာတွေကို နှမြောသည့်အတွက် ကြံတဲ့ အတိုင်း မလုပ်ဖြစ်တာပါ။

**ဓမ္မဂုတ်**။ ။ မလုပ်ဖြစ်တာလဲ ကောင်းပါတယ် ကိုယ်တော်၊ ဒါ့ထက် ရဟန်းခံကိစ္စအတွက် ကိုယ်တော်ကတော့ ဘာမှ ဆရာတော်ကြီးများကို မလျှောက်ဘူးလား။

**တပည့်တော်**။ ။တပည့်တော်က ဆရာတော်ကြီးများ စီစဉ်တာကို လိုက်ဘို့ဘဲ တာဝန်ရှိတယ်လို့ ယူဆပြီး ဘာမှ မစဉ်းစားပါဘူး၊ နောက်တော့ အဲဒီ

အစီစဉ်အတိုင်း ၁၂၈၀ ခုနှစ်, တပေါင်းလပြည့်မှာ ပလိပ်မြို့ အေးကျောင်းမှာ သီတင်းသုံးခိုက်ဖြစ်တော်မူသော မဟာဂန္ဓာရုံဆရာတော်ကိုဥပဇ္ဈာယ်ပြုပြီး တပည့်တော်ကို ပဌမအကြိမ်ရဟန်းအဖြစ်ရောက်အောင် ချီးမြှောက်တော်မူကြပါတယ်။

**ဓမ္မဂုတ်**။ ။မဟာဂန္ဓာရုံဆရာတော်ဆိုတာ လူတွေမခံဘဲ သုံးနှစ်ခန့် တပါးထဲဂူအောင်းပြီး သီတင်းသုံးတော်မူတဲ့ ဆရာတော်လား။

**တပည့်တော်**။ ။ဟုတ်ပါတယ်, ဆရာတော်ရဲ့ အပေါ်ကမျက်ခွံတော်မှာ မလှုပ်သလိုထင်ရအောင် အမြဲတကွ့နွဲ့နေပါတယ်, အလွန်ငြိမ်သက်တော်မူပါတယ်၊ အဲဒီအေးကျောင်း၌ သီတင်းသုံးနေတုန်းမှာပင် တပည့်တော်နဲ့ ဘုန်းတော်ကြီးတပါး အနားမှာရှိတုန်း စကားပြောယင်း ငယ်စဉ်ကရောဂါများတဲ့အတွက် "ခန္ဓာဝန် လက်စသိမ်းအောင်လို့ ကြိုးစားတာဘဲ, ဒါပေမဲ့"လို့ ဆိုပြီး ရှေ့မဆက်ပါဘူး၊ တပည့်တော်အထင်တော့ "အောက်မဂ် အောက်ဖိုလ်လောက်သာရလို့ အားမရတဲ့သဘော ဖြစ်ဟန်တူပါရဲ့"လို့ စဉ်းစားမိပါတယ်။

**ဓမ္မဂုတ်**။ ။ဒုတိယအကြိမ် ရဟန်းထပ်တော့ ဘယ်နေရာ ဘယ်အခါမှာတုန်း။

**တပည့်တော်**။ ။၁၂၈၁ ခုနှစ်, နယုန်လပြည့်နေ့ဖြစ်ပါတယ်၊ နေရာကတော့ အမရပူရမြို့ မဟာဂန္ဓာရုံကျောက်တိုက်တွင်းက သိမ်မှာပါ၊ အဲဒီ ရဟန်းအမများက ပစ္စည်းရေး သဒ္ဓါရေး ပြည့်စုံတဲ့အပြင် မဟာဂန္ဓာရုံ ဆရာတော်နဲ့ ချမ်းဆေးဆရာတော်ကြီး ၂ ပါးလုံးရဲ့ အရင်းဆုံးများဖြစ်လို့ ဆရာတော်များ စီမံတဲ့အတိုင်း ပိဋကပေါင်ခြံတော် အဋ္ဌကထာဋီကာ အစုံပါပါတယ်၊ ပလိပ်ရဟန်းခံတုန်းကလဲ တပည့်တော်လိုသလောက် အဋ္ဌကထာဋီကာစာအုပ်များ ပါပြီးဖြစ်ပါတယ်၊ သို့သော် ဆရာတော်များက တပည့်တော်အတွက်သာမက, တပည့်တော်ကိုအတုလိုက်ပြီး စောင့်ရှောက်မဲ့ပုဂ္ဂိုလ်အတွက်ပါ ပိဋကစာအုပ်တွေ ၂ စုံလောက်ရှိအောင် စီမံတော်မူကြခြင်းဖြစ်ပါတယ်။ ရဟန်းခံ ၂ ကြိမ်လုံးမှာ ခေတ်နဲ့ဆိုင်တဲ့ အသုံးအဆောင်ကတော့ မပါပါဘူး၊ အဲ ... ပတ်တူအိတ်တလုံးတော့ ပါပါရဲ့, တပည့်တော်ကလဲ မတောင့်တပါဘူး၊ ဆရာတော်ကြီးများ အလိုအတိုင်း ဖြစ်စေတာပါဘဲ။

**ဓမ္မဂုတ်**။ ။ဒုတိယ ရဟန်းထပ်ပြီးတဲ့အခါ ကိုယ်တော် ဘယ်မှာစာဆိုသလဲ။

**တပည့်တော်**။ ။မြောင်းမြဆရာတော်လောင်းဖြစ်တဲ့ဆရာက "ငါတော့ ပခုက္ကူမှာဘဲ ပြန်နေစေချင်သေးတာဘဲ, ဆွမ်းက သိပ်ဆင်းရဲသလား" လို့ မိန့်တော်မူတာနဲ့ "နေစေချင်လဲ နေတာပေါ့ဘုရား, ဆွမ်းဆင်းရဲတာကတော့ အများထုံးစံပါဘဲ" လို့ လျှောက်ပြီး ပခုက္ကူကိုဘဲပြန်ပြီး ဝါဆိုရပါတယ်၊ မဟာဂန္ဓာရုံဆရာတော်က တပည့်တော်ပျက်စီးမှာစိုးတော်မူလို့ တပည့်တော်ကို စောင့်ရှောက်ယင်း မြောင်းမြဆရာတော်လောင်းကို ပခုက္ကူကြွဘို့ တိုက်တွန်းတာနဲ့ မှန်ကျောင်းက ဦးသောမကြီးရော ဆရာရော, ပခုက္ကူလိုက်ပြီး ဝါဆိုကြပါတယ်၊ သို့သော် ဆရာက ကျန်းမာရေးမညီညွတ်လို့ ဝါတွင်းမှာ ပြန်ရပါတယ်၊ ဆရာ့ကို လိုက်ဖို့ယင်း မဟာဂန္ဓာရုံဆရာတော်ထံဝင်တော့ ဆရာတော်လဲ စစ်ကိုင်းမဟာသုခချောင်မှာ မကျန်းမမာဖြစ်တော်မူနေပါတယ်၊ "အဲဒီရောဂါနဲ့ ဆရာတော်ပြန်တော်မူတယ်" လို့ ပခုက္ကူမှ ကြားသိရပါတယ်။

**ဓမ္မဂုတ်**။ ။မဟာဂန္ဓာရုံဆရာတော် ပြန်တော်မူလို့ ဘာများ အထူးအဆန်း ကြားသေးတုန်း။

**တပည့်တော်**။ ။ဆရာတော်က စစ်ကိုင်းတောင်ရိုး ရွှေကျင်ဂိုဏ်းရဲ့ အချုပ်နာယကဖြစ်တော်မူပါတယ်၊ "ဆရာတော် ပြန်တော်မူတယ်" ကြားလို့ ရက္ခမူချောင် စသော ဂိုဏ်းဆိုင်ရာချောင်များက ဘုန်းတော်ကြီးများ ပူညရှင်တောင်၏ အနောက်ဘက်က မဟာဂန္ဓာရုံသို့ လာကြတဲ့အခါ အနောက်ဘက် အနီးအပါးချောင်ကဆရာတော်ကြီးတပါးက "ကိုယ်တော်တို့ ဘယ်သွားကြမလို့တုန်း" လို့ မေးပါသတဲ့၊ မဟာဂန္ဓာရုံဆရာတော် ပြန်တော်မူလို့ မဟာသုခချောင်, သွားကြမလို့ပါ-ဟု လျှောက်တော့, ဟာ...ဟုတ်လား, မနေ့ညက အဲဒီ တောင်တန်းတလျှောက်မှာ အရောင်တွေ ကွန့်မြူးလိုက်တာ အလွန်ပါဘဲ" ဟု မိန့်တော်မူပါသတဲ့။

**ဓမ္မဂုတ်**။ ။မဟာဂန္ဓာရုံဆရာတော်က ဘာဝိကမ္မဋ္ဌာန်းကို ဋ္ဌမြဲတော်မူပါတုန်း။

**တပည့်တော်**။ ။ဆရာတော်က ဗုဒ္ဓါနုဿတိ (အရဟံ) ဂုဏ်တော်ကို အခြေခံပြီး အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာကို စွဲမြဲတော်မူပါတယ်၊ ဆရာတော်ကြီးရဲ့ ဣန္ဒြေသိက္ခာတော်နဲ့ နှုတ်တော်က "ရှုပ် နာမ်ဖြစ်ပျက်" လို့ မိန့်တော်မူတဲ့ဖြစ်ပျက်ဟာ ကြားရသူရဲ့ စိတ်ကို အလွန်ဆွဲဆောင်ပါတယ်ဘုရား။ ဆရာတော်သည် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ တပည့်ဖြစ်သော်လဲ ဆရာတော်က လျှောက်ထားတဲ့စကားကို မဟာဝိသုဒ္ဓါရုံဆရာတော်

ကြီးက လေးစားတော်မူပါတယ်၊ တပည့်တော်ကို နောက်ဆုံး ဥပဇ္ဈာယ် ပေးပြီးတဲ့ဝါမှာ ပြန်တော်မူတာကြောင့် တပည့်တော်ဟာ နောက်ဆုံး တပည့် ဖြစ်တယ်လို့ ဆိုရပါမယ်။

**ခမ္မဂုတ်**။ ။မဟာဂန္ဓာရုံဆရာတော် ပြန်တော်မူတော့ စစ်ကိုင်းဘက်မှာ ကျောင်း ဂိုဏ်းကို ဘယ်ဆရာတော်က စောင့်ရှောက်ပါတုန်း။

**တပည့်တော်**။ ။ချမ်းအေးဆရာတော်ကြီးက စောင့်ရှောက်ပါတယ်, အဲဒီ ဆရာတော်ကြီးကို ဒုတိယ မဟာဂန္ဓာရုံဆရာတော်လို့ သိကြပါသယ်၊ ပဌမ မဟာဂန္ဓာရုံဆရာတော်နဲ့ အတူ တောထွက်တော်မူလာတဲ့ ဆရာတော်ကြီး လဲ ဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီ ဝါတွင်းမှာ ကိုယ်တော်က ပခုက္ကူ ဆရာတော်ကြီးများထံ စာဆိုရပြီလား။

**တပည့်တော်**။ ။စာမဆိုရသေးပါဘူး, အများနည်းတူ လိုက်ရုံဘဲ လိုက်နေရပါ သေးတယ်၊ နောက်တဝါတွင်းလောက် မရောက်ခင် စာဆိုရပါတယ်။

**ခမ္မဂုတ်**။ ။ဆွမ်းအတွက်ကတော့ ဆင်းရဲတုန်းဘဲလား, ရဟန်းအမများဆီက အထောက်အပံ့ မရဘူးလား။

**တပည့်တော်**။ ။ရဟန်းအမများက "အလိုရှိတာ တောင်းပါလို့" ဖိတ်ပါ တယ်၊ တပည့်တော်က "တောင်းတဲ့" ဝါသနာ မပါပါဘူး၊ ဒါ့ကြောင့် သတိရတဲ့အခါ ပို့လိုက်တဲ့ငွေကို ကပ္ပိယရှိယင် လက်ခံပါတယ်၊ ကပ္ပိယ မရှိယင်တော့ လက်မခံပါဘူး၊ ဒကာမကြီးများက ကမ္မဋ္ဌာန်းဆရာတော် များရဲ့ ဒကာမဖြစ်လို့ ကပ္ပိယမရှိဘဲ ယူထားယင် အထင်သေးမှာ စိုးရပါ တယ်၊ ဒါ့ကြောင့် ဆွမ်းဆင်းရဲတာကတော့ ရဟန်းဖြစ်ပေမဲ့ ဆင်းရဲမြဲ ဆင်းရဲတာပါဘဲ၊ တခါတလေ ဆောင်းအခါမှာ ကျွန်းထဲက စာရေးတံ ဆွမ်းကျွေးတတ်ပါတယ်, ထိုအခါ တပည့်တော်တော့ ဘယ်လောက် ဝေးဝေး ဘယ်လောက်ချမ်းချမ်း လိုက်တာဘဲ၊ အဲဒီအခါကျမှ ဟင်း ကောင်းကောင်း စားရတာကိုး။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်ဟာ ငတ်ကိုယ် ငတ်နေတာပေါ့နော်။

**တပည့်တော်**။ ။ဆိုနိုင်ပါတယ်, လုံးဝ မစားရတဲ့အငတ်တော့ မဟုတ်ပါဘူး, စားချင်တာ မစားရတဲ့ အငတ်မျိုးတော့ ငတ်နေတာပါဘဲ။

**ဓမ္မဂုတ်။** ။ကိုယ်တော့်မိတ်ဆွေများက တတိယအကြိမ်ရဟန်းခံတော့ ဘယ်အရပ်မှာ ဘယ်အချိန်တုန်း။

**တပည့်တော်။** ။တတိယအကြိမ် ရဟန်းခံတော့ စစ်ကိုင်းတောင် မှန်ကျောင်းမှာ တဲပြီးတော့, ဆေးတိုက်အနီးက မြစ်ထဲ(ရေသိမ်)မှာ တပေါင်းလပြည့်နေ့ ဟောန်းခံပါတယ်။

**ဓမ္မဂုတ်။** ။ဒီအခါမှာ မဟာဂန္ဓာရုံဆရာတော် မရှိတော့ဘူးနော်၊ ဘယ်ဆရာတော်က ဥပဇ္ဈာယ်လုပ်သလဲ။

**တပည့်တော်။** ။အဲဒီအချိန်မှာ ဒိပဲရင်းဆရာတော်က စစ်ကိုင်းမှာ သီတင်းသုံးခိုက် ဖြစ်လို့ ဆရာတော်က ဥပဇ္ဈာယ်အဖြစ် ချီးမြှင့်ပါတယ်၊ တောင်ဖီလာဆရာတော် ဦးပဏ္ဍိဝံသ, ပဌမရက္ခမူ (အတိသုဒ္ဓါရုံ) ဆရာတော် စသောဝိနည်းခိုရ်ဆရာတော်ကြီးများ ပါပါတယ်။

**ဓမ္မဂုတ်။** ။ပဌမအကြိမ် ရဟန်းပြုခဲ့ရာ ပလိပ်မြို့ အေးကျောင်း ခဏ္ဍာသိမ်, ဒုတိယ အမရပူရ မဟာဂန္ဓာရုံကျောင်းတိုက်တွင်း ခဏ္ဍာသိမ်, ယခု တတိယအကြိမ်ကျတော့ စစ်ကိုင်းတောင်ရိုးအနီး ဧရာဝတီမြစ်တွင်း "ဥဒကုက္ခေပသိမ်"ဆိုတော့ သိမ်နဲ့စပ်ပြီး ဘာမှ သံသယဖြစ်စရာ မလိုဘူးပေါ့နော်။

**တပည့်တော် ။** ။ မဟာဂန္ဓာရုံကျောင်းတိုက်တွင်းရှိ ဒုတိယအကြိမ်ဝင်ခဲ့တဲ့သိမ်ကလဲ စစ်ကိုင်း မဟာဂန္ဓာရုံဆရာတော် သမုတ်ခဲ့တဲ့သိမ်, တောင်ရိုးအနီး ဧရာဝတီမြစ်တွင်း " ဥဒကုက္ခေပသိမ် " ဆိုတော့ သိမ်နဲ့စပ်ပြီး စိတ်ရှင်းပါတယ် ဘုရား၊ [ယခုလက်ရှိသိမ် မဟုတ်, ဖျက်လိုက်သောသိမ်ဖြစ်သည်။]

**ဓမ္မဂုတ် ။** ။ ဒီအချိန်မှာ ကိုယ်တော့်အသက် နှစ်ဆယ်က– ၁၅ ရက်ကျော်လာပြီဖြစ်လို့ ဒီအဆက်ကို ရပ်လိုက်ကြဦးစို့။

**နိဂုံး။** ။အသက် နှစ်ဆယ်, ခုအရွယ်၌, လူ့ဝယ် ဓမ္မတာ, ကြုံတွေ့လာသည့်, ချမ်းသာ ဆင်းရဲ, အနန်နဲကို, ထူးကဲ စိတ်ထား, မဖေါက်ပြားဘဲ, အများထုံးစံ, ကိုယ်လည်းခံ၍, ရရန် ဒုလ္လဘ, ပဗ္ဗဇ္ဇကို, အရယူကာ၊ တသက်တာ၌, နောက်လာဦးမည့်, များပြားခါသည့်, ဒုက္ခ ဒုက္ခာ, ဆင်းရဲစွာလည်း, ဆရာမိန့်ချက်, ဦးထိပ်ရွက်၍, ဆက်လက်ကြိုးကုတ်, အားကုန်ထုတ်သည်.... အဟုတ် ကြိုးစားလိမ့်သတည်း။

## ၉။ နှစ်ဆယ်လွန်ကယ် - သုံးဆယ်ရှယ်

**ဓမ္မဂုတ်။** ။ကိုယ်တော်က ပခုက္ကူမှာ ဒါလောက် ဆင်းရဲပါလျက်နဲ့ နေတာကတော့ ဘာယ်လို ရည်ရွယ်ချက်ရှိလို့လဲ။

**တပည့်တော်။** ။ရည်ရွယ်ချက်ကြောင့် မဟုတ်ပါဘူး၊ ဆရာက နေစေချင်လို့ နေတာပါဘဲ၊ တပည့်တော်နောက်မှ ရွှေကျင်ဂိုဏ်း (စစ်ကိုင်း၊ မန္တလေး နေဘူးတဲ့) ဦးပဉ္စင်းများ ရောက်လာကြပါတယ်၊ သူတို့ကတော့ အများအားဖြင့် သိပ်မကြာဘဲ ပြန်ကြတာပါဘဲ၊ တချို့တော့ ဒကာ ဒကာမ အဆက်အသွယ်ကောင်းလို့ ဆွမ်းလဲ ပြည့်စုံကြပါတယ်၊ အဲဒီလို ပြည့်စုံတဲ့ မိတ်ဆွေတပါးက တပည့်တော်ကို ပြောတဲ့စကားကလေး မှတ်မိပါသေးတယ်၊ "ငါတော့ မင်းလောက်များဆင်းရဲယင် မနေဘူး" တဲ့။

**ဓမ္မဂုတ်။** ။ သူက ဒီလိုပြောရအောင်က ကိုယ်တော့်ထက် ဘယ်လောက် ကြီးလို့တန်း။

**တပည့်တော်။** ။သူက ၄၀ ါလောက်ကြီးပါတယ်၊ ဆရာတူတပည့်လဲ ဖြစ်ပါတယ်၊ ပြောတဲ့နေ့က မိုးရွာတဲ့နေ့ပါ၊ အားလုံး ဆွမ်းချက်စားဘို့ရန် ဆရာတော်များက ဆန်နဲ့ဆီကို ဝေပွပါတယ်၊ တပည့်တော်ကတော့ ရဟန်းဖြစ်ပြီးကတည်းက မိုးရွာပေမဲ့ ဆွမ်းခံထွက်ပါတယ်၊ ဆွမ်းခံယင်း "ငါသည် ဘယ်အခါကျမှ ၇ ရက်စွေနေတဲ့ မိုးရေထဲ ဆွမ်းခံစားရတဲ့ ရသေ့အလုပ်ကို လုပ်ရပါ့မဘုန်း" လို့ စမ်းတတ္တုရားကလေးကိုတွေးပြီး ပြန်လာပါတယ်၊ အဲဒီ ကိုယ်တော်က သူ့ရဲ့ ဒကာ - ဒကာမအိမ်သွားဘို့ ထီးဆောင်းပြီးတော့ ထွက်အလာ တိုက်အပေါက်မှာ တွေ့ကြပါတယ်၊ စတွေ့တော့ "ပြစမ်းပါ" ဆိုပြီး သပိတ်ကို ဖွင့်ကြည့်ပါတယ်၊ သပိတ်ထဲမှာ စားချင့်စဖွယ် မပါပါဘူး၊ ဒါ့ကြောင့် "ငါတော့ မင့်လောက်ဆင်းရဲယင် မနေဘူး" လို့ ပြောပါတယ်၊ အဲဒီစကားကို ကြားရလို့ ကျောင်းရောက်တဲ့အခါ တေးထပ်တပုဒ် စပ်ပါတယ်၊ အကုန်တော့ မရတော့ပါဘူး၊ နောက်ဆုံးနားမှာတော့....

> "ဓမ္မလမ်းနဲ့ ကြွလှမ်း အလာတွင်၊ ပြစမ်းကွာ မင့်ပတ္တရယ်လို့၊
> ဖွင့်လှပ်ကြ ရှက်ဘွယ့်ကြောင်တောင်၊ ပြက်ရယ့်ပြောင်လှောင်၊
> သာကီစစ် ဇာတ်လမ်း မပြောင်တယ်၊ ပတ်သုန်းမှောင် တိမ်ခိုး
> ကြောင့်လေး".... တဲ့။

**ခမ္မဂုတ်။** ။ကိုယ်တော်က ယခုအခါ မေတ္တာကိုအလုပ်အဖြစ်နဲ့ ဂရုစိုက်သလို၊ ဟိုတုန်းက ပခုက္ကူ ဒကာ– ဒကာမတွေအပေါ် မေတ္တာမပို့ဘူးထင်တယ်၊ ဒါ့ကြောင့် ဒီလောက် သွမ်းဆပ်းရဲ့တာ ဖြစ်ဟန်တူပါတယ်။

**တပည့်တော်။** ။တပည့်တော်ရဲ့မေတ္တာအလုပ်ဟာ ဟိုတုန်းကလဲလုပ်ပါတယ်၊ ဒါပေမဲ့ မိဘရယ်, ဘိုးများရယ်, ဆရာများရယ်, သွားလေသူ အလှူများရယ်, နောက် ရဟန်းအမများရယ်, ဒါလောက်သာ မှန်မှန်မေတ္တာပို့ပါတယ်၊ ပခုက္ကူတော့ ဆွမ်းခံလမ်းက အိမ်များကိုသာ မေတ္တာပို့ပါတယ်။

**ခမ္မဂုတ်။** ။ဆွမ်းခံအိမ်တွေကို မေတ္တာမို့တော့ မေတ္တာစူးရဲ့လား။

**တပည့်တော်။** ။ စူးပုံ မရပါဘူး, ညက်မေတ္တာပို့ထားတဲ့အိမ်ကလဲ နံနက် ဆွမ်းခံသွားတော့ "ကန်တော့ဆွမ်း" လို့ ဆိုချင် ဆိုတာမှပါဘဲ၊ တပည့် တော်ကလဲ "ငါ့မေတ္တာက ဘာစူးလိမ့်မှာတုန်း, ငါက သူတို့အကျိုးထက် ဆွမ်းနဲ့ ဟင်းရဘို့က လိုရင်းထားပြီးပို့တာကိုး" လို့ စိတ်ထဲမှာဖြေပါ တယ်။

**ခမ္မဂုတ်။** ။ပခုက္ကူတိုက်မှာ ကိုယ်တော် ပဌမရောက်စကနေခဲ့တဲ့ ကျောင်းအို ကလေးမှာဘဲ ဆက်နေသလား။

**တပည့်တော်။** ။ အဲဒီ ကျောင်းကလေးကိုဖျက်လို့ အနီးဖြစ်တဲ့ "ခံတော ကျောင်း" မှာ ရွှေ့ရပါတယ်၊ နောက်တော့ "ခမ္မမဥ္ဇူ" ဆိုတဲ့ ကျောင်းမှာ ရွှေ့ရပြန်ပါတယ်။

**ခမ္မဂုတ်။** ။ဘာပြုလို့ ရွှေ့တာလဲ, ဒုတိယကျောင်းကို ဖျက်လို့လား။

**တပည့်တော်။** ။ဒုတိယကျောင်းက မကောင်းသော်လဲ ဖျက်လောက်အောင် မဆိုးသေးပါဘူး, ဒုတိယကျောင်းမှာ အတော်ကြာကြာ နေပြီးမှ ထို ကျောင်းလဲ သံဃာမရှိတော့လို့ တပည့်တော်ကိုရွှေ့နေဘို့ မဟာရဋ္ဌဂုရု ဆရာတော်လှောင်းက ခိုင်းပါတယ်။

**ခမ္မဂုတ်။** ။ဒုတိယကျောင်းမှာ ဘာပြုလို့ သံဃာမရှိတာတုန်း။

**တပည့်တော်။** ။ တပည့်တော် ရဟန်းတဝါရပြီးလောက်မှာ နဂိုရ်က အတူ အုပ်ချုပ်တဲ့ ဆရာတော်ကြီးလေးပါးတွင် တပါးကတိုက်ခွဲလို့ အဲဒီဆရာ တော်ကြီးဆီ လိုက်သွားကြပါတယ်၊ အဲဒီအချိန်မှာ တပည့်တော်က ယခု

မဟာရဋ္ဌဂုရုဆရာတော်လောင်းဆီမှာ ဝိဘင်းမူလဋီကာကိုဆိုနေပါတယ်၊ တပည့်တော်က တိုက်ခဲ့တဲ့ဆီကို မလိုက်ပါဘူး၊ တပည့်တော်နဲ့အတူနေအားလုံး လိုက်သွားတော့ ဆရာတော်ကခေါ်ပြီး "မင့်မိတ်ဆွေတွေ လိုက်သွားကုန်ပြီ၊ မင်းလဲ ဆိုတဲ့စာဝါကိုမင့်နဲ့ လိုက်ချင်ယင်လိုက်သွားနိုင်တယ်" လို့ ပြောပါတယ်၊ ဒီတော့ တပည့်တော်က "မိတ်ဆွေတွေ ဖွဲ့နေတာမဟုတ်ပါ၊ တပည့်တော်သဘောနဲ့ တပည့်တော်နေတာပါ"လို့ ဖြေကြားပါတယ်၊ "ဒီလိုဆိုယင်လဲ ပြီးတာဘဲ" လို့ အမိန့်ရှိပြီး ကျောင်းရွှေ့နေဘို့ အမိန့်ရှိပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်ဟာ ပခုက္ကူတိုက်ကြီးမှာ စာချဖြစ်ဘို့ တဆင့်နီးသွားတယ်လို့ ဆိုရမယ်ထင်တယ်။

**တပည့်တော်**။ ။ပခုက္ကူတိုက်ကြီးမှာ စာချဖြစ်ဘို့ တပည့်တော် မမျှော်လင့်ပါဘူး၊ ပိဋကတွေပေါက်ဘို့သာ မြော်လင့်ပါတယ်။

**ခမ္မဂုတ်**။ ။ဘာပြုလို့ မမြော်လင့်သလဲ၊ ပခုက္ကူတိုက်ကြီးရဲ့ စာချဆိုတာ တနိုင်ငံလုံးက အသိအမှတ်ပြုတာဘဲ။

**တပည့်တော်**။ ။တနိုင်ငံလုံးက သံဃာအများ ရောက်နေတာဖြစ်တော့ တနိုင်ငံလုံး အသိအမှတ်ပြုတယ်ဆိုတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ တပည့်တော်က ရွှေကျင်ဂိုဏ်းရဲ့ အရင်းဆုံးဆိုတာ သိတော်မူကြပြီးဖြစ်လို့ "ဒီမှာ အမြဲမနေနိုင်ဘူး"ဆိုတာ သိတော်မူကြပါတယ်။

**ခမ္မဂုတ်**။ ။ရွှေကျင်ဂိုဏ်းဝင် သာမန်မဟုတ်၊ ဆရာတော်ကြီးများနဲ့ အရင်းဆုံးဆိုတာ ဘယ်လိုနည်းနဲ့ သိတော်မူကြသလဲ။

**တပည့်တော်**။ ။ဆရာတော်တပါး တိုက်ခဲ့တယ်ဆိုတာကို(ထိုအချိန်မှာ အိန္ဒိယ သီဟိုဠ်တို့က ပညာသင်ပြီး ပြန်ရောက်လာတဲ့ အဘယာရာမဆရာတော်လောင်းဖြစ်သော) ဝိသုဒ္ဓါရုံ သုဝဏ္ဏဝတီ ဘုန်းတော်ကြီးက ကြားလို့ ကြွလာပါတယ်၊ အဲဒီဆရာတော်ကလဲ ပခုက္ကူတိုက်ကြီးမှာ ရဟန်းကလေးဘဝကပင် ထိုဆရာတော်များနဲ့အတူ အုပ်ချုပ်ဖြီး စာချခဲ့တဲ့ဆရာတော်တပါး ဖြစ်ပါတယ်၊ ဒါ့ကြောင့် သံယောဇဉ် မကင်းတဲ့အတွက် အကျိုးအကြောင်းသိရအောင် ကြွလာပါတယ်၊ ကြွလာတဲ့ညမှာဘဲ စာသင်သားဘော်တော်များများလာပြီး ဆရာတော်ကြီးလေးပါးကို ဝတ်ဖြည့်ကြပါ

တယ်၊ တပည့်တော်လဲ မန္တလေး ဆရာတော်ကို ဝတ်ဖြည့်ပါတယ်၊ ဝတ်ဖြည့်ပြီးလို့ ပြန်ခါနီးတော့ မန္တလေးဆရာတော်က ဝမ်းလျားမှောက်ရာက လှည့်ပြီး "ဒီအထဲ ဒို့အသိများပါသလား" လို့ မေးပါတယ်၊ ဆရာတော်တပါးက တပည့်တော်ကို လက်ညှိုးညွှန်ပြီး "သူ့ မသိဘူးလား" လို့ မေးတော့ အဘယာဂုရာမ ဆရာတော်လောင်းက ဟင်..."ဇနကပါလား" လို့ မိန့်တော်မူပါတယ်။

တပည့်တော် ပြန်လာတဲ့အခါ တပည့်တော်အကြောင်းကို မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးရဲ့ သွေးသားဖြစ်ကြောင်း ငယ်ငယ်ကတည်းက ဉာဏ်ကောင်းပြီး စာတော်ကြောင်းနဲ့ တရားဟောလဲ ကောင်းကြောင်းကိုပါ အပြည့်အစုံ ပြောပါသတဲ့၊ ဒါ့ကြောင့် တပည့်တော်ကို ရွှေကျင်ဂိုဏ်း ပြန်ရမဲ့သူဖြစ်ကြောင်းကို သိကြပြီးဖြစ်ပါတယ်၊ ဒီပြင်လဲ ညောင်ဦးဆရာတော်၊ ညောင်တုံးဆရာတော်လို့ တွင်တဲ့ ဆရာတော်က "စခုံသင်ပြီးယင် ပြန်သိမ်းမဲ့ဆရာရှိသလား" လို့ မေးဘူးပါတယ်၊ တပည့်တော်က ရှိပါကြောင်း ( မြောင်းမြဆရာတော်ကို ညွှန်ပြပြီး ) ထိုဆရာတော်က ပြန်ခေါ်မည့်အကြောင်းကို လျှောက်ပါတယ်၊ ဒီလို အကြောင်းအမျိုးမျိုးကြောင့် ပခုက္ကူတိုက်ကြီးမှာ စာချဘုန်းကြီးဖြစ်ဘို့ မမြော်လင့်ပါဘူး၊ ဒါပေမဲ့ မိတ်ဆွေအများကတော့ ကိုယ်တော်စာချဖြစ်လိမ့်မယ်လို့ အစောကြီးက ပြောနေကြပါတယ်, တပည့်တော်ကလဲ မဖြစ်နိုင်ပါဘူး, တပည့်တော်က ရွှေကျင်ဘဲလို့ အမြဲပြောပါတယ်။

**မေးမှုဂုတ်။** ။ကိုယ်တော်စာဆိုတာကြွားရုံနဲ့ "စာချဖြစ်လိမ့်မယ်" လို့ ထင်ကြေးပေးရလောက်အောင် ကိုယ်တော်က ဘယ်လောက်များများ စာဆိုရလို့ တုန်း။

**တပည့်တော်။** ။ပဌမ မဟာရဋ္ဌဂုရုလောင်း ဆရာတော်ထံမှာ မူလဋီကာဆိုပြီးနောက်, ဒီဃနိကာယ် အဋ္ဌကထာဆိုနေတုန်းမှာ ညောင်တုံးဆရာတော်က သံယုတ်အဋ္ဌကထာ အဆိုခိုင်းလို့ တနေ့ထဲ ၂၀ါ ဆိုရပါတယ်၊ တဝါ တဝါမှာ စာရွက်လို ၂ ရွက်စီ ၄ မျက်နှာရှိပါတယ်၊ သံယုတ်ဆိုတုန်းက ပေစာနဲ့ ဆိုရပါတယ်, စာအုပ်ရိုက်ပြီး မရှိသေးပါဘူး၊ တနေ့လျှင် စာရွက်လို ၄ မျက်နှာကို ၂ ခေါက်ဆိုရတော့ ရှစ်မျက်နှာဖြစ်သွားတာပေါ့၊ အဲဒီ ၈၀ ၂၀ ါဆိုတဲ့အပြင် ဆရာတော်ကြီးဉုးပညာထံမှာလဲ တဝါ လိုက်ပါသေးတယ်၊ အဲဒီအခါမှာ တပည့်တော်က စာလိုက်တဲ့ပုဂ္ဂိုလ်တွေ

အထင်မသေးအောင် သိပ်ပြီး ကြိုးစားရပါတယ်၊ ညနေမှာ ထိုစာ ၂၀ါ လုံးအတွက် အရှေ့ကစာချည်းကုန်အောင် ပဌမကြည့်ပြီး ဒုတိယမှီကာအဖွင့်များနှင့် တွဲကြည့်ပါတယ်, နေဝင်ခါနီးတိုင်အောင် ကြည့်ရပါတယ်၊ နံနက်လဲ စာမမြင်ခင် ဆွမ်းခံသပိတ်ကိုဆေးပြီး စာမြင်သည်နဲ့ တပြိုင်နက် ထိုဆို ၀ါ ၂၀ါကိုကုန်အောင် တကြိမ် ကြည့်ပြန်ပါတယ်, စာကြည့်ပြီးတဲ့အချိန်မှာ သံဃာအများ ဆွမ်းခံထွက်သွားကြပါပြီ၊ တပည့်တော်က နောက်မှ ခပ်မြန်မြန်သွားပါတယ်၊ ဒါ့ကြောင့် တချို့ဘုံလောင်းစောင့်ပြီး ခင်ငြင်ပေါ် ထိုင်နေကြတဲ့ ကိုယ်တော်များက "စာပို့ကြီးလာပြီ, စာပို့ကြီးလာပြီ" လို့ ပြောကြတယ်ဆိုတာ နောက်မှ ကြားသိရပါတယ်။

**ခမ္မကုတ်။** ။သာသာအခေါ်ပါယ်နဲ့ ပြောခဲ့ကြတာဘဲလား။

**တပည့်တော်။** ။ ဟိုခေတ်က စာပို့ရထားကြီး, စာပို့ သင်္ဘောကြီးဆိုတာ ရှိပါတယ်, အချိန်လဲမှန်တယ်, မြန်လဲမြန်တယ်၊ ဒါ့ကြောင့် တင်စားပြီး ပြောကြဟန်တူပါတယ်၊ တပည့်တော်က မှန်မှန်နဲ့ မြန်မြန်သွားပြီး ပြန်လာတဲ့အခါ သူများကို မစောင့်တော့ဘူး၊ စာဆိုရမှာမို့ ဘုပါးထဲ အယင်စားပြီး စာဆိုဖို့နေရာ သွားတာဘဲ။

**ခမ္မကုတ်။** ။အဲဒီလို တပါးထဲလဲစား, ဆွမ်းဟင်းကလဲ မရှိဘူးဆိုတော့ နေ့ဆွမ်းအတွက် ဘယ်လိုလုပ်သလဲ။

**တပည့်တော်။** ။ရတဲ့ဟင်းတော့ နံနက် ဂ နာရီလောက် စားလိုက်တာနဲ့ ကုန်ပါရော၊ နေ့ဆွမ်းအတွက် ဆွမ်းသန့်သန့်ကလေး ချန်ထားပြီး, တခါတခါ ထန်းလျက်ခဲနဲ့ ရေနဲ့ ကျိုက်ချရတာဘဲ၊ နောက်ပိုင်းတော့ ဦးကာဝိန္ဒ ဆိုတဲ့ မိတ်ဆွေတပါးက ဆွမ်းခံပြန်တဲ့အခါ ဟင်းတခွက် ၂ ခွက်ပေးလို့ အဲဒီဟင်းကလေးနဲ့လဲ စားရပါတယ်၊ ဘုယာကြော်ရတဲ့အခါတော့ အနီးမှာနေတဲ့ မခက်၊ မြင်သာရပ်က ကိုရင်ကလေးရဲ့ ပဲကြွားမြွတ်နဲ့ လဲစားပါတယ်၊ စာဆိုတဲ့အခါ အသံကျယ်မှာစိုးလို့ ဘယာကြော်မစားဝံ့ပါဘူး။

**ခမ္မကုတ်။** ။ဒီလို အာဟာရဖြစ်တဲ့အစာ မစားရဘဲ, နေ့စဉ်စာကြိုးစားတော့ ကိုယ်တော့်ကျန်းမာရေး ဘယ်လိုနေသလဲ။

**တပည့်တော်။** ။ကျန်းမာရေး မကောင်းတော့ပါဘူး, အလွန်အားနဲပါတယ်, ဘယ်ကျမယ် စာအခံကို မဆိုတော့ဘူးနဲ့ ပထားအောင် မပြောနိုင်ပါဘူး။

**ဓမ္မဂုတ်**။ ။ဒါလောက် အခါးနဲ့နေယင် မန္တလေး ပုရိယတ္တိသာသနဟိတ အသင်းကကျင်းပတဲ့ "သကျသီဟစာမေးပွဲ" လို့ ခေါ်တဲ့ စာမေးပွဲကို ဝင်ဘို့ ရည်ရွယ်သေးသလား။

**တပည့်တော်**။ ။ရည်ရွယ်ပါတယ်, ရည်ရွယ်လို့ မို့ ကိုရင်တုန်းကရခဲ့တဲ့ ပဌမကြီးတန်း စာတွေကို မမေ့အောင် ကြိုးစားပါတယ်။

**ဓမ္မဂုတ်**။ ။နေ့လဲ တနေ့လုံးမအား, ညလဲ စကားတောင်မှ မပြောနိုင်အောင် အားနဲ့နေတဲ့ အထဲက ဘယ်လိုလုပ်ပြီး ရထားတဲ့စာတွေ မမေ့အောင် ကြိုးစားသလဲ။

**တပည့်တော်**။ ။တပည့်တော်က ကျက်ဉာဏ်သိပ်မကောင်းပေမဲ့ မမေ့နိုင်တဲ့သတိကတော့ ကောင်းဟန်တူပါတယ်၊ ဆကြုံနံတင်း, ဝါဆိုဥုး, ဆိတင်းကျွတ်, အဲဒီရက်များမှာ တော်တော်ကြာအောင် ဆရာတော်များက စာဝါချတဲ့ ရပ်နားပါတယ်၊ ဒီအခါ ရပြီးစာတွေကို တကြိမ်တကြိမ် မမေ့အောင် နေ့အခါမှာ အံပါတယ်၊ ဒီနည်းနဲ့ မမေ့အောင် ကြိုးစားလာတာပါ။

**ဓမ္မဂုတ်**။ ။ဒါခွေခက် ကြိုးစားနေယင်း အားရှိတဲ့အစာလဲ မစားရတော့ အားနဲ့ပြီး ချေနိုင်တယ်ဆိုတာကို မတွေးမိဘူးလား။

**တပည့်တော်**။ ။တွေးမိရုံ ဘယ်ကမှာလဲ, သေဘို့ အတော်နီးနေပြီလို့ဘဲ ထင်ထားပါတယ်။

**ဓမ္မဂုတ်**။ ။သေရမှာ မကြောက်ဘူးလား။

**တပည့်တော်**။ ။သေရမှာထက် အောက်ကျနောက်ကျ နေရမှာကို ပိုပြီး ကြောက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်လို အောက်ကျမယ်ထင်လို့လဲ။

**တပည့်တော်**။ ။အဲဒီအချိန်မှာ တပည့်တော်ရဲ့ အားကိုးစရာ ဘုရားမှမမြင်ဘူးဘုရား၊ မိတ်များလဲ ပစ္စည်းဆုတ်ယုတ်နေပြီး, ဆရာရင်းဖြစ်တဲ့ မြောင်းမြဆရာတော်လောင်းကလဲ ဆွမ်းတော်ထားလို့ စိမ်းတော်မှ အနိုင်နိုင်ဖြစ်နေတဲ့အချိန်ပါ၊ ပလိပ်ရောဂါ အမကာ ရင်နီးပေမဲ့ ပစ္စည်းက သင့်ရုံသာ ရှိပါတယ်၊ အမရာပူရ ရဟန်းအမကာတော့ ယော်ယော်ကာ ရင်းနှီးသူ မရှိလို့ မှန်မှန်ဘဲ ဆက်ဆံရပါတယ်၊ ပဌမ မဟာဂန္ဓာရုံ ဥပဇ္ဈာယ်ဆရာတော်က

ပြန်လှန်တော်မူပါပြီ၊ အခြားဆရာတော်များက တွေ့တဲ့အခါ အရေးပါကြသော်လဲ ကွယ်ရာမှာတော့ ထောက်ပံ့ဘို့ တာဝန်မရှိပါဘူး၊ ဒါ့ကြောင့် အဲဒီအချိန်မှာ တပည့်တော်အတွက် အားကိုးစရာ မရှိပါဘူး၊ မန္တလေးပြန်သွားယင် အောက်ကျနောက်ကျဖြစ်ဘို့ သေချာပါတယ်၊ ဒါ့ကြောင့် "သေယင် မြေကြီး၊ ရှင်ယင် ရွှေထီး" ဆိုတဲ့ ပြောရိုးအတိုင်း သေမလောက် အပင်ပန်းခံပြီး ကြိုးစားရပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အဲဒီလို စာဝါနားတဲ့အခါမျိုးမှာ ဒေသန္တရ ဗဟုသုတဖြစ်အောင် ပုဂံ–ညောင်ဦးစသော အရပ်များကို မသွားဘူးလား။

**တပည့်တော်။** ။မသွားပါဘူး၊ ပုဂံ–ညောင်ဦး ဆိုတာ စာချဖြစ်မှ သိမ်သမုတ်ကိစ္စကြောင့် ဆရာတော်များနဲ့ အတူ တခေါက်သာ ရောက်ဘူးပါတယ်၊ ယခုအထိလဲ ဒေသန္တရအဖြစ်၊ ဘုရားဖူးအဖြစ် မလယ်ဘူးပါဘူး။

**ဓမ္မဂုတ်။** ။စာဆိုဝါတော့ နှစ်ဝါ အမြဲဆိုနေရသလား။

**တပည့်တော်။** ။ပဌမဆရာတော်က စာတဝါ အကုန်မှာ "ဇနက.... တော်လောက်ပြီ" လို့ ပြောပြီး စာဆိုရပ်လိုက်ပါတယ်၊ အဲဒီဆရာတော်ကရပ်ပြီး မကြာခင် ဆရာတော် ဦးပညာဆီမှာ အဘိဓမ္မာအဋ္ဌကထာ တတိယအုပ်ကို ဆင်ရပါတယ်၊ ဒါ့ကြောင့် တနေ့ စာနှစ်ဝါဘဲ ဆိုမြဲဆိုနေရပါတယ်၊ နောက်မကြာခင် ဝိသာနုခေတ်က ကြီးစိုးလာလို့ ပခုက္ကူတိုက်ကလဲ ဓမ္မကထိကတွေ ထွက်ပါတယ်, ပခုက္ကူကိုလဲ အကျော်အမော် ဓမ္မကထိကတွေလာပြီး ဟောကြပါတယ်၊ ရွှေပိုင်းကတော့ ဆရာတော်များလဲ ကျေနပ်ပိုရလို့ သွားပြီး နားထောင်ပါတယ်၊ နောက်ပိုင်းကျတော့ ဆရာတော်များက နှန်မကျေနပ်ဟန်တူလို့ အများသွားပေမဲ့ တပည့်တော် မသွားပါဘူး။

**ဓမ္မဂုတ်။** ။ဆရာတော်တွေမှမသိဘဲ, သွားတော့ရော ဘာဖြစ်တုန်း။

**တပည့်တော်။** ။ဆရာတော်များက အကြောင်းရှိလို့ "ဇနက ခေါ်လိုက်စမ်း" လို့ ခိုင်းလျှင် မတွေ့မှာစိုးလို့ မသွားတာပါ, တပည့်တော်ကို ဆရာတော်များ အထင်သေးမှာ စိုးပါတယ်၊ ရွှေကျင်ဂိုဏ်းသွား ဖြစ်လို့လဲ အထင်သေး မခံချင်ပါဘူး။

**ဓမ္မဂုတ်။** ။ကိုယ်တော်က တခြားနေပေမဲ့ ဂိုဏ်းကိုတော့ လေးစားသေးတာ ဘဲလား။

**တပည့်တော်။** ။တပည့်တော်ဝါသုနာက တနေရာရောက်ယင် မူလနေရာကို လေးစားတဲ့ထုံးစံ ရှိပါတယ်၊ ပခုက္ကူက မန္တလေးမြန်ရောက်တဲ့ အခါလဲ ပခုက္ကူကို အထင်မသေးစေအောင် အမြဲသတိထားပါတယ်, ကြိုးစားပါတယ်၊ ဒါ့ကြောင့် ပခုက္ကူနေတုန်းလဲ ရွှေကျင်ဂိုဏ်းနှင့်ဆရာသမားများကို အထင် မသေးအောင်စောင့်စည်းပါတယ်၊ တခါက ဓမ္မမဥ္ဇူကျောင်း မပြောင်းခင် ခံထောက်ကျောင်းမှာနေခိုက် ကျောင်းရှိကိုယ်တော်များ မိုးသည်းအေးအေးမှာ စာမထောက်ရလို့ ဝိုင်းဖွဲ့ပြီး စကားပြောနေကြပါတယ်၊ တပည့်တော်လဲ စာကြည့်ပြီးလို့ အဲဒီဝိုင်းသွားပြီး ထိုင်ပါတယ်, ဆေးလိပ်ပုဂံပြားက အလယ်ခေါင်မှာပါ, တပည့်တော်ရောက်ချိန်မှာ သူတဲ့ရှည့် ငါတဲ့ရှည့် သောက်နေကြပါတယ်၊ မိုးနဲ့အေးအေးဆိုတော့ မီးခိုးငွေ့လေးတလူလူနဲ့ သောက်ချင်စရာလဲကောင်းပါတယ်၊ တပါးက တပည့်တော်ကို "မသောက် ချင်ဘူးလား" လို့ မေးပါတယ်၊ တပည့်တော်က "သောက်ချင်သားဘဲ" လို့ ပြောတော့ "သောက်ချင် သောက်ပါလား" တဲ့၊ ဒီတော့ တပည့်တော်က ပြုံးပြီး "ဇာတ်ပျက်သွားလိမ့်မယ်" လို့ ဖြေပါတယ်, အားလုံးလဲ ပြုံးကြ ပါတယ်။

တခါတော့လဲ ဒီလို စကားဝိုင်းမှာ သွားပြီးထိုင်မိပါတုန်း၊ အဲဒီအခါ မြောင်းမြဆရာတော်လေးသွင်း ဆရာတော်က "ဟဲ့...ဇနက ဘာလုပ်နေတာ တုန်း" လို့ ပြောလေ့ရှိတဲ့စကားကို နားထဲမှာ ကြားသလိုဖြစ်လာလို့ ချက်ချင်း ကိုယ့်နေရာပြန်ပြီး စာကြည့်ရပါတယ်၊ တခါတော့လဲ ရွှေဂူကြီး ဘုရားပွဲမှာ အထူးအဆန်း မီးပန်းတွေလွှတ်ပြီး ပူဇော်ပါတယ်၊ တိုက်က သံဃာအများ သွားကြသော်လဲ တပည့်တော်တော့ ဆရာတော်ကြီးများ ခေါ်ယင် မတွေ့မှာစိုးလို့ မသွားဘဲနဲ့ ကျောင်းတိုက်ထဲကပင် လမ်း လျှောက်ပြီး အပေါ်တက်လာတဲ့ မီးပန်းတွေကို ကြည့်နေပါတယ်၊ အဲဒီ တော့ ဓမ္မမဥ္ဇူကျောင်း မပြောင်းရသေးပါဘူး။

**ဓမ္မဂုတ်။** ။အဲဒီလို စောင့်စည်းတာတွေက ကိုယ်တော် အတွက်, ဆရာသမား များရဲ့ ယုံကြည်ရအကြောင်း အကောင်းတွေဖြစ်နေတာပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်, ဆရာသမားများကိုယုံကြည်တော်မူကြ၍ စာပေ ဘက်က ချီးမြှောက်ကြလို့လဲ တပည့်တော်မှာ ဒီအခြေအနေ ရောက်နိုင် တာပါ၊ တပည့်တော်အစွမ်းချည်း မဟုတ်ပါဘူး၊ များစွာသော စာသင် သားတွေမှာ တပည့်တော်ထက် ကျော်ဘူးကောင်းသူတွေ ရှိကြပါတယ်၊

ဒါပေမဲ့ ဆရာသမားများရဲ့ ချီးမြှောက်မှုကိုတော့ တပည့်တော်လို ရကြဟန် မတူပါဘူး။

**ဓမ္မဂုတ်**။ ။ထိုသာနုဲခေတ်တုန်းက ကိုယ်တော့်ကော ဝံသာနုတရား မဟောဘူးလား။

**တပည့်တော်**။ ။ရှေ့ပိုင်းတုန်းကတော့ မဟောပါဘူး၊ နောက်ပိုင်းကျတော့ " သီတင်းသုံးတော် ဓမ္မကထိကများက ကူညီပြီးဟောပါဦး " လို့ တိုက်တွန်းတာနဲ့ ဟောပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်အခါတုန်းကလဲ။

**တပည့်တော်**။ ။အဲဒါကတော့ အစကစပြီးပြောမှထင်တယ်၊ တပည့်တော်က ရဟန်း ၃ ဝါလောက်အရမှာ သီတင်းကျွတ်တော့ မျက်စိအားနည်းပါတယ်၊ (တပည့်တော်က မသိပေမဲ့ ဆီးအလွန်ဝ ပြီး) ဆီးရောဂါဖြစ်နေဟန်တူပါတယ်၊ ညောင်တုံးဆရာတော်ဆီ စာဆိုနေတုန်းမှာပင် စာကြည့်လို့ မမြင်နိုင်အောင် မျက်စိအားနဲလို့ စာဝါတွေရပ်ပြီး မန္တလေးပြန်ရပါတယ်၊ အဲဒီ အခါမှာ နဝမကွန်ဖရင့်က မန္တလေးမှာ ကျင်းပဘို့ရန် အချိန်နီးကပ်နေတာဖြစ်လို့ ဆတော်ပေါ်မှာ ကိုယ်စားလှယ်ကြီးတွေ (ခေါင်းဆောင်တချို့) ပါလာပါတယ်၊ မန္တလေးဘူတာဆိုက်ယင် ကြိုဘို့ စောင့်နေကြတဲ့လူထုကြီးကို စက်ကိုင်းမှ သင်္ဘောခါးလာကတည်းက မြင်ကြရလို့ တအံ့တသြ ပြောကြပါတယ်၊ တပည့်တော်က ဘာမှမမြင်နိုင်ပါဘူး၊ မန္တလေး ဂေါဝိန်ဆိပ်ကမ်းနဲ့ နီးမှ မြင်ရပါတယ်၊ ဒါလောက် အထိ မျက်စိကမ်းနေပါတယ်၊ ဒါပေမဲ့ မျက်စိကို ကျကျနန ကုဘို့နည်းလမ်း မသိပါဘူး၊ နဝမကွန်ဖရင့်မှာ ကြည့်ယင်းအချိန်ကုန်နေပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က လူတွေရဲ့အစည်းအဝေးကို သွားကြည့်သလား။

**တပည့်တော်**။ ။သွားကြည့်တာပေါ့၊ အစည်းအဝေးဆိုပေမဲ့လဲ သာမန်အစည်းအဝေးမျိုး မဟုတ်ပါဘူး၊ နိုင်ငံကို လွတ်လပ်ရေးရဘို့ ကြိုးစားတဲ့ အစည်းအဝေးဆိုတော့ တပည့်တော်တွင် ဘယ်ကမလဲ၊ မန္တလေးက ဒိုင်အဖွဲ့ဆရာသမားကြီးတွေ စက်ကိုင်းဘက်ကဆရာသမားကြီးတွေအောင် (သံဃာတော်များအတွက် ခွပ်မြင့်မြင့်ဆောက်ထားတဲ့) သံဃာစင်ပေါ် ကြွပြီး ရှုစားတော်မူကြပါတယ်၊ ခေါင်းဆောင်လူကြီးတွေ ညီညွတ်ပုံကလဲ (အစဆုံးနဲ့ နောက်ဆုံးဖြစ်မလားမသိ) ယခု လက်နက်ရှိလျှင်

ယခု ထချချင်စရာ ကောင်းလောက်အောင် ညီညွတ်ကြပါတယ်၊ ကြည့်ရတာလဲ သူ့ခေတ်နဲ့သူ့အခါ ကြက်သရေရှိလိုက်တာ မပြောပါနဲ့တော့၊ ယောကျ်ားတွေက ပိုးပုဆိုး ယောပုဆိုးတောင်ရှည်နဲ့၊ အမျိုးသမီးတွေကလဲ ပင့်နီအင်္ကျီ ယောထမိန်နဲ့။

**ဓမ္မဂုတ်** ။ ။ ကိုယ်တော်က ဝံသာနုစိတ်အားကြီးပြီး မျက်စိကုဘို့တောင် သတိမရဖူးတော့ဘူးလား။

**တပည့်တော်**။ ။ မျက်စိက စာမကြည့်ဘဲနေတော့ နဲနဲသက်သာလာပါတယ်၊ ဆေးရုံကိုပြပါတယ်, ဆေးရုံက သူငယ်အိမ်ကိုကြည့်တဲ့အခါမှာ "ရောဂါ မရှိပါဘူး, စာမကြည့်ပါနဲ့" လို့ ပြောပါတယ်၊ ဒါပေမဲ့ ဆေးရုံက ထွက်လာလို့ ခေတ်ရထားပေါ် တက်စီးတဲ့အခါ ညီဖြစ်သူကျောင်းသားလဲ ပါတော့ ခေတ်ရထားလက်မှတ်ကို သူက ယူပါတယ်၊ တပည့်တော်က လက်မှတ်ကြည့်တဲ့အခါ စာလုံးတွေ ဖတ်လို့ မရတော့ပါဘူး၊ ဒီအခါမှာ မျက်စိ ကောင်းမှာမဟုတ်တော့ဘူးလို့ တွေးပြီး အတော်စိမ်းနဲ့လိုက်ပါ တယ်၊ နောက်တရက် ဦးစံကျောင်းဆေးတိုက်ကိုပြပါတယ်၊ ဦးစံကျောင်းက "သူငယ်အိမ် ကျယ်နေတယ်" လို့ ပြောပါတယ်၊ ဆေးရုံရောက်တဲ့ အကြောင်းပြောတော့ "သူငယ်အိမ်ကို ချဲ့ကြည့်ထားလို့ပါ, မကြာခင် ပြန်ကောင်းပါလိမ့်မယ်" လို့ ပြောမှ စိတ်အေးသွားပါတယ်။

**ဓမ္မဂုတ်**။ ။ နောက်တော့ ဘယ်လိုကုစားလဲ။

**တပည့်တော်**။ ။ နောက်တော့ ပလိပ်ကရှိဟာန်းအမ္မရဲ့ ယောကျ်ား ခေတ်ဆရာလဲ ဖြစ်တဲ့ ဆရာဖြူကို မေးကြည့်ပါတယ်, ဒကာကြီး ခေတ်စခုပေးတဲ့အတိုင်း စာမကြည့်ဘဲနေပြီး ရွာပြန်သွားပါတယ်၊ ရွာရောက်တော့ မိဘများက သင့်မြတ်တဲ့ဆွမ်းဟင်းကိုချက်ပေး, နွားနို့ သောက်, ညနေ ထန်းလျက်ရေနဲ့ ရှောက်ရေသောက်, ဒီလိုနဲ့ ၂ လလောက်ကြာတော့ ဆီးလဲကောင်း မျက်စိလဲကောင်းပြီး, အတော်အားရှိလာပါတယ်။

**ဓမ္မဂုတ်**။ ။ ကိုယ်တော့်ရဟန်းအမ္မ ဆိုတဲ့ ပဆိုတာက အပျိုကြီး မဟုတ်လား, အဲ့ဒါ ကိုယ်တော့်စကားထဲမှာ "ရဟန်းအမရဲ့ ယောကျ်ား" လို့ ဆိုတယ်။

**တပည့်တော်**။ ။ ဟုတ်ပါတယ်, တပည့်တော့်ရဟန်းခံတုန်းက အပျိုကြီးပါ, နောက်မှ ဖျားလို့ ဆေးကုရာက နဂိုရ်ကလဲ ဆွေမကင်း မျိုးမကင်းဆိုတော့ အကြောင်းပါသွားတာပါ။

**ဓမ္မဂုတ်**။ ။မျက်စိရောဂါပျောက်တော့ ဘာတွေလုပ်သေးတုန်း။

**တပည့်တော်**။ ။မျက်စိရောဂါပျောက်တဲ့အချိန်မှာ မြောင်းမြဆရာတော် လောင်း ဆရာလဲ သရိုင်မှာ ခေတ္တရောက်နေလို့ ဆန်းကျမ်းဦလာသော ပတ္ထာရဖြန့်နည်းကို ထပ်ပြီးလေ့လာပါတယ်၊ ပြီးတော့ ပခုက္ကူမြို့သို့ရန် မန္တလေးရောက်တဲ့အခါ အနောက်ပြင် စာချအကျော် သင်္ဂြေးကျောင်း ဆရာတော် ဦးရေဝတနှင့် ဆရာတော် ဦးသီလစာရတို့အထံ တရက် သွားပြီး စာလိုက်ပါတယ်၊ နောက်တရက် တောင်ပြင်က ဆရာတော် ဦးငြိမ်းနှင့် ဆရာတော် ဦးနာရဒအထံ စာလိုက်ပါတယ်၊ အခြားဆရာ တော်များကတော့ ခေတ်အလိုက် ပို့ချတော်မူကြတာပါဘဲ၊ ဆရာတော် ဦးငြိမ်းကတော့ ရှေးမူအတိုင်းနဲ့ တူပါရဲ့၊ ရတဲ့စာဝါကဝိသဒ္ဒိမဂ်ဖြစ်ပါ တယ်၊ စာချဘို့နေရာသို့ကြွလာပြီး ပေစာတင်ထားတဲ့ ခေါင်းအုံးဘက်သို့ ဦးတိုက်ပြီး ဦးချပါတယ်၊ အဲဒီနောက် စာဆိုတဲ့သူတွေကို ကျောပေးပြီး ဦးတိုက်ရက်အတိုင်း စာချပါတယ်၊ တပည့်တော် သိပ်ကြည်ညိုပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က မန္တလေးမှာ အဲဒီ ၂ရက်ဘဲ တခြားတိုက်သွားပြီး စာလိုက်ဘူးသလား။

**တပည့်တော်**။ ။မှန်ပါတယ်, ဒီ ၂ရက်နဲ့ ဖွဲ့ပါးအထိ ပြီးအောင် စာလိုက်ပါ တယ်၊ ဒီအချိန်မှာ ပါဠိတော်အဋ္ဌကထာဋီကာတွေကို အတော်များများ လိုက်ပြီး ဆိုပြီးဖြစ်လို့ အနက်ဉာဏ်က အတော်ကြီးနေပါပြီ၊ ပခုက္ကူမြို့တို့ ရွာမှန်းတာက ပဋ္ဌာန်းအဋ္ဌကထာဋီကာဝဲ မကုန်သေးလို့ပါ၊ ထို အဋ္ဌကထာ ဋီကာကုန်ယင် လာမည့်ဝါတွင်းမှာ မန္တလေးစိသိုဒ္ဓါရုံ ပြန်နေဘို့ပါဘဲ။

**ဓမ္မဂုတ်**။ ။ပြန်နေဖြစ်ရဲ့လား။

**တပည့်တော်**။ ။မပြန်ဖြစ်ပါဘူး, "ကံစွဆိုတာ ကြံတိုင်းလဲ မဖြစ်ပါဘူး, မကြံ ဘဲလဲ ဖြစ်တတ်ပါတယ်" လို့ ဘုရားဟောတော်မူတဲ့အတိုင်းပါဘဲ၊ ပခုက္ကူ ရောက်တော့ ဆိုမြဲစာဝါများကို ဆက်ပြီးဆိုရာက မူလပဏ္ဏာသကုန်တဲ့ အခါ ညောင်တုံးဆရာတော်က "ဇနက...တော်လှော်ကပြ" လို့ စာဆို ရပ်လိုက်ပါတယ်၊ အဲဒီအချိန်မှာ ပဋ္ဌာန်း အဋ္ဌကထာတဝါသာ ဆိုရပါ တော့တယ်၊ "ဘာပြုလို့ စာဆိုဝါတွေ ရပ်လိုက်ကြပါလိမ့်မလဲ" လို့ စိတ်ထဲမှာ တွေးမိပါတယ်၊ တချိန်တော့ ရဟန်းခံရှိတဲ့အခါမှာ တပည့် တော်က သံဃာ့အစွန် ထိုင်နေပါတယ်၊ ရဟန်းပရိသတ်ကငါးရာလောက်

ရှိတော့ ထိပ်ဆုံးက ညောင်တုံးဆရာတော်က "ဇနက.... ရဟန်းလောင်း ဆုံးမတော်ပါလိမ့်မယ်" လို့ ဆိုပြီး "ဇနက....ဇနက" လို့ ခေါ်နေတာကို ရုတ်တရက် မကြားလို့ အနားက ကိုယ်တော်များက တဆင့်ပြောကြပါတယ်၊ ဆရာတော်များအနားရောက်တော့ "မန်ကျည်းစေ့ ကမ္မဝါစာ" ဆိုတဲ့ မဖတ်တတ်တဲ့ ကမ္မဝါစာကြီးကို လက်ထဲအပ်ပြီး "သုဿာတု မေ.... ဇနကော, အနုသာသေယျ" လို့ ဥတ်ထားတော့တာပါဘဲ။

**ဓမ္မဂုတ်**။ ။ဒီတော့ ကိုယ်တော်က "မဖတ်တတ်ပါ" လို့ မလျှောက်ဘူးလား။

**တပည့်တော်**။ ။ဘယ်လျှောက်ဝံ့မှာတုန်း, မဖတ်တတ်တဲ့ ကမ္မဝါစာကြီး ကိုင်ပြီး ရဟန်းလောင်းရှိတဲ့နေရာ သံဃာ့အပြင်ဘက် ထွက်ခဲ့ရတာပေါ့၊ ရဟန်းလောင်းနားရောက်တော့ "ဘယ်ကစပြီး ဖတ်ရမှန်းမသိ" လို့ တောင်ရှာမြောက်ရှာ ရှာနေတုန်း "ဆိုလေ, ဆိုလေ" လို့ ညောင်တုံး ဆရာတော်က လှမ်းပြီး အမိန့်ပေးတာနဲ့ "စာတက်တုန်းက ရထားတဲ့ အတိုင်း ရဟန်းလောင်းကို သွန်သင်ရတော့တာပါဘဲ။

**ဓမ္မဂုတ်**။ ။ပြီးတော့ ဆရာတော်များက ဘာပြောသေးတုန်း။

**တပည့်တော်**။ ။ဘာပြောရမှာလဲ တင်ကြိုပြီး သတိပေးထားတာမှ မဟုတ်တဲ့ ဥစ္စာ, ဒီနောက် ထုံးစံအတိုင်း ကမ္မဝါစာဖတ်တော့ ဆရာတော် ၂ပါးနှင့် အတူဖတ်ရလို့ ချောနေတာပေါ့။

**ဓမ္မဂုတ်**။ ။နောက်တော့ ကိုယ်တော်က လေ့ကျက်ထားရောလား။

**တပည့်တော်**။ ။တပည့်တော်က "ဒီအလုပ်ဟာ ငါ့အလုပ် မဟုတ်ဘူး, စာဆိုတဲ့သာ ငါ့အလုပ်ဖြစ်တယ်" လို့ ယူဆပြီး ဘာမှ အထူးမလေ့ကျက်ပါဘူး၊ ဒီလို ရဟန်းလောင်း မဆုံးမတတ်တဲ့ငါ့ကို နောက်တခါ ခိုင်းမှာလဲမဟုတ် ပါဘူးလို့ ထင်ပါတယ်၊ ဒါပေမဲ့ ထင်ကြေးမကိုက်ဘူးဘုရား၊ နောက် တခါ ရဟန်းခံကိစ္စရှိတော့ ခိုင်းပြန်တာဘဲ, ဒီတခါတော့ ကမ္မဝါစာကြီးကို လက်နဲ့ထောက်ပြီး "ဒီကအစ, ဒီမှာအဆုံး" လို့ အစအဆုံးထောက်ကိုသာ ပြပါတယ်၊ တပည့်တော်လဲ အစကိုသိတာနဲ့ စာတက်တုန်းက ရဘူးတာ မှန်းပြီး ဆုံးမလိုက်ပါတယ်၊ ပဌမအကြိမ်ထက်တော့ တော်လာပါတယ်၊ ဒါပေမဲ့ မဟန်သေးပါဘူး, "နောက်လဲ ခိုင်းတော့မှာ မဟုတ်ပါဘူး" လို့ ယူဆပြီး ထပ်ပြီး မလေ့ကျက်ပါဘူး။

**ဓမ္မဂုတ်**။ ။မခိုင်းတော့ဘူးလား။

**တပည့်တော်**။ ။ခိုင်းတာပေါ့ ဘုရား၊ ဒီတခါတော့ ကျောင်းတိုက်ကြီးရဲ့ အပြင်ကျောင်းတကျောင်းမှာ ဖြစ်ပါတယ်၊ သံဃာကနဲ့တော့ "တပည့်တော်က လှဲလိုက်၊ ဩောင်တုံးဆရာတော်က ခုထက်လိုက်"နဲ့ ပြီးသွားပါတယ်။ အဲဒီ ၃ ကြိမ်လဲပြီးရော တပည့်တော်လဲ ပခုက္ကူရဟန်းလောင်းဆုံးမနည်းအတိုင်းတော့ ကောင်းကောင်း ဆုံးမတတ်တော့တာပါဘဲ။

**ဓမ္မဂုတ်**။ ။အင်း....ကိုယ်တော့်ကို စာသင်ပေးရုံတွင် မကဘူး၊ ရဟန်းခံ-ရဟန်းလောင်းဆုံးမဖို့ကိုလဲ မှတ်-တတ်အောင် လက်ထပ်သင်ပေးကြတာတဲ့နော်။

**တပည့်တော်**။ ။ရဟန်းခံ-ရဟန်းလောင်းဆုံးမတွင် ဘယ်ကမလဲ၊ သိမ်သမုတ်တာကိုလဲ တပည့်တော်မိဖို့ လက်ထပ်ရခဲ့ပါတယ်၊ တခါတုန်းက "ကျဘို" ဆိုတဲ့ရွာမှာ ရဟန်းခံ-သိမ်သမုတ်ကိစ္စရှိလို့ ပဋ္ဌမဆရာတော် (ဆရာတော် ဦးပညာ)က တပည့်တော်ကို ခေါ်သွားပါတယ်၊ တရားလဲ ဟောရပါတယ်၊ သိမ်သမုတ်နည်းကိုလဲ ကိုယ်တွေ့ရခဲ့ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီရွာမှာ ဘာများ ထူးသေးတုန်း။

**တပည့်တော်**။ ။အဲဒီရွာမှာ နိုနွားတောင်တော်ကအဲဒီနယ်က ဆရာတော်ကြီး တပါးနဲ့ တပည့်တော်တို့ဆရာတော်မှာ လဘက်ရည်ကိုကျွေးပြုပါတယ်၊ တပည့်တော်က လဘက်ရည်လဲ ငှဲ့ပေးရပါတယ်၊ မုန့်များကို ပုဂံနဲ့ခဲယူပြီး လဘက်ရည်လဲ သောက်ပါတယ်၊ တပည့်တော်က ဒူးတုပ်လျက်ပါ၊ ဒီအခါ အဲဒီဆရာတော်ကြီးက တပည့်တော်ကိုကြည့်ပြီး "ဦးပဉ္ဇင်းလေးက ရွှေကျင်သားလား"လို့ မေးပါတယ်၊ ပခုက္ကူဆရာတော်က "ရွှေကျင် ပေါ့ဘုရား၊ ရွှေကျင် ရွှေကျင်"လို့ ဖြေပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်နေ့ပုံကို ဘယ်လိုနေလို့ မေးတာလဲ။

**တပည့်တော်**။ ။မစဉ်းစားတတ်ပါဘူး ဘုရား၊ ဆရာကောင်းများနဲ့ ကြီးလာတဲ့သူဟာ အနေတော့ အခြားနဲ့ တူပုံ မရပါဘူး၊ ဥပမာ-မြို့ကောင်း ဘာကောင်း သွားသွားမျိုးဟာ အရာရာမှာ အမြဲအသိ အနေအထိုင် ကျစ်ရစ်သလိုပါဘဲ။

**ဓမ္မဂုတ်**။ ။ပခုက္ကူမှာ ဒီလိုအဖြစ်မျိုး ဘယ်နှစ်ခါကြုံဘူးသလဲ။

**တပည့်တော်။** ။နောက်တခါလဲ ကြုံဘူးပါသေးတယ်၊ နေရာက "စိမ့်ကန်" ဆိုတဲ့ရွာ သိမ်သမုတ်ကိစ္စပါဘဲ၊ ညောင်တုံးဆရာတော်နဲ့ အတူပါ၊ လဘက်ရည်သောက်ကြတုန်း တပည့်တော်က လဘက်ရည်ငှဲ့ပေးယင်း ကိုယ်တိုင်လဲ ခွဲယူပြီး သောက်တုန်းမှာ ဆရာတော်ကြီးတပါးက "ဦးပဉ္စင်းကလေးက ရွှေကျင်လား၊ ဒွါရလား" လို့ဘဲ မေးပြန်ပါတယ်၊ ဒီတော့ ညောင်တုံးဆရာတော်က "ရွှေကျင်ပေါ့ဘုရား၊ ရွှေကျင်မှ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး သွေးသားထဲကပါ" လို့ ပြောပါတယ်။

**ခမ္မဂုတ်။** ။အဲဒီတော့ ကိုယ်တော်က ဝိသာနုတရား ဟောပြီလား။

**တပည့်တော်။** ။ တပည့်တော်ကို သီတင်းသုံးဘော်များက တိုက်တွန်းလို့ ဝိသာနုတရား ဟောနေတုန်း၊ ပဋ္ဌာန်းအဋ္ဌကထာလဲ ဆိုနေတုန်းမှာ ဆရာတော်များက စာချမြှောက်လိုက်ပါတယ်၊ စာချမြှောက်တဲ့ရက်က ကဆုန်လဆန်းတရက်နေ့ဖြစ်ပါတယ်၊ ဒီအချိန်မှာ တပည့်တော် ၃၀ ဝါသာရသေးလို့ အသက် ၂၂ နှစ်နဲ့ ၂ လ ပြည့်ရုံသာရှိပါသေးတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်က မခုက္ကူ စာချဖြစ်တဲ့ရက်ကို သေသေချာချာ မှတ်မိတာက ဘာအကြောင်းလဲ။

**တပည့်တော်။** ။အရှင်ဘုရား စဉ်းစားပါလား၊ တပည့်တော် ပခုက္ကူမှာ မသေ ထမင်း မသေဟင်းနဲ့ နေလာခဲ့ရတာမဟုတ်လား၊ စာချဖြစ်တယ်ဆိုတော့ နံနက်ခပ်စောစော ဆွမ်းပူ ဟင်းပူနဲ့ နေ့ဆွမ်း ပြည့်ပြည့်စုံစုံနဲ့၊ ပြီးတော့ အဲဒီအချိန်မှာ သံဃာခြောက်ရာကျော်လောက်ရှိတဲ့တိုက်ကြီး၌ ဆရာတော်ကြီးများနှင့်အတူ လက်ထောက် စာချများပါ ၁၈ ပါးလောက်ထဲတွင် အသက်အငယ်ဆုံး စာချဘုန်းကြီးကလေး ဖြစ်ပါတယ်၊ ဒီတော့ တပည့်တော်အတွက် တသက်လုံး သာသနာ့ကိစ္စမှာ ခိုင်မြဲသောအခြေခံ ရသွားတယ် မဟုတ်ပါလား၊ အဲဒီအချိန်မှာ လက်ထောက် စာချပုဂ္ဂိုလ်များကလဲ ဝါသာ မဖြစ်တဲ့အပြင် အားလုံး ခင်မင်ကြပါတယ်၊ ဒါကြောင့် ပခုက္ကူစာချဖြစ်တာဟာ တပည့်တော်အတွက် မှတ်သားဘွယ်ဖြစ်လို့ လရက်တို့ကို သေသေချာချာ မှတ်မိနေတာပါ၊ ပဋ္ဌာန်းအဋ္ဌကထာကုန်ယင် မန္တလေးပြန်ဘို့ ကြံစည်ထားတာလဲ မပြန်နိုင်သေးဘဲ၊ တာဝန်ကြေအောင် ဆက်ပြီး စာချနေရပါတော့တယ်။

**ခမ္မဂုတ်။** ။စာချဖြစ်ပြီးတဲ့နောက် ဝိသာနုတရား ဟောသေးသလား။

**တပည့်တော်။** ။ မဟောတော့ပါဘူး ၊ မဟောခြင်းရဲ့ အကြောင်းကလဲ တိုက်တာကို စောင့်ရှောက်လို့ပါဘဲ၊ အဲဒီတုန်းက ဝံသာနုတရားဟောလို့ နာမည်ကြီးလာယင် တနည်းနည်းနဲ့ ထောင်ကျမှာဘဲ၊ စာချ မဖြစ်သေးလျှင် ထောင်ကျတာ အရေးမကြီးပေမဲ့ စာချဖြစ်ပြီးတဲ့အခါကျတော့ "ပခုက္ကူတိုက်ကြီးက စာချဘုန်းကြီး ထောင်ကျသတဲ့" ဆိုတဲ့ နာမည်က တိုက်ကြီးပါ တွဲနေမှာမို့ ဆရာတော်များ စိတ်မကောင်းဖြစ်မှာ စိုးတဲ့အတွက် တရားဟော ရပ်လိုက်တာပါဘဲ။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဝံသာနုတရားကို အစိုးရ ထိအောင် ဟောတတ်လို့လား။

**တပည့်တော်။** ။အစိုးရထိအောင် မဟုတ်ပေမဲ့ တိုင်းတပါးသားရဲ့လက်အောက်ခံနေရတာဟာ မကောင်းတဲ့အကြောင်းတော့ ဟောရတာဘဲ၊ ဒါလောက်ဟောတာကိုလဲ အုပ်ချုပ်တဲ့အစိုးရက မခံနိုင်ဖြစ်မှာပေါ့၊ ဒါ့ကြောင့် စာချဖြစ်ပြီးနောက် မကြာခင်ဘဲ အရေးပိုင်ကလွှတ်လိုက်လို့ ဆိုပြီး စုံထောက်က လာမှတ်တာပါဘဲ။

**ဓမ္မဂုတ်။** ။စာချဖြစ်တဲ့ အကြောင်းကို မြောင်းမြဆရာတော်လောင်းဖြစ်တဲ့ ဆရာက မသိဘူးလား။

**တပည့်တော်။** ။တပည့်တော် ဝမ်းမြောက်သလို ဆရာလဲ ဝမ်းမြောက်တော်မူမယ်ဆိုတာသိလို့ စာချဖြစ်တဲ့အကြောင်းကို လျှောက်လိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ဆရာက ဘယ်လို အမိန့်ရှိသေးသလဲ။

**တပည့်တော်။** ။ပခုက္ကူရောက်သည်ကစ၍ ဆရာက အဝေးမှနေပြီး "မည်သည့်စာဝါကိုဆို၊ မည်သည့်စာဝါကိုလိုက်" စသည်ဖြင့် အမြဲ စီစဉ်ခဲ့ပါတယ်၊ စာချဖြစ်တယ် ကြားတော်မူတဲ့အခါ အရာရာ စိတ်ချပြီးဖြစ်လို့ "ဒီနောက်ကို ဆရာက စီစဉ်ပေးဘို့ မလိုတော့ဘူး၊ တပည့်ဘာသာ စီစဉ်နိုင်ပြီ" လို့ လွှတ်လပ်ခွင့် ပေးတော်မူပါတယ်၊ ဆရာနဲ့အတူနေ တပည့်ကြီးများကိုလဲ ပခုက္ကူသို့ ပို့ပေးပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်ဆရာက ဆရာ့တာဝန် သိပ်ကြေတာဘဲနော်၊ အုပ်ထိန်းချိန်မှာ အဝေးကနေပြီး အုပ်ထိန်းလို့ စိတ်ချလောက်တဲ့အခါမှာ လွှတ်လပ်ခွင့်ပေးလို့။

**တပည့်တော်**။ ။မှန်ပါတယ်, တပည့်တော်သာ မကပါဘူး, အခြား တပည့်များကိုလဲ ဒီလိုဘဲ စီစဉ်တော်မူပါတယ်၊ ဒါကြောင့် ယခုအချိန်မှာ ဆရာတော်ကိုယ်တိုင် သီတင်းမသုံးသော်လဲ တပည့်ကြီးများက " မြောင်းမြ-လပ္ပတ္တာ " စသော စာသင်တိုက်တွေမှာ အခြေအနေကောင်းအောင် အုပ်ချုပ်နိုင်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဆရာက တပည့်များအပေါ် အုပ်ချုပ်ပုံကို ကိုယ်တော် သတိထားမိသမျှ ပြောပါဦး။

**တပည့်တော်**။ ။ဆရာက တပည့်များကို ဖိနှိပ်ချုပ်လဲမထား, လွှတ်လွှတ်လပ်လပ်လဲ မထားဘဲ အလယ်အလတ်နည်းဖြင့် အုပ်ချုပ်ပါတယ်၊ ဒကာ ဒကာမတွေနှင့် ရင်းရင်းနှီးနှီး ရောရောနှောနှောနေတဲ့ တပည့်ကို ( မိမိစကားနားထောင်ပုံရလျှင် ) ထိုသို့ မနေအောင် တားမြစ်ပါတယ်, စကားနားထောင်ပုံမရတဲ့တပည့်ကို ငယ်ငယ် အပြစ်ပေးပြီး, ကြီးယင် လစ်လျူရှုပါတယ်, သို့သော် မိမိဆိုင်ရာတိုက်မှာတော့ နေခွင့်မပေးပါ။

မြောင်းမြဆရာတော်သာ ဒီလို အုပ်ချုပ်တော်မူတာ မဟုတ်သေးဘူး, ပခုက္ကူ ဆရာတော်များလဲ ဒီလိုဘဲ အုပ်ချုပ်တော်မူကြပါတယ်၊ တပည့်တော်ရှိတုန်းက ကျောင်းတိုက်ထဲမှာ ဥပုသ်စောင့်သော ဒကာ ဒကာမလဲ မရှိပါဘူး, (ဦးဘိုးချမ်း) ဆိုတဲ့ ကျောင်းဒကာကြီး ဘယောက်သာ ဥပုသ်စောင့်တာ မြင်ရပါတယ်၊ ကျောင်းတိုက်ထဲမှာ ဒကာ ဒကာမ အဝင်အထွက်လဲ အလွန် နဲပါတယ်၊ တပည့်တော်ရဲ့ ဓမ္မဥ္ဇူကျောင်းအမနဲ့ တခါမှ တပည့်တော် စကားမပြောခဲ့ဘူးပါဘူး၊ တောင်မြို့ရောက်ပြီး နာမည် တော်တော်တင်ရှားမှ "ဥဿုံဇနကာဘိဝံသ ဆိုတာ သူ့ရဲ့ကျောင်းမှာ စာချသွားတဲ့ ဘုန်းကြီး" ဟု သိလို့ လိုက်လာဘူးပါတယ်၊ ပခုက္ကူကျောင်းတိုက်ကြီးက ဒါလောက်ဘဲ ဒကာ ဒကာမနဲ့ ရောနှောမှု ကင်းပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုကင်းကင်းရှင်းရှင်းနေရတာ ကောင်းတာပေါ့နော်, စာကိုချည်း တဖက်သတ် စိတ်ဝင်စားတာဖြစ်တော့ သမာဓိလဲ တိုးမှာပေါ့။

**တပည့်တော်**။ ။မှန်ပါ, ကောင်းတော့ သိပ်ကောင်းတာဘဲ, ဒါပေမဲ့ တပည့်တော်ဖြစ်ပုံကလေး ပြောရအုံးမယ်၊ တပည့်တော်မှာ စာသင်သားဘဝတုန်းကလဲ ရင်းရင်းနှီးနှီး ဆွမ်းခံအိမ် မရှိခဲ့, စာချဖြစ်တော့လဲ

စာကိုသာ ကြိုးစားပြီးချနေရလို့ ဘယ်ဒကာမနဲ့မှ အသိအကျွမ်း မဖြစ်ခဲ့ပါ၊ သို့သော် သီတင်းကျွတ်တဲ့အခါ စာဝါလဲ ခေတ္တနားကြ, မီးထွန်းကြလို့ တပည့်တော်နေတဲ့ ဓမ္မမဉ္ဇူကျောင်းမှာလဲ ဖယောင်းတိုင်မီးတွေ ထွန်းထားပါတယ်, တတိုက်လုံးလဲ မီးတွေထိန်နေပါတယ်၊ ဒီ အချိန်မှာ သိဟိုဠ်ရှင်ဘုရားမှာလဲ ခုတ်မီးပူဇော်ခါစမို့ ကိုယ်တော်အများ သွားပြီး ကြည့်ကြပါတယ်၊ တပည့်တော်က ကျောင်းမှာတယောက်ထဲ ကျောင်းရှေ့နားက မြေပြင်ပေါ်မှာ ပက်လက်ကုလားထိုင်ပေါ် ထိုင်ပြီး ကျောင်းဘက်ကို လှည့်ကြည့်နေပါတယ်၊ ဒီအချိန်မှာ ကျောင်းတိုက်နဲ့စပ်တဲ့ ကျောင်းဒကာ – ကျောင်းအမတို့ရဲ့ သမီးအများ ကျောင်းတိုက်ကို လှည့်လည် ကြည့်ရှုယင်း တပည့်တော်အနီးက လမ်းပေါ်မှာ ရောက်လာကြပါတယ်, တပည့်တော်က သူတို့ကိုလှည့်ပြီး မကြည့်ပါဘူး၊ ဒါပေမဲ့ ခပ်နီးနီး ရောက်တဲ့အခါ ကြက်သီးတွေ ထလာပါတယ်၊ ဒီတော့ ဆက်ပြီးစဉ်းစားပါတယ်၊ သူတို့ကို ကြည့်လဲမကြည့်, သူတို့နဲ့စပ်ပြီး ဘာမှလဲ မစဉ်းစားဘဲ, အထက်တန်း အမျိုးသမီးတွေမှန်းသိရုံနဲ့ အနားရောက်လာတဲ့အခါ ငါ့မှာ ကြက်သီးထရတယ်ဆိုတော့ "သူတို့ရဲ့ အဆိပ်ဟာ အလွန် ပြင်းထန်ပါတကား" လို့ စဉ်းစားမိပါတယ်၊ ဒီနောက် ဘုရားအလောင်းများ ဒီကိစ္စအတွက် အရှက်ရခဲ့ဘူးတာတွေကိုပါတွေးပြီး, အတော်ကြာတဲ့အခါမှာ ဂါထာတပုဒ်လဲ ရေးပါတယ်, နောက်တကြိမ်မှာ တေးထပ်တပုဒ်လဲ ရေးပါတယ်။

**ခမ္မဂုတ်။** ။ဂါထာကို ရသေးသလား, ရယင် ရွတ်ပြစမ်းပါ။

**တပည့်တော်။** ။"ဉုးပဏ္ဍိတ" ဆိုတဲ့ မိတ်ဆွေက သုဘွဲ့နာမည် အစပိုဒ်မှာ ပါတဲ့ ဂါထာတပုဒ် ရေးပေးပါလို့ တောင်းတာနဲ့ အဲဒီ ကြက်သီးထခဲ့တာကိုမှန်းပြီး ရေးပေးပါတယ်။

ပဏ္ဍာငန္တွာ ပဝေဓန္တိ, ဒိုက္ကရီန သမာဂမေ၊
တသ္မာ ဟံ မုတ္တကေ ကာလေ, စရေယျံ ကာနနေ ဝရေ။

ဆိုလိုရင်းကတော့ "စာပေပရိယတ်၌ ကျွမ်းကျင်သော ပညာရှင်ပင်ဖြစ်သော်လဲ ပုထုဇဉ်တို့၏စိတ်ကို အဆိပ်တက်အောင် ပြုစွမ်းနိုင်သော မိန်းမပျိုတို့နှင့် ကြုံတွေ့တဲ့အခါမှာ စိတ်တုန်လှုပ်ကြရသည်၊ ဒါ့ကြောင့် ငါသည် ဝာပေပြည့်စုံတဲ့အခါဝယ် ထိုမိန်းမပျိုတို့ကို ရှောင်လျက် တောတောင်အရပ်မှာ ကမ္မဋ္ဌာန်းကျင့်၍ နေပါတော့မည်"။

ဓမ္မဂုတ်။ ။တယ်ကောင်း ကိုယ်တော်, တေးထပ်ကလေးက ဘယ်လိုတဲ့တုန်း။

တပည့်တော်။ ။ တေးထပ်ကလဲ လူထွက်ချင်တဲ့ သူတော်တယောက်ကို အကြောင်းပြုပြီး, အဲဒီ ကြက်သီးထမှုပါ သတိရလာသောကြောင့် ရေးပေးတာပါ၊ အဲဒီ တေးထပ်မှာ သဋ္ဌာယတနသံယုတ်, အာသီဝိသဝဂ်၌ ပါတဲ့ မြွေ ၄ မျိုးဥပမာကို ယူထားပါတယ်, မြွေဆိုပေမဲ့ ထိုမျှလောက် အဆိပ်ပြင်းတာဟာ နဂါးဘဲ ဖြစ်ထိုက်ပါတယ်။

**ဒိဋ္ဌဝိသမြွေ**။ ။ထိုမြွေနဂါး၏ စူးစူးစိုက်စိုက် အကြည့်ခံရတဲ့သူမှာ အကြည့်ခံရရုံနှင့် အဆိပ်တက်စေနိုင်ပါတယ်၊ ထို့အတူ မိန်းမပျိုရဲ့ အကြည့်ခံရသူမှာလဲ အဆိပ်တက်သလို စိတ်ထဲမှာရော ရင်ထဲမှာရော တမျိုးတဖုံ ဖြစ်ရတတ်ပါတယ်။

**ဖုဋ္ဌဝိသမြွေ**။ ။ထိုမြွေနဂါး၏ အထိခံရသူမှာလဲ တကိုယ်လုံး အဆိပ်တွေ ပျံ့စေနိုင်ပါတယ်၊ ထို့အတူဘဲ မိန်းမပျိုရဲ့ အထိခံရသူမှာလဲ တကိုယ်လုံး အဆိပ်ပျံ့သလို ရှိန်းဖိန်းသွားနိုင်ပါတယ်။

**ဝါတဝိသမြွေ**။ ။ထိုမြွေနဂါး၏ နှာခေါင်းလေဖြင့် အမှုတ်ခံရလျှင် ဖွဲပြာကဲ့သို့ ဖြစ်သွားစေနိုင်ပါတယ်၊ ထို့အတူ မိန်းမပျိုရဲ့ နှာခေါင်းလေ အမှုတ်ခံရသူမှာလဲ တကိုယ်လုံး အဆိပ်တွေပျံ့သလို မနေတတ် မထိုင်တတ် ဖြစ်နိုင်ပါတယ်။

**ဒဋ္ဌဝိသမြွေ**။ ။ထို မြွေနဂါးရဲ့ အကိုက်ခံရသူမှာ ထိုနေရာ၌ပင် လဲ၍သေနိုင်ပါတယ်၊ ထို့အတူ မိန်းမပျိုရဲ့ ကာမဂုဏ် မေထုန် အကိုက်ခံရသူမှာလဲ တကိုယ်လုံး အဆိပ်တက်ကာ မေ့မူးသွားစေနိုင်ပါတယ်။

အဲဒီ မြွေနဂါး ၄ မျိုးကို ဥပမာပြုပြီး မိန်းမပျိုများကို ရေးထားပါတယ်၊ တေးထပ်ထဲမှာ ဘုရားအလောင်းကြီးများတောင်မှ ယခုလို အဆိပ်တက်ရတဲ့အကြောင်းကို ပြထားပါတယ်၊ ထိုအကြောင်းတာတော့ "မုဒုလက္ခဏာဇာတ်, ဟာရိတဇာတ်" တို့ကို ရည်ရွယ်တာပါ၊ဟာရိတဇာတ်ကို ကိုယ်ကျင့်အဘိဓမ္မာ၌ ထည့်ထားပါတယ်၊ အဲဒီ အဆိပ်များဟာ အသုဘဘာဝနာ ပွားထားတဲ့သူတွေကိုတော့ မတက်နိုင်ပါဘူး, ထို့ကြောင့် ထိုအဆိပ်ကို ကြောက်လျှင် "အသုဘဘာဝနာဆေးကို ကိုယ်ခံအဖြစ်သုံးစွဲရမယ်" လို့လဲ

ညွှန်ပြထားပါတယ်၊ အဲဒီ မြွေအမျိုးကြောင့် ယောကျ်ားဖြစ်စေ၊ မိန်းမ ဖြစ်စေ၊ အမှားမှားပြုမိလျှင် "တမျိုးလုံး တနွယ်လုံး နာမည်ပျက်တတ်ပါတယ်" လို့လဲ သတိပေးထားပါတယ်၊ အလွန်ကောင်းတဲ့ တေးထပ် ဖြစ်လို့ ရွတ်ပြပါ့မယ်။

## အဆိပ်မြွေ တေးထပ်

ကြည့်ရှုမြင်ရ အဆိပ်တက်သမို့၊ သိပ်ခက်သတဲ့ ကြည့်ဘို့ကို၊
စိတ်ပျက်သကွဲ့ ထိဘို့ဆိုလျှင်၊ အမိတို့လို မြွေအမျိုး။
နှာခေါင်းလေနှင့် အမှုတ်ခံလျှင်၊ တမဟုတ်အမြန် သေတတ်ပါသတဲ့ဖျိုး။
ကိုက်မျှားကိုက်က ငိုက်ဆိုက်နေပြီ၊ ကတိုက်ကရိုက်သေမည် အမှန်ဆိုး၊
မိုက်မိုက်ပွေလီ ဉာဏ်သူ့ခိုးဖြင့်၊ ကြံဆိုးကြံနှင့် အသင့်ရှောင်၊
"အသုဘ"ခေါ် ဆေးတော်ကြီး၊ မနှေးဖေါ်ပြီး သုံးစွဲပါလေမောင်၊
ငါတို့ဘုရား အလောင်းတော်တောင်ပင်၊ ကြောင်းမလျော်ပေါင် မိဖုရားနှင့်၊
ကြည့်မှားသဖြင့် မသင့်ဉာဏ်တွေခြယ်၊ အကျင့်ချွန်တွေ့ကွယ်၊
မြွေအမျိုးကြောင့် တန်ခိုးပြယ်လျှင်၊ အမျိုးအနွယ် မှိန်တတ်ပါသတဲ့လေး။

**ဓမ္မဂုတ်**။ ။ကောင်းပါ့ ကိုယ်တော်၊ ကိုယ်တော်မှာတော့ မကြည့်ရ၊ မထိရ၊ ခလေမှုတ်လဲ မခံရ၊ အကိုက်လဲ မခံရဘဲ ခပ်နီးနီးမှာ သူတို့ရောက်လာရုံနဲ့ ကြက်သီးထတယ်ဆိုတော့၊ အဲဒီအမျိုးသွီးတွေက ကိုယ်တော့်တေးထပ်မှာ ပါတာထက်တောင် ပိုပြီး သတ္တိကြွယ်ပါသေးလား။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား၊ ဒါ့ကြောင့် တပည့်တော်လဲ သူတို့ရဲ့ မပြု မပြင် ပင်ကိုယ်အဆိပ်ကို အံ့ဩသွားမိပါတယ်။

**ဓမ္မဂုတ်**။ ။ဒါလောက် အဆိပ်ပြင်းတာကလဲ ပခုက္ကူတိုက်ကြီးက မာတုဂါမနဲ့ အနေဝေးလေတော့ ကိုယ်တော့်စိတ်မှာ သာ၍ကင်းရှင်းနေတဲ့အတွက် ပိုပြီး အဆိပ်ကပြင်းဟန်တူပါတယ်၊ ဥပမာ–လက်နှီးလုပ်တဲ့ အဝတ်စုတ်မှာ အမဲစက် နောက်ထပ်လူးပေမဲ့ ထူးပြီး မညစ်သော်လဲ၊ အဝတ်ဖြူဖြူ ကလေးမှာတော့ အမဲစက်ကလေးတကွက်ဟာ ထင်းထင်းကြီး ထင်ရှားသလိုပေါ့။

**တပည့်တော်။** ။ဒီလို ထူးထူးဆန်းဆန်းဖြစ်တတ်တာကိုသတိရပြီး တပည့်တော် အုပ်ချုပ်တဲ့အချိန်ကျတော့ ဖြစ်နိုင်သမျှရှင်းအောင် တိုက်တာမှာသတိပေး ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော် စာချဖြစ်တဲ့အခါ စားရေးက မပူရ မပင်ရလို့ စိတ်လဲ အေးသွားပြီး, စာလဲ ပဋ္ဌာန်းအဋ္ဌကထာမှတပါး မဆိုရလို့ ခန္ဓာကိုယ်လဲ သက်သာပြီ၊ ဒါ့ကြောင့် ကိုယ်တော့်မှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်နေမှာပေါ့။

**တပည့်တော်။** ။စားရေး မပူရ, စာများများ မဆိုရပေမဲ့ စာချနဲ့တူအောင် ကြိုးစားပြီး (မချခင်) ကြည့်ရှုရတာက စာဆိုတုန်းကထက် မသက်သာပါ ဘုရား, ဒါ့ကြောင့် ပင်ပန်းမြဲ ပင်ပန်းနေပါသေးတယ်၊ ဒီပြင်လဲ မန္တလေး က "သကျသီဟ"ဆိုတဲ့ ပရိယတ္တိစာမေးပွဲကိုဝင်ဖို့ တာဝန်ရှိသေးတော့ ထိုစာမေးပွဲနဲ့ဆိုင်တဲ့ အောက်ကျမ်းစာတွေ အထက် အဋ္ဌကထာတွေကို ကြိုးကြိုးစားစား ပို့ချနေတဲ့အတွက် ပိုပြီး ပင်ပန်းသလိုဖြစ်နေပါတယ်၊ ညဝါချတဲ့အခါမှာ (ဖျော်ရည်ကလေးမျှ သောက်စရာမရှိတော့) စာချ ပြီးယင် အများအားဖြင့် မူးပြီးအိပ်ရတော့တာဘဲ။

**ဓမ္မဂုတ်။** ။အင်း...ကိုယ်တော်ဟာ ဒီလိုစာချယင်း မသေခဲ့တာတော့ ကံ ကောင်းတယ် ဆိုရမလား, ကံဆိုးတယ် ဆိုရမလားဘဲ။

**တပည့်တော်။** ။၂မျိုးလုံး ဆိုနိုင်ပါတယ်, ဆင်းရဲတာကတော့ ကံဆိုးလို့ပေါ့၊ မသေဘဲ ယနေ့အထိ သာသနာ့တာဝန်ကို ထမ်းဆောင်နိုင်တာ ကတော့ ကံမှ အကြီးအကျယ်ကောင်းလို့ ဖြစ်ပါတယ်။

**ဓမ္မဂုတ်။** ။မန္တလေး ပရိယတ္တိအသင်းစာမေးပွဲတော့ ဘယ်အရွယ်မှာ ဝင်ဖြစ် သလဲ။

**တပည့်တော်။** ။၆ ဝါရမှ ဝင်ဖြစ်ပါတယ်, ဒီအချိန် ပခုက္ကူမှာ စာချရ တာလဲ ၃ နှစ်လောက်ရှိတော့ စာချရည် အတော်ဝနေပါပြီ။

**ဓမ္မဂုတ်။** ။သူများမှာ စာသင်သားဘဝနဲ့ အဲဒီစာမေးပွဲကို ဝင်ကြတယ်, ကိုယ်တော်ကတော့ စာချဘဝနဲ့ဝင်တာဖြစ်လို့ ကျများဂျလိုက်ယင် နာမည်အတော်ပျက်မှာဘဲ။

**တပည့်တော်**။ ။မှန်ပါတယ်, ဒါ့ကြောင့် ပခုက္ကူဆရာတော်ကြီးများကလဲ မဝင်စေချင်, မြောင်းမြဆရာတော်ကလဲ ပင်ပန်းလွန်းလို့ မဝင်စေချင်ပါဘူး။

**ခမ္မဂုတ်**။ ။ဒီလို ကျေးဇူးရှင်ဆရာတော်ကြီးများက မဝင်စေချင်တဲ့ စာပြန်ပွဲကို ကိုယ်တော်က ဘာသဘောနဲ့ ဝင်ဖြစ်အောင်ဝင်တာလဲ။

**တပည့်တော်**။ ။တပည့်တော်မှာ ငယ်ငယ်ကတည်းကစပြီး ကိုယ့်အရည်အချင်း ကိုယ်သိလို့ သာသနာတော်၌ လုပ်စရာတွေရှိယင် ဘာမဆိုလုပ်နိုင်အောင် အမြဲသတိရှိခဲ့ပါတယ်၊ သရိုင်ရွာမှာ နေစဉ်ကလဲ စာပေဘက်မှာ တပည့်တော်နဲ့ အပြိုင်မရှိခဲ့ပါဘူး, မန္တလေး ဝိသုဒ္ဓါရုံတိုက်ရောက်တော့လဲ တပည့်တော်ထက်ကြီးသူတွေကပါ တပည့်တော်ကို ပညာဘက်က အသာပေးကြပါတယ်၊ အစိုးရပဋ္ဌမပြန်ကို ကျောင်းသားဘဝနဲ့ ၂ဆင့်အောင်ပြီး, အကြီးတန်းမှာ တနိုင်ငံလုံးမှ သာမဏေ ၂ ပါးသာ ပါပါတယ်, တပါးက နှောင်အခါ ရန်ကုန် အောင်မြေဘုံစံတိုက်ရဲ့ ဆရာတော်ဖြစ်ပြီး ပြန်တော်မူရှာပါတယ်၊ ပခုက္ကူရောက်တော့ သံဃာတွေကများတဲ့အတွက် ပြိုင်တဲ့သူ ရှိကောင်းရှိပါလိမ့်မယ်၊ ဒါပေမဲ့ တပည့်တော်ရဲ့ စာဆိုပုံကို သဘောကျပြီး တပည့်တော်ကိုသာ စာသင်သားရှေ ဆရာတော်ကြီးများကပါ ကျေနပ်ကြပါတယ်။

**ခမ္မဂုတ်** ။ ။ အားလုံးကျေနပ်ယင် တော်ရောပေါ့ ကိုယ်တော်, ဘာပြုလို့ ပရိယတ္တိစာပြန်ပွဲကို ဝင်ချင်သေးသလဲ။

**တပည့်တော်** ။ ။ ပခုက္ကူ စာချဖြစ်ပြီးတဲ့အခါမှာ " တပည့်တော်အတွက် တသက်လုံး ကျေနပ်စရာကောင်းပြီ "လို့ ဆိုနိုင်သော်လဲ တပည့်တော် အမြင်က တနိုင်ငံလုံးအတွက် ကြည့်လေ့ရှိပါတယ်၊ ပခုက္ကူစာချဖြစ်သော်လဲ မန္တလေးက သူ့နည်းနဲ့သူ အထင်ကြီးနေတာဖြစ်လို့ မန္တလေးနည်း မရသေးယင် အထင်သေးချင်ကြပါတယ်၊ မန္တလေးနည်းရဲ့ အဓိက သော့ချက်မှာ အဲဒီ ပရိယတ္တိ( သကျသီဟ )စာမေးပွဲ အောင်–မအောင် အပေါ်မှာ တည်ပါတယ်၊ ကျေးဇူးရှင်ကြီးများ အမြင်နဲ့ တပည့်တော် အပေါ်မှာ အရာရာ ကျေနပ်ပြီးဖြစ်သော်လဲ တနိုင်ငံလုံးက အကြွင်းမဲ့ ကျေနပ်တို့ လိုပါသေးတယ်၊ ဒါ့ကြောင့် ပခုက္ကူစာချဖြစ်၍ စာရည်ဝနေ သော်လဲ မန္တလေး စာသင်တန်းကို အောက်ကျနောက်ကျခံပြီး ဝင်ခဲ့ တာပါ၊ အဲဒီလို ဝင်တဲ့အခါ အသက် ၂၇ နှစ်အတွင်း၌သာ ဝင်ခွင့်ရတဲ့

စာမေးပွဲဖြစ်လို့ ခြေချော်လက်ချော် ၂ကြိမ်လောက်ငင်နိုင်အောင် ၆ ဝါ အရမှာ လာပြီးဝင်ရပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီစာမေးပွဲ လာဝင်တော့ မန္တလေးက ဘယ်လို ထင်ကြေးပေးကြသလဲ့, အလွယ်တကူအောင်မှာဘဲလို့ ထင်ကြရဲ့လား။

**တပည့်တော်**။ ။ဒီအချိန်မှာ မန္တလေးမှာ တပည့်တော်နဲ့ အရွယ်တူတွေ သကျသီဟ အောင်ကြ , ပဌမကျော်အောင်ကြနဲ့ စာမေးပွဲဘက်မှာ အလွန်ခြေသွက်နေကြပါတယ်၊ တပည့်တော်ကိုလဲ အဲဒီ အသိုင်းအဝိုင်း တချို့က "ပခုက္ကူစာချပေမဲ့ မန္တလေးတော့ ဘာရလိမ့်မှာတုန်း"လို့ အထင်သေးကြပါတယ်, တချို့ကတော့လဲ မန္တလေးနေစဉ်က အကြောင်းသိကြလို့ အထင်မသေးကြပါဘူး၊ မှန်–မမှန်ကို စာမေးပွဲဖြေတဲ့အခါ အကြီးတန်းဝင်နေသော ကိုယ်တော်တချို့ကဆိုယင် သူတို့ဖြေပုံကို(အငယ်တန်းဖြေပြီးထွက်လာသော) တပည့်တော်ကို မေးကြပါတယ်၊ အဲဒီလောက်အထိ တပည့်တော်ကို တချို့က လေးစားကြပါတယ်။

**ဓမ္မဂုတ်**။ ။အောင်တော့ အောင်ရဲ့လား, ဘယ်အဆင့်က အောင်တုန်း။

**တပည့်တော်**။ ။နံပါတ် (၂)က အောင်ပါတယ်, နံပါတ် (၁) ကိုယ်တော်က ပခုက္ကူ ခေတ္တနေဘူးပြီး တပည့်တော်ဆီမှာ စာလိုက်ဘူးပါတယ်၊ သူက စာမေးပွဲတွေ အတော်များများဝင်ပြီးရှိမက, အဲဒီအချိန်မှာ ပဌမကျော်အောင်ပြီးပါပြီ, တပည့်တော်ထက် နှစ်ဝါငယ်ပါတယ်၊ ဖြေပြီး ပြန်လာတဲ့အခါမှာ တပည့်တော်နောက်ကလိုက်ပြီး သူဖြေခဲ့ပုံတွေကို နေ့စဉ် ပြောပါတယ်၊ နောက်ဆုံးနေ့ ပြောပြီးတဲ့အခါမှာ "ဦးပဥ္ဇင်းတော့ (သူ့ကို) အောင်မှာ သေချာတယ်၊ ဒို့လဲ သဒ္ဒါနေ့က မကျယင် အောင်မှာဘဲ"လို့ ပြောလိုက်ပါတယ်၊ သူက မြန်မာပြည်မှာရှိသမျှ အထက်တန်းစာမေးပွဲတွေ အောင်တဲ့အပြင်, ဘီအေတောင် အောင်လိုက်ပါသေးတယ်, အတော်ဉာဏ်ကောင်းပါလိမ့်မယ်၊ "ဦးပညိန္ဒာဘိဝံသ"တဲ့။

**ဓမ္မဂုတ်**။ ။စာသင်တန်းအောင်ပြီးနောက် ကိုယ်တော် ဘယ်မှာဝါဆိုသလဲ။

**တပည့်တော်**။ ။အဲဒီဝါဆိုဘို့ နေရာစဉ်းစားပုံကလေးကို လျှောက်ပါအုံးမယ်၊ ပရိယတ္တိစာသင်တန်းဝင်တဲ့အခါ တပည့်တော်က ယခုနေတဲ့ အမရပူရမြို့ မဟာဂန္ဓာရုံတိုက်မှာ ခေတ္တနေပြီး ဝင်ပါတယ်၊ ဒီတိုက်က တပည့်တော်ရဲ့ ရဟန်းအမကြီးနဲ့ မောင်နှမများရဲ့ မိဘများ စတည်ခဲ့တဲ့ ကမ္မဋ္ဌာန်း

ကျောင်းတိုက် ဖြစ်ပါတယ်, သံဃာငယ်များ နေခွင့်မရပါဘူး၊ အသက်ကြီးတဲ့ ကမ္မဋ္ဌာန်းဘုန်းတော်ကြီးများသာ နေခွင့်ရပါတယ်, ဒီအချိန်မှာ အုပ်ချုပ်တဲ့ အတိသုခ ဆရာတော်ကြီးက မဟာဂန္ဓာရုံ ( တပည့်တော်ရဲ့ ဥပဇ္ဈာယ် ) ဆရာတော်ဆီမှာ နေဘူးလို့ မဟာဂန္ဓာရုံ ဆရာတော်ကလဲ သဘောကျ, ကျောင်းဒကာ ကျောင်းအမများကလဲကြည်ညိုတဲ့ ကမ္မဋ္ဌာန်း ဆရာတော်ကြီးဖြစ်ပါတယ်၊ တပည့်တော်ကို အမျိုးမျိုးငဲ့ပြီး ငယ်ငယ်ကလေး ခင်နေတာမို့ ခေတ္တနေခွင့်ပြုပါတယ်, ရဟန်းအမကြီး ၂ ယောက်တွင် အကြီးတယောက်က ကွယ်လွန်ပါပြီ၊ ကျန်သော ရဟန်းအမကလဲ တပည့်တော် နေတာကို ကျေနပ်ပါတယ်၊ ဒါပေမဲ့ တပည့်တော်မှာ ထိုတိုက်ရဲ့ ထုံးစံအတိုင်း သက်သတ်လွတ် စားပြီး သကျသီဟစာများကို လေ့လာရပါတယ်။

**မမွှဂုတ်**။ ။ဘယ်နှစ်လလောက် ကြာသလဲ။

**တပည့်တော်**။ ။၃-၄ လလောက် ကြာပါလိမ့်မယ်, စာကို လေ့လာတယ်ဆိုပေမဲ့ အားလုံး ရပြီးဖြစ်လို့ ညအခါမှာ စာသိပ်မပြန်ပါဘူး၊ အိပ်တဲ့ ခဋ္ဌင်ပေါ် ထိုင်ပြီး စာပြန်ယင်း အိပ်ချင်တော့ အိပ်လိုက်တာပါဘဲ၊ ၉နာရီ တိုင်အောင် စာပြန်လေ့ မရှိပါဘူး, နေ့ခင်းတော့ ဟိုစာ ဒီစာတွေကြည့်တာဘဲ, စာပြန်ပွဲနီးလို့ ဝိသုဒ္ဓါရုံ ဇီးပင်ကျောင်းမှာ သွားနေတော့ သကျသီဟ စာပြန်ပွဲဝင်မည့်ကိုယ်တော် ၃ ပါးလောက်ဟာ တပည့်တော် တဲရေးနိုးခတောင် စာပြန်ကြတုန်း ရှိပါသေးတယ်။

**မမွှဂုတ်**။ ။စောစောက သက်သတ်လွတ်မစားရအောင် မန္တလေး ဝိသုဒ္ဓါရုံ တိုက် သွားပြီး ဘာပြုလို့ မနေသလဲ။

**တပည့်တော်**။ ။မေးစရာပါဘဲဘုရား, ဒါပေမဲ့ တပည့်တော်ရဲ့ ဆရာရင်းဖြစ်တဲ့ မြောင်းမြဆရာတော်လောင်းက ဒီအချိန်မှာ ဝိသုဒ္ဓါရုံ၌မနေဘဲ နိုင်ငံခြား ရောက်နေတယ်လို့ထင်ပါတယ်၊ဆရာရင်းကမရှိတော့ တပည့်တော်တို့ဆွမ်း ဘယ်ကရမလဲ၊ ပခုက္ကူမှာ ဆွမ်းမခံရဘဲ စာချလာတဲ့အချိန်ကများတော့ ဆွမ်းခံရမှာလဲ ဝန်လေးသလိုဖြစ်နေပါတယ်၊ ဒါ့ကြောင့် သက်သတ်လွတ် စားရ စားရ, ဆွမ်းမခံဘဲ စားရတဲ့နေရာမှာ နေရပါတယ်။

**မမွှဂုတ်**။ ။ကိုယ်တော်က ဆရာ့ကံကောင်းသလောက် အစားအသောက်ကံတော့ ဆိုးရှာတယ်နော်၊ ပြောပါအုံး.... " စာသင်တန်းစာမေးပွဲအောင်ပြီးတဲ့အခါ ဘယ်မှာ ဝါဆိုသလဲ" ဆိုတာကို။

**တပည့်တော်**။ ။နေပါအုံးဘုရား....လျှောက်ပါ့မယ်၊ ဒီအချိန်မှာ တပည့်တော် ကိုယ်တိုင် ဝါဆိုဘို့နေရာကို မဆုံးဖြတ်နိုင်လို့ အောက်ပါ တေးထပ်ကို ရေးမိပါတယ်။

ဘယ်ဆီမှာ အတည်ဖြစ်ရပါ့၊ သည်တနှစ် ဝါမှာ
စီစစ်လို့ အရာရာဝယ်၊ အခါခါ ထောက်တွေး၊
နေထိုင်မြဲ မြို့ရွှေကူမှာ၊ ဟို့နေသူ များကြောင့်မအေး။
ရွှေမန်းသို့ မြန်းကြွပြန်လျှင်၊ ချမ်းမြရန် ပုံဝေး၊
သည်ဆီမှာ ရှိရှိရဲ့ အရေးရယ်က၊ သိသိကလေး ခက်တုံ၊
ခွင့်မတော် ကြောင်းမလှမှုဖြင့်၊ ကျောင်းဘုရာ့ မောင်းချမည့်ပုံ။
အနောက်ဘက် ဓမ္မာရုံမှာ၊ ကညာစုံ စာပြဘို့၊
တဝါမျှ ပြောင်းနေရသော်၊ ကောင်းလေစွာ့ဩ၊
ဒီအချက် ထုံးမှတ်လျှော်အောင်၊ ဆုံးဖြတ်တော်မူစမ်းကြလေး....။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်တေးထပ်ထဲမှာ တွေးစရာတွေ အများကြီးပါနေတယ်၊ ရှင်းပြအုံးမှဘဲ၊ "မြို့ရွှေကူမှာ ဟို့နေသူ" ဆိုတာ ဘယ်သူတွေလဲ၊ "ပခုက္ကူမှာ ရင်းနှီးတဲ့ဒကာမ မရှိဘူး" ဆို။

**တပည့်တော်**။ ။အရှင်ဘုရားက အတွေးလွန်သွားလို့ပါ၊ ကဗျာဆိုတာ ဒီလိုဘဲ ယဉ်အောင် ရေးရပါတယ်၊ "ဟို့နေသူ" ဆိုတာ စာသင်သားတွေကို ဆိုလိုတာပါ၊ နဂိုရ်ကပင် တပည့်တော်ဆီမှာ အလွန် စာထက်ချင်ကြပါတယ်၊ မန္တလေးက စာသင်တန်းအောင်လာတယ်ဆိုတော့ သာပြီး အောက်ခြေ စာတွေကို တက်လိုကြပါလိမ့်မယ်၊ ဒီတော့ တပည့်တော်ကလဲ အားနာပြီး ပို့ချရပါလိမ့်မယ်၊ ဒါ့ကြောင့် အေးအေးသက်သာ နေခွင့်မရမှာမြင်လို့ " နေထိုင်မြဲ မြို့ရွှေကူမှာ၊ ဟို့နေသူများကြောင့် မအေး "လို့ စပ်တာ ဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်စာက နုလွန်းလို့ အတွေးချော်ရတာဘဲ၊ "ရွှေမန်းသို့ မြန်းကြွပြန်လျှင်၊ ချမ်းမြရန်ပုံဝေး" ဆိုတာက ဘာအဓိပ္ပါယ်လဲ။

**တပည့်တော်**၊ ။မန္တလေးဝါဆိုယင် စားရေးကခက်တယ်၊ "ပရိယတ္တိအသင်းက ထောက်ပံ့တယ်" ဆိုပေမဲ့ ဆန်နဲ့ ထင်းသာ ထောက်ပံ့တာမို့ မစားလောက် ပါဘူး၊ ဒါ့ကြောင့် "ရွှေမန်းသို့ မြန်းကြွပြန်လျှင်၊ ချမ်းမြရန် ပုံဝေး" လို့ စပ်တာပါ။

**ခမ္မဂုတ်**။ ။ " သည်ဆီမှာ ရိရိရဲ့ အရေးရယ်က " ဆိုတာကတော့ ဘယ်လို အဓိပ္ပါယ်လဲ, ရိရိဆိုတာက ကိုယ်တော်နဲ့ ဘယ်လို ဆက်သွယ်နေလို့လဲ။

**တပည့်တော်** ။ ။ ကဗျာမို့ စကားအသုံး နုနေတာပါဘုရား၊ ရိရိ ဆိုတာ ရဟန်းအမတိုက်က (ဒေါ်ရီ) လို့ ခေါ်တဲ့ ဒကာမကြီးပါ၊ သူ့ကို လူငယ်တွေက "ရိရိ"လို့ ခေါ်ပေမဲ့ အလွန် ကြမ်းပါတယ်၊ ရဟန်းအမ တိုက်မှာ အရာရာ စောင့်ရှောက်ဖေါ်ရတဲ့ ဒကာမကြီးပါ, အဲဒီ ဒကာမ ကြီးက " တပည့်တော် ငယ်ငယ်ရွယ်ရွယ်နဲ့ ဂန္ဓာရုံတိုက်မှာ နေတာကို သဘောမတူပါဘူး၊ ရှေးဆရာတော်ကြီးများက သံဃာငယ်ကို လက်မခံ ရဘူး" ဆိုတဲ့ ဝါဒဟာ သူ့မှာ စွဲနေပါတယ်, ရဟန်းအမများရဲ့ ရဟန်း ဖြစ်လို့ ဘာမှလဲ မပြောပါဘူး၊ ဒါပေမဲ့ တပည့်တော်ဘက်က တချက် လွဲယင်တော့ "ဂျောင်း ဘုရ" လို့ မောင်းချမှာ သေချာပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော့စာက နုနေလို့ "ရိရိ ဆိုတာ ချောချောနုနုလေး"လို့ ထင်သွားတယ်၊ " အနောက်ဘက် ဓမ္မာရုံ " ဆိုတာကတော့ ဘယ်လို ဆက်သွယ်သလဲ။

**တပည့်တော်**။ ။တပည့်တော် ဂန္ဓာရုံမှာ စာကျက်နေတုန်း စစ်ကိုင်းဘက်က စာမေးပွဲအတွင်းမှာ စောင့်ရှောက်ဘို့ လာပြီးလျှောက်ပါတယ်, တပည့် တော်က "အားတဲ့အခါတော့ စာမေးပွဲနဲ့ ဆိုင်တဲ့စာများကို စေ့စေ့က တင်ကြိုပြီးပြောဘို့ ဖြစ်နိုင်ပါရဲ့ "လို့ ပြောလိုက်ပါတယ်၊ ဒါ့ကြောင့် တဝါမျှ သွားနေရယင် ကောင်းမှာဘဲလို့ ကြံစည်မိပါတယ်။

**ခမ္မဂုတ်** ။ ။ အား.... အဲဒီ အကြံဟာ ကောင်းတယ် ကိုယ်တော်, အဲဒီသာ ဝါဆိုပြီး အကြီး, အငယ်, အရွယ်မျိုးစုံတွေကို စာပြ နေရယင်တော့ စာမေးပွဲကြောင့်နွမ်းနေတဲ့ ကိုယ်တော့်စိတ်တွေအားလုံး လန်းသွားမှာဘဲ, ဒါနဲ့ အဲဒီမှာ ဝါဆိုဖြစ်ရဲ့လား။

**တပည့်တော်** ။ ။ စိတ်ဆိုတာ ကူးတိုင်းဖြစ်ယင် ခက်ကုန်မှာပေါ့ ဘုရား, စာမေးပွဲအောင်လို့ မန္တလေးမှာ အောင်ပွဲလဲ လုပ်ပြီးရော တပည့်တော်လဲ ဝါဆိုဘို့နေရာ မသေချာသေးတဲ့ အချိန်မှာ ညောင်ဦးမှာ တိုက်ခွဲပြီး သီတင်းသုံးနေတဲ့ ဆရာတော်က မန္တလေး မြတောင်တိုက်မှာ ခေတ္တ ကြွလာလို့ သွားပြီး ငပ်ချပါတယ်၊ ရောက်-ရောက်ချင်း "ဇနက လား" "ပခုက္ကူ ဘယ်တော့ ပြန်မလဲ "လို့ မေးပါရော, အဲဒီတော့ ဘာမှ

မစဉ်းစားအားပါဘူး၊ "နောက် သင်္ဘောတပတ်မှာ ပြန်မှာပါ" လို့ လျှောက်လိုက်ရတာဘဲ။

**ခမ္မဂုတ်**။ ။အဲ…ညောင်ဦးဆရာတော်က "ဒီအချက် ထဲမှတ်လျှော်အောင် ဆုံးဖြတ်တော်မူလိုက်တာဘဲနော် " ကိုယ်တော်က "မပြန်တော့ပါ" လို့ မလျှောက်ရဲဘူးပေါ့။

**တပည့်တော်**။ ။ဘယ် လျှောက်ရဲတော့မှာလဲ, ပခုက္ကူဝါဆိုဘို့ စီစဉ်ရတော့တာပေါ့။

**ခမ္မဂုတ်**။ ။အဲဒီ တဝါဆိုပြီးတော့, ပခုက္ကူမှာ နောက်ထပ် ဝါမဆိုတော့ဘူးလား။

**တပည့်တော်**။ ။အဲဒီ တဝါကလဲ မှတ်လောက်သားလောက်ပါဘဲဘုရား, ဝါကျွတ်လို့ ဆောင်းဝင်လာတဲ့အခါ ပခုက္ကူမြို့မှာ ပလိပ်ရောဂါဖြစ်ပါတယ်၊ ကျောင်းတိုက်ကြီးမှာလဲ ၆၀၀ ကျော် သံဃာတော်တွေ တဖြည်းဖြည်း ပြန်ကြလို့ ၆၀ တောင် မကျန်တော့ပါဘူး, ကျောင်းတွေ အများကြီးမှာ ကျောင်းစောင့်လောက်သာ ရှိကြပါတော့တယ်၊ တပည့်တော်လဲ တိုက်သစ်တလုံးရဲ့အပေါ်ထပ်မှာ တယောက်ထဲနေပြီး နံနက်လင်းတဲ့အခါ ကြွက်သေရှာရပါတယ်, တွေ့ယင် ဝါးညှပ်ကလေးနဲ့ယူပြီး အဝေးပစ်ရပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်က မန္တလေး–စစ်ကိုင်း ပြန်မလာဘူးလား။

**တပည့်တော်**။ ။ဆရာတော်ကြီးများနဲ့ အတူစား အတူနေဆိုတော့ အရေးကြီးနေတဲ့ အချိန်မှာ ဆရာတော်ကြီးများကို ခွဲခွါပြီး မပြန်ထိုက်ဘူးလို့ ယူဆပါတယ်၊ ဒါ့ကြောင့် မပြန်ခဲ့ပါဘူး။

**ခမ္မဂုတ်**။ ။ကိုယ်တော်က ပခုက္ကူ ဆရာတော်ကြီးများကို ဒါလောက်ဘဲ ငဲ့ရသလား, မတော်တဆဖြစ်ယင် သေနိုင်တယ်ဆိုတာ မသိဘူးလား။

**တပည့်တော်**။ ။မန္တလေးနေစဉ်က ပလိပ်ရောဂါအကြောင်း ကောင်းကောင်း သိပြီးဖြစ်ပါတယ်၊ ဒါပေမဲ့ အရာရာမှာ တပည့်တော်ကို "ကောင်းတူ" ဖြစ်အောင် ချီးမြှောက်ထားတာဖြစ်လို့ တပည့်တော်ကလဲ "သေတူ–ရှင်တူ" လို့ဘဲ သဘောထားရပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်လောက်များ ချီးမြှောက်လို့လဲ ကိုယ်တော်, ဒါလောက် ငွဲ့ရ လောက်အောင်။

**တပည့်တော်။** ။တခါတုန်းက ဓမ္မမဏ္ဍူကျောင်းမှာနေတဲ့ ဦးပဥ္စင်းတပါး ခွေးကို အလွန်အမင်း ရိုက်နေပါတယ်, (ယခုတိုက်အုပ် ဘုန်းတော်ကြီး ဖြစ်တဲ့) စာချဘုန်းကြီး ဦးဂန္ဓမာလဲ မကျေနပ်တဲ့မျက်နှာနဲ့ လာကြည့် ပါတယ်၊ တပည့်တော်လဲ အမြင်မတော်လို့ "ဟဲ့.... ဦးပဥ္စင်း, ခွေးကို ဒါလောက် ရိုက်ရသလား" လို့ ပြောပေမဲ့ မရပ်တန့်ပါဘူး, ဒါနဲ့ တပည့်တော်လဲ စိတ်ဆိုးတာနဲ့ "ဦးပဥ္စင်း ဒီကျောင်းက ထွက်သွားရ မယ်" လို့ နှင်ပါတယ်, သူက "သူ့ကျောင်းလား, မသွားဘူး" လို့ တခြားကိုယ်တော်များကို ပြောနေပါတယ်။

**ဓမ္မဂုတ်။** ။ ဒီတော့ ကိုယ်တော်က ရှော့လိုက်ရောလား။

**တပည့်တော်။** ။တပည့်တော်က "အလုပ်တခုကို မလုပ်ဘဲနေတန်ယင် အစက မလုပ်နဲ့, လုပ်မိယင် နောက်မဆုတ်ရဘူး" လို့ သဘောထားပါတယ်၊ ဒါ့ကြောင့် စာချဘုန်းတော်ကြီးဖြစ်တဲ့ ဦးကုမာရကို လျှောက်ပါတယ်၊ ထို စာချဘုန်းတော်ကြီးက တပည့်တော်ထက် ၁၀ ဝါလောက်ကြီးမယ် ထင်ပါတယ်။

**ဓမ္မဂုတ်။** ။အဲဒီ စာချဘုန်းတော်ကြီးက ဘာလုပ်သလဲ။

**တပည့်တော်။** ။ထူးထူးထွေထွေတော့ မလုပ်ပါဘူး, ဆရာတော်ကြီးများကို သွားလျှောက်ပါတယ်, "ဦးပဥ္စင်းတပါးဟာ အပြစ်ရှိလို့ ဦးဇနက နှင်တာ ထွက်မသွားဘူး" လို့။

**ဓမ္မဂုတ်။** ။ဒီတော့ ဆရာတော်ကြီးများက နေ့ဆွမ်း စားပြီးချိန်မှာ အဲဒီ ဦးပဥ္စင်းကို အာမခံထားတဲ့ ကိုယ်တော်ပါ အခေါ်ခိုင်းပြီး, ဦးပဥ္စင်းက ဇနက နှင်တာကို "သူ့ကျောင်းလားဆိုပြီး မသွားဘူး" ဆိုတာ ဟုတ် သလား, "ကျောင်းတိုက်ကြီးကို ငါတို့ချည်းမနိုင်လို့ စာချဘုန်းကြီး တွေပါ ခိုင်းပြီး အုပ်ချုပ်နေရတယ်၊ "ဇနက" က မကျေနပ်ယင် သူနေတဲ့ ဓမ္မမဏ္ဍူ ကျောင်းကသာ နှင်နိုင်တာ မဟုတ်ဘူး, ဘယ်ကျောင်းကမဆို နှင်နိုင်တယ်၊ ညနေ ၄ နာရီအတွင်း တိုက်ကထွက်ရမယ်" လို့ အမိန့်ချ တာပါဘဲ။

**ခမ္မဂုတ်။** ။ဟုတ်ပါ့နော်, ကိုတော်ကို ဆရာတော်များက တန်းတူထားပြီး မြှောက်စားကြတာဘဲ၊ ဒါ့ကြောင့် ကိုယ်တော်က " သေတူ–ရှင်တူ" စိတ်ထားတဲ့ဟာလဲ ထားထိုက်ပါပေတယ်။

**တပည့်တော်။** ။ မှန်ပါတယ်ဘုရား, တပည့်တော်ဟာ ရွှေကျင်ဂိုဏ်းထဲမှာ ဆရာရင်း မရှိယင် ပခုက္ကူက ခွါဘို့မလိုပါဘူး, တပည့်တော်ရဲ့ သာသနာ့တက်လမ်းဟာ ထိပ်တန်းအထင် ဖြောင့်တန်းပြီး ဖြစ်ပါတယ်၊ ဒါပေမဲ့– ဘေးတော်ဘုရားရဲ့ဂိုဏ်းကြီးနဲ့ ဆရာရင်းကိုငဲ့ပြီး အမန်ပင် ဝမ်းနဲစွာဖြင့် ခွဲခွါခဲ့ခြင်းဖြစ်ပါတယ်။

**ခမ္မဂုတ်။** ။ခွဲခွါခဲ့ရပုံကလေး မှတ်မိသေးရဲ့လား, ပြောပြစမ်းပါအုံး။

**တပည့်တော်။** ။မှတ်မိပါတယ်ဘုရား, ထိုနှစ်မှာဖြစ်တဲ့ ပလိပ်ရောဂါက နဲနဲပိုလာတော့ ညောင်ဦးမှာ သီတင်းသုံးတော်မူခိုက်ဖြစ်တဲ့ ဆရာတော်က ကြွလာပြီး ဖြစ်ပုံတွေကို နှီးနှောကြပါတယ်၊ နောက်ဆုံးတော့ တိုက်ကြီးမှာ သီတင်းသုံးတဲ့ ဆရာတော်များလဲ ညောင်ဦးရွှေ့ကြဘို့ ဆုံးဖြတ်ကြဟန်တူပါတယ်၊ ဓမ္မမဥ္ဇူကျောင်းမှာ တပည့်တော်ရဲ့ဥုးလေး နှစ်ဝမ်းကွဲလောက်တော်တဲ့ " စစ်ကိုင်း ရွှေပြည်ချောင်က ဥုးဝိလာသ " ဆိုတဲ့ ဥုးပဥ္စင်းလဲ ရှိပါသေးတယ်၊ ထိုကိုယ်တော်ဟာ နဂိုရ်က စာအခြေပါလာတဲ့အပြင် ဒုတိယစာချဆရာတော်ထံ အတော်ကြာကြာ စာဆိုပြီးဖြစ်လို့ သိပ်မကြာခင် စာချဖြစ်ဘို့ သေချာပါတယ်၊ ဒါ့ကြောင့် ထိုပုဂ္ဂိုလ်လဲ ပလိပ်ကြီးဖြစ်သည့်တိုင်အောင် နေရှာပါသေးတယ်၊ ဒါပေမဲ့ နက်ဖန်ပြန်တော့မယ်ဆိုတော့ ဆရာတော်ကြီးများက တပည့်တော်ကိုခေါ်ပြီး "ဇာနက....မောင်ဝိလာသ ပြန်သာလို့မှ မင်းပြန်မလာယင် မင့်ဆိုင်ရာက စိတ်ကောင်းကြမယ် မဟုတ်ဘူး, မင်းလဲ နက်ဖန် ပြန်လိုက်သွားတော့၊ ဒို့လဲ မကြာခင် ညောင်ဦးကို ရွှေ့ကြမယ်" လို့ ပြောပါတယ်။

**ခမ္မဂုတ်။** ။သြော်....ဆရာတော်များက တမင်ပြန်လွှတ်မှ ကိုယ်တော်ပြန်ခဲ့တာပေါ့နော်။

**တပည့်တော်။** ။ မှန်ပါတယ်, နက်ဖန် နေ့ဆွမ်းစားပြီးချိန်တော့ ညောင်ဦးဆရာတော်ကလဲ ညောင်ဦးပြန်ဘို့ တိုက်ကြီးက ထွက်လာပါတယ်, တပည့်တော်တို့လဲ စစ်ကိုင်းပြန်ဘို့ ထွက်လာပါတယ်၊ ဒီအချိန်မှာ တိုက်ကြီးနဲ့ ခွဲခွါခဲ့ရတော့ ဝမ်းနဲမှုဟာ သိသိသာသာကြီး ဖြစ်လာပါတယ်၊ ဒါပေမဲ့

အများအပေါ် ဆရာလုပ်ပြီး အုပ်ချုပ်ရတဲ့ဒုက္ခကို ငယ်ငယ်ရွယ်ရွယ်နဲ့ တွေ့ရလို့ တိုက်တာအုပ်ချုပ်ဘို့တော့ အတော်ကြီး စိတ်ပျက်ခဲ့ပါတယ် ဘုရား။

**ဓမ္မဂုတ်**။ ။ဒီလိုနဲ့ ကိုယ်တော်တို့တူအရီး စစ်ကိုင်းပြန်ရောက်တဲ့အခါ စိတ်ချမ်းသာမှုတော့ ရကြမှာပေါ့နော်။

**တပည့်တော်**။ ။တပည့်တော်တို့ စစ်ကိုင်းရောက်တဲ့အခါ (နောက်မှ ပြောကြပါတယ်၊ ) တပည့်တော်တို့မျက်နှာဟာ " ဇီးရွက်ကလေးလိုငယ်လို့ " တဲ့၊ ပြောလဲ ပြောစရာဘဲ, ပခုက္ကူမှာ အသက်လုပြီးနေရသလိုဖြစ်နေတာကိုး၊ တပည့်တော်ရဲ့ကံက တမျိုးဘဲဘုရား, တပည့်တော်က ရေသာခိုပြီး အေးအေးဆေးဆေး မှီခိုပြီးနေရတယ်လို့ မရှိခဲ့ပါဘူး၊ တပည့်တော်ကို ငိုင်းပြီး အားကိုးကြတာပါဘဲ။

**ဓမ္မဂုတ်**။ ။ဘယ်လို အားကိုးကြတာလဲ။

**တပည့်တော်**။ ။ထိုအချိန်က ချပ်သင်းချောင်မှာ တဝမ်းကွဲဒေါ်လေးညီအမ ၂ယောက်ရှိပါတယ်, (နောက်တော့"သရိုင်ချောင်"လို့ ချောင်သစ်တည်ပါတယ်၊) အဲဒီမှာ ဆွမ်းစားပါတယ်, တဲတော့ အထက်ဇေတဝန် (ယခု အလယ်ဇေတဝန် ) ချောင်မှာ တဲပါတယ်၊ ၂ ရက်လောက်ကြာတော့ ဒေါ်လေးတို့ဆီမှာ ဆွမ်းစားမယ်လို့လာတုန်း ( ချောင်တချောင်ဆရာက ဆိုပါတော့)ဆွမ်းစားအပင့်ခိုင်းလို့ သီလရှင်ကလေး ၂ယောက် လာပင့်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဝမ်းသာအားရနဲ့ လိုက်သွားရောလား။

**တပည့်တော်**။ ။တပည့်တော်က ဒေါ်လေးတို့ကို တိုင်ပင်တော့ ဒေါ်လေးတို့နဲ့ ရင်းနှီးတဲ့ဆရာမို့ မကန့်ကွက်ပါဘူး၊ လိုက်သွားလို့ရောက်တော့ အဟမ်း....။

**ဓမ္မဂုတ်**။ ။ပြောသာပြောပါ ကိုယ်တော်, ရောက်တော့ ဘာများ ထူးဆန်းလို့တုန်း။

**တပည့်တော်**။ ။လက်ဆေးဘို့ခွက်က အင်မတန်သန့်ရှင်းပြီး ဖယ်လက်ဆေးခွက်ထဲမှာ ဆောင်းအခါနဲ့ လိုက်အောင် ရေနွေးစပ်ထားတယ် ဘုရား, ဆွမ်းနဲ့ ဟင်းများကလဲ ပုဂံတွေပါ သန့်သန့်ပြန့်ပြန့်ဘဲ, တပည့်တော်တို့ကို

စာသင်သားဘဝက ဆင်းဆင်းရဲရဲနဲ့ တက်ပြီး စာချဘုန်းကြီးဖြစ်တဲ့သူတွေကို ဒီလို ဘယ်သူမှ ပြုစုမဲ့သူမရှိပါဘူးဘုရား၊ အမှန်က တပည့်တော်ကို မိဘ ဆွေမျိုးများနဲ့ ရဟန်းအမများက ကြုံတဲ့အခါ ဟင်းကောင်း ဆွမ်းကောင်းတွေနဲ့ ကျွေးကြသော်လဲ ဒီလိုတော့ သာယာဘွယ် မဟုတ်ပါဘူး၊ အဲဒီလို နံနက်ဆွမ်းပြီးတော့ နေ့ဆွမ်းလဲ ကြွစားဘို့ နေ့ဆွမ်းပြီးတော့ နောက်ရက်လဲ နံနက်ရော နေ့ပါ ဆွမ်းစားဘို့ လျှောက်ကြပါတယ်။

ခမ္မဂုတ်။ ။ဒီလိုဆိုတော့ ကိုယ်တော့်မှာ ရတနာပုံကိန်း ဆိုက်လာတယ်လို့ ဆိုရမှာပေါ့နော်။

တပည့်တော်။ ။နေပါအုံးဘုရား.... ကိစ္စဆိုတာ အစ၊ အလယ်၊ အဆုံး ၃ ပါး လုံး ခြုံမိမှ အကျိုး အပြစ် သိနိုင်ပါတယ်၊ ၃ ရက်လောက် ဆွမ်းစားပြီးတော့ သီလရှင် ခပ်ရွယ်ရွယ် ရုပ်ရေ စင်စင်ကြယ်ကြယ်နဲ့ ဆရာ့ရှေ့မှာ စာအုပ်ကလေးတွေနဲ့ ရောက်လာပြီး ဆရာလုပ်သူက သူတို့ကို ဆန်းကျမ်းရဲ့ အဓိပ္ပါယ် ပြောပေးဘို့ရန် တောင်းပန်ပါလေရော။

ခမ္မဂုတ်။ ။အလို.... "ဒီယုန်မြင်လို့ ဒီချုံထွင်တာဘဲ" နော်၊ ကိုယ်တော်က အစိုးရပဌမကြီးကို သာမဏေဘဝကအောင်ပြီး သကျသီဟစာသင်တန်းလဲ အောင်၊ ပခုက္ကူစာချဆိုတော့ ကိုယ်တော့်ကို အားကိုးရှာတာလဲ အဆိုး မဆိုသာပေဘူး။

တပည့်တော်၊ ။မဆိုးပါဘူးဘုရား၊ သူတို့မှာလဲ သူတို့ဂုဏ်သိရ် သူတို့ရုပ်ရည်နဲ့ ဆိုတော့ (ယခုခေတ်လို ဆက်ဆံမှု မရှိသေးတဲ့) ရဟန်းတော်များနဲ့ ဝေးနေကြရှာပါတယ်၊ ဒါ့ကြောင့် တပည့်တော်လဲ ဆွမ်းစားလာယင်း အဓိပ္ပါယ် ပြောပေးဘို့တော့ ခွင့်ပြုလိုက်ပါတယ်။

ခမ္မဂုတ်။ ။စာချပေးဘို့တော့ ဘာပြုလို့ ခွင့်မပြုတာလဲ။

တပည့်တော်။ ။အဲဒီအချိန်မှာ စစ်ကိုင်း-ရွှေကျင်ဂိုဏ်းကို အုပ်ချုပ်နေတဲ့ ဒုတိယ မဟာဂန္ဓာရုံဆရာတော် အမှူးရှိတဲ့ နာယက ဆရာတော်များက စစ်ကိုင်းချောင်မှာ "ကပ်- စာ- ထိုး" ဆိုတဲ့ ၃ မျိုးကို မရှောင်နိုင်ယင် ဂိုဏ်းမှ အပလို့ ကြေငြာထားပါတယ်၊ ဒါ့ကြောင့် စာချဘို့တော့ ခွင့်မပြုနိုင်ပါဘူး။

ခမ္မဂုတ်။ ။"ကပ်-စာ-ထိုး" ဆိုတဲ့ ၃ မျိုးက ဘာအဓိပ္ပါယ်လဲ၊ ကိုယ်တော်တို့ ဆရာများရဲ့ ဥပဒေက ပဟေဠိဆန်လိုက်တာ။

၂၂

**ဘပည့်တော်။** ။ "ကပ်" ဆိုတာက မာတုဂါမ- မယ်သီလကို ဆွမ်းချက်ဘို့ရန် ကျောင်းမှာ ကပ္ပိယ မလုပ်စေရ, "စာ" ဆိုတာက သီလရှင်-မာတုဂါမ များကို စာမချရ, "ထိုး" ဆိုတာက အင်္ဂရိပ် မထိုးရ, ဒီ ၃ မျိုးကို ဆိုလို ပါတယ်၊ အဲဒီဥပဒေလဲ ပေါ်လာရော အင်္ဂရိပ်ထိုးနေတဲ့ နိုင်ငံကျော် ဓမ္မ ကထိက ဆရာတော်က "ဇဏဝိမုတ်, သီးခြားထုတ်, လုပ်ရှုပ်ဝင်တော့မည်" လို့ လက်ာလုပ်ပြီးတော့(အင်္ဂရိပ်ကိုမစွန့်ဘဲ ဂိုဏ်းကိုစွန့်တယ်)လို့ ဆိုတော့ တာပါဘဲ၊ တပည့်တော်ကလဲ အဲဒီဥပဒေနဲ့ မငြိအောင် စာမချဘဲ ရှောင်ပြီး အဓိပ္ပါယ်ကို ပြောပေးရပါတယ်။

**ဓမ္မဂုတ်။** ။သီလရှင်က ဘယ့်လောက်များတုန်း။

**တပည့်တော်။** ။ထင်ထင်ပေါ်ပေါ် ရွှေမှာတော့ ၃-၄ ယောက်ပါ, အခန်း တွင်း မထင်မရှားက ဘယ့်လောက်မှန်း မသိပါဘူး။

**ဓမ္မဂုတ်။** ။သူတို့က ဘာပြုလို့ မထင်မရှား ပုန်းပြီး နားထောင်တာတုန်း။

**တပည့်တော်။** ။သူတို့က တခြားကျောင်းကပါ, ဆရာမသိအောင် တိတ်တိတ် လာပြီး နားထောင်တဲ့သူတွေပါ၊ နောက်တော့ သူတို့ကျောင်းကလဲ ဒီလိုဘဲ စာနာချင်ပါတယ်လို့ သူတို့ဆရာကို ပူဆာကြတော့ သူတို့ဆရာကလဲ ပင့်ပြီး ဆွမ်းကျွေးပြန်တာဘဲ၊တပည့်တော်ကလဲ မည်သည့်ကျောင်းကလာပြီး နားထောင်ကြတဲ့အကြောင်း ကြားပြီးပါဘဲ၊ ဆွမ်းကျွေးပြီးတော့ ဒီလိုဘဲ ဆန်းကျမ်းအဓိပ္ပါယ် ပြောပေးဘို့ လျှောက်ပါတယ်။

**ဓမ္မဂုတ်။** ။ဘာပြုလို့ တဇနေရာမှာပေါင်းပြီး စာမနာကြတာလဲ။

**တပည့်တော်။** ။အင်း....မိန်းမဓမ္မတာဘဲ ထင်ပါတယ်၊ သူများကျောင်းသွားပြီး စာနားထောင်ရတယ်ဆိုတော့ ဂုဏ်ငယ်တယ်လို့ ထင်ဟန်တူပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ကလဲ လျှောက်တဲ့အတိုင်း သွားပြီး ပြောတာဘဲလား, ကိုယ်တော့်အတွက် ဂုဏ်မငယ်ဘူးလား။

**တပည့်တော်။** ။တပည့်တော်က သီလရှင်အများစုနဲ့ သိပ်မဆက်ဆံဘူးသေး တော့ ကိုယ့်ဂုဏ်အတွက် မစဉ်းစားမိပါဘူး ဘုရား၊ သူတို့လျှောက်တဲ့ အတိုင်း ၂ နေရာခွဲပြီး စာပြောပေးတာပါဘဲ။

**ဓမ္မဂုတ်။** ။တပည့်တော်တော့ တယ်မကျေနပ်ချင်ဘူး, ကိုယ်တော့်ကိုယ်က ဖိုးပါချင် ဖြစ်နေဟန်တူတယ်, ဘယ်ကျောင်းတွေတုန်း။

**တပည့်တော်**။ ။တပည့်တော်က ဖိုးပါချင်ဖြစ်နေတာလဲ မဟုတ်ပါဘူးဘုရား၊ သီလရှင်တွေဆိုတာ ရဟန်းတော်များနဲ့ ယှံယှံကြည်ကြည် ဆက်ဆံတို့ မလွယ်တဲ့အကြောင်းကို သိလေတော့ ညာတာတဲ့သဘောပါဘဲ၊ တပည့်တော်မှာလဲ ဒေါ်လေးတွေ ရှိတယ်မဟုတ်လား၊ ချောင်နာမည်တော့ မဖေါ်ပါရစေနဲ့၊ နောက်အကြောင်းတွေအတွက် အခေါ်ရလွယ်အောင် ပဌမချောင်ကို "ဟေမဝတချောင်" ဒုတိယချောင်ကို "သာတာဂိရိချောင်"လို့ မှတ်လိုက်ပါတော့။

**ခမ္မဂုတ်**။ ။ဘုရားလက်ထက်တော်က "သာတာဂိရိနတ်မင်း၊ ဟေမဝတနတ်မင်း"တို့ နေတဲ့ တောင်များကို အတုယူတာလား။

**တပည့်တော်**။ ။ဟုတ်ပါတယ်၊ နံနက်ဆွမ်းကို သာတာဂိရိချောင်မှာ စားပြီး စာအဓိပ္ပါယ်ပြောပါတယ်၊ စာနာသူ ပိုပြီးများပါတယ်၊ အများအားဖြင့် တပည့်ဘော်ထက် အသက်ကြီးသူတွေကို ရွေးပြီး နာစေဟန်တူပါတယ်၊ ဆရာကလဲ အနားကနားထောင်နေပါတယ်၊ အမျိုးသမီးတွေလဲစောင့်ယှင်း၊ တပည့်တော်ကိုလဲစောင့်ယှင်းပေါ့၊ နေ့ဆွမ်းကျတော့ ဟေမဝတချောင်မှာ စားပါတယ်၊ ဆွမ်းမစားခင် စာအဓိပ္ပါယ် ပြောပါတယ်၊ ဆွမ်းစားပြီးတော့ ကျောင်းပြန်ပါတယ်၊ ဆွမ်းကိုတော့ သာတာဂိရိချောင်မှာ စာလိုက်သူတွေ တလှည့်စီ၊ ဟေမဝတချောင်မှာတော့ စုပေါင်းပြီး တနေရာက ချက်ကြဟန်တူပါတယ်၊ မေးတော့ မကြည့်မိပါဘူး။

**ခမ္မဂုတ်**။ ။ဆန်းအဓိပ္ပါယ်ပြောလို့ ကုန်တဲ့အခါတော့ ရှေ့ဘာစာဝါမှ မဆက်ရတော့ဘူးလား။

**တပည့်တော်**။ ။သူတို့လဲ တပည့်တော်ရဲ့ စာအဓိပ္ပါယ်မျိုး နာဘူးကြဟန်မတူပါဘူး၊ ဒါ့ကြောင့် ဆန်းကုန်တဲ့အခါ အလင်္ကာကျမ်းရဲ့ အဓိပ္ပါယ်များကို ပြောပေးပါအုံးလို့ ၂ ချောင်လုံးက လျှောက်ကြပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်ကလဲ ပြောပေးချင်တယ် မဟုတ်လား။

**တပည့်တော်**။ ။တပည့်တော်ကို ဒီလို အထင်မသေးပါနဲ့၊ ပြောပေးချင်တာ မပေးချင်တာ အသာ ဖယ်ထားလိုက်ပါ၊ စည်းကမ်းနဲ့ လုပ်ပါတယ်၊ အလင်္ကာကျမ်းမှာ ပြောဘို့ကို မဆိုထားနဲ့ ကျားနဲ့မတို့ အတူနားထောင်ဘို့ ခက်တဲ့အဓိပ္ပါယ်တွေတောင် ပါနေပါတယ်၊ ဒါ့ကြောင့် အလင်္ကာ

အဓိပ္ပါယ်က အပြောခက်တဲ့ အကြောင်းကို ဆရာအား ပြောပြပါတယ်၊ ဒါပေမဲ့ အလွန်နာချင်နေကြတော့ ဂန္ဓာရုံချောင် ချမ်းအေးဆရာတော်ကြီးကို လျှောက်ပါအုံး, ခွင့်ရမှ ပြောပါရစေလို့ ဆရာတော်ကြီးကို လွှဲလိုက်ပါတယ်၊ "စာတော့မချန်နဲ့ အဓိပ္ပါယ်တော့ ပြောပေးလိုက်ပါ၊ တရားဟောသလိုပေါ့"ဟု ခွင့်ပြုချက်ရတာနဲ့ ၂၄ နာနလုံး အဓိပ္ပါယ်ပြောရပြန်ပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော် အဓိပ္ပါယ်ပြောတာကို သာတာဂိရိချောင်က သူတွေ မနာရဘူးလား။

**တပည့်တော်**။ ။ကျွယ်ရာကတော့ နာ–မနာ မသိပါဘူး, မျက်မြင်မှာတော့ အကြီးတွေချည်းပါဘဲ၊ ဒါပေမဲ့ ရက်ကြာတော့ အငယ်တွေက စာစီစာကုံးသင်ပေးဘို့လျှောက်ရန် ဆရာကြီးကို ပူဆာဟန်တူပါတယ်၊ ဆရာကြီးက တပည့်တော်နဲ့ သူရဲ့ဥစ္စာပေါ် ရုပ်ချောကလေးတွေကို ထောပတ်အိုးနဲ့ မီးကျီးခဲတွေသလိုဖြစ်မှာစိုး, လူမြင်မတော်မှာလဲစိုးဟန်တူပါတယ်၊ တပည့်တော်ရဲ့ စာပေဂုဏ်သိက္ခာကိုလဲ မကျစေချင်ပါဘူး၊ သူ့အသဲကလေးတွေကိုလဲ မကွဲစေချင်ပါဘူး၊ ဒါ့ကြောင့် အမျိုးမျိုးစဉ်းစားပြီးမှ စာစီစာကုံးပြပေးဘို့ လျှောက်ပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်ကကော ရိုးရဲ့သား, ဘုရားစူး။

**တပည့်တော်**။ ။တပည့်တော်ရဲ့ အကြောင်းတွေကို ပြန်ပြီးကြည့်ပါ၊ အထက်တန်း အမျိုးသမီးတွေကို ရိုးရိုးသားသား ဆက်ဆံခဲ့တယ်ဆိုတာ တွေ့ပါလိမ့်မယ်၊ တပည့်တော်က မိမိရဲ့စာပေပညာကို အလွန်လေးစားပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီ အချိန်တုန်းက ကိုယ်တော့်အသက် ဘယ်လောက်ရှိပြီလဲ။

**တပည့်တော်**။ ။သကျသီဟ ပရိယတ္တိစာပြန်ပွဲ အကြီးတန်းကို ဝင်မဲ့နှစ်ဆိုတော့ နှစ်သစ်မကူးခင် ၂၆ နှစ်လောက်ဘဲ ရှိပါသေးတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်ကလဲ ထတုန်း ကြွတုန်း, ကိုယ်တော်နဲ့ ရွယ်တူ ငယ်သူတွေကလဲ လှတုန်း–ပတုန်း၊ ကိုယ်တော်တို့က ရိုးသားတယ်ဆိုအုံးတော့ မြင်ရတဲ့သူတွေ စိတ်ရှင်းဘို့ အခက်သားဘဲနော်။

**တပည့်တော်**။ ။ဟုတ်ပါတယ်ဘုရား, ဒါ့ကြောင့်မို့ ညနေ ၃ နာရီလောက် စာပြတဲ့အခါ အဆောင်တခုလုံး၌ လူမြင်မဲ့ဘက်က တံခါးပေါက်တွေ

အကုန် ပိတ်ထားလိုက်ပါတယ်၊ လူကြီးလဲ တယောက်မှ မပါပါဘူး၊ လူကြီးတွေက ညှော်သည်လာယင် အဝေးမှဉ့်ခံတဲ့ အပြင်မှာ နေကြဟန် တူပါတယ်၊ တပည့်တော်တို့ အားလုံးဟာ ကိုယ့်စိတ်ကူးနဲ့ ကိုယ်တော့ အမျိုးမျိုး နေကြမှာပေါ့။

**ခမ္မဂုတ်**။ ။ ဟဲ ဟဲ... ကိုယ်တော့်မှာလဲ ဒီလို စာပြချင်တဲ့စိတ်ဟာ နဂိုရ်က ရှိနေဟန်တူပါတယ်၊ ဟုတ်တယ်မဟုတ်လား, မှန်မှန်ပြောစမ်း။

**တပည့်တော်**၊ ။ဘာ့ကြောင့် ဒီလိုစွပ်စွဲနိုင်သလဲ။

**ခမ္မဂုတ်**။ ။စွပ်စွဲတာမဟုတ်ဘူးလေ့ သင်္ကျသီဟာစာမေးပွဲအငယ်အောင်တုန်းက " ဘယ်ဆီမှာ အတည်ဖြစ်ရပ့် " လို့ နေရာရှာတဲ့ တေးထပ်ထဲမှာ " အနောက်ဘက် မမွာရုံမှာ, ကညာစုံ စာပြဘို့ " လို့ ရေးခဲ့တယ် မဟုတ်လား၊ ယခုတော့ ကိုယ်တော်မြော်တဲ့အတိုင်း စုံနေပြီဥစ္စာဘဲ။

**တပည့်တော်**။ ။ ဟာ.... ဒါက စာအဖြစ်ရေးတာပါ, တကယ်မြော်တာ မဟုတ်ပါဘူး။

**ခမ္မဂုတ်**။ ။ကဲလေ ရှိပါစေတော့, ဒီလို တံခါးပိတ်အစည်းအဝေးအကြောင်းကို တဆင့်စကား တဆင့်နားနဲ့ ကြားသူတွေက အမျိုးမျိုး မတွေးကြပေဘူးလား။

**တပည့်တော်**။ ။တွေးရုံတွင် ဘယ်ကမလဲ, စွပ်စွဲတဲ့သူတွေက စွပ်စွဲကြပါတယ် တပည့်တော်ကိုလဲ ပျက်စီးတော့မှာဘဲလို့, ဒေါ်လေးတို့ထံ သွားပြောကြတာနဲ့ ဒေါ်လေးအငယ်က သီလရှင်တွေကို စာမပြပါနဲ့လို့ တားပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီတော့ ကိုယ်တော်က ဘာပြန်ပြောသလဲ၊

**တပည့်တော်** ။ ။ တပည့်တော်က မိမိတို့မှာ ရိုးရိုးသားသား ဆက်ဆံကြပါလျက်, ပတ်ဝန်းကျင်က ဒီလိုပြောတော့ တပည့်မကလေးတွေကိုလဲ သနားတယ်, နောက်ဆုတ်ယင်လဲ အထင်သေးကြလိမ့်မယ်၊ ဒါ့ကြောင့် ဒေါ်လေး ... " ဘာမှ မဖြစ်နိုင်ပါဘူး, ၂ လလောက်နေယင် မန္တလေး စာပြန်ပွဲအတွက် သွားရမှာပါ၊ အဲဒီတော့ အလိုလိုခွဲပြီး ဖြစ်ပါလိမ့်မယ်၊ ယခုအချိန်မှာ သူများပြောလို့တော့ စာအပြောရပ်ထားဘို့ မဖြစ်နိုင်ပါဘူး" လို့ ပြောရပါတယ်။

**ခမ္မဂုတ်။** ။မေးစမ်းပါရစေ, ပခုက္ကူမှာနေတုန်းက မီးပူဇော်တာကိုကြည့်ဖို့ အမျိုးသမီးတွေ လာတဲ့အခါ ကိုယ်တော့်အနီး ရောက်တော့ "သူတို့ကို လှည့်မကြည့်ဘဲနဲ့ ကြက်သီးထတယ်" လို့ ပြောခဲ့တယ်၊ သီလရှင် ချောချောကလေးတွေကို စာပြနေရတဲ့အခါ ကြက်သီးမထဘူးလား, မှန်မှန်ပြော။

**တပည့်တော်။** ။ကြက်သီးလဲ မထပါဘူး, ဘာမှလဲ မဖြစ်ပါဘူး၊ ဒါပေမဲ့ မုန်းတော့ မမုန်းဘူးပေါ့ဘုရား၊ သူတို့က မုန်းစရာမှ မကောင်းဘဲဥစ္စာ။

**ခမ္မဂုတ်။** ။ဒီလိုဆိုယင် နားလည်ပြီကိုယ်တော်, ဒီပြဿနာတွေက သာတာ ဂိရိချောင်မှာ ဖြစ်တာတွေနော်၊ ဟေမဝတချောင်မှာကော ဘာမှ မဖြစ် ဘူးသလား။

**တပည့်တော်။** ။ဟေမဝတချောင်မှာ ထူးပြီး ဖြစ်စရာမရှိပါဘူး၊ စတည် ကတည်းက တပည့်တော်ထက် ငယ်သူတွေပါ၊ သူတို့က တပည့်တော်ကို (ပခုက္ကူစာချဘုန်းကြီး ဖြစ်တဲ့အတွက်) "ဘုန်းကြီးကလေး, ဘုန်းကြီး ကလေး" လို့ ခေါ်ကြပါတယ်၊ အင်မတန်ရင်းနှီးကြပါတယ်၊ အောက်သူ ကလေးတွေဖြစ်လို့ ဖြူဖြူစင်စင်ကလေးတွေပါ၊ အစကတည်းက ရင်းနှီးစွာ ဆက်ဆံကြတော့ ပြဿနာအသစ် ဘာမှမဖြစ်ပါဘူး၊ သာတာရိဂိချောင် မှာသာ အကြီးပိုင်းကတမျိုး, အငယ်ပိုင်းကတဖုံမို့ ပြဿနာစုံဖြစ်ရတာပါ။

**ခမ္မဂုတ်။** ။ဒီပြဿနာတွေကို ဘယ်လိုလုပ်ပြီးရှင်းသလဲ။

**တပည့်တော်။** ။ဘယ်လိုမှ မရှင်းရပါဘူး၊ စာဝါတွေကုန်တဲ့အခါ မန္တလေးသို့ စာပြန်ပွဲဝင်ဖို့ ရွှေ့လိုက်ဘာနဲ့ ပြဿနာအားလုံး အဖြေထွက်ပြီး ဖြစ်သွားပါတယ်၊ ဘေးက ပျက်စီးတော့မှာဘဲလို့ ကမ္ဘာပျက်မလောက် အိပ်မက် မက်နေတဲ့သူများလဲ အိပ်မက်ကောင်းတုန်း နိုးလာကြသလို ဖြစ်သွားတာပါဘဲ။

**ခမ္မဂုတ်။** ။မန္တလေးရောက်တော့ သူတို့က မလိုက်လာကြဘူးလား။

**တပည့်တော်။** ။သာတာဂိရိချောင်က မလိုက်လာကြပါဘူး, သူတို့လဲ ဘယ်မှာ လိုက်ဝံ့မှာလဲ, ဆရာကိုလဲကြောက်ရတယ်, ဘေးက အချင်းချင်း ကိုလဲ ရှက်ရတယ်, ကိုယ့်လိပ်ပြာလဲ ကိုယ်မလုံသလိုဖြစ်မှာပေါ့၊ ဒီနည်း အားဖြင့် သူတို့တတွေနဲ့ အဆက်ပြတ်သလို ဖြစ်သွားပါတယ်၊ အဲဒီလို

အဆက်ပြတ်တာကိုပင် တချို့ရင်းနှီးသူ သီလရှင်လူကြီးပိုင်းက မခံချင်လို့ "သူတို့တတွေဟာ ဉူးပဥ္ဇင်းကို ကြည်ညိုတုန်းက တံခါးပိတ်ပြီး ကြည်ညိုတဲ့သူတွေ, ခုမှ စိမ်းကားနေကြတာ" လို့တောင် ပြောကြပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ကလဲ ရင်းနှီးဘူးတဲ့သူတွေကို အဆက်မပြတ်အောင် အသွားအလာ မလုပ်ဘူးလား။

**တပည့်တော်။** ။တပည့်တော်က ဘုန်းကြီးတွေကို အထင်သေးခံရတာ မကျေနပ်လို့, တပည့်တော်အတွက်တော့ အထင်သေးမခံရအောင် အမြဲ သတိထားပါတယ်၊ သီလရှင်ကျောင်းဖြစ်ဖြစ်, လူ့အိမ်ဖြစ်ဖြစ်, မသွားပါဘူး၊ နောက်ပိုင်းမှာ ရဟန်းအမမျှားဆီလောက်တော့ သွားပါရဲ့။

**ဓမ္မဂုတ်။** ။ဟေမဝတချောင်ကတော့ ဆက်လက်ရင်းနှီးတာဘဲလား။

**တပည့်တော်။** ။ဟေမဝတချောင်က အတော်ကြာအောင် ဆက်လက်ရင်းနှီးပါတယ်၊ ဒါပေမဲ့ အတော်ကြာတဲ့အခါ သူတို့ပင့်တာကို ဆရာသမားများရဲ့ကိစ္စကြောင့် မလိုက်နိုင်တဲ့အတွက် အဆက်ပြတ်သလောက် စိတ်နာသွားပါတယ်။

**ဓမ္မဂုတ်။** ။"ရွှေမန်းသို့ မြန်းကြပြန်လျှင်, ချမ်းမြရန် ပုံဝေး" လို့ ရေးခဲ့တယ်၊ ယခုရွှေမန်းရောက်တော့ စားရေးသောက်ရေး အဆင်ပြေရဲ့လား။

**တပည့်တော်။** ။ပြေပါတယ်, ဇီးပင်ကျောင်းဘုန်းတော်ကြီးနဲ့ အတူစားရပါတယ်၊ အဲဒီ ဘုန်းတော်ကြီးမှာ တိုက်အမကြ နေ့တိုင်း ဆွမ်းတချိုင့်ပို့ပါတယ်။

**ဓမ္မဂုတ်။** ။ပဌမကျော်လဲ အဲဒီနှစ်မှာဘဲ ဝင်တယ်နော်။

**တပည့်တော်။** ။မှန်ပါတယ်, ပဌမကျော်ဝင်ဘို့ အင်္ဂါအစဉ် မရှိခဲ့ပါဘူး၊ ဒါပေမဲ့ စစ်ကိုင်းဘက် စာပြောတဲ့အချိန်မှာ ပဌမကျော်အောင်ပွဲက ပြန်လာတဲ့ ဆရာကြီးက ပဌမကျော်ဝင်ဘို့ တိုက်တွန်းတဲ့အပြင် သီတင်းသုံးဖော်များကလဲ ဒီဂုဏ်တခု လိုနေပါသေးတယ်, ဝင်စမ်းပါအုံးလို့ တိုက်တွန်းကြတာကြောင့် ရွှေဘိုသွားပြီး သူများမသိအောင်ဝင်ဘို့ရန် ရွှေဘိုဆရာတော်လို့ နောင်အခါခေါ်ကြတဲ့ ဉူးကောသလ္လထံ လက်မှတ်ထိုးဘို့ စာရေးလိုက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဘာပြုလို့ သူများမသိစေချင်တာလဲ။

**တပည့်တော်**။ ။"ပဥ္စမကျော်"ဆိုတာ လူတွေကသာ အထင်ကြီးနေကြတာ၊ ရဟန်းတော်ချင်းတော့ အထင်မကြီးတဲ့အပြင် အထင်သေးချင်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ဘာ့ကြောင့်လဲ ကိုယ်တော်။

**တပည့်တော်**။ ။"ပဥ္စမကျော်"ဆိုတာ ပဥ္စမကြီးထဲမှာ အမှတ်အများဆုံးရသူကို ရွေးယူတာပါ၊ အမှတ်အများဆုံးရဘို့ကလဲ ဉာဏ်အမျိုးမျိုး ထုတ်ကြရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ပဥ္စမကြီးကို ကိုရင်ဘဝတုန်းက အောင်ခဲ့တယ်ဆို၊ ယခု ထပ်ဝင်ဘို့ အခွင့်ရသေးသလား။

**တပည့်တော်**။ ။ဟိုခေတ်က စာချတန်းဆိုတာ မရှိသေးတော့ ပဥ္စမကျော်အတွက် ပဥ္စမကြီးကို ထပ်ပြီးဝင်နိုင်ပါတယ်၊ ယခုခေတ်တော့ ထပ်ဝင်ခွင့်ရဖို့မတူပါဘူး၊ စာချတန်းကို တန်းဝင်ရပါတယ်။

**ဓမ္မဂုတ်**။ ။ဉာဏ်အမျိုးမျိုးထုတ်ပုံကို ပြောပြစမ်းပါအုံး။

**တပည့်တော်**။ ။ပဌမနည်းက ပုစ္ဆာထုတ်ရတဲ့ လူကော်မီတီထဲမှာ အရေးအပါဆုံးသူထံ ကပ်ရပါတယ်၊ ထိုသူက ဘယ်လိုစီစဉ်ပေးတယ်ဆိုတာတော့ မသိပါဘူး၊ နောက်ဆုံးတော့ အမှတ်အများဆုံးရတဲ့သူဟာ "ပဥ္စမကျော်" ဖြစ်လာတာပါဘဲ။

**ဓမ္မဂုတ်**။ ။ဘယ်လိုနည်းနဲ့ ကပ်ရတုန်းကိုယ်တော်။

**တပည့်တော်**။ ။ဒါလဲ မသိပါဘူးဘုရား၊ "ငွေပေးတန်ပေး၊ နှမပေးတန်ပေး"ဖြစ်မှာပေါ့။

**ဓမ္မဂုတ်**။ ။ဒုတိယနည်းက ဘယ်လိုတုန်း။

**တပည့်တော်**။ ။ဒုတိယနည်းကတော့ "နတ်မင်းများကို ကူညီစိုင်းလို့ မှိုင်းမပါ"ဆိုတာမျိုးပါတဲ့။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဟာ ပဟေဠိဆန်လိုက်တာ ကိုယ်တော်၊ တပည့်တော် နားလည်အောင် ရှင်းရှင်းပြောစမ်းပါ။

**တပည့်တော်။** ။ဒီလိုဘုရား, စာမေးပွဲဖြေတဲ့သူကို အပြင်ဘက်ကနေပြီး ကူညီဘို့ရန် စာချဘုန်းကြီး အဆင့်အတန်းရှိတဲ့ပုဂ္ဂိုလ် ၂ ပါး ၃ ပါးလောက်ရှိရတယ်၊ ထိုပုဂ္ဂိုလ်က (ထိုပုဂ္ဂိုလ်များက) ဆိုင်ရာက ပုစ္ဆာဝေပြီးတဲ့အခါ သူ့နည်းနဲ့သူ ပုစ္ဆာစာရွက်ရအောင် လုပ်ရတယ်၊ ရဘို့လဲ ခက်ဟန်မတူပါဘူး၊ အဲဒီပုစ္ဆာကြည့်ပြီး အပြင်ဘက်က တနေရာမှာ စာအုပ်နဲ့တိုက်ပြီး အဖြေရေးတာဘဲ၊ အဲဒီအဖြေကို အတွင်းရောက်အောင် ကျွမ်းကျင်တဲ့နည်းနဲ့ ပို့ကြရတယ်၊ အတွင်းလူက ထိုအဖြေကိုကူးချပြီး ထွက်လာတာဘဲ၊ အပြင်နတ်က စွမ်းသလောက် အဖြေပေါ်မှာ အမှတ်ကောင်းကောင်း ရတာဘဲ။

**ခမွဂုတ်။** ။ဒီလိုဆိုတော့ ခိုးရတာဘဲနော်, ရဟန်းတော်တွေ ပါရာဇိက ကျမကုန်ဘူးလား။

**တပည့်တော်။** ။စာမေးပွဲဝင်သူတိုင်း မခိုးကြပါဘူး၊ တချို့တလေ ဝိနည်းမရှိသေတဲ့သူတွေသာ အပြင်နတ်လဲလုပ်ကြ, အတွင်းလူလဲလုပ်ကြနဲ့ ရှုပ်ကုန်တာပါ၊ အများစုက ရိုးရိုးသားသား အောင်ကြတာပါ။

**ခမွဂုတ်။** ။ဒီကိစ္စဟာ ဘယ်တော့လောက်ကစပြီး ဖြစ်ခဲ့တာလဲ။

**တပည့်တော်။** ။စာမေးပွဲ ပေါ်ကတည်းကလို့ ဆိုရမှာဘဲထင်တယ်၊ တပည့်တော် ကျောင်းသားတုန်းက စာမေးပွဲမဝင်နိုင်သေးခင် သွားကြည့်တော့ ဒီကိစ္စကိုတွေ့ခဲ့တာဘဲ၊ နတ်မင်းများက သင်ဖြူးတွေဘာတွေခင်းပြီး အကြီးအကျယ် ကူညီနေကြပါတယ်။

**ခမွဂုတ်။** ။ ကျွတ်ကျွတ်, ကျွတ်ကျွတ်, ဖြစ်မှဖြစ်ရလေ ကိုယ်တော်,.... သာသနာပြုစာမေးပွဲကြီးက သာသနာဖျက်သလို ဖြစ်နေပါပြီကော။

**တပည့်တော်။** ။အဲဒီလို ဖြစ်နေတာဘဲဘုရား။

**ခမွဂုတ်။** ။ကိုယ်တော်က ဒါ့ကြောင့် ပဌမကျော် မဝင်ချင်တာကိုး၊ ရွှေဘိုမှာ ...းဆောက်မှတ်ထိုးပြီးဝင်တာက ဘာအဓိပ္ပါယ်တုန်း။

**တပည့်တော်။** ။မန္တလေးမှာ ပဌမကျော်မှန်းနေတဲ့ မိတ်ဆွေတွေ ရှိပါတယ်၊ ...ဒီတော့ သူတို့နဲ့ တိုက်ရိုက်မပြိုင်ချင်ပါဘူး၊ တပည့်တော်မှာ နာမည်ကြီးနေသူဖြစ်လို့ ပဌမကျော်အောင်လာယင် ကော်မီတီတွေကို သူ့ရဟန်းအမက ငွေထိုးလို့အောင်တယ် ဖြစ်ဖြစ်, မန္တလေး ဆရာကြီးတွေက နတ်

လုပ်လို့ ဖြစ်ဖြစ်, တနည်းနည်းနဲ့တော့ ထင်ကြမှာ သေချာပါတယ်၊ ဒါ့ကြောင့် ရွှေဘိုမှာ တပည့်တော်အထက်က နတ်လုပ်နိုင်တဲ့သူ မရှိပါဘူး၊ အရကျက်စရာဟူသမျှကို သကျသီဟ အငယ်ဝင်ပြီးနောက် ရနေတဲ့အပြင် အဓိပ္ပါယ်ဘက်က စာချဖြစ်နေတာမို့ ကြောက်စရာမရှိရုံမက, ဆန်းနှင့် အလင်္ကာကို ကျေးဇူးရှင်မကလေးတို့အား ပုပ္ပုရွှေးနွေး ၂ ချိန်တောင် သင်တန်းပေးထားတာဖြစ်လို့ အားလုံး ပြည့်စုံနေပါတယ်။

**ဓမ္မဂုတ်၊** ။ဒီလိုဆိုတော့ မန္တလေးက ဘိုးတော်နတ်ကြီးတွေကို မကြောက်ဘူးပေါ့နော်။

**တပည့်တော်။** ။မန္တလေး ဘိုးတော်ကြီးတွေလဲ တပည့်တော်ထက် ပိုပြီး ဗဟုသုတ မများပါဘူး၊ ပြီးတော့ အပြင်က ကူပေးရတဲ့ကိစ္စမှာ စာအုပ်ထဲမှာ တိုက်ရိုက်မပါတဲ့သဘော အမေးတွေကို စိန်ပြေနပြေ စဉ်းစားချိန် မရပါဘူး၊ အမြန်ရေးပြီး အတွင်း သွင်းရတာဖြစ်လို့ ထို သဘော အမေးတွေကို တပည့်တော်က ပိုပြီး အသာယူထားပါတယ်၊ ပြီးတော့လဲ ထိုခေတ်က ဆယ်ရက် ဖြေရပါတယ်၊ ၉ ရက်လောက် ဖြေပြီးတဲ့အခါ တပည့်တော် အတွက် မြှော်လင့်ချက် ရှိ-မရှိ စဉ်းစားနိုင်ပါတယ်၊ မြှော်လင့်ချက်မရှိယင် နောက်ဆုံးရက် မဖြေဘဲထားမယ်လို့ ကြံပြီးသားပါ။

**ဓမ္မဂုတ်။** ။နောက်ဆုံးရက်ဖြေတော့ကော ဘာဖြစ်တုန်း။

**တပည့်တော်။** ။နောက်ဆုံးနေ့ပါဖြေယင် ဂေဇက်ထဲမှာ ခရေပွင့် ပြထားပြီး "ပဋ္ဌမကြီးထပ်အောင်"လို့ ဖေါ်ပြပါတယ်၊ ထိုသို့ ဖေါ်ပြယင် ပဋ္ဌမကျော် ငင်ကြောင်း အများသိမှာ စိုးပါတယ်၊ ဒါ့ကြောင့် ဂေဇက်ထဲ လုံးလုံး မပါအောင် နောက်ဆုံးရက်ကိုမဖြေဘို့ စိတ်ကူးရတာပါ။

**ဓမ္မဂုတ်။** ။သူများမသိအောင် ခိုးကြောင်ခိုးဝှက်လပ်ပြီး ပဋ္ဌမကျော်အဝင် သွားပုံကလေး ပြောစမ်းပါအုံး။

**တပည့်တော်။** ။ဒီကိစ္စကို သူများမသိအောင် လုပ်ရတာဖြစ်လို့ အားလုံး ပရိယာယ် ဆင်ရပါတယ်၊ ဆီးပင်ကျောင်း ဘုန်းတော်ကြီးကို သွားခါနီး ဝပ်ချတော့ "ကိုဇနက...ဘယ်သွားမလို့တုန်း, စာမေးပွဲက နီးလှပြီ"လို့ ပြောပါတယ်၊ [ စာမေးပွဲဆိုတာ သကျသီဟ ပရိယတ္တိစာပေးပွဲကို ဆိုလိုတာပါ၊ ထိုစာမေးပွဲက အစိုးရပဋ္ဌမပြန်ပြီးယင် ရက်မကြာခင် ဆက်လော့ ၄ပါတယ်။ ]

**ဓမ္မဂုတ်။** ။ဒီတော့ ကိုယ်တော်က ဘယ်လိုလျှောက်သလဲ။

**တပည့်တော်။** ။"ကိစ္စကလေးတခု ရှိလို့ပါ"လို့ လျှောက်ပါတယ်၊ ဘယ်ရယ်လို့ မမေးတဲ့အတွက် မလျှောက်ပါဘူး၊ "မကြာစေနဲ့"လို့ အမိန့်ရှိပါတယ်၊ "အကြောင်းမညီညွတ်ယင် မကြာပါဘူး"လို့ လျှောက်ပါတယ်၊ [စာမေးပွဲမဝင်ဖြစ်လျှင် အကြောင်းမညီညွတ်ဘူးလို့ ဆိုလိုပါတယ်။]

**ဓမ္မဂုတ်။** ။ပြီးတော့ ဘယ်သူ့ကို နှုတ်ဆက်သေးတုန်း။

**တပည့်တော်။** ။အတူဆွမ်းစားတဲ့ ဦးရာဇိန္ဒ (မိဂဒါဝုန်ဆရာတော်လောင်း) ကို နှုတ်ဆက်ပါသေးတယ်၊ သူက "ကိုယ့်လူ ဘယ်သွားမလို့တုန်း"လို့ မေးပါတယ်၊ "တောင်မြို့ သွားမယ်လို့"ဟု ဖြေပါတယ်၊ "ဘာကိစ္စလဲ" လို့ မေးပါတယ်၊ "စိန်ကလေးတလုံး ကြည့်စရာရှိလို့"ဟု ဖြေလိုက်ပါတယ်၊ [နဂိုရ်က စဉ်းစားထားတာ မဟုတ်လို့ နှုတ်ထဲ ပေါ်လာသလို ဖြေလိုက်တာပါဘဲ။] "ဘယ်သူ့ဘို့တုန်း"လို့ မေးပြီး "ရဟန်းအမဘို့လား"လို့ သူက ဆက်မေးပါတယ်၊ တပည့်တော်ကလဲ "ဆိုပါတော့လေ" လို့ ဖြေပါတယ်၊ "ကိုယ့်လူမျက်နှာဟာ ယနေ့ တယ်ရွှင်နေပါလား"လို့ ပြောပါတယ်၊ "ရွှင်ဆို လာဘ်ရစရာရှိတာကိုး"လို့ နှုတ်ဆက်ပြီး တောင်မြို့ သွားတဲ့ ရထားလက်မှတ် ယူခိုင်းဘို့ ကလေးတယောက်နဲ့အတူ ရှမ်းစုဘုတာကို ထွက်ခဲ့ပါတယ်။

**ဓမ္မဂုတ်။** ။ဘာလို့ တောင်မြို့ဝင်တာတုန်း, ရွှေဘိုတိုက်ရိုက်သွားပါ့လား။

**တပည့်တော်။** ။ရွှေဘိုသွားဘို့ စရိတ်မရှိပါဘူးဘုရား, တပည့်တော်မှာ ငွေမထားဘာကြာပါပြီ၊ ကပ္ပိယရှိမှ ငွေထားပါတယ်၊ ထိုအချိန်မှာ ကပ္ပိယလဲ မရှိပါဘူး၊ တောင်မြို့သွားဘို့ ရထားစရိတ်တောင် သူများဆီ တောင်းရပါတယ်။

**ဓမ္မဂုတ်။** ။တောင်မြို့သွားပြီး ရဟန်းအမဆီ ဝင်ရှေ့လား။

**တပည့်တော်၊** ။ဒီအချိန်မှာ ရဟန်းအမနဲ့ တပည့်တော်နဲ့ သိပ်အဆင်မပြေကြဘူး၊ ဒါ့ကြောင့် ကျောင်းတိုက်သွားပြီး ကပ္ပိယလုပ်တဲ့ ဒကာဖြူကို နံနက်ကျတော့ ရထားလက်မှတ်ယူပေးဘို့ ပြောရမှာပါ။

**ဓမ္မဂုတ်။** ။ဘာပြုလို့ အဆင်မပြေတာတုန်း။

**တပည့်တော်**။ ။စစ်ကိုင်းချောင်က သီလရှင်များကို စာပြောပေးတဲ့ ကိစ္စပေါ့ ဘုရား၊ အဲဒီ ကိစ္စတုန်းက စစ်ကိုင်းချောင်မှာ ဟိုးလေးတကျော်ဖြစ်တော့ ရဟန်းအမနဲ့ ဆက်နေတဲ့ သီလရှင်တွေက သွားပြီး ကတုန်းကတိုက် သုပ်ကြလို့ ရဟန်းအမက ဒေါပွနေတယ် ဆိုတာကို ဒကာဖြူက စော စောက ပြောတူးပါတယ်၊ ဒါ့ကြောင့် ရဟန်းအမဆီမသွားဘဲ ဒကာဖြူဆီ ရထားလက်မှတ်အတွက် ဝင်ရပါတယ်။

**ဓမ္မဂုတ်**။ ။ကပ္ပိယဒကာဖြူက ရဟန်းအမ သဘောမတူဘဲ လက်မှတ်ယူဘို့ ငွေကို သုံးနိုင်သလား။

**တပည့်တော်**။ ။ဒါလောက်တော့ သုံးနိုင်ပါတယ် နံနက်ဆွမ်းစားပြီးတော့ "ဒကာဖြူ....ရထားလိုက်ပြီး လက်မှတ်ယူပေးစမ်းပါ" လို့ ခေါ်ခဲ့တာဘဲ၊ ဘူတာရောက်တော့ ဒကာဖြူက "ဘယ်ဘူတာယူရမှာလဲ" လို့ မေးတော့ "မြင်းကသာဘူတာကိုယူပါ၊ ဒုတိယတန်းလဲမယူပါနဲ့၊ တတိယတန်းဘဲ ယူပါ" လို့ ပြောရပါတယ်။

**ဓမ္မဂုတ်**။ ။ဘာပြုလို့ မြင်းကသာဘူတာကို တတိယတန်းလက်မှတ် အယူခိုင်း ရတာလဲ။

**တပည့်တော်**။ ။ တပည့်တော် ရွှေဘိုသွားတာကို ဘယ်သူမှ မသိစေချင် လို့ပါ၊ မြင်းကသာဘူတာ ဆိုတာ ရွှေဘိုလွန်ပြီးမှ ရောက်ရတဲ့ ဘူတာ ဖြစ်ပါတယ်၊ ခါတိုင်းတော့ တပည့်တော်အတွက် ဒကာဖြူက ဒုတိယတန်း လက်မှတ်ယူပေးလေ့ ရှိပါတယ်၊ ဒီတခါတော့ ရဟန်းအမက မကျေနပ် နေတုန်းဖြစ်လို့ တတိယတန်းလက်မှတ်ကို ယူစေရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဟာက တကယ့်ထိပ်တန်းစာမေးပွဲသွားဝင်တာတောင် ချို့ချို့တဲ့တဲ့ကိုနော်၊ ကိုယ်တော့်ကံကိုလဲ သနားပါတယ်။

**တပည့်တော်**။ ။မသနားနဲ့အုံးဘုရာ့၊ ရွှေလျှော်ကီအလားတူတွေ အများကြီး တွေ့ရလိမ့်အုံးမယ်၊ ဒကာဖြူက ဘူတာကပြန်ပြီး ရဟန်းအမကို ဦးပဥ္စင်း မြင်းကသာသွားတဲ့အကြောင်း ပြောတဲ့အခါ၊ ရှင်ဦးပဥ္စင်းက မြင်းကသာ သွားတာမဟုတ်ပါဘူး၊ နက်ဖြန်စာမေးပွဲမှာ မယ်သီလတွေကို နုတ်လုပ်ပြီး ကူရအောင် "ဆင်ကသာ သွားတာ" လို့ ငေါ့တော့တော့ ပြောပါသတဲ့။

**ဓမ္မဂုတ်**။ ။ဒီလို ပြောရှံတွင်ဘဲလား။

**တပည့်တော်**။ ။ပြောရုံတွင် မကပါဘူး, နက်ဖန်ကျတော့ သူ့မိတ်ဆွေ သီလရှင်တွေကို အားပေးတဲ့အနေနဲ့ စာမေးပွဲကျင်းပတဲ့ ဆင်မျှားရှင် ဘုရား သွားပါသေးသတဲ့၊ တပည့်တော်ကို မတွေ့ပါဘူး, ကိုယ်တော်ကြီး တပါးကို စပါးကျီထဲမှာ တွေ့ပါသတဲ့, အဲဒီကိုယ်တော်ကြီးက ရိုးလဲရိုး, ရဟန်းအမကိုလဲသိလို့ "အဟမ်း....အတည်မဖြောင့်လို့, ကျီဒေါင့်နေရ သဗျ" လို့ ပြောလိုက်သတဲ့၊ တပည့်တော်ကိုတော့ သူနဲ့မတွေ့အောင် ပုန်းနေတယ်လို့ မှတ်ချက်ချသွားပါသတဲ့။ (ဒီဟာတွေကို ဒကာဘဖိုးက ပြန်ပြောလို့ သိရတာပါ။)

**ဓမ္မဂုတ်**။ ။ကိုယ်တော့်မှာ ကိုယ်မလုပ်ရဘဲနဲ့ အလွဲလွဲအမှားမှား အထင်ခံရ တယ်ခနော်။

**တပည့်တော်**။ ။စာမေးပွဲနဲ့စပ်ပြီး ကိုယ်တိုင်လဲ နတ်မလုပ်ပါဘူး, နတ်အကူ အညီလဲ မယူဘူးပါ၊ ဒါပေမဲ့ တပည့်တော်က ကျောင်းသားအဖြစ်နဲ့ စာမေးပွဲအလတ်တန်းအောင်တော့ "ဒီအကောင်ကလေးဟာ ဒါလောက် မတော်နိုင်သေးပါဘူး, သူ့ဆရာကကူပေးလို့ အောင်တာပါ" လို့ ဆရာနဲ့ ရွယ်တူ ဦးပဉ္ဇင်းကြီးတွေက အထင်သေးကြ—ပြောကြပါတယ်၊ ဒီကိုယ်တော်ကြီးတွေနဲ့ ပဉ္စမကြီးဝင်တဲ့အခါ အတူတူ ဖြစ်နေပါတယ်၊ အဲဒီအခါကျတော့ စာဖြေခုံချင်းက နီးကပ်နေလို့ တပည့်တော် သန့်သန့် ရှင်းရှင်း ဖြေတာကို သူတို့သိရုံမက, တပည့်တော်ကို သူတို့က ဆန်းဘာသာ ဖြေတဲ့နေ့မှာ တိုးတိုး တိုးတိုးနဲ့ လှမ်းမေးကြပါသေးတယ်၊ တပည့်တော် ကလဲ အစောင့်တွေ အထင်လွဲမှာစိုးလို့ မပြောဘဲ, အားလုံးပြီး၍ အဖြေ စာအုပ်ကို အစောင့်များရဲ့ လက်ထဲအပ်ပြီးမှ သူတို့အနားကဖြတ်ပြီး တိုးတိုးပြောခဲ့ပါတယ်၊ (ဒီအချိန်မှာ တပည့်တော်ဟာ ကိုရင်ဘဝ ရှိပါ သေးတယ်၊ ဒါ့ကြောင့် ဝိနည်းလို အပြစ်မရှိပါဘူး၊ ဂဇက်ထွက်လာတဲ့ အခါ သူတို့လဲ မပါပါဘူး၊ ဒီတော့မှ သူတို့က "ဇနက က အောင်မှာ ပေါ့, စာသိပ်ရတာကိုး" လို့ ပြောကြပါသတဲ့။

**ဓမ္မဂုတ်**။ ။အရောက်ကတွင်မကဘူး, သဘောအယူအဆဘက်ကလဲ သာလို့ အောင်တာ ဖြစ်မှာပေါ့။

**တပည့်တော်**။ ။မှန်ပါတယ်, အဲဒီ ပဉ္စမကြီးဝင်တဲ့အချိန်မှာ ဓမ္မပဒအဋ္ဌ ကထာနဲ့ ဒီဃနိကာယ်လို့ ခေါ်တဲ့ သုတ် ၃ကျမ်း ပါဠိတော်အဋ္ဌကထာကို

ကိုယ်တိုင်ဆိုပြီးနေတာကို သူတို့မသိကြပါဘူး၊ အဲဒီ ပါဠိတော်အဋ္ဌကထာကြီးတွေက သဘောညဏ်ကို ထက်သန်စေနိုင်ပါတယ်။

**ခမ္မဂုတ်**။ ။ကိုင်း ကိုင်း ...အဲဒီ ဟာတွေ ထားလိုက်ပါဦး၊ ပဌမကျော်ဝင်ပုံ ဆက်ကြဦးစို့၊ ရွှေဘိုရောက်တော့ အားလုံးအဆင်ပြေရဲ့လား။

**တပည့်တော်**။ ။ရွှေဘိုမှာ ဦးကေသရက ကျောင်းပိုင်မရှိပါဘူး၊ သူနေတဲ့ ကျောင်းမှာလဲ နံနက်ဆွမ်း မစားရပါဘူး၊ ဒါကြောင့် တပည့်တော်ကို နံနက်ဆွမ်းစားရအောင် ပုခန်းတိုက် ပို့ထားပါတယ်၊ ပုခန်းတိုက်ကလဲ တပည့်တော်ကို စာချပုဂ္ဂိုလ်လဲဖြစ် ပဌမကျောင်ဖြေမည့်သူလဲ ဖြစ်တော့ ဆရာတော်ကြီးနဲ့ တကွ တိုက်အုပ် ဘုန်းတော်ကြီးကပါ ဂရုစိုက်ကြပါတယ်၊ ဆရာတော်ကြီးကျောင်းရဲ့ အောက်ထပ်ဆင်ဝင်ထဲမှာ တပါးတည်း သီးခြား ထားပါတယ်၊ နံနက်ဆွမ်းကို ဆရာတော်ကြီးနဲ့အတူ စားရပါတယ်၊ မန္တလေးက အလက်ာကောက် စာအုပ်တအုပ်သာ ပါပါတယ်၊ ဆိုင်ရာစာအုပ်များကို နေ့စဉ် တမျိုးပြီး တမျိုး ပုခန်းတိုက်က ငှါးပြီး ကြည့်ရပါတယ်။

**ခမ္မဂုတ်**။ ။ညလဲ စာကြည့်တာဘဲလား။

**တပည့်တော်**။ ။ညအခါ ဖယောင်းတိုင်ထွန်းပြီး အတော်ညဥ့်နက်အောင် စာကြည့်ပါတယ်၊ တညတော့ စာကြည့်ပြီး မိုယ်းကလေးရွာထားတဲ့နေရာမှာ လမ်းလျှောက်နေယင်း ကင်းကိုက်ပါလေရော့၊ ဘာကင်းမှန်းလဲမသိ၊ အားလုံး အိပ်ကြပြီဖြစ်လို့ ခေါ်စရာလဲမရှိ၊ မီးလဲမရှိနဲ့ "ကဲ....ဘာဖြစ်ဖြစ်၊ ဖြစ်ချင်တာ ဖြစ်ရောဟ" လို့ တွေးပြီး ကျောင်းထဲ ဝင်အိပ်လိုက်ပါတယ်၊ နံနက်ကျတော့ သက်သာသွားလို့ တော်ပါသေးတယ်။

**ခမ္မဂုတ်**။ ။နံနက်ဆွမ်းစားပြီးတော့ ဘာလုပ်တုန်း။

**တပည့်တော်**။ ။နံနက်ဆွမ်း စားပြီးတဲ့အခါ ခေါင်းရင်းနားမှာရှိတဲ့ ခရေပင်က အပွင့်တွေကို တရာကျော်၊ တရာကျော် နေ့တိုင်းကောက်ပြီး ဘုရားကို ရေနဲ့တကွ ပူဇော်ပါတယ်၊ ပန်းကောက်တဲ့အခါ အောင်ဂါထာနဲ့ အောင်တေးထပ်ကိုလဲ တိုးတိုးရွတ်ပါတယ်။

**ခမ္မဂုတ်**။ ။ပန်းပွင့်တရာကျော်ပူဇော်တာက ဘာအဓိပ္ပါယ်လဲ။

**တပည့်တော်**။ ။ဖြေရတဲ့ ပုစ္ဆာတွေမှာ နေ့တိုင်း အမှတ်တရာ ပေးပါတယ်၊ အဲဒီ အမှတ်အားလုံး မဟုတ်တောင် ၉၀ကျော်လောက်ရမှ ပဌမကျော်ကို မြှော်နိုင်ပါတယ်, ဒါ့ကြောင့် ပန်းပွင့်တရာကျော်ကို နေ့စဉ်ပူဇော်တာပါ။

**ခမ္မဂုတ်**။ ။"အောင်ဂါထာ-အောင်တေးထပ်"ဆိုတာက ဘယ်ဟာလဲ။

**တပည့်တော်**။ ။အောင်ဂါထာဆိုဒါက ရတနာ့ဂုဏ်ရည်မှာပါတဲ့ "ဉုံ နမော တေ "ဆိုတဲ့ ဂါထာပါ၊ အောင်တေးထပ်ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်။

အောင်မြေပလ္လင် အောင်ပင်လှဲ၍, အောင်မြင်သပ ရန်သူပုန်၊
အောင်ရှင်ဘုရား အရဟံဂုဏ်ကို, မကျန်အကုန် တေဇာနှင့်၊
ဝေဆာမြင့်မြင့် ဆင်းရန့်လှူတယ်, သတင်းပြန့်ကြူ ဆင့်ကဲသာလို့တင့်။
မြင့်ဘဲသာလို့ မြင့်ရေးပေါ် အောင်, အရှင့်မြေးတော်ကျော်ကျော်သနှင့်၊
အသင့်တွေးမြှော် တော်လျော်သင့်ဘို့, ကော်ရော်သဖြင့် အရှင့်ထံ၊
အောင်ပန်းထွေထွေ ညောင်ရေတကောင်းနှင့်, အောင်စေအကြောင်း ခွင့်တောင်း အောင်ဆုပန်။
အပရာဇိတ ပလ္လင့်ပျံ့မှာ, အရှင့်သဏ္ဍာန် စိတ်အစဉ်ညွှတ်လို့၊
ထိပ်ဘင်တမွတ် အလွတ်ဖြိုးကြွယ်စွာ, မချွတ်ကိုးကွယ်ကာ၊
အောင်ပန်းဆင့်ဆင့် ခိုင်ပွင့်ညှာကို, အပြိုင်ဝင့်ကာ ချူစမ်းမယ်ဖျလေး၊
မရှောင်တမ်းဖြင့် နိုင်သင့်ရာကို, အနိုင်ကျင့်ကာ ယူစမ်းမယ်ဖျလေး။

**ခမ္မဂုတ်**။ ။ပန်းတို့ ရေတို့ ပူဇော်ပြီးတော့ ဖြေရမဲ့စာကို ကြည့်မှာပေါ့နော်၊ စာကြည့်ပြီး နေ့ဆွမ်းတော့ ဘယ်မှာစားသလဲ။

**တပည့်တော်**။ ။နေ့ဆွမ်းတော့ ပိဋကတိုက် ဉုးကေဿရတို့ကျောင်းမှာ စားပါတယ်, ကျောင်းဘုန်းကြီးက ဆွမ်းဟင်းအများကြီး ရပါတယ်၊ နေ့တိုင်း ခတက်ချဉ်သုပ်နဲ့ စားရတာ အလွန်မြိန်ပါတယ်။

**ခမ္မဂုတ်**။ ။စာမေးပွဲဆိုင်ရာက နေ့ဆွမ်း မကျွေးဘူးလား။

**တပည့်တော်**။ ။ကျွေးပါတယ်, ဒါပေမဲ့ တပည့်တော်က အများနဲ့ ရောရော နှောနှော မစားတတ်ပါဘူး၊ ဒါ့ကြောင့် ကျောင်းကစားပြီးမှ သွားတာပါဘဲ။

**ခမ္မဂုတ်**။ ။ကိုယ်တော်လို အကြီးအကျော်ဝင်တာက ဘယ်နှစ်ပါးရှိတုန်း။

**တပည့်တော်။** ။တပည့်တော် တပါးထဲပါ, ဒါ့ကြောင့် အလတ်ပြီးတဲ့နေ့မှာ ပညာအုပ်က ဆရာမတွေကို"နောက်ရက်တော့ အကျော်ဝင်တဲ့ကိုယ်တော်ကို ဆွမ်းကပ်ကြအုံးမလား"လို့ စာဖြေတဲ့ စာသင်ကျောင်းရဲ့ အောက်ထပ်မှာ မေးသံကြားပါတယ်၊ ဆရာမတွေက"နေ့တိုင်းလဲ စားမှမစားဘဲ, ဘာကျွေးဘို့လိုသေးတုန်း"လို့ ပြောကြတဲ့အသံကို အပေါ်ကကြားရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်ကံကိုယ်က ဆိုးပါတယ် ကိုယ်တော်, တကယ်ဆိုတော့ အကျော်ဝင်တဲ့ ကိုယ်တော်ကို မွန်မွန်မြတ်မြတ်ကျွေးဘို့ကောင်းပါတယ်၊

**တပည့်တော်။** ။တပည့်တော်ကံက စာတတ်ဘို့သာ ကံပါဟန်တူပါတယ်၊ ဒီပြင်တော့ ကောင်းလှတယ် မရှိပါဘူး, တပည့်တော်ကလဲ စာတတ်ပြီး သာသနာ့ဝန်ဆောင်နိုင်ယင် ပြီးတာပါဘဲ၊ ဒီပြင်ကံတော့ ကောင်းဘို့ရန် မတောင့်တပါဘူး။

**ဓမ္မဂုတ်။** ။ပဌမလတ်နေ့ ပြီးဘဲ့အခါ ကိုယ်တော် ဘယ်သွားဖြေရသလဲ။

**တပည့်တော်။** ။ပညာအုပ်က သူ့ရုံးကိုကြွပြီး ဖြေပါလျှောက်လို့ သူ့အိမ်က သူ့ရုံး သွားဖြေရပါတယ်, ပညာအုပ်က သဒ္ဒါတရားကောင်းဟန်တူပါတယ်၊ တပည့်တော်ကို နေ့တိုင်း လဘက်ရည်အချိုရေမုန့်ပါ ကပ်ပါတယ်၊

**ဓမ္မဂုတ်။** ။ကျောင်းဆရာမတွေက " ဆွမ်းမကျွေးနိုင်ဘူး "ဆိုတော့ ပညာအုပ်က ကိုယ်တော့်ကို သနားဟန်တူပါရဲ့နော်၊ ကိုယ်တော် ၁၀ ရက် ပြည့်အောင် ဖြေတာဘဲလား။

**တပည့်တော်။** ။၉ ရက်ဖြေပြီးတော့ အမှတ်တွေကို ခန့်မှန်းကြည့်ပါတယ်၊ သဒ္ဒါသင်္ဂြိုဟ်နေ့တွေမှာ သဘောမေးခွန်းတွေ များများပါပါတယ်၊ အဲဒီမေးခွန်းတွေကို မန္တလေး နတ်မင်းကြီးများကလဲ ကျပြာကယာဆိုတော့ မှန်အောင်ဖြေပြီး အတွင်းသွင်းဘို့ မလွယ်ဘူးလို့ ယူဆပါတယ်၊ ၁၀ရက်မြောက် ပုစ္ဆာအတွက် ဘာသာပြန် ပါဠိစီမေးခွန်းတော့ စင်းလုံးချောမယ်လို့ တွက်ထားပါတယ်၊ ဒါ့ကြောင့် ၁၀ ရက်မြောက် ဖြေတဲ့အခါ ၂ နာရီလောက်နဲ့ပြီးလို့ ပညာအုပ်က "မြန်လှပါလား မပြေဘူးလား" လို့ မေးပါတယ်၊ တပည့်တော်က"အဖြေကြည့်ပါလား"လို့ ပြောတာနဲ့ အဖြေကြည့်တော့ အားလုံး ဖြေထားတယ်ကိုး၊ ရဟန်းတော်တွေ "ပါဠိ

မနိုင်ဘူး”လို့ ကြားဘူးကြောင်းပြောတော့“ဦးပဥ္စင်းတော့ ဒီနေ့ အဖြေ နိုင်ဆုံးဘဲ ”လို့ ပြောခဲ့ပါတယ်၊ ကျောင်းရောက်တဲ့အခါ ဦးကေသရကို အတ္ထုပ္ပတ္တိ ရေးချင်ရေးတော့, ငွေမထိုးဘဲ ရိုးရိုးသားသား အမှတ်များ သူ့ကို အအောင်ပေးယင် သေချာပါတယ်လို့ ကြားလိုက်ပါသေးတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်က မန္တလေး ဘိုးတော်နတ်ကြီးတွေတောင် အရေး မစိုက်ဘူးလို့ ဆိုလိုတာပေါ့လေ။

**တပည့်တော်**။ ။ဟုတ်ပါတယ်, ဘဘောအဖြေကျတော့ ဘိုးတော်ကြီးတွေက သိပ်စဉ်းစားချိန် မရပါဘူး၊ အတွင်းမှာ ကိုယ့်ဉာဏ်နဲ့ကိုယ် ဖြေသူက စဉ်းစားချိန်ရပါတယ်။

**ခမ္မဂုတ်**။ ။၁၀ ရက်လုံးလုံး စာဖြေရတော့ ကျန်းမာရေး ဘယ်လိုနေတုန်း။

**တပည့်တော်**။ ။အဲဒီအရွယ်တိုင်အောင် “ကျန်းမာရေးကို တမင် လိုက်စား ယူရတယ်” ဆိုတာ နားမလည်သေးဘူး၊ ဒါ့ကြောင့် ကျန်းမာရေးကတော့ ပစ်စလက်ခတ်ပါဘဲ၊ “ထုံနစ်”ဆိုတဲ့ ရောဂါက ပခုက္ကူမှာတုန်းကပင် နဲနဲ ရှိနေလို့ အဲဒီအချိန်မှာ ညနေပိုင်းကျယင် သွေးကျပြီး ခြေထောက်ရောင် နေပါဘယ်၊စာမေးပွဲဖြေယင်း နောက်ရက်တွေမှာကုလားထိုင်ပေါ် ထိုင်ပြီး ခြေချ ဖြေရတော့ သာပြီး ဆိုးပါတယ်၊ တပည့်တော်ဘဝမှာ ဆရာရင်း ကလဲ ဘုန်းကံဘက်က အားမကိုးရ၊ ဒကာ ဒကာမ အရင်းအချာဆိုတာလဲ ရဟန်းအမများသာ ရှိတယ်၊ မိဘများလဲ ပစ္စည်းလျော့နေပြီ၊ ဒီတော့ တပည့်တော်အတွက် ဤလောကမှာ တတ်ထားတဲ့ စာကလေးတောင် အကျိုးရချင်မှ ရတော့မှာမို့ သေလဲ မြေကြီး, ရှင်လဲ ရွှေထီး ဆိုတာလို ပါဘဲ၊ သေမှာကို အရေးမစိုက်မိပါဘူး၊ ဒါ့ကြောင့် စွဲကပ်တဲ့ရောဂါကို မကုအားပါဘူး၊ ကုစရာလဲ ငွေမရှိပါဘူး၊ ပဌမကျော် အဝင်သွားတဲ့ကိစ္စ ကိုဘဲ ကြည့်ပါ၊ ဘယ်သူမှ အရေးတယူ မရှိပါဘူး, တပည့်တော်ကလဲ အရေးစိုက်သူမရှိဘဲ ကိုယ့်ဒူးကိုယ်ချွန်ရတာကို ဂုဏ်ယူပါတယ်။

**ခမ္မဂုတ်**။ ။ပဌမကျော်ဖြေတဲ့အခါ ကိုယ်တော်ဖြေပုံကလေး ပြောစမ်းပါအုံး။

**တပည့်တော်**။ ။ ဦးကေသရတို့ကျောင်းမှာ နေ့ဆွမ်း စားပြီးတော့ အချိန် စောသေးတာနဲ့ ကျောင်းကို လှည့်ပတ်ပြီး ခပ်မြန်မြန် လမ်းလျှောက်ပါ တယ်၊ ဥပုသ်နေ့မှာ ဥပုသ်သည်တွေလာပေမဲ့ တပည့်တော်က ကိုယ့်လမ်း ကိုယ် လျှောက်တာဘဲ, အချိန်နီးမှ စာဖြေဌာနကို သွားပါတယ်၊ လက်ထဲ

မှာ ဆိုင်ရာစာအုပ်တအုပ်နဲ့ ဖေါင်တိန်တလက်သာ ပါပါတယ်၊ စာဖြေဌာနရောက်တော့လဲ ပုစ္ဆာမဝေခင် စာကြည့်နေတာပါဘဲ၊ ပုစ္ဆာဝေခါနီးတော့ စာအုပ်ကို ဆိုင်ရာအပ်ပြီး ဖြေဘို့ဝေတဲ့စာရွက်ပေါ် အထက်ဆုံးနေရာမှာ ဖေါင်တိန်ထည့်တဲ့ သေတ္တာကလေးနဲ့ မျဉ်းတကြောင်းသာကြောင်းလိုက်ပါတယ်၊ အောက်တော့ မျဉ်းမကြောင်းဘဲ ရေးတာပါဘဲ၊ ပုစ္ဆာအမှတ်စဉ်ကို မကျော်ဘဲ အစဉ်အတိုင်း ဖြေပါတယ်။

**မမွဂုတ်**။ ။ဖြေပြီးတော့ တခါတည်း ပြန်ခဲ့ရော့လား။

**တပည့်တော်**။ ။ပရိယတ္တိစာမေးပွဲအတွက် ရက်ကနီးနေပြီဖြစ်လို့ နောက်တရက်မှာ ပြန်ခဲ့ပါတယ်၊ ပြန်တဲ့ရက်မှာ နေ့ဆွမ်းစားပြီး ချက်ခြင်း ဘူတာသွားဘို့တာဝန်ရှိသော်လဲ လိုက်ပို့မဲ့ ဥုးကေသရက " နေပါအုံးကွာ , စောပါသေးတယ်"ဆိုလို့ စိတ်တထင့်ထင့်နဲ့ နေရပါတယ်၊ နောက်တော့ "သွားမှဖြစ်မယ်" ဆိုပြီး ထလာရပါတယ်၊ တပည့်တော်က ရှေ့က အဝေးကြီးရောက်တောင် လိုက်ပို့ကြတဲ့သူတွေက နောက်မှာရှိရစ်ပါတယ်၊ ခရီးတဝက်လောက်ရောက်တော့ မီးရထားဝင်လာတာကို မြင်ရလို့ တပည့်တော်တော့ မပြေးတာတမယ်ပါဘဲ, အတင်းသုတ်ရပါတယ်၊ ဥုးကေသရကိုသဲ ဆဲချင်လိုက်တာ လူကြီးမို့ အသာ အောင့်နေရပါတယ်။

**မမွဂုတ်**။ ။ကိုယ်တော်က ဘာပြုလို့ ဒါလောက် အရေးကြီးရတာလဲ၊ သူလဲ သူ့မြို့က ရထားအကြောင်း သိလို့ စိတ်ချလက်ချ လုပ်နေမှာပေါ့။

**တပည့်တော်**။ ။ဟုတ်ပါတယ်, ဘူတာမှာ နာရီဝက်လောက် ကြာကြာရပ်တော့ သူက အေးအေးဆေးဆေး လာတာပါဘဲ၊ တပည့်တော်ကတော့ နိမိတ်ကလေးဘာကလေးလဲ ကောက်ချင်တတ်ပါတယ်၊ ပရိယတ္တိစာမေးပွဲကို ဆက်ပြီး ဖြေရမှာပါ၊ တကယ်လို့ ရထားမမှီယင် အခြားနည်းဖြင့် သွားစရာမရှိပါဘူး၊ ဒီက ရထားမမှီခြင်းသည် ပရိယတ္တိအတွက် ဖြေဘို့ရက်မှီသော်လဲ အောင်ဂေဇက်မှာ မပြည့်မစုံဖြစ်မှာကို နိမိတ်ကောက်မိလို့ အရေးတကြီး ရထားမှီအောင် ကြိုးစားတာဖြစ်ပါတယ်။

**မမွဂုတ်**။ ။ကိုယ်တော်က ကံ ဉာဏ် ဝီရိယကြောင့် အကျိုးရပုံကိုပြတဲ့ ဗုဒ္ဓကျမ်းစာတွေကို အများကြီး လေ့လာပြီးဖြစ်ပါလျက် လောကီ အတိတ်နိမိတ်တွေကို ဂရုစိုက်နေရသေးသလား။

**တပည့်တော်**။ ။နိမိတ်ကျမ်းဆိုတဲ့ လောကီကျမ်းအကြောင်းကို ပိဋကတော်မှာ အနည်းငယ် ပြင်ထားပါတယ်၊ ထို နိမိတ်ကြောင့် အကျိုးရတာတော့ မဟုတ်ပါဘူး၊ ကံ ဉာဏ် ဝီရိယကြောင့် အကျိုးပေးခွင့်ကြုံတဲ့အခါ အကျိုးပေးဘို့ရန် အရိပ်နိမိတ်ဆိုတာ ရှိတတ်တယ်လို့ သိရပါတယ်၊ ဒါ့ကြောင့် နိမိတ်ကောက်တဲ့အကျင့်က တပည့်တော်မှာ ရှိနေပါတယ်၊ သို့သော် မှန်မှန်ကောက်တတ်ဘို့ကတော့ မလွယ်ပါဘူး, အမှားကိုလဲ အမှန် လုပ်ပြီးကောက်ချင် ကောက်မိမှာပါဘဲ၊ ဒါ့ကြောင့် နဲနဲပါးပါး နိမိတ်ကောက်တတ်တဲ့ အလေ့ဟာ (တပည့်တော်အတွက်) ကောင်းသော အလေ့အကျင့် မဟုတ်မှန်း သိပါတယ်။

**ဓမ္မဂုတ်**။ ။ရွှေဘိုက မန္တလေးပြန်ရောက်တော့ မန္တလေး သီတင်းသုံးဘော်မိတ်ဆွေတွေက ဘာမေးကြသလဲ။

**တပည့်တော်**။ ။သူတို့က အမျိုးမျိုး တွေးနေကြပါတယ်၊ အကျော်ဝင်တယ်လို့လဲ တွေးကြရဲ့, (ရဟန်းအမတွေးသလို) နတ်မင်းလုပ်နေတယ်လို့လဲ တွေးကြရဲ့၊ အကျော်ဝင်သလားလို့ မေးတဲ့ကိုယ်တော်တွေကို "ဝင်ယင်သိမှာပေါ့"လို့ ဖြေလိုက်ပါတယ်။

**ဓမ္မဂုတ်**။ ။ကျန်းမာခရေးကော ကောင်းရဲ့လား။

**တပည့်တော်**။ ။ကျန်းမာရေး ကောင်း-မကောင်း မသိတဘ်သေးပါဘူးဘုရား၊ ရွှေဘိုကရောက်ပြီး နောက်တရက် ညတရားဟောဘို့ စစ်ကိုင်း မောမဝတချောင်က လာပင့်လို့ လိုက်ပြီး ညတရားဟောလိုက်ပါသေးတယ်၊(သူတို့စာမေးပွဲဖြေထားမှန်းမသိတော့ ပင့်မှာဘဲ၊ တပည့်တော်ကလဲ မသိစေချင်တော့ လိုက်ဟောရတာဘဲ)၊ အဲဒီ တရားဟောပြီး ပြန်လာတဲ့အခါ အားလဲမရှိဘူးဘုရား၊ ကျောင်းရောက်လို့ နေ့ဆွမ်းစားတော့ ဆီးပင်ကျောင်းဘုန်းတော်ကြီးကရော, ဦးရာဇိန္ဒကပါ တပည့်တော်ကို "သိပ်အပန်းမခံနဲ့, မျက်တွင်းတွေချိုင့်ကုန်ပြီ"လို့ ပြောကြတော့ အတော်ဝမ်းနဲသွားပါတယ်။

**ဓမ္မဂုတ်**။ ။စာဖြေတော့ ဘာဖြစ်သေးတုန်း။

**တပည့်တော်**။ ။နက်ဖန်ကျတော့ ပရိယတ္တိ (သကျသီဟ) စာမေးပွဲ အဖြေသွားရပါတယ်၊ စာမဖြေခင် ဘုရားဝတ်ပြုဘို့ ဘုရားပေါ် တက်တဲ့အခါ ရင်ထဲက တလှပ်လှပ်ဖြစ်တာကို သတိထားလိုက်မိပါတယ်။

**ဓမ္မဂုတ်**။ ။နှလုံးရောဂါများ ဖြစ်နေပါ့မယ်, ဘယ်ဆရာဝန်မှ မပြဘူးလား။

**တပည့်တော်**။ ။ဝေးပါဘုရား, အဲဒီတုန်းက ဆရာဝန်ကလဲ ရှားပါသေးတယ်၊ တပည့်တော်မှာ မြန်မာဆေးတောင် မူးလို့ ရှစရာမရှိပါဘူး၊ နှလုံးရောဂါနဲ့ ဒေလိုက်ယင် ဘုမသိ ဘမသိနဲ့ ရေတိမ်နစ်ရမှာပါ။

**ဓမ္မဂုတ်**။ ။အား....ကိုယ်တော့် အတွက်က စာဘက်မှာ နာမည်ကြီးသလောက် ပစ္စည်းလာဘ်ဘက်က အကူအညီနဲ့တယ်နော်၊ ဟေမဝတတို့ သာတာဂိရတို့ တပည့်မတွေကကော သတိမရကြဘူးလား။

**တပည့်တော်**။ ။တပည့်တော်ရဲ့ စာတော်တယ် – တရားဟော ကောင်းတယ် ဆိုတဲ့နာမည်က ကျော်နေတာဖြစ်လို့ တပည့်တော်ကို အများက အလွန် ဘုန်းကြီးတယ်, အလွန် ပြည့်စုံတယ်လို့ ထင်ကြပါတယ်၊ အမှန်အားဖြင့် ပြည့်လဲ ပြည့်စုံလောက်ပါတယ်၊ ဒါပေမဲ့ ထင်ရှားတဲ့ ဆရာတော်အရွယ် မဟုတ်သေးယင် သူတို့ဆီကို ထွက်လိုက်ဝင်လိုက် ကူညီလိုက်လုပ်မှ ပင့်ကြ– ဖိတ်ကြ, လှူကြ– ဒါန်းကြတာပါ၊ ဒီလိုမဟုတ်ယင် လိုတဲ့အခါ တရား ဟောပင့်ရုံမှတပါး ကူညီလေ့ မရှိကြပါဘူး, ဒီလိုအကြောင်းတွေကြည့်ပြီး စိတ်နာနာရှိတာနဲ့ ရေးစပ်တဲ့ တေးထပ်ကလေးကို ရှုစမ်းပါဦး။

ပြုပုံပြင်ပုံ နည်းမကျက, နွားထီး နွားမ ငါးကျပ်စီ၊
စနည်းအရ မှားအပ်ပြီကို, တရားဓာတ်အကြည် ရွှေဉာဏ်နှင့်။
ရှုစားတုံက, ပြုထားပုံမလှ, ခုမျှားကြုံရ ဘုံဘာဝအနေငယ်,
နှ်စွာအသရေ ကံနဲ့သူမို့ထင့်။....
မျက်နှာကြီးမှ ဟင်းဖတ်ပါသည်, သှင်းအတတ်ဟာ ကြုံဆုမြင့်၊
မကောင်းတတ်စွာ ပုံယူချင့်က, အကုန်တူသနှင့် သူ့အလို၊
မမြှော်မမြင် လျှော်စဉ်ခိုက်, ပေါ်ပင်အလိုက် အမြဲရေသာခို။
အများအထင်က တရားရှင်ဆိုတယ်, ဘပြားပင်လို ဘယ်ဝယ်ယိမ်းလို့၊
သွယ်သွယ်ကိန်းနှင့် မလိမ်းကျကြုံကာ, မိန်းမဓမ္မတာ၊
အရေးကြီးက ဘေးတီးမပါလျှင်, အသွေးနီးရာ ချိုတတ်ရှာကြလေး။....

**ဓမ္မဂုတ်**။ ။ဟုတ်ပါရဲ့, ကိုယ်တော့်ကို အများက (အထူးအားဖြင့် သံဃာ ချင်းက) အလွန် ဘုန်းကြီးတယ်လို့ ထင်ကြတာဘဲ။

**တပည့်တော်**။ ။ တပည့်တော်က အထင်ကြီးခံပြီး ဆင်းရဲတဲ့ ကံကတော့ အလွန်ပါဟန် တူပါတယ်၊ ပခုက္ကူ နေတုန်းကလဲ စာချမဖြစ်ခင် အလွန်

ဆင်းရဲပေမဲ့ အများကတော့ အလွန် ပြည့်စုံတယ်လို့ ထင်ကြပါတယ်၊ တခါတုန်းက ပခုက္ကူမှာ ခြင်ကိုက်လွန်းလို့ ရဟန်းအမများဆီရောက်ခိုက် ခြင်ထောင် တောင်းပါတယ်၊ ခြင်ထောင် အဝယ်ခိုင်းတဲ့ ဒကာမကာ ၂၈ယောက်အိပ် ခြင်ထောင်ကြီးဝယ်လာလို့ ထပ်ပြီး အဝယ်ခိုင်းတဲ့အခါ တယောက်အိပ် သေးသေးကလေး ဖြစ်နေတယ်၊ ဒါကိုယူပြီး ပခုက္ကူ ရောက်- ရောက်ခြင်း ခြင်ထောင် ထောင်ပါတယ်၊ ဒီအခါမှာ စာချဖြစ်နေပါပြီ၊ တပည့်တချို့က လာပြီးဝတ်ဖြေ့ကြတော့ ဦးပဥ္စင်းတပါးက အသာကလေး ခြင်ထောင်ကိုင်ကြည့်နေတာကိုမြင်လို့ "မင်းကဘာပြုလို့ ခြင်ထောင်ကိုင်ကြည့်ရတာတုန်း" လို့ မေးတဲ့အခါ " ပိုးခြင်ထောင်လားလို့ "ဟု လျှောက်ပါတယ်၊ အဲဒီလောက် တပည့်တော်ကို အထင်ကြီးကြပါတယ်။

**ခမ္မဂုတ်** ။ ။ ဟုတ်ပါတယ်, ကိုယ်တော်ရဲ့ အထင်ကြီးခံရဘို့ ပါတဲ့ကံက ကိုယ်တော့်ကို ဒုက္ခပေးနေတာပါဘဲ၊ အဲဒီလို နှလုံးတုန်တုန် ရင်ခုန်ခုန်နဲ့ စာဖြေတော့ အဆင်ပြေရဲ့လား။

**တပည့်တော်** ။ ။ ပဌမနေ့မှာ ပါရာဇိကဏ်အဋ္ဌကထာကို ဖြေရပါတယ်၊ ပုစ္ဆာက ခက်တော့ခက်ပါတယ်၊ ဒါပေမဲ့ မဖြေနိုင်အောင် မဟုတ်ပါဘူး, ဖြေတုန်းမှာ ဖျားနေတယ်ထင်ပါတယ်၊ အဖြေသာရေးနေရတယ်, စိတ်က တယ်မရှင်ပါဘူး၊ ဖြေပြီးတဲ့အခါမှာလဲ " အောင်မှတ်တော့ ရလောက်ပါရဲ့ "ဟု တွေးပြီး ကောင်းကောင်းတောင် ပြန်မစစ်ပါဘူး၊ ကျောင်းပြန်လာခဲ့ပါတယ်၊ (အဋ္ဌကထာသုံးကျမ်းကို တရက်ခြားဖြေရလို့ နောက်တရက်က နားရက်ပါ၊)အဲဒီရက်မှာ ချွေးအောင်းပြီး ရှိတဲ့နို့ဆီနဲ့ မုန့်နဲ့ စားနေလိုက်ပါတယ်၊ အတော် နေကောင်းသွားပါတယ်၊ နောက်တရက်တော့ စိတ်ကြည်ကြည်နဲ့ ဖြေနိုင်ပါတယ်၊ စတုတ္ထရက်နားပြီး ပဉ္စမရက်လဲ နေကောင်းကောင်းနဲ့ ဖြေနိုင်ပါတယ်။

**ခမ္မဂုတ်**။ ။ဒါ့ကြောင့် ဂေဇက်ထွက်တဲ့အခါ ပဌမတကျမ်း ကျပြီး, နောက် ၂ကျမ်းအောင်တာ ထင်တယ်။

**တပည့်တော်**။ ။ဟုတ်ပါလိမ့်မယ်၊ ဂေဇက်ထွက်လာတော့ တပည့်တော်နဲ့ ရင်းနှီးဘဲ့ကိုယ်တော်များက သုံးကျမ်းလုံးမအောင်လို့ အားမရကြပါဘူး၊ ဒါပေမဲ့ တပည့်တော်ကတော့ ပဌမကျော် ဝင်တဲ့အပြင် တရားဟော

လိုက်သွားမိလို့ နေမကောင်းဖြစ်ရ, နေမကောင်းလို့ ကျရတာဘဲလို့ စိတ်ကို ဖြေနိုင်ပါတယ်။

**ဓမ္မဂုတ်။** ။အင်္ဂကထာ ၂ ကျမ်းအောင်ပြီးတော့ မန္တလေးမှာဘဲ ဝါဆိုရော့လား။

**တပည့်တော်။** ။နဂိုရ်ကလဲ အဲဒီဝါမှာ မန္တလေးဆိုဘို့ ရည်ရွယ်ပြီးဖြစ်ပါတယ်၊ မန္တလေးဝါဆိုပြီး ရှုပသိဒ္ဓိစာဝါ ပို့ချပါတယ်၊ ပတ်ဝန်းကျင် ကျောင်းတိုက်က လာပြီး စာလိုက်တဲ့သံဃာတွေ တဖြေးဖြေး များလာပါတယ်၊ အဲဒီလို စာလိုက်သံဃာတွေ များလာတုန်းမှာ အစိုးရ ပဌမပြန်ဂေဇက် ထွက်ချိန်ရောက်လာပါတယ်၊ ဂေဇက်ထွက်မဲ့နေ့မှာ ကလေး ၂ ယောက်က တပည့်တော် ခေါင်းရင်းမှာရှိတဲ့ မာလကာပင်ပေါ်တက်ပြီး ဆွတ်စားနေယင်း တယောက်က "အောင်မြေသာစံ"လို့ သီချင်းဆိုပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတာ ဘာဖြစ်တုန်း။

**တပည့်တော်။** ။အဲဒီ အသံထဲမှာ "သာ+စံ" ကို ထောက်ပြီး သောကြာနဲ့ အင်္ဂါတော့ အောင်တော့မှာဘဲ၊ သာက ရှေ့, စံကနောက် ဆိုတော့ သောကြာက ရဟန်း, အင်္ဂါက သီလရှင် ဖြစ်စရာရှိတယ်၊ ငါတော့ "အောင်မှာ မဟုတ်ပါဘူး" လို့ နိမိတ်ကောက်ပါတယ်၊ ညနေ စာပို့ လာတော့ ပိဋကတိုက်၌ သတင်းစာစောင့်နေတဲ့ စာချဘုန်းတော်ကြီးများက စာပို့မှာပါလာတဲ့ ဂေဇက်ကို အတင်းယူပြီး ဖတ်ကြတဲ့အခါ တပည့်တော်နာမည်ကို ထိပ်ဆုံးကတွေ့လို့ ပိဋကတိုက် အရှေ့ဘက်မှာ လမ်းလျှောက်နေတဲ့ တပည့်တော်ကို ဆီးပင်ဘုန်းတော်ကြီးက "ကိုဇနက ကိုဇနက....အကျော်အောင်တယ်, အကျော်အောင်တယ်"လို့ လှမ်းပြောလိုက်ပါတယ်၊ တပည့်တော်က တိုက်ပေါ်တက်သွားတော့ ဂေဇက်ဖတ်နေတဲ့ ဘုန်းတော်ကြီးက ထပ်ပြီးဖတ်ပြပါတယ်။

**ဓမ္မဂုတ်။** ။သီလရှင်ဘက်ကတော့ ဘယ်သူ အကျော်အောင်သလဲ။

**တပည့်တော်။** ။မသုနန္ဒီအောင်ပါတယ်, "သာ+စံ"က ပြောင်းပြန် ဖြစ်သွားပါတယ်၊ အဲဒီလို ပဌမကျော်အောင်တော့မှ ပရိယတ္တိတုန်းက ၂ ကျမ်းအောင်ရုံနဲ့ မကျေနပ်တဲ့ သီတင်းသုံးဘော်တွေဟာ ကျေနပ်ကြောင်းပြောပြီး, ဒီလိုဆက်ဖြေရလို့ ပရိယတ္တိပဌမနေ့ ကျခကြောင်းကိုလဲ သိသွား



မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ ၏
ပဌမကျော် အောင်မြင်ချိန် သက်တော် ( ၂၆ ) နှစ်အရွယ် ပုံတော်။

ကြပါတယ်၊ တပည့်တော်ဆီ စာလိုက်နေတဲ့ သံဃာများလဲ ပိုပြီးအားရ ပါးရဖြစ်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ရဲ့ တောင်မြို့ရဟန်းအမက အထင်မှားနေတဲ့ ပြဿနာလဲ ရှင်းသွားမှာပေါ့နော်။

**တပည့်တော်**။ ။ပဉ္စမကျော် အောင်တယ်ကြားတော့ နတ်လုပ်ပြီး ကူပေးနေ တယ်လို့ ပြောကြဆိုကြတာတွေပါ ရှင်းသွားရုံတွင် မကပါဘူး, "ငါ့ ဉူးပဥ္စင်းကတော့ သူလုပ်စရာရှိတာ လုပ်ရှာတာဘဲ "လို့ ပြောပြီး အဲဒီ နောက်မှာ ဆီးပင်ကျောင်း ရောက်လာပါတယ်၊ ရဟန်းအမရောက်လာ ချိန်မှာ စာလိုက်သံဃာအများနဲ့ စာချနေတာကို တွေ့မြင်သွားပါတယ်၊ စာချတဲ့ ဆီးပင်ကျောင်းဟောင်းကြီးကလဲ ကြမ်းပေါက်တွေနဲ့ပါ၊ တပည့် တော်ဘို့ ကျောင်းဆောက်ချင်ရှာပါတယ်, အရောင်းအဝယ်က မကောင်း ပါဘူး၊ အဲဒီအချိန်ကစပြီး ဆုံးတဲ့အချိန်အထိ တလ(၁၀)တန် ကပ္ပိယထံ လာပြီး လှူအပ်ပါတယ်၊ တပည့်တော်လဲ အဲဒီဟာနဲ့ နွားနို့နဲ့ ရှာလပတ် ရည် မှန်မှန်သောက်နိုင်လာပါတယ်။

**ဓမ္မဂုတ်**။ ။ခါတိုင်းတော့ ဒီလို မသောက်နိုင်ဘူးလား။

**တပည့်တော်**။ ။တရားလေးဘာလေး ဟောတဲ့နေရာက ရတော့ရပါတယ်, ဒါပေမဲ့ ဆွမ်းစားမကောင်းတဲ့အခါ မုန့်လေးပဲလေး ကပ္ပိစားရအောင် ဟိုနားဒီနား သွားစရာရှိယင် သွားရအောင်, တပည့်ကလေးများ ကူညီ တန် ကူညီရအောင် ထားရသေးတော့ မှန်မှန် မသောက်နိုင်ပါဘူး။

**ဓမ္မဂုတ်**။ ။ပလိပ် ရဟန်းအမက မထောက်ဘူးလား။

**တပည့်တော်**။ ။ပလိပ်ရဟန်းအမက တပည့်တော်ကို သိပ်ကြည်ညိုပါတယ်၊ ဒါပေမဲ့ တောင်မြို့ရဟန်းအမက အမြဲထောက်ပံ့နေတယ်လို့ ယူဆဟန်တူ ပါတယ်, တောင်းယင်တော့ မငဲ့ယဉ်းပါဘူး၊တပည့်တော်ကလဲ တောင်းတဲ့ ဝါသနာ မပါပါဘူး။

**ဓမ္မဂုတ်**။ ။ပဉ္စမကျော်အောင်တော့ အတ္ထုပ္ပတ္တိ ရေးသေးသလား။

**ပည့်တော်**။ ။သူရိယမဂ္ဂဇင်းအယ်ဒီတာက ခေတ်ပုံနဲ့ အတ္ထုပ္ပတ္တိတောင်း လို့ ဉူးကေသရက အတ္ထုပ္ပတ္တိရေးပါတယ်၊ ဉူးမောင်ကြီး " ပရိုမိုက် ခေတ်ပုံဆရာ"လို့ ရေးထားတဲ့တိုက်ကိုသွားပြီး သူများမသိအောင် ခေတ်ပုံ

ရိုက်ပါတယ်, " ခေါင်းကောင်းကောင်း ရိုက်ပေးပါ " လို့ ပြောတော့ "သူ့နဂိုရ်ရုပ်ရှိသလောက်ကောင်းမှာဘဲ" လို့ ပြောပါတယ်၊ သူပြောတာ မခံချင်သော်လဲ "ဟုတ်သားဘဲ" လို့ တွေးပြီး ဓာတ်ပုံရိုက်ခဲ့ပါတယ်၊ ရွှေဘို ဦးကေသရထံမှ အတ္ထုပ္ပတ္တိစာတမ်းရောက်လာလို့ ဖတ်ကြည့်တော့ သီပ်ချီးမွမ်းစကားတွေ ပါနေတာကို တွေ့ရပါတယ်၊ ဒါ့ကြောင့် ရှက်တာနဲ့ အဲဒီ အတ္ထုပ္ပတ္တိကို မပေးဘဲ ကိုယ့်ဘာသာ တော်သလိုရေးပြီး ပေးလိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ပရိယတ္တိ( သကျသီဟ )အကြီးတန်းမှာ တကျမ်းကျန်နေတာကို အထူးကြိုးစားသေးသလား။

**တပည့်တော်။** ။အထူးတော့ မကြိုးစားပါဘူး, နဲနဲတော့ ဂရုစိုက်ရပါတယ်, တကျမ်းထဲဖြေရမှာဖြစ်တော့(သေနပ်နဲ့ မှတ်တိုင်ကို တချက်သဲမှန်အောင် ပစ်ရတာလို)လွဲမှာစိုးရပါတယ်၊ ဒါ့ကြောင့် ( ရှေးရှေးစာမေးပွဲတွေတုန်းက အစမ်းမဖြေခဲ့ပေမဲ့ ) ဒီတကျမ်းအတွက် သုဝဏ္ဏဝတီဆရာတော် (အဘယာရာမဆရာတော်လောင်း )ဆီမှာ ၂ ရက်လောက် အစမ်းဖြေပါတယ်, ဘုရားကြီးတိုက်က ဦးဝိုင်းဆီကိုလဲသွားပြီး ဝါကျအယူအဆကို မေးပါတယ်၊ ဒါ့ကြောင့်လဲ အဲဒီတကျမ်းဟာ(၁)နံပါတ်နဲ့ အောင်လာပါတယ်။

**ဓမ္မဂုတ်။** ။ဒီအချိန်ဟာ စာမေးပွဲဆိုင်ရာတွေ မှန်းတဲ့အတိုင်း ပြည့်စုံပြီနော်, ဓေတိယင်္ဂဏ ဆိုတာကတော့ သကျသီဟပရိယတ္တိအတွင်း ဝင်ပြီးဖြစ်ပါတယ်၊ ကိုယ်တော့်အသက် ဘယ်လောက်ရှိပြီလဲ၊

**တပည့်တော်။** ။ မှန်ပါတယ်, တပည့်တော်မှန်းထားတဲ့ သာသနာပြုရေး အခြေခံလုပ်ငန်းတွေစုံပါပြီ၊ အဲဒီလိုစုံသလောက် ခန္ဓာကိုယ်လဲ ပိန်ခြောက်နေပါပြီ၊ အသက်ကတော့ ရဟန်းဝါ ရှစ်ဝါမို့ ၂၇ နှစ်ပြည့်ရုံသာ ရှိပါသေးတယ်။

**ဓမ္မဂုတ်။** ။၉ ဝါမြောက်မှာ ဘယ်မှာ ဝါဆိုရတုန်း။

**တပည့်တော်။** ။အဲဒီအချိန်မှာ အဘယာရာမ ရွှေဂူတိုက်ကို သုဝဏ္ဏဝတီဆရာတော်က ပြောင်းရွှေ့ဝါဆိုရမှာဖြစ်လို့ တပည့်တော်ကို လိုက်နိုင်ယင် ခေါ်သွားလိုကြောင်း, ဆီးပင်ဘုန်းတော်ကြီးနဲ့ တိုင်ပင်ကြပါသတဲ့၊ တပည့်တော်က မလိုက်ချင်ပါဘူး, ဘေးတော်ဘုရားကြီးရဲ့ ဝိသုဒ္ဓါရုံတိုက်

ကိုလဲ သံယောဇဉ်ဖြစ်နေပါတယ်၊ ဒါပေမဲ့ ဆီးပင်ဆရာတော်ပြောပုံက.... "ကိုဇနက လိုက်သွားပါ၊ သုဝဏ္ဏဝတီဆရာတော်က တဝါ နှစ်ဝါလောက် နေပြီး ဝိသုဒ္ဓါရုံ ပြန်နေရမှာပါ၊ ဒီအခါ ကိုဇနကကို လွှဲခဲ့ရမှာဖြစ်တယ်၊ ဒီတော့ ကိုဇနကက မိမိဆရာကို ပင့်တာပေါ့"လို့ ပြောပါတယ်။ [ထို အချိန်မှာ ဆရာက သီဟိုဠ်၊ အိန္ဒိယတို့မှ ပြန်ပြီး မြောင်းမြ ပဇ္ဇောတာရုံ တိုက် ရောက်၍ မကြာသေးပါ၊ သံဃာလဲ များများမရှိသေးပါ၊ သာမန် ကျောင်းတိုက်ကလေးမျှသာဖြစ်ပါသေးတယ်၊ ဒါ့ကြောင့် ဆီးပင်ကျောင်း ဘုန်းတော်ကြီးက ဒီအကြံကို ကြံခြင်းဖြစ်ပါတယ်။]

ဆီးပင်ကျောင်းဘုန်းတော်ကြီးရဲ့ အကြောင်းပြချက်တွင် မြောင်းမြဆရာ တော်ကို မန္တလေးရောက်စေနိုင်တဲ့နည်းဟာ ဒီတနည်းသာ အကောင်းဆုံး ဖြစ်ပါတယ်၊ "ငါ့ဆရာဟာ အရွှန်အဖျားမှာ မထင်မရှား မနေထိုက်ဘူး၊ ရွှေကျင်ဂိုဏ်းရဲ့ ဗဟိုရုံမှာသာ နေထိုက်တယ်"လို့ သဘောရပြီး အဘယာ ရာမ ရွှေဂူတိုက်ကြီးကို မမက်သော်လဲ ဆရာရင်းကိုငဲ့ကာ အဘယာရာမ လိုက်ဘို့ ဆုံးဖြတ်လိုက်ရပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။ပြောင်းရွှေ့တဲ့ရက်ကို မှတ်မိသေးသလား။

**တပည့်တော်**။ ။ပြောင်းရွှေ့တဲ့ရက်က သက္ကရာဇ်ဟာစာအောင်ပွဲ ကျင်းပတဲ့ရက် ဖြစ်ပါတယ်၊ တပည့်တော်က အောင်ပွဲဝင်နေရလို့ နောက်ကျမှ အဘယာ ရာမတိုက်ကို လိုက်ရပါတယ်၊ ရောက်လျှင် ရောက်ချင်း သံဃာများရှေ့မှာ ဒိပဲရင်း သာသနာပိုင်ဆရာတော်ဘုရားကြီးက " ဇနက.... တော်ပေ့ကွယ်၊ ပခုက္ကူကရောက်ပြီး ဘာမှမကြာသေးဘူး (ပဌမကျော်ရှော့၊ သက္ကရာဇ် အကြီးတန်းရှော) အောင်လိုက်တာ"လို့ ချီးမွမ်းတော်မူပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီ ပြောင်းရွှေ့တဲ့အခါ ခနမည့်သံဃာ ဘယ်လောက်ပါဘုန်း။

**တပည့်တော်**။ ။တပည့်တော်ဆိုင်ရာ ၄-၅ ပါးနဲ့ ပေါင်းမှ အားလုံး သံဃာ ၃၇ ပါးသာ ပါပါတယ်၊ အဘယာရာမဆရာတော်က သမဝိုကြီးတော် မူတော့ သံဃာအများက ကြည်ညိုပေမဲ့ အနီးအပါးမှာတော့ မနေဝံ့ ကြပါဘူး။

**ခမ္မဂုတ်**။ ။အဘယာရာမတိုက် ရောက်တဲ့အခါ ဆရာတော်နဲ့ ကိုယ်တော်ရဲ့ ဆွမ်းကိစ္စကတော့ ဘယ်လိုလဲ။

**တပည့်တော်။** ။ရောက်ပြီး နောက်တရက်လောက်မှာ ထင်ပါတယ်, တိုက်ဒကာ- တိုက်အမများက ဆရာတော်အတွက် ၃၀ တန်, တပည့်တော်အတွက် ၁၀ တန် လစဉ်ထောက်ပံ့ဘို့ ရည်ရွယ်ကြောင်း လျှောက်ပါတယ်၊ "ဆရာတော်ရော-တပည့်တော်ရောထောက်ပံ့ဘို့မလိုပါဘူး၊လိုက်ပါလာတဲ့ သံဃာများချမ်းသာယင် ပြီးတာဘဲ"လို့ ပြောတော့, သံဃာများအတွက် နံနက်ဆွမ်းစားဘို့ဖြစ်သွားပါတယ်၊ ဆရာတော်နဲ့ တပည့်တော်-တိုက်အုပ်ဆရာတော်ကြီးအတွက် မှန်းပြီး ညနေ ဟင်းသွားယူရပါတယ်၊ ကပ္ပိယဒကာကြီး ဦးတင်က အဲဒီဟင်းကို နွှေးပြီး နံနက်ကပ်လို့ တပည့်တော်တို့ ၃ ပါး အတူ ဆွမ်းစားကျောင်းမှာ ဆွမ်းစားကြ, သံဃာများအားလုံးလဲ ဆွမ်းစားကြပါတယ်။

နေ့ဆွမ်းကျတော့ တိုက်အုပ်ဘုန်းကြီး ခံလာတဲ့ ဆွမ်းဟင်းထဲက နွှေးတန်တာ နွှေးပြီး အတူ စားကြပါတယ်၊ တိုက်အုပ်ဘုန်းကြီး ဉူးဇောတဆိုတာက တိုက်ကြီး စတည်ကတည်းက ကြပ်မတ် စောင့်ရှောက်ပြီး နေတာကြောင့် တိုက်ဒကာ- တိုက်အမများနဲ့ ပိုပြီး ရင်းနှီးပါတယ်၊ တပည့်တော်နဲ့ ကတော့ အတော်ကြာမှ ရင်းနှီးကြတာပါ။

**ဓမ္မဂုတ်။** ။ကိုယ်တော်က အဘယာရာမရောက်တော့ စာချရှိဘဲလား။

**တပည့်တော်။** ။စာချရှိတွင်မကပါဘူး, စာလဲချရ-ဟောပြောစရာရှိလဲ ဟောပြောရပါတယ်၊ နောက် အတော်ကြာတဲ့အခါ ဆရာတော်က သက္ကတကို ပို့ချပေးလို့ မုဒ္ဓဗောဓကျမ်းနဲ့ စာနကျနီတိကျမ်းကို ဆိုရပါတယ်၊ ဒါ့ကြောင့် အဘယာရာမ လိုက်ရတဲ့အတွက် ထူးခြားသော အကျိုးကို ရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဘုန်းကံဘက်မှာ အကျိုးမပေးသေးလဲ ဆရာသမားဘက်ကတော့ ထူးထူးခြားခြား အကျိုးပေးတယ်နော်၊ ကိုယ်တော့ကို နိုင်ငံမှာ ဒိပ်ဆိုတဲ့ ဆရာတော်တွေက စာတက်ဘို့မလျှောက်ရဘဲ ကိုယ်တော့်တိုင် ပို့ချပေးကြတာချည့်ဘဲနော်။

**တပည့်တော်။** ။မှန်ပါတယ်, မြောင်းမြဆရာတော်ကစပြီး တပည့်တော်ရဲ့ ဆရာတော်များအားလုံး နိုင်ငံရဲ့ ထိပ်တန်းချည်းပါဘဲ၊ အဲဒီ ဆရာတော်အားလုံးကလဲ တပည့်တော်ကို အလိုလိုခေါ်ပြီး စာချပေးကြတာချည်းပါဘဲ၊ ဒါတွင် မကသေးဘူး, ပခုက္ကူမှာ စာချပြီးမှ အဘယာရာမသို့

ရောက်လာတဲ့ ဦးဂုဏဆိုတဲ့ ဘုန်းတော်ကြီးတပါးကလဲ အင်္ဂလိပ်စာ ဖတ်ပါ အုံးလို့ တိုက်တွန်းဘာနဲ့ သူ့ဆီမှာ နဲနဲပါးပါး ဖတ်လိုက်ရပါသေးတယ်။

**ခမ္မဂုတ်**။ ။စာမေးပွဲကိစ္စတော့ အားလုံး ပြီးသွားပြီနော်, ဘာများ ဆက်ပြီး ကြိုးစားသေးတုန်း။

**တပည့်တော်**။ ။မေတ္တာဘာဝနာကို နဲနဲ ပိုပြီး ကြိုးစားပါတယ်၊ သာမဏေ ဘဝကစပြီး မေတ္တာပို့ပါတယ်၊ ဗုဒ္ဓါနုဿတိလဲ နံနက်တိုင်း ညအိပ်ခါနီး တိုင်း ပွားပါတယ်၊ အဲဒီ မေတ္တာကတော့ မိဘ ဘိုးဘွား ဆရာသမားနဲ့ ကိုယ်စောင့်နတ် စသည်မျှသာ ဖြစ်ပါတယ်၊ ဆွမ်းခံလမ်းပို့တဲ့ မေတ္တာ တော့ အယင်တုန်းက ပြောငြီးပါပြီ။

**ခမ္မဂုတ်**။ ။ဘာပြုလို့ မေတ္တာဘာဝနာကို ပိုပြီး ဂရုစိုက်လာသလဲ။

**တပည့်တော်**။ ။တပည့်တော်ဟာ ငယ်စဉ်က ရှင်ရှင်ပျပျ နေလေ့ရှိပါတယ်၊ ဒါပေမဲ့ ပခုက္ကူရောက်တော့ ဆွမ်းကိစ္စ အလွန် ဆင်းရဲတာနဲ့ စိတ်ကို တင်းရလွန်းလို့ ထင်ပါရဲ့ မျက်နှာထားပါ တင်းမာသွားဟန်တူပါတယ်၊ စာဘက်ကလဲ အထင်အရှားကြီး မဟုတ်ပေမဲ့ ဘုန်းကြီးတယ်သို့လဲ အထင် ခံရ, မျက်နှာထားကလဲ တင်းမာနေတော့ "သိပ် မာနကြီးတဲ့သူ"လို့ အများစုက မှတ်ယူထားကြပါတယ်၊ ဒီတော့ စာမေးပွဲအားလုံး ပြီးတဲ့ အခါ စဉ်းစားပါတယ်။

"ငါဟာ တကိုယ်ကောင်းအတွက်ဆိုယင် မဟာဂန္ဓာရုံဆရာတော်ဘုရား လို ပဋိပတ်လမ်းဖြင့် ကမ္မဋ္ဌာန်း အားထုတ်ဘို့ဘဲ, ယခုတော့ မြောင်းမြ ဆရာတော် စသော ဆရာတော်များရဲ့ သဘောတော်အရ စာပေပရိယတ် လမ်းကို လိုက်ရာက ထိပ်တန်းရောက်ခဲ့ပြီ၊ အများအကျိုး ဆောင်ချင်ယင် မနာလိုနေသူ တချို့မှတပါး အများက ချစ်ခင်ဘို့ အရေးကြီးတယ်၊ ဒါ့ကြောင့် အများက ချစ်ခင်ကြ-ကြည်ညိုကြအောင် မေတ္တာဘာဝနာကို တိုးချဲ့ဘို့ လိုလိမ့်မယ်" အဲဒီလိုတွေးမိလို့ မေတ္တာဘာဝနာကို တိုးချဲ့ပြီး ကြိုးစားလိုက်ပါတယ်။

**ခမ္မဂုတ်**။ ။ရည်ရွယ်သလောက် အကျိုးရောက်ရဲ့လား။

**တပည့်တော်**။ ။၃ နှစ်လောက် ကွဲနေသူတွေက ပြန်တွေ့သော့ ဦးဇနကရဲ့ မျက်နှာဟာ အယင်ကနဲ့ မတူတော့ဘူးလို့ ပြောကြပါသတဲ့။

**မမ္မဂုတ်။** ။ဒီလိုဆိုယင် အကျိုးသက်ရောက်တာပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်, ဒါ့ကြောင့် တပည့်တော်ရဲ့ တိုက်တာသံဃာများကို ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကို အထူး ကြိုးစားကြပါ, ဗုဒ္ဓါနုဿတိဘာဝနာကို ကြိုးစားယင် ဗုဒ္ဓမြတ်စွာကိုကြည်ညိုပြီး သာသနာပြုလိုသော ဆန္ဒ ပြင်းပြလာပါလိမ့်မယ်၊ မေတ္တာဘာဝနာကြောင့်လဲ ပစ္စည်း ၄ ပါး ဒကာ ဒကာမတွေရဲ့ လေးစားမှုကိုရ၍ သာသနာပြုရာမှာ အထောက်အပံ့ဖြစ်တဲ့အပြင်, မိမိကို မုန်းနေသူများသော်မှ ဇာဖြေးဖြေး မေတ္တာလယ်လာပါလိမ့်မယ်၊ မေတ္တာဆိုတာ ရေလိုပါဘဲ, ရေများလာယင် ကုန်းမြင့်ပေါ်ကိုတက်၍ စိုစေနိုင်သကဲ့သို့, မေတ္တာဓာတ်တွေ များလာယင်လဲ ရန်ဘက်လုပ်နေသော ကုန်းမြင့်ပေါ်ကိုပင် အစီဓာတ်ပေးကာ မေတ္တာပြန်၍ စိုစေနိုင်ပါတယ်၊ ဒါ့ကြောင့် ''ဗုဒ္ဓါနုဿတိနဲ့ မေတ္တာ ဤ ၂ရပ်ကို နေ့စဉ်မပြတ် ကြိုးစားကြပါ'' လို့ တိုက်တွန်းလေ့ ရှိပါတယ်။

**မမ္မဂုတ်။** ။သာဓု သာဓု ... ကောင်းပါတယ်, ကောင်းပါတယ်၊ ဒါ့ထက် ပဋ္ဌမကျော်အောင်ပွဲ ကျင်းပတာလဲ အဘယာရာမ ရောက်မှပေါ့နော်။

**တပည့်တော်။** ။ဟုတ်ပါတယ်, အဲဒီအောင်ပွဲကို တပည့်တော်ဘာမှနားမလယ်ပါဘူး၊ ဒါပေမဲ့ ပဋ္ဌမကျော် ဒေါ်သုန္ဒြီနဲ့စပ်ပြီး စစ်ကိုင်းက သီလရှင်ဆရာများ၏ ဂရုစိုက်မှုကြောင့် တပည့်တော်အဘွက်ပါ အောင်ပွဲသွားတဲ့အခါ ခမ်းခမ်းနားနား ဖြစ်သွားပါတယ်၊ အဲဒီကိစ္စနဲ့စပ်ပြီး မြေမြို့က ဒေါ်အဥ္စနာရဲ့အဘ ပင်ရှင်ယူပြီးတဲ့ သစ်တောဝန်ထောက်ကြီး ဦးသင်ဆိုတဲ့ ဥပါသကာကြီးဟာ အတော်ကြိုးစားရှာပါတယ်၊ ထို ဒကာကြီးက ရတနာသုံးပါးနဲ့စပ်လာယင် တာဝန်ဆောင်တတ်တဲ့ ဝါသနာရှိပါတယ်။

**မမ္မဂုတ်။** ။ကိုယ်တော့်ဆိုင်ရာက ဘာမှမလုပ်တတ်သော်လဲ ရွှေနားဒွောင်းကြောင့် ကိုယ်တော်ပါ ပြောင်လက်သွားတာပေါ့နော်။

**တပည့်တော်။** ။ဆိုထိုက်ပါတယ်, အဲဒီ အောင်ပွဲသွားတဲ့အခါ တပည့်တော်စီးတဲ့ဘိနပ်နဲ့ ရုံတဲ့သင်္ကန်းကို မှတ်မိပါသေးတယ်၊ ဘိနပ်ကဟောင်းပြီး ရှုတ်တွဖြစ်နေပါပြီ၊ သင်္ကန်းလဲ ကျောဘက်က ချွေးကွက်အမဲနဲ့ ဖြစ်နေပါတယ်၊ အောင်ပွဲထဲဝင်ခါနီး တပည့်တော် ဘိနပ်ချွတ်မယ်လုပ်တော့ ပညာဝန် ဦးဇော်ဖေက မချွတ်ပါနဲ့လို့ လျှောက်လို့ ဘိနပ်စီးပြီးဝင်ရ

ပါတယ်၊ အားလုံးလူတွေကလဲ ဘိနပ်နဲ့ကိုး၊ ဒါ့ကြောင့် ဘိနပ်မချွတ်ပါနဲ့လို့ လျှောက်တာဘဲ။

ဓမ္မဂုတ်။ ။အောင်ပွဲက ကျေနပ်ဘွယ် ကောင်းရဲ့လား။

တပည့်တော်၊ ။အောင်ပွဲလုပ်တဲ့နေရာက စစ်တပ်အနီးမှာပါ၊ အားလုံးနေဘို့ မဏ္ဍပ်ထိုးထားပါတယ်၊ ပဋ္ဌမကျော်တံဆိပ်နဲ့ ဆုငွေကပ်မဲ့သူက ပညာရေးဝန်ကြီးဦးဘရင်ဖြစ်ပါတယ်၊ "ဆာဟာကုတ်ဘတ္တလာ" လက်ထက်ဖြစ်လို့ ဘုရင်ခံကိုယ်တိုင် ကပ်ရမည်ဖြစ်သော်လဲ ဘုရင်ခံ၏ကိုယ်စား ပညာရေးဝန်ကြီးက ကပ်ပါတယ်၊ အဲဒီ ဆက်ကပ်တဲ့နေရာက စင်မြင့်ဖြစ်ပါတယ်၊ ပရိသတ်စုံလောက်တဲ့အခါ ပညာရေးဝန်ကြီးက စင်မြင့်ပေါ် တက်လာပါတယ်၊ ရဟန်းတော်များ ဆရာတော်ကြီးများနဲ့တကွ အားလုံးပရိသတ်တွေက စင်မြင့်အောက်မှာပါ၊ အဲဒီဟာကြည့်ရတာ တပည့်တော်မျက်စိနဲ့ အဆင်မပြေပါဘူး၊ စိတ်ထဲမှာ ယခုအထိမကျေနပ်ပါဘူး၊ ဘုန်းကြီးတွေ အောက်ကျတယ်လို့ ယူဆပါတယ်၊ အဲဒီပွဲမှာ အဘယာရာမဆရာတော် မလိုက်ပါဘူး၊ မလိုက်တာလဲ ကောင်းပါတယ်။

ဓမ္မဂုတ်။ ။ပခုက္ကူဆရာတော်, မြောင်းမြဆရာတော်များကို လှမ်းပင့်သေးသလား။

တပည့်တော်။ ။တပည့်တော် အကျော်အောင်တာက ပခုက္ကူတိုက်ကနာမည်နဲ့ အောင်တာပါ၊ (ပခုက္ကူနေယင်း သကျသီဟငင်တော့ မန္တလေးနာမည်နဲ့ ဝင်ရလို့ မန္တလေးရောက်မှ ပဋ္ဌမကျော်ဝင်တော့ ပခုက္ကူတိုက်သား အဖြစ်ဖြင့် ဝင်ပါတယ်။) ဒါ့ကြောင့် ပခုက္ကူဆရာတော်ကြီးများကို ပင့်လိုက်ပါတယ်၊ ယခု မဟာရဋ္ဌဂုရုလောင်း ဆရာတော်နဲ့ ဆရာတော်ကြီး ဦးအာလောကတို့ ကြွတော်မူလာကြပါတယ်၊ မြောင်းမြဆရာတော်တော့ ခရီးဝေးလွန်းသည့်အတွက် မပင့်ပါဘူး၊ (နောက်ပင့်ဘို့ရာ ရန်ကုန်မှာ ကိစ္စရှိပါသေးတယ်။)

ဓမ္မဂုတ်။ ။ပဋ္ဌမကျော်ဆုငွေ ဘယ်လောက်ရတုန်း, ပစ္စည်းက ဘာတွေရတုန်း။

တပည့်တော်။ ။အစိုးရသတ်မှတ်ထားတဲ့ ဆုငွေက ၁၅၀, အခြားသူတွေက ဘဏ်မှာ အပ်ထားတဲ့အထဲက အတိုးနဲ့ပေါင်းပြီး အားလုံးလူငွေ ၆၀၀ (ခြောက်ရာ) လောက် ရတယ်ထင်ပါတယ်၊ ပစ္စည်းကတော့ မှတ်မိတာဖြင့်

သင်ရိုး ပိဋက ၃ ပုံပါဋ္ဌိတော်သာဖြစ်ပါတယ်၊ အခြားပစ္စည်းများကိုတော့ မမှတ်မိပါဘူး။

**ခမ္မဂုတ်**။ ။ဆုငွေကိုလှူတော့ ဝိနည်းတော်နဲ့ အညီ အပ်အပ်စပ်စပ်လျှောက်ပြီး ကပ္ပိယထံ လှူအပ်လှူတာ ဟုတ်ရဲ့လား။

**တပည့်တော်**။ ။ဘယ်ဟုတ်မှာတုန်း, မအပ်မရာတွေချည်းပေါ့၊ ဒါ့ကြောင့် ရန်ကုန်သွားဘို့ တရာလောက်အချန်ခိုင်းပြီး, အားလုံးကို ဖခင်ဒကာကြီး အား စွန့်လိုက်ပါတယ်။

**ခမ္မဂုတ်**။ ။အစိုးရပိုင်းက ဝိနည်းနားမလည်ယင် ငွေကိုလှူခွင့်ကြုံတဲ့အခါတိုင်း ဒီလိုချည်းလှူနေမှာဘဲ၊ ဒီတော့ သာသနာတော်ကို ပြုတယ်ဆိုပေမဲ့ အစစ်အမှန်ကတော့ ဖျက်ရာရောက်နေတာဘဲနော်၊ သာသနာတော်၏ အသက်ဟာ ဝိနည်းဘဲမဟုတ်လား၊ ဝိနည်းပျက်ယင် သာသနာတော့် အသက်ဟာ မသေသော်လဲ အားနဲတာပေါ့။

**တပည့်တော်**။ ။ဟုတ်ပါတယ်ဘုရား, ဒီကိစ္စကို လူရေရှင်ပါ အားလုံးပြုပြင် နိုင်အောင် အချိန်စောင့်ရပါလိမ့်မယ်၊ ပြုပြင်နိုင်မဲ့ အချိန်ကိုလဲ တပည့် တော် မြှော်နေပါတယ်။

**ခမ္မဂုတ်**။ ။ရန်ကုန်ကိုတော့ ဘာကိစ္စကြောင့် သွားရမှာတုန်း။

**တပည့်တော်**။ ။ ရန်ကုန်မှာ "ပုညကုသလအသင်း" ဆိုတာရှိပါတယ်၊ ပဌမကျော်အောင်တပါးကို ထိုအသင်းက ပိဋကဝ်ပုံပါဋ္ဌိတော်အဋ္ဌကထာ လှူလေ့ရှိပါတယ်၊ ထည့်စရာဘီဒိုလဲ ပါပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်က ရန်ကုန်မှာသွားရေးလာရေး ကျွမ်းကျင်ရဲ့လား, ဘယ်သူ အဖေါ်ပါသေးတုန်း။

**တပည့်တော်**။ ။မကျွမ်းကျင်ပါဘူး, ညီဦးပဥ္စင်းပါပါသေးတယ်၊ ဒီအချိန်မှာ စစ်ကိုင်းဘက်ဥပလိပ်နဲ့ပါးပါးဖြစ်လို့ ရန်ကုန်သွားကြတဲ့ တပည့်ဟောင်း သီလရှင်များနဲ့ မမြှော်လင့်ဘဲ ဘူတာမှာဆုံကြပါတယ်၊ ဒါ့ကြောင့် ရန်ကုန်ဘူတာကြီး ရထားကဆင်းတဲ့အခါ သူတို့ကမြင်းရထားနဲ့ အယင် သွားပြီး, ခြေလျင်လာတဲ့ တပည့်တော်တို့ညီနောင်ကို ဗဟန်းမှာရှိသော သီလရှင်များကို အကြိုလွှတ်ပါတယ်၊ ဗဟန်းက ဆရာဒေါ်ဂုဏဝတီ, ဒေါ်ဉာဏဝတီတို့က စစ်ကိုင်း စာပြောပေးတဲ့အခါမှာ လူကြီးပိုင်းအနေနဲ့

ပါကြပါတယ်၊ သူတို့ကဘဲ ရန်ကုန်နေခိုက် အစားအသောက် တာဝန်ယူကြပါတယ်။

**ခမွဂုတ်။** ။တဲတော့ ဘယ်မှာတုန်း။

**တပည့်တော်။** ။တဲတော့ စစ်ကိုင်းဘက်မှာတုန်းက မစိုးရိမ် ရွှေကျင်ငါးတိုက်ကို အုပ်ချုပ်တော်မူတဲ့ မင်းရိမ်ဆရာတော်ရဲ့ကျောင်းမှာ တဲပါတယ်၊ (မစိုးရိမ်ဆရာတော်လဲ တပည့်တော်ရောက်ပြီး မကြာခင် ကျောင်းစောင့်ရှိခိုက် နေရပ်ဖြစ်တဲ့ အောင်လံ(အာလံ)ကို အတော်ကြာကြာ ကြွသွားပါတယ်၊)ဒါ့ကြောင့် နေရေးလဲပြည့်စုံတယ်, အဲဒီ မစိုးရိမ်ကျောင်းဒကာကျောင်းအမဖြစ်တဲ့ ပညာဝန် ဦးမောင်မောင်, မင်းကတော် ဒေါ်ရှင်တို့ကလဲ တပည့်တော်ရဲ့ ဥပဇ္ဈာယ် မဟာဂန္ဓာရုံဆရာတော်နဲ့, ဒုတိယမဟာဂန္ဓာရုံ ချမ်းအေးဆရာတော်ရဲ့ ဒကာ-ဒကာမအရင်းဖြစ်လို့ တပည့်တော်ကို ရင်းရင်းနှီးနှီး ဝမ်းမြောက်ဝမ်းသာ ကြည်ညိုကြပါတယ်၊ အားလုံး အကြောင်းတွေ ညီညွတ်နေတာနဲ့ တပည့်တော်မှာ ယိုအချိန်က ရန်ကုန်နေရတာ အလွန်ချမ်းသာပါတယ်။

**ခမွဂုတ်။** ။ရန်ကုန်ရောက်ပြီး ဘယ်သွားသေးတုန်း။

**တပည့်တော်။** ။ရန်ကုန်ရောက်ပြီး မကြာခင် မြောင်းမြဆရာတော်ကို ပိဋကလှူပွဲပင့်ဘို့ ပဌမ ဝါးခယ်မနယ် ကျွန်းကုန်းသွားပါတယ်၊ ရက်အနည်းငယ်နေပြီးတော့ မြောင်းမြသွားပါတယ်, မြောင်းမြ ပဇ္ဇောတာရုံကျောင်းတိုက်ရောက်တဲ့အခါ ယခုအချိန်လို သံဃာများများ မရှိသေးဘဲ ဆရာတော်နေခါစဖြစ်၍ သံဃာ ၄-၅ ပါးသာ တွေ့ရလို့ တပည့်တော်မှာ ဆရာနဲ့တွေ့တွေ့ချင်း မျက်ရည်ကျပါတယ်, စကားမပြောနိုင်ပါဘူး၊ နောက်မှ စိတ်ကိုထိန်းပြီး ရန်ကုန်ကိစ္စအတွက် အပင့်လာတဲ့အကြောင်းကိုလျှောက်ရပါတယ်၊ ဓတ္တုရားကြေအောင်ပင့်ရတာပါ, ကိစ္စက ဆရာမပါလဲပြီးတာမို့ အရေးတကြီးလဲ မဟုတ်ပါဘူး၊ တပည့်တော်ကလဲ ဆရာ့ထံ ကန်တော့ရောက်ဘို့ တာဝန်ရှိလို့ သွားတာပါ၊ ဆရာကလဲ "လိုက်လို့ အကျိုးမထူးပါဘူး"လို့ မိန့်ပြီး လိုက်တော်မမူပါဘူး။

**ခမွဂုတ်။** ။ယခုတော့ မြောင်းမြ ပဇ္ဇောတာရုံတိုက်က တနယ်လုံးမှာ သံဃာအများဆုံးနဲ့ အနေအထိုင် စည်းကမ်းအကောင်းဆုံး, စာမေးပွဲမှာလဲ အများဆုံးအောင်တဲ့တိုက်ဖြစ်၍ အထင်ရှားဆုံး ဖြစ်နေပြီပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်, ဆရာတော် အရှယ်ကောင်းတုန်းက ကြိုးစား လိုက်လို့ တပည့်ကောင်းတွေ ပေါ်ထွက်ပြီး ထိုတပည့်ကြီးတွေ အုပ်ချုပ် နေကြပါတယ်၊ ပဓာနလုပ်ပြီး အုပ်ချုပ်တဲ့ ဆရာတော်ဦးဉာဏိကဆိုသူက ပခုက္ကူ ညောင်တုံးဆရာတော်ထံမှာ စာဆိုခဲ့ပါတယ်၊ အိန္ဒိယ ဗာရာဏသီ ထက္ကသိုလ်မှာ သက္ကတဂုဏ်ထူးနဲ့ ဘီအေအောင်လာတဲ့ စွယ်စုံဆရာတော် ဖြစ်ပါတယ်။

**ခမ္မဂုတ်။** ။မြောင်းမြမသွားခင် ကျွန်းကုန်းဝင်တာက ဘယ်လို ရင်းနှီးသူများ ရှိလို့လဲ။

**တပည့်တော်။** ။အဲဒီအချိန်မှာ တပည့်တော်ရဲ့ညီဖြစ်တဲ့ ကိုရင်လာသနရဲ့ ရဟန်းအမလောင်းများဖြစ်တဲ့ "ဒေါ်လှခင်-ဒေါ်လှမေ"ဆိုတဲ့ ဒကာမ ကြီးများက အဲဒီဝါးခယ်မ ကျွန်းကုန်းကဖြစ်ပါတယ်၊ ညီရဟန်းလောင်း ပါတာနဲ့ ကျွန်းကုန်းကို ဝင်ရတာပါ၊ အဲဒီ ဒကာမကြီးများ မိသားစုက တပည့်တော်ကိုပါ သူတို့ရဟန်းလိုဘဲ သဘောထားကြပါတယ်၊ နောက် ရဟန်းခံတဲ့အချိန်ရောက်တော့ ဗဟန်း ဒေါ်ဂုဏဝတီရဲ့တပည့်ဖြစ်တဲ့(အဲဒီ အချိန်မှာ မြေပိုင်သလောက်ပိုင်နေတဲ့) ဒေါ်ဝံသီလဲ ရဟန်းအမအဖြစ်ဖြင့် ပါဝင်ပါတယ်။

**ခမ္မဂုတ်။** ။ရန်ကုန်ပြန်ရောက်လို့ ပိဋကသုံးပုံလှပွဲ ပြီးတဲ့အခါ ရန်ကုန်မှာ ဆက်နေသေးသလား။

**တပည့်တော်။** ။ရန်ကုန်မှာ အတော်ကြာအောင် ဆက်နေပါတယ်, ၂ လခန့် ကြာမယ်ထင်ပါတယ်၊ မစိုးရိမ်ဆရာတော်က ကျောင်းကလေးကိုအပ်ထား ခဲ့လို့ ရွှေတိဂုံစေတီတော်ကြီးနဲ့ မလှမ်းမကမ်းခြံကလေးထဲမှာ ကျောင်း စောင့်ယင်း နေရတာပါ၊ ဘုပါးထဲလဲဖြစ်လို့ အေးရန်ကင်းအောင် ညဉ့် အခါ "မဟာသမယသုတ်"စတဲ့ တရားများကို ရွတ်နေပါတယ်, အနီး အပါးမှာရှိတဲ့ ဗုဒ္ဓဘာသာမဟုတ်သူတွေကတောင် တပည့်တော်ရွတ်သံကို နားထောင်လို့ကောင်းတဲ့အကြောင်း ကျောင်းအမ ဒေါ်ရှင်လာတဲ့အခါ ပြောကြပါသတဲ့။

**ခမ္မဂုတ်။** ။အဲဒီလောက်ကြာကြာနေတဲ့အခါ ဘယ်သူကဆွမ်းတာဝန်ယူသလဲ။

**တပည့်တော်။** ။စစ်ကိုင်းချောင်မှာ စာပြောတုန်းက လူကြီးပိုင်းမှာပါတဲ့ ဆရာဒေါ်ဂုဏဝတီနဲ့ ဒေါ်ဉာဏဝတီတို့က တာဝန်ယူကြပါတယ်၊ သူတို့နဲ့

အတူနေတဲ့ ( နာမည်ရင်းတော့ မသိပါ ) အဖွားလေးလို့ခေါ်တဲ့ ဥပုသ်သည် ဒကာမကြီးက ကုန်ကျစရိတ်ကို တာဝန်ယူဟန် တူပါတယ်၊ အဲဒီအဖွားလေးက ထိုခေတ် မြေပိုင်ရှင်ကြီးဖြစ်လို့ ထိုမျှလောက် တာဝန်ကို ယူဘို့ရန် ဝန်မလေးပါ၊ အတော်ကြာတော့ ထိုအဖွားလေးကပါ ကြည်ညိုလို့ တပည့်တော်ကို သိမ်ထပ်ပေးချင်တယ်လို့ ပြောကြပါတယ်။ (ထပ်ပြီး ရဟန်းအမလုပ်ချင်တယ်လို့ ဆိုလိုပါတယ်။)

**ခမ္မဂုတ်**။ ။ကိုယ်တော်ကလဲ သိမ်ထပ်ခွင့်ပြုလိုက်သလား။

**တပည့်တော်**။ ။ခွင့်မပြုပါဘူး, သူတို့ကို ရေရေလည်လည် ပြောရပါတယ်၊ ပြောတဲ့အဓိပ္ပါယ်ကတော့ "သိမ်ထပ်" ဆိုတာ ဘာမှထူးတာ မဟုတ်ပါဘူး, ရင်းနှီးတဲ့ ဒကာ ဒကာမ ပိုလာခြင်းသာ အကျိုးရှိပါတယ်၊ ဦးပဥ္စင်းက သာသနာတော်ရဲ့နောင်ရေးကို ဘယ်လိုပြုခွင့်ရှိမယ်ဆိုတာ မသိနိုင်ပါဘူး၊ ပြုပြင်ချင်တာတွေ တော်တော်များများရှိပါတယ်၊ အဲဒီအခါမှာ ဦးပဥ္စင်းကိုလဲ "ဘုန်းကြီးအောင်, ဒကာ-ဒကာမ ပေါအောင်, ပဋ္ဌမကျော်အောင် ပြီး ကြီးတောင်းကြီးမှ မြေပိုင်ရှင် ရဟန်းအမအသစ်နဲ့ သိမ်ထပ်ခဲ့တယ်" လို့ အပြောခံရပါလိမ့်မယ်၊ ဒါ့ကြောင့် "သိမ်မထပ်ပါရစေနဲ့" လို့ ပြောခဲ့ပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီတုန်းက သိမ်ထပ်ဖြစ်ယင်တော့ ကိုယ်တော့်အတွက် ချမ်းချမ်းသာသာနေနိုင်ဘို့ မြှော်လင့်ချက်ရှိတယ်ဆိုတာကို မစဉ်းစားမိဘူးလား။

**တပည့်တော်**။ ။စဉ်းစားနေဘို့ မလိုပါဘူး, ဆရာ ဒေါ်ဂုဏဝတီက "အဖွားလေးမှာ အမွေပေးဘို့ ရင်းနှီးတဲ့သံယောဇဉ် မရှိပါဘူး၊ ဒီလယ်ကေတွေကို ဦးပဥ္စင်းရဲ့သာသနာရေးမှာ သုံးဘို့ပါဘဲ" လို့ အတိအလင်း ပြောကပါတယ်၊ တပည့်တော်ကလဲ နောင်အခါ သူများက "ဘုန်းကြီးဘို့ လမ်းထွင်တယ်" လို့ ယူဆမှာစိုးလို့ သိမ်ထပ်ဘို့ ငြင်းရတာပါ။

**ခမ္မဂုတ်**။ ။အဲဒီ ရန်ကုန်နေတုန်းမှာ ၂ လလောက်အတွင်း စာပေအလုပ်တော့ ဘာမှ မရှိဘူးပေါ့နော်။

**တပည့်တော်**။ ။ဒီလိုလဲ မအားပါဘူး, စစ်ကိုင်းမှာ ပလိပ်ဖြစ်လို့ ပြေးလာတဲ့ သူတွေထဲမှာ လူကြီးပိုင်း တပည့်ဟောင်းတွေပါလာတော့ သူတို့က နေ့စဉ် လိုဘဲ စာမေးကြပါတယ်၊ သူတို့လူကြီးပိုင်းကတော့ အမလေးတွေ အမကြီးတွေလို ခင်းလဲ ရင်းနှီးကြပါတယ်၊ သတိပေးစရာရှိယင်လဲ ဒေါ်ဂုဏဝတီက

စပြီး သတိပေးကြပါတယ်၊ စစ်ကိုင်းနေစဉ် ငယ်ငယ်တုန်းကစပြီး တပည့်တော်ရဲ့ ပညာရေးရာဇဝင်ကို သိထားပြီးဖြစ်လို့ တကယ်လဲ ကြည်ညိုကြပါတယ်, ယုံလဲ ယုံကြည်ကြပါတယ်၊ တပည့်တော် ဝတ်ရုံလာတဲ့ ၂ ထပ်သင်္ကန်းကြီးက နောက်ကျောဘက်မှာ ချေးကွက်ပြီး မဲနေလို့ ချက်ချင်းဘဲ အဖွားလေးတာဝန်ယူပြီး ၂၅ ခဏ်းရှိသော ပဒုမ္မာသင်္ကန်းကြီးကို ချုပ်ပြီး လှူပါတယ်၊ သင်္ကန်းချုပ်ဘို့ကိစ္စ၌ ဒေါ်သက်စုဆိုတဲ့ ယောဂီက ကြောင့်ကြစိုက်ပါတယ်၊ အဲဒီ ဒေါ်သက်စု- ဒေါ်သက်ပုဆိုတဲ့ ယောဂီ ညီအမကာ ပုဇွန်တောင်ကပါ၊ တပည့်တော်ကိုလဲ ကြည်ညိုပါတယ်, ညီကိုလဲ သူတို့ ရှယ်နှင်းလို့ဘဲ ပြောလေ့ရှိပါတယ်၊ ထိုဒကာမကြီးများ ကွယ်လွန်တဲ့နောက် အဆက်အနွယ်ဖြစ်တဲ့ ဆွေမျိုးများကလဲ ကြည်ညိုကြပါတယ်၊ ဒကာဇင်ဆိုတဲ့ လူပျိုကြီးက ယခုတိုင်အောင် ကျောင်းတိုက်အတွက် သူတတ်နိုင်သမျှ အကူအညီပေးလေ့ရှိပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က မန္တလေးစာသင်တိုက်ကြီးတွေမှာ စာချနေတဲ့အခါ သာ စားရေးသောက်ရေးကစပြီး ဆင်းရဲတာနော်, အပြင်ထွက်လိုက်တော့လဲ ချမ်းသာဘို့အချက်တွေ အရှိသားပါဘဲလား, ဒါပေမဲ့ ဆင်းရဲဇာတာပါတော့ စာသင်သားအများနဲ့ စာသင်တိုက်ကြီးထဲမှာ အဆင်းရဲ ခံရတာဘဲ ထင်တယ်။

**တပည့်တော်**။ ။ဒီလိုဆိုချင်လဲ ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ သာသနာ့အလုပ်ကတော့ စာသင်သားအများရှိတဲ့ စာသင်တိုက်မှာသာ (စာတတ်ဘုန်းကြီးများအတွက်) ရှိတယ်လို့ ဆိုရမှာပါ၊ ဥပမာ—စစ်ဗိုလ်ကောင်းများအတွက် စစ်မြေပြင်မှာသာ အလုပ်ကောင်းရှိသလိုပါဘဲ၊ ဒါ့ကြောင့် မစိုးရိမ် ဆရာတော် ပြန်ရောက်တဲ့အခါ တပည့်တော်လဲ မကြာခင် မန္တလေးသို့ပြန်ခဲ့ပါတယ်။

**ဓမ္မဂုတ်**။ ။ချမ်းချမ်းသာသာနေရတဲ့နေရာက စားရေးသောက်ရေး မချမ်းသာတဲ့နေရာသို့ ပြန်ရမှာ မပျင်းဘူးလား။

**တပည့်တော်**။ ။မပျင်းဘဲနေမလားဘုရား၊ ဒါ့ကြောင့် အောက်ပါ ငြီးတွားတဲ့ ဂါထာကိုရေးပြီး အမေတော်တွေဆီ ပေးခဲ့ပါသေးတယ်။

အကာမာပိ ဝိနာ ဟောန္တိ, အပ္ပိယေဟိ သမင္ဂရေ၊
ဝိနာရမ္မံ ယုတ္တံ ယန္တိ, ဟာဟာ လောကမှိ ဓမ္မတာ။

ဆိုလိုရင်းကတော့—"မခွဲချင်ပေမဲ့ (ခွဲမှ အကျိုးရှိမယ်ဆိုယင်)ခွဲ၍နေကြရတယ်၊ မချစ်သူတွေနဲ့ အတူမနေချင်ပေမဲ့ (အကျိုးရှိမယ်ဆိုယင်) အတူနေကြရတယ်၊ ပျော်ရာမဇနရ, တော်ရာနေရမယ်ဆိုတဲ့ ရွေးထုံးစံကြီးဟာ စိတ်ပျက်စရာကောင်းလှပါတကား"ဟု ဆိုလိုပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော့်အမတွေက မသနားကြ, မတားကြဘူးလား။

**ဘပည့်တော်**၊ ။နဲနဲပါးပါးတော့ တားကြပါရဲ့၊ ဒါပေမဲ့ တပည့်တော်ရဲ့ တာဝန်ကိုလဲ သူတို့ သိပြီးဖြစ်တော့ သိပ်မတားနိုင်ကြပါဘူး၊ တပည့်တော်လဲ ပြန်ခဲ့ပါတယ်, "ပျော်ရာမနေရ- တော်ရာနေရမယ်" လို့ ဥမ္မဒေက ရှိတာကိုး။

**ခမ္မဂုတ်**။ ။ပြန်လာတော့ လမ်းမှာ ဘယ်ကိုဝင်သေးတုန်း။

**ဘပည့်တော်**၊ ။လမ်းမှာ ပြွန်တန်ဆာကို ဝင်ရပါသေးတယ်၊ ပြွန်တန်ဆာ၌ ယခု ဆရာကြီးဖြစ်နေသော ဒေါ်ဓမ္မစာရီက စစ်ကိုင်းစာပြောတုန်းက ပါပါတယ်၊ သူ့ကို အကြောင်းပြုပြီး ရောက်လာတဲ့ "မလှသင်း" ဆိုသူက ပဌမကျော်ကိစ္စနဲ့ ရန်ကုန်ကြွတဲ့အခါ ပြွန်တန်ဆာဝင်ဘို့ လျှောက်ထားပါတယ်၊ သူကပြောထားလို့ တမျိုးလုံးကလဲ တွေ့ချင်နေကြပါတယ်၊ ဒါ့ကြောင့် ဝင်ရတာပါ၊ အဲဒီအချိန်တုန်းက မလှသင်းရဲ့အဒေါ်နဲ့ ဦးကြီးဦးစံပျော် - ဒေါ်ကျော့ဆိုတာက မင်းကျောင်းတိုက် ဒကာ ဒကာမများဖြစ်လို့ အဲဒီကျောင်းမှာ တဲရပါတယ်၊ တမျိုးလုံး ကြည်ညိုကြရုံတွင်မက, နောက် အဆက်အသွယ်များကလဲ ကြည်ညိုကြပါတယ်၊ ကျောင်းအမကြီး ဒေါ်ကျော့က တပည့်တော်ကို သားတယောက်လိုလဲ ခင်ပါတယ်၊ တိုက်သူကြီးကတော် "ဒေါ်ဝင်း" ဆိုတာကလဲ ဒီအတိုင်းပါဘဲ။

**ခမ္မဂုတ်**။ ။နောက်လဲ ပြွန်တန်ဆာသွားသေးသလား။

**တပည့်တော်**။ ။နောက်တကြိမ် ပြွန်တန်ဆာသွားပါတယ်၊ ရောက်တဲ့အချိန်က ကုလား ဗမာ အဓိကရုဏ်းအချိန်ဖြစ်လို့ လယ်လုပ်တဲ့ကုလားတွေ အတော်ဒုက္ခဖြစ်နေကြပါတယ်၊ ဒီအခါ ကျောင်းအမကြီး ဒေါ်ကျော့က သူ့လုပ်သား ကုလားတွေနဲ့ သူပေးထားတဲ့ ကျွဲတွေကို အိမ်အနီးအပါးမှာ ခေါ်ယူပြီး စောင့်ရှောက်ထားပါတယ်၊ လူငယ်အားလုံးက သဘောမတူကြပါ၊ ဒါပေမဲ့ ကျောင်းအမကြီးကို မပြောဝံ့ကြပါဘူး၊ တပည့်တော်

ရောက်သွားတဲ့အခါ ကျောင်းအမကြီးရဲ့ သားမက် ကိုသာထွန်းနဲ့ သမီးများ တူမများက ကျောင်းအမကြီးကိုပြောပေးပါအုံး၊ ပတ်ဝန်းကျင်က ''အိမ်ပါ မီးရှို့မယ်လို့ ကြိမ်းဝါးနေကြပါတယ်''လို့ ရောက်-ရောက်ချင်း အရေး ထကြီး တိုင်ကြလို့ တပည့်တော်က အကျိုးအကြောင်း ပြောပြတဲ့အခါ တပည့်တော်အကြံပေးတဲ့အတိုင်း ကုလားတွေကို ဘေးကင်းရာပို့ပြီး အစာ ရေစာ ထောက်ပံ့ထားလို့ အားလုံး ပြေလည်သွားပါတယ်။

ဒါ့ကြောင့် ပြွန်တန်ဆာသွေးမျိုးများလဲ ကျွန်းကုန်း ရဟန်းအမများလိုဘဲ ရင်းနှီးတဲ့သွေးမျိုးတွေလို့ ဖြစ်နေကြပါတယ်၊ ဒါ့ကြောင့် ရန်ကုန်သွားတိုင်း ပြွန်တန်ဆာဟာ မဝင်မကောင်းသလို ဖြစ်နေပါတယ်၊ ဒါလောက်ရင်းနှီး ကြပေမဲ့ တပည့်တော်ရဲ့ သာသနာ့အလုပ်က ပဓာနဖြစ်တော့ ''ပျော်ရာ မနေရ တော်ရာနေရမယ်''ဆိုတဲ့ ဥပဒေအတိုင်း ရွှေမန်းသို့ ပြန်းကြွခဲ့ရ ပါတယ်ဘုရား။

**ခမ္ဘဂုတ်**။ ။တချို့ကိုယ်တော်များဟာ အဆင့်အတန်းမြင့်တဲ့ ဒကာ - ဒကာမ တွေနဲ့ ဆက်ဆံရင်းနှီးတဲ့အခါ လောကွတ်ပျူငှါ များသလိုဖြစ်နေတတ် ပါတယ်၊ ကိုယ်တော်က အဲဒီလိုမဖြစ်ဘို့ရန် သတိထားရဲ့လား။

**တပည့်တော်** ။ ။ အရှင်ဘုရား .... တပည့်တော်ရဲ့ မျိုးရိုးဇာတိကို ပြန်ပြီး စဉ်းစားပါ၊ တပည့်တော်အမျိုးလဲ အဖေဘက်က ဘုရင့်လက်ထက်မှစ၍ သူကြီးမျိုးဖြစ်တဲ့အပြင် ဘုရားဒကာ ကျောင်းဒကာအမျိုးလဲဖြစ်ပါတယ်၊ အမေ့ဘက်ကတော့ ယခုအထိ ပြည့်စုံတဲ့ဘုရားကျောင်းဒကာ ဒကာမများ ဖြစ်ပါတယ်၊ ဒီတော့ အထက်အညာမှာနေနေ အောက်အကြေသို့ရောက် ရောက် တွေ့ကြုံရတဲ့ နေရှင် ဘုရားဒကာ - ကျောင်းဒကာ, ဘုရားအမ– ကျောင်းအမတွေကို အထင်ကြီးနေဘို့ မလိုပါဘုရား၊ တပည့်တော်က သူတို့ထက် ပိဋကစာပေပညာတော် သာနေတာဖြစ်လို့ အမြော်အမြင် အယူအဆလဲ တပည့်တော်ကပိုပြီး မြင့်ပါသေးတယ်၊ ဒါ့ကြောင့် သူတို့က တပည့်တော်ကို အထင်မသေးတဲ့အပြင် အားကိုးလောက်သော ဆွေ့သား တပါးလို့ မြင်နေကြပါတယ်၊ လောကွတ်ပျူငှါ လုပ်စရာ မလိုပါဘူး၊ ဒါပေမဲ့ မိမိနေရာ ရောက်လာတဲ့အခါတော့ သူတို့ကို ဆွေးသားလိုဘဲ စောင့်ရှောက်ပါတယ်။

**ခမ္ဘဂုတ်**။ ။အထက်အညာမှာရော အောက်အကြေမှာရော နေရှင်ဖြစ်သူတွေ ကိုယ့်အမျိုးထက် မသာဘူးလို့ ယူဆသလား။

**တပည့်တော်**။ ။လိုရင်းဖြစ်တဲ့ ဘုရားဒကာ–ကျောင်းဒကာဖြစ်ခြင်း, လူကြီးလူကောင်း သိက္ခာရှိခြင်းမှာ မသာကြဘူးလို့ ဆိုလိုပါတယ်၊ နေပေါ်မှုကတော့ မြို့က အလုပ်အကိုင်ကြီးလို့ ပို၍ပေါ်မှန်း သိပါတယ်၊ ရုပ်ရေအဆင်း အဝတ်အစား အနေအထိုင်ချင်းလဲ မြို့ကသာပါတယ်၊ မြို့ချင်းတူပြန်ယင်လဲ အရာရာ အောက်မြို့တွေက သာတာများပါတယ်၊ မြန်မာနိုင်ငံနဲ့ နိုင်ငံကြီးတွေရဲ့ ခေနရှင်ချင်းနှိုင်းစာယင်လဲ အလုပ်အကိုင်ကြီးတဲ့နိုင်ငံကြီးတွေကသာပါတယ်၊ဗဟုသုတအရာမှာလဲ နိုင်ငံကြီးတွေကသာပြန်တာပဲ၊ ဒီလို သာတာတွေကို တပည့်တော်နားလည်ပါတယ်၊ ဒါပေမဲ့လဲ အရည်အချင်း သမာဓိသိက္ခာနဲ့ အမြော်အမြင်ပညာတော့ မသာပါဘူး၊ သတ္တိဗျတ္တိမှာလဲ မသာနိုင်ပါ၊ သက်နက်ချင်း လူဦးရေချင်းသာ မကွာယင် တပည့်တော်တို့ ဗမာတွေဟာ ဘယ်သူ့ကိုမှ မကြောက်ပါဘူး ယခုတော့ အခြေခံကကွာနေလွန်းလို့ လျှော့နေရတာပါ။

**ခမ္မဂုတ်**။ ။ဒီလို ယူဆယင်တော့ ကိုယ်တော့်အထင်ဟာ လမ်းမှန်ကျပါတယ်၊ တပည့်တော်က ကိုယ်တော်ဟာ အကြောင်းမဲ့အထင်ကြီးပြီး "ကိုယ့်ငါးချဉ်ကိုယ်ချဉ်နေတာလား"လို့ပါ၊

**တပည့်တော်**။ ။ အရှင်ဘုရား.... ဗုဒ္ဓမြတ်စွာရဲ့ ပိဋကတရားတော်ဟာ ဘယ့်လောက်လမ်းမှန်ကျအောင် ညွှန်ပြနိုင်တယ်ဆိုတာရယ်, တမလွန်ဘဝတွေကို ပြေး၍ကြည့်သလို သိအောင် ညွှန်ပြနိုင်တယ် ဆိုတာရယ်, လောကကြီးမှာ ချုပ်နာမ်မှတပါး ဘာမှမရှိဘူးလို့ ကောက်ချက်ချ၍ ပြနိုင်တယ်ဆိုတာရယ် လေးလေးနက်နက် စဉ်းစားကြည့်ပြီး (မပြနိုင်ဘူးလို့)ငြင်းရဲယင် ငြင်းစမ်းပါ၊ ဒါလောကအတွင်းကျကျ တရားလက်ကိုင်ရအောင် လေ့လာပြီးတဲ့ပုဂ္ဂိုလ်မှန်ယင် ကိုယ့်ကိုယ်ကိုလဲ အသင်မကြီး, ဘာမှလဲ အထင်မကြီးပါဘူး၊ ဘယ်နေရာမှလဲ သတ္တိမကြောင်ဘူးဆိုတာ စွဲစွဲမြဲမြဲမှတ်လိုက်ပါဘုရား၊ ဒီတော့ တပည့်တော်က အမျိုးကို အရမ်းမဲ့အထင်ကြီးနေတာ မဟုတ်ပါဘူး။

**ခမ္မဂုတ်**။ ။ကဲကဲ....ကျေနပ်ပါတယ်ကိုယ်တော်, မန္တလေးရောက်တော့ စာကိုဆက်ပို့ချရမှာပေါ့နော်။

**တပည့်တော်** ။ ။စာကိုလဲ ဆက်ချရပါတယ်၊ အတော်ကလေးကြာတော့ ညီကိုရင် ရဟန်းခံပေးဘို့ရာ ကျွန်းကုန်းက ဒကာမကြီး ဒေါ်လှခင်နဲ့ "အမလေး"လို့ ခေါ်ကြတဲ့ သမီးအကြီးရယ်, "သခင်ဟိန်"လို့ ခေါ်ကြတဲ့

သွားတယောက်ရယ် ရောက်လာကြပါတယ်၊ ရန်ကုန် ဗဟန်းက ဒေါ်ဝံသီတို့လဲ စစ်ကိုင်းဘက် သီလရှင်များ၏ စီစဉ်ချက်အရ အဘူစပ်ပြီး ရဟန်းခံရအောင် ရောက်လာကြပါတယ်။

**ဓမ္မဂုတ်။** ။ရဟန်းခံကိစ္စအတွက် ရဟန်းလောင်းဘို့ ပစ္စည်းတွေက ကိုယ်တော်ရဟန်းခံတုန်းကလို ကျမ်းစာအုပ်တွေ များများဟုတ်ရဲ့လား။

**ဘပည့်တော်။** ။ဘာဟုတ်လိမ့်မှာတုန်း၊ စာအုပ်က ပြည့်စုံပြီးဖြစ်လို့ စာဘီဒိသာ စာအုပ်နဲ့နဲ့နဲ့ ပါပါတယ်၊ ကျန်ပစ္စည်းတွေက "ပိုးကော်ဇောကတရာတန်၊ သားမွေးစောင်က တရာယာန်၊ ခြင်ထောင် – ခေါင်းအုံး – ယူနီဖေါင်းသေတ္တာ" စသော ပစ္စည်းတွေဖြစ်ပါတယ်၊ ကော်ဇော–စောင်–သေတ္တာဝယ်တာကို သီလရှင်များ ဝယ်ပြီးမှသိပါတယ်၊ ဆွမ်းစားပင့်လို့ ဝိသုဒ္ဓါရုံတိုက်ကကြွလာတဲ့ သံဃာတော်နှစ်ရာလှူဘို့ မောဂ္ဂလ္လာန်နိဿယ အတွဲ (၁) ကိုတော့ ဆရာတော်အလိုကျ တပည့်တော် စီမံလိုက်ပါတယ်၊ (ဆရာတော်က တခါတည်း အုပ်ကြီးမတတ်နိုင်လို့ ပဥ္စမအုပ်အသေးစားခွဲပြီးရိုက်ရပါတယ်၊ တအုပ်မှ တကျပ် ကျပါတယ်။)

**ဓမ္မဂုတ်၊** ။ကော်ဇောကြီး စောင်ကြီးတွေဟာ ကိုယ်တော့်ဝါဒနဲ့ ကိုက်ညီရဲ့လား။

**တပည့်တော်။** ။ဘယ်ကိုက်ညီမှာတုန်း၊ ဒါ့ကြောင့် အဲဒီ ရဟန်းခံကိစ္စ၌ တရားဟောတဲ့အခါ "ရဟန်းကလေးဆိုတာ သစ်ပင်နဲ့တူတယ်၊ သစ်ပင်ကလေးဟာ ရေမရှိယင်လဲ ခြောက်ပြီးသေတတ်တယ်၊ ရေများယင်လဲ အအေးမိပြီးသေတတ်တယ်၊ ရဟန်းဒကာ– ရဟန်းအမဆိုတာ သစ်ပင်စိုက်တဲ့သူနဲ့တူတယ်၊ ကိုယ့်သစ်ပင်ကို သတိထားပြီးစိုက်ရတယ်၊ လုံးလုံး အထောက်အပံ့မရှိခြင်းဟာ ရေမလောင်းဘဲထားတာနဲ့တူတယ်၊ သိပ်ပြီးထောက်ပံ့လှူဒါန်းတာဟာ ရေအလောင်းများတာနဲ့ တူတယ်" လို့ ဟောလိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်ညီရဟန်းမှာတော့ အဲဒီလို ပစ္စည်းကောင်းတွေကြောင့် အအေးမမိဘူးလား။

**ဘပည့်တော်။** ။အအေးမိရုံတွင် ဘယ်ကမလဲ၊ နောက်တော့ လူထွက်တာပါဘဲ၊ တပည့်တော်ညီက နဂိုရ်က အလွန်သွက်ပါတယ်၊ လူလဲသွက်တယ်၊ ရှင်လဲသွက်တယ်၊ အသံလဲကောင်းတယ်၊ အဲဒီလို သွက်လွန်းလို့ တပည့်

တော် မနှစ်သက်ပါဘူး၊ တပည့်တော်က တည်တည်မှုသဘောကျတာပါ၊ သူ့ရဲ့ရဟန်းအမည်းသွီးတွေက ပြောကြပါသတဲ့၊ နောင်တော်နဲ့ ညီတော် ဟာနဲ့နဲ့ဘဲကွာတယ်၊ နောင်တော်က ဘာကိစ္စမဆို စားတာသောက်တာမှစ၍ အချိန်နာရီဘိကျမှုကြိုက်တယ်၊ ညီတော်က ဘာကိစ္စမဆို အချိန်နာရီထိကျဘို့ မလိုဘူးလို့ ပြောကြပါသတဲ့၊ ဒါပေမဲ့ သူတို့ဉူးပဥ္စင်းကို အလွန်ကျေနပ်ကြပါတယ်၊ တပည့်တော်က သူ့စိတ်ဟာ လူ့ဘက်မှာတော့ အသုံးကျပါလိမ့်မယ်၊ သာသနာတော်နဲ့တော့ မသင့်လျော်ဘူးထင်လို့ ကိုရင်ဘဝ ၁၈ နှစ်သားလောက်က "မင်း လူထွက်ပါလား, လူထွက်ပြီး ဒကာကြီးနဲ့အတူ အလုပ်လုပ်ယင် အောက်မကျပါဘူး"လို့ ပြောခဲ့ဘူး ပါကယ်၊ သူက တပည့်တော် ကွယ်ရာမှာ ပြောပါသတဲ့၊ "ဒါလောက် လူထွက်စေချင်ယင် ရဟန်းဖြစ်ပြီးမှထွက်မယ်"လို့ ပြောပါသတဲ့၊ စိတ်သဘောထားချင်းက အဲဒီလောက်မတူတာပါ။

**ခမ္မဂုတ်** ။ ။ ကိုယ်တော့်ညီဟာ ဉာဏ်တော့ အင်မတန်တော်တဲ့သူပါဘဲ, ကိုယ်တော့်အောက် မလျော့ပါဘူး, သာယင်တောင် သာမှာပါ၊ ဒါပေမဲ့ ကိုယ်တော်လိုသမာဓိမရှိလို့ ကိုယ်တော့်လိုမဖြစ်တာထင်တယ်၊ ကိုယ်တော်ကလဲ သာသနာတော်မှာပျော်အောင် ချော့မှမထားဘဲကိုး။

**ဘပည့်တော်** ။ ။ တပည့်တော်က ဗုဒ္ဓမြတ်စွာရဲ့သာသနာတော်ကို အလွန်လေးစားပါတယ်၊ ဒီဘဝမှာ တရားကျင့်ပြီး မဂ်ဖိုလ်နိဗ္ဗာန် မြန်မြန်ရလိုတဲ့ ပုဂ္ဂိုလ်တမျိုး, ဆုတမျိုးမျိုးမှန်းပြီး တကယ့်စိတ်ထားဖြင့် ပါရမီဖြည့်နေတဲ့ ပုဂ္ဂိုလ်တမျိုး, ဤ ၂မျိုးသာ သာသနာတော်မှာ နေထိုက်တယ်လို့ ယူဆပါတယ်၊ ဒီလိုရည်ရွယ်ချက် မရှိတဲ့သူဟာ ဉာဏ်ကောင်းပြီး စာတတ်ရုံဖြင့် သာသနာ့ဘောင်မှာ မနေထိုက်ပါဘူး၊ အစားအနေချောင်လို့ ဝင်လာတဲ့သူ, ဂုဏ်လာဘ်မြော်၍ ဝင်လာတဲ့သူတွေအတွက်ကတော့ သာသနာတော်နဲ့ လားလားမှုမထိုက်ပါ၊ ဒီဘဝ ချောင်လေသမျှ နောင်ဘဝမှာ ကြပ်ဘို့ သေချာပါတယ်၊ မဟာဂန္ဓာရုံဆရာတော်ကလဲ "ရှင်ချောင် သေကြပ်, ရှင်ကြပ် သေချောင်"လို့ မိန့်တော်မူပါတယ်၊ ဒါကြောင့် တပည့်တော်ရဲ့ညီကို သံသရာမှာ အသေမကြပ်စေလိုတဲ့ အတွက်ကြောင့်ရင်း, တပည့်တော်ရဲ့အမျိုးထဲက သာသနာမှာ အချောင်ဝင်နေတယ်လို ထင်မှာစိုးတဲ့အတွက်ကြောင့်ရင်း, တပည့်တော်ရဲ့ညီအရင်းကို လူထွက်ခိုင်းရတာ ဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီဝါမှာ ကိုယ်တော့်အတွက် ဆယ်ငါရတော့မယ်, ကိုယ်တော့် ကျန်းမာရေး ဘယ်လိုနေသလဲ, ဘာကို အထူးလုပ်သေးသလဲ။

**တပည့်တော်**။ ။ညီရဟန်းခံတုန်းက စုပေါင်းရိုက်ထားတဲ့ ဓာတ်ပုံကြည့်ယင် တပည့်တော်ရဲ့ ကျန်းမာရေး မကောင်းသေးကြောင်းကို တွေ့ရပါလိမ့်မယ်၊ ပိန်ရုံတင်မက အသားအရေတွေ ခြောက်နေပါတယ်, အသားအရေ ခြောက်ရုံတင်မက ထုံတုန်တုန်ရောဂါလဲ မပျောက်သေးဘဲ အားနဲနေပါတယ်၊ ဒါ့ကြောင့် အများက "သိပ်အသက်ရှည်မှာ မဟုတ်ဘူး" လို့ ထင်ကြပါတယ်, တပည့်တော်လဲ ကိုယ့်ကိုယ်ကို ဒီလိုဘဲထင်ပါတယ်၊ ဒါ့ကြောင့် မသေခင် ငါရဲ့ စဉ်းစားဉာဏ်ကလေးများ ကျန်တန်သမျှ ကျန်ရစ်အောင် "သဒ္ဒဂ္ဂဟဘာသာဋီကာ" ကို စပြီးရေးပါတယ်၊ ခန္ဓစဉ်လိုလို လမ်းလျှောက်မှုကိုလဲ အထူးကြိုးစားပါတယ်, တခါတရံ ညနေ ၃ နာရီအချိန်လောက် အဘယာရာမတိုက်ကထွက်ပြီး နန်းမြို့ကျုံး အနောက်မင်္ဂလာတံခါးနားရောက်အောင်လျှောက်ပြီးမှ မြစ်ဆိပ်ကလှည့်ပြီး ပြန်လာပါတယ်၊ အမှန်ကတော့ အားသိပ်မရှိဘဲနဲ့ ဒါလောက် လမ်းလျှောက်တာ နည်းလမ်းမှန်ဟန်မတူပါဘူး, ရောဂါရဲ့အကြောင်းရင်းက ညောင်းတာကိုက်တာမှ မဟုတ်ဘဲ, အားနဲတဲ့ရောဂါဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ကို အမရပူရ ရဟန်းအမကလဲ တလ(၁၀)ထောက်ပံ့တယ်ဆို, အောက်ပြည်က ကြည်ညိုသူတွေလဲ အတော်ရှိနေပြီဖြစ်တော့ အားရှိတဲ့ ဆေးဝါးဓာတ်စာ မစားရဘူးလား။

**တပည့်တော်**။ ။အဲဒီခေတ်က ယခုလို အားရှိစေနိုင်တဲ့ဆေးလဲ မပေါသေးပါဘူး, စတုမဓုဆေးဟာ အားရှိစေနိုင်ပါတယ်၊ ဒါပေမဲ့ ဖေါ်စရာပစ္စည်းမရှိပ့ါဘူး, အလိုက်သိစွာ လှူမဲ့သူလဲ မရှိပါဘူး၊ ရဟန်းအမက လစဉ်ထောက်ပံ့တဲ့(၁၀)ကတော့ နွားနို့သောက်ဘို့-ရှာလပတ်ရည်သောက်ဘို့ လောက်သာ ဖြစ်ပါတယ်၊ တပည့်တော်ကလဲ သူတို့ဆီကို ယခုအတိုင်းတောင်းလေ့မရှိပါဘူး။

**ဓမ္မဂုတ်**။ ။ကြည်ညိုတဲ့သူတွေကို တောင်းကောင်းတယ် မဟုတ်လား။

**တပည့်တော်**။ ။ဆွေမျိုးမဟုတ်သူတို့က "အလိုရှိတာ တောင်းပါ" လို့ ဖိတ်မန်မှုမရှိလျှင် အဖိုးမဘန်သောဆေးကိုမျှ မတောင်းကောင်းဘူးဆိုတာ အရှင်ဘုရားလဲ သိမှာပေါ့။

**ခမ္မဂုတ်။** ။ဒီလို မဖိတ်မန်သူ့ထံ တောင်းလို့ရတော့ ဘာအပြစ်ရှိတုန်း။

**တပည့်တော်။** ။တောင်းလျှင် အာပတ်သင့်တယ်, ရတော့လဲ အာပတ်သင့်တယ်, သုံးတိုင်းသုံးတိုင်းလဲ အာပတ်သင့်တာပါဘဲ၊ အခြားရဟန်းများက ထိုပစ္စည်းကို သုံးပြန်လျှင်လဲ သုံးစွဲသူတိုင်းမှာ အာပတ်သင့်ပါသတဲ့ဘုရား။

**ခမ္မဂုတ်။** ။လူတွေက ဝိနည်းကို နားမလည်တော့လဲ မခက်တန်ဘဲနဲ့ ခက်ကုန်တာပါဘဲ၊ တချို့ကိုယ်တော်များကလဲ ဝိနည်းတော်နဲ့ အပ်သည်ဖြစ်စေ မအပ်သည်ဖြစ်စေ တောင်းကြတာဘဲ မဟုတ်လား, အဲဒီလို တောင်းမှု ရမ်းမှု ဥုးမလေးတော့ ဒကာ-ဒကာမတွေက တပည့်တော်တို့ ဘုန်းကြီးတွေကို အထင်သေးကြတာပေါ့, တပည့်တော်ကလဲ ဘုန်းကြီးတွေ အထင်သေးခံရတာကို လုံးဝ မလိုလားပါဘူး။

**တပည့်တော်။** ။အဲဒီပုဂ္ဂိုလ်တွေကြောင့် ဝိနည်းလေးစားတဲ့ သံဃာတော်တွေမှာ သာပြီး အနေအထိုင်ခက်ကုန်တာဘဲမဟုတ်လား၊ တချို့မှာ မတောင်းကောင်းတဲ့ ဒကာတွေထံ ကျောင်းဆောက်ဘို့တောင် တောင်းကြတယ်၊ တချို့ကလဲ ကျောင်းဒကာ မှန်းသလောက်ထက် အပိုစီမံကြတယ်၊ ဒါကြောင့် ကျောင်းကြီးတွေပါ မအပ်မရာဖြစ်ပြီး ဝိနည်း လေးစားတဲ့ ကိုယ်တော်များက အဲဒီကျောင်းကို မတက် မနင်းဘဲ ငြင်းတော်မူကြ, ဒီလိုငြင်းလို့ ရန်ဖြစ်ကြနဲ့ သာသနာ့ဘေးရန်ကြီး မဖြစ်သင့်ဘဲ ဖြစ်လာတာပေါ့ဘုရား။

**ခမ္မဂုတ်။** ။အဲဒီလို ဝိနည်းတော်အရ မအပ်တဲ့ကျောင်း, မသုံးကောင်းတဲ့ ကျောင်းတွေကို အပ်အောင်သုပ်လို့ မဖြစ်နိုင်ဘူးလား။

**တပည့်တော်။** ။အစိုးရက ကူညီလာတဲ့အခါ အားလုံး အပ်အောင်လုပ်လို့ ဖြစ်နိုင်တဲ့နည်းလမ်း ရှိပါတယ်၊ ရပ်ရွာလူကြီးများက နားလည်ဘို့လဲလိုပါတယ်၊ ကျောင်းဒကာဆိုင်ရာက ပြန်သိမ်းပြီး အပ်အောင် ပြန်လှူယင် အပ်သောကျောင်း ဖြစ်နိုင်ပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော့်မှာ ဒီအချိန်အထိ သီးခြားကျောင်းတော့ မရှိသေးဘူးနော်။

**တပည့်တော်။** ။ရှိဘော့ မရှိသေးပါဘူး, ဒါပေမဲ့ တိုက်ကြီးပေါ်က ထုံနာနဲ့ မတွဲလို့ ကျောင်းဒကာကြီးများ ဥပုသ်စောင့်ဘို့ဆောက်ထားတဲ့ ဝါးကပ်

မိုး ထရံကာ အသားစပေါ်ကို ဆင်းနေပါတယ် မကြာခင်ဘဲ ထန်းလျက် ပွဲစားကြီး ဦးဘနဲ့ ဆက်သွယ်ပြီး ပွဲစားကြီး ဦးကံ—ဒေါ်ပွားတို့က ၅ ခန်း ၄ ခန်းလို့ ဆိုရလောက်တဲ့ ၂ ထပ်တိုက်တလုံးကို အဘယာရာမတိုက်ထဲမှာ တည်ပါတယ်၊ ထိုအချိန်နဲ့ မရှေးမနှောင်းမှာဘဲ ချပ်သင်းသဌေး ဦးဘတင်ရဲ့ မိခင် မှုံမှုံက ဆောက်ပြီးခါစ ကျောင်းသစ်ကြီး အတွက် တပည့်တော်ကို ပင့်ပေးဘို့ ချပ်သင်းချောင် ဆရာကို တိုက်တွန်းပါတယ်၊ ချပ်သင်းချောင် ဆရာကလဲ တပည့်တော်ကို အမကြီး တယောက်လိုဘဲ ကြည်ညိုပါတယ်၊ အားလုံး အဆင်ပြေပြီး တသက်လုံး ချမ်းသာမည့် လမ်းကြောင်းတွေကိုလဲ ပြောပြပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်က လက်မခံဘူးလား။

**တပည့်တော်**။ ။ကြည်ညိုတဲ့ ဒကာမကြီးကိုငဲ့ပြီး တဝါလောက်တော့ နေနိုင်ပါရဲ့၊ အမြဲတော့ မနေချင်ပါဘူးလို့ ပြောပါတယ်၊ ဒီလိုတော့လဲ ဘယ်ဖြစ်မလဲဥုးပဉ္စင်းလို့ ပြောပါတယ်၊ ဒါနဲ့ မနေဖြစ်ပါဘူး၊ မနေဖြစ်ပေမယ်လို့ မရင်းနှီးရုံသာ မရင်းနှီးတာပါ၊ ကြည်ညိုတာတော့ မပျက်ပါဘူး။

**ခမ္မဂုတ်**။ ။ကိုယ်တော်က ဘာဖြစ်လို့ မနေချင်တာတုန်း၊ အဲဒီတုန်းက နေလိုက်ယင် အစစအရာရာ ချမ်းသာမယ်ဆိုတာ မမြင်ဘူးလား။

**တပည့်တော်**။ ။ချမ်းသာရုံတွင် မကဘူး, "သဌေးကိုးကွယ်တဲ့ ဆရာတော်ကလေး"လို့ နာမည်လဲ သိပ်ကြီးသွားမယ်ဆိုတာ တပည့်တော် သိပါရဲ့၊ ဒါပေမဲ့ စစ်ဗိုလ်ကောင်းရဲ့ အလုပ်ကောင်းဟာ ဆင်းရဲတဲ့ စစ်မြေပြင်မှာသာ ထင်ရှားနိုင်သလို, စာချကောင်းရဲ့ အလုပ်ကောင်းဟာ စာသင်သား အများဆုံးနေရာ မန္တလေးလိုနေရာမျိုးမှာသာ ရှိနိုင်တယ်ဆိုတာ တပည့်တော်ရဲ့မူ ဖြစ်ပါတယ်၊ ဒါ့ကြောင့် တပည့်တော်ရဲ့ ဆရာကိုပင် မြောင်းမြမှ မန္တလေးရောက်အောင် ကြံစည်သေးတယ် မဟုတ်ပါလား။

**ခမ္မဂုတ်**။ ။ကိုယ်တော့်တွက်ကိန်းနဲ့တော့ သာသနာ့အလုပ်ကို တကယ်လုပ်ချင်ယင် မန္တလေးမှာပင် နေရမှာပေါ့နော်၊ မန္တလေးက ပွဲစား ဦးကံကြီးတိုက်ပြီးတဲ့အခါ ကိုယ်တော် နေတာဘဲလား။

**တပည့်တော်**။ ။နဂိုရ်ကလဲ တပည့်တော်ကို ရည်စူးတာပါ၊ ဆရာတော်ကလဲ တပည့်တော်ကို ထားလို့ တပည့်များနဲ့ သီးခြား ခွဲပြီး နေရပါတယ်၊

သီးခြားလဲ ဆရာတပည့် ဆွမ်းစားကြပါတယ်၊ ကျောင်းဒကာ-ကျောင်းအမများဆီ တပည့်တော် နံနက်စာစားတို့ ညနေကထွားပြီး ဆွမ်းဟင်း ယူထားပါတယ်၊ အဲဒီ ဆွမ်းဟင်းကို ကျောင်းမှာရှိတဲ့ ဟင်းသီး ဟင်းရွက် ငါးပိ-ငံပြာရည် ဆီတို့နဲ့ များအောင်ပွားပြီး ဆရာတပည့် စားကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ကျောင်းမှာ **သံဃာက** ဘယ်လောက်ရှိတုန်း၊

**တပည့်တော်**။ ။အများဆုံး ၂၁ ပါးသာ ရှိဘူးပါတယ်။ (တတိုက်လုံးမှာလဲ အများဆုံး ၅၁ ပါးသာ ရှိဘူးပါတယ်။)

**ဓမ္မဂုတ်**။ ။**အဲဒီ ရှိသမျှတပည့်နဲ့ အတူစားတာဘဲလား, ဆန် ဆီ ဆား စသည်** တို့ကို ဘယ်လိုရသလဲ။

**တပည့်တော်**။ ။ဆန်ကတော့ တိုက်ဒကာ တိုက်အမကြီးများက ကျောင်းခွဲသော်လဲ ခွဲပြီး ထောက်ပံ့ပါတယ်၊ ဆီ စသည်ကတော့ တပည့်တော် သရိုင်အလှူ စသည်ကလဲ ရတန်သမျှ ရပါတယ်၊ တပည့်များကလဲ သူတို့ အရပ်က ယူလာကြပါတယ်၊ ဆီပိုလျှင် အဲဒီဆီနဲ့ ဆား-ငါးပိ-ငံပြာရည် စသည် ဖြစ်စေရပါတယ်။

**ဓမ္မဂုတ်**။ ။**ကိုယ်တော်က တပည့်များနဲ့ အတူစားဆိုတော့** ပိုပြီး ရင်းနှီးကြ-သြဝါဒကို နာယူကြမှာပေါ့နော်။

**တပည့်တော်**။ ။သိပ်တော့လဲ မဟုတ်လှပါဘူး, တခြားကျောင်းတွေ စာယင်တော့ တော်တယ်လို့ ဆိုရမှာထင်ပါရဲ့၊ တပည့်တော်ဝါဒက စာသင်သားတွေကို နံနက်ဆွမ်း မကျွေးနိုင်ယင်ဖြစ်စေ, နေ့ဆွမ်းအတွက် ကျောင်းက အကူအညီမပေးနိုင်ယင်ဖြစ်စေ, သူတို့ဘာသာ ပိုက်ဆံနဲ့ ဝယ်စားရမှာပေါ့, ဒီလို ဝယ်စားရကတည်းက သူ့တို့ကိုယ်တိုင် အာပတ်သင့်မှန်း သိနေတာ ဖြစ်တော့ "တတက်စားလဲ ကြက်သွန်, နှစ်တက်စားလဲ ကြက်သွန်" ဆိုတာလို လက်လွန်မှုဖြင့် မဆူးဘူးဆိုပြီး အခြား အာပတ်တွေကိုပင် မစောင့်စည်းဘဲ နေကြတော့မှာပေါ့၊ ဒီလို အာပတ် ဗလပွေနဲ့ နေယင် ဘယ်မှာ အသေကောင်းတော့မှာလဲ၊ သေပြီး အပါယ် ကျရမယ်ဆိုယင် သာသနာတော် အကျိုးရပုံဟာ အပါယ် ၄ ပါးသာ ဖြစ်စရာရှိတော့ ဘုရားရှင်၏ ရည်ရွယ်တော်မူချက်နဲ့ အဘယ်မှာ ကိုက်ညီတော့မှာလဲ၊

ဒါကြောင့် စားရေးကစပြီး အာပတ် မသင့်အောင် ထိန်းပေးရမယ်လို့ စဉ်းစားပြီး နံနက်ဆွမ်း, နေ့ဆွမ်း အတူစားလာခဲ့တာပါဘုရား။

**ခမ္မဂုတ်**။ ။ဒီလိုကျွေးမွေးဘို့ ကြိုးစားတဲ့အခါ လွယ်ကူရဲ့လား။

**တပည့်တော်**။ ။မလွယ်ကူတာမှ အလွန့်ကို မလွယ်ကူတာပါဘုရား၊ တခါတော့ စဉ်းစားမိပါတယ်၊ သာသနာတော်ကိုသန့်ရှင်းစွာဖြင့် ကြီးကြီးကျယ်ကျယ် ပြုလိုသော်လဲ ယခုလက်ရှိ ၂၀လောက်ကိုပင် အတော်ဝန်လေးနေတာ ဖြစ်တော့ သာသနာတော်တရပ်လုံးမှာ အကင်္ဂယဋ္ဌေရှိမှုဖြစ်မဲ့ ဒီစနစ် အတိုင်းသွားလို့တော့ "သာသနာသန့်ရှင်းအောင်ပြုဘို့ မလွယ်တော့ပါ ကလား" လို့ စဉ်းစားမိပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။အဲဒီလို တွေးမိတော့လဲ တပည့်တော်တို့ရဲ့ သာသနာပြုရေးဟာ အငိုလွယ်ပြီး အရှိုက်ခက်သလို ဖြစ်နေတာပေါ့နော်, ဝမ်းနဲစရာပါဘဲ။

**တပည့်တော်**။ ။ဝမ်းနဲမယ်ဆိုယင်လဲ ဝမ်းနဲစရာပါဘဲဘုရား၊ ဒါပေမဲ့ ကျွန်းနဲ့ ကိုင်းပမာ ဆရာ ဒကာ လက်တွဲပြီး စိတ်ရှည်ရှည်နဲ့ ဆောင်ရွက်ကြယင် တော့ ကောင်းသော သာသနာကို မြှော်မှန်းနိုင်ပါသေးတယ် ဘုရား။

**ခမ္မဂုတ်**။ ။ဒီအချိန်မှာကိုယ်တော်ဟာ (၁၁) ဝါလောက်ရှိနေပြီမို့ အသက် ၃၀ပြည့်နေပြီ၊ တခဏ်းရပ်ကြအုံးစို့ရဲ့။

**နိဂုံး**။ ။သုံးဆယ်တွင်းတို့, ဖြစ်ပျက်ပုံကို, စုံတန်သမျှ, စုံစေ့ငအောင်, ရေးရစုပေါင်း, အကြောင်းကြောင်းဝယ်, ဉာဏ်ကောင်းလုလ္လ, အသုံး ချသဖြင့်, လုံးဝအကျိုး, တဂုဏ်တိုးလည်း, ရှိရိုးရောဂါ, အားနဲ့စွာဖြင့်, ခန္ဓာအတွက်, တိုး-မတက်ဘဲ, အသက်နေပုံ, မသေရုံသည်,.... လူ့ဘုံ ဌာန ဝေးမည်ထင့်။

## ၁၀။ သုံးဆယ်လွန်ကယ် သက်လေးဆယ်။

**ခမ္မဂုတ်** ။ ။ ကိုယ်တော့်ကို အသက်မရှည်ပေဘူးလို့ အများကလဲထင်၊ ကိုယ်ဘော့် ကိုယ်တိုင်လဲ ထင်နေပါလျက် အသက်ရှည်နေတာကတော့ ဘာ့ကြောင့်လဲ ကိုယ်တော်။

**တပည့်တော်** ။ ။ ရှေးကံဆိုတာ အလွန်လဲဆန်း — အလွန်လဲ စွမ်းပါတယ်၊ ကျန်းမာရေး လိုက်စားဘို့ရန် တပည့်တော်မှာ အသိဉာဏ်လဲမရှိသေးပါဘူး၊ ကျန်းမာရေးကို ပြုပြင်လို့ရနိုင်တယ်ဆိုတာလဲ နားမလည်သေးပါဘူး၊ ဒါပေမဲ့ တပည့်တော်မှာ ရှေးရှေးက ပါလာတဲ့ ကံကတော့ တပည့်တော်ရဲ့ ကျန်းမာရေးကို လမ်းစပေါ်အောင် စီမံပေးသလို ဖြစ်နေပါတယ်။

**ခမ္မဂုတ်**။ ။ဖြစ်ပုံကလေး ပြောစမ်းပါအုံး။

**တပည့်တော်**။ ။အလံကုန်းမှာ နာမည်ထင်ရှားပြီးဖြစ်သော ဘုန်းတော်ကြီး ဦးနာယကနဲ့ မြောင်းမြ ဆရာတော်တို့မှာ သက်ရွယ်တော် တူကြပြီး အလွန်လဲ ရင်းနှီးကြပါတယ်၊ ဝိသုဒ္ဓါရုံနေစဉ်က မြောင်းမြဆရာတော် လောင်းဆီမှာ ဘုန်းတော်ကြီး ဦးနာယကက စာတက်ဘူးလို့ အထူးလေးစားပါတယ်၊ မြောင်းမြဆရာတော်လောင်းက ဘုန်းကံနဲလို့ ဆင်းရဲချိန်မှာ ကူညီထောက်ပံ့ ပါတယ်၊ အဲဒီ အချိန်မှာ ဘုန်းတော်ကြီး ဦးနာယကက မြောင်းမြ ပဇ္ဇောတာရုံတိုက်သို့ ကြွလာပါတယ်၊ ပဇ္ဇောတာရုံတိုက်မှာလဲ သံဃာ တော်တော်များနေပါပြီ၊ တပည့်တော်ကိုလဲ ဘုန်းတော်ကြီး ဦးနာယကက ဝိသုဒ္ဓါရုံတိုက် နေစဉ်တုန်းကပင် ခင်နေပါတယ်၊ ပဇ္ဇောတာရုံတိုက်သို့ ကြွရောက်ချိန်မှာ ရဟန်းခံပြီး ဖြစ်တဲ့ တပည့်တော်ညီက ကျွန်းကုန်းနဲ့ မြောင်းမြကို မကြာခဏ သွားပါတယ်၊ ကျွန်းကုန်း ဒကာ– ဒကာမများကလဲ ဘုန်းတော်ကြီး ကောင်းကောင်း တပါး ကိုးကွယ်ချင်ပါတယ်, ဘုန်းတော်ကြီး ဦးနာယကကလဲ အလံကုန်း မပြန်ချင်တော့ပါဘူးတဲ့၊ ဒါ့ကြောင့်မို့ တပည့်တော်ညီရဲ့ ဆက်သွယ်မှုကို အကြောင်းပြုပြီး ဘုန်းကြီးဦးနာယကကို ကျွန်းကုန်းက ပင့်ကြပါတယ်၊ ပင့်လို့ရတဲ့အခါ ဥယျာဉ်ကြီးတခုကို "ရွှေကျင်ကျောင်းသစ်"လို့ သမုတ်ပြီး ကျောင်းတိုက်တည်လိုက်ကြပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော့်ကျန်းမာရေးနဲ့ ဒီကျောင်းသစ်က ဘယ်လိုဆိုင်နေသလဲ, သဘောပေါက်အောင် ရှင်းပြစမ်းပါအုံး။

**တပည့်တော်**။ ။ဆိုင်ပါသော်ကော ဘုရား, ကျန်းမာရေးအခြေခံဟာ အဲဒီကျောင်းတိုက်ပေါ့၊ အဲဒီကျောင်းတိုက် စတည်မိတဲ့အခါ ဒကာ-ဒကာမတွေကလဲ တပည့်တော်ကို လာစေချင်, ဘုန်းတော်ကြီးကလဲ လာစေချင်ပါတယ်၊ ဒီအကြောင်းကို တပည့်တော် သိပါတယ်၊ တပည့်တော်ကလဲ စာချကိစ္စကို အနားယူပြီး စာရေးချင်ပါတယ်၊ ဒါ့ကြောင့် မန္တလေးကျောင်းတိုက်၌ ကထိန်ပြီးတဲ့အခါ လာခဲ့ပါ့မယ်လို့ လျှောက်လိုက်ပါတယ်၊ ဒီအကြောင်းကို ကျောင်းသစ်ဘုန်းတော်ကြီးက သိတဲ့အခါ တပည့်တော်လာယင် အေးအေးနေရအောင် သီးခြားကျောင်းကလေး စီမံနှင့်ပါတယ်၊ တပည့်တော်လဲ တန်ဆောင်မုန်းလ သရိုင်ကထိန်နဲ့ တိုက်ကထိန်ပြီးတော့ မန္တလေးမှ သွားပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တပါးထဲလား, အဖော်ဘယ်သူပါသေးတုန်း။

**တပည့်တော်**။ ။တပါးထဲပဲဘဲ၊ ဒါ့ကြောင့် မန္တလေးဘူတာကြီး၌ လိုက်ပို့သူများ ပြန်သွားတဲ့အခါ ရထားတွဲပေါ်မှာ တယောက်ထဲ စဉ်းစားမိပါတယ်၊ "သေတယ်" ဆိုတာ ဒီလိုဘဲတယောက်ထဲ သေရတာဘဲ၊ သေတဲ့သူဟာ ဘာမှ မပါတော့ဘူး၊ တပည့်တော်မှာ ဟိုကျယင် စာရေးဘို့ စာအုပ်သေတ္တာနဲ့ အဝတ်သက်န်း အိပ်စရာ ခြုံစရာထည့်တဲ့ ဖါတလုံး ပါသေးရဲ့၊ စားစရာလဲမပါ၊ ဆာတတ်လို့ သောက်စရာတော့ ဓာတ်ဘူးထဲမှာ ထည့်ပေးလိုက်တဲ့ ဘိလပ်ရေ ၂လုံးစာပါရဲ့၊ ပိုက်ဆံလဲ လုံးလုံးမပါ၊ ဒီတော့ နက်ဖန်နံနက် စားရေးမှစ၍ ကြောင့်ကြသေးသလားလို့ ကိုယ့်ကိုယ်ကို မေးပါတယ်၊ "မကြောင့်ကြတဲ့အပြင် စိတ်ကြည်၍နေပါတယ်၊ နက်ဖန်နံနက် ပြွန်တန်ဆာရထားဆိုက်ယင် ပြွန်တန်ဆာက လာကြိုလိမ့်မယ်၊ ထိုနေရာမှာ ရက်အနည်းငယ်နေပြီး ရန်ကုန်ရောက်တော့လဲ ရန်ကုန်က ဒေါ်သက်စု, ဒေါ်ဂုဏ, ဒေါ်ဉာဏတို့က ဂရုစိုက်လိမ့်မယ်၊ ရန်ကုန်မှာ ခေတ္တနားပြီးယင် ကျွန်းကုန်းသွားမယ်၊ သခင်ဟိန်တို့က ဝါးခယ်မကို လာပြီး ကြိုကြလိမ့်မယ်၊ အဲဒီလိုတွေးပြီး မန္တလေးက အဖော်တွေမပါဘဲ တယောက်ထဲ စိတ်အေးချမ်းနေပါတယ်။

ထို့နောက် "သေကြတယ်ဆိုတာ ဒီလိုဘဲ"လို့ စဉ်းစားမိပါတယ်၊ ဒီဘဝက ပစ္စည်းတွေလဲ ဘာမှမယူနိုင်ဘူး, သံယောဇဉ်ဖြစ်သူများလဲ တယောက်မှ မပါနိုင်ဘူး၊ ဒါပေမဲ့ ကုသိုလ်ကောင်းမှုတွေ ကောင်းကောင်းပြုနေတဲ့သူ အတွက်တော့ ထိုကောင်းမှုတွေက နောက်ဘဝတွေမှာ ဆွေမျိုးအသစ်

မိတ်ဆွေအသစ်လိုဖြစ်ပြီး စားဝတ်နေရေးမှစ၍ အားလုံးအဆင်ပြေအောင် စီစဉ်ထားသလိုဖြစ်စေတာဘဲ၊ ဒီတော့ ဒီဘဝက သက်ရှိသက်မဲ့ပစ္စည်းတွေ သံယောဇဉ်တွေကို တွယ်တာနေဘို့ မလိုပါဘူး၊ မိမိမှာ ကုသိုလ်ဆွေမျိုး ဖန်စဉ်တိုးဘို့သာ လိုပါတယ်၊ သံယောဇဉ် ဖြစ်နေသူတွေလဲ သူတော်ကောင်းချည်းဖြစ်ယင် ပြန်လည်တွေ့ဆုံဘို့ လမ်းစဉ်ရှိပါတယ်၊ သူယုတ်မာသံယောဇဉ်တွေကိုတော့ ပြန်မတွေ့လေ ကောင်းလေပေါ့၊ ဤသို့ ရထားပေါ်မှာ တယောက်ထဲ အတွေးကောင်းနေတုန်းမှာ နောက်ထပ်စီးမဲ့ ခရီးသည်များ ရောက်လာတာနဲ့ အရေးကောင်း ဒိန်း-ဒေါင်းဖျက်သလို ဖြစ်သွားပါတယ်။

ဓမ္မဂုတ်။ ။ကိုယ်တော် လမ်းစဉ်အတိုင်း ကျွန်းကုန်းရောက်တော့ ကိုယ်တော်ရဲ့ မြော်မှန်းချက်ကိုက်ရဲ့လား။

တပည့်တော်။ ။စိတ်ကူးခဲ့တာထက်ပိုပြီး ကျေနပ်ဘွယ်တွေကို တွေ့ရပါတယ်၊ ဘုန်းတော်ကြီး ဥုးနာယကက တပည့်တော်ကို မန္တလေး ကျောင်းသားဘဝတုန်းကထဲက ခင်နေတဲ့အပြင် စာမေးပွဲတွေအားလုံး ပြီးစီးနေတာကို သတင်းကြားလို့ အတော်ချမ်းသာအောင် စီစဉ်ထားပါတယ်၊ အဲဒီဘုန်းတော်ကြီးနဲ့အတူ စာချဘုန်းတော်ကြီးကလဲ တပည့်တော်နဲ့ ပလိပ်မှာရော ပခုက္ကူမှာရော အတူနေဖြစ်တဲ့(ယခုလပ္ပတ္တာဆရာတော်ဖြစ်နေတဲ့) ဘုန်းတော်ကလေး ဥုးကုသလဖြစ်ပါတယ်၊ ကျောင်းသစ်ဆိုင်ရာ ဒကာ-ဒကာမအားလုံးကလဲ အရေးစိုက်ကြလို့ တပည့်တော်မှာ စိတ်ရောကိုယ်ပါ အလွန်ချမ်းသာပါတယ် ဘုရား။

ဓမ္မဂုတ် ။ ။ ဘယ်လောက်အထိ ချမ်းသာအောင်ပြုကြလို့ ကိုယ်တော်က ကြားတဲ့သူတွေ သွားရည်ယိုလောက်အောင် ပြောနေရတာတုန်း။

တပည့်တော်။ ။ရောက်-ရောက်ချင်း တပည့်တော်နေဘို့ ကျောင်းကလေးကို တွေ့ရတော့ စိတ်ချမ်းသာလွန်းလို့ အောက်ပါ ဥဒါန်းဂါထာကို ရေးမိပါတယ်၊ ကျောင်းကလေးက ၂ ခန်း ၃ ခန်း, စမြင်က အောက်အနိမ့် ၃ ခန်း ၁ ခန်း ငှါပါတယ်, ၃ ခန်းပတ်လည်လို ဖြစ်နေတာပေါ့, အဲဒီကျောင်းကလေးမှာ ဘုန်းတော်ကလေး ဥုးကုသလနဲ့ အတူ နေရပါတယ်၊ ကျောင်းဘွဲ့ဂါထာကလေး ကြည့်ပါ။

သပ္ပါယော အာလယော မယှံ, သောကရောဂံ တိကိစ္ဆယံ၊
ဂန္ထကမ္မံ ပမာနာယ, သန္တော သန္တသုမာပိတော။

သန္တော–လေးပင်တိုင်တန်း, ခနိလွှမ်းလျက်, ဆန်းပြားပလေ, လွှမ်းအားပြေခဲအောင်, ကြမ်းကြားလေ တညှင်းညှင်းနဲ့, တသင်းသင်း အေးမြပေထသော၊ သန္တသုမာပိတော–မလာမီပင်, ဟိုယခင်က, ကြိုတင်ကာ သူတော်ကောင်းတို့, စုပေါင်းသိုက်မြိုက်, ထိုက်အလိုက်ဖြင့်, ကတိုက်ကရိုက်ဖွန်ဆင်းအပ်ထသော၊ မယုံ–ငါ၏၊ အာလယော–ယခုလိုကံ, ကုသိုလ်ဖန်သဖြင့်, အရိသင့် အစွမ်းကုန်, စခန်းစုံ၍, မန်းဘုံမွေမျှ, မွေ့စရာနှင့်, တွေ့ရပေခတောင်း, ဤကျောင်းကလေးသည်၊ သောကရောဂံ–သောက ဗျာပါ, အရာရာနဲ့, ခါခါပွားတိုး, ရောဂါမျိုးကို၊ တိကိစ္ဆယံ–ကုစား ပေးမ, ဘေး မခအောင်, အေးမြစေမှု, ကင်းအောင်ပြုလျက်၊ ဂန္ထကမ္မံ–သာသနာ့ဝန်ထမ်း, ရဟန်းတို့တာ, ကျမ်းစာပြုနည်း, အမှုကြီးကို၊ ပဓာနာယ–မကြောက်မရွံ့, နောက်မတွန့်ဘဲ, သက်စွန့်ကြိုးကုတ်, အားထုတ်ခြင်းငှါ၊ သပ္ပါယော(ဝတ)–ဆေးဝါးလည်းစုံ့, ဓာတ်စာစုံသဖြင့်, အကုန်မြင့်ကြွယ်, ဩော်....အပုံကြီး တင့်တယ်ပါပေစွာ့ တကား။

**ခမ္မဂုတ်**။ ။အဲဒီ ခနိကျောင်းကလေးမှာ နေရတာနဲ့ဘဲ ကိုယ်တော့်ကျန်းမာရေးက ကောင်းလာရောလား။

**တပည့်တော်**။ ။ဒီဟာကြောင့်ချည်းတော့ ဘယ်ဟုတ်မလဲ ဘုရား, ခန္ဓာကိုယ်မှာရှိတဲ့ ရုပ်အစဉ်ဟာ ကမ္မဇရုပ်စဉ်–စိတ္တဇရုပ်စဉ်–ဥတုဇရုပ်စဉ်– အာဟာရဇရုပ်စဉ်အားဖြင့် ၄ ပါးသော ရုပ်အစဉ်တွေ ဖြစ်ပျက်နေတာဖြစ်လို့ စိတ်–ဥတု– အာဟာရဆိုင်ရာတွေက စုံပြီးကောင်းလို့သာ ကျန်းမာရေးကောင်းတို့ ဖြစ်လာတာပါ။

**ခမ္မဂုတ်**။ ။ဘယ်လိုကောင်းပုံလဲ ကိုယ်တော်။

**တပည့်တော်**။ ။နံနက် အရုဏ်ဆွမ်းစားတဲ့အခါ တပည့်တော်တို့ သီးခြားဓာတ်စာဖြစ်တဲ့ဟင်းတခွက် အပိုပါပါတယ်, အရုဏ်ဆွမ်းစားပြီး အတော်ကြာတဲ့အခါ နေ့စဉ်မှန်မှန် အုန်းစိမ်းအရည် သောက်ရပါတယ်၊ (ဆောင်းအခါမှာ အုန်းရည်နဲ့ သင့်မြတ်တယ်ဆိုတာကို ငယ်စဉ်ကပင် ကြားဘူးနေပါတယ်၊) နေ့ဆွမ်းလဲ သင့်မြတ်တဲ့ဟင်းကိုရွေးပြီး စားနိုင်ပါတယ်၊ ဟင်းတွေကများတော့ ရွေးချယ်လို့ရပါတယ်, နွားနို့လဲ ကောင်းကောင်းစစ်စစ် သောက်ရပါတယ်။

**ခမ္မဂုတ်**။ ။ဒီလို ကောင်းသောအစာတွေကို များများစားတဲ့အခါ အစာကြေရဲ့လား။

**တပည့်တော်**။ ။တပည့်တော်ရဲ့ ကမ္ဘဇဝမ်းမီးက အလွန်ကောင်းပါတယ်, နေ့ဆွမ်းစား နွားနို့သောက်ပြီးနောက် ရေချိုး၍ နာရီဝက်ခန့် အိပ်လိုက်တဲ့အခါမှာ ဝမ်းထဲ၌ ချောင်ချောင်လည်လည် ရှိသွားပါတယ်၊ ညနေကျတော့ ဆာလာပါတယ်၊ ဒီအချိန်မှာ "ဝင်တို" လို့ခေါ်တဲ့ ဘိလပ်ရည် အကောင်းစားကို သောက်ရပါတယ်, အဲဒီတုန်းက တလုံးမှ ၆ ပြားပေးရပါတယ်, မြို့မှာတော့ တပဲပါ။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်ရဲ့စာသင်သားဘဝမှစ၍ စာချဘုန်းကြီး ဖြစ်သည့်တိုင်အောင် အားနဲနေတာဟာ အားရှိတဲ့အာဟာရကို မစားရလို့ဖြစ်ကြောင်း ထင်ရှားတာပေါ့နော်။

**တပည့်တော်**။ ။မှန်ပါတယ်, စာသင်သားအများနဲ့ စာချဘုန်းကြီးအများမှာ ဖြစ်တဲ့ရောဂါဟာ အာဟာရချို့တဲ့မှုကစပြီး ဖြစ်ရတာ များပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်ရဲ့ အာဟာရဇရုပ် တိုးတက်ဘို့ကတော့ သေချာနေပြီပေါ့နော်။

**တပည့်တော်**။ ။မှန်ပါတယ်, အောက်ပြည်ဥတုဟာ မိုးဃ်းများလွန်းတဲ့အချိန်မှတပါး ကျန်အချိန်မှာ အညာ အလယ်ပိုင်းဥတုထက် သာပါတယ်၊ တပည့်တော်ရောက်တဲ့ ဆောင်းတွင်းမှာ မန္တလေးဥတုလောက် မအေးပါဘူး၊ ဒါ့ကြောင့် တပည့်တော်ရဲ့ ခန္ဓာကိုယ်ဝယ် ဥတုဇရုပ် တိုးတက်ဘို့ရာလဲ အခြေခံရနေပါတယ်။

**ဓမ္မဂုတ်**။ ။အင်း—စိတ္တဇရုပ် တိုးတက်ဘို့ရန် စိတ်ချမ်းသာမှုကတော့ ကျောင်းကလေးရော - ခာတ်စာ ဆေးဝါးရော - အစာ အာဟာရတွေရော စုံပြီး ကောင်းနိုင်တဲ့အပြင်, ကြည်ညိုကြတဲ့ ဒကာ ဒကာမတွေရဲ့ ပြုစု ယုယမှုကို ခံရပြန်တော့ ကိုယ်တော့်ကံဟာ အပုံကြီးတက်လာပြီလို့ ဆိုရမှာဘဲနော်။

**တပည့်တော်**။ ။မှန်ပါတယ်, ဥပုသ်နေ့မှာဆိုယင် ဥပုသ်စောင့်ကြ, အခြားနေ့မှာလဲ ညနေစာ ထမင်းစားပြီးယင် ဒကာမကြီး ဧထာ်တော်များများ သြဝါဒစကား နာယူကြနဲ့ သူတို့လဲ ပျော်ကြ— တပည့်တော်လဲ စိတ်ချမ်းသာခွင့် ရပါတယ်၊ ဒီတော့ စိတ္တဇရုပ်များလဲ မထင်မရှား တိုးနေပါလိမ့်မယ်ဆိုတာ မှန်းဆ သိနိုင်ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီမှာနေတာ ဘယ့်သောက်ကြာတုန်း။

**တပည့်တော်**။ ။၄ လကျော်ကျော် ကြာပါတယ်၊ အဲဒီအတွင်းမှာ သရိုင်က ဆွေမျိုးများနှင့်စပ်ပြီး ထူးဆန်းသော မှတ်စရာဘာခု ဖြစ်ပါတယ်။

**ခမ္မဂုဏ်**။ ။ဘယ်လိုဖြစ်သလဲ။

**တပည့်တော်**။ ။နေ့ဆွမ်းစားပြီး ရေချိုး, ရေချိုးပြီးနောက် ထုံးစံအတိုင်း အိပ်ပါတယ်၊ စောင်းပြီး အိပ်မပျော့တပျော် အချိန်မှာ သရိုင်မှာ လူစုလူဝေးနဲ့ အသုဘချတဲ့အခါ ငိုတဲ့အသံမျိုးကို ကြားရပါတယ်၊ နှမအရင်းလဲ တပည့်တော်မလာခင် မီးဖွား၍ အားနဲနေတယ်ဆိုတာလဲ သိခဲ့ပါတယ်၊ ကြားရတဲ့အသံက အိပ်မက်လိုလို, တကယ် ကြားရသလိုလို ဖြစ်ပါတယ်၊ တပည့်တော်လဲ နှမအဘွက် စိုးရိမ်လိုက်ပါတယ်၊ ပြန်သွားတဲ့အခါ "နှမ ဆုံးပြီ" ဆိုတာ သိရပါတယ်။

**ခမ္မဂုဏ်**။ ။ဒီဖြစ်ပုံက အဆန်းသားဘဲနော်, ကိုယ်တော်က ဘယ်လိုထင်တုန်း။

**တပည့်တော်**။ ။ဘယ်လိုမှ သေသေချာချာ မထင်တတ်ပါဘူး၊ ဖြစ်နိုင်တာကတော့ "မိမိကို စောင့်ရှောက်တဲ့နတ်များက ဆောင်ပြဟန်တူပါရဲ့" လို့ တွေးရုံဘဲ တွေးတတ်ပါတယ်။

**ခမ္မဂုဏ်** ။ ။ ကျွန်းကုန်းမှာ ချမ်းချမ်းသာသာနေတုန်း မြောင်းမြဆရာ့ဆီတော့ မရောက်ဘူးလား။

**တပည့်တော်**။ ။ကျွန်းကုန်းဘုန်းတော်ကြီးနဲ့အတူ ရောက်ပါတယ်၊ ဆရာ့ဆီရောက်တော့လဲ တပည့်တော်က သင်္ဂြိုဟ်ဘာသာဋီကာ ရေးနေတာပါဘဲ၊ ဆရာက "ဘာရေးတာတုန်း" လို့ မေးပါတယ်၊ သင်္ဂြိုဟ်အဖွင့် ရေးနေပါတယ်လို့ လျှောက်တော့ "နင့်ဟာ— ဟုတ်မှာလားဟာ" တဲ့၊ ဆရာဆိုတာ တပည့်ကို အထင်ကြီးလေ့ မရှိပါဘူး၊ နဂိုရ် ထင်ရှားနေတဲ့ အဖွင့်ကျမ်းများကို ညွှန်ပြပြီး "အဲဒီလောက်ကောင်းအောင် ရေးနိုင်မှာလား" လို့ မေးပါတယ်၊ တပည့်တော်ကလဲ "အဲဒီလောက်သာ ကောင်းမှာဖြစ်ယင် ဘယ်ရေးမှာလဲဘုရား" လို့ လျှောက်လိုက်ပါတယ်။

**ခမ္မဂုဏ်**။ ။ကျွန်းကုန်းမှာ ၄ လ ကျော်လောက်နေပြီး ပြန်သွားတော့ အခြားမိတ်ဆွေများက ဘယ်လို ပြောကြသလဲ။

**တပည့်တော်**။ ။ဘုန်းတော်ကြီး ဦးမေဃိယ ( သကျသီဟ ဓမ္မာစရိယ )က "ကိုယ်တော်ရဲ့ကျန်းမာရေး အတော်ကောင်းလာတယ်" လို့ ပြောပါ

တယ်၊ ( ထို ဘုန်းတော်ကြီးက အဘဟယာချမ ဆရာတော်ရဲ့ တပည့်ကြီး ဖြစ်ပါတယ်၊ သုဝဏ္ဏဝတီတိုက်ကျောင်းမှာ ဆရာတော်ကထားခဲ့လို့ နေရစ်ခဲ့ရပါတယ်၊ တပည့်တော်နဲ့ အလွန် ရင်းနှီးပါတယ်။ )

**မမ္ဘဂုတ်**။ ။ ဒီလိုဆိုတော့ ကျွန်းကုန်းမှာ ၄ လကျော်လောက် စာရေးယင်း အနားယူရတာဟာ ကျေးဇူးရှိတာပေါ့နော်။

**တပည့်တော်**။ ။ ကျေးဇူးရှိတာတော့ မပြောနဲ့တော့၊ အဲဒီကပြန်မှ မိမိ ကျန်းမာရေး ချို့ယွင်းမှုဟာ ဘာရောဂါမှ မဟုတ်ဘူး, အာဟာရချို့တဲ့ လွန်းလို့ ဖြစ်ရတဲ့ရောဂါဆိုတာ နားလည်လာပါတယ်၊ ထိုမျှလောက် ခံနိုင်တာလဲ နွားနို့ကလေး မှန်မှန်သောက်ရသေးလို့ ခံနိုင်တာပါ၊ ဒါ့ကြောင့် နွားနို့ မှန်မှန်သောက်နိုင်လောက်အောင် ထောက်ပံ့နေတဲ့ ရဟန်းအမကိုလဲ ကျေးဇူးတင်ရပါတယ်။

**မမ္ဘဂုတ်**။ ။သာသနာပြုဘို့ အသက်ကို ဒါလောက်ဆက်ပေးတဲ့ ဘုန်းတော်ကြီး ဥုးနာယကကိုရင်း, ကျွန်းကုန်း ဒကာ ဒကာမများကိုရင်း, ကျေးဇူးမတင်ဘူးလား။

**တပည့်တော်**။ ။ဘယ့်နှယ်မေးပါလိမ့်, သိပ်ကျေးဇူးတင်တာပေါ့၊ ဒါ့ကြောင့် မန္တလေးကိုပြန်ရောက်တဲ့အခါ အောက်ပါ နှစ်ဂါထာကို ကျွန်းကုန်း ဘုန်းတော်ကြီးထံ ရေးလိုက်ပါတယ်။

အဝသိမှ စတုမ္မာသံ, ထေရဋ္ဌာယံ သုနိဿိယ၊
သစေ ဒေါသော တ္တိ အညော ည်, တံ ခမထု အသေသကံ။

ဆိုလိုရင်းက—မထေရ်မြတ်ရဲ့အရိပ်ကို မှီခို၍ ၄ လလောက်နေခဲ့ရပါကယ်ဘုရား၊ အဲဒီ နေတဲ့အတွင်းမှာ အချင်းချင်း အပြစ်ရှိယင် သည်းခံတော်မူပါ။

**မမ္ဘဂုတ်**။ ။နောက်တဂါထာကတော့ကော။

အဝိယုတ္တေ ဝိယောဂေန, သောကသလ္လသမပ္ပိတော၊
သဒါ သဗ္ဗံ သရန္တောဝ, ပုရံ မန္တလံ မာဂတော။

အဝိယုတ္တေ – အမြဲမကွာ , မခွဲခွါဘဲ , နှံကာ အတူ , နေထိုက်တဲ့သူတွေကို၊ ဝိယောဂေန – မလွဲသာ လွဲသာ, ခွဲခွါခဲ့ရပါသောကြောင့်၊ သောကသလ္လသမပ္ပိတော-ရင်တဒိတ်ဒိတ်,မရွှင်စိတ်ဖြင့်,ကြိတ်ကာအနိုင်....မှိုင်တညီးညီး, သောကတည်းဟူသော ငြောင့်ကြီးက , တဖြောင့်တည်း စူးဝင်အပ်သည်

ဖြစ်၍၊ သဗ္ဗ– အောက်မေ့ဘွယ်ရာ အဖြာဖြာကို၊ သဒါ သရန္တေ ၁၀– မပြတ်တသ, အမှတ်ရလျက်သာလျှင်၊ ပုခုံမန္တလေ်–ဖုံတွေကထူ, လေ နေပူကြောင့်, အသုရကာယ်, ဘုံနှယ်တမျှ, မြန်မာ့ကြွင်းနှံး, နေပြည်မန်းသို့၊ အာဂတော–လဆုတ် ၄ ရက်, နေခြည်တက်၌, ရွှေစကြာမြန်း.... အလွမ်း ဖပျော့ကတပျောက်, တစခန်းထောက်၍, လှမ်းရောက်ခဲ့ရပါတော့သတည်း။

**ခမ္မဂုတ်။** ။မန္တလေးရောက်တော့ ဘာလုပ်ရတုန်း။

**တပည့်တော်။** ။ထုံးစံအတိုင်းပေါ့ဘုရား, စာလဲချ စာလဲရေးပေါ့။

**ခမ္မဂုတ်။** ။အဲဒီလို စာချ စာရေးတော့ ကျန်းမာရေးက ဘယ်လိုနေတုန်း။

**တပည့်တော်။** ။ကျန်းကုန်းကရလာတဲ့ ကျန်းမာရေးက တိုးလဲမတိုး, ဆုတ်လဲမဆုတ်ပါ၊ ဒါပေမဲ့ ကျန်းမာရေးကို တမင်ပြုပြင်ယူယင် ရနိုင်တယ်လို့ နားလည်လာတဲ့အခါ ကျန်းမာရေး ရော့မသွားအောင် စွမ်းနိုင်သမျှ စောင့်ရှောက်နိုင်ပါတယ်။

**ခမ္မဂုတ်။** ။သင်္ဂြိုဟ်ဘာသာဋီကာက မပြီးသေးဘူးလား။

**တပည့်တော်။** ။မန္တလေးပြန်ရောက်ပြီး အတော်ကြာတော့ ပြီးပါတယ်။

**ခမ္မဂုတ်။** ။ပြီးတဲ့အခါ ကိုယ့်ဟာကိုယ် သဘောကျရဲ့လား။

**တပည့်တော်။** ။စာအုပ်ကသိပ်ကြီးနေတော့ သဘောမကျတဲ့အပြင် စိတ်ပျက်နေပါတယ်၊ အဲဒီအတိုင်းသာ ရိုက်ရမယ်ဆိုယင် ၂ အုပ်ခွဲရပါလိမ့်မယ်။

**ခမ္မဂုတ်။** ။နောက်တော့ ဘယ်လိုစီစဉ်သလဲ။

**ဘပည့်တော်။** ။ အဲဒီ အချိန်မှာ သက္ကတဆိုင်ရာလဲ အတော်ဖတ်ပြီးပါပြီ၊ အင်္ဂလိပ်စာလဲ နဲနဲဖတ်ပြီးပါပြီ၊ ပါဠိအဋ္ဌကထာရေးပုံ–ဋီကာများရေးပုံနဲ့ ထိုသက္ကတအင်္ဂလိပ်တို့ရဲ့ ရေးပုံကို စဉ်းစားကြည့်တဲ့အခါ ရေးသားပုံချင်း အတော်တူပါတယ်၊ သို့သော် အင်္ဂလိပ်–သက္ကတစာအုပ်များက ပုံနှိပ်ရာ၌ အဖြတ်အတောက် အလွန်ကောင်းပါတယ်၊ လွယ်တာသန့်သန့် လေးနက်တာ သန့်သန့် ခွဲခြားစီစဉ်လေ့ရှိပါတယ်၊ အဲဒီ စာအုပ်များ ရေးသားပုံ ရိုက်နှိပ်ပုံ အားလုံးကိုခြုံပြီး စဉ်းစားတဲ့အခါ တပည့်တော်ရဲ့ ကျမ်းစာအတွက် ဉာဏ်အလင်းရောင် ရလာပါတယ်၊ ဒါ့ကြောင့် သင်္ဂြိုဟ်ဘာသာဋီကာ အကျယ်ကြီးထဲမှ နိဿယနှင့် လွယ်ကူသော အဓိပ္ပါယ်သရုပ်ခွဲတို့ကို သီးခြားခွဲထုတ်၍ "အခြေပြုသင်္ဂြိုဟ်" ဆိုတဲ့ နာမည်နဲ့ စာဘအုပ်လုပ်လိုက်

ပါတယ်၊ ထို့နောက် ဝိထိနှင့် ၃ချက်စု အဓိပ္ပါယ်များကိုလဲ ခွဲထုတ်၍ စာတအုပ်လုပ်ပါတယ်၊ ထိုသို့ စာအုပ်ခွဲထုတ်လိုက်တဲ့အခါမှာ သင်္ဂြိုဟ်ဘာသာဋီကာအတွက် လေးနက်သော အဓိပ္ပါယ်များချည်း ကျန်သောကြောင့် တအုပ်ထည်းဖြင့် ပြီးနိုင်လောက်အောင် အဆင်သင့်ဖြစ်လာပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော့်အလုပ်က ကံရော-ဉာဏ်ရော-ဝီရိယရော အတော်စုံလို့ အထမြောက်တာဘဲနော်၊ သက္ကတတို့ အင်္ဂလိပ်တို့ မဖတ်ဘူးယင် ဒီအကြံမျိုး ရမှာမဟုတ်ဘူး၊ ခုတော့ ကံကောင်းတဲ့အတွက် သက္ကတကိုလေ့လာခွင့် ကြုံရ-အင်္ဂလိပ်ကိုလဲ ဆားမြီးသလို မြီးခွင့်ကြုံရတာဘဲ၊ အဲဒီကံကိုက ကိုယ်တော့်အတွက် အဖိုးတန်ပါတယ်၊ အဲဒီကံကိုအရင်းခံပြီး ဉာဏ် ဝီရိယစိုက်လိုက်တော့ စိတ်ပျက်စရာကောင်းလောက်အောင် ကျယ်ဝန်းနေတဲ့ စာအုပ်ကြီးဟာ စိတ်ကျေနပ်စရာ ဖြစ်လာတာဘဲနော်။

**ဘပည့်တော်**။ ။မှန်ပါတယ်ဘုရား၊ နဂိုရှိအတိုင်းသာ အလွယ်ရော- အခက်ပါစုပေါင်းပြီး စာအုပ်ရိုက်မယ်ဆိုယင် အခြေမရသေးသူများလဲ အခက်တွေအကြားမှာ မိမိတို့နဲ့ဆိုင်တဲ့ နိဿယအဓိပ္ပါယ်ကို ရွေးချယ်နိုင်ဘို့ မလွယ်ပါဘူး၊ အခြေရပြီးသူများအတွက်ကို နိဿယနဲ့ သရုပ်အဓိပ္ပါယ်များလဲ အပိုဘဲဖြစ်ပါတယ်၊ ဒါ့ကြောင့် စာအုပ်ကြီး ၂အုပ်စာလောက် များပြားနေတဲ့အတွက် အလွယ်နဲ့ အခက်ကိုခွဲဘို့ အကြံကောင်းရတာကိုက ဆရာကောင်းများအဆံမှ နည်းခံခဲ့ရတဲ့ ကျေးဇူးကြီးကြောင့်ဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီလို ၃ ကျမ်းခွဲပြီးတဲ့အခါ တခါတည်း ရိုက်နှိပ်ရောလား။

**ဘပည့်တော်**။ ။မရိုက်သေးပါဘူးဘုရား၊ တိုက်အမကြီးနဲ့ ဖခင်ဒကာကြီးက ရတနာ ၃ပါးရဲ့ဂုဏ်တော်ကို ကျကျနန သိချင်ပါတယ်လို့ ဆိုဘဲ့အတွက် ရတနာ့ဂုဏ်ရည်ကို ရေးရပါသေးတယ်၊ အဲဒီ ရတနာ့ဂုဏ်ရည်ပြီးတဲ့အခါ ရှေးဦးစွာ ရတနာ ၃ပါးကို ဦးထိပ်ထားရာရောက်အောင် ရတနာ့ဂုဏ်ရည်ကို ရိုက်နှိပ်စေရပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီ ရတနာ့ဂုဏ်ရည်ကို ရိုက်နှိပ်တော့ ငွေ ဘယ်ကရသလဲ။

**ဘပည့်တော်**။ ။"ရတနာ့ဂုဏ်ရည်ဆိုတဲ့ စာအုပ်ကလေးရိုက်မယ်" လို့ စပ်မိစပ်ရာပြောတော့ ဟိုကဒီက ၅ကျပ်စီ တဆယ်စီထည့်ကြလို့ ၂၅ဝိလောက် ရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က အလှူခံတာလား။

**ဘပည့်တော်**။ ။အလှူမခံပါဘူး, သူတို့ထည့်ထားတဲ့ငွေအလိုက် စာအုပ်ရမယ် လို့တော့ ပြောပါတယ်၊ တအုပ်မှ ၅မူး (ပြားငါးဆယ်) လောက်မှန်းပြီး, ငါးကျပ်ထည့်ထားတဲ့သူမှာ ၁၀အုပ် ရပါတယ်။

**ဓမ္မဂုတ်**။ ။စာအုပ်က ဘယ့်လောက်ရိုက်တုန်း, အဲဒီ ၂၅ဝိနဲ့ လောက်ရဲ့လား။

**ဘပည့်တော်**။ ။ဘယ်လောက်မှာတုန်း, စာအုပ်က တထောင် ရိုက်ပါတယ်, အားလုံး ၃၅ဝိကျပါတယ်၊ တပည့်တော်မှာ ငွေမရှိပါဘူး၊ နွားနို့ ရှာလပတ် ရည် သောက်တို့ တလတဆယ်တန် အပ်သောပစ္စည်းတော့ ကပ္ပိယဆီမှာ ရှိပါတယ်။

**ဓမ္မဂုတ်**၊ ။ငွေမရှိတော့ ဘယ်လိုလုပ်ရတုန်း။

**ဘပည့်တော်**။ ။အဲဒီအချိန်မှာ ညီကလူမထွက်သေးပါဘူး၊ သူရဟန်းခံတုန်းက သူ့ရဟန်းအမမျှားလှူထားတဲ့ စာဘီဒိုကိုအလှူပေးမဲ့အကိုတယောက်အား အယူခိုင်းပြီး ထိုဘီဒိုထဲမှ ရတဲ့ငွေပါ ပေါင်း ၃၅ဝိ ပြည့်ပါတယ်၊ စာအုပ် ပြီးတဲ့အခါ စာအုပ် ၅၀၀ ကိုတော့ အလှူရှင်များကိုပေးပြီး, ကျန်တဲ့ ငါးရာတော့ ညီကစီမံလို့ ထိုက်တန်သလောက် ငွေဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်မှာ ပဌမဆုံးစာအုပ်ကလေးကိုတောင် ရိုက်ဖြစ်အောင် အတော်ကြိုးစားရတယ်နော်၊ ကိုယ်တော့်ရဟန်းအမမျှား အောက်ပြေက ကြည်ညိုသူတို့က တာဝန်မယူကြဘူးလား။

**ဘပည့်တော်** ။ ။ အဲဒီ စာအုပ်ကလေး ရိုက်ခါနီးမှာ တောင်မြို့ရဟန်းအမ ဆုံးရှာပါတယ်၊ ပလိပ်ရဟန်းအမကတော့ သိပ်မပေါလှလို့ မပြောပါဘူး၊ ဆုံးသွားတဲ့ ရဟန်းအမမှာ သမီး( မွေးစား ) တယောက် ကျန်ရစ်သော်လဲ မကြာခင် အိမ်ထောင်ကျလို့ သူ့ကိုလဲ မပြောမိပါဘူး၊ ဒါပေမဲ့ သူက ဆက်ပြီးတော့ တလတဆယ် ထောက်ပံ့နေပါတယ်၊ သားဦးရတဲ့အခါ အဲဒီသားအတွက် အသုံးစရိတ်ပိုလာလို့ သူ့အထောက်အပံ့ကို တပည့် တော်ကဘဲ ရပ်နားစေပါတယ်။

**ဓမ္မဂုတ်**။ ။မိဘမျှားက ပစ္စည်းရှောနေပေမဲ့ ၂ဘက်ဆွေမျိုးတွေ ပစ္စည်းပေါ သေးသားဘဲ, သူတို့ဆီ မတောင်းဘူးလား။

**တပည့်တော်**။ ။တပည့်တော်က မျက်နှာအငယ်ခံပြီး ဘယ်သူ့ကိုမှ မပြောပါဘူး၊ သူတို့ကလဲ တပည့်တော်ကနာမည်ကြီးတော့''ဘာမှလိုလေသေးမရှိ, ပြည့်စုံနေတယ်''လို့ ထင်ရှာကြပါတယ်၊ အောက်ပြေက ကြည်ညိုသူတွေကလဲ ဒီလိုဘဲ ထင်ကြပါတယ်၊ ဘုန်းကံ နေရာမှာတော့ တပည့်တော်က ဟန်သာရှိပါတယ်, အဆန်မရှိပါဘူး။

**ခမ္မဂုတ်**။ ။ဒီစာအုပ်လေးရိုက်ပြီးတော့ နောက်စာအုပ် ရိုက်နိုင်သေးရဲ့လား။

**တပည့်တော်**။ ။ကိုယ်လုပ်ချင်တာတော့ တနည်းနည်းနဲ့ ပြီးစီးအောင်မြင်နိုင်ဘို့ကံ ပါဟန်တူပါတယ်၊ ရတနာ့ဂုဏ်ရည်စာအုပ်ကလေး ပြီးတဲ့အခါ အကြောင်းအားလျော်စွာ ညီ ရဟန်းအမရဲ့သားဖြစ်တဲ့ (သခင်ဟိန်)က ကျောင်းရောက်လာပြီး အတော်ကြာကြာ နေပါတယ်, သူက သခင်ဖြစ်တော့ ဘာသာရေးကိစ္စတွေမှာ တပည့်တော်ရဲ့ အယူအဆကို သဘောကျပါတယ်၊ သူ့မှာလဲ ဘာသာရေးကိစ္စမှာ သဘာဝကျကျ အတော်နားလည်ဘို့ ဩဝါဒတွေကိုနာယူရပါတယ်, ပြီးတော့ တပည့်တော်မှာ နာမည်ကြီးသော်လဲ စားရေးသောက်ရေးကစပြီး ပေါပေါများများ မဟုတ်ကြောင်းကို သိတဲ့အပြင် ငွေမရှိကြောင်းကိုလဲ သိသွားပါတယ်၊ ဒါကြောင့် နောက်စာအုပ်များအတွက် သူတို့ထံမှ အကူအညီရဘို့ရန် အခွင့်ကောင်းကြုံလိုက်ပါတယ်။

**ခမ္မဂုတ်**။ ။ဒါဖြင့် ရတနာ့ဂုဏ်ရည် ရိုက်ပြီးတဲ့အခါ အခြေပြုသဂြိုဟ်ကို ဆက်ပြီး ရိုက်တာဘဲလား။

**တပည့်တော်**။ ။ဆက်ပြီး မရိုက်နိုင်သေးပါဘူးဘုရား, ၂ နှစ်လောက်ကြာမှ ရိုက်နိုင်ပါတယ်, အဲဒီစာအုပ်မရိုက်ခင် ဖခင်ဒကာကြီး ဆုံးပါတယ်၊ ပလိပ်ရဟန်းအမလဲ မရှေးမနှောင်းဘဲ ဆုံးပါတယ်၊ သူတို့ ၂ယောက်လုံး ရောဂါဖြစ်ပုံလဲ တူကြပါတယ်၊ အစာစားချင်လျက်သားနဲ့ စားလိုက်ယင် အန်အန်ထွက်လို့ မစားနိုင်ကြပါဘူး, ယခုခေတ်လိုဆိုယင် အစာအိမ်မကောင်းတာဖြစ်ဟန် တူပါတယ်, ထိုခေတ်က ဆေးရုံကိုလဲ ယခုလောက်အားမကိုးသေးပါဘူး, ဆေးရုံကလဲ ယခုလောက် မစွမ်းသေးပါဘူး။

**ခမ္မဂုတ်**။ ။ကိုယ်တော့် ဖခင်ဒကာကြီးကို ကောင်းကောင်းပြုစုနိုင်ရဲ့လား။

**တပည့်တော်**။ ။ပြုစုဆိုတာ ငွေရှိမှဖြစ်တာပါ, ငွေမရှိတော့ တော်ရုံဘဲ ပြုစုနိုင်ပါတယ်၊ ဒကာကြီး အတော်ဖြစ်လို့ လာခေါ်တဲ့အခါ ညီ ဦးပဥ္စင်း

ရယ်–သကျသီဟာဝင်ထားကြတဲ့ တပည့် ၂ ပါးရယ်ခေါ်ပြီး လိုက်သွားကြပါဘယ်၊ ငွေကတော့(ညီဦးပဥ္စင်းက သွားပြောလို့)တောင်မြို့ရဟန်းအမဆီကရတဲ့ (၅ဝ)လောက်နဲ့ အားလုံး(၉ဝ)လောက်သာ ပါပါတယ်၊ တောင်မြို့ ရဟန်းအမက နံနက်ရထားလာပြီး"မနေ့က ငွေနဲ့နေလို့ ထပ်ယူပါအုံး"လို့ လျှောက်ပါသေးတယ်,"တော်လောက်ပြီ"လို့ ပြောပြီး မယူခဲ့ပါဘူး၊ ရွာရောက်တော့ ဘိုးလေးတယောက်က "ကိုယ်တော့် ဒကာကြီးတော့ ရမှာ မဟုတ်တော့ဘူး, ငွေဘယ်လောက်ပါတုန်း" လို့ မေးပါတယ်၊ တပည့်တော်ရဲ့ ဇမျိုးလုံးက တပည့်တော်ကို အလွန်ဘုန်းကြီးပြီး ငွေအလွန်ပေါတယ်လို့ ထင်နေကြပါတယ်။

**ဓမ္မဂုတ်**။ ။ထင်မယ်ဆိုလဲ ထင်စရာပါဘဲ, ကိုယ်တော်တို့ရွာနဲ့ ပတ်ဝန်းကျင်က ဘုန်းကြီးတွေဟာ အောက်ပြည်သွားပြီး ကျောင်းထိုင်ကြ, အတော်ကြာတော့ မိဘများထံပြန်လာပြီး မိဘများပေးလို့(အချို့မှာ ပေါင်ထားတဲ့ လယ်ယာများကို ရွေးပေးကြလို့ ) မိဘတွေ ချောင်ချောင်လည်လည် ဖြစ်နေတာကို မြင်ကြရတယ် မဟုတ်လား၊ ဒါ့ကြောင့် အဲဒီဘုန်းကြီး တွေထက် နာမည်ကြီးတဲ့ကိုယ်တော့်ကို သာပြီး အထင်ကြီးကြမှာပေါ့။

**ဘပည့်တော်**။ ။အဲဒီ အကြောင်းတွေကြောင့် ဆွေမျိုးများသာမက အမေကလဲ အထင်ကြီးနေပါတယ်, တပည့်တော်တို့က အပေးအကမ်းနဲ့တယ် ထင်ပြီး မကျေနပ်ကြပါဘူး၊ ဖခင်ဒကာကြီးကတော့ ကျောင်းကို မကြာခဏရောက်တာဖြစ်လို့ အကြောင်းမှန်ကို သိရှာပါတယ်၊ တပည့်တော်တို့ ညီနောင်ကို ဘာမှ အပူမရှာပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော့် ဒကာကြီးလဲ ဒီရောဂါနဲ့ ဆုံးတာဘဲလား။

**တပည့်တော်**။ ။ထိုအချိန်မှာ ကုလို့မရတဲ့ရောဂါဖြစ်လို့ ဆုံးရှာတာပါဘဲဘုရား, ဒကာကြီးဆုံးတာက နံနက် ၇ နာရီလောက်မှာပါ၊ မဆုံးမီညက တပည့်တော်တို့ ဆရာတပည့် အိမ်မှာဘဲ အိပ်ကြပါတယ်၊ တပည့်များကို အိမ်ဝင်း ပတ်ဝန်းကျင်မှာ ပရိတ်ရွတ်ကြဘို့ ပြောပါတယ်, ဒကာကြီး ဆုံးပြီးလို့ ထုံးစံအတိုင်း အကိုကြီးများ–ညီများပြင်နေတုန်း တပည့်တော် ကျောင်းပြန်ပြီး ရေချိုးပါတယ်၊ မကြာခင် ဆွေမျိုးများလိုက်လာပြီး ဘယ်လိုစီမံမှာတုန်းလို့ မေးကြပါတယ်, ဦးပဥ္စင်းသဘောကတော့ ညနေပြီးအောင် စီမံချင်တာဘဲလို့ ပြောတဲ့အခါ အားလုံးက မကျေနပ်လို့

"ကျေနပ်သလို ထားကြပေါ့"လို့ ပြောလိုက်ပါတယ်၊ ဒါ့ကြောင့် ၅ ရက် ထားပြီး ရပ်ရွာထုံးစံအတိုင်း သင်္ဂြိုဟ်လိုက်ပါတယ်၊ ဘုန်းကြီးများလှူရန် ကိုတော့ ပင်းကျောင်းဘုန်းကြီးက ထုတ်ပေးလို့ လှူရပါသေးတယ်၊ တပည့် တော်ကတော့ အမေစိတ်ဆင်းရဲမှာစိုးလို့ အားလုံး အလိုလိုက်ရတာပါ၊ အလုပ်အပိုချည်းဘဲလို့ နားလည်ပြီးဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီကိစ္စပြီးတော့ ချက်ချင်းဘဲ မန္တလေးပြန်ခဲ့ရောလား။

**တပည့်တော်**။ ။မပြန်နိုင်သေးပါဘူးဘုရား, ဖခင်အလောင်းကို မီးသင်္ဂြိုဟ်ပြီးတဲ့ ညမှာ အိမ်သွားပြီး ဆွေမျိုး လူကြီးများကို ပြောရပါတယ်၊ "ဦးပဥ္စင်း တော့ မန္တလေးပြန်ရပါလိမ့်မယ်၊ ဒကာကြီးရှိစဉ်က ကြွေးတွေတင်နေတယ် ဆိုတာလဲ သိပါတယ်၊ အဲဒီကြွေးတွေနဲ့ ဒကာမကြီးကို ထားခဲ့လို့ မဖြစ် ပါဘူး၊ အတူနေသားကလဲ လိမ်မာသူမဟုတ်တော့ ဒကာမကြီးမှာ ပိုပြီး ဒုက္ခရောက်ပါလိမ့်မယ်၊ ကြွေးတွေကို ဖြစ်နိုင်တဲ့နည်းနဲ့ ရှင်းပေးကြပါ"လို့ ပြောရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်မှာ ငွေမရှိဘူးလို့ဆိုတယ်, ဘယ်လိုရှင်းလို့ ဖြစ်မှာလဲ။

**တပည့်တော်**။ ။ကြွေးက လယ်ယာတွေ အပေါင်နဲ့ ထားတာဖြစ်လို့ ရှင်းနိုင်တဲ့ နည်း ရှိပါတယ်၊ ကြွေးရှင်ဆိုသူတွေလဲ တဝမ်းကွဲ ဆွေမျိုးတွေထဲကဖြစ် မှာပါ၊ ဒါ့ကြောင့် ရှင်းဘို့ရန်ဖြစ်နိုင်တယ်လို့ ယူဆပါတယ်။

**ဓမ္မဂုတ်**။ ။ဖြစ်ကော ဖြစ်ရဲ့လား။

**တပည့်တော်**။ ။တပည့်တော် ထိုင်နေတုန်းမှာဘဲ ဦးသာရဆိုတဲ့ ဦးကြီးနဲ့ ဦးစိတ္တဆိုတဲ့ အကိုကြီးတို့ထသွားပြီး မကြာခင် ပြန်လာတာပါဘဲ၊ ကြွေးရှင် ကလဲ အားလုံး ရှင်းတဲ့အပြင် "အမေနဲ့ အတူနေတဲ့သား ဖြစ်သူက ကောင်းကောင်းမွန်မွန် လုပ်ကိုင်စားမယ်ဆိုယင် ကျွဲ နွားတွေကို မသိမ်းဘဲ ထားပါမယ်" လို့ ပြောလိုက်ပါသတဲ့၊ အဲဒီအချိန်မှာ (၁၇) ကေရှိတဲ့ လယ်ကလေးတော့ လွတ်လွတ်လပ်လပ်ကျန်သေးတယ်ထင်ပါတယ်၊ ညီသာ လိမ္မာယင် လုပ်ကိုင်စားနိုင်ပါသေးတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ဟာ ပခုက္ကူတိုက်ကြီးရဲ့ စာချဘုန်းကြီး, မန္တလေး (ပရိယတ္တိသာသနဟိတ သကျသီဟ) အသင်းကြီးရဲ့ ဓမ္မာစရိယ (စာချ), အစိုးရ ပဌမကျော်, မရှောင်သာတဲ့အခါ တရားဟောဓမ္မကထိက, ကျမ်းစာ

အုပ်များကို စ၍ ရေးနေသော ကျမ်းပြုပုဂ္ဂိုလ်, ဒီလိုဂုဏ်ထူးတွေ ရှိနေပါလျက် ဖခင်ဒကာကြီး အသုဘချပြီးတဲ့ညမှာ ကြွေးစာရင်း ရှင်းရတယ်ဆိုတော့ ကိုယ်တော့်အတွက် ဝမ်းနဲစရာအလွန်ကောင်းတာဘဲ၊ကိုယ်တော်ဝမ်းမနဲဘူးလား။

**တပည့်တော်**။ ။ဒီအချိန်မှာ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကြီးတွေ, ဇာတ်တော်တွေကို သိလဲသိ, ပို့ချလဲ ပို့ချနေတာဖြစ်တော့ ဒီလောက် လောကဓမ်ကို ခံဘို့အတွက် တပည့်တော်မှာ လုံလောက်သောတရားလက်နက် ရှိနေပါပြီဘုရား၊ ဒီတရားလက်နက်များဖြင့် ရှေးကလဲ ခံနိုင်, ယခုလဲ ခံနိုင်, နောင်တွေ့လတ့ံတွေကိုလဲ ခံနိုင်တာကြောင့် တရားတော်ရဲ့ ကျေးဇူးတော်အနန္တကို တပည့်တော်မှာ ကိုယ်တွေ့ရရှိနေကြောင်း သိသာနေပါတယ်။

**ခမ္မဂုတ်**။ ။သာဓုပါ ကိုယ်တော်, သာဓုပါ သာဓုပါ၊ ဒါထက် ကိုယ်တော်ပြန်သွားတဲ့အခါ ကိုယ်တော့်ညီအမိုက်က ကောင်းကောင်းမွန်မွန် နေရစ်ရဲ့လား။

**တပည့်တော်**။ ။ဒီဟာကတော့ မပြောနိုင်ပါဘူး, ပစ္စည်းတွေ သာ၍လျော့သွားတာဟာ သူ့ဖြုန်းတာလဲ အများကြီးပါပါတယ်၊ ကောင်းကောင်း လုပ်စားယင် အိမ်နဲ့ ယာနဲ့ ကျွဲ နွားနဲ့ အပြည့်အစုံမို့ ဒကာကြီးမရှိတောင် သားအမိ ၂ ယောက် လူတန်းစေ့ နေနိုင်ပါသေးတယ်၊ အမေကလဲ အမိုက်ဆုံးသားကို အချစ်ဆုံးဖြင်တော့ ဘေးက ပြုပြင်ဘို့လဲ အခက်ဆုံး ဖြစ်နေတာပါဘဲ၊ ဒီအကြောင်းတွေကိုစဉ်းစားမိလို့ ဘဝသံသရာမှာ လူမိုက်နဲ့ မတွေ့မကြုံ မဆုံနိုင်အောင် ကြိုးစားမိပါတယ်ဘုရား၊

**ခမ္မဂုတ်**။ ။သွားခါနီးတော့ ကိုယ်တော့် ညီမိုက်ကို ဘာမှ သတိပေးစကားမပြောခဲ့တော့ဘူးလား။

**တပည့်တော်**။ ။ကြွေးရှင်းဘို့တာဝန်ကြေတော့ အထိုက်အလိုက် တရားစကားပြောပြီး ပြန်ခဲ့ရပါတယ်၊ မပြန်ခင်တော့ ညီမိုက်ကို တေးထပ်တပုဒ်ရေးပေးခဲ့ပါသေးတယ်။

> တမ်းကုန်အောင် မဆိုးရစ်ပါနှင့်, အမျိုးစစ် မျိုးမှန်၊
> ဆိုးညစ်တော့, ဖိုးမတန်သည်, ရိုးမှန်မှန် သဘော၊
> အောင့်အည်း၍, ဖြောင့်တည်းစွာယယ်, စောင့်စည်းကာ မင်းနေရစ်နော့။

စောင့်စည်းမှ အေးသက်သာမည့်, လေးနက်စွာ စိတ်စေ၊
မပြင်လျှင် မှန်စွာမျှော်မှာမို့, သံသာကြောရေယဉ်၊
ခုအနေ စုတေရလျှင်လ, လူ့ပြေမှ ဝေးရမည်ပင်။

မင်းဆိုးသမျှ မွေးမိခင်မှာ, တွေးကြည့်ယင် စိတ်မအေးတာမို့၊
တဆိတ်ကလေး ပြင်စမ်းပါ့ကွယ်, ပင်ပန်းလှတယ်၊
နောင်ကြီးတော့ အခက်ကြွယ်သည့်, လက်မလယ် လုပ်ငန်းကြောင့်လေး။

**ခမ္မဂုတ်။** ။ကိုယ်တော့် တေးထပ်ကလေးရတော့ ကိုယ်တော့်ညီက ပြင်ပြီး နေရစ်ရဲ့လား။

**တပည့်တော်။** ။ခဏလောက်တော့ ပြင်ဟန်တူပါရဲ့၊ ကြာတော့ သူရဲ့(ဆွဲချ) အဖေါ်တွေက တွဲခေါ်တော့ "ခွေးမြီးကောက် ကျည်တောက် စွပ်သလို" ကောက်မြဲ ကောက်တာပါဘဲ။

**ခမ္မဂုတ်။** ။သူက ဘယ့်လောက်ဆိုးလို့လဲ, သောက်တတ်သလား, သူများကို ရိုက်ဝံ့ ခုတ်ဝံ့သလား။

**တပည့်တော်။** ။သောက်သလောက်လဲ သောက်ဟန်တူပါရဲ့, ရိုက်ဝံ့ ခုတ်ဝံ့ တာတော့ မဟုတ်ပါဘူး၊ သူတို့ဆောင်ပုဒ်က....

"ထီးပေါင် ဘိနပ်ပေါင်, လသာသာ ဖျာကိုခင်း,
မိုးအလင်း ရိုက်ရအောင်"........တဲ့။

**ခမ္မဂုတ်။** ။ဩော်....သူက ဖဲသမားကိုး။

**တပည့်တော်။** ။ဒကာကြီးမရှိတော့ မိခင်ကို ဂရုမစိုက်ပါဘူး၊ ရှိတဲ့ လည်း နွားလဲ ပေါင်တာဘဲ, ရှိတဲ့လယ်လဲ ပေါင်ပါသေးရဲ့၊ ပတ်ဝန်းကျင်က အပေါင်မခံဝံ့အောင် ဝမ်းကွဲ ညီတယောက်က သူ့လယ်လို့ ပြောထားလို့ အပေါင်မခံကြပါဘူး၊ ညီဝမ်းကွဲက ဆန်စက်ပိုင်ဖြစ်တော့ သူ့ကို လေးစား ကြရပါတယ်၊ တချို့ကိုလဲ အမေသဘောကျအောင်ပြောပြီး ရောင်းတာ ဘဲ, ထန်းတောလဲပါပြီး လယ်ယာလုပ်ရတဲ့တောဟာ အလွန်ကောင်းပါ သတဲ့၊ ဒါလဲ ရောင်းတာဘဲ, အိမ်ကိုတောင် သူများ မပေါင်ရအောင် ဦးကြီးတယောက်က အပေါင်ခံထားရပါသတဲ့။

**ခမ္မဂုတ်။** ။ပေါင်စရာမရှိတော့ ဘာလုပ်တုန်း။

**တပည့်တော်**။ ။မိခင်က သူ့သားဟာ နောင်တရပါပြီတဲ့၊ "ဒီတခါ လှည်းနွားထောင်မိယင် ကောင်းကောင်းလုပ်ကိုင်စားမှာပါ"လို့ လာပြောပါတယ်၊ ဒီတော့ မနေသာတာနဲ့ နောက်ထပ် စာအုပ်ရိုက်ဘို့ထဲက ပေးလိုက်လို့ လှည်းနွားလဲဖြစ်ရော (ဆွဲချ) အပေါ်တွေက ဆွဲချလို့ သိပ်ကြာကြာ မခံပါဘူး၊ ကုန်တာပါဘဲ၊ မိခင်ကြီး လာပြန်ပါတယ်၊ ဒီတခါတော့ ပေးစရာ မရှိပါဘူး၊ ကြည့်နေ သုံးနေတဲ့ ကျမ်းစာအုပ်တွေဘဲ ရှိပါတယ်၊ အဲဒါကို ကိုယ့်ဘာသာ ရောင်းပါတော့လို့ ပြောရပါတယ်၊ မိခင်ကြီးကလဲ ယုံဟန်မတူပါဘူး၊ ညီတယောက် မိုက်လိုက်တာ တအိမ်လုံး ဒုက္ခရောက်ရုံမက၊ အိမ်က ထွက်ခွါလာတဲ့ တပည့်တော်ပါ ဒုက္ခရောက်တာပါဘဲ။

**ခမ္မဂုတ်**။ ။အဲဒီအချိန်မှာ ညီဦးပဥ္စင်းကတော့ လူမထွက်သေးဘူးပေါ့နော်။

**တပည့်တော်**။ ။သူက လူမထွက်သေးပါဘူး၊ သူကတော့ သူ့အကိုလူမိုက်ရဲ့ သဘောကိုသိလို့ ဘာမှဂရုမစိုက်ပါဘူး၊ အဲဒီ ဖြစ်ရပ်တွေဟာ ဒကာကြီး ဆုံးပြီး အတော်ကြာမှ ဖြစ်တဲ့ကိစ္စတွေပါ၊ ဒကာကြီးဆုံးပြီးလို့ ပြန်လာတဲ့အခါ တပည့်တော်ရဲ့ စိတ်တွေလဲ မတည်ငြိမ်သလို ဖြစ်နေပါတယ်၊ ဒါ့ကြောင့် အဘယာရာမ ဆရာတော်ထံခွင့်ပန်ပြီး စစ်ကိုင်းဘက် ဒုတိယမဟာဂန္ဓာရုံ ချမ်းအေး ဆရာတော်ကြီးထံ သွားနေပါတယ်၊ စကြံကျောင်းမှာ ဝါဆိုပါတယ်၊ တပည့်တော်ရဲ့ မန္တလေးကျောင်းကိုတော့ ညီဦးပဥ္စင်း စောင့်ရှောက်ရစ်ပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီမှာ ဝါဆိုတော့ စိတ်တည်ငြိမ်မှုရရဲ့လား။

**တပည့်တော်**။ ။စာမချဘဲ ငြိမ်ငြိမ်နေရတော့ စိတ်အေးချမ်းမှုရပါတယ်၊ အဲဒီ ဝါကျွတ်လို့ တန်ဆောင်မုန်းလ ဂန္ဓာရုံ ဝိနည်းစာပြန်ပွဲမှာ ဝိပဿနာကို မူတည်ပြီး ဗောဇ္ဈင်တရား ဟောပါတယ်၊ နာရတဲ့ သီလရှင်တချို့က ဝါတွင်းမှာ တရားတော်တော်ကောင်းလို့ ဒါလောက်ကောင်းအောင် ဟောနိုင်တာဘဲလို့ ပြောကြပါသတဲ့။

**ခမ္မဂုတ်**။ ။ဒါဖြင့် စစ်ကိုင်းဘက်နေရတာ ပျော်မှာပေါ့နော်၊ ဆက်ပြီး တခါထဲနေလိုက်ပါ့လား။

**တပည့်တော်**။ ။ပျော်တော့ ပျော်ပါတယ်ဘုရား၊ ဒါပေမဲ့ တပည့်တော်ရဲ့ အလုပ်က သာသနာပြုဘို့အလုပ်ဖြစ်တော့ "ပျော်ရာကိုမနေရ-တော်ရာမှာ နေရမယ်"ဆိုတဲ့အတိုင်း မန္တလေးသို့ ပြန်ခဲ့ရပါတယ်။

**ဓမ္မဂုတ်**။ ။မန္တလေးပြန်ပြီး ဘာကို လုပ်သလဲ။

**တပည့်တော်**။ ။အခြေပြုသင်္ဂြိုဟ် ပဌမအုပ်ရိုက်ဘို့ စီစဉ်ရပါတယ်။

**ဓမ္မဂုတ်**။ ။စီစဉ်ဆိုတာ ရိုက်ဘို့ငွေပြည့်စုံလို့ စီစဉ်ရတာလား။

**တပည့်တော်**။ ။ တပည့်တော့်စာအုပ်ရိုက်နှိပ်တဲ့စက်က "လှခင်အင်ဆန်း" စက်ပါ့, သူတို့က ငွေကိုအရေးမကြီးပါဘူး၊ စာအုပ်ပြီးတောင် မရှိသေးယင် မပေးဘဲ နေနိုင်ပါတယ်၊ ဒါပေမဲ့ ရတနာ့ဂုဏ်ရည်က ရသမျှငွေနဲ့ပါးပါးအပြင် ညီရဲ့ ရဟန်းအမ သား– သမီးများ အကူအညီနဲ့ ပြည့်စုံသွားပါတယ်။

**ဓမ္မဂုတ်**။ ။စာကို ဘယ်သူ ပြင်သလဲ။

**တပည့်တော်**။ ။စာကို တပည့်တော်ဘာသာ သွားပြီး ပြင်ပါတယ်၊ စာအုပ်ရိုက်တဲ့အချိန်မှာ မန္တလေး၌ ပလိပ်ရောဂါဖြစ်နေလို့ စာပြင်သွားရတဲ့ ဒုက္ခက အသက်ဘေးနဲ့ နီးကပ်လှပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုယင် ဘာ့ကြောင့် ကိုယ်တိုင်သွားပြီးပြင်သလဲ။

**တပည့်တော်**။ ။ ကိုယ်တိုင်သွားပြီး အမှားအမှန် အထားအသိုအားလုံး သဘောကျပြင်ရမှ ကျေနပ်လို့ပါ၊ တပည့်တော်မှာ အဘယာရာမဆရာတော်ရဲ့ မောဂ္ဂလ္လာန်နိဿယပြင်ပုံကို နည်းရနေပါတယ်၊ဆရာတော့် စာအုပ်တုန်းက ဆရာတော်က ကျောင်းမှာပြင်, စာချဘုန်းကြီးဖြစ်တဲ့ ဦးမေဃိယာဘိဝံသက ပုံနှိပ်စက်ကြွပြီး ပြင်ပါတယ်။

**ဓမ္မဂုတ်**။ ။တနေ့ ဘယ်နှစ်ခေါက် သွားရတုန်း။

**တပည့်တော်**။ ။နံနက် အရုဏ်ဆွမ်းစားပြီးနောက် တခေါက်သွားပါတယ်၊ အဲဒီတခေါက်က အတော်ကြာကြာပြင်ပြီး အချောရိုက်မှပြန်လာပါတယ်၊ တခါတလေတော့ နေ့တနာရီလောက် သွားရပါသေးတယ်၊ စာစီပြီးသမျှကို အကြမ်း ပြင်ချင်လို့ပါ၊ အဲဒီလို သွားရတော့ ပလိပ်ရောဂါဖြစ်ချိန်မှာ တာဝန်အတော်ကြီးပါတယ်၊ ရောဂါက အရပ်တိုင်း အတော်ပြန့်လာတဲ့အခါ တိုက်ရှင်များလဲ ရွှေ့ပြောင်းနေကြပါပြီ၊ အလုပ်သမားတွေကတော့ စားရေးသောက်ရေး ကြပ်မှာစိုးလို့ အလုပ်မနားကြပါဘူး၊ သူတို့က အလုပ်မနားတော့ တပည့်တော်လဲ မှန်မှန်သွားပြင်နေရပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်က မကြောက်ဘူးလား။

**တပည့်တော်**။ ။တခါတလေ ပတ်ဝန်းကျင်က ငိုသံကြားတဲ့အခါ အလုပ်သမား ဘွေက "မနေ့က အတော်ဖြစ်နေတယ်လို့ ကြားတယ်, ယနေ့သွားပြီ"လို့ ပြောကြပါတယ်၊ နေ့လည်သွားတဲ့အခါ အသုဘချလာတာနဲ့ မတွေ့ အောင်ရှောင်သွားတာတောင် သုံးလေးလောက်တော့ တွေ့ရပါသေး တယ်၊ တပည့်တော်လဲ အလုပ်သမားတွေက မနားလိုတဲ့အပြင် စာအုပ် ကလေး ပြီးစေချင်တာကြောင့်"ကြောက်တယ်–မကြောက်တယ်"ဆိုတာ မစဉ်းစားနိုင်ဘဲ နေ့စဉ် သွားနေရပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်က ဉာဏ်ဝီရိယအကျိုး သိရက်သားနဲ့ ကံကိုချည့်ယုံနေ သလား။

**တပည့်တော်**။ ။တပည့်တော်ရဲ့ ယုံကြည်ချက်က "ငါဟာ သာသနာ့ဝန်ကို ဆောင်ထိုက်သူဖြစ်လျှင် ဝန်မဆောင်ရဘဲ မသေနိုင်ဘူး"လို့ ဖြစ်ပါတယ်၊ သာသနာ့ဝန်ကို မဆောင်ထိုက်လျှင်တော့ သေတာလဲ အဆန်းမဟုတ် ပါဘူး။

**ခမ္မဂုတ်**။ ။အခြေပြုသင်္ဂြိုဟ် ပဌမအုပ်ရိုက်ပြီးတော့ ဒုတိယအုပ်လဲ ဆက်ရိုက်ဘို့ ကြိုးစားနိုင်ရဲ့လား။

**တပည့်တော်**။ ။ကြိုးစားနိုင်ပါတယ်, အဲဒီစာအုပ်များ ရိုက်နှိပ်ပြီးတဲ့အခါ တပည့်တော်လဲ ကျန်းမာရေးအကြောင်းကို အတော်နားလည် လာပါ တယ်၊ တပည့်တော်တို့ရဲ့(စာချ စာသင် ပုဂ္ဂိုလ်အများရဲ့) ကျန်းမာရေး ချို့ယွင်းမှုဟာ " အစာအာဟာရ ချို့တဲ့မှုက စ၍ဖြစ်တယ် " ဆိုတာကို ကောင်းကောင်း သဘောပေါက်လာပါတယ်၊ ဒါ့ကြောင့် နောက်တနှစ် နွေအခါမှာ ကျွန်းကုန်းသွားပြီး အနားယူယင်း အခြေပြုသဒ္ဒါကို ရေးပါ တယ်၊ ဒီတခေါက်တော့ နွားနို့သောက်တဲ့အခါ " ကက်ပလာ "ခေါ်တဲ့ မုယောစပါးနဲ့ရောထားတဲ့ ငါးကြီးဆီတဇွန်းကို နွားနို့ပုပ္ပ ၃၀ သား လောက်ထဲထည့်ပြီး သောက်ဘို့ရန် သခင်ဟိန်တို့ မောင်နှမက စီမံကြ ပါတယ်။

**ခမ္မဂုတ်**။ ။နွေ့ဆွမ်းလဲ အဝစားသေး, ငါးကြီးဆီတဇွန်းနဲ့ နွားနို့ ၃၀ သား လောက်လဲ သောက်သေးတယ်ဆိုတော့ အစာကြေရဲ့လား။

**တပည့်တော်**။ ။တပည့်တော့် ဝမ်းမီးရဲ့သတ္တိကို အဲဒီအခါကျမှ အကဲခပ်မိပါတယ်, နေ့ဆွမ်းစားပြီးနောက် နွားနို့ ၃၀ သားလောက် ပုပ္ပုထဲမှာ ငါးကြီးဆီတဇွန်းထည့်ပြီး မွှေလိုက်ပါတယ်, အဆီတွေ ဝေ့နေပါတယ်, အဲဒီနွားနို့သောက်ပြီး ရေချိုး, ရေချိုးပြီးအိပ်ပါတယ်၊ အိပ်ရာကထတော့ နေလို့ကောင်းရုံပါဘဲ, ညနေကျတော့ ဆွမ်းဆာလာပါတယ်၊ အဲဒီအခါမှာ ငင်တိုဘိလပ်ရည် သောက်ရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဝမ်းမီးက သိပ်ကောင်းတာဘဲနော်, တခြားပုဂ္ဂိုလ်တွေဘော့ ဒီလိုဖြစ်နိုင်မယ် မထင်ပါဘူး။

**တပည့်တော်**။ ။တပည့်တော်တော့ အဲဒီငါးကြီးဆီနဲ့ နွားနို့ကြောင့် အားနဲ့တဲ့ရောဂါ သက်သာလို့, ယခု တပည့်တော်ရဲ့တိုက်မှာ စာချဘုန်းကြီးများကို အဲဒီလိုစားသောက်ကြဘို့ စီစဉ်တဲ့အခါ ညနေကျတော့ လေချဉ်တက်ပြီး အန်ချင်သလိုဖြစ်ကြဘဲ့အတွက် နွားနို့ရိုးရိုးကိုသာ သောက်စေရပါတယ်, တချို့တော့ နွားနို့တောင် အစာမကြေချင်ဘူးလို့ ပြောကြပါတယ်၊ ဝမ်းမီးချင်း မတူကြပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်မှာ ကျန်းမာရေး မကောင်းခဲ့တဲ့အတွက် ကိုယ်တော်က ဆရာလုပ်ပြီး တိုက်တာအုပ်ချုပ်တဲ့အခါမှာ စာချဘုန်းကြီးများနဲ့ စာသင်သားများအား ကျန်းမာရေး ချို့ယွင်းခြင်း၏ အကြောင်းကိုလဲ ပြောပြနိုင်, ကျန်းမာဘို့ လမ်းစဉ်ကိုလဲ ပြောပြနိုင်တာဘဲနော်၊ ကိုယ်တော်ရဲ့ မကျန်းမာမှုဟာ တပည့်အများနဲ့ သာသနာ့ပြုတဲ့ အခါကျတော့ များစွာ အထောက်အကူရပါပေတယ်။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား, များစွာသော စာချပုဂ္ဂိုလ်နဲ့ စာသင်သားတွေရဲ့ မကျန်းမာမှုမှာ အစာအာဟာရ ပြည့်ပြည့်ဝဝ မရခြင်းကို အကြောင်းခံ၍ဖြစ်ရတာများပါတယ်၊ ဒီနေရာမှာ ဝမ်းနည်းဘွယ်ကောင်းသော သီတင်းသုံးဘော် စာချပုဂ္ဂိုလ်တပါးရဲ့ အကြောင်းကို(နောင်လာနောက်သားတို့ သတိထားဘို့အတွက်) ပြောပြချင်ပါတယ်။

**ဓမ္မဂုတ်**။ ။ပြောပါ, ပြောပါ။

**တပည့်တော်**။ ။မဟာဝိသုဒ္ဓါရုံတိုက်, သုဝဏ္ဏဝတီအဌ်ကျောင်းမှာ အဘယာရာမဆရာတော်ရဲ့ကိုယ်စား နေရစ်ခဲ့တဲ့ စာချဘုန်းကြီးတပါး ဖြစ်ပါတယ်, တပည့်တော်နဲ့ အလွန်ရင်းနှီးပါတယ်, တပည့်တော်ထက် နှစ်ဝါလောက်

ကြီးပါတယ်၊ "ဘုန်းကြီး ဦးမေဃိယ" လို့ ခေါ်ပါတယ်, ရိုးသားဖြောင့်မတ်ပြီး သတ္တိရှိတဲ့နေရာမှာ သီတင်းသုံးဘော်အများရဲ့ လေးစားခြင်းကို ခံရပါတယ်၊ ပရိယတ္တိသာသနာ့ဟိတ ( သကျသီဟ ) စာချတန်းကိုလဲ အောင်ပါတယ်, အဲဒီ စာပြန်ပွဲအတွက် ကြိုးစားမှုကြောင့် အားနဲတဲ့ အပေါ်မှာ ( စာအောင်ပြီးနောက် အနားမယူဘဲ )ဆက်၍ စာချရတော့ ပို၍ အားနဲနေပါတယ်၊ စားရတဲ့ဆွမ်း–ဆွမ်းဟင်းကတော့ ကျောင်းရှိ စာသင်သားများ ဆွမ်းခံ၍ရသောဆွမ်းသာ ဖြစ်ဟန်တူပါတယ်, ဘုန်းလဲ မကြီးရှာပါဘူး, အားအတော်နဲတဲ့အခါ အနားယူယင်း သီဟိုဠ်ကြွပြီး သီဟိုဠ်ဘာသာနဲ့ သက္ကတကို လေ့လာဘို့စီစဉ်ပါတယ်။

**ဓမ္မဂုတ်။** ။အားနဲနေတာတောင် ဗဟုသုတရှာဘို့ဘက်က မလျှော့သေးဘူး ပေါ့နော်။

**တပည့်တော်။** ။တပည့်တော်တို့ စာချပုဂ္ဂိုလ်အများစုဟာ ကျန်းမာရေး သဘောကို ဂရုမစိုက်မိကြပါဘူး, ဖြစ်တော့မှ ဖြစ်သလို ခံကြရပါတယ်၊ ထိုအရှင် သီဟိုဠ်ကြွဘို့ စီစဉ်တဲ့အချိန်မှာ တပည့်တော်က မကျန်းမာတဲ့ ဘက်က ကူးတက်ပြီး ကျန်းမာတဲ့ဘက်သို့ ရောက်လာပါပြီ၊ ဒါ့ကြောင့် တပည့်တော်က ထိုအရှင်ကို အကြံပေးပါတယ်။

(၁) သီဟိုဠ် မကြွပါနဲ့, သီဟိုဠ်မှာ ဥတုကောင်းသော်လဲ စားရေးသောက်ရေးအတွက် ဂရုစိုက်မဲ့သူ မရှိပါဘူး။

(၂) မော်လမြိုင်မှာ ဘုန်းလဲကြီးတဲ့ ဓမ္မကထိက ( နောက်၌ သတိပဋ္ဌာန် ကမ္မဋ္ဌာန်းဆရာတော် )ဖြစ်သော ဘုန်းတော်ကြီး ဦးပဏ္ဍဝရှိတယ် မဟုတ်ပါလား၊ ဆွေမျိုးတော်စပ်တဲ့ အဲဒီဘုန်းတော်ကြီးထံကြွလျှင် ထိုဘုန်းတော်ကြီးရဲ့ ဒကာ – ဒကာမများက သကျသီဟမဟာစရိယ ဆရာတော်ဖြစ်တဲ့ အရှင်ဘုရားကို စားရေးသောက်တာပြည့်စုံအောင် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါတရားအပြည့်နဲ့ ဂရုစိုက်ကြပါလိမ့်မယ်။

(၃) မော်လမြိုင် ဥတုလဲ မိုးသည်းတွင်း မဟုတ်လျှင် ကောင်းပါလိမ့်မယ်, ဒီတော့ ဥတုဇရုပ်လဲ တိုးတက်စည်ကား လာနိုင်ပါတယ်။

(၄) ဒကာ–ဒကာမများ၏ ပြုစုမှုကြောင့် အစာအာဟာရ သပ္ပါယဖြစ်၍ အာဟာရဇရုပ်များလဲ အမှန်ပင်ကောင်းမွန်တိုးတက်လာနိုင်ပါတယ်။

(၅) အားလုံးက ဝိုင်းအုံပြီး အရေးပါကြတော့ စိတ်ချမ်းသာမှု အထူးရပြီး စိတ္တဇရုပ်တွေလဲ ကောင်းမွန်တဲ့ဘက်သို့ ပြောင်းလဲ တိုးတက်လာပါလိမ့်မယ်။

(၆) ဤရုပ်သုံးမျိုး တိုးတက်လာသည်နဲ့ အမျှ ရှေးကုသိုလ်ကံ အခွင့်ရသဖြင့် ကမ္မဇရုပ်များလဲ အတူဘက္ခ ကောင်းမွန်တဲ့ဘက်သို့ တိုးတက်ကြရပါလိမ့်မယ်။

(၇) ဤ အဓိပ္ပါယ်ပါသော စကားတို့ကို ပြောကာ မေ့ာ်လမြိုင်ကြွတို့ တိုက်တွန်းပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ကျွန်းကုန်းမှာ ကိုယ်တွေ့ဖြစ်တဲ့ ကိုယ်တော်ရဲ့ ကျန်းမာရေးတိုးတက်ပုံကို အတုယူပြီး ဦးမေဃိယာဘိဝံသကို မေ့ာ်လမြိုင်ကြွတို့ တိုက်တွန်းတာ မဟုတ်လား။

**တပည့်တော်**။ ။ဟုတ်ပါတယ်, ဒါပေမဲ့ ထိုအရှင်ရဲ့ကံ မကောင်းချင်တော့ တပည့်တော်ပေးတဲ့အကြံထဲမှာ ဗဟုသုတတိုးတက်ဘို့ နည်းလမ်း မပါတဲ့အတွက် သီဟိုဠ်သို့သာ ကြွသွားပါတယ်၊ "ကံမကောင်းလျှင် အမြော်အမြင်ဉာဏ်လဲ မကောင်းနိုင်ဘူး" လို့ ကျမ်းစာများ၌ မိန့်ဆိုထားပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်လိုဆိုထားသလဲ ကိုယ်တော်။

**တပည့်တော်**။ ။ "ရှေးကံရဲ့ အပြစ်ဒဏ်ကို ခံရတဲ့သတ္တဝါမှာ ပျက်စီးဘို့ ရှေးရှုလာယင် နည်းမှန်လမ်းမှန်မဟုတ်သော အလုပ်က နည်းမှန်လမ်းမှန်ယောင်ယောင် ပုံဟန်ဆောင်၍ အသိဉာဏ်ကိုလွှမ်းမိုးကာ မှားမှားမတ်မတ် ရပ်နေသလို ပေါ်ထင်လာတတ်၏" လို့ဆိုပါတယ်။ (ဝဇီရဗုဒ္ဓိ, နှာ-၆၉။)

ကမ္မာပရာဓ သတ္တာနံ, ဝိနာသေ ပစ္စုပဋ္ဌိတေ၊
အနယော နယရူပေန, ဗုဒ္ဓိမက္ကမ္မ တိဋ္ဌတိ။

သီဟိုဠ်မှာ တော်တော်ကြာအောင် နေနိုင်ရဲ့လား။

**တပည့်တော်**။ ။မနေနိုင်ပါဘူး, ဥတုကောင်းသော်လဲ အစာက ငရုပ်သီး, မဆလာ, အပူစာတွေပါတာချည်းဖြစ်တော့ မူလ မကျန်းမာမှုထက် ပိုပြီး မကျန်းမာဘဲ တ၀ါမျှနေပြီး ပြန်လာပါတယ်၊ ရောက်တဲ့အခါ သီတင်းသုံးဖော်များက စွမ်းနိုင်သမျှတော့ ကူညီကြပါရဲ့၊ ဒါပေမဲ့ သိပ်ပြီး မထူး

ခြားလို့ ဆေးရုံကြွပြီးနေရပါတယ်၊ ဆေးရုံကလဲ ယခုခေတ်လောက် မပြည့်စုံပါဘူး၊ အားဆေးလဲ များများမကျွေးနိုင်, ဓာတ်မှန်လဲ ရိုက်မကြည့်နိုင်တော့ အတွင်းမှာ ဘယ်နေရာက ချို့ယွင်းတယ်ဆိုတာ ကောင်းကောင်းသိနိုင်မယ်မဟုတ်ပါဘူး၊ အတော်ကြာတဲ့အခါ အားကသာ ပိုနဲပြီး ရောဂါအခြေအနေ မသိရတာနဲ့ ဆေးရုံကဆင်းပြီး ဝိဇ္ဇာလင်္ကာရကျောင်းတိုက်မှာ နေပါတယ်၊ ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓကလဲ အထူး ဂရုစိုက်ပါတယ်, ဒါပေမဲ့ ရောဂါက မသက်သာပါဘူး၊ မိုးရထားဆရာဝန်ကြီးကိုခေါ်ပြတော့ အစာအိမ်မှာ ရောဂါဖြစ်နေတယ်, လွန်လဲနေပြီလို့ ပြောပါတယ်၊ ပြောတဲ့အတိုင်းဘဲ မကြာခင် ပြန်လွန်တော်မူရှာပါတယ်။

**ခမ္မဂုတ်**။ ။ အင်း... ဒီလိုဆိုတော့ (သကျသီဟ ဓမ္မာစရိယ)ဖြစ်ပြီး တကယ်အားထုတ်တဲ့ စာချပုဂ္ဂိုလ်များအတွက် ဝမ်းနဲစရာကောင်းတဲ့ပြင် စဉ်းစားစရာလဲ အများကြီး ရှိနေတယ်နော်, ကိုယ်တော်တောင် ကံကောင်းလို့ မသေတာပေါ့။

**တပည့်တော်**။ ။မှန်ပါတယ်, ပရိယတ္တိသာသနဟိတ သကျသီဟသာ မက, အရကျက်ဘွဲ့များတဲ့ စာပြန်ပွဲဟူသမျှနဲ့ မန္တလေး စာပြောနည်းတွေကိုပါ ပူပြင်တို့ အချိန်ရောက်နေတာ အတော်ကြာပါပြီ၊ ယခုခေတ်မှာ စာသင်-စာချ အများစု၌ အားနဲတဲ့ရောဂါလဲ မကင်းကြပါ၊ ဒါ့ကြောင့် တပည့်တော်ဟာ အခွင့်ရတိုင်း အရကျက်ဘွဲ့များတဲ့ စာမေးပွဲတွေကို ပူပြင်ဘို့တိုက်တွန်းခဲ့ပါတယ်၊ နောက်ထပ် ပေါ်လာတဲ့ အရကျက် စာပြန်ပွဲတွေကိုတပည့်တော်ကျောင်းတိုက်က ဝင်ကိုယ်မဝင်ရပါဘူး, ဝင်ချင်ယင် တခြားကျောင်းတိုက် သွားနေကြရပါတယ်၊ မန္တလေး ပရိယတ္တိနဲ့ ရန်ကုန် စေတိယင်္ဂဏကိုတော့ ရွေးဟောင်း စာပြန်ပွဲမို့ ဝင်ခွင့်ပေးပါတယ်၊ ဒါပေမဲ့ ငယ်ငယ်ရွယ်ရွယ်နဲ့ ဝင်ချင်ယင် တခြားတိုက် သွားရပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော့် နည်းဟာ ကိုယ်တော်လက်တွေ့မို့ မှန်တော့ မှန်ဟန်တူပါတယ်၊ ဒါပေမဲ့ တချို့ ဉာဏ်ကောင်း ကိုယ်တော်များက လက်ခံလိုကြမယ် မဟုတ်ပါဘူး။

**တပည့်တော်**။ ။လက်မခံလိုကြပါဘူး, လက်မခံလို့ဘဲ ဂုဏ်ကို မြန်မြန်လိုချင်တဲ့ ပုဂ္ဂိုလ်များလဲ တခြားတိုက် သွားဝင်ကြပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော့်ဆီမှာ ဉာဏ်အထူးကောင်းတဲ့ ကိုယ်တော်ကလေးတွေ မရှိဘဲနေမှာပေါ့။

**တပည့်တော်။** ။တပည့်တော်ရဲ့မူက စာတတ်ခြင်းကို နံပါတ် (၁)လို့ မထားပါဘူး, စိတ်ကောင်းရှိခြင်းနဲ့ ဝိနည်း လေးစားခြင်းကို နံပါတ် (၁)လို့ သဘောထားပါတယ်၊ ဒီတော့ ဂုဏ်ကို စောစောလိုချင်တဲ့ပုဂ္ဂိုလ်ဟာ တပည့်တော်ဆီ မနေတာကိုဘဲ သဘောကျပါတယ်၊ တပည့်တော်လဲ ကိုရင်တုန်းက အကြီးအောင်ထားသူဖြစ်တော့ ရဟန်းဖြစ်လျှင်ဖြစ်ချင်း မန္တလေး ပရိယတ္တိ သာသနဟိတ သကျသီဟကို ဝင်နိုင်လောက်ပါတယ်၊ ဒါပေမဲ့ မြောင်းမြဆရာတော်က ဝင်ဘို့ မတိုက်တွန်းတဲ့အပြင် ပခုက္ကူသွားဘို့ အမိန့်ပေးပါတယ်၊ အဲဒီ အမိန့်တော်ကို ဦးသိပ်ရွက်ပန်ဆင်ပြီး ပခုက္ကူ မဟာဝိသုတာရာမတိုက်ကြီးမှာ အထက် ပိဋကတော်ကြီးတွေကို သုံးနှစ်လောက် ကိုယ်တိုင်ဆိုပြီး သုံးနှစ်လောက် စာချပြီးမှ သကျသီဟစာမေးပွဲကို ဝင်ခဲ့လို့ အထက်–အောက် ကျမ်းစာတွေမှာ ယခုလို အခြေချပြီး သာသနာ့ဝန်ကို ယခုလို ဆောင်နိုင်တယ် မဟုတ်ပါလားဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော်လို ဆရာကောင်းနဲ့တွေ့ပြီး ကိုယ်တော့်လို ဆရာ့စကားကို လိုက်နာနိုင်ယင်တော့ ကောင်းတာပေါ့၊ တချို့မှာ အဲဒီလိုလဲ ဆရာကောင်းနဲ့ မတွေ့ကြရပါဘူး, တွေ့ပြန်တော့လဲ ကိုယ်တော့်လိုပုံပြီး ဆရာကို မယုံနိုင်ကြဘူး၊ ဒီတော့ လူငယ်ဘဝ၌ မိမိတို့ဉာဏ်မြင်သလို လမ်းသွားကြရတော့ အမှားလဲတွေ့, အမှန်လဲ တွေ့ကြတာပါဘဲ၊ ကိုယ်တော့်မှာတော့ ကံကိုယ်က ကောင်းလာတာဖြစ်လို့ လမ်းမှန်ကို လိုက်ခဲ့ရတာပါ၊ ကိုယ်တော့်မှာ စဉ်းစားစရာတဲ့ ဝါသနာလဲ ပါနေတော့ ကိုယ်တော် ဖြစ်ပုံနဲ့ ဆရာတော် ဦးမေဃိယရဲ့ဖြစ်ပုံကို စဉ်းစားလိုက်ယင် (နောက်သားတို့အတွက်) မှတ်စရာအချက်တွေ အတော်များများ ရနေတာဘဲ ပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်, ဦးမေဃိယလို စိတ်သဘောဖြောင့်မတ်ပြီး သတ္တိရှိရှိနဲ့ သာသနာ့ဝန် ဆောင်နိုင်မဲ့ပုဂ္ဂိုလ်တပါးရဘို့ဟာ စာချဆရာတော်တိုင်းမှာ မလွယ်ပါဘူး, ကျောင်းကြီး–တိုက်ကြီးရဘို့က လွယ်ပါသေးတယ်၊ အဲဒီ ကျောင်းကြီး–တိုက်ကြီးဟာလဲ စာချပုဂ္ဂိုလ်ကောင်းကောင်း မရှိယင် ကျေးဇူး မများပါဘူး၊ စာချနိုင်ပြီး သာသနာ့ဝန် ဆောင်လိုတဲ့ပုဂ္ဂိုလ်ကောင်းကတော့ ဝါးကပ်ကျောင်းနဲ့ နေရပေမဲ့ စာချပြီး သာသနာ့ဝန်ကို ဆောင်ရှာတာပါဘဲ၊ လူတွေကတော့ ဆောင်းကုန် သိန်းကုန် ကျောင်းကြီးကိုသာ ဆောက်လိုကြပါတယ်၊ စာတော်ပြီး အားနဲ့သူကို မထောက်ပံ့တတ်, ဒီလိုစာတော်ပြီး အားနဲ့နေတဲ့ပုဂ္ဂိုလ်တပါးကို ရာကုန် ထောင်ကုန်, အကုန်

အကျခံပြီး ခေတ်စာကလေးနဲ့ အားရှိတဲ့အစာနဲ့ ပြုစုပေးဘို့တော့ နံနဲ ကလေးမှ စိတ်မဝင်စားကြပါဘူး။

ဒါ့ကြောင့် ယခုအချိန်မှာ ရဟန်းလောင်းကောင်းကောင်း ရှာကြတဲ့ တပည့်တော်ဆိုင်ရာ ဒကာ–ဒကာမတချို့ကို ပြောပါတယ်, စာတော်ပြီး ဝိနည်းသိက္ခာကိုရှိသေတဲ့ ရဟန်းလောင်းရဘို့ မလွယ်ပါဘူး၊ ငယ်တုန်းက ဆရာ့ဩဝါဒအတိုင်း ကောင်းကောင်းနေသော်လဲ တော်တော်ကြီးယင် ပျက်ချင်လဲ ပျက်တယ်, လူသော်လဲ ထွက်တတ်ပါတယ်၊ မိမိတို့စိတ်ရင်းက သာသနာတော်ကို ချီးမြှောက်ချင်ယင် အထောက်အပံ့အားနဲ့ပြီး ဝိနည်း သိက္ခာ လေးစားတဲ့အပြင်, စာဘက်က မညံ့တဲ့ပုဂ္ဂိုလ်ကို ရဟန်းတပါး ရတာက သာ၍ သာသနာပြုကိစ္စ၌ စိတ်ချရပါတယ်လို့ ပြောလေ့ရှိပါ တယ်၊ ထိုစကားကို သဘောကျ၍ သိမ်ထပ်ပေးတဲ့ ရဟန်းအမများလဲ ရှိကြပါတယ်။

**မေမွှဂုတ်**။ ။ကိုယ်တော့်တုန်းကတော့ ရန်ကုန် အဖွားလေးဆိုတဲ့ မြေပိုင်နှင့် ဒကာကြီးက သိမ်ထပ်ချင်တာကို အခွင့်မပေးခဲ့ဘဲ သူများအတွက်ကျမှ သိမ်ထပ်တဲ့နည်းကို အားပေးပြန်ပြီလား။

**တပည့်တော်**။ ။တပည့်တော်အတွက်ကတော့ နောင်ခါ သာသနာပြုရေးကို မြော်တွေးလို့ ခွင့်မပေးခဲ့တာပါ၊ အခြားပုဂ္ဂိုလ်များအတွက်လဲ ဘုန်းကံ ကြီးဘို့ အားပေးတာ မဟုတ်ပါဘူး၊ အထောက်အပံ့မရလျှင် ဦးမေဃိယ ခဲ့လေးတွေ ဖြစ်မှာစိုးလို့ အကူအညီကလေးမျှရဘို့ရာ သိမ်ထပ်တဲ့နည်းလမ်း ကို ညွှန်ပြခြင်းဖြစ်ပါတယ်, အရှင်ဘုရားဘဲ စဉ်းစားကြည့်ပါ၊ ဆရာတော် ဦးမေဃိယမှာ သကျသီဟစာပြန်ပွဲ အားထုတ်တုန်းက အားမနည်း အောင် နွားနို့ကလေးကို မှန်မှန်သောက်ရယင်, သကျသီဟအောင်မြဲ ပြီးတဲ့အခါ မျှတသော ဆွမ်းဟင်းကလေးများနဲ့ နွားနို့ကလေးကိုရယင် ဒီလို မဖြစ်နိုင်ရာဘဲ အမှန်ပဲ ဘဲဘုရား။

ထိုမျှလောက် အထောက်အပံ့ကလေးကိုမျှ မရလို့ အားနဲရာက ရောဂါ ဖြစ်ရတာပါ၊ တပည့်တော်မှာတော့ ကိုယ်က နားမလည်ပေမဲ့ ရှေးကံက စီမံလိုက်တော့ အားနဲတုန်းကလဲ နွားနို့လောက်တော့ သောက်ရပါသေး တယ်, နောက်လဲ အနားယူယင်း စာရေးယင်းနဲ့ ကျန်းမာခြင်းဆိုင်ရာ ခေတ်စာ ဆေးဝါးများကိုလဲ ရရှိခဲ့ပါတယ်၊ ဒါ့ကြောင့် ထိုမျှလောက် အထောက်အပံ့ကလေးသည်ပင် သာသနာ့ဝန် ဆောင်နိုင်ဘို့အကြောင်း

အလွန် ကောင်းနေပြီဖြစ်၍ နောက်ပုဂ္ဂိုလ်များ အတွက် သိမ်ထပ်ဘို့ လမ်းစဉ်ကို ညွှန်ပြရခြင်းဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။သာဓုပါ ကိုယ်တော်...သာဓုပါ သာဓုပါ၊ ကိုယ်တော်ကတော့ ကံကောင်းလို့မသေတဲ့အပြင်, စာလဲချ-စာလဲရေး-ဘိုက်တာလဲအုပ်ချုပ်, အဘော်ကို အလုပ်- လုပ်နိုင်တာကတော့ ကျန်းမာရေးကို အတော်ဂရုစိုက်လို့ပေါ့နော်။

**တပည့်တော်**။ ။တပည့်တော်ရဲ့တန်ဖိုးဟာ ကျန်းမာရေးအပေါ်မှာ တည်ပါတယ်, ဒါ့ကြောင့် နေ့စဉ်အစားအသောက်ကို မိမိတတ်နိုင်သမျှ ကျန်းမာရေးနဲ့ညီအောင် စားပါတယ်၊ ကျမ်းစာရေးတာတောင် ကျန်းမာရေးကြောင့် မတ်မတ်ရေးတာက များပါတယ်၊ အထိုင်များယင် ခါးပူလာလို့ အထိုင်နဲ့အောင် မတ်မတ်ရပ်ပြီး စာပွဲအမြင့်နဲ့ စာရေးတဲ့အကျင့်ကို လုပ်ခဲ့ရပါတယ်၊ ဟိုက-ဒီက ပင့်ဖိတ်တာကိုလဲ မလွှဲမရှောင်သာမှ လိုက်ပါတယ်, တရားဟောမှုကို အသက် (၆၀) ကျော်လောက်ကစပြီး တဖြည်းဖြည်း လျှော့လိုက်ပါတယ်၊ ယခုတော့ အပြင်မှာဟောတဲ့ကိစ္စက အလွန်နဲသွားပါပြီ၊ တချို့ ဒကာ - ဒကာမတွေက တရားဟောဘို့ ပင့်မရလို့ အကြည်ညိုပျက်ကြဟန်တူပါတယ်၊ ပျက်တဲ့သူတွေပျက်ပေမဲ့ မပျက်တဲ့သူတွေလဲ ရှိသေးလို့ ကျောင်းတိုက်မှာ အထိုက်အလိုက် သံဃာအများ နေနိုင်ပါတယ်။

**ခမ္မဂုတ်** ။ ။ရေးပြီးလို့ အတော်ကြာနေတဲ့ သဂြိုဟ်ဘာသာဋီကာတော့ ဘယ်အသက်အရွယ်ရောက်မှ ရိုက်နှိပ်ဖြစ်သလဲ။

**တပည့်တော်** ။ ။ ဒီဘာသာဋီကာကျမ်းက ကြီးတာလဲတကြောင်း, တပည့်တော်ရဲ့ အသက်က ငယ်သေးတာလဲတကြောင်း, ငွေကုန်များစရာရှိ၍ မတတ်နိုင်တာလဲတကြောင်း, ဤအကြောင်းသုံးမျိုးကြောင့် ရိုက်နှိပ်ရန် အတော် ချင့်ချိန်နေရပါတယ်၊ သဂြိုဟ်ဘာသာဋီကာ မရိုက်ခင် ရတနာ့ဂုဏ်ရည် ၂ကြိမ်, အခြေပြုသဂြိုဟ် ၂ကြိမ်, အခြေပြုသဒ္ဒါ တကြိမ်, ရိုက်နှိပ်ပြီးပါပြီ။

**ခမ္မဂုတ်**။ ။ကျမ်းကြီးတာနဲ့ အသက်ငယ်တာ ဘာဆိုင်သလဲကိုယ်တော်။

**တပည့်တော်**။ ။ဆိုင်ပါသော်ကောဘုရား, ဒီလိုကျမ်းဂန်ထဲတွင် စာရင်းဝင်နိုင်တဲ့ စာအုပ်ကြီးမျိုးကို သက်တော်ကြီး - နာမည်ကြီးဆရာတော်ဖြစ်မှ

ရေးထုတ်လေ့ရှိပါတယ်၊ တပည့်တော်က စာချဘုန်းကြီးကလေးအဖြစ်သာ နာမည်ရှိသေးတာဖြစ်တော့ တပည့်တော်ရဲ့ စာအုပ်ကြီးကို လူမလေး ခွေးမခံ့ဆိုတာမျိုး ဖြစ်မှာစိုးရပါတယ်၊ ဒီလိုသာ မလေးမခံ့ဖြစ်သွားယင် တပည့်တော်လဲ ကိုယ့်ပမာဏကို မနှိုင်းချိန်တတ်တဲ့ အူကြောင်ကြောင် သတ္တဝါတယောက် ဖြစ်သွားမှာပါဘဲ, ဒါ့ကြောင့်လဲ ဒီစာအုပ်ကြီးကို မရိုက်နှိပ်ဝံ့ပါဘူး၊ အဲဒီလို မရိုက်နှိပ်သေးဘဲ စာချဘုန်းကြီးတချို့ကို ပြင်ရင်းဆင်ရင်း ကြည့်ရှုစေပါတယ်၊ သူတို့က အတော်သဘောကျလို့ ရိုက်နှိပ်ဘို့ တိုက်တွန်းကြတော့လဲ ငွေရေးက မလွယ်ပါဘူး။

**ဓမ္မဂုတ်**။ ။ဘယ့်နှယ်ကြောင့် မလွယ်ရသလဲ, ရတနာ့ဂုဏ်ရည်-အခြေပြု သင်္ဂြိုဟ်-အခြေပြုသဒ္ဒါတို့က ငွေထွက် မလာဘူးလား။

**တပည့်တော်**။ ။စာအုပ်ရေးရ, ရိုက်ရတဲ့ဒုက္ခကို မရေးဘူး-မရိုက်ဘူးတဲ့ပုဂ္ဂိုလ်က မသိနိုင်ပါဘူး၊ "ဟိတောပဒေသ"မှာ ပါတဲ့ "အမြုံမိန်းမသည် ကလေး ခမွေးရတဲ့ဒုက္ခကို မသိနိုင်ဘူး"ဆိုတဲ့ အတိုင်းပါဘဲ၊ ဘေးအမြင်ကတော့ သိပ်လွယ် – သိပ်ကောင်းလို့ ထင်စရာပေါ့၊ အဲဒီပုဂ္ဂိုလ်တွေကို "အမြုံ လုပ်မနေဘဲ ကိုယ်တိုင်မွေးကြည့်ပါ"လို့ ပြောချင်ပါတယ်၊ တပည့်တော် မှာတော့ ကျောင်းသားဘဝတုန်းက မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး ရဲ့ ကျမ်းစာများအကြောင်း, တော်တော်ကြီးတော့ စစ်ကိုင်းမဟာဂန္ဓာရုံ ဆရာတော်ရဲ့ "နိဗ္ဗာနမဂ္ဂဒီပနီကျမ်းစာ"အကြောင်း, လက်တွေ့အားဖြင့် အဘယာရာမဆရာတော်ရဲ့ ကျမ်းစာများအကြောင်းကို သိနေတဲ့အပြင်, ရတနာ့ဂုဏ်ရည်ကစပြီး စာအုပ်ကလေးတွေဘောင် တော်တော်ကြိုးစား ရတဲ့အတွက် ထိုစာအုပ်ကလေးများထုတ်ပို့ပြီး ကုန်ကျဘွယ်ကောင်းသော သင်္ဂြိုဟ်ဘာသာဋီကာအတွက် ရိုက်နှိပ်ဘို့ မရဲဝံ့ဘဲ ဖြစ်နေရပါတယ်။

**ဓမ္မဂုတ်**။ ။နောက်တော့ ဘယ်နည်းနဲ့ ရိုက်နိုင်လာသလဲ။

**တပည့်တော်**။ ။တပည့်တော်ရဲ့ကံက ဖွင့်ဖွင့်ဖြိုးဖြိုးသာ အကျိုးမပေးတာ, အလုံမဖြစ်အောင်တော့ အကျိုးပေးတယ် ထင်ပါရဲ့၊ ညီရဲ့ ရဟန်းအမ သားသမီးများက အခြေပြုသင်္ဂြိုဟ်-အခြေပြုသဒ္ဒါရိုက်တုန်းကလဲ နဲနဲပါးပါး လိုသလောက် အကူအညီကို ပေးခဲ့ကြပါတယ်၊ ဒါပေမဲ့ သူတို့တာဝန်ခံ မဟုတ်ပါဘူး, သင်္ဂြိုဟ်ဘာသာဋီကာရိုက်တော့ နဲနဲပါးပါး ကူညီရုံနဲ့ မရ သောကြောင့် တာဝန်ခံအဖြစ်ဖြင့်ရိုက်ပါတယ်၊ ဒီလိုရိုက်ဘို့ရန် အကြောင်း တိုက်ဆိုင်ပုံကတော့...

ရဟန်းအမကြီးရဲ့ သမီးအကြီး "အမလေး" ဆိုသူက စစ်ကိုင်းသို့ ဝါတွင်း ဥပုသ်စောင့်ရန် ရောက်လာပါတယ်၊ ဒီအခါမှာ သင်္ဂြိုဟ်ဘာသာဋီကာ ရိုက်ဘို့အတွက် ငွေအခက်အခဲ ဖြစ်နေတာကိုသိလို့ သူကတာဝန်ယူပြီး ရိုက်ပါ့မယ်လို့ လျှောက်ပါတယ်။

ဒီစာအုပ်က ကြီးလဲကြီးတော့ ငွေအရင်းစိုက်ရတာ များလိမ့်မယ်, ရိုက်ပြီးတဲ့အခါလဲ အရင်းပြန်ရအောင် တွင်ချင်မှတွင်မယ်လို့ ပြောပါတယ်, မတွင်ချင်လဲ နေပါစေ "သူ့မှာ ပညာပါရမီနဲ့လို့ ပညာပါရမီ ဖြစ်အောင် ရိုက်ပါ့မယ်" လို့ လျှောက်တဲ့အတွက် ငွေအခက်အခဲ မရှိတော့ဘဲ သင်္ဂြိုဟ်ဘာသာဋီကာကို ၃၇ နှစ်အရွယ်ရောက်မှ ရိုက်ဖြစ်ပါတယ်၊ လှခင်အွင်ဆန်းပုံနှိပ်တိုက်ကလဲ ငွေအရေးမကြီးပါဘူး, ဒါပေမဲ့ တပည့်တော်က ရိုက်ပြီး–ချုပ်ပြီးတဲ့အခါ အားလုံးရှင်းပြီးဖြစ်မှ စိတ်အေးတာမို့ အားလုံးပြည့်စုံအောင် စီစဉ်ရတာပါ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ရဲ့ စာအုပ်ကလေးတွေ ထွက်လာတိုင်း ကိုယ်တော့် ပတ်ဝန်းကျင် မိတ်ဆွေတချို့က "ပရမတ္ထသရူပထဲက ကူးချတာပါကွာ, ဝိသုဒ္ဓါရုံသုတ်နက်ထဲက ကူးချတာပါကွာ" လို့ သေးသိမ်အောင်ပြောကြတယ်၊ သင်္ဂြိုဟ်ဘာသာဋီကာစာအုပ်ကြီး ထွက်လာတော့ ဘယ်လိုပြောကြသေးသတဲ့တုန်း။

**တပည့်တော်**။ ။သူတို့ပြောတဲ့အတိုင်း မှန်သွားဘဲဘုရား, သူတို့က ကျမ်းစာရေးတဲ့သဘောကို နားမလည်ကြလို့ အထူးအဆန်းလုပ်ပြီး ပြောနေကြတာပါ၊ အရှင်မဟာဗုဒ္ဓဃောသတောင် သီဟိုဠ်ဘာသာနဲ့ရှိနေတဲ့ ရှေးအဋ္ဌကထာဟောင်းကို ချုံးပြီး ပါဠိဘာသာနဲ့ ကူးတာပါလို့ ဝန်ခံထားသွားဘဲ, သီဟိုဠ်အဋ္ဌကထာဆိုတာလဲ အရှင်မဟာကဿပတို့ ပဉ္စမသံဂါယနာတင်စဉ်ကရှိတဲ့ မာဂဓဘာသာ အဋ္ဌကထာကို ကူးရတာပါ၊ အရှင်မဟာကဿပတို့ရဲ့ အဋ္ဌကထာဆိုတာလဲ ဗုဒ္ဓမြတ်စွာ၏ ဟိုနား–ဒီနားမှာ ဟောတော်မူတဲ့ ပကိဏ္ဏကဒေသနာတော်ကို ယူထားအပ်တဲ့ အဋ္ဌကထာ ဖြစ်ပါတယ်, အားလုံး အဆင့်ဆင့် ကူးချတာချည်းပါဘဲ၊ ဒီတော့ တပည့်တော်က ဆရာတော်ကြီးရဲ့ ကျမ်းစာမှကူးပြီး စာသင်ငယ်တို့နဲ့လျော်အောင် စီစဉ်တာဟာ ဘာများထူးဆန်းလို့တုန်း၊ သင်္ဂြိုဟ်ဘာသာဋီကာ ထွက်လာတဲ့အခါတော့ အဘိဓမ္မာအဋ္ဌကထာဋီကာကြီးတွေမှ ထုတ်နှုတ်ချက်တွေကများတော့ ဘာမှ မပြောကြတော့ပါဘူး, ဒါလဲ ကူးချတာဘဲ

မဟုတ်လား၊ ညောင်တုံးမြို့ ရွှေဟင်္သာတောရတိုက်(ရွှေကျင်ဂိုဏ်းရဲ့ဥက္ကဋ္ဌ မဟာနာယက သာသနာပိုင်တပါး အပါအဝင်ဖြစ်တဲ့) စံကျောင်းဆရာတော်ကြီးကတော့ ကျမ်းစာကကြီးပြီး ကျမ်းပြုပုဂ္ဂိုလ်က ငယ်နေတယ်လို့ မိန့်တော်မူပါသတဲ့။

ဒီအကြောင်းကို မြောင်းမြဆရာတော်ကြားလို့ ဆရာတော်လဲ သဂြိုဟ်ဘာသာဋီကာစာအုပ်ကြီးကို အားရတော်မူပါတယ်, ပခုက္ကူဆရာတော်ကြီးများလဲ အားရတော်မူကြပါတယ်၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရထိုက်တဲ့ ဘာသာဋီကာစာအုပ်ကို ထုံးစံအတိုင်း ကျောက်စာရုံးကို ပို့လိုက်တော့ ကျောက်စာဝန်က သူနဲ့ရင်းနှီးတဲ့ ဆရာတော်တပါးကို ပြောပါသတဲ့၊ သဂြိုဟ်ဘာသာဋီကာစာအုပ်ရဲ့ အရည်အချင်းဟာ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ ရထိုက်လောက်အောင် မြင့်ပါတယ်၊ ဒါပေမဲ့ "ပုဂ္ဂိုလ်က ငယ်လွန်းလို့ နဲနဲစောင့်ရပါလိမ့်မယ်" လို့ ဒီလိုစောင့်ရမယ်ဆိုတဲ့ အချိန်မှာဘဲ ဒုတိယကမ္ဘာစစ် ဖြစ်လာတာပါဘဲ။

**ခမ္မဂုတ်**။ ။သြော်....ဒါ့ကြောင့် လွတ်လပ်ရေးရပြီးတဲ့အခါ ဘွဲ့တံဆိပ်မပေးဘဲ အကြာကြီးနေပြီးနောက်, ဘွဲ့တံဆိပ်စ၍ ပေးတဲ့နှစ်မှာ ကိုယ်တော့်ဘွဲ့ ပါလာတာကိုး။

**တပည့်တော်**။ ။မှန်ပါတယ်, အများကတော့ အကြောင်းမသိလို့ ထူးဆန်းဘယ် ထင်ကြပါတယ်၊ တပည့်တော်ကတော့ အကြောင်းသိပြီးမို့ မဆန်းပါဘူး ဘုရား။

**ခမ္မဂုတ်**။ ။ကိုယ်တော်ဟာ ကပ္ပိယမရှိယင် ငွေကိုမထားဘူးလို့ဆိုပြီး ပခုက္ကူနေတုန်းကဘဲ ငွေနဲ့စပ်၍ ဝိနည်းတော်နဲ့ညီအောင် စောင့်စည်းခဲ့တယ်, ဒီလို ငွေအများကြီးနဲ့ စာအုပ်ရိုက်တဲ့အခါ ဝိနည်းတော်နဲ့ညီအောင် စီစဉ်နိုင်သေးရဲ့လား။

**တပည့်တော်**။ ။တပည့်တော်ကိုယ်တိုင်တော့ ငွေကို မစီမံပါဘူး, ဒါပေမဲ့ အကုန်လုံးတော့ အပ်ချင်မှ အပ်ပါ့မယ်၊ ဒါ့ကြောင့် အမလေးက တာဝန်ခံပြီး ရိုက်တဲ့အခါကစပြီး ရွှေပိုင်းငွေတွေကို မယ်တော်ကြီး ထောက်ပံ့ဘို့နဲ့, နောက်ကလေးဘချို ပညာသင်ပေးဘို့လို့ ခွဲခြားလိုက်ပါတယ်၊ ဒါ့ကြောင့် အဲဒီငွေတွေဟာ အတော်ကြာတော့ ကုန်သွားတာပါဘဲ၊ နောက်ထပ်ငွေနဲ့စပ်လို့ အမလေးရဲ့တာဝန်ဖြစ်သွားလို့ အပ်စပ်ပါတယ်။

**ခမ္မဂုတ်**။ ။"ဉာတိလဲ မတော်, အလိုရှိရာ အပ်သောပစ္စည်းကိုတောင်းပါ"လို့ ဖိတ်မန်ထားသူလဲ မဟုတ်လျှင်, ရင်းနှီးသော်လဲ ရေတခွက်ကိုမျှ မတောင်း ကောင်းဘူး မဟုတ်လား၊ အဲဒီ အမလေးဆိုသူက ဖိတ်မန်ထားသူ ဟုတ်ရဲ့ လား။

**တပည့်တော်**။ ။ပစ္စည်းလေးပါး ဖိတ်ကြပေမဲ့ တောင်းမယ်လို့ ရည်ရွယ်ချက် မရှိတော့ ဖိတ်ထားသူများကို သတိမထားမိပါဘူး၊ အလွန် ရင်းနှီးလာတဲ့ အခါမှ ဖိတ်ဘူး–မဖိတ်ဘူးကို စဉ်းစားရ မေးရပါတယ်၊ အဲဒီ အမလေးက ဖိတ်–မဖိတ်ကို သတိမရပါဘူး၊ ဒါပေမဲ့ သူတို့မိခင်ဖြစ်တဲ့ ညီရဲ့ ရဟန်း အမကြီးက "တပည့်တော်တို့ တအိမ်သားလုံး ပစ္စည်းလေးပါး ဖိတ်ပါ တယ်"လို့ လျှောက်ဘူးလို့ သူတို့အားလုံး ဖိတ်မန်သူထဲမှာ ပါနေပါတယ်၊ တပည့်တော်ရဲ့ တောင်မြို့က (အမွေခံ) ရဟန်းအမကလေးလဲ မဖိတ်ဘူး ပါဘူး၊ ရဟန်းအမကြီး ရှိစဉ်က "တတိုက်လုံးအတွက် ပစ္စည်းလေးပါး ဖိတ်ဘူး"လို့ ယခုရှိသော ရဟန်းအမလေးအထိ တောင်းကောင်းနေပါ တယ်၊ သူတို့ သားသမီးများကျတော့ မတောင်းကောင်းပါဘူး။

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင် စာအုပ်နဲ့ စပ်တဲ့ ယခုအထိ ငွေများဟာ သာသနာရေး အတွက် အပ်အပ်စပ်စပ် (ဝိနည်းတော်နဲ့ အညီ) စီမံတာပေါ့နော်၊ စာအုပ် တွေ အများကြီး ရိုက်နှိပ်နေတာဖြစ်လို့ ကိုယ်တော့်ကို ဝိနည်းတော်နဲ့ အညီ, အပ်အောင် စီမံလိမ့်မယ်လို့ ဘယ်သူမှ တွေးနိုင်ကြမယ် မဟုတ် ပါဘူး။

**တပည့်တော်**။ ။တပည့်တော်လဲ သူများအထင်ကို သိပါတယ်, အမှန်ကတော့ သူများကြည်ညိုဘို့ထက် ကိုယ့်ကိုယ်ကို ကိုယ်ကြည်ညိုဘို့သာ အရေးကြီးပါ တယ်, တပည့်တော်ဟာ စာအုပ်ရေးပြီး ရိုက်နှိပ်တဲ့အခါ ကောင်းကောင်း ပြင်ပေးဘို့သာ တာဝန်ယူပါတယ်၊ စက္ကူဝယ်ဘို့ စာအုပ်ရောင်းဘို့တာဝန် မယူပါဘူး, စာအုပ်ဘယ်လောက် ငွေဘယ်လောက်ရှိသလဲလို့လဲ မေးလေ့ မရှိပါဘူး၊ ကျောင်းတိုက်မှာ လုပ်ချင်တဲ့အလုပ် ရှိတဲ့အခါ "ဘာလုပ်ချင် တယ်, တတ်နိုင်ရဲ့လား"လို့ မေးပြီး တတ်နိုင်ပါတယ်ဆိုမှ လုပ်စရာရှိ တာကို လုပ်စေပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင် ကိုယ်တော့်အလုပ်မှာ ကိုယ်တိုင်တော့ စိတ်ကျေနပ် စရာပါဘဲ, သင်္ဂြိုဟ်ဘာသာဋီကာပြီးတော့ ဘာကိုဆက်ပြီး ရိုက်သလဲ။

**ဘပည့်တော်**။ ။ရေးပြီးဖြစ်တဲ့ ဝီထိ (၃)ချက်စုဘာသာဋီကာကို ရိုက်ပါတယ်၊ ထိုစာအုပ်ရိုက်တုန်းမှာ "ကိုယ်ကျင့်အဘိဓမ္မာ"ကို ရေးပါတယ်၊ လူဝတ်ကြောင်များက သင်္ဂြိုဟ်ဘာသာဋီကာကို ကြည့်ကြပါတယ်, သူတို့အတွက် ရေးအပ်သောကျမ်း မဟုတ်သဖြင့် ကောင်းကောင်း နားမလည်ကြပါဘူး၊ ဒါ့ကြောင့် လူဝတ်ကြောင်များ နားလည်လောက်အောင် ကိုယ်ကျင့် အဘိဓမ္မာကို ရေးရခြင်းဖြစ်ပါတယ်၊ အဲဒီ ကိုယ်ကျင့် အဘိဓမ္မာ ပြီးလို့ ရိုက်နှိပ်ချိန်မှာ တပည့်တော် အသက်လဲ ၄၀ ကျော်ပြီလို့ ထင်ပါတယ်၊ ထို့နောက်လဲ ပါတိမောက်ဘာသာဋီကာကို ရိုက်ပါတယ်။

**ခမ္ဘဂုဘ်**။ ။အဲဒီ အသက် ၄၀ အတွင်းမှာ စာချ – စာရေးတာမှ တပါး, သာသနာရေးကိစ္စများကို ဘာလုပ်ရသေးတုန်း။

**ဘပည့်တော်**။ ။တပည့်တော် တာဝန်တွေဟာ အလွန်များပါတယ် ဘုရား, စာချ–စာရေးအပြင် ကျောင်းတိုက်တွင်းမှာ ဟောစရာရှိယင် တပည့်တော်ဘဲ တာဝန်ယူရပါတယ်, မဟာဝိသုဒ္ဓါရုံတိုက်မှာ အစည်းအဝေးရှိယင်လဲ ဆရာတော်ရှိတဲ့အခါ ဆရာတော်နဲ့ အတူသွားရပါတယ်, ဆရာတော်က သီဟိုဠ်ကြွနေတဲ့အခါ တပည့်တော်ချည်းလဲ သွားရပါတယ်၊ တခါတခါ စစ်ကိုင်းဘက်က ကိစ္စများကိုလဲ သွားပြီး ဆောင်ရွက်ရပါတယ်။

**ခမ္ဘဂုတ်**။ ။တတိုက်လုံးရဲ့ အကျိုးရှိမဲ့အလုပ်ကိုတော့ ဘာများလုပ်သေးတုန်း။

**ဘပည့်တော်**။ ။ပခုက္ကူက ပြန်ရောက်ပြီးနောက် မန္တလေး ဝိသုဒ္ဓါရုံတိုက်မှာ နေစဉ်, ဝိသုဒ္ဓါရုံတိုက်ရှိ (ဆရာတော်ကြီးမှတပါး)စာချအားလုံး စုပေါင်းပြီး ဆွမ်းစားကျောင်းတကျောင်းမှာ စားဘို့ တိုက်အုပ်ဆရာတော်ကြီးထံ လျှောက်ဘူးပါသေးတယ်၊ ဆွမ်း အတူစားရာကစ၍ အချင်းချင်း သွေးစည်းဘို့, တိုင်တိုင်ပင်ပင် စာချကြဘို့, သူ့တပည့် ကိုယ့်တပည့် မခွဲခြားဘို့ ရည်ရွယ်တာပါ၊ ပခုက္ကူမှာ ဒီလို အတူစားကြလို့ စာချဘုန်းကြီးချင်း အလွန် ရင်းနှီး ခင်မင်ကြပါတယ်။

**ခမ္ဘဂုတ်**။ ။ကိုယ်တော့်အကြံ အထမြောက်ရဲ့လား။

**ဘပည့်တော်**။ ။စိတ်ကူးကို (နောင်အခါ တတိုက်လုံးရဲ့ ဥက္ကဋ္ဌ မဟာနာယက ဖြစ်တဲ့) တိုက်အုပ်ဆရာတော်က အလွန် သဘောကျပါတယ်၊ "ဦးဇနက.... ဖြစ်အောင် ကြိုးစားပါ, ကိုယ်တိုင် ဆွမ်းဖိတ်ဇာန် ဖိတ်ပေးပါ့မယ်"လို့ မိန့်တော်မူပါတယ်၊ ဒါပေမဲ့ စုပေါင်းစားဘို့ရာ တာဝန်ခံကျောင်းလဲ မရှိ,

ဆွမ်းလဲမရှိပါဘူး၊ ဒါ့ကြောင့် အဲဒီစိတ်ကူးဟာ ကောင်းကင်မှာ တိုက်ကြီး တည်သလို လေဖြစ်သွားပါတယ်။

**ခမ္မဂုတ်**။ ။နောက်ကော တဂိုဏ်းလုံးကောင်းဘို့ ဘာစိတ်ကူးသေးသလဲ , ကိုယ်တော်က စိတ်ကူးသမားနဲ့ မေးရတာပါ။

**တပည့်တော်**။ ။နောက်လဲ သာသနာ့ဝန်ဆောင်ဆိုတဲ့ အဖွဲ့တဖွဲ့ ဖွဲ့ပြီး တဂိုဏ်း လုံးရဲ့ စာသင်နည်းဟာ စည်းမျဉ်းတခုထဲဖြစ်ဘို့ ကြိုးစားပါသေးတယ်၊ ဝိသုဒ္ဓါရုံတိုက်၌ ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးမှာ လျှောက်ထား တော့ စည်းမျဉ်းရေးပါဆိုလို့ ဝန်ဆောင်သံဃာချင်း တိုင်ပင်ပြီး ရေးပါ တယ်, ရေးပြီး၍ စာအုပ်ကလေးရိုက်ပြီးလို့ သုံးနှစ်တကြိမ် စည်းဝေးတဲ့ ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးကြီးကို ရန်ကုန်-မြို့မကျောင်းကြီး၌ ပြုလုပ် တဲ့အခါ တင်ပြပါတယ်, ဆုံးဖြတ်ချက်က ကောင်းတော့ ကောင်းပါတယ် တဲ့၊ ကိုယ်တော်တို့ ဝန်ဆောင်အဖွဲ့ စာချပုဂ္ဂိုလ်များက နမူနာပြတဲ့အနေနဲ့ စပြီး ပို့ချကြပါတဲ့။

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင် အထမြောက်တာပေါ့နော်။

**တပည့်တော်**။ ။ဘာ အထမြောက်မှာလဲဘုရား , တဂိုဏ်းလုံးက ဆရာတော် ကြီးများ အားပေးမှ ထိုစည်းမျဉ်းအတိုင်း စာမေးပွဲကျင်းပပြီး ကြိုးစားရ မှာပါ, စာမေးပွဲမပါယင် ဘယ်စာသင်သားက ဂရုတစိုက် သင်မှာတဲ့လဲ၊ ဒါ့ကြောင့် အဲဒီကိစ္စလဲ ရေဖြစ်သွားတာပါဘဲ, တပည့်တော်တော့ ကြိုးစား လိုက်ရတာ မောလို့။

**ခမ္မဂုတ်**။ ။ဒီပြင်ကော ဘာများ မောရသေးတုန်း။

**တပည့်တော်**။ ။ သုံးနှစ်တကြိမ် စည်းဝေးတဲ့ ဂိုဏ်းအစည်းအဝေးတွေမှာ မော်လမြိုင်-မန္တလေး-ရန်ကုန် သုံးဌာနလုံး၌ တပည့်တော်ကိုချည်း အကျိုး ဆောင် လုပ်စေကြပါတယ်, အတော်လဲ ပင်ပန်းခံပြီး ကြိုးစားပါတယ်၊ အစည်းအဝေးမှာ ဟောလိုက်ကြ, ပြောလိုက်ကြတာ အလွန်ပါဘဲ၊ စာသင်တိုက်မရှိ, စာချ မဟုတ်တဲ့ ပုဂ္ဂိုလ်တွေက ဂိုဏ်းကြီးပွားရေးကို သာပြီး ပြောကြပါသေးတယ်, သကြံန်အမြောက် ပစ်ဖေါက်သလိုပါဘဲ၊ အစည်းအဝေးလဲပြီးရော အမြောက်ကြီးတွေ အိပ်ယာပေါ် လှဲနေတော့ ဘာပါဘဲ၊ ဒါ့ကြောင့် အဲဒီ သုံးကြိမ်က နောက်ကို ဂိုဏ်းအစည်းအဝေး

တိုင်းမှာ ဝတ်ကြေ တန်းကြေသာ လိုက်ပါတော့တယ်၊ ခရီးဝေးတဲ့ အစည်းအဝေး (တောင်ကြီးတို့-ပဲခူးတို့) မှာ လိုက်တောင် မလိုက်တော့ ပါဘူး။

**ခမ္မဂုတ်**။ ။ဒါဖြင့် ကိုယ်တော်ရဲ့ အသက် ၄၀ အတွင်း အများနဲ့လုပ်ရတဲ့ ကိစ္စတွေမှာ ဘာမှကျေနပ်စရာ မတွေ့ဘူးပေါ့နော်။

**တပည့်တော်** ။ ။အဘယာရာမဆရာတော်နဲ့ အတူလုပ်ရတဲ့ ကိစ္စတရပ်နဲ့ သရိုင်ရွာ ပင်းကျောင်းဘုန်းတော်ကြီးနဲ့ အတူလုပ်ရတဲ့ ကိစ္စတရပ်တော့ မှတ်မှတ်ရရ အထမြောက်ပါတယ်။

**ခမ္မဂုတ်**။ ။ဘယ်လို လုပ်ရသလဲ၊

**တပည့်တော်**။ ။နွားထိုးကြီးမြို့မှာ သံဃာချင်းကွဲနေလို့ မြို့သူကြီးနဲ့တကွ လူကြီးများလာပြီး အဘယာရာမဆရာတော်ကို စေ့စပ်ပေးဘို့ ပင့်ကြပါတယ်၊ ဒါ့ကြောင့် ရက်ချိန်းပေးပြီး ဝိဇ္ဇာလင်္ကာရတိုက်က ဦးဝိသုဒ္ဓါဘိဝံသနဲ့ အဘယာရာမတိုက်က စာချဘုန်းကြီးများကိုခေါ်ပြီး ဆရာတော်ကြွပါတယ်၊ ဒီအခါမှာ ဆရာတော်က တပည့်တော်ကို ပဌမတန်းမှာ ရထားအတူစီးဘို့ အမိန့်ရှိပါတယ်၊ တပည့်တော်က အခြားစာချဘုန်းကြီးများကိုင့်ပြီး ဒုတိယတန်းမှာ အခြားဘုန်းကြီးများနဲ့ အတူစီးပါမယ်လို့ လျှောက်ပါတယ်၊ ရောက်တဲ့အချိန်အာ ညဖြစ်လို့ တမြို့လုံးလောက် မီးထွန်းပြီး ကြိုကြပါတယ်၊ မြို့ထဲမှာ လူတွေကိုဖယ်ထားတဲ့ ၂ ထပ်တိုက်တလုံး၌ တဲကြရပါတယ်။

**ခမ္မဂုတ်**။ ။ရောက်ပြီးတော့ ဘာလုပ်ကြရတုန်း။

**တပည့်တော်**။ ။နောက်တရက် နံနက်ဆွမ်းစားပြီးတဲ့အခါ လူကြီးများနဲ့ အတူ လုပ်ငန်းစဉ်ကို တိုင်ပင်ကြပါတယ်, ဆရာတော်နဲ့ လူကြီးများက တနေရာ, တပည့်တော်တို့က ခပ်နီးနီး ဒေါင့်တနေရာမှာ ထိုင်ကြပါတယ်၊ အမှုသွားမှာ တရားလို၊ (စောဒက) ပုဂ္ဂိုလ်က ဘုန်းကြီးတပါး ပြန်လွှန်တော်မူခါနီး၌ ဝိဿာသဂ္ဂါဟဖြင့် ယူထားတဲ့ကျောင်းကို ပြန်လွှန်တော်မူတဲ့ဘုန်းကြီးရဲ့ တပည့် ဦးပဉ္ဇင်းကလေးက ဝင်ရောက်နေထိုင်တဲ့အမှုပါ၊ ၂ ဖက် ကာယကံရှင်များရဲ့ တင်ပြထားတဲ့စာကိုလဲ ကြည့်ကြရပါတယ်၊ စောဒက (တရားလို)နဲ့, စုဒိတက (တရားခံ) တို့ရဲ့ စာရေးပုံကြည့်၍၎င်း, လူကြီးများကိုမေး၍၎င်း, ၂ဖက်ကွာခြားမှုကို ရှင်းရှင်းကြီးသိရပါတယ်၊

(စောဒက)က အသက်သိက္ခာလဲကြီး, ပညာအရည်အချင်းလဲ ကြီးပါတယ်၊ (စုဒိတက)က ငါးဝါမျှ မရသေးသော ဦးပဥ္စင်းကလေးဖြစ်တဲ့ အပြင် စာလဲ ကောင်းကောင်းမသင်ဘူးရှာပါဘူး။

**ဓမ္မဂုတ်။** ။တိုင်ပင်ကြတော့ ဘယ်လိုသဘောတူကြတုန်း။

**တပည့်တော်** ။ ။ဆရာတော်နဲ့ လူကြီးများရဲ့စကားကို တပည့်တော်တို့ နားထောင်နေကြပါတယ်၊ အတော်ကြာတော့ ဆရာတော်က လှမ်းပြီး "ဦးဇနက....ဘယ်လိုသဘောရတုန်း" လို့ မေးပါတယ်၊ ဒီတော့ တပည့်တော်က (စောဒက)ဘုန်းကြီးဆီကို တပည့်တော်သွားခွင့်ရလျှင် ကောင်းလိမ့်မယ် ထင်ပါတယ်လို့ လျှောက်လိုက်ပါတယ်၊ ဆရာတော်က ဘာမှ အမိန့်မရှိပါဘူး၊ လူကြီးများက မသွားသင့်တဲ့ အဓိပ္ပါယ်မျိုး ပြောကြပါတယ်။

**ဓမ္မဂုတ်။** ။ဟုတ်သားဘဲ, တရားဆုံးဖြတ်ရမဲ့ အဖွဲ့ထဲက စောဒက (တရားလို) ဘက်ကို သွားတယ်ဆိုတာ ထုံးစံမှ မဟုတ်ဘဲ၊ ဒီလိုသွားယင် စုဒိတက (တရားခံ)က ဘယ်မှာဆုံးဖြတ်တာကို နာခံတော့မှာလဲ၊ ကိုယ်တော်က ဒါလောက်မှ မစဉ်းစားမိဘူးလား။

**တပည့်တော်** ။ ။တပည့်တော်က ထုံးစံဟာ ထုံးစံဘဲ, အလုပ်ပြီးစီးတာသာ ပဓာနဖြစ်တယ်လို့ ယူဆပါတယ်။

**ဓမ္မဂုတ်။** ။နောက်တော့ ဘယ်လိုစီစဉ်သလဲ။

**တပည့်တော်** ။ ။အပြန်အလှန် စကားပြောကြပြီးနောက် ဆရာတော်က လှမ်းပြီး ဘယ်လိုသဘောကျတုန်းလို့ မေးပြန်ပါတယ်၊ တပည့်တော်ကလဲ တပည့်တော် သွားခွင့်ရယင် ကောင်းမှာဘဲလို့ နဂိုရှိက စကားအတိုင်း လျှောက်ပါတယ်၊ ဒီတော့ မြို့သူကြီးက "ဒါလောက်သွားလိုယင် သွားကြည့်သေးတာပေါ့ဘုရား" လို့ လျှောက်ပြီး ကားငြင်ပါတယ်၊ တပည့်တော်လဲ "ဝိဇ္ဇာလင်္ကာရဆရာတော် ဦးဝိသုဒ္ဓါဘိဝံသ" ကိုပါ ခေါ်ပြီး မြို့သူကြီးပါ (စောဒက) ပုဂ္ဂိုလ်ကျောင်းသို့ ထွက်ခဲ့ပါတယ်။

**ဓမ္မဂုတ်။** ။ဟိုရောက်တော့ အားလုံးအဆင်ပြေရဲ့လား။

**တပည့်တော်။** ။မြို့သူကြီးက တပည့်တော်တို့ လာတဲ့အကြောင်းကို စောဒက (တရားလို)ဘုန်းကြီးအား ပြောပြပါတယ်၊ တပည့်တော်က "တပည့်

တော်ဟာ မည်သူမည်ဝါဖြစ်ကြောင်း, အတူပါသောတပါးက ပဋ္ဌမကျော် သကျသီဟမဟာ္မွစရိယ ဝိဇ္ဇာလင်္ကာရကျောင်းတိုက် ဆရာတော် ဦးဝိသုဒ္ဓါ ဘိဝံသ'' ဖြစ်ကြောင်းကို ပြောပါတယ်။

**ခမ္မဂုတ်**။ ။ဂုဏ်တွေဖော်ပြီး မိတ်ဆက်တာပေါ့လေ။

**တပည့်တော်**။ ။ဆိုနိုင်ပါတယ်, ဂုဏဝန္တေ ပသန္နီဇနာ – လောကတခုလုံး ကိုယ်က ဂုဏ်ရှိသူကိုမှ လူသင်ကြပါတယ်၊ ဒါ့ကြောင့် အဖော်ခေါ်တုန်း ကိုယ်က ဒီအချက်တွေ စဉ်းစားပြီး ဂုဏ်ထူးရှိတဲ့ပုဂ္ဂိုလ်ကို ခေါ်ခဲ့တာ ဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။မိတ်ဆက်ပြီး ဘယ်လိုများ ကိုယ်တော်က ပြောရတုန်း။

**တပည့်တော်**။ ။ဆရာတော်ကြီးအထံပြတ္တို တဆင့်ပို့ထားတဲ့ အရှင်ဘုရား တို့ရဲ့စာကို မြို့သူကြီးမှတဆင့် ဆရာတော်ရော တပည့်တော်တို့ရော ကြည့်ရ ပါတယ်, စာအသွားအလာကို ကြည့်ခြင်းအားဖြင့် အရှင်ဘုရားရဲ့ အရည် အချင်းနဲ့ စိတ်သဘောထားကိုလဲ တပည့်တော်တို့ အကဲခတ်နိုင်ပါတယ်၊ အဲဒီ စိတ်သဘောထား ကြီးမားပုံကိုသိရလို့ အရှင်ဘုရားနဲ့ တင်ကြိုပြီး ဆွေးနွေးရအောင် တပည့်တော်တို့လာခဲ့ကြပါတယ်၊ ဆရာတော်ဘုရားက လွှတ်လို့ လာခဲ့ခြင်း မဟုတ်ပါ၊ တရားဆုံးဖြတ်မဲ့ဘက်က ဒီလို မလာထိုက် ဘူးဆိုတာလဲ တပည့်တော်တို့ သိပါတယ်၊ ဒါပေမဲ့ သာသနာတော်ကို ကြည်ညိုတဲ့ သဒ္ဓါစေတနာရှိသူတို့ရဲ့ မေတ္တာဟာ လောကထုံးစံထက် အဖိုး တန်ပြီး ကိစ္စလုပ်ငန်းကို မြန်မြန် ပြီးလွယ်စေနိုင်တယ် ယူဆလို့ ထုံးစံကို ကျော်ခဲ့ခြင်းဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။အင်း.... ကိုယ်တော်ရဲ့ စကားပလ္လင်က တဖက်သား နားဝင်စရာ ပေဘဲ့, စကားပလ္လင်ပြီး**တဲ့အခါ** ဘယ်လိုဆက်ရသလဲ။

**တပည့်တော်**။ ။အရှင်ဘုရားလဲ ကျမ်းစာများကို ကြည့်ရှုလေ့လာပြီးဖြစ်ပါ လိမ့်မယ်, အရှင်ဘုရားရဲ့စာထဲမှာ ဒီကျောင်းကို လိုချင်တဲ့ဆန္ဒ မရှိဘူး၊ နေတဲ့ဦးပဉ္စင်းက မလေးစားဘူးထင်လို့ မခံချင်တာဘဲ ဆိုတာကိုလဲ သိရပါတယ်၊ (ဝိဿာသဂ္ဂါဟ) ယူရာ၌ ပစ္စည်းရှင်ပုဂ္ဂိုလ်က ဝမ်းမြောက် သဘောတူမှ အထမြောက်နိုင်တယ်ဆိုတာ ပါနေပါတယ်၊ အဲဒီတော့ ပြန်တော်မူမဲ့ပုဂ္ဂိုလ်က ဘာမှ ပြန်မပြောနိုင်ဘဲ ဝိဿာသဂ္ဂါဟ ယူခြင်းကို သဘောတူ–မတူသိတို့ မခဲယဉ်းဘူးလား။

**ခမ္မဂုတ်**။ ။အား...ကိုယ်တော်က အဲဒီပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ သံသယဖြစ်လောက်အောင် နှောက်လိုက်တာပေါ့လေ။

**တပည့်တော်**။ ။နှောက်တာ မဟုတ်ပါဘူး၊ တကယ့် ကျမ်းဂန်သဘောကို ပြောနေတာပါ၊ ဒီကိစ္စမှာ ဘယ်လို ဆုံးဖြတ်ခွင့်ရှိတယ်ဆိုတာ အဘယာရာမ ဆရာတော်ရဲ့ဆန္ဒကို တပည့်တော် မသိရပေမဲ့၊ အရှင်ဘုရားရော-တပည့်တော်ရော ခန့်မှန်းနိုင်ပါတယ်၊ ငါးဝါ မပြည့်သေးတဲ့ ဟိုဥူးပဥ္စင်းကလေးအတွက်ကတော့ ဝိနည်းတော်အသွားနဲ့ အထူးစဉ်းစားဘွယ် မလိုတော့ပါဘူး၊ ဒီတော့ အရှင်ဘုရားဘက်က နစ်နာစရာမရှိသော်လဲ (မသေချာတဲ့ အချက်ကလေးက ရှိနေတာဖြစ်တော့ ) ဒီကျောင်းကိစ္စ၌ အရှင်ဘုရားမှာ သာ၍ ဂုဏ်တက်အောင် အကြံပေးချင်တာကတော့....

"ဤကျောင်းကိစ္စကို ဆရာတော်အလိုရှိသလို ဆုံးဖြတ်နိုင်ဘို့ရန် အပ်နှံပါတယ်"လို့ စာရေးပြီး လက်မှတ်ထိုးလိုက်ယင် အရှင်ဘုရားမှာလဲ ဂုဏ်တက်မယ်၊ ဆရာတော်လဲ ဆုံးဖြတ်ဘို့ လွတ်လွတ်လပ်လပ် ရှိသွားမယ်၊ ဒါ့ကြောင့် အထက်ပါအတိုင်း စာရေးဘို့ အကြံပေးချင်တာပါဘဲ။

**ခမ္မဂုတ်**။ ။ဒီလို အကြံပေးတော့ လိုက်နာရဲ့လား။

**တပည့်တော်**။ ။သူ့မှာ တိုင်ပင်စရာတပါးရှိပါသေးတယ်၊ တိုင်ပင်ပါရစေလို့ ပြောပြီး တနေရာ ထသွားပါတယ်၊ သွားပြီး မကြာခင် အဲဒီတပါးနဲ့ အတူ ပြန်လာတဲ့အခါ တပည့်တော်က အကျိုးအကြောင်းကို ထပ်ပြောပါတယ်၊ ဒီအခါ ၂ ပါးလုံးဘဲ သဘောကျပြီး အထက်ပါ အဓိပ္ပါယ်မျိုးပါတဲ့စာကိုရေးပြီး လက်မှတ်ထိုးလိုက်ပါတယ်၊ တပည့်တော်တို့ ဆွေးနွေးချိန်မှာ မြို့သူကြီးက အဝေးနေပါတယ်၊ တပည့်တော်တို့လဲ ထိုဘုန်းတော်ကြီးရဲ့ စာကိုယူပြီး မြို့သူကြီးကိုခေါ်ကာ ပြန်လာခဲ့ကြပါတယ်။

**ခမ္မဂုတ်**။ ။ဒီစာကို ဆရာတော့်ထံ ဆက်ကပ်တော့ ဘာအမိန့်ရှိသလဲ။

**တပည့်တော်**။ ။ဒီလိုဆိုယင် အားလုံးကောင်းသွားတာဘဲလို့ ဝမ်းမြောက်တော်မူပါတယ်။

**ခမ္မဂုတ်**။ ။နောက်တော့ ဘာကို ဆက်ပြီးလုပ်ကြရတုန်း။

**တပည့်တော်**။ ။နေ့ ၁ နာရီလောက်မှာ အားလုံးသံဃာများရော-လူများရော၊ ဘုရားတန်ဆောင်းကြီးထဲမှာစုကြတို့ လူကြီးများကစီမံကြပါတယ်၊

သံဃာ့ပရိသတ်ရော–လူပရိသတ်ရော အလွန် များပါတယ်၊ စည်းဝေးတဲ့အခါမှာ ဆရာတော်က တရားလို (စောဒက) ပုဂ္ဂိုလ်ရဲ့စာကို ပြောပြပြီး "အလွန် သူတော်ကောင်းစိတ် ရှိပါပေတယ်, အားလုံး သာဓုခေါ်ကြပါ" လို့ မိန့်တော်မူတဲ့အခါ အားလုံး သာဓုခေါ်ကြပါတယ်။

**ဓမ္မဂုတ်။** ။ထို့နောက် ဆရာတော်က ဘာအမိန့်ရှိသေးသလဲ။

**တပည့်တော်။** ။ပရိသတ်အလယ်မှာ ဆုံးဖြတ်လို့ မဖြစ်သေးဘူး, ဒီနယ်က သံဃာတော်များ ညနေ ၅ နာရီလောက် တဲခိုရာတိုက်သို့ ကြွခဲ့ကြပါ, အဲဒီကျမှ အဆုံးအဖြတ် ပေးပါမယ်၊ ဒို့က ပရိသတ်မှာ ကျက်စားလေ့မရှိဘူး၊ ဒီတော့ ပရိသတ်မှာ ကျက်စားလေ့ရှိတဲ့ စာချဘုန်းကြီးဦးဇနကက ဩဝါဒတရားစကား ပြောပါလိမ့်မယ်၊ ဤသို့ မိန့်တော်မူပြီး တပည့်တော်ကို အလှည့်ပေးပါတယ်။

**ဓမ္မဂုတ် ။** ။ ကိုယ်တော်က သံဃာ့ပရိသတ်– လူပရိသတ်ကြီးကို ကြည့်ပြီး ကြောက်ရွံ့မနေဘူးလား။

**တပည့်တော်။** ။တပည့်တော်က ဒီပရိသတ်ကြီးမျိုးကို ပခုက္ကူနေစဉ် ဦးပဉ္ဇင်းကလေးဘဝတုန်းက ကျက်စားခဲ့တာပါ, ရွှေကျောင်ဂိုဏ်းလုံးဆိုင်ရာ မြို့ကြီးသုံးဌာန အစည်းအဝေးတို့မှာလဲ တာဝန်ဆောင်ခဲ့တယ် မဟုတ်လား၊ ဒါ့ကြောင့် ဆရာတော်ကယုံကြည်ပြီး ကိုယ်စားပြုတော်မူတာဖြစ်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဘယ်လိုဩဝါဒများကို ဟောပြခဲ့သလဲ။

**တပည့်တော်။** ။တပည့်တော်ကလဲ တပည့်တော် ညွှန်ပြတဲ့လမ်းကို ရှောရှောရှူရှူ လိုက်လာတဲ့ (စောဒက) ပုဂ္ဂိုလ်ကိုပင် အမွှန်းတင်တဲ့ ဩဝါဒကို ပေးပါတယ်။ (စူဠဝဂ္ဂ–ပဉ္စသတိက သံဂီတိက္ခန္ဓက)မှာပါတဲ့ တရားတော်ရဲ့ အချုပ်ကတော့....

(၁) ခုဒ်ကို မနင်း, နုပ်ကိုနင်း, ရှိခြင်း ရိပ်မမြင်။

(၂) မာ–ရဟန်းပြု, တောင်းပန်မှု, ထေရ်စု ပြစ်တော်တင်။

(၃) ရိုသေသောအား, ဒုက္ကဋ်ကြား, ငါးပါး အာနန်ရှင်....လို့ ပခုက္ကူ စာသင်သားဘဝက စာတက်ရင်း ရခဲ့တဲ့ လက်ာသံပေါက်ကလေးကို မူတည်ပြီး အကျယ်ဟောပြတဲ့ ဩဝါဒဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။အဓိပ္ပါယ်အကျယ်က ဘယ်လိုလဲ။

**တပည့်တော်**။ ။မြတ်စွာဘုရားက "ပရိနိဗ္ဗာန်စံတော်မူတော့မည်" လို့ မိန့်တော်မူပြီးမှ အရှင်အာနန္ဒာကို ငါဘုရား ကွယ်လွန်တော်မူသောအခါ သံဃာများက "ပယ်နှုတ်လိုလျှင် ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များကို ပယ်နိုင်တယ်" လို့ မိန့်တော်မူပါတယ်၊ အရှင်အာနန္ဒာမှာလဲ ဘုရား ပရိနိဗ္ဗာန်စံတော်မူမည့် အရေးကို တွေးပြီး စိတ်သောကများနေလို့ "ခုဒ္ဒါနုခုဒ္ဒကသိက္ခာပုဒ်များ ဆိုတာ အဘယ်သိက္ခာပုဒ်များဖြစ်ပါသလဲ" လို့ မလျှောက်လိုက်မိပါဘူး၊ ဒီကိစ္စအတွက် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့အခါ အရှင်အာနန္ဒာကို မထေရ်ကြီးများက အပြစ်တင်ကြပါတယ်၊ ဒါ့ကြောင့် "ခုဒ်ကိုမနင်း" လို့ လင်္ကာ၌ စပ်ဆိုထားပါတယ်။

**ခမ္မဂုတ်**။ ။နောက်တမျိုးက ဘာအဓိပ္ပါယ်လဲ။

**တပည့်တော်**။ ။အခါတပါး၌ ဘုရားရှင်၏ ရေသနုပ်တော် စုတ်နေလို့ အရှင်အာနန္ဒာက ချုပ်ပေးရပါတယ်၊ ချုပ်တဲ့အခါ ကိုင်ပေးမဲ့ ရဟန်းတပါးမှ မရှိလို့ သင်္ကန်းရဲ့ တဖက်အစကို ခြေဖြင့်နင်း၍ ချုပ်မိပါတယ်၊ ဒါကိုလဲ ပရိနိဗ္ဗာန်စံတော်မူပြီးမှ အပြစ်တင်ကြပါတယ်၊ ဒါ့ကြောင့် "နုပ်ကိုနင်း" လို့ လင်္ကာ၌ စပ်ဆိုထားပါတယ်။

**ခမ္မဂုတ်**။ ။နောက်တမျိုးကကော ဘာအဓိပ္ပါယ်လဲ။

**တပည့်တော်**။ ။ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့အခါ၌ မာတုဂါမများကို အယင် (ရှေးဦး) အလောင်းတော်ကို ရှိခိုးစေပါတယ်၊ မာတုဂါမတွေကလဲ အလောင်းတော်ကို ရှိခိုးကြယင်း ငိုကြလို့ မျက်ရည်တွေ ရွဲစိုနေပါတယ်၊ ဒါကိုလဲ အပြစ်တင်ကြပါတယ်၊ ဒါ့ကြောင့် "ရှိခြင်း" လို့ လင်္ကာ စပ်ဆိုထားပါတယ်၊ (အရှင်အာနန္ဒာကလဲ နောက်မှ ရှိခိုးစေလျှင် မှောင်နေမှာစိုးလို့ မာတုဂါမတွေကို အချိန်ရှိတုန်း ပြန်နိုင်အောင် အယင် ရှိခိုးစေခြင်းဖြစ်ပါတယ်၊ အရှင်အာနန္ဒာမှာ အပြစ်မရှိပါဘူး)။

**ခမ္မဂုတ်**။ ။နောက်တမျိုးက ဘာအဓိပ္ပါယ်လဲ။

**တပည့်တော်**။ ။ဘုရားရှင်သည် သုံးလလောက်လွန်လျှင် ပရိနိဗ္ဗာန် စံတော်မူမည်လို့ မိန့်တော်မမူခင်ကလေးမှာပင် အရှင်အာနန္ဒာကို အမိန့်ရှိဘူးပါတယ်၊ " အာနန္ဒာ.... ဣဒ္ဓိပါဒ်လေးပါးကို ပွားများထားတဲ့ ပုဂ္ဂိုလ်သည်

အာယုကပ်ကုန်အောင် တည်နေနိုင်တယ်၊ ငါဘုရားလဲ ဣဒ္ဓိပါဒ်လေးပါးကို ကောင်းကောင်း ပိုင်နိုင်အောင် ပွားများပြီးဖြစ်သောကြောင့် အာယုကပ် ဆုံးအောင် ပရိနိဗ္ဗာန်မစံဘဲ နေတော်မူနိုင်သည်''လို့ (''အာယုကပ်ပတ်လုံး တည်တော်မူပါ''လို့ လျှောက်နိုင်အောင် အရိပ်နိမိတ်ကို) အမိန့်တော် ရှိသော်လဲ ဘုရားရှင်၏ အရိပ်နိမိတ်စကားကို နားမလည်အောင် မာရ်နတ် က ထိုအချိန်မှာ နှောက်ရှက်ထားလို့ ''အာယုကပ်ပတ်လုံး တည်တော် မူပါ''လို့ မလျှောက်မိပါ၊ ထိုအချက်ကိုလဲ မထေရ်များက အပြစ်တင် တော်မူကြပါတယ်၊ ဒါ့ကြောင့် ''ရိပ်မမြင်''လို့ လင်္ကာ၌ ဆိုထားပါတယ်၊ (မာရ်နတ်ရဲ့ လှည့်ပတ်မှုကို ခံရသောကြောင့် မလျှောက်မိခြင်းဖြစ်ရကား အရှင်အာနန္ဒာမှာ အပြစ်မရှိပါ)။

**ဓမ္မဂုတ်**။ ။နောက်တမျိုးက ဘာအစိပ္ပါယ်လဲ။

**တပည့်တော်**။ ။မာတုဂါမများအား ရဟန်းပြုခွင့်ပေးဘို့ရန် အရှင်အာနန္ဒာ သည် တောင်းပန်၏၊ ထိုတောင်းပန်မှုကိုလဲ အပြစ်တင်တော်မူကြပါတယ်၊ ဒါ့ကြောင့် ''မာ– ရဟန်းပြု, တောင်းပန်မှု'' လို့ လင်္ကာ၌ ဆိုတာပါ၊ (အရှင်အာနန္ဒာကား မိထွေးတော် ဂေါတမီ၏ ဆင်းရဲပင်ပန်းစွာလာ၍ ရဟန်းပြုခွင့် တောင်းသောအခါ ခွင့်မပေးသောကြောင့် မိထွေးတော် ဂေါတမီကို သနားလှသဖြင့် ကူညီ၍ ခွင့်တောင်းခြင်းဖြစ်ပါတယ်, အပြစ် မရှိပါ)။

**ဓမ္မဂုတ်**။ ။ဒီလို အပြစ်တင်ကြတော့ အရှင်အာနန္ဒာက အပြစ်မရှိကြောင်းကို ငြင်းသေးသလား။

**တပည့်တော်**။ ။အရှင်အာနန္ဒာရဲ့ ပင်ကိုယ်စိတ်က အင်မတန် နူးညံ့ပါတယ်၊ မထေရ်များက အဲဒီ အပြစ်ငါးပါးကိုပြ၍ ''ဒုက္ကဋံ ဒေသေဟိ = မကောင်း သဖြင့် ပြုအပ်မိပါသည်လို့ လျှောက်ကြား ဝန်ခံပါ''လို့ မိန့်သောအခါ, အရှင်အာနန္ဒာက တပည့်တော်မှာ အကြောင်းအားလျော်စွာ ပြုရခြင်း ဖြစ်လို့ ''မကောင်းပြုအပ်တယ်''လို့ မယူဆသော်လဲ ထေရ်များကိုကြည်ညို သောအားဖြင့် ''ဒုက္ကဋံ ဒေသေမိ=မကောင်းပြုအပ်မိပါသည်လို့ လျှောက် ထား ဝန်ခံပါ၏''လို့ လျှောက်ပါတယ်၊ ဒါ့ကြောင့် ''ရှိသေသောအား, ဒုက္ကဋ်ကြား, ငါးပါးအာနန်ရှင်''လို့ လင်္ကာ၌ ဆိုတာဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။အရှင်အာနန္ဒာ၏ဝန်ခံမှုနဲ့ ယခုကိစ္စမှာ ဘယ်လိုဆိုင်ပါသလဲ။

**တပည့်တော်။** ။ဆိုင်တာပေါ့ဘုရား, အရှင်အာနန္ဒာရဲ့ အလုပ်ဟာ မကောင်းသောအလုပ် မဟုတ်သော်လဲ မထေရ်များကို ကြည်ညိုသော အားဖြင့် "ဒုက္ကဋ= မကောင်းအလုပ်"လို့ ဝန်ခံသလို, ဒီကိစ္စမှာလဲ စောဒကပုဂ္ဂိုလ်ရဲ့ အလုပ်ဟာ "မကောင်း"လို့ မဆိုနိုင်သော်လဲ ဆရာတော်ကို ကြည်ညိုသောအားဖြင့် ဆရာတော်သဘောရှိသလို ဆုံးဖြတ်ဘို့ရန် ပုံ၍အပ်ခြင်းဟာ အရှင်အနန္ဒာလို စိတ်ထားနူညံ့ခြင်းရဲ့ လက္ခဏာဘဲ မဟုတ်ပါလား။

**ခမ္မဂုတ်။** ။ဩော်....ဒီလိုတော့ သဘောလက္ခဏာချင်း တူသားပါဘဲ၊ ဒီဩဝါဒဘဲလား, နောက်ဆက်ပြီး ဘာဩဝါဒများကို ဟောသေးသလဲ။

**တပည့်တော်။** ။နောက်တော့ ရဟန်းသံဃာများ တဖက်နဲ့ တဖက် မတွဲကြယင် ရဟန်းတော်ချင်းသာမက, ကိုးကွယ်သော ဒကာ-ဒကာမချင်းလဲ မတွဲကြ, ကိုယ်စောင့်နတ်ချင်းလဲ မတွဲကြ, ကိုယ်စောင့်နတ်များရဲ့ မိတ်ဆွေဖြစ်တဲ့ အထက်နတ်ချင်းလဲ မတွဲကြ၍ အကုသိုလ်တိုးပွားသဖြင့် သတ္တာအများပင် အပါယ်လေးပါး လားရမဲ့အကြောင်း ပြောပြ၍ ညီညီညွတ်ညွတ်နေရခြင်း၏ ကောင်းကျိုးများကိုပါ ဩဝါဒပေးပါတယ်။

**ခမ္မဂုတ်။** ။ အဲဒီ အစည်းအဝေးပြီးတဲ့အခါ ညနေရောက်တော့ ဘယ်လို ဆုံးဖြတ်သလဲ။

**တပည့်တော်။** ။အဲဒီ အစည်းအဝေးပြီး၍ တဲခိုရာတိုက်သို့ ပြန်ရောက်တဲ့အခါ တပည့်တော်နဲ့ နောက်ပါဘုန်းကြီးများက တိုက်အောက်ထပ်မှာနေတုန်း မြို့သူကြီးကလာပြီး "ဒီအတိုင်းဆိုယင်တော့ ငါးဝါမပြည့်သေးတဲ့ဦးပဉ္ဇင်းကလေး ကျောင်းမှ ထွက်သွားရလို့ ဒုက္ခရောက်တော့မှာဘဲ, အရှင်ဘုရားကြံနိုင်လျှင်ကြံပါအုံး"လို့ လျှောက်ပါတယ်၊ မြို့သူကြီးလဲ ပြောကြဆိုကြတဲ့ အသံကိုကြားလို့ ဆုံးဖြတ်မဲ့အစီအစဉ်ကို ရိပ်မိနေပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်က ဘယ်လိုကြံလိုက်သလဲ။

**တပည့်တော်။** ။ခဏလောက်စဉ်းစားပြီး ရတဲ့အကြံကိုပြောတော့ မြို့သူကြီးက သဘောကျပါတယ်၊ ဒါနဲ့ အပေါ်ထပ် တက်သွားပြီး တပည့်တော်ရဲ့ အကြံကို လျှောက်ပါတယ်၊ ဆရာတော်ကလဲ ဆုံးဖြတ်ဘို့စာ အဆင်သင့်ရေးဘို့ အမိန့်ရှိလို့ ဆရာတော့်ရှေ့မှာပင် တိုင်ပင်ပြီး ရေးကြပါတယ်။

## အဆုံးအဖြတ်

(၁) ပြန်လွှန်တော်မူခါနီးမှ ဝိဿာသဂ္ဂါဟယူကြရာ၌ ပြန်လွှန်တော်မူသော ပုဂ္ဂိုလ်၏ ဝမ်းမြောက်မှု ဖြစ်-မဖြစ် သိဘို့မဖြစ်နိုင်, ထို့ကြောင့် ဝိဿာသဂ္ဂါဟယူခြင်း၏ အထမြောက်-မမြောက်ကို ဆုံးဖြတ်ဘို့ မလွယ်ကူ၊ ဝိဿာသဂ္ဂါဟယူမှု အထမမြောက်စေကာမူ ယခုစောဒကပုဂ္ဂိုလ်(....) သည် မူလကပင် ပြန်လွှန်တော်မူသော ပုဂ္ဂိုလ်နဲ့ ကျောင်းနီးချင်း အကျွမ်းဝင်ပုဂ္ဂိုလ်ဖြစ်၍ ထိုကျောင်းကို စောင့်ရှောက်ဘို့ရန် ဝတ္တရားရှိပေသည်။

(၂) ပြန်လွှန်တော်မူသော ဘုန်းတော်ကြီး၏ တပည့်ဦးပဉ္စင်းကလေးသည် မရှိသေး, ပြန်လွှန်တော်မူပြီးနောက်မှ ရောက်လာသည့်ပြင် ငါးဝါမျှ မရသေးသည့်အတွက် မိမိကိုယ်တိုင် ကျောင်းထိုင်ပုဂ္ဂိုလ် လုပ်နေဘို့ မဆိုထားဘိ မှီခိုဘို့ရန် နိဿယည်းဆရာ မရှိဘဲနေခွင့်သော်မှ မရချေ။

(၃) ထို့ကြောင့် ထိုကျောင်းဆိုင်ရာ ဒါယကာ — ဒါယိကာမများသည် စာပေဗဟုသုတရှိ၍ ဆယ်ဝါရပြီးသောပုဂ္ဂိုလ်တပါးကို ကျောင်းထိုင်ပုဂ္ဂိုလ်အဖြစ်ဖြင့် ပင့်ဘို့ရန်ကြိုးစားကြရမည်၊ ထိုသို့ကြိုးစားရာ၌ အနီးဆရာတော်ကြီးနဲ့ ဝိဿာသဂ္ဂါဟယူထားသော ဆရာတော် ၂ပါးကို တိုင်ပင်၍ ထိုဆရာတော်များ သဘောကျဖြစ်စေရမည်။

(၄) ၂ဘက်လုံးက လေးစားလောက်သော သက်တော်ကြီး ဆရာတော်ကြီးသည် ထိုအနီးကျောင်း၌ သီတင်းသုံးတော်မူလျက် ရှိရကား ကျောင်းထိုင်မည့်ဘုန်းကြီး မရောက်သေးမီ ဦးပဉ္စင်းကလေးသည် ထို ဆရာတော်ကြီးအထံ၌ နိဿယည်းယူ၍နေရမည်။

(၅) ဤကျောင်း၌ရှိသော ဂရုဘဏ်-လဟုဘဏ်ပစ္စည်းများကို နေ့စဉ်သုံးစွဲနေကျပစ္စည်းမှတပါး အထူးသုံးစွဲခွင့်ကြုံတိုင်း ဝိဿာသဂ္ဂါဟယူထားသော ဆရာတော်နဲ့ နိဿယည်းဆရာတော်ကြီး ၂ပါးထံ ခွင့်ပန်၍ ထိုဆရာတော်များအလိုအတိုင်းသာ သုံးစွဲရမည်၊ ဝိဿာသဂ္ဂါဟယူထားသော ဆရာတော်ကို မိမိ၏ဆရာရင်းလို သဘောထားပြီး လေးစားရိုသေရမည်။ [ ဤ အတိုင်း မဟုတ်သော်လဲ ဤ အဓိပ္ပါယ် ပါသော ဝိနိစ္ဆယစာတန်းကို စီစဉ်ကြပါတယ်။ ]

**ခမ္မဂုတ်။** ။ညနေ သံဃာများရောက်လာကြတော့ ဒီအတိုင်း ဆုံးဖြတ်မှာပေါ့ နော်၊ ကိုယ်တော်တို့ အဆုံးအဖြတ်ထဲမှာ (၃) နံပါတ်အရ ကျောင်းထိုင်ပုဂ္ဂိုလ် ပင့်လို့ ရလိမ့်မယ်ထင်သလား။

**တပည့်တော်။** ။ပင့်လို့ရ–မရက တပည့်တော်တို့ဆရာတော်ရဲ့တာဝန် မဟုတ်ပါဘူး၊ အမှန်အတိုင်း လမ်းစဉ်ကျလို့ထည့်ရတာပါ၊ ဒီလိုထည့်လိုက်တော့ ကိုယ်တော်ကလေးဟာ အသိအမှတ်ပြုလောက်သော ကျောင်းထိုင်ပုဂ္ဂိုလ် မဟုတ်သေးကြောင်းလဲ ထင်ရှားသွားပါတယ်၊ ဝိဿာသဂ္ဂါဟယူထားတဲ့ ပုဂ္ဂိုလ်မှာလဲ ဩဇာမပျက်ပါ၊ ဒီတော့ (စေဒက) ပုဂ္ဂိုလ်များဘက်က ကျေနပ်မယ်မဟုတ်လား၊ ဒါပေမဲ့ ဒီကိုယ်တော်ကလေးဟာ သူ့ဆရာရဲ့ ကျောင်းက ထွက်မသွားရဘဲ နေမြဲနေခွင့်ရတော့ (စုဒိတက) ဘက်ကရော မကျေနပ်ပေဘူးလား၊ ဒါ့ကြောင့် ဒီ အဆုံးအဖြတ်ကိုပေးပြီး နက်ဖန် နံနက်မှာ ဆရာတော်ပြန်ကြွခဲ့ပါတယ်၊ နောက်ကြုံတိုင်းမေးကြည့်တော့လဲ သံဃာအားလုံး ညီညွတ်ကြပါတယ်လို့ဘဲ ကြားသိရလို့ တပည့်တော်မှာ ကိုးစားရကျိုးနပ်တယ်လို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ဘုရား။

**ခမ္မဂုတ်။** ။သံဃသာမဂ္ဂီ ( သံဃာညီညွတ်အောင် )ပြုရတဲ့ကုသိုလ်က အလွန် ကြီးမြတ်တာဖြစ်တော့ ဝမ်းမြောက်စရာပါဘဲ၊ သရိုင်ကဘုန်းတော်ကြီးနဲ့ အတူ ဆောင်ရွက်ရတဲ့ကိစ္စကတော့ ဘာကိစ္စတုန်းကိုယ်တော်။

**တပည့်တော်။** ။ဒီကိစ္စက သိပ်ပြီး မကြီးကျယ်သော်လဲ မဆောင်ရွက်ယင် အချင်းချင်း သတ်မှု–ဖြတ်မှု ဖြစ်နိုင်လို့ ဆောင်ရွက်ရတာ ဖြစ်ပါတယ်၊ တပည့်တော်တို့ သရိုင်ရွာနဲ့ တတိုင်ကွာလောက်ဝေးတဲ့ ဆင်နင်းရွာမှာ တောင်ကျောင်း–မြောက်ကျောင်း ၂ ကျောင်းတွင် မြောက်ကျောင်း ဘုန်းကြီး ပြန်တော်မူပါတယ်၊ အလောင်းကို တပည့်ဖြစ်တဲ့ တောင် ကျောင်းဒကာများကလဲ (ခေတ္တ) ပူဇော်ချင်ကြပါတယ်၊ လူချင်းက မတဲ့ ကြတော့ မြောက်ကျောင်းဒကာများက "မယူရဘူး၊ ယူယင် သိစေမယ်" လို့ ကြုံးဝါးပါသတဲ့၊ တောင်ကျောင်း ဒကာများကလဲ အတင်းယူမယ် လို့ စကားသံပေးနေကြပါသတဲ့၊ လူတွေကတော့ ၂ ဘက်လုံးဘဲ သတ္တိမနဲ ကြပါဘူး၊ ကုန်းဘောင်ရာဇဝင်မှာပါတဲ့ ဆင်နင်းဗိုလ်ရဲ့ သွေးအဆက်တွေ ဖြစ်တော့ ဗိုလ်သွေးပါကြဟန်တူပါတယ်၊ ထန်းတောလဲ မဝေးလှပါဘူး။

**ခမ္မဂုတ်။** ။ဒီကိစ္စက ကိုယ်တော်နဲ့ ဘယ်လိုဆိုင်တုန်း။

**တပည့်တော်။** ။ဆင်နင်းတောင်ကျောင်းက သရိုင်ရွာ ပင်းကျောင်းဘုန်းတော်ကြီးကို အပ်ထားတဲ့ကျောင်း, တောင်ကျောင်း ဒကာတွေကလဲ ပင်းကျောင်းဘုန်းတော်ကြီးရဲ့ ဒကာတွေဖြစ်တယ်၊ ပင်းကျောင်း ဘုန်းတော်ကြီးက မြောက်ကျောင်း ဒကာများအပေါ်မှာ ဩဇာမရှိဘူး၊ ဒီလိုဖြစ်နေတုန်းမှာ အလှူကိစ္စအတွက် တပည့်တော်က သရိုင်သို့သွားရပါတယ်၊ ညနေ – နေဝင်ခါနီးမှ ရွာသို့ရောက်ပါတယ်၊ ရောက် – ရောက်ချင်းဘဲ ပင်းကျောင်း ဘုန်းတော်ကြီးက ဆင်နင်းရွာမှာ ဖြစ်ပုံကို ပြောပြပြီး "ကိုယ်တော်ကယ်နိုင်ယင် ကယ်ပါ၊ လူတွေက သတ္တိခဲတွေမို့ သေကုန်ကြ, ငွေကုန်ကြတော့မှာဘဲ" လို့ ပြောပါတယ်။

**ဓမ္မဂုတ်။** ။ပင်းကျောင်း ဘုန်းတော်ကြီးက ဒီအရေးမှာ အတော်စိုးရိမ်နေဟန်တူတယ်နော်, ကိုယ်တော်က ဘယ်လိုပြန်လျှောက်သလဲ။

**တပည့်တော်။** ။တပည့်တော်က ရွာမှာကြာကြာမနေနိုင်ပါဘူး၊ မနက်ဖန် အလှူပြီးယင် သဘက်ခါ ပြန်ရမှာပါ၊ ဒီတော့ ခဏလောက်တွေးပြီး "ယနေ့ညဘဲသွားကြစို့" လို့ တိုင်ပင်ကာ နွားကောင်းကောင်းနဲ့ လှည်းကို ခေါ်ပြီး ခရီးဆက်ရပါတယ်၊ (လှည်းမစီးလို့ မဖြစ်ပါဘူး, လူကလဲပင်ပန်းနေပါပြီ၊ တောရွာရဲ့လမ်းတွေကလဲ မြွေကြောက်ရပါတယ်)။

**ဓမ္မဂုတ်။** ။ဆင်နင်းရောက်တော့ ဘာများပြောဆိုကြရတုန်း။

**တပည့်တော်။** ။ ပင်းကျောင်း ဘုန်းတော်ကြီးက တောင်ကျောင်းကပြီး တောင်ကျောင်းဒကာများကို အကျိုးအကြောင်း ပြောပါတယ်၊ တပည့်တော်က မြောက်ကျောင်းသို့ တိုက်ရိုက်သွားပါတယ်၊ မြောက်ကျောင်း ဘုန်းကြီးကလေးက မန္တလေး တပည့်တော်ကျောင်းမှာ နေသွားဘူးပါတယ်၊ ကျောင်းဒကာ–ကျောင်းအမများကလဲ တပည့်တော်ရဲ့ ၂၀ မိးကွဲလောက်တော်စပ်တဲ့ ဆွေမျိုးများ ဖြစ်ပါတယ်၊ တပည့်တော်လာတယ်ကြားလို့ ကျောင်းဆိုင်ရာ ဒကာ–ဒကာမတွေ ချက်ချင်း ရောက်လာကြပါတယ်၊ မှောင်နေလို့ လူတွေကို သဲသဲကွဲကွဲ မသိရပါဘူး။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဘာများ စကားစလိုက်တုန်း။

**တပည့်တော်။** ။"ဒီပရိသတ်ထဲမှာ ဘုန်းကြီးရဲ့ဆွေမျိုးတွေလဲ ပါမှာဘဲနော်" လို့ စကားစလိုက်ယင်ဘဲ "ပါပါတယ်, ပါပါတယ်" ဆိုတဲ့ အသံတွေ ထွက်

လာပါတယ်၊ မိမိလုပ်ခဲ့တဲ့အကြောင်းကို ပြောပြပြီးတော့ တရပ်ထဲ မာရွာထဲမှာ လုံးလုံး သွေးကွဲတဲ့သူရယ်လို့ မရှိနိုင်ပါဘူး၊ တနည်းမစပ် တနည်းစပ်နဲ့ သွေးသားစပ်နေတာချည်းပါဘဲ၊ အမျိုးရဲ့ ထက်မြက်တဲ့သတ္တိကို နေရာတိုင်းမှာ အသုံးမချရဘူး၊ ရှေးလူကြီးများရဲ့ သတ္တိခဲတွေဟာ သူတော်ကောင်းလုပ်စရာရှိတော့လဲ သူတော်ကောင်းသတ္တိကို အသုံးပြုကြတာဘဲ၊ ဒါ့ကြောင့် ဆရာသမားပြန်တော်မူတဲ့ကိစ္စမှာ သူတော်ကောင်းသတ္တိကိုတော့ အသုံးမပြုကြဘဲ, လူမိုက်သတ္တိပြကြမယ်ဆိုယင် ဘယ်မှာအမျိုးကောင်း ကျောင်းဒကာ–ကျောင်းအမလို့ ခေါ်နိုင်တော့မှာလဲ။

ဒါ့ကြောင့် ပြန်တော်မူတဲ့ ဆရာသမားရဲ့ အလောင်းကို ၂ ဖက်လုံးတပည့်တွေ ပူဇော်ကြတယ်ဆိုတာ အလွန်ကောင်းတဲ့ သူတော်ကောင်းလက္ခဏာဘဲ, "ဘုန်းကြီးရဲ့ စကားကိုနားထောင်ကြ, ဘုန်းကြီးရဲ့ စကားကိုဆွေမျိုးတွေ နားထောင်ကြပါ"လို့ ပြောတဲ့အခါ "နားထောင်ပါ့မယ်"လို့ ဝန်ခံကြပါတယ်၊ ဒီတော့မှ တောင်ကျောင်းမှာရှိတဲ့ ပင်းကျောင်းဘုန်းတော်ကြီးကို ဒကာ–ဒကာမများနဲ့ အတူ ကြွလာဘို့ရန် အပင့်လွှတ်ရပါတယ်၊ ရောက်လာတဲ့အခါ မျက်နှာစုံညီ တပ်ပြီး တရားစကားပြော၍ ၂ ဖက်လုံး ကျေကျေနပ်နပ် ဝန်ခံကြမှ တပည့်တော်တို့ ပြန်ခဲ့ကြပါတယ်၊ ဘုန်းကြီးပြန် မီးသင်္ဂြိုဟ်တဲ့အခါလဲ ဝန်ခံတဲ့အတိုင်း အေးအေးဆေးဆေးပြီးမြောက်သွားတယ်လို့ ကြားရတဲ့အတွက် တပည့်တော်မှာ နှစ်သက်ဝမ်းမြောက်ခြင်း ဖြစ်ရပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ ကိုယ်တော်ရဲ့ ၃၀ ကျော်, ၄၀ အတွင်းမှာ အလုပ်အတော်များများ ပြီးစီးသွားဘဲ, ကိုယ်တိုင်က စိတ်မကျေနပ်သော်လဲ ကျေနပ်စရာ တော်တော်များများ ပြနိုင်ပါတယ်၊ နောက်၌ အများသိစရာတွေ အတော်များအုံးမှာမို့ ၄၀ အတွင်း အလုပ်များကို နိဂုံးချုပ်ကြပါစို့။

**နိဂုံး**။ ။အနှစ်လေးဆယ်, သက်အရွယ်ကား, လူ့ဝယ်ထက်အောက်, တဝက်ရောက်ပေါ့၊ ခုလောက်မှာပင်, အလုပ်ခွင်၌, စိတ်လျှင် မပြတ်, ကိုယ်ပါကပ်၍, ပြတ်ပြတ်သားသား, လုပ်ပါငြားလည်း, အများနဲ့သော်, ကျိုးမပေါ်ခဲ့၊ အဖော်မမှီး, တကိုယ်တည်းကား, ပြီးစီးသည်သာ, များသည့်ကာကြောင့်, နေရာတိုင်းမှာ, ဖော်မရှာဘဲ, ဘာသာကိုယ့်ဉာဏ်, ကိုယ်တည်းကြံလျှင်, ခံနိုင်ရိုးလား....အကျိုးများ။

## ၁၁။ လေးဆယ်ကျော်ဝယ်=ငါးဆယ်ရွယ်

**ဓမ္မဂုတ်**။ ။၄၀ ကျော်လာတဲ့အခါလဲ အရွယ်ကကောင်းလာလို့ အလုပ်များ မှာဘဲနော်, ကျန်းမာရေးကော ဘယ်လိုနေသေးလဲ။

**တပည့်တော်**။ ။အလုပ်များပါတယ် ဘုရား, လုပ်နေကျ အလုပ်များအပြင် အပိုအလုပ်များလဲ ရှိလာပါတယ်၊ ဒါပေမဲ့ အနေတတ် အစားတတ် ဖြစ်ပြီး ကျန်းမာရေးကို အတော်အတန် နားလည်လာပါတယ်၊ စားရေး သောက်ရေးလဲ ငါးကြီးဆီ-နွားနို့ စသည်တို့က ရနိုင်လာတော့ အလုပ် များသော်လဲ ကျန်းမာရေးဘက်က မလျော့ပါဘူး။

**ဓမ္မဂုတ်**။ ။အပိုအလုပ်ဆိုတာ ဘယ်လို အလုပ်မျိုးတုန်း။

**တပည့်တော်**။ ။ဘယ်လိုအလုပ်လို့ မယ်မယ်ရရတော့ ပြစရာမရှိပါဘူး, ဒုတိယကမ္ဘာစစ် မဖြစ်မီ တနှစ်လောက်က ယခုအခါ အစိုးရစာချတန်း ဆိုတဲ့ စာမေးပွဲဖြစ်ပါတယ်၊ အဲဒီစာမေးပွဲဖြစ်ရခြင်းရဲ့ အစက အဘယာ ရာမဆရာတော်, ပခုက္ကူဆရာတော်တို့ပါဝင်တဲ့ ကော်မီတီရဲ့ဆုံးဖြတ်ချက် ပါ၊ အဲဒီ ကော်မီတီမှာ အဘယာရာမဆရာတော်က "ရဟန်းတော်များ ကျောင်းမှာ မြန်မာစာနဲ့ ဂဏန်းသင်္ချာသင်ဖြစ်အောင် ပဌမငယ်အောက် အကြိုတန်းတတန်း ထားပါ, ထို အကြိုမူလတန်း၌ ပါဠိဆိုင်ရာစာပေနဲ့ ဂဏန်းသင်္ချာ မြန်မာစာတို့ကို ပြဋ္ဌာန်းပါ" လို့ အကြံပေးပါတယ်၊ တပည့် တော်က ဂဏန်းသင်္ချာ သင်ထိုက်ကြောင်းကို အပြင်က အစစ်ခံပါတယ်၊ တော်တော်များများ ပုဂ္ဂိုလ်တွေက ကန့်ကွက်ကြပါတယ်, မသင်ကောင်း ဘူးလို့ ယူဆတဲ့ ဆရာတော်များရဲ့ သင်ပေးချက်အရ လူဝတ်ကြောင် ဥပါသကာကြီးများကပါ ကန့်ကွက်ကြပါတယ်၊ မင်းဆွေမင်းမျိုး ဥပါ သကာကြီးကလဲ ကန့်ကွက်လို့ ဆရာတော်က " ဒကာတော် ဝိနည်းလဲ နားမလည်ဘဲ ပြောမနေပါနဲ့ " လို့ တားမြစ်ရပါတယ်၊ အဲဒီလို ကိစ္စ မျိုးမှာ တပည့်တော် ပါဝင်ရပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ ကြိုးစားချက်အရ အကြိုတန်းစာမေးပွဲ ဖြစ်မြောက်ရဲ့လား။

**တပည့်တော်**။ ။မဖြစ်မြောက်ပါဘူး ဘုရား, စာချတန်း ဖြစ်မြောက်တဲ့အခါ တော့ မန္တလေး၌ စပြီး ကျင်းပပါတယ်၊ အဲဒီ ပဌမပြန်ကော်မီတီထဲမှာ စာတော်တဲ့ လူပြန်တော်တွေ အတော်များများပါတော့ သူတို့ကဘဲ

ခေါင်းဆောင်ကြပါတယ်၊ စာမေးပွဲကျင်းပဘို့ မန္တလေး ရောက်တဲ့အခါ သူတို့က မန္တလေး ပုစ္ဆာထုတ်နေကျ ဆရာတော်များရဲ့ အကြောင်းကို ကောင်းကောင်းသိလို့ ပရိယတ္တိနဲ့ဆိုင်ရာဆရာတော်များကိုဥုးစားပေးပြီး မဆည်းကပ်ကြပါဘူး၊ ဒါ့ကြောင့် ထိုဆရာတော်များအထံမှ (ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ) ပုစ္ဆာထုတ်မပေးဘူးဆိုတဲ့ အသံကို သူတို့ကြားကြပါသတဲ့၊ ဒီအကြောင်းကို ကော်မီတီလူကြီးများက တပည့်တော်ကို ပြောပြပြီး ပဌမနေ့ ပုစ္ဆာထုတ်ပေးဘို့ လျှောက်ကြပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ကကော ငြင်းနေသေးသလား။

**တပည့်တော်။** ။တပည့်တော်က မငြင်းပါဘူး, သူတို့ အားနဲ့နေတဲ့အခါ ကူညီရတာ အလွန် အရသာရှိပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်သူနဲ့အတူ ဘယ်နေရာမှာနေပြီး ထုတ်ရတုန်း။

**တပည့်တော်။** ။ဝိဇ္ဇာလင်္ကာရ အရှင်သုန္ဒရာဘိဝံသဆရာတော် အမှူးထားပြီး ပုစ္ဆာထုတ်ဘို့ လိုက်သွားပါတယ်၊ (နံနက်မေးခွန်းအတွက် ယနေ့လိုက လုံခြုံတဲ့ဌာနသွားပြီး ပုစ္ဆာထုတ်ရပါတယ်, မေးခွန်း မပေးမချင်း ဘယ်သူနဲ့မှ မတွေ့ရပါဘူး။)

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ရဲ့ပုစ္ဆာက ယခုပုစ္ဆာမျိုးဘဲလား။

**တပည့်တော်။** ။အများထုတ်နေတဲ့ ပရိယတ္တိပုစ္ဆာထုတ်ပုံကို တပည့်တော် မနှစ်သက်ပါဘူး၊ ထိုထုတ်နည်းက မန္တလေး စာပြောနည်းကို မူထားပြီး ဝါကျ တမျိုး နှစ်မျိုးလောက်နဲ့ ပုစ္ဆာဆယ်မျိုးဖြစ်အောင် ထုတ်တဲ့နည်းပါ၊ တပည့်တော်ကတော့ တကျမ်းလုံးတက်ပြီး- လေ့လာပြီး-ဟုတ်-မဟုတ် သိရအောင် ကျမ်းစာတကျမ်းလုံးရဲ့ ဆယ်နေရာလောက်မှ ထုတ်ယူပြီး ပုစ္ဆာဆယ်မျိုးဖြစ်အောင် ထုတ်တဲ့နည်း ဖြစ်ပါတယ်၊ အဲဒီအတိုင်း အဓိပ္ပါယ်နေ့မှာ ပုစ္ဆာထုတ်ပေးပါတယ်၊ တပည့်တော်ရဲ့နည်းဟာ ပုစ္ဆာထုတ်တဲ့ပုဂ္ဂိုလ်ဘက်က မလွယ်ပါဘူး၊ ဖြေတဲ့ဘက်ကတော့ တကျမ်းလုံးတက်ပြီးယင် လွယ်ပါတယ်၊ မတက်ရသေးဘဲ ခုန်ကျော်ပြီး လေ့လာထားသူအတွက်တော့ ခက်ပါတယ်၊ ဒါ့ကြောင့် ပဌမဆုံးကျင်းပတဲ့ စာချတန်း စာမေးပွဲတုန်းက တပည့်တော်ရဲ့ ရွေးသွားပြုထားတဲ့ ပုစ္ဆာကို နည်းမှီပြီး ဒီအတိုင်း ထုတ်ကြပါတယ်၊ သို့သော် ထိုနည်းကို ယခုအခါ အသုံးမပြုကြပါဘူး။

**ခမ္မဂုတ်**။ ။နောက်နေ့များအတွက်တော့ မန္တလေး စာချပုဂ္ဂိုလ်များက ပုစ္ဆာ ထုတ်ပေးကြရဲ့လား။

**ဘပည့်တော်**။ ။ပရိယတ္တိ (သက္ကျသီဟ) အသင်းမှာ ထုတ်နေကျ မဟုတ်တဲ့ ဆရာတော်များနဲ့ ( ထုတ်နေကျ ဖြစ်သော်လဲ ) အချို့ ဆရာတော်ကြီး များရဲ့ အားပေးမှုကြောင့် အားလုံး အထမြောက်ပါတယ်၊ တပည့်တော် ကိုတော့ ကော်မီတီများက ရင်းနှီးစွာ သဘောထားကြလို့ ထင်ပါရဲ့ ဂုဏ်ထူးတန်းအစ ( မဇ္ဈိမနိကာယ ) ပဏ္ဏာသနေ့မှာလဲ တပည့်တော်ကို တိုက်တွန်းလို့ စံကင်းဆရာတော်ဘုရားကို ရှေ့ဆောင်ပြုပြီး ပုစ္ဆာထုတ်ရ ပါသေးတယ်။

**ခမ္မဂုတ်**။ ။ပရိယတ္တိသာသနဟိတ အသင်းမှာတော့ ပုစ္ဆာမထုတ်ဖူးဘူးလား။

**တပည့်တော်**။ ။ခပ်ရှယ်ရှယ်တုန်းက အဘယာရာမဆရာတော်နဲ့ အတူ တခါ ထုတ်ဘူးပါတယ်၊ နေ့က သင်္ဂြိုဟ်နေ့ပါ၊ ပင့်တဲ့နေရာရောက်တော့ ဆိုင်ရာ စာအုပ်တွေကို ယူပေးပါတယ်၊ ဆရာတော်က အခြားစာကို ကြည့်နေပါ တယ်၊ ပုစ္ဆာထုတ်ဘို့တော့ တပည့်တော်တာဝန်လို့ သဘောထားဟန် တူပါတယ်၊ ဆရာတော်က ဘာမှ အမိန့်မရှိသော်လဲ တပည့်တော်ဘာသာ ပုစ္ဆာရေးနေပါတယ်၊ ဘာစာအုပ်မှ မကြည့်ပါဘူး။

**ခမ္မဂုတ်**။ ။ကိုယ်တော်က ဆရာတော်ကို ဘာမှ မတိုင်ပင်ဘူးလား။

**တပည့်တော်**။ ။ဘာမှ မတိုင်ပင်ပါဘူး, ပုစ္ဆာရေးပြီးမှ ဆရာတော်ကို(ပြင်လိုတာ ပြင်ရအောင်) ပြပါတယ်၊ ဆရာတော်က ကြည့်ပြီး "တော်ရောပေါ့"လို့ မိန့်ပါတယ်၊အကျိုးဆောင်ဒကာကြီးကကြည့်ပြီး"ပုစ္ဆာက လွယ်လွန်းမနေ ဘူးလား"လို့ ပြောတော့ ဆရာတော်က "မလွယ်ပါဘူးလေ, ဒါလောက် ကို ဖြေပါစေဦးတော့"လို့ မိန့်တော်မူတာနဲ့ အကျိုးဆောင်ဒကာကြီးလဲ ထပ်ပြီး မလျှောက်ပါဘူး။

**ခမ္မဂုတ်**။ ။အဲဒီဒကာကြီးက ဘုန်းကြီးလူထွက်မို့ ပုစ္ဆာရဲ့ အလွယ် အခက်ကို ဝေဘန်နိုင်တာလား။

**တပည့်တော်**။ ။ဘုန်းကြီးလူထွက်လဲ မဟုတ်ပါဘူး, အလွယ် အခက်လဲ သိမယ် မဟုတ်ပါဘူး၊ တပည့်တော်က ဘာစာအုပ်မှ မကြည့်ဘဲ ရေးလိုက်လို့ လွယ်တယ်ထင်တာပါ။

**ခမ္မဂုတ်။** ။ကိုယ်တော်ရဲ့ ပုစ္ဆာကကော မလွယ်ဘူးလား။

**တပည့်တော်။** ။တပည့်တော်ရဲ့ သဘောက "ပုစ္ဆာကို ခက်လဲ မခက်စေရ, လွယ်လဲ မလွယ်စေရ, စာကို ကောင်းကောင်းကြိုးစားထားတဲ့စာသင်သား မှန်ယင် ဖြေနိုင်စေရမယ်၊ ဒါ့ကြောင့် ကျမ်းဂန် တိုက်ရိုက်ရှိတာကိုသာမေးရမယ်၊ အာစရိယဝါဒကိုလဲ မမေးထိုက်, မိမိအထူးကြံထားတဲ့ အတ္တနောမတိကိုလဲ မမေးထိုက်"လို့ ယူဆပါတယ်၊ အများအသုံးပြုနေတဲ့ကျမ်းစာ၌ တိုက်ရိုက်မပါဘဲ အပို အာစရိယဝါဒ-အတ္တနောမတိတို့ကိုမေးယင် စာသင်သားတွေကို တမင်လာညှဉ်းဆဲရာရောက်ပြီး မိမိဖာစွမ်းပြရာလဲရောက်သောကြောင့် ရိုးသားသော သူတော်ကောင်းစိတ်လို့ မဆိုနိုင်၊ နောက်နောက်ဘဝမှာ ဝဋ်ပါနိုင်တယ်လို့ ယူဆပါတယ်၊ ဒါ့ကြောင့် ကျမ်းဂန်မှာ တိုက်ရိုက်မပါသောပုစ္ဆာကို တပည့်တော် မထုတ်ရပါဘူး၊ ဝဋ်လိုက်မှာ မကြောက်လို့ တပည့်တော် ထုတ်မိယင်လဲ တအုံနွေးနွေးနဲ့ ပူဆွေးမှုဝိပ္ပဋိသာရဖြစ်မှာ အမှန်ပါဘဲ။

**ခမ္မဂုတ်။** ။ဒီလိုဆိုတော့ ကိုယ်တော်တို့ ဆရာတပည့်ကို နောက်နှစ်မှာ ပင့်သေးသလား။

**တပည့်တော်။** ။မပင့်တော့ပါဘူး, တပည့်တော်တို့ကသဲ မပင့်လေ ဝမ်းမြောက်လေပါဘဲဘုရား။

**ခမ္မဂုတ်။** ။ကိုယ်တော်က အသက် ၄၀ ကျော်လာပြီ, ဂိုဏ်းအလုပ် တိုက်တာအလုပ်နဲ့ ကိုယ်ရေးကိုယ်တာ စာရေး-စာချ-တရားဟော အလုပ်များအပြင် အပိုအလုပ်များကိုလဲ တရံတခါ လုပ်ရသောကြောင့် အသက်ကြီးသလောက် အလုပ်လဲ ကြီးလာပြီ၊ ဒါ့ကြောင့် ကျမ်းစာအုပ်ရိုက်တဲ့အခါ ရှေးတုန်းကလို ပုံနှိပ်တိုက် နေ့စဉ်သွားပြီး ပြင်ဘို့ မသင့်တော်ဘူးထင်တယ်, နောက်နောက်စာအုပ်တွေအတွက် ဘယ်လိုများ စိတ်ကူးသလဲ။

**တပည့်တော်။** ။မှန်ပါတယ်၊ ပုံနှိပ်တိုက်သို့ နေ့စဉ်သွားလို့တော့ မသင့်တော့ပါဘူး၊ ဒါပေမဲ့ တပည့်တော်ကိုယ်တိုင် မကြည့်မရှုယင် မူဟောင်းကိုပင်စိတ်မချပါဘူး၊ ဒါ့ကြောင့် တပည့်တော်နေတဲ့ အနီးအပါးမှာ ပုံနှိပ်စက်ရှိမှ ဖြစ်တော့မယ်လို့ တာဝန်ယူပြီး ရိုက်နှိပ်နေတဲ့ အမလေးကို ပြောပါတယ်၊ ဒီအခါ သူ့နာမည်နဲ့ ပုံနှိပ်စက်တလုံးနဲ့ ဆိုင်ရာပစ္စည်းများကို ဝယ်ယူပါတယ်၊ ဒီအချိန်မှာ သုံးလို့ဖြစ်လောက်ရုံ စက်အဟောင်းကို ဝယ်ရတာပါ။

**ဓမ္မဂုတ်**။ ။ဝယ်တဲ့အခါ ကိုယ်တော်က ကြောင့်ကြမစိုက်ရဘူးလား။

**တပည့်တော်**။ ။အားလုံးကိစ္စမှာ တပည့်တော်ကကြားအနေနဲ့ ပါရပါတယ်၊ ပုံနှိပ်စက်ရှာမှု ဝယ်မှုနဲ့ စက်မှာအသုံးပြုတဲ့ ပစ္စည်းဝယ်မှုစတဲ့အလုပ်ကိုတော့ ထိုအချိန်မှာ အလုပ် – လုပ်ကြမည့် ဒါယကာ ဦးမောင်ကြီး၊ ဒါယကာ မောင်ထွန်း၊ ဒါယကာ မောင်ဖြေတို့က ကြောင့်ကြစိုက်ကြပါတယ်၊ ဦးမောင်ကြီးဆိုသူက အလွန်နားလည်တဲ့ စက်ဆရာကြီးပါ၊ သူဘဲ စက်အဟောင်းကိုရှာပြီး သူဘဲပြင်ပါတယ်၊ ရိုက်နှိပ်တော့လဲ သူဘဲရိုက်နှိပ်ပါတယ်၊ မောင်ထွန်း၊ မောင်ဖြေတို့က ပဌမတန်းစာလုံးရအောင် ရန်ကုန်သွားပြီး စာလုံးအသစ် မှာကြပါတယ်၊ အလုပ်–လုပ်တဲ့အခါ လခလဲ သူတို့သဘောအတိုင်း ဆုံးဖြတ်ပြီးယူကြပါတယ်၊ မောင်ဖြေက သူ့အတွက် ၅ ကျပ် လျော့ယူတော့ တပည့်တော်က "ဘာပြုလို့ လျော့ယူရသလဲ၊ မောင်ထွန်းလို ယူနိုင်သားဘဲ" ဟု ပြောလို့ အားလုံး ကျေနပ်တဲ့အပြင် ပျော်ပျော်ရွှင်ရွှင် လုပ်ကြပါတယ်။

**ဓမ္မဂုတ်**။ ။အလုပ်ဆိုင်ရာငွေကို ကိုယ်တော် စီမံသလား။

**တပည့်တော်**။ ။တပည့်တော်ကိုယ်တိုင် ငွေကိုဘာမှမစီမံပါဘူး၊ အမလေး ကိုယ်တိုင် စီမံတာပါ၊ နောက်တော့ နေရာတိုင်းမှာ အမလေးမပါနိုင်လို့ သူ့ရဲ့မောင်တဝမ်းကွဲတော်တဲ့ အိမ်ထောင်လဲမရှိသေးတဲ့ မောင်ကျော်ကို ခေါ်ယူထားပါတယ်၊ တပည့်တော်ရဲ့ တူဖြစ်တဲ့ မောင်အောင်ခန့်လဲ ကျောင်းနေယင်း မောင်ကျော်နဲ့အတူ စက်ထားတဲ့အိမ်မှာ နေကြပါတယ်၊ အမလေးကတော့ စစ်ကိုင်းချောင်မှာနေပြီး တခါတခါမှ စက်ကို လာပါတယ်။

**ဓမ္မဂုတ်**။ ။စက်ကို ဘယ်နေရာထားတုန်း။

**တပည့်တော်**။ ။အဘယာရာမတိုက်နဲ့ နီးတဲ့အရပ်ထဲမှာ ထားပါတယ်၊ အဲဒီ နေရာကတော့ အခြားလူမရှိတဲ့အိမ်မို့ တပည့်တော်နဲ့ လဲနီးတာနဲ့ နေ့စဉ်သွားပြီးပြင်ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ အချိန်မှာ အဘယာရာမဆရာတော်ကော ရှိရဲ့လား။

**တပည့်တော်**။ ။အဲဒီနှစ်ဝါမှာ မော်လမြိုင် သစ်တောပိုင်သဌေး ဦးဖိုးတုန်က တိုက်သစ်တည်ပြီး ဆရာတော်ကိုပင့်လို့ ဆရာတော်က မော်လမြိုင်မှာ ဝါဆိုပါတယ်။

**ခမ္မဂုတ်**။ ။ဆရာတော်ရှိယင် အဲဒီစက်ကို သဘောတူပါ့မလား။

**တပည့်တော်**။ ။ဆရာတော်ကိုယ်တိုင် အဲဒီအချိန်မှာ ကျမ်းစာရိုက်မှုနဲ့ စပ်ပြီး အခက်အခဲတွေနေတုန်းဖြစ်လို့ ဆရာတော်ရှိလဲ သဘောတူမယ်လို့ ထင်ပါတယ်၊ ဆရာတော်ရဲ့စာအုပ်များလဲ အခါအားလျော်စွာ ရိုက်ရမှာပါဘဲ၊ တပည့်တော်တို့ ကျမ်းရေးပုဂ္ဂိုလ်များဟာ မိမိရေးပြီးတဲ့ ကျမ်းစာကလေးကို ရိုက်နှိပ်ပြီး စာအုပ်ဖြစ်ချင်တဲ့စေတနာ တခုပါဘဲ၊ ငွေရဘို့တွေဘာတွေ လုံးလုံးမစဉ်းစားပါဘူး။

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင် ပုံနှိပ်တိုက်ကို စာမူအပိုင် ပေးလိုက်ကြပါ့လား။

**တပည့်တော်**။ ။အရှင်ဘုရားက စိတ်ကူးနဲ့ ပြောတော့ အလွယ်ကလေးရယ်, များသောအားဖြင့် စာအုပ်ဆိုတာ ရိုက်ပြီး-ပြီးချင်း တွင်တာ မဟုတ်ပါဘူး၊ ကောင်းတာတောင် အတော်ကြာမှ တွင်ပါတယ်၊ ဒီတော့ ပုံနှိပ်တိုက်ရှင်ကြီးတွေက မရိုက်လိုကြပါဘူး၊ အဘယာရာမ ဆရာတော်ရဲ့ ပဋ္ဌာနိဿယကို ပုံနှိပ်စက်တခုက ရိုက်ပေးဘို့အတွက် တွင်ကျယ်နေတဲ့ အဘိဓာန်နိဿယကို ရိုက်ခွင့်ပေးရပါသေးတယ်၊ အချုပ်မှာတော့ တွင်ပုံမရတဲ့စာအုပ်သစ်ကို ပုံနှိပ်စက်တိုင်းကဘဲ တာဝန်ခံပြီးရိုက်နှိပ်ဘို့ ဝန်လေးကြပါတယ်၊ တွင်ကျယ်နေတဲ့စာအုပ်ကိုတော့ ဘယ်တိုက်ကမဆို ရိုက်လိုကြပါတယ်၊ ဒါ့ကြောင့်“စာရေးပုဂ္ဂိုလ်တိုင်းမှာ နောက်ထောက်ကျောခံ ဒကာ - ဒကာမပေါတဲ့ ဓမ္မကထိကဖြစ်မှသာ လွယ်ကူစရာရှိတယ်” လို့ မှတ်ချက်ချထိုက်ပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော့်မှာ ကျမ်းစာအုပ်ကလဲ အတော်များနေပြီ၊ တာဝန်ခံပြီး ရိုက်နှိပ်တဲ့သူကလဲ ညီရဲ့ ရဟန်းအမသွီးဖြစ်တယ်၊ သူ့မှာလဲ ကိုယ်တော့် စာအုပ်များကိုရိုက်ဘို့ ပုံနှိပ်စက်ရှိပြီ၊ ဒီလိုဆိုယင် ကိုယ်တော့်ကို အများက “လူထွက်တော့မှာဘဲ”လို့ ထင်ကြလိမ့်မယ်ဆိုတာ မတွေးမိဘူးလား။

**တပည့်တော်**။ ။တွေးနေဘို့ မလိုပါဘူး, အများက ဒီအတိုင်း ထင်ကြေးပေး နေကြတယ်ဆိုတာ သိပါတယ်။

**ခမ္မဂုတ်**။ ။သိရက်သားနဲ့ ဘာပြုလို့ ဒီလမ်းစဉ်အတိုင်းလုပ်ရတုန်း, ရှေးတုန်းက ရှပ်သေးမင်းသား ဦးဘကျော့ သီဆိုတဲ့“အပြစ်တင်မစောနဲ့ ပြောပြမယ်နော်, သကၤာရှင်းအောင် လင်းခဲ့မယ်နော်” သီချင်းလို သူတပါးတို့ရဲ့ မယုံသင်္ကာဖြစ်နေတာတွေ ရှင်းအောင် လင်းစမ်းပါအုံး ကိုယ်တော်။

**တပည့်တော်။** ။ဒီလမ်းစဉ်အတိုင်းမလုပ်ယင် ရှိသမျှ ဒကာ–ဒကာမတွေအသာ ရသမျှငွေအလှူခံပြီး စာအုပ်ရိုက်ရပါလိမ့်မယ်၊ ဒီလိုဆိုယင်ကုသိုလ်ပါရမီ တိုးပွားအောင် ကျမ်းစာရေးရာက ဝိနည်းတော်ကို ဖေါက်ဖျက်ရာရောက် ပြီး အကုသိုလ်တွေတိုးပွားမှာပေါ့ဘုရား၊ ဒီလိုမဖြစ်အောင်လို့ ဒီလမ်းကို လိုက်ရတာပါ။

**ခမ္မဂုတ်** ။ ။ တော်တော်တွင်နေတဲ့ စာအုပ်တွေကို ပုံနှိပ်စက်ရှင်များအား ရိုက်ခွင့်ပေးလိုက်ပါ့လား။

**တပည့်တော်။** ။မတွင်တဲ့ စာအုပ်ကျတော့ ကိုယ်တော့်အဖေတွေက ရိုက်ပေး မှာတဲ့လား။

**ခမ္မဂုတ်။** ။မသိပါဘူး ကိုယ်တော်, သူများ မပြောနိုင်အောင် စဉ်းစားရ တာပါ။

**တပည့်တော်။** ။တပည့်တော် အယူအဆက တမျိုးဘဲ, သူများပြောတာဟာ သူများပြောတာဘဲဖြစ်ပြီး, ကိုယ်လုပ်တာက ဟုတ်မှန်ဘို့ အရေးကြီးပါ တယ်၊ ကိုယ်လုပ်တာကမှန်နေယင် အတော်ကြာတဲ့အခါ ပြောတဲ့သူတွေ ပါးစပ်ပိတ်ရမှာဘဲလို့ ယူဆထားပါတယ်၊ ဒီပြင်လဲ တပည့်တော်ကို "လူထွက်တော့မှာဘဲ" လို့ ထင်ကြေးပေးနေတဲ့သူတွေဟာ ကိုယ်နဲ့နှိုင်းပြီး ပြောကြတာဖြစ်တယ်၊ သူတို့သာ ဒီလိုစုံနေယင် လူထွက်မှာ ကေန်မို့ တပည့်တော်ကိုလဲ သူတို့လိုထင်ပြီး ပြောကြတာဖြစ်တယ်၊ ဒီတော့ တပည့် တော်က သူတို့ထင်သလိုမဟုတ်တဲ့အခါ သာသနာစိတ် ကြီးမားကြောင်း ကို သူတို့နားလည်သွားကြမှာပေါ့။

**ခမ္မဂုတ်။** ။ကိုယ်တော်ကတော့ လောကဘက်မှာ ဘယ်လောက်ပြည့်စုံပြည့်စုံ လူမထွက်မှာတော့ သေချာရဲ့နော်။

**တပည့်တော်** ။ ။ ဒီအတွက် အဖြေပေးပြီးဖြစ်အောင်လို့ တပည့်တော်နဲ့ ငယ်ငယ်တုန်းက ရင်းနှီးခင်မင်နေတဲ့ အထက်တန်း အမျိုးသမီးတွေကို ဖေါ်ပြောခဲ့တာဖြစ်ပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်က လောကီအာရုံကို ဒါလောက် ရှောင်နိုင်အောင် အာသဝေါကုန်ခန်းပြီးမို့လား။

**တပည့်တော်။** ။ဘယ်ဟုတ်မလဲ, တပည့်တော်ကိုယ်ဝန်ရှိတုန်းက အမေမက်တဲ့ အိပ်မက်ကိုယ်က တပည့်တော်ကို သာသနာ့ဝန်ဆောင်ဘို့ နိမိတ်ပါနေ တာရယ်, ပညာသင်တဲ့အခါ အထက်တန်းဆရာများက အရေးတယူ သင်ပေးကြတာရယ်, သင်ပေးတဲ့အတိုင်းလဲ အထမြောက်တာရယ်, အဲဒီ အချက်တွေ ကောက်ချက်ချပြီး ငါဟာ သာသနာ့တာဝန်ကို ဆောင်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်လို့ ယုံကြည်ထားပြီး လောကီအာရုံတွေကို ရှောင်ရတာ ပါ၊ စိတ်ရင်းကတော့ ဘယ်ရှောင်ချင်မှာလဲ, အရှင်ဘုရားလို ခံစားချင် တာပေါ့။

**ဓမ္မဂုတ်။** ။အဲဒီလို အများကကဲ့ရဲ့ကြတော့ မော်လမြိုင်မှာ သီတင်းသုံးတော် မူနေသော အဘယာရာမဆရာတော်က မကြားပေဘူးလား။

**တပည့်တော်။** ။ကြားမှာပေါ့ဘုရား, တချို့က ခရီးကြုံသလိုလိုနဲ့ တမင် ကလာသွားပြီး လျှောက်ကြဟန်တူပါတယ်၊ စာအုပ်ရိုက်နှိပ်ရတဲ့ ကိစ္စမှာ ဆရာတော်ကိုယ်တိုင် အခက်အခဲနဲ့ တွေ့ခဲ့တာကို တပည့်တော်သိပါတယ်၊ ဒါ့ကြောင့် ဆရာတော်ရှိလဲ ပုံနှိပ်စက်ဝယ်တဲ့ကိစ္စကို ဆရာတော်အား သိအောင် လျှောက်မှာပါဘဲ, ပုံနှိပ်စက်မဝယ်မီ မော်လမြိုင် မကြွခင်ကဘဲ အဘယာရာမဆရာတော့် အထံမှာ ပစ်စာတွေရောက်လို့ ဆရာတော်က တပည့်တော်ကို ပြပါတယ်။

**ဓမ္မဂုတ်။** ။ဆရာတော်က ပစ်စာကိုပြပြီး ဘာအမိန့်ရှိတုန်း။

**တပည့်တော်။** ။သူတို့စာထဲမှာ တပည့်တော်ဟာ စစ်ကိုင်းဘက်သွားတဲ့အခါ အမလေးရှိတဲ့စရပ်မှာ ညဥ့်အိပ်တယ်လို့ ရေးပါတယ်, ပခုက္ကူက ဖျားပြီး ပြန်လာတုန်းမှာ ဒေါ်လေးတို့စရပ်တွင် တညဥ့်သာ အိပ်ဘူးပါတယ်၊ အဲဒီကလဲ့ယင် သီလရှင်စရပ်မှာ တညဥ့်မှ မအိပ်ဘူးပါ, ဒီအကြောင်းကို လျှောက်တဲ့အပြင် တပည့်တော်ကို ကျမ်းစာအုပ်တွေရိုက်ဖြစ်အောင် ကူညီ တဲ့သူကို တပည့်တော်ကလဲ အရေးတယူခင်တယ်၊ ဒါပေမဲ့ တပည့်တော်မှာ လူထွက်ဘို့ ရည်ရွယ်ချက်မရှိတဲ့အကြောင်းကို လျှောက်တော့ "သူများ အထင်မလွဲအောင်နေဘို့" သတိပေးပါတယ်၊ ဒါ့ကြောင့် ဆရာတော်က တပည့်တော်အပေါ်မှာ အထင်မသေး, အထင်မလွဲပါဘူး။

**ဓမ္မဂုတ်။** ။အဲဒီတုန်းက သတင်းဖြစ်နေတာကတော့ ဆရာတော်က ကိုယ်တော့် ကို "မော်လမြိုင်ကနေပြီး နှင်တယ်"လို့ ဖြစ်နေတာဘဲ, ဟုတ်သလား။

**တပည့်တော်**။ ။တပည့်တော်ကို အဘယာရာမတိုက်ခေါ်လာတာက တပည့်အဖြစ်နဲ့ ခေါ်လာတာ မဟုတ်ပါဘူး, ဆရာတော်က တဂိုဏ်းလုံးရဲ့ နာယကမို့ ဝိသုဒ္ဓါရုံတိုက်သို့ ပြန်တဲ့အခါ အဘယာရာမတိုက် အုပ်ချုပ်ရစ်ဘို့ ခေါ်လာတာပါ၊ သီဟိုဠ်က ဆရာတော်များကြွလာတဲ့အခါ၊တပည့်တော်ကို "ဥပါစရိယ=ဒုတိယဆရာတော်" လို့ အမိန့်ရှိပါတယ်, တပည့်တော်ကို မနှင်ပါဘူး, ဆရာတော့်တိုက်မှာ နေရစ်တဲ့ ဦးပဥ္စင်းတချို့ကိုတော့ နှင်ဟန်တူပါတယ်၊ တပည့်တော်နဲ့ မဆိုင်ပါဘူး။

**ခမ္မဂုတ်**။ ။ပြီးတော့, ပုံနှိပ်စက်ဝယ်ပြီးတဲ့အခါ ကျောင်းတိုက်အမကြီးကလဲ ကိုယ်တော်ရဲ့လုပ်ပုံကို မကျေနပ်ဘူးဆို။

**တပည့်တော်**။ ။ဒီကိစ္စကို စောစောကတဲ တပည့်တော်ကြားပါတယ်, ဒါပေမဲ့ တိုက်ခိုက်သူရှိယင်တော့ နဲနဲပါးပါး လုပ်ချင်လုပ်မှာပေါ့၊ တိုက်အမကြီးက တပည့်တော်နဲ့ သူရဲ့ဆုံးသွားတဲ့ သားအကြီးနဲ့ သက်တူရွယ်တူမို့ တပည့်တော်ကို သားတယောက်လို သဘောထားကြောင်းကို ပြောင်းရွှေ့ခါနီးမှာ ပြောပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော့်ကို ဘယ်သူကမှ တိုက်ခိုက်တော့ မပြောကြ,မလျှောက်ကြဘူးလား။

**တပည့်တော်**။ ။ဒီလို ပြောသံဆိုသံတွေ လျှံလာတဲ့အခါ ကျောင်းအမကြီးရဲ့ ဆွေမျိုးတော်စပ်တဲ့ ပွဲစားကြီး ဦးမြမောင်နဲ့ သားမက်ဖြစ်တဲ့ ဝတ်လုံ ဦးဘကြည်တို့ ရောက်လာကြပါတယ်၊ သူတို့က "ဝယ်ပြီးတဲ့ ပုံနှိပ်စက်ကို ကုန်ကျသမျှပေးပြီး ယူပါ့မယ်, တပည့်တော်ရိုက်ချင်တဲ့စာအုပ်ကို ရိုက်ဘို့ ရန်အတွက် သူတို့ အသင်းဖွဲ့ထားပါ့မယ်"တဲ့။

**ခမ္မဂုတ်**။ ။ဒီတော့ ကိုယ်တော်က ခွင့်မပြုလိုက်ဘူးလား, ကောင်းတော့လဲ ကောင်းသားဘဲ။

**တပည့်တော်**။ ။"စောစောကသာ ဒီလို အသင်းဖွဲ့ထားယင် အလွန်ကောင်းမှာဘဲ, ယခုတော့ သူတပါးဝယ်ပြီးမှ ပြန်ယူပြီး တမျိုးစီစဉ်တယ်ဆိုတော့ မူလဥစ္စာရှင်မှာ စိတ်ကောင်းနိုင်စရာမရှိတော့ဘူး"လို့ ပြောလိုက်ပါတယ်၊ (စက်ဝယ်တုန်းကလဲ အဲဒီ ဦးမြမောင်က အသိသက်သေလုပ်ပြီး သူဘဲ စကားပြောပါတယ်, မဟာဂန္ဓာရုံ ချမ်းအေးဆရာတော်ကြီးရဲ့ ဒကာရင်းဖြစ်လို့ တပည့်တော်နဲ့လဲ ရင်းနှီးပါတယ်။)

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင် ကိုယ်တော့်အလုပ်ကို တချို့က မကျေနပ်ဘူးပေါ့၊ မကျေနပ်ဘဲနဲ့ ကိုယ်တော်က မသိဟန်ဆောင်ပြီး နေမြဲ နေရောလား။

**တပည့်တော်**။ ။တပည့်တော်ရဲ့အလုပ်ကို စောစောကတော့ ဘယ်သူမှ ကူညီဖေါ် မရခဲ့ကြဘဲ အခြားနည်းလမ်းမရှိလို့ ဝိနည်းတော်နဲ့လဲ မဆန့်ကျင်ရအောင် ဖြစ်သလိုလုပ်ခါမှ သူများက မကျေနပ်ယင် “ငါ့စိတ်တိုင်းကျလုပ်ရမဲ့အရပ်ကိုရွှေ့မယ်”လို့ ဆုံးဖြတ်ပြီး ကျောင်းမှာရှိတဲ့ တပည့်တွေကို အကျိုးအကြောင်းပြောကာ “အလိုရှိရာ သွားကြတို့ , မိမိသွားတဲ့နေရာလိုက်လာလို့ရှိယင် ယခုထက် ပိုပြီး စည်းကမ်းကြီးလိမ့်မယ်”လို့ ပြောလိုက်ပါတယ်။

**ခမ္မဂုတ်**။ ။ဒီအကြောင်းကို အခြားဆရာတော်များလဲ မကြားဘူးလား။

**တပည့်တော်**။ ။ ဒီအကြောင်းကို တပည့်များမှတဆင့် ဝိသုဒ္ဓါရုံတိုက်ကသံတော်ဆင့် ဆရာတော်ကြီး ကြားလို့ ခေါ်ပြောပါတယ်၊ “ဦးဇနက.... တခြားမသွားပါနဲ့ , နာမည်ပျက်ကုန်ပါလိမ့်မယ်” တဲ့။

**ဓမ္မဂုတ်**။ ။ဒီတော့ ကိုယ်တော်က ဘယ်လိုပြန်ပြီး လျှောက်သလဲ။

**တပည့်တော်**။ ။ ဆရာတော်ဘုရားက အကျိုးလိုလားတော်မူလို့ ခေါ်ပြီး အမိန့်ရှိတော်မူတာကို ဝမ်းမြောက်ပါတယ်ဘုရား၊ ဒါပေမဲ့ တပည့်တော်မှာ နာမည်ကြီးပြီး အလုပ်က မျှစးလွန်းပါတယ်၊ “တပည့်တော်ရဲ့နာမည်ဟာ အထိုက်အလိုက် လျော့သွားမှ တပည့်တော် သက်သာမည် ထင်ပါတယ်”လို့ လျှောက်ပါတယ်၊ အမှန်လဲ တပည့်တော်မှာ အလုပ်များလွန်းနေပါတယ်၊ ယခုလို မဟုတ်တာတွေ ပြောကြတော့လဲ ဖေးဖေးမမ ကူမဲ့သူမရှိပါဘူး၊ ဒါ့ကြောင့်“သာသနာတော်ကို ကြီးကြီးကျယ်ကျယ် မဆောင်ရချင် ရှိပါစေတော့ , စာရေး—စာချပြီး အေးအေးဘဲ နေတော့မယ်”လို့ စိတ်ကို ဆုံးဖြတ်လိုက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်ရွှေ့ဘို့ ဆုံးဖြတ်သလဲ။

**တပည့်တော်**။ ။အမရပူရမြို့ မဟာဂန္ဓာရုံတိုက်ရွှေ့ဘို့ ရည်ရွယ်ပါတယ်၊ ထိုတိုက်က ကမ္မဋ္ဌာန်းကျောင်းတိုက်ဖြစ်၍ သံဃာ ၄ ပါးလောက်သာ ရှိပါတယ်၊ တပည့်တော်ရဲ့ ရဟန်းအမကြီးများမိဘတို့ စတည်တဲ့ကျောင်းတိုက်ဖြစ်ပါတယ်၊ ဒုတိယအကြိမ် တပည့်တော် ရဟန်းထပ်တဲ့နေရာလဲ ဖြစ်ပါ

တယ်၊ အမွေခံ ရဟန်းအမလေးလဲ ရှိပါသေးတယ်၊ ဒါ့ကြောင့် ရဟန်း အမလေးကို အကျိုးအကြောင်း ပြောတော့ "ဦးပဥ္စင်း ပြောင်းလာယင် ဝမ်းသာတာဘဲ ၊ ဦးပဥ္စင်းဟာ လူထွက်လာတောင် အကိုကြီးဘဲ "လို့ ရင်းနှီးစွာ ပြောပါတယ်၊ ဒီနောက် အတီသုခဆရာတော်ကြီးကို လျှောက် တော့လဲ ငယ်ဆရာလိုဖြစ်နေလို့ ဝမ်းမြောက်တဲ့အကြောင်းကို အမိန့်ရှိပါ တယ်၊ ပြောင်းခါနီး နောက်တကြိမ် လာဖူးတဲ့အခါ " ဂန္ဓာရုံတိုက်တော့ ကြီးပွားတော့မှာဘဲ ၊ နိမိတ်တွေ သိပ်ကောင်းတာဘဲ " လို့ အလွန် ဝမ်းမြောက်တဲ့လက္ခဏာဖြင့် အမိန့်ရှိပါတယ်။

**ခမွှဂုတ်။** ။ဒီလိုဆိုယင် ပြောင်းရွှေ့ဘို့ သေချာသွားတာပေါ့နော်။

**ဘပည့်တော်။** ။တပည့်တော်ဟာ အလုပ်တခုကို နောက်ဆုတ်လေ့မရှိခဲ့ပါဘူး၊ ဖြစ်တဲ့နည်းနဲ့ ရှေ့တိုးလေ့ ရှိပါတယ်၊ တပည့်တော် အဘယာရာမတိုက်မှ ထွက်ခဲ့တဲ့အခါ " နာမည်ပျက်လိမ့်မယ် " ဆိုတာ သိပါတယ်၊ ဗမာပြည် ကလေးလောက် မွှေးတဲ့နာမည်ကို " ဧရာမ နာမည်ကြီး "လို့ မယူဆပါ ဘူး၊ နာမည်ဆိုတာ လူက ဖြစ်တာပါ၊ လူကဟုတ်ယင် နာမည်ဆိုတာ ဖြစ်လာမှာပါဘဲ၊ နာမည်ပျက်ချင်ပျက်ပါစေ၊ "ကုသိုလ်ရအောင်နေမယ်၊ စိတ်အေးအေး နေမယ်" လို့ နာမည်ကို အနာခံပြီး စိတ်ချမ်းသာမည့် လမ်းကို လိုက်ရခြင်း ဖြစ်ပါတယ်။

**ခမွှဂုတ်။** ။ပြောင်းမယ်ဆိုတာ သေချာတော့ ဘယ်သူများ လာသေးတုန်း။

**တပည့်တော်။** ။မပြောင်းမီ ရက်တော်တော်ဝေးတုန်းက မန္တလေးမှာ ကိစ္စ ရှိလို့ ကြွလာတဲ့ ပခုက္ကူမှ ယခု မဟာရဋ္ဌဂုရုဆရာတော်ဘုရားကြီး တပည့် တော်ကျောင်း ကြွပြီး ညအိပ်တော်မူပါတယ်၊ ဒီအခါ တပည့်တော်က တောင်မြို့ရွှေ့မဲ့အကြောင်းကို အတော်စုံစုံ လျှောက်လိုက်ပါတယ်၊ ဆရာ တော်က ဘာမျှ အထူး မိန့်တော်မမူပါဘူး။

**ခမွှဂုတ်။** ။နောက်တရက် ရွှေ့မယ်ဆိုတော့ ဘယ်သူများ လာကြတုန်း။

**ဘပည့်တော် ။** ။နောက်တရက် ရွှေ့မယ်ဆိုတော့ တိုက်အမကြီးနဲ့ သ္မီး ရောက်လာပါတယ်၊ ဒီအခါ မရွှေ့ဘို့ လျှောက်ပါတယ်၊ "ဒကာမကြီးက ဦးပဥ္စင်း လုပ်ပုံတွေကို မကျေနပ်ဘူးဆို " , " မကျေနပ်ဆိုတာ သားကို မကျေနပ်တဲ့ မကျေနပ်မျိုးပါ၊ စိမ်းကားတဲ့ မကျေနပ်မျိုး မဟုတ်ပါဘူး" လို့ ပြောပါတယ်၊ " ခုတော့ အားလုံး ပြင်ဆင်ပြီးပြီ " လို့ ပြောတော

"သီတင်းကျွတ်ယင် ပြန်ကြွခဲ့ပါ"လို့ လျှောက်ပါတယ်၊ ကျောင်းအမကြီးက အမှန်လဲ စိတ်ထဲမှာရင်းနှီးဟန်တူပါတယ်၊ နောက်လဲ တပည့်တော်က အမရပူရမှာ နေသော်လဲ သူ့မြေးတွေ ရှင်ပြုအလှူလုပ်တဲ့အခါ တပည့်တော်ကို ရေစက်ချပေးဘို့လျှောက်ပါတယ်၊ သို့နဲ့ သမက်ကလဲ ယခုအထိ တပည့်တော်ကို ဆွေမျိုးလို့ ယူဆနေတာကို သိရပါတယ်။

**ခမ္မဂုတ်။** ။ဘုန်းတော်ကြီးထဲကတော့ ဘယ်ဆရာတော်များ ကြွလာပြီး ဘာများ အမိန့်ရှိကြသေးသလဲ။

**တပည့်တော်။** ။မပြောင်းမီ ညနေမှာ စည်ရှင်ဆရာတော် ကြွလာပါသေးတယ်၊ ဝမ်းနဲစကားကို အမိန့်ရှိပါတယ်၊ ညအခါ တိုက်အုပ်ဆရာတော်ဆီ သွားပါတယ်၊ ဆရာတော်က ဝမ်းနဲစကား ပြောပြီးတော့ "ဦးဇနကလို စွယ်စုံပုဂ္ဂိုလ် ရှားပါတယ်"လို့ ပြောပါတယ်။

**ခမ္မဂုတ်။** ။ပြောင်းမည့်နံနက် ဘယ်သူတွေ လာကြသေးလဲ။

**တပည့်တော်။** ။ပြောင်းရွှေ့မဲ့နံနက် ပြောင်းခါနီးမှာ ဝိဇ္ဇာလင်္ကာရ အရှင်သုန္ဒရာဘိဝံသဆရာတော်ကြွလာပါတယ်၊ အဲဒီဆရာတော်နဲ့တော့ ရင်းရင်းနှီးနှီး စကားပြောနေကျ ဖြစ်ပါတယ်၊ ဆရာတော်က "နောက် အဘယာရာမ ပြန်လာဘို့ ရည်ရွယ်သေးသလား"လို့ မေးပါတယ်၊ "မရည်ရွယ်ပါဘူး, ပြန်နေယင် ဝိသုဒ္ဓါရုံနေမှာပါ"လို့ လျှောက်ပါတယ်၊ "မော်လမြိုင်က အဘယာရာမဆရာတော် သိပြီးပြီလား"လို့ မေးတော့, ယနေ့ နံနက်ဘဲ တရားဝင်ဖြစ်အောင် ရေစစ်တြိုလုပ်ပြီး စာ ဆက်ကပ်လိုက်ပါတယ်လို့ လျှောက်ပါတယ်။

**ခမ္မဂုတ်။** ။ထွက်တော်မူ နန်းကခွါပုံကလေး ပြောစမ်းပါအုံး, နောက်လိုက် တပည့်သံဃာက ဘယ်နှစ်ပါးပါတုန်း။

**တပည့်တော်။** ။တပည့်ကိုရင် ၂ ပါး, ဦးပဥ္စင်း ၁ ပါး ပါပါတယ်၊ သူတို့က အယင် ရွှေ့နှင့်ပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော့်ကို ဘယ်သူတွေက လိုက်ပို့ပြီး, ဘယ်သူတွေက လာကြိုကြတုန်း။

**တပည့်တော်။** ။အဟမ်း....အဟမ်း။

**ခမ္မဂုတ်။** ။ပြောသာပြောပါကိုယ်တော်, ကိုယ်တော်က သဒ္ဒေး ဒကာ ဒကာမ တွေနှင့် သိန်းတန် သောင်းတန် တိုက်ကြီးတွေကို ခွဲရမှာမို့ ရင်ထဲ ဆို့နေ သလား။

**တပည့်တော်။** ။ရင်ထဲ မဆို့ပါဘူး, အရှင်ဘုရားက "ဘယ်သူတွေက ပို့လို့ ဘယ်သူတွေက ကြိုကြသလဲ" မေးတော့ အဖြေခက်လွန်းလို့ပါ။

**ခမ္မဂုတ်။** ။မှန်တာပြော သစ္စာတဲ့, မှန်တဲ့အတိုင်းသာ ပြောပေါ့။

**တပည့်တော်။** ။"အင်း....တယောက်မှလဲ လာမကြို, တယောက်မှလဲ လိုက် မပို့ပါဘူး" ကြွားတယ်လို့များ ထင်သလား။

**ခမ္မဂုတ်။** ။"ကောင်းတယ်ကိုယ်တော်, ရှုဆိုတာ ဒီလိုမှတ်တမ်းတင်စရာရှိမှ လုံ့လဝီရိယ တိုးတက်တယ်" ကိုယ်တော်တပါးထဲ ပစ္စည်းတွေ ဘယ်လို သယ်တုန်း။

**တပည့်တော်။** ။ကျောင်းမှာရှိသေးတဲ့ ဦးပဉ္ဇင်းက လှည်းငါးစီး ငှားထား ပါတယ်၊ အဲဒီ လှည်းတွေပေါ်မှာ အမြဲ အသုံးပြုနေတဲ့ စာအုပ်တွေ, ကုလားထိုင်တွေ, ဘီဒိုတွေ, စာချတဲ့အခါမှာ စာသင်သားများထိုင်တဲ့ ခုံတန်းလျားများကိုတင်ပြီး အယင်လွှတ်လိုက်ပါတယ်၊ နောက်မှ တပည့် တော်က လမ်းပြေးကားနဲ့ လိုက်သွားပါတယ်။

**ခမ္မဂုတ်။** ။ဒီအခါ ကိုယ်တော်ရဲ့ စိတ်ဟာ ဘယ်လိုနေသလဲ, ဝမ်းမနဲဘူးလား။

**တပည့်တော်။** ။တပည့်တော့်စိတ်ဟာ သူများဆင်းရဲတာကို(အထူးအားဖြင့် ကိုယ်နှင့်စပ်ရာ ဆင်းရဲတာကို) မြင်တဲ့အခါ စိတ်မချမ်းမသာ ဖြစ်တတ်ပါ တယ်၊ ကိုယ်ဆင်းရဲတဲ့ အခါတော့ ဘာမှ ထင်ထင်ရှားရှား မဖြစ်တတ် ပါဘူး၊ ကြီးကျယ်ခမ်းနားစွာ အကျိုးရတဲ့အခါလဲ ရှိခဲ့ပါတယ်, ဝမ်းလဲ မသာလှပါဘူး။

**ခမ္မဂုတ်။** ။ဒီလိုဆိုတော့ တော်သေးတာပေါ့နော်၊ အမရပူရ ရောက်တော့ နေရ စားရပုံ ဘယ်လိုတုန်း။

**တပည့်တော်။** ။ဦးပဉ္ဇင်း, ကိုရင်များက သူတို့ဘာသာစားပြီး, တပည့်တော် တော့ အတိသုခဆရာတော်ကြီးနဲ့ ရက်တော်တော်ကြာ အတူစားပါ တယ်၊ ဝါဆိုခါနီးလောက်ကျတော့ အမလေး ( စာအုပ်တာဝန်ခံ ) နဲ့ အဖေါ်တယောက် ရောက်လာလို့ တပည့်တော်လဲ နံနက်ဆွမ်းစား,

နောက်အတော်ကြာတော့ သံဃာများလဲ နံနက်ဆွမ်းစားပြီး နေ့အတွက် ဆွမ်းခံကြပါတယ်၊ ဒီအချိန်မှာ တိုက်ဒကာကြီး ရှိသေးလို့ တိုက်ဒကာကြီး-တိုက်အမကြီးများက ဆွမ်းဟင်း တော်တော်များများ ပို့ပါတယ်၊ ဝါတွင်းမှာ တပည့်သံဃာ ၇ ပါးလောက် ရှိပါတယ်။

**ဓမ္မဂုတ်**။ ။အနေတော့ ဘယ်လိုနေရတုန်း။

**တပည့်တော်**။ ။ရှိတဲ့တိုက် ၂ လုံးမှာ သက်တော်ကြီး ဆရာတော် ၂ ပါးက နေလို့ တပည့်တော်တော့ ကျောင်းအိုတဆောင်မှာ ဘုန်းတော်ကြီး ဦးကောဏ္ဍညနှင့် အတူနေရပါတယ်၊ နေ့နေ့တော့ စာရေး စာချဘို့ရာ အဲဒီ ကျောင်းရဲ့ အောက်ထပ်မှာ ဝါးထရံကာထားရပါတယ်၊ တပည့်များတော့ စေတီရဲ့ တောင်ဘက်မှာ တောထွက် ကိုယ်တော်ကြီးနဲ့ အတူ တထပ်တိုက်ပြားကလေးမှာ နေကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့ ဆရာတပည့် အားလုံးဘဲ အနေရော-အစားပါ အရာရာ မပြည့်စုံလှဘူးပေါ့နော်။

**တပည့်တော်**။ ။မပြည့်စုံသော်လဲ နေသာ စားသာ ပါတယ်ဘုရား၊ ဒါပေမဲ့ ပလိပ်ရဟန်းအမ ဒကာမပုရဲ့ မောင်ဝမ်းကွဲတော်တဲ့ တပည့်တော်ကို ဆွေမျိုးလို ကြည်ညိုနေတဲ့ ဆည်ရွာကသူကြီး "ဦးဆွဲ" လာတော့ အရာရာ ကြည့်ပြီး ဝမ်းနဲ့ဟန်တူပါရဲ့၊ ပြန်သွားတဲ့အခါ လမ်းရောက်တော့ သူ့သမီးနဲ့ နှမများကို "ဂုဏ်နဲ့ မလိုက်ပါဘူးကွာ" လို့ ပြောပါသတဲ့။

**ဓမ္မဂုတ်**။ ။ဟုတ်သွားဘဲကိုယ်တော်, ကိုယ်တော်ရဲ့ဂုဏ်နဲ့ လိုက်မှမလိုက်ဘဲ။

**တပည့်တော်**။ ။ တပည့်တော်ကတော့ "ဂုဏ်နဲ့ခြင်း ဟပ်တယ် မဟပ်ဘူး" ဆိုတာကို မစဉ်းစားမိပါဘူး, ဖြစ်သလို လမ်းသွားနိုင်ပါတယ်၊ ပြီးတော့လဲ အရာရာအောက်ကျခံပြီး ကုသိုလ်ရရနေမယ်လို့ ဆုံးဖြတ်ထားပါတယ်၊ ဒီလောကကြီးကိုရော, လောကထဲက ရဟန်းတချို့-လူတချို့ ကိုရော အထင်မကြီးပါဘူး၊ ဂုဏ်ပကာသနသမားတွေကို အထင်တောင်သေးပါသေးတယ်။

**ဓမ္မဂုတ်**။ ။ပုံနှိပ်စက်ကတော့ ဘယ်နေရစ်သလဲ။

**တပည့်တော်**။ ။ပဌမက အဘယာရာမတိုက်အနီးမှာပါ၊နောက် တပည့်တော် မရွှေခင် မြို့လယ် လက်ဆည်ကန်ရပ်ရွှေ့ထားပါတယ်၊အမရပူရသို့ပြောင်း

လာတဲ့ အခါမှာ အတော်ကြာအောင် ထိုနေရာမှာ ထားပါသေးတယ်၊ နောက်တော့ စစ်ဖြစ်လို့ အားလုံးဖြုတ်ပြီး အမရပူရ ယူထားရပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော် ပြောင်းတဲ့နှစ်မှာ ဒုတိယကမ္ဘာစစ်ဖြစ်ပြီလား။

**တပည့်တော်။** ။ဒုတိယကမ္ဘာစစ်က ၁၃၀၃ – ခု နှစ်မှာ မြန်မာပြည်အတွက် စစ်ကြေငြာပါတယ်, တပည့်တော်လဲ အဲဒီနှစ် ဝါဆိုဦးမှာ ရွှေ့ပြီးဖြစ်နေပါတယ်။

**ခမ္မဂုတ်။** ။စစ်ဖြစ်တော့ ကိုယ်တော်က ဘယ်မှာရွှေ့နေသေးတုန်း။

**တပည့်တော်။** ။တပည့်တော်တော့ ဘယ်မှ မရွှေ့သေးပါဘူး၊ အမလေးတို့ မောင်နှမက ဆည်ရွာ ရွှေ့နေကြပါတယ်၊ မောင်ဖြစ်တဲ့ မောင်ကျော်က တခါတခါ ပြန်လာပါတယ်၊ မောင်ကျော်ရဲ့ညီက ကိုရင်ဝတ်နေလို့ တပည့်တော်နဲ့အတူ နေရစ်ပါတယ်, နောက်တော့ သူလဲလူဝတ်လဲသွားပါတယ်။

**ခမ္မဂုတ်။** ။တပည့်သံဃာများရော ကိုယ့်အရပ် မပြန်ကြဘူးလား။

**တပည့်တော်။** ။စောစောပိုင်းက မပြန်ကြသေးပါဘူး, ဒီအချိန်မှာ စစ်ဘေးကြောင့် ပြေးလာကြတဲ့ ကုလားလူမျိုးတွေဟာ ကျောင်းတိုက် ပတ်ဝန်းကျင်မှာ သနားစရာ ဖြစ်နေပါတယ်, တချို့လဲ သေကြပါတယ်၊ တပည့်တော်တို့ ဆရာတပည့်က ထိုကုလားတွေနေရာ သွားပြီး ပရိတ်ရွတ်ပေးကြလို့ သူတို့တစု အတော်စိတ်သက်သာရာ ရကြပါတယ်။

**ခမ္မဂုတ်။** ။ဟုတ်ပါရဲ့ ကိုယ်တော်, စစ်ရေးကြောင့် အောက်ပြည်က ပြေးလာပြီး လမ်းမှာ အစားဆင်းရဲ အနေဆင်းရဲကြောင့် သေရသူတွေ အများကြီး ရှိမှာပါဘဲ။

**တပည့်တော်။** ။ဟုတ်ပါတယ်ဘုရား, အလွန် သနားစရာလဲ ကောင်းပါတယ်၊ အဲဒီအချိန်မှာဘဲ ဝက်လက်အနောက် ရွှေပန်းကုံးမှာ အိမ်ထောင်ကျနေတဲ့ အကိုကြီးဝမ်းကွဲက သားရှင်ပြု အလှူပင့်လို့ တပည့်တော်နဲ့ မောင်ကျော်တို့ သွားကြပါတယ်, ဘူတာရောက်တော့ မုံရွာလိုက်ဘို့ စစ်ပြေးဒုက္ခသည် ကုလားတွေကို တွေ့ရပါတယ်၊ တပည့်တော်လဲ သနားလွန်းလို့ ဈေးရောင်းလာတဲ့ ဈေးသည်အားလုံးဆီက မုန့်တွေကိုအကုန်အဝယ်ခိုင်းပြီး အဲဒီ ဒုက္ခသည်များကို ဝေရပါတယ်၊ တချို့ ဈေးသည်များက

ရထားမလာသေးခင် အိမ်ပြန်ပြီး ယူကြလို့ ထပ်ပြီး ဝယ်ရ–ဝေရပါသေးတယ်၊ အဲဒီအခါ အလွန်ကြွယ်ဝသော အလောင်းတော်တွေရဲ့ အားရပါးရ ဒါနပြုကြပုံကိုလဲ သွားရှုံသတိရမိပါတယ်၊ အဲဒီအသူက ပြန်လာတဲ့အခါလဲ ကျောင်းမှာရှိတဲ့ တပည့်တို့အား ဝမ်းဘဲသားဆန်ပြုတ်ကပ်ဘို့ရန်မောင်ကျော်ကို ဝက်လက်မှာတွေ့တဲ့ ဝမ်းဘဲကင်တွေ ကပ္ပိ (ဝယ်) ခဲ့ဘို့ တိုက်တွန်းရပါသေးတယ်၊ ဒါနဟာ ပြုမိတော့ အလွန် ထက်သန်ပါတယ်ဘုရား, နောက်မဆုတ်ချင်ပါဘူး။

**ဓမ္မဂုတ်**။ ။သာဓုပါ ကိုယ်တော်....သာဓုပါ, သာဓုပါ၊ ဒီနောက် ကိုယ်တော်တို့ ဆရာတပည့် ဘယ်လောက်ကြာကြာ အတူနေကြသေးတုန်း။

**တပည့်တော်**။ ။သိပ်မကြာလှပါဘူး, ဆိုင်ရာ မိဘဆရာတို့က ပြန်ခေါ်တာနဲ့ ဦးပဥ္စင်း ၂ ပါးနဲ့ တပည့်တော်သာ ကျန်ပါတော့တယ်၊ နောက်တော့ အဲဒီဦးပဥ္စင်းများလဲ ပြန်ကြပါတယ်, တပည့်တော်ကို ဆည်ရွာသူကြီးက ကားကလေးနဲ့ အပင့်လွှတ်လို့ ကျောင်းတိုက်မှာရှိနေတဲ့ မူလဆရာတော်ကြီးများနဲ့ ခွဲပြီး ဆည်ရွာ လိုက်ရပါတယ်။

**ဓမ္မဂုတ်**။ ။ထိုဆရာတော်ကြီးများတော့ စစ်ပြီးအထိ နေကြတာဘဲလား။

**တပည့်တော်**။ ။အတိသုခဆရာတော်ကြီးက ဘယ်မှမရွေ့ပါဘူး, တိုက်ကျောင်းဘုန်းတော်ကြီးနဲ့ ဘုန်းတော်ကြီး ဦးကောဏ္ဍညတို့တော့ စစ်အတွင်းမှာ မရှေးမနှောင်း ပြန်တော်မူကြပါတယ်၊ တောထွက်ဦးပဥ္စင်းကြီးတပါးက သူ့ရွာ ပြန်သွားပါတယ်။

**ဓမ္မဂုတ်**။ ။ဆည်ရွာမှာ ကိုယ်တော် ဘယ်လောက်ကြာတုန်း။

**တပည့်တော်**။ ။ ဂျပန်အုပ်ချုပ်ရေး မစခင်အထိလောက်တိုင်အောင် နေပါတယ်, ဂျပန်အုပ်ချုပ်ရေးစတော့ အမရပူရ ပြန်နေပါတယ်၊ ဒီအချိန်မှာ ကျောင်းတိုက်အတွင်း စစ်ပြေးသူတွေ တော်တော်များများရှိနေပါတယ်။

**ဓမ္မဂုတ်**။ ။ဂျပန်အုပ်ချုပ်တုန်းမှာ အင်္ဂလိပ်က ပြန်ပြီးဗုံးချတယ်မဟုတ်လား, အဲဒီအခါ ကိုယ်တော် မရွှေ့ဘူးလား။

**တပည့်တော်**။ ။စစ်အတွင်းဆိုတာ ဘယ်နေရာမှ အေးချမ်းလှတယ်လို့ မဆိုနိုင်ပါဘူးဘုရား, ဒါ့ကြောင့် တပည့်တော်လဲ ထပ်ပြီး မရွှေ့တော့ပါဘူး၊ စစ်ပြေးသူတွေထဲက ရင်းနှီးတဲ့ ဒကာလှမောင်ကပ်တဲ့ ဆွမ်းကို စားပြီး

ရေးလက်စစာကို ဆက်ရေးနေပါတယ်, အဲဒီအချိန်က မုရင်းစပါးလုပ်တဲ့ ဒကာကြီးတို့ လယ်လုပ်တဲက ဝမ်းတဲအုနဲ့ ဆွမ်းကပ်လို့ ဝမ်းတဲအုဟာ "အလွန်စားလို့ကောင်းပါလား"လို့ သတိပြုမိပါတယ်၊ တခါဟာလဲ ဗမာမုန့်ဆီကြော်စားရလို့ မုန့်ဆီကြော်ရဲ့ အရသာကို အဲဒီအခါကျမှ ကောင်းကောင်းသိလိုက်ပါတယ်။

**ခမ္မဂုတ်။** ။ဒီလိုဆိုယင် အဲဒီစစ်အတွင်းက ဘဲအုပြုတ်လောက်ကောင်းတဲ့ဟင်းနဲ့, မုန့်ဆီကြော်လိုမုန့်ကိုပင် အလွန်ခဲယဉ်းနေတာပေါ့နော်။

**တပည့်တော်။** ။ အလွန်ခဲယဉ်းပါတယ်, ဆီ–ငံပြာရည်–ငါးပိ စသည့်တို့က လွယ်လွယ်ကူကူမရတော့ ဖြစ်သလို စားနေကြရပါတယ်။

**ခမ္မဂုတ်။** ။အဲဒီအချိန်တုန်းက အမရပူရကို ဂျပန်စစ်သား အများကြီးရှိလို့ အင်္ဂလိပ်က ဗုံးအတော်ချလိုက်တယ် မဟုတ်လား။

**တပည့်တော်။** ။ဟုတ်ပါတယ်, တနေ့ထဲဆက်ပြီး ခုနစ်ကြိမ်လောက် ချပါတယ်, အဲဒီအခါတော့ ဂျပန်တွေကဆုတ်လာလို့ အမရပူရမှာ အတော်များနေပါတယ်, ကျောင်းတိုက်ပတ်ဝန်းကျင်မှာလဲ စစ်ပြေးရှော စစ်သားတွေရှော ပြည့်နေပါတယ်၊ တပည့်တော်က အဲဒီဗုံးချတဲ့အချိန်မှာ ရေချိုးပြီးခါစဖြစ်လို့ အဝေးမပြေးနိုင်ပါဘူး, ဘုရားအုဋ္ဌတိုက်နားမှာ ကပ်နေပါတယ်၊ ပဋ္ဌမအကြိမ်ဗုံးကျလို့ စင်လာတဲ့သဲတွေက တပည့်တော်အနားအထိ ရောက်လာပါတယ်, နောက်နောက် အကြိမ်များလဲ သိပ်မဝေးပါဘူး၊ တပည့်တော်က ဗုံးထဲပါတော့မှာဘဲလို့ ထင်နေပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်က သိပ်မကြောက်ဘူးလား။

**တပည့်တော်။** ။စစ်ပြေးလူစုကိုသာ "ဗုံးကျင်းထဲဝင်ကြ ဝင်ကြ"လို့ ပြောပြီး သူတို့ကိုသာ စိုးရိမ်နေပါတယ်, ကိုယ့်အတွက်ကတော့ မကြောက်အားပါဘူး၊ တခါတခါ တပည့်တော်က စာရေးနေတုန်း စက်သေနတ်နဲ့ပစ်, ဗုံးလဲ ချချင်တဲ့နေရာချတဲ့ လေယာဉ်ပျံလာယင် အားလုံးဝင်ပြီးမှ တပည့်တော်ဝင်ပါတယ်၊ တခါတခါလဲ ကျောင်းကလေးပေါ်က မဆင်းတော့ဘဲ စာရေးမြဲ ရေးနေလိုက်တာပါဘဲ။

**ခမ္မဂုတ်။** ။ကိုယ်တော်က ကိုယ့်ကိုယ်ကို "ကမ္မဿကာ" ထားလိုက်တော့တာဘဲလား။

**တပည့်တော်**။ ။ "ငါဟာ သာသနာတော်ကို အရှထင်အောင် ပြုဘို့ရန် ကံပါသေးယင် ဤ လက်နက်ဘေးမှ လွတ်ပါစေ, သာသနာပြုဘို့ရန် ကံမပါယင်တော့ လွတ်ဘို့ရန်မမြှော်တော့ပါဘူး" လို့ တွေးပါတယ်၊ နောက်တော့ အောက်ပါဂါထာကို ကိုယ့်အဘွက်ရော- ညောင်ရွှေစော်ဘွားကြီးအတွက်ရော ရေးပါတယ်၊ [စော်ဘွားကြီးက တောင်ကြီးမှာ ဂိုဏ်းအစည်းအဝေး လုပ်တော့ ကေ့ာကရိတ် ဆရာတော်ကြီးကို သူကြံတဲ့အတိုင်း ဂါထာတပုဒ် တောင်းပါသတဲ့၊ ထိုဆရာတော်က တပည့်တော်နဲ့ တွေ့တဲ့အခါ ဂါထာ ရေးပေးဘို့ တိုက်တွန်းလို့ ရေးရတာပါ၊ တပည့်တော်အကြံနဲ့လဲ တူနေပါတယ်။]

သစေ အာဒိစ္စဗန္ဓုဿ, ဟေဿံ သာသနကာရကော၊
ယုဒ္ဓေ ဘယာ ပမုတ္တော·မှိ, နောစေ နာမှိ အမုတ္တကော။

အာဒိစ္စ ဗန္ဓုဿ-နေနွယ်ဘွား, ဘေးတော်ဘုရား၏၊ သာသနကာရကော-ဥ ရပ်သာသနာ, စည်ပင်သာအောင်, ကောင်းစွာပင့်ကူ, မြှင့်နိုင်သူသည်၊ သစေ ဟေဿံ-ရှေးပါရမီ, ပါခဲ့ပြီမို့, စုံညီမြတ်လေး, အကယ်၍ ဖြစ်နိုင်သေးအံ့၊ ယုဒ္ဓေ-ဥရောပနဲ့, အာရှမကျန်, ပြည်မြန်ကိုချုံး, မီးဟုန်းဟုန်းစွဲ, ဤစစ်ပွဲ၌၊ ဘယာ-အမြောက်ဗုံးဆန်, လက်နက်ဒဏ်ဟု, ရန်မာရ်မကောင်း, ဘေးအပေါင်းမှ၊ ပမုတ္တော အမှိ — ကံ ဉာဏ် လုလ္လ, အသုံးချသဖြင့်, လုံး၀ သန့်ရှင်း, လွတ်ကင်းပါစေသတည်း၊ နောစေ ဟေဿံ — ဗုဒ္ဓသာသနာ, ပြုလောက်ရာသည့်, ဇာတာတော်တွင်, ကံ မမြင်ပါမူကား၊ နာမှိ အမုတ္တကော - အမြောက်ဗုံးဆန်, လက်နက်ဒဏ်မှ, လွတ်ရန်မမြှော်, ဘ၀ ခန္ဓာ တော် ရုပ်သိမ်း၍, အေးငြိမ်းစွာ စံရပါစေသောဝ်။

**ဓမ္မဂုတ်**။ ။ ဂါထာက စော်ဘွားကြီးအတွက်ရော- ကိုယ်တော့်အတွက်ရော ဖြစ်လို့ သိပ်ကောင်းတာဘဲ။

**တပည့်တော်**။ ။စော်ဘွားကြီးက အဲဒီဂါထာဟာ တပည့်တော်ရေးမှန်းကို နောင်အခါ သိလို့ သူ သမတဖြစ်ချိန်မှာ တပည့်တော်ကလဲ ဗုဒ္ဓဘာသာ သင်ခဏ်းစာ ရေးချိန်နဲ့ ကြုံနေလို့ သူ့အိမ်တော်ကို ပင့်ပါသေးတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ကိုယ့်အသက်ကို သာသနာပြုဘို့အတွက်သာ ရှည်စေချင်တယ်, အခြားအတွက်တော့ ရှည်ဘို့မလိုဘူးပေါ့နော်။

၃၅

**တပည့်တော်။** ။အမှန်ပါဘဲဘုရား၊ သာသနာမပြုရယင်တော့ အသက်ရှည်ဘို့ မလိုလားပါဘူး၊ တပည့်တော် နေရတာဟာ ချမ်းသာတာမှ မဟုတ်ဘဲ၊ စာချ–စာရေး တပည့်တွေကို တတ်အောင်သင်ပေး၊ အမြဲသြဝါဒပေးနဲ့ နေ့တိုင်း ပင်ပန်းနေတာပါ။

**ခမ္မဂုတ်** ။ ။ကိုယ်တော့် စိတ်က ဒီလိုထားပေမဲ့ ပတ်ဝန်းကျင်ကတော့ ကိုယ်တော့်ကို လူထွက်လိမ့်မယ်ချည်း ထင်နေကြတာပါလား။

**တပည့်တော်။** ။မှန်ပါတယ်၊ သူတို့စိတ်နဲ့ နှိုင်းကြည့်ကြတာ ဖြစ်ပါလိမ့်မယ်၊ စစ်အတွင်းတုန်းကပေါ့ မိုးညှင်း (သမ္ဗုဒ္ဓေ) ရှိပိုင်ကတော်ကြီး ရောက်လာပါတယ်၊ သူ့သမီးများက သီလရှင်ဖြစ်တော့ သမီးများကြည့်တဲ့ တပည့်တော်ရဲ့ ကျမ်းစာတွေကိုကြည့်ပြီး ကြည်ညိုနေတဲ့ ဒကာမကြီးပါ၊ စစ်အတွင်းက သမီးများနဲ့အတူ စစ်ကိုင်းချောင်လာယင်း "တပည့်တော်ကို ဖူးချင်တယ်" လို့ တဲတဲ့ချောင်က သီလရှင်များကို ပြောတော့ "ရှင်ကသာ ဖူးချင်နေတာ၊ ရှင့်ဘုန်းကြီးကတော့ လူထွက်ဘို့ အားလုံးစုံနေပြီ" လို့ ပြောပါသတဲ့။

**ခမ္မဂုတ်။** ။ဒီတော့ အဲဒီ ဒကာမကြီးက မလာတော့ဘူးလား။

**တပည့်တော်။** ။"အို.... လူထွက်လဲ လူဝတ်နဲ့ ကိုပင် ဖူးချင်ပါတယ်" လို့ ပြောပြီး အမရပူရဘက်ကို သမီးများနဲ့အတူ လိမ်မော်သီးတွေယူပြီး ကူးလာပါတယ်၊ တပည့်တော်က ဒီအချိန်မှာ တပါးထဲပါ၊ စစ်သားတွေတော့ ပြည့်လို့ပေါ့၊ တပည့်တော်နဲ့ တွေ့တွေ့ချင်း ဝမ်းသာလွန်းလို့ စစ်ကိုင်းဘက်က သီလရှင်များပြောတဲ့စကားရော သူပြောခဲ့တဲ့စကားရော အားလုံး လျှောက်ပါတယ်။

**ခမ္မဂုတ်။** ။ဒီတော့ ကိုယ်တော်က ဘာပြန်ပြောလိုက်တုန်း။

**တပည့်တော်။** ။သူ့ယုံကြည်ချက် သဒ္ဓါတရားကို အားရလွန်းလို့ တပည့်တော်ရဲ့ စိတ်ရင်းကို ပြောလိုက်ပါတယ်၊ ဒကာမကြီးက ဒါလောက်ကြည်ညိုယင် ဘုန်းကြီးရဲ့ စိတ်ရင်းကို ပြောရအုံးမယ်၊ " ဘုန်းကြီးက နောက်ဆုံး ပရိနိဗ္ဗာန်စံမဲ့ ဘဝမှာတောင် ဒီသင်္ကန်းအဝတ်နဲ့ ပရိနိဗ္ဗာန်စံလိုပါတယ်၊ ဒါလောက် မြှော်မှန်းထားတဲ့အတွက် ယခုဘဝ ဝတ်ရတဲ့သင်္ကန်းကို ဘယ်တော့မှ ချွတ်လိမ့်မယ် မဟုတ်ပါ၊ တသာသနာလုံး သင်္ကန်းဝတ် ဟူသမျှ လူထွက်ရမယ်၊ လူမထွက်ယင် သတ်ပစ်မယ်ဆိုတောင် သင်္ကန်းဝတ်နဲ့

အသေခံနိုင်ပါတယ် ” လို့ ပြောပြပါတယ်၊ ဒကာမကြီးလဲ အင်မတန် ကျေနပ်စွာနဲ့ ပြန်သွားပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဒီသက်န်းကို အင်မတန် တန်ဘိုးထားတယ်ကိုး။

**တပည့်တော်**။ ။တန်ဘိုးထားပါသော်ကော ဘုရား, သင်္ကန်းကို တန်ဘိုးထား သလောက် သင်္ကန်းဝတ်သူတိုင်းလဲ ကြက်သရေရှိရှိ သိက္ခာရှိရှိနဲ့ တန်ဘိုး ရှိအောင် နေစေချင်တာပေါ့၊ ဒါ့ကြောင့် သာသနာပြုပြင်ရေးကို မကြာ ခဏ စပ်မိတိုင်း ပြောနေတာပါ၊ တပည့်တော်ကျောင်းမှာလဲ ကိုရင်ကလေး မှစ၍ သင်္ကန်းကို အသွေးအရောင် ရင့်ရင့်နဲ့ ညီညီဝတ်ကြဘို့, မြို့ထဲ ရွာထဲ မှာလဲ သင်္ကန်းကို ကျကျနနရုံပြီးမှ ဣန္ဒြေရရသွားကြဘို့ အမြဲ သတိပေးနေ ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဆန္ဒအတိုင်းသာဖြစ်ယင်တော့ သာသနာနဲ့ ဒါယကာ မာ အပြန်အလှန် အင်မတန် အကျိုးရှိမှာဘဲနော်။

**တပည့်တော်**။ ။အကျိုးရှိမှာပေါ့ဘုရား, ဒါ့ကြောင့် “တနေ့နေ့မှာ သာသနာ ပြုရအုံးမည်လား” လို့ ယခုတိုင် မြော်နေပါတယ်၊ အဲဒီလို သာသနာပြုချင် တဲ့ ကိစ္စဟာလဲ ကြီးမှ မဟုတ်ပါဘူး၊ အဘယာရာမတိုက် နေကတည်းက ဆရာတော်နဲ့ မကြာမကြာ စကားစပ်မိတဲ့ကိစ္စပါ၊ တနေ့တော့ သာသနာ မသန့်ရှင်းတာကို စပ်မိလို့ “ရွှေကျင်ဂိုဏ်းကြီးကို ရှေးဆရာတော်ကြီးများ လက်ထက်ကလို သန့်ရှင်းအောင်လုပ်နိုင်ယင်ကောင်းမှာဘဲ” လို့ လျှောက် ပါတယ်၊ ဒီအခါမှာ ဆရာတော်က “ဂိုဏ်းသံဃာကို နဲ့အောင်လုပ်နိုင်မှ သန့်ရှင်းမှာဘဲ” လို့ အမိန့်ရှိပါတယ်။

**ဓမ္မဂုတ်**။ ။ဟုတ်သားဘဲ ကိုယ်တော်, များတာကြိုက်ယင် သန့်ရှင်းဘို့ အခဲယဉ်း သားဘဲ၊ ဒါ့ထက် အဘယာရာမဆရာတော်တော့ အရည်အချင်းပြည့်တော် မူသလောက် သာသနာကို အားရအောင် ပြုတော်မူမသွားရရှာဘူးနော်၊ ဘယ်အရွယ်မှာ ပြန်တော်မူတုန်း။

**တပည့်တော်**။ ။ပြီးသမျှ ကျမ်းစာအုပ်တွေကတော့ အများအကျိုးရှိလို့ ပြုပြီး ခဲ့သမျှ ကျေးဇူးများပါတယ် ဘုရား၊ စစ်အတွင်း နောက်ပိုင်းမှာ စစ်ကိုင်း ဝိပဿနာဂန္ဓာရုံ၌ ခိုလှုံတော်မူစဉ် သက်တော် ၆၅ နှစ်မှာ အနာကလေး ပေါက်၍ မကျန်းမမာဖြစ်ပြီး ပြန်တော်မူပါတယ်၊ စစ်အတွင်းပေမဲ့ တပည့် တပန်း – ရဟန်းတော်များနဲ့ သီလရှင်များ၏ ကြောင့်ကြစိုက်မှုကြောင့်

ဆင်းဆင်းရဲရဲတော့ မဟုတ်ပါ၊ ရက်အနည်းငယ်ထားတဲ့ ဈာပန ဖြစ်ပေမဲ့ အလှူ စည်ကားပါတယ်၊ ပြန်တော်မူချိန်မှာ တပည့်တော်က အမရပူရမှာမို့ မသိပါဘူး၊ လာပြီး အကြောင်းကြားမှ လိုက်သွားရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဘာများ အကူအညီလုပ်နိုင်သေးတုန်း။

**တပည့်တော်**။ ။တပည့်တော်က ဘုန်းကြီးပြန်ဖြစ်ဖြစ်, ဆရာတော်ပြန်ဖြစ်ဖြစ်, ငွေမကုန်တာဘဲ သဘောကျလို့ ငွေကုန်ဘို့တော့ ဘာမှ မစဉ်းစားပါဘူး၊ ဒီလိုကုန်စရာလဲ အမှန်အားဖြင့် ငွေမရှိပါဘူး၊ ဒါ့ကြောင့် တချို့က သံဝေဂဂါထာရေးဘို့ တိုက်တွန်းတာနဲ့ သံဝေဂဂါထာကိုသာ ရေးလိုက်တာပါဘဲ။

**ဓမ္မဂုတ်**။ ။ဒါဖြင့် ဘာမှ ဝတ္တုရားကြေအောင် မလုပ်နိုင်ဘူးပေါ့။

**တပည့်တော်**။ ။ဒီလိုလဲ မဟုတ်ပါဘူး, အဲဒီအချိန်မှာ ချုပ်သင်းသဌေးဒကာကြီးက စစ်ပြေးယင်း ချုပ်သင်းချောင်မှာ ရောက်နေလို့ ချုပ်သင်းဆရာကြီးကို ပြောပါသတဲ့၊ "တောင်မြို့ဦးပဉ္ဇင်းက ဆရာတော်ပြန်မှာ ဘာမှ လုပ်မယ်မထင်ဘူး၊ ဘာမှ မလုပ်ဘဲနေလို့ မတော်ဘူး, သူက တာဝန်ယူပါ့မယ်, လုပ်သင့်လုပ်ထိုက်တာ လုပ်ပါစေ"တဲ့၊ ဒီစကားကို ချုပ်သင်းချောင်ဆရာကြီး လာပြီးလျှောက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဒီတော့ ကိုယ်တော်က ဘာပြောတုန်း။

**တပည့်တော်**။ ။ဒီလိုဆိုယင် အများထုံးစံအတိုင်း "ဝတ္ထု(ငွေ)ကို ထည့်လိုက်ရုံပေါ့"လို့ ပြောပါတယ်။

**ဓမ္မဂုတ်**။ ။ဒီတော့ ချုပ်သင်းချောင်ဆရာကြီးက ဘာပြန်လျှောက်သလဲ။

**တပည့်တော်**။ ။"ထည့်စေလိုသလောက် ထည့်ပါလိမ့်မယ်, ဒကာကြီးက ဂဏန်းမပါပါဘူး, ဘယ်လောက်ထည့်စေချင်ပါသလဲ၊ ဒကာကြီးအပေါ်မှာ အားမနာနဲ့"တဲ့၊ ဒီစကားကြားရတော့ တပည့်တော်လဲ အတော်ဝမ်းသာသွားပါတယ်၊ "အများ တပည့်ကြီးတွေက ယခုအချိန်တော့ (၃၀၀)အများဆုံးပါဘဲ, (၅၀၀)လောက်ထည့်လိုက်ယင် တော်လောက်ပြီထင်ပါတယ်"လို့ ပြောပါတယ်၊ နောက်တရက် လာပို့တာပါဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ရေးတဲ့ သံဝေဂဂါထာကို ယခု ရသေးသလား။

**တပည့်တော်**။ ။ ပါဠိတော့ ရပါသေးရဲ့, အနက်တော့ အကုန် မရတော့ ပါဘူး။

၁။ ဒေဝါ သင်္ဂမ္မ မန္တေတ္တိ, သုဓမ္မာယံ, ယသဿိနော၊
သကလော သဘယော အာသိ, အဘယော ဒါနိ မဟာလ္လကော၊
နေသာမ အဘယံ ဌာနံ, အဘယံ သံဃနာယကံ။

၂။ ကာမံ သာသနကိစ္စာနိ, သန္တိ ထေရဿ ကာတဝေ၊
ကာရာပေတု သကေ သိဿေ, ပါကဋ္ဋေ အနုနာယကေ၊
ဇဝံ မန္တိယ မာနေတ္တိ, ဉာတိ မညာမသေ မယံ။

၃။ တသ္မာ နော ထေရော ဟာယ, ဒေဝေါကာသ ဂတော တုရံ၊
ဘုသံ သောကပရေတာနံ, အယံ စရိမမာနနာ။

**ဓမ္မဂုတ်**။ ။အနက်ပါရယင် ကောင်းမှာဘဲနော်၊ အဲဒီတုန်းက ရွတ်ဖတ် ကြတဲ့ ဆရာကလေးများထံ ရှိကောင်း ရှိပါလိမ့်ဦးမယ်၊ ကိုယ်တော်ကထပ်ပြီး ရေးမပေးနိုင်လဲ စုံစမ်းရဦးမှာဘဲ။

**[အမှာ။ ။အောက်ပါ အနက်များကို ရှာဖွေ၍ ထည့်ထားပါသည်။]**

## ဂါထာအနက်များ

၁။ သုဓမ္မာယံ–နတ်ပြည်ငါးဆင့်, ဘုံတိုင်းတင့်သည့်, နန်းမြင့်သာစုံ, ဓမ္မာရုံ၌၊ ယသဿိနော–ခြွေရံသင်းပင်း, ဂုဏ်သတင်းဖြင့်, ညွှင်းတလူလူ, သင်းကြူ ကြူပေကုန်သော၊ ဒေဝါ – နတ်သကြားနှင့်, စပ်နားနေရာ, အသရေဖြာ သည့်, ဒေဝါမင်းပေါင်း, သူတော်ကောင်းတို့သည်၊ သင်္ဂမ္မ–ညီညာပေါင်း ဆုံ, စည်းဝေးကုန်၍၊ မန္တေတ္တိ–သာသနာအရေး, ကမ္ဘာရေးကို, ဆွေးနွေး စိုင်ပြင်, တိုင်ပင်ကြလေကုန်၏၊ သကလော – ဥရောပနှင့်, အာရှမကျန်, ပြည်မြန်ကိုခြုံ, တကမ္ဘာလုံးသည်၊ သဘယော အာသိ– ရေပြင် ဧမြပြင်, ဝေဟင်တလျှောက်, ဘေးကြီးရောက်လျက်, လွတ်မြောက်မရ, ဖြစ်ခဲ့ရလေ ပြီ၊ အဘယော – ရွှေကျင်နိကာယ, သံဃာ့ဦးစီး, (အဘယာရာမ) ဆရာ တော်ကြီးသည်၊ ဒါနိမဟာလ္လကော–သန္ဓေရက်နှစ်, သက္ကရာဇ်ကို, တွက်စစ် ညှန်းမြောက်, ခြောက်ဆဲ့ခြောက်သို, ရောက်တော်မူသဖြင့်, ရင့်တော်မူ လေပြီ၊ ဒါနိမဟာလ္လကော – ဝါလေးဆဲ့ငါး, ရေတွက်ငြားက, ဘုရားတမူ, တူတော်မူခဲ့လေပြီ၊သံဃနာယကံ–သံဃာ့ဂုဏ်ချင့်, ပွဲတိုင်းတင့်သည့်, ဂိုဏ်းမြင့်

အကျော်, သံဃာ့နာယက ဖြစ်တော်မူသော၊ အဘယံ-ရတနာပုံ, အဘယာ ရုံ၌, ယာပိုက်မွေ့လျော်, ဆရာတော်ကို၊ အဘယံ ဌာန် - ဘေးရန်ကင်းမြို့, နတ်တို့ဘုံသို့၊ နေဿာမ-ခါမလင့်ကြောင်း, အခွင့်တောင်း၍, သင့်ကြောင်း သင့်ရာ, ပင့်ချေကြပါစို့ တကား။

၂။ ထေရဿ- အဘယာရုံ, ရွှေဘုံတိုက်ပျော်, ဆရာတော်၏၊ ကာတဝေ- ကိုယ်တော်တိုင်ကြပ်, မပြတ်အောင်လျှင်း, ရှက်ဆောင်ခြင်းငှါ၊ သာသန ကိစ္စာနိ- သာသနာ့ဝန်, ဂိုဏ်းတာဝန်၌, အားသွန်စဘွယ်, အသွယ်သွယ် သော ကိစ္စတို့သည်၊ ကာမံသန္တိ-အကယ်၍ကား, မပြုအားသဖြင့်, ထံပါး မသွေ့, ချန်ထားရပေကုန်၏၊ တာနိ - ထိုကျန်သမျှ, ကိစ္စအားလုံး, ကုန် မဆုံးတို့ကို၊ ပါကဋ္ဌေ - ပွဲတိုင်းယှဉ်သော်, သဘင်ကျော်၍, ထင်ပေါ် သလောက်, စင်တော်ကောက် ဖြစ်ကုန်သော၊ အနုနာယကေ-ဆရာတော် မျက်မှောက်, ကိုးစားလောက်သည့်, လက်ထောက်စာချ, နာယကလည်း ဖြစ်ကုန်သော၊ သကေသိသော - ပါဠိသက္ကတ, ဘက်ဘက်မှလျှင်, လက်ရ ယူပြီး, တပည့်ကြီးတို့ကို၊ ကာရာပေတု - ဆရာတော်လက်စ, မပျက်ရ အောင်, တက်ကြွ အနေ, ပြုရစ်ပါစေတော့၊ ဝေမနဿိယ - ဤသို့ပြည့်စုံ, တိုင်ပင်ကြကုန်၍၊ အာနေတွိ-ထောင့်သုံးရာပို့, ငါးပြာသိုဝယ်, ခုါညှိုပန်း ဆက်, ဆန်းသုံးရက်ဆီ, သုံးနာရီက, ဌာနီရွှေ့ပြောင်း, သင့်ပါကြောင်း ဖြင့်, ခွင့်တောင်းလေးမူ, ပင့်ယူကြလေကုန်၏၊ မယံ-ဆရာတော့်စိတ်ဓာတ်, မြင့်မြတ်လှပုံ, အလုံးစုံကို, အကုန်သိတောင်း, တပည့်အပေါင်းတို့သည်၊ ဉာတိမညာမသေ - မြေကြီး လက်ခတ်, မလွဲတတ်သို့, တတ်အပ်ဆင်ခြင်, ထင်မြင်ကုန်ပါတော့သည်ဘုရား။

၃။ တသ္မာ - ထိုသို့ နတ်ပေါင်း, ဉူးညွှတ်ပြောင်း၍, ခွင့်တောင်းသဖြင့်, ပင့်တော်မူကြလေသောကြောင့်၊ ထေရော-အဘယာရုံ, ရွှေဘုံတိုက်ပျော်, ဆရာတော်သည်၊ နော (သိဿေ) - ဂိုဏ်းနှင့်တကွ, အားထားကြသည့်, များလှဘိတောင်း, တပည့် အပေါင်းတို့ကို၊ ဩဟာယ - ကံဖြစ်သမျှ, ကျန်ရစ်ကြဟု, လှစ်ဟညွှန်းမြွက်, ခွန်းဆက်တော်မမူဘဲ၊ ဒေဝေါကာသံ- အဘယာပီပီ, ဘေးမသီသည့်, ရွှေပြည်ကြင့်နှန်း, နတ်တို့နန်းသို့၊ တုရိ ဂတော- မြန်လွန်းလှစွာ, ခဏခါဖြင့်, လတာမရှည်, သြော် ကြွရှာလေပြီ တကား၊ ဘုသံ - မချုပ်တီးနိုင်, အပြီးတိုင်အောင်, ညီးမှိုင်ဟင်းချ, ပြင်းပြင်းပြုပြသာလျှင်၊ သောကပရေတာနံ - သောကဗုံးမိ, လုံးလုံးထိ၍,

မချိရှာတောင်း, သံဃာပေါင်းနှင့်, တိုက်ကျောင်းအမကြီး, သားသမီး အစ, များလှလူတွင်, သီလရှင်အပေါင်း, တပည့်ကောင်းတို့၏၊ အယံ မာနနာ – အရှင့်ရုပ်ကလာပ်, ကိန်းဝပ်စဥ်ဝယ်, ခုနှယ် ကော်ရော်, ပူဇော် ရခြင်းသည်၊ စရိမ မာနနာ-ကြွရော့ဘုရား, ကန်တော့ကြဘို့, တသချုံးမှိုင်, မမုန်းနိုင် သော်လဲ, အဆုံးတိုင် ပူဇော်ခြင်းပါဘုရား။

**ဓမ္မဂုတ်**။ ။စစ်အတွင်း နေထိုင်ရပုံတော့ သိရပါပြီ, စစ်ပြီးတော့ ဘာများ ဆက်ပြီး လုပ်သေးတုန်း။

**တပည့်တော်**။ ။စစ်ပြီးတယ်ဆိုယင်ဘဲ တပည့်တော်အတွက်က လက်ရှိဖြစ်တဲ့ ကျမ်းစာရေးသားခြင်း အလုပ်အပြင်, မြောင်းမြဆရာတော်-ကျွန်းကုန်း ဆရာတော် ၂ပါးနဲ့အတူ(သခင်ထိန်ဝင်း)ဆိုတဲ့ ဒကာကလေးရောက်လာ လို့ စာရေးစရာ ပိုလာပါတယ်။

**ဓမ္မဂုတ်**။ ။ဘာ့ကြောင့် ပိုလာရတာတုန်း။

**တပည့်တော်**။ ။ထိုဆရာတော် ၂ ပါးရဲ့ ဒကာရင်းလဲဖြစ်, နိုင်ငံရေး အတွေ့ အကြုံလဲများလာတဲ့ သခင်ထိန်ဝင်းက "သာသနာတော်ကို လက်ရှိ အခြေ အနေထက်တိုးပြီး နိုင်ငံမှာ အကျိုးရှိအောင် မပြုပြင်နိုင်ယင် နိုင်ငံခြား ဝါဒတွေ ဝင်လာတော့မှာဘဲ, ဒီလို ဝင်လာယင် သာသနာတော်ဟာ အထင်သေးခံရတော့မှာ သေချာပါတယ်၊ ဒါ့ကြောင့် ဆရာတော်များက သာသနာတိုးတက်လမ်းကို ကြံကြပါဦး "လို့ ထိုဆရာတော် ၂ ပါးကို လျှောက်ပါသတဲ့။

**ဓမ္မဂုတ်**။ ။ဒီလိုလျှောက်တော့ ဆရာတော် ၂ပါးက ဘယ်လိုအမိန့်ရှိပါတုန်း။

**တပည့်တော်**။ ။"ဒကာထိန်ဝင်းက သာသနာရေးကိစ္စကို ဒါလောက် စိတ်ဝင် စားယင် တောင်မြို့ဘုန်းကြီးနဲ့ တွေ့ပေးမှာဘဲ"လို့ အမိန့်ရှိပါသတဲ့၊ အဲဒီ အခါကျမှ တပည့်တော်ရဲ့အကြောင်းကိုသိရလို့ တပည့်တော်နဲ့ တွေ့ဘို့ရန် ဆရာတော် ၂ ပါးကိုပင့်ပြီး သွားဖြစ်ရုံ ကားစုတ်ကလေးနဲ့ တပည့်တော် အထံ လမ်းမှာဆင်းဆင်းရဲရဲ လာကြရလို့ ညမှ ရောက်လာကြပါတယ်၊ ရောက်တဲ့နေ့ရက်ကို တပည့်တော် မမှတ်မိတော့ပါဘူး, နောက်မှ ဒကာ ထိန်ဝင်းက သူ့ရဲ့ ဒိုင်ယာရီမှတ်တမ်းကြည့်ပြီး "၁၃၀၇ ခု, နတ်တော် လပြည့်ကျော် ၈ ရက် ည ၁၂ နာရီအချိန် တပည့်တော်ဆီ ရောက်တယ်" ဆိုတာ လျှောက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဒီကိစ္စနဲ့စပ်ပြီး ဘယ်လို အလုပ်ပိုလာသလဲ။

**တပည့်တော်**။ ။တပည့်တော်ရဲ့ ရေးလက်စကျမ်းစာ ပြီးတဲ့အခါ အနာဂတ် သာသနာ့အတွက် "အနာဂတ်သာသနာရေး" ကျမ်းစာ ရေးရပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဘာသာရေးမှာ အသားကျအောင်ရေးလိုက်တော့ အများစုက ကျေနပ်ကြရဲ့လား။

**တပည့်တော်**။ ။ကျေနပ်-မကျေနပ်တော့ အရှင်ဘုရားဘဲ စဉ်းစားပေတော့၊ တပည့်တော်ရဲ့ စာအုပ်ထဲမှာ ဘာသာရေးပြုပြင်ချက်တွေကို ကြည့်ပြီး တပည့်တော်ကို "ကွန်မြူနစ်" လို့ ကင်ပွန်းတပ်ကြပါသတဲ့။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော့်ဟာ အကျိုးမရဘဲ အပြစ်သာဖြစ်တော့ တာပေါ့နော်။

**တပည့်တော်**။ ။ဒီလိုလဲ မဟုတ်ပါဘူး၊ စဉ်းစားဉာဏ်ရှိပြီး အမျိုး ဘာသာ သာသနာကို မြှင့်တင်လိုသော နိုင်ငံရေးလူကြီးလူကောင်းများက အလွန် ကျေနပ်ကြပါတယ်၊ တချို့သံဃာတော်များကလဲ အများနဲ့ မဆန့်ကျင် ဝံ့လို့သာပါ၊ စိတ်ထဲမှာတော့ သဘောကျကြပါတယ်၊ ဘာဘဲပြောပြော ဘာသာရေးလိုက်စားတဲ့ နောက်လူငယ်များ အတွက်တော့ များစွာ အထောက်အကူဖြစ်ပါတယ် ဘုရား။

**ဓမ္မဂုတ်**။ ။ဒါ့ကြောင့် ကိုယ်တော့်မှာ ကိစ္စအပိုတွေ များလာတယ်လို့ ဆိုလို သလား။

**တပည့်တော်**။ ။ဒါတွင် ဘယ်ကမှာလဲဘုရား၊ စစ်ပြီးချိန်မှာ သာသနာရေး ဘာသာရေးက အလွန်အားနဲနေလို့ တရားပွဲတွေ မန္တလေးမှာ မှန်မှန် ကျင်းပပြီး သာသနာရေး-ဘာသာရေးတရားတွေကို ဟောကြရပါတယ်၊ နန္ဒဝန် ဦးဘတင်- ကျောင်းဆရာကြီး ဦးဘသိုက်- ပိုး ဦးဘသိန်း- ရွှေနေ ဦးဘသိန်း တို့နဲ့ အတူပါ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဒီလို တရားပွဲမျိုးကျတော့ ဟောလေ့ရှိသလား။

**တပည့်တော်**။ ။ တပည့်တော်က အမျိုး-ဘာသာ- သာသနာ ဒီ ၃ ဌာန အတွက် ခပ်ရှယ်ရှယ်ကပင် ဟောလေ့ရှိပါတယ်၊ အမရပူရ မပြောင်းခင်က မန္တလေးမြို့ အင်္ဂလိပ်-မြန်မာ ၂ ဘာသာသင် ဗုဒ္ဓဘာသာ အထက်တန်း

ကျောင်းကြီးမှာ ဆုံးမဩဝါဒပေးမဲ့ ဘုန်းတော်ကြီး ၂ ပါးလောက် လိုနေပါတယ်၊ တပါးက ယောကျ်ားကလေးကျောင်းအတွက်, တပါးက မိန်းကလေးကျောင်းအတွက် ဖြစ်ပါတယ်၊ ဒီအခါမှာ ဏ္ဍန္တြေရရှိနဲ့ ကလေးများ နားလည်အောင် ဟောမဲ့ပုဂ္ဂိုလ်ကို ကော်မီတီလူကြီးများ စဉ်းစားပြီး တပည့်တော်ကို လျှောက်ပါတယ်၊ တပည့်တော်က ခွင့်ပြုတဲ့အခါ တနင်္ဂနွေနေ့တိုင်း ကားဖြင့် လာပင့်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က မိန်းကလေးကျောင်းလား, ယောကျ်ားကလေးကျောင်းလား။

**တပည့်တော်။** ။တပည့်တော်ကို မိန်းကလေးကျောင်းဟောဘို့ သဘောတူကြပါတယ်၊ ဟောတဲ့အခါတိုင်း မူလတန်း ငယ်ရွယ်သူတွေအတွက် ၁၅ မိနစ်လောက် ပဌမ ဟောပါတယ်၊ ပြီးမှ ကျောင်းသူ အကြီးများနဲ့ ဆရာမများအတွက် ဟောပါတယ်၊ အလွန်ဆုံးမှ တနာရီလောက်ကြာမှာပါ။

**ဓမ္မဂုတ်။** ။ယောကျ်ားကလေးများတော့ ဘယ်ပုဂ္ဂိုလ် ဟောသတဲ့တုန်း။

**တပည့်တော်။** ။ကော်မီတီလူကြီးများ ကျေနပ်လောက်တဲ့ပုဂ္ဂိုလ်ကို ရှာလို့မရသေးဘူးလို့ ကြားတာပါဘဲ။

**ဓမ္မဂုတ်။** ။ကိုယ်တော်ဟောတာ ဘယ်လောက်ကြာတုန်း။

**တပည့်တော်။** ။အတော်ကြာပါတယ်, မမှတ်မိပါဘူး၊ အဲဒီအချိန်မှာ နိုင်ငံခြားတို့၌ စစ်ဘေးသံတွေကြားနေရလို့ မြန်မာနိုင်ငံအတွက်လဲ စိတ်ချဟန် မတူပါဘူး၊ ဒါ့ကြောင့် အမရပူရ မပြောင်းခင်ကပင် ရပ်ဆိုင်းထားရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်ဟာ တတိုင်းပြည်လုံး ညီညီညွတ်ညွတ် နဝမကွန်ဖရင့်အချိန်လောက်ကစပြီး အမျိုး–ဘာသာ–သာသနာရေးတရားတွေကို ဟောလာခဲ့တာ ထင်တယ်။

**တပည့်တော်။** ။မဟုတ်ပါဘူး, တပည့်တော်ဟာ ကိုရင်ဖြစ်ပြီး တရားဟောသည်ကစ၍ ဒါနအကျိုးကို သိပ်မဟောဘဲ, ပုပြင်ရေးဒါနနဲ့ ကိုယ်ကျင့်စာရိတ္တတရားကိုသာ အများအားဖြင့် ဟောခဲ့ပါတယ်၊ တပည့်တော်ရဲ့ တရားဟောပုံက အများနဲ့မတူဘဲ တမျိုးဖြစ်နေလို့ ဘကြီးတော်တဲ့ ဥပါသကာ တယောက်က ဆွေမျိုး လူကြီးများရှေ့မှာ "ဦးပဥ္စင်း ဘာဆုတောင်းတုန်း"လို့ ရယာန်း ၅ ဝါလောက်တုန်းက မေးဘူးပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဘယ်လိုဖြေလိုက်တုန်း။

**တပည့်တော်**။ ။ဘကြီးရာ.... "ဆုဆိုတာ ကိုယ့်စိတ်ထဲမှာ ရည်ရွယ်တဲ့အတိုင်း အလုပ်လုပ်နိုင်မှ အထမြောက်တာပါ၊ အလုပ်တော့ မလုပ်နိုင်ဘဲ ကြီးကြီးကျယ်ကျယ် ဆုတောင်းလို့လဲ မရနိုင်ပါဘူး၊ ဆုကို ဒီဘဝမှာပြီး တောင်းဘို့လဲ လိုမယ်မဟုတ်ပါဘူး၊ ရှေးရှေးက အတုံ့ရပြီးဖြစ်ပါလိမ့်မယ်၊ ဦးပဉ္စင်း အလုပ်နှင့်အလုပ်ရဲ့ အထမြောက်ပုံကိုကြည့်ပြီး မိမိဆုကို မှန်းနိုင်ပါတယ်" လို့ ပြောလိုက်ပါတယ်။

**ဓမ္မဂုတ်**။ ။စစ်ပြီးတဲ့အခါမှစ၍ ကိုယ်တော်ရဲ့ ဂန္ဓာရုံကျောင်းတိုက်ကို အသစ်ပြန်တည်သလို စရမှာဘဲနော်, စစ်မဖြစ်ခင်က သံဃာများများမှ မရှိခဲ့ဘဲ, ရှိသမျှလဲ စစ်အတွင်းမှာ ကုန်တာဘဲမဟုတ်လား။

**တပည့်တော်**။ ။ဟုတ်ပါတယ်, စစ်ပြီးမှ သံဃာများ တစတစ ရောက်လာကြပါတယ်၊ သံဃာများလာတော့လဲ နေရေးပြဿနာက ကြီးလာပါတယ်၊ နေစရာကလဲ မပြည့်စုံ, ကျောင်းဆောက်စရာလဲ ငွေမရှိ၊ ကျောင်းငယ်ကလေးကို ဆွမ်းလဲစားရ, သံဃာလဲနေရအောင် ချဲ့ထွင်ပြင်ဘို့ရန် စစ်အတွင်းမှာ မဝတ်ရက်ဘဲ သိမ်းထားတဲ့ ၁၅ ခဏ်း သင်္ကန်းကြီးကို ဒကာကြွယ်ထံ အပ်ပြီး "ဒီသင်္ကန်းကြီးနဲ့ သံလဲ အလိုရှိတယ်, လက်သမားလဲ အလိုရှိတယ်" လို့ ပြောရပါတယ်၊ သူက လက်သမားလဲဟုတ်, ဘုန်းကြီး လူထွက်လဲဟုတ်ပြီး တပည့်တော်ကို ကြည်ညိုပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီသင်္ကန်းကြီးကို သူက ဘယ်လိုလုပ်သလဲ။

**တပည့်တော်**။ ။သူက ပစ္စည်းရှိတဲ့ဒကာတယောက်ထံ သွားပြီး ကထိန်ခင်းတဲ့အခါ အသုံးကျပါတယ်, ယူထားပါလို့ သွားပြောတော့ အဲဒီဒကာက ငွေလိုမှန်း သိဟန်တူပါတယ်၊ တန်ဘိုးပြည့်အောင် မပေးလိုပါဘူး၊ ရသမျှနဲ့ ရောင်းလာခဲ့ပြီး သံဝယ်ခဲ့ပါတယ်၊ လက်သမားအလုပ်တော့ သူနဲ့ ကျောင်းက ဦးပဉ္စင်း ကိုရင်များ စုပေါင်းလုပ်ကြပါတယ်၊ နောက်တော့ သံဃာများလာလေ ကျောင်းပြဿနာ ကျယ်ဝန်းလာလေပါဘဲ၊ ကျောင်း အမကြီးက အင်္ဂြိနီကပ် ၂ ထပ်ကျောင်းကြီး ဆောက်တော့မှ အတော် နေသာပါတယ်။ (ဒီအချိန်မှာ ကျောင်းဒကာကြီးမရှိတော့ပါဘူး၊ စစ်ဦး လောက်ကပင် ဆုံးပါတယ်။)

**ဓမ္မဂုတ်**။ ။စားရေးတော့ ဘယ်လိုစီစဉ်ရတုန်း။

**တပည့်တော်။** ။စားရေးကတော့ ဟိုက ဒီကရတာနဲ့ ပေါင်းပြီး ကျမ်းစာအုပ်တွေကို တာဝန်ခံရိုက်တဲ့ အမလေးက နံနက်ဆွမ်း တာဝန်ယူပါတယ်၊ နေ့ဆွမ်းအတွက် ဟင်း ၂ ခွက် လောက်လဲ ချက်ပါတယ်၊ အဲဒီအချိန်မှာ စက္ကူဈေး-အလုပ်သမားဈေးမှစ၍ အစစအရာရာ ဈေးကြီးနေလို့ စာအုပ်မရိုက်နိုင်သေးပါဘူး၊ ဈေးကျဉ်းမလားလို့ စောင့်နေပါတယ်၊ နောက်မှ ဈေးမကျလို့ ဖြစ်သလို ရိုက်ရပါတယ်။

**ဓမ္မဂုတ်။** ။သံဃာက ဘယ်လောက်ရှိနေပြီလဲ။

**တပည့်တော်။** ။စစ်ပြီး ပဌမဝါဆိုမှာ မများလှသေးသော်လဲ ဒုတိယဝါဆိုလောက်ကစပြီး တဖြည်းဖြည်း များလာပါတယ်၊ ဆန်နဲ့ ပဲအတွက် ယခုစာချဘုန်းကြီးဖြစ်နေတဲ့ ဦးဣန္ဒောဘာသတို့ရဲ့ သရက်ချို ကျောက်ကုန်းစသော ရွာများကို အတော် အားကိုးရပါတယ်၊ ဆီအတွက်ကတော့ ယခုကျောင်းတိုက်ခွဲပြီး ရွှေလှေမှာနေတဲ့ ဦးကဝိန္ဒနှင့် ယခုစာချဘုန်းကြီးများဖြစ်ကြတဲ့ ဦးစန္ဒောဘာသ, ဦးကုဏ္ဍလာဘိဝံသ တို့ရဲ့ ဆီသည်နယ်ကို အတော် အားကိုးရပါတယ်၊ အခြား ကိုရင် ဦးပဉ္စင်းများကလဲ ဆန် ဆီစသောပစ္စည်းများ ပါလာတတ်ပါတယ်၊ အဲဒီ ဆန် ပဲ ဆီတို့နဲ့ အရင်းခံပြီး ဆွမ်းကိစ္စကို ပြီးပြေစေရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က စာသင်သားတွေကို ကိုယ်တိုင် ပိုက်ဆံကိုင်တာ ဝယ်စားတာကို မကျေနပ်တော့ ဒီလိုဘဲ တာဝန်ယူရမှာပေါ့နော်, ဒါလဲ ယူနိုင်လို့ ယူတာပါ, မယူနိုင်ယင် ဖြစ်သလို ထားရမှာဘဲ မဟုတ်လား။

**တပည့်တော်။** ။တပည့်တော်ဝါဒနဲ့တော့ ဆရာက တာဝန်မယူလို့ ဖြစ်ကိုယ်မဖြစ်နိုင်ပါဘူး၊ တာဝန်မယူနိုင်ယင် စာသင်သားကိုလက်မခံဘဲ နေရုံပါဘဲ၊ ဒီကိစ္စနဲ့ စပ်ပြီးတော့ "အနာဂတ်သာသနာရေးကျမ်းစာနဲ့ ဘာသာသွေးကျမ်းစာ" တို့မှာ ကျယ်ကျယ်ပြန့်ပြန့် ရေးထားပါတယ်။

**ဓမ္မဂုတ်။** ။ဝိနည်းတော်နဲ့ စပ်တဲ့ကိစ္စတွေကို ပွရွက်ဆိတ်အုံ ဒုတ်နဲ့ ဆွသလို ကြွမလာပါစေနဲ့တော့၊ ကျောင်းတိုက်ကို ယခုလို သာယာလာအောင် ဘယ်လောက် အပင်ပန်းခံပြီး ဆရာ တပည့် ပြုခဲ့ရတုန်း။

**တပည့်တော်။** ။ဆရာတပည့်တစုက ယနေ့အထိ ကျောင်းတိုက်သာယာအောင် ပြုနေရတာပါဘဲဘုရား, ဒါပေမဲ့ ရှေ့ပိုင်းကလောက် ကိုယ်ပန်း စိတ်ပန်းတော့ မပန်းရပေဘူးပေါ့။

**ဓမ္မဂုတ်**။ ။ပြုရိုးပြုစဉ်ကတော့ ဘုရားရှင်ကိုယ်က သေနာသနဝတ်လို့ ပညတ်တော်ပြုခဲ့လို့ ပြုကြရမှာပေါ့၊ လူပန်း စိတ်ပန်း ငွေပန်းဆိုသလို အရာရာ ပန်းအောင် ပြုခဲ့ရတာကို မေးတာပါ။

**တပည့်တော်**။ ။စစ်ပြီးလို့ တဖြည်းဖြည်း သံဃာများလာယင် ကျောင်းအတွက် တာဝန်ကြီးပုံကို ပြောခဲ့ပြီနော်၊ အတော်အတန်နေသာတဲ့အခါ တိုက်တည်စလောက်က ကျောင်းဒကာကြီးများ တည်ထားခဲ့တဲ့ စေတီတော်ကို ပရဝိုင်းတံတိုင်းပါ အားလုံး ပဌမပြင်တာဘဲဘုရား၊ နောက် ၂နှစ်လောက်ကြာတော့ တဝက်လောက်အထိ ရွှေသက်န်းကပ်ပါတယ်၊ နောက်နောက်လဲ ဆက်ကာဆက်ကာ တတ်နိုင်သလောက် ပြုပြင်လို့ ယခု ဖူးမြင်ရတဲ့ အခြေအနေတိုင်အောင် စေတီတော်ပတ်ဝန်းကျင် သာယာလာပါတယ်၊ ထို့နောက် စေတီတော်နှင့် နီးနေသော ဆင်းတုတော်ကြီး သိတင်းသုံးတော်မူရာ ဘုရားတိုက်ကို ဘေးပတ်ဝန်းကျင်က အမိုးလှည့်ပြီး တဖြည်းဖြည်း အတွင်းအပြင် ပြုပြင်ရပါတယ်၊ စေတီတော်ဝင်းအတွင်းက တန်ဆောင်း ၂ဆောင်သာ မန္တလေးမြို့ ဒါယကာ ဥုးကာကာနဲ့ သားသမီးများရဲ့ ကောင်းမှုဖြစ်ပါတယ်၊ ကျန်ပြုပြင်မှုတွေကတော့ တပည့်တော် ပုဂ္ဂလိကရတာနဲ့ ကျမ်းစာအုပ်တာဝန်ခံအမလေးရဲ့ ကောင်းမှုများချည်း ဖြစ်ပါတယ်။

ကျောင်းထဲမှာလဲ ကျမ်းစာအုပ်တာဝန်ခံ အမလေးက ၂ထပ် အသားကျောင်းဆောက်ပါတယ်၊ သူဆုံးသည့်တိုင်အောင် သံဃာများ အတွက် နံနက်ဆွမ်း (ချဉ်ပေါင်ဟင်း-ပဲပြုတ်နဲ့) နေ့ဆွမ်းအတွက် ဟင်း ၂ ခွက်ကို နေ့စဉ်တာဝန်ယူပါတယ်၊ အဲဒီ ဆွမ်း-ဆွမ်းဟင်းများကတော့ စာချဘုန်းကြီးများနဲ့ သံဃာများရဲ့ ရပ်ရွာက ဆွေမျိုးဒကာ - ဒကာမ များနှင့် ကျောင်းဆိုင်ရာ ဒကာ - ဒကာမများပါ အားလုံးစုပေါင်းပြီး စိတ်တူကိုယ်မျှ ဝိုင်းဝန်းဆောင်ရွက်မှု အကူအညီများစွာရလို့ စွမ်းဆောင်နိုင်ခြင်း ဖြစ်ပါတယ်၊ ကျမ်းစာအုပ်ချည်းတော့ ဒါလောက် စွမ်းနိုင်မည် မဟုတ်ပါ၊ တာဝန်ခံ အမလေးရှိတုန်းက ဆည်ရွာမှာ ကြိုတင်ပြီး လိုလို မယ်မယ် စပါးဝယ်ထားရပါတယ်၊ ဆန်လိုတဲ့အခါ အသုံးပြုဘို့နဲ့ ဆီလိုတဲ့ အခါလဲ ထိုစပါးကိုရောင်းပြီး ဆီဝယ်ဘို့ဖြစ်ပါတယ်၊ စားရေးအတွက် ထိုမျှလောက် တာဝန်ယူထားလို့ စာသင်သားအားလုံး စားရေးအတွက် နှင့် နေရာအတွက်က အထိုက်အလိုက် ပြည့်စုံခြင်းဖြစ်ပါတယ်။

**ဓမ္မဂုတ်။** ။တတိုက်လုံး သံဃာများကို တနေရာထဲမှာ စုပေါင်းစားရတော့ သံဃာများက များလာတဲ့အခါ ဆွမ်းစားကျောင်းက တဖြည်းဖြည်း ငယ်ငယ်မနေဘူးလား။

**တပည့်တော်။** ။သံဃာတရာကျော်လာတဲ့အခါ ဆွမ်းစားကျောင်းသာမက ပါဘူး၊ ကုဋီ(ကျင်ကြီးအိမ်)လဲ လိုလာပါတယ်၊ သံဃာ ၂ရာနီးနီး ရှိလာတဲ့အခါမှာ ဆွမ်းစားကျောင်းနဲ့ ကုဋီမလောက်လို့ ထန်းရွက်တဲ ဆွမ်းစားကျောင်းနဲ့ ထန်းရွက်တဲ ကုဋီကြီး ဆောက်ရပါတယ်၊ နောက်ထပ် တိုးချဲ့ထားတဲ့ ဥယျာဉ်ကျောင်းထဲမှာရှိတဲ့ ထန်းပင်တွေကအရွက်ကို အသုံးပြုဘို့ရာ ထန်းတက်နိုင်သော ဒကာကို ငှားရပါတယ်, ဝါးလဲ ကပ္ပိရပါတယ်၊ ထန်းရွက်— ဝါးရတဲ့အခါမှာ ကျောင်းတိုက်သံဃာများ မတတ်တတတ်နဲ့ ဆောက်ကြရပါတယ်၊ ဆွမ်းစားလို့လဲဖြစ်ပါတယ်, ကုဋီသွားလို့လဲ ဖြစ်ပါတယ်။

**ဓမ္မဂုတ်။** ။ဒီအချိန်မှာတောင် ဒကာ-ဒကာမများကို ကိုယ်တော်က မပြောဘူးလား။

**တပည့်တော်။** ။ဝိနည်းတော်က တိုက်ရိုက် ပြောကောင်းလို့လားဘုရား၊ တပည့်တော်က မပြောကောင်းတာတော့ ပြောဘို့ ဝေးပါသေးရဲ့, ပြောကောင်းတာတောင် တောင်းဘို့ကိစ္စတော့ နှုတ်က မထွက်ပါဘူး။

**ဓမ္မဂုတ်။** ။အဲဒီအချိန်မှာ စာအုပ်တာဝန်ခံ အမလေးက မတတ်နိုင်ဘူးလား။

**တပည့်တော်။** ။ကျောင်းတိုက်ပြုပြင်ရေးနဲ့ ဆက်နေလို့သာ တလျှောက်လုံး ရေးရတာပါ၊ ဒီအချိန်မှာ တပည့်တော်အသက်လဲ ၅၀ကျော် ၆၀ နီးနေပါပြီ၊အမလေးက သံဃာတရာကျော်ကျော်ရှိတဲ့အခါတုန်းကဆုံးပါတယ်၊ သံဃာ ၂ရာထိအောင် မပြုစုရပါဘူး၊ သူရှိစေကာမူ ဆွမ်းကိစ္စက သာ၍သာ၍ အကုန်အကျများလာလို့ ကျောင်းဘက်ကို များများတာဝန်မယူနိုင်ပါဘူး၊ ကျောင်းပြင်စရာရှိတောင် တပည့်တော်ရဲ့ ပုဂ္ဂလိက(နဝကမ္မ)နဲ့ ပြင်ရပါတယ်၊ သံဃာအားလုံးအတွက် "တအိုးထဲစား, တသြဇာထဲနေ" ဆိုတော့ တာဝန်ယူရတာ အလွန်ငွေကုန်ပါတယ်၊ တခါတုန်းက သံဃာတရာလောက်ရှိချိန်မှာ တံတားဦးမြို့က "ဒေါ်မြမေ-ဒေါ်ဝင်း-ဒေါ်သိန်း" ဆိုတဲ့ ညီအမများက "တလအတွက် ကုန်ကျစရိတ်ကို တာဝန်ယူလိုပါတယ်" ဟု လျှောက်လို့ နဝကမ္မငွေကို အပ်စပ်အောင် ထိန်းသိမ်းတဲ့

ဦးကျော်ဝင်းက "ဆွမ်း-ဟင်း-မီး-ရေ-ညနေထန်းလျက်ရည်" အားလုံးအတွက် ကုန်ကျစရိတ်ကို အနည်းဆုံး တွက်ပေးတဲ့အခါ တလအတွက် တထောင်ကျော်ကုန်ပါသတဲ့၊ (နေ့ဆွမ်းအတွက် ဆွမ်းခံလို့ရတာ မပါသေးပါဘူး)။

**မမွဂုတ်**။ ။ဒီလိုဆိုတော့ သံဃာနှစ်ရာရှိတဲ့အခါ နှစ်ထောင်ကျော်, ယခုလို ၃၀၀ရှိတဲ့အခါ သုံးထောင်ကျော်, ၄၀၀-၅၀၀ ရှိတဲ့အခါ လေးထောင်ကျော်- ငါးထောင်ကျော် စသည်ကုန်မှာဘဲနော်။

**တပည့်တော်**။ ။တန်ဘိုးအနေကတော့ ကုန်တာအမှန်ပါဘဲ၊ သို့သော် ဆန်တို့ ဆီတို့ ထန်းလျက်တို့, ငရုပ် ကြက်သွန်တို့ မီးအတွက် ရေအတွက်တို့ပါ ထိုက်တန်သမျှ အကူအညီလှူကြလို့ ငွေကိုထုတ်ပြီး ဒါလောက်ကုန်ဘို့တော့ မလိုပါဘူး၊ သံဃာ့ကံအလိုက် ဖြစ်သွားတာပါဘဲ။

**မမွဂုတ်**။ ။လှူသူပြတ်တဲ့ အခါတော့လဲ ထုတ်ပြီးကုန်ရမှာပေါ့နော်။

**တပည့်တော်**။ ။ မှန်ပါတယ်, တခါတခါ ဆန် ဆီမှစ၍ ကပ္ပိရ (ဝယ်ရ) ပါသေးတယ်၊ ဒါ့ကြောင့် ဝိနည်းနဲ့အညီ အပ်အပ်စပ်စပ် စားဘို့ နေဘို့ မလွယ်တာကြောင့် သာသနာ့အရေးကို အမြဲတွေးပြီး တာဝန်ပေါ့အောင်ပြင်ဘို့ရန် စိတ်ကူးရတာပါဘဲ၊ တပည့်တော်များရဲ့ ကျောင်းတိုက်အတွက်တော့ အစကစပြီး ဝိနည်းနဲ့ညီအောင် စီစဉ်ခဲ့လို့ ယခုအထိ ဝိနည်းနဲ့အညီ ဖြစ်နေပါတယ်၊ ဒါ့ကြောင့်လဲ ကောင်းကောင်းမနေလိုတဲ့ စာသင်သားတွေ မနေနိုင်အောင် အထူးစောင့်ရှောက်ရပါတယ်၊ သူတော်ကောင်းစိတ်ရှိမှသာ နေစေချင်ပါတယ်၊ တာဝန်ဆောင်ရတာ တပည့်တော်ရော- စာချဘုန်းကြီးများရော ရင်းနှီးတဲ့ ဒကာ- ဒကာမများရော ကိုယ်ပန်း, စိတ်ပန်း, ငွေပန်း, ပင်ပန်းလွန်းလို့ပါ။

**မမွဂုတ်** ။ ။ ဒီလို တိုက်ရှိသံဃာအားလုံး တစုတဝေးတည်း စားရခြင်းရဲ့ လက်တွေ့အကျိုးကို ပြောပြစမ်းပါဦး။

**တပည့်တော်**။ ။တိုက်ရှိသံဃာအားလုံး အတူစားရခြင်းရဲ့ အကျိုးကတော့ အလွန်များပါတယ်။

၁။ စာချဘုန်းကြီးအချင်းချင်း, ကျောင်းအချင်းချင်း, အပြိုင်အဆိုင်မရှိဘဲ ရသမျှအတူစားရတော့ (တအိုးထဲစား-အိမ်သူအိမ်သားလို) စိတ်ဝမ်းမကွဲပြားဘဲ အလွန် သွေးစည်းညီညွတ်ပါတယ်။

၂။ တိုက်တာမှာ လုပ်စရာရှိယင် သူ့ကျောင်း - ကိုယ့်ကျောင်း မရွေးဘဲ အားလုံးဝိုင်း၍ လုပ်ကြပါတယ်၊ ဒါ့ကြောင့် ကျောင်းရှေ့ မျက်နှာသာ တိုင်းမှာ ဆိုင်ရာကျောင်းက သန့်ရှင်းစေတဲ့အပြင် အကြီးအကျယ် ပွဲပြင် စရာရှိယင် ကျောင်းတိုက်ဏဝိုင်း၍ ပွဲပြင်ကြပါတယ်။

၃။ မိမိတို့ဆိုင်ရာ ဆရာမိဘ-ဆွေမျိုးဉာတိ- ဒကာ ဒကာမတို့က ဆန်-ဆီ-ပဲ- ထန်းလျက် စသည့် လှူလိုက်လဲ အားလုံး သံဃိကအဖြစ်ဖြင့်လှူ၍ ပုဂ္ဂလိက မထားရ၊ အားလုံးအတွက် တနေရာတည်းမှာ ချက်ပြုတ်ရသောကြောင့် ကျောင်းတိုင်းမှာ သန့်ရှင်းမှုလဲ ပင်ကိုယ်အတိုင်း ရှိနေပါတယ်။

၄။ စာအံတဲ့အခါ မည်သည့်ကျောင်း၌မျှ အသံကျယ်စွာ မအံရဘဲ တိုးတိုး အံရသောကြောင့် တိတ်ဆိတ်ငြိမ်သက်မှုလဲ ကျောင်းတိုင်းမှာ အတော် ကလေး ရနေပါတယ်။

၅။ အားလုံး ကျန်းမာရေးအတွက် ဂိလာနကျောင်း သီးခြားထားသော ကြောင့် မကျန်းမာသောကိုယ်တော်ရှိယင် မိမိကျောင်းမှာ မနေရဘဲ ဂိလာနကျောင်းမှာ လာ၍နေရသောကြောင့်လဲ ကျောင်းတိုင်းမှာ တမျိုး သန့်ရှင်းနေပါတယ်။

၆။ အရေးကြီးသော ဂိလာနကို ဆေးရုံပို့မှု စသည်ဖြင့် ကူညီစရာရှိယင်လဲ သူ့ကျောင်း-ကိုယ့်ကျောင်းက ပုဂ္ဂိုလ်လို့ မရွေးဘဲ တာဝန်ဆောင်နိုင် သော ပုဂ္ဂိုလ်များက ကူညီကြရပါတယ်။

၇။ စစ်ပြီးတဲ့အခါတုန်းက ဆောင်းအခါမှာ ကိုရင်တပါး ဖျားပါတယ်၊ ပဌမ မြို့ကဆရာနဲ့ ကုပါတယ်, ဆရာက ညဥ့်အခါမှာ ကြပ်လာတဲ့သလိပ်ကို နိုင်အောင် မကုနိုင်ပါဘူး, အင်္ဂလိပ်ဆေးကိုင်တဲ့ ဆရာကို ခေါ်ရပါတယ်၊ သူလဲ ထိုသလိပ်ကိုနိုင်အောင် မကုနိုင်ပါဘူး, ကိုရင်က အားလဲနဲ့လာတော့ သူကလဲစိုးရိမ်, ဆိုင်ရာ ဆရာမိဘတို့ကလဲ စိုးရိမ်ပါတယ်၊ အဲဒီအခါမှာ စာချဘုန်းကြီးများနဲ့ တာဝန်ဆောင်တချို့ကို ခေါ်ပြီးတော့ ကိုရင်ရဲ့ စိုးရိမ်ဘွယ်ကို ပြောပါတယ်၊ ဆေးဆရာတွေတော့ အဖျားထက် သလိပ်ကို မနိုင်ကြတော့ဘူး, ဒီသလိပ်ဟာ နေဝင်၍ အေးတဲ့အခါ ကြပ်ကြပ်လာတာ ဘဲ, ဒီတော့ အအေးကို ကာကွယ်ဘို့ရာ တညလုံး ရင်မှာ ကြက်ထုပ်ကပ် ပေးရယင်, စာကိုယ်လုံးလဲ အအေး မလွှမ်းနိုင်အောင် ကာကွယ်ရယင် ဒီသလိပ်ကို နိုင်စရာရှိတယ်။

ဒါ့ကြောင့် နေဝင်ခါနီး အအေးမများခင်ကစပြီး နေထွက်၍ အအေးပေါ့သည့်တိုင်အောင် ကြက်ထုပ် မပြတ်စေဘဲ နာရီဝက်စီ, သို့မဟုတ် တနာရီစီ အလဲအလှယ်ဖြင့် ကြက်ထုပ်ထိုးရအောင် အဖွဲ့ဖွဲ့ကြပါ၊ တဖွဲ့လျှင် "ကြက်ထုပ်မီးကင်သူ, ကြက်ထုပ်ယူပေးသူ, ကြက်ထုပ်ကို ကိုရင်ရဲ့ရင်မှာ ကပ်ပေးသူ "ဟု ၃ ပါးကို ထိုအလုပ် မချို့ယွင်းအောင်ထိန်းဘို့ အကြီး တပါး, ဤ ၄ ပါးသံဃာရှိပါစေ, စာချဘုန်းကြီးများက တလှည့်စီအိပ်ပြီး ထိုအဖွဲ့များကို စောင့်ရှောက်ကြပါ၊ "ကိုရင်ရဲ့ အသက်ကို ဒို့ဆရာတပည့် လုယူဘို့ တာဝန်ယူကြပါစို့ "လို့ ပြောတဲ့အခါ အားလုံး သဒ္ဓါထက်ထက်သန်သန်ဖြင့် ပြုစုကြပါတယ်၊ နောက်ဆုံးတော့ သလိပ်ကိုနိုင်သည့်အတွက် ကိုရင်လဲကျန်းမာလို့ အားလုံး ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ် ဘုရား။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတော့ စားအတူ-နေအတူ စိတ်ဝမ်းမကွဲဘဲ ဆရာ တပည့် စည်းလုံးရတဲ့အကျိုးဟာ မကုန်နိုင်အောင်ပင် များတာပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်ဘုရား, ဒါ့ကြောင့် တပည့်တော်လဲ အားလုံး ညီညီညွတ်ညွတ်ဖြစ်အောင် စားရေး-နေရေး အဆင်ပြေအောင် တာဝန်ယူတဲ့အပြင် စိတ်နေစိတ်ထားပါ သဒ္ဓါတရားမလျော့အောင် အသိဉာဏ်လဲ တိုးအောင်, နံနက် အရုဏ်ဆွမ်းစားပြီးချိန်မှာ နေ့စဉ် နာရီဝက်ခန့် ဩဝါဒ ပေးပါတယ်၊ ပြီးတော့မှ ဆွမ်းခံမသွားခင် စာ အခြေရပြီး ကိုယ်တော်များအား သုတ္တန်ပါဠိတော်ကို အဓိပ္ပါယ်ပြောပြီး စာချပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အဲဒီလို ဆရာ တပည့် လက်ကျညီညီနဲ့ စည်းစည်းလုံးလုံး လက်ရေတပြင်စီး ဆောင်ရွက်ကြတော့ လောက သံသရာ နှစ်မျိုးလုံး စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ သာသနာ့အသရေကို ကောင်းကောင်းကြီး ဆောင်နိုင်တာပေါ့နော်၊ သာသနာ့ဝန်ထမ်းအားလုံး ဒီနည်းအတိုင်း ကျင့်သုံးနိုင်ကြယင် သိပ်ကောင်းမှာဘဲ ကိုယ်တော်။

**တပည့်တော်။** ။ မှန်ပါတယ်ဘုရား, ဒီအတိုင်းသာ သဘောထားကြီးကြီး တဦးနဲ့တဦး အန္တိနာခံပြီး သည်းခံမှုဖြင့် စိတ်ရှည်ရှည်ထား ဆောင်ရွက်ကြယင် တပည့်တော်တို့ရဲ့သာသနာဟာ နေလို လလိုမက ကမ္ဘာကစံပြုပြီး အကြည့်ခံကြရမှာပါဘုရား၊ ဒါလောက်သာ မကသေးပါဘူး လူတိုင်း၏

လေးစားမှု ခံယူကြရပြီး ကျင့်သုံးသူ—ကိုးကွယ်သူများဟာ ယခုဘဝမှာပင် ရင်အေးပြီး သာသနာရေးပါ မြှော်တွေး၍ အေးချမ်းမှုလဲ ဖြစ်နိုင်ကြရ ပါ့မည် ဘုရား။

**ဓမ္မဂုတ်။** ။ကဲကဲ ...ကိုယ်တော်ရဲ့အသက် ၄၀ကျော်, ၅၀အတွင်းမှာ သူများ အထင်သေးပြီး နာမည်မွေးစရာဖြစ်လောက်အောင် နေရာကိုလဲ ရွှေ့ရ တယ်, ရောက်တဲ့နေရာမှာ ကိုယ့်ဘာသာ စားရေး–နေရေးကို တပည့်များ အတွက် စီစဉ်ရတယ်, ဒုတိယကမ္ဘာစစ်ကြီးလဲ ဖြစ်လာတယ်, ကမ္ဘာစစ် အပြီးမှာ ရှားရှားပါးပါးနဲ့ ရောက်လာသော သံသရာများကို ထိန်းသိမ်း ယင်း စာရေးရ–စာချရ–အမျိုး–ဘာသာ– သာသနာကြီးပွားရေး တရား ဟောရတယ်, အနာဂတ်သာသနာ ပြုပြင်လို၍ ကျမ်းစာရေးရာမှာလဲ "ကွန်မြူနစ်"လို့ တချို့က စွပ်စွဲပြီး, စာအုပ်ကို သပိတ်မှောက်မယ်လို့ အကြိမ်းအမောင်းခံရတယ်၊ ဒီကြားထဲမှာ ကိုယ်တော်က ဘာမှမဖြစ်သလို နေပြီး ကျောင်းတိုက်အတွက် တိုးတက်အောင် ပြုပြင်နေတယ်ဆိုတော့ ကိုယ်တော့်ဇွဲကို ဘယ်သူမှမစဉ်းစားဘဲနေမည်မဟုတ်ပါဘူး, အတုယူလိုတဲ့ နောက်ပုဂ္ဂိုလ်များလဲ အတုယူစရာကောင်းတဲ့ဇွဲပါဘဲ၊ ဘယ်သူ ဘာပြော ပြော သည်းခံမှုဖြင့် ဘုရားသာသနာတော်ကို ရှေးရှုကာ ကိုယ့်အလုပ် ကိုသာ စောက်ချပြီး ဆောင်ရွက်တော့ ရာခိုင်နှုန်းပြည့် မဟုတ်သော်လဲ အောင်မြင်သင့်သလောက်တော့ အောင်မြင်တယ် ဆိုရမှာပါဘဲ၊ ဒီလို အပင်ပန်းခံရတဲ့ ငါးဆယ်အတွင်းမှာ ဖြစ်ခဲ့သမျှအားလုံး နိဂုံးအုပ်ကြ ပါစို့ ကိုယ်တော်။

**နိဂုံး။** ။အသက်ငါးဆယ်, ထိုသည့်နယ်ကား, အရွယ်လည်းတင့်, ဉာဏ်လည်း ပွင့်၍, ဆင့်ဆင့်တက်ကြောင်း, ဆက်ဘို့ကောင်းလည်း, အကြောင်းမဟန်, အဟောင်းကံကြောင့်, အမှန်အစစ်, မမှန်ဖြစ်၏၊ ထိုနှစ်ကမ္ဘာ, စစ်ဖြစ်လာ သော်, အရာရာစုံ, မကောင်းကြုံသား, လူ့ဘုံထိုးစံ, ကံရဲ့ဒဏ်ဖြင့်, ရန်မာန် ပိတ်သဲ, ခရီးခဲ၍, စိတ်ဇွဲသန်သန်, နောက်မပြန်ဘဲ, ရဲမာန်ရဲဆေး, ရဲစိတ် မွေးလျက်, ရဲသွေးနီနီ, စီရရီသည်....သာကီနွယ်တို့ သွားလမ်းကို့။

## ၁၂။ ငါးဆယ်လွန်လျှင်း=ခြောက်ဆယ်တွင်း

**ဓမ္မဂုတ်**။ ။ဦးဇနကရေ.... ငါးဆယ်ကျော်ယင်တော့ ကံကောင်းကလေးများ ပေါ်လာလောက်ပါပြီ, ဘယ်နှယ်လဲ။

**ဘပည့်တော်**။ ။အလုပ်မလုပ်တဲ့ပုဂ္ဂိုလ် အတွက်တော့ အေးအေးသက်သာနဲ့ ဆရာတော်အခေါ်ခံပြီး ကံကောင်းပေါ်တဲ့အရွယ်ပေါ့ဘုရား၊ အလုပ်လုပ်ဝ သူအတွက်ကတော့ ကံကောင်း ကံဆိုး အမျိုးမျိုးနဲ့ တွေ့ရှိုးထုံးစံပါဘဲ။

**ဓမ္မဂုတ်**။ ။ဟုတ်ပါရဲ့လေ, ကိုယ့်အတွက်သာမက အမျိုး–ဘာသာ–သာသနာ အတွက် အားတက်သရော ကြိုးစားသောပုဂ္ဂိုလ်တိုင်းမှာဘဲ ရှေးရှေးကလ ခလုတ် ကံသင်း ဆူးကျင်းအဖုံဖုံ စုံနေတဲ့လမ်းခရီးကို လျှောက်ခဲ့ရတာ ချည်းပါဘဲ။

**ဘပည့်တော်**။ ။ဟုတ်ပါတယ်ဘုရား, ငါးဆယ်အတွင်းတုန်းက ကံအဆက်တွေ့ မကုန်သေးပါဘူး, စစ်ပြီးခေတ်မှာ တဖြေးဖြေး သံဃာများရောက်လာ တော့ ထို သံဃာအများစုအတွက် ကျောင်းက စားရေး–နေရေး စီစဉ် ပေးလို့ အလိုက်အထိုက် နေသာပေမဲ့ သက်နိုး–ဘိနပ်အတွက် တာဝန်မယူ နိုင်ပါဘူး၊ အချိန်အခါကလဲ အရာရာ ရှားပါးတုန်းအခါ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ရှေးဆရာတော်ကြီးများ လက်ထက်ကစ၍ တောင်မြို့ သံဃာ များကို ဝင်ခွင့်ပြုထားတဲ့ စစ်ကိုင်း မဟာဂန္ဓာရုံ ဝိနည်းစာပြန်ပွဲကို တပည့် တော်ရဲ့ တပည့်များကို ဝင်စေရပါတယ်၊ သင်္ကန်းကလေး ဘိနပ်ကလေး များ ရလိုရငြားပါ။

**ဓမ္မဂုတ်**။ ။အဝေးသံဃာများကို ဝင်ခွင့်မပြုတဲ့ ဝိနည်းစာပြန်ပွဲက ဘာပြုလို့ တောင်မြို့ မဟာဂန္ဓာရုံသံဃာကိုတော့ ဝင်ခွင့်ပြုသတဲ့တုန်း။

**ဘပည့်တော်**။ ။စစ်ကိုင်း ဂန္ဓာရုံစာပြန်ပွဲဆိုတာ ပဌမ မဟာဂန္ဓာရုံ ဆရာ တော်နဲ့ ဒုတိယ မဟာဂန္ဓာရုံ ချမ်းအေးဆရာတော်တို့ စခဲ့တာပါ၊ ထိုဆရာ တော်ကြီး ၂ ပါးက နေ့အခါမှာ တောင်မြို့ မဟာဂန္ဓာရုံမှာလဲ ကြွပြီး သီတင်းသုံးလေ့ရှိပါတယ်၊ ဒါ့ကြောင့် ၂ ချောင့် တချောင်လို နေတာပါ၊ ဒီလို တချောင်ထဲလို ဖြစ်နေတဲ့အတွက် တောင်မြို့ ဂန္ဓာရုံ သံဃာကိုလဲ ခြွင်းချက်အနေအားဖြင့် ဝင်ခွင့်ပြုခဲ့ကြပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုအခွင့်ရလို့ ကိုယ်တော့်တပည့်များကဝင်တော့ ဘာဖြစ်တုန်း။

**တပည့်တော်။** ။ပဌမတော့ ဘာမှ မဖြစ်ပါဘူး၊ ဒါပေမဲ့ တပည့်တော်ဆီက အထူး ပြုပြင်ထားတာဖြစ်လို့ ရဟန်းသာမဏေများ ကြွသွားကြတဲ့အခါ သီလရှင်တွေကရော စာပြန်ပွဲလာတဲ့ ဒကာ ဒကာမတွေကရော အတော် ကြည်ညိုကြပါသတဲ့၊ (စစ်ပြီးစမို့ သံဃာ ၂၀ လောက်ပါ)။

**ခမ္မဂုတ်။** ။ကြည်ညိုယင် သာကောင်းတယ် မဟုတ်လား, ဘာဖြစ်သေးတုန်း။

**တပည့်တော်။** ။ကြည်ညိုစရာကောင်းရုံတွင်မကဘူး, တပည့်တော်ဆီက ဝိနည်း ဘက်မှာလဲ ကြိုးစားနေတာဖြစ်လို့ ဝိနည်းပြန်တဲ့အခါ အထက်တန်း ၄ စောင်ပြန်တွေက သိသိသာသာကြီး များများလာပါတယ်၊ ဒီတော့ ၄ စောင်ပြန်ပုဂ္ဂိုလ်ကို အထူးပိုပြီးလှူရတဲ့အခါ တပည့်တော်ကျောင်းတိုက် က အရများနေတာမြင်တော့ တချို့က စဉ်းစားကြပါလိမ့်မယ်၊ တချို့ ကိုယ်တော်ကလေးများကလဲ "တောင်မြို့ ဂန္ဓာရုံကချည်း ယူသွားတာဘဲ" လို့ ရယ်စရာပြောကြပါသတဲ့။

**ခမ္မဂုတ်။** ။ အင်း.... အဆောင်းကလဲ မကောင်းကျိုး ပေးတတ်သေးတာဘဲ ကိုယ်တော်, အကောင်းဘက်မှာလဲ သူများထက် သိပ်မကွာအောင်ကောင်း မှ လူ့မျက်စိ မမြင်တာ၊ သိပ်ကွာခြားလာယင် အမျိုးမျိုး မျက်စိတွေက အမျိုးမျိုး ကြည့်ပေမှာဘဲ။

**တပည့်တော်။** ။ဟုတ်ပါတယ်, ဒီလို သီလရှင်များရော ဒကာ ဒကာမများပါ မျက်စိကျလာတဲ့အချိန်မှာ ဒုတိယ မဟာဂန္ဓာရုံ ချမ်းအေးဆရာတော်ကြီး လဲ စက္ခုတော် အလင်းမရ၍ စစ်ကိုင်းချောင်ရဲ့ အပူဒဏ်ကို ခံတော်မမူနိုင် သည့်အတွက် တောင်မြို့ မဟာဂန္ဓာရုံသို့ ကြွတော်မူလာပါတယ်။

**ခမ္မဂုတ်။** ။ဆရာတော်ဘုရားကြီးက နွေအခါ အပူသက်သာရုံ ကြွလာတာ ဘဲလား။

**တပည့်တော်။** ။အပူလဲသက်သာအောင် တပည့်တော်များကိုလဲ ချီးမြှောက်ရာ ရောက်အောင် ကြွလာတာနဲ့ တူပါတယ်။

**ခမ္မဂုတ်။** ။ဘယ်လို ချီးမြှောက်ရာရောက်အောင်လဲ ကိုယ်တော်။

**တပည့်တော်။** ။ဆရာတော်ကြီးက တပည့်တော်ကို ကျောင်းသားအရွယ်က စပြီး ဂရုစိုက်တော်မူပါတယ်၊ ယခုလဲ သံဃာတွေ အတော် များနေတယ် လို့ ကြားသိတော်မူတာနဲ့ ဝမ်းမြောက်ဟန်တူပါတယ်၊ တပည့်တော်ကလဲ

တပည့်တော်အတွက် အဟောင်းတွေကို စုပေါင်းပြီး ကျောင်းဆောက်ဝ အခါ ဆရာတော်ကြီးထံမှာ ပိုနေသော ၂ ခန်းပတ်လည်ကျောင်းကလေးက တောင်းပါတယ်၊ ထိုကျောင်းကလေးကို ယူခွင့်လဲပြုပါတယ်၊ မကြာခဏ လဲ "မောင်ဇနကမှာ ကျောင်းမရှိလို့ ကျောင်းဟောင်းကလေး ချီးမြှင့် လိုက်ရတယ်" လို့ အမိန့်ရှိပါသတဲ့၊ ဒါကြောင့် သနားပြီး ချီးမြှောက်တဲ့ အနေနဲ့ ကြွလာဟန်တူပါတယ်။

ခမ္မဂုတ်။ ။ကိုယ်တော်က ကိုယ်တော်နေဘို့ကျောင်းကို ဘာပြုလို့ အဟောင်း တွေ စုပေါင်းပြီး ဆောက်ရတာတုန်း, ဒကာမရှိလို့လား။

တပည့်တော်။ ။ဒကာ မရှိလို့ချည်းတော့ မဟုတ်ပါဘူး, ဆရာသမားကြီးများ သီတင်းသုံးဘူးတဲ့ အဟောင်းကိုဘဲ တပည့်တော်က မြတ်နိုးလို့ပါ၊ အဲဒီ စုပေါင်းကျောင်းကလေးမှာ ပဌမ မဟာဂန္ဓာရုံဆရာတော်နဲ့ အတိသုခ ဆရာတော်တို့ သီတင်းသုံးဘူးတဲ့ တောင်မြို့ကျောင်းက အဟောင်းတချို့ လဲ ပါပါတယ်၊ စစ်ကိုင်း ဂန္ဓာရုံက ကျောင်းကလေးလဲ ပါပါတယ်၊ အားလုံးပေါင်းပြီး လိုတာကိုမှ ဖြည့်စွက်ပြီး နေစရာဖြစ်အောင် စီမံပါ တယ်၊ ထိုကျောင်းကိုဘဲ ပြင်လိုတဲ့သူတွေက ဖျက်ပြင်ပါလို့ လျှောက်ပေမဲ့ ဆရာတော်ကြီးများရဲ့ အမွေတွေပါနေလို့ မဖျက်ပါဘူး၊ နေလို့ သပ္ပါယ ဖြစ်အောင်တော့ ထပ်ပြီးပြုပြင်ပါတယ်၊ ၃ ခါလောက်ရှိပါပြီ, ထပ် ပြုပြင်တာ။

ခမ္မဂုတ်။ ။မဟာဂန္ဓာရုံ ချမ်းအေးဆရာတော်ကြီး ကြွလာတာနဲ့ ကိုယ်တော့် ကျောင်းတိုက်မှာ ပိုပြီး လူသိများသွားမှာဘဲနော်။

တပည့်တော်။ ။တပည့်သံဃာတွေ ကြည်ညိုစရာကောင်းလို့ စစ်ကိုင်းဘက်က သီလရှင်များက အကြည်ညိုများတဲ့အပြင် ဆရာတော်ကြီးက ကြွလာပြန် တော့ ဒကာ-ဒကာမတွေလဲ ပို၍အကြည်ညိုများမှာကို မြင်ကြပါလိမ့် မယ်၊ တိုးလာသမျှကို ဂန္ဓာရုံဝိနည်းစာပြန်ပွဲက လက်ခံယင် စစ်ကိုင်း စာပြန်သံဃာတော်များမှာ အရနဲလိမ့်မယ်လို့ မြင်ကြဟန် တူပါတယ်၊ ဒါကြောင့် နောက်နှစ်မှာ တောင်မြို့ဂန္ဓာရုံက သံဃာတစက်သာ စာပြန်ပွဲ ဝင်ခွင့်ပေးဘို့ အလေးအနက် တိုင်ပင်ဆုံးဖြတ်ကြပါသတဲ့။

ခမ္မဂုတ်။ ။ဩော်....ဘယ်နှယ့်ဟာတုန်း, ချီးမြှောက်ရမဲ့အစား ဘယ်လိုများ လုပ်လိုက်ကြပါလိမ့်။



မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ ၏

"အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ရရှိချိန် သက်တော် (၅၂) နှစ်အရွယ် ပုံတော်။

**တပည့်တော်။** ။ဒါတွင် ဘယ်ကမှာတုန်း ဂန္ဓာရုံချမ်းအေးဆရာတော်ကြီးလဲ တပည့်တော်ရဲ့ ကျောင်းတိုက်၌ သံဃာများရဲ့ အပြုအစုခံနေခိုက်မှာဘဲ တပည့်တော့်အတွက်“အဂ္ဂမဟာပဏ္ဍိတ”ဘွဲ့ကထွက်လာတော့ ဆရာတော်ဘုရားကြီးမှာ လွန်စွာအားရတော်မူတာနဲ့ လာလာသမျှ အာဂန္တုသံဃာများနဲ့ ဒကာ–ဒကာမတို့အား တပည့်တော်ရဲ့ ငယ်ငယ်က စာတော်ပုံနှင့် ဘွဲ့ဘာဆိပ်ရကြောင်းကို စပ်မိတိုင်း အမိန့်ရှိတော်မူပါတယ်၊ ဒါ့ကြောင့် တောင်မြို့ဂန္ဓာရုံဟာ သံဃာတော်များရော လူဒကာ – ဒကာမများပါ လွန်စွာ မျက်စိကျစရာ ဖြစ်လာပါတယ်။

**ခမ္မဂုတ်။** ။ဟုတ်ပီ, ဒီလိုဆိုယင်တော့ ကိုယ်တော့်မှာ နောက်ထပ်တခုခုတော့ ဖြစ်ပါလိမ့်ဦးမယ်။

**တပည့်တော်။** ။ဆရာတော်ဘုရားကြီးလဲ တပည့်တော်တို့သံဃာများရဲ့ အပြုစုခံတော်မူယင်းပင် သက်တော် ၉၁ နှစ်မှာ သိပ်ပြီးရောဂါဒဏ် မခံရဘဲ ပြန်လွန်တော်မူပါတယ်၊ အဲဒီ ပြန်လွန်တော်မူပြီးတဲ့နောက် ဝိနည်းစာပြန်ပွဲ မတိုင်ခင်“စစ်ကိုင်းဂန္ဓာရုံ ဝိနည်းစာပြန်ပွဲ ဝင်ခွင့်ကို တောင်မြို့ဂန္ဓာရုံသံဃာများအတွက် လုံးဝပိတ်လိုက်ပြီ” လို့ နာယကဆရာတော်များ တိုင်ပင်၍ ဆုံးဖြတ်ချက် ချလိုက်ကြပါသတဲ့။

**ခမ္မဂုတ်။** ။ဒီအကြောင်းကြားရတော့ ကိုယ်တော့်စိတ်မှာ မထိခိုက်ဘူးလား။

**တပည့်တော်။** ။တပည့်တော့်အတွက် စိတ်မထိခိုက်ပေမဲ့ တိုက်သံဃာများအတွက်တော့ ထိခိုက်ပါတယ်, တပည့်တော်က သံဃာများအတွက် ကျောင်းနဲ့ဆွမ်းသာ ပြည့်စုံအောင် ကြိုးစားနိုင်ပါတယ်၊ သင်္ကန်း ဘိနပ်အတွက် မကြိုးစားနိုင်ပါဘူး၊ သင်္ကန်း ဘိနပ်အတွက် တချို့မှာမခဲယဉ်းသော်လဲ တချို့မှာ ခဲယဉ်းပါတယ်၊ အဲဒီ စာပြန်ပွဲကရတော့ ခဲယဉ်းတဲ့ တပည့်များမှာလဲ ပြည့်စုံပါတယ်၊ ဒါ့ကြောင့် အဲဒီစာပြန်ပွဲကို ဝင်စေရခြင်းဖြစ်ပါတယ်၊ ဝိနည်းပါဠိကို နှုတ်တက်ရဘို့အတွက်က စာပြန်ပွဲမဝင်ရပေမဲ့ ကျောင်းစည်းကမ်းအလိုက် ရကိုယ် ရကြပါတယ်။

**ခမ္မဂုတ်။** ။ဒီအခါ စိတ်ထိခိုက်ကြသော စာသင်သား သံဃာကလေးများကို ကိုယ်တော်က ဘယ်လိုများ ဩဝါဒပေးသလဲ။

**တပည့်တော်။** ။ တပည့်တော့်ကျောင်းတိုက်မှာ နံနက်ဆွမ်းစားပြီးတဲ့အခါ စာမပြင်ခင် သံဃာစည်းဝေးပြီး ဩဝါဒပေးလေ့ရှိပါတယ်၊ ဩဝါဒပြီးမှ

ဆွမ်းခံသွားခါနီးအထိ စာပို့ချပါတယ်၊ အဲဒီထုံးစံအတိုင်း ဩဝါဒပေးတဲ့အခါ "စစ်ကိုင်းဘက်က မဟာဂန္ဓာရုံဝိနည်းစာမြန်ပွဲကို ဒီတိုက်က မဝင်ရ" လို့ ဆုံးဖြတ်လိုက်ကြပြီတဲ့၊ ဘုန်းကြီးကလဲ သက်နှင်းဘိနပ်ကလေးများ ရအောင်လို့သာ ဝင်စေရတာဖြစ်တယ်၊ ဒါ့ကြောင့် ရမဲ့လာဘ်ဟာ အနောက်ဘက်အပေါက်က မဝင်လာယင် အခြားအပေါက်က ဝင်လာပါလိမ့်မယ်, ဘာမှ အထူးမစဉ်းစားကြပါနဲ့,, မိမိတို့ကိုယ်တိုင်သာ ဝိနည်းတော်ကို လေးလေးစားစားနေနိုင်ကြဘို့ သတိပြုကြပါ၊ "အကျိုးပေးဘို့ ရှေးရှုနေတဲ့ကံဟာ တနည်းနည်းနဲ့ အမှန် အကျိုးပေးပါလိမ့်မယ်" လို့ တပည့်တော်ယူဆတဲ့အတိုင်းပင် ဩဝါဒပေးပါတယ်။

**ခမ္ဘဂုတ်**။ ။ကိုယ်တော်က စစ်ကိုင်းစာပြန်ပွဲ မဝင်ရယင် ကိုယ့်ကျောင်းမှာ ဝိနည်းစာပြန်ပွဲ လုပ်ပါ့လား။

**တပည့်တော်**။ ။တပည့်တော်မှာ ဒကာ–ဒကာမများနဲ့ စပ်ပြီး မူရှိပါတယ်၊ "ဒကာ–ဒကာမများမှာ သံဃာတော်များကို လှူကြပေမဲ့ သူတို့ပစ္စည်းရှာရတာ အလွန် ပင်ပန်းရှာကြပါတယ်၊ လူ–လူချင်းပေးဘို့ အလွန်လဲ တွန့်တိုကြတယ်၊ နေ့စဉ်လဲ သံဃာများကို ဆွမ်း–ဆွမ်းဟင်း လောင်းလှူကြရပါတယ်၊ တချို့မှာ ကျောင်းကြီးကျောင်းငယ် ဆောက်လုပ်ကြပါတယ်၊သံဃာများအတွက် သူတို့ကုန်ကျစရိတ်ဟာ များလှပြီ၊ နောက်ထပ် အပိုကုန်ကျမဲ့ကိစ္စကို ရှောင်နိုင်သမျှ ရှောင်သင့်တယ်" လို့ တပည့်တော်မှာ မူရှိနေပါတယ်၊ ဒါ့ကြောင့် တပည့်တော်ကျောင်းတိုက်မှာ စေတီတော်ကို သာယာအောင် ပြုပြင်ထားသော်လဲ ဆွမ်းတော်ကြီးတင်တဲ့ဘုရားပွဲ မလုပ်ပါဘူး၊ ကထိန်ပွဲ–ရဟန်းခံပွဲ – ဝါဆိုပွဲ– ပဝါရဏာပွဲစသော ငွေကုန်ရမဲ့ပွဲဟူသမျှ ဘာကိုမှမလုပ်ရပါဘူး၊ သူတို့သဒ္ဓါတရားနဲ့ လာလှူတဲ့ကိစ္စမှာလဲ ပွဲဆိုင်ရာ မပါစေဘဲ ကိစ္စပြီးစေပါတယ်၊ ဒီတော့ တပည့်တော်ရဲ့ မူအရ ဒကာ–ဒကာမတွေ အလှူလာအောင် လမ်းခင်းသလိုဖြစ်နေတဲ့ ဝိနည်းစာပြန်ပွဲကို တပည့်တော်ရဲ့မူက လက်မခံနိုင်ပါဘူး၊ ဒါပေမဲ့ နေ့စဉ်နေ့စဉ် ဘုရားဝတ်တက်ရာမှာ အလှည့်ကျအားဖြင့် ဝိနည်းကို ရွတ်နေကြလို့ ပွဲမလုပ်တဲ့ ဝိနည်းပြန်ကတော့ နေ့စဉ်နေ့စဉ် မှန်မှန်ရှိနေပါတယ်ဘုရား။

**ခမ္ဘဂုတ်**။ ။ကိုယ်တော် "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ရပြီးတဲ့နောက် သာသနာရေးအတွက် အစိုးရဆိုင်ရာအလုပ်တွေ ဘာများလုပ်ရသေးတုန်း။

**တပည့်တော်**။ ။စစ်ပြီးတဲ့နောက်မှာ ကလေးရော လူကြီးပါ စာရိတ္တဘက်က ကျဆင်းနေလို့ စာရိတ္တကောင်းအောင် ရည်ရွယ်ပြီး အစိုးရက ကျောင်းသားတွေကို ဗုဒ္ဓဘာသာသင်ခန်းစာ စီစဉ်ပေးဘို့ရန် ဆရာတော်ငှပါးနဲ့ လူကြီးများစုံညီ ကော်မီတီဖွဲ့ပါတယ်၊ အဲဒီ ငှပါးထဲမှာ အဂ္ဂမဟာပဏ္ဍိတ (နောင်ခါ မဟာရဋ္ဌဂုရု) ညောင်ရမ်းဆရာတော်, ရန်ကုန်ကျောင်းတော်ရာတိုက် မန်းဦးဆရာတော်, ရန်ကုန်ဘုရားကြီးဆရာတော်နဲ့ တပည့်တော်များ ပါပါတယ်၊ လူကော်မီတီမှာတော့ တရားဝန်ကြီး ဦးသိန်းမောင်စသောလူကြီးများပါပါတယ်၊ တပည့်တော်တာဝန်ယူပြီး(၄ တန်းအထိ) သင်ခန်းစာများကို ရေးပါတယ်။

**ဓမ္မဂုတ်**။ ။ဒီအခါမှာ ဘယ်သွားပြီး စည်းဝေးရတုန်း။

**တပည့်တော်**။ ။ ရန်ကုန်သွားပြီး အများအားဖြင့် ဟိုက်ကုတ်ရုံးကြီးမှာ စည်းဝေးရပါတယ်၊ အဲဒီ အချိန်တုန်းက မီးရထားလမ်းက စိတ်မချရသေးလို့ လေယာဉ်နဲ့ချည်း အစည်းဝေးရှိတိုင်း သွားရပါတယ်၊ တပည့်တော်မှာ ပဌမအခေါက်တော့ ကျောက်ကုန်း ဓမ္မမေဒနီတိုက်မှာ တဲပါတယ်၊ နောက်တော့ အစည်းဝေး ပို့ရယူရတဲ့ကားကို အားနာလို့ ဓမ္မသုခတိုက် စရပ်မှာဘဲ တဲပါတယ်, ဆွမ်းအတွက်တော့ ဒေါ်ရှုပမာလာက တာဝန်ယူပါတယ်၊ စာရေးစရာရှိတဲ့အခါ မိမိနေရာ တောင်မြို့ပြန်ပြီး ရေးပါတယ်၊ အဲဒီ ဓမ္မသုခတိုက် သွန်းဘုရားကြီးအနီးမှာ တဲရတော့ ခပ်လှမ်းလှမ်းက ရေတိုင်မှာ အရပ်ထဲကလူတချို့ မကြာမကြာလာပြီး ရေခပ်ကြပါတယ်, တချို့လူတွေက ရေပိုက်နှုတ်သီးကိုဖွင့်ပြီး မပိတ်ဘဲ ထားခဲ့လို့ တပည့်တော်မြင်တိုင်း သွားသွားပြီး ပိတ်ရပါတယ်၊ အဲဒီ အချိန်မှာ နွေအခါဖြစ်လို့ ရန်ကုန်မြို့ထဲမှာ ရေရှားတဲ့အကြောင်း သတင်းစာက မကြာမကြာ ရေးနေပါတယ်၊ လူတွေကစည်းကမ်းမရှိတော့ ရှားသင့်သလောက်ထက် ပိုရှားနေဟန်တူပါတယ်။

**ဓမ္မရုတ်**။ ။ဟုတ်ပါလိမ့်မယ်ကိုယ်တော်, တပည့်တော်တို့လူစုကို စည်းကမ်းရှိအောင် အသိဉာဏ်ပေးဘို့ကတော့ ယနေ့အထိ လိုနေပါသေးတယ်။

**တပည့်တော်**။ ။တနိုင်ငံလုံးတော့ မပြောနဲ့တော့ တပည့်တော်ရဲ့ကျောင်းတိုက်မှာတောင် စည်းကမ်းရှိအောင် မကြာမကြာ ဩဝါဒထဲမှာထဲ့ပြီး ပြောနေရပါတယ်၊ လူမျိုးအလိုက် ရပ်ရွာမိဘဆွေမျိုးတွေကလဲ စည်းကမ်း

ရှိသေတဲ့ထုံးစံ နည်းပါးတဲ့အပြင်, မူလဆရာဖြစ်တဲ့ ကျေးရွာဘုန်းတော်ကြီးများကလဲ မသင်ပြနိုင်ခဲ့ကြတော့ တပည့်တော်ကျောင်းမှာ အရာရာစည်းကမ်းရှိဘို့ကိုဘဲ အထူးတာဝန်ယူပြီး သင်နေရပါတယ်၊ ဒါ့ကြောင့်တပည့်တော်က ရဟန်းသံဃာတော်များကို စည်းကမ်းကျကျ အုပ်ချုပ်သင်ပြတဲ့ ကျောင်းတိုက်ကြီးတွေ အများအပြား ဖြစ်စေချင်တာပါဘဲ၊ အဲဒီလိုကျောင်းတိုက်ကထွက်တဲ့ ဘုန်းကြီးတွေသာ ကျေးရွာဘုန်းကြီးတွေဖြစ်လာယင် ရွာသူရွာသား လူကြီးများနဲ့ ကလေးတွေပါ စည်းကမ်းရှိသေတဲ့အကျင့်ကို ဘုန်းကြီးကျောင်းက ရနိုင်လိမ့်မယ်လို့ ယူဆပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်သဘောအတိုင်းတော့ အစိုးရကပါ လိုက်နိုင်မှဖြစ်မယ်ထင်တယ်။

**တပည့်တော်။** ။အစိုးရကလိုက်နိုင်ယင်တော့ နှစ်အနည်းငယ်နဲ့ အထမြောက်နိုင်တာပေါ့ဘုရား, အစိုးရက မလိုက်စေကာမူ ဘုန်းတော်ကြီးများကိုယ်တိုင်က ဒီလိုဆန္ဒရှိယင်လဲ တဖြေးဖြေးတော့ ဖြစ်လာနိုင်ပါတယ်၊ တပည့်တော်တော့ တတ်နိုင်သမျှ တာဝန်ဆောင်နေမှာပါဘဲ။

**ဓမ္မဂုတ်။** ။ဗုဒ္ဓဘာသာသင်ခဏ်းစာရေးပြီးတော့ အစိုးရက ဘာလုပ်သေးသလဲ။

**တပည့်တော်။** ။" ဉာဏ်ပူဇော်ခ " ဆိုတဲ့ သဘောနဲ့ ရေးတဲ့ပုဂ္ဂိုလ်များကို (၁၅၀၀)စီ လှူပါတယ်, လူဝတ်ကြောင် ဦးတင်ရွှေကတော့ ယူပါတယ်, တပည့်တော်က မယူပါဘူး၊ အထက်တန်းအတွက်ရေးတဲ့ မန်းဦးဆရာတော်လဲ မယူပါဘူး။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဘာပြုလို့ မယူတာတုန်း, သုံးစရာကိစ္စမရှိလို့လား။

**တပည့်တော်။** ။ဘုရားတိုက်ပတ်လည် စမြင်အမိုးအတွက် (၁၅၀၀) ကုန်မဲ့လောက်မဲ့ကိစ္စက လောလောဆယ်ကိုယ် ရှိနေပါတယ်။

**ဓမ္မဂုတ်။** ။ဒါဖြင့် ဘာ့ကြောင့် မယူသလဲ, မအပ်လို့လား။

**တပည့်တော်။** ။ဒကာကြီး ဦးသိန်းမောင်က အပ်တဲ့နည်းနဲ့ လျှောက်ပါတယ်, ဒါ့ကြောင့် ဝိနည်းနဲ့လဲ အပ်ပါတယ်။

**ဓမ္မဂုတ်။** ။အပ်ယင် ဘာပြုလို့ အလှူမခံတာတုန်း။



မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ ၏
သက်တော် (၅၅) နှစ်အရွယ်ရှိ ပုံတော်။

**တပည့်တော်။** ။အဲဒီတုန်းက ဒကာကြီး ဦးသိန်းမောင်ထံ ပြန်လိုက်တဲ့စာ ရှိပါသေးတယ်။

## ဗုဒ္ဓဘာသာသင်ခန်းစာ စီစဉ်ရေးအဖွဲ့
## အတွင်းရေးမှူးမှ တဆင့်
## ဥက္ကဋ္ဌ ဒါယကာကြီး ဦးသိန်းမောင်ထံ

ကိစ္စ။ ။အလှူတော်ငွေ ၁၅၀၀ိ(တထောင့်ငါးရာ)နှင့်စပ်၍ ဘုန်းကြီး၏ သဘောဆန္ဒကို ပြန်ကြားခြင်း။

၁။ ပြန်ကြား ဆိုစေအပ်ပါသည်, ဥက္ကဋ္ဌ ဒကာကြီး.... နိုင်ငံတော် အစိုးရ၏ ပညာရေးဝန်ကြီးက "ဗုဒ္ဓဘာသာသင်ခန်းစာ" စီစဉ်ရေးအဖွဲ့မှ တဆင့် ဘုန်းကြီး၏ နဝကမ္မအား ဝတ္ထု တထောင့်ငါးရာကို အခမ်းအနားဖြင့် လှူဒါန်းရန် စီစဉ်နေကြောင်းကို ကြားသိရ၍ ပုထုဇဉ် သဘာဝအတိုင်း ဝမ်းမြောက်ပါသည်။

၂။ သို့သော် နိုင်ငံတော်နှင့် သာသနာတော်ကို အမှန် တိုးတက်စေလိုသောဆန္ဒဖြင့် ဘာသာရေး ကျမ်းစာများကို ရေးသားခဲ့သော, ရေးသားဆဲလည်း ဖြစ်နေသော ဘုန်းကြီး၏အတွက်မှာ ဤကိစ္စနှင့် စပ်၍ သဘာဝကျကျ စဉ်းစားသင့်တယ်လို့ ယူဆပါသည်။

၃။ ဘုန်းကြီးသည် တိုင်းသူပြည်သား လူအများ၏ အဖိုးအခမဲ့ လှူဒါန်းကြသော ဆွမ်း – သင်္ကန်း – ကျောင်း – ဆေး ပစ္စည်း ၄ ပါးကို သုံးစား၍ ကျောင်းသား သာမဏေ ရဟန်းဘဝဖြင့် ဆရာသမားများ အထံတော်ဝယ် အဖိုးအခ မပေးရဘဲပင် ဗုဒ္ဓတရားတော်များကို သင်ယူကာ အထိုက်အလျောက် ရှင်လူအများ လေးစားလောက်အောင် တတ်မြောက်ခဲ့ရသည် ဟူသော အခြေခံအကြောင်းကို မမေ့သင့်ပါ။

၄။ နိုင်ငံတော် အစိုးရနှင့်တကွ ဥက္ကဋ္ဌ ဒကာကြီး အမှူးထားသော သင်ခန်းစာ စီစဉ်ရေးအဖွဲ့က နိုင်ငံတော် အမျိုးသား အမျိုးသမီးကလေးများ အတွက် မူလတန်းမှ စတုတ္ထတန်းအထိ ဗုဒ္ဓဘာသာ သင်ခန်းစာကို စီစဉ်ပေးပါရန် တောင်းပန် လှဲအပ်ခြင်းသည်ပင် ဘုန်းကြီး၏ အရည်အချင်းကို လေးစားကြောင်း ထင်ရှားသော လက္ခဏာတရပ်ဖြစ်၍ ဘုန်းကြီးက ပဌမ ကျေနပ်ခဲ့ပါပြီ။

၅။ ဘုန်းကြီး စီစဉ်ပေးအပ်သော သင်ခန်းစာကို အစိုးရက ကောင်းမွန်စွာ ရိုက်နှိပ်၍ စာသင် ကျောင်းသားကလေးများအား သင်ကြားရန် အခမဲ့ ဝေငှမည်ဟူသော ရည်ရွယ်ချက်ကို သိရသောကြောင့် ဒုတိယ တဖန် ကျေနပ်ရပြန်ပါသည်။

၆။ ထိုသို့ ကျေနပ်ခြင်းအမျိုးမျိုး ရှိပြီးရုံမျှမက ဘုန်းကြီးသည် "အနာဂတ် သာသနာရေးကျမ်းစာ"၌ ငွေအလှူခံမှု၏အပြစ်ကိုနှစ်နှစ်ကာကာရေးထားသည့်ပြင် ကျောင်းတိုက် သံဃာများအားလည်း ထိုအပြစ်ကို ပြောမြွက်၍ ဩဝါဒပေးလေ့ ရှိပါသည်။

၇။ နိုင်ငံတော်နှင့် သာသနာတော်ကို သဘာဝကျကျ တိုးတက်စေလိုသော ထိုဆန္ဒကို အကဲခတ်မိပုံ ရသောကြောင့်ပင် ရန်ကုန်မြို့ ဝိုင်-အမ်-ဘီ-အေ အသင်းနှင့် မန္တလေးမြို့ သာသနာတော်လုံးဆိုင်ရာ ဗုဒ္ဓဘာသာ အသင်းတို့က ယခုအချိန်မှာ ဘုန်းကြီးကို လေးစားအားကိုးလျက် ရှိကြပါသည်။

၈။ ဘုန်းကြီး၏ ဒကာဖြစ်ကြသော ထို အသင်းများသည် "ဗုဒ္ဓဘာသာ သင်ခန်းစာကို ရေးပေးသည့်အတွက် လှူအပ်သော နဝကမ္မ စာထောင့်ငါးရာကို ဘုန်းကြီး လက်ခံသတဲ့"ဟု ကြားရသောအခါ များစွာ ရင်ထုမနာ ဖြစ်ရှာကြပါလိမ့်မည်။

၉။ ပြခဲ့သော အကြောင်းများကြောင့် ဘုန်းကြီးအား နဝကမ္မကို လှူဒါန်းဘွယ် မလိုတော့ပါ၊ အခမဲ့ သင်ကြား၍ တတ်မြောက်ခဲ့သော အရည်အချင်းဖြင့် အခမဲ့ ဝေငှမည့် "ဗုဒ္ဓဘာသာသင်ခန်းစာ"ကို စီစဉ်ရသော ကောင်းမှုသည် ဘုန်းကြီးအတွက် မဂ် ဖိုလ် နိဗ္ဗာန်ကို အခမဲ့ သိမြင်ရန်နှင့် ဘုန်းကြီး၏ ဩဝါဒခံ ပုဂ္ဂိုလ်များ ကျေနပ်ရန်သာ ဖြစ်ပါစေတော့။

ဦးဇနကာဘိဝံသ

**ဓမ္မဂုတ်**။ ။ အဲဒီ သင်ခန်းစာကိစ္စ ပြီးသောအခါ နောက်ထပ် ဘာကိစ္စ ပေါ်လာသေးတုန်း။

**တပည့်တော်**။ ။အဲဒီကိစ္စပြီးသောအခါ ဆဋ္ဌသံဂါယနာတင်ကိစ္စ , ဝိနိစ္ဆယ ကိစ္စများ ဆက်ကာဆက်ကာ ပေါ်လာတော့တာပါဘဲ။

**ဓမ္မဂုတ်**။ ။ဆဋ္ဌသံဂါယနာတင် ကိစ္စ၌ ကိုယ်တော်က ဘာများ အရာထင်အောင် ပါဝင်ရသေးတုန်း။

**တပည့်တော်။** ။"ဆဋ္ဌသံဂါယနာ"ဆိုတဲ့ စကားလုံးကို"အနာဂတ်သာသနာရေး"ကျမ်းစာတုန်းက တပည့်တော်စ၍ သုံးခဲ့ခြင်း ဖြစ်ပါတယ်၊ တပည့်တော် ဖြစ်စေချင်တဲ့ ဆဋ္ဌ သံဂါယနာဟာ သာသနာကို သန့်ရှင်းအောင် စီမံဖို့သည် ပဌမနဲ့ အဓိကအကျိုး, ပိဋကကျမ်းစာတွေ သန့်ရှင်းဖို့သည် ဒုတိယအကျိုး ဖြစ်ပါတယ်၊ အဲဒီ ၂ မျိုးတွင် ယခုပြုလုပ်ကြမဲ့ ဆဋ္ဌ သံဂါယနာမှာ ပဌမအကျိုး မပါပါဘူး၊ ဒုတိယ အကျိုးကိုသာ ရည်ရွယ်ကြပါတယ်၊ ပဌမအကျိုး ရမှသာ ငွေကုန်ရကျိုး နပ်မှာပါ၊ ဒုတိယအကျိုး အတွက်မှာ ဒါလောက် ငွေကုန်ဖို့ မလိုပါဘူး။

ဒါ့ကြောင့် ကျောင်းမှာအလုပ်များနေတဲ့အတွက်"တပည့်တော်ကို ဝန်ဆောင်ထဲ မထည့်ပါနဲ့"လို့ ပဌမ အစည်းအဝေးမှာ ပြောပါတယ်၊ ဒီတော့ ဆိုင်ရာ မုဂ္ဂိုလ်များက " ဝန်မဆောင်နိုင်လဲ မဆောင်ရပါဘူး, နာမည် ပါရုံတော့ ထည့်ပါရစေ" ဟု ပြောလို့ ထည့်ခွင့်ပြုရပါတယ်၊ ဝန်တော့ အထူး မဆောင်ရပါဘူး, ဝန်ဆောင် အစည်းအဝေးလဲ တခါတရံမှ တက်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က စိတ်ကောက်တာလား။

**တပည့်တော်။** ။စိတ်ကောက်တာ မဟုတ်ပါဘူး, တပည့်တော် ဖြစ်စေချင်တဲ့ သာသနာ သန့်ရှင်းရေးတော့ စာရေးပြီး အကြံပေးပါသေးတယ်၊ ဘာမျှအရေးမယူကြပါဘူး၊ တချို့က ဝန်ကြီးချုပ်နဲ့ တွေ့ပါတဲ့၊ "ဝန်ကြီးချုပ်နဲ့ တွေ့ပြီး ပြောပါ"လို့ အကြံပေးကြပါရဲ့၊ တွေ့ပြီး ပြောသော်လဲ ပတ်ဝန်းကျင်က ကန့်ကွက်ယင် ပျက်မှာမို့ မတွေ့တော့ပါဘူး၊ ဆဋ္ဌသံဂါယနာ ပြီးမှ ဝန်ကြီးချုပ် မန္တလေးလာတဲ့အခါ ဒကာ ဦးလှ (လူထု)က တပည့်တော် ကြံစည်ခဲ့တဲ့ အကြောင်းကို စကားစပ်မိ၍ ပြောပြလို့ ဝန်ကြီးချုပ်က နန်းတော်ထဲမှာ သံဃာအများကို ဆွမ်းကပ်တဲ့အခါ တပည့်တော်ကို ချန်ထားပြီး တပည့်တော်နဲ့ တော်တော်ကြာကြာ ဆွေးနွေးပါတယ်၊ အဲဒီအခါကျမှ သဘောကျလို့ "သာသနာ သန့်ရှင်းရေးကို ယခုလုပ်ကော မဖြစ်နိုင်ဘူးလား"လို့ လျှောက်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဘာပြန်ပြောတုန်း။

**တပည့်တော်။** ။မြန်မာစကားပုံ ရှိတယ်မဟုတ်လား, "ဦးကျိုးမှတော့ ပဲ့နဲ့ တိုက်လို့ မရနိုင်ဘူး" ဆိုတာ၊ ဒါ့ကြောင့် " သံဂါယနာတင်တုန်းက

သံဂါယနာ အချိန်နဲ့ ရောပြီး သာသနာ သန့်ရှင်းရေးလုပ်ယင် ရနိုင်စရာ ရှိပါတယ်၊ ယခုတော့ ဦးကျိုးသွားပြီဖြစ်၍ ပွဲနဲ့ တိုက်လို့ မရနိုင်ပါဘူး၊ နောင်ခါမှ တမျိုးတဖုံ စဉ်းစားထိုက်ပါတယ်" လို့ ပြောလိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ဝိနိစ္ဆယကိစ္စကျတော့ ဘာလုပ်ရသေးတုန်း။

**တပည့်တော်** ။ ။ ဝိနိစ္ဆယကိစ္စမှာလဲ တပည့်တော် မပါလိုပါဘူး၊ ဒါပေမဲ့ မြောင်းမြဆရာတော်နဲ့ ကျောက်ကုန်း မေဒိနီဆရာတော်ကို ထည့်ထား တော့ ထိုဆရာတော် ၂ပါးလုံးက စကားနဲ့တော်မူကြတာနဲ့ တပည့်တော် ပါရတာပါ၊ သိပ်ပြီး အလုပ်မလုပ်ရပါဘူး၊ ရွှေကျင်ဂိုဏ်းအတွက်သီးခြား ဝိနိစ္ဆယဌာနရှိတိုကိုသာ ကြိုးစားရပါတယ်၊ ထိုသီးခြားဆိုတာလဲ ရုံးတွေ ဘာတွေဖွင့်တဲ့ သီးခြား မဟုတ်ပါဘူး၊ ရွှေကျင်ဂိုဏ်းဝင် သံဃာများရဲ့ အမှုကို ရွှေကျင်ဂိုဏ်းဝင် ဆရာတော်ကြီးများထံ အဆုံးအဖြတ်ခံတို့သာ ဖြစ်ပါတယ်။

**ဓမ္မဂုတ်** ။ ။ နောက်တဖန် အဲဒီ ဝိနိစ္ဆယအတွက် ကော်မီတီရွေးရပြန်တယ် မဟုတ်လား။

**တပည့်တော်။** ။ အဲဒီ နောက်ထပ်အတွက်တော့ တပည့်တော် မပါပါဘူး၊ ဒါပေမဲ့ အဲဒီ အစည်းအဝေးရပ်နားပြီး ကော်မီတီဝင် အနီးစခန်းဆရာ တော်နဲ့ ပိုက်ကျုံးဆရာတော်က ဂိုဏ်းရဲ့တာဝန်ရှိပုဂ္ဂိုလ်များကို ဝိသုဒ္ဓါရုံ တိုက်သို့ပင့်ပြီး အစည်းအဝေး၌ ဖြစ်သမျှကို မဟာရဋ္ဌဂုရုဆရာတော်ကြီး ရှေ့မှာ လျှောက်ပါတယ်၊ ဒီအခါ သံဃာများက တပည့်တော်ကို တာဝန် ပေးလို့ ရွှေကျင်ဂိုဏ်းရဲ့ သဘောကျဖြစ်သော ဝိနိစ္ဆယစည်းမျဉ်းကို ဝိနည်းပါဠိတော် အဋ္ဌကထာထောက်ပြပြီး ရေးလိုက်ရပါတယ်၊ [ ထို ဝိနိစ္ဆယစာတမ်းကို သီးခြားစာအုပ်ကလေး ရိုက်ထားပါသည်။ ]

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့ အသက် ၆၀ အတွင်းမှာ ပါဠိတက္ကသိုလ်များလဲ ပေါ်ပေါက်လာတယ် မဟုတ်လား။

**တပည့်တော်** ။ ။ ဟုတ်ပါတယ်၊ " ပါဠိတက္ကသိုလ် " ဆိုတဲ့ နာမည်ကိုလဲ တပည့်တော်ရဲ့ "အနာဂတ်သာသနာရေး" ကျမ်းစာထဲမှာ စ၍သုံးခဲ့ပါ တယ်၊ တပည့်တော်ရဲ့ စိတ်ထဲမှာ ထင်မြင်နေတဲ့ ပါဠိတက္ကသိုလ်က....

၁။ မြန်မာနိုင်ငံမှာ ရဟန်းတော်များရဲ့ စာသင်နည်းဟာ အလွန်ရှေးကျနေလို့ စာသင်နည်းကို ပြုပြင်ပေးမဲ့ ပါဠိတက္ကသိုလ်။

၂။ ပါဠိတက္ကသိုလ်၌ သီတင်းသုံးပြီး အုပ်ချုပ် စာချတော်မူကြတဲ့ နာယက– မဟာ်စရိယ ဆရာတော်များလဲ အင်မတန့်သိက္ခာသမာဓိနဲ့ ဝိနည်းကို လေးစားသော ပုဂ္ဂိုလ်များသာ ဖြစ်သင့်တဲ့ ပါဠိတက္ကသိုလ်။

၃။ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို မြင်ရသူတိုင်း လေးစားလောက်သော သမာဓိပညာဖြင့် ပါဠိအပြင် သက္ကတဘာသန္တရအမျိုးမျိုးကို တမျိုးစီ တမျိုးစီ ကျွမ်းကျင်သောပုဂ္ဂိုလ်များလဲ ပါဝင်တဲ့ ပါဠိတက္ကသိုလ်။

၄။ ကျေးရွာတို့၌ ကျောင်းထိုင်အင်္ဂါနဲ့ ပြည့်စုံသော ကျောင်းထိုင်ပုဂ္ဂိုလ်များကို ပေါ်ထွန်းစေနိုင်တဲ့ ပါဠိတက္ကသိုလ်။

၅။ တန်းအသီးသီးခွဲခြား၍ စာသင်နည်းကို စီစဉ်ထားသောကြောင့် မူလတန်း အလယ်တန်း – အထက်တန်း စာသင်တိုက်များကိုလဲ အဆွယ်အပွား အဖြစ်ဖြင့် မြို့တိုင်း ရွာကြီးတိုင်းမှာ ပေါ်ထွန်းစေနိုင်တဲ့ ပါဠိတက္ကသိုလ်။

၆။ စာသင်နည်းသာမက ဗုဒ္ဓဘာသာဝင်တို့၏ ဘာသာရေးအစီအစဉ်ကိုလဲ အစဉ်အတိုင်း သိလမ့်စ၍ ဘာဝနာတိုင်အောင် ညွှန်ပြ၍ ဒါနမှုကိစ္စ၌ အပိုပကာသနရဲ့ အပြစ်ကိုလဲ စီစဉ်ညွှန်ပြနိုင်တဲ့ ပါဠိတက္ကသိုလ်။

၇။ အစိုးရကအားပေးလို့ရှိယင် သာသနာတော်၌ ရဟန်းသာမဏေအဖြစ်ဖြင့် ဝင်လိုသူများအတွက် ဂန္ထဓုရ ( စာသင်လိုသူ ) လား, ဝိပဿနာဓုရ (ကမ္မဋ္ဌာန်းအားထုတ်လိုသူ) လားဟု အစကပင်စီစစ်၍ ရည်ရွယ်ချက်ရှိမှ ဝင်ရမဲ့ဥပဒေလုပ်ဘို့ရန် အစိုးရကို တိုက်တွန်းနိုင်တဲ့ ပါဠိတက္ကသိုလ်။

၈။ သာသနာတော်သို့ဝင်ပြီးနောက် ရည်ရွယ်ရင်းအတိုင်း ဂန္ထဓုရကျောင်း– ဝိပဿနာဓုရကျောင်း၌နေဘို့ရန် ဂန္ထကျောင်း ဝိပဿနာကျောင်း ၂မျိုးလဲ ရွာကြီးတိုင်း– မြို့တိုင်းမှာ ရှိနေဘို့ကြိုးစားရမည့် ပါဠိတက္ကသိုလ်။

တပည့်တော်မှာ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွက် ဤမျှလောက် အဆင့်မြင့်မြင့်ကိုစဉ်းစားပြီး သီတင်းသုံးဘော်တချို့နဲ့လဲ ဆွေးနွေးပြီး ဖြစ်သောကြောင့် မိုးဃ်းတွင်းအခါ မှိုတွေပွင့်သလိုပွင့်၍လာသဖြင့် သာယာ

ဘွယ်ကောင်းသော ပါဠိတက္ကသိုလ်ကျောင်းတိုက်တွေကို တပည့်တော့် ကျောင်းတိုက်က မှီကြည့်ပရိသတ် အနေဖြင့်သာ သင့်သလိုကြည့်နေခဲ့ ပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ကိုယ်တော်သဘောကျ မဟုတ်တတ်သော်လဲ သူ့နည်း သူ့ဟန်နဲ့ ပေါ်ပေါက်လာတဲ့ ပါဠိတက္ကသိုလ်တွေဟာ သာသနာအတွက် ကျေးဇူး ရှိတန်သလောက် ရှိတယ်မဟုတ်လား။

**တပည့်တော်**။ ။ရှိတန်သလောက်တော့ ရှိပါတယ်, တပည့်တော်က ရှိတန် သလောက်မဟုတ်ဘဲ ရှိသင့်သလောက် ရှိစေချင်တာပါ၊ ယခုတော့ ရှိသင့် သလောက် မရောက်ဘဲ, ရှိတန်သလောက်သာ ရှိလို့ အားမရတာပါ, သာသနာ့ ခေါင်းဆောင် ဆရာတော်များနဲ့ စာချ ဆရာတော်များက စုပေါင်း ကြံစည်ပြီး ဆောင်ရွက်ကြယင် လက်ရှိအဆင့်ထက် မြင့်တဲ့ "ပါဠိ တက္ကသိုလ်ကြီး" ဖြစ်နိုင်ပါတယ်၊ ဒါ့ကြောင့် သူတလူ ငါတမင်း မလုပ်ဘဲ စုပေါင်းညီညာ ကြိုးစားနိုင်ကြပါစေလို့ ဆုတောင်းရပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ကိုင်း ကိုင်း, ကိုယ်တော်ရဲ့ ငါးဆယ်ကျော် ခြောက်ဆယ်အတွင်း၌ ဖြစ်သမျှအဖုံဖုံကို အတော်စုံအောင်သိရပြီဖြစ်၍ ဤအခဏ်းအတွက် ကမ္ပတ် ဖုံး၍ နိဂုံးအုပ်လိုက်ကြစို့။

နိဂုံး။ ။သက်ငါးဆယ်ကျော်, ခြောက်ဆယ်ပေါ်လည်း, ရွှင်ပျော်အေးမြ, မနေရဘဲ, သာသနာ့ဝန်, တပါးကျွန်သို့, အားသွန်ကြိုးပမ်း, နေ့စဉ် ထမ်း၍, အစွမ်းအလျောက်, စခန်းပေါက်လည်း, ဝမ်းမြောက်သည့်မာန်, သာခုသံကို, မနာခံရ, ဝိုင်း၍ချ၏၊ ကာလကြာညောင်း, အခါပြောင်း သော်, အကြောင်းရှေးကံ, အကောင်းဖန်သဖြင့်, မှန်မှန်ဖြိုးလက်, တိုး၍ တက်၏၊ သို့တွက်သံဝေ, တရားမြေ၍, လူ့ပြေတွေကြုံ, လောကဓမ်စုံ ကြောင့်, မတုန်စေငြား, ကိုယ့်စိတ်ထားကို, နောက်သားလူရှင်, ယူစေ ချင်သည်....စိတ်တွင်သုခ– ရကြောင်းတည်း။

## ၁၃။ ခြောက်ဆယ်ကျော်ရွယ်=ခုနစ်ဆယ်

**ဓမ္မဂုတ်**။ ။ ဦးဇနကရေ....ကိုယ်တော်ရဲ့ အသက်ခြောက်ဆယ်အတွင်းမှာ ခလုတ် ကံသင်း ကုန်းကျင်းတွေပေါများသော လမ်းကိုသာ လျှောက်ခဲ့ရတယ်နော်, ခြောက်ဆယ်ကျော်ယင် ကံပေါ်ကောင်းပါရဲ့။

**တပည့်တော်**။ ။တကိုယ်ကောင်း လမ်းသွားသူ့အတွက်သာ "လူ့ချမ်းသာ" ဆိုတဲ့ အချိန်အရွယ်ကောင်းကို ရနိုင်တာပါ, အများကောင်းစားအောင် လုပ်ရမဲ့ကံ ပါလာသူဟာ ဉာဏ်က လုပ်စရာတွေကို တခုပြီးတခုမြင်နေတာ ဖြစ်တော့ အမြဲ ဝီရိယထုတ်၍ အလုပ်လုပ်နေရပါတယ်၊ အလုပ်လုပ်ယင် တော့လဲ ထိမိ တိုက်မိ ခိုက်မိစရာ ဆူးငြောင့်ခလုတ်တွေကို တွေ့ရမှာပေါ့၊ ဒါ့ကြောင့် အသက်ကြီးလေ ဉာဏ်ကြီးလေ, အလုပ်လုပ်စရာမြင်လေ ဖြစ်နေတဲ့ ပုဂ္ဂိုလ်တို့အတွက်မှာ ဘယ်သူမဆို "လူ့ချမ်းသာ" ဆိုတဲ့ အချိန်အရွယ်ကောင်းကို ရဘို့လမ်း မရှိနိုင်ပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်မှာ ခြောက်ဆယ်ကျော်တောင် အလုပ်တွေကများပြီး ပင်ပန်းတုန်းဘဲလား။

**တပည့်တော်**။ ။မပင်ပန်းဘဲ နေနိုင်ပါ့မလားဘုရား, ကျောင်းတိုက်သံဃာက တဖြည်းဖြည်း တိုးတိုးလာတော့ သူတို့အတွက် စားရေး-နေရေး-ပညာပေးရေးသာမက စည်းကမ်းတကျ နေကြဘို့ရာ နေ့စဉ်နံနက်တိုင်း(အရုဏ်ဆွမ်းစားအပြီးမှာ ) သြဝါဒ ပေးရပါတယ်, တရားဟော အတွက်ကလဲ လျော့တယ်လို့ မရှိသေးပါဘူး၊ ဒါ့ကြောင့် ကျန်းမာရေး ချို့ယွင်းနေတာကို တပည့်တော်ကိုယ်တိုင် မသိသော်လဲ စဉ်းစားတတ်တဲ့ ဒကာတချို့က သိဟန်တူပါတယ်၊ ဒါ့ကြောင့် ရန်ကုန်မြို့ ဒကာဦးပွင့်ကောင်းကသူရဲ့ ရန်ကုန် မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းမှာ သိမ်တိုက်ပြီးစော့ တပည့်တော်ကို ဖရစက်ချပင့်ပါတယ်, စောစောက ရင်းနှီးပြီး, တောင်မြို့ကျောင်းတိုက်မှာ ငံပြာရည်လိုသလောက်ထောက်ပံ့တဲ့ဒကာဖြစ်လို့ မငြင်းသာပါဘူး၊ ဒါနဲ့ တပည့်တော် ကဆုန်လပြည့်နေ့ အရောက်သွားရပါတယ်, အခြားဆရာတော်များ ၃ ညစီ တရားဟောကြသလို, တပည့်တော်လဲ ၃ ည ဟောရပါတယ်၊ ရေစက်ချကိစ္စပြီးတဲ့အခါ မပြန်သေးခင် ကျန်းမာရေးစစ်ဘို့ "သမားတော်ဘွဲ့ရ ဆရာဝန်ကြီးဦးအေး" ကို ကျောင်းဒကာက ပင့်လာပါတယ်, ဆရာဝန်ကြီးက စစ်ဆေးပြီး ဘာရောဂါ

တွေ့တယ်လို့ မပြောပါဘူး၊ ''ဆေးရုံတက်ပါ''ဆိုလို့ အမရပူရသို့ ခေတ္တပြန်ပြီး စီမံစရာရှိတာ စီမံရပါတယ်၊ ထို့နောက် ဝါမဆိုခင် ဆေးရုံက ဆင်းနိုင်အောင် ရန်ကုန်ပြန်၍ ဆေးရုံကြီးတက်ရပါတယ်။

**မမှုဂုတ်။** ။ဆေးရုံမှာ ဘယ်လိုနေရသလဲ။

**တပည့်တော်။** ။ဆေးရုံကြီးကို မရောက်ဘူးပါဘူး, ဒါ့ကြောင့် ဆေးရုံရဲ့အကြောင်း ဘာမှ နားမလည်ပါဘူး၊ ဆေးရုံရောက်တဲ့အခါ တပည့်တော်နေတဲ့ အပေါ်ထပ်မှာ ဦးခန်း ၂ ခန်းက သံဃာများချည်းနေရပါတယ်, ပိုက်ဆံပေးရတဲ့ အခန်းတွေဖြစ်လို့ သန့်ရှင်းပါတယ်၊ တဆက်ထည်း နံရံခြားထားတဲ့ အခန်းတွေမှာ လူယောကျ်ားတွေချည်း ရှိသော်လဲ တထပ်ထဲမှာပင် အတော်ဝေးတော့ မိန်းမတွေလဲ ရှိပါတယ်, အောက်ထပ်တွေမှာလဲ မိန်းမတွေရှိပါတယ်, လှေခါးက တဆက်ထဲပါ၊ ဒါ့ကြောင့် ညကျတော့ တပည့်တော်က ကိုယ်ကိုဆန့်ပြီး မအိပ်ပါဘူး, (သဟသေယျ) အာပတ်မသင့်အောင် ထိုင်လျက်အိပ်ပါတယ်၊ ဒီအကြောင်းကို အတူလိုက်နေတဲ့ ဒကာကြီးကျော်က နံနက်စောစော စားဘွယ်သောက်ဘွယ် အပို့လာတဲ့ ကျောင်းဒကာအိမ်က ဒကာကိုပြောပါတယ်, အဲဒီဒကာက ဆရာဝန်ကြီး ဦးအေးလာတဲ့အခါ ပြောပါတယ်၊ ဆရာဝန်ကြီးက သဒ္ဓါရှိသူဖြစ်တော့ ''ဒီလိုဆိုယင် ည ၇နာရီလောက် ကျောင်းပြန်အိပ်ပြီး နံနက် ၆ နာရီလောက်ရောက်အောင် ကြွခဲ့ပါ''လို့ လျှောက်လို့ နေ့စဉ် ဒီလိုသွားနိုင် ပြန်နိုင်အောင် ကျောင်းဒကာက ကားစီမံပါတယ်၊ ဆေးရုံတက်ရပေမဲ့(အလုပ်တာဝန်ကလဲ မရှိတော့) အနားယူသလိုပါဘဲ, အလွန်သက်သာပါတယ်၊ ရောဂါဆိုတာလဲ ရုတ်တရက်ဖြစ်တဲ့ရောဂါ မဟုတ်ဘဲ တဖြည်းဖြည်းဖြစ်လာတဲ့ရောဂါမို့ နာကျင် ကိုက်ခဲခြင်းမရှိဘဲ သက်သက်သာသာနဲ့ ဆေးစား-ဆေးထိုးရုံပါဘဲ၊ ဒါ့ကြောင့် တချို့ရက်များ၌ ညနေမပြန်ခင် ဆေးရုံရောက်မှ သိကျွမ်း ရင်းနှီးတဲ့ ဒကာများအတွက် ဗောဇ္ဈင်တရားကို ဖောာရွတ်-ရွတ်ပြီးမှ ကျောင်းပြန်ပါတယ်။

**မမှုဂုတ်။** ။ကိုယ်တော့်မှာ ဆေးရုံတက်ယင်းတောင် (ပရဟိတ) အလုပ်ကို လုပ်ခွင့် ကြုံကြိုနေတာဘဲနော်, ကိုယ်တော့်ရောဂါက ဘာရောဂါလို့ ဆရာဝန်က ပြောသလဲ။

**တပည့်တော်။** ။ဘာရောဂါလို့တော့ နာမည်မပြောပါဘူး, ရုပ်ရဲ့ အခြေအနေကတော့ ဝပါတယ်, ခြေသလုံးကို နှိပ်တဲ့အခါ ပိမ့်ဝင်သွားပါတယ်၊

မျက်နှာလဲ ဝသလိုလိုနဲ့ ပွနေဟန်တူပါရဲ့, အရပ်သား အမြင်ကတော့ ဝတယ်ဆိုတာပါဘဲ၊ ဆရာဝန်များ အမြင်ကတော့ အသားပွတယ်လို့ဘဲ ယူဆပါတယ်၊ ဒါ့ကြောင့် နှလုံးရောဂါအဖြစ်နဲ့ စမ်းသပ်ပါတယ်၊ ခေတ်မှီ ကိရိယာအစုံနဲ့ စမ်းပါတယ်၊ ကြီးကြီးကျယ်ကျယ်တော့ ရှိပုံမရပါဘူး၊ ဒါပေမဲ့ မန္တလေးရောက်တောင် နှလုံးရောဂါကျွမ်းကျင်တဲ့ ဆရာဝန်ကြီး ဒေါ်မြင့်မြင့်ခင်ကို မကြာမကြာ ပြဘို့ ညွှန်ပြပါသေးတယ်။

**မမ္မဂုတ်**။ ။ဆေးရုံမှာ ဘယ်လောက်ကြာတုန်း။

**တပည့်တော်**။ ။တလနီးနီးလောက် ကြာမယ်ထင်ပါတယ်, မန္တလေးရောက်တော့လဲ ဆက်ပြပါတယ်၊ တခါတခါ သွေးတိုးရောဂါ ရှိဟန်တူပါတယ်၊ ဆေးရုံတုန်းက အဲဒီရောဂါကိုလဲ ကုပါတယ်၊ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး၊ သို့သော် ငါးပိ- ငါးခြောက်- ပုဇွန်ခြောက် စသော ဆားများသောအစာကို ယခုအထိ ရှောင်နေရပါတယ်၊ ဆားလဲ နဲနိုင်သမျှ နဲစေရပါတယ်၊ သွေးတိုးများယင် နှလုံးရောဂါလဲ ဖြစ်တတ်တယ်လို့ ဆိုပါတယ်၊ ဒါ့ကြောင့် သွေးတိုးရောဂါ စောင့်ရှောက်ယင်း အခြားရောဂါကြီးတွေမဖြစ်အောင် ကာဆီးရာရောက်နေလို့ အဲဒီသွေးတိုးရောဂါကလေးကို "သက်စောင့်ရောဂါ"လို့ ဆိုနိုင်ပါတယ်။

**မမ္မဂုတ်**။ ။ကိုယ်တော်မှာ သွေးတိုး များ-မများကို ဘယ်လိုသိနိုင်သလဲ။

**တပည့်တော်**။ ။သွေးတိုး များ- မများကို မကြာမကြာ ဒေါက်တာညိုညို ဆိုသူက လာပြီး တိုင်းပါတယ်၊ သူက မန္တလေး ဗုဒ္ဓဘာသာအထက်တန်းကျောင်း တရားဟောတုန်းက ကျောင်းသူဖြစ်လို့ တပည့်တော်ကို ကြည်ညိုပါတယ်၊ နဲနဲများယင် ၃ ရက်လောက် ညအိပ်ခါနီး ဆေး ၁ လုံး စားစေပါတယ်၊ သွေးတိုးလဲ ကျသွားတာပါဘဲ၊ အမှန်ကတော့ အစားမှားလို့ချည်း မဟုတ်ပါဘူး၊အလုပ်များလွန်းယင် စိတ်ဆင်းရဲယင်လဲ သွေးတိုးတာပါဘဲ၊ဒါ့ကြောင့် စိတ်သက်သာအောင်နေပြီး တရားဟောကို တဖြည်းဖြည်း မလိုက်ဘဲ လျှော့လိုက်ရပါတယ်၊ ကျောင်းတိုက်အလုပ်က အမြဲ များနေတာကိုး။

**မမ္မဂုတ်**။ ။ကိုယ်တော်လို ပုဂ္ဂိုလ်က တရားပွဲအနေနဲ့တော့ မဟောတာဘဲ ကောင်းပါတယ်, "အသက်ဉာဏ်စောင့်"ဆိုတာကိုး။

**တပည့်တော်**။ ။ဟုတ်ပါတယ်, တရားအဟောများယင်တော့ အသက်ရှည်သင့် သလောက် မရှည်တာဘဲ များပါတယ်, ပြောစမှတ် စကားကလေး တခု ရှိပါတယ်၊ "ဒကာကို ဆရာကမြှောက်တော့ မွဲရော, ဆရာကို ဒကာက မြှောက်တော့ လဲရော"တဲ့။

**ဓမ္မဂုတ်**။ ။ဘာဆိုလိုတာတုန်း ကိုယ်တော်။

**တပည့်တော်**။ ။ဆရာဘုန်းကြီးက ဒကာကို "သိပ်သဒ္ဓါတရား ကောင်းတယ်, ကောင်းတယ်"လို့ မြှောက်တော့ ဒကာက ကျောင်းကြီး တိုက်ကြီးတွေကို (ကိုယ့်မှာလဲ သိပ်မရှိဘဲနဲ့) ဆောက်လှူယင် မွဲရောတဲ့၊ ဒကာကလဲ ဆရာကို "တရားဟော ကောင်းလိုက်တာ, ကောင်းလိုက်တာ"လို့ မြှောက်တော့ ဆရာက သိပ်ဟောရော, ဒီတော့ ဆရာဖြစ်သူ ဓမ္မကထိကဟာ လဲတာဘဲ, ထကို မထနိုင်တော့ဘူးတဲ့။

**ဓမ္မဂုတ်**။ ။ဟား ဟား....ဟုတ်လိုက်တာ ကိုယ်တော်, ယခုတော့ ကျန်းမာရေး ဘယ်လိုနေသေးတုန်း။

**တပည့်တော်**။ ။ဆရာဝန်များနဲ့ မြန်မာဆေးဆရာများရဲ့ စောင့်ရှောက်မှု ကြောင့် ရောဂါတော့ မယ်မယ်ရရ ရှိဟန်မတူပါဘူး၊ ဒါပေမဲ့ ကျန်းမာရေး (ဆရာဝန်များပေးတဲ့) ဆေးကို နေ့စဉ် စားရတဲ့အပြင် ဆွမ်းဟင်းကိုလဲ ဓာတ်စာလိုဟင်းကိုသာ စားနေရပါတယ်၊ ဆွမ်းစားလဲ ပင့်တိုင်း မလိုက် နိုင်ပါဘူး၊ ကျောင်းမှာလဲ ဒကာ ဒကာမ အလာများလို့ စာချ စာရေး အပြင် တရားစကားပြောရတာကိုယ်က တချို့ရက်မှာ မသက်သာပါဘူး။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ရန်ကုန်ဆေးရုံကြီးတက်တုန်းက သဟသေယျအာပတ် မသင့်အောင် လဲလျောင်းပြီးမအိပ်ဘဲ ထိုင်လျက် အိပ်တယ်လို့ ဆိုတယ်၊ အဲဒီ အာပတ်ကို ကျောင်းမှာနေလဲ စောင့်ရှောက်တာဘဲလား။

**တပည့်တော်**။ ။သဟသေယျအာပတ်ဆိုတာ တခါသင့်ပြီး၍ မပြတ်သေးယင် လူ သာမဏေရှိတဲ့နေရာမှာ နောက်နောက်ရက်များ၌ ဆက်ဆက်အိပ်တိုင်း ဆက်ဆက်သင့်တဲ့ အာပတ်မို့ ဆရာများက "သဟသေယျ ဟင်းလေးအိုး" လို့ ခေါ်ကြတာကို တပည့်တော် ကျောင်းသားဘဝ ရှက္ခမူချောင်နေတုန်း ကပင် ကြားနေရပါတယ်၊ ဝိနည်းမှာလဲ ဒီအတိုင်းပါဘဲ၊ ငွေနဲ့ ဝယ်ထား တဲ့ ဆွမ်း– သင်္ကန်း– ကျောင်း–ဆေးစသော ပစ္စည်းများလဲ အမြဲ အာပတ် သင့်စေပါတယ်၊ ဒေသနာကြားလို့လဲ အာပတ်မပြေဘူး, တခါတည်းစွန့်၍

ဒေသနာကြားမှ အာပတ်ပြေတယ်လို့ ဆိုတာကိုလဲ ယော်စဉ်က သိခဲ့ရပါ တယ်၊ ဒါ့ကြောင့် တပည့်တော်ကျောင်းတိုက်မှာ သဟာယေယျနဲ့ နိဿဂ္ဂိယ ပစ္စည်း မထားကြဖို့ အထူး သတိပေးထားပါတယ်၊ [ငွေရှိယင် ကပ္ပိယထံ အပ်သောနည်းနဲ့ ထားရပါတယ်။]

**ဓမ္မဂုတ်**။ ။ရထား သဘော်နဲ့ ညဉ့်အိပ် သွားရတဲ့အခါတော့ ဘယ့်နှယ် လုပ်သလဲ။

**တပည့်တော်**။ ။ထိုင်ပြီး အိပ်ရပါတယ်၊ ယနေ့ခေတ်လို တတွဲနဲ့တတွဲ ဆက်ပြီး သွားနိုင်တဲ့ မီးရထားမှာ ကိုယ့်တွဲထဲ၌ မာတုဂါမ မရှိသော်လဲ အခြား အခန်း အခြားတွဲမှာ ရှိလို့ သဟာသေယျ မလွတ်နိုင်ပါဘူး၊ ဒါ့ကြောင့် ညအခါ ထိုင်ပြီး အိပ်ရပါတယ်, သဘော်မှာလဲ ဒီလိုပါဘဲ၊ ဒါ့ကြောင့် တပည့်တော်အတွက် ညခရီးသွားရတာ မသက်သာပါဘူး။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုယင် သေလောက်တဲ့ ရောဂါကြောင့် လှဲပြီး နေရတဲ့အခါ ဆေးရုံမတက်ဘဲ နေမည်လား။

**တပည့်တော်**။ ။အာပတ်နဲ့တော့ မသေလိုပါဘူး၊ သဟာသေယျ မကင်းတဲ့ ဆေးရုံ ဆေးတိုက်တော့ သိယင် အပို့မခံပါဘူး, အသေခံပါ့မယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုယင်တော့ အမြီးအမောက် ရွှေနောက် ညီပါရဲ့၊ ကိုယ်တော့် မှာ အလုပ်တွေကများလို့ စဉ်းစားမိတာပါ၊ တကယ်လို့ ကိုယ်တော်က ရောဂါကြောင့် သတိမေ့နေတုန်း ဆေးရုံပို့ယင်ကော။

**တပည့်တော်**။ ။ဒီလို မပို့အောင်တော့ တပည့်ကြီးများက တားရပါမယ်၊ သတိမရတုန်း ပို့သော်လဲ သတိရတဲ့အခါ ဆေးရုံရောက်နေမှန်း သိယင် သေခါနီး စိတ်ကောင်းမှာ မဟုတ်ပါဘူး၊ အာပတ်နဲ့သေယင် ပြိတ္တာ ဖြစ်ဘို့ သေချာပါလိမ့်မယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်မှာ ပရဟိတဆောင်ဘို့ အရည်အခြင်းလဲရှိ, ဆောင်လဲ ဆောင်တာဖြစ်လို့ အသက်တော့ ရှည်စေချင်ပါတယ် ကိုယ်တော်။

**တပည့်တော်**။ ။ဟုတ်ပါတယ်, မိမိကျောင်းတိုက်ရဲ့တာဝန်တွေ များနေတဲ့ အကြားမှာ တခါတခါ ကြီးလေးတဲ့ အပြင်တာဝန်များလဲ ပေါ်လာပါ တယ်၊ တပည့်တော် ၆၄ နှစ်အရွယ်လောက်မှာ ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ အစည်းအဝေးလုပ်လို့ မန္တလေးဝိသုဒ္ဓါရုံတိုက်သစ်၌ မန္တလေး- စစ်ကိုင်း

စသော အနီးအပါးက ဂိုဏ်းသံဃာများ အစည်းအဝေးလုပ်ကြပါတယ်၊ အဲဒီအစည်းအဝေးမှာဖတ်ဘို့ မဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီးရဲ့ ဩဝါဒကထာရေးဘို့ တပည့်တော်ကို တာဝန်ပေးကြပါတယ်။

**ခမ္မဂုတ်**။ ။ အမလေး.... အဲဒီ တာဝန်ယူလိုက်သလား, တပါးချင်းက ကိုယ်တော့်ကို မချနိုင်သော်လဲ အများစုမိယင် ကိုယ်တော့်ကို ဝိုင်းချမဲ့ အဖွဲ့က ရှိနေပြီးဆိုတာ သေချာတယ်။

**တပည့်တော်**။ ။ငြင်းလို့တော့ ဘယ်ကောင်းမှာလဲ, ဒါပေမဲ့ လွယ်လွယ်တော့ တာဝန်မယူပါဘူး၊ "တပည့်တော်ရေးယင် ဝိနည်းဆိုင်ရာ မည်သည့် အချက်တွေ ပါပါလိမ့်မယ်၊ အခြားပုဂ္ဂိုလ်တပါးပါးကို တာဝန်ပေးကြပါ"လို့ပြောတော့, ထပ်ပြီးတိုက်တွန်းကြ၍ ခေတ်ပုဂ္ဂိုလ်များကို စဉ်းစားစေလိုတဲ့အတွက် ဘုရားလက်ထက်တော်ကစ၍ ကောင်းမွန်စွာ မနေယင် ဒုက္ခဖြစ်ရတဲ့ ပုဂ္ဂိုလ်များအကြောင်းကို ဆရာတော်ဘုရားကြီးရဲ့ ဩဝါဒ ကထာအဖြစ်နဲ့ ရေးပြီးတော့ ဝိသုဒ္ဓါရုံတိုက်သို့ ပို့လိုက်ပါတယ်။

**ခမ္မဂုတ်**။ ။ဘယ်လိုထင်မြင်ချက်ပေးကြတုန်း။

**တပည့်တော်**။ ။တိုက်ရဲ့စာချနာယက ဘုန်းတော်ကြီးများ အစုံအညီရှေ့မှာ ဖတ်ပြီးတဲ့အခါ နှုတ်ပယ်စရာ ဖြည့်စွက်စရာကို မညွှန်ပြဘဲ စာအုပ်ဖြစ် အောင် အမြန်ရိုက်ပါလို့ စာပြန်လိုက်ပါတယ်၊ ဒီအချိန်မှာ ဂိုဏ်းအစည်း အဝေးရက်ကလဲ နီးနေပြီဖြစ်လို့ စာအုပ်ဖြစ်အောင် အမြန်ရိုက်နှိပ်စေ ပါတယ်၊ စာအုပ်ရိုက်ပြီး၍ ချုပ်ပြီးတချို့တဝက်ကို ဝိသုဒ္ဓါရုံတိုက် ပို့လိုက်ပါတယ်။

**ခမ္မဂုတ်**။ ။ပို့လိုက်တော့ ဘာဖြစ်တုန်း။

**တပည့်တော်**။ ။အစည်းအဝေးသို့ တင်ကို၍ရောက်နှင့်သော ပုဂ္ဂိုလ်အချို့က ဖတ်ကြည့်ပြီးတော့ ဒီစာကို ဆရာတော်ဘုရားကြီး၏ ဩဝါဒ မဖြစ်ထိုက် ဘူးလို့ ကန့်ကွက်ကြပါရောတဲ့။

**ခမ္မဂုတ်**။ ။ ဟိုက်... ရက်စက်လိုက်ကြတာကိုယ်တော့်, ရေးဘို့တိုက်တွန်းတုန်း ကလဲ မရေးပါရစေနဲ့လို့ ကိုယ်တော်ကရှောင်ခဲ့တယ်၊ ထပ်တိုက်တွန်းကြ လို့ ရေးပြီးတဲ့အခါ ပြင်ကြရအောင် စာချနာယကများရှေ့မှာ တင်ပြခဲ့ တယ်၊ ရိုက်ပါတော့ဆိုလို့ စာအုပ်ဖြစ်အောင် ငွေကုန်ခံပြီး ရိုက်စေတယ်၊

အားလုံးပြီးမှ ရောက်လာတဲ့ကိုယ်တော် တချို့က ကန့်ကွက်တယ်ဆိုတာ တော့ ကိုယ်တော့်အပေါ်မှာ ပုဂ္ဂိုလ်ရေးနဲ့ နှိမ်ကြတာဘဲ ထင်တယ်၊ နောက်တော့ ဘာဖြစ်သလဲ။

**တပည့်တော်**။ ။တပည့်တော်ဆီကိုလာပြီး စာအုပ်အတွက် ဒီလိုဖြစ်နေတဲ့ အကြောင်း မဟာရဋ္ဌဂုရုဆရာတော်ကြီးလဲ သဘောတူ–မတူ ၂ဘက်ကွဲမှာ စိုးလို့ စိတ်တော်မချမ်းမသာ ဖြစ်နေတယ်ဆိုတဲ့ အကြောင်းကို ဝါဆို ကျောင်းဘုန်းကြီး ဦးအဂ္ဂိယက ပဋ္ဌမလာပြီးလျှောက်ပါတယ်၊ ဒီတော့ တပည့်တော်က ဒီလိုကန့်ကွက်သူရှိလို့ ဆရာတော်ကြီးစိတ်မချမ်းသာယင် ဒီစာအုပ်မဝေဘဲ ထားလိုက်တာပေါ့လို့ ပြောလိုက်ပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ အေးသွားမှာပေါ့နော်။

**တပည့်တော်**။ ။ဘာအေးမှာလဲဘုရား၊ နောက်မကြာခင် ဦးဓမ္မာဝုဓောဘိဝံသ နှင့် ဦးပညာသိရီဘိဝံသ ဆိုတဲ့ စာချဘုန်းကြီး ၂ ပါး ရောက်လာပြီး ဦးအဂ္ဂိယကို ဘယ်လိုပြောလိုက်ပါသလဲလို့ မေးကြပါတယ်၊ ဒီတော့ ဒီစာအုပ်ကို မဝေဘဲထားလိုက်တာပေါ့လို့ ပြောလိုက်တဲ့အကြောင်း ကြားတော့ မဝေဘဲမနေနိုင်ပါဘူး၊ သက်သက် ဘာလုပ်တာ ညာလုပ်တာ လို့ ပြောပြီး ပြန်သွားကြပါတယ်။

**ခမ္မဂုတ်**။ ။ဒီအခါ ကိုယ်တော့်စိတ်မှာ ဘယ်လိုဖြစ်နေတုန်း။

**တပည့်တော်** ။ ။တပည့်တော်မှာကော့ ဒီလို မကောင်း လောကဓမ်တွေကို တယောက်ထဲခံရတာ များပြီမဟုတ်လား၊ ယခုလောကဓမ်က အစုအရုံး နဲ့ခံရတာဖြစ်လို့ တပည့်တော်အတွက် ဘာမှထူးထူးခြားခြားမဖြစ်ပါဘူး၊ ဒါပေမဲ့ မဟာရဋ္ဌဂုရု စံကင်းဆရာတော်ဘုရားကြီး စိတ်ဆင်းရဲမှာစိုးလို့ ဆရာတော်ကြီး စိတ်ချမ်းသာမဲ့နည်းလမ်းကို စဉ်းစားနေပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုစဉ်းစားနေတော့ နည်းလမ်းကောင်း ရရဲ့လား။

**တပည့်တော်**။ ။ရပါတယ်၊ ဒီစာအုပ်ကို ဆရာတော်ကြီးရဲ့ ဩဝါဒကထာ ဆိုယင် ဝိနည်းဆိုင်ရာတွေပါတဲ့အတွက် သိပ်ပြီး လေးနက်သွားမှာစိုးလို့ ကန့်ကွက်ကြတာပါ၊ သံဃာအစည်းအဝေးမှာ တပည့်တော်၏ လျှောက် ထားချက်ဆိုယင် သူတို့မကန့်ကွက်နိုင်ပါဘူး၊ ဒါ့ကြောင့် ဒီစဉ်းစားချက် အတိုင်း ဆရာတော်ကြီးအား လျှောက်တဲ့အခါ ၂ဘက်စလုံး ကျေနပ်

စရာရှိလို့ ဆရာတော်ကြီးလဲ ဝမ်းမြောက်တော်မူပါတယ်၊ ထို့နောက် အစည်းအဝေးသံဃာတော်များ အစုံအညီမကြွမီဘဲ "ဆရာတော်ကြီးရဲ့ ဩဝါဒကထာ"ဆိုတဲ့ ခေါင်းစဉ်းကိုဖယ်ပြီး "တပည့်တော်၏ သာသနာရေး လျှောက်ထားချက်"ဆိုတဲ့ ခေါင်းစဉ်းကို လဲလိုက်ပါတယ်၊ အတွင်း စာသားကိုတော့ နဲနဲပြင်ပြီး ရွှေပိုင်းနိဒါန်းကို ရိုက်နှိပ်စေရပြန်ပါတယ်, တာဝန်က မသေးလှပါဘူးဘုရား။

**ဓမ္မဂုတ်**။ ။သံဃာတော်များတော့"ဆရာတော်ကြီးရဲ့ ဩဝါဒကထာ"ဆိုတဲ့ ခေါင်းစဉ်းကို မတွေ့ရတော့ဘူးပေါ့နော်။

**တပည့်တော်**။ ။မူလခေါင်းစဉ်းပါ စာအုပ်ကို တပည့်တော်က ပြင်လိမ့်မယ်လို့ ထင်ကတည်းက ဝေရမယ်ဆိုတဲ့ဘက်က ချုပ်ပြီးသမျှကို အတင်းယူပြီး ဝေလို့ အယင်ရောက်နှင့်တဲ့သံဃာများတော့ မူလခေါင်းစဉ်းအတိုင်းဘဲ ကြည့်ရပါတယ်၊ နောက်ရောက်လာတဲ့ သံဃာများကလဲ ၂ဘက်ကွဲနေပုံကို ကြားရလို့ အဲဒီဩဝါဒကထာကို လေးလေးစားစား ကြည့်ကြပါသတဲ့။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော့်အလုပ်က ပြုတ်မသွားဘဲ ပိုပြီးထင်ရှား လာပြန်တာပေါ့နော်, ကိုယ်တော့်ကံကိုယ်က ဒီလိုချည်းထင်ပါရဲ့၊ တက်ချိန်တန်ယင် အနှောက်အယှက် အမြဲခံခဲ့ရတာချည်းဘဲ။

**တပည့်တော်**။ ။ဒီလိုဆိုစရာဖြစ်နေပါတယ်, အဲဒီ စာအုပ်ကလေးက အစည်း အဝေးကြွလာတဲ့ သံဃာတော်များ ပြန်ကြတဲ့အခါ အရပ်တိုင်းပြန့်နှံ့ သွားလို့ ရန်ကုန် ဟံသာဝတီသတင်းစာတိုက်က ထပ်ပြီးရိုက်ခွင့်တောင်း ပါတယ်၊ တပည့်တော်က ရိုက်ခွင့်ပြုလိုက်လို့ ပဌမအကြိမ် ရိုက်တဲ့အခါ ချက်ချင်း ကုန်သွားဟန်တူပါရဲ့, လမကြာခင် ဒုတိယအကြိမ် ထပ်ရိုက် တာကို တွေ့ရပါတယ်၊ အဲဒီ သာသနာရေး လျှောက်ထားချက်စာအုပ်မှာ ဘဲ တပည့်တော်ရဲ့ ခွင့်ပြုချက်ဖြင့် "ဝိနိစ္ဆယဌာန– ခုံဝိနိစ္ဆယစိစစ်ချက်" ဆိုတဲ့ စာတမ်းကိုလဲ နောက်ဆက်တွဲအဖြစ် ထည့်ထားပါတယ်၊ [ဤစိစစ် ချက်က တပည့်တော်ရေးထားတဲ့ စိစစ်ချက်မို့ ခွင့်ပြုနိုင်ပါတယ်။]

**ဓမ္မဂုတ်** ။ ။ ကိုယ်တော်က အခွင့်ကြုံတိုင်း သာသနာကောင်းစားရေးကို ရေးတယ်၊ ရေးတိုင်းလဲ ဝိုင်းပြီး အနှိမ်ခံရတယ်၊ ဒီတော့ ကိုယ်တော်ဟာ အများဆိုင်တဲ့ ကောင်းစားရေးကို မစဉ်းစားဘဲ ကိုယ့်ကျောင်းတိုက် တတိုက်အတွက်သာ ကြိုးစားဘို့ သင့်တော့တယ်နော်။

**တပည့်တော်။** ။ဒီလို ဘယ်ဟုတ်မှာလဲဘုရား၊ တပည့်တော့်ကျောင်းတိုက်တတိုက် ကောင်းနေရုံနဲ့ နောင်ရေးအတွက် အကောင်းမဖြစ်နိုင်ပါဘူး၊ တပည့်တော့်ကျောင်းကထွက်သွားပြီး၊ အများနဲ့ ရောရောနှောနှောနေရတဲ့အခါ တပည့်တော့်စည်းကမ်းအတိုင်း နေရဲတဲ့ပုဂ္ဂိုလ်က အလွန်နဲပြီး အများလိုနေရတဲ့သူက များပါလိမ့်မယ်၊ ဒီတော့ တပည့်တော်ရဲ့ ပြုပြင်ရကျိုးမနပ်နိုင်ပါဘူး၊ ဒီပြင်လဲ တပည့်တော်ရဲ့စိတ်က ဘုရားရှင်ကို အလွန်ကြည်ညိုပါတယ်၊ ဒီတော့ ဘုရားရှင်ရဲ့ သာသနာတော်တရပ်လုံး အဆင့်အတန်းမြင့်မြင့်နဲ့ တင့်တင့်တယ်တယ် ဖြစ်စေလိုပါတယ်၊ အဲဒီလိုဖြစ်ဘို့ဆိုတာလဲ ဘုရားရှင်ရဲ့ ဝိနည်းတော်အတိုင်းနေနိုင်မှဖြစ်မှာပါ၊ ဒါ့ကြောင့် တပည့်တော့်ကျောင်းတိုက်ကောင်းဘို့ကို ပဓာနမထားဘဲ သာသနာတော်တရပ်လုံးမြင့်မြတ်ဘို့ ကြိုးစားခြင်းဖြစ်ပါတယ်။

**ခမ္မဂုတ်။** ။ဖြစ်နိုင်ယင်တော့ ကောင်းမှာပေါ့၊ ဒါပေမဲ့ ဖြစ်နိုင်ဘို့ခဲယဉ်းလို့ ပြောနေရတာပါ။

**တပည့်တော်။** ။ခဲယဉ်းတယ်ဆိုပေမဲ့ တပည့်တော်ရဲ့ ပြုပြင်ရေးကို သူတော်ကောင်း ရှင်လူအားလုံးက ထောက်ခံနေကြပါတယ်၊ တိုင်းပြည်အုပ်ချုပ်နေသော အစိုးရကသာ ကူညီလိုက်မယ်ဆိုယင် နွေချင်းညချင်း ဖြစ်နိုင်ပါတယ်၊ အနော်ရထာမင်းလက်ထက်က သာသနာပြုပြင်ရသလို မခဲယဉ်းပါဘူး၊ အမရပူရ ဘိုးတော်မင်းလက်ထက်က "တင်ဂိုဏ်း-ရုံဂိုဏ်း" ပြင်ရသလိုလဲ မခဲယဉ်းပါဘူး၊ လွယ်လွယ်နဲ့ အသွားကျလာမှာပါ၊ အဲဒီ အစီအစဉ်ကို တပည့်တော်လဲ စိတ်ကူးပြီးသားဖြစ်ပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော့်စိတ်ကူးအတိုင်း ဖြစ်ယင်တော့ "အတိုင်းထက်အလွန် တံခွန်နဲ့ ဘုရား" ဆိုတာလို ဗုဒ္ဓဘာသာဝင် ရှင်လူအားလုံး အကျိုးများပြီး သာသနာတော်လဲ အရှည်ခံ့ခံ့ တည်တံ့မှာပေါ့နော်။

**တပည့်တော်။** ။ဗုဒ္ဓမြတ်စွာရဲ့ လေးအသင်္ချေနဲ့ ကမ္ဘာတသိန်းကြာအောင် ( ယခု သူတော်ကောင်းအခေါ်ခံသူတို့ လိုက်၍မမှီနိုင်စရာ ) ပါရမီတော်များကို ခက်ခက်ခဲခဲ ဖြည့်ကျင့်တော်မူပြီးမှ တည်ထောင်တော်မူရတဲ့ သာသနာတော် ဖြစ်ပါတယ်၊ ယခုလို သာသနာနှစ် ၂၅၀၀ (နှစ်ထောင့်ငါးရာ)ကျော်ရုံမျှနဲ့ ဆယ်၍မရအောင် အလွန်တိမ်မြုပ်သွားတယ်ဆိုယင် ဘယ်မှာ သာသနာ့ဝန်ထမ်း ရဟန်းတော်များ တာဝန်ကြေမှာလဲဘုရား၊

တပည့်တော့် အယူအဆကတော့ ပြုပြင်သူ မရှိတဲ့အခါ ဆုတ်ယုတ်ပြီး၊ ပြုပြင်သူရှိတဲ့အခါ တက်မှာဘဲ၊ ရှေးကလဲ ဒီလို ဆုတ်ချည်-တက်ချည်-လာခဲ့တာဘဲလို့ ယူဆပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။လွတ်လပ်ရေးရပြီးယင် သာသနာတော်ကို ပြုပြင်ဘို့ "အနာဂတ် သာသနာရေး" ကျမ်းစာကို အစိုးရပိုင်းက မဖတ်ဘူးတဲ့လား၊ အစိုး၏ အကူအညီကော ရဘူးသလား။

**တပည့်တော်။** ။အစိုးရဆိုတဲ့ ပုဂ္ဂိုလ်များဟာ အဖက်ဖက်ကို ကြည့်ရပါတယ် ဘုရား၊ ကိုယ့်တစိတ်ထဲနဲ့ အလုပ်-မလုပ်နိုင်ကြပါဘူး၊ ဝန်ကြီးချုပ်ဦးနု မှာ နိုင်ငံခြားက ကလေးများကိုခေါ်ပြီး တပည့်တော့်ထံအပ်ဘို့ တပည့် တော်ဆီက သာသနာ့မျိုးကောင်းကိုရတဲ့အခါ နိုင်ငံခြား(အိန္ဒိယ-နီပေါ) တို့မှာ သာသနာပြုနိုင်ဘို့ စီမံဘူးပါတယ်၊ တပည့်တော်ကိုလဲ ရန်ကုန်မှာ ကျောင်းတိုက်တတိုက်ခွဲဘို့ စီစဉ်ပါသေးတယ်, အထမမြောက်ပါဘူး။

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့ သာသနာတိုးတက်ရေးကိုရည်ရွယ်ပြီး အကြံအစည် ထုတ်၍ တကုပ်ကုပ်ကြိုးစားနေတာဟာ လူသာခုခေါ် နတ်သာခုခေါ် ဖြစ်ရဲ့လား။

**တပည့်တော်။** ။ဘယ်ဖြစ်လိမ့်မှာတုန်းဘုရား, အရှင်ဘုရားကမေးလို့ ပြောရ ဦးမယ်, တခါတုန်းက ပါဠိတက္ကသိုလ်ကျောင်းတိုက်များမှ ဆရာတော်, သို့မဟုတ် လက်ထောက် စာချဆရာတော်များ စည်းဝေးတော်မူကြတဲ့ အစည်းအဝေးမှာ တပည့်တော်ရဲ့(ဘာသာသွေး)စာအုပ်လား, သို့မဟုတ် ရွှေကျင်ဂိုဏ်းအစည်းအဝေးမှာလျှောက်တဲ့ သာသနာရေး လျှောက်ထား ချက် စာအုပ်လား မသိပါဘူး, တပည့်တော်လဲ စုံစမ်းမကြည့်ပါဘူး၊ အဲဒီ စာအုပ်ထဲမှာပါတဲ့ ဝိနည်းဆိုင်ရာကို ထောက်ပြပြီးတော့ သာသနာရေး-ဘာသာရေး-နိုင်ငံရေးတွေမှာ အရေးပါ အရာရောက်တဲ့ ဥပါသကာကြီး တယောက်က ထိုစာအုပ်ကို အစည်းအဝေးသို့ ပို့လိုက်ဟန်တူပါတယ်။

**ဓမ္မဂုတ်။** ။ပို့လိုက်တော့ ဘာဖြစ်တုန်း။

**တပည့်တော်။** ။ဘာဖြစ်ဆို မပြောပါနဲ့တော့ "စာအုပ်ကုန်သည်ရဲ့ အရေး အသားကို လေးစားဘို့ မလိုဘူး" ဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ ဆုံးဖြတ်တော် မူကြပါသတဲ့။

**ခမ္မဂုတ်**။ ။မြန်မာတပြည်လုံးမှာ ( ပါဠိတက္ကသိုလ် )ဆိုတဲ့ ထိပ်တန်းပုဂ္ဂိုလ်များက ကိုယ်တော့်ကို "စာအုပ်ကုန်သည်" တဲ့လား။

**တပည့်တော်**။ ။ဒီလို ဆိုလိုတာပေါ့ဘုရား။

**ခမ္မဂုတ်**။ ။သူတို့က ဘာကို ကောက်ချက်ချကြသလဲ။

**တပည့်တော်**။ ။တပည့်တော်က ကျမ်းစာတွေရေးပြီး ရောင်းစားနေတာ, "စီးပွားရေးသမားဘဲ" တဲ့။

**ခမ္မဂုတ်**။ ။ကိုယ်တော်ကကော သူတို့စွပ်စွဲတဲ့အတိုင်းဘဲလား။

**တပည့်တော်**။ ။ ရှေ့ပိုင်းမှာ ပုံနှိပ်စက် ဝယ်ရသည်အထိ လူဝတ်ကြောင်က ကျမ်းစာအုပ်တွေကို တာဝန်ယူပြီး ရိုက်နှိပ်တဲ့အကြောင်းကို နန်နဲပါးပါး လျှောက်ခဲ့ပါပြီ၊ အဲဒီ လူဝတ်ကြောင်ကလဲ သူ့မှာ ပညာပါရမီနဲလို့ ပညာပါရမီအဖြစ်ဖြင့် သင်္ဂြိုဟ်ဘာသာဋီကာရိုက်ဘို့ ကူညီရာမှ တဖြေးဖြေး တာဝန်ခံ ဖြစ်သွားရပါတယ်၊ စာအုပ်တွေကို ငွေရင်းသွင်းပြီး ရိုက်တဲ့သူက အဲဒီစာအုပ်တွေ မရောင်းယင် နောက်ထပ်စာအုပ်တွေရိုက်ဘို့ ဘယ်ကငွေရမှာလဲ၊ သဌေးအကြီးစား ဖြစ်ယင်တော့ တပည့်တော် ရေးပြီးစာတွေကို ရိုက်ပြီး ဝေငှနိုင်မှာဘဲ၊ အဲဒီလို သဌေးလဲမဟုတ်, တချို့ပုဂ္ဂိုလ်တွေတော့ စာအုပ်ရိုက်ပြီးတဲ့အခါ လှူဒါန်း ဝေငှတာရှိပါရဲ့၊ အဲဒီလို လှူဒါန်း ဝေငှနိုင်အောင် စပ်ရာ ဒကာ ဒကာမများထံ ပြောရ ဟောရပါတယ်၊ အဲဒီ နည်းဟာလဲ စာအုပ်ငယ်ငယ် တအုပ် နှစ်အုပ် စသည်လောက်သာ ဖြစ်နိုင်ပါတယ်၊ အဲဒီလို အလှူခံတဲ့နည်းကိုတော့ တပည့်တော်ရဲ့ ဝိနည်းက ခွင့်မပြုတဲ့အပြင် အပ်သောနည်းဖြင့် အလှူခံဦးတော့ တပည့်တော်မှာ ဘယ်နည်းနဲ့မှ ပြည့်စုံအောင် မရနိုင်ပါဘူး (သုံးရာ့ငါးဆယ်) လောက်သာ ကုန်တဲ့ ရတနာ့ဂုဏ်ရည်တုန်းက နှစ်ရာ့ငါးဆယ်သာ ထည့်ဝင်သူရှိလို့ ညီဦးပဥ္စင်းက စာအုပ်ဘိုးကို ငွေတာရာဖြစ်အောင် အကိုရဲ့ အလှူမှာ စီစဉ်ခဲ့ရတယ် မဟုတ်လား။

**ခမ္မဂုတ်**။ ။တော်ပါတော့ ကိုယ်တော်, ကိုယ်တော်ရဲ့ ဝမ်းနဲစရာ ဖြစ်ပုံတွေကို ပြန်ပြီး ပြောမနေပါနဲ့တော့၊ စာအုပ်ကုန်သည် မဟုတ်ရကြောင်းကိုသာ ရှင်းပြစမ်းပါ။

**တပည့်တော်**။ ။တပည့်တော် သာသနာတော်မှာနေတာဟာ သာသနာပြုချင်လို့ နေတာဖြစ်တော့ ဝိနည်းနဲ့ အပြစ်မရှိအောင် ကိစ္စတိုင်းမှာ သတိထား

ခဲ့ပါတယ်၊ တပည့်တော်က တပင်တပန်း သင်ခဲ့ရတဲ့ပညာတွေကို စာသင်သားများ အလွယ်တကူ သင်ယူနိုင်တဲ့နည်း, လူဝတ်ကြောင်များ အလွယ်တကူ နားလည်နိုင်တဲ့နည်းနဲ့ ရေးသားပါတယ်၊ ရေးသားပြီးတဲ့အခါ ရိုက်နှိပ်ဘို့ စက္ကူဝယ်တဲ့ကိစ္စ၌ တပည့်တော် မပါဝင်ပါဘူး၊ ရိုက်နှိပ်တဲ့အခါ အထားအသို ကောင်းအောင်, မှန်ကန်အောင်သာ တပည့်တော် ပြင်ဆင်ပါတယ်၊ ကျောင်းတိုက် စာချဘုန်းကြီးများလဲ ပြင်တဲ့နေရာမှာ ကူညီကြပါတယ်၊ ရိုက်နှိပ်ပြီးသည်ကစ၍ ချုပ်ဘို့ ဖြန့်ဘို့ကိစ္စမှာ တပည့်တော်ရော, စာချဘုန်းကြီးများရော မပါကြပါဘူး၊ တာဝန်ခံရိုက်တဲ့ အမလေးရဲ့မောင်ဖြစ်သူ မောင်ကျော်က ရွှေပိုင်းမှာ အားလုံး တာဝန်ယူပါတယ်၊ တာဝန်ခံ အမလေး ကွယ်လွန်တဲ့အခါ မောင်ကျော်နဲ့ တပည့်တော်ရဲ့ တူဖြစ်သူ မောင်အောင်ခန့် (သူတို့ သို့မဟုတ်ဖ ၂ ယောက်)က အားလုံး တာဝန်ယူပါတယ်၊ ယခုအထိ စာအုပ်ကုန်သည်များနဲ့ အရောင်းအဝယ် စကားမပြောဘူးပါဘူး၊ စာအုပ်ရောင်းတဲ့အတန်းတောင် တခါမှ မသွားဘူးပါဘူး။

**ဓမ္မဂုတ်**။ ။အင်း—ဒီအထိ ကိုယ်တော်ဟာ စာအုပ်ကုန်သည် မဟုတ်ပေဘူး။

**တပည့်တော်**။ ။သာ၍ရှင်းအောင် လျှောက်ပါအုံးမယ်၊ အမလေးလက်ထက်က စပြီး ယနေ့တိုင်အောင် "ငွေဘယ်လောက်ရှိပြီလဲ, စာအုပ် ဘယ်လောက်ရှိသေးသလဲ၊ ဘယ်စာအုပ်ဟာ ဘယ်လောက်ရောင်းပြီးပြီလဲ"လို့ မေးလေ့မရှိပါဘူး၊ ကျောင်းမှာ ဘုရားပွဲပြင်ဘို့, ကျောင်းပြုပြင်ဘို့ လိုတဲ့အခါ မည်သည့်ကိစ္စ ရှိနေတယ်, တတ်နိုင်ရဲ့လားလို့ မေးပြီး, တတ်နိုင်ပါတယ်ဆိုမှ ပြင်စရာရှိတာကို လက်သမား- ပန်းရံ စသူတို့ကို ညွှန်ပြပြီး ပြင်စေပါတယ်၊ ဘာဝယ်လိုက်, ညာဝယ်လိုက်လို့ မခိုင်းပါဘူး၊ အင်္ဂွေလိုတယ်, အသားလိုတယ်လို့ ပြောပါတယ်၊ လက်သမား – ပန်းရံတို့ကိုလဲ ငွေဘယ်လောက်ပေးလိုက်လို့ မပြောပါဘူး၊ သူတို့ဘာသာ ပေးကြတာပါဘဲ၊ ကျောင်းတိုက်အတွက် ဆွမ်းဟင်းကိုတော့ ယခုအချိန်အထိ ဒကာကြီး ဦးကျော်ဝင်းထံ လစဉ်ကုန်သလောက် ငွေကို ပို့ကြရပါတယ်၊ အမလေး ရှိတုန်းကတော့ သူ့ကိုယ်တိုင် ဝယ်စရာရှိတာကို အဝယ်ခိုင်းပါတယ်။

**ဓမ္မဂုတ်**။ ။"ဒကာကြီးကျော်"ဆိုတာက ဘာတော်သလဲ။

**တပည့်တော်**။ ။တပည့်တော်နဲ့ ဆွေမျိုးတော့ မတော်ပါဘူး, ပါရမီကူညီသူ ဖြစ်ပါတယ်၊ သူက ရွှေကျင်တိုက်မှာနေဘူးတဲ့ ဦးကြီး ဘုန်းတော်ကြီးရဲ့

ဩဝါဒကို ငယ်စဉ်က ရခဲ့လို့ သာသနာတော်ကို ကြည်ညို လေးစားပါတယ်၊ မြေစာရင်းအင်စပက်တော် ပင်ရှင်ရမို့ လက်အောက်မှာ မြေတိုင်စာရေးအများနဲ့ နေခဲ့ရသည့်အတွက် ဆက်ဆံရေးမှာလဲ ပြေပါတယ်၊ မျိုးရိုးလဲမညံ့, ပစ္စည်းလဲ ပြည့်စုံပါတယ်၊ မန္တလေးမှာ သူပိုင် ဝင်းခြံနဲ့ အိမ်ရှိပါတယ်၊ ဒကာမကြီးက ရိပ်သာမှာနေပါတယ်၊ ဒကာကြီးက တယောက်ထည်းသော သားကို ရဟန်းဖြစ်စေချင်လို့ စောင့်ရှောက်ဘို့ရာ ကျောင်းတိုက်အနီး စရပ်မှာ ဥပုသ်စောင့်ယင်း နေပါတယ်။

**ဓမ္မဂုတ်**။ ။ရည်ရွယ်တဲ့အတိုင်း အထမြောက်ရဲ့လား။

**ဘပည့်တော်**။ ။သားက ဉာဏ်ကောင်းတော့ ရဟန်းဖြစ်၍ စာချတန်း အောင်သည်အထိ ဂန္ဓာရုံမှာ နေပါတယ်၊ ထို့နောက် ရန်ကုန် ရောက်သွားလို့ လူထွက်ပြီး ဘီအက်စ်စီ အောင်လို့ အထက်တန်း စာသင်ကျောင်းမှာ ဆရာလုပ်နေပါတယ်၊ ဒါ့ကြောင့် ရည်ရွယ်တဲ့တပိုင်းသာ ထမြောက်ပါတယ်။

**ဓမ္မဂုတ်**။ ။သားထွက်သွားတော့လဲ မပြန်တော့ဘူးလား။

**ဘပည့်တော်**။ ။အနေကြာတော့ လူထဲလဲမနေတတ်, ဂန္ဓာရုံလဲ သံယောဇဉ်ဖြစ်, တပည့်တော်နဲ့ သံဃာများကို ကြည်ညိုလို့ မပြန်တော့ဘဲ သားလေးရှိစဉ်ကပင် သံဃိက နဝကမ္မ (ငွေ)ကို ဝိနည်းနဲ့ လျော်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး သူ့ထမင်း သူစားနေပါတယ်၊ အမလေး မရှိတဲ့အခါ ကျောင်းတိုက်တာဝန်က ပိုလာလို့ အသွားအလာများပါတယ်၊ ထိုအခါ သူ့ထမင်း သူချက်ရတာ တာဝန်ကြီးလို့ စရပ်မှာ စာချဘုန်းကြီးများ အတွက် ချက်တဲ့ ဆွမ်းနဲ့ဟင်းများကို (ကပ္ပိယ)ကာရက ဖြစ်သည့်အတွက် စားကောင်းပါတယ်လို့ ပြောရပါတယ်၊ ယခုအခါ(ယနေ့စာရေးချိန်မှာ) အသက် ၇၇ နှစ်လောက်ရှိ၍ ကြီးသော်လဲ ကျောင်းတိုက်ရဲ့တာဝန်ကို ဆောင်နိုင်လောက်အောင် ကျန်းမာပါတယ်။

**ဓမ္မဂုတ်**။ ။သာဓုပါကိုယ်တော်....သာဓုပါ သာဓုပါ, အဲဒီ ဥပါသကာကြီးက ဝိနည်းနဲ့အပ်စပ်အောင် စီမံတတ်လို့လဲ ကိုယ်တော်ရဲ့ ကျောင်းတိုက်မှာ မြင်သမျှ ဆောက်သမျှ ကျောင်းတွေနဲ့ နေ့စဉ် ဆွမ်းဟင်းကိစ္စမှာ အပ်အပ်စပ်စပ် ဖြစ်နိုင်တာဘဲ၊ ဒီလိုမဟုတ်ယင် ဝိနည်းတော်နဲ့ ညီဘို့ ခက်သွားဘဲ။

**ဘပည့်တော်**။ ။တပည့်တော် ကျောင်းသားဘဝတုန်းကပင် ငွေနဲ့စပ်၍ မအပ်မရာ လုပ်ကြတာတွေကို တွေ့ပါတယ်ဘုရား၊ အဲဒီတုန်းက နားမလည်သော်

လဲ နားလည်တဲ့ ယခုအချိန်မှာ ဒီနည်းဟာ သာသနာတော်ကို ပြုရာမရောက်ဘူး, ဘုရားရှင်ရဲ့ အာဏာတော်ကို ကျူးကျော်ရာရောက်တယ်လို့ နားလည်တဲ့အတွက် သာသနာတရပ်လုံးကို မပြင်ယင် ဖြစ်ကိုယ့်မဖြစ်ဘူးလို့ ဆုံးဖြတ်ပြီး မိမိကျောင်းတိုက်အတွက် အထူး ပြုပြင်နေခြင်းဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။ကျောင်းမှာ ပြင်စရာနဲ့ ဆွမ်းဟင်းအတွက် ကုန်ကျစရိတ်ဟာ တလ ဘယ်လောက်ကုန်သလဲ။

**တပည့်တော်** ။ ။ ဒါကတော့ ယုံနိုင်စရာ မရှိလောက်အောင်ပါတဲ့ဘုရား၊ ဒါပေမဲ့ အတိအကျတော့ မဟုတ်ပါဘူး၊ ကူညီသူ- ထောက်ပံ့သူများတဲ့အခါ အကုန်နဲ့ပြီး, ထောက်ပံ့သူနဲတဲ့အခါ အကုန်များပါတယ်၊ ဒါပေမဲ့ စာအုပ်ဆိုင်ရာထဲကချည်း မဟုတ်ပါဘူး၊ သံဃိကရတဲ့လာဘ်ထဲကလဲပါ, တပည့်တော်ရဲ့ ပုဂ္ဂလိက ရတဲ့လာဘ်ထဲကလဲ ပါပါတယ်။

**ခမ္မဂုတ်** ။ ။ ဒီအထိလဲ ကိုယ်တော့်မှာ စာအုပ်ကုန်သည် ဖြစ်လောက်တဲ့ လက္ခဏာ မပါပါတဲ့လား၊ ဒါနဲ့တောင် ကိုယ်တော့်ကို "စာအုပ်ကုန်သည်"လို့ စွပ်စွဲကြတာက ဘာ့ကြောင့်လဲကိုယ်တော်။

**တပည့်တော်**။ ။ဘယ်သိမှာလဲဘုရား, စိတ်ကြောင့် စေတသိက်ကြောင့် သူပြောလူပြောကြောင့် ဖြစ်မှာပေါ့။

**ခမ္မဂုတ်**။ ။ဒုက္ခပါတဲ့ကိုယ်တော်, ကိုယ်တော်တပါး ကြိုးကြိုးစားစား အလုပ်လုပ်တဲ့အတွက် တချို့မှာ အကျိုးနဲ့ရှာရတာဘဲ၊ ဒါလဲ အဆန်းတော့မဟုတ်ပေဘူး၊ ရှေးရှေးကလဲဒီလို, ဘုရားလက်ထက်တော်ကလဲ ဒီလိုပါတဲ့နော်။

**တပည့်တော်**။ ။တပည့်တော်က ကျမ်းစာအုပ်နဲ့စပ်ပြီး တပည့်တော်အတွက်ကိုသာ သတိထားတာ မဟုတ်ပါဘူး၊ တပည့်တော်နဲ့ စပ်ရာအတွက်လဲ သတိထားပါတယ်၊ တပည့်တော်ရဲ့ ကျမ်းစာအုပ်တွေ ထွက်ခါစကစပြီး လူထွက်လိမ့်မယ်လို့ ထင်ကြတုန်းဘဲ၊ တပည့်တော်စဉ်းစားခဲ့ဘူးပါတယ်၊ သူတို့ပြောသလို ငါကလူထွက်ပါပြီဆိုကြစို့, လူထွက်ယင် ဒီစာအုပ်တွေမှ ရတဲ့ငွေဖြင့် ငါရယ်-ငါနဲ့ ရေစက်ဆုံတဲ့သူရယ် သုံးစွဲနေယင် ဘဝသံသရာမှာ နစ်နာလိမ့်မယ်၊ ငါရော - ငါနဲ့ ရေစက်ဆုံတဲ့သူရော ထိုကဲ့သို့ အနစ်နာ မခံနိုင်ပါဘူးလို့ စဉ်းစားမိပါသေးတယ်၊ ယခုလဲ ကျမ်းစာအုပ်တွေကို တာဝန်ယူပြီး စက်တင်ရိုက်နှိပ်—ဖြန့်ဝေနေတဲ့ မောင်ကျော်နဲ့ တူဖြစ်သူ

မောင်အောင်ခန့်တို့ကို အမြဲသတိပေးပါတယ်၊ ကျမ်းစာအုပ်မှ ထွက်တဲ့ ငွေကို သာသနာအကျိုးများဘို့သဘောထားရမယ်၊ သင်တို့ရဲ့စီးပွားရေး မဖြစ်စေကြနဲ့၊ ငွေမလယ်လို့ ခေတ္တသုံးလဲ ပြန်ပြီးရှင်းနိုင်မှကောင်းတယ်၊ ခေတ်အားလျော်စွာ သင်တို့ရဲ့ တာဝန်ဆောင်ခကိုတော့ တရားသဖြင့် သုံးကောင်းတာပေါ့၊ ဆွေမျိုးရင်းထဲက အထက်တန်းပညာ သင်ကြားဘို့ လိုနေယင်လဲ ကူညီထိုက်ပါတယ်၊ စီးပွားရေးဖြစ်အောင်တော့ ဘယ်သူမှ မသုံးကောင်းပါဘူး၊ နောက်နောက် မတွင်ကျယ်နိုင်သော အထက်တန်း ဘာသာဒွိကာတွေရိုက်နိုင်အောင်သာ ကြိုးစားကြပါ၊ ငါဟာ သာသနာ ရေးအတွက် စာရေးတယ်၊ တိုက်ကစာချတန်းကြီးများလဲ ကူညီကြတယ်၊ ဒီတော့ ဘယ်နည်းနဲ့မှ စီးပွားရေးမဖြစ်ကောင်းပါဘူး၊ စီးပွားရေး သုံးယင် သားစဉ်မြေးဆက် အညွန့်တုံးကြလိမ့်မယ်၊ ငါမရှိတောင် ဂန္ဓာရုံ သာသနာအတွက် ဂန္ဓာရုံက ဆိတ်သုဉ်းသွားယင် အခြားဘာသာရေး အတွက်သာ ဖြစ်စေလိုတယ်လို့ ပြောထားပါတယ်။

**ခမ္မဂုတ်**။ ။ ကိုယ်တော့်စိတ်ထားနဲ့ သူတို့စပ်ရဲပုံကတော့ စလေ ဦးပုည တေးထပ်ထဲက "မိုးကြိုးနဲ့ အီးသံလို ခရီးမှန် ကွာလွန်းလှလေး" ဖြစ်နေ ပါပကော။

**တပည့်တော်**။ ။သူတို့ထဲကလဲ တချို့က ကိုယ်နဲ့နှိုင်းပြီး သူတို့ငွေစုသလို တပည့်တော်ကို ငွေမက်တဲ့သူလို့ ထင်ပါလိမ့်မယ်၊ တပည့်တော်က ဒီဘဝ အတွက် ကောင်းမှုကုသိုလ်များဘို့အတွက်မှတပါး အခြားဂုဏ်ပကာသန တို့ ပစ္စည်းလာဘ်တို့ကို ဘာမှအရေးတကြီး မမက်ပါဘူးဘုရား၊ သာသနာ ပြုနိုင်ဘို့အတွက် ဂုဏ်မရှိယင် သာသနာကို ကျယ်ကျယ်ပြန့်ပြန့်ပြုဘို့ မဖြစ် နိုင်လို့ စာမေးပွဲဂုဏ်တွေကို ရအောင်ယူခဲ့ရပါတယ်၊ လာဘ်လာဘနဲ့သူ ဟာလဲ သာသနာကို တွင်ကျယ်အောင် မပြုနိုင်လို့ လာဘ်လာဘကိုလဲ အထိုက်အလျောက် ငဲ့ရပါတယ်။

**ခမ္မဂုတ်**။ ။ဒါလောက်တော့ ငဲ့ရမှာပေါ့ကိုယ်တော်၊ ဆက်ပြီးမေးရအုံးမယ်၊ "စာအုပ်ကုန်သည်"လို့ အခေါ်ခံရတဲ့ဂုဏ်ကို ချီးမြှင့်ကြပြီးတော့၊ တချို့ သံဃာတော်များက ဘာကို ချီးမြှင့်ကြသေးတုန်း။

**တပည့်တော်**။ ။တပည့်တော်မှာ အများအပြစ်ပြောခံရမဲ့ကံက ကုန်သေးဟန် မတူပါဘူး၊ ဒါ့ကြောင့် တပည့်တော်အတွက်တော့ "လာပါလိမ့်မယ်၊ လာလိမ့်မယ်ဟေ့" ဆိုတာလိုပါဘဲ။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ဘော့လုံးလို နာနာပေါက်လေ မြင့်လေဖြစ်တော့ " လာပါစေတော့ လာစေတော့ဗျ " လို့ဘဲ သဘောထားလိုက်ပေါ့ ကိုယ်တော့်ဘယ်လိုများ လာသေးတုန်း။

**တပည့်တော်**။ ။တော်လှန်ရေးအစိုးရတက်လာပြီးနောက် အတော်ကြာတော့ သာသနာရေးကို ရွေးချူပြီး ဂိုဏ်းပေါင်းစုံ ဆရာတော် ၂ ကျိပ်တပါးကို ရန်ကုန် ကမ္ဘာအေး - ပုဗ္ဗဝိဒေဟကျောင်းဆောင်သို့ ပင့်ပါတယ်၊ အဲဒီအဖွဲ့က နောက်ဆုံး မှော်ဘီမြို့အနီးဥယျာဉ်ထဲမှာစည်းဝေးတဲ့ အစည်းဝေးကို "မှော်ဘီအစည်းအဝေး" လို့ ခေါ်ကြပါတယ်၊ အဲဒီအဖွဲ့မှာ ရွှေကျင်ဂိုဏ်းအတွက် မြောင်းမြဆရာတော့် ညောင်တုံး ရွှေဟင်္သာတိုက်အုပ်ဆရာတော်နဲ့ တပည့်တော်တို့ သုံးပါး- ပါပါတယ်၊ ပခုက္ကူက မဟာရဋ္ဌဂုရုဆရာတော်ကြီးနဲ့ တိုက်အုပ်ဆရာတော် ဦးနန္ဒိယလဲ ပါပါတယ်၊ ဒွါရဂိုဏ်း - ငှက်တွင်းဂိုဏ်းက ဆရာတော်များလဲ ပါကြပါတယ်၊ ပါဠိတက္ကသိုလ်မှာ ဥက္ကဋ္ဌဖြစ်တဲ့ ပြည် ဇောတိကာရုံဆရာတော်နဲ့ တိပိဋကဆရာတော် ဦးကောသလ္လတို့လဲ ပါပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ ဆရာတော်များ ပါလိမ့်မယ်ဆိုတာ လာပင့်တုန်းက မသိဘူးလား။

**တပည့်တော်**။ ။ဗုဒ္ဓသာသနအဖွဲ့ ဒကာ ဦးလှမောင်က လျှို့ဝှက်တဲ့နည်းနဲ့ လာပင့်တာပါ၊ ဘာအကြောင်းမှ မပါပါဘူး၊ ရန်ကုန်ရောက်တော့မှ အဲဒီ ဆရာတော်များ ပါသေးတယ်ဆိုတာ သိရပါတယ်။

**ဓမ္မဂုတ်**။ ။ရန်ကုန်ရောက်တော့ အစိုးရက ဘာများအထူးလျှောက်သေးတုန်း။

**တပည့်တော်**။ ။အထူးရယ်လို့တော့မဟုတ်ပါဘူး၊ သာသနာတော်သန့်ရှင်း-တိုးတက်ရေးကို လိုလားတဲ့အကြောင်းကိုသာ လျှောက်ပါတယ်။

**ဓမ္မဂုတ်**။ ။စည်းဝေးကြတဲ့အခါ ဘယ်လိုများ အကြံဉာဏ်ပေးကြပါသလဲ, ညီညီညွတ်ညွတ်ကော ဖြစ်ကြပါရဲ့လား။

**တပည့်တော်**။ ။"အားလုံး ညီညီညွတ်ညွတ်ဆိုတာ တအိမ်ထဲအတူနေတောင် ခဲယဉ်းတာဖြစ်တော့ ဂိုဏ်းပေါင်းစုံ ပုဂ္ဂိုလ်အားလုံး ညီညွတ်ဘို့ဆိုတာ ဒုလ္လဘတပါး" လို့ ဆိုရမလောက်ပါဘဲ၊ ဒါပေမဲ့ နောက်ဆုံးတော့ ညီညွတ်စွာ့**အ**ချက် ရပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်အချက်လဲ ကိုယ်တော်။

**တပည့်တော်**။ ။သာသနာသန့်ရှင်းရေးအတွက် သာသနာဝင်ပုဂ္ဂိုလ်တိုင်းမှာ မှတ်ပုံတင်လက်မှတ် ရှိကြဘို့နဲ့၊ မင်းတုန်းမင်းလက်ထက်က အမိန့်တော် ပြန်တမ်းအတိုင်း သွားကြ-လာကြဘို့ဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။သာသနာတိုးတက်ရေးအတွက်ကိုတော့ ဘယ်လို အကြံဉာဏ်များ ပေးကြပါသေးသလဲ။

**တပည့်တော်**။ ။စာပြန်ပွဲမှာ ကျမ်းရင်းစာသားကိုသာ မေးဘို့နဲ့ ညဝါ အကောက်များ၌ အလွန်ကျယ်ဝန်းသော အရကောက်များကို မမေးဘို့ ညွှန်ပြကြပါတယ်၊ ထို့ပြင် ကျက်ဘို့ရန်များသော အဘိဓာန်အစား ဒုဒ္ဒ သိက္ခာကိုသင်းဘို့ ဝင်လိုသော စာသင်သားများအတွက် ပဌမငယ်မဝင်မီ အစိုးရမူလတန်းနဲ့ ညီမျှသောအတန်းကို ဝင်ဘို့ရန် မူလတန်းတတန်းရှိဘို့ ညွှန်ပြကြပါတယ်၊ [ တပည့်တော်က ဆန်းနဲ့ အလင်္ကာသည် စာအရေး အသားအတွက်သာ အကျိုးများသဖြင့် ပဌမကြီးတန်း၌ ဖြေလိုမှ ဖြေရ သော အပိုဘာသာ ဖြစ်စေလိုပါတယ်, ပဌမကြီးတန်းမှ နုတ်ပြီးတော့ စာချတန်း၌ ယခုမေးသလိုမေးယင် အထိုက်အလျောက် လေ့လာပြီး ဖြစ်နိုင်ပါတယ်လို့ အကြံဉာဏ်ပေးသော်လဲ အားလုံးသဘောတူ မဖြစ်လို့ အစိုးရကို အကြံမပေးရပါဘူး။]

**ဓမ္မဂုတ်**။ ။အဲဒီကိစ္စမှာ ကိုယ်တော်က တော်တော်ကြိုးစားလိုက်သလား။

**တပည့်တော်**။ ။သာသနာရေးဆိုယင် တပည့်တော်က ကြိုးစားလေ့ရှိတယ် မဟုတ်လား, ယခုလို အစိုးရကိုယ်တိုင် လိုလားတဲ့ သာသနာရေးဆိုတော့ တပည့်တော် ဘယ်မှာ မကြိုးစားဘဲ **နေနိုင်မှာတုန်း**။

**ဓမ္မဂုတ်** ။ ။ ဒီလိုဆိုယင် သာသနာသန့်ရှင်းအောင်လုပ်တဲ့ ကိုယ်တော့ကို အခြားသံဃာများက ကျေနပ်ပါ့မလား။

**တပည့်တော်**။ ။ကျေနပ်-မကျေနပ်တော့ မသိပါဘူး, တချို့လုပ်ပုံကလေး ကတော့ အမျိုးမျိုးတွေးစရာပါဘဲ၊ " တော်လှန်ရေးအစိုးရရဲ့ သာသနာ သန့်ရှင်းရေးကိစ္စမှာ တပည့်တော်ကို ပင့်တယ် " လို့ ကြားကတည်းက တပည့်တော်ကို အစိုးရက အယုံအကြည်မရှိအောင်နဲ့ တိုင်းပြည်က အထင် သေးအောင် ရည်ရွယ်ဟန်တူပါရဲ့ "စာအုပ်ကုန်သည်, စာအုပ်ကုန်သည်"

ဆိုတဲ့ ပါဠိတက္ကသိုလ်က ထွက်ပေါ်သံဟာ မန္တလေးကျောင်းတိုက်တချို့က တံတိုင်းနံရံနဲ့ လူ အလာများတဲ့ မဟာမြတ်မုနိဘုရားအနီးက သင်ပုန်းကြီးပေါ်မှာ အော်နေပါသတဲ့။

ခမ္မဂုတ်။ ။အင်း....၂ ကျိပ်တပါးထဲမှာ ကိုယ်တော့်ကို သီးခြားနိမ်ကြတယ် ဆိုတော့ ကိုယ်တော့်မှာ ဘဝဝင် မကောင်းဘူးထင်တယ်၊ ဒီလို ပြောကြ-ဆိုကြ — နံရံကပ်ကြ — သင်ပုန်းကြီးပေါ်မှာ အော်ကြတော့ အစိုးရက ကိုယ်တော့်ကို အထင်မသေးဘူးလား။

သပည့်တော်။ ။နိုင်ငံကိုအုပ်ချုပ်ရတဲ့ အစိုးရမှာ ကိစ္စတခုပေါ်လာယင် အမှန်ရအောင် စုံထောက်အများကြီး စေလွှတ်ရပါတယ်၊ တပည့်တော်ရဲ့ မကောင်းသတင်းတွေကို အစည်းအဝေး၌ ပါဝင်ဘိုရန် မပင့်မိကပင် ပါဠိတက္ကသိုလ်က အသံနဲ့ အခြားအသံများကို ကြားပြီးဖြစ်လို့ တပည့်တော်ရဲ့ ကျမ်းစာတွေကို အကုန်လုံးရှာဖွေပြီး ကြည့်ပါသတဲ့၊ အဲဒီလို ကြည့်ပြီးဖြစ်လို့ တပည့်တော်အပေါ်မှာ အထင်မသေးဘဲ ၂ ကျိပ်တပါးထဲမှာ ထည့်တာဖြစ်ပါလိမ့်မယ်။

ခမ္မဂုတ်။ ။ဟုတ်လောက်ပါတယ်, ပြီးတော့ ဘာကိစ္စများ ကြုံရသေးတုန်း။

တပည့်တော်။ ။ တပည့်တော်တို့ သာသနာ့သန့်ရှင်းရေးကိစ္စ မပြီးခင်မှာပင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးရဲ့ ဘခင်ဆုံးလို့ ဆွမ်းသွတ်-ဆွမ်းကပ် ပြုလုပ်တဲ့အခါ တပည့်တော်တို့တဖွဲ့လုံးကို ပင့်ပါတယ်, ဆွမ်းကပ်ပြီးလို့ ရေစက်ချဘို့ ကိစ္စရောက်တော့ ပခုက္ကူ မဟာရဋ္ဌဂုရုဆရာတော်ကြီးက သံဃာ့ပရိသတ်, ဗိုလ်စုံပရိသတ်အလယ်မှာ ရေစက်ချဘို့ တပည့်တော်ကို အမိန့်ပေးပါတယ်။

ခမ္မဂုတ်။ ။ကိုယ်တော်က တင်ကြိုပြီး စီစဉ်ထားတာမရှိတော့ ကြောက်ရွံ့မနေဘူးလား။

တပည့်တော်။ ။ခပ်ရှယ်ရှယ်ကစပြီး သံဃာ့ပရိသတ်-မင်းပေါင်းစုံပရိသတ်ထဲနဲ့လာခဲ့ဘူးတာဖြစ်တော့ တာပတ်ကွင်းပြေးနေကျ မြင်းကောင်းလိုပါဘဲ, ပရိသတ်ကြီးကြီးမြင်လေ ရွှင်လေဖြစ်ပါတယ်။

ခမ္မဂုတ်။ ။အဲဒီအခါတုန်းက ရေစက်မချခင် ကိုယ်တော် ပြောဟောခဲ့တဲ့ တရားကို မှတ်မိသေးသလား။

**တပည့်တော်။** ။မှတ်မိတာပေါ့ဘုရား, ကွယ်လွန်သူကို ရည်မှန်းပြီး ဆွမ်းသွတ်တယ်ဆိုတာ ကွယ်လွန်သူက ဒီကုသိုလ်ကိုသိပြီး သာဓုခေါ်မှ ကုသိုလ်အဖို့ကို ရနိုင်တယ်၊ သာဓုမခေါ်နိုင်ယင် အဖို့ မရဘူး၊ ဒါပေမဲ့ ကုသိုလ်ပြုတဲ့ သားသမီးမှာတော့ ထုံးစံအတိုင်း ဒါနကုသိုလ် ဖြစ်ပါတယ်၊ ကွယ်လွန်သူရဲ့ ရောက်ရာဘဝဆိုတဲ့ ဂတိကလဲ "ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ, နတ်" လို့ ငါးမျိုးရှိတယ်၊ ငရဲရောက်နေတဲ့သူ, တိရစ္ဆာန်အမိဝမ်းမှာ ဖြစ်နေတဲ့သူ, လူ့အမိဝမ်းမှာ ဖြစ်နေတဲ့သူဟာ ဒီက ကုသိုလ်ပြုနေတာ မသိ မမြင်နိုင်လေတော့ သာဓုမခေါ်နိုင်ပါဘူး၊ နတ်ဖြစ်တဲ့သူကလဲ သူ့မှာ ချမ်းသာနေတာဖြစ်တော့ ဒီက ကုသိုလ်အဖို့ကို မြော်မယ် မဟုတ်ပါဘူး၊ ပြိတ္တာဖြစ်သူကတော့ ၂ မျိုးရှိတယ်၊ တမျိုးက မိမိအိမ်နဲ့ အလွန်ဝေးကွာသော အရပ်မှာဖြစ်ရသူ, မိမိအိမ်အနီး ရွာအနီးမှာ (တစ္ဆေ, အစိမ်း) ဖြစ်နေသူ, တစ္ဆေ ပြိတ္တာ အဲဒီ ၂ မျိုးတွင် သေခါနီး၌ သား သမီးစသည်ကို စွဲလမ်းသွားယင် အနီးအပါးမှာ တစ္ဆေ ပြိတ္တာ ဖြစ်တတ်ပါတယ်၊ အစား အဝတ် အနေလဲ မပြည့်မစုံဖြစ်တတ်ပါတယ်၊ ထိုကဲ့သို့ ပြိတ္တာမျိုးကတော့ သားသမီးတို့က မိမိကိုရည်စူးပြီး (ဆွမ်း, သင်္ကန်း, ကျောင်း စသော) အလှူပေး၍ အမျှဝေတဲ့အခါ အလွန် ဝမ်းမြောက်စွာ သာဓု ခေါ်နိုင်သောကြောင့် ထိုကုသိုလ်ရဲ့အဖို့ကို သူ့မှာ ချက်ချင်း ရနိုင်ပါတယ်၊ အဲဒီလို တရားစကားပြောခဲ့ပါတယ်။

အဲဒီလို ပြောပြီးနောက် မှတ်စရာတခုကို ဆက်ပါသေးတယ်၊ (၁) ဒီစကားအစဉ်ကို စဉ်းစားယင် "ကွယ်လွန်သူရဲ့နေထိုင်ရာ အိမ်အနီးစသည်၌ ကုသိုလ်ပြု အမျှဝေမှ ကွယ်လွန်သူကသိ၍ ကုသိုလ်အဖို့ ရနိုင်တယ်"ဆိုတာ ထင်ရှားပြီး, ယခုခေတ်မှာ ကွယ်လွန်သူရဲ့နေရာ မဟုတ်ဘဲ အဝေးကနေ၍ ဥပမာ— ဗိုလ်ချုပ်အောင်ဆန်း စသူတို့အတွက် ရွှေဘိုစသည်၌ နေသူတို့က ထိုနေ့မှာ သံဃာတော်များ ဆွမ်းကပ်ပြီး အမျှဝေတယ်ဆိုတာ ကုသိုလ်အဖို့ မရနိုင်ပါဘူး၊ (၂) ထို့ပြင်— ကွယ်လွန်တဲ့နှစ်က ကြာလှပြီ, နှစ်စဉ် ကုသိုလ်ပြု အမျှဝေတယ်ဆိုတော့ ပြိတ္တာဘဝမှာဖြစ်ပြီး ယခုအထိ မကျွတ်သေးလို့ဟု အဓိပ္ပါယ်ရနေပြန်တယ်၊ ဒါ့ကြောင့် ဘာကိစ္စမဆို ငွေမကုန်တန် မကုန်ရအောင်, ကုန်ယင်လဲ အကျိုးရှိအောင် ဘာသာရေးဆိုင်ရာ စနစ်တကျ နားလည်ကြဘို့ လိုပါတယ်လို့ သတိပေးခဲ့ပါတယ်၊ (၃) ကုသိုလ်ပြုတဲ့အခါလဲ သီလမရှိတဲ့ပုဂ္ဂိုလ်ကို လှူပြီး အမျှဝေယင် အမျှမရဘူးလို့ ကျမ်းစာတို့၌ ဆိုပါတယ်ဟု တနိုင်ငံလုံးရဲ့ ကိုယ်စားလှယ် ဗိုလ်များဖြစ်လို့

တနိုင်ငံလုံးအတွက် သတိပေးစကားကို ပြောပြီးမှ ရေစက်သွန်းချ အမျှဝေ ဝေပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်ရဲ့ တရားစကားကို အတူကြွလာတဲ့ ဆရာတော်ကြီးများက ကျေနပ်တော်မူကြပုံ ရရဲ့လား။

**တပည့်တော်။** ။ အခြားဆရာတော်များထံမှ အထူး မကြားရသော်လဲ, ဒွါရဂိုဏ်း ဆရာတော် ၂ ပါးအထံမှတော့ လွန်စွာ ကျေနပ်တော်မူသံကို ကြားရပါတယ်။

**ခမ္မဂုတ်။** ။ကောင်းပါတယ်ကိုယ်တော်, မင်းပရိသတ်မှာ မိမိတို့အလိုရှိတာကို ပြောခြင်း, ဒါန သီလအကျိုးကို ဟောခြင်းထက် အသိဉာဏ်တိုးဘို့တရားကို ဟောခြင်းသာလျှင် သဘာဝကျပါတယ်။

**တပည့်တော်။** ။ဟုတ်ပါတယ်ဘုရား, တပည့်တော်မှာ မင်းပရိသတ်တချို့၌ လိုက်ဘူးပါတယ်၊ ခေါင်းဆောင်ပုဂ္ဂိုလ်များရဲ့ ဟောပုံ, ပြောပုံတွေက မင်းရော ပရိသတ်ရော ကျေနပ်ဘွယ်မကောင်းလို့ သာသနာတော်အတွက် ရှက်ခဲ့ရဘူးပါတယ်။

**ခမ္မဂုတ်။** ။မှတ်မိသေးသလား, မှတ်မိယင် ပြောပြစမ်းပါအုံး။

**တပည့်တော်။** ။နဲနဲပါးပါးတော့ သတိရပါသေးရဲ့၊ ပဋ္ဌမကါစ္စက ဗြိတိသျှတို့ အုပ်စိုးစဉ် မြန်မာလူမျိုးထဲက ဘုရင်ခံ ခေတ္တဖြစ်ရတဲ့ အချိန်တုန်းကပေါ့။

**ခမ္မဂုတ်။** ။ဩြော်....အတော်ကြာပါပြီကော, ဘယ်လိုကိစ္စတုန်း၊ အဲဒီတုန်းက ကိုယ်တော် ငယ်ငယ်ရှိအုံးမှာပေါ့။

**တပည့်တော်။** ။ဟုတ်ပါတယ်, ဘုရင်ခံ မန္တလေးရောက်တဲ့အခါ သံဃာတော် များကို မန္တလေးနန်းတော် ဘုရင်ခံအိမ်မှာ ဆွမ်းကပ်တဲ့ကိစ္စပါ၊ သံဃာ ၅၀ လောက် ရှိမယ်ထင်ပါတယ်၊ ဆွမ်းပွဲထိုင်ဘို့ နေရာကို ဘွဲ့နာမည်ပ မြေပုံဆွဲပြီး တပည့်တော်တို့ဆီကို မြေပုံစာရွက် ဆက်ကပ်ထားပါတယ်၊ နန်းတော်မဝင်ခင် ကျုံးအနောက်ဘက် အိမ်မှာ စုပြီးမှ မော်တော်ကာ တန်းနဲ့ တစုတရုံးတည်း ဝင်ရပါတယ်၊ ရောက်တဲ့အခါ ဆွမ်းပွဲပြင်ထားတဲ့ အခန်းကြွပြီး မြေပုံအတိုင်း ထိုင်ကြရပါတယ်၊ ထိုအခါ ဘုရင်ခံမပါသေး ဝေယျာဝစ္စ ဒကာများက ဆွမ်းကပ်ကြပါတယ်။

**ခမ္မဂုတ်**။ ။ဒီစည်းကမ်းတွေကိုတော့ ကိုယ်တော် ကျေနပ်မယ်ထင်တယ်၊ ဆွမ်းစားပြီးနောက် လဘက်ရည်သောက်ပြီးတော့ ဘယ်နေရာပင့်သလဲ။

**တပည့်တော်**။ ။ဆွမ်းစားပြီးတော့ အခန်းကြီးတဆောင်ဆီသို့ပင့်လို့ သွားကြရပါတယ်၊ အဲဒီ အခန်းကြီးထဲမှာ သံဃာများက နံရံကျောပေးပြီး ခပ်ဝိုင်းဝိုင်းခင်းထားသော ကုလားထိုင်များမှာ ထိုင်ကြရပါတယ်၊ ထိုင်သူမရှိသေးဘဲ ဥုးခေါင်းနေရာလောက်မှာ ဒေါင်းရုပ်ထင်ပါရဲ့၊ အရုပ်တပ်ထားတဲ့ ကုလားထိုင်ကတော့ နဲနဲမြင့်ပါတယ်၊ ခမ်းနားလဲ ခမ်းနားပါတယ်၊ တပည့်တော်တို့ထိုင်ပြီး မကြာခင် မြန်မာဘုရင်ခံ ဆိုသူဟာ အပြင် စင်္ကြံလမ်းက ဒေါက်ဒေါက်နဲ့ လျှောက်လာတဲ့ ဘိနပ်သံကို ကြားရပါတယ်၊ အခန်းတွင်းရောက်တော့ ခြေနင်းစီးလျက် လက်အုပ်ခေတ္တချီပြီး အဲဒီ ကုလားထိုင်ကြီးပေါ်မှာ ထိုင်ကာ ဝတ္တရားအတိုင်း သာသနာတော်ကို စောင့်ရှောက်မဲ့အကြောင်း လျှောက်ပါတယ်။

**ခမ္မဂုတ်**။ ။သံဃာများဘက်က ဘယ်လို ပြန်ပြီးပြောကြတုန်း။

**တပည့်တော်**။ ။သံဃာများထဲမှာ အကြီးဆုံးဖြစ်တဲ့ မထေရ်ကြီးကလဲ ထုံးစံအတိုင်း ဝမ်းမြောက်တဲ့အကြောင်းတို့ ဘာတို့ ပြောဟန်တူပါတယ်၊ အဲဒီလို ပဌမပြောတဲ့ မထေရ်ကြီးက စကားအပြီးမသတ်ခင် ဒုတိယ ဝါကြီးပုံရတဲ့ မထေရ်ကြီးက(လုပြောသလို) ဝင်ပြောပြန်ပါတယ်၊ ထို မထေရ်ကြီး ပြောလို့ မကြာခင် "သက်တော်စောင့်"လို့ ခေါ်မလား, "အပါးတော်မြဲ"လို့ ခေါ်မလား, အဲဒီ ဒကာတယောက်က "ဘုရင်ခံကြီးမှာ အလုပ်တွေ များပါတယ်, ညောင်းတော်မူပါပြီ"လို့ ငှက်ဆိုးထိုးသံကြားယင်း ဘုရင်ခံလဲ "အင်း...."လို့ ဆိုပြီး ထသွားပါလေရော။

**ခမ္မဂုတ်**။ ။သြော်.... ဒီလိုဆိုယင် ကိုယ်တော်တို့မှာ တန်းလန်းကြီး ကျန်ရစ်တာပေါ့နော်။

**တပည့်တော်**။ ။တန်းလန်းဆိုဆို ဘာဆိုဆို ဆိုချင်ရာ ဆိုပါတော့, ကျန်ရစ်တာတော့ အမှန်ပါဘဲ၊ အားလုံး မျက်နှာပျက် ရှက်ရှက်နဲ့ ထပြန်ခဲ့ကြရပါတယ်၊ ကားပေါ်ရောက်တော့ အဘယာရာမဆရာတော်နဲ့ စည်ရှင်ဆရာတော်များကို လျှောက်မိပါသေးတယ်၊ "ရှက်လိုက်တာဘုရား, ဒီကိစ္စမှာ ဘုရင်ခံရဲ့စကားကို စည်ရှင်ဆရာတော်သာ ပြန်ပြီးပြောရယင်တော့ ဘယ်လောက် အဆင်ပြေမလဲ"လို့။

**ခမ္မဂုတ်။** ။ရှက်လဲရှက်စရာပေဘဲ့၊ တပည့်တော်တို့ တုန်းကြီးတွေကို လူများက "အလိုက်မသိတတ်ဘူး" လို့ စပ်စွဲတာလဲ ဒီလိုဘုန်းကြီးတွေကြောင့်ဘဲ ဖြစ်တယ်၊ နောက်တော့ ဒီလိုရှက်စရာ ဘယ်မှာတွေ့ရသေးတုန်း။

**တပည့်တော်။** ။လွတ်လပ်ရေးရပြီးနောက် ဒုတိယမြောက်သမ္မတကြီး မန္တလေး လာတဲ့အခါ ဆွမ်းကျွေးပွဲမှာပေါ့၊ နေရာကကျုံးအရှေ့ဘက် အယင်က ကော်မရှင်နာအိမ်မှာလို့ ထင်ပါတယ်၊ တပည့်တော်က တောင်မြို့ရောက် နေပါပြီ၊ သမ္မတမဖြစ်ခင် တပည့်တော်က ဗုဒ္ဓဘာသာကော်မီတီမှာ ပါဝင် တဲ့အခါ သူရဲ့အိမ်မှာ ဆွမ်းစားပင့်လို့ ရေစက်ချဘူးပါတယ်၊ ဒါ့ကြောင့် တပည့်တော့်ကို ပါအောင်ပင့်ပါလို့ တမင်သတိပေးပါသတဲ့၊ တပည့် တော် ရောက်သွားတဲ့အခါ ဘုရင်ခံဆွမ်းကျွေးတုန်းကပွဲလို အစီအစဉ်နဲ့ မဟုတ်တော့ဘဲ၊ အယင်ရောက်လာတဲ့ သံဃာများ ဆွမ်းစားနေကြပါပြီ၊ တပည့်တော်ကတော့ များသောအားဖြင့် သတိနဲ့နေတဲ့သူဖြစ်တော့ ဆွမ်း ဟင်းများကို သတိထားမိပါတယ်၊ သဒ္ဓါတရားနဲ့ ဝိုင်းဝန်းပြီး ကူညီ ချက်ပြုတ်တဲ့ဟင်းများ ဟုတ်ပုံမရပါဘူး၊ ကံထရိုက်ပေးပြီး ချက်စေတာ နဲ့တူပါတယ်၊ ထုံးစံအတိုင်း စားသောက်ပြီးတော့ သမ္မတကြီးနဲ့တွေ့ဘို့ အခန်းဆောင်ကြီးထဲ ရွှေ့ကြရပါတယ်။

**ခမ္မဂုတ်။** ။ဒီအချိန်ထိ သမ္မတကြီး ရောက်မလာသေးဘူးပေါ့နော်။

**တပည့်တော်။** ။မရောက်လာသေးပါဘူး၊ အခန်းဆောင်ကြီးထဲ သံဃာများ အတွက် ခင်းထားတဲ့ကော်ဇောတွေက ဒုတိယတန်းလောက် အဆင့်ရှိတဲ့ အငှါးလိုက် ကော်ဇောတွေသာ ဖြစ်ပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်ကလဲ နေရာတိုင်းသတိထားပြီး အပြစ်ရှာနေတာကိုး ကိုယ်တော်။

**တပည့်တော်။** ။နေပါအုံးလေ ဆက်ပြီးလျှောက်ပါအုံးမယ်၊ အချိန်က တန်ခူး လလောက်လို့ ထင်ပါတယ်၊ အတော်ပူနေပါပြီ၊ ဒါ့ကြောင့် သံဃာများ အတွက် ဒုတိယတန်းစား အငှါးလိုက် ကော်ဇောအဟောင်းတွေကို ခင်း ပေးသော်လဲ၊ သမ္မတကြီးအတွက်တော့ အဲဒီကော်ဇောအပေါ်မှာ ကတ္တီပါ နီညိုကွပ်ထားတဲ့ ၂ ဖက်ချောသင်ဖြူးကလေးခင်းလို့။

**ခမ္မဂုတ်။** ။နေပါအုံးကိုယ်တော်၊ အဲဒီလိုစီမံကြတာက ဘယ်သူတွေတဲ့တုန်း။

**ဘပည့်တော်။** ။ဘယ်သူတွေဖြစ်ရမလဲဘုရား, "သာသနာ့ဒါယကာ" ဆိုတဲ့ မင်းတုန်းမင်းတရားကြီးရဲ့ မန္တလေးနေပြည်တော်သားတွေပေါ့၊ သူတို့က သာသနာ့ဝန်ထမ်း ရဟန်းတော်များကို သမ္မတလောက် အရေးမထားဘူး ဆိုတာ ( လယ်ပြင်မှာ ဖင်ကားပြီး ဆင်သွားသလို ) ထင်ရှားလှတယ် မဟုတ်လားဘုရား။

**ဓမ္မဂုတ်။** ။ ကိုယ်တော်တို့ ဘုန်းကြီးတချို့ကလဲ လူနိုင်ဒါန်းနိုင်တဲ့ အဲဒီ မန္တလေးသားတွေကို ပလူးပလဲလုပ်နေကြပါလိမ့်မယ်၊ဒါ့ကြောင့် "အရော ဝင်တော့ အရိုသေတန်" ဆိုတဲ့ စကားအတိုင်း ဖြစ်သွားဟန် တူပါတယ် ကိုယ်တော့်,ကိုယ်တော်တို့ အဲဒီလိုထိုင်ပြီးတဲ့နောက် သမ္မတကြီးက ဘယ်က ကြွလာသလဲ။

**တပည့်တော်။** ။တော်ပြီဘုရား တော်ပြီ, တပည့်တော်ဆက်ပြီးမလျှောက်ချင် တော့ဘူး၊ လူတွေဆိုတာ အများအားဖြင့် ဘုန်းကြီးတွေကို ရိုသေတယ် လို့ဆိုတာ ဝတ်ကျေ တမ်းကျေ လုပ်ကြတာပါဘုရာ့၊ တချို့ဘုန်းကြီး တွေကလဲ ရိုသေချင်စရာ မကောင်းဘူး၊ ဝပ်ချဘို့ဆိုတာတော့ ဝေးရော့, ဒါ့ကြောင့် တပည့်တော်က သာသနာတော်ကို အရေအတွက် မများချင် နေပါစေ, အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေကိုသာ နေစေချင်ပါတယ်၊ အရည်အချင်းရှိတဲ့ပုဂ္ဂိုလ်များကလဲ မိမိကို မလေးစားမဲ့နေရာသို့ မသွား သင့်ကြပါဘူး။

**ဓမ္မဂုတ်။** ။အင်း....ဗိုလ်ချုပ်အဖေရဲ့ ရက်လည်ဆွမ်းကျွေးက ဆက်သွယ်ပြီး ဘေးထွက်လာလိုက်တာ အတော်များသွားပြီ၊ ဗိုလ်ချုပ်တို့ဆွမ်းကျွေး မှာတော့ ဒီလိုမကျေနပ်စရာ မတွေ့ရဘူးပေါ့နော်။

**တပည့်တော်။** ။ဒီလိုမကျေနပ်စရာ မတွေ့ရပါဘူး၊ အားလုံးကောင်းစိဝင်တွေ့ အရပ်ဝတ် အရပ်စားနဲ့ပါ၊ ကိုးဆယ်ကျော် ရေစကြိုဆရာတော်ကြီးတို့, မအူပင်ဆရာတော်ကြီးတို့ကို သူတို့ဆရာရင်းလို ဖေးဖေးမမနဲ့ ကြိုကြပို့ကြ ပါတယ်၊ လွတ်လပ်ရေးရပြီးနောက် အခြားသမ္မတများရဲ့ မုန့်ဆွမ်းကျွေး, ဝန်ကြီးချုပ်နဲ့ ဝန်ကြီးများရဲ့ ဆွမ်းကျွေးအားလုံးလဲ ကျေနပ်ဖွယ်ချည်း ပါဘဲဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ရဲ့ သာသနာ့သန့်ရှင်းရေးအဖွဲ့က ဘယ်လိုအနား သတ်ပြီး ကမ္ပတ်ဖုံးလိုက်ကြတုန်း။

**တပည့်တော်။** ။နယ်တိုင်း နယ်တိုင်းက ရွေးချယ်လွှတ်လိုက်တဲ့ ကိုယ်စားလှယ် သံဃာများနဲ့အတူ မှော်ဘီမြို့မှာ အစည်းအဝေးကြီးလုပ်ပြီး ကမ္ပတ်ဖုံး လိုက်ကြပါတယ်။

**ခမ္မဂုတ်။** ။အဲဒီ အစည်းအဝေးမှာ ကိုယ်တော်က ဘာများအထူးလုပ်သေးလဲ။

**တပည့်တော်။** ။အဲဒီအချိန်မှာ မန္တလေး၌ တပည့်တော်ကို အတော်ဆော်နေ ကြပြီဖြစ်လို့ တပည့်တော်နာမည်ပေါ် အောင် ဘာမှမလုပ်ပါဘူး၊ ဒါပေမဲ့ ပခုက္ကူ မဟာရဋ္ဌဂုရုဆရာတော်ကြီးရဲ့ ဩဝါဒကထာကိုတော့ ရေးပါ သေးတယ်။

**ခမ္မဂုတ်။** ။အဲဒီ အစည်းအဝေးကြီးပြီးတော့ ကိုယ်တော်ပြန်လာတာဘဲလား။

**တပည့်တော်။** ။အစည်းအဝေးကြီးပြီးတဲ့နောက် အစိုးရထံ ပေးစရာအကြံ- ဉာဏ်များနဲ့ လုပ်စရာရှိတာ လုပ်ပြီးတဲ့အခါ မန္တလေးဂယက်က တပည့် တော်အတွက် ရန်ကုန်ထိအောင်ရိုက်လာလို့ တချို့ကမပြန်ဘို့ အကြံပေး ကြပါသေးတယ်၊ တပည့်တော်ကလဲ ကြောက်လို့ မပြန်သေးဘဲနေယင် ကျောင်းတိုက်တပည့်တွေကပါ အထင်သေးမှာမြင်လို့ ဖြစ်ချင်ကာဖြစ်ပါ စေ၊ "လာမဲ့ဘေးတော့ ပြေးပြီးတွေ့ရမှာဘဲ" လို့ ရက်ပိုမဆိုင်းဘဲ ပြန်ခဲ့ ပါတယ်။

**ခမ္မဂုတ်။** ။ဒီအခါ ကိုယ်တော့်ကိုပင့်တဲ့အစိုးရက ကူညီရဲ့လား။

**တပည့်တော်။** ။ဒီကိစ္စမှာ အစိုးရတာဝန်က လိုတာထက်တောင် ပိုနေပါ သေးတယ်၊ တပည့်တော် ပဌမရန်ကုန်သွားကထဲက အသွားအပြန်မှာ စစ်ဗိုလ်တယောက် အစောင့်အရှောက်ထဲ့ဘိုစီမံပါတယ်၊ တပည့်တော်က မထဲ့ပါနဲ့၊ ကိစ္စမရှိပါဘူးဆိုလို့ မထဲ့ပေမဲ့ ဆိုင်ရာကိုတပည့်တော်လာတဲ့ အကြောင်း တင်ကြိုပြီး သတိပေးထားပါတယ်၊ ရန်ကုန်က ပြန်တဲ့အခါလဲ ဒီလိုပါဘဲ၊ အဲဒီ အစည်းအဝေးကြီးပြီးလို့ ပြန်တဲ့အခေါက်ကျတော့ မန္တလေး၌ အရေးကြီးတယ်လို့ထင်ဟန်တူပါရဲ့၊ ဘူတာကြီးမှာ အရပ်ဝတ် အတော်များများ ထားပြီး တပည့်တော် ရထားဆင်းတဲ့နေရာမှ စ၍ ဘူတာမှ ထွက်သည့်တိုင်အောင် လမ်းရှင်းထားပါတယ်၊ ကျောင်းတိုက် ရောက်ပြီးနောက်လဲ ကျောင်းပေါက်မှာ အတော်ကြာကြာ စုံထောက် ထားသေးဟန်တူပါရဲ့၊ တပည့်တော်က သွားစရာရှိ၍သွားယင် နောက်

မနီးမဝေးက လိုက်တဲ့အပြင် ဆိုင်ရာရဲ့ဌာနကိုလဲ အကြောင်းကြားထား ပါတယ်၊ အစိုးရက သူတို့တာဝန်ကျေအောင် ဤမျှလောက်ထိ စောင့် ရှောက်ပါတယ်။

**ခမ္မဂုဟ်**။ ။ ဒါ့ကြောင့် ပြောခဲ့တယ်မဟုတ်လား, "သူများက နှိမ်လေ, ကိုယ်တော်က ဘော့လုံးလို တက်လေဘဲ" လို့။

**တပည့်တော်**။ ။တပည့်တော်ဟာ တပည့်တော်ရဲ့ဖြစ်စဉ်ကို စဉ်းစားပြီးတော့ စိတ်ကြီးဝင်တယ်ဆိုရမည်လား, မပြောတတ်ပါဘူး။

၁။ တပည့်တော်ကိုယ်ဝန်ရှိတုန်းမှာ မိခင်ကကောင်းသောအိပ်မက်မက်ခြင်း။

၂။ ဘုရားဒကာ–ကျောင်းဒကာ ဘိုးဘွားအမျိုးမှာ ဖြစ်ရခြင်း။

၃။ ဒုတိယ ရွှေကျင်သာသနာပိုင် စသော သူတော်ကောင်းပညာရှိထွက်တဲ့ အမျိုးမှာဖြစ်ရခြင်း။

၄။ ကလေးငယ်ငယ်နှောင်းနှောင်းတုန်းက သီချင်းဆိုလို့–ကလို့–ပျော်ပျော် နေခဲ့ခြင်း။

၅။ ကလေးငယ်ဘဝတုန်းက ထူးထူးဆန်းဆန်းစဉ်းစားချက်တွေကို စဉ်းစား လေ့ရှိခြင်း။

၆။ ကျောင်းပညာသင်တဲ့အခါ တတ်လွယ်၍ မမေ့တတ်ခြင်း။

၇။ ရှေးသူတော်ကောင်းများရဲ့ ဇာတ်ဝတ္ထုကို ကြားရတဲ့အခါ ဝမ်းသာ၍, ထိုသူတော်ကောင်းများကို အားကျခြင်း။

၈။ အခြေခံစာများကို အထက်တန်းဆရာက ကြောင့်ကြစိုက် ပို့ချပေးခြင်း။

၉။ နဲနဲ အရွယ်ကောင်းလာတဲ့အခါ ရွာမှာရော – ရောက်ရာ အရပ်မှာရော- ချစ်ခင်သူများခဲ့ခြင်း။

၁၀။ ကျောင်းသားဘဝဖြင့် ပဌမငယ်–ပဌမလတ်အောင်၍, သာမဏေဘဝ ဖြင့် အကြီးတန်းအောင်နိုင်အောင်, သကျသီဟ (ဓမ္မာစရိယ)ဖြစ်ပြီးတဲ့ မြောင်းမြဆရာတော်ရဲ့ အချီးအမြှောက်ကို ရခဲ့ခြင်း။

၁၁။ မိဘများ ပစ္စည်းဆုတ်ယုတ်လို့ လူ့ဘောင်ကို စိတ်ကူးမိပြန်တော့လဲ သင်ပြီးစာတွေကိုငဲ့ပြီး လူ့ဘောင် မရောက်ခဲ့ခြင်း။

၁၂။ ရဟန်းဖြစ်ခါနီးမှာ အထက်တန်း ဝိပဿနာဆရာတော်များဖြစ်ကြသော ပဌမ မဟာဂန္ဓာရုံဆရာတော်နဲ့၊ ဒုတိယမဟာဂန္ဓာရုံ ချမ်းအေးဆရာတော်တို့က ကိုယ်တော်တိုင် ဂရုတစိုက် စီစဉ်တော်မူကြခြင်း။

၁၃။ ပခုက္ကူစာသင်တိုက်ကြီး၌ စာဆိုဝါရသို့ ခဲယဉ်းသော်လဲ မိမိမှာ ဆရာတော်ကြီး သုံးပါးက ကိုယ်တော်တိုင် စာဆိုခိုင်းပြီး, ရဟန်းသုံးဝါအရ၌ စာချအဖြစ် ချီးမြှောက်တော်မူကြခြင်း။

၁၄။ ပခုက္ကူ၌ သုံးဝါလောက်စာချပြီးမှ ပရိယတ္တိသာသနဟိတ(သက္ကသီဟ) စာပြန်ပွဲကိုဝင်ရာ စာသင်တန်း- စာချတန်းကို သုံးနှစ်အတွင်းအောင်၍, ထိုအတွင်း၌ အစိုးရပဌမကျော်ကိုလဲ အောင်ခဲ့ခြင်း။

၁၅။ ရဟန်းငယ်ဘဝ၌ ပခုက္ကူတိုက်ကြီးဝယ် စာပို့ချတော်မူခဲ့၍ သက္ကသီဟ ဓမ္မာစရိယဘွဲ့ကို ရတော်မူပြီး, သက္ကတကျမ်းတို့၌ အထူးကျွမ်းကျင်တော်မူသော အဘယာရာမဆရာတော်က မိမိကို သက္ကတ သင်ယူဖြစ်အောင် စီစဉ်၍ ကိုယ်တိုင် ပို့ချပေးတော်မူခြင်း။

၁၆။ ကျမ်းစာရေးသားတဲ့အခါ ရေးသမျှကျမ်းစာ အငယ်--အကြီးတို့ကို ဆိုင်ရာ အသီးသီးက လူရော-ရှင်ပါ သုံးစွဲကြခြင်း။

၁၇။ သင်္ဂြိုဟ်ဘာသာဋီကာထွက်ချိန်၌ " အဂ္ဂမဟာပဏ္ဍိတဘွဲ့နဲ့ ထိုက်တန်နေပါတယ်, သို့သော် ငယ်လွန်းပါသေးတယ် " လို့ ပြောဆိုသံကိုင်၄င်း, ညောင်တိုး ရွှေကျောင်းနိကာယဥက္ကဋ္ဌ မဟာနာယကဖြစ်မဲ့ စံကျောင်းဆရာတော်ဘုရားကြီး၏ "ကျမ်းစာကကြီးပြီး ပုဂ္ဂိုလ်ကငယ်နေတယ်" ဟူသော အမိန့်သံကို ကြားခဲ့ရခြင်း။

၁၈။ လွတ်လပ်ရေးရပြီးနောက် ပဌမဘွဲ့တံဆိပ်ပေးရာ၌ "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့ ရရှိခဲ့ခြင်း။

၁၉။ ကျမ်းစာများကို ရေးသားရာ၌ ဆရာသမားများရဲ့နည်းကို ရပြီးဖြစ်၍ မပင်မပန်းဘဲ ပြီးစေနိုင်ခဲ့ခြင်း။

ဤဖြစ်စဉ်များကို ထောက်ထား၍ တပည့်တော်ကိုယ် တပည့်တော် သာမန်သတ္တဝါတယောက်လို့ မယူဆဘဲ, အတိတ်ကကုသိုလ်တွေ များစွာ

ပါလာပြီးလို့ ယူဆသောကြောင့် “ ဒီဘဝမှာ ကဲ့ရဲ့သမျှ–နှိမ့်ချသမျှဒဏ်တွေသည် ခန္တီပါရမီ အပိုရဘို့အကြောင်း အကောင်းချည်းသာ ” လို့ ယူဆကာ ရှေ့တိုးဘို့ သာသနာတော်အရေးကို အမြဲမြှော်တွေးပြီး အလုပ်လုပ်နေပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။အင်း....များစွာသော စာတတ်ပုဂ္ဂိုလ်များမှာ မူလ ရပ်ရွာဆရာတော်နဲ့ စာသင်တိုက်က ဆရာတော် တပါးနှစ်ပါးလောက်သာ အချီးအမြှောက် ခံကြရတယ်၊ ကိုယ်တော့်မှာတော့ မူလရပ်ရွာ ဆရာတော်အပြင် ဂိုဏ်းဂဏအစုံ ထိပ်တန်းဂုဏ်ရှိတော်မူကြသော ပရိယတ်ဆရာတော်ကြီး ၂ပါးကလဲ ချီးမြှောက်တော်မူကြတော့ ကိုယ်တော်ရဲ့ စိတ်ဓာတ်မှာ ထိုဆရာတော်များရဲ့သတ္တိတွေ ပါနေဟန်တူပါတယ်။

**တပည့်တော်**။ ။ဒီလိုလဲ ထင်စရာဖြစ်နေပါတယ်ဘုရား, မဟာဂန္ဓာရုံဆရာတော်များရဲ့ ပဋိပတ် ကျင့်တော်မူပုံကို ကြည်ညိုလွန်းလို့ ကျောင်းတိုက်သံဃာအားလုံးအား ဝိနည်းသီလကို မူထားပြီး ပဋိပတ်ကျင့်ကြဘို့ကိုလဲ အမြဲသတိပေးပါတယ်၊ ပခုက္ကူဆရာတော်များနဲ့ အဘယာရာမဆရာတော်, မြောင်းမြဆရာတော်များရဲ့ အဂတိမလိုက်စားဘဲ လုလ္လဝီရိယ ကြိုးစားတော်မူပုံကို အားရလွန်းလို့ ယခုအရွယ်တိုင်အောင် ဇွဲလုလ္လ အပြည့်အဝဖြင့် သာသနာ့အရေးကို ကြိုးစားနေရပါတယ်၊ ထို ဆရာတော်များရဲ့ အရှိန်ကြောင့် ကြိုးစားသလောက် အရာထင်နေပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ကိုင်း ကိုင်း... ကိုယ်တော်ရဲ့ အသက်ခုနစ်ဆယ်အတွင်း ဖြစ်ပျက်ခြင်းအဖုံဖုံကို အတော်စုံအောင် သိရပြီးဖြစ်၍ ယခုအခါ နိဂုံးအုပ်ကြစို့လား။

**နိဂုံး**။ ။သက်ခုနစ်ဆယ်, ဤအရွယ်ကား, သွယ်သွယ် ရှင်လူ, ပင်ရှင်ယူ၍၊ ကိုယ့်မူထိမျှ, ခွင့်မရ၍, နေ့ညမအား, အလုပ်များကို, မနားမနေ, လုပ်နိုင်စေဘို့, လူ့မြေထင်ရှား, ဓာတ်စာစားလျက်, ဆေးဝါးရရာ, မှီဝဲကာဖြင့်, ခန္ဓာမန္ဒမ်း, ကိုယ်လက်ကျန်းအောင်, စွမ်းနိုင်သလောက်, မြဲစောင့်ရှောက်၍၊ ထို့နောက် စိတ်ပါ, ကျန်းခံ့သာအောင်, မြတ်စွာဇိနော်, ရုပ်ပုံတော်နဲ့, ဂုဏ်တော်အစုံ, အမြဲထုံလျက်, လူ့ဘုံမဆန့်, အားလုံးနှံ့ဘို့, သင်းပျံ့ချစ်စရာ, ရေမေတ္တာကို, သစ္စာရေစွက်, ရပ်တိုင်းပက်၍၊ အသက်တည်ရေး, ဤနှစ်ဆေးထက်, ဝင့်ဘေးကင်းစင်, နိဗ္ဗာန်မြင်ဘို့, နေ့စဉ်မကွာ, ဘာဝနာနဲ့, ကျမ်းစာပို့ချ, ရေးသားရသည်....ဘဝသံသာ လွန်ကြောင်းတည်း။

## ၁၄။ ခုနစ်ဆယ်ကျော်ဝယ်=ရှစ်ဆယ်ရွယ်

**ဓမ္မဂုတ်**။ ။ဦးဇနကရေ.... ကိုယ်တော့်အသက်က ခုနစ်ဆယ်ကျော်လာပြီ၊ အလုပ်တွေကလဲ အတော်တွင်ကျယ်လာပြီ၊ ကိုယ့်တော့်ရည်မှန်းချက်တွေ မပြည့်စုံသေးဘူးလား။

**တပည့်တော်**။ ။မပြည့်စုံသေးပါဘူးဘုရား။

**ဓမ္မဂုတ်**။ ။ဘာလိုသေးလို့တုန်းကိုယ်တော်၊ ကျမ်းစာအုပ်တွေလဲ ရိုက်နှိပ်ပြီး ကိုယ်က (၂၉) နံပါတ် ရောက်နေပြီ, မရိုက်ရသေးတာက ဘယ်လောက် ရှိနေသေးတုန်း။

**တပည့်တော်**။ ။စူဠဝဂ္ဂ, ပရိဝါရဘာသာဋီကာ ၂ အုပ်နဲ့ ခုဒ္ဒသိက္ခာ ဘာသာ ဋီကာ၊ အဲဒီသုံးအုပ်က ရေးလို့ပြီးပေမဲ့ မရိုက်ရသေးဘူးဘုရား၊ သီလက္ခန် ဘာသာဋီကာကလဲ ပါဠိတော်နိဿယနဲ့ တွဲထားလို့ လေးတွဲရိုက်ရမှာ, ၂ တွဲသာပြီးပါသေးတယ်၊ [ယခုအားလုံးပြီးပြီ၊ စူဠဝဂ္ဂ, ပရိဝါရဘာသာ ဋီကာကိုလဲ ရိုက်ပြီးပြီ။]

**ဓမ္မဂုတ်**။ ။ဒါတွေကတော့ ရိုက်ဖြစ်မှာပေါ့လေ၊ နောက်ထပ် ရေးဘို့ကော ရည်ရွယ်ထားသေးလို့လား။

**တပည့်တော်**။ ။သင်ရိုးပိဋကအကုန် ဘာသာဋီကာစုံအောင် ရေးမယ်လို့ မှန်း ထားပါတယ်၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာနဲ့ မူလဋီကာ, ပဉ္စပကိုဏ် အဋ္ဌကထာနဲ့ မူလဋီကာ, အဲဒီ လေးအုပ်အပြင်, သုတ်မဟာဝဂ္ဂ သုတ် ပါထေယျ ၂ အုပ်လဲ ကျန်ပါသေးတယ်၊ [ယခု သမ္မောဟဝိနောဒနီနဲ့ မူလ ဋီကာ–ပဋိစ္စသမုပ္ပါဒ်အကုန်အထိ ရိုက်ပြီးပါပြီ။]

**ဓမ္မဂုတ်**။ ။ကိုယ်တော့် အသက်အရွယ်နဲ့ ဒီဘာသာဋီကာတွေကို စုံအောင် ရေးနိုင်မယ်လို့ မြှော်လင့်နေသလား။

**တပည့်တော်**။ ။တပည့်တော်က ပြက္ခဒိန်အသက်ကို မူမထားဘဲ, ကျန်းမာရေး အသက်ကို မူထားပါတယ်၊ ကျန်းမာရေးကောင်းနေယင် (အသက်ရှစ်ဆယ် အထိ အလုပ်-လုပ်နိုင်ယင်) ဒီကျမ်းစာအားလုံး ရေးပြီး– ရိုက်နှိပ်ပြီး ဖြစ်ရ မှာပေါ့ဘုရား။

**ဓမ္မဂုတ်**။ ။"ကိုယ်တော့်ကို အဲဒီအသက်ထိအောင် ကျန်းမာပါစေ့မယ်"လို့ ဘယ်သူက တာဝန်ခံမှာလဲ။

**တပည့်တော်**။ ။ဘယ်သူက တာဝန်ခံမယ်ဆိုတာ တပည့်တော် ဘယ်သိမှာတုန်း၊ တပည့်တော် သာသနာအလုပ် – လုပ်နေတယ်ဆိုတာတော့ တန်ခိုးရှိတဲ့သူ သာသနာတော်ကို စောင့်ရှောက်တဲ့သူများ သိမှာပေါ့၊ ဒီလိုသိယင် သူတို့ဟာ တပည့်တော်ကို စောင့်ရှောက်ကြမှာပေါ့၊ ဒီပြင်လဲ သာသနာတော် အလုပ်ကို ကောင်းကောင်းလုပ်ဘို့ အတိတ်ကပါလာယင် ပစ္စုပ္ပန်ကံကောင်း တွေက ထပ်လောင်းပြီး အားပေးကြမှာပါ၊ ဒါ့ကြောင့် အဲဒီကံတွေရဲ့ အကျိုးပေးဘို့လဲ မြော်မိပါတယ်။

**ဓမ္မဂုတ်**။ ။သေရေးကိုတော့ မစဉ်းစားမိဘူးလား။

**တပည့်တော်**။ ။မစဉ်းစားဘဲ နေမည်လားဘုရား၊ ယခုလုပ်နေတဲ့ အလုပ်တွေဟာ ဗုဒ္ဓသာသနာတော်ကို မြှင့်တင်နေတဲ့အလုပ် ဖြစ်ပါတယ်၊ ဤမျှလောက် ကောင်းနေသောအလုပ်ကို နေ့စဉ် လုပ်နေခြင်းသည်ပင် တပည့်တော်အတွက် အားကိုးလောက်သော သဒ္ဓါ ပညာ သတိ ဝီရိယတွေ ဖြစ်နေပြီ မဟုတ်ပါလား။

**ဓမ္မဂုတ်**။ ။ဒီဟာတော့ ဟုတ်ပါတယ်၊ တပည့်တော်က ဒီအလုပ်အပြင် ဘာဝနာအလုပ်များကို မေ့နေသလားလို့ပါ။

**တပည့်တော်**။ ။တပည့်တော်တို့ကျမ်းစာမှာ "ဗုဒ္ဓါနုဿတိ မေတ္တာစ၊ အသုဘံ မရဏဿတိ"လို့ ရဟန်းတော်များအတွက် အမြဲ ရှိနေဘို့ရာ ဘာဝနာ လေးမျိုးကို ညွှန်ပြထားပါတယ်၊ ဒါ့ကြောင့် သေရေးကို မရဏဿတိ ဘာဝနာက အမြဲ သတိပေးနေလို့ အပိုအချိန် မဖြုန်းအားဘဲ မသေခင် လုပ်စရာတွေကို ကြိုးစားနေတာပေါ့။

**ဓမ္မဂုတ်**။ ။အဲဒီ ဘာဝနာအကျိုးကို ပြောစမ်းပါအုံး။

**တပည့်တော်**။ ။ဗုဒ္ဓဘာသာဝင်မှန်လျှင် ဗုဒ္ဓမြတ်စွာရဲ့ အကြောင်းကို ကောင်းကောင်း သိထိုက်ပါတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ အကြောင်းကို ကောင်းကောင်း သိလေ ဘုရားကို ကြည်ညိုလေဖြစ်ပြီး၊ ရဟန်းတော်ဖြစ်ယင် သာသနာ့ဝန်ကို ကောင်းကောင်းထမ်းလေ၊ ပရိယတ် ပဋိပတ်ကို ကောင်းကောင်းကျင့်လေ၊ ဘုရားပညတ်တော်ဝိနည်းကို ကောင်းကောင်းလိုက်နာလေ၊ သာသနာတော် ကြက်သရေရှိအောင် အသွားအလာ အနေအထိုင် အပြောအဆိုမှစ၍ ပြုပြင်လေ၊ ဘုရားအလိုတော်နဲ့ ဆန့်ကျင်တဲ့ ဘုရားပွဲ ကျောင်းပွဲတွေ

မလုပ်လေ, သာသနာတော်ရဲ့ အရှိန်အဝါကို တိုးသည်ထက် တိုးအောင် ကြိုးစားလေ ဖြစ်ပါတယ်။

လူဝတ်ကြောင်ဖြစ်ယင် သာသနာပြုဒါနမှုတပါး ဘုရားအလိုတော်ကျ မဟုတ်သော ပကာသနဒါနတွေကို ရှောင်ကြဉ်ရပါတယ်၊ ဥပုသ်စောင့် ကမ္မဋ္ဌာန်းထိုင်စသော ကောင်းမှုကိစ္စတိုင်းမှာလဲ သူတပါးအထင်ကြီးဘို့ မဟုတ်ဘဲ ဗုဒ္ဓမြတ်စွာရဲ့ အလိုတော်ကျသာ ဖြစ်စေရပါတယ်၊ မည်သည့် ကောင်းမှုမဆို နိဗ္ဗာန်ကို ဦးတည်လျက် ရှိစေရပါတယ်။

**ဓမ္မဂုတ်** ။ ။ ဒီ အကျိုးများဟာ ကိုယ်တော်ရဲ့ ကိုယ်တွေ့ဖြစ်ပုံရပါတယ်၊ ကိုယ်တော်ဟာ ကျောင်းတိုက်တတိုက်လုံး ဒီအတိုင်းဖြစ်အောင်ကြိုးစားပြီး သာသနာတော်တရပ်လုံး တိုးတက်ရေးကို အမြဲကြောင့်ကြစိုက်နေတာက ဗုဒ္ဓါနုဿတိဘာဝနာရဲ့ အရှိန်အဝါဖြစ်ဟန်တူပါတယ်၊ မေတ္တာဘာဝနာကို ကြိုးစားရခြင်းရဲ့ အကျိုးကို ပြောစမ်းပါအုံး။

**တပည့်တော်**။ ။ ၁။ မေတ္တာအစစ်ဆိုတာ ကိုယ်ကျိုးကို ပဓာနမထားဘဲ သူ့အကျိုးကိုသာ ပဓာနထားတဲ့ သဘောတရားဖြစ်ပါတယ်၊ ရဟန်း သံဃာတော်မှန်လျှင် ကိုယ့်အတွက်က မဂ်ဖိုလ်နိဗ္ဗာန်သာဖြစ်ထိုက်ပါတယ်၊ ကျန်အလုပ်တွေမှာ ဝိနည်းတော်ကိုမူထားပြီး သတ္တာအကျိုးများအောင် လုပ်ရပါတယ်၊ ဒါ့ကြောင့် ဒကာ - ဒကာမများနဲ့ ဆက်ဆံတဲ့အခါမှာ သူတို့ကို အကုန်အကျ မများစေဘဲ နေ့စဉ်ဆွမ်းလောင်းနေကြတာကိုပင် ရောမ ကျေးဇူးရှင်တွေလို သဘောထားနိုင်ပါတယ်။

၂။ ဘုရားပွဲ ကျောင်းပွဲစသော အပိုကုန်ပြီး ဘုရားအလိုတော်မကျတဲ့ ပွဲတွေ အကုသိုလ်တောင် ဖြစ်သေးတဲ့ပွဲတွေကို မေတ္တာရှင်က မတိုက်တွန်း ရုံမက, တားပင် တားမြစ်ရပါတယ်၊ ဒကာ ဒကာမတွေကို ဒါနနဲ့ သီလ တွင် သီလက (၁) နံပါတ်, ဒါနက (၂) နံပါတ်ဖြစ်ပုံကို ဟောရပါတယ်၊ ငါးပါးသီလ မရှိယင် ဒါနရှင်ကြီးပင်ဖြစ်သော်လဲ ငရဲကျနိုင်ပုံ, ဒါနမရှိ သော်လဲ ငါးပါးသီလရှိ၍, ငါးပါးသီလတွင် မပါသော ဒုစရိုက်များကို ရှောင်နိုင်ယင် ငရဲ မကျနိုင်ပုံတို့ကို ဝတ္ထုကြောင်းနဲ့ တကွဟောရပါတယ်။

၃။ လူ့အဆင့်အတန်းလိုက်ပြီး သီလရှိသူကိုသာ ဒါနနဲ့ ဘာဝနာကို ပြုလုပ်တတ်ဘို့ ဟောရပါတယ်၊ မေတ္တာမရှိယင် အလှူခံပုဂ္ဂိုလ်တွေမှာ မိမိရဘို့တခုသာ ကြည့်တတ်ပါတယ်၊ အဲဒီလို ကြည့်မှုကြောင့် သာသနာ

တော်ကိုပါ အထင်သေးခံရတတ်ပါတယ်ဘုရား၊ ဒါ့ကြောင့် ရဟန်းသံဃာများအတွက် မေတ္တာဘာဝနာကိုလဲ ကျမ်းစာက ညွှန်ပြထားပါတယ်။

၄။ လူဝတ်ကြောင်များလဲ မေတ္တာဘာဝနာကို လေ့လာထားယင် မတရားစီးပွားရှာမှု သွေးစုပ်မှုမရှိဘဲ သမ္မာအာဇီဝဖြစ်အောင် အသက်မွေးနိုင်ကြမှာပါဘဲ၊ မတရားလောဘနဲ့ ပြင်းထန်သောဒေါသလဲ မရှိတော့ဘဲ အိမ်တွင်းရေး သာယာရုံမက, ပြည်တွင်းရေးပါ သာယာစေနိုင်ပါတယ်။

**ခမ္မဂုတ်** ။ ။ အင်း.... မေတ္တာရဲ့ သဘောတရားဟာ တယ်ကောင်းပါလား ကိုယ်တော်, ကိုယ်တော်ရဲ့ အနာဂတ်သာသနာရေးမှာ အပိုကုန်ကျစရိတ်တွေမရှိရအောင် နည်းလမ်းပေးထားတာဟာ အဲဒီ မေတ္တာဘာဝနာကြောင့်ပေါ့နော်၊ မရဏာဿတိဘာဝနာရဲ့ လက်တွေ့အကျိုးရပုံကိုလဲ ပြောပါအုံး။

**တပည့်တော်**။ ။ ၁။ သေရမည့်အရေးကို သတိပေးနေတဲ့ မရဏာဿတိဘာဝနာကတော့ မကောင်းမှုဟူသမျှ အကုန်ရှောင်, ကောင်းမှုဟူသမျှ ကြုံတိုင်းလုပ်, အမြဲလုပ်လို့ နှိုးဆော်နေသလိုပါဘဲဘုရား၊ ယနေ့သေမည်လား, မနက်ဖန် သေမည်လား မသိရပါဘူး၊ သေယင် ယခုလက်ရှိ အပေါင်းအဖေါ်တွေနဲ့ ကွဲရမှာမို့ မသေခင် ခင်ခင်မင်မင်နဲ့ တယောက်အကျိုးကို တယောက်ဆောင်ကြ၊ မတရားလုပ်တာမြင်ယင် တားမြစ်ကြ၊ သေလျှင် အပါယ်လေးပါး သွားရလိမ့်မယ်လို့ ပြောကြ၊ တရားသဖြင့် လုပ်နေယင် အားပေးကြ၊ သေယင် ကောင်းရာဘဝ ရောက်လိမ့်မယ်လို့ တိုက်တွန်းနေသလိုပါဘဲ။

၂။ မတရား အသက်မွေးမှုကိုလဲ တားမြစ်နေတာပါဘဲ၊ အသင်ဟာ မတရားသဖြင့် ပစ္စည်းတွေစုပြီး သေတဲ့အခါ ပစ္စည်းတွေကို ထားခဲ့ရမယ်၊ သင်က အပါယ်သွားမယ်၊ နောက်လူတွေက သင့်ပစ္စည်းကိုသုံးပြီး ပျော်ရစ်ကြမယ်၊ ဒါ့ကြောင့် ပစ္စည်းကို မတရားလဲ မရှာပါနဲ့၊ အလွန်လဲ မက်မောမနေပါနဲ့လို့ ဟောပြောနေသလိုပါဘဲ။

၃။ ရဟန်းတော်ဖြစ်ယင်လဲ အာပတ်မသင့်အောင် နေပါ၊ အာပတ်သင့်ယင် အပေါ့ဆုံးအာပတ်သည်ပင် ပြိတ္တာဖြစ်စေနိုင်ပါတယ်လို့ သတိပေးနေတာပါဘဲ၊ မသေခင် သွားရမဲ့ဂတိကို ရဲရဲသွားနိုင်အောင် အာပတ်

စင်ကြယ်စွာဖြင့် ပရိယတ် ပဋိပတ် ကြိုးစားပါ၊ ဘာဝနာကို နေ့စဉ်ပွားပါ လို့ ညွှန်ပြနေသလို ဖြစ်ပါတယ်ဘုရား။

၄။ ဘာဝနာပွားနေပြန်ယင် နောက်မဆုတ်အောင် "သေဘေးကြီး မလာခင်၊ နာဘေးကြီး မလာခင် ကြိုးစားလိုက်" လို့ အမြဲ တိုက်တွန်းနေ သလိုပါဘဲ၊ တကယ့်သေဘေးကြုံလာတော့ သူ့မှာအဆန်းမဟုတ်တော့ဘဲ (ကုသိုလ်တွေကလဲ ကြိုးစားပြီးဖြစ်လို့) အလွန် သေရဲပါတယ်။

ဒါ့ကြောင့် မရဏာဿတိဘာဝနာလဲ ရှင်လူအားလုံး အမြဲသုံးထိုက်တဲ့ ဘာဝနာပါဘဲဘုရား၊ ရှေးတုန်းက ဘုရားအလောင်းနဲ့ မိသားစုခြောက် ယောက် မရဏာဿတိဘာဝနာ ရှိနေကြလို့ သေတဲ့ ဘုရားအလောင်းက နတ်ပြည်ရောက်ပြီး ကျန်တဲ့သူတွေက မပူမဆွေး နေနိုင်ကြပါသတဲ့။

**ဓမ္မဂုတ်**။ ။သာဓုပါကိုယ်တော်၊ သာဓု သာဓု၊ ကျမ်းစာမှာ ညွှန်ပြထားတဲ့ ဘာဝနာလေးပါးထဲမှာ အသုဘဘာဝနာကိုတော့ ကိုယ်တော်က မတိုက် တွန်းဘူးလား။

**တပည့်တော်**။ ။အသုဘဘာဝနာဆိုတာ ရာဂစရိုက်အားကြီးတဲ့ပုဂ္ဂိုလ်များ အတွက် သာပြီး သင့်လျော်ပါတယ်၊ ဒါ့ကြောင့် ချန်ထားလိုက်ပါတယ်၊ ကျောင်းတိုက်မှ သံဃာများကိုတော့ လေးပါးလုံးဘဲ ဟောပေးပါတယ်၊ ငယ်ရွယ်သူတွေဟာ အသုဘဘာဝနာ မပါလို့ မကောင်းပါဘူး။

**ဓမ္မဂုတ်**။ ။ဝိပဿနာဘာဝနာကိုတော့ မလေ့လာဘူး၊ မဟောဘူးလား။

**တပည့်တော်**။ ။ဟောရုံတွင် ဘယ်ကမလဲ၊ (ကျောင်းတိုက်တွင်းရှိ) ဥယျာဉ်ထဲ မှာနေတဲ့ စာချဘုန်းကြီးများက ခေါင်းဆောင်ပြီး ဝိပဿနာဘာဝနာ အလုပ်ကို အများအားထုတ်အောင် ကြိုးစားကြပါ။

ကတီဟံ စရေယျ သာမညံ၊ စိတ္တံ စေ န နိဝါရယေ၊
ပဒေ ပဒေ ဝိသီဒေယျ၊ သင်္ကပ္ပါနံ ဝသာနုဂေါ။

အဲဒီဂါထာကို အနက်ပါကျက်စေပြီး မကြာခင် ရက်အနည်းငယ်ကဘဲ ထပ်ပြီးတိုက်တွန်းပါသေးတယ်။

**ဓမ္မဂုတ်**။ ။နည်းကတော့ ဘယ်သူ့နည်းတုန်း။

**တပည့်တော်**။ ။အရှင်ဘုရားမေးပုံက တရားဝေးလိုက်တာဘုရား, သာသနာတော်နေပြီး ဘယ်သူ့နည်းကို ယူရအုံးမှာတုန်း, ဘုရားနည်းပေါ့၊ ယခုလောလောဆယ်မှာပင် ဝိပဿနာတရားစာကို ပို့ချခိုက်ဖြစ်နေပါတယ်။

**ခမ္မဂုတ်**။ ။ဘယ်ပါဠိတော်မှာပါတဲ့ ဝိပဿနာလဲ။

**တပည့်တော်**။ ။သုတ်သီလက္ခန်ပါဠိတော်, သာမညဖလသုတ်မှာပါတဲ့ ဝိပဿနာတရားတော် ဖြစ်ပါတယ်၊ ဌာနက ရာဇဂြိုဟ်မြို့, သမားတော်ဇီဝကရဲ့ သရက်ဥယျာဉ်ကျောင်းတိုက်မှာပါ, အချိန်က ညဉ့်ဦးယာမ်အချိန်ပါ၊ တရားနာပရိသတ်က ရဟန်းတော်ငါးရာနဲ့ အဇာတသတ်မင်းအမှူးရှိသော မင်းပရိသတ်များစွာ ဖြစ်ပါတယ်၊ အဇာတသတ်မင်းက လျှောက်လို့ ဟောတော်မူရတာပါ။

**ခမ္မဂုတ်**။ ။သြော် သြော်.... အဇာတသတ်မင်း နားလည်လောက်အောင် လွယ်ကူတဲ့ ဝိပဿနာတရား ဖြစ်မှာပေါ့နော်။

**တပည့်တော်**။ ။ဟုတ်ပါတယ်, သို့သော် အစီအစဉ်အတိုင်း အားမထုတ်ယင်တော့ ဘယ်နည်းနဲ့မှ တရားမပေါက်နိုင်ပါဘူး။

**ခမ္မဂုတ်**။ ။အစီအစဉ်က ဘယ်လိုတဲ့တုန်း။

**တပည့်တော်**။ ။ရဟန်းကောင်းတပါးဖြစ်၍ ဒီဘဝမှာ လက်တွေ့ရနိုင်တဲ့ အကျိုးထူးကို အဇာတသတ်မင်းက မေးလျှောက်ပါတယ်၊ ဒီတော့ ဗုဒ္ဓမြတ်စွာက....

၁။ သီလစင်ကြယ်ရပုံ,

၂။ စက္ခုစသော ဣန္ဒြေ ၆ ပါးနဲ့စပ်၍ မြင်တိုင်း- ကြားတိုင်း- အနံ့ရတိုင်း- အစာစားတိုင်း - အတွေ့အထိရှိတိုင်း - စိတ်ဖြင့် ကြံစည်တိုင်း-လောဘလဲ မဖြစ်, ဒေါသလဲ မဖြစ်အောင် စောင့်စည်းရတဲ့ ဣန္ဒြိယသံဝရအကျင့်ကို ဟောတော်မူပါတယ်။

၃။ စားယင် ငါစားတယ်လို့ မယူဆဘဲ, ရုပ်တရားအပေါင်းဖြစ်တဲ့လက်ကို စိတ်က အလိုရှိရာသို့ ပို့ဆောင်၍ ပါးစပ်အတွင်းရောက်အောင် ယူစေရာဝယ် စိတ်ပေါင်းများစွာဖြစ်၍ စိတ်အလိုအတိုင်း ရုပ်ကလာပ်ကလေးတွေ ဆက်ကာဆက်ကာ ဥပါဒ်နေခြင်းကို ဉာဏ်ဖြင့် ဆင်ခြင်ရပုံ, ထို့အတူ

သောက်တဲ့အခါ မုန့်ကိုစားတဲ့အခါ စသည့်တို့၌ဖြင်း, သွားခြင်း-ရပ်ခြင်း-ထိုင်ခြင်း-လျောင်းခြင်း စသည်၌ဖြင်း အမြဲသတိနဲ့ဉာဏ် လိုက်ပါနေရပုံကို ဟောတော်မူပါတယ်။

**စမ္မဂုတ်**။ ။ဒီအထိဆိုယင် သီလကလဲစင်ကြယ်, ဣန္ဒြေ ၆ပါးကိုလဲထိန်းထား, ကိစ္စဟူသမျှ၌ သတိနဲ့ဉာဏ်က အစဉ်ပါနေရတော့, ငါ-ငါဆိုတဲ့ အတ္တစွဲ, မာနစွဲ, တဏှာစွဲဟာ ပျောက်သလောက်ဖြစ်နေပြီပေါ့နော်။

**တပည့်တော်**။ ။မှန်ပါတယ်, အခိုက်အတန့်လောက်တော့ ပျောက်နေပါပြီ၊ အဲဒီနောက်ကို....

၄။ စား ဝတ် နေ ကိစ္စတို့၌ မိမိနဲ့သင့်လျော်ရုံ မျှတရုံသာ သုံးစွဲခြင်းဆိုတဲ့ တင်းတိမ်ရောင့်ရဲမှု သန္တောသကို ဟောတော်မူပါတယ်၊ "ကျန်းမာရေးနဲ့ ညီညွတ်ရုံ စားရ-ဝတ်ရ-နေရမယ်"လို့ မိန့်တော်မူလိုရင်းဖြစ်ပါတယ်။

**စမ္မဂုတ်**။ ။ဪ....ဒီလိုဆိုယင် အကောင်းကြိုက်နေတာကိုယ်က ဘာဝနာကမ္မဋ္ဌာန်းရဲ့လမ်းစဉ် မဟုတ်တော့ဘူးပေါ့နော်။

**တပည့်တော်**။ ။အကောင်းကြိုက်မှုဟာ ဘယ်မှာ ဘာဝနာရဲ့လမ်းစဉ်ဟုတ်တော့မှာလဲ၊ လျှာက အရသာကောင်းကို ခံစားချင်လို့ ဣန္ဒြိယသံဝရဆိုတဲ့အကျင့်ပါပျက်နေပြီတဲ့,အဲဒီသန္တောသကို ဟောတော်မူပြီးနောက်....

၅။ နီဝရဏငါးပါးပယ်ပုံကို ဟောတော်မူပါတယ်၊ နီဝရဏငါးပါးဆိုတာ....

(က) "ကာမ" ဆိုတဲ့ အာရုံငါးပါးကို ခံစားလိုသော ကာမစ္ဆန္ဒနီဝရဏ။

(ခ) စိတ်ဆိုးခြင်း, စိတ်တိုခြင်း, စိတ်ညစ်ခြင်းဆိုတဲ့ ဗျာပါဒနီဝရဏ။

(ဂ) စိတ်-စေတသိက်တို့၏ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေခြင်းဆိုတဲ့ ထိနမိဒ္ဓနီဝရဏ။

(ဃ) စိတ်ပျံ့လွင့်ခြင်း, အကုသိုလ်ပြုမိခဲ့-ကုသိုလ်ကို မပြုမိခဲ့၍ နောင်တရနေခြင်းဆိုတဲ့ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ။

(င) မိမိအားထုတ်နေတဲ့တရားကိုဖြင်း, ဘုရားကိုဖြင်း မယုံသင်္ကာဖြစ်နေတဲ့ ဝိစိကိစ္ဆာနီဝရဏ, အဲဒီ ငါးပါးကို မဖြစ်အောင် ပယ်ရပါတယ်၊ ဒီနောက်....

၆။ ဈာန်ရအောင် အားထုတ်၍ သမာဓိအလုပ်မှာ ထိပ်တန်း ရောက်စေရ ပါတယ်။

**ဓမ္မဂုတ်။** ။ဈာန်မရယင် ဝိပဿနာ အားမထုတ်နိုင်ဘူးလား ကိုယ်တော်။

**တပည့်တော်။** ။ဈာန်မရသော်လဲ ဗုဒ္ဓါနုဿတိ မေတ္တာ အသုဘ မရဏာဿတိနဲ့ အာနာပါန စသော ဘာဝနာ တပါးပါးကို စိတ်တည်ငြိမ် နေအောင် ကြိုးစားထားယင် ဝိပဿနာတက်ပြီး အားထုတ်နိုင်တယ်လို့ ကျမ်းစာတို့က ဆိုပါတယ်၊ ဘယ်နည်းနဲ့ဖြစ်ဖြစ် သမာဓိကောင်းကောင်း ရပြီးမှ ဝိပဿနာတက်ယင် ရုပ်နာမ်အပေါ်မှာ ဉာဏ်အမြင် ရှင်းလွယ်ပါတယ်၊ အဇာတသတ်မင်းကို ဘုရားရှင်က ထိပ်တန်းရောက်သော ဈာန် သမာဓိကို ဟောတော်မူပြီးမှ (၇) ဝိပဿနာတက်ပုံကို ဟောတော်မူပါတယ်။

**ဓမ္မဂုတ်။** ။အဇာတသတ်မင်း နားလည်အောင် ဟောပြတော်မူတဲ့ ဝိပဿနာကို ပြောစမ်းပါအုံး။

**တပည့်တော်။** ။ဝိပဿနာကို ဗုဒ္ဓမြတ်စွာ ဟောတော်မူတုန်းက ကျဉ်းလဲကျဉ်း ရှင်းလဲ့ ရှင်းပါတယ်၊ ဒါပေမဲ့ ယခုလူတွေတော့ သဘောပေါက်ဘို့ မလွယ်ပါဘူး၊ တပည့်တော်ကိုယ်တိုင် အဲဒီပါဠိတော်ကို ပို့ချစဉ်က ဗုဒ္ဓမြတ်စွာ၏ ဟောတော်မူစဉ်ကို မူထားပြီး အကျယ်ချဲ့ ဟောရပါတယ်၊ ထိုအတိုင်း ချဲ့မယ်ဆိုယင် စာတအုပ် သီးခြားထုတ်မှ ပြည့်စုံရရှိပါတယ်၊ ဒါ့ကြောင့် ဝိပဿနာအတွက် အကျဉ်းရော အကျယ်ရော မလျှောက်ပါရစေနဲ့တော့။

**ဓမ္မဂုတ်။** ။စာသင်သားများအတွက်တော့ အောက်တန်းရော အထက်တန်းရော စုံအောင် ရေးပြီးတဲ့အပြင် ယခုလဲ ကျန်သေးသော သင်ရိုးပိဋကရဲ့ ဘာသာဋီကာ စုံအောင်ရေးဘို့ စိတ်ကူးနေပြန်တယ်၊ ကိုယ်တော်ရဲ့ အထက်တမ်း ကျမ်းစာတွေဟာ ကြည့်ရှုသူလဲ နဲပါဘိသနဲ့၊ တာဝန်ခံ ရိုက်တဲ့ သူတွေကလဲ ရောင်းလို့မတွင်ပါဘူး၊ ငွေအိပ်တဲ့စာအုပ်တွေလို့ ပြောနေတဲ့ အကြားက ထပ်ရေး ထပ်ရိုက်စေတယ်ဆိုတော့ ကိုယ်တော်က ဘာအကျိုးကို ရည်ရွယ်နေတာလဲ၊ ဝိပဿနာစာအုပ်သာ ကိုယ်တော် ရေးထုတ်မယ်ဆိုယင် အလွန် တွင်မှာပေါ့ကိုယ်တော်။

**တပည့်တော်။** ။ဒီဟာတွေကို တပည့်တော်သိပါတယ်၊ ရိပ်သာတွေ ခေတ်စားလာစကပင် တပည့်တော်ကို ဝိပဿနာဆိုင်ရာ ကျမ်းစာရေးဘို့ ရင်းနှီးတဲ့ ဒကာမျှားက တိုက်တွန်းကြပါတယ်၊ တနေ့နေ့တော့ရေးမှာပါဘဲ၊ ဒါပေမဲ့

ယခုလို ခေတ်စားတုန်း ရေးလိုက်ယင် ပေါ်ပင်လိုက်ပြီး ရေးတယ်လို့ ထင်ရုံတွင်မက၊ စီးပွားရေးသမားလို့ စွပ်စွဲတဲ့ပုဂ္ဂိုလ်များက သူတို့ဒကာ ဒကာမတွေကို ထောက်ပြဘို့ရာ ခိုင်မာသောသာဓကဖြစ်လာပါလိမ့်မယ်၊ အထက်တန်း ဘာသာဝိုကာတွေကတော့ ကြည့်ရှုတဲ့ အနဲစုပုဂ္ဂိုလ်အတွက် အကျိုးပြုပါလိမ့်မယ်၊ ထို့ပြင်–တပည့်တော်တို့ ဆရာအစဉ်အဆက်မှာ ဗုဒ္ဓမြတ်စွာ မိန့်မြွက်တော်မူတဲ့ ဩဝါဒတော်တချက်က သံမှိုနှက်သလို စွဲနေကြပါတယ်။

**ခမ္မဂုတ်။** ။ဘယ်လို ဩဝါဒတော်တုန်း ကိုယ်တော်။

**တပည့်တော်။** ။ "အရှင်ဂေါတမမဟာ သတ္တဝါအားလုံးအပေါ်မှာ မေတ္တာရှိတယ်ဆိုသော်လဲ သူ့ရဲ့သာဝက ရဟန်းများနဲ့ ဥပါသကာ–ဥပါသိကာမတို့အပေါ်၌သာ တရားများများ ဟောတယ်"လို့ တိတ္ထိတို့က စွပ်စွဲကြပါတယ်၊ ဒီတော့ ဗုဒ္ဓမြတ်စွာက ရေအိုးကြီးဥပမာကို ပြပြီး ချေပတော်မူပါတယ်။

**ခမ္မဂုတ်။** ။ဘယ်လို ဥပမာ ပြတော်မူတုန်း။

**တပည့်တော်။** ။မိုးအကြီးအကျယ် ရွာလာတဲ့အခါ ရေသရောက်မှုကျတဲ့ ရေကို ခံဘို့ရာ စဉ့်အိုးအကောင်းကြီးက တလုံး၊ နှုတ်ခမ်းပဲ့က တလုံး၊ အကွဲက တလုံး၊ ဤသို့ သုံးမျိုးရှိရာဝယ် "ပဌမ ဘယ်အိုးနဲ့ ခံမည်လဲ"တဲ့၊ ဒီတော့ စဉ့်အိုးအကောင်းကြီးနဲ့ ခံမှာဘဲလို့ ဖြေတဲ့အခါ၊ မိုးက မတိတ်သေးဘူး၊ စဉ့်အိုးကြီးလဲ ပြည့်နေပြီ၊ နောက်ထပ် ဘယ်အိုးနဲ့ ခံမည်လဲ၊ ဒီတော့ နှုတ်ခမ်းပဲ့အိုးနဲ့ ခံမှာဘဲလို့ ဖြေတဲ့အခါ၊ အဲဒီ နှုတ်ခမ်းပဲ့အိုးလဲ ပြည့်ပြန်ပြီ၊ မိုးက မတိတ်သေးဘူး၊ ဘယ်အိုးနဲ့ခံမည်လဲ၊ ဒီတော့ နွား–ခွေး–ငှက်တို့ သောက်ဘို့ရာ စဉ့်အိုးအကွဲနဲ့ ခံမှာဘဲလို့ ဖြေပါတယ်။

**ခမ္မဂုတ်။** ။ဒီတော့ ဘုရားရှင်က ဆက်ပြီး ဘယ်လို ရှင်းပြတော်မူပါသလဲ။

**တပည့်တော်။** ။ဒီလိုဖြေတဲ့အခါ ဘုရားရှင်က ငါဘုရားရဲ့ ရဟန်းသာဝကများသည် စဉ့်အိုးအကောင်းကြီးနဲ့ တူကြတယ်၊ ထည့်သမျှတရားရေတွေကို အပြည့်ခံယူနိုင်ကြတယ်၊ ဒါ့ကြောင့် "တရားမိုးရေကို ရဟန်း သာဝကတွေ အထဲမှာ အများဆုံး ထည့်ပေးရတယ်" လို့ မိန့်တော်မူပါတယ်၊ ထို့နောက် ရတနာသုံးပါးကို ကိုးကွယ်ကြတဲ့ ဥပါသကာ–ဥပါသိကာမများသည် နှုတ်ခမ်းပဲ့ စဉ့်အိုးနဲ့ တူကြတယ်၊ ရဟန်းသာဝကများလောက်

တရားရေကို မယူနိုင်သော်လဲ တော်တော်များများ ယူနိုင်သေးတယ်၊ ဒါ့ကြောင့် ဥပါသကာ–ဥပါသိကာမများကို သာဝကများလောက် တရားရေကိုမယူနိုင်သည့်အတွက် သာဝကများလောက် တရားရေကို ထည့်မပေးနိုင်ဘူး၊ တိတ္ထိတို့ကတော့ စဥ့်အိုးအကွဲနဲ့ တူကြတယ်၊ ဟောသမျှ တရားတွေဟာ ဘေးလျှံပြီး ကျကုန်မှာဖြစ်လို့ "နောက်နောင်အခါ အထုံဝါသနာကလေးမျှ ရပါစေတော့"လို့ သဘောထားပြီး အနည်းငယ်မျှသာ တရားရေကို ထည့်ပေးရတယ်လို့ ရှင်းပြတော်မူပါတယ်။

**ခမ္မဂုတ်။** ။ကောင်းလိုက်တဲ့ဩဝါဒပေဘဲနော်, ဒါ့ကြောင့် ကိုယ်တော်တို့ရဲ့ ဆရာ့ဆရာတော် အဆက်ဆက်လဲ စဥ့်အိုးအကောင်းနဲ့တူတဲ့ တပည့်သံဃာတော်များကို ထိန်းသိမ်း၍ စာပေပို့ချမှုကို ဂရုစိုက်တော်မူကြတာဘဲနော်၊ ကိုယ်တော်ကလဲ အဲဒီ ဩဝါဒတော်နဲ့အညီ ရဟန်းတော်များ အတွက် ကျမ်းစာတွေကို များများရေးပြီး လူဝတ်ကြောင်များအတွက်တော့ နဲနဲရေးရတာကိုး။

**တပည့်တော်။** ။အရှင်ဘုရားဘဲ စဉ်းစားကြည့်ပါလား, သာသနာတော်တည်တံ့အောင် ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးချိန်က စပြီး အရှင်မဟာကဿပ အစရှိတဲ့ ရဟန်းတော်များ ဆောင်တော်မူခဲ့ကြတယ် မဟုတ်လား၊ ဝေသာလီပြည်က ရဟန်းတွေ ငွေအလှူခံမှုကြောင့် ဒုတိယသံဂါယနာတင်ပြီးတဲ့အချိန်တုန်းက ရဟန္တာအရှင်မြတ်တွေ နောင်ရေးအတွက် အတော်ကြိုးစားခဲ့ကြရပါတယ်။

**ခမ္မဂုတ်။** ။ဘယ်လို ကြိုးစားခဲ့ရတုန်း ကိုယ်တော်။

**တပည့်တော်။** ။ သာသနာတော်၌ တတိယအကြိမ် ဘေးရန်ပေါ်လာယင် ခေါင်းဆောင်မဲ့ပုဂ္ဂိုလ်ကို လူ့ပြည်–နတ်ပြည်မှာရှာသော်လဲ မတွေ့ရပါဘူးတဲ့၊ ထို့နောက် ဗြဟ္မာ့ပြည်ကိုကြည့်တဲ့အခါ အသက်တမ်း ကုန်လုနီးနေတဲ့ အထက် ဗြဟ္မာ့ပြည်တက်ဘို့ရန် အထက်စျာန် ရပြီးဖြစ်နေတဲ့ တိဿဗြဟ္မာကြီးကို မြင်ကြလို့ ရဟန္တာရှစ်ပါး ဗြဟ္မာကြီးထံ ကြွပြီး တတိယအကြိမ် သာသနဘေးရန်ကို အသင် ဗြဟ္မာကြီးသာ ကာကွယ်နိုင်စရာ ရှိပါတယ်၊ လူ့ပြည်–နတ်ပြည်မှာ မရှိပါဘူး၊ ဒါ့ကြောင့် "လူ့ပြည်၌ ပဋိသန္ဓေနေဘို့ စိတ်ညွတ်ပါ"လို့ တိုက်တွန်းတဲ့အခါ, တိဿဗြဟ္မာကြီးကလဲ "ငါဟာ သာသနာပြုရမဲ့သူပါ တကား"လို့ အလွန် ဝမ်းမြောက်စွာဖြင့် အထက်ဗြဟ္မာ့ပြည် မတက်တော့ဘဲ လူ့ပြည်သို့ဆင်းသက်ပြီး ပဋိသန္ဓေနေရန် ပဋိ

ဉာဏ် ပေးလိုက်ပါသတဲ့၊ ရှေးရှေး ရဟန္တာကြီးများက အဲဒီလောက်ဘဲ သာသနာတော်ရဲ့အရေးကို မိမိတို့အရေးလို ယူဆတော်မူကြပါတယ်။

ဓမ္မဂုတ်။ ။အင်း.... သာသနာတည်တံ့ဘို့အရေးကို ရှေးရဟန္တာအရှင်များလဲ အတော်ကြီး ကြိုးစားရပေသကိုး၊ ဗြဟ္မာမင်းကြီးကလဲ သာသနာပြုဘို့ အရေးကို အထက်ဗြဟ္မာ့စည်းစိမ်နဲ့ လဲခဲ့ရသကိုး။

တပည့်တော်။ ။မှန်ပါတယ်, အရှင်မဟိန္ဒမထေရ်လဲ ဓမ္မာသောကမင်းကြီးရဲ့ သားတော်ဖြစ်လို့ အိမ်ရှေ့မင်းဖြစ်ဘို့ သေချာနေပါပြီ၊ အဲဒီ အိမ်ရှေ့မင်း စည်းစိမ်ကိုစွန့်ပြီး သီဟိုဠ်သာသနာကိုပြုတော်မူခဲ့ပါတယ်၊ ယခုလက်လှမ်း မှီလောက်တဲ့ သာသနာဝင်ကို ကြည့်ပါဦး, ရဟန်းသံဃာတော်များကို စာပေပို့ချ၍ မွေ့လျော်တော်မူသွားတဲ့ ဆရာတော်များရဲ့ သာသနာ ဆက်နေပုံနဲ့ လူဝတ်ကြောင်များကို ဥုးစားပေးပြီး တရားဟောသွားတဲ့ ဆရာတော်များရဲ့သာသနာ အဆက်ပြတ်သလောက် ဖြစ်နေပုံကို နေရာ တိုင်းမှာ နှိုင်းယှဉ်ကြည့်စမ်းပါဘုရား၊ ဒါ့ကြောင့် တပည့်တော်လဲ ရှေးက ဆရာသမားများရဲ့ လမ်းစဉ်အတိုင်း သံဃာ့ပရိသတ်ကို စာချ-စာရေးပြီး စဉ့်အိုးကောင်းမှာ များများရေတွေ ထည့်နေရပါတယ်၊ ဒကာ-ဒကာမ များအတွက်တော့ ထိုက်တန်သော အသိဉာဏ်ကို ထိုက်တန်သလောက် ရေးလဲရေး ဟောလဲဟော ရောက်လာသောသူများအား ဩဝါဒလဲပေး နေပါတယ်ဘုရား။

ဓမ္မဂုတ်။ ။ဝိပဿနာတရားစာကိုတော့ ဘယ်တော့လောက် ရေးမယ်ကြံသလဲ။

တပည့်တော်။ ။အခါအခွင့်ကြည့်ပြီး ရေးမှာပါဘဲဘုရား၊ ကျောင်းတိုက် မှာတော့ ဥယျာဉ်ဘက်က စာချဘုန်းကြီးများနဲ့တကွ စာမေးပွဲကိစ္စ အထိုက်အလျောက်ပြီးနေသော ပုဂ္ဂိုလ်များအား ဘာဝနာအလုပ်ကို ရှေးကထက်အချိန်ပိုပြီး လုပ်ကြဘို့တိုက်တွန်းနေပါတယ်၊ ပို့ချတဲ့သုတ္တန် ပါဠိတော်များမှာလဲ ဘာဝနာအကြောင်းတွေက မကြာမကြာ ပါနေ တာဖြစ်တော့ ပါဠိတော်ချယင်း ဘာဝနာတွေကို အလွန့်အလွန်ပြောနေ ရပါတယ်။

ဓမ္မဂုတ်။ ။ကိုယ်တော်က ပါဠိတော်ချည်း ပို့ချသလား, အဋ္ဌကထာ ဋီကာ များကိုကော မပို့ချဘူးလား။

**တပည့်တော်**။ ။ဝိနည်းပိဋကအတွက် ပါဠိတော်ရော အဋ္ဌကထာပါ ၂မျိုးလုံး ပို့ချပါတယ်၊ စာချဘုန်းကြီးများကိုလဲ ပို့ချစေပါတယ်၊ အဘိဓမ္မာ ပိဋကအတွက် ပါဠိတော် အဋ္ဌကထာ မူလဋီကာ ၃ မျိုးလုံး ပို့ချပါတယ်၊ သုတ္တန်ပိဋကအတွက်တော့ သီလက္ခန်ကိုသာ ပါဠိတော် အဋ္ဌကထာအစုံ ပို့ချပြီး နောက်နောက် ပါဠိတော်များအတွက် ပါဠိတော်ကိုသာ မူထားပြီးပို့ချဘို့ အဋ္ဌကထာကိုတော့ တွဲဘက်အဖြစ်ဖြင့် သင့်တော်ရုံသာ ဖတ်ဘို့ အစီအစဉ်လုပ်နေပါတယ်၊[ယခုမှစ၍ စီစဉ်ရတာပါ။]

**ဓမ္မဂုတ်**။ ။အင်း.... ဒီအတိုင်းသာ အထမြောက်သွားယင် သုတ္တန်ပါဠိတော် တွေကို မြန်မြန်ပေါက်ဘို့နဲ့ သုတ္တန်ပိဋကမှ အသိဉာဏ်တွေ မြန်မြန်ရဘို့ အကြောင်း အလွန်ကောင်းတဲ့ အစီအစဉ်ပါဘဲ။

**တပည့်တော်**။ ။ အရှင်ဘုရားဘဲ လေ့လာကြည့်ပါလား, ဘုရားလက်ထက် တော်က တရားထူးရကြ, အရိယာဖြစ်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဝိနည်း အဘိဓမ္မာကြောင့် မဟုတ်ပါဘူး၊ သုတ္တန်တရားတော်များကြောင့်ပါ၊ တာဝတိံသာမှာ အဘိဓမ္မာတရား ဟောတော်မူစဉ်ကလဲ တရားထူးရကြဘို့ အတွက် သုတ္တန်တရားကို ကြားညှပ်ပြီး ဟောတော်မူခဲ့ ရပါသေးတယ်၊ ယခုခေတ် ဘုန်းကြီးတချို့က ဒါနသုတ္တန်တချို့ကိုသာ အဟောများ နေကြလို့ သုတ္တန်တရားကို လူတွေကပါ အထင်သေးနေကြတာဖြစ်ပါ တယ်၊ အမှန်ကတော့ သုတ္တန်ပါဠိတော်များကသာ တရားရစေနိုင်တာပါ။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုယင် ကိုယ်တော်ရဲ့ ကျောင်းတိုက်သံဃာများမှာ သက်တော် ထင်ရှား ဘုရားရှင်ကိုလဲ နေ့စဉ်ဖူးတွေ့နေရ, ဘုရားရှင်ရဲ့ ပါဠိတော်သုတ္တန် များကိုလဲ အဓိပ္ပါယ်နှင့်တကွ နေ့စဉ်ကြားနာနေရတော့ ဗုဒ္ဓါနုဿတိ ဘာဝနာလဲဖြစ်နေကြလို့ သာသနာတော်ရဲ့ ယဉ်ကျေးမှုတွေကိုတော့ အမြဲရနေမှာပေါ့နော်, သီလသာစင်ကြယ်လို့ရှိယင် လာမဲ့ဘဝ၌ ဒုဂ္ဂတိ အပါယ်ဘေးကတော့ စိတ်ချလက်ချ လွတ်တော့မှာပါဘဲ။

**တပည့်တော်**။ ။ သီလစင်ကြယ် မစင်ကြယ်မှာ သူတို့ရဲ့သဒ္ဓါတရားအပေါ် တည်ပါတယ်၊ ကျောင်းတိုက် အတွက်ကတော့ နိဿဂ္ဂိပစ္စည်းအားလုံး သန့်ရှင်းအောင် အမြဲစီစဉ်ထားပါတယ်၊ နိဿဂ္ဂိ မကျင်းမှာစိုးလို့ ဉုးပဉ္စင်း ကိုရင်များယူလာကြတဲ့ ဆန်, ဆီ, ပဲ, ကြက်သွန်, ထန်းလျက်စတဲ့ ပစ္စည်း များကိုပါ စိစစ်လေ့ရှိပါတယ်။

**ခမ္မဂုတ်။** ။ကြိုးစားပါကိုယ်တော်, ကြိုးစားပါ၊ ကိုယ်တော့်မှာ ဒီအသက်အရွယ်ထိအောင် သာသာယာယာနဲ့ လာခဲ့ရတဲ့လမ်းက အင်မတန်နဲပါတယ်၊ ခလုတ်–ကံသင်း(ကဇင်း)ကုန်းကျင်းတွေပေါ်တဲ့အပြင်, နှိမ်လိုတဲ့ ဘေးရန်တွေ အကြားမှာ ကသိကအောက်လာခဲ့ရတာက များလေတော့ ဒုက္ခရောက်ရကျိုးနပ်အောင် အလွန်ကြိုးစားမှ တော်ပါ့မယ်။

**တပည့်တော်။** ။ "လောကဓမ် တွေ့ရှိုးမို့ အမျိုးမျိုး တွေ့ရမယ်၊ စိတ်အနေ မတုန်လှုပ်အောင်, ထိန်းချုပ်ပါ့ကွယ် "လို့ အဖြေပြုမဂ်လသုတ်မှာ ရေးထားတဲ့အတိုင်း လောကဓမ် အကောင်း–အဆိုးကို ခံခဲ့ရတာကိုဘဲ တပည့်တော်က ကိုယ့်ပါရမီကို အကဲခပ်လို့ရပါတယ်။

**ခမ္မဂုတ်။** ။ဟုတ်တယ် ဟုတ်တယ်, "ကောင်းဆိုး ၂ တန်, လောကဓမ်, ခံနိုင်သူမှ, လူတော်ကွ"လို့ လက်သီးလက်ရုံးတန်းပြီး ပြလိုက်စမ်းပါ၊ ဒါထက်–ကိုယ်တော်ရဲ့ သာသနာရေးကို အထောက်အကူပြုတဲ့ ဒကာ ဒကာမတွေ တော့ အတော် အားကောင်းနေပြီထင်တယ်၊ ကျောင်းတိုက်ကလဲ နဂိုရှိကထက် အလွန် ကျယ်ပြန့်နေပြီ၊ သံဃာ သုံးရာကျော်တောင် ဝါတွင်းမှာ ရှိပေမဲ့(၁၃၃၃-ခုနှစ် ဝါ၌ သံဃာတော်လေးရာကျော်အထိ၊ ၁၃၃၄-ခုနှစ် ဝါ၌ သံဃာတော် ငါးရာကျော်အထိရှိနေပေမဲ့)အားလုံးသံဃာများ နံနက်ဆွမ်း မျှတရုံစားနိုင်ကြတယ်၊ ဆွမ်းခံတဲ့အခါ ဆွမ်း–ဟင်း (မဖိတ်) ရဘဲ သဒ္ဓါတရားဖြင့်လောင်းတဲ့ ဆွမ်း–ဟင်းကိုသာ ခံယူစေတာဖြစ်တော့ တချို့ရဟန်းတော်များနဲ့ သာမဏေများ ဆွမ်းဟင်းမရကြပေမဲ့ အားလုံးမျှတအောင် ကျောင်းက ဟင်း ၂ ခွက် ချက်ပေးနိုင်တယ်၊ ညနေမှာ ထိုသံဃာတော်များ ဆာမှာစိုးလို့ ထန်းလျက်ရည်ကျိုပြီး တိုက်နိုင်သေးတယ်၊ ဒီ ကုန်ကျစရိတ်တွေကို ကိုယ်တော့် စာအုပ်တာဝန်ခံများက ထောက်ပံ့ရုံနဲ့တော့ တတ်နိုင်စရာမရှိဘူး, အများဝိုင်းကြလို့သာ တတ်နိုင်တာ ဖြစ်မှာဘဲ။

**တပည့်တော်။** ။ စာအုပ် တာဝန်ခံများက သံဃာတရာလောက် အထိသာ တာဝန်ယူနိုင်ခဲ့ပါတယ်၊ နောက်တော့ သံဃာများလေ အများက ဝိုင်းဝန်းလေဖြစ်လို့ အများကုသိုလ်က များလာပါတယ်၊ စာအုပ်တာဝန်ခံများက ဟင်းသီးဟင်းရွက်ဝယ်ဘို့ ထင်းဝယ်ဘို့ ဟင်းချက်တဲ့သူတွေပေးဘို့လောက်နဲ့ စာအုပ်အသစ် ရိုက်ဘို့ကိုသာ တာဝန်ယူနိုင်ပါတယ်၊ မတွင်

ကျယ်တဲ့ နောက်နောက် ဘာသာဋီကာတွေကို အသစ်အသစ် ရိုက်နေရလို့လဲ သူတို့မှာ ငွေပို သိပ်မရှိဘူးလို့ သိရပါတယ်။

**ဓမ္မဂုတ်**။ ။နောက်မှ ဝိုင်းဝန်းကြတဲ့ သာသနာပြု ဒကာ – ဒကာမတွေကို ကိုယ်တော်က ဘယ်လို ကျေးဇူးပြန်နိုင်သလဲ။

**တပည့်တော်**။ ။သူတို့အတွက် နေ့စဉ်မေတ္တာပို့တာဟာ ကျေးဇူးပြန်တာ ပေါ့ဘုရား၊ ကျောင်းလာတဲ့အခါလဲ မဂ်ဖိုလ်နိဗ္ဗာန်အထိ မြော်မှန်းပြီး သီလကို နံပါတ် (၁), ဒါနကို နံပါတ် (၂), ဘာဝနာကို နံပါတ် (၃) ထားပြီး ကြိုးစားကြဖို့ သတိပေးတာလဲ ကျေးဇူး တုန့်ပြန်တာပါဘဲ၊ ဒါနက အားကောင်းနေပေမဲ့ သီလမပါယင် နောက်ဘဝအတွက် ဂတိကောင်းရဖို့ စိတ်မချရဘူး, ဒါန မများပေမဲ့ ငါးပါးသီလလောက်မြဲပြီး ဘုရားအစစ်, တရားအစစ်, အရိယာသံဃာအစစ်ကိုကိုးကွယ်တဲ့ သရဏဂုံ တည်ယင် သုဂတိဘဝရဖို့ မလွဲနိုင်ပါဘူး, နိဗ္ဗာန်ရဖို့အတွက်ကတော့ ဝိပဿနာဘာဝနာ မပါလို့ မဖြစ်နိုင်ပါဘူး။

ဒါ့ကြောင့် "ဘာဝနာကိုလဲ ကြိုးစားကြပါ, မှန်မှန်ပွားများကြပါ" လို့ တိုက်တွန်းပါတယ်, တခါတရံ အကျယ်လဲ ဟောပါတယ်၊ တပည့်တော်ရဲ့ ရင်းနှီးသူတွေဟာ အာဇီဝဋ္ဌမကသီလကိုတော့ အလွန်မြဲစေချင်ပါတယ်၊ စီးပွားရှာတဲ့နေရာမှာ မတရားရှာဖို့ကိုမဆိုထားနဲ့ ကိုယ့်လောက်မပြည့်စုံသူများနဲ့ ဆက်ဆံရာမှာ ညာညာတာတာ မေတ္တာ-ကရုဏာနဲ့ ဆက်ဆံကြပါလို့ အမြဲသတိပေးပါတယ်၊ တပည့်တော်ရဲ့ ဒကာ–ဒကာမများဟာ အတော်ရင်းနှီးလာတဲ့အခါ တပည့်တော်ကို ဆရာသမားလိုတွင်မကဘဲ, ဆွေမျိုးလိုလဲခင်ကြ- ကြည်ညိုကြပါတယ်, ပါရမီဖြည့်သလိုပါဘဲ၊ ဒကာ–ဒကာမတွေသာ မကပါဘူး, တိုက်တာမှာ စာပို့ချနေတဲ့ပုဂ္ဂိုလ်တို့မှာလဲ အနေကြာတဲ့ပုဂ္ဂိုလ်များက နိဗ္ဗာန်ကိုမှန်းပြီး ပါရမီဖြည့်နေကြသလိုပါဘဲ, အလွန် တာဝန်ဆောင်ကြပါတယ်၊ သူတို့ဘာသာ ကျောင်းခွဲနေကြယင် ဆရာတော်ကလေးတွေ အခေါ်ခံရမဲ့ပုဂ္ဂိုလ်တွေပါ။

**ဓမ္မဂုတ်**။ ။အင်း....ဒီလိုဆိုတော့ ကိုယ်တော့်မှာ ပင်ပန်းရကျိုးနပ်ပါတယ်၊ "သာသနာပြုရာမှာ ရည်ရွယ်ချက် အထမြောက်တယ်"လို့ ယူဆနိုင်တာပေါ့နော်။

**တပည့်တော်**။ ။ဘယ်မှာ ရည်ရွယ်ချက် အထမြောက်ဦးမှာလဲဘုရား။

တပည့်တော့် ရည်ရွယ်ချက်က....

“ကိုယ်ထည်းတယောက်, ချမ်းသာရောက်ဘို့,
ခုလောက်ကြိုးကုတ်, အားမထုတ်ဘူး၊
ဗုဒ္ဓမြတ်စွာ, သာသနာ၏, ရှေးခါဘိုးဘ, လက်ထက်ကလျှင်,
ရသည့်တန်ခိုး, ထပ်မည့်ဘို့, အားကြိုးမာန်တက်,
ငါဆောင်ရွက်သည်....ဆက်လက် တည်တံ့ရှိသာတည်း”လို့

ရေးသားဘူးတဲ့အတိုင်း မိဘ–ဘိုးဘွား–ဆရာသမားကြီးများ လက်ထက်က အခြေအနေ ပြန်ရောက်အောင် ရည်ရွယ်တာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် အသက်ရှည်သမျှ ဆက်၍ကြိုးစားရပါဦးမည်။

**ဓမ္မဂုတ်**။ ။ဆက်၍ ကြိုးစားတာကတော့ ကောင်းပါတယ်ကိုယ်တော်, ယခုလဲ ကိုယ်တော့်ကျောင်းတိုက်ဟာ အတော်လဲကြီးကျယ်, အတော်လဲသာယာနေပါပြီ၊ ဆဋ္ဌသံဂါယနာခေတ်ကထဲက ကိုယ်တော့်ကျောင်းတိုက်ကို “သီဟိုဠ်, ယိုးဒယား, ကမ္ဗောဒီးယား, လာအို”ဆိုတဲ့ နိုင်ငံခြားဗုဒ္ဓဘာသာတွေ အရောက်များနေပြီ မဟုတ်လား၊ အဲဒီတုန်းက ဆိုဗီယက် (ရုရှား)နိုင်ငံက ဗုဒ္ဓဘာသာ သာသနာပိုင်ဘုန်းတော်ကြီးမှာ ကိုယ်တော့် ကျောင်းတိုက်က သံဃာများကြည့်ပြီး(ဝမ်းသာလွန်းလို့) မျက်ရည်များ ကျရှာတယ်ဆို မဟုတ်လား, ယခုလဲ တိုင်းပြည်အုပ်ချုပ်တဲ့လူကြီးတွေ ရောက်ကြတယ် မဟုတ်လား၊ ကိုယ်တော်ရည်မှန်းတဲ့ သာသနာရေးဟာ တနေ့တော့ အကောင်အထည်ပေါ်ဘို့ မြော်လင့်ချက်ရှိပါတယ်၊ ကြိုးစားပါ, ကြိုးစားပါ။

**တပည့်တော်**။ ။တပည့်တော်က သာသနာရေးစိတ်နဲ့ချည်း ကြိုးစားတာ မဟုတ်ပါဘူး, နိုင်ငံရေးစိတ်နဲ့လဲ ကြိုးစားတာပါ၊ ဒါပေမဲ့ “နိုင်ငံရေး၌ ဘုန်းကြီးများ တိုက်ရိုက် မပါထိုက်”လို့လဲ ယူဆပါတယ်၊ လွတ်လပ်ရေး မရခင်တုန်းက အိန္ဒိယနဲ့ မြန်မာနိုင်ငံ တွဲနေဘို့–ခွဲနေဘို့ ဝါဒ ၂ မျိုးကွဲခဲ့ ပါတယ်၊ အမြော်အမြင်ကျယ်တဲ့ ခေါင်းဆောင်တစုက ခွဲဘို့နဲ့, အခြား တစုက တွဲဘို့ကိုမူထားပြီး ရွေးကောက်ပွဲလုပ်ကြတဲ့အခါ အတွဲသမား တွေက ကျေးရွာဘုန်းတော်ကြီးတွေကို ကပ်ထားကြလို့ ဘုန်းကြီးသြဇာ များတဲ့ကျေးရွာသားတွေက အတွဲဘက် မဲပေးလိုက်ကြတဲ့အတွက် အခွဲ သမားတွေ ခွက်ခွက်လန်အောင် ရှုံးခဲ့ကြပါတယ်၊ ဒါ့ကြောင့် နိုင်ငံရေး မှာ ဘုန်းကြီးတွေ မပါမှ ကောင်းပါတယ်။

**ဓမ္မဂုတ်။** ။တချို့နေရာတော့ကော ကိုယ်တော်။

**တပည့်တော်။** ။ သာသနာက ဒီလို ရွေးကောက်ပွဲတွေမှာ ပါကောင်းတဲ့ သာသနာမျိုး မဟုတ်ပါဘူး၊ ဘီလူးစည်း၊ လူ့စည်းခွဲထားသလို ကိုယ့်စည်းနဲ့ ကိုယ် ဣန္ဒြေရရနေရမဲ့ သာသနာပါ၊ အဲဒီသာသနာမျိုးဖြစ်ဘို့ရန် အခြေခံကစပြီး တဖြည်းဖြည်း ပြုပြင်ရဦးမှာပါ။

**ဓမ္မဂုတ်။** ။ပြုပြင်လိုက်တော့ ဘယ်လိုအကျိုးရှိမည်လို့ မြော်မှန်းသလဲ။

**တပည့်တော်။** ။အကျိုးအများကြီးရှိနိုင်ပါတယ်၊ ထိုသို့ပြုပြင်ဘို့ရန် ကျောင်းတိုက်ကြီးလဲ ရှိရပါမယ်၊ ထိုသို့ ပြုပြင်လိုက်တဲ့အခါမှာ....

(က) သာသနာရေး – ဘာသာရေးနဲ့စပ်ပြီး အပို အကုန်အကျတွေ ရှိရမည် မဟုတ်ပါ။

(ခ) ကျောင်း-ဘုရား တည်ဆောက်မှုမှစ၍ စည်းကမ်းရှိလာပါလိမ့်မယ်။

(ဂ) ကျေးရွာတို့၌ ကျောင်းထိုင်ဘုန်းကြီးများလဲ ကလေးတွေရဲ့ ပညာရေးကို အခြေခံကောင်းကောင်းရအောင် တာဝန်ယူနိုင်ရပါမယ်။

(ဃ) ရပ်သူ-ရွာသားတို့ရဲ့ စာရိတ္တကောင်းမွန်ရေးကိုလဲ တာဝန်ယူနိုင်ရပါမယ်။

(င) ကျောင်းဘုန်းကြီးများကိုယ်တိုင်လဲ ထိုသို့ တာဝန်ယူနိုင်လောက်အောင် အရည်အချင်းရှိပြီး ဖြစ်ရပါမယ်။

(စ) ထိုသို့ စိစစ်သည်နဲ့ တပြိုင်နက် အရည်အချင်းမရှိဘဲ ကျောင်းထိုင်ဘုန်းကြီး ဘဝ၌ နေခွင့်ရမည် မဟုတ်ပါ။

(ဆ) ဒီလို ပြုပြင်ဘို့ လွယ်ကူအောင် ရဟန်းပြုမည်ဆိုယင် "ပရိယတ်(စာ)သင်ဘို့လား၊ ပဋိပတ် (ကျင့်)ဘို့လား" လို့ ခွဲခြားရပါမယ်၊ ပရိယတ်သင်ဘို့ဆိုယင် အသင်ကောင်းတဲ့ တိုက်မှာသာ နေထိုင်ရပါမယ်၊ တရားကျင့်ဘို့ဆိုယင်လဲ ပဋိပတ်ကျောင်းတိုက်မှာသာ နေထိုင်ရပါမယ်။

(ဇ) ဘုန်းကြီးကျောင်း ဟူသမျှလဲ စာသင်ကျောင်း-ကမ္မဋ္ဌာန်းကျောင်း ၂မျိုးသာ ရှိရပါမယ်။

(ဈ) ထိုအခါ အပိုအလုပ်လုပ်သော ရဟန်းတော်များမရှိသလို၊ အပိုကျောင်းတွေလဲ ရှိတော့မည်မဟုတ်ပါ၊ အပိုဖြစ်နေသောကျောင်းတွေကို ဝိနည်းတော်နဲ့ လျော်အောင်ပြုပြင်၍ စုပေါင်းပေးရပါမယ်။

၄၄

(ည) စာသင်ကျောင်းတိုက်များလဲ ပိဋကသင်ရာမှာ "မူလတန်း-အလယ်တန်း-အထက်တန်း" လို့ အမျိုးမျိုးခွဲပြီးယင်, စာသင်နည်းကိုလဲ အတန်းအလိုက် သင်ရပါ့မယ်။

(ဋ) စာသင်ကျောင်း- ကျောင်းတိုက်တိုင်းမှာ လက်တွေ့ ဘာဝနာ အလုပ်လဲ ရှိရပါ့မယ်၊ ထိုပုဂ္ဂိုလ်သည်ပင် ဘာဝနာအလုပ်ဖြင့် နေလိုသောအခါ ဘာဝနာကျောင်းဖြစ်စေ, သီးခြား ကမ္မဋ္ဌာန်းကျောင်းမှာ ဖြစ်စေ, ရွှေ့၍ နေနိုင်ပါလိမ့်မယ်။

(ဌ) အဲဒီအခါမှာ ရဟန်းတော်များရဲ့ စာရိတ္တကိုလဲ ဝိနည်းတော်နဲ့အညီ ပြုပြင်ပြီး ဖြစ်ပါလိမ့်မယ်။

(ဍ) ထိုရဟန်းတော်များသည်ပင် ကလေးသူငယ်တို့အား စာပေသင်ပြပေးခြင်း, ရပ်ရွာလူကြီးတို့အား စာရိတ္တကောင်းအောင် ဟောပြောပေးခြင်းအားဖြင့် တာဝန်ဆောင်နိုင်ကြပါလိမ့်မယ်။

(ဎ) ဤသို့ တာဝန်ဆောင်နိုင်သောအခါ သာသနာတော်နဲ့ နိုင်ငံတော်သည် ကိုင်းကျွန်းမှီ, ကျွန်းကိုင်းမှီဖြစ်၍ သာသနာတော်အတွက် တဖက်တလမ်းက နိုင်ငံတိုးတက်မလာပေဘူးလားဘုရား။

(ဏ) ဒါကြောင့် တပည့်တော်ရဲ့ သာသနာပြုပြင်ရေးကို ကြိုးစားရာ၌ နိုင်ငံရေးလဲ ရည်ရွယ်ချက်ရှိကြောင်းကို လျှောက်ခဲ့တာပါ။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့လဲ နိုင်ငံရေးနဲ့ သာသနာရေးဟာ တချို့ကိစ္စမှာတော့ တွဲနိုင်တာပေါ့နော်။

**တပည့်တော်**။ ။ဘုရားရှင် ပွင့်တော်မူလာတာကိုယ်က သတ္တဝါတို့မှာ လောကီ-လောကုတ္တရာ ၂ ဖြာ တိုးပွား၍ လူ့ရေး-ရှင်ပါ အကျိုးများဘို့ ပွင့်တော်မူလာတာ ဖြစ်ပါတယ်၊ ဤနည်းအတိုင်းလဲ အနော်ရထာ-အရှင်အရဟံတို့ လက်ထက်မှစ၍ ဆရာ—ဒကာ ညီညာ ပေါင်းစုလျက် နိုင်ငံနဲ့ သာသနာကို ပြုခဲ့ကြတယ်မဟုတ်ပါလားဘုရား၊ ဒါကြောင့် တပည့်တော်တော့ သာသနာ့အရေးကို မပြုပြင်ရသေးသမျှ တပည့်တော်ရဲ့ ရည်ရွယ်ချက်ဟာ အထမြောက်ပြီလို့ မဆိုနိုင်ပါဘူးဘုရား။

**ဓမ္မဂုတ်**။ ။ အဲဒီလို အမြင်ကျယ်ကျယ်နဲ့ ပြုပြင်မယ်ဆိုယင်တော့ ခေတ်လူများလဲ လက်ခံကြရမှာပေါ့နော်။

**တပည့်တော်။** ။ဒီလို ပြုပြင်ထားတဲ့ သာသနာ့ဆိုယင် ဗုဒ္ဓဘာသာဝင်သာ မကပါဘူး, ဗုဒ္ဓဘာသာ မဟုတ်သူများလဲ လေးစားကြမှာ အမှန်ပါဘဲ ဘုရား၊ တပည့်တော်က လက်တွေ့ဖြစ်လို့ လျှောက်ဝံ့တာပါ။

**ဓမ္မဂုတ်။** ။ကိုယ်တော့်လက်တွေ့များကို ပြောစမ်းပါဦး။

**တပည့်တော်။** ။နိုင်ငံခြားက ဘာသာရှိ–မရှိကြသော အမျိုးသား အမျိုးသမီး လူကြီးသူမတွေ တပည့်တော်ရဲ့ကျောင်းတိုက်ကိုအကြောင်းအားလျော်စွာ ရောက်လာကြပါတယ်၊ သူတို့ အားလုံးဘဲ အဲဒီ အစီအစဉ်ကျအောင် ဆောက်လုပ်ထားတဲ့ ကျောင်းများနဲ့ ကျောင်းတိုက်ရဲ့ ဆိတ်ငြိမ် သာယာ ပုံကို မြင်ရှုမှုဖြင့် စိတ်အေးချမ်းမှုကို ရကြပါတယ်၊ တပည့်တော်နဲ့ ဘာသာရေး– သံသရာရေး ဆွေးနွေးကြတဲ့အခါ (အပြည့်အစုံ မဟုတ်သော်လဲ)အတော် ကျေနပ်ပုံရကြပါတယ်။

**ဓမ္မဂုတ်။** ။ဟုတ်လောက်ပါတယ်, စေတီတော်မှစ၍ အားလုံးတင့်တယ်အောင် ပြုပြင်ထားပေတာကိုး။

**တပည့်တော်။** ။စေတီတော်ကိုယ်က ကျောင်းတိုက်ရဲ့ ကြက်သရေဆောင်လို ဖြစ်နေတာပါဘဲ၊ စေတီတော် တဝက်လောက်အထိ ရွှေချပြီး ပူဇော်ထားတယ်၊ ခုတ်မီး သုံးတိုင်ကလဲ ၁၅ ပေလောက် မြင့်ပြီး တကယ့် ကျောက်ဖရောင်းတိုင်ကြီးတွေလိုပါဘဲ၊ ပန်းပူဇော်တော့လဲ တခြားနေရာမှာလို ပန်းကလာပ်ကလေးမျိုး မဟုတ်ဘဲ စေတီတော်ရဲ့ပတ်လည်မှာ ပန်းလှေက ရှစ်စင်း, ပန်းအိုးကြီးတွေက ၅ လုံး၊ ထိုအထဲမှာ ပန်းပင်တွေ စိုက်ပြီး အမြဲ ပန်းပွင့်နေစေတယ်၊ ဆောင်းအခါမှာဆိုယင် နိုင်ငံခြားမျိုး နှင်းဆီပွင့်တွေက စေတီတော်ကြီးနဲ့ ပဏ္ဏာရလိုက်တာ လွန်လို့ပါဘဲ၊ အောက်ခြေ သမံတလင်းကလဲ ဘိလပ်မြေ အချောကိုင်ပြီး ဆေးရောင် ခြယ်ထားသေးတယ်၊ ဘေးနားက တန်ဆောင်း ၂ ဆောင်ကလဲ ဘုရား အာရုံယူစရာကောင်းအောင် သစ်သားကလေးတွေကို အကွက် ဖော်ပြီး ခင်းထားတာဖြစ်တော့ ဘုရားတံတိုင်းအတွင်းရောက်ယင် ဗုဒ္ဓဘာသာဝင် ဟူသမျှ အားလုံး ကြည်နူးကြပါတယ်။

**ဓမ္မဂုတ်။** ။ဗုဒ္ဓဘာသာ မဟုတ်တဲ့ နိုင်ငံခြားသားများတော့ ဘယ်လိုစိတ် ဖြစ်မယ် မပြောတတ်ဘူးနော်။

**တပည့်တော်။** ။သူတို့လဲ သူတို့အယူအဆနဲ့ ကျေနပ်ကြပါတယ်၊ ယခုလောက် မစည်ကားသေးတဲ့ ရှေးက တပည့်တော်ရဲ့ကျောင်းတိုက်သို့ အမေရိကန်မှ "ဒေါက်တာဂတ်" ဆိုတဲ့ ပုဂ္ဂိုလ်တယောက် ရောက်လာပါတယ်၊ သူက တပည့်တော်ကို ပုဂ္ဂိုလ်ရေးအရလဲ လေးစားပါတယ်၊ အရှေ့တိုင်းဘာသာတွေကို လေ့လာနေသော ဒေါက်တာဘွဲ့ရတယောက်ဖြစ်ပါတယ်၊ တပည့်တော်ရဲ့ ကျောင်းတိုက်က သံဃာများကို ရှုပ်ရှင်ရိုက်ပြီး, ရောက်တဲ့နေရာ မြောက်ပိုင်းဗုဒ္ဓဘာသာဝင်များကိုပြတော့ နဂိုရ်ကမတ်မတ်ရပ်ပြီး ရုပ်ရှင်ကြည့်နေတဲ့ ပရိသတ်ဟာ သံဃာတွေကိုလဲမြင်ရော အားလုံးထိုင်ပြီး ရှိခိုးဦးချကြပါသတဲ့၊ သူဟာ မြန်မာနိုင်ငံကိုရောက်တိုင်း တပည့်တော့်ဆီကို ဝင်လာလေ့ရှိပါတယ်။

**ခမ္မဂုတ်။** ။ဟုတ်ပေမှာဘဲ, ကိုယ်တော်က သံဃာများကို ကျောင်းတိုက်ရဲ့ အသရေသာမက, သာသနာ့အသရေ နိုင်ငံတော်ရဲ့အသရေကိုပါ ဆောင်နိုင်အောင် ဩဝါဒ ပေးထားတာဖြစ်တော့ တိုက်ရှိ သံဃာအများကလဲ ကျေနပ်စရာကောင်းပေမှာပေါ့၊ ပြီးတော့ ကိုယ်တော့် သံဃာတွေကလဲ ကျောင်းတလင်းကို ကိုယ့်ကျောင်းအနီးမှာ နေ့စဉ် တံမြက်လှည်းကြတာဖြစ်တော့ ကျောင်းတိုက်ကြီးကိုက သာသနာ့အသရေ ဆောင်နေသလို ဖြစ်နေတာပါဘဲ။

**တပည့်တော်။** ။ဒီလိုလဲ ဆိုနိုင်ပါတယ်, တပည့်တော်ရဲ့ စာချဘုန်းကြီးများ အသီးသီးခေါင်းဆောင်ပြီးတော့ ကျောင်းတလင်းကို သန့်ရှင်းနေအောင် အုဋ္ဌခဲအကျိုးတွေထုပြီး ထုံး-သဲ ရောကာ ပြုပြင်ထားကြပါတယ်၊ မူလ တံတိုင်းအတွင်းမှာရှိသော နဂိုရ်ကျောင်းတလင်းက ကျောက်ခဲကလေးတွေဟာ မိုးဃ်းရွာတိုင်း ပေါ်လာလို့ ကြည့်လဲမကောင်း, သွားလို့လဲ မကောင်းပါဘူး၊ ဒါ့ကြောင့် ကျောင်းတိုက်ရဲ့ဘေးမှာ အုဋ္ဌသမံတလင်း ခင်းပြီး မူလတံတိုင်းအတွင်းက ကျန်သမျှမြေအားလုံးလောက်ကို အုဋ္ဌခဲအကျိုးတွေနှင့်မွှမ်းမံထားလို့ မြေတွေပါ အမြင်ကောင်းနေပါတယ်၊ မြေတွေ အမြင်ကောင်းသလောက် သံဃာများလဲ အမြင်ကောင်းအောင် အဝတ်အစား အနေအထိုင်ကိုပါ ရောက်လာတဲ့အသစ်တိုင်း တာဝန်ခံ (အာမခံ) ပုဂ္ဂိုလ်က ပြုပြင်ပေးရပါတယ်။

တပည့်တော်ရဲ့ ကျောင်းတိုက်ကို စိန်ပီတာကျောင်းက စိန်ပီတာ ဆရာမကြီး (ခရစ်ယာန်ဆရာမကြီး) တွေပင် တခါတခါလာပြီး ကြည့်ကြ

ပါတယ်၊ ဆရာဝန်မကြီးကတော့ တပည့်တော် မကျန်းမာတဲ့အခါ ဆေးကုသပေးပါတယ်၊ သူတို့ဟာ ဤနိုင်ငံမှာ နေခွင့်မရလို့ အမိနိုင်ငံဖြစ်တဲ့ ပြင်သစ်ကို ပြန်ခါနီးမှာ "နောက်ဘဝမှာတောင် တွေ့ချင်ပါသေးတယ်" လို့ ဝမ်းနည်းစကား ပြောသွားရှာပါတယ်၊ သူက မြန်မာနိုင်ငံမှာ အနေကြာလို့ မြန်မာစကား တော်တော်ပြောနိုင်ပါတယ်။

**ခမ္ဘဂုတ်**။ ။ကိုယ်တော်ရဲ့ မေတ္တာဟာ အတော်စူးဟန်တူတယ်၊ အမေရိကန်ဒေါက်တာတို့- ပြင်သစ်ဆရာဝန်မတို့ကတောင် ခင်နေကြတယ်။

**တပည့်တော်**။ ။မေတ္တာလဲမေတ္တာ, စေတနာလဲစေတနာပါဘဲ၊ တခါတုန်းက တပည့်တော်တို့အထံသို့ အင်္ဂလန်မှ ပရိုဖက်ဆာဆရာကြီး ရောက်လာပါတယ်၊ ထိုဆရာကြီးကတော့ အင်္ဂလန်မှာထင်ရှားတဲ့ ဆရာကြီးရှစ်ယောက်တွင် တယောက်အပါအဝင်လို့ ဆိုပါတယ်၊ သူမရောက်ခင် တပတ်လောက်က တင်ကြိုပြီး ထိုဆရာကြီး ရောက်လာတဲ့အခါ ဘာသာရေးဆွေးနွေးဘို့ရန် တပည့်တော်အထံ ခေါ်လာဘို့ မန္တလေးမြို့က ဝတ်လုံဦးသာကြွယ်, ဗိုလ်ကြီးဦးဘဖေ, ဦးခင်မောင်ဒွေးနဲ့ ဦးစံလှပေါ်တို့က လျှောက်ထားနှင့်ပါတယ်၊ နက်ဖန်လာမယ်ဆိုတော့ တခါထပ်ပြီးလျှောက်ပါတယ်၊ တပည့်တော်က ထိုဆရာကြီးရဲ့ အသက်အရွယ် မေးကြည့်ပြီး စဉ်းစားပါတယ်။

**ခမ္ဘဂုတ်**။ ။ကြောက်ဒူးတုန်နေသလား, ဘယ်လိုစဉ်းစားသေးတုန်း။

**တပည့်တော်**။ ။အရှင်ဘုရားက ဗုဒ္ဓတရားတော်ရဲ့ အရှိန်သတ္တိကို သိမှမသိတဲ့, အထင်သေးမှာပေါ့။

**ခမ္ဘဂုတ်**။ ။ကဲလေ, ဗွါ-ဗွါ၊ တပည့်တော်ပြောတာ မှားသွားပါတယ်, ဘယ်လိုစဉ်းစားတုန်း။

**တပည့်တော်**။ ။ ဆရာကြီးက အင်္ဂလန်မှာ ထိပ်တန်းပရိုဖက်ဆာ, ငါက ဘုန်းကြီးကျောင်းထွက်ဖြစ်တဲ့ ဘုန်းကြီး၊ ဒီတော့ ငါက ကမ္ဘာ့ဗဟုသုတအပြည့်ရှိတဲ့ဆရာကြီးနဲ့ "စကားပြောရမှာ ကြောက်သလား, ရှိန်သလား" လို့ ကိုယ့်ကိုယ်ကို မေးပါတယ်၊ ဘာကြောက်စရာ-ရှိန်စရာရှိသလဲ, ငါ့မှာ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်တွေ အများကြီးရှိနေတယ်၊ ဗုဒ္ဓမြတ်စွာရဲ့ ယဉ်ကျေးမှုများကို အားလုံးအသုံးပြုပြီး ဆရာကြီးနဲ့တွေ့မယ်၊ စကားပြောမယ်လို့ အဖြေထွက်ပါတယ်။

ခမ္မဂုတ်။ ။ဘယ်လို ယဉ်ကျေးမှုများကို ကိုယ်တော်က အသုံးပြုလိုက်သလဲ။

တပည့်တော်။ ။နက်ဖန် (၁၀) နာရီလောက် လာပါမယ်လို့ လျှောက်လာတဲ့ ဒကာများကို ဆရာကြီးရဲ့ အသက်အရွယ်မေးပြီး ဆရာကြီးကို အာရုံယူကာ မေတ္တာစစ်စစ် ပို့ပါတယ်၊ လာတဲ့အခါမှာလဲ ဆရာကြီးထိုင်တဲ့ နေရာကို ဘုန်းကြီးတို့ကျောင်းက ခင်းမပေးကောင်းဘူး၊ ဒါ့ကြောင့် ဒကာတို့က အယင်ရောက်အောင်လာပြီး နေရာခင်းပါလို့ ပြောလိုက်ပါတယ်၊ တပည့်တော်ကတော့ လျှောက်ထားတို့လာတဲ့သူများ ပြန်သွားပြီး နောက် မကြာမကြာလဲ မေတ္တာပို့ပါတယ်။

ခမ္မဂုတ်။ ။အင်း....ကိုယ်တော်ရဲ့ မေတ္တာစေတနာကတော့ ဆရာကြီးဆီ ခရောက်တော့မှာဘဲ၊ နက်ဖန်ရောက်လာတော့ ဘယ်လိုများ ထိုင်ကြတုန်း။

တပည့်တော်။ ။ဆရာကြီးက အသက် ၆၀ လောက်ရှိပါတယ်၊ တပည့်တော်လဲ အဲဒီတုန်းက (၆၀) ပတ်ဝန်းကျင်ဘဲ ဖြစ်ပါတယ်၊ နက်ဖန်ရောက်လာတဲ့ အခါ တပည့်တော်ကလဲ ကုလားထိုင်နဲ့, ဆရာကြီးနဲ့ စကားပြန်လုပ်မဲ့ ဝတ်လုံ ဦးသာကြွယ်ကလဲ ကုလားထိုင်နဲ့၊ လိုက်ပါလာတဲ့ အင်္ဂလိပ် သံအရာရှိ ကောလိပ်ကျောင်းဆရာနဲ့, ဦးခင်မောင်ဒွေး- ဦးစံလှပေါ် စသူတို့ကတော့ ခုံတန်းရှည်များအပေါ်မှာ ထိုင်ကြပါတယ်၊ တပည့်တော်ရဲ့ ကုလားထိုင်အောက် ခြေထောက်ချပုံ, လက်ထားပုံ, မျက်နှာထားပုံမှစ၍ အားလုံးကို သတိနဲ့ထားပါတယ်၊ ဆရာကြီးကို အရိုသေပေးတာလဲ မဟုတ်, မလေးမစားလဲ မဟုတ်တဲ့ ဗုဒ္ဓယဉ်ကျေးမှုအတိုင်းပါ။

ခမ္မဂုတ်။ ။ဘယ်လိုစကားများ ပြောကြတုန်း။

တပည့်တော်။ ။ထိုင်မိယင်ဘဲ တပည့်တော်ကစပြီး ဆရာကြီးလာမယ်ဆိုတာ ဒကာများက အကြောင်းကြားထားနှင့်လို့ ဝမ်းမြောက်နေပါတယ်၊ ဆရာကြီးနဲ့ ဘုန်းကြီးဟာ ယခုမှတွေ့ရသော်လဲ ဗုဒ္ဓတရားတော်အရ ရှေး ရှေးဘဝများစွာကလဲ ရင်းရင်းနှီးနှီးတွေ့ခဲ့ကြပြီး ဖြစ်တယ်လို့ ဆိုနိုင်ပါ တယ်၊ ဒါ့ကြောင့် ဘုန်းကြီးကို ယခုမှ တွေ့ရပေမဲ့ ရှေးရှေးက ရင်းနှီးပြီး သော သိဟောင်း ကျွမ်းဟောင်းတွေလို သဘောထားပြီး "မေးလိုတာ မှန်သမျှကို အားမနာဘဲမေးပါ၊ အားနာနေယင် မေးချင်တာတွေ ချန် ထားရလို့ အားမရဘဲရှိတတ်ပါတယ်" လို့ ပြောပါတယ်။

**ဓမ္မဂုတ်**။ ။အား....ကိုယ်တော်ရဲ့စကားပလ္လင်ခံလိုက်ပုံက စိတ်ထဲမှာ ရင်းရင်းနှီးနှီး ဖြစ်ချင်စရာပေဘဲကိုး, ဘာမျှား လျှောက်သွားသေးတုန်း။

**တပည့်တော်**။ ။ဆရာကြီးက " ကျေးဇူးတင်ပါတယ် " လို့ ပြောပြီး, သူ မေးချင်တာတွေ မေးပါတယ်၊ မေးတာကလဲ ဘာသာရေးဆိုင်ရာတွေပါဘဲ, တပည့်တော်ကလဲ ဖြေပါတယ်၊ ဘယ့်လောက် ကြာသွားတယ်တော့ မပြောတတ်ပါဘူး, ဝတ်လုံဦးသာကြွယ်က "ထမင်းစားဖိတ်ထားတဲ့နေရာ သွားဘို့အချိန် နီးနေပါပြီ" လို့ ပြောမှ သူ့နာရီကိုကြည့်ပြီး 'ပြန်တောင် မပြန်ချင်သေးဘူး, (သူမေးတာကို ဖြေတဲ့သဘောမဟုတ်ဘဲ) ဆရာတော် ပြောချင်တာကို ၁၀ မိနစ်လောက် ပြောပါဦး" လို့ လျှောက်တဲ့အတွက် တပည့်တော်က သက်ရှိ-သက်မဲ့ အရာဝတ္ထုအားလုံးဟာ အနိစ္စ ( မမြဲ ) တာချည်း ဖြစ်တဲ့အကြောင်းကို ဝိပဿနာအကျဉ်း ဟောလိုက်ပါတယ်၊ ဆရာကြီးလဲ "ကျေးဇူးတင်ပါတယ်" လို့ ပြောပြီး တပည့်တော်ကို အလွန် ရိုသေစွာဖြင့် ခွဲခွါသွားပါတယ်၊ ကျောင်းတိုက်ကိုလဲ အတော်ကြာကြာ လှည့်ပတ် ကြည့်သွားပါတယ်။

**ဓမ္မဂုတ်**။ ။ဗုဒ္ဓမြတ်စွာရဲ့ ယဉ်ကျေးမှုကို မှုထားပြီးတော့ အသုံးပြုလိုက်တဲ့ ကိုယ်မှု-နှုတ်မှု-စိတ်မှုဟာ "ပြန်တောင် မပြန်ချင်သေးဘူး " လို့ ပြောရလောက်အောင် ဆရာကြီးရဲ့ စိတ်နှလုံးထဲမှာ ထိရောက်သွားတာဘဲနော်၊ ဒီလို ထိရောက်ပုံတွေရှိသေးယင် ကြားချင်ပါသေးတယ်ကိုယ်တော်။

**တပည့်တော်**။ ။ရှိပါသေးတယ်, ဒီကိစ္စကတော့ သိပ်မကြာသေးပါဘူး, သူရဲ့ အမိနိုင်ငံဖြစ်တဲ့ အီတလီမှာ(ပီအိပ်ချ်ဒီ)ဘွဲ့ရပြီးနောက် အင်္ဂလန်က အဲဒီဘွဲ့ကိုထပ်ယူဘို့ ကြိုးစားနေတဲ့ အမျိုးသမီးတယောက်ပါ၊ သူက ခေတ်ပညာ ထိပ်တန်းရောက်နေသူဖြစ်တော့ သူတို့ရဲ့ အမိဘာသာကိုလဲ မကိုးကွယ်ဘဲ ဘာသာမရှိသူ ဖြစ်ပါတယ်၊ မြန်မာနိုင်ငံ ရောက်လာတဲ့အခါ ဦးမောင်မောင်တင် (မဟာဝိဇ္ဇာ)က တပည့်တော်ဆီ ခေါ်လာပါတယ်၊ တပည့်တော်ဆီရောက်တော့ တပည့်တော့်ကျောင်းမှာ(အမ်အေ)ဘွဲ့ယူဘို့ စာတမ်းရေးနေတဲ့ ဗုဒ္ဓဘာသာ ဂျာမနီအမျိုးသမီးကို တွေ့ပါတယ်၊ ဒီအခါ သူလဲ အချိန်ရသလောက် တပည့်တော့်အနားမှာနေပြီး "ဘာသာရေးကို မေးချင်တယ်" လို့ ဆိုပါတယ်၊ ထို့နောက် မြန်မာနိုင်ငံမှာ ထင်ရှားတဲ့ နေရာတွေကိုသွားပြီး မပြန်ခင် တပည့်တော့်ကျောင်းမှာ ၃ ရက်လာနေပါတယ်။

**ဓမ္မဂုတ်။** ။သူက ဘယ်လိုဝတ် ဘယ်လိုစားသလဲ။

**တပည့်တော်။** ။မြန်မာလိုဝတ်ပြီးတော့ ကျောင်းမှာနေတဲ့ ဂျာမနီအမျိုးသမီးနဲ့ အတူစား, အတူအိပ်ပါတယ်၊ တပည့်တော်ဆီ မကြာမကြာ သူတို့ ၂ ယောက်လာပြီး ဘာသာရေးတွေကို မေးပါတယ်၊ ဂျာမနီအမျိုးသမီးက မြန်မာပြန်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့ အဖြေကို သူက နားလည်ပုံရရဲ့လား။

**တပည့်တော်။** ။သူကမေးတဲ့အခါ မေးတာကိုလဲ ဖြေတယ်, အဲဒီအမေးရဲ့ အရင်းအစကိုပြောပြီး အပိုဖြေတယ်၊ အဲဒီ အမေးရဲ့ နောက်အဆက်သိစရာကိုလဲ ဖေါ်ပြီးပြောတယ်၊ ဒါ့ကြောင့် "နောက်ဘဝ မရှိဘူး"လို့ နဂိုရ် ထင်နေတာဟာ အသိအမြင်ပြောင်းပြီး "နောက်ဘဝရှိတယ်" ဆိုတာ ယုံကြည်ပုံရပါတယ်။

**ဓမ္မဂုတ်။** ။ဘာကိုထောက်ပြီး သိနိုင်ပါသလဲ။

**တပည့်တော်။** ။အချိန်ရသ၍ တပည့်တော်ကို ခတ်ပုံရိုက်ယူပြီး ယခုဘဝမှာ အခက်အခဲအမျိုးမျိုးကြောင့် "ပြန်တွေ့မှ တွေ့ရတော့မယ်, နောက်ဘဝတော့ ပြန်တွေ့ချင်ပါသေးတယ်"လို့ ပြန်ခါနီး လျှောက်သွားပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့ စေတနာ မေတ္တာဟာ အင်္ဂလန် ပရိဖက်ဆာကြီးကိုတောင် စူးအောင်စွမ်းနိုင်တော့, နဂိုရ်က စိတ်နှလုံးနုံနေတဲ့ အမျိုးသမီးအပေါ်မှာ ဘာပြောစရာရှိတော့မှာလဲ၊ ဒီ အမျိုးသမီးနဲ့ တွေ့ခဏ်းမှာလဲ ကိုယ်တော်က ဗုဒ္ဓယဉ်ကျေးမှုကို စေတနာနဲ့ ပြောပြလိုက်တာကိုး၊ သူကလဲ မေတ္တာစိတ်ဖြင့် ပြောရှာမှာပေါ့၊ ဒါ့ပြင်ကော နိုင်ငံခြားဆိုင်ရာ ဘယ်မှာ သုံးစွဲသေးတုန်း။

**တပည့်တော်။** ။တခါတုန်းက သီဟိုဠ် မဟာမင်းကြီး ရောက်လာပါတယ်, ယဉ်ကျေးမှုဌာနက လိုက်ပို့တာဖြစ်တော့ ထိုဌာနက ဒကာများလဲ ပါပါတယ်၊ သီဟိုဠ်ဆိုတာ ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံဖြစ်လို့ ကျောင်းတိုက် သံဃာများကိုလဲ မြင်သွားရလေအောင်, နံနက်တိုင်း ဩဝါဒပေးပြီး စာပို့ချတဲ့ ဆွမ်းစားကျောင်းကြီးပေါ်မှာ သံဃာများကို စည်းဝေးစေပါတယ်၊ ပြီးတော့မှ ထိုမင်းကြီးနဲ့ အဖွဲ့ကိုခေါ်ပြီး သံဃာများကိုကြည်ညိုစေပါတယ်။

**ဓမ္မဂုတ်။** ။မင်းကြီးက တော်တော်ကြည်ညိုပုံ ရရဲ့လား။

**တပည့်တော်။** ။ကျောင်းမှာတော့ ဘာမှ ပြောမသွားပါဘူး၊ အပြင်ရောက်တော့ ပြောပါသတဲ့၊ ကျောင်းပေါ် တက်ပြီး အခန်းကြီးထဲ ဝင်တော့ "ဆင်းတုတော်ကလေးတွေ တယ်များပါလား" လို့ ထင်မိပါသတဲ့။

**ဓမ္မဂုတ်။** ။ကိုယ်တော်က သင်ပြထားလို့ သံဃာများကလဲ "ဆင်းတုတော်ကလေးများ" လို့ ထင်ရလောက်အောင် အတော်ငြိမ်သက်နေဟန်တူပါရဲ့၊ ကိုယ်တော်နဲ့ စကားပြောတော့ ဘယ်သူက စကားပြန်လုပ်တုန်း။

**တပည့်တော်။** ။ယဉ်ကျေးမှုဌာနက စကားပြန်လုပ်ပါတယ်၊ အဲဒီမင်းကြီးက ပါဠိလိုသင်ဘူးလို့ တချို့ကိုလဲ ပါဠိလိုပြောပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က သီဟိုဠ်သံနဲ့ ပြောတတ်သလား။

**တပည့်တော်။** ။သီဟိုဠ်သံဆိုတာ သက္ကတသင်တုန်းက အဘယာရာမ ဆရာတော်ရွတ်တဲ့ အသံမျိုးဖြစ်တော့ အထူး မသင်ရပါဘူး၊ တခါတုန်းက (ပါဠိပါရဂူ)ဆိုတဲ့ (အမ်အေ)တယောက် လာဘူးပါတယ်၊ စကားပြန်လုပ်ဖို့ ကောလိပ်ကျောင်းက မြန်မာစကားတတ်တဲ့ အင်္ဂလိပ်ဆရာတယောက်ကိုလဲ ထည့်လိုက်ပါတယ်၊ ရောက်တဲ့အခါ အဲဒီပါရဂူနဲ့ တပည့်တော်က ပါဠိလိုပြောလို့ စကားပြန်က ဘာမှ နားမလည်ပါဘူး၊ သူတို့ ၂ ယောက် အင်္ဂလိပ်လိုပြောတဲ့အခါ တပည့်တော်က ဘာမှ နားမလည်ပါဘူး၊ စကားပြောပြီးတဲ့အခါ အဲဒီပါရဂူက "အိန္ဒိယရောက်ဘူးသလား" လို့ မေးပါတယ်၊ "မရောက်ဘူးပါဘူး" လို့ ပြောတော့ ပါဠိစကားအပြော ဘယ်မှာသင်ပါတုန်းတဲ့၊ ဘုန်းကြီးရဲ့ ဆရာတော်က အိန္ဒိယမှာ နေပြီး သက္ကတ သင်ဘူးပါတယ်၊ အဲဒီ ဆရာတော်ဆီက အိန္ဒိယအသံနဲ့ သက္ကတကိုသင်ပါတယ်၊ ဒါ့ကြောင့် နဲနဲပါးပါး ပြောတတ်တာဖြစ်ပါတယ် လို့ ပြောလိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ဒီပြင်တော့ နိုင်ငံခြားက ဘယ်သူလာဘူးသေးသလဲ။

**တပည့်တော်။** ။လာဘူးတဲ့သူတွေကတော့ အများကြီးပါတဲ့၊ မှတ်လောက်တဲ့သူတွေကိုသာ သတိရတာပါ၊ ဂျပန်က မြန်မာနိုင်ငံကို ပညာတော်သင် လွှတ်ထားတဲ့ အမျိုးသားတယောက် ဦးမောင်မောင်တင်(မဟာဝိဇ္ဇာ)က လိုက်ပို့လို့ ရောက်လာပါသေးတယ်၊ ရန်ကုန်မှာတုန်းက ဒုလ္လဘရဟန်း

ပြုချင်လို့ ဦးနုကို ပြောတဲ့အခါ၊ ဦးနုက ညွှန်လိုက်တဲ့သူ ဖြစ်ပါတယ်၊ ရဟန်းပြုပြီးတော့ တပည့်တော်ရဲ့ နံနက်ဩဝါဒကို နေ့တိုင်း ရေးမှတ်တယ်၊ သူတို့နိုင်ငံက မြောက်ပိုင်း ဗုဒ္ဓဘာသာဝင်တွေများတဲ့ နိုင်ငံဖြစ်လို့ သူ့ကို တော့ ဘာသာရေးဆိုင်ရာဩဝါဒကို အတော်များများ ပေးလိုက်ရပါ တယ်၊ သူဟာ နောက်တော့ သံရုံးအရာရှိအဖြစ်နဲ့ မြန်မာနိုင်ငံကို တဖန် ရောက်လာပါတယ်၊ သူ့ကို အကြောင်းပြုပြီး နောက်ထပ် ရောက်လာတဲ့ ဂျပန်များကလဲ အချိန်ရတဲ့အခါ ဒုလ္လဘရဟန်း ပြုချင်ကြပါတယ်။

ခမ္မဂုတ်။ ။ဒီလိုဆိုယင် ကိုယ်တော့်ကျောင်းတိုက်ရဲ့အကြောင်းကို ဂျပန်ပြည် က အတော်သိနေမှာပေါ့။

တပည့်တော်။ ။သူတို့တိုင်းပြည်ကလဲ အကျယ်ကြီးဆိုတော့ ဒါလောက်လဲ သိမယ် မဟုတ်ပါဘူး၊ ဒါပေမဲ့ ဂျပန်ပြည်သို့ ဗိုလ်ချုပ်သွားတဲ့အချိန်မှာ ဂျပန်က တပည့်တော်ရဲ့ကျောင်းတိုက်၌ နေ့စဉ်အလုပ်တွေကို ရုပ်ရှင်ရိုက် ယူပါတယ်၊ အဲဒီရုပ်ရှင်ကို ဂျပန်ပြည်မှာပြယင်တော့ အသိများမှာပါဘဲ။

ခမ္မဂုတ်။ ။ရုပ်ရှင်ရိုက်ဘို့တော့ ဘယ်သူက ညွှန်လို့တဲ့တုန်း။

တပည့်တော်။ ။ဘယ်သူကညွှန်တယ်လို့ ဆိုတာ မသိပါဘူး၊ သာသနာရေး အရာရှိ ခင်မောင်ကျော်တော့ ခေါင်းဆောင်လမ်းညွှန်အဖြစ်နဲ့ ပါလာ တာဘဲ၊ သူက ညအိပ်ပြီး ကျောင်းတိုက်ရဲ့ နေ့စဉ်အလုပ်ကို လေ့လာပါ တယ်၊ ရုပ်ရှင်ရိုက်သင့်တာကို ရိုက်စေပါတယ်၊ ကျောင်းတိုက် သာယာ အောင် သံဃာအားလုံးက နေ့စဉ် သန့်ရှင်းကြပုံ၊ အားလုံးအတွက် ကိုရင် များက ဆွမ်းချက်ကြပုံ၊ ဆွမ်းဟင်းကို အားလုံးအတွက် စရပ်က ဒကာမ များက ချက်ကြပုံ၊ နေ့တိုင်း တုံးကြီးခေါက်၍ အိပ်ရာမှထကြရပုံ၊ ညဉ့်တိုင်း ခြေးမောင်း ခေါင်းလောင်းထိုး၍ ဘုရား ဝတ်တက်ကြပုံ၊ တုံးကလေး ခေါက်၍ စာတက်ကြပုံ၊ သံချောင်းခေါက်၍ အရုဏ်ဆွမ်း- နေ့ဆွမ်းကို ဆွမ်းစားကျောင်းမှာ ၂ နေရာ ခွဲ၍ စုပေါင်းစားကြပုံ၊ အဲဒီ အားလုံးကို ရုပ်ရှင်ရိုက်ပါတယ်။

ခမ္မဂုတ်။ ။အားလုံးပြီးတော့ ဘယ်သူက ဘာပြောတုန်း။

တပည့်တော်။ ။ခေါင်းဆောင်ခေါ်လာတဲ့ ခင်မောင်ကျော်က ရုပ်ရှင်ရိုက်ပြီး တဲ့အခါ "ဆရာတော့်ကျောင်းက ဆိုရှယ်လစ်စနစ်ကို အစောကြီးအောင် မြင်နေတာကိုး "လို့ လျှောက်ပါတယ်၊ ဘုန်းကြီးက ဆိုရှယ်လစ်စနစ်ကို

နားမလည်ပါဘူး၊ "ဗုဒ္ဓဝါဒအတိုင်း လုပ်နေတာပါ၊ ဒီဟာ ဗုဒ္ဓစနစ်သာ ဖြစ်ပါတယ်"လို့ ပြန်ပြောလိုက်ပါတယ်။

**ခမ္ဘဂုတ်**။ ။ဟုတ်သားဘဲ ကိုယ်တော်၊ ခေတ်မှာ ဘယ်သူတွေ ဘယ်လောက် ကောင်းအောင် တည်ထွင်ပေမဲ့ ဗုဒ္ဓဝါဒလောက်တော့ ဘယ်နည်းနဲ့မှ မကောင်းနိုင်ပါဘူး၊ ဗုဒ္ဓဝါဒမှာ မေတ္တာလဲပါ၊ ကရုဏာ– မုဒိတာလဲပါ၊ ဉာဏ်လဲပါ၊ လုလ္လ ဝီရိယလဲ အားကြီး အများကြီးပါရတာဖြစ်လို့ အရာရာမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ ပြီးစီးနိုင်ပါတယ်။

**တပည့်တော်**။ ။ဟုတ်ပါတယ်၊ ယခုလက်တွေ့ ဗုဒ္ဓဘာသာဝင်တွေက ဘာသာရေးဆိုင်ရာမှာ အသုံးအဖြုန်းများပြီး ဘာသာရေး ခေါင်းဆောင်တွေက အလုပ်ကောင်းကောင်းလုပ်သူ နည်းပါးနေတော့ ဗုဒ္ဓဘာသာဟာ လောကကြီးပွားရေး မဖြစ်နိုင်ဘူးလို့ အထင်မှားကြတာပါ၊ ယခု ဘာသာရေး အလုပ်တွေဟာ ဗုဒ္ဓအလိုတော်ကျ များသောအားဖြင့် မဟုတ်ပါဘူး၊ စင်စစ်မှာတော့ ဗုဒ္ဓဘာသာကို အတွင်းကျကျ ဖျက်ဆီးရာ ရောက်ပါတယ်၊ ဒါ့ကြောင့် တပည့်တော်ဖြစ်ချင်တဲ့ သာသနာ–ဘာသာဆိုတာ ဗုဒ္ဓအလိုတော်နဲ့ သင့်လျော်ပြီး ယခုဘဝရော တမလွန်ဘဝရော ကောင်းကျိုးပြုမဲ့ သာသနာ–ဘာသာ ဖြစ်ပါတယ်။

**ခမ္ဘဂုတ်**။ ။ အဲဒီလိုသာ ဖြစ်နိုင်ယင်တော့ ဗုဒ္ဓဘာသာကို ကမ္ဘာကတောင် လက်ခံနိုင်စရာ ဖြစ်မှာဘဲနော်။

**တပည့်တော်**။ ။တပည့်တော်က သတင်းစာမှာတွေ့ရသမျှကို စဉ်းစားပါတယ်၊ နိုင်ငံအသီးသီး၌ ကမ္ဘာက အသိအမှတ်ပြုရတဲ့ ပညာရှိကြီးတွေဟာ ရုပ်ဝတ္ထုဘက်မှာသာ ပညာရှိဖြစ်ကြပါတယ်၊ ဒါ့ကြောင့် ရုပ်ဝတ္ထု တိုးတက်ရေးကိုသာ ကြိုးစားကြပါတယ်၊ ကြိုးစားသလောက်လဲ ရုပ်ဘက်က တိုးတက်ပါတယ်၊ ထိုသို့ တိုးတက်ပါလျက် သူတို့ကိုယ်တိုင်နဲ့ တကွ သူတို့တိုင်းသူပြည်သားတွေ ချမ်းသာခွင့် မရကြပါဘူး၊ အကောင်းအမွန်တွေကို မျက်စိဖြင့် မြင်ရ၊ နားဖြင့် ကြားရ၊ နှာခေါင်းဖြင့် နမ်းရ ရှူရ၊ လျှာဖြင့် စားသောက်ရ၊ ကိုယ်ဖြင့် ထိတွေ့ခံစားကြရပါလျက် မချမ်းသာကြပါဘူး၊ စင်စစ်တော့ ပို၍ပို၍ အကျင့်စာရိတ္တ ပျက်စီးလာကြသဖြင့် သာ၍ သာ၍ စိတ်ဆင်းရဲနေကြတာကိုသာ ကြားရပါတယ်၊ ထို ပညာရှိကြီးများရဲ့ ရုပ်ဘက်အသိဉာဏ်သည် မိုးထိအောင် လျှံနေစေကာမူ "ကောန်မှုချ စိတ်ချမ်းသာမှုကို ပေးနိုင်လိမ့်မည် မဟုတ်"လို့ ရဲရဲကြီး ဆိုဝံ့ပါတယ်။

ခမ္မဂုတ်။ ။ကိုယ်တော်က မြန်မာနိုင်ငံတောင်မှ နှံ့အောင် မရောက်ဘူးတဲ့ ဗဟုသုတကလေးနဲ့ ဘာ့ကြောင့် ဒီလိုတွေးနိုင်သလဲ။

တပည့်တော်။ ။''သုခ''ဆိုတာ ၂မျိုးရှိတယ်ဘုရား၊ စိတ်ချမ်းသာမှုနဲ့ ကိုယ်ချမ်းသာမှုတဲ့၊ အဲဒီ ၂ မျိုးမှာလဲ စိတ်ချမ်းသာမှုကသာ ပဓာနဖြစ်တယ်၊ နိုင်ငံကြီးသား ပညာရှိများက ခန္ဓာကိုယ် ချမ်းသာမှုကိုသာ ရှေးရှုပြီး ရှာဆောင်နေကြတာဖြစ်တယ်၊ ကိုယ်ချမ်းသာတိုင်း စိတ်မချမ်းသာဘူး ဆိုတာကို သူတို့ပြန်ပြီးစဉ်းစားယင် မြင်မှာပါဘဲ၊ အဲဒီ ချမ်းသာမှုကိုတော့ ဗုဒ္ဓဝါဒမှာ အပြည့်အစုံ လမ်းညွှန်ထားပါတယ်၊ ဒါ့ကြောင့် တနေ့ကျယင် အဲဒီပညာရှင်တွေ " ဗုဒ္ဓဝါဒကို စဉ်းစားကြလိမ့်မယ် "လို့ မြော်လင့်ပါတယ်၊ အဲဒီလို စဉ်းစားတဲ့အခါမှသာ အပေါစား ဗုဒ္ဓဘာသာတွေနဲ့ ဆွေးနွေးပြီး ပေါတောတော ဗုဒ္ဓဘာသာတွေရဲ့အလုပ်ကို လေ့လာယင် ဗုဒ္ဓဘာသာကိုပင် အထင်သေးမှာ စိုးရိမ်မိပါတယ်ဘုရား။

ခမ္မဂုတ်။ ။ယခု ကိုယ်တော့်ကျောင်းတိုက် ပြုပြင်နေတာရယ်, ဟောပြော-ရေးသားနေတာရယ်, လက်ရှိပစ္စက္ခအတွက်သာမက အနာဂတ်အတွက်ပါ ရည်ရွယ်တယ်ပေါ့နော်။

တပည့်တော်။ ။တပည့်တော်ရဲ့ ကျောင်းတိုက်တတိုက်သာ ကောင်းဘို့လောက် ဆိုယင် ဒါလောက်မကြိုးစားပါဘူး၊ နောင်အနာဂတ်အတွက် နိုင်ငံရေး-သာသနာရေး ကောင်းဘို့ကို ရည်ရွယ်တာဖြစ်ပါတယ်၊ " အနာဂတ် သာသနာရေး " ကျမ်းစာရေးတုန်းကလဲ ဒီစိတ်နဲ့ရေးခဲ့တာပါ၊ တပည့်တော်စိတ်မှာ "တိုက်တတိုက် ဂိုဏ်းတဂိုဏ်း သာသနာတရပ် ကောင်းစားရေး" ဆိုတဲ့ စိတ်ထားမရှိပါဘူး၊ အများကောင်းစားစေလိုတဲ့ စိတ်ချည်းပါဘဲ။

ခမ္မဂုတ် ။ ။ အဲဒီလိုစိတ်ထားလို့ ကိုယ်တော့်မှာ ခုထိ ပင်ပန်းနေတာကို ကိုယ်တော် မငြီးငွေ့သေးဘူးလား။

တပည့်တော်။ ။လောကမှာ ''ဘုံကျွန်''လို့ ခေါ်လောက်တဲ့ ပုဂ္ဂိုလ်တွေဟာ အလွန်သနားစရာပါဘဲဘုရား၊ အများအတွက် ကြောင့်ကြများမှုကြောင့် လုပ်ရ-ကိုင်ရ-ကြံစည်ရတဲ့အတွက် ခန္ဓာကိုယ်လဲပင်ပန်းရဲ့ စိတ်လဲပင်ပန်းရဲ့ ဒါပေမဲ့လဲ ငြီးငွေ့တယ်လို့ မရှိကြပါဘူး၊ အများရဲ့ဒဏ်ကို ခံကြတာပါဘဲ၊ ဒါ့ကြောင့် တပည့်တော်ဟာ ဘုရားအလောင်းနဲ့ သာဝကအလောင်း

ကြီးတွေကို သိပ်ကျေးဇူးတင်၊ သိပ်အားရတာဘဲဘုရား၊ ဘုရားဖြစ်မှ သာဝကဖြစ်မှ တပည့်တော်က ကြည်ညိုတာ မဟုတ်ပါဘူး၊ အလောင်းတော်ဘဝကိုပါ ကြည်ညိုတာပါဘဲ၊ ဒါ့ကြောင့် အမွေအနှစ်ဖြစ်တဲ့ သာသနာတော်ကြီးကိုရင်း, သာသနာတော်ကို ကြည်ညိုထောက်ပံ့ကြတဲ့ ဒကာ-ဒကာမတို့နေရာ နိုင်ငံတော်ကိုရင်း, အင်မတန်သာယာစေလိုတဲ့ဆန္ဒ တပည့်တော်မှာ ပြင်းပြနေပါတယ်ဘုရား၊ ပြီးတော့လဲ သာသနာတော်ကို အကြောင်းပြုပြီး နိုင်ငံပါ အေးချမ်းသာယာတယ် ဆိုတဲ့ဂုဏ်ကို အလွန်လိုချင်ပါတယ်။

ခမ္မာဂုဏ်။ ။အဲဒီလို ကျယ်ပြန့်တဲ့ဆန္ဒကြောင့်သာ ကိုယ်တော်ပင်ပန်းရတာပါ၊ ကိုယ်တော်နဲ့ ကိုယ်တော့်ကျောင်းတိုက် အတွက်ကတော့ ယခုအခါ ဖူလုံနေပါပြီ၊ ကိုယ်တော့်ကျောင်းတိုက်ကလဲ....

၁။ အရှေ့ဘက်မှာ တောင်သမန်အင်းကြီးကလဲ ရှုမျှော်ခင်း အလွန်ကောင်းနေပါတယ်။

၂။ မိုးယံတွင်းမှာလဲ ရေပြင်ဖွေးဖွေးနဲ့။

၃။ ဆောင်း-နွေကျတော့ လယ်ခင်း-ယာခင်း စိမ်းစိမ်းစိုစိုနဲ့။

၄။ ဘေး ၂ ဘက်မှာလဲ မြောက်ဘက်က ယာခင်းတွေနဲ့ ကျောင်းအောင်စံထားကျောင်းတိုက်၊ တောင်ဘက်က တောင်မင်းကြီးဘုရားနဲ့, စေတီတော်များ၊ အနောက်မြောက်နားမှာ လူနေအိမ်ခြေရှိသော်လဲ ကျောင်းတိုက်ဝင်းကကျယ်တော့ လူနေအိမ်ခြေနဲ့ မရောဘဲ တိတ်ဆိတ်တဲ့အပြင်....

၅။ သံဃာအများရဲ့ စာအံသံကလဲ ကျယ်ကျယ် မအံရလေတော့ အသံကိုယ်က တိတ်နေပါတယ်။

၆။ ၁၃၃၂ – ခုနှစ် ဝါတွင်းတုန်းက သံဃာ သုံးရာကျော်လောက် ရှိတယ်ဆိုတာ ယုံနိုင်စရာတောင် မရှိဘူး။

။ ကျောင်းတွေ ဆောက်ထားပုံကလဲ အင်္ဂအစဉ်နဲ့ဆိုတော့ ကြည့်ရတာ ကြည်နူးစရာပါဘဲ၊ ကိုယ်တော် ပြောင်းလာခါစတုန်းကနဲ့တော့ အလွန်ကွာခြားနေလို့ ရှေးကရောက်ပြီး နှစ်အတော်ကြာမှ ပြန်ရောက်လာသူတချို့ဟာ မျက်စိလည်စရာတောင် ဖြစ်တာဘဲ။

**တပည့်တော်။** ။အရှင်ဘုရားပြောသလိုဘဲ၊ တချို့က မျက်စိလည်တယ်လို့ ပြောကြပါတယ်၊ အမှန်ကတော့ ဒီလိုဖြစ်အောင်ဟာ ဒကာ- ဒကာမ ပေါလို့ မဟုတ်ပါဘူး၊ တပည့်တော်တို့ ဆရာ–တပည့်အားလုံး သာသနာ ပြုလိုတဲ့ဇွဲနဲ့ သဲသဲမဲမဲ ပြုပြင်ကြလို့ ဒီလို သာယာနေတာပါ၊ ယခု စာချ ဖြစ်နေတဲ့ ဘုန်းကြီးများက သူတို့ကိုယ်တိုင် အပင်ပန်းခံပြီး တည်ထောင် ခဲ့ရတာဖြစ်လို့ သူတို့ အာမခံရတဲ့ နောက်စာသင်သားများကို ပေါ့ပေါ့ လျော့လျော့ နေခွင့်မပေးကြပါဘူး၊ တပည့်တော် ညွှန်ပြတဲ့အတိုင်း ကြပ်ကြပ်မတ်မတ် ထားကြပါတယ်၊ ဒါ့ကြောင့် ယနေ့အထိတော့ သီဟိုဠ် မင်းကြီးလာတုန်းက “ ဆင်းတုတော်ကလေးတွေ ” လို့ ထင်မှားသလို အထိုက်အလျောက် သိမ်မွေ့ကြပါတယ်၊ ဒါပေမဲ့ ရောက်လာခါစက သာမဏေ-ရဟန်းများကတော့ လအတော်ကြာကြာနေမိမှ အချိုးအစား ကျပါတယ်၊ တချို့လဲ အဲဒီလိုပြုပြင်မှုတွေကများတော့ မနေတတ် မထိုင် တတ်ဖြစ်ပြီး မကြာခင် ပျင်းလို့ပြန်ကြပါတယ်၊ တပည့်တော့်ကျောင်း တိုက်ရဲ့ ဆောင်ပုဒ်ကတော့....

## ဤ ကျောင်းတိုက်၌

၁။ စိတ်ကောင်းရှိဘို့က..................ပဌမ

၂။ ဝိနည်းလေးစားဘို့က ...............ဒုတိယ

၃။ ကျန်းမာဘို့က .... .... ........ ........တတိယ

၄။ သန့်ရှင်းဘို့က.........................စတုတ္ထ

၅။ အဝတ်အစားတတ်ဘို့က...........ပဥ္စမ

၆။ အနေအထိုင်တတ်ဘို့က ............ဆဋ္ဌမ

၇။ အပြောအဆိုတတ်ဘို့က ...........သတ္တမ

၈။ အသွားအလာတတ်ဘို့က .... ....အဋ္ဌမ

၉။ စည်းကမ်းလိုက်နာဘို့က .... .... နဝမ

၁၀။ စာတတ်ဘို့က ....................... ဒသမ

ဤ (၁၀) ချက်ကို အစဉ်အတိုင်း ဂရုစိုက်ပါတဲ့ဘုရား။

ခမ္မဂုတ်။ ။နေ့လည်ဆွမ်းစားပြီး နာရီဝက်ခန့် ငြိမ်သက်စွာအိပ်နေကြတုန်းမှာ အဲဒီ ဆိုင်းဘုတ်ကို ကြည့်မိယင်တော့ တောရွာမှာ ဖြစ်သလိုနေလာခဲ့တဲ့ ကိုရင်ကလေးဟာ ပြန်မပြေးဘဲ နေမလားကိုယ်တော်, ကိုရင်ကလေးတွေ မပြောနဲ့ ရဟန်းဖြစ်ပြီး ကိုယ်တော်တွေတောင် ပြန်ပြေးချင်လောက်အောင် ကိုယ်တော့်ဆိုင်းဘုတ်က ကောင်းတာဘဲ။

တပည့်တော်။ ။တပည့်တော်က ဘုန်းကြီးလုပ်တာဟာ ပျော်ပျော်နေဖို့ လုပ်တာမဟုတ်ဘူး၊ "ကုသိုလ်ပါရမီများများရဖို့ သို့မဟုတ် ဒီဘဝတွင်ဘဲ မဂ်ဖိုလ်ရဖို့ ရည်ရွယ်တဲ့သူမှ ဘုန်းကြီးလုပ်ထိုက်တယ် "လို့ အမြဲယူဆပါတယ်, သာမန်လောက်ကုသိုလ် လိုချင်ယင် လူဝတ်ကြောင် အဖြစ်နဲ့လဲ ရနိုင်တာပါဘဲ၊ ဒါ့ကြောင့် တပည့်တော်ရဲ့ကျောင်းတိုက်မှသာ ပျင်းလို့ ပြေးကြရမှာ မဟုတ်ပါဘူး, ဝိနည်းတော်နဲ့လျော်အောင် မနေနိုင်ယင် သာသနာတော်ကလဲ ပြေးမှသင့်လျော်ပါတယ်၊ ဒါ့ကြောင့် ကျောင်းတိုက် မရောက်ခင်က ပျင်းတတ်တဲ့သူကို ငွေကုန်ခံပြီး ဆရာမိဘတို့ကမပို့မိအောင် စီစဉ်ရပါတယ်။

ခမ္မဂုတ်။ ။ဘယ်လိုစီစဉ်သလဲ ကိုယ်တော်။

တပည့်တော်။ ။"နေချင်ပါတယ်"လို့ လျှောက်ယင် အောက်ပါ စည်းကမ်းစာရွက်ကို တင်ကြိုပေးထားပါတယ်။

## ဤကျောင်းတိုက်၌ နေလိုသူသည်

၁။ အင်္ဂါကြီးငယ် ချို့ယွင်းချက် မရှိစေရ။

၂။ ကုသိုလ်များများရလိုသော ဆန္ဒရှိခြင်း။

၃။ ရှင်ဖြစ်ယင်, (က) ရတနာ့ဂုဏ်ရည်လာ ရတနာသုံးပါးဂုဏ်တော်ကိုရင်း, (ခ) ရုပ်ပုံရှင်ကျင့်ဝတ်လာ ကျက်စရာများကိုရင်း, ရပြီးဖြစ်ခြင်း။

၄။ (ဂ) ရဟန်းဖြစ်ယင် ပါတိမောက်ဘာသာဋီကာလာ နိဿယဖြင့် ဘိက္ခုပါတိမောက် ပါဠိအနက်ကို ရပြီးဖြစ်ခြင်း။

၅။ သင်္ကန်းများကို ပိန္နဲရင့်ရောင် (ညောင်ခေါက်ရောင်)ဆိုးခဲ့ရခြင်း။

၆။ သပိတ်နဲ့ (ဆွမ်းခံဖြစ်လောက်သော) သပိတ်အိတ် ဝတ်ခွက် ၅ လုံး ခန့် ပါရခြင်း။

၇။ အရောင်ဆိုးပြီးသော သင်္ကန်း–နေရာတိုင်နဲ့ ရေချိုးခွက်၊ ဆပ်ပြာခွက်၊ လက်သုတ်ပုဝါ၊ ဇွန်း၊ (လဘက်ရည်စသည် သောက်ဘို့ရန်) ဂိုင်းခွက် (အလတ်စား မတ်ခွက်) ပါရခြင်း။

၈။ သင်္ကန်း၊ ခဲတံ၊ ဗလာစာအုပ်စသော ပစ္စည်းအားလုံးပင် ရဟန်းသာမဏေတို့ ကိုယ်တိုင်ဝယ်ထားသော နိဿဂ္ဂိပစ္စည်း မဟုတ်ဘဲ မိဘ–ဆွေမျိုး၊ ပစ္စည်း (၄) ပါး ဒကာ–ဒကာမများက လှူဒါန်းအပ်သောပစ္စည်းများ ဖြစ်စေရခြင်း။

၉။ ဆရာ–မိဘစသော အုပ်ထိန်းသူဖြစ်စေ၊ သူတို့က ခိုင်းစေအပ်သော အကြီးအကဲဖြစ်စေ၊ လိုက်ပါ အပ်နှံရခြင်း၊ [ ရဟန်းတော်များ လိုက်ပို့ယင် ကပ္ပိယကာရက ပါစေရမည်။ ]

၁၀။ ကျောင်းတိုက်သို့ရောက်သောအခါ ငွေကို မိမိကိုယ်တိုင် မကိုင်-မသိမ်းဘဲ ဖိုးသူတော်စသော ကပ္ပိယတို့ထံ လွှဲအပ်ထားရခြင်း။

**၁၁**။ မြို့တွင်းမှ ကျောင်းတိုက်သို့လာသောအခါ ဆိုက္ကား၊ မြင်းလှည်း၊ နွားလှည်းတို့ကို မစီးခဲ့ရခြင်း။

ခြင်းချက်။ ။ကျောင်းတိုက်၌ နေလိုသောဆန္ဒ ပြင်းပြခြင်းရဲ့ အထိမ်းအမှတ်အဖြစ်ဖြင့်ထင်ရှားအောင် နံပါတ် ၃–၄ အချက်များကို ပြထားပါသည်၊ ထို့ကြောင့် ကျောင်းတိုက်၌နေဆဲလည်းဖြစ်၊ စောင့်ရှောက်မဲ့ပုဂ္ဂိုလ်လည်း ဖြစ်သူနဲ့ အတူလာလျှင် ကျောင်းတိုက်ရောက်မှလည်း စာကျက်မှတ်နိုင်ပါသည်။

**ဓမ္မဂုတ်**။ ။အဲဒီစည်းကမ်း (၁၀) ချက်ဟာ ဝိနည်းတော်နဲ့ လျော်ညီတာချည်း ဖြစ်သည့်ပြင် လိုက်နာချင်စရာချည်းလဲ ဖြစ်ပါတယ်၊ ဒါပေမဲ့ "ငွေမကိုင်ရ၊ ငွေနဲ့ ကိုယ်တိုင်ဝယ်တဲ့ပစ္စည်း မပါစေရ" ဆိုတဲ့ စည်းကမ်းကတော့ ယခုအချိန်မှာ ခေတ်နဲ့ မလျော်တော့ဘူးလို့ ထင်ပါတယ်။

**တပည့်တော်**။ ။အရှင်ဘုရား....အဲဒီငွေနဲ့ စပ်ပြီး ဗုဒ္ဓမြတ်စွာကိုယ်တော်တိုင် သိက္ခာပုဒ် ဘယ်လောက် ပညတ်တော်မူခဲ့ရတယ်ဆိုတာ အရှင်ဘုရားလဲ သိပါတယ်၊ သုတ္တန်ပါဠိတော်မှာ "ငွေအပ်ယင် ကာမဂုဏ်တွေလဲအပ်တော့

မှာပေါ့”လို့ မိန့်တော်မူတဲ့တရားတော်ရှိပါတယ်၊ အဲဒီငွေကိုခံယူမှုကြောင့် ရဟန္တာအရှင်မြတ်များ ဒုတိယသံဂါယနာ တင်တော်မူခဲ့ကြရပါတယ်၊ ဒီတော့ ဘယ်နည်းနဲ့မှ ခေတ်အလိုကို မလိုက်ထိုက်ပါဘူး, ခေတ်ကသာ ဘုရားရှင်ရဲ့အလိုတော်ကို လိုက်ရမှာပါ၊ ဘုရားရှင်ရဲ့ သိက္ခာပုဒ်များဟာ “အပ္ပသန္နာနံ ပသာဒါယ = မကြည်ညိုသေးတဲ့သူများ ကြည်ညိုဖို့နဲ့, ပသန္နာနံ ဘိယျောဘာဝါယ = ကြည်ညိုပြီးသော ဒကာ–ဒကာမတို့၏ တိုး၍ ကြည်ညိုဖို့ချည်း” ဖြစ်ပါတယ်၊ ဒါ့ကြောင့် သာသနာပြုပုဂ္ဂိုလ် မှန်သမျှတော့ ဘုရားအလိုတော်ကျအောင် ဝိနည်းတော်နဲ့အညီ နေထိုင် ရမှာပါ။

**ခမ္မဂုတ်**။ ။ကိုယ်တော်, ဘုရားပရိနိဗ္ဗာန်စံတော်မူခါနီးတုန်းက “ခုဒ္ဒါနုခုဒ္ဒက (ငယ်ကုန်, သာ၍ငယ်ကုန်သော) သိက္ခာပုဒ်များကို ပယ်နှုတ်လိုယင် ပယ်နှုတ်နိုင်တယ်”လို့ မိန့်တော်မူတယ် မဟုတ်လား။

**တပည့်တော်**။ ။မှန်ပါတယ်, “ပယ်နှုတ်လိုယင်”ဆိုတဲ့ အပိုဒ်ကို သတိပြုတော်မူပါ၊ “အရှင်မဟာကဿပတို့လို ခေါင်းဆောင်ကြီးများက မပယ်နှုတ်လိုယင်လဲ မပယ်နှုတ်ရစ်ကြနဲ့”လို့ အဓိပ္ပါယ်ရပါတယ်၊ အဲဒီ သေးသေး ငယ်ငယ် သိက္ခာပုဒ်များဆိုတာလဲ လူများနဲ့ မဆက်သွယ်တဲ့ ပဏ္ဏတ္တိဝဇ္ဇ သိက္ခာပုဒ်များကို မိန့်တော်မူလိုပါတယ်၊ [ပဏ္ဏတ္တိ–လောကမှာ အကုသိုလ် အပြစ်မရှိဘဲ ဘုရားပညတ်တော်ကြောင့်၊ ဝဇ္ဇ–အပြစ်ရှိသော သိက္ခာပုဒ်၊] ဒီတော့ ငွေကို သာယာမှုဆိုတဲ့ လောဘ အကုသိုလ်အပြစ်ဟာ လောကမှာပင် ရှိနေပါတယ်၊ ဒီလို သိက္ခာပုဒ်မျိုးကို ပယ်နှုတ်ရစ်ကြလို့ အဓိပ္ပါယ် မရပါဘူး၊ ဒီကိစ္စနဲ့စပ်ပြီးတော့ ကဿပမြတ်စွာဘုရားရှင်ရဲ့ နောက်ပိုင်း သာသနာတော်သမိုင်းကို တပည့်တော်တို့က စဉ်းစားကြဘို့ လိုပါတယ်။

**ခမ္မဂုတ်**။ ။ဘယ်သမိုင်းလဲ ကိုယ်တော်။

**တပည့်တော်**။ ။ ကဿပမြတ်စွာဘုရား လက်ထက်တော်၌ တောကျောင်း ဘုန်းတော်ကြီး တပါးသည် လှေဖြင့် ခရီးသွားစဉ် ပိန်းရွက်ကလေးကို ဆွဲမိ၍ ပိန်းရွက် ပြတ်သွားဘူးပါသတဲ့၊ အဲဒီကိစ္စမှာ ပြတ်စေလိုသော စေတနာ မပါယင် အာပတ်မသင့်ပါဘူး၊ ဒါပေမဲ့ ထို ဘုန်းတော်ကြီးရဲ့ စိတ်ထဲမှာ မရှင်းမလင်း ဖြစ်နေပါတယ်၊ ပြန်လွန်တော်မူခါနီး၌ အဲဒီ ကိစ္စကို သတိလဲရ, တောကျောင်းဖြစ်၍ ဒေသနာပြောကြားစရာလဲ မရှိဘဲ

ပြန်လွှန်တော် မူရပါတယ်၊ ထို ဘုန်းတော်ကြီးမှာ အနှစ် ၂ သောင်း လောက် ကောင်းကောင်းနေခဲ့ပေမဲ့ အဲဒီ မရှင်းမလင်းဖြစ်နေတဲ့ အာပတ်ကိစ္စကြောင့် နဂါးကြီး ဖြစ်ရရှာပါသတဲ့။

**ခမ္မဂုတ်။** ။ကဿပဘုရားရှင်က အနှစ် ၂ သောင်းတမ်းမှာ ပွင့်တော်မူလို့ ထို ဘုန်းတော်ကြီးလဲ အနှစ် ၂ သောင်းနီးနီး စောင့်ထိန်းထားတဲ့ သီလတွေအကြားက ပိန်းရွက် ဆွဲကိုင်မိတဲ့ကိစ္စကို ယုံမှားသံသယဖြစ်ရုံနဲ့ သုဂတိဘဝကို မရောက်စေဘဲ, ဒုဂ္ဂတိ နဂါးဘဝ ရောက်ရတယ်နော်၊ တကယ်လို့ သေသေချာချာ အာပတ်သင့်တာကို သတိရလျက် စုတေရယင်တော့ ငရဲ ပြိတ္တာ ဖြစ်ရတော့မှာဘဲ။

**တပည့်တော်။** ။မှန်ပါတယ်, ကဿပမြတ်စွာဘုရားရဲ့ နောက်ပိုင်းသာသနာမှာ ဘရမ်းဘတာနေပြီး သေတဲ့ပုဂ္ဂိုလ်တွေကတော့ ငရဲသို့ ပဌမရောက်, ငရဲက လွတ်တဲ့အခါ တပည့်တော်တို့ဘုရား ပွင့်တာနဲ့ ကြုံကြိုက်ပြီး ဂိဇ္ဈကုဋ်မှာ ပြိတ္တာတွေ ဖြစ်နေကြပါသတဲ့။

**ခမ္မဂုတ်။** ။ဟုတ်ပါတယ်, ဟုတ်ပါတယ်၊ ဒီအကြောင်းတွေကို လက္ခဏသံယုတ် ပါဠိတော်မှာရော, စတုတ္ထပါရာဇိက ပါဠိတော်မှာရော အထင်အရှား ပါနေတာဘဲ။

**တပည့်တော်။** ။ထိုကဲ့သို့ ဆိုးဆိုးဝါးဝါးမဟုတ်ဘဲ အဂတိကလေး နဲ့နဲ့ပါးပါး လိုက်စားမိရုံနဲ့ အကျိုးရနဲတာများ ဝမ်းနဲစရာကောင်းလိုက်တာဘုရား။

**ခမ္မဂုတ်။** ။ဘယ်အကြောင်းလဲ ကိုယ်တော်။

**တပည့်တော်။** ။သာတာဂိရနဲ့ ဟေမဝတနတ်များရဲ့ အကြောင်းပေါ့ဘုရား၊ အဲဒီ နတ်စစ်သူကြီး ၂ ယောက်ဟာ ကဿပဘုရား သာသနာတော်ဝယ် (နဲ့နဲ့တော့ နောက်ပိုင်းကျလာဟန် တူပါရဲ့) ရဟန်းငါးရာစီ အခြွေအရံရှိသော ပညာတတ် ဝိနည်းဓိုရ်ကြီးများ ဖြစ်ကြပါတယ်၊ အဲဒီ ၂ ပါးဟာ အလွန်လဲ ခင်မင်ရင်းနှီးကြပါတယ်၊ ဝိနည်းဆုံးဖြတ်စရာရှိယင် အဲဒီ ၂ ပါးဘဲ ဆုံးဖြတ်ရပါတယ်၊ အဲဒီ ၂ ပါးဟာ တခါတော့ သူတို့ကို အတော်ကြာကြာ ဆည်းကပ်နေတဲ့ တောရွာက ရဟန်းကလေးဘက်ကို အရှုံးပေးရမဲ့ကိစ္စမှာ အဆုံးအဖြတ်မပေးဘဲ ရှောင်လွှဲမိတာနဲ့ တဘက်က အနိုင်ရမဲ့ ကိုယ်တော်ကလေးက ဝမ်းနဲပမ်းနဲ ငိုကြွေးတော့ နောင်တ ရကြပါတယ်၊ အဲဒီကိစ္စကြောင့် သီလလဲ ပြည့်စုံတဲ့အပြင် ပညာတတ် ဝိနည်းဓိုရ်

၂ ပါးဟာ အထက် နတ်ပြည်မှာ မဖြစ်နိုင်ကြဘဲ သာတာဂိရတောင်၊ ဟိမဝန္တာတောင်တို့မှာ နတ်စစ်သူကြီးများ ဖြစ်ကြရပါသတဲ့၊ အခြွေအရံများလဲ သူတို့အထံမှာ လက်အောက်ခံ နတ်စစ်သားတွေ ဖြစ်ကြပါတယ်။

**ဓမ္မဂုတ်**။ ။အင်း....မတရား အနိုင်ပေးတာမဟုတ်ဘဲ ဆုံးဖြတ်ဘို့ကိစ္စကို ရှောင်နေရုံနဲ့ အောက်တန်းမှာ အကျိုးပေးရတယ်နော်၊ အမြဲ လိုက်နိုင်အောင် စွဲလမ်းတဲ့ တပည့်အခြံအရံဟာ ငါးရာတောင်ရှိတယ်၊ ထို ဆရာတော်မျိုးဟာ ယခုခေတ် ရှိရဲ့လား ကိုယ်တော်။

**ဘပည့်တော်**။ ။အဲဒီ ကဿပဘုရားရှင်ရဲ့ နောက်ပိုင်းသာသနာမှာဘဲ သူတော်ကောင်း ရဟန်းတော် ၇ ပါးဟာ အများနဲ့ ပေါင်းသင်းဆက်ဆံပြီး မနေဝံ့တော့ဘဲ တောင်ကလာပ်ပေါ်သို့ လှေကားဖြင့်တက်ပြီး တောင်ပေါ်ရောက်တဲ့အခါ ပြန်၍ မဆင်းနိုင်အောင် လှေကားကို တွန်းချလိုက်ကြပါသတဲ့၊ ထို့နောက် သေသေကြေကြေ တရားအားထုတ်ကြလေရာ တပါးက ရဟန္တာ၊ တပါးက အနာဂါမ်ဖြစ်ပြီး ကျန်ငါးပါးကတော့ ဘာမျှမဖြစ်ဘဲ တပည့်တော်တို့ ဘုရားသာသနာရောက်မှ ကျွတ်တမ်းဝင်ကြပါတယ်။

**ဓမ္မဂုတ်**။ ။အင်း.... ဒီသမိုင်းကိုကြည့်ယင်တော့ ယခု ဘုရားရှင်ရဲ့ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေများလဲ ဒီလမ်းအတိုင်း အမျိုးမျိုး တွေ့ရတော့မှာဘဲ။

**ဘပည့်တော်**။ ။ဟုတ်ပါတယ်၊ တပည့်တော်ရဲ့ သာသနာတော်ကို ပြုပြင်ချင်တဲ့ကိစ္စက သာသနာ့ဝန်ထမ်း ရဟန်း သာမဏေမှန်ယင် လာမဲ့ဘဝ အတွက် အပါယ် ၄ ပါးက လွတ်စေလိုတဲ့ဆန္ဒနဲ့ အကယ်၍ သူတော်ကောင်းစိတ် ပြင်းပြယင် မဂ်ဖိုလ်ရစေလိုတဲ့ဆန္ဒသာ ဖြစ်ပါတယ်၊ ဤဘဝမှာလဲ လူအများရဲ့ အထင်သေး အမြင်သေးကို မခံရစေချင်ပါဘူး၊ မတော်တဆ ဂတိလွဲသွားတဲ့ဘဝမှာတောင် ရဟန်းဘဝက သွားတဲ့သူဟာ လူ့ဝတ်ကြောင်များထက် သာစေချင်ပါတယ်၊ တပည့်တော်ရဲ့ သာသနာ မြတ်နိုးပုံဟာ ဒါလောက်တောင် ပြင်းထန်တယ်ဆိုတာလဲ ကိစ္စတခု ကြုံတုန်းက သိလိုက်ရပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်ကိစ္စတုန်း ကိုယ်တော်။

**ဘပည့်တော်**။ ။ကမ္မဋ္ဌာန်းရိပ်သာကြီးမှ ခွဲလာတဲ့ ရိပ်သာခွဲကျောင်းတကျောင်းမှာ တောထွက် ကိုယ်တော်ကြီး ၂ ပါးတွင် တပါး ပြန်လွန်တော်မူလို့

ပြိတ္တာ-တစ္ဆေ ဖြစ်နေပါသတဲ့၊ ရက်လည်ဆွမ်း ကျွေးပြီးတဲ့အခါတော့ ရဟန်းများ လူများလဲ ပြန်သွားကြလို့ တပါးထဲရှိတဲ့ညကျတော့ ကျန်ရစ်တဲ့ ဘုန်းကြီးမှာ အိပ်လို့မဖြစ်အောင် ချောက်ပါရောတဲ့၊ ကျန်ရစ်တဲ့ ဘုန်းကြီးကလဲ သတ္တိကောင်းတော့ မကြောက်ပါဘူး၊ သို့သော် မီးထွန်းထားယင် မီးကိုငြိမ်းပစ်ပါသတဲ့၊ မင်းကို ငါက လူတန်းကမှ မကြောက်ဘဲ အခု ဘာကြောက်ရမှာတုန်းဆိုပြီး ကမ္မဋ္ဌာန်းဘုန်းကြီးက သူကိုင်နေကျ ဒါးရှည်ကြီးကို ခုတင်ပေါ်တင်လိုက်တော့ အဲဒီ ဒါးရှည်ကို တစ္ဆေက ဆွဲပစ်လိုက်ပါသတဲ့။

ခမ္မဂုတ်။ ။ဟား ဟား.... သူလဲ ကမ္မဋ္ဌာန်းဘုန်းကြီးက ဖြစ်သွားတဲ့ တစ္ဆေဆိုတော့ ကမ္မဋ္ဌာန်းဘုန်းကြီးရဲ့ ဒါးရှည်ကို ဘယ် အရေးစိုက်မှာတုန်း ကိုယ်တော်။

**တပည့်တော်**။ ။တပည့်တော်လဲ နောက်ဆက်ပြီး ဘာများဖြစ်သေးတုန်းလို့ သိချင်တာနဲ့ သူတို့အကြောင်းကို မကြာခဏ မေးနေပါတယ်။

**ခမ္မဂုတ်**။ ။နောက်တော့ ဘာများဖြစ်သေးတုန်း။

**တပည့်တော်**။ ။လူဝတ်ကြောင် ပယောဂဆရာကိုခေါ်ပြီး သူတို့နည်းနဲ့ လုပ်လို့ နောက်မချောက်တော့ဘူးလို့ ကြားတဲ့အခါ တပည့်တော်မှာ ဝမ်းနဲသလို ဖြစ်သွားပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်က တစ္ဆေမချောက်တာကို ဝမ်းနဲရသလား, အဓိပ္ပါယ် မရှိတာ ကိုယ်တော်။

**တပည့်တော်**။ ။ တပည့်တော် ဖြစ်စေချင်တာက "ဘုန်းတော်ကြီးများက ပရိတ်ရွတ်ပြီး မေတ္တာရပ်ခံလို့ မချောက်တော့ဘူး" ဆိုတဲ့ စကားကိုသာ ကြားချင်တာကိုး၊ ယခုတော့ လူဝတ်ကြောင်ဆရာက ဆေးနဲ့လုပ်လို့ ဘုန်းကြီးတစ္ဆေက မချောက်နိုင်ဘူးဆိုတာ ကြားရတော့ ဘုန်းကြီးတစ္ဆေဘက်က အရှုံးထွက်လို့ ဝမ်းနဲတာဘဲဘုရား၊ တပည့်တော်ကတော့ ဘာဘဲပြောပြော ဘုန်းကြီးမှန်ယင် တစ္ဆေဖြစ်တောင် လူ့ထက် သာစေချင်ပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်ရဲ့ဆန္ဒက သာသနာ့ဝန်ထမ်း ရဟန်းသာမဏေဟူသမျှ လူများရဲ့ လေးစားလောက်သော အဆင့်အတန်းမှာ ရှိစေချင်တာပေါ့

နော်၊ ကိုယ်တော့်စေတနာကိုလက်ခံပြီး ပြုပြင်ကြယင်တော့ မဖြစ်နိုင်စရာ မရှိဘူးပေါ့၊ ဒီဆန္ဒအတိုင်းဖြစ်စေချင်လို့ "ဤကျောင်းတိုက်၌ စိတ်ကောင်းရှိဘို့က .... ပဌမ" အစရှိတဲ့ ဆိုင်းဘုတ်ကို ကပ်ထားတာ မဟုတ်လား၊ အဲဒီ ဆိုင်းဘုတ်ရဲ့ ပဌမ - ဒုတိယစသော အစဉ်မှာ အရေးကြီးတာကို ရွေးကထားတာထင်တယ်၊ အရေးကြီးပုံ နဲနဲပြောစမ်းပါအုံး။

**တပည့်တော်**။ ။"စိတ်ကောင်းရှိဘို့က ပဌမ" ဆိုတဲ့ နံပါတ် (၁) က ဤကျောင်းတိုက်မှာ နေလိုယင် "အကြီးက - အငယ်ကိုနှိမ့်, အငယ်က- အကြီးကို မရိုသေဆိုတဲ့စိတ်မျိုး, ကိုယ့်ထက်သာသူကို မနာလိုတဲ့ ဣဿာစိတ်, ဉာဏ်ဝီရိယကောင်းတဲ့သူကို တိုးတက်မှာစိုးတဲ့ မစ္ဆရိယစိတ်, အလွန်ထင်ရှားသိသာတဲ့ တဏှာရာဂစိတ်, ဂုဏ်နဲ့လာဘ်ကို အလွန်လိုလားတဲ့ လောဘစိတ်, ပြင်းထန်တဲ့ ဒေါသစိတ်, မာန်မာနစိတ်စတဲ့ စိတ်မျိုးတွေ မဖြစ်စေဘဲ, ဆရာပီပီ-တပည့်ပီပီ ရိုသေလေးစားတဲ့မေတ္တာစိတ်, မကျန်းမာသူကို သနားတဲ့ကရုဏာစိတ်, သူတပါးပညာတတ်သည်ကို လာဘ်ပေါသည်ကို ဝမ်းမြောက်တဲ့ မုဒိတာစိတ်, ဘုရားဝေယျာဝစ္စကို စိတ်ပါလက်ပါပြုလိုတဲ့စိတ်, သဒ္ဓါတရားကောင်းတဲ့စိတ်, ပျော့ပျောင်း နူးညံ့တဲ့စိတ်, အပါယ်လေးပါး ကြောက်တဲ့စိတ်, မဂ်ဖိုလ်နိဗ္ဗာန် လိုလားတဲ့စိတ် စတဲ့ စိတ်မျိုးတွေရှိရမယ်" လို့ ဆိုလိုပါတယ်။

**ဓမ္မဂုဏ်**။ ။ကောင်းလိုက်တာကိုယ်တော်, ဗုဒ္ဓမြတ်စွာကလဲ စိတ်ကို လိုရင်းထားပြီး ဟောတော်မူတာဘဲ၊ "စိတ်သာရှင်စော ဘုရားဟော" လို့ မြန်မာများလဲ ပြောကြပါရဲ့၊ ဒါပေမဲ့ အဓိပ္ပါယ်ကိုတော့ ကောင်းကောင်း နားမလည်ကြပါဘူး၊ "ဝိနည်းလေးစားဘို့က.... ဒုတိယ" ဆိုတဲ့ အချက်ကို ရှင်းပြပါဦး။

**တပည့်တော်**။ ။ရဟန်းသာမဏေမှန်ယင် ဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်တော်ကို လိုက်နာနိုင်မှသာ အပါယ်လေးပါးမှ လွတ်မှာပါ၊ ဝိနည်းမလေးစားယင် ကဿပဘုရားရှင်ရဲ့ နောက်ပိုင်း သာသနာတော်သမိုင်းလို ဖြစ်ကြရမှာပါ၊ သာသနာတော်ရဲ့ တာရှည်တည်တံ့ဘို့ဖြစ်တဲ့ အသက်ဟာလဲ ဝိနည်းသာဖြစ်ပါတယ်၊ ဝိနည်းမကျင့်ယင် သာသနာတော်မတည်ပါဘူး၊ ဒါ့ကြောင့် ရှေးမထေရ်ကြီးများက "အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ" လို့ သုံးကြိမ်ဆက်၍မိန့်မြွက်တော်မူခဲ့ကြပါတယ်၊ ဆိုလိုရင်းက "အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မယ်,

လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မယ်, လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မယ်'' လို့ ဆိုလိုပါတယ်။

**ဓမ္မဂုတ်**။ ။လဇ္ဇီပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုန်း။

**တပည့်တော်**။ ။ဝိနည်းတော်အတိုင်းနေ၍ အာပတ်မသင့်အောင် စောင့်စည်းခြင်း, အာပတ်သင့်မိယင်''မိမိမှာ မည်သည့်အာပတ်သင့်မိပါပြီ, နောင်ခါ မသင့်အောင် စောင့်စည်းပါမည်'' လို့ လျှောက်သောအားဖြင့် ဒေသနာ ကြားခြင်း, သံသိကပစ္စည်းဝေမှု တရားဆုံးဖြတ်မှုစသည်၌ အဂတိမလိုက် ခြင်း, ဤဂုဏ်အင်္ဂါရှိသူကို ''လဇ္ဇီပုဂ္ဂိုလ်''လို့ ခေါ်ပါတယ်၊ ''အနာဂတ် ကာလ၌ အဲဒီလဇ္ဇီပုဂ္ဂိုလ်သာ သာသနာတော်ကို မကွယ်အောင် စောင့်ရစ် လိမ့်မယ်''လို့ ကြွေးကျော်တော်မူခဲ့ကြခြင်းဖြစ်ပါတယ်၊ ဒါ့ကြောင့် စိတ် ကောင်းရှိနေရုံတွင် မပြီးဘဲ ဝိနည်းလေးစားမှုပါ အရေးကြီးသောကြောင့် ''ဝိနည်းလေးစားဘို့က ဒုတိယ'' လို့ ရေးထားပါတယ်။

**ဓမ္မဂုတ်**။ ။''ကျန်းမာဘို့က တတိယ'' ဆိုတာက ဘယ်လိုရည်ရွယ်ချက်လဲ။

**တပည့်တော်**။ ။စိတ်ကောင်းလဲရှိ, ဝိနည်းကိုလဲ လေးစားတဲ့ ကိုယ်တော် ကလေးဟာ မကျန်းမမာဖြစ်နေယင် ရှေ့ဆက်ပြီး ဘာမျှ အလုပ်တွင် အောင် မလုပ်နိုင်ပါဘူး၊ စာတတ်ပြန်ယင် အဲဒီစာကို အသုံးမချနိုင်ပါဘူး၊ ဒါ့ကြောင့် ကျန်းမာဘို့လဲ အရေးကြီးလို့ ''ကျန်းမာဘို့က တတိယ''လို့ ရေးထားပါတယ်၊ တပည့်တော်ရဲ့ကျောင်းတိုက်မှာ မကျန်းမာတဲ့အခါ သီးခြားနေဘို့ ဆေးကျောင်းလဲရှိပါတယ်၊ မကျန်းမာယင် အဲဒီကျောင်း သို့ သွားနေရပါတယ်၊ ဆေးလဲ တော်တော်စုံအောင်ထားပြီး လုပ်ကျွေးမဲ့ ကိုယ်တော်များလဲ ရှိစေပါတယ်၊ ထိုကိုယ်တော်များက အတော်အတန် အဖျားရောဂါ ရိုးရိုးဆိုယင် ပျောက်အောင် ကုနိုင်ပါတယ်၊ သူတို့နိုင်ပုံ မရယင် ဆရာကို ခေါ်စေပါတယ်၊ ဆရာခေါ်ရုံဖြင့် ပျောက်ပုံမရယင် တော့ ဆေးရုံသို့ ပို့စေပါတယ်။

**ဓမ္မဂုတ်**။ ။''သန့်ရှင်းဘို့က စတုတ္ထ'' ဆိုတာ ဘာအဓိပ္ပါယ်လဲ။

**တပည့်တော်**။ ။ မကျန်းမာခြင်းရဲ့ အကြောင်းတို့တွင် မသန့်မရှင်းမှုလဲ အကြောင်းတခုပါဘဲ၊ အများအားဖြင့် ခန္ဓာကိုယ်ကိုလဲ ရေချိုးချိန် ချိုးပြီး သန့်ရှင်းအောင် ပြုပြင်ရပါတယ်, အဝတ်ကိုလဲ ချွေးစော်မနံစေဘဲ သန့်ရှင်းစေရပါတယ်, ပတ်ဝန်းကျင်နေရာများကိုလဲ ရေဖြန်းပြီး တံမြက်

လှည်းခြင်း စသည်ဖြင့် သန့်ရှင်းစေရပါတယ်. အဲဒီလို သန့်ရှင်းပြီးတဲ့အခါ ခန္ဓာကိုယ် ပေါ့ပါးပါတယ်, စိတ်လဲ ကြည်လင်ပါတယ်၊ စိတ်ကြည်လင်တော့ သမာဓိရပြီး စာကြည့်လို့, စာသင်လို့, ဉာဏ်လဲ တိုးလာပါတယ်၊ များသောအားဖြင့် သန့်ရှင်းခြင်းရဲ့ အကျိုးကို မသိလို့ သန့်ရှင်းအောင် မကြိုးစားကြပါဘူး၊ နေထိုင်မကောင်း၍ ရေမချိုးနိုင်ယင် ရေချိုးခန်း ဝင်ပြီး ရေနွေးဖြင့်ဆွတ်ထားသော အဝတ်ကိုညှစ်ပြီး ကိုယ်ကို သန့်ရှင်းအောင် ပွတ်တိုက်ပေးရပါတယ်၊ ဒါ့ကြောင့် ကျန်းမာဘို့အပြင် "သန့်ရှင်းဘို့က စတုတ္ထ" လို့ ဆိုထားပါတယ်။

**ခမ္မဂုတ်** ။ ။ " အဝတ်အစားတတ်ဘို့က ပဥ္စမ " ဆိုတဲ့ ရည်ရွယ်ချက်က ဘယ်လိုတုန်း။

**တပည့်တော်**။ ။သင်္ကန်းကို "ရဟန္တာများရဲ့ တံခွန်အောင်လံ" လို့ ခေါ်ပါတယ်၊ ဆွမ်းကိုလဲ မလုပ် မကိုင်ရတဲ့ ဗုဒ္ဓဘာသာဝင်များက မျှတအောင် နေ့စဉ်လှူကြပါတယ်၊ သေခိယသိက္ခာပုဒ်တော်မှာ မတို-မရှည်-ညီညီဝတ်ဘို့နဲ့ ဆွမ်းစားပုံစည်းကမ်းများကို ပြထားပါတယ်၊ အဲဒီသိက္ခာပုဒ်တော်များနဲ့ အညီ သင်္ကန်းကို အရောင်ရင့်ရင့်ဆိုးပြီး ဝတ်တတ်ဘို့နဲ့ ဆွမ်းကို စားတတ်ဘို့လဲ တာဝန်ခံများက သင်ပေးကြရပါတယ်။

မှတ်ချက်။ ။ဘုရားလက်ထက်တော်၌ ဆွမ်းစားသောအခါ ဇွန်းကို အသုံးမပြုကြသောကြောင့် ဇွန်းနဲ့ စပ်တဲ့သိက္ခာပုဒ် မရှိပါဘူး, ယခုခေတ်မှာ ဇွန်းကို အသုံးပြုကြပါတယ်, ဆွမ်းစားတဲ့အခါ ဇွန်းသံ ပုဂံသံဟာ အလွန်သိက္ခာပျက်ပါတယ်၊ ဒါ့ကြောင့် ဇွန်းသံ ပုဂံသံ မကြားရအောင်လဲ အထူးဂရုစိုက်ရပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော့် စည်းကမ်းထဲမှာ " သင်္ကန်းကို အရောင်ရင့်ရင့်ဆိုးပြီး ဝတ်တတ်ဘို့" လို့ ပါနေတယ်၊ အရောင်မရင့်တော့ ဘာအပြစ်ရှိသလဲ။

**တပည့်တော်**။ ။ဖုဿထေရဂါထာပါဠိတော်မှာ "ပိလက္ခရဇနံ ရတ္တံ, ဂရဟန္တာ သကံ ဓဇံ = သြောင်ခေါက်ဖြင့် ဆိုးအပ်သော အရောင်ရင့်ရင့်သင်္ကန်းကို နောင်အနာဂတ်ကာလ၌ ကဲ့ရဲ့ကြလိမ့်မည်" လို့ ဆိုပါတယ်၊ ဒါ့ကြောင့် ရှေးခေတ်က ပိန္နဲဆိုးယင်လဲသြောင်ခေါက်ဆိုးလိုဖြစ်အောင် အရောင်ရင့်ရင့် ဆိုး၍ ဝတ်ခဲ့ကြပါတယ်၊ ဒါ့ကြောင့် တပည့်တော်များရဲ့ ဥပဇ္ဈာယ်ဖြစ်တော်မူကြသော မဟာဂန္ဓာရုံ ကမ္မဋ္ဌာန်းဆရာတော်ဘုရားကြီးများ

လက်ထက်၌ ကမ္မဋ္ဌာန်းဆရာတော်အားလုံးပင် အရောင်ရင့်ရင့် ဝတ်ဝေ
မူကြပါတယ်။

အဝါနုနဲ့ကိုတော့ "ရထိကာယ ဂမိဿန္တိ, ဒန္တဝဏ္ဏိကပါရုတ
ဆင်စွယ်ရောင်ဆိုးထားသော အဝတ်သင်္ကန်းကို ခြုံရမ်းကြကုန်လျက်,
အများ သွားလာရာ ရထား-မော်တော်ကားလမ်းတို့၌ လှည့်လည်ကြလ
မည် "လို့ ထိုဖုဿထေရဂါထာ၌ အပြစ်ပြတော်မူပါတယ်၊ ဒါ့ကြော
အဝါရင့်ရင့်အရောင်ကို မပယ်လိုသော်လဲ မထေရ်မြတ်က "ပိလက္ခရတ္တ
ညောင်ခေါက်ဆိုးအရောင်မျိုးကို" နှစ်သက်တော်မူပါတယ်။

**ဓမ္မဂုတ်။** ။အညိုရင့်ရင့်အရောင်ကိုတော့ မထေရ်မြတ်က ဘယ်လို သဘေ
ထားပါသလဲ။

**တပည့်တော်။** ။အညိုရောင်ကတော့ ဝိနည်းတော်မှာကို "မဟာရင်္ဂ=များစွ
သော ဆိုးရည်ဖြင့်ဆိုးအပ်သောအရောင်သည် မအပ်" လို့ ပယ်ထားရုံမက
ဖုဿထေရဂါထာမှာလဲ "နီလစီဝရပါရုတာ စရိဿန္တျရိယာဝိယ=သင်္ကန်
ညိုကြီးများကို ဝတ်ရုံသုံးစွဲကာ အရိယာများလို့ ထင်ရလောက်အော
ဟန်ဆောင်၍ လှည့်လည်ရစ်ကြလိမ့်မည်" လို့ မိန့်တော်မူခဲ့ပါတယ်။

**ဓမ္မဂုတ်။** ။ဟဲဟဲ....ယခုအခါ သင်္ကန်းညိုကြီးဝတ်ပြီး ယောဂီလိုလို ရဟ
လိုလို ညာနေတဲ့ သူတော်ကောင်းဆိုသူတွေကို တဲ့တဲ့ကြီးပစ်ခတ်လိုက်
အမြောက်ဆံလိုပါဘဲလား၊ ဒီလိုဆိုယင် ပိန္နဲရောင်ရင့်ရင့် ညောင်ခေါ
ရောင်ဟာ ဝိနည်းတော်အားဖြင့်ငင်း, ဖုဿမထေရ်မြတ်ရဲ့ အလိုအားဖြ
ငင်း အသင့်တော်ဆုံးလို့ ဆိုရမှာဘဲ။

**တပည့်တော်။** ။ဟုတ်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။"အနေအထိုင်တတ်ဘို့က ဆဋ္ဌမ" ရဲ့ ရည်ရွယ်ချက်က ဘယ်လိုတုန်း

**တပည့်တော်။** ။အသင်အပြ မရှိယင် ဆရာသမားနဲ့ ကိုယ့်ထက် ကြီးသူရဲ
အနားမှာ လေးလေးစားစား နေနည်းထိုင်နည်းများကို မရကြပါဘူး
ဒါ့ကြောင့် ဆရာသမားရှေ့, ကြီးသူများရဲ့ရှေ့၌ ရိုသေစွာ နေထိုင်ရပုံ
အချင်းချင်းလဲ ကိုးရို့ကားယား မနေကြဘဲ သိက္ခာရှိရှိ နေထိုင်ရပုံ
ဒကာ-ဒကာမတို့ အနီးမှာလဲ မိမိက အောက်ကမနေမိစေဘဲ ရိုသေစရ

ကောင်းအောင် နေထိုင်ရပုံ ၊ ဤ အားလုံးကို မကြာမကြာ သတိပေးပါတယ်၊ တချို့ ကိုယ်တော်များက တံတိုင်းပေါ် ထိုင်တတ်ပါတယ်၊ လူကာလသားများလို အင်မတန် အကြည့်ရဆိုးပါတယ်။

**ဓမ္မဂုတ်**။ ။ "အပြောအဆို တတ်ဘို့က သတ္တမ" ဆိုတဲ့ ရည်ရွယ်ချက်က ဘယ်လိုတုန်း။

**တပည့်တော်**။ ။လူအချင်းချင်း ပြောသလို ရဟန်း သာမဏေအချင်းချင်း မင်းနဲ့ ငါနဲ့ ကွာနဲ့ ပြောသံတွေဟာ ယခုအခါ နားမချမ်းသာအောင် ပြည့်လျှံနေပါတယ်၊ ရဟန်း သာမဏေဆိုတာ ကြီးသူကခေါ်ယင် "ဘုရား= အရှင်ဘုရား "လို့ ထူးပြီး "တပည့်တော်က, အရှင်ဘုရားက, ကိုရင်က, ဦးပဥ္စင်းက, ဘုန်းကြီးက" စသည်ဖြင့် ပြောမှ ရဟန်းအသုံးအနှုန်း မှန်ပါတယ်၊ လူဝတ်ကြောင်များနဲ့ ပြောတဲ့အခါလဲ "ခင်ဗျား , ကျုပ်"လို့ ပြောတာလဲ မကောင်းပါဘူး၊ ဒကာဖြူ, ဒကာမနီ စသည်ဖြင့် သူ့နာမည်ရှေ့က "ဒကာ-ဒကာမ" ဆိုတဲ့ စကားလုံးကို ထည့်ပြီးသုံးမှ သာသနာ့အသုံး မှန်ပါတယ်၊ ဒါ့ကြောင့် အပြောအဆိုကိုလဲ မကြာမကြာ သတိပေးရပါတယ်၊ တာဝန်ခံများကို အမြဲ သင်ပေးစေရပါတယ်။

**ဓမ္မဂုတ်**။ ။ "အသွားအလာတတ်ဘို့က အဋ္ဌမ"ဆိုတာ ဘယ်လို ရည်ရွယ်ချက်ပါလဲ။

**တပည့်တော်**။ ။ရပ်ရွာ မိဘရင်း, ဆရာရင်းတို့က ဘာမှမပြုပြင်ကြ, ပြုလဲ မပြုပြင်တတ်ကြတော့ ကျောင်းတိုက်သို့နေဘို့ ရောက်လာသူများတွင် တချို့ရဲ့ သွားပုံ လာပုံဟာ ကြည့်လို့မကောင်းပါဘူး၊ တချို့မှာ ဆွမ်းခံသွားရာမှာ စ၍ ကာလသားများလို ရင်ဘောင်တန်းသွားကြပါတယ်၊ လုံးလုံး မသင့်လျော်ပါဘူး၊ ဒါ့ကြောင့် ဆိုင်ရာ တာဝန်ခံများက အသွားအလာတတ်အောင် ပြုပြင်ကြရပါတယ်၊ ဘိနပ်စီးတာလဲ မြေကြီး၌ ရုပ်တိုက်မစီးဘို့, ဘိနပ်အသစ် စီးတဲ့အခါ တဲ့နိုင်သမျှ တဲ့တဲ့စီးဘို့ စသည်ဖြင့် အမြဲ ပြုပြင်ရပါတယ်၊ စာတတ်သော်လဲ အသွားအလာ မတတ်ယင် အထင်သေးစရာ ဖြစ်ပါတယ်၊ ဘုရားရှင်ရဲ့ ကြွသွားပုံကို ကျမ်းစာတို့၌ ပြထားပါတယ်, အလွန် ကြက်သရေရှိပါတယ်၊ ဒါ့ကြောင့် "အသွားအလာတတ်ဘို့ကို အဋ္ဌမ"လို့ ဆိုထားပါတယ်။

**ဓမ္မဂုတ်**။ ။"စည်းကမ်းလိုက်နာဘို့က နဝမ"ဆိုတာ ဘာအဓိပ္ပါယ်လဲ။

တပည့်တော်။ ။ ရှေးလူကြီးများ ၊ ဆရာသမားကြီးများရဲ့ ကောင်းသော စည်းကမ်း ထုံးစံ ဥပဒေကို နောက်လူများက လိုက်နာဘို့ တာဝန်ရှိပါတယ်၊ တပည့်တော်ရဲ့ ကျောင်းတိုက်မှာလဲ စည်းကမ်းတွေ အများအပြားပင် ရှိပါတယ်၊ အဲဒီစည်းကမ်း မလိုက်နာယင်တော့ ကျောင်းတိုက်မှာ နေလို့ မဖြစ်ပါဘူး၊ ဒါ့ကြောင့် ကျောင်းတိုက်စည်းကမ်းဖြစ်စေ ၊ အခြားနေရာ အတွက် တည်ရှိသောစည်းကမ်းဖြစ်စေ၊ ဆိုင်ရာစည်းကမ်းကို လိုက်နာတတ်ဘို့ အရေးကြီးသောကြောင့် ဤ နဝမအချက်ကိုလဲ ထည့်ရပါတယ်။

ဓမ္မဂုတ်။ ။"စာတတ်ဘို့က ဒသမ"ဆိုတာ ဘယ်လို ရည်ရွယ်ပါသလဲ။

တပည့်တော်။ ။အများအယူအဆက "စာတတ်ဘို့ကို ပဌမ"လို့ ယူဆဟန် တူပါတယ်၊ ဒါပေမဲ့ စိတ်ကောင်းမရှိဘဲ၊ ဝိနည်းကို မလေးစားဘဲ၊ အဝတ်-အရုံ- အနေ- အထိုင်- အပြောအဆို မတတ်ဘဲ စာတတ်ရုံ သက်သက်ဖြင့် သူ့မှာလဲ ကုသိုလ်မရပါဘူး၊ သာသနာတော်ကိုလဲ မပြုစုနိုင်ပါဘူး၊ ဝိနည်း လေးစားမှု စသော အားလုံးဂုဏ်တွေ ပြည့်စုံနေပေမဲ့ မကျွန်းမာယင်လဲ သူ့ကျိုး-ကိုယ့်ကျိုး ဘာတခုမှ မပြုနိုင်ပါဘူး၊ ဒါ့ကြောင့် စိတ်ကောင်းရှိမှု စသည် အားလုံးပြည့်စုံမှ စာတတ်ရကျိုး နပ်ပါတယ်ဘုရား၊ ဒါ့ကြောင့် စာတတ်မှုကို နောက်ဆုံးထားရပါတယ်၊ (စာမတတ်လို့ အပါယ်မကျပါ ဘူး၊ စိတ်ကောင်းမရှိယင်၊ ဝိနည်းမလေးစားယင် အပါယ်ကျနိုင်ပါတယ်၊ ဒါ့ကြောင့် စာတတ်မှုဟာ စိတ်ကောင်းရှိမှုလောက် အဘိုး မတန်သည့် အတွက် အရေးမကြီးလှပါ၊ အရေးမကြီးသောကြောင့်လဲ နောက်ဆုံးမှာ ထားရပါတယ်)။

ဓမ္မဂုတ်။ ။ကိုယ်တော့် ကျောင်းတိုက်အတွက် စီစဉ်ထားတဲ့ ဂုဏ်အင်္ဂါ (၁၀) ချက်ဟာ တန်းကြီးကျောင်းတိုက်တိုင်းမှာရှိယင် သာသနာတော် အသရေ တိုးလာမှာဘဲနော်၊ ဒီအင်္ဂါ (၁၀) ပါးကတော့ လူ့အိမ်မှာလဲ ရှိသင့် ၊ လူဝတ်ကြောင်များရဲ့ စာသင်ကျောင်းတိုင်းမှာလဲ ရှိသင့်တာပါဘဲ။

တပည့်တော်။ ။ဒီအင်္ဂါ (၁၀)ချက်ကို တပည့်တော်ရဲ့ ကျောင်းတိုက်အတွက် သာ ရည်ရွယ်တာ မဟုတ်ပါဘူး၊ အနာဂတ်သာသနာ ပြုနိုင်တဲ့အခါ ကျောင်းတိုင်းကျောင်းတိုင်းမှာ ဒီအင်္ဂါရှိဘို့ ရည်ရွယ်တာဖြစ်ပါတယ်။

ဓမ္မဂုတ်။ ။ဒါထက် ယနေ့ဟာ ကိုယ်တော်ရဲ့ (ခုနစ်ဆယ့်တနှစ်ပြည့်မွေးနေ့) မဟုတ်လား၊ ကိုယ်တော်က မွေးနေ့အထိမ်းအမှတ်အနေနဲ့ ဘာကုသိုလ်မှ အထူးမလုပ်ဘဲကိုး။

**တပည့်တော်။** ။တပည့်တော်က မွေးနေ့အထိမ်းအမှတ်ပွဲလုပ်ယင် တပည့်တော်ရဲ့ ဒကာ-ဒကာမများက အလှူဒါန ပြုကြပါလိမ့်မယ်၊ အဲဒီလို အပိုကုန်တာကို တပည့်တော်က မူအားဖြင့် မလိုလားပါဘူး၊ အမြဲလှူနေကြတဲ့ ဆွမ်းဒါနကိုပင် ကျေးဇူးတင်လှပါပြီ၊ ဒါ့ကြောင့် မွေးနေ့ အထိမ်းအမှတ်ပွဲ လုပ်လေ့မရှိပါဘူး။

**မမွဂုတ်။** ။ဒီလို အလှူဒါန အပိုပြုကြတော့ ကုသိုလ်အပိုရတာဘဲ မဟုတ်လား၊ ကိုယ်တော်က ကုသိုလ်ရမှာကို ပိတ်ပင်ရာရောက်နေပါ့မယ်။

**တပည့်တော်။** ။တပည့်တော်တို့ရဲ့ မြန်မာလူမျိုး ဒကာ–ဒကာမတွေမှာ ဒါန ကုသိုလ် မနဲပါဘူးဘုရား၊ သီလစစ်စစ်ကုသိုလ်နဲ့ ဘာဝနာစစ်စစ်ကုသိုလ် ကသာ နဲနေရှာကြတာပါ၊ တချို့လဲ မွေးနေ့ဆိုပြီး ကျေညာတာကြောင့် မလှဲသာလှဲသာ ပြုရတဲ့ဒါနတွေပါ၊ အဲဒီဒါနကတော့ ကုသိုလ်ရမှာ မဟုတ်ပါဘူး၊ ပြီးတော့လဲ အရှင်ဘုရားကိုယ်တိုင် ဝိနည်းကိုစဉ်းစားပါဦး၊လူတွေ လှူအောင် ရည်ရွယ်ပြီးလုပ်ယင် ဝိညတ္တိမဖြစ်သော်လဲ ပရိယာယ်သြဘာသ နိမိတ်ပြုရာတော့ ရောက်နေပါတယ်၊ ဒီလိုဆိုတော့ အဲဒီ လှူသမျှတွေဟာ ရဟန်း သာမဏေများ မသုံးကောင်းပါဘူး။

**မမွဂုတ်။** ။လူလဲ မလာစေချင်, အကုန်လဲ အပိုမခံစေချင်ယင် ကိုယ်တော့် ရှိတာကလေးကိုလှူပြီး မွေးနေ့ဒါန လုပ်ပါလား။

**တပည့်တော်။** ။တပည့်တော်ရှိတာကိုတော့ မွေးနေ့မှလှူနေတို့ မလိုပါဘူး၊ နေ့စဉ် တပည့်တော်ဆိုင်ရာရော, သံဃာ့ဆိုင်ရာရော, နဝကမ္မပတ္တုတွေနဲ့ နံနက်ဆွမ်းစားကြတို့, နေ့လဲ ဟင်းချက်ဘို့ ဒါနဖြစ်နေပါတယ်၊ စာချ ဘုန်းကြီးများနဲ့ တချို့ တာဝန်ဆောင်များအတွက် သက်န်းစသည်ကိုလဲ လိုတဲ့အခါ လှူနေရပါတယ်၊ ဒါ့ကြောင့် မွေးနေ့ကျမှ အထူး ဒါနပြုဘို့လဲ မလိုပါဘူး၊ နေ့စဉ်ပြုတဲ့ဒါနနဲ့ မွေးနေ့ကျမှပြုတဲ့ဒါန ၂ မျိုး ယှဉ်ကြည့်ယင် နေ့စဉ်ဒါနက မသာပေဘူးလား၊ မွေးနေ့ဆိုတဲ့ စွဲလမ်းမှုဒါနမှာ တဏှာခြံရံနေလို့ သံသရာမှာ ကြာရှည်ဘို့ အထောက်အပံ့တောင် ဖြစ်နိုင်ပါသေးတယ်၊ ထို့ပြင်–သမ္မုတိ (ပညတ်) အားဖြင့်သာ "မွေးနေ့, သေနေ့"လို့ ခွဲရတာပါ၊ ပရမတ္ထအားဖြင့်တော့ ခဏတိုင်းမှာ ရုပ်တွေဟာ တခါတခါ သေပြီး, တခါတခါ ထပ်မွေးနေတာဖြစ်ပါတယ်၊ နာမ်က ဒါ့ထက်မြန်ပါ သေးတယ်၊ ဒါ့ကြောင့် ပညတ်မွေးနေ့ကို ရှုတာထက် ပရမတ်မွေးနေ့ကို ရှုရတာက သာပြီး သဘာဝလဲကျ, ဝိပဿနာဘာဝနာလဲ ဖြစ်ပါတယ်၊

ဘုရားရှင်မှစ၍ အဂ္ဂသာဝက မဟာသာဝက ဘိက္ခု ဘိက္ခုနီများနဲ့ တကွ ရှေးရှေးက သာသနာ့ဝန်ဆောင် ထိပ်ခေါင်တင် အရှင်မြတ်တွေ မွေးနေ့ အထိမ်းအမှတ် မပြုခဲ့ကြပါ ဘုရား။

**ဓမ္မဂုတ်**။ ။ ကိုင်း ကိုင်း.... သိစရာများလဲ အတော်စုံပါပြီ၊ ကိုယ်တော်ရဲ့ ၇၁ နှစ်အရွယ်တိုင်အောင် အားထုတ်ခဲ့သမျှလဲ အတော်အတန် အရာထင် ပါပြီ၊ ကျောင်းတိုက်လဲ သာသာယာယာနဲ့, ကျမ်းစာတွေလဲ အတော် ပြီးနေပါပြီ၊ ကိုယ်တော်ရဲ့ ဆန္ဒအတိုင်း အသက်ရှည်ရှည်နဲ့ နောက်ထပ် ရည်ရွယ်တဲ့ ကျမ်းစာများ ပြီးစီးတဲ့အပြင်, သာသနာတော်ကြီးကိုလဲ ဘိုးဘွားမိဘတို့လက်ထက်က သာသနာတော်ထက်ပင် တိုးတက်ထွန်းလင်း အောင် ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်တောင်းပါတယ်။

**တပည့်တော်**။ ။ အရှင်ဘုရား ဆုတောင်းတာတော့ ဝမ်းမြောက်ပါတယ်၊ ဒါပေမဲ့ ဆရာတော်ကြီးများရော, အစိုးရရော, တိုင်းပြည်ကပါ အားပေး ကူညီမှ တပည့်တော့်ဆန္ဒအတိုင်း အထမြောက်စရာရှိပါတယ်၊ တပည့်တော် ကလဲ အထမြောက်သည်ဖြစ်စေ, မမြောက်သည်ဖြစ်စေ ဗုဒ္ဓမြတ်စွာသည် နောက်ဆုံး ပရိနိဗ္ဗာန်စံတော်မူချိန်အထိ သတ္တဝါများရဲ့အကျိုးကို ဆောင် တော်မူပုံနဲ့, အလောင်းအလျာ ဘဝတုန်းက သတ္တဝါအများရဲ့အကျိုးကို နောက်ဆုံး ဝေဿန္တရာမင်းဘဝအထိ ဆောင်ခဲ့ပုံကို ကြည်ညိုလွန်းလို့ တပည့်တော့်အသက်ကို ဘုရားသာသနာတော်မှာ စွန့်လှူသောအားဖြင့် သာသနာတော်အရေးကို ကြိုးစားဘို့ တာဝန်ရှိနေပါတယ်ဘုရား။

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက, နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ, ချမ်းသာရေးကို, အသက်ပေး၍ ပြုခဲ့သည်။
ဗုဒ္ဓမြတ်စွာ, သာသနာအတွက်တော့, ငါပါအသက် ဆုံးစေမည်၊
နောက်မဆုတ်ပေါင်, ခုလိုတွေးလို့, ကုသိုလ်ရေးမို့ ကြိုးစားမည်။

**ဓမ္မဂုတ်**။ ။(၇၁)နှစ် အတွင်းမှာ အစည်းအဝေးများ၌ မှတ်မှတ်သားသား ပြောဆိုဘူးတာများရှိယင် အများအတွက် သိချင်ပါသေးတယ်။

**တပည့်တော်**။ ။အများအတွက် ဟောကြားဘူးတာတော့ အများကြီးပါဘဲ၊ ဒီအထဲမှာ (ပရဟိတ) အစည်းအဝေးတုန်းက ဟောကြားထားတဲ့ စကား ကတော့ အတော်စုံလင်ပါတယ်။

**ဓမ္မဂုတ်**။ ။ပြောစမ်းပါကိုယ်တော်။

## ပရဟိတ သံဃာ့အစည်းအဝေး၌ အရှင် ဇနကာဘိဝံသ လျှောက်ထားချက်

အကျိုးဆောင်ဆရာတော်က တပည့်တော်ကို ဩဝါဒကထာချီးမြှင့်ပါရန် တောင်းပန်သော်လဲ ပရဟိတအဖွဲ့ဝင် အရှင်မြတ်တို့အား ဩဝါဒအနေအားဖြင့် မိန့်ခွန်းပေးခြင်းထက် ရိုသေစွာ လျှောက်ထားခြင်းက သံဃာ့ဂါရဝ ဖြစ်သောကြောင့် သာသနာတော်ထုံးတမ်းအရ ရိုသေစွာ လျှောက်ထားပါရစေဘုရား။

ယခု လျှောက်ထားမည့် အကြောင်းအရာများကို အရေးကြုံလာမှ ကြံတွေး၍ ဝတ်ကြေတန်းကြေလျှောက်ခြင်း မဟုတ်ပါ၊ ကြာမြင့်စွာ စဉ်းစားပြီးဖြစ်၍ တပည့်တော်ရဲ့ နှလုံးအသဲထဲမှာ စွဲနေပြီဖြစ်သော အကြောင်းအရာများဖြစ်ပါသည်၊ ပရဟိတ သံဃာ့အဖွဲ့ဝင် အရှင်ဘုရားတို့လဲ တပည့်တော်ကဲ့သို့ သာသနာ့အရေးကို တွေးပြီးဖြစ်ကြလိမ့်မယ်လို့ ယုံကြည်ပါသည်၊ သို့ဖြစ်၍ "ယခုလျှောက်မည့် အချက်တို့တွင် များစွာသော အချက်တို့မှာ အရှင်တို့နဲ့ သဘောတူစရာရှိနိုင်ပါ၏"လို့ မြော်လင့်ကာ ပွင့်ပွင့်လင်းလင်း လျှောက်ပါရစေဘုရား။

**ရှေးဖြစ်ဟောင်း အောက်မေ့ဘွယ်**

တပည့်တော်များရဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝယ် အနှော်ရထာမင်း လက်ထက်မှစ၍ ခိုင်မြဲစွာ အခြေစိုက်လာခဲ့သောကြောင့် ယခုအချိန်ထိဆိုယင် နှစ်ပေါင်း(၉၃၀)ကျော် ကြာရှည်ခဲ့ပါပြီ၊ သို့ဖြစ်၍ မြန်မာနိုင်ငံတော်ဝယ် သာသနာတော်အသက်သည် မူလဘုရားပွင့်တော်မူရာ အိန္ဒိယနိုင်ငံထက်ပင် ကြာရှည်စွာ တည်ခွင့်ရသည်လို့ ယူဆပါသောကြောင့် တပည့်တော်ရဲ့စိတ်မှာ တိုင်းသူပြည်သားနဲ့ သာသနာ့ဝန်ဆောင် ရှေးရှေးထိပ်ခေါင်တင် ဆရာတော်သံဃာတော်များကို လေးလေးစားစား ကျေးဇူးတင်ပါတယ်ဘုရား။

**တာဝန်ကြေသော ဆရာတော်များ**

ထိုစဉ်အခါက သာသနာ့တာဝန်ကို လူဒါယကာများဘက်ကလည်း လူ့အလိုက်, သံဃာတော်များဘက်ကလဲ သံဃာ့အလိုက် သိုက်သိုက်မြိုက်မြိုက် တာဝန်ကြေအောင် ထမ်းဆောင်ခဲ့ကြသောကြောင့် ယခုလောက် အချိန်ကြာရှည်စွာ သာသနာ

တော် တည်နေပါသည်၊ ထင်ရှားစေပါဦးမည်—ထိုအချိန်က ဆရာတော် အဆက်ဆက်သည် ဘုရား-တရား-ပိဋကကျမ်းစာများကိုလဲ ပါရဂူရောက် တတ်မြောက်အောင် သင်ယူတော်မူကြ၏၊ သူ့ခေတ်သူ့ခါ လူဝတ်ကြောင် များနဲ့ဆိုင်တဲ့ အပြစ်ကင်း ပညာများကိုလဲ ဆရာအဖြစ်ရောက် တတ် မြောက်အောင် ကြိုးစားတော်မူကြ၏၊ ထိုသို့တတ်မြောက်ပြီးသောအခါ ကိုယ်တိုင်လည်း အနေအထိုင် သိုသိမ်းစွာဖြင့် ဗုဒ္ဓတရားတော်များမှ လူနဲ့ဆိုင်သော ပေါင်းသင်းဆက်ဆံမှု ယဉ်ကျေးမှုများကိုလည်း ကလေး သူငယ်တို့အား သင်ပြတော်မူကြ၏၊ လူဝတ်ကြောင်ဆိုင်ရာ "နေ၁ ကေ နေ၁" စသော ဂဏန်းသင်္ချာကိုလည်း စပါးတွက်၊ သစ်တွက် မကျန် သင်ပေးတော်မူကြ၏။

ထိုသို့ ခေတ်အားလျော်စွာ လူ့တဘဝလုံး အသုံးကျအောင် သင်ပြ ပေးလိုက်ရုံမက ကျောင်းမှထွက်ပြီးသော တပည့်များကိုလည်း အသောက် အစား အကစား မရှိရအောင် မကြာမကြာ ဆုံးမတော်မူကြသဖြင့် ရွာတိုင်း ရပ်တိုင်းမှာ ထိုခေတ်နဲ့လျော်သော လူတော် လူကောင်းတွေ အပြည့် ရှိနေကြပါသည်၊ ထိုသို့သော ဘုန်းတော်ကြီးများရဲ့ တပည့် တယောက် နှစ်ယောက်စသော သဒ္ဓါပညာ ထူးချွန်သူတို့လည်း ရဟန်း ဘဝသို့ ရောက်လာကြသဖြင့် ထိုရဟန်းတော်များလည်း အများအားဖြင့် ရပ်ရွာရဲ့ ဆရာဖြစ်နိုင်သော အရည်အချင်း ပြည့်ဝသူများသာ ဖြစ်ပါ ပေသည်။

**တာဝန်ကြေသော ဒကာများ**

လူဝတ်ကြောင်ဘဝ၌ နေကြရသော ဒကာတို့တွင် ရပ်သူ ရွာသားလည်း ဘုန်းကြီးကျောင်းထွက်၊ ရွာသူကြီးလည်း ဘုန်းကြီးကျောင်းထွက်၊ မူကြီးမတ်ရာ သေနာပတိအပြင် ရှင်ဘုရင်သော်မှလည်း ဘုန်းကြီးကျောင်းသားပင် ဖြစ်ခဲ့ရကား၊ မိမိတို့ရဲ့ တဘဝလုံး လူရာဝင်ရေးကို ( အခကြေးငွေ တပြားတချပ်မှ မယူဘဲ ) သက်သက် မေတ္တာကရုဏာရှေ့ထား၍ သင်ပေးလိုက်သော ဆရာသမား တို့အား ပြော၍မပြနိုင်အောင် ကျေးဇူးတင်လှသဖြင့် မိမိတို့ စားဦး စားဖျားကို ကြည်ကြည်ဖြူဖြူ ပေးလှူကြ၊ လူရည်တတ်ဖြစ်သော တပည့် များကလည်း ဘုရားတည်ကြ၊ ကျောင်းဆောက်ကြ၍ မူးမတ်သေနာပတိ နှင့် ပြည့်ရှင်မင်းတို့က သာသနာတော်ကို ချီးမြှောက်ကြသဖြင့် ဒကာ့ တာဝန်ကို အစွမ်းကုန် ကြေပွန်စေကြပါသည်၊ ဤနည်းအားဖြင့် မြန်မာ

မင်းအဆက်ဆက်တို့ လက်ထက်ဝယ် ဆရာ-ဒကာ တာဝန်ကြေပြွန်စွာ ရွက်ဆောင်လာမှုကြောင့် ဤ သာသနာတော်သည် မြန်မာနိုင်ငံတော်၌ ဤမျှကြာရှည်အောင် တည်နေနိုင်ခဲ့ပါသည်။

**ခေတ်ပြောင်းချိန်**

ဤနည်းအားဖြင့် တပည့်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ဤ မြန်မာနိုင်ငံ သာသနာတော်ဝယ် အမျိုးဘာသာ-သာသနာ-ပညာအကျိုးကို ဆရာနဲ့ ဒကာ စည်းလုံးစွာဖြင့် ရွက်ဆောင်နိုင်ခဲ့ပါသော်လည်း သင်္ခါရ မှန်သမျှတို့ ပြောင်းလဲကြရသည့် ဓမ္မတာဖြစ်ရကား, မင်းတုန်းမင်းလက်ထက်၌ မန္တလေးနေပြည်တော်ဝယ် "သံတဲကျောင်း" ခေါ် အင်္ဂလိပ်စာပေပညာကို သင်ပေးသောကျောင်း တကျောင်း ပေါ်ခဲ့ပါသည်၊ ထိုကျောင်း၌ မင်းဆွေ-မင်းမျိုးများအပြင်, ဘုရင်မင်းရဲ့သားတော်အချို့လည်း အခြွေအရံများနဲ့အတူ နေ့စဉ်သွား၍ ပညာသင်ကြသည်လို့ တဆင့်ကြားဘူးပါသည်။

ထိုသို့ မင်းသားများ ဘာသန္တရသင်ခြင်းသည် အပျော်တမ်းသင်ခြင်း မဟုတ်, နိုင်ငံခြားနဲ့ ဆက်ဆံရာဝယ်(စကားပြန်မထားဘဲ)မိမိတို့ဘာသာ တိုက်ရိုက် ဆက်ဆံနိုင်အောင် သင်ကြခြင်း ဖြစ်ပါလိမ့်မည်၊ သို့ဖြစ်လျှင် ရှေးရှေးကသင်လာသော သင်ရိုးပညာသည် "နေရာတိုင်းမှာ အသုံးမဝင်" ဟု အမိပ္ပါယ်သက်ရောက်နေရကား, ထိုအချိန်ကပင် ထိပ်ခေါင်တင်ဆရာတော် အချို့လည်း ထို အမိပ္ပါယ်ကို စဉ်းစားမိတော်မူကြပါလိမ့်မည်၊ ထို့ကြောင့်ပင် ရွှေကျင်ဆရာတော်ဘုရားကြီးသည် အင်္ဂလိပ်စာများကို "အတော်အတန် လေ့လာတော်မူသည်" လို့ တဆင့်ကြားသိရပါသည်။

**ဖြစ်ထိုက်လျက် မဖြစ်ခဲ့**

ထိုအချိန်၌ တပည့်တော်တို့ရဲ့ ဘေးတော်-ဘိုးတော်-ဆရာတော်တချို့သည် ထိုဘာသန္တရကိုလည်း "နော ကေ နော" စသော ဂဏန်းသင်္ချာလို သဘောထား၍ ကိုယ်တိုင်လေ့လာကြပြီးလျှင် မှီနေတပည့်တို့အား သင်ကြားပေးခဲ့ကြပါမူ ယခုလိုအချိန်မှာ နိုင်ငံခြား၌ ဘာသာခြားဘုန်းကြီးများ အုပ်ချုပ်လျက်ရှိသော တက္ကသိုလ်များကဲ့သို့ ပိဋကတော်နဲ့တကွ ဘာသန္တရကိုပို့ချနိုင်သော တက္ကသိုလ်ကြီးတို့သည် မန္တလေး-ရန်ကုန် နေပြည်တော်များ၌ မားမားမတ်မတ်တည်ရှိကြလေရာ၏၊ ထိုကဲ့သို့ ဖြစ်ခဲ့ယင် တပည့်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာသာသနာတော်သည် ဤနိုင်ငံတော်၌သာမက, အခြားနိုင်ငံများသို့ပင် အရှိန်အဝါ တောက်လျက်ရှိရာ၏၊ ယခုမူကား ဖြစ်ထိုက်သောအချက်များ ပျက်ကွက်

ခဲ့သည့်အတွက် များစွာသော ကျေးရွာဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသားသူငယ်မျှ မရှိကြတော့ပါ၊ ထိုသို့ ကျောင်းသားသူငယ် မရှိခြင်းမှာလဲ တပည့်တော်တို့ရဲ့ ဘုန်းတော်ကြီးများက ကလေးသူငယ်တို့ကို လူရာဝင်အောင် မသင်ပြနိုင်ခြင်းကြောင့် ဗုဒ္ဓဘာသာဝင် သားရှင်မိဘတို့က မိမိတို့သားကို မိမိတို့နေခဲ့သောကျောင်းမှာပင် ထားလိုပါလျက် မထားနိုင်တော့ဘဲ မတတ်သာလှ၍ ခပ်ခွါခွါနေကြရခြင်း ဖြစ်ပါသည်။

**သာမန်အန္တရာယ် မဟုတ်ပါ**

ကျေးရွာဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသား မရှိခြင်းသည် သာသနာတော်အတွက် သာမန်အန္တရာယ်မဟုတ်ပါ၊ သစ်ပင်ကြီး၌ ရေသောက်မြစ် ပြတ်နေသည့်ပမာ ကြီးစွာသော မမ္မန္တရာယ်ဖြစ်ကြောင်းကို (ပရဟိတ)အဖွဲ့ဝင် အရှင်ဘုရားများလဲ စဉ်းစားပြီးဖြစ်ကြပါလိမ့်မည်၊ တပည့်တော်တို့ရဲ့လက်ရှိသာသနာ့ဝန်ဆောင်များသည် ငယ်စဉ်ကစ၍ ပိဋကပညာ အလိမ္မာတို့ကို အခြေခံရခဲ့သောကြောင့် တစတစကြီးပွားလျက် သာသနာ့တာဝန်ကို ဆောင်နိုင်ကြသည် မဟုတ်ပါလော၊ ဘုန်းကြီးကျောင်းသားမရှိယင် ရှင်သာမဏေလဲ ကြာရှည်စွာဖြစ်မဲ့သူ မရှိနိုင်တော့ပါ၊ သာမဏေဘဝမှစ၍ အဆက်ဆက်တာဝန်ဆောင်ကြမဲ့ ရဟန်းတော်များလဲ မရှိနိုင်တော့ပါ၊ ထို့ပြင်— ဘုန်းတော်ကြီးများရဲ့ အသင်အပြကို မခံကြရသော တိုင်းသူပြည်သားတို့လဲ ဘုန်းကြီးများကို မိရိုးဖလာလောက်သာ ကိုးကွယ်ကြတော့မည် ဖြစ်၍ "သာသနာစစ်စစ်ကို ထောက်ပံ့မဲ့သူများ" လို့ လေးစားလောက်သူများ မဖြစ်နိုင်တော့ပါ၊ သစ်ပင်ကြီးမှာ ရေသောက်မြစ်ပြတ်နေရသည့်အပြင့် ပတ်ဝန်းကျင် အမြစ်ကလေးများမှာလဲ အအေးဓာတ် မရတော့သကဲ့သို့, အခြေခံကျောင်းသားများ မရှိသည့်အပြင် ထောက်ပံ့ချင်သူလည်း တစတစနည်းပါးရာမှ လုံးဝမရှိတဲ့အဖြစ်သို့ရောက်ရတော့မည်ဖြစ်၍ အသီးအပွင့် ဝေဝေဆာဆာနဲ့ လှန်စွာအရိပ်ကောင်းခဲ့သော ဗုဒ္ဓမြတ်စွာ သာသနာ့သစ်ပင်ကြီးသည် မကြာမီ ခြောက်သွေ့ယိုင်လဲ၍ မခိုင်မြဲသော အခြေသို့ ရောက်ရပါတော့မည်။

**အန္တရာယ်ကို ဘယ်လိုတားမလဲ**

တပည့်တော်များရဲ့ ဘုရားရှင်သည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှစ၍ အကြောင်းရှိမှ အကျိုးဖြစ်ပုံကို ဟောပြတော်မူလေ့ရှိပါတယ်၊ "အကြောင်းမဲ့သက်သက် အကျိုးဖြစ်သည်" လို့ တခုတလေမျှ ဟောတော်မမူပါ၊ တပည့်တော်တို့ သာသနာတော်

ဆုတ်ယုတ်ရာမှ ကွယ်ပမဲ့အချက်၌လည်း ပြခဲ့သောအကြောင်းကြောင်းတွေ ထင်ရှားနေပြီ မဟုတ်ပါလော၊ မကောင်းသော အကြောင်းကြောင့် မကောင်းသောအကျိုးကိုတွေ့ရယင် မကောင်းသောအကြောင်းနေရာဝယ် ကောင်းသော အကြောင်းကို လဲလှယ်နိုင်ပါမူ ကေန်မုချ ကောင်းကျိုး ရဦးမည်ကိုလည်း တပည့်တော်တို့ သိနိုင်ကြပါသည်၊ ယခုအခါ ဘုန်းတော်ကြီး ကျောင်းများ၌ ကျောင်းသားမရှိမှုသည် အရေးအကြီးဆုံးအကြောင်း လို့ ကောင်းကောင်း သဘောပေါက်ပြီးသော တပည့်တော်တို့သည် ကျောင်းသားရှိလာအောင် ဘယ်လို ပြုပြင်ကြမည်နည်း၊ ခေတ်ဟောင်း တုန်းက ပဌမပြန် စိုးစမ်းရေးကော်မီတီ ပေါ်လာသောအခါ ကော်မီတီတွင် ပါဝင်သော ကျေးဇူးရှင် အဘယာရာမဆရာတော်သည် မူလတန်း ဂဏန်း သင်္ချာနဲ့ အခြေခံပါဠိမျှကို ပထမငယ်တန်းမဝင်မီ တဆင့်တားဘို့ အကြံ ပေးခဲ့ဘူးပါသည်။

အရေးကြီးသော အချိန်

ယခုအခါ သာသနာကို ပြုပြင်လိုသော ပုဂ္ဂိုလ်များ အတော်ကလေး လှုပ်လှုပ်ရှရှ ဖြစ်လာကြပါပြီ၊ လှုပ်လှုပ်ရှရှဖြစ်ရခြင်း မှာလဲ ဤအတိုင်းသွားယင် "မြန်မာနိုင်ငံ သာသနာသည် သိပ်မကြာတော့"ဟု အမြင်ပေါက်သူတွေ များလာသောကြောင့် ဖြစ်ပါသည်၊ မြန်မာနိုင်ငံ သာသနာတော်သည် တနည်းအားဖြင့် ဆေးမှား မခံသော သူနာနဲ့ တူနေပါသည်၊ ဘာဆေးမျှမကျွေးဘဲ လက်ရှိ ဓာတ်စာများနဲ့ ထားယင် ဤသူနာသည် သူ့အလိုလို ဖြေးဖြေး သွားရှာပါလိမ့်မည်၊ ခေတ်ပေါ် ဆေးများကို တိုက်ကျွေး ကုသယင်ကား အနာနဲ့ဆေး သင့်အောင် ပေးဘို့ အရေးကြီးပါသည်၊ ဆေးတချက် မှားယင် ဖြတ်ကနဲ သွားပါလိမ့်မည်။

ဤဥပမာဖြင့် "ဘာကို ဆိုလိုပါသလဲ"လို့ မေးယင် လက်ရှိ စာသင်-စာချ-စာမေးပွဲကျင်းပ၍ ဘုရားပွဲ, ကျောင်းပွဲ, ကထိန်ပွဲ, ရှင်ပြုအလှူပွဲ စသော ပကာသနဒါနမှုတို့သည် ဤသို့ ပြုယင်းပြုယင်းပင် သာသနာတော်လဲ တဖြေးဖြေး ဆုတ်၍ဆုတ်၍ လာသောကြောင့် မြှော်လင့်ချက်မရှိသော လူမမာကို "စားချင်တာ စားပါစေတော့"လို့ ဆေးဆရာက ပြောသဖြင့်, ဆွေမျိုးများက စားချင်တာကို ပေးနေသည်နဲ့ တူလှပါသည်၊ ဤနည်းကို တဖြေးဖြေးသွားမဲ့"သူနာကြိုက် ဓာတ်စာပေးနည်း" လို့ ဆိုလိုပါသည်။

ကြိုတင်၍ စဉ်းစားဘွယ်

တဖန် အင်္ဂလိပ်စာ ဂဏန်းသင်္ချာတို့ကို ဆရာလုပ်ဘို့သင်ပေး၍ ကျေးရွာ ကျောင်းများ၌ ကျောင်းသားတွေ ပြန်လည်လာစေမည်ဟု ရည်ရွယ်သော်လဲ တကယ် တတ်လာသောအခါ လူထွက်သူကထွက်, ကျောင်းလခယူ၍ စာပြသူကပြ, ဤသို့ လုပ်နေကြလျှင်ကား ဆေးမှားသောသူနာလို မကြာခင် သာသနာ ကွယ်သွားပါလိမ့်မည်၊ ဤအချက်သည် အမှန် တင်ကြို၍ တွက်ရမဲ့အချက် ဖြစ်ပါသည်၊ ဘာ့ကြောင့်နည်း, အနုမြူခေတ်ကို တွေ့ရှိအောင်ကြိုးစားသော လောကခေတ်ဆရာတို့သည် သူတို့ရဲ့ အနုမြူကို လူသားများအကျိုးရှိသောနေရာတွင် သုံးစေလိုသော်လဲ ယခုအခါ လူသားတွေ အစုလိုက် အပြုံလိုက် သေမဲ့ကိစ္စ၌ အသုံးချနေသကဲ့သို့, မြော်လင့်ချက်ကတခြား လက်တွေ့ကတခြား ဖြစ်နေတတ်သောကြောင့် ဘာသန္တရအတွက် သာသနာကွယ်လွယ်မဲ့ အချက်ကိုလဲ ကြိုတင်၍ တွက်ရပါလိမ့်မည်။

တကယ် မြော်လင့်ဘွယ်

တပည့်တော်များ၏ သာသနာ့ဝယ် သဒ္ဓါတရားဖြင့် နေထိုင်သော ရဟန်း သာမဏေများ အတော်များများ ရှိပါသေးသည်၊ ထိုရဟန်း သာမဏေများ၌ သာသနာပြုစိတ် သွင်းပေးရယင် ပရဟိတ သာသနာ့ဝန်ဆောင်တွေ အများအပြား ဖြစ်လာနိုင်စရာ ရှိပါသည်၊ အကယ်၍ တပည့်တော်သာ တတ်နိုင်လို့ စီစဉ်ရယင်....

၁။ ဤ သာသနာတော်ကို မှီလျက် မိမိတို့မှာ ကုသိုလ်ပါရမီ တိုးပွား၍ လောက–သံသရာ, နှစ်ဖြာ အကျိုးများအောင် စွမ်းဆောင်နိုင်ပုံကို သင်တန်းပေးပါမည်။

၂။ မြင်မြင်သူ လူအများရဲ့စိတ်ကို ဆွဲဆောင်နိုင်လောက်အောင် အဝတ်-အစား–အနေအထိုင်–အပြောအဆို ယဉ်ကျေးသိမ်မွေ့ဘို့ သင်တန်းပေးပါမည်။

၃။ လောဘ ဒေါသ မာန နည်းပါး၍ လောကီ ဂုဏ်ပကာသနကို လိုလားစိတ် ကင်းဘို့ သင်တန်းပေးပါမည်။

၄။ ပိဋကစာပေနဲ့တကွ အနုဝဇ္ဇ သိပ္ပဝိဇ္ဇာတို့ကို ဆရာလုပ်နိုင်သည် အထိ တတ်မြောက်အောင် သင်ယူကြဘို့ သင်တန်းပေး၍, ထိုကဲ့သို့ သင်ယူနိုင်အောင်လဲ စီစဉ်ပေးပါမည်။

၅။ ထိုပညာတို့ကို တတ်မြောက်သောအခါ အမျိုး ဘာသာ သာသနာ ပညာ အကျိုးသက်သက်ကို ပါရမီဖြစ် ဆောင်ရွက်ကြဘို့ သင်တန်းပေးပါမည်။

## ဂုဏ်ရှိရှိ တည်စေမည်လား
## ဂုဏ်မဲ့မဲ့ ကွယ်စေမည်လား

တပည့်တော် လိုလားသောအချက်များကို အရှင်ဘုရားတို့လဲ လေ့လာပြီး ဖြစ်ကြပါလိမ့်မည်၊ တပည့်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကို ပြုခဲ့သော ဂုဏ်အင်္ဂါတို့နဲ့ ပြည့်စုံသော ပုဂ္ဂိုလ်အများ စိတ်ထားညီညီနဲ့ ထမ်းဆောင်နိုင်ကြပါလျှင်၊ ဗုဒ္ဓမြတ်စွာ သာသနာတော်သည် ဤမြန်မာ နိုင်ငံတော်ဝယ် ဂုဏ်ရှိရှိနဲ့ ခိုင်ခံ့ တည်ကြည်စွာ အမျိုး ဘာသာ ပညာ အကျိုးကို ရွက်ဆောင်လျက် ဘုန်းကြက်သရေ တိုးတက်နေပါလိမ့်မည်။

ထိုသို့မျှ မထမ်းဆောင်နိုင်ကြလျှင်ကား တပည့်တော်တို့ အားလုံးပင် ဂုဏ်မဲ့သိက်မဲ့ဖြစ်ကာ ဤ သာသနာတော်လဲ ဤနိုင်ငံမှ ကွယ်ပပါလိမ့်မည်၊ ထို့ကြောင့် "နိုင်ငံတော်အဝှမ်း၌ သီတင်းသုံး နေထိုင်ကြသော ရဟန်း သာမဏေတို့အား ဂုဏ်ရှိရှိနဲ့ သာသနာတော်ကို တည်စေကြမည်လား၊ ဂုဏ်မဲ့သိက်မဲ့နဲ့ သာသနာတော်ကို ကွယ်စေကြမည်လား" ဟူသော ပြဿနာ ကို ဤ ပရဟိတသံဃာ့အဖွဲ့ဝင် အရှင်မြတ်တို့၏မျက်မှောက်၌ မေးလျှောက် လိုပါသည်၊ သာသနာတော်ဝင် အရှင်မြတ်တို့ဘုရား။

နိဂုံး။ ' ။ပရဟိတ, မည်နာမဖြင့်, သံဃာ့ အဖွဲ့ဝင်, အို အရှင်တို့.... ဤတွင် စည်းဝေး, သာသနာရေး၌, လေးလေးနက်နက်, လျှောက်ထားချက်ကို, နှစ်သက်ကြည်စွာ, လက်ခံပါလော၊... .... မြန်မာ ဌာနီ, ရှေးခါဆီဝယ်, မထေရ်အပေါင်း, စံရာကျောင်းမှ, ငြိမ့်ငြောင်းသာယာ, မိန့်အာဏာ ကို, မြို့ရွာ လူများ, လွန် လေးစားခဲ့၊.... ခုကား သို့နှယ်, မဟုတ် ကွယ်၍, နယ်ပယ် ပွားစီး, သားသမီးတို့, ဘုန်းကြီးကျောင်းတွင်, စာမသင်တော့၊.... ထို့ပြင် မြို့နေ, ကလေးတွေကား, ဒို့မေ ဘာသာ, ဒို့မေ စာကို, သင်ရာ ကောင်းမျှ, မထင်ကြဘဲ, ပြင်ကလာပေး, စာပထွေးကို, အလေးဂရု, အရေးပြု၏။

ယခုလိုသာ, နှစ်ပေါင်းကြာလျှင်, မြန်မာတိုင်းဘွား, အမျိုးသားတို့, ဘုရားကို စွန့်, တရားစွန့်၍, စွန့်လိမ့်မှန်စွာ, မြတ်သံဃာတည်း၊....ထိုခါ တိုင်းဘွား

လူအများလည်း, တရားမပါ, အမှားစာကြောင့်, များစွာခုထက်, တိုး၍ ပျက်လိမ့်။

သို့တွက်များပြား, ဘုန်းဘုရားတို့, တရားကိုယ်ချင့်, လုံအောင်ကျင့်၍, မလင့်စေရ, ကိုယ့်ဒေသ၌, သိပ္ပဝိဇ္ဇာ, ပြသင့်ရာကို, ကောင်းစွာပိုင်ပိုင်, ပြသနိုင်မှ, ဘုန်းလှိုင်ဟောပြ, ဩဝါဒကို, စိတ်ကကြည်ဖြူ, လိုက်နာယူလျက်, ကိုယ်မှု နှုတ်ပြောင်း, စိတ်လည်းကောင်းလိမ့်။

မကောင်းအကောင်း, အကြောင်းကြောင်းကို, သေချောင်းပြောင်း ကုန်စင်, အစုံမြင်သည့်, ထေရ်ရှင်များစွာ, ဒါယကာတို့, အခါအခွင့်, ပညာသင့်အောင်, စာချင့်စုပေါင်း, နည်းသစ်ပြောင်းမှ, နောက်နှောင်း မြန်မာ, သာသနာ သည်....ရှည်ကြာနေသို့ တွန်းမည်ကိုး။

၁၃၂၁-ခု သီတင်းကျွတ်လဆန်း (၈) ရက်၊

အရှင်ဇနကာဘိဝံသ
အမရပူရမြို့။

မဟူရတ်။ ။ဒါ့ပြင်ကော ရှိသေးလား။

တပည့်တော်။ ။သာသနာရေး အရာရှိကမေးလို့ ပြောတဲ့အချက်လဲ ရှိပါသေးတယ်။

## သာသနာတော်အရေး
## မေးလာသောအရာရှိအား ပြောပြချက်

သာသနာတော်နဲ့ တိုင်းပြည်အတွက် မိမိစိတ်၌စွဲမြဲနေသော လုပ်ငန်းကိစ္စနဲ့ မြော်လင့်နေသော အချက်များမှာ....

၁။ ကျေးရွာကျောင်းများ၌ ခေတ်အားလျော်စွာ သင်ပြပေးမဲ့ ဘုန်းတော်ကြီးများ အနည်းဆုံး တရွာ-တကျောင်း သီတင်းသုံးတော်မူစေလိုခြင်း။

၂။ ထိုကဲ့သို့ ဘုန်းတော်ကြီးများ အများအပြားပေါ်ထွန်းလာအောင် သင်ပြမဲ့ အခြေခံ ကျောင်းတိုက်များ တည်ရှိစေလိုခြင်းများဖြစ်ပါသည်။

## အကျယ်ညွှန်ပြချက်

၁။ ကျေးရွာအများ၌ ခေတ်အားလျော်စွာ သင်ပြပေးမဲ့ဘုန်းတော်ကြီးများ သီတင်းသုံးလျက် အနည်းဆုံး တရွာ – တကျောင်းရှိခဲ့သော်, "သာသနာတော်ကို အကြောင်းပြု၍ တိုင်းပြည်အတွက် တဖက်တလမ်းမှ အကျိုးများနိုင်မည်" လို့ ယူဆပါသည်။

ရှင်းပြပါဦးမည်။ ။ကျေးရွာကျောင်းများ၌ ထိုကဲ့သို့သော ဘုန်းတော်ကြီးများ သီတင်းသုံးနေထိုင်ပါလျှင်....

(က) ကလေးများအား အနည်းဆုံး မူလတန်းပညာ, ကျန်းမာရေးပညာ, ချွေတာသုံးစွဲရေးပညာနဲ့ စည်းစနစ်ရှိရေးစသော စာရိတ္တကိုပါ သင်ပြနိုင်ခြင်း။

(ခ) လူရွယ်လူလတ်တို့အား ဗုဒ္ဓမြတ်စွာ၏ အလောင်းအလျာဘဝများစွာ၌ ၎င်း, ဘုရားဖြစ်တော်မူပြီးသော အခါ၌၎င်း သတ္တဝါအများ၏ အကျိုးစီးပွား ဆောင်တော်မူပုံများကို ညွှန်ပြ၍ "လုံ့လ ဝီရိယဖြင့် ပရဟိတအလုပ်ကို လုပ်ခြင်းသည် ယခုဘဝ – နောက်ဘဝ အကျိုးရနိုင်၏" ဟု နားလည်စေနိုင်ခြင်း။

(ဂ) ကံနဲ့ ကံ၏အကျိုးကို နားလည်အောင် ဟောပြ၍ နောက်နောက်ဘဝအတွက် စိတ်ချလက်ချနဲ့ ဘာသာရေးကို လိုက်စားစေနိုင်ခြင်း, ဤသို့အားဖြင့် ဝိနည်းတော်နဲ့ လျော်ညီစွာ တိုင်းပြည်ရဲ့ တာဝန်ကို ယူနိုင်စရာရှိပါသည်။

ဤသို့ ကျောင်းထိုင်ဘုန်းကြီးများ၏ အခြေခံ ဘာသာရေးများကို အရွယ်အားလျော်စွာ သင်ပြ ဟောပြောမှုကြောင့် လောကအကြောင်း သံသရာအကြောင်း ကောင်းကောင်း သိလာသောအခါ....

(ဃ) တရားသဖြင့် စီးပွားရှာမှု, အောက်လက်ငယ်သားတို့အား ညှာတာမှု, စည်းစနစ်ရှိမှု, ကျန်းမာရေးလိုက်စားမှုစသော လူတိုင်းလူဘိုင်း လိုလားအပ်သော အကျိုးများ ပေါ်ထွက်လာဘွယ်ရှိခြင်း။

(င) အလှူဒါန လက်ထပ်မှုစသော ကိစ္စတို့၌ အတုအပ ပကာသနတွေကို အလိုလို စက်ဆုတ်သောစိတ် ဖြစ်လာနိုင်ဘွယ်ရှိခြင်း။

( စ ) ရှင်ပြု ရဟန်းခံ ဘုန်းကြီးပြန် အသုဘစသော ကိစ္စတို့၌ မလိုအပ်သော ကုန်ကျစရိတ်တွေ အလိုလို သက်သာဘွယ်ရှိခြင်း။

(ဆ) ဘုရားရှင်အလိုတော်နဲ့ မလျော်သော ဘုရားပွဲ, ကျောင်းပွဲ, နတ်ပွဲတွေ အလိုလို ပပျောက်ဘွယ်ရှိခြင်း။

( ဇ ) ကျေးရွာအနှံ့အပြား၌ လူရှုယ် လူလတ်တို့ အခြေခံပညာနဲ့ စာရိတ္တ ကောင်းမွန်နေရကား, လူပျင်း လူအ လူန လူထိုင်းတွေ နည်းပါး၍ သွက်လက် ထက်မြက်သူများ တိုးပွားလာဘွယ်ရှိခြင်း။

( ဈ ) ဤနည်းအားဖြင့် ရွာတိုင်း အိမ်တိုင်း၌ တိုးတက်ကြီးပွားလာသလောက် အသောက်အစား အကစားလည်း နည်းပါးဘွယ်ရှိခြင်း။

(ည) ထိုသို့ နည်းပါးသဖြင့် ဌာန-ရုံးတို့နဲ့ သက်ဆိုင်သော အမှုကြီးများ နည်းပါး၍ အသေးအဖွဲ့ကလေးများမှာ ရပ်ရွာ လူကြီးများဖြင့် ပြီးစီး ဘွယ်ရှိခြင်း။

ဤ အကျိုးများသည် ကျေးရွာ ဘုန်းတော်ကြီးများ၏ အခြေခံ ရွက်ဆောင်မှုကြောင့် အဆင့်ဆင့် ရနိုင်မည့် အကျိုးများ ဖြစ်ရကား သာသနာတော်က တဖက်တလမ်းအားဖြင့် လောကအကျိုးများအောင် ဆောင်နိုင်သောအချက်များ ဖြစ်ပေသည်။

၂။ ကျေးရွာ ကျောင်းများ၌ ခေတ်အားလျော်စွာ သင်ပြပေးမည့် ဘုန်းတော်ကြီးများ ထွန်းကားလာဘို့ရန် အခြေခံကျောင်းတိုက်များကို ဂိုဏ်းအသီးသီး၌ တည်ရှိစေဘို့ အရေးကြီးပါသည်၊ ထို ကျောင်းတိုက် များကို အသစ်တည်ပေးရမည် မဟုတ်ပါ၊ လက်ရှိကျောင်းတိုက်ကြီးများ ဝယ် ထိုကဲ့သို့ ပြုပြင်လိုသောကျောင်းတိုက်များကို အစိုးရက အသိအမှတ် ပြု၍ စည်းစနစ်ကျအောင် အတန်းစဉ်ထားလျက် သင်ပြကြဘို့သာ လိုအပ် ပါသည်။

ထို ကျောင်းတိုက်များ၌....

(က) ကျေးရွာပြုပြင်ဘို့ရန် ဆန္ဒရှိသော ဝါတော်မကြီးလွန်းသော ပုဂ္ဂိုလ် များကို ရွေးချယ်၍ လက်ခံရပါမည်။

(ခ) ထိုပုဂ္ဂိုလ်များသည် ကိုယ်မှု–နှုတ်မှု–စိတ်မှုကိုပါ အများ၏ ကြည်ညိုဘွယ် အားကိုးဘွယ် ဖြစ်လောက်အောင် ပြုပြင်လေ့လာကြရပါမည်။

(ဂ) အနည်းဆုံး မူလတန်းပညာကို အစိုးရစနစ်အတိုင်း သင်ပြနိုင်အောင် လေ့လာကြရပါမည်။

(ဃ) ဗုဒ္ဓမြတ်စွာ၏ အလောင်းတော်ဘဝမှစ၍ ဘုရားဖြစ်ရာဘဝတိုင်အောင် အများအကျိုးကို အားကြိုးမာန်တက်ဆောင်ရွက်တော်မူပုံကို ပါဠိတော်မှ ထုတ်ဖော်၍ လေ့လာကြရပါမည်။

(င) ကံအကျိုးပေးရာ၌ ဉာဏ် ဝီရိယရှိမှ အကျိုးပေးနိုင်ပုံကို တော်တော် စုံအောင် လေ့လာကြရပါမည်။

(စ) ဝိနည်းပညတ်တော်နဲ့ စပ်၍ ကျက်မှတ်ဘွယ်များကို အသေးစိတ်ကျက်ရ, မှတ်ရ, ဖတ်ရပါမည်။

(ဆ) ဤကဲ့သို့ ဆရာလုပ်မဲ့သူ ကိုယ်တိုင်က အခြေခံပြည့်စုံမှသာ တိုင်းပြည်၌ သာသနာတော်နဲ့ စပ်၍ အကျိုးရမည်ဖြစ်ရကား, ထိုသာသနာတော်ကို မည်သူမဆို ဦးထိပ်ထား၍ လေးစားကြပါလိမ့်မည်။

၁၃၂၆–ခု တန်ဆောင်မုန်းလ၊

အရှင် ဇနကာဘိဝံသ
အမရပူရမြို့။

## ၁၅။ ခုနစ်ဆယ့်နှစ်နှစ်အတွင်း ဖြစ်စဉ်

**ဓမ္မဂုတ်။** ။ဦးဇနကရေ.... အသက် (၇၂)နှစ်အတွင်း ဖြစ်စဉ်ကလေးများကို ပြောပြပါအုံး။

**တပည့်တော်။** ။(၇၂)နှစ်မှာ ကျောင်းတိုက်သံဃာက ရှေးကထက်ပိုပြီး များလာပါတယ်, ဝါဆိုခါနီးမှာ လေးရာလောက် ရှိနေပါတယ်။

**ဓမ္မဂုတ်။** ။အဲဒီသံဃာများကို ရှေးကလို နံနက်ဆွမ်းကျွေးနိုင်သေးရဲ့လား။

**တပည့်တော်။** ။ကျွေးတော့ကျွေးနိုင်ပါရဲ့, ဒါပေမဲ့ စိတ်ကတော့ ကြောင့်ကြဗျာပါရ အတော်များပါတယ်၊ တပည့်တော်တို့ ဝိနည်းတော်က လူဝတ်ကြောင်များကို"သံဃာများလို့ လှူကြပါ"ဟု မပြောကောင်းတဲ့အပြင်, လှူချင်လာအောင် ပရိယာယ် အရိပ်နိမိတ်တောင် မပြောကောင်းပါဘူး။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင် ဒီသံဃာအများကို နံနက်ဆွမ်း ကျွေးနိုင်အောင် ကြောင့်ကြဗျာပါရ များတယ်ဆိုတာ စိတ်ထိကများရတာ နေမှာပေါ့။

**တပည့်တော်။** ။ဟုတ်ပါတယ်, စိတ်ထိကများရတဲ့ ဗျာပါရဆိုတာ လူရော-နတ်ရော-သတ္တာအပေါ်မှာရော ရှေးကထက်ပိုပြီး မေတ္တာပို့ရတဲ့ ဗျာပါရပါ၊ (ဗုဒ္ဓါနုဿတိကတော့ ခါတိုင်းလဲ မနဲပါဘူး၊) ကျောင်းတိုက်သံဃာများကိုလဲ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကို ရှေးကထက်ပိုပြီး ကြိုးစားကြဖို့ တိုက်တွန်းရပါတယ်။

**ဓမ္မဂုတ်။** ။ဒီလို ဗျာပါရများတော့ ဘယ်လို အကျိုးရတုန်း။

**တပည့်တော်။** ။တိုက်သံဃာများအား နံနက်ဆွမ်း ကျွေးနိုင်တဲ့အကျိုး, နေ့ဆွမ်းအတွက်လဲ ဟင်း ၂ ခွက်ချက်နိုင်တဲ့ အကျိုးများကို ရပါတယ်။

**ဓမ္မဂုတ်။** ။နေထိုင်စရာကော လုံလောက်ရဲ့လား။

**တပည့်တော်။** ။နေစရာကျောင်းတွေလဲပြည့်စုံပါတယ်, သံဃာများသလောက် ကုဋီ (ကျင်ကြီးအိမ်)ကိုလဲ ချဲ့ရပါတယ်, ဆွမ်းစားကျောင်းကိုလဲ ချဲ့ရပါတယ်။

**ဓမ္မဂုတ်။** ။အင်း....အဲဒီတာဝန်ကလဲ အကြီးသားဘဲနော်။



သာသနာရေး – ဘာသာရေး ဆိုင်ရာ ကျမ်းစာရေးသားပြုစုတော်မူနေပုံ။

**တပည့်တော်**။ ။တပည့်တော်တို့ ဆရာတပည့်အတွက်တော့ စားစရာလောက် တာ၀န် မကြီးပါဘူး၊ သံဃာ တရာကျော်တုန်းက ဆွမ်းစားကျောင်း မလောက်လို့ ကျောင်းမှာရှိတဲ့ ထန်းပင်က ထန်းရွက်တွေနဲ့ ဆွမ်းစား ကျောင်းရော ကုဋီပါဖြစ်အောင် ကြိုးစားခဲ့ဘူးပါပြီ၊ ယခုတော့ ဆွမ်းစား ကျောင်းလဲ ၀ါးကပ်မိုး ထရံကာနဲ့ ချဲ့ထွင်နိုင်ပါတယ်၊ ကုဋီကိုတော့ ရေလောင်းကုဋီဖြစ်အောင် ချဲ့ထွင်နိုင်ဘို့ရန် ဒကာရှိလာပါတယ်။

**ဓမ္မဂုတ်**။ ။သံဃာ ၄၀၀ ကို ညနေ ထန်းလျက်ရည်, နွေအခါ မန်ကျည်း ဖျော်ရည် တိုက်နိုင်သေးရဲ့လား။

**တပည့်တော်**။ ။နှစ်ပေါက်တော့ မတတ်နိုင်ပါဘူး၊ အတော်ကြာကြာ ဆောင်းကုန်အောင်တော့ တိုက်နိုင်ပါသေးတယ်။

**ဓမ္မဂုတ်**။ ။စာတော့ ကိုယ်တော်ကိုယ်တိုင် ပို့ချတုန်း, ရေးတုန်းဘဲလား။

**တပည့်တော်**။ ။ပို့ချတုန်း, ရေးတုန်းပါဘဲ၊ နံနက် ဩ၀ါဒအပြီးမှာ ရိုက်နှိပ် ပြီးဖြစ်တဲ့ သီလက္ခန်ပါဠိတော်အဋ္ဌကထာကို နဲနဲပို့ချပါတယ်၊ နေ့ ၁၂နာရီ ခွဲတော့ ဝိဘင်းပါဠိတော်, သမ္မောဟဝိနောဒနီ အဋ္ဌကထာ မူလဋီကာကို ပို့ချပါတယ်၊ စာအုပ် မရိုက်ရသေးလို့ စာဆိုသူများကို ရေးလဲ ရေးစေ ပါတယ်။

**ဓမ္မဂုတ်**။ ။ အဲဒီ ကျမ်းစာတွေကို စာအုပ်ဖြစ်အောင် ရိုက်နှိပ်ဘို့ မှန်းသေး သလား, စာအုပ် တထောင်ရိုက်ယင် ဆယ်အုပ်လောက် ကုန်ဘို့တောင် အခက်ကြီးပါ ကိုယ်တော်။

**တပည့်တော်**။ ။ စာအုပ်ကုန်တာ မကုန်တာ အရေးမကြီးပါဘူး၊ သင်ရိုး ပိဋကကျမ်းစာတွေ ပို့ချလိုတဲ့ ပုဂ္ဂိုလ်များအတွက် အမှီရဘို့သာ ရည်ရွယ် ပါတယ်။

**ဓမ္မဂုတ်**။ ။ အဲဒီ ကျမ်းကြီးအတွက် အဋ္ဌသာလိနီတုန်းကလို လေးတွဲတော့ ရိုက်ရမယ်ထင်တယ်၊ ကုန်ကျစရိတ်တွေ ဘယ်က ရမှာလဲ။

**တပည့်တော်**။ ။ ကျမ်းစာအုပ်ရိုက်နေကျပုဂ္ဂိုလ်က အရှုံးခံပြီး ရိုက်ကြပေါ့ ဘုရား၊ ပြီးခဲ့တဲ့ ပရိ၀ါရဘာသာဋီကာ ရိုက်တုန်းကတောင် စက္ကူမရ သောကြောင့် အုပ်ရေ ငါးရာသာ ရိုက်ရတဲ့အတွက် သုံးထောင်လောက် ရှုံးတယ်လို့ ပြောက်ကြပါတယ်။

**ဓမ္မဂုတ်။** ။ဒီတော့ ကိုယ်တော်က ဘယ်လိုပြောသလဲ။

**တပည့်တော်။** ။"ငါက အရှုံးခံပြီးရိုက်ရမှ စိတ်ချမ်းသာတယ်၊ ရှုံးချင် ရှုံးပါစေ၊ ငါးကြင်းဆီနဲ့ ငါးကြင်းကြော်တာ"လို့ ပြောလိုက်ပါတယ်။

**ဓမ္မဂုတ်။** ။အဲဒီ ဝါတွင်းက သံဃာလေးရာလောက်ရှိတဲ့အခါ ကိုယ်တော်နဲ့ တိုက်သံဃာများက ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကို တိုးပြီး ကြိုးစားရုံဘဲလား၊ ကိုယ်တော်က ဘာလုပ်သေးတုန်း။

**တပည့်တော်။** ။တပည့်တော်က အထက်နတ်တွေကို မေတ္တာနဲ့ ဆွယ်ရုံတွင် မကပါဘူး၊ သူတို့ ပိုပြီးကျေနပ်အောင် သက်သတ်လွတ် (ဆားဟင်း)ကိုလဲ စားပါတယ်။

**ဓမ္မဂုတ်။** ။အထက်နတ်တွေနဲ့ ဘယ်လိုဆိုင်သလဲ။

**တပည့်တော်။** ။အသက် နတ်ကောင်းများက သူ့အသက်ကို သတ်မစားကြပါဘူး၊ နတ်သုဓာကိုသာ စားကြပါတယ်၊ အောက်နတ်တွေ တချို့ကတော့ လူသားတောင် စားကြဟန်တူပါတယ်၊ သမ္မုလာဇာတ်မှာ ငါ့ရဲ့ မိဖုရား မဖြစ်လိုယင်"အလံ တွံ ပါတရာသာယ, မယှံ ဘက္ခာ ဘဝိဿသိ=နက်ဖန်နံနက်စားဘို့ရာ ငါ့အစာ ဖြစ်လိမ့်မယ်"လို့ ဒါနဝရက္ခိုသ်က ပြောပါတယ်။

သုတ်ပါထိကဝဂ္ဂ, အာဋာနာဋိယသုတ်မှာလဲ များသောအားဖြင့် ယက္ခနတ်မျိုးတွေဟာ ပါဏာတိပါတ စသော ငါးပါးသီလ မလုံခြုံကြလို့ ဝေဿဝဏ်နတ်မင်းက မြတ်စွာဘုရားအား လျှောက်ပါတယ်၊ တပည့်တော်ကတော့ အသားမစားသော နတ်ကောင်းများက တပည့်တော်ကိုငင်း၊ တပည့်တော်ရဲ့ သံဃာများကိုငင်း၊ စောင့်ရှောက်ကြဘို့ရန် တပည့်တော်ကိုယ်တိုင် အသားစားမှုမှ ရှောင်လိုက်ပါတယ် ဘုရား။

**ဓမ္မဂုတ်။** ။ ကုသိုလ်ရအောင် တမင်လာ ကျင့်တယ်လို့တော့ မဆိုလိုဘူးပေါ့နော်။

**တပည့်တော်။** ။ မဆိုလိုပါဘူး, အသားမစားသော နတ်ကောင်းများက ကျေကျေနပ်နပ် စောင့်ရှောက်ဘို့ရန်သာဖြစ်ပါတယ်၊ တပည့်တော် မစားပေမဲ့ သံဃာများကိုတော့ မစားဘို့ရန် မတိုက်တွန်းပါ၊ သို့သော်, သံဃာလေးရာအတွက် အသားဟင်းများ ချက်၍ ဆွမ်းကျွေးလိုယင် ဖျာတွေ

ပေါ်မှာ အသားတွေ အကောင်တွေ အများအပြား တင်ထားတာကိုလဲ စက်ဆုပ်, အညှီအဟောက် နံလှန်းတာကိုလဲ စက်ဆုပ်လို့ ဆွမ်းကပ်တဲ့အခါ "အသားကြီးတွေကို ရှောင်နိုင်သမျှ ရှောင်ကြပါ၊ ဟင်းသီးဟင်းရွက်နဲ့ ရောကြပါ" လို့တော့ အမြဲ သတိပေးရပါတယ်။

**ဓမ္မဂုတ်။** ။လူတွေက သူတို့ အသားတွေစားကြသလို သံဃာတော်များကိုလဲ အသားစားစေချင်ကြတာနဲ့တော့ ကိုယ်တော့် ဩဝါဒဟာ ပြောင်းပြန်ဖြစ်နေတော့မှာဘဲ ထင်တယ်။

**တပည့်တော်။** ။အရှင်ဘုရား စဉ်းစားကြည့်ပါလား, သံဃာတော်များက အသားတွေကို အရသာခံပြီး (လူများစားသလို) စားယင် လောဘ ပိုပြီး မဖြစ်ပေဘူးလား၊ လယ်ယာမြေကောင်းရွေးတဲ့အခါမှာ "လောဘ (ရာဂ) ဒေါသ, မောဟကင်းတဲ့မြေကို ရွေးရမယ်" လို့ ဘုရားရှင် ဟောတော်မူပါတယ်၊ ယခုတော့ လောဘနဲ့အောင် မရွေးတဲ့အပြင် မိမိတို့ရဲ့ အလှူဒါန မျိုးစေ့ချတဲ့ လယ်ယာမြေမှာ လောဘ ပေါင်းမြက်တွေ များအောင် ကြိုးစားရာရောက်ပါပြီကော၊ လူတွေရဲ့ အသိဉာဏ်နဲ့မှုကို ပြုပြင်မပေးကြသော ဆရာသမားများလဲ တာဝန်မကင်းပါဘူးဘုရား။

**ဓမ္မဂုတ်။** ။ဗုဒ္ဓမြတ်စွာက "မနာပဒါယီ လဘတေ မနာပံ=မွန်မွန်မြတ်မြတ်ကို ပေးလှူလေ့ရှိသူသည် မွန်မြတ်သောပစ္စည်းကို ရနိုင်၏" လို့ ဟောတော်မူပါတယ်၊ ထိုတရားကို လက်ကိုင်ထားပြီး လူတို့က မိမိတို့ သုံးစွဲတာထက် ကောင်းမွန်သောပစ္စည်းကို လှူကြဟန်တူပါတယ်၊ ကိုယ်တော်က မွန်မြတ်သော အသားဟင်းတွေကို ပိတ်ပင်ယင် ကိုယ်တော့်မှာ ဝဋ်မလိုက်ပေဘူးလား။

**တပည့်တော်။** ။ "မနာပဒါယီ လဘတေ မနာပံ" လို့ ဟောတော်မူတဲ့တရားတော်က ပဉ္စကအင်္ဂုတ္တိုရ် ပဉ္စမပဏ္ဏာသက, မနာပဒါယီသုတ်တော်မှာပါတဲ့ တရားတော်ဖြစ်ပါတယ်၊ ထိုသုတ်တော်ရဲ့ အဆက်ဖြစ်တဲ့ အောက်နားမှာ- "ခေတ္တူပမေ အရဟန္တေ ဝိဒိတွာ = လယ်ယာမြေကောင်းသဘွယ် ဖြစ်ကြသော ရဟန္တာပုဂ္ဂိုလ်၌ အသိဉာဏ်ဖြင့် စွန့်ကြဲလှူဒါန်း၍ " ဟု မိန့်တော်မူပါတယ်။

ကောင်းမြတ်သော ဆွမ်း-သင်္ကန်း-ကျောင်းတို့ကို ရဟန္တာ (အနာဂါမ်) မဟုတ်သော ပုဂ္ဂိုလ်အား ပေးလှူယင် ထိုပုဂ္ဂိုလ်က တဏှာ-လောဘ မဖြစ်

အောင် ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးစွဲတတ်မှ ထိုပုဂ္ဂိုလ်မှာ အပြစ်လွတ်ပြီး အလှူ့ရှင်မှာလဲ အကျိုးများပါတယ်၊ ထိုသို့ မသုံးစွဲတတ်ယင် အလှူ့ရှင်မှာ အကျိုးမများရုံသာမက အလှူခံပုဂ္ဂိုလ်မှာ အပြစ်ကြီးကြောင်းကို အခြားသုတ္တန်မှာ ဟောတော်မူပြန်ပါတယ်၊ ဒါ့ကြောင့် တပည့်တော်က အလှူ့ရှင်တွေမှာ အကုန်အကျများသလောက် အကျိုးရ၍, ကျောင်းသံဃာများမှာလဲ အပြစ်မရှိသောနည်းလမ်းကိုသာ ညွှန်ပြရပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုညွှန်ပြတော့ လိုက်နာကြရဲ့လား။

**တပည့်တော်။** ။အလှူ့ရှင်အတော်များများက လိုက်နာကြပါတယ်၊ တချို့က ထောပတ်ဆွမ်း, အုန်းဆွမ်း, သစ်သီးဒါန်ပေါက်ဆွမ်း ကပ်ကြပါတယ်၊ ဟင်းကိုတော့ ငါးပိကြော်တို့ ပုဇွန်ခြောက်ခတ်တဲ့ဟင်းရည်တို့ ငှက်ပျောသီးမွေး, သို့မဟုတ် ငှက်ပျောကြော်တို့ကို ကပ်ကြပါတယ်၊ တချို့ကလဲ အသား သိပ်မများစေဘဲ နံနက်ဆွမ်းအဖြစ် ကြာဆန်တို့ကို ကပ်ကြပါတယ်။

**ဓမ္မဂုတ်။** ။မြန်မာလူမျိုးများမှာ ကိုယ်စားနေကျ, ဝတ်နေကျ, သုံးနေကျထက် ညံ့တာကိုလှူယင် ဒါသဒါန(လှူဘွယ်ဝတ္ထုရဲ့ကျွန်အဖြစ်ဖြင့်လှူခြင်း) ဟုရင်း, ကိုယ်သုံးတာနဲ့ တန်းတူပစ္စည်းကိုလှူယင် သဟာယဒါန(မိတ်ဆွေအလှူ) ဟုရင်း, မိမိသုံးတာထက် ကောင်းမွန်သော ပစ္စည်းကိုလှူယင် သာမိဒါန (အရှင်သခင်အလှူမျိုး) ဟုရင်း, ပဉ္စကအင်္ဂုတ္တိုရ်၏ ပထမပံ, သီဟသုတ်အဋ္ဌကထာမှာ ဟောတော်မူထားတာရှိလို့ မိမိတို့အသုံးထက် ညံ့တာကိုတော့ မလှူချင်ကြပါဘူး။

**တပည့်တော်။** ။မှန်ပါတယ်, တပည့်တော်ကလဲ ညံ့အောင်စီစဉ်တာ မဟုတ်ပါဘူး၊ အလှူခံဘက်က အမှတ်တမဲ့စားသုံးကြယင် လယ်မြေမကောင်းမှာစိုးလို့ သတိပေးရတာပါ၊ အုန်းဆွမ်းစသောအလှူများဟာ မညံ့ပါဘူး, မွန်မြတ်ပါတယ်၊ ယခုခေတ် သင်္ကန်း – ကျောင်း အလှူများလဲ အလွန်မွန်မြတ်ပါတယ်၊ သုံးစွဲသူကသာ အပြစ်ကင်းအောင်သုံးတတ်ဘို့ အရေးကြီးပါတယ်။

**ဓမ္မဂုတ်။** ။အင်း....တပည့်တော်တို့ရဲ့ သာသနာ့အလုပ်တွေမှာ ပြုပြင်စရာတွေတယ်များပါလား ကိုယ်တော်, တချို့ အလှူခံပုဂ္ဂိုလ်များကတော့ အလှူ့

ရှင်တွေ သာပြီး သာယာအောင်"ဆွမ်းစားမကောင်းတာကြာပြီ၊ ယနေ့ဟင်းကကောင်းတော့ ဆွမ်းစားလို့ ကောင်းသွားတယ်" လို့ ပြောကြသေးတယ်ကိုယ်တော်။

**တပည့်တော်။** ။လူတွေကလဲ ဒီလိုမြှောက်ပင့်ပြီး ချီးမွမ်းတဲ့ ကိုယ်တော်ကိုမှ နောက်ထပ် ဆွမ်းကပ်ချင်ကြတယ် မဟုတ်လား၊ "ဒီလို မြှောက်ပင့်ချီးမွမ်းပြီးပြောမှ လှူတဲ့ပစ္စည်းကို ဝိနည်းတော်အရ မအပ်ဘူး၊ မသုံးကောင်းဘူး၊ မိစ္ဆာဇီဝ" လို့ ဆိုပါတယ်။

**ဓမ္မဂုတ်။** ။ကိုင်း ကိုင်း.... အများက အပြစ်မရှိဘူးလို့ ယူဆတဲ့ အလုပ်တွေကို ထုတ်ဖေါ် မနေပါနဲ့တော့၊ သက်သတ်လွတ်စားတော့ ကိုယ်တော့်မှာ အားမနဲဘူးလား။

**တပည့်တော်။** ။ထူးပြီး အားနဲတယ် မထင်ပါဘူး၊ သက်သတ်လွတ်စားပေမဲ့ အားရှိတဲ့ ခေတ်ပေါ် ဆေးများကိုတော့ ရနိုင်သမျှ စားနေပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့ (၇၂)နှစ် အသက်အရွယ်အတွင်းမှာ ဝါဆိုသံဃာ (၄၀၀)ကျော်ရှိလာတယ်၊ ထို(၄၀၀)ကျော်သံဃာများအတွက် တလုံးတစည်းထဲ (မိသားစု တစုလို) စားနိုင် သောက်နိုင်အောင် ကြိုးစားတဲ့ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာဘာဝနာ တန်ခိုးကြောင့် အစားဘက်ကလဲ လုံလောက်တယ်၊ နေရာလဲ လုံလောက်တယ်ဆိုတော့ ကိုယ်တော်ရဲ့ သာသနာပြုအလုပ်ဟာ အားရှိစရာပါဘဲ၊ (၇၃)နှစ်အတွက် ရွှေသို့ဆက်ဘို့ရန် (၇၂)နှစ်တာ တဘာဝသံသရာကို နိဂုံးချုပ်ကြစို့ရဲ့။

နိဂုံး။ ။ကိုယ်တည်း တယောက်၊ ချမ်းသာရောက်ဘို့၊ ခုလောက်ကြိုးကုတ်၊ အားမထုတ်ဘူး၊....ဗုဒ္ဓမြတ်စွာ၊ သာသနာ၏၊ ရှေးခါ ဘိုးဘ၊ လက်ထက်ကလျှင်၊ ရသည့်တန်ခိုး၊ ထပ်မည့်ဘို့၊ အားကြိုး မာန်တက်၊ ငါဆောင်ရွက်သည်,.... ဆက်လက် တည်တံ့ရှိသာတည်း။

## ၁၆။ ခုနစ်ဆယ့်သုံးနှစ်အတွင်း ဖြစ်စဉ်

**ခမ္မဂုတ်။** ။ဦးဇနကရေ.... ကိုယ်တော့်အသက် ( ၇၃ ) နှစ်အတွင်းမှာတော့ ဘာများ ထူးခြားချက်ရှိသေးသလဲ။

**တပည့်တော်** ။သိပ်ပြီး ထူးခြားချက်တော့ မရှိပါဘူးဘုရား၊ ဝါတွင်းမှာ တိုက်သံဃာ(၅၀၀)ကျော်အထိ တိုးတက်လာပါတယ်၊ သံဃာ(၅၀၀) ရှိတယ်ဆိုလို့ ဘုရားလက်ထက်တော်က သံဃာတော် (၅၀၀) ကို မှန်း မြော်ပြီး ဆွမ်းကပ်ကြတဲ့ အလှူရှင်ကတော့ သိသိသာသာကြီး များလာ ပါတယ်။

**ခမ္မဂုတ်။** ။သံဃာ (၅၀၀)အတွက် နံနက်ဆွမ်းချည်းသက်သက် ဘယ်လောက် ကုန်ကျသလဲ ကိုယ်တော်။

**တပည့်တော်။** ။ကျောင်းမှာ နေ့စဉ်ချက်ရိုးချက်စဉ်ကတော့ မျှတလောက်ရုံ ဆွမ်းနဲ့ ငံပျာရည်ဖျော်, စွန်တာနီပဲပြုတ်, လဘက်ရည်ကြမ်းလောက်သာ ဖြစ်လို့ အလွန်ကြီးမကုန်လှပါဘူး၊ (တချို့သံဃာများကလဲ ဆွမ်းမစားဘဲ နံနက်ယာဂုသောက်ကြပါတယ်) အလှူရှင်များက နံနက်ဆွမ်းကပ်တဲ့အခါ မှာတော့ ဟင်းသားပြွမ်း, ခရမ်းချဉ်သီးငါးပိချက်, ဤ ၂ ခွက်လောက် ဆိုယင်ပင် အတော်အကုန်အကျ များပါတယ်၊ တချို့ကိုတော့ အကုန် အကျနဲ့အောင် ဘယာကြော် လဘက်ရည်အကြမ်းနဲ့ အဆာပြေရုံသာ ဆွမ်းကိုကပ်စေပါတယ်၊ ဒါတောင် ဆန်စျေးဆီစျေးကြီးတဲ့အခါ(၃၀၀ိ) ကျပ်ခလောက် ကုန်ပါသေးတယ်။

**ခမ္မဂုတ်။** ။နံနက်အတွက် အဆာပြေရုံဆွမ်းနဲ့ နေ့ဆွမ်းပါကပ်ယင် ဘယ် လောက် ကုန်တတ်သလဲ။

**တပည့်တော်။** ။တချို့က သင့်တော်ရုံကပ်ရယင် ကျေနပ်ကြလို့ အနဲဆုံး တထောင့်ငါးရာလောက် ကုန်ပါတယ်၊ တချို့ကတော့ ကောင်းကောင်း များများကပ်ရမှ ကျေနပ်ကြတာမို့ ၂ထောင်ကျော် သုံးထောင်လောက် ကုန်ပါတယ်။

**ခမ္မဂုတ်။** ။ဒါလောက်ကုန်တာတောင် ဆွမ်းကပ်တဲ့ ဒကာ - ဒကာမတွေက တယ်မပြတ်ဘူးဆိုတော့ ကိုယ်တော့်ကျောင်းတိုက် သံဃာများရဲ့ ဘုန်း ကံဟာ ကျေနပ်စရာပေါ့နော်။

**ဘပည့်တော်။** ။အရင်းစစ်တော့ အမြစ်မြေကတဲ့ဘုရား တပည့်တော်တို့ သာသနာတော်တရပ်လုံးကိုယ်က ဘုရားသာသနာတော် မဟုတ်ပါလား၊ ဘုရားရှင်ရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အရဟံ)ဂုဏ်တော်က ဘုရားသာသနာတော်တရပ်လုံးကို လွှမ်းခြုံနေပါတယ်၊ ဒါ့ကြောင့် တပည့်တော်တို့ကျောင်းဘိုက်မှာ ဗုဒ္ဓါနုဿတိနဲ့ မေတ္တာကို အများစုရဲ့ဘာဝနာ အဖြစ်ဖြင့် ကြိုးစားကြတဲ့အတွက် (အရဟံ)ဂုဏ်တော်ကလဲ တတိုက်လုံးကို မွှမ်းထုံနေဟန်တူပါတယ်ဘုရား။

**ခမ္မဂုတ်။** ။နေစရာကျောင်းကတော့ လုံလောက်ရဲ့လား။

**ဘပည့်တော်။** ။"ဘုရားရှင်ရဲ့ ဘုန်းတော်နဲ့ သံဃာများရဲ့ကံဆိုတာ ပြော မရှိ ကြုံမှသိ"ဆိုတဲ့ အတိုင်းဘဲဘုရား၊ ကျောင်းတွေလဲ သံဃာများ နေလောက်အောင် ပြည့်စုံပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော် ပခုက္ကူမှာနေတုန်းက ပဌမနေရတဲ့ကျောင်းအိုကလေး ကလဲ နေမြင်-လမြင်၊ ကြမ်းပေါက်ကျ ပြိုဆိုယင် မြေကြီးရောက်သွားတာ ဘဲလို့ ကိုယ်တော်ပြောခဲ့တယ်၊ ဆွမ်းခံတဲ့အခါလဲ လုံလောက်အောင် မရ လို့ နေ့ဆွမ်းအတွက် ဆွမ်းသန့်သန့်ချန်ထား၍ ရေနဲ့ကျိုက်ပြီး အလိုက် သင့် မျှောချရတယ်လို့လဲ ပြောခဲ့တယ်၊ ယခုတော့ သံဃာ ( ၅၀၀ ) ချောင်ချောင်လည်လည် နေသာ စားသာအောင် ပြည့်စုံတယ်ဆိုတော့၊ ရှေးကံရဲ့ အကျိုးပေးဟာလဲ အခါကာလလိုက်ပြီးမှ ပေးတာဆိုတာ သိပ် ထင်ရှားတာဘဲကိုယ်တော်။

**ဘပည့်တော်။** ။ရှေးကံဆိုတာ ဘ၀ခြားပြီးမှ အကျိုးပေးတာမို့ သူ့သတ္တိ ချည်းတော့ အကျိုးပေးနိုင်တဲ့ကံက အနဲသားပါဘုရား၊ ဒီဘ၀ "ဉာဏ်-သတိ-ဝီရိယ"ဆိုတဲ့ ပယောဂသမ္ပတ္တိ အကူအညီရမှသာ ရှေးကံက အကျိုး ပေးနိုင်တာပါ၊ [ ပယောဂ - ကာယပယောဂ, ဝစီပယောဂ, မနော ပယောဂ၏၊ သမ္ပတ္တိ- ပြည့်စုံခြင်း၊ ] ထိုပယောဂကိုပင် အချုပ်အားဖြင့် "သတိ-ဉာဏ်-ဝီရိယ"လို့ ယူထားပါတယ်။

**ခမ္မဂုတ်။** ။ဟုတ်လောက်ပါတယ်၊ ကိုယ်တော်ရဲ့ ပယောဂဆိုတဲ့ သတိ-ဉာဏ်-ဝီရိယတို့ရဲ့ ပြည့်စုံမှု သမ္ပတ္တိကိုကြည့်ယင် အကျိုးပေးတာကတောင် နဲနေ သေးတာဘဲ။

၁။ သရိုင်ရွာ ကျောင်းသားကလေးဘဝတုန်းကိုယ်က ကျောင်းသားများ အားလုံးထက်ထူးပြီး ဉာဏ်-ဝီရိယကောင်းလို့ ဘုန်းတော်ကြီးက သီးခြား ခွဲပြီး စာအံ-စာတက်စေတယ်။

၂။ မန္တလေး ဝိသုဒ္ဓါရုံတိုက်ရောက်တော့လဲ ကျောင်းသား ၆၀ ကျော်ထဲမှာ တိုက်ကြပ် ဘုန်းတော်ကြီးက ကိုယ်တော့်ကို သူများနည်းတူ စာဆို မလာ စေဘဲ သီးခြား အကျက်ခိုင်းတယ်။

၃။ မြောင်းမြဆရာတော်လောင်းဆီမှာ စာတက်ကြတော့လဲ ကိုယ်တော့်ကို သီးခြား စာချပေးတယ်။

၄။ ပခုက္ကူ မဟာဝိသုတာရာမတိုက်ရောက်ပြန်တော့လဲ မထင်မရှားနေရာမှာ ကိုရင်ဘဝနဲ့ ပထမကြီးဂေဇက်ပါလာလို့ ထင်ရှားတဲ့အဖြစ်ကိုရောက်ပြီး မကြာမီ အဘယာရာမဆရာတော်ကြွလာခိုက်မှာ အကြောင်းစုံပြောပြလို့ ဆရာတော်ကြီးများကခေါ်ပြီး တနေ့လျှင် စာ၁ဝါ နှစ်ဝါ အဆိုခိုင်းတော် မူကြတယ်။

၅။ ကိုယ်တော်ရဲ့ စာဆိုသံကို ပရိသတ်အားလုံးကကျေနပ်လို့ ရဟန်းနှစ်ဝါ ရကတည်းက စာချအဖြစ် ချီးမြှောက်လိမ့်မည်လို့ နိမိတ်ဖတ်ကြတဲ့အတိုင်း သုံးဝါရတော့ စာချအဖြစ် ချီးမြှောက်တော်မူကြတယ်။

၆။ မန္တလေး သက္ကသီဟစာမေးပွဲဝင်ဘို့ လျှောက်တဲ့အခါ ပခုက္ကူဆရာတော် များနဲ့ မြောင်းမြဆရာတော်ကပါ ဝင်စေလိုတဲ့ဆန္ဒ မရှိသော်လဲ "နောင် အခါ ငါဘာလုပ်ရမည်ဆိုတာ မသိနိုင်ဘူး, ယခုအချိန်က အားလုံးပြည့်စုံ နေဘို့ လိုတယ်"လို့ ယူဆပြီး ဝင်ရောက်ဖြေဆိုတယ်။

၇။ ဖြေဆိုတော့လဲ သုံးနှစ်အတွင်းမှာ သက္ကသီဟ စာသင်တန်း- စာချတန်း အပြင့်, အစိုးရ ပဉ္စမကျော်ကိုပါ အောင်မြင်ပြန်တယ်။

၈။ ထို့နောက် အဘယာရာမတိုက်ရောက်တော့ အဘယာရာမဆရာတော်က သက္ကတကို ပို့ချပေးပြန်တယ်။

၉။ ထို့နောက် ခန္ဓာကိုယ်မှာ သေလုမတတ်ဖြစ်လောက်အောင် အားအင် ခြောက်ခန်းနေပါလျက် မိမိ၏ ဉာဏ်စွမ်းဉာဏ်စကလေးများ ကျန်ရစ်စေ တော့လို့ ရည်ရွယ်၍ သင်္ဂြိုဟ်ဘာသာဋီကာကို ရေးတယ်။

၁၀။ ဆိုသို့ရေး၍ ကျမ်းပြီးသည့်တိုင်အောင် မသေပြန်တော့ ကျမ်းစာတွေကိုသာ ချလဲချ-ရေးလဲရေးနဲ့ ကြိုးစားလာခဲ့ရာ, ပတ်ဝန်းကျင် သီတင်းသုံးဘော်တချို့က အားမပေးတဲ့အပြင် "စာအုပ်ကုန်သည်"လို့ ကြွေးကြော်ကာ ဖိနှိပ်ကြတာကိုရှင်း, ပုံနှိပ်စက်သို့သွား၍ စာမပြင်နိုင်သောကြောင့် ဖြစ်နိုင်သမျှ ပုံနှိပ်စက်အဟောင်းကို တာဝန်ခံ မောင်နှမတို့အား ဝယ်စေတဲ့အခါ လူထွက်တော့မှာဘဲလို့ နိုင်ငံတခုလုံးနှံ့သွားစေတဲ့ဗျာဒိတ်သံကိုရှင်း, ကိုယ်တော်က နားမကြားသလို ခံနိုင်အောင် ခံပြီး ကျမ်းကြီး ကျမ်းငယ် ကျမ်းပေါင်း (၃၂) ကျမ်းအထိ ရိုက်နှိပ်ပြီးဖြစ်အောင် လုပ်မြဲအလုပ်ကိုသာ ဆက်လက်၍ လုပ်ရဲတာကတော့ "ဝီရာနံ - မကြောက်မရွံ့ နောက်မတွန့်သည့် ရဲဝံ့ဇာနည် ယောကျ်ားပီသသူတို့၏ + ကမ္မံ - အလုပ်တည်း၊ ဝီရိယံ - ရဲရင့်သူတို့၏အလုပ်"ဆိုတဲ့ ဝိဂ္ဂဟ်ဝစနတ္ထနဲ့အညီ ဝီရိယဆိုတဲ့ ပယောဂသမ္ပတ္တိ အစစ်ပါဘဲ။

ဒါ့ကြောင့် ထို သတိ-ဉာဏ်-ဝီရိယတို့၏အကျိုးကို ယခု(၇၃)နှစ်အရွယ်ရောက်မှ တွေ့ရတာမို့ တပည့်တော်တို့အလိုအားဖြင့် ကံအစွမ်းဟာ အလွန်နဲ့တယ်လို့တောင် ထင်မိတာဘဲ။

**တပည့်တော်**။ ။ဒီလိုလဲ မထင်ပါနဲ့ဘုရား, သာမန် အကျိုးကလေးတွေတော့ ငယ်ငယ်တုန်းကလဲ ထိုက်တန်သလောက် ပေးခဲ့လို့ ဆရာသမားများရဲ့ အချီးအမြှောက်ကို အပြည့်အစုံ ရခဲ့တာပေါ့၊

**ခမ္မဂုတ်**။ ။ဆရာသမားများရဲ့ အချီးအမြှောက်ကိုတော့ ခံရပါရဲ့၊ ဒကာ-ဒကာမတို့၏အကူအညီကို ရသင့်သလောက် မရခဲ့တော့ ပတ်ဝန်းကျင်အပြိုင်အဆိုင်တွေက ကိုယ်တော့်ကို ပြိုင်ဝံ့ကြတာပေါ့၊ သူတို့လိုသာ ဒကာ ဒကာမပေါ်ယင် သူတို့က ဘယ်မှာပြိုင်ဝံ့မှာလဲ၊ ဆရာသမားဘက်, ပညာဘက်က တူမှ မတူတဲ့ဥစ္စာဘဲ။

**တပည့်တော်**။ ။အရွယ်ငယ်ငယ်တုန်းက ဒကာ-ဒကာမ မပေါ်တာဟာ တပည့်တော့်အတွက် ကိုယ်စွမ်းသတ္တိ သာပြီး ထင်ရှားစေတာမို့ တပည့်တော်ကတော့ အကောင်းဘက်က ယူဆပါတယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော်ယူဆတာတွေ မှန်ကောင်း မှန်ပါလိမ့်မယ်၊ ဒါပေမဲ့ စာမေးပွဲတွေအပြီး အားနဲနေတုန်းက ဂရုတစိုက် ပြုစုမဲ့သူရှိယင် သေလုမတတ် ဖြစ်မှာမဟုတ်ဘူး၊ ယခုတော့ အတော်နှောင်းမှ နဲနဲပါးပါးကလေး အကူအညီရပေလို့ မသေခဲ့တာဖြစ်မှာပါ ကိုယ်တော်။

၅၀

**တပည့်တော်**။ ။မသေလဲ ပြီးတာဘဲမဟုတ်လား ဘုရား၊ ရှေးကံကညံ့နေတဲ့ အချိန်မှာ မသေတာဘဲ ကျေးဇူးကြီးလှပါပြီ။

**ဓမ္မဂုတ်**။ ။ယခု (၇၃)နှစ် အတွင်းမှာ ကျောင်းတိုက်သံဃာ ငါးရာကျော်နဲ့ နေလောက် စားလောက် ပြည့်စုံနေတော့ ရှေ့ကို ဒါ့ထက်တိုးပြီး သံဃာ လက်ခံဘို့ စိတ်ကူးသေးသလား။

**တပည့်တော်**။ ။သံဃာ (၅၀၀)ကို တမိထဲသားလို အတူစား အတူနေတဲ့ စနစ်က ဒီတတိုက်သာရှိသေးလို့ အများကဘဲ တာဝန်ကြီးလှန်းတာကို ကြည့်ပြီး သံဃာလက်ခံဘို့ မသင့်တော့ဘူးလို့ ပြောကြပါတယ်၊ တပည့် တော်ကတော့ သာသနာတော်ကြီးကို အခြေကစပြီးမပြုပြင်နိုင်ယင် အကျိုး မရ, ရပြန်ယင်လဲ အကျိုးနဲ့, နဲ့ရုံတွင်မက အပြစ်တောင် ရစရာတွေ သိမြင် နေလို့ "စည်းစနစ်ကျနတဲ့ သံဃာ့ပရိသတ် အများကြီး လိုအပ်နေပြီ"လို့ ယူဆနေပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဦးဇနကရေ.... ကိုယ်တော်ရဲ့ အသိအမြင်တွေကို တခန်းသန့်သန့် မှတ်သားဘို့ရာ (၇၃) နှစ်အတွက် နိဂုံးအုပ်ရာဝယ် အကျဉ်းချုပ် သိချင် တယ် ကိုယ်တော်။

နိဂုံး။ ။ကိုယ်တည်းတယောက်, ဆင်းရဲရောက်လို့, ကိုယ့်နောက် အများ, ချမ်းသာပွားမှု, တပါးဖြစ်တွေ့ ဆင်းရဲစေတော့၊ စိတ်နေခုလို့, ဝမ်းဝယ် သိုရှိ, ထိုထိုအလုပ်, လွန်ကြိုးကုတ်သော်, မဟုတ်သတင်း, လုပ်ဇာတ်ခင်း လျက်, ချင်းချင်းရှို့သံ, ကဲ့ရဲ့သံတို့, နာခံမညီး, ပြည်လုံးဟီးမျှ, ဝေးနီး အနှံ့, ပျံ့အောင်ဖြန့်လည်း, မခံ့တရံ့, ခံ့တရံ့နဲ့, ကြံ့ကြံ့ပုံသေ, ခံခဲ့ပေ၏၊ မသေမပျောက်, ခုချိန်ရောက်သော်, နောက်ကဒကာ, ဒါယိကာနဲ့, ဆရာ သမား, တပည့်များတို့, အားထားကူညီ, ဝိုင်းအုံပြိုမို့, ကိုယ်သည်ငှင်း, ကိုယ့်အပေါင်းနဲ့, ကိုယ့်နွှေင်းငယ်သား, တိုင်းကျိုးများဘို့, ဘုရား သာသနာတော်, မှုရင်းပေါ်အောင်, ဖွင့်ဖော်သင့်ကြောင်း, အခွင့်တောင်း သည်.... အပေါင်း ဆရာတော်ဘုရား။

## ၁၇။ ခုနစ်ဆယ့်လေးနှစ်အတွင်း ဖြစ်စဉ်

**ဓမ္မဂုတ်။** ။ဦးဇနကရေ.... " ဘုရားသာသနာတော် မှုရင်းပေါ်အောင် ဖွင့်ပေါ်သင့်ကြောင်း အခွင့်တောင်းသည် အပေါင်း ဆရာတော်ဘုရား"ဆိုတဲ့ ကိုယ်တော်ရဲ့ နိဂုံးလက်ာ အဆုံးပိုဒ်ကလေးကို တွေးပြီးတော့ ကိုယ်တော့်ရဲ့ ရင်တွင်းမှာ " သာသနာတော်ကို ပြုပြင်သင့်တဲ့ အကြောင်းအရာတွေများစွာ ရှိနေလိမ့်မယ်"လို့ ထင်မိပါတယ်၊ အဲဒီ အကြောင်းအရာအချို့ကို အများသိရအောင် ပြောပြယင် မကောင်းဘူးလား ကိုယ်တော်။

**ဘပည့်တော်။** ။ကောင်းပါတယ်, တော်တော်များများ လျှောက်ပါ့မည်။

တပည့်တော်တို့ရဲ့ ဗုဒ္ဓမြတ်စွာ ပွင့်တော်မူလာတာကိုယ်က " ဒေဝမနုဿာနံ အတ္ထာယ ဟိတာယ သုခါယ "လို့ ဟောတော်မူသည့်အတိုင်း "နတ် လူ အများရဲ့ ဤဘဝမှာရော-နောက်ဘဝမှာရော စီးပွားချမ်းသာ တိုးပွား၍ အကျိုးများဘို့ ပွင့်တော်မူလာတာဖြစ်ပါတယ်"၊ ယခုအခါ ထို ရည်ရွယ်တော်မူချက်အတိုင်း " သာသနာတော်က အကျိုးပြုနိုင်-မပြုနိုင်, ပြုနိုင်ယင် မည်မျှအတိုင်းအတာ အထိ အကျိုးပြုနိုင်သည် " လို့ စဉ်းစား စိစစ်ဘို့ လိုပါတယ်။

**ဓမ္မဂုတ်။** ။ယခုအခါ ကမ္ဘာအလီလီ တိုင်းပြည်အရပ်ရပ်မှ လူတော်လူတတ်တွေ အလည်အပတ် ရောက်လာတဲ့အခါ ဤ သက်န်းဝတ်ပုဂ္ဂိုလ်တို့ကို ဟိုမြို့ ဒီရွာမှာဆိုသလို အများအပြား တွေ့ရတိုင်း လက်ညှိုးထိုးကာ စားဝတ်နေရေး အလုပ်အကိုင်ကိုပါ မေးလေ့ရှိကြပါသတဲ့၊ အမေးအမြန်း ခံရသူတို့က မိမိတို့ကိုးကွယ်တဲ့သာသနာကို ဖါဖါထေးထေး ဖြေကြပေမဲ့ သူတို့က မကျေနပ်တဲ့လက္ခဏာ ပြကြလို့ အမေးခံရသူ အများပင် စိတ်မကောင်း ဖြစ်ရပါသတဲ့၊ ဒါ့ကြောင့် ရဟန်းတော်များကိုယ်တိုင် မိမိတို့သာသနာကို မိမိတို့ဘာသာ မြှင့်တင်၍ အများ စိစစ်ခံနိုင်အောင် ပြုပြင်ဘို့ အချိန်ကတော့ မလွဲသာမရှောင်သာ အမှန်ပင် ရောက်လာပြီ ကိုယ်တော်၊ ရှေးကလို အမှတ်တမဲ့စား, အမှတ်တမဲ့သွား, အမှတ်တမဲ့နေလို့တော့ ဘယ်နည်းနဲ့မှ ယခုခေတ်မှာ မသင့်တော့ဘူး။

**တပည့်တော်။** ။နိုင်ငံခြားသားတွေ မကျေနပ်တဲ့အကြောင်းက ဒါလောက် အရေးမကြီးပါဘူး ဘုရား၊ တပည့်တော်တို့ ဆရာ-ဒကာ အချင်းချင်း သာသနာတော်နဲ့စပ်ပြီး အကျိုးရ နဲနေမှုကသာ လိုရင်းဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။ဟုတ်ပါတယ်, ဟုတ်ပါတယ်, အဲဒီအကျိုးရန်နေပုံကိုသာ ရှင်းလင်းပြပြီး, အကျိုးရများအောင် လုပ်နိုင်ယင်တော့ နိုင်ငံခြားသားတို့ရဲ့ အထင်သေးမှုကိုလဲ ဖြေရှင်းပြီးဖြစ်မှာပါဘဲ။

**တပည့်တော်**။ ။တပည့်တော်တို့ရဲ့ မြန်မာလူမျိုးများဟာ "တမူးရလို့ တပဲလှူ" ဆိုတဲ့လူမျိုးများနဲ့ အရင်းအဖျားသာ ကွဲတာမို့ ဒါနကိစ္စမှာ အလွန်ဇွဲသန်ကြပါတယ်၊ ဒါနကိစ္စ ဇွဲသန်ကြတော့ ကိုယ်ကျင့်သီလကို ထိန်းသိမ်းမှုနဲပါးနေပါတယ်၊ အမှန်ကတော့.... ဒီဘဝမှာ လူကောင်း သူကောင်းဖြစ်ဘို့ရော နောက်ဘဝမှာ လားရာဂတိကောင်းဘို့ရော ကိုယ်ကျင့်သီလက ပဓာနဖြစ်ပါတယ်၊ သီလကြောင့် ကောင်းတဲ့ဂတိ, ကောင်းတဲ့ဘဝ ရောက်မှ ဒါနကနောက်လိုက်အဖြစ်နဲ့ အကျိုးပေးနိုင်တာပါ။

**ခမ္မဂုတ်**။ ။ဟုတ်ပါ့မလားကိုယ်တော်, ဒါနကော ဂတိကောင်းရောက်အောင် မပို့နိုင်ဘူးလား၊ တချို့များ ဆွမ်းတအုပ်လှူဘူးလို့ အပါယ်မလားဘဲ နိဗ္ဗာန်တိုင်အောင် အကျိုးရတယ် မဟုတ်လား၊ ဝိသာခါ အနာထပိဏ်တို့ အထက်နတ်ပြည်မှာ ရောက်နေကြတာဟာ ဒါနကြောင့် မဟုတ်ဘူးလား။

**တပည့်တော်**။ ။ဝိသာခါ အနာထပိဏ်တို့နဲ့တော့ မဆိုင်းပါနဲ့ဘုရား, သူတို့က သောတာပန်ဖြစ်ပြီးသူတွေမို့ အလွန်ငါးပါးသီလ စင်ကြယ်ကြတဲ့အပြင် ဒုစရိုက်ဆယ်ပါးလဲ အမှားမရှိပါဘူး၊ အလွန် စိတ်ထားဖြူစင်ပါတယ်၊ ဆွမ်းတအုပ် လှူဘူး, ပန်းတပွင့် လှူဘူးလို့ အပါယ်မလားခဲ့ရဘူးဆိုတဲ့ သူတော်ကောင်းများလဲ ထိုအလှူကြောင့်သာ မကပါဘူး၊ အခြေခံ ငါးပါးသီလကလဲ မပျက်ကြလို့ သုဂတိဘဝကို ရတာပါ၊ အဲဒီလိုရတဲ့အခါ သူတော်ကောင်းနဲ့ ပေါင်းရပါလိမ့်မယ်၊ အဲဒီလို နောက်ထပ်နောက်ထပ် ကုသိုလ်တွေက တိုးတိုးနေလို့ အပါယ်မလားရဘဲ ဘုရားနဲ့တွေ့တဲ့အခါ တရားထူးရ၍ နိဗ္ဗာန်အထိ အကျိုးရတာ ဖြစ်ပါတယ်၊ အဲဒီ အကျိုးရဲ့ အရင်းအမြစ်က ဆွမ်းအလှူ ပန်းအလှူဖြစ်လို့ ဆွမ်းတအုပ်အလှူကြောင့်, ပန်းတပွင့်အလှူကြောင့် အပါယ်မလားဘဲ နိဗ္ဗာန်ရတယ်လို့ ဥဒါန်းတွင်လာတာဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့လဲ ယုတ္တိရှိပါပေတယ် ကိုယ်တော်၊

**တပည့်တော်**။ ။အရှင်ဘုရားစဉ်းစားစမ်းပါ၊ ဒီဘဝမှာ ငါးပါးသီလမှမလုံဘဲ ဒုစရိုက် (၁၀) ပါးမှ မရှောင်ဘဲနဲ့ ပါဏာတိပါတ ဖြစ်စေ, ကာမေသု

မိစ္ဆာစာရဖြစ်စေ, သုရာမေရယ အဒိန္နာဒါန မုသာဝါဒ တခုခုဖြစ်စေ မရှောင်ဘဲ ကျောင်းကြီးဆောက်, ဘုရားတည်, အလှူကြီးပေးနေသူဟာ သေခါနီးမှာ ထိုကုသိုလ် အကုသိုလ် ၂ မျိုးထင်လာယင် စိတ်ကြည်နိုင်ပါ့ မလား၊ စိတ်မကြည်ယင် ပြုပြင်ပေးနိုင်သူသဲမရှိခဲ့သော်, ကေန် အပါယ် သွားရမှာပါဘဲ, အလှူကြီးတွေက မကယ်နိုင်ပါဘူး၊ ( ဣမမှိစာယံ သမယေ, ကာလံ ကယိရာထ ပုဂ္ဂလော၊ နိရယံ ဥပပဇ္ဇေယျ, စိတ္တံ ဟိဿ ပဒူသိတံ၊ — ဣတိဝုတ်, ကေနိပါတ်။)

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်ကျင့်သီလက မစင်ကြယ်ယင် ကုသိုလ်တွေ အကျိုးပေးဘို့ကလဲ မရေရာဘူးပေါ့နော်။

**ဘပည့်တော်**။ ။ဟုတ်ပါတယ်, ငါးပါးသီလမှမလုံခြုံယင် ဒုစရိုက်(၁၀)ပါးမှ မရှောင်နိုင်ယင် အာဇီဝဋ္ဌမကသီလလဲ ပြည့်စုံမှာမဟုတ်ပါ, အပါယ်သွား ဘို့က သာ၍နီးကပ်ပါတယ်။

**ခမ္မဂုတ်**။ ။လူတွေကတော့ ဒီအကြောင်းကို ကောင်းကောင်း မရှင်းကြလို့ ဒါနကိုသိပ်ပြုကြ, ဒါနကိုသိပ်အားကိုးကြ ဒါနပြုနိုင်အောင် မတရား နည်းနဲ့ စီးပွားရှာကြတယ်နော်။

**ဘပည့်တော်**။ ။မြန်မာလူမျိုးတွေက အားကိုးရာအစစ်ဖြစ်တဲ့ သီလကို အား မကိုးကြဘဲ, ဒါနကို အားကိုးကြလွန်းလို့ စားဝတ်နေရေး ချောင်လည် နေတဲ့ သာသနာကို အချောင်သမား တော်တော်များများက ဝင်ရောက် ခိုစရာလို့ ယူဆပြီး သာသနာဘောင်ရောက်တဲ့အခါ ဝိနည်းတော်အတိုင်း သီလကို ဂရုမစိုက်ကြဘဲ ပေါ့ပေါ့စား-ပေါ့ပေါ့သွား-ပေါ့ပေါ့နေကြလို့ မသေခင် စဉ်းစားတတ်သူတွေရဲ့ အထင်သေး အမြင်သေးကိုခံပြီး သေတဲ့ အခါကျတော့လဲ ပေါ့ပေါ့ဘဲ သေကြရတာပါဘဲ။

**ခမ္မဂုတ်**။ ။အလှူ့ရှင်တွေက ငါးပါးသီလကိုမျှ စင်ကြယ်အောင် မကြိုးစား တဲ့အပြင်, အလှူခံပုဂ္ဂိုလ်ဖြစ်တဲ့ ရဟန်းတော်များကလဲ သီလမစင်ကြယ် ယင်တော့ ယခုအလှူတွေဟာ နောက်ဘဝအကျိုးရဘို့ ဘယ်လိုနေမလဲ ကိုယ်တော်။

**ဘပည့်တော်**။ ။သီလ-ဒါနနဲ့ စပ်ပြီး မှတ်စရာအကျယ်ကို ကိုယ်ကျင့်အဘိဓမ္မာ ကျမ်း၌ ရေးခဲ့ပါပြီ၊ ဒီမှာ ထပ်ရေးနေလို့ ပျင်းစရာဖြစ်နေပါလိမ့်မည်။

**မမ္မဂုတ်** ။ ။ သီလမစင်ကြယ်တဲ့ အလှူ့ရှင်တွေမှာ အကျိုးရနဲမှာကတော့ သေချာပါတယ်၊ သီလမစင်ကြယ်သဲ့ လူတို့ရဲ့ ဆွမ်း–သင်္ကန်း–ကျောင်း–ဆေးတို့ကို သုံးစွဲနေကြတဲ့ အလှူခံဘက်ကတော့ ဘယ်လိုဖြစ်စရာရှိသလဲ။

**တပည့်တော်** ။ ။ ဒီကိစ္စနဲ့စပ်၍ ကဿပမြတ်စွာဘုရား၏ နောက်ပိုင်းသာသနာမှာ ဖြစ်ပျက်ပုံတွေကို အနာဂတ်သာသနာရေးကျမ်း၌ အတော်စုံလင်စွာ ရေးခဲ့ဘူးပါပြီ၊ ယခုလောလောဆယ် ကြားသိနေရတဲ့ သာသနာဝင် အချို့ရဲ့ သွားလမ်းကိုတော့ မလွဲမသွေသိထိုက်နေပြီလို့ ယူဆ၍ ကြားသိရသမျှကို ရေးပြပါ့မယ်။

**မမ္မဂုတ်** ။ ။ အား.... ယခုလက်ရှိ သာသနာဝင်များရဲ့ လားရာဂတိလား။

**တပည့်တော်** ။ ။ ဟုတ်ပါတယ်, တပည့်တော်က တမင်လာ စပ်စုတာ မဟုတ်ပါဘူး၊ အကြောင်းအားလျော်စွာ ပြောဆိုကြတဲ့ ဝတ္ထုတွေပါ။

**မမ္မဂုတ်** ။ ။ တပည့်တော်တို့ကိုပါ ထိမဲ့အကြောင်းဆိုယင်တော့ နားမထောင်ချင်ဘူး ကိုယ်တော်, ပြောသင့်မှ ပြောပါ။

**တပည့်တော်** ။ ။ အရှင်ဘုရားလဲ ဘုန်းကြီးထဲက ဘုန်းကြီးဆိုတော့ ထိချင်လဲ ထိမှာပါဘဲဘုရား, ကြားရသမျှတွေ နောင်လာနောက်သား သူတော်ကောင်းများ သတိထားဘို့ရာ ပြောရတော့မှာဘဲ ကိုယ်တော်၊ နားမထောင်ဝံ့ယင်လဲ နားပိတ်ထားပေါ့။

**မမ္မဂုတ်** ။ ။ တပည့်တော် ဒါလောက်အကျင့်မပျက်ပါဘူး, ပြောသာပြောပါ၊ နားထောင်ရဲပါတယ်။

**တပည့်တော်** ။ ။ ကျောင်း တကျောင်းမှာ တောထွက် ကမ္မဋ္ဌာန်းဘုန်းကြီး ၂ ပါးတွင် တပါးသေလို့ (မပြန်တော်မူဘဲ) တစ္ဆေဖြစ်ပြီး ချောက်တယ်ဆိုတဲ့အကြောင်းကို (ရှေ့တုန်းက) ပြောခဲ့ပြီနော်၊ ယခုတပည့်တော်နဲ့ နီးစပ်တဲ့ပုဂ္ဂိုလ် မနီးစပ်တဲ့ပုဂ္ဂိုလ်များ အကြောင်းကို ပြောပြပါ့မယ်။

**လူဝင်စား** ။ ။ အောက်သားဘုန်းကြီးတပါးဟာ တပည့်တော် ရဟန်းကလေးအဖြစ်တုန်းက အလွန်ထင်ရှားတဲ့ နိုင်ငံကျော် (ဓမ္မကထိက) ဖြစ်ပါတယ်၊ အောက်နိုင်ငံက အထက်လာတော့ ပခုက္ကူတိုက်ကြီးဝင်လာလို့ မြင်လိုက်

ရပါတယ်, စကားအပြောလဲ အလွန်ကောင်းပါတယ်၊ ထိုပုဂ္ဂိုလ်ပြန်တော်မူတော့ ဆင်းရဲသော လူဝင်စားကလေး ဖြစ်ပါသတဲ့။

**ခမ္မဂုတ်**။ ။ဟယ်....မှတ်ကရော့, ထင်ရှားသော ဓမ္မကထိကဆရာတော်ကြီးက ဆင်းဆင်းရဲရဲ လူဝင်စားဖြစ်သတဲ့လား။

**ဘပည့်တော်**။ ။တပည့်တော်တို့နဲ့ နီးစပ်တဲ့ သူ့နယ်မှာ ထင်ရှားသော ဆရာတော် အခေါ်ခံ ဘုန်းကြီးတပါးလဲ ဆင်းရဲသော အမိဝမ်းမှာ လူဝင်စားဖြစ်ပါသတဲ့၊ ဒီလို ဘုန်းကြီးလူဝင်စားတွေကတော့ လူချမ်းသာအဖြစ်နဲ့ပြီး, လူဆင်းရဲအဖြစ် များနေဟန်တူပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။ဒီလို လူဝင်စား လူဆင်းရဲဖြစ်ရတော့ ဘုန်းကြီးဘဝနဲ့စာယင် အမြတ်မရဘဲ အရှုံးထွက်တာပေါ့နော်။

**ဘပည့်တော်**။ ။ရှုံးတာမှ အတော်ကြီးကို ရှုံးပါတယ်၊ သို့သော် တစ္ဆေဖြစ်တာလောက်တော့ မနစ်နာဘူးပေါ့။

**ခမ္မဂုတ်**။ ။အဲ.... ဘုန်းကြီးသေပြီး တစ္ဆေဖြစ်နေတာတွေဟာ တော်တော်များသတဲ့လား။

**ဘပည့်တော်**။ ။အနာဂတ်သာသနာရေးကျမ်းမှာ ဘုန်းကြီးတပါး ပြန်တော်မူခါနီး အိပ်ရာပေါ်ကနေပြီး ငွေမြှုပ်ထားတဲ့မြေကြီးကို ကြည့်ကြည့်နေတာနဲ့ ဒကာတယောက်က တူးဖေါ်ယူသွားတဲ့အကြောင်းကို ရေးခဲ့ဘူးပါတယ်၊ မြို့တမြို့မှာ ဘုန်းကြီးတပါး ရုတ်တရက် ပြန်တော်မူပြီးမှ ဒကာတယောက်ကိုပူးပြီး "မည်သည့်ဒကာမက အပ်ထားတဲ့ငွေတွေ မည်သည့်နေရာမှာ ရှိပါတယ်, ပြန်ပေးလိုက်ကြပါ၊ သူ့မှာတော့ သစ်ပင်ကလေးတပင်မှာ ဆင်းဆင်းရဲရဲ နေရပါတယ်"လို့ ပြောပါသတဲ့။

**ခမ္မဂုတ်**။ ။ဒုက္ခပါဘဲကိုယ်တော်, ကိုယ်တော်က စိတ်သဘောကောင်းပြီး ယုံကြည် စိတ်ချရလို့ ဒကာမက ရွှေငွေတွေကို သိမ်းထားဘို့ရန် အပ်နှံထားဟန် တူပါတယ်၊ အဲဒီ ဒကာမပါသေပြီး အဲဒီဘုန်းကြီးတစ္ဆေအနားအဲဒီငွေတွေနဲ့ သွားနေဘို့ကောင်းတာဘဲ။

**ဘပည့်တော်**။ ။အဲဒီဘုန်းကြီးအယင်က ကျောင်းထိုင်လုပ်သွားတဲ့ ဘုန်းကြီးကတော့ အဲဒီ ကျောင်းဝင်းထဲက ကန်ပေါင်ရိုးမှာ တစ္ဆေဖြစ်ပြီး ညအခါ မဲမဲကြီးသွားနေတာကို မြင်ကြရသတဲ့။

**ဓမ္မဂုတ်**။ ။အင်း....''အယင်ဘုန်းကြီးက တစ္ဆေအကြီး, နောက်ဘုန်းကြီးက တစ္ဆေအငယ်''လို့ ဆိုရမှာပေါ့။

**တပည့်တော်**။ ။အောက်ပြည် မြို့တမြို့မှာ ဘုန်းကြီးတပါး သေလောက်သော ရောဂါဖြစ်နေလို့ ဒကာများလဲ လာ၍အိပ်ကြ, တောရွာက ဆွေမျိုးများလဲ လာ၍အိပ်ကြတဲ့အခါ အားလုံးအိပ်ကြပြီထင်လို့ ဆွေမျိုးများက နှိုးပြီး အထက်ဘုံပေါ်မှာ ငွေတွေရှိတဲ့အကြောင်းကို ပြောပါသတဲ့ အိပ်မပျော်တဲ့ မြို့က ဒကာများက ''ပြုစုတော့ ဒို့က, ပေးစရာရှိတော့ သူ့ဆွေမျိုး''လို့ ပြောပြီး, ထိုဘုန်းကြီး မသေခင် အထက်ဘုံပေါ်တက်၍ ငွေတွေကို ယူကြပါရောတဲ့၊ ထိုဘုန်းကြီးပြန်တော်မူတဲ့အခါ စပါးကြီးမြွေ ဖြစ်ပြီး အိပ်ရာပေါ်မှာ ခွေနေတာတွေလို့ အခြားနေရာ သွားပို့သော်လဲ ဒီနေရာကိုဘဲ အတော်ကြာကြာ ပြန်ပြန်လာပါသတဲ့။

**ဓမ္မဂုတ်**။ ။ချက်ခြင်းသေပြီး မြွေအကြီးစား ဖြစ်နိုင်တာက ဘာသဘောလဲ ကိုယ်တော်။

**တပည့်တော်**။ ။''ဥပပါတ်ပဋိသန္ဓေ''ဆိုတာ တခါထဲ ကြီးကြီးမားမားဖြစ်နိုင် ပါတယ်, အဲဒီမြွေကတော့ ဥပပါတ်ပဋိသန္ဓေ ဖြစ်မှာပေါ့၊ စာထဲမှာလဲ မြှုပ်ထားတဲ့ ပစ္စည်းဥစ္စာကို စွဲပြီးသေလို့ ဥစ္စာစောင့်မြွေကြီး ဖြစ်နေတာ တွေကို တွေ့ရပါတယ်။

**ဓမ္မဂုတ်**။ ။ဘုန်းကြီးဘဝနဲ့ ပစ္စည်းတွေများနေတာလဲ တွက်ခြေ မကိုက်တဲ့ အပြင်, တိရစ္ဆာန်ဖြစ်တို့ ပြိတ္တာဖြစ်တို့သာ များနေပါလား ကိုယ်တော်, လူတွေလဲ ပစ္စည်းစွဲ-ဆွေမျိုးစွဲနဲ့ ပြိတ္တာ (တစ္ဆေ) ဖြစ်ကြပါတယ်၊ သူတို့ မှာတော့ သူတို့ရှာထားတဲ့ပစ္စည်းမို့ စွဲလမ်းပါစေတော့, ဘုန်းကြီးများ စွဲလမ်းတာကတော့ နစ်နာချက်ဆိုးလိုက်တာ ကိုယ်တော်။

**တပည့်တော်**။ ။အထက်နိုင်ငံမှာ ဆရာတော်အခေါ်ခံသော ပုဂ္ဂိုလ်တပါးက တော့ အပင့်အဖိတ်များသလောက် ပစ္စည်းကလဲပေါ, မလှူရက် မပေး ရက်နဲ့ ပြန်တော်မူတော့ သူတပါးထဲနေတဲ့ ကျောင်းကြီးဟာ တစ္ဆေ ချောက်လွန်းလို့ နောက်ထပ်သံဃာတောင် တော်တော်နဲ့ မနေဝံ့ဘူးတဲ့။

**ဓမ္မဂုတ်**။ ။ဒီလို ဆရာတော်များကလဲ ဘဝနတ်ထံ ပြန်လွန်တော်မမူကြဘဲ ကိုးနော်, ဘုန်းကြီးပြန် ကြော်ငြာများမှာတော့ ဘဝနတ်ထံ ပြန်လွန်

တော်မူချည်းဘဲ၊ ယခုတော့ "ပြန်တော်မမူဘဲ ရှိုးတော်မူတာက အတော်များနေပုံရနေပါပြီကော"။

**တပည့်တော်။** ။အဲဒီထက်ထင်ရှားတဲ့ စာတတ်ပေတတ် ဆရာတော်တပါးကတော့ ပစ္စည်းတွေချန်ထားခဲ့ပြီး ပြန်တော်မူတဲ့အခါ တနေရာမှာ သက်နိုင်ခေါင်းမြီးခြုံပြီး လမ်းသွားနေတာကို အထင်အမြင်ရတယ်ဆိုတဲ့ ဝိဇ္ဇာဂိုဏ်းကိုယ်တော်တပါးက တွေ့ရပါသတဲ့။

**ဓမ္မဂုတ်။** ။အထင်အမြင်ရတယ်ဆိုတာ ဘယ်လိုဟာတုန်းကိုယ်တော်, သူမြင်တဲ့အတိုင်းကော အမှန်ဖြစ်နိုင်မှာလား။

**တပည့်တော်။** ။တပည့်တော်လဲ ဒီဂိုဏ်းကိစ္စတွေကို နားမလည်ပါဘူး၊ ခပ်ရှယ်ရှယ်တုန်းက "မမ္မကထိက နာမည်ကျော် တပါးဟာ ပြန်တော်မူပြီးနောက်, ပြိတ္တာ(တစ္ဆေ)ဖြစ်နေတယ်"လို့ ဂိုဏ်းဝင်ပုဂ္ဂိုလ်က ပြောဘူးပါတယ်၊ သိပ်မထင်ရှားတဲ့ ဓမ္မကထိကတပါးလဲ အလားတူ ဖြစ်နေတယ်လို့ ပြောပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဝတ္ထုတွေ အများကြီး ရှိမှာဘဲနော်။

**တပည့်တော်။** ။ရှိဒါပေါ့ဘုရား, တပည့်တော်ငယ်ငယ်က အတော်ထင်ရှားတဲ့ ဆရာတော်တပါးအတွက် အတော်ထင်ရှားတဲ့ ကုမ္ပဏီပိုင်ဒကာက အတော်ကောင်းတဲ့ စံကျောင်းတကျောင်း ဆောက်ပါတယ်၊ ကျောင်းမပြီးခင် ထိုဆရာတော် ပြန်တော်မူတော့ ထိုတိုက်ရဲ့ဆရာတော်ကြီးကို လှူလို့ ဆရာတော်ကြီးက ကျောင်းပေါ်မှာတက်အိပ်တော့ ထိုမူလဘုန်းကြီးကဖြစ်နေတဲ့ သရဲက ဆရာတော်ကြီးရဲ့လည်ပင်းကို လာပြီး ညှစ်ပါသတဲ့။

**ဓမ္မဂုတ်။** ။ဒါကတော့ တစ္ဆေအဆင့်ထက်မြင့်တဲ့ သရဲမို့လို့ ဆရာတော်ကြီးကိုတောင် နှိပ်စက်နိုင်တာဘဲနော်။

**တပည့်တော်၊** ။ဝိနည်းမိုရ်လို့ အတော်ထင်ရှားတဲ့ ဆရာတော်ကြီးတပါးတော့ ပြန်တော်မူပြီးနောက် ရုက္ခစိုး ဖြစ်နေကြောင်း သူ့ဆိုင်ရာ ဒကာမဒကာ ပူးပြောလို့ သိရပါတယ်၊ ဒါပေမဲ့ တန်ခိုးတော့ ကြီးဟန်မတူဘူး၊ ပူးပြောယင်းက သူ၏ အလုပ်အကျွေးဖြစ်ဘူးတဲ့သူကို ဘယ်မှာနေတုန်းလို့ မေးပါသတဲ့၊ (ဒီလို မသိနိုင်တာထောက်ပြီး တန်ခိုးမကြီးဘူးလို့ သိရပါတယ်)။

**ဓမ္မဂုတ်။** ။ဝိနည်းမိုရ်ဖြစ်ပါလျက် တန်ခိုး သိပ်မကြီးတဲ့ ရုက္ခစိုးလောက်တော့ ကျေနပ်စရာမကောင်းနိုင်ဘူး ကိုယ်တော်။

**တပည့်တော်။** ။ဝိနည်းခိုရ်ဆိုသော်လဲ သီလ သာမန်လောက်သာ ပြည့်စုံသေးတာ ဖြစ်ရတော့ စိတ်နေစိတ်ထားက မဖြူစင်ယင် အထက်တန်း မရောက်နိုင်ပါဘူးဘုရား။

**ခမ္မဂုတ်။** ။ကိုယ်တော်ပြောတဲ့အထဲမှာ ဆရာတော်, ခမ္မကထိက, စာချ, ကျောင်းထိုင်, ဝိနည်းခိုရ် အတော်စုံပြီ၊ ကိုယ်တော်ရဲ့ တိုက်သံဃာ(၅၀၀) လောက် ပြန်တော်မူကြယင် ဘယ်လိုနေလိမ့်မယ်ထင်သလဲ။

**တပည့်တော်။** ။တပည့်တော်ရဲ့ တိုက်သံဃာဘဲဖြစ်ဖြစ်, အခြားတိုက်သံဃာဖြစ်ဖြစ် ဝိနည်းတော် သီလကို ဂရုမစိုက်ဘဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေယင်တော့ လယ်တီဆရာတော်ကြီးရဲ့ ဩဝါဒလင်္ကာအတိုင်း....

"အပါယ်ထိုထို, ဥဒဟိုသည့်, နင်လိုလူမိုက် သွားလမ်းတည်း၊
ငါလိုလူမိုက် သွားလမ်းတည်း"ဘဲ ဖြစ်မှာပေါ့ဘုရား။

**ခမ္မဂုတ်။** ။စာမေးပွဲတွေဝင်ပြီး စာသင်နေတဲ့ကိုယ်တော်လေးများ "အပါယ်ထိုထို ဥဒဟို"က မလွတ်နိုင်ပေဘူးလား။

**တပည့်တော်။** ။မန္တလေးအနောက်တောင် မြစ်ဆိပ်အနီးမှာ ပေပင်ကျောင်းတိုက်လို့ ရှိပါတယ်၊ အဲဒီဆရာတော်ကြီးက ညအခါ သုသာန်သင်းချိုင်းကြပြီး တရားထိုင်လေ့ တရားဟောလေ့ ရှိပါတယ်၊ အဲဒီအခါမှာ တချို့တစ္ဆေများက ရှိရှိသေသေ တရားနာပြီး, တချို့ကတော့ မလေးမခံ့လုပ်ကြပါသတဲ့၊ အဲဒီအချိန်မှာ ခပ်လှမ်းလှမ်း သင်းချိုင်းအတွင်းက ကိုယ်တော်ကလေးများရဲ့ သံပြိုင် ညဝါရွတ်သံကိုလဲ ကြားရပါသတဲ့။

**ခမ္မဂုတ်။** ။ဥုးပဥ္စင်းတွေလာပြီး ညဝါရွတ်ကြတာ ဖြစ်ချင်ဖြစ်မှာပါကိုယ်တော်, တစ္ဆေဆိုယင် ညဝါတွေ ဘယ်မှာရတော့မှာလဲ။

**တပည့်တော်။** ။ဘဝမခြားယင် ကျက်ပြီးသားစာတွေ ရနိုင်ပါသေးတယ်၊ ကျောင်းတိုက်တွင်းကကိုယ်တော်များက အလွန်ဝေးသောသုသာန်လာပြီး ညအခါ ရွတ်မှာမဟုတ်ပါဘူး၊ ပေပင်ဆရာတော်ကြွတဲ့ သုသာန်က မြို့အနီးသုသာန်မဟုတ်ပါ၊ ရှမ်းကလေးကျွန်းရွာတို့လို ရွာက သုသာန်မျိုးပါ။

**ခမ္မဂုတ်။** ။စာတွေရနေယင် တစ္ဆေဖြစ်စရာ ရှိသေးရဲ့လားကိုယ်တော်၊ ဒီလိုလဲ စဉ်းစားအုံးမှပေါ့။

**ဇာပည့်တော်**။ ။လူတွေက စာအထင်ကြီးနေလို့ ခက်တာဘဲဘုရား၊ စာသင်တဲ့ ရည်ရွယ်ချက်က စာမေးပွဲအောင်ပြီး "ဂုဏ်ရှိဘို့, လာဘ်ရဘို့, နာမည်ကြီးဘို့" ဆိုယင် စာတွေရွတ်ဆိုတိုင်း အနက်အဓိပ္ပါယ် စဉ်းစားတိုင်း မသန့်ရှင်းတော့လို့ ထို စာသင်နည်းကို "မြွေဖမ်းမတတ်သော အလမ္ပါယ်သမားရဲ့ မြွေဖမ်းနည်း" လို့ (မူလပဏ္ဏာသ အလဂဒ္ဒူပမသုတ်မှာ) ဟောတော်မူပါတယ်၊ "အလမ္ပါယ်သမားဟာ မြွေကို အဖမ်းမတတ်၍ ခါးကိုကိုင်ပြီး ဖမ်းလို့ မြွေကိုက်ခံရသလို, စာသင်နည်း မတတ်၍ ထိုစာကြောင့် အကိုက်ကိုခံရတယ်" လို့ မိန့်တော်မူလိုရင်း ဖြစ်ပါတယ်၊ "အဲဒီလို စာသင်မဲ့အစား စာမသင်ဘဲ အိပ်နေတာက ကောင်းသေးတယ်" လို့လဲ အဋ္ဌကထာက မှတ်ချက်ပြုပါတယ်။

**ဓမ္မဂုတ်**။ ။ရှင်းစမ်းပါဦး ကိုယ်တော်၊ "စာသင်တာနဲ့ အပါယ်ကျရတယ်" ဆိုတာ မရှင်းသေးပါဘူး။

**ဇာပည့်တော်**။ ။စိတ်ဆိုတာ ပုထုဇဉ်နဲ့ အောက်တန်း အရိယာများအတွက် ကုသိုလ်နဲ့ အကုသိုလ် ၂ မျိုးသာ လိုရင်းဖြစ်ပါတယ်၊ ကုသိုလ်ဖြစ်ယင်ဖြစ်, မဖြစ်ယင် အကုသိုလ်ဖြစ်မှာဘဲ, စာမေးပွဲအောင်ချင်တဲ့ စိတ်ဟာ အများအားဖြင့် ဘာစိတ်ဖြစ်မလဲ၊ လိုချင်တဲ့လောဘဇောက အကုသိုလ်စိတ် မဖြစ်ပေဘူးလား၊ လာဘ်လိုချင်တာ, နာမည် ကျော်ကြားချင်တာတွေကော အကုသိုလ် လောဘဇောစိတ်တွေ မဟုတ်ဘူးလား၊ သာသနာပြုလိုတဲ့ဆန္ဒ ပါယင်တော့ ထိုပုဂ္ဂိုလ်အတွက် ကုသိုလ်ဇောဖြစ်စရာ ရှိပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလို ပုဂ္ဂိုလ်ကတော့ အနဲသားပါဘုရား၊ ကျေးရွာ ဆရာ မိဘ ရဟန်းဒကာ ရှင်ဒကာ - ဒကာမများက စာမေးပွဲ အောင်တယ်ဆိုတော့ ဝမ်းသာကြတာလဲ အကုသိုလ် လောဘဇောတွေပေါ့နော်။

**ဇာပည့်တော်**။ ။အကုသိုလ်တွေသာ များပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုယင် ကျောင်းတိုက်ကြီးတွေ သိန်းချီ၍ အကုန်ခံ ဆောက်ကြတဲ့ ကျောင်းဒကာကြီးတွေက သူတို့ဆရာတော်ကို (အဂ္ဂမဟာပဏ္ဍိတ) ဘွဲ့ရအောင် ကြိုးစားကြတာလဲ အဲဒီ အဝှါဇောတွေချည်း ဖြစ်မှာပေါ့။

**ဇာပည့်တော်** ။အဘိဓမ္မာသဘောဆိုတာ မျက်နှာမလိုက်ဘူးဘုရား၊ လောဘ မှန်ယင် တိရစ္ဆာန်မှာဖြစ်ဖြစ်, လူမှာဖြစ်ဖြစ် လိုချင်တဲ့သဘော သာယာတဲ့ သဘောချည်းဘဲ။

**ခမ္မဂုတ်**။ ။ခက်ကုန်ပြီ ဦးဇနကရေ...ကုသိုလ်ထင်လို့ လုပ်နေကြတာတွေဟ အကုသိုလ်ဘက်က များနေရုံမက တဇ္ဇေ ပြိတ္တာဖြစ်တဲ့ ဝတ္ထုတွေကင စာတွေသာမက, ငါတွေကလဲ မနဲပါလား၊ နဲနဲပါးပါး စိတ်သက်သ အောင် ကောင်းရာ, မြတ်ရာရောက်တဲ့ ဝတ္ထုကလေးများ မကြားတေ ဘူးလား။

**ဘပည့်တော်**။ ။ ၃ နှစ်လောက် လူတွေမခံဘဲ တရားအားထုတ်တော်မူ ဥပဇ္ဈာယ်ဆရာ မဟာဂန္ဓာရုံဆရာတော် ပြန်တော်မူတဲ့ညမှာ ပုညရှင်နှ ဥမင်သုံးဆယ် တောင်တန်းတရပ်လုံး အလင်းရောင်တွေ ပြန့်နေတပ ဆိုတာကို ပြောခဲ့ပြီနော်၊ တပည့်တော်ရဲ့ဆိုင်ရာ စာချဆရာတော်တပ ပြန်တော်မူခါနီး မေ့သွားပြီး သတိရလာတဲ့အခါမှာ အစိမ်းရောင်ချပ ထားသော တိုက်ဗိမာန်အတွင်းမှာ...ဆရာတော်ကို တွေ့ခဲ့ရတဲ့အကြောင် ပြောပါသတဲ့။

**ခမ္မဂုတ်**။ ။ဒီလိုလဲ အကောင်းဘက်က ရှိရဦးမှာပေါ့နော်။

**ဘပည့်တော်** ။ ။ ရှိနိုင်ပါတယ် - ရှိနိုင်ပါတယ်, သာသနာတော်ကြီးကိုဂ မကောင်းသူပယ် ကောင်းသူကယ်တဲ့, သာသနာတော် ဖြစ်ပါတယ် အထက်ရောက်သွားတဲ့ ပုဂ္ဂိုလ်များအတွက်က ပြန်ရှုကြားဘို့ တွေ့ဘ့ ခဲယဉ်းလို့သာ မကြားရ - မတွေ့ရခြင်း ဖြစ်ပါတယ်၊ သေပြီးတဲ့နောက လားရာဂတိက "ငရဲ- ပြိတ္တာ- တိရစ္ဆာန်- လူ - နတ် ဗြဟ္မာ" လို့ ၅ ဌား ရှိရာတွင် ပြိတ္တာတွင် ပါဝင်သော တဇ္ဇေ ပြန်ပြောနိုင်တဲ့ လူတချို့နဲ အောက်နတ်တချို့သာ သိခွင့်ရှိပါတယ်၊ အခြားဂတိရောက်နေသူမျာ ကိုတော့ သိနိုင်တဲ့အခွင့်က အလွန်နဲပါတယ်, ဘုရားလက်ထက်တော် တုန်းကတော့ ဘုရားရှင်ကလဲ ဟောပြတော်မူလို့ အထက်အောက် ရောက်သူများကို သိခွင့်ရသည့်အတိုင်း ပါဠိတော်မှာ တွေ့ကြရပါတယ် ထို ပါဠိတော်မှာ ငရဲ - တိရစ္ဆာန် - ပြိတ္တာနဲ့ လူနတ်ဗြဟ္မာ ဖြစ်ခြေင်း၏ အကြောင်းကိုပါ ဟောတော်မူတာဖြစ်လို့ ဗုဒ္ဓဘာသာဝင်တိုင်း အလွန် ဖတ်ထိုက်ပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင်တော့ အကြောင်းမကောင်းလို့ တဇ္ဇေပြိတ္တာဖြစ် တာကို လက်တွေ့သိရယင်တော့ အကြောင်းကောင်းအောင် ပြင်ဘို့သာ တပည့်တော်တို့ တာဝန်ဖြစ်ပါတယ်။

**တပည့်တော်။** ။ဟုတ်ပါတယ် သာသနာတော်တရပ်လုံး မျက်စိလည်၍ အမှားလမ်းသွားခဲ့လို့ ငွေကုန် လူပန်းဖြစ်သလောက် အကျိုးမရတာကို သိရယင် သာသနာတော် မူရင်းအတိုင်း ဖြစ်နိုင်တဲ့အခါ မျက်စိလည် ပျောက်၍ လမ်းမှန်ရောက်ဘို့ သေချာတာမို့ “ဘုရားသာသနာတော် ဖွင့်ဖေါ်သင့်ကြောင်း, အခွင့်တောင်းသည်”ဟု လျှောက်ခဲ့ရခြင်း ဖြစ်ပါ တယ်ဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော့်စကားကြားရတော့ ပခုက္ကူဆရာတော်ရဲ့ ဩဝါဒကို သွားပြီးသတိရတယ်ကိုယ်တော်, မုဆိုးတယောက် ခွေးတွေနဲ့ သားကောင် လိုက်တုန်း မျက်လုံးဆူးခက်နဲ့ညိလို့ မျက်လုံးထွက်လာတဲ့အခါ သား ကောင် မျက်ခြေပြတ်မှာစိုးလို့ မျက်လုံးကို အတွင်းအပြင်မကြည့်အားဘဲ ပြန်ပြီးတပ်ထားလိုက်တာ မြင်တဲ့ဘက်ကအတွင်းဖြစ်နေတယ်၊အဲဒီနေ့ကဘဲ သွားစိုက်ရာမှာ သွားစိုက်ဆရာနဲ့ စကားပြောမတဲ့လို့ ဆရာက ခွေးသွား ကို စိုက်ပေးလိုက်သတဲ့၊ သားကောင်ရမှ အေးအေးဆေးဆေး ထိုင်တဲ့ အခါ မျက်လုံးတဘက်က ဗိုက်ထဲက မစင်တွေမြင်နေပြီး, ခွေးသွားကလဲ မစင်ကိုချည်း စားချင်နေပါသတဲ့။

**တပည့်တော်။** ။ဟုတ်ပါတယ်, အဲဒီ ဥပမာကို ဆရာတော် ပြောပြီးတဲ့အခါ “ဦးပဉ္ဇင်းတို့လဲ သာသနာတော်ကိုဝင်လာတဲ့အခါ မျက်စိတပ် မမှားကြ စေနဲ့, သွားစိုက်လဲ မမှားကြစေနဲ့, ဂုဏ်တို့ လာဘ်တို့ကို လိုချင်တဲ့မျက်စိ တပ်မိယင် အဲဒီ ဂုဏ်လာဘ်မစင်ကို အစိုက်မှားတဲ့သွားက စားချင်လာ လိမ့်မယ်” လို့ ဩဝါဒပေးတော်မူပါတယ်၊ မိန့်တော်မူလိုရင်းက “ဂုဏ် လာဘ်ကို မလိုချင်နဲ့ ကုသိုလ်ကိုသာလိုချင်ပြီး ကုသိုလ်များများရအောင် ကြိုးစားကြ” လို့ မိန့်တော်မူလိုရင်း ဖြစ်ပါတယ်။

**ဓမ္မဂုတ်။** ။အဘယာရာမ ဆရာတော်ကလဲ “ဂုဏ်လာဘ်ရအောင် ဒကာ - ဒကာမတွေအနား အမြီးမနှံ့ကြနဲ့” လို့ မိန့်တော်မူတယ် မဟုတ်လား။

**တပည့်တော်။** ။ဟုတ်ပါတယ်, ခွေးရဲ့အမြီးနှံ့ခြင်းကို သက္ကတက “သွာဘတ္တိ (ဆွာဘတ္တိ)” လို့ ခေါ်ပါတယ်၊ “ဆွာ - ခွေး၏၊ ဘတ္တိ - သခင်ကို ခစားခြင်း” ဆိုတာ ခစားနေတဲ့ သခင်ထံက စားစရာကလေးရအောင် အမြီးနှံ့ခြင်းပင် ဖြစ်ပါတယ်, “ဦးပဉ္ဇင်းတို့လဲ ဒကာ- ဒကာမတို့အထံက သူတို့ပစ္စည်းကလေး လှူချင်အောင် ဒကာ- ဒကာမတွေကို မခစားကြနဲ့, အမြီးမနှံ့ကြနဲ့” လို့ ဩဝါဒပေးတော်မူပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်ဆရာများဖြစ်တော်မူတဲ့ ဆရာတော် ၂ပါးရဲ့ ဩဝါဒတွေဟာ အစိုပ္ပါယ် ထပ်နေတာဘဲ၊ ယခုခေတ်တော့ "သွာဘတ္တိ" လုပ်ပြီး မျက်စိအတပ်-သွားအစိုက်မှားကြတဲ့ပုဂ္ဂိုလ်တွေဟာ တော်တော်များများ ရှိကြမှာဘဲနော်။

**တပည့်တော်**။ ။လူရော-ရှင်ပါ ဘာသာရေးကိစ္စ၌ အမှားမှား အယွင်းယွင်း လုပ်နေကြပေမဲ့ သာသနာတော်ကြီးက တည်မြဲတည်ပြီး ဂုဏ်ရှိမြဲ ဂုဏ်ရှိနေတယ်ဆိုယင်တော့ ပူပြင်ဘို့ရန် စဉ်းစားစရာတောင် မလိုပါဘူးဘုရား၊ ယခုတော့ သာသနာတော်က တဖြည်းဖြည်းဂုဏ်ငယ်လာတယ်၊ ဂုဏ်ငယ်ရိုမက သာသနာ့ဝန်ထမ်း ရဟန်းတော်အရေအတွက်လဲ မြို့ရော-ကျေးရွာတိုင်းမှာ တနှစ်ထက်တနှစ် နဲနဲလာတယ်၊ အရေအတွက်နဲရာက တချို့ကျောင်းတွေမှာ ကျောင်းထိုင်မဲ့ပုဂ္ဂိုလ်တောင် မရှိတော့လို့ သာသနာတော် အသက်ဖြစ်တဲ့ ဝိနည်းလဲ နားမလည်ကြတဲ့ တောထွက်ကြီးတွေကျောင်းထိုင်နေကြရပြီး, များစွာသော ကျေးရွာကျောင်းတို့မှာ သင်ပြနိုင်သောကျောင်းဘုန်းကြီးမရှိလို့ သာသနာအညွန့်အညှောက် ဒါယကာအညွန့်အညှောက်ဖြစ်သော ကျောင်းသားသူငယ်များ မရှိတာလဲအတော်ကြာခဲ့ပြီး, ထိုအညွန့်အညှောက်မပေါက်ယင် သာသနာတော်သစ်ပင်ကြီးများလဲ ရပ်တိုင်းရွာတိုင်းမှာ ပေါက်နိုင်တော့မည် မဟုတ်ပါ၊ ဒီအတိုင်းသွားယင် မြန်မာနိုင်ငံ၌ သစ်ပင်ကြီးနဲ့တူတဲ့ သာသနာတော်ကြီး ကွယ်တော့မည်မှာ နှစ်ကြာတော့မည် မဟုတ်ကြောင်း ကောင်းကောင်း သိနိုင်တယ် မဟုတ်လားဘုရား။

**ဓမ္မဂုတ်**။ ။ဦးဇနကရေ ...ကိုယ်တော်တွက်ပြတဲ့ အကြောင်းတွေကြားရတော့ တပည့်တော်လဲ အများကြီးဝမ်းနဲလာပါတယ်၊ ဒါပေမဲ့ ဘုရားပွဲ-ကျောင်းပွဲ-ရဟန်းခံရှင်ပြုပွဲ-တရားပွဲနဲ့, ဝိနည်းစာပြန်ပွဲ, အစိုးရနဲ့ အသင်းတွေက လုပ်တဲ့ ပါဠိပထမပြန်တွေကတော့ နှစ်စဉ်မှန်မှန် သာသနာပြုလို့ နာမည်ခံပြီး လုပ်နေကြတာဘဲ မဟုတ်လား။

**တပည့်တော်**။ ။သူတို့နာမည်ခံတဲ့အတိုင်း မှန်ယင်တော့ သာသနာတော်ကြီးဟာ မိုးထိနေစရာပေါ့, ယခုတော့ သာသနာတော်ကြီးဟာ လျော့ယင်းလျော့ယင်း လှုပ်လှုပ်ပြီး လှုပ်လေ - မြုပ်လေ ဖြစ်နေပုံကိုသာ ကြည့်ပေတော့။

**ဓမ္မဂုတ်။** ။ဘာ့ကြောင့် ဒီလို လှော်ယင်းနှစ်နေရတုန်း ကိုယ်တော်။

**တပည့်တော်။** ။အများစုက ဘုရားစစ်-တရားစစ်-သံဃာစစ်ကို မမြင်ကြလို့ ပေါ့ ဘုရား။

**ဓမ္မဂုတ်။** ။ ရှင်းပြပါအုံး ကိုယ်တော်, ကိုယ်တော့်စကားက ပဟေဠိဆန် လိုက်တာ။

**တပည့်တော်။** ။တပည့်တော်ကြားဘူးတဲ့ ရှေးစကားတရပ်ရှိပါတယ်၊ "ဘုရား အစစ်ကို စေတီရုပ်ပွား-ဆင်းတုတော်များက ကွယ်ထားတယ်, တရား အစစ်ကို ဓမ္မကထိကများရဲ့ ဟောတရားက ကွယ်ထားတယ်, သံဃာ အစစ်ကို ဘုန်းတော်ကြီးများက ကွယ်ထားတယ်၊ ဒီလိုကြားဘူးပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်စကားက ဟုတ်တော့ ဟုတ်ပါရဲ့, နားကြားလို့ မကောင်းဘူး ကိုယ်တော်။

**တပည့်တော်။** ။ ပဌမကြားတုန်းက တပည့်တော်လဲ နားမခံသာပါဘူး၊ ဒါပေမဲ့ စဉ်းစားလိုက်တော့ အဟုတ်သားဘဲလို့ စိတ်ထဲမှာ ဖြစ်ပါတယ်၊ အဲဒီစကားဟာ အမြော်အမြင်ပြည့်ဝတဲ့ ပညာရှိသူတော်ကောင်းရဲ့စကား ဖြစ်ပါလိမ့်မယ်။

**ဘုရား အစစ် ကွယ်ထားပုံ**

များစွာသော ဗုဒ္ဓဘာသာဝင်တွေက လေးအသင်္ချေနဲ့ ကမ္ဘာ တသိန်းကြာအောင် ပါရမီဖြည့်ပြီးမှ ဖြစ်တော်မူလာရတဲ့ဘုရား, ပါရမီတော်အဟုန် တကိုယ်လုံးထုံပြီး အလွန်သပ္ပါယ်တော်မူတဲ့ ဘုရား, ထိုသပ္ပါယ်သောရုပ်တော်ဝယ် မေတ္တာတော် ကရုဏာတော် ဉာဏ်တော် ကြီးဖြင့် အလွန်တင့်တယ်တော်မူသော ဘုရား, သတ္တဝါတို့ကို တရားထူးရအောင် ပရိနိဗ္ဗာန်စံတော်မူခါနီး စက္ကန့်ပိုင်းအချိန်အထိ မနားမနေ တရားဟောတော် မူတဲ့ ဘုရား၊ ဒီလို သက်တော်ထင်ရှားဘုရားကို မမှန်းနိုင်-မမြော်နိုင်ကြဘဲ, ရုပ်ပုံ-ရုပ်ပွား-ဆင်းတု-စေတီတော်များကိုသာ အများစုက "ကိုးကွယ်ရာ ဘုရား"လို့ ထင်နေခြင်းဟာ ဘုရားအစစ်ကို ရုပ်ပုံ-ရုပ်ပွားတော် စသည်က (မမြင်အောင်) ကွယ်ထားသလို ဖြစ်တာပေါ့ဘုရား။

**ဓမ္မဂုတ်။** ။ရုပ်ပုံ-စေတီတော်ကို ဘုရားအစစ်လို့ တပည့်တော်တို့ ငယ်ငယ် တုန်းကလဲ ထင်ခဲ့ကြတာဘဲနော်, ဆရာကောင်းများရဲ့ ဟောပြမှုကို မနာ ခံရတဲ့ ဗုဒ္ဓဘာသာဝင် အများစုဟာလဲ တပည့်တော်တို့ ငယ်ငယ်တုန်းက အသိနဲ့ သိပ်ပြီး ကွာကြမယ် မဟုတ်ပါဘူး။

**တပည့်တော်။** ။ဒီလို ဘုရားအစစ်ကို မသိရတော့ ကိုးကွယ်မှုလဲ ပေါ့ပေါ့ဆဆ, ဆွမ်းတော်တင်မှုစသော ဒါနမှုလဲ ပေါ့ပေါ့ဆဆ, ဗုဒ္ဓါနုဿတိဘာဝနာကိုလဲ မပွားများတတ်ဖြစ်ကုန်ကြဟာပေါ့ဘုရား၊ ပေါ့ပေါ့ဆဆလုပ်သမျှတွေဟာ အကျိုးပေးတော့လဲ တော်ရုံလျော်ရုံသာ အကျိုးရမှာပါဘဲ, လုံးလုံး အကျိုးမရတော့ မဖြစ်နိုင်ဘူးပေါ့၊ သို့သော် ပွဲလမ်းသဘင်တွေနဲ့ ပူဇော်မှုမျိုးကတော့ အကျိုးမရရုံတင်မက အပြစ်တောင် ရကြအုံးမှာပါ။

**ဓမ္မဂုတ်။** ။ဝိသာခါရဲ့ ပုဗ္ဗာရုံကျောင်းတိုက်ကြီး ရေစက်ချတုန်းက ဝိသာခါကိုယ်တိုင် သီချင်းဆိုပြီး က-တယ်ဆို မဟုတ်လား, ဒက္ခိဏသာခါ မဟာဗောဓိကို သီဟိုဠ်ကျွန်းပင့်တုန်းကလဲ အတီးအမှုတ်တွေနဲ့ ပို့ကြ-ကြိုကြတယ် မဟုတ်လား၊ ကိုယ်တော်က ဘာ့ကြောင့်"အပြစ်တောင် ရအုံးမှာ"လို့ ပြောနိုင်သလဲ။

**တပည့်တော်။** ။ ဝိသာခါဟာ ကျောင်းတော်ကြီးပြီးချိန်က ဝမ်းမြောက်လွန်းလို့ ဂါထာ ၅ပုဒ်ဖြင့် ဥဒါန်းကျူးတာပါဘုရား၊ ဒီလိုအသံထုတ်ပြီး ဥဒါန်းကျူးတာကိုပင် တချို့က သီချင်းဆိုတယ်ထင်လို့ ဘုရားရှင်အား လျှောက်ကြတော့, ဘုရားရှင်က " သီချင်းဆိုတာ မဟုတ်, သူ့ဆုတောင်းပြည့်ဝ၍ ဝမ်းမြောက်လှသဖြင့် ဥဒါန်းကျူးတာဖြစ်တယ်"လို့ မိန့်တော်မူပါတယ်၊ ကလဲ မကပါဘူး၊ (ဓမ္မပဒ ပုပ္ဖဝဂ်, ဝိသာခါဝတ္ထု အဋ္ဌကထာ။)

ဒက္ခိဏသာခါ မဟာဗောဓိကို သီဟိုဠ်ကျွန်းပင့်တုန်း- ပို့တုန်းကလဲ စိတ်အားတက်ကြွစေနိုင်တဲ့ အတီးအမှုတ်တွေသာ ပါတာပါ, ယခု ဘုရားပွဲများလို တဏှာရာဂ တိုးပွားစေနိုင်တဲ့ မင်းသား-မင်းသမီး-လူရွှင်များရဲ့ သီချင်းမျိုး အက အခုန်မျိုး မဟုတ်ပါဘူး၊ တပည့်တော် ကျောင်းသားတုန်းက အိမ်တော်ရာဘုရားပွဲ အငြိမ့်ကို အဖေနဲ့ အတူသွားကြည့်ပါတယ်၊ မင်းသမီးက မမြရွှေ, မင်းသားလုပ်တဲ့လူရွှင်က မောင်ခေတ်ခိုးတဲ့၊ သူက....

"ဗာရာဏပြည့်ရှင်, ဘုရင် မောင်ခေတ်ခိုး....
လေးတောင်ပြည့်တဲ့ ခန်းသာလယ်မှာ, ငါးတောင်ပြည့်တဲ့
ခန်းသာလယ်မှာ"တဲ့။

ကောင်းသေးလားကိုယ်တော်,နာမည်ကြီးတဲ့ အိမ်တော်ရာဘုရားပူဇော်ပွဲမှာ ရွတ်လိုက်-ဖတ်လိုက်တဲ့ တရားသံတွေ, သက်တော်ထင်ရှားဘုရားကိုသာ မြင်ကြလို့ မှန်းမြှော်နိုင်ကြလို့ရှိယင် ဘယ်နည်းနဲ့မှ ဒီလို တရား

ပွဲမျိုး လုပ်ရက်ကြမှာ မဟုတ်ပါဘူး၊ ယခုတော့ သက်တော်ရှိတဲ့ ဘုရား အစစ်ကို သက်တော်မဲ့တဲ့ ရုပ်ပွားတော် စေတီတော်တို့က ကွယ်ထားတဲ့ အတွက် ယဉ်ကျေးစွာ ပူဇော်ရမဲ့အချိန်မှာ ဘာသာခြား–နိုင်ငံခြားလူတွေ အသင်သေးအောင် ရိုင်းစိုင်းစွာ စော်ကားလိုက်ကြတာပါဘဲ ဘုရား၊ (ယဉ်ကျေးစွာပူဇော်နည်းကို အနာဂတ်သာသနာရေးကျမ်း၌ ပြထားပြီ။)

**ခမ္မဂုတ်။** ။ဒီလိုကိစ္စတွေကြည့်ပြီး ရှေးပညာရှိကြီးများက "သက်တော်ထင်ရှား ဘုရားအစစ်ကို စေတီ ရုပ်ပွား ဆင်းတုတော်များက ကွယ်ထားတယ်" လို့ ဆိုပေတာဘဲနော်။

**တပည့်တော်။** ။ဟုတ်ပါတယ်ဘုရား, "တရားအစစ်အမှန်ကို ခမ္မကထိက တချို့ရဲ့တရားက ကွယ်ထားတယ်ဆိုတာနဲ့ သံဃာအစစ် သံဃာအမှန်ကို ယခုဘုန်းကြီးများက ကွယ်ထားတယ်"ဆိုတာကိုလဲ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်များ သိနိုင်ပါတယ်၊ ယခုအခါမှာ ဒါလောက်တွင် မကသေးဘူး၊ အရိယာ သံဃာအစစ်လို့ မဆိုနိုင်သော်လဲ သမ္မုတိသံဃာတွင်ပါဝင်တဲ့ သံဃာများ ကို ဝိဇ္ဇာဂိုဏ်းတွေက ကွယ်လာလို့ ရိုးရိုး ဘုန်းကြီးထဲကတောင် ဝိဇ္ဇာဂိုဏ်း ထောင်လာကြပြန်ပြီ။

**ခမ္မဂုတ်။** ။"ဝိဇ္ဇာဂိုဏ်း"ဆိုလို့ ပြောရအုံးမယ်, ကိုယ်တော့်ကျောင်းတိုက်မှာ ဝိဇ္ဇာဆိုင်ရာ ဂိုဏ်းဆိုင်ရာတွေ ဝင်ကြ-ထွက်ကြတယ်ဆို မဟုတ်လား။

**တပည့်တော်။** ။ဟုတ်ပါတယ်, အဲဒီဒကာများက ဝိဇ္ဇာတွေ ဂိုဏ်းတွေနဲ့ မတွေ့ခင်ကတည်းက တပည့်တော်နဲ့ ရင်းနှီးနေတဲ့ မန္တလေးဒကာတင်မောင် တို့နဲ့ ရန်ကုန် ဒကာထိန်ဝင်းတို့ပါ။

**ခမ္မဂုတ်။** ။သူတို့က ဝင်ထွက်နေကြတော့ ကိုယ်တော့်ကိုလဲ ဂိုဏ်းဝင်လို့ မထင်ပေဘူးလား။

**တပည့်တော်။** ။ထင်ရုံတွင် ဘယ်ကမှာလဲ, တချို့က "ဆရာတော် ဦးဇနက ဂိုဏ်းထဲမဝင်ဘူးလား"လို့ တိုက်ရိုက်မေးကြပါသတဲ့။

**ခမ္မဂုတ်။** ။ဒီစကားကြားရတော့ ကိုယ်တော်က ဘာပြန်ပြောသလဲ။

**တပည့်တော်။** ။"ဝိဇ္ဇာတို့ ဂိုဏ်းတို့ အကူအညီရအောင် ဘုန်းကြီးက ဂိုဏ်းထဲ ဝင်ဘို့ မလိုပါဘူး၊ ဘုန်းကြီးအလုပ်က လမ်းမှန်လို့ ကူညီနိုင်ယင် သူတို့ ဘာသာ ကူညီကြမှာပါ"လို့ ပြောလိုက်ပါတယ်။

**မမွှဂုတ်။** ။အဲ.... ရှင်းတယ်ကိုယ်တော်, ကိုယ်တော် ဘာသာ သာသနာတော် အလုပ်ကိုလုပ်လို့ အထမြောက်နေတဲ့ဥစ္စာ, တချို့က "ဝိဇ္ဇာက (မ)လို့– နတ်ကို အားကိုးသည့်အတွက် နတ်က (မ)လို့"ဟု မဟုတ်တာယုတ်တွေ ပြောကြတယ်၊ ခုတော့ ရှင်းသွားတာပေါ့။

**ဘုန်းတော်။** ။နတ်များကိုတော့ မေတ္တာပို့တဲ့အခါ အထူး ပို့ပါတယ်၊ စိတ်ကောင်းရှိရှိ ဝိနည်းကို ဂရုစိုက်နေကြတဲ့ ရဟန်းသံဃာများကိုတော့ သူတို့ တတ်နိုင်သမျှ စောင့်ရှောက်ကြပါ လိမ့်မယ်လို့ ယုံကြည်ပါတယ်၊ ဒါပေမဲ့ အထင်မကြီးတဲ့အကြောင်းကိုတော့ ပြောပြချင်ပါတယ်။

**မမွှဂုတ်။** ။ပြောပါကိုယ်တော်, ပြောပါ ပြောပါ၊ တချို့က နတ်ကို အထင်ကြီးသင့်တာထက် ပိုပြီး အထင်ကြီးကြလွန်းလို့။

**ဘုန်းတော်။** ။ကျောင်းတိုက်မှာ ကျောင်းဆောက်ဘို့ကိစ္စ ကြုံလာယင် ဆိုင်ရာ နတ်များကို မေတ္တာရပ်ခံပြီး ထိုနေရာ၌ရှိသော သစ်ပင်ကြီးများကို ပယ်သင့်က ပယ်ရပါတယ်၊ အခြား လွတ်လပ်သောသစ်ပင်များကို ရွှေ့နေကြဘို့လဲ ပြောရပါတယ်၊ နေစရာ လုံးလုံးမရှိယင် အိပ်မက်ပေးကြပါ ။ နေစရာ လုပ်ပေးပါမယ်လို့လဲ ပြောပါတယ်၊ တခါတုန်းကတော့ ကျောင်းဆောက်ဘို့ရန် လျှောက်သားသူမရှိဘဲ နောင်အခါ ကျောင်းနေရာဖြစ်ဘို့ မှန်းပြီး ညောင်ပင်ကြီးတပင် ဖယ်ဘို့ စီမံရပါတယ်။

**မမွှဂုတ်။** ။စီမံတော့ ဘာဖြစ်သလဲ။

**ဘုန်းတော်။** ။ထိုသို့စီမံပြီး သစ်ပင်အလုပ်သမားများက သစ်မြစ်တွေဖြတ်ကြ–တူးကြတဲ့အခါ နောက်တနေ့နံနက်ကျတော့ မနီးမဝေးအိမ်က ဒကာမက "ညက သစ်ပင်ပေါ်က ကယ်ကြပါအုံး "လို့ အော်သံ ကြားရတယ်လို့ ပြောပါသတဲ့။

**မမွှဂုတ်။** ။ဒကာမက "နတ်ကလေးတွေကို သနားစရာကောင်းတယ် "လို့ ဆိုလိုတာပေါ့နော်။

**ဘုန်းတော်။** ။အဲဒီအသံကို အနီးအပါးကိုယ်တော်များကို ကြားကြသလားလို့ မေးတော့လဲ "ဘယ်သူမှ မကြားဘူး"တဲ့၊ ဒါပေမဲ့ "ကျောင်းဒကာ မရှိသေးဘဲ ငါက သစ်ပင်ကို ကြိုတင်ပြီးဖယ်တာတော့ မကောင်းသေးဘူး "လို့ တွေးပြီး "သစ်ပင်ကို မခုတ်ကြ– မတူးကြသေးနဲ့ "လို့ ပြောထားပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ မဖယ်တော့ဘူးလား။

**တပည့်တော်**။ ။ဒီလို အမြစ်တွေ မပြတ်–မတူးဘဲ ရပ်ထားတုန်းမှာ ကျောင်းတိုက်နဲ့ သိပ်မဝေးသော အိမ်တအိမ်က ဒကာမကြီးက "သစ်ပင်ပေါ်က အောင်သံကြားတယ်"ဆိုတဲ့ မိန်းမကို ပြောပြန်ပါသတဲ့၊ "အဲဒီညောင်ပင်ကြီးက ဘိုးတော်လက်ထက်က ညောင်ပင်ဖြစ်တယ်၊ နေတဲ့ ရုက္ခစိုးကြီးက သောတာပန်"လို့ ပြောပြန်ပါသတဲ့၊ ဒီအကြောင်းကို တပည့်တော်အား တချို့ ကိုယ်တော်များက လျှောက်ပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ကိုယ်တော်က သိပ်ပြီး ကြောက်မသွားဘူးလား။

**တပည့်တော်**။ ။နံနက်စောစော ဩဝါဒပေးနေကျအချိန်မှာ မိမိ စိတ်ကူးပုံ ကြားသိရပုံတွေကို သံဃာများအား ပြောပြပြီးတော့ "ဘုန်းကြီးက ဒီညောင်ပင်ကြီးကို အခု မဖယ်သေးဘူး"လို့ ကြံပြီး ရပ်ထားပါတယ်၊ ဒါပေမဲ့ တောပြောတောင်ပြော ပြောနေတဲ့မိန်းမတွေက "ငါတို့ပြောလို့ ကြောက်ပြီး သစ်ပင်ကြီးကို မခုတ်ဝံ့တော့ဘူး"လို့ အတင်သေးကာ သူတို့ ဝါဒဖြန့်ကြလိမ့်မယ်၊ ဒါ့ကြောင့် "ဒီသစ်ပင်ကို ဆက်လက်ပြီး လဲသည်အထိ ကပ်ကြ"လို့ အမိန့်ပေးရပါတယ်။

**ဓမ္မဂုတ်**။ ။အင်း.... ဝိဇ္ဇာဂိုဏ်းထောင်တာထက် ယခု ဒကာ– ဒကာမ အလာများအောင် ကမ္မဋ္ဌာန်းတိုက် တည်ဘို့ရန် ကမ္မဋ္ဌာန်းသင်တန်း တက်နေကြတယ်လို့ ကြားရပြန်တယ် ကိုယ်တော်။

**တပည့်တော်**။ ။အရှင်ဘုရားတဲ့ စဉ်းစားကြည့်ပေတော့လေ၊ တပည့်တော်တို့ သာသနာတော်ကို "အမြီးကနှုတ် ခေါင်းကနှုတ်"နဲ့ ပြုတ်လုပြုတ်လု ဖြစ်နေရာမှာ "အတွင်းကဖျက် အပြင်ကဖျက်"နဲ့ ဝိုင်းဖျက်နေကြပြီ ဖြစ်လို့ ကိုးကွယ်တဲ့ ဒကာ–ဒကာမများလဲ ဘာသာရေး မျက်စိလည်နေကြတာဟာ အပြစ်မတင်သာတော့ဘူး။

**ဓမ္မဂုတ်**။ ။ဒါ့ကြောင့် ကိုယ်တော်က "ဘုရားသာသနာတော်, မှုရင်းပေါ် အောင်, ဖွင့်ဖေါ်သင့်ကြောင်း, အခွင့်တောင်းသည်"လို့ လျှောက်ခဲ့တာ ပေါ့နော်။

**တပည့်တော်**။ ။သာသနာကိစ္စတိုင်းမှာ ဆရာရော– ဒကာပါ လုပ်ချင်ရာလုပ် နေကြသော်လဲ "သာသနာတော်ကြီးက မဆုတ်ယုတ်ဘဲ ခိုင်မြဲပြီး ဂုဏ်

သရေလဲရှိ တရားရမြဲ ရနေတယ်” ဆိုယင် စဉ်းစားဘွယ် မလိုပါဘူး၊ ယခုတော့ ကမ္ဘာများစွာ ပါရမီတွေကို ဖြည့်တော်မူပြီးမှ တည်ထောင်ရတဲ့ သာသနာတော်သဘောကြီး ရေတိမ်နစ်ရမှာ ရိုးရိုးသားသား ဝန်ထမ်းလိုတဲ့ ဘုရားသားတော်တွေနဲ့ ရိုးရိုးသားသား ကိုးကွယ်လိုတဲ့ ဒကာ- ဒကာမတွေပါ ငွေကုန်လူပန်းနဲ့ ဘရမ်းဘတာဖြစ်ပြီး နစ်ကုန်မှာစိုးလို့ မူရင်းကစပြီးပြင်ဘို့ရန် စိတ်ကူးရတာဖြစ်ပါတယ်ဘုရား။

**ခမ္ဘဂုတ်**။ ။ဘယ်လိုဖေါ်ထုတ်ဘို့ စိတ်ကူးသလဲကိုယ်တော်။

**တပည့်တော်**။ ။ဗုဒ္ဓမြတ်စွာရဲ့ အလိုတော်ကျအောင် ဖေါ်ထုတ်ဘို့ပေါ့ဘုရား။

**ခမ္ဘဂုတ်**။ ။ဗုဒ္ဓမြတ်စွာရဲ့ အလိုတော်က ဘယ်လိုတုန်းကိုယ်တော်။

**တပည့်တော်**။ ။ဗုဒ္ဓမြတ်စွာ ဝိနည်းပညတ်တော်မူတဲ့ အခါတိုင်းမှာ “သဒ္ဓမ္မဋ္ဌိတိယာ = သူတော်ကောင်းတရားဖြစ်တဲ့ သာသနာတော်ကြီး၏ မြဲမြံခိုင်ခံ့ တည်တံ့ဘို့အကျိုးငှါ၊သိက္ခာပဒံ ပညပေဿာမိ=သိက္ခာပုဒ်ဝိနည်းကို ပညတ်တော်မူအံ့ ”ဟု မိန့်တော်မူလေ့ရှိပါတယ်၊ ဒါ့ကြောင့် ဗုဒ္ဓမြတ်စွာ အလိုတော်မှာ ဝိနည်း (သီလ) ကို ကျင့်ကြစေလိုတဲ့ ဆန္ဒတော်ပင်ဖြစ်ပါတယ်။

**ခမ္ဘဂုတ်**။ ။ဟုတ်ပြီ- ဟုတ်ပြီ, ဘုရားရှင်ရဲ့ အလိုတော်ပေါ်ပြီး သံဂါယနာတင်တော်မူကြတုန်းကလဲ “ဝိနယောနာမ သာသနဿ အာယု = ဝိနည်းဆိုတာ သာသနာတော်ရဲ့ အသက်ဖြစ်တယ်”လို့ မိန့်တော်မူပြီး, ဝိနည်းပိဋကတော်ကို ပဌမဆုံး သံဂါယနာတင်တော်မူခဲ့ကြပါတယ်။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား, “ဝိနယေ ဌိတေ သာသနံ ဌိတံ =ဝိနည်းတည်လို့ရှိယင် သာသနာတော်တည်တာဘဲ”လို့ အဋ္ဌကထာဆရာများလဲ မိန့်တော်မူပါတယ်။

**ခမ္ဘဂုတ်**။ ။ “ဝိနည်းတည်” ဆိုတာ ဘယ်လိုတည်တဲ့ အတည်လဲကိုယ်တော်၊ စာအုပ်ထဲမှာ ကျောက်ပြားပေါ်မှာ ရေးထားလို့ ပုံရိုက်ထားလို့ တည်တဲ့ အတည်ကို ဆိုလိုတာလား။

**တပည့်တော်**။ ။ဘယ်ဟုတ်မှာလဲဘုရား, “ဝိနည်းပါဠိတော်ရော- အဋ္ဌကထာရော လဇ္ဇီပုဂ္ဂိုလ်တို့သန္တာန်မှာ တည်ရှိတာကို ဝိနည်းတည်တယ်” လို့ ခေါ်တာပါ။

**ဓမ္မဂုတ်**။ ။ဘယ်လိုပုဂ္ဂိုလ်ကို "လဇ္ဇီပုဂ္ဂိုလ်"လို့ ခေါ်သလဲကိုယ်တော်။

**အပည့်တော်**။ ။အာပတ်သင့်မှာကိုရှက်တဲ့အတွက် အာပတ်မရှိအောင် စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကို "လဇ္ဇီ"လို့ ခေါ်ပါတယ်၊ ( လဇ္ဇာ ယဿ အတ္ထီတိ လဇ္ဇီ = အကြင်သူ့မှာ အာပတ်သင့်မည်မှ ရှက်ခြင်းသည်ရှိ၏၊ ထိုသူ့ကို " လဇ္ဇီ "လို့ ခေါ်၏တဲ့ ဘုရား။)

**ဓမ္မဂုတ်** ။ ။ ဟုတ်ပါပြီကိုယ်တော်, ဒါ့ကြောင့် ရှေးမထေရ်မြတ်တို့ကလဲ "အနာဂတေ သာသနံ လဇ္ဇီ ရက္ခိဿတိ, လဇ္ဇီ ရက္ခိဿတိ = အနာဂတ်ကာလ၌ သာသနာတော်ကို လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မယ်, လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မယ်, လဇ္ဇီပုဂ္ဂိုလ် စောင့်ရှောက်ရစ်လိမ့်မယ်" လို့ ၃ကြိမ်ကြွေးကြော်တော်မူခဲ့တာဘဲ၊ (ပါရာဇိကအဋ္ဌကထာ, စတုတ္ထခ ဓိနယဂါထာ။)

**အပည့်တော်**။ ။မှန်ပါတယ်ဘုရား, ဒါ့ကြောင့် သာသနာတော်ကို မှုရင်းပေါ်အောင် ပြုပြင်တဲ့အခါ ဝိနည်းကို ပြန်၍စောင့်ရှောက်ကြအောင်ဖေါ်ရမှာဖြစ်ပါတယ်၊ လူမှာ ဘုရားတည်–ကျောင်းဆောက် – အလှူကြီးပေးတဲ့ဒါနမျိုး မတတ်နိုင်စေကာမူ ငါးပါးသီလကို လုံခြုံယင် ဒုစရိုက် ၁၀ပါး မဖြစ်ယင် အပါယ် မကျနိုင်သလို, ရဟန်းတော်များမှာလဲ စာမတတ်– စာမေးပွဲမအောင်– တရားမဟောတတ် – စာချဆရာ – ကမ္မဋ္ဌာန်းဆရာ–မလုပ်တတ်ချင်နေပါစေ, ဝိနည်းသီလနဲ့ပြည့်စုံသော လဇ္ဇီသူတော်ကောင်း ဖြစ်ယင် အပါယ်မကျနိုင်ပါဘူး။

လူမှာ ဒါနကြီးတွေရှိနေသော်လဲ ငါးပါးသီလမှမလုံခြုံယင် ပါဏာတိပါတ တခုနဲ့လဲ အပါယ်ကျနိုင်, အရောင်းအဝယ်ကိစ္စမှာ လိမ်လည်လှည့်ပတ်တဲ့ မုသာဝါဒနဲ့ အဒိန္နာဒါန စသည် မလုံခြုံယင် အပါယ် ကျနိုင်သလို, ရဟန်းတော်များမှာလဲ ဝိနည်းသီလ မလုံခြုံယင် အပါယ်ကျနိုင်ပါတယ်။

**ဓမ္မဂုတ်**။ ။ဟုတ်ပြီကိုယ်တော် "အရင်းစစ်တော့ အမြစ်မြေက " ဆိုတာလို ဘွားဘွားကြီးပေါ်နေပြီ၊ ပြုအပ်ခဲ့တဲ့ဘုန်းကြီးတချွေတွေဟာ စာတတ်သူ– ဓမ္မကထိကဖြစ်သူ – စာချသူ – စာမေးပွဲအောင်သူ – ကမ္မဋ္ဌာန်းထိုင်သူတွေဖြစ်ကြပါလျက် တချွေဆိုတဲ့ ပြိတ္တာဘဝမှာဖြစ်ရတာဟာ ဝိနည်းကိုမလေးစား, မလုံခြုံကြလို့ဘဲနော်။

**တပည့်တော်**။ ။ဒေကန်ပေါ့ဘုရား, ယခုအခါ သာသနာတော်ကြီး အရှဥ အခြင်းရော အရေအတွက်ပါ လျော့လာတာလဲ ဝိနည်းမကျင့်ကြလို့ သ ဖြစ်ပါတယ်၊ ဒါ့ကြောင့် သာသနာတော်ကို အရင်းပေါ်အောင် ဖေါ်ယ ဝိနည်းကျင့်ကြဘို့ ဖေါ်ရမှာပါဘဲ။

**ခမ္မဂုတ်**။ ။ယခုလို ဝိနည်းသိက္ခာ ဘာရမ်းဘာတာဖြစ်နေတဲ့အချိန်မှာ ဘယ်ဂ ဖေါ်ရမှာလဲ ကိုယ်တော်။

**တပည့်တော်**။ ။တပည့်တော့် ကျောင်းတိုက်မှာ သံဃာတွေ တဖြေးဖြေ တိုးပွားနေတာ အလှူဒါနတွေတိုးပွားနေတာဟာ မျက်မြင်မဟုတ်ပါလား အဲဒီလိုတိုးပွားတဲ့ အကြောင်းတွေကတော့ ဝိနည်းကို အဓိကထားလို့ ဖြစ်တယ်ဆိုတာ အရှင်ဘုရားလဲ သိမှာပါဘဲ။

**ခမ္မဂုတ်**။ ။"ဤကျောင်းတိုက်၌ စိတ်ကောင်းရှိဘို့က ပဌမ, ဝိနည်းလေးစား ဘို့က ဒုတိယ" လို့ ဆောင်ပုဒ်အစဉ်အတိုင်း ဝိနည်း ဂရုစိုက်ဘို့ဆိုတာ သိပါတယ်။

**တပည့်တော်**။ ။"သံဃာမှန်သမျှ ဝိနည်းဂရုစိုက်ရမည်"ဆိုတဲ့ ကြွေးကြော်သံကို ကျေးရွာဆရာသမားများက အလွန်နားဝင်ချိုဟန်တူပါတယ်၊ ဒါ့ကြောင့် မိမိတို့ရဲ့ ရှိသမျှလက်ကျန်တပည့်ကလေးတွေကို တပည့်တော်ရဲ့ ကျောင်း တိုက်မှာ ပို့ကြတော့တာဘဲ၊ တပည့်တော်ကလဲ "ဒို့ကျောင်းက ဂိုဏ်း ဂဏ မရွေးဘဲ ဘုရားအလိုတော်ကျ နေထိုင်ကြရမယ်"လို့ဆိုတော့ နဂိုရ်က ဂိုဏ်းရွေးတဲ့ ဆရာသမားများလဲ သဘောကျပြီး တပည့်တွေကိုပို့ကြတော့ တာဘဲ၊ ဒါ့ကြောင့် ဝိနည်းကိုမူထားတဲ့အတွက် ဆရာသမားများ အများ စုက အလွန်နှစ်သက် ကျေနပ်ကြဟန်တူပါတယ်။

**ခမ္မဂုတ်**။ ။ဝိနည်းကို မူထားရမှာတော့ မှန်ပါတယ်၊ ဒါပေမဲ့ တချို့က ပြင်မရအောင် လက်လွန် ခြေလွန်ဖြစ်ကုန်ကြပြီ, သူတို့အတွက် ဘယ့်နှယ် လုပ်မလဲ။

**တပည့်တော်**။ ။ သူတို့လဲ ကိုယ့်ကိုယ်ကိုချစ်ယင် ဆိုင်ရာဝိနည်းကံအတိုင်း ကုစားကြပေါ့ဘုရား၊ ကုလဲမကုစားနိုင် ကောင်းကောင်းလဲ မနေနိုင်ယင် တော့ "အပါယ်ထိုထို ဥဒဟိုသည်" ဆိုတဲ့ လယ်တီဆရာတော်ရဲ့ လင်္ကာ အတိုင်း သွားကြရမှာပေါ့၊ သူတို့ကို စဉ်းစားနေဘို့မလိုပါဘူး၊ နောင်လာ

နောက်သားတို့အတွက်သာ "ကုသိုလ်များများလိုချင်မှ သာသနာတော်ကို ဝင်ခဲ့ကြပါ" ဆိုတဲ့ ဆောင်ပုဒ်ကို အများသိအောင် ကြွေးကြော်ရမှာဘဲ။

**ဓမ္မဂုတ်။** ။ဒီကိစ္စမှာ အစိုးရလဲပါ၊ တိုင်းသူပြည်သားလဲပါမှ ဖြစ်နိုင်မှာပါ ကိုယ်တော်၊ ကိုယ်တော့်ဆိုင်ရာလောကနဲ့တော့ မလွယ်ပါဘူး။

**တပည့်တော်။** ။တပည့်တော်လဲ ဒီလိုပါကြမှဖြစ်မယ်ဆိုတာ သိပါရဲ့၊ ဒါပေမဲ့ "ဗုဒ္ဓမြတ်စွာရဲ့သာသနာတော်သည် ဤမျှလောက် နှစ်ပေါင်း (၂၅၀၀) ကျော်ရုံဖြင့် ဒါလောက် မနိမ့်ကျသင့်သေးဘူး၊ ပြန်တက်လာရဦးမယ်" လို့ ယူဆပြီး " ဗုဒ္ဓမြတ်စွာရဲ့ ဘုန်းတော်ကံတော် အရှိန်ပါ ( တနည်း နည်းဖြင့်)ကူညီလာပါလိမ့်မယ်"လို့ ယူဆပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော့် အယူအဆက ခေတ်မမှီလိုက်တာကိုယ်တော်။

**တပည့်တော်။** ။ ခေတ်မမှီဘူးလို့ယူဆတဲ့ ပုဂ္ဂိုလ်တွေက ပွဲကြည့်အနေနဲ့ ဘေးကကြည့်ပေါ့ဘုရား၊ တပည့်တော်ကတော့ သာသနာ တိုးတက်မဲ့ ဇာတ်လမ်းကို တပည့်တော့်ကျောင်းတိုက်မှာ အစမ်း က–နေတာဘဲ၊ ဒီဇာတ်ကို ပရိသတ် အတော်များများက သဘောကျပြီဆိုယင် အစိုးရလဲ ပါဝင်လာရမှာပါ။

**ဓမ္မဂုတ်။** ။ယခု အစမ်း က–ကြည့်တော့ ဟန်ပုံရရဲ့လား။

**တပည့်တော်။** ။ကြည့်ရသူတိုင်းက ကြိုက်ပုံရပါတယ်ဘုရား၊ ကျေးရွာ ဆရာ သမားတွေဆိုတာ သူတို့ရဲ့ လက်ကျန်တပည့်ထဲက မြော်လင့်ချက်ရှိတဲ့ ကိုရင်တွေကိုပို့ပြီး ဒီ က–နည်းကို အသင်ခိုင်းနေကြပါတယ်၊ ကိုယ်တိုင် ကြည့်ရ တဆင့်ကြားရတဲ့ ဒကာ–ဒကာမတွေကလဲ ကြည့်ချင်လွန်းလို့ လာကြ အားပေးကြနဲ့ အတော်စည်ကားနေပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတော့ ကိုယ်တော့်နည်း ကိုယ်တော့်ဟန်က မှန်တယ်လို့ ဆိုရမှာပေါ့နော်။

**တပည့်တော်။** ။တပည့်တော်ရဲ့နည်း မဟုတ်ပါဘူး၊ "ဝိနည်းတော်ကိုလေးစား ပြီး၊ ဝိနည်းတော်အတိုင်း နေထိုင်ရမယ်" ဆိုတဲ့ မူဟာ ဘုရားနည်းပါ၊ ဒီနည်းကို တပည့်တော်က ဦးထိပ်ရွက်ပြီး လေးလေးနက်နက် အကွက် ဆင်တာ ဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။ ဟုတ်ပါတယ်, ဘုရားနည်းအစစ်ဖြစ်တော့ နေရေး – သေရေး ၂ ထွေအေးပြီး ဘေးကင်း ရန်ကင်းနဲ့ အောင်ခြင်းကြီးအောင်ပါလိမ့်မယ် ကိုယ်တော်။

**တပည့်တော်**။ ။တပည့်တော်က ဒီနည်းအတိုင်း မအောင်မြင်လဲ "လှေခွက် ချည်းကျန်ပါစေ, အလံ မလှဲဘူး" ဆိုတဲ့ ဝါဒဘဲဘုရား။

**ခမ္မဂုတ်**။ ။ဟုတ်ပြီကိုယ်တော်, ပြည်တွင်း ပြည်ပ အစိုးရ ဒကာ–ဒကာမတွေ မကြာမကြာလာကြတယ်ဆိုတာ ဒီ က-နည်းကိုကြည့်ကြတာဘဲထင်တယ်၊ ဂျပန်သံအမတ်ကြီးဆိုတာ ဥယျာဉ်ထဲရောက်တော့ စိတ်အေးလွန်းလို့ သူ့အဖွဲ့နဲ့ အတူ နေ့အချိန် အတော်ကြာကြာနေသွားတယ်ဆိုမဟုတ်လား။

**တပည့်တော်**။ ။ဟုတ်ဟန်တူပါတယ်, နေ့အချိန် အတော်ကြာကြာ နေသွား ပါတယ်၊ သူနဲ့ အတူပါတဲ့ သံအရာရှိကလဲ အဲဒီဥယျာဉ်ကျောင်းကလေး တကျောင်းမှာ ဒုလ္လဘရဟန်းအဖြစ်နဲ့ တလကျော်လောက် နေသွားဘူး ပါတယ်၊ သူက ရန်ကုန်တက္ကသိုလ်မှာ မြန်မာစကားသင်နေတာဖြစ်လို့ မြန်မာလိုလဲ ပြောတတ်, မြန်မာလို ပြောသမျှကိုလဲ အတော်များများ နားလည်ပါတယ်။

**ခမ္မဂုတ်**။ ။ဒီနည်းက ကိုယ်တော်ထွင်တဲ့နည်းလား။

**တပည့်တော်**။ ။ဒီနည်းက တပည့်တော်လက်ထက်မှ ထွင်တဲ့နည်း မဟုတ်ပါ ဘူး, တပည့်တော်ရဲ့ ရှေးရှေးက(သီးလုံးဆရာတော်)ဆိုတာ ကြားဖူးကြရ ဘူးပါတယ်၊ ထို ဆရာတော်ကြီး အထံမှာ—ဗန်းမော်ဆရာတော် – သင်္ဂဇာ ဆရာတော်- ရွှေကျင်ဆရာတော်တို့၏ အလောင်းအလျာတွေ အတူတပည့် ခံနေကြပါတယ်၊ ထို ဆရာတော်လောင်းများ အချင်းချင်းလဲ မေတ္တာ ရေချမ်း ကမ်းလှမ်း သောက်သုံးတော်မူကြပါတယ်၊ ကြီးရင့်တော်မူတဲ့ အခါမှာလဲ ဆရာတူတပည့်ပီပီ, "ရွှေကျင်–သုဓမ္မာ" ဆိုတဲ့ ဂိုဏ်းခွဲစိတ်တွေ လုံးဝ မရှိကြပါဘူး, အားလုံး သာသနာ့စိတ် တစိတ်ထဲပါ။

**ခမ္မဂုတ်**။ ။သြော်.... ရွှေကျင်ဆရာတော်နဲ့ ဗန်းမော်ဆရာတော်, သင်္ဂဇာ ဆရာတော်တို့ဟာ ဆရာတူ တပည့်တွေလား။

**တပည့်တော်**။ ။ဟုတ်ပါတယ်, တပည့်တော်က အဲဒီအဖြစ်ကို ကျေနပ် ကြည်ညိုလွန်းလို့ တပည့်တော်ရဲ့ သာသနာပြု ဇာတ်လမ်းမှာ အဲဒီ

အခက်းကို ရှေ့တန်းတင်ထားပါတယ်ဘုရား၊ ဒါ့ကြောင့် တပည့်တော်ကျောင်းတိုက်မှာ ရောက်လာသူတိုင်း ဂိုဏ်းစကား မပြောရပါဘူး၊ ဝိနည်းတော်နဲ့ အညီ နေထိုင်ဘို့ဟာ ကျောင်းတိုက်ဇာတ်လမ်းရဲ့ အကြမ်းဖျင်းမူ ဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။ဟုတ်ပြီကိုယ်တော်, ဒါ့ကြောင့် ဂိုဏ်းမျိုးစုံက ဇာတ်လမ်းပါဝင်သူတွေ ကိုယ်တော့်ကျောင်းတိုက်မှာ များနေဟန်တူပါတယ်၊ ယခု ကိုယ်တော်ရဲ့အသက် ၇၄ နှစ်မှာ တိုက်သံဃာ ဘယ်လောက်ရှိတုန်း။

**တပည့်တော်**။ ။တိုက်သံဃာ ရဟန်း-သာမဏေ (၅၅၀)ကျော် ရှိပါတယ်, ဖိုးသူတော်ကလဲ (၃၀)ကျော်လောက် ရှိပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင် နံနက်ဆွမ်း ကျွေးနိုင်သေးရဲ့လား။

**တပည့်တော်**။ ။ဘုရားရှင်ရဲ့ ပူဇော်အထူးကို ခံတော်မူထိုက်သော (အရဟံ) ဂုဏ်တော်က သာသနာတလျှောက်လုံးမှာ အုပ်ဖုံးနေတာဖြစ်တော့ သံဃာအားလုံး နံနက်ဆွမ်းကျွေးပြီး, နေ့မှာ ချက်ရိုးချက်စဉ်ဟင်း ၂ခွက်အတွက် ပြည့်စုံနေပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။ဒါလောက် သံဃာများများ နေလောက်အောင် ကျောင်းလဲ ပြည့်စုံမှာပေါ့နော်။

**တပည့်တော်**။ ။ကျောင်းကလဲ (၂) နှစ်အတွင်းမှာ ကျောင်းလတ်-ကျောင်းကြီးတွေ ၁၂ ကျောင်းလောက် တိုးလာလေတော့, (ဝါတွင်းမှာ အားလုံးမပြီးသေးပေမဲ့ ပြီးတဲ့အခါ) ဒီသံဃာတွေ ကောင်းကောင်း နေလောက်ပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။နေစမ်းပါအုံး , ဒါလောက် သံဃာတွေများတော့ ဝါတွင်းမှာ ငြိမ်ငြိမ်သက်သက် ရှိရဲ့လား။

**တပည့်တော်**။ ။ဩော်.... အရှင်ဘုရားက ဘာများကြားလို့ စစ်ခကြာနေ တာတုန်း။

**ခမ္မဂုတ်**။ ။ခေတ်ကြီးက လူရော-ရှင်ပါ (တကမ္ဘာလုံး) တရားပျက်လွန်းလို့ မေးရတာပါ။

**တပည့်တော်။** ။မေးလဲ မေးစရာပေဘဲဘုရား၊ တပည့်တော် (၇၄) နှစ် ဝါတွင်း တော်သလင်းလပြည့်ကျော် ၉ ရက်ည ဘုရား ဝတ်တက်ပြီးချိန် ၇ နာရီ လောက် တပည့်တော်လဲ ဘုရားအာရုံပြုပြီး မေတ္တာပို့နေတုန်းမှာ "စိုင်းဟ-ချဟ" ဆိုတဲ့ ငှက်ဆိုးထိုးသံတွေ ကြားရပါတယ်၊ ကြားပေမဲ့ သူခိုးလိုက်တာ ထင်လို့ တပည့်တော်အလုပ်ကိုဘဲ ဆက်လုပ်နေပါတယ်၊ နိုနိုကြာမှ မပြီးနိုင်လို့ တောင်ဝှေးဒုတ်ကိုကိုင်ပြီး အနီးကျောင်းက ဦးပဉ္စင်း ၃ ပါး လောက်နဲ့ သွားတော့ အုင်္ဂခဲတွေနဲ့ ဟိုပေါက်- ဒီပေါက် တပည့်တော့် အနားတောင် အုင်္ဂခဲ ရောက်လာပါတယ်၊ တပည့်တော်နဲ့ အတူပါတဲ့ ဦးပဉ္စင်းတွေက မခံနိုင်လို့ အတင်း ဝင်ရိုက်မယ်လုပ်တော့ တပည့်တော်က တားထားရပါတယ်၊ ဒါတောင် အတော်အတန်တော့ လက်လွန်ကြသေးတယ်ဟန် တူပါရဲ့။

**ဓမ္မဂုတ်။** ။ဘာအကြောင်းလဲ ကိုယ်တော်။

**တပည့်တော်။** ။မူလအကြောင်းက သိတ္တိအခက်သားဘဲ ဘုရား၊ စာချနေတဲ့ ဦးပဉ္စင်းကလေး ၂ ပါးက ပန်းရုံသမကလေးနဲ့ စကားပြောတာကစပြီး တစတစ ကျယ်ပြန့်သွားတာနဲ့ တူပါတယ်၊ ဒီဟာကို စာချဘုန်းကြီးများ စစ်ဆေးတုန်း မပြီးနိုင်လို့ ဆန္ဒပြကြတယ်လို့ သိရပါတယ်၊ တပည့်တော်တော့ မူလကမသိဘဲ ဆန္ဒပြကြမှ သိရပါတယ်၊ စာချဘုန်းကြီးကလေး ၂ ပါးလဲ တခြားသွားနေကြဘို့ လွှတ်လိုက်ရပါတယ်။

**ဓမ္မဂုတ်။** ။ စာချဘုန်းကြီးများက ဘာပြုလို့ ကိုယ်တော့်ကို စောစော မလျှောက်သလဲ။

**တပည့်တော်။** ။နဂိုရ်ထုံးစံကလဲ တပည့်တော် သိသင့်မှ သိစေပါတယ်၊ တပည့်တော်မှာ သိမ်မွေ့တဲ့ စာအလုပ်နဲ့ လာလာသမျှ ဒကာ-ဒကာမတွေကို ဟောရ ပြောရတဲ့အလုပ်ကြောင့် တိုက်တွင်းမှာဖြစ်တဲ့ ကိစ္စအများကို သူတို့ ဘာသာ စီမံလေ့ရှိပါတယ်။

**ဓမ္မဂုတ်။** ။ကိစ္စရဲ့ အကြီး အငယ်လိုက်ပြီး ကိုယ်တော့်ကို သိသင့်တာမှ အသိပေးတာတော့ ကောင်းပါရဲ့၊ ယခုလို ကျောင်းတိုက်မှာ ကျော်မကောင်း ကြားမကောင်းဖြစ်တော့ ကိုယ်တော့်စိတ်ကို မထိခိုက်ဘူးလား။

**တပည့်တော်။** ။တပည့်တော်ရဲ့ ပိဋကတော်မှာ ချထားတဲ့စိတ်ဟာ သာမန် အကျိုးပြုတဲ့စိတ်မဟုတ်ပါဘူး၊ နေရာတိုင်းမှာ ကောင်းဆိုးနှစ်တန် လောက

ခမ်းကို (ပုထုဇဉ်အလိုက်) ထိုက်တန်သမျှ ခံနိုင်လောက်အောင် အင်အားပြည့်စုံနေတဲ့စိတ် ဖြစ်ပါတယ်၊ သို့သော်.... "ဤ ကျောင်းတိုက် သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာကို ပူဇော်ပါ၏" လို့ နံနက်တိုင်း, ညတိုင်း (ဘုရားပူဇော်ဘို့ရန် ပန်းဥယျာဉ်ကြီးလို) သာယာအောင် ပြုပြင်ထားတဲ့ ကျောင်းတိုက်ကြီးကို ယခုလို အမဲကွက်သင်အောင် လုပ်တဲ့သူများ အတွက်တော့ အားကြီး သနားစရာကောင်းပါတယ် ဘုရား။

**ခမ္မဂုတ်။** ။အဲဒီ ကိုယ်တော်တွေကိုတော့ စစ်လား , ဆေးလား, နှင်လား, ထုတ်လား လုပ်သေးသလား။

**တပည့်တော်။** ။ဒီကိစ္စမျိုးဟာ စစ်ဆေးပေမဲ့ (မူရင်းလက်သည်) မပေါ်နိုင်ပါဘူး၊ ဒါ့ကြောင့် ဘာမျှ မစစ်ဆေးတော့ဘဲ "မိမိတို့အပြစ်ကို မိမိတို့ဘာသာ ဝန်ချကြ, ဆန်ဈေးကြီးလို့ ဆွမ်းလောင်းနိုင်သူ နဲသည့်အတွက် နေ့ဆွမ်း အရနဲလို့ ကျောင်းက နေ့ဆွမ်းပါ ချက်နေရတယ်၊ သီတင်းကျွတ်တဲ့အခါ (တပည့်တော် ရွာကပြန်လာယင်) ချက်တော့မည် မဟုတ်" လို့ ပြောပြီး ပြန်လိုတဲ့သူ ပြန်နိုင်အောင် သီတင်းကျွတ်လပြည့်ကျော် တရက်နေ့မှာ ဖြစ်သမျှနဲ့ ကထိန်ခင်းပါတယ်၊ ကထိန်အပြီးမှာ တနှစ်လုံးစုထားတဲ့ သင်္ကန်းစသော ဝေစုရာများကိုလဲ ဝေပေးလိုက်ပါတယ်။

**ခမ္မဂုတ်။** ။ "ရွာကပြန်လာယင်" ဆိုလို့ မေးရဦးမယ်၊ ကိုယ်တော်က ရွာကို ဘာကိစ္စ သွားရမှာလဲ။

**တပည့်တော်။** ။စစ်ပြီးကတည်းက ဝက်လက်မှာ သိမ်သမုတ်ကိစ္စရှိလို့ ရွာလဲကိစ္စရှိတာနဲ့ တခေါက်ရောက်ပါတယ်၊ အဲဒီနောက်တော့ မယ်တော်ကြီးလဲ မရှိလို့ ဝက်လက် ဆွေမျိုး-ရွာဆွေမျိုးအားလုံး မပင့်ကြနဲ့တော့လို့ ပိတ်ထားပါတယ်, တခါတခါ လာပင့်လဲ မလိုက်ပါဘူး၊ အဲဒီ ဝါဆိုဦးကတော့ နှမဝမ်းကွဲ ပြုပြင်ထားတဲ့ ဿျောင်းတော်မူ ဘုရားကြီးနဲ့ တန်ဆောင်းကိုလဲ ရေစက်ချ, မြေးများကိုလဲ ရှင်ပြုဘို့အတွက် (အများကပင့်လို့ ရမှာမဟုတ်ဘူးလို့ တားလျက်သားနဲ့) လာပင့်တယ်၊ ဒီတော့ တပည့်တော်က "ငါဟာ ယခုအခါ ဆွေဘုန်းကြီး မျိုးဘုန်းကြီး မဟုတ်တော့ဘူး၊ ငါ့ကျောင်းတိုက်ကို နိုင်ငံက ဝိုင်းပြီး ထောက်ပံ့ကြလို့ ဒီသံဃာများ နေနိုင်တာ၊ ဒီတော့ အများဆိုင်ဘုန်းကြီး ဖြစ်နေပြီ၊ သင်တို့ရွာက တရွာလုံးအပင့်နဲ့ဆိုယင် လာနိုင်စရာရှိရဲ့" လို့ ပြောလိုက်မိပါတယ်။

ပြောတုန်းကတော့ ကျေနပ်ရုံပြောလိုက်တာပါ၊ ဒီစကားကြားတော ရွာက ဝမ်းသာအားရဖြစ်ပြီး ရွာကြွဖို့ရန် ပင့်ကြပါရော့၊ သည်တော မလိုက်ယင်မဖြစ်လို့ မိမိချည်းလာလို့ သိပ်အကျိုးများမှာမဟုတ်၊ သံဃ တရာလောက်နဲ့ လာမှဖြစ်မယ်လို့ ပြောလိုက်ပါတယ်၊ ဒီစကားအ သာ၍ဝမ်းသာကြလို့ တရွာလုံးမက အနီးအပါးရွာများနဲ့ ဝက်လက်မြ ကပါ လာဘို့ရန် မြှော်နေကြပါတယ်၊ ဒီတော့ ကာဘိုးဆည်ကြီးနဲ ဆက်နေတဲ့အင်းကြီးကို ရေပြည့်ချိန်ဖြစ်တဲ့ သီတင်းကျွတ်ဟာ အသာယ ဆုံးဘဲလို့ နှလုံးသွင်းပြီး သီတင်းကျွတ်လပြည့်ကျော် (၃) ရက်နေ့မှ သံဃာတရာနဲ့ မွေးဖွားရာ ဇာတိဖြစ်သော သရိုင်ရွာသို့ သွားရပါတယ် ဘုရား။

**ဓမ္မဂုတ်။** ။သွားပုံအစီအစဉ်ကို မှတ်သားလောက်ယင် ပြောပြပါအုံး၊ ရက်က ဘယ်လောက်ကြာတုန်း။

**တပည့်တော်။** ။မှတ်လောက် မမှတ်လောက်တော့ အောက်ပါအစီအစဉ်ဘဲ ကြည့်ပါတော့၊ အသွားအပြန် ၅ ရက်လောက် ကြာပါတယ်။

## သရိုင်ရွာသွား မှတ်တမ်း

**ဓမ္မဂုတ်။** ။ဘာနဲ့သွားကြတုန်း၊ ရထားနဲ့လား ကားနဲ့လား။

**တပည့်တော်။** ။ပဌမ မီးရထားနဲ့သွားကြဘို့ စီစဉ်ပါတယ်၊ (၆၀) ကျော် ဆန့်တဲ့ (၂) တွဲလောက်ကို အသွားအပြန်စီစဉ်ပြီး အဲဒီ တွဲ (၂) တွဲကို ဝက်လက်မှာ မပြန်ခင်ရပ်ထားဘို့ စိတ်ကူးပါတယ်၊ ကုန်ကျစရိတ်ကိုလဲ ကျောင်းအမတယောက်က တာဝန်ယူပါတယ်၊ ဒါပေမဲ့ ဝက်လက်ကို နေ့ဆွမ်းအမှီရောက်ဘို့ မသေချာလို့ ရထားနဲ့သွားဘို့ကိုပြင်ပြီး၊ ရွှေဘိုနဲ့ မန္တလေးပြေးနေတဲ့ ရန်အောင်မန်းကားကြီး ၃ စီးအပြင်၊ မြောင်းမြ ဆရာတော်နဲ့ တပည့်တော်တို့ဘို့ လင့်ရိဗာကား ၂စီးနဲ့ သွားကြပါတယ်။

**ဓမ္မဂုတ်။** ။မြောင်းမြဆရာတော်လဲ ပါသေးသလား။

**တပည့်တော်။** ။မြောင်းမြဆရာတော်က အခြေအနေကိုလဲကြည့်ယင်း သရိုင် ရွာကိုလဲ (မဟာဝိသုဒ္ဓါရုံဆရာတော်ရဲ့ ရဟန်းဖြစ်တဲ့ရွာမို့) ရောက်လိုတဲ့ ဆန္ဒအပြင်၊ တပည့်တော်ကိုလဲ ချီးမြှောက်တဲ့သဘောနဲ့ လိုက်တော်မူ တာပါ။

**ခမ္ဗကုတ်။** ။ကားတာဝန်တော့ ဘယ်သူက ယူသလဲ။

**တပည့်တော်။** ။ပဋ္ဌမတော့ ရွာကစပြီးတာဝန်ယူကြတို့ စီစဉ်ပါတယ်, မန္တလေး လာပြီး ရန်အောင်မန်းကားကြီးများကို ငှါးတဲ့အခါ ကားပိုင်ရှင်တွေက ဆွေမျိုးတွေဖြစ်တော့ "သူတို့ကိုယ်တိုင်ဘဲ ကုသိုလ်ယူမယ်" လို့ ပြောပြီး ၃၀ ကျော်ဆန့်တဲ့ ကားကြီး ၃ စီးအတွက် အသွားအပြန် တာဝန်ယူကြ တယ်၊ ဆရာတော်ကြီးနဲ့ တပည့်တော်လဲ ရွှေပိုင်းက အတူမစီးချင်, နောက်ကလဲ လေအေးမိမှာစိုးလို့ လင့်ရိုဗာ ၂စီးကို ကျောင်းဒကာနဲ့ ဆွေမျိုးများက တာဝန်ယူကြပါတယ်။

**ခမ္ဗကုတ်။** ။ဘယ်အချိန် ကျောင်းတိုက်က ထွက်ကြသလဲ။

**တပည့်တော်။** ။ကျောင်းတိုက်၌ နံနက်ဆွမ်းစားပြီး ၇နာရီလောက်ထွက်ကြ ပါတယ်၊ ဆားတောင်က တပည့်တော်တို့လာမယ်ဆိုတာသိနှင့်လို့ မုန့်မျိုး စုံနဲ့ လဘက်ရည်ကပ်ကြပါတယ်၊ကားလမ်းက လှတောအထိကောင်းလို့ မကြာပါဘူး၊ လှတောက ဝက်လက်သွားတဲ့လမ်းက မကောင်းလို့ ၇မိုင် လောက်ခရီးကို မိနစ် ၄၀ လောက် မောင်းရပါတယ်၊ ဝက်လက်သို့ နေ့ဆွမ်းမှီတော့ရောက်ပါရဲ့,ဝက်လက်မြို့သံလမ်းအနောက် ဒကာ-ဒကာမ များက ဘုရားကြီးကျောင်းတိုက်မှာ နေ့ဆွမ်းကပ်ပါတယ်၊ သံဃာများလဲ ဆွမ်းစားပြီးတဲ့အခါ ဘုရားကြီးကျောင်း, မစိုးရိမ်ကျောင်း, မြို့မကျောင်း, ၃ ဌာနခွဲပြီး ရေချိုးကြ ခေတ္တအပန်းဖြေကြပါတယ်။

**ခမ္ဗကုတ်။** ။သရိုင်တော့ ဘယ်အချိန်မှာ သွားကြသလဲ။

**တပည့်တော်။** ။မြောင်းမြဆရာတော်ကြီးက နေ့ပူနဲ့ မတဲ့ပါဘူး၊ ဒါ့ကြောင့် ဆရာတော်ကြီးကိုငဲ့ပြီး ၂နာရီလောက်မှ သရိုင်သွားကြပါတယ်၊ သွားတဲ့ အခါ အင်းကြီးကိုဖြတ်ပြီး ဖေါင်နဲ့ကူးတို့ ဖေါင်ပေါ်မှာ သံဃာတရာက ပရိတ်ရွတ်ပြီးသွားကြတို့ စီစဉ်ပါတယ်။

**ခမ္ဗကုတ်။** ။စီစဉ်တဲ့အတိုင်း ဖြစ်ရဲ့လား။

**တပည့်တော် ။** ။ ဖေါင်ပေါ်မှာမရောက်ခင် မြင်တော်ရွာက ရှလပတ်ရည် ကပ်ယင်း တပည့်တော်ရဲ့ ဩဝါဒကိုနာကြတို့ စီစဉ်ထားတော့ မြင်တော် ရောက်အောင် ကားနဲ့သွားဘို့ ခဲယဉ်းလို့ သံဃာများက ခြေလျင်ကြွ ကြပါတယ်၊ ဆရာတော်အတွက် ( သူတို့က အထမ်းနဲ့ကြွစေချင်ပေမဲ့ ဆရာတော်က အထမ်းနဲ့ မသွားလိုဘူး အမိန့်ရှိလို့ ) တပည့်တော်နဲ့

ဆရာတော်အတွက် လင့်ရိဗ်ာကား ၂ခေါက် ခက်ခက်ခဲခဲသွားရပါတယ်၊ (လင့်ရိဗ်ာတစီးက မန္တလေးပြန်သွားလို့ ကျောင်းဒကာကိုရဲ့ ကားတစီးသာ အပြန်အတွက်စောင့်ယင်း ကျန်နေပါတယ်၊ အပြန်ဆရာတော်ကြီးအတွက် တပည့်တော်ရဲ့ အခြားဆွေမျိုး ကားတစီးလာပါတယ်။)

**ဓမ္မဂုတ်။** ။မြင်တော်ရောက်တော့ အားလုံးအဆင်သင့်ဘဲလား။

**တပည့်တော်။** ။တပည့်တော်က ဩဝါဒပေးရမှာမို့ ဆရာတော့်အရင် မြင်တော်သို့ ရောက်ပါတယ်၊ ရောက်တဲ့အခါ သရိုင်အနီးအပါးရွာက ကျောင်းဘုန်းတော်ကြီးများ အစုံအညီတွေ့ရလို့ သူတို့ကလဲ ဝမ်းသာ တပည့်တော်မှာလဲ အားရဝမ်းသာ ဖြစ်ရပါတယ်၊ မြင်တော်ရွာကလဲ တရွာလုံးလောက် အင်းရေဆိပ်မှာဆင်းပြီး မဏ္ဍပ် ထိုင်ခုံ အစုံအလင် ပြင်ထားကြပါတယ်၊ တပည့်တော်လဲ မြောင်းမြဆရာတော် မရောက်ခင် ဩဝါဒစကားကိုပြောပါတယ်၊ ဆရာတော်ရောက်လို့ ဩဝါဒပြီးတဲ့အခါ ကမ်းနားကိုဆင်းပြီ စီစဉ်ထားတဲ့ဖေါင်ပေါ် တက်တော့ သံဃာတဝက်ပင် မတက်ရသေးဘူး ဖေါင်က မြုပ်သလိုမြုပ်လိုဖြစ်လို့ မြောင်းမြဆရာတော်က သီးခြားလှေတစင်းနဲ့ ကြွနှင့်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ကကော။

**တပည့်တော်။** ။တပည့်တော်ကတော့ သံဃာအားလုံး စောင့်ပြီးနေပါတယ်၊ ဒါပေမဲ့ ဖေါင်နဲ့ ကူးလို့ ဖြစ်ပုံမရတော့ ဖေါင်ပေါ်မှာ သံဃာ(၂၅)ပါးလောက် ချန်ပြီး ကျန်သံဃာများနဲ့ တပည့်တော်ပါ လှေကိုယ်စီနဲ့ ကူးရပါတယ်။

**ဓမ္မဂုတ်။** ။ပရိတ်ကော ရွတ်ဖြစ်သေးသလား။

**တပည့်တော်။** ။စည်းစည်းလုံးလုံးတော့ မဟုတ်တော့ဘူး, တချို့ရွတ်ကြပါသေးတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတော့ သရိုင်ရွာသွားဘို့ အင်းအရှေ့ဘက် အချိန်ကောင်းရောက်ရဲ့လား။

**တပည့်တော်။** ။ဘယ်ရောက်တော့မှာလဲဘုရား, ဒကာ - ဒကာမတွေကလဲ (တချို့ရွာသားများနဲ့ ရွာအနီးတွေက) တပည့်တော်ကို လုံးလုံးမမြင်ဘူးကြလို့ သရိုင်ဘက်သွားမဲ့ ကမ်းနားမှာ နေ့လည်လောက်ကလာပြီး

စောင့်မြှော်နေကြပါသတဲ့၊ တပည့်တော်ရောက်တော့ နဲနဲမှောင်နေသော်လဲ မပြန်သေးဘဲ ကျန်နေတဲ့ ထိုဒကာ-ဒကာမများကို အထူးကရုဏာဖြစ်ရပါတယ်၊ လှေပို့တဲ့ဖေါင်ဒကာမျာ:ကလဲ ထိုးဝါးနဲ့ထိုးရတာ အားမရလို့ မှောင်မှာစိုးတဲ့အတွက် လူထောက်မှီတဲ့ နေရာတွေမှာ ဆင်းပြီး ဖေါင်ကိုတွန်းကြပါသတဲ့၊ တပည့်တော်တော့ သရိုင်သွားရတဲ့အတွက် ပတ်ဝန်းကျင်က သံဃာများနဲ့ ဒကာ-ဒကာမများအပေါ်မှာ မေတ္တာရော, မုဒိတာရော, ကရုဏာရော, များစွာဖြစ်ရပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။မှောင်မှ အင်းကတက်ပြီး ရွာသွားတော့ လမ်းကောင်းရဲ့လား။

**တပည့်တော်။** ။လမ်းက ရှေးကားလမ်းအပျက်မို့ မကောင်းပါဘူး၊ တပည့်တော်ရော-သံဃာများပါ ဆင်းရဲကြပါတယ်, တပည့်တော်တော့ အားလုံး ဒကာ-ဒကာမတွေ မှောင်နေတုန်း သူတို့ဆိုင်ရာရွာသို့ တချို့က ခြေလျင်, တချို့က လှေနဲ့ ပြန်ကြရမည်ကို သနားပြီး ကိုယ့်ဆင်းရဲကို မစဉ်းစားအားပါဘုရား။

**ဓမ္မဂုတ်။** ။မြှောင်းမြဆရာတော်ကြီးလဲ ဒီလိုဘဲလား။

**တပည့်တော်။** ။ဆရာတော်ကြီးက မမှောင်ခင် ရောက်နှင့်တော့, ဒါလောက် ဆင်းရဲမယ် မဟုတ်ပါဘူး။

**ဓမ္မဂုတ်။** ။ရွာတော့ အားလုံး ချောချောမောမော ရောက်ကြတာဘဲနော်။

**တပည့်တော်။** ။အားလုံး ချောချောမောမော ရောက်ကြပါတယ်။

**ဓမ္မဂုတ်။** ။ဝက်လက်နဲ့ ကိုယ်တော်တို့ရွာက ဘယ်လောက်ဝေးသလဲ, ကုန်းပေါ်က လမ်းမပေါက်ဘူးလား။

**တပည့်တော်။** ။ဝက်လက်နဲ့ သရိုင်က လေးမိုင်(နှစ်တိုင်)လောက် ဝေးပါတယ်, အင်းအလယ်မှာဖြတ်ကူးထားတဲ့ ကုန်းလမ်းလဲရှိပါတယ်၊ ဝက်လက်နဲ့ မြင်တော်က တမိုင်သာသာ, အင်းအရှေ့ကမ်းနဲ့ သရိုင်ရွာက တမိုင်သာသာရှိတော့, အင်းရေပြင်ရဲ့အပြန့်က နှစ်မိုင်နီးနီးရှိပါတယ်၊ အလျားတော့ ဘယ်လောက်ရှိမယ်ဆိုတာ တပည့်တော် မသိပါဘူး၊ အဲဒီအင်းကြီးအလယ်မှာဖြတ်ပြီး ရှေးတုန်းကဖေါက်ထားတဲ့လမ်းရှိပါတယ်၊ လမ်းဘေးမှာ မန်ကျည်းပင်တွေ သရိုင်ရွာက ရွှေတောင်ဆရာတော်ရဲ့ အမိန့်နဲ့ စိုက်တာပါ၊ ယခုလဲ တချို့ရှိပါသေးရဲ့, ကြီးတော့ သိပ်မကြီးပါဘူး။

**ဒမ္မဂုတ်။** ။အဲဒီအင်းကြီးမှာ ရေအမြဲရှိသလား။

**ဘပည့်တော်။** ။တပည့်တော် အတော်ကြီးသည့်တိုင်အောင် အမြဲရှိပါတယ်၊ ရှင်မွေးလွန်းမှို့ ထွက်တဲ့ ကိုင်းပင်တွေလဲ အတော်များများပေါက်ပါတယ်၊ အဲဒီ အပင်တွေကိုပင် သက်ကယ်ပျစ် ( အမိုးယက် ) ကြပါတယ်, ငါး- ရေကြက်စတဲ့ ငှက်တွေလဲ အတော်များများ ရှိပါတယ်၊ ယခုတော့ နွေ အခါမှာ ရေမရှိတော့ဘူးလို့ ကြားရပါတယ်။

**ဒမ္မဂုတ်။** ။ကိုယ်တော်က သီတင်းကျွတ်အချိန်မှာ သရှိုင်သွားဘို့ စီစဉ်တာက ဒီအင်းကြီးရဲ့ ရေများချိန်ကိုကြည့်ပြီး စီစဉ်တာပေါ့နော်။

**ဘပည့်တော်။** ။ဟုတ်ပါတယ်, သွားတော့ ဝါဆိုဥုးတုန်းက သွားဘို့ပါဘဲ၊ ဝါဆိုဥုးမှာ အင်းရေ မရောက်သေးပါဘူး, အင်းအလယ် ဖြတ်သွားရတဲ့ လမ်းကလဲ ကားသွားလို့ မကောင်းတော့ သံဃာများ ခြေလျှင်ကြွရ လိမ့်မယ်၊ လမ်းက ကြမ်းတဲ့အပြင် ဖုန်လဲ များမယ်ထင်ပါတယ်၊ ဒီတော့ လေးမိုင်လောက် ထိုခရီး၌ ပါလာတဲ့သံဃာများကို မသွားစေချင်ပါဘူး၊ အင်းထဲရေများတဲ့ သီတင်းကျွတ်ဆိုတော့ လှေနဲ့သွားရလို့ သံဃာများ သိပ်မပင်ပန်းလှပါဘူး၊ ဒါ့ကြောင့် ဝါဆိုဥုးတုန်းကပင့်တဲ့ ဒကာများကို သီတင်းကျွတ်မှ လာမယ်လို့ ပြောလိုက်ရပါတယ်။

**ဒမ္မဂုတ်။** ။ကိုယ်တော့် အစီအစဉ် ကောင်းပါတယ်, နောက်ပါသံဃာများကို မပင်ပန်းအောင် စီစဉ်တဲ့နည်းဟာ ကိုယ်တော်ရဲ့ မူလစိတ်ရင်းအတိုင်းပင် ဖြစ်ဟန်တူပါတယ်၊ ကိုယ်တော်က ကျောင်းရှိသံဃာများကို အမြဲချမ်းသာ အောင် နံနက်ဆွမ်း နေ့ဟင်းနှစ်ခွက် အမြဲ, ညနေ ထန်းလျက်ရည်, နွေ အခါ ဖျော်ရည်တိုက်နိုင်အောင် စီစဉ်ထားတာဘဲ။

**ဘပည့်တော်။** ။တပည့်တော်က ကျောင်းတိုက်မှာရှိတဲ့ သံဃာများကိုသာ ငဲ့ညှာတာ မဟုတ်ပါဘူး၊ တသာသနာလုံး သံဃာများကိုလဲ နောက်ဘဝ ဂတိကောင်းအောင်လို့ ပြုပြင်ဘို့ရန် အခွင့်ရတိုင်း တိုက်တွန်းနေတာဘဲ။

**ဒမ္မဂုတ်။** ။ဒကာ ဒကာမများ အပေါ်မှာလဲ ဒီလိုဘဲလား။

**ဘပည့်တော်။** ။ဒကာ-ဒကာမများ အပေါ်မှာလဲ ရင်းလျှင်ရင်းသလို ငဲ့ညှာ ပြီး, လူ့သီလ-လူ့ကျင့်ဝတ်ပြည့်စုံဘို့ အမြဲသတိပေးနေပါတယ်၊ တပည့်

တော်ရဲ့ဉာဏ်မှာ ဒီဘ၀၌ ဒီလိုနေယင် နောက်ဘ၀၌ ဘယ်လိုဖြစ်မယ် ဆိုတာ အတော်သေချာအောင် မြင်နေပါတယ်။

**ဓမ္မဂုတ်။** ။ဘာကိုထောက်ပြီး ဒီလိုမြင်တာလဲ ကိုယ်တော်။

**တပည့်တော်။** ။ကဿပမြတ်စွာဘုရားလက်ထက်တော်က နောက်ပိုင်းသာသနာတော်ကိုလဲ လေ့လာရပါတယ်၊ ယခုလက်ရှိ သာသနာ၀င်အချို့ရဲ့ နောက်ဘ၀ရောက်နေပုံကို လူ၀င်စားအဖြစ်နဲ့ ပြန်ပြောတာ (အိပ်မက်ပေးတာ) တစ္ဆေ-ပြိတ္တာအဖြစ်နဲ့ ပူးပြောကြတာကိုလဲ တဆင့်ကြားနေရပါတယ်၊ လူ၀တ်ကြောင်များအတွက်လဲ ဒီလိုဘဲ ကြားတဲ့အပြင် ရှေးရှေးက လူ၀တ်ကြောင်များရဲ့ ဘ၀ကောင်း ဘ၀ဆိုးကိုလဲ စာထဲမှာ အမျိုးမျိုးတွေ့ရတော့ တပည့်တော်ကိုယ်တိုင် လက်တွေ့ သိနေတာပေါ့ဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ သရိုင်ရွာရောက်တော့ ဖြစ်ပုံကို ပြောပါအုံး။

**တပည့်တော်။** ။တပည့်တော် သရိုင်ရွာရောက်တော့ သံဃာတရာကို ရှေးက ဆွမ်းမကပ်ဘူးလို့ တဦးတည်း ဆွမ်းကပ်လိုသူတွေ တော်တော်များပါသတဲ့၊ ဒါပေမဲ့ အများက ခွင့်မပြုနိုင်လို့ ကိုယ့်ရွာနဲ့ကိုယ် စုပေါင်းပြီး အနီးအပါးရွာများရော အလှည့်ကျ ဆွမ်းကပ်ကြရပါတယ်။


**ဓမ္မဂုတ်။** ။အနီးအပါးက ဆွမ်းကပ်တဲ့အခါ အဲဒီရွာ သွားကြရသလား။

**တပည့်တော်။** ။မသွားကြရပါဘူး, နံနက် ယာဂုဆွမ်းနဲ့ နေ့ဆွမ်းအတွက် သရိုင်ရွာက နှစ်မနဲ့ အမများ ပြင်ထားတဲ့ ရွာဦးစရပ်ကြီးမှာ လာပြီး ချက်ကြပါတယ်၊ ပင်းကျောင်းမှာ တဲကြတဲ့ သံဃာတရာလဲ စရပ်အနီး ကြွ၍ စီတန်းပြီး ဆွမ်းခံကြပါတယ်၊ ထို့နောက် စရပ်ကြီးပေါ် တက်ပြီး အသင့်ပြင်ထားတဲ့ ဆွမ်းဟင်းပွဲများမှာ ထိုင်၍ ဇွန်းသံ- ပုဂံသံ မကြားရအောင် ငြိမ်သက်စွာ ဆွမ်းစားကြပါတယ်။

**ဓမ္မဂုတ်။** ။သံဃာတရာကို ဆွမ်းလောင်းပြီး ငြိမ်သက်စွာ မိမိတို့ရှေ့မှာ ဆွမ်းစားကြတာကို မြင်ရတော့ သိပ်ကြည်ညိုကြမှာဘဲနော်။

**တပည့်တော်။** ။သံဃာတရာကို အတူပါစေရတာဟာ တပည့်တော်ငယ်စဉ်က ကြေးကို ဆပ်တဲ့သဘောလဲ ပါပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်လိုကြေးလဲ ကိုယ်တော်။



မူလဇာတိဖြစ်သော သရိုင်ရွာ ပင်းကျောင်းရှေ့၌ ဆရာရင်းဖြစ်သော ရွှေကျင်သာသနာပိုင်
-မြောင်းမြဆရာတော်–နောက်ပါသံဃာ ၁၀၀ (တရာ)နှင့်အတူ အထိမ်းအမှတ် ရိုက်ကူးထားသောပုံတော်။

**တပည့်တော်။** ။တပည့်တော် မမွေးခင်ကစပြီး ယခုတိုင်အောင် အနီးအပါး ရွာများနဲ့ တပည့်တော်တို့ရွာမှာ ဝါတွင်း၌ တသီတင်းလျှင် (ဘုရား ရှိရှိ-မရှိရှိ) တရွာလျှင် တရက်ကျ သုံးရက်လောက် နံနက်ဆွမ်း ကျွေးပြီး နေ့ဆွမ်းအတွက် ဆွမ်းလောင်းလေ့ ရှိပါတယ်၊ အဲဒီအခါမှာ ဆွမ်းစားပုံက အတော်အတန်ကြည့်လို့ ကောင်းသော်လဲ ဆွမ်းလောင်းတဲ့ အခါတော့ ဦးပဉ္စင်းလေးများနဲ့ ကိုရင်လေးများသာဖြစ်၍ ကြည့်လို့ မကောင်းပါဘူး၊ တခါတခါ ကိုရင်လေးတွေက ရှေ့ကဝင်လို့ နေရာလုယင်း သပိတ်နဲ့ ခုတ်ကြသည့်အထိ ရန်ဖြစ်ကြပါတယ်၊ ဆွမ်းလောင်းတဲ့ ဒကာမကြီးတွေက တောင်းပန်ကြ—ရန်ပွဲဖျဉ်ကြရပါတယ်။

**ခမ္မဂုတ်။** ။ဒီဟာနဲ့ ကြွေးဆပ်တာနဲ့ ဘာဆိုင်သလဲ ကိုယ်တော်။

**တပည့်တော်။** ။အဲဒီလိုကြည်ညိုစရာမကောင်းတဲ့ ဖြစ်ပုံတွေကို တပည့်တော်ရဲ့ ရွာနဲ့ အနီးအပါးရွာက ဒကာ-ဒကာမများ နှစ်ပေါင်းများစွာ မိရိုးဖလာ သာသနာကို သဒ္ဓါတရားရှိရှိ မဟုတ်ဘဲ လှူဒါန်းနေကြရတော့ သဒ္ဓါတရား ဖြစ်လောက်တဲ့ သာသနာကို ပြရတာဟာ သာသနာတော်နဲ့ စပ်တဲ့ကြွေးကို ဆပ်ရာမရောက်ဘူးလား ဘုရား။

**ခမ္မဂုတ်။** ။ရွာများက တလှည့်စီ ကပ်ကြတဲ့ဆွမ်းကို ဟင်းကောင်းတွေနဲ့ စားပြီး ဘာမှ မလုပ်ကြတော့ဘူးလား။

**တပည့်တော်။** ။"ဟင်းကောင်းတွေနဲ့ စားပြီး"ဆိုတဲ့စကားကို ပဌမ ရှင်းပါရစေ၊ တပည့်တော် သွားမဲ့ရက်ကို ပြောတုန်းကပင် "ဆွမ်းကပ်သောအခါ သားကြီး ငါးကြီး မပါရဘူး"လို့ တားမြစ်ထားပါတယ်၊ မုန့်ကိုလဲ မြို့က မုန့်တွေမဝယ်ဘဲ ရွာမှာဖြစ်တဲ့မုန့်နဲ့ သာကပ်ရမယ်လို့ ပြောထားပါတယ်၊ ဒါ့ကြောင့် သား ငါးအစိုတွေ မပါပါဘူး၊ ငါးခြောက်တို့လို (နောက်ပိုင်းတော့)ငါးချဉ်ရည်တို့လိုသာကပ်ကြပါတယ်၊ မုန့်လဲ တောရွာမှာဖြစ်နိုင်တဲ့ မုန့်ကိုသာ ကပ်ကြပါတယ်၊ အဲဒီလိုစားပြီးတော့လဲ အားလပ်ခွင့် ယူမနေကြပါဘူး။

**ခမ္မဂုတ်။** ။ဘာလုပ်ကြတုန်း။

**တပည့်တော်။** ။ရွာရောက်ပြီးနောက် ဒုတိယညမှာ ရွာလယ် စာသင်ကျောင်းဝင်းကြီးထဲ၌ သံဃာတရာက ပရိတ်ရွတ်ပြီး တပည့်တော်က ဩဝါဒ ပေးပါတယ်။

**ဓမ္မဂုတ်။** ။ပရိသတ် တော်တော်များသလား။

**တပည့်တော်။** ။အနီးအပါးရွာများနဲ့ အတော်ဝေးသော ဆားတောင်ကြီး၊ မှက်ထိဆိုတဲ့ ရွာများကပါ လာကြလို့ အလွန်ကျယ်ဝန်းသော ဝင်းကြီး အပြည့်ဖြစ်အောင် များတယ်လို့ သိရပါတယ် ဘုရား။

**ဓမ္မဂုတ်။** ။နောက်တညတော့ ဘာလုပ်သေးတုန်း။

**တပည့်တော်။** ။ နောက်တညတော့ ဘုရား စေတီတော် ဝင်းကြီးများရဲ့ အလယ်မှာ တည်ရှိသော နှစ်မနဲ့ အမတို့ရဲ့ စရပ်ကြီးပေါ်မှာ သံဃာများ ပရိတ်ရွတ်ပြီး တပည့်တော်က ဩဝါဒပေးပါတယ်။

**ဓမ္မဂုတ်။** ။နောက်ဆုံး အိပ်ရမဲ့ညတော့ကော အားလုံး နားကြရော့လား။

**တပည့်တော်။** ။သံဃာများ မနားကြရပါဘူး၊ ခင်မင်ရွာနဲ့ စမွန်းရွာတွေမှာ သံဃာ နှစ်ဆယ့်ငါးပါးစီ ကြွ၍ မင်းကုန်းရွာကြီးမှာ သံဃာငါးဆယ် ကြွပြီး ပရိတ်ရွတ်ကြပါတယ်၊ မင်းကုန်းရွာက နဲနဲဝေးလို့ ညဥ့်အခါ မပြန်ဘဲ ညအိပ် နံနက် ဆွမ်းပွဲတော်တို့ မုန့်တို့ ဘုဥ်းပေးပြီးမှပြန်ခဲ့ကြပါတယ်၊ အသက် (၆၀)ကျော် ဒကာကြီးက ဒီလို သံဃာများကို တခါမှ မဖူးခဲ့ရဘူးလို့ လျှောက်လိုက်ပါတယ်၊ (တပည့်တော်ရဲ့ သံဃာများက သက်နှင်း အသွေးအရောင် ရင့်ရင့်နဲ့ ညီညီသွားကြ–ညီညီစားကြ–ညီညီရွတ်ဆိုကြတာ ဖြစ်တော့ ရွာတိုင်း ဒကာ–ဒကာမများက အလွန်ကြည်ညိုကြပါတယ်)။

**ဓမ္မဂုတ်။** ။နေ့နေ့တော့ ဘာလုပ်ကြသေးတုန်း။

**တပည့်တော်။** ။သရိုင်သွားမယ်ဆိုတာ ကြားလို့ ဦးထိန်ဝင်းဆိုတဲ့ ဒကာက မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးရဲ့ ရပ်ရွာလဲဖြစ်၊ တပည့်တော်ရဲ့ ရပ်ရွာလဲ ဖြစ်လို့ လေ့လာလိုတဲ့ဆန္ဒနဲ့ ရန်ကုန်မှ တမင်လာ လာပြီး လိုက်ခဲ့ပါ တယ်၊ သူက မန္တလေးမှ ဓာတ်ပုံဆရာတယောက်ကိုလဲ ခေါ်ခဲ့ပါတယ်၊ သရိုင်မှာနေတဲ့ (၃) ရက်အတွင်း တပည့်တော်နဲ့ ဆိုင်တဲ့ နေရာတွေကို ကျောင်းများ စေတီတော်များနဲ့ တပဲသာရေတွင်းမှာ ဓာတ်ပုံ ရိုက်ယူ ပါတယ်။

**ဓမ္မဂုတ်။** ။တော်တော်စုံရဲ့လား။

**တပည့်တော်။** ။တော်တော်တော့ ပြည့်စုံပါတယ်၊ တပည့်တော် (၁၁) နှစ်သားလောက်က ညမှာကျောင်းသားများစာအံတိတ်တောင် တပည့်တော်က စာအံမတိတ်ရသေးဘဲ (၉) နာရီလောက်အထိ စာပြန်ရတဲ့(ခရေပင်ကြီးအောက်က သမံတလင်းအစွန် ) နေရာတောင် ဓာတ်ပုံရိုက်ပါသေးတယ်, အသွားအပြန် အင်းလယ်မှာလှေနဲ့ (အလာတုန်းက တချို့ဖေါင်နဲ့ ) သွားပုံတွေကိုလဲ ဓာတ်ပုံရိုက်ရပါတယ်၊ ဓာတ်ပုံခက သုံးရာ့ငါးဆယ်လောက်ကုန်ကျပါသတဲ့။

**ဓမ္မဂုတ်။** ။အဲဒီလိုဓာတ်ပုံရိုက်တာလဲ အကောင်းသားဘဲ့ ဒီစာအုပ်မှာတောင်ထည့်သင့်တာကို ထည့်ဘို့ကောင်းတယ်၊ ဒ်လို ဓာတ်ပုံနဲ့ မပြနိုင်ယင် (ရွာရွှေရိုင် )ဆိုတဲ့ အခန်းမှာ ကိုယ်တော်ရေးခဲ့တဲ့ ဆွေမျိုးများရဲ့ဘုရား, ကျောင်း, တန်ဆောင်းတွေမှာ စိတ်ကူးယဉ်တွေ ဖြစ်ကုန်မှာပေါ့။

**တပည့်တော်။** ။ဟုတ်ပါတယ်, စိတ်ကူးယဉ်လို့ထင်စရာပါဘဲ၊ အမှန်ကတော့ ယခုတခေါက် ဒကာထိန်ဝင်းလေ့လာမှ ရေးမှီလူကြီးများက တပည့်တော်ဆွေမျိုးများရဲ့ ရေးကောင်းမှုတွေကို ပိုပြီးထုတ်ဖေါ် ပြောကြားပါသေးတယ်၊ စေတီတော်ဝိုင်းကြီး သုံးဝိုင်းထဲမှာ ရှိသမျှကောင်းမှုတော်များပင် တပည့်တော်ရဲ့ အရင်းအဖျားစပ်တော်တဲ့ ဆွေမျိုးများရဲ့ ကောင်းမှုတွေများပါတယ်၊ ရွာကျောင်း သုံးကျောင်းမှာရှိတဲ့ ကျောင်းကြီးတွေကလဲ ဆွေးမျိုးအရင်းများရဲ့ ကျောင်းတွေသာ ဖြစ်ပါတယ်၊ထိုနယ်က တပည့်တော်ကို ဂရုစိုက်ကြကာလဲ ဆွေမျိုးအရှိန်အဝါ အများကြီးပါပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဆွေမျိုးအရှိန်အဝါကြီးပေမဲ့ မိဘများမွဲသွားတဲ့ အကြောင်းကို စဉ်းစားယင် ဝမ်းမနဲဘူးလား။

**တပည့်တော်။** ။သံသရာကို တဘဝထဲကြည့်လို့ မပြည့်စုံပါဘူးဘုရား၊ တသံသရာလုံးကြည့်တတ်မှ အကောင်းအဆိုး လောကဓမ်ကို ခံနိုင်ပါတယ်၊ တပည့်တော်က တသံသရာလုံး နိဗ္ဗာန်အထိ ကြည့်တဲ့သူပါ၊ မိဘများ ပစ္စည်းပျက်ပေမဲ့ တပည့်တော်သာ လူ့လောကနေယင် ဆွေမျိုးထဲမှာ အောက်မကျတဲ့ လူတယောက် ဖြစ်နိုင်တာသိလို့ တပည့်တော်အတွက် တရားဖြင့်ကြည့်နိုင်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အဲဒီလို ပစ္စည်းပျက်ပြီး ဆုံးကြရတဲ့မိဘများအတွက်တော့ ဘာမှ ဂရုမစိုက်တော့ဘူးလား။

**တပည့်တော်။** ။သူတော်ကောင်းလမ်းကို သွားနေတဲ့သူတိုင်း ဆရာမိဘများကို ဦးထိပ်ကထားလေ့ ရှိပါတယ်၊ တပည့်တော်လဲ မိဘများကို ရည်စူးပြီး သံဃိကဆွမ်း – သင်္ကန်းတို့ကို မိဘများအိမ်ယာမှာသွားပြီး ကျွေးမွေး လှူဒါန်းဘို့ ရွေးကလဲတခါ တူမောင်အောင်ခန့်ကို စေခိုင်းဘူးပါတယ်၊ ယခုတခေါက် တပည့်တော်ရောက်တဲ့အခါလဲ ထိုနည်းအတိုင်း ကျွေးမွေး လှူဒါန်းပြီး အမျှဝေစေပါတယ်၊ အမျှဝေရုံတင်မကပါဘူး, ဤအလှူကိုဘဲ မိဘများရဲ့ အလှူအဖြစ်ဖြင့်လှူဘို့ရန် တိရောကုဋ္ဋသုတ်မှာ လာတဲ့အတိုင်း "ဣဒံ ဝေါ ဉာတီနံ ဟောတု သုခိတာ ဟောန္တု ဉာတယော" ပါဠိတော်ကို မြန်မာပြန်ပြီး "ဤ သံဃိကဆွမ်းဒါန သင်္ကန်း- ထီး-ဘိနပ်ဒါနသည် ကွယ်လွန်ကြပြီးသော အဘ ဦးဇောတိ, အမိ ဒေါ်အုန်းလှိုင်ကို အစပြု၍ ဆွေမျိုးများအတွက် ဖြစ်ပါစေသတည်း၊ ကွယ်လွန်ကြပြီးသော အဘ- ဦးဇောတိ အမိ ဒေါ်အုန်းလှိုင်မှစ၍ ဆွေမျိုးများသည် ချမ်းသာကြပါ စေသတည်း " ဤသို့ တပည့်တော်ကိုယ်စား လှူဒါန်းတဲ့ တူတော်သူ မောင်အောင်ခန့်ကို ဆိုစေပါတယ်။

**မမွှဂုတ်။** ။ယခုခေတ် အမျှဝေတာမျိုးကော ကုသိုလ်အတို့ မရနိုင်ဘူးလား။

**တပည့်တော်။** ။ရနိုင်ပါတယ်, ထိုပါဠိတော်အတိုင်း ဆိုစေတဲ့အပြင် ထုံးစံ အတိုင်းလဲ အမျှဝေစေပါသေးတယ်၊ တိရောကုဋ္ဋသုတ်မှာ "ကျန်ရစ်သော ဆွေမျိုးများ၌ စားဘွယ်သောက်ဘွယ် ပေါများသော်လဲ ကွယ်လွန်သူ တို့က ကံမကောင်းယင် မည်သည့်ဆွေမျိုးကမျှ သူတို့အတွက် ကုသိုလ် ပြုဘို့ သတိမရကြဘူး"လို့ ဟောတော်မူပါတယ်။

**မမွှဂုတ်။** ။ဒါပြင်တော့ ကုသိုလ်ရေးနဲ့စပ်ပြီး ဘာများလုပ်ခဲ့ရသေးတုန်း။

**တပည့်တော်။** ။မပြန်ခင်တရက်မှာ သံဃာများဆွမ်းစားကြခိုက် ကျောင်း ထဲ၌ တယောက်ထည်း လမ်းလျှောက်နေစဉ် စေတီလှဘုရားဝိုင်းအတွင်း အရှေ့တောင်ဒေါင့်၌ အတော်ပျက်စီးပြီး ကွဲအက်နေသော ထီးတော်လဲ မရှိသော စေတီတော်ကြီးတဆူကို သတိထားမိပါတယ်၊ ထိုစေတီတော်ကို ကြည့်ယင်း အမွေခံအဆက်မရှိလို့ မပြင်ကြတာထင်တယ်၊ မိမိရဲ့ရင်းနှီးတဲ့ ဒကာ–ဒကာမများ စုပေါင်းပြီးပြင်ယင် ဖြစ်နိုင်စရာရှိတယ်လို့ တွေးမိပါ တယ်၊ ဒီလိုတွေးပြီးနောက် ကျောင်းဘုန်းကြီး ( တူတော်သူ ) ကိုခေါ်၍ " ဒီစေတီတော်ကြီးက ဘယ်လူကြီးများ အဆက်လဲ " လို့ မေးတော့

တပည့်တော်ရဲ့ ဝမ်းကွဲ ဘေးများရဲ့ စေတီလို့ သိရပါတယ်၊ နောက်ဆက် ဆွေမျိုးများထဲမှာလဲ ပြင်နိုင်သူ(နှမရဲ့ ယောကျ်ား) တယောက်သာ ရှိပါတယ်၊ သူလဲ နှမကသူ့ ဆိုင်ရာတွေကိုပြင်နေတော့ ဘာမှမပြောဘဲ စိတ်သာ ကူးနေပါသတဲ့။

**ဓမ္မဂုတ်။** ။ကိုယ်တော့် အမျိုးထဲ ပစ္စည်းပေါတဲ့သူ အများကြီးမဟုတ်လား။

**တပည့်တော်။** ။ဘုရားတည်-ကျောင်းဆောက် လုပ်နိုင်လောက်အောင်ပေါတဲ့ သူတွေက ရှေးဆွေမျိုးများဖြစ်ပါတယ်၊ ယခုတော့ ဒီလိုပေါတဲ့သူများက ဝက်လက်-မန္တလေးရွှေ့ကုန်ကြလို့ စားနိုင်သောက်နိုင်လောက်သာ ကျန်ပါတော့တယ်၊ တချို့လဲတော်တော် နွမ်းပါးကုန်ပါပြီ၊ ဒုတိယကမ္ဘာစစ် ဖြစ်ကထည်းက ရွာရဲ့ အခြေအနေဟာ တမျိုးတဖုံ ပြောင်းလဲသွားပါတယ် ဘုရား။

**ဓမ္မဂုတ်။** ။ပျက်စီးနေတဲ့ စေတီတော်က အတော်ကြီးသလား။

**တပည့်တော်။** ။တော်တော်ကိုကြီးပါတယ်၊ နှစ်သောင်းလောက်ကုန်မှ ပြီးမယ်လို့ ပြောကြပါတယ်၊ ဒီအကြောင်းကို ဒကာထိန်ဝင်းကြားတော့ စေတီတော်နဲ့ နီးကပ်သော ရဟန္တာသမုတ်တယ်လို့ နာမည်ကျော်ကြားတဲ့သိမ် လဲရှိတဲ့အတွက် သူကအားတက်သရော ပြင်လိုတဲ့ဆန္ဒဖြစ်ပါတယ်။

ဒကာထိန်ဝင်း။ ။တချို့နေရာမှာ ရဟန္တာသမုတ်တဲ့သိမ်လို့ နာမည်တော့ ရှိပါတယ်၊ အဲဒီသိမ်မှာ ထင်ရှားတဲ့ဆရာတော်(မည်သည့်ပုဂ္ဂိုလ်) ရဟန်းဖြစ်ဘူးတယ်လို့တော့ မပြောနိုင်ကြပါဘူး၊ "ဒီသိမ်တော်ကတော့ ရွှေကျင်ဆရာတော်ဥပဇ္ဈာယ်လုပ်၍ မဟာဝိသုဒ္ဓါရုံဆရာတော် ရဟန်းဖြစ်ရာဌာန ဖြစ်တဲ့သိမ်" လို့ အထင်အရှားသိရတော့ အလွန်အခြေခံကောင်းပါတယ်၊ ဒီသိမ်တော်ရဲ့ ပြာသာဒ်ပါ ထပ်ပြင်ဘို့ကောင်းပါတယ်၊ ဒီသိမ်နဲ့ စေတီတော်ကြီးလဲ ပြင်လိုက်တဲ့အခါ အလွန်ကြည်ညိုစရာ ကောင်းမှာပါဘဲလို့ ဒကာထိန်ဝင်းက လျှောက်ပါတယ်၊ ဒါ့ကြောင့် ဒီသိမ်တော် ဒီစေတီတော်ကိုပြင်ဘို့ရန် စိတ်ကူးယဉ်ကုသိုလ် အများကြီး ရခဲ့ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ပြန်မဲ့ရက် အယင်ညတော့ ဘယ်မှာအိပ်ကြရသလဲ။

**တပည့်တော်။** ။ မပြန်ခင်ညတော့ ဝက်လက်ပြန်ပြီး အိပ်ကြရပါတယ်၊ ဝက်လက် သံလမ်းအရှေ့ဘက်က အသွားတုန်းက ဆွမ်းမကပ်ရသေးလို့

နံနက်ယာဂုနဲ့ နေ့ဆွမ်းလဲကပ်ယင်း တပည့်တော်ရဲ့ ဩဝါဒတရားကိုလဲ ညဥ့်အခါ နာလိုကြသောကြောင့် ယခုလို ဝက်လက်ပြန်ပြီး အိပ်ကြရတာပါ၊ ( မြောင်းမြဆရာတော်ကတော့ သရိုင်မှာ ကျိန်းစက်ပြီး နံနက်မှ ကြွလာပါတယ်။)

**ဓမ္မဂုတ်**။ ။သရိုင်က ဝက်လက်လာပုံ အစီအစဥ်ပြောပါအုံး ကိုယ်တော်။

**တပည့်တော်**။ ။သရိုင်က ဝက်လက်လာတဲ့အခါ ညောင်ပင်တွင်းရွာအတွက် စဥ်းစားရပါတယ်, အနီးအပါးရွာများသို့ ပရိတ်ရွတ် ကြွကြတဲ့အခါ ညောင်ပင်တွင်းရွာက အင်းကြီးနဲ့နီးကပ်တဲ့အတွက် ရွာထဲမှာလဲ ရှိတွေနဲ့ ရွာအနီးလမ်းမှာလဲ ရှိတွေနဲ့မို့ သံဃာများ ပရိတ်ရွတ် မကြွနိုင်ပါဘူး၊ သံဃာများ အင်းကြီးကို ကူးလာတုန်းက အဲဒီရွာက လှေအများစုတဲ့ ပို့ကြရပါတယ်, ပြန်တော့လဲ အဲဒီရွာက လှေများနဲ့ဘဲ ပြန်ရပါမယ်၊ အခြားရွာများနည်းတူ သရိုင်လာပြီး စရပ်ကြီးမှာ ဆွမ်းလဲ ကပ်ရှာကြပါတယ်၊ ဒီတော့ ညောင်ပင်တွင်းရွာအတွက် ကျေနပ်မှုရရစ်အောင် ရွာနဲ့ အနီးဆုံးကမ်းနားမှာ လှေတွေနဲ့ကပ်ပြီး ပရိတ်ရွတ်ပေးပါမယ်လို့ ပြောရပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုပြောတော့ ဝမ်းမြောက်ကြမှာပေါ့နော်။

**တပည့်တော်**။ ။ဝမ်းမြောက်ရုံတွင် မကပါဘူး, ရွာကျောင်း ဘုန်းတော်ကြီးရော-ရွာသားများပါအားတက်ပြီး ရွာအနီးလမ်းနဲ့ ရွာတွင်း သံဃာများ အင်းဆိပ်ဆင်းမဲ့လမ်းမှာရှိသော ရှိဘက်တွေကို သွားလို့ဖြစ်အောင် ဖို့ကြပြင်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်က ငှဲညှာမယ်ဆိုလဲ ငှဲညှာစရာပေဘဲ ကိုယ်တော်။

**တပည့်တော်**။ ။သရိုင်သွားရတဲ့ကိစ္စမှာ တပည့်တော့်အတွက် မေတ္တာ ကရုဏာ အလွန်များစရာတွေကိုသာ တွေ့ရပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်အချိန် ဝက်လက်ပြန်ဘို့ စီစဥ်သလဲ။

**တပည့်တော်**။ ။နေ့ ( ၁ )နာရီလောက် ကျောင်းကထွက်ပြီး စရပ်ကြီးမှာ ရောက်နေကြသော ဒွေ့မျိုး ဒကာ-ဒကာမများကို(နှုတ်ဆက်တဲ့အနေနဲ့) သံဃာအားလုံး စရပ်ကြီးပေါ်တက်ပြီး အရပ်ဆယ်မျက်နှာကို မေတ္တာပို့

ကြပါတယ်၊ တပည့်တော်လဲ ဩဝါဒစကား နဲ့နဲ့ပြောပြီး အားလုံးသံဃာများ ရွာထဲကဖြတ်၍ ညောင်ပင်တွင်းသို့ သွားကြပါတယ်၊ အချို့ဒကာ-ဒကာမများလဲ စရပ်ကြီးကဆင်းပြီး ရွာတွင်းလိုက်လာကြ, အချို့လဲ ရွာအနောက်ဘက် အတော်ဝေးအောင် လိုက်လာကြပါတယ်၊ အနည်းငယ် ဒကာများကတော့ ညောင်ပင်တွင်းထိအောင် လိုက်လာကြပါတယ်။

**ဓမ္မဂုတ်**။ ။ညောင်ပင်တွင်းရောက်တော့ ဘာများ လုပ်ကြရတုန်း။

**တပည့်တော်**။ ။ထုံးစံအတိုင်း သံဃာတော်များက ပရိတ်ရွတ်, တပည့်တော်က ဩဝါဒပေးတာပါဘဲ, ဒကာ-ဒကာမများက ရှာလပတ်ရည်ကပ်ပြီး အင်းဆိပ်မှာဆိုက်ထားတဲ့ လှေများပေါ်သို့ အားလုံးရောက်တဲ့အခါ လှေထွက်တော့(ဓမ္မစကြာ) ရွတ်ကြပါတယ်၊ နေကလဲ မပူ-မအေးဖြစ်လို့ လေကလေးညှင်းညှင်းနဲ့ အလွန် ကြည်နူးဘွယ်ကောင်းပါတယ်-ဘုရား။

**ဓမ္မဂုတ်**။ ။လှေကဆင်းတော့ ဝက်လက် ဘယ်လိုသွားကြသလဲ။

**တပည့်တော်**။ ။သံဃာများကခြေလျင်, တပည့်တော်အတွက်တော့ လင့်ရိုဗာကားရောက်လာပါတယ်, အလာတုန်းကလိုဘဲ ကျောင်းတိုက် သုံးတိုက်မှာ မျှပြီး ညအိပ်ဘို့ စီစဉ်ကြပါတယ်၊(မြောင်းမြဆရာတော်ကြီးက သရိုင်မှာ ကျိန်းပြီး နံနက်မှ လိုက်လာပါတယ်၊ ထိုညဥ္စ ဆရာတော်ကြီးကလဲ စရပ်ပေါ်မှာ သာသနာရေးတရားတော်ကို အတော်ကြာကြာ ဟောတော်မူပါသတဲ့။)

**ဓမ္မဂုတ်**။ ။ညကျတော့ ဘာလုပ်ရသေးတုန်း။

**တပည့်တော်**။ ။ပရိသတ်များ ရောက်လာတဲ့အခါ ဘုရားကြီးကျောင်းတိုက်အတွင်း၌ရှိသော ဓမ္မာရုံကြီးမှာ သံဃာတော်များ ရတနာ့သုတ်ရွတ်ယင်းအနက်ပေးပြီး, တပည့်တော်က တရားအဓိပ္ပါယ်ကို ပြောပြပါတယ်၊ (ရတနာ့သုတ် ဖြစ်ပေါ်လာရတဲ့အကြောင်းကိုလဲပြောပါတယ်၊)ဓမ္မရတနာအခဏ်း ရောက်တဲ့အခါ နိဗ္ဗာန်အကြောင်းကို အတော်များများပြောလိုက်ပါတယ်။

**ဓမ္မဂုတ်**။ ။ပရိသတ် အတော်များသလား။

**တပည့်တော်။** ။မွှေးရုံကြီး ပြည့်တဲ့အပြင် အခြားနေရာမှာ ထိုင်တဲ့လူလဲ မနဲဘူးလို့ ပြောကြပါတယ်၊ ဒါပေမဲ့ သရိုင်တုန်းကလောက် မများပါဘူး။

**ဓမ္မဂုတ်။** ။နောက်ရက်တော့ ဘာလုပ်ရသေးတုန်း။

**တပည့်တော်။** ။နံနက် ယာဂု နေ့ဆွမ်းကပ်ပြီးလို့ သံဃာအများ ရေချိုးကြ ခေတ္တအိပ်ကြပြီးနောက် ပြန်တို့ ကားကြီးတွေ လင့်ရိုဗာကား ၂ စီးပါ ရောက်လာလို့ နေ့တနင်္ဂနွေလောက်မှာ ပြန်ခဲ့ကြပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အပြန်တော့ လမ်းမှာ ဘာလုပ်ရသေးတုန်း။

**တပည့်တော်။** ။အထူးတော့ ဘာမှ မလုပ်ရပါဘူး၊ ရွာသာကြီးက ရှလပက်ရည် ကပ်ပြီး ပေါင်းမရွာရောက်တော့ ကြံရည် ကပ်ကြပါတယ်၊ နေရာတိုင်းမှာ ပရိတ်လဲ ရွတ်ကြပါတယ်၊ ပေါင်းမရွာက တပည့်တော်တို့ရဲ့ ကားကို မသိလိုက်ကြလို့ တပည့်တော် မဝင်ခဲ့ရပါဘူး၊ ဒါ့ကြောင့် ရွာသာကြီး ကျောင်းထဲမှာ တပည့်တော် ဩဝါဒပေးပြီး ပေါင်းမရွာ ရောက်တော့ စာချတုန်းကြီး ဦးကုဏ္ဍလက (တပည့်တော် မြင်တော်ရွာ တုန်းက ပေးတဲ့ ဩဝါဒကို) ပြောခဲ့ပါသတဲ့။

**ဓမ္မဂုတ်။** ။ဘယ်လိုဩဝါဒတုန်း ကိုယ်တော်။

**တပည့်တော်။** ။ဩဝါဒကတော့ "အမှောင်က အမှောင်သွားမဲ့သူ၊ အမှောင်က အလင်းသွားမဲ့သူ၊ အလင်းက အမှောင်သွားမဲ့သူ၊ အလင်းက အလင်းသွားမဲ့သူ" လို့ လူလေးမျိုးရှိကြောင်း အလင်းသွားဖြစ်အောင် ကြိုးစားကြဘို့ အကြောင်းပါဘဲဘုရား။

**ဓမ္မဂုတ်။** ။ကျောင်းတိုက်ပြန်ရောက်တော့ အားလုံး အချိန်ကောင်းရဲ့လား။

**တပည့်တော်။** ။မြောင်းမြဆရာတော်ကြီးက နောက်တရက် မုံရွာကြွစရာရှိလို့ မန္တလေး တောက်လျှောက်ကြွပါဘယ်၊ တပည့်တော်လဲ မြင်မြင်ထင်ထင် ရောက်ပါရဲ့၊ သံဃာများကတော့ နဲနဲမှောင်မှ ရောက်လာကြပါတယ်။

**ဓမ္မဂုတ်။** ။သရိုင်သွားရတဲ့ကိစ္စကတော့ အားလုံး ကြေနပ်စရာပါဘဲ၊ ကျောင်းတိုက်ပြန်ရောက်တော့ ဘာများထူးသေးတုန်း။

**တပည့်တော်။** ။ဘာမှ မထူးပါဘူး၊ ဒါပေမဲ့ တပည့်တော်ကို သရိုင် တနယ်လုံးက လေးစားကြပုံ၊ ကျောင်းတိုက်တွင်းမှာ ကျောင်းသစ်တွေကလဲ

အများအပြားတိုးနေပုံ, ကြည်ညိုတဲ့ ဒကာ- ဒကာမ အတော်များများ ကလဲ လာ၍ မကြာမကြာ သံဃာကုန် ဆွမ်းကပ်ကြပုံ အလုံးစုံကိုရင်း နေထိုင်ကြတဲ့ သံဃာအများက သူတော်ကောင်းဖြစ်ဘို့ထက် စာမေး( အောင်ဘို့ကို ဂရုစိုက်နေကြပုံ, စာမေးပွဲအောင်လိုသော စိတ်ထားကလ အများအားဖြင့် လာဘ်လိုချင်စိတ် ဂုဏ်လိုချင်စိတ်က ဦးစီးနေပုံ, ထိုစိတ် မျိုးဖြင့် စာသင်-စာချခြင်းကို ဗုဒ္ဓမြတ်စွာက ( မြွေဖမ်းခြင်းနှင့်တူသော စာသင်နည်း )လို့ ကဲ့ရဲ့တော်မူပုံ, ဝါတွင်း တော်သလင်းလပြည့်ကျော် ၉ ရက်ည ၇ နာရီလောက်က တချို့ သံဃာများ ဆူကြပုံ, ထိုဆူခြင်းရဲ့ အကြောင်းက ကာမတဏှာနဲ့ ဆက်သွယ်နေပုံ, အရပ်ရပ် ကျောင်းတိုက် တွေမှာလဲ ဝိနည်းသိက္ခာလေးစားပုံက အလွန်အလွန်နည်းပါးပုံ, သာသနာ တော်ကလဲ "ဝိနယော ဠိတေ သာသနံ ဠိတံ"နှင့်အညီ....

လဇ္ဇီသူတော်ကောင်းသန္တာန်၌ ဝိနည်းတည်မှ သာသနာ ကြာရှည် တည်နိုင်ပုံ, သာသနာတော်၌ ဝိနည်းကျင့်ခြင်း ဟူသော အရည်အခြင်း ဆုတ်ယုတ်ရုံသာမက အရေအတွက်ပါဆုတ်ယုတ်လာသဖြင့် အချို့ကျေးရွာ ကျောင်းများ၌ ကျောင်းထိုင်ပုဂ္ဂိုလ်ပင် မရှိရုံသာမက ရှိသမျှ တချို့၌ ကြီးမှ ရဟန်းပြုသော တောထွက်အများ ပါနေပုံ, ဤသို့ ဆုတ်ယုတ်နေရုံ တွင်မက ရှိသမျှ ရဟန်းသံဃာများကိုလဲ ဗုဒ္ဓဘာသာဝင်ဆိုတဲ့ လူအတော် များများကပင် ဂရုစိုက်မှု နဲပါးလာပုံ, ရှိသမျှ ဘုန်းကြီးအချို့လည်း သာသနာ့အလုပ်ဖြစ်တဲ့ ပရိယတ် ပဋိပတ်အလုပ်ကို မလုပ်ဘဲ အမျိုးမျိုး အလုပ်တွေကို လုပ်နေကြပုံ, ယခုလောက် မဆုတ်ယုတ်သေးသော အချိန် ကပင် ပြန်လွန်တော်မူကြသော ရဟန်း-ဘုန်းကြီး (ဆရာတော်အခေါ်ခံ) များပင် ဂတိကောင်းမရောက်ကြဘဲ တစ္ဆေ-ပြိတ္တာဖြစ်နေကြပုံ, လူ့ဘဝ ရသော်လဲ အောက်တန်းမှာဖြစ်နေကြပုံ, ဤ အလုံးစုံကို မကြာမကြာလဲ တွေးမိ, ကျောင်းတိုက်ဝယ် နံနက်စောစော ဩဝါဒပေးရာ၌ မကြာ မကြာ ထည့်၍ထည့်၍ ပြောမိ, ရောက်လာသူတချို့အားလဲ မကြာမကြာ ပြောမိပါသည်။

ထို့ကြောင့် တပည့်တော်ကျောင်းတိုက်ရှိ ရဟန်း သာမဏေများကို ယခု လက်ရှိမှုမှ အတော်များများပြောင်းပြီး ဝိနည်း သိက္ခာ (ရှေးမထေရ် များ ဩဝါဒအတိုင်း)လေးစားသောသံဃာများသာဖြစ်အောင်ကြိုးစား မည်ဟု စိတ်ကိုလဲဆုံးဖြတ်, လက်ရှိသံဃာ သုံးရာလောက်နဲ့ စာချဘုန်းကြီး များကိုလဲ ပြောပြပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။ကိုယ်တော့်စိတ်ကူးအတိုင်း ဖြစ်နိုင်ယင်တော့ အတိုင်းထက်အလွန် တံခွန်နဲ့ ဘုရားဆိုသလို တိုင်းသူပြည်သားရော အစိုးရရော သူတော်ကောင်း သံဃာများရော အားလုံး ဝမ်းမြောက်စရာ ဖြစ်မှာပါဘဲ ကိုယ်တော်၊ ဒါပေမဲ့ ဝိနည်း စာရိတ္တပျက်တာ အတော်ကြာပြီ ဖြစ်လို့ ကိုယ်တော့် သဘောကျ မူပြောင်းဘို့တော့ အတော်ခဲယဉ်းမယ် ထင်တယ်။

**တပည့်တော်**။ ။ ခက်မယ်ဆိုတာလဲ စဉ်းစားမိပါတယ်၊ ဒါပေမဲ့ အများ မိုးဃ်းခါးရေ သောက်သလိုတော့ တပည့်တော် မသောက်နိုင်တော့ဘူး၊ သာသနာအရှည်တည်ဘို့တွေးပြီး စာသင်သားတွေကို နံနက်ဆွမ်းကျွေး၍ ပင်ပင်ပန်းပန်း စာရေး- စာချနေတာ ဖြစ်ပါတယ်၊ သာသနာ ကာရှည် တည်ရေးကို မတွေးဘဲ မိမိ ကုသိုလ်ရရုံသက်သက်ဆိုယင် လိုလားတဲ့သံဃာ တော်များကို တရားပေးပြီး တရားအားထုတ်တဲ့ ကျောင်းတိုက်ဖြစ်အောင် ရင်းနှီးသော ဒကာ-ဒကာမများလဲ ရံဖန်ရံခါ တရားအားထုတ်နိုင်အောင် ပဋိပတ်ကို ဦးစားပေးတဲ့ ကျောင်းတိုက်ဘက်သို့ ဦးလှည့်လိုက်ရုံဖြင့် ကိစ္စ ပြီးနိုင်ပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။ကိုယ်တော်ပြောင်းမဲ့မူကို တပည့်တော် မသိရဘူးလား၊ သိနိုင်ယင် ပြောပြစမ်းပါ။

**တပည့်တော်**။ ။ “အလုပ်မပြီးခင် ဗမာမမြင်ရဘူး” ဆိုတဲ့ ရှေးစကားအတိုင်း တပည့်တော်အလုပ်က အကောင်အထည်မပေါ်ခင် အများ အသိပေးယင် စိတ်ကူးယဉ်တာပါကွာ, မဖြစ်နိုင်ပါဘူးလို့ ပြောကြမှာပေါ့၊ ယခုကစ၍ မူပြောင်းနေပါတယ်၊ အကောင်အထည်ပေါ်လာတဲ့အခါ အရှင်ဘုရားလဲ မြင်ရပါလိမ့်မယ်။

**ခမ္မဂုတ်**။ ။ကိုယ်တော့်ကျောင်းတိုက်က စာသင်တိုက်အဖြစ်နဲ့ တောင် တိတ် ဆိတ်နေတာဖြစ်တော့ ပဋိပတ်ကျောင်းတိုက်လုပ်ယင် သိပ် အဆင်ပြေ မှာဘဲ။

**တပည့်တော်**။ ။အဆင်ပြေမယ်ဆိုတာ တပည့်တော်လဲ သိပါတယ်၊ ကျောင်း တိုက်ရှိ ကျောင်းဆောင်များကိုလဲ တိတ်ဆိတ်နေအောင်နဲ့ သာယာ သန့်ရှင်းအောင် အမြဲ ညှန်ပြပြီး တချို့ ဟောင်းလာတဲ့ကျောင်းများကို ဒကာမရှိယင် တပည့်တော်တာဝန်ယူ၍ပြင်ဆင်ကာ အသစ်လို ပြန်၍ဖြစ်စေ ပါတယ်၊ ဒီလို သာယာနေတဲ့ ကျောင်းတိုက်တရပ်လုံးကို ပန်းဥယျာဉ်ကြီး

လို သဘောထားပြီး "ဤကျောင်းတိုက်သာသနာတော်ဖြင့် ဗုဒ္ဓမြတ်စွာကို ပူဇော်ပါ၏" ဟု နှုတ်မြွက်၍ နံနက်တိုင်း-ညတိုင်း ဘုရားကို ပူဇော်နေပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဒါလောက်ပြုပြင်နိုင်အောင်တော့ ကိုယ်တော့်မှာ အပ်အပ်စပ်စပ် ဝတ္ထုငွေ ဘယ်ကရသလဲ, ကျမ်းစာအုပ်တွေက ရသလား။

**တပည့်တော်။** ။ကျောင်းတွေပြင်တဲ့ ကျမ်းစာအုပ်တွေက များများမရပါဘူး၊ ရှေ့ပိုင်းမှာ ကျမ်းစာအုပ်များကို တာဝန်ခံရိုက်နှိပ်တဲ့ အမလေးဆိုသူက ကျောင်းသံဃာများအတွက် ဆွမ်းကိစ္စကို တာဝန်ယူပြီး, ပိုတာကို စေတီတော်လဲ ပြုပြင်ရ မွမ်းမံရပါတယ်၊ စေတီတော်အထက်ပိုင်းမှာ ရွှေသင်္ကန်းလဲ ကပ်ရပါတယ်၊ တချို့ ကျောင်းကိုလဲ ပြုပြင်ရပါတယ်။

**ဓမ္မဂုတ်။** ။နောက်ပိုင်းကျတော့ ဘာဖြစ်သလဲ။

**တပည့်တော်။** ။ အမလေးကွယ်လွန်တော့ ကံအားလျော်စွာ မြေစာရင်း အင်စပက်တော် ပင်ရှင်စား ဒကာကြီးက သံဃိကနဲ့ တပည့်တော်ရဲ့ ပုဂ္ဂလိက (ငွေ) များကို ဝိနည်းတော်နဲ့လျော်အောင် ထိန်းပြီး ပြင်စရာရှိတာကိုပြင်ရပါတယ်၊ ကျမ်းစာအုပ်များကို အမလေးရဲ့မောင်နဲ့ တပည့်တော်ရဲ့တူ မောင်အောင်ခန့်က တာဝန်ယူပြီး ဆွမ်းဟင်းအတွက် လစဉ်ထောက်ပံ့ကြပါတယ်၊ ဒါပေမဲ့ အထက်တန်းကျတဲ့ အဋ္ဌကထာနဲ့ ဘာသာဋီကာနိဿယများကို ရိုက်နှိပ်တဲ့အခါ ထိုစာအုပ်များ၌ ငွေတွေများစွာ ဝင်သွားလေတော့ တခါတခါ စာအုပ်ဆိုင်ရာငွေတွေ ကုန်သွားပါတယ်၊ ကုန်သွားပေမဲ့ ဆွမ်းဟင်းအတွက်နဲ့ စရပ်ဝင်းပြင်စရာများအတွက်တော့ ဖြစ်တဲ့နည်းနဲ့ ချေးယူပြီး ပြုလုပ်ကြရပါတယ်၊ (ဒကာကြီး ဦးကျော်ဝင်းထံမှ ချေးယူ၍ စာအုပ်ဆိုင်ရာငွေရသောအခါ ဆပ်ကြရပါတယ်။ )

**ဓမ္မဂုတ်။** ။ကိုယ်တော့်ပုဂ္ဂလိက ( နဝကမ္မ ) ဆိုတာကော တော်တော်များသလား။

**တပည့်တော်။** ။သိပ်တော့ မများပါဘူး, သို့သော် နဲလဲမနဲဘူးလို့ဆိုရမှာဘဲ။

**ဓမ္မဂုတ်။** ။ဘယ်က မှန်မှန်ရသလဲ။

**တပည့်တော်။** ။ရန်ကုန်မြို့မှ ဒကာကြီး ဦးမောင်ကြီးက ဒုတိယကမ္ဘာစစ် မဖြစ်မီ စကော့တလန်ရေနံကုမ္ပဏီမှာ ရှယ်ယာ (အစု) ဝင်ထားပါတယ်၊

ပဌမတော့ ရှယ်ယာများဟန်မတူပါဘူး၊ စစ်ဖြစ်တဲ့အခါကျတော့ အမြတ်တွေကို မပို့နိုင်လို့ ကုမ္ပဏီက ရှယ်ယာအဖြစ်ဖြင့် စုထားပါသတဲ့၊ ဒီတော့ စစ်ပြီးတဲ့အခါ ဦးမောင်ကြီးရဲ့ရှယ်ယာတွေ အတော်များနေပါတယ်၊ ဦးမောင်ကြီးက ထိုရှယ်ယာမှ နှစ်စဉ်ရတဲ့အမြတ်ငွေကို ရှစ်ပုံခွဲပြီး နှစ်ပုံကို မန္တလေးပရိယတ္တိအသင်း, တပုံကို ရန်ကုန် ဝိုင်အမ်ဘီအေ (ဗုဒ္ဓဘာသာ ကလျာဏယုဝ)အသင်း လှူပါတယ်၊ ကျန်ငါးပုံကိုတော့ မြန်မာနိုင်ငံမှာ ပရိယတ္တိဘက်က အားထုတ်နေကြတဲ့ ဆရာတော်ကြီးငါးပါး၏ နဝကမ္မ (လုပ်စရာအလုပ်)အား လှူခဲ့ပါတယ်၊ တနှစ်တနှစ်မှာ တပုံလျှင် ၃ထောင်ကျော် တန်ပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ ဦးမောင်ကြီးရဲ့ (နဝကမ္မ) ပင် ကိုယ်တော့်မှာ တနှစ်တနှစ် သုံးထောင်ကျော်တန် ရတာပေါ့နော်၊ အခြားနေရာကကော မရဘူးလား။

**တပည့်တော်**။ ။အခြားကလဲ ရပါတယ်, တချို့က သံဃိကအဖြစ်ဖြင့် လှူကြပါတယ်၊ တချို့ကတော့ တပည့်တော် အလိုရှိရာလို့ဆိုပြီး ပုဂ္ဂလိကလှူကြပါတယ်၊ ဒါ့ကြောင့် တနှစ်တနှစ်မှာ တပည့်တော်ပုဂ္ဂလိက(ငွေ)အတော်များနေပါတယ်။

**ဓမ္မဂုတ်**။ ။ဒါတွေကို ကိုယ်တော်ရဲ့ကပ္ပိယ ဒကာကြီးက စုထားတာဘဲလား။

**တပည့်တော်**။ ။ကြာကြာ မစုရပါဘူး, တချို့ပုဂ္ဂလိကကို စာသင်သားများအတွက် စာမေးပွဲသွားတဲ့အခါ သုံးပါတယ်၊ တပည့်တော်ရဲ့အတွက်ကတော့ အဂ္ဂမဟာပဏ္ဍိတအဖြစ် ရတဲ့ (နဝကမ္မ)မှ စားသောက်ဘိုသုံးပါတယ်၊ ကျန်သမျှကိုတော့ ကျောင်းတိုက်မှာ ပြုပြင်စရာရှိတာကို ပြုပြင်ပါတယ်။

**ဓမ္မဂုတ်**။ ။ဦးမောင်ကြီး(နဝကမ္မ)ကို ရန်ကုန်မှာလှူတော့ ကိုယ်တော်သွားရသေးသလား။

**တပည့်တော်**။ ။နှစ်စဉ်တော့ မသွားပါဘူး၊ ကပ္ပိယညွှန်လျှင် ပြီးတာပါဘဲ၊ ဒါပေမဲ့ မသွားတာကြာယင် ဂေါပကလူကြီးများက လာစေချင်ကြတဲ့ဆန္ဒကြောင့် သွားရပါသေးတယ်၊ ယခု တပည့်တော်အသက် (၇၄) နှစ်မှာတော့ မသွားယင် မကောင်းလို့ သွားရပါတယ်။

ဓမ္မဂုတ်။ ။သွားတဲ့အတွက်တော့ အကျိုးရှိမှာပေါ့နော်၊ ရန်ကုန်သွားပုံ ပြ ပုံနဲ့ ဆောင်ရွက်ခဲ့ပုံကို ပြောစမ်းပါကိုယ်တော်။

တပည့်တော်။ ။တပည့်တော်မှာ အဂ္ဂမဟာပဏ္ဍိတအတွက် ရထား-သင်္ဘော စီးဖို့ အခမဲ့ အထက်တန်းလက်မှတ်ရှိပါတယ်၊ ဒါပေမဲ့ ဒီအချိန်မှာ ရထား တွေက ကြပ်လွန်းလို့ အထက်တန်းတွဲတွေမှာ စည်းကမ်းအလွန်နဲ့နေ တယ်၊ ဒါ့ကြောင့် ညအိပ်ခရီးအတွက် ရထားစီးဖို့ခက်သဖြင့် တပည့်တေ နဲ့တကွ ဒကာကြီးပါ လေယာဉ်ပျံဖြင့် သွားကြရပါတယ်။

ဓမ္မဂုတ်။ ။လေယာဉ်ပျံနဲ့ဆိုတော့ ချမ်းသာရဲ့လား။

တပည့်တော်။ ။ထူးတော့ မချမ်းသာပါဘူး, ဒါပေမဲ့ သူ့နေရာနဲ့သူဆိုတေ ကူနွေ့ရရ စီးနိုင်တာပေါ့။

ဓမ္မဂုတ်။ ။မီးရထားလဲ နေ့ချင်းပေါက် ရထားမှာတော့ သူ့နေရာနဲ့သ သတ်မှတ်ထားသားဘဲ။

တပည့်တော်။ ။အဲဒီရထားကိုတော့ အခမဲ့လက်မှတ်ဖြင့် စီးခွင့်မရပါဘူး။

ဓမ္မဂုတ်။ ။ဒါ့ကြောင့် လေယာဉ်ပျံနဲ့ မြန်မြန်ရောက်အောင် သွားတယ်ဆိုပ တော့၊ ရန်ကုန်ရောက်တော့ အားလုံး အဆင်ပြေရဲ့လား။

တပည့်တော်။ ။အားလုံး အဆင်ပြေပါတယ်, ဒကာ-ဒကာမများက တပည့် တော်ရဲ့ ကျောင်းတိုက်ကို ရောက်ဘူးကြတာဖြစ်တော့ တပည့်တော်ရဲ အကြောင်းကို အတော်များများသိထားကြလို့ သိပ်ဂရုစိုက်ကြပါတယ်၊

ဓမ္မဂုတ်။ ။တဲတော့ ဘယ်မှာတဲသလဲ။

တပည့်တော်။ ။ကျေးဇူးရှင်မြောင်းမြဆရာတော်က ထိုအချိန်မှာ မြောင်းမြ သီတင်းသုံးနေလို့ ဆရာတော်ရဲ့ကျောင်းတိုက်မှာ မတဲဘဲ, ဗဟန်း မဟာ ဝိသုဒ္ဓါရုံတိုက်မှာတဲဘို့ ထိုတိုက်ရဲ့ ဆရာတော်ဖြစ်တဲ့ ဦးဝါသဝါဘိဝံသ က လျှောက်လို့ ဒကာ ထိန်ဝင်းနဲ့ ဒကာ အောင်သိန်းတို့က စီစဉ်ထား ကြပါတယ်။

ဓမ္မဂုတ်။ ။သာသနာရေးဆိုင်ရာအလုပ်တော့ ဘာများလုပ်ရတုန်း။

**တပည့်တော်**။ ။တရားတော့ မဟောပါဘူး၊ မိမိထက်အသက်ကြီးတဲ့ ဒကာ-ဒကာမကြီးများအိမ်ကိုသာ သွားမယ်၊ အခြားအိမ် မသွားဘူးလို့ ပြောထားပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် သြဝါဒပေးရုံကလေး ခဏကြွပါဆိုလို့ ဟိုအိမ် – ဒီအိမ်သွားယင်း သြဝါဒပေးရ၊ တချို့နေရာမှာလဲ တရားဟောရပါတယ်၊ ဝိုင်အမ်ဘီအေကတော့ တပည့်တော် တရားဟောလိမ့်မယ်လို့ ကြေငြာထားလို့ ဦးမောင်ကြီး ( နဝကမ္မ ) အလှူနေ့ရဲ့ ညမှာ သာသနာပြုပြင်ရေးတရားကို တနာရီခွဲလောက် ဟောခဲ့ပါတယ်။

**ဓမ္မဂုတ်**။ ။ပရိသတ် တော်တော်လာကြရဲ့လား။

**တပည့်တော်**။ ။ အသင်းတိုက် အတွင်း-အပြင် ပြည့်နေအောင် လာကြပါသတဲ့၊ သံဃာများလဲ အတော်လာကြပါတယ်၊ နောက်တရက် ညနေလဲ ဘာသာရေးနဲ့စပ်ပြီး " မရှင်းလင်းတဲ့ အချက်များကို မေးနိုင်ပါတယ် " လို့ ဒကာဦးစိန်ဝင်းက ကြေငြာထားသဖြင့် ဗုဒ္ဓဘာသာဝင် မဟုတ်သူရော၊ ဟုတ်သူရော တော်တော်များများ လာကြ-မေးကြပါတယ်။

**ဓမ္မဂုတ်**။ ။အပြန်မှာကော အားလုံး အဆင်ပြေရဲ့လား။

**တပည့်တော်**။ ။အပြန်ခရီးကလဲ မှတ်သားစရာပါဘဲ၊ တပည့်တော်မှာ ရန်ကုန်ရောက်ယင် ပြန်တန်ဆာကိုဝင်တို့ တာဝန်ရှိနေပါတယ်၊ လူကြီးလက်ထက်ကပြီး ရင်းနှီးလာကြတဲ့ သားသမီး၊ တူမများက ဆွေမျိုးလို ဖြစ်နေကြလို့ မဝင်ယင် တာဝန်မကြေပါဘူး၊ သူတို့ကလဲ အတော်ကြီးကြပြီဖြစ်၍ တပည့်တော်ဆီကို မလာနိုင်ကြပါဘူး၊ ဒါ့ကြောင့် အပြန်မှာ ရထားနဲ့ ဖြစ်သလိုပြန်ပြီး ပြန်တန်ဆာကိုဝင်မယ်၊ ပြန်တန်ဆာဝင်ယင် တောင်ငူမှာလဲ ဆရာတော်များရော-တပည့်ဒကာ-ဒကာမများပါ ရင်းနှီးသူတွေများတော့ ဝင်ရလိမ့်မယ်ဆိုတာကို ရန်ကုန်က ဒကာတော်တော်များများက သိကြပါတယ်။

**ဓမ္မဂုတ်**။ ။သိကြတော့ ဘယ်လို စီစဉ်ကြသလဲ။

**တပည့်တော်**။ ။ရထားနဲ့ပြန်ယင် ပင်ပန်းပါလိမ့်မယ်၊ ဒါကြောင့် ပြန်တန်ဆာနဲ့ တောင်ငူကို သူတို့ကားနဲ့ လိုက်ပို့ပါမယ်၊ အလိုရှိသလောက်နေပြီးမှ ရန်ကုန်ပြန်ပြီး ရန်ကုန်ကမှ လေယာဉ်ပျံနဲ့ မန္တလေးပြန်ပါလို့ လျှောက်ကြပါတယ်။

**မမွှဂုတ်။** ။အင်း....တယ်တာဝန်ကြေကြတဲ့ ဒကာတွေပါလား၊ ကိုယ်တော်က ငဲ့ညှာတယ်ဆိုတာလဲ ငဲ့ညှာလောက်ပါပေတယ်၊ ဒီလိုစီစဉ်လို့ အပြန်ခရီးမှာ အားလုံး အဆင်ပြေရောပေါ့နော်။

**တပည့်တော်။** ။ဒကာများက ဒီလိုအစီအစဉ်ကို လျှောက်ကြတော့ တပည့်တော်က ပြောရပါတယ်, ဒီအစီအစဉ်ဟာ ဘုန်းကြီးရဲ့ ချမ်းသာမှုအတွက်သာ ကြည့်ယင်တော့ အားလုံးကောင်းပါတယ်၊ ဒါပေမဲ့ ယခုအခါ ကားပစ္စည်းကလဲ အတော်ရှားတယ်, ဓာတ်ဆီကလဲ ဈေးအလွန်ကြီးပြီး ခက်ခဲနေပါတယ်, ဘုန်းကြီးချမ်းသာမှုအတွက် ဒီလောက် အကုန်အကျ မခံစေလိုပါဘူး၊ ဒါ့ကြောင့် မီးရထားနဲ့ဘဲ ဖြစ်သလိုပြန်ပါ့မယ်လို့ ပြောရပါတယ်။

**မမွှဂုတ်။** ။ဒီလိုဆိုတော့ ဒကာများက ကျေနပ်ကြရဲ့လား။

**တပည့်တော်။** ။သူတို့မှာ အကုန်အကျများမှာစိုးလို့ တပည့်တော် အဆင်းရဲခံမယ်ဆိုတာကို ဒကာများက ဘယ်နည်းနဲ့မှ လက်မခံကြပါဘူး, အကုန်အကျ မများအောင် အစိုးရဆီက ကားကြီးကိုငှါးပြီး အများလိုက်ကြပါ့မယ်လို့ တမျိုးပြင်ကြပါသေးတယ်၊ တပည့်တော်မှာလဲ အကုန်အကျထက် အရေးကြီးတဲ့အကြောင်း ရှိပါသေးတယ်။

**မမွှဂုတ်။** ။ဘာအကြောင်းလဲ ကိုယ်တော်။

**တပည့်တော်။** ။ယခုခေတ်မှာ ဒကာ–ဒကာမ အသိုင်းအဝိုင်းပြုပြီး လူပြိန်းတွေ အထင်ကြီးအောင် ဟန်ဆောင်နေတဲ့ပုဂ္ဂိုလ်တွေ အတော်များနေပါတယ်, သူတို့ရောက်တဲ့နေရာမှာ အကြိုအဆိုတွေ မများ–များအောင် ကိုယ်တိုင်ရော, အတွင်း ဒကာ–ဒကာမများရော အလွန် ကြိုးစားကြပါတယ်၊ ထိုအသိုင်းအဝိုင်း ကြီးကျယ်မှုကြောင့် ပညာနဲ့သော လူတစုကလဲ ရောယောင်လိုက်လာကြပါတယ်၊ တပည့်တော်ကိုယ်တိုင် အဲဒီလိုပုဂ္ဂိုလ်မျိုးဖြစ်သွားယင်, နောင်လာနောက်သား တချို့က တပည့်တော်အလုပ်ကို အတုလိုက်ပြီး ဒီလိုဘဲ အသိုင်းအဝိုင်းများအောင် လုပ်ရစ်ကြပါလိမ့်မယ်၊ အဲဒီ နောင်လာနောက်သားတို့ အတုလိုက် မှားမှာစိုးတာကြောင့် ယခုလို ခမ်းခမ်းနားနားစီစဉ်မှုကို မလိုက်လျောနိုင်တဲ့အကြောင်း ပြောရပါတယ်။

**မမွှဂုတ်။** ။ဒီလိုပြောတော့ ဒကာများက ကျေနပ်ကြရဲ့လား။

**တပည့်တော်။** ။"နောင်လာနောက်သားတွေ အတုလိုက် မှားမှာစိုးလို့" ဆိုတဲ့ အကြောင်းပြကို သူတို့စဉ်းစားပြီးတော့ တပည့်တော်ရဲ့ သာသနာပြုလိုတဲ့ဆန္ဒကို လိုက်လျောတဲ့သဘောနဲ့ သူတို့အကြံကို လျှော့လိုက်ကြပါတယ်၊ ဒါပေမဲ့ ဆရာတော်ဆင်းရဲလိမ့်မယ်လို့ လျှောက်ကြပါသေးတယ်။

**မွှဂုတ်။** ။ကိုယ်တော်က ဘယ်လိုပြန်ပြောသလဲ။

**တပည့်တော်။** ။ကိုယ်ခန္ဓာတော့ ဆင်းရဲမှာပါဘဲ့ ဒါပေမဲ့ စိတ်မဆင်းရဲပါဘူး၊ "လူအများ ခံစားရတဲ့ဆင်းရဲကို ကိုယ်လဲ ခံစားရမှ ဗဟုသုတရပါတယ်" လို့ ပြောတော့ အားလုံးဘဲ ကျေကျေနပ်နပ် လိုက်လျောကြပါတယ်။

**မွှဂုတ်။** ။မီးရထားနဲ့ပြန်လာတော့ ဘယ်လိုဆင်းရဲသလဲ။

**တပည့်တော်။** ။အဲဒီအချိန်မှာ မီးရထား အထွက်–အဝင်က အချိန်မမှန်တော့ ရန်ကုန်ဘူတာကြီးမှာ (၄) နာရီလောက် စောင့်ရပါတယ်၊ ထိုင်စရာလဲ တော်သလိုပါဘဲ၊ ရထားပေါ်ရောက်တော့ အထက်တန်းတွဲ ၂ ယောက်အိပ်တဲ့အခန်းဖြစ်လို့ ဒကာကြီးနဲ့ တပည့်တော်သာ ရှိပါတယ် ဒါပေမဲ့ အတော် ဘူတာများများ ဆိုက်ပြီးတဲ့အခါ အခန်းအပြင်ဘက်မှာ လူအများ ရောက်နေကြလို့ သူတို့က အတွင်းဝင်ဘို့ရန် မကြာမကြာ တံခါးတွန်းကြည့်ကြပါတယ်၊ တပည့်တော်တို့ကလဲ အတွင်းက ကလန့်(ဂျက်)ချပြီး ငြိမ်ငြိမ်ဘဲ နေခဲ့ကြပါတယ်၊ ပြွန်တန်ဆာရောက်တော့ (၀) နာရီလောက် ဖြစ်လို့ အတော် မှောင်နေပါပြီ။

**မွှဂုတ်။** ။ပြွန်တန်ဆာမှာ ဘယ်လောက်ကြာကြာ နေသလဲ။

**တပည့်တော်။** ။မကြာပါဘူး, အားလုံးက တားကြပေမဲ့ အလုပ်မရှိဘဲနေလို့ မဖြစ်ဘူးဟု ပြောပြီး နောက်တရက် နေ့ဆွမ်းအပြီးမှာ တောင်ငူသို့ ခရီးဆက်ခဲ့ကြပါတယ်။

**မွှဂုတ်။** ။တောင်ငူခရီးတော့ ဘယ်လို စီးရတုန်း။

**တပည့်တော်။** ။ တောင်ငူသို့ အချိန်ကောင်းကောင်း ရောက်ဘို့ ရထားက လော်ကယ်တစင်းသာ ရှိပါတယ်၊ ထိုရထားမှာလဲ အများအားဖြင့် အထက်တန်းတွဲ မပါတတ်ပါဘူး၊ ဒါ့ကြောင့် ကားနဲ့ပို့ဘို့ စိတ်ကူးကြပါ

သေးတယ်၊ သို့သော် သူတို့မှာလဲ ကားမရှိ၊ အငှါးကားကလဲမရှိ ဖြစ်နေတော့ မတတ်နိုင်ကြပါ၊ ဒါ့ကြောင့် ထို လေ်ကယ်ရထားနဲ့ဘဲ ပြန်တို့စီစဉ်ရပါတော့တယ်၊ ထိုရထားကလဲ တိုးဝှေ့စီးနိုင်မှ ထိုင်ရရဲ နေရာသာ ရနိုင်ပါတယ်၊ ဒါ့ကြောင့် စာတိုက်တွဲမှာ ရုံပိုင်က ပြောပေးလို့ စီးရပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီတွဲကတော့ သန့်ရှင်းပြီး ချောင်ရဲ့လား။

**တပည့်တော်**။ ။အခြားတွဲတွေက ကြပ်လွန်းတော့ စာတိုက်တွဲပိုင်နဲ့ နားလည်မှုယူကာ နောက်နောက်ဘူတာ၌ တက်လာကြတဲ့လူတွေ အတော် များရဲ့ မက ရေနံဆီဈေးက အထက်ပိုင်းမှာ ကောင်းနေလို့ ရန်ကုန်ကပါလာတဲ့ ရေနံဆီပုံးတွေကလဲ ဟိုချောင် ဒီကြားမှာ အတော်များပါတယ်၊ ဒါ့ကြောင့် စာတိုက်ဗိုလ်ရဲ့ ကုလားထိုင်လေးပေါ်မှာ ပါတဲ့ သက်န်းကြီးကို ဖင်ခုပြီး တပည့်တော် ထိုင်ရပေမဲ့ မသက်သာလှပါဘူး၊ အတူပါလာတဲ့ ဒကာကြီးလဲ ဒေါင့်တခုမှာ တော်သလို နေရှာပါတယ်၊ ဒါပေမဲ့ ရန်ကုန်က ဒီလို ဆင်းရဲမှာစိုးလို့ ကားနဲ့ ပို့ပါရစေဆိုတာကို သာသနာရေးတွေးပြီး ငြင်းပယ်ခဲ့တာပေါ့၊ ဒီလို ကိုယ်ခန္ဓာဆင်းရဲသော်လဲ စိတ်ကတော့ လုံးလုံး မဆင်းရဲဘဲ သံသရာခရီးအတွက် အမျိုးမျိုး စဉ်းစားဉာဏ်တွေ ပေါ်ထွက်ခဲ့ပါတယ်ဘုရား၊ တပည့်တော်ကို အားကိုးသူများတော့ သံသရာမှာ ဒီလို မဆင်းရဲစေချင်ပါဘူး၊ ဒါ့ကြောင့် သူတို့ကို သီလကောင်းအောင်နေဘို့ အထူးသတိပေးနေရပါတယ်။

**ခမ္မဂုတ်**။ ။အင်း .. အဆိုးထဲက အကောင်းထွက်ဆိုတာ ဒီလိုဟာဘဲနော်၊ သီလစင်ကြယ်ဘို့ကတော့ ကိုယ်တော့်ဆိုင်ရာသာ မဟုတ်ဘူး၊ အားလုံး လိုကြတာဘဲ၊ "သီလတော သုခိတာ=သီလကြောင့် ချမ်းသာသုခ ရကြတယ်" လို့ တရားတော်က ရှိပေသကိုး၊ တောင်ငူရောက်တော့ အားလုံး အဆင်ပြေရဲ့လား။

**ဘပည့်တော်**။ ။အားလုံး အဆင်ပြေပါရဲ့ , သို့သော် ရထားပေါ်တုန်းက ရေနံဆီပုံးတွေရဲ့အနီးမှာ ထိုင်ရလို့ ရုံတဲ့သက်န်းမှာ ရေနံဆီ အကွက်တွေနဲ့ ဖင်ခုထိုင်ရတဲ့ သက်န်းကြီးမှာလဲ ရေနံဆီစော် နံနေလို့ ရုံတဲ့ သက်န်းကို တောင်ငူ မြို့ဒေါင့်ကျောင်းရောက်ရောက်ချင်း လျှော်ခိုင်းရပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။တောင်ငူမှာတော့ အားလုံး အဆင်ပြေရဲ့လား။

**တပည့်တော်။** ။ အားလုံး ပြေပါတယ်၊ ရန်ကုန်တုန်းကလိုဘဲ စားဘွယ် သောက်ဘွယ်တွေက များလွန်းနေပါတယ်၊ ကြာကြာမနေနိုင်– တညသာ အိပ်မယ်ဆိုလို့လဲ လိုတာထက်ပိုအောင် ဂရုစိုက်ကြပါတယ်။

**မမှုဂုဘ်။** ။တောင်ငူမှာ တညအိပ်ပြီး မန္တလေးပြန်တော့ ရထားအတွက် အဆင်ပြေရဲ့လား။

**တပည့်တော်။** ။ဒီရထားကတော့ မန္တလေး– ရန်ကုန် နေ့ချင်းပေါက်ရထား ဖြစ်လို့ တောင်ငူသို့ ၁၁ နာရီကျော်မှာ ရောက်ပါတယ်၊ ဒါ့ကြောင့် နေ့ ဆွမ်းစားဘို့ အချိန်ရတဲ့အပြင် မန္တလေးသို့လဲ ၇ နာရီလောက်ရောက်လို့ အားလုံး အဆင်ပြေပါတယ် ဘုရား။

**မမှုဂုဘ်။** ။ကိုယ်တော့်ရဲ့ အဂ္ဂမဟာပဏ္ဍိတအဘွက် ရတဲ့လက်မှတ်က နေ့ခြင်း ပေါက် အမြန်ရထားမှာ စီးခွင့်မရဘူးဆို၊ ယခုတော့ ထိုရထားကိုဘဲ စီးပြန် သလား။

**တပည့်တော်။** ။အခမဲ့လက်မှတ်နဲ့ စီးတာမဟုတ်ပါဘူး၊ ထုံးစံအတိုင်း အထက် တန်း လက်မှတ်အတွက် ဝတ္ထု (ငွေ)ပေးပြီး စီးရတာပါ၊ အဲဒီ လက်မှတ် ကိုလဲ ဒကာကြီး အတွက်ပါ တောင်ငူက ဒကာစိန်ဆိုသူက တာဝန်ယူ ပါတယ်။

**မမှုဂုတ်။** ။ခြုံကြည့်လိုက်တဲ့အခါ အပြန်ခရီးမှာ အနည်းငယ် ပင်ပန်းတာမှ တပါး ဒီတနှစ် ရန်ကုန်သွားရတာ အားလုံး အကျိုးရှိတယ်လို့ ဆိုရ မှာဘဲနော်။

**တပည့်တော်။** ။အားလုံး အကျိုးရှိရုံမက, သရိုင်စေတီတော်နဲ့ သိမ်တော် အတွက် ကုန်ကျမဲ့ငွေများကိုလဲ နဂိုရ် တာဝန်ခံသားသော ဒကာထိန်ဝင်း က သူ၏ မိတ်ဆွေတချို့ အကူအညီဖြင့် ဒကာကြီးထံ ငွေတချို့ လွှဲအပ် လိုက်လို့ သရိုင်က စေတီတော်နဲ့ သိမ်တော်အတွက်ပါ အကျိုးများပါ တယ်၊ သရိုင်က တာဝန်ဆောင်တဲ့ ဒကာများကလဲ စေတီတော်ကြီးကို အဋ္ဌကောင်း ရနိုင်သမျှ ပြန်ရအောင် ချက်ခြင်းပင် စီစဉ်ကြတယ်ဆိုတာ ကြားရလို့ တပည့်တော်မှာ နေ့စဉ်ကုသိုလ် အပိုရနေပါတယ်ဘုရား။

**မမှုဂုတ်။** ။သာဓုပါ ကိုယ်တော်.... သာဓုပါ သာဓုပါ၊ ကိုယ်တော်ကတော့ ဘာသာရေး သာသနာရေး ကိုယ့်တာဝန်လို သဘောထားနေတာဖြစ်လို့

အသက်ကြာကြာရှည်လေ အများအတွက် အကျိုးရှိလေ ဖြစ်ပါတယ်၊ အသက်ရှည်အောင်သာ "ဝန်နဲ့ အား မြှားနဲ့ လေး" ဆိုတာလို ကိစ္စတိုင်းမှာ ကျန်းမာရေး မထိခိုက်ဘို့ သတိထားပါကိုယ်တော်။

**တပည့်တော်။** ။ကျန်းမာရေးကတော့ သိပ်သတိထားပါတယ်ဘုရား၊ ဒါပေမဲ့ မလွဲမရှောင်သာတဲ့ ကိစ္စကလေးတွေက မူလအလုပ်ပေါ်မှာ ထပ်ထပ်ဆင့်လာလို့ တခါတခါ ကျန်းမာရေးထိခိုက်လာပါတယ်၊ ရန်ကုန်မှာတုန်းက စကားပြောရ - တရားဟောရနဲ့ အလုပ်တွေ အလွန်များနေတဲ့ အချိန်မှာ ဒေါက်တာမျိုးတင့်က ကျန်းမာရေးသိရအောင် လာပြီးစမ်းသပ်ပါတယ်၊ သူလာတုန်းကလဲ လူတော်တော်များများနဲ့ စကားပြောနေတဲ့ နံနက် (၈)နာရီအချိန်ဖြစ်ပါတယ်၊ စမ်းတဲ့အခါ ရောဂါမတွေ့ပါဘူး၊ သို့သော် အဆုတ်မှာ တစုံတခုသံသယရှိပါသတဲ့၊ ထိုနေ့ကလဲ ပြန်ဘို့နေ့ဖြစ်တော့ သူကိုယ်တိုင်ထပ်မစမ်းနိုင်ပါဘူး၊ ဒါ့ကြောင့် မကြာမီမန္တလေးကရင်းနှီးတဲ့ သူ့ဆိုင်ရာဒကာမများနဲ့ တွေ့တဲ့အခါ ဆရာတော်ရဲ့အဆုတ်ကို မန္တလေးက သူနဲ့ လဲရင်းနှီး, မန္တလေးက တပည့်များနဲ့ လဲရင်းနှီးတဲ့ ဆရာဝန်ကြီး ဦးထွန်းသင်နဲ့ ထပ်စမ်းပါစေလို့ မှာလိုက်ပါသတဲ့။

ဒီအကြောင်းကို အမြဲစမ်းသပ်ပေးနေတဲ့ ဒေါက်တာညိုညိုလာတဲ့အခါ ပြောလို့ မန္တလေးမှာ ဓာတ်မှန်ရိုက်ကြည့်ဘို့ စီစဉ်ပါတယ်၊ ဓာတ်မှန်ဌာနက ဆရာဝန် ဒေါ်ဌေးမြင့်ကလဲ ကျောင်းတိုက်ကို ကြည်ညိုနေဘာ ဖြစ်လို့ အားလုံး ဂရုတစိုက် စီစဉ်ကြပါတယ်၊ ဓာတ်မှန်တခါရိုက်ပြီးတဲ့ အခါ ဓာတ်မှန်ရိုက်တုန်း အသက်ရှူတဲ့ လက္ခဏာတွေ့ရလို့ မျက်ခြင်း ထပ်ပြီးရိုက်ကြည့်ပါတယ်၊ ဆရာဝန် ဒကာမ ၂ ယောက်လုံး ကြည့်ပြီးတဲ့ အချိန်မှာ စကားပြောလို့ မဆုံးမီ ပါရဂူ ဦးထွန်းသင်ဆိုတာ လာနေကြ မဟုတ်ဘဲ ရောက်လာပါတယ်, (ကံဆိုတာက အင်မတန်ဆန်းပါတယ်) ဆရာဝန်ကြီး - ဆရာဝန်မများရော အဆုတ်မှာ အအေးမိတဲ့ဒဏ် နဲနဲရှိတယ်လို့ ပြောပါတယ်၊ စမ်းနေကြ ဒေါက်တာညိုညိုကလဲ အဆုတ်မှာ အအေးမိတယ်ဆိုပြီး, ဆောင်းအေး တော်တော်အေးပြီးတဲ့ အချိန်တုန်းက ဆေးပေးဘူးပါတယ်၊ ယခုတော့ အားလုံးက ရောဂါမကြီးပါဘူး၊ တနေ့လေးလုံး(တလုံးစီလေးကြိမ်)စားရတဲ့ဆေးကို ၂ပုလင်း(၈)ရက်စာ ပေးလိုက်ပါတယ်၊ ဒီဆေးကုန်တော့ ထပ်ပြီးဓာတ်မှန်ရိုက်ဘို့လဲ ညွှန်ပြကြပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော်က သာသနာတော်ကြီးကို အလွန်ကောင်းစေချင်လို့ ကိုယ်တော်ဆန္ဒပြီးသည်အထိ သာသနာတော်ကို စောင့်ရှောက်နိုင်အောင် လူရော-နတ်ရော ဝိုင်းဝန်းပြီး ကူညီကြတာထင်ပါရဲ့၊ လာနေကြမဟုတ်တဲ့ ဆရာဝန်ကြီးကတောင် ကိုယ်တော့်ကို စမ်းသပ်တဲ့နေရာသို့ အဆင်သင့် ရောက်လာတယ်ဆိုတော့။

**တပည့်တော်။** ။တပည့်တော်မှာ ဒီလိုအကြောင်းအရာလေးတွေ မကြာမကြာ တွေ့ရလို့ နတ်ရော လူပါ သတ္တာအများကို မကြာမကြာ မေတ္တာအထူး ပို့နေစဉ်လဲ မေတ္တာပို့ပြီး မိမိရဲ့ကုသိုလ်အဘို့ နေ့စဉ်လဲ အမျှဝေပါတယ် ဘုရား။

**ခမ္မဂုတ်။** ။ဆေးစားပြီး ခေါတ်မှန်ရိုက်တော့ ကိုယ်ထဲမှာ ဘာများတွေ့ သေးတုန်း။

**တပည့်တော်။** ။ဘာရောဂါမှ မတွေ့ပါဘူးတဲ့၊ ဒါ့ကြောင့် နောက်ထပ်လဲ ရောဂါနဲ့ဆိုင်တဲ့ဆေးကို မပေးကြပါဘူး၊ တပည့်တော်လဲ စားနေကြ အားရှိတဲ့ဆေးကိုသာ စားမြဲ စားနေပါတယ်။

**ခမ္မဂုတ်။** ။ယခု တပို့တွဲလဆိုတော့ ကိုယ်တော့်အသက်(၇၄)နှစ် ပြည့်လုပြီ ပေါ့၊ ပြည့်ကာနီး ဘာများ အထူးလုပ်သေးတုန်း။

**တပည့်တော်။** ။ပြည့်ကာနီးမှာ ကျောင်းတိုက်တွင်းက စေတီတော်မှာ ရွှေချ ထားတဲ့ နေရာတချို့ ဩ ပျက်နေလို့ ပြုပြင်ရပါတယ်၊ တပည့်တော် ရဟန်း ထပ်တုန်းက ရေစက်ချတဲ့ စာချတိုက်လဲ အပေါ်အင်္ဂအမိုးက မိုးယိုလို့ အမိုးအားလုံးဖျက်ပြီး သွတ်မိုးဘို့ စီစဉ်နေရပါတယ်၊ အဲဒီ စေတီတော်နဲ့ စာချတိုက်ကို တပည့်တော်က တာဝန်ယူပြီး ပြင်ပါတယ်၊ ကျောင်းအမ တယောက်က သူ တာဝန်ယူပါ့မယ်လို့ လျှောက်သော်လဲ ခွင့်မပေးဘဲ ရန်ကုန်က ဦးမောင်ကြီး လှူသွားတဲ့ နဝကမ္မဝတ္ထုများကို ဒီလိုအဘိုး တန်တဲ့ သာသနာရေးမှာသုံးဘို့ရန်(ကပ္ပိယဒကာကြီးကို)ညွှန်ပြရပါတယ်။

**ဓမ္မဂုတ်။** ။သာဓု—သာဓု ကောင်းပါ့ ကောင်းပါ့၊ ဒါ့အပြင်ကော ဘာ ကုသိုလ်များ ပြုသေးတုန်း။

**တပည့်တော်။** ။တပည့်တော် သရိုင်သွားတုန်းက ပြင်ဘို့လို့ စီမံထားတဲ့ စေတီတော်ကြီးအတွက် ရန်ကုန် ဒကာထိန်ဝင်းနဲ့ ဆိုင်ရာဒကာ- ဒကာမ

များက ဒကာကြီးထံ နဝကမ္မ (ငွေ) လှူအပ်လိုက်လို့ အဲဒီစေတီတော်ကြီးကိုလဲ ယခုအချိန်မှာ ပြုပြင်ဘို့ စီစဉ်နေပါပြီ၊ ရပ်ရွာနယ်ပယ် သံဃာတော်များရော ဒကာ- ဒကာမများပါ ရှင်းလင်းတဲ့အခါနဲ့ ထုံးတိုက်ဘို့- သဲတိုက်ဘို့-အုဋ်ဖုတ်ဘို့ လှည်းလိုတဲ့အခါ အားတက်သရော ဝမ်းမြောက်ဝမ်းသာ ကူညီနေကြတယ်လို့ ကြားရတဲ့အတွက် တပည့်တော်မှာ မိမိကြောင့် တနယ်လုံး ကုသိုလ်ရကြပုံကိုတွေးပြီး အလွန်ပင် ဝမ်းမြောက်နေပါတယ်ဘုရား။

**မမ္မဂုတ်။** ။ကောင်းလိုက်တာ ကိုယ်တော်, ကိုယ်တော့်ကို အကြောင်းပြုပြီး တနယ်လုံး သံဃာတော်များရော ဒကာ- ဒကာမများပါ ကုသိုလ်ရကြတယ်ဆိုတော့ ဝမ်းမြောက်စရာပါဘဲ၊ ဒါပြင်တော့ ဘာများဝမ်းမြောက်စရာ ရှိသေးတုန်း။

**တပည့်တော်။** ။ပို့ချနေတဲ့ဝိဘင်းပါဠိတော်, သမ္မောဟဝိနောဒနီအဋ္ဌကထာနဲ့ မူလဋီကာတို့ သကြန်မတိုင်မီ ကုန်လောက်အောင် နီးကပ်နေတဲ့အပြင် ပဌမစာအုပ်ရိုက်နှိပ်တာက မကြာမီ ပြီးတော့မှာမို့ အလွန်ပင်ဝမ်းမြောက်နေပါတယ်။

**မမ္မဂုတ်။** ။ဆရာဝန်များရဲ့အကူအညီကြောင့် ကျန်းမာရေးကောင်းကြောင်းကိုလဲ သိရ,ကုသိုလ်ရေးတွေကလဲ အဖက်ဖက်က ကောင်းကောင်းရနေတာဖြစ်တော့ ကိုယ်တော်ရဲ့ (၃၄) နှစ်ပြည့် အသက်တာသည် လာမဲ့နှစ်အတွက်ပါ ကုသိုလ်အဆက်ပါနေတယ်လို့ ဆိုရလောက်အောင် ကောင်းသောနှစ်ပြည့် ဖြစ်ပါပေတယ်၊ ဒါ့ကြောင့် (၃၅) နှစ် အသက်၌ဆက်လက်၍ ကုသိုလ်တရား ကြိုးစားဘို့ရန် နှစ်ဟောင်း သကရာဇ်ကို တခဏ်းအဖြစ်ဖြင့် မှတ်ပြီး ဖြတ်ကြပါစို့ ကိုယ်တော်။

နိဂုံး။ ။ကုသိုလ်ဥစ္စာ, ကျမ်းခန့်သာ၍, ပညာတန်ခိုး, အမျိုးမျိုးဖြင့်, အကျိုးစုံထွက်, ဤနှစ်တွက်, ဆက်ဆက် ဝမ်းမြောက်ဘွယ်။



မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ ၏
သက်တော် (၇၅) နှစ်အရွယ်ရှိ ပုံတော်။

## ၁၈။ ခုနှစ်ဆယ့်ငါးနှစ် မှတ်တမ်း

**ဓမ္မဂုတ်။** ။တပေါင်းလကစ၍ အသက်(၇၅)နှစ်ထဲ ရောက်လာပြီ, ဘာများ လုပ်ရ–ကိုင်ရသေးတုန်း။

**တပည့်တော်။** ။သမ္မောဟဝိနောဒနီအဋ္ဌကထာ မူလဋီကာနဲ့ ဝိဘင်းပါဠိတော် ပို့ချတာ ပြီးဆုံးသွားသောကြောင့် ဝမ်းမြောက်ရပါတယ်၊ ထိုစာအုပ်ကြီးမှ ပဉ္စမတွဲလဲ ရိုက်ပြီးပါပြီ၊ ဒါ့ကြောင့်လဲ ဝမ်းမြောက်ရပါတယ်။

**ဓမ္မဂုတ်။** ။ဒီလို စက္ကူအခက်အခဲဖြစ်နေတဲ့နှစ်မှာ ပဉ္စမတအုပ်ပြီးအောင် ရိုက်နိုင်တာကတော့ ဝမ်းမြောက်စရာပါပဲ, ဘယ်လိုပြီးအောင် ရိုက်ရတုန်း။

**တပည့်တော်။** ။ရိုက်နှိပ်ရတာကလဲ မှတ်လောက်သားလောက် အခက်အခဲပါပဲ၊ ပဉ္စမ တပည့်တော်စိတ်ကြိုက်ရအောင် အဖြတ်အတောက် အထားအသို အားလုံးပြင်ပြီး တပည့်တော့်အနီးမှာရှိတဲ့ စက်ဖြင့် ရိုက်နှိပ်ရပါတယ်၊ စက္ကူမရှိလို့ စာမူရရုံ ငါးဖေါင်လောက် ရိုက်စေပါတယ်, ရိုက်ပြီးတဲ့အခါ နှစ်ဖေါင်လောက်ကို(ဗုဒ္ဓသာသနာ့အဖွဲ့ပုံနှိပ်တိုက် ညွန်ကြားရေးမှူး ) ဒကာဦးလှမောင်ထံ ပို့ပေးရပါတယ်၊ ဦးလှမောင်က သူတို့ကမ္ဘာ့အေးပုံနှိပ်စက်မှာ တပည့်တော့်မူအတိုင်း ထပ်မံစီပြီး ရိုက်သင့်တဲ့ အရေအတွက်အတိုင်း ရိုက်နှိပ်စေပါတယ်၊ အဲဒီလို ခက်ခက်ခဲခဲ ရိုက်ရလို့ ပြီးတဲ့အခါ သာပြီး ဝမ်းမြောက်ရတာပေါ့ဘုရား။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင် စာစီခကိုယ်က နှစ်ခါကုန်နေတာပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်, တပည့်တော့်ထံက စီပြီး ရိုက်ပေးလိုက်တာ ကမ္ဘာ့အေးမှာ မူရရုံသာရှိပါတယ် မူမှန်ရအောင်လို့ တပည့်တော်ဆီက စီခ- ရိုက်ခ–အပိုအကုန်ခံလိုက်တာပါ။

**ဓမ္မဂုတ်။** ။အင်း....အပိုကုန်တာကလဲ ထောင်ချီပြီးကုန်မှာပဲနော်, ပြီးတော့ ဘာများ ဝမ်းမြောက်စရာရှိသေးလဲ။

**တပည့်တော်။** ။ ကျောင်းတိုက်မှာပြင်နေတဲ့ ဘုရားရွှေသင်္ကန်းကပ်မှု, စာချတိုက် ပြင်မှုများ ပြီးစီးသွားလို့လဲ ဝမ်းမြောက်ရပါတယ်, သရိုင်ရွာမှာ ပြင်နေတဲ့ စေတီတော်ကြီးလဲ အထည်ကိုယ် ပြီးစီး၍ အင်္ဂတေ မွမ်းမံ

နေပြီလို့ ကြားရသဖြင့် ဝမ်းမြောက်ရပါတယ်၊ ကုန်ကျစရိတ်ကတော့ ၂ သောင်းကျော်လောက်မှန်းပေမဲ့ စေတီတော်က မှန်းတာထက်ကြီးပြီး (ရွှေတိဂုံ)ပုံတော်တည်ရလို့ ၃ သောင်းကျော်ကုန်ပြီး ကြေးထီးတော်နဲ့ သိမ်ပြင်ဘို့ပါဆိုယင် ၄ သောင်းနီးနီးကုန်မည်ဟု ကြားရလို့ တာဝန်ယူထားသော အကာထိန်ဝင်းအတွက် နဲနဲ စိတ်မရှင်းဖြစ်ပါတယ်၊ ဒါ့ကြောင့် တပည့်တော်ကလဲ ၅ ထောင်တန်လောက် ပါဝင်စေရပါသေးတယ်။

**ဓမ္မဂုတ်**။ ။ဒါ့ပြင်ကော ဘာကိစ္စများ လုပ်ရသေးလဲ။

**တပည့်တော်**။ ။ပူတဲ့အချိန်မို့ ပို့ချတဲ့စာဝါများ ရပ်နားနေချိန်မှာ ကျောင်းအမကြီး ဒေါ်ကျင်က "ဂန္ဓာရုံတိုက်အတွင်းမှာ ဆောက်လုပ်တဲ့ ၂ ထပ်ကျောင်းပြီးလို့ ကျောင်းပူဇော်ပွဲ ( ရေစက်ချ ) ပြုလုပ်တဲ့အခါ သီလရှင်တော်တော်များများနဲ့ လူဝတ်ကြောင် မိတ်ဆွေတချို့ကို မှတ်သားစရာ စာအုပ်ကလေးဖြင့်ဘိတ်ချင်ပါတယ်"လို့ လျှောက်သည့်အတွက် ကျောင်းသံဃာများနဲ့ ရင်းနှီးသူများအား ဟောပြောလေ့ရှိသော, ( ကျောင်းတိုက်မှာ ) နံနက် ဩဝါဒအပြီး၌ တလှည့်စီ ရွတ်ဆိုလေ့ရှိသော ဂါထာလက်ာတို့ကို မူတည်၍ "ဗုဒ္ဓါနုဿတိဘာဝနာ"ဆိုတဲ့ စာစောင်ကလေးကို စီစဉ်ပေးရပါတယ်။

**ဓမ္မဂုတ်**။ ။ဒီစာအုပ်ကလေးက နာမည်အတိုင်းဆိုယင် ကမ္မဋ္ဌာန်းစာအုပ်ကလေး ဖြစ်မှာပေါ့နော်။

**တပည့်တော်**။ ။ဟုတ်ပါတယ်, (ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း) စာအုပ်ကလေးပါ၊ ကမ္မဋ္ဌာန်းဆိုပေမဲ့ ဖတ်လို့ကောင်းပြီး စိတ်ဝင်စားဘွယ် အတုယူဘွယ် ဝတ္ထုကလေးများနဲ့ ရေးထားတာဖြစ်လို့ ပျင်းစရာမဟုတ်ပါဘူး၊ တပည့်တော်မှာလဲ နွေအခါမို့ ချွေးတလုံးလုံးနဲ့ ရေးယင်းရေးယင်း စိတ်အေးချမ်းပြီး ကုသိုလ်ရလိုက်တာ အလွန်ပါဘဲဘုရား။

**ဓမ္မဂုတ်**။ ။နိုင်ငံခြား ဧည့်သည်များကော ရှေးကလို လာကြသေးသလား။

**တပည့်တော်**။ ။မကြာမကြာ လာကြပါတယ်, ဒီအထဲမှာ ( ဗုဒ္ဓါနုဿတိဘာဝနာ)စာအုပ်လေး ရိုက်နှိပ်ပြီးကာနီးမှာရောက်လာသော အင်္ဂလန်က ကလေးဆရာဝန် ပါမောက္ခဆိုတဲ့သူကတော့ မှတ်တမ်းတင်စရာပါဘဲ၊ ဗုဒ္ဓဘာသာနဲ့ဆိုင်ရာ နောက်ဘဝသို့လိုက်၍ ကံက အကျိုးပေးပုံ စသော

ပြဿနာမျိုးစုံကိုမေးလို့ ကျေနပ်အောင် အဖြေရသွားပါတယ်၊ သူ့မှာ အင်္ဂလန်မှ ထွက်ခါနီး၌ "စိတ်ထဲမှာ တခုခု အထူးအဆန်းတွေ့ရလိမ့်မယ်" လို့ ထင်ခဲ့ပါတယ်၊ ယခုတွေ့ရတာ သူ့အတွက် အလွန်ထူးဆန်းပါတယ် လို့ လျှောက်သွားပါတယ်။

**ဓမ္မဂုတ်။** ။ယခုနှစ် ဝါထပ်တယ်ခေါ်, ဝါတွင်းမှာ သံဃာဘယ်လောက်ရှိတုန်း။

**တပည့်တော်။** ။ (ရဟန်း-သာမဏေအားလုံး) (၄၉၀) ရှိပါတယ်, သူတော် ကလေးများက (၂၀) ကျော် ရှိပါတယ်။

**ဓမ္မဂုတ်။** ။အားလုံးအတွက် နံနက်ဆွမ်းကော ပြည့်ပြည့်စုံစုံ ကျွေးနိုင်သေးရဲ့ လား၊ ဆန်စျေးက တပြည် (လေးကျပ်) လောက်ဆိုတော့ အရပ်ထဲက နေ့ဆွမ်းလုံလောက်အောင် လောင်းနိုင်ကြသေးရဲ့လား။

**တပည့်တော်။** ။နံနက်ဆွမ်းလဲ ကျောင်းက တတ်နိုင်ပါသေးရဲ့၊ နေ့ဆွမ်းလဲ မြို့နဲ့ အနီးအပါးရွာများက ကြိုးစားကြလို့ ပြည့်စုံပါသေးရဲ့၊ ဒါပေမဲ့ ဒုတိယဝါဆိုလ ကုန်ခါနီးမှာ တနိုင်ငံလုံး ရေကြီးတော့ နေ့ဆွမ်းအတွက် ကျောင်းက ကူညီပေးရပါတယ်၊ ဒီလို ကူညီနေတုန်းမှာ ဆန်နဲ့ အခြား ပစ္စည်းတချို့ထားတဲ့ ဂိုဒေါင်က ရေဝိုင်းနေတော့ အမြဲနေတဲ့ အနီးအပါး ဒကာမကြီးများကို ရေလွတ်ရာ ရွှေ့နေစေရပါတယ်၊ ဒီလို ရွှေ့နေခိုက်မှာ ဆင်ငါးအိတ်နဲ့ လဘက်ခြောက်နှစ်အိတ် ညဥ့်အခါပျောက်သွားလို့ ရွှေ့ပြောင်းရနဲ့ ကိုရင်ကြီးတွေ အလုပ်များသွားပါတယ်။

**ဓမ္မဂုတ်။** ။ကျောင်းတိုက်ရဲ့ တံတိုင်းကျော်လောက်အောင် ရေကကြီးသလား။

**တပည့်တော်။** ။ဒကာမကြီးများနေတဲ့ စရပ်ဝင်းရဲ့တံတိုင်းက သိပ်မမြင့်တော့ ရေက တံတိုင်းပေါ် ကျော်နေပါတယ်၊ ဒါ့ကြောင့် ကျောင်းတိုက်ရဲ့ အနီး အပါး တောင်သမန်အင်းရေကဝင်တိုင်း တံတိုင်းကျော်နေတာနဲ့ အနီး အပါး ဒကာမကြီးများ ရွှေ့နေရတာကို အခွင့်ကောင်းယူပြီး လှေကြီးနဲ့ ကပ်၍ ယူသွားကြတာ ဖြစ်မှာပေါ့ဘုရား။

**ဓမ္မဂုတ်။** ။ဒီအကြောင်းကို ကျောင်းတိုက်ကိုးကွယ်တဲ့ ဒကာ- ဒကာမများ ကြားတော့ ဆန်-ဆီစသော အကူအညီ ရမှာပေါ့နော်။

**တပည့်တော်။** ။ဒီလို ကူညီမှာစိုးလို့ ဒီအကြောင်းကို "ဘယ်သူ့မှ မပြောနဲ့" လို့ နှုတ်ပိတ်ထားပါတယ်။



ဝက်လက်မြို့နယ် သရိုင်ရွာ၌ ပြင်ဆင် တည်ထားအပ်သော ရွှေဘုံသာ စေတီတော်။



ဝက်လက်မြို့နယ် သရိုင်ရွာ၌ ဆရာတော်ဉုးစိဏ်
ပြင်ဆင်ဆောက်လုပ်ခဲ့သော သိမ်တော်

**ခမ္မဂုတ်။** ။ဘာပြုလို့ ပိတ်ရတာလဲကိုယ်တော်, ဒီဟာ အခွင့်ကောင်းဘဲ မဟုတ်လား။

**ဘပည့်တော်။** ။တပည့်တော်ရဲ့ဆိုင်ရာ ဒကာ–ဒကာမများက ကျောင်းမှာ လိုနေတယ်ထင်တိုင်း သူတို့ဘာသာ ဆန်– ဆီ စသည်တို့ကို ပို့လေ့ရှိကြပါတယ်၊ ဒါ့ကြောင့် သူတို့မှာ မကုန်တန် မကုန်ရအောင် သူခိုး ခိုးသွားတဲ့ အကြောင်း မပြောဘဲ့ရန် နှုတ်ပိတ်ထားရပါတယ်၊ဒီလိုပိတ်ထားဒါတောင် အနီးအပါးရွာတွေမှာ ရေဝိုင်းလို့, ကျောင်းတိုက်မှာလဲ ရေဝိုင်းလို့ ဆွမ်း အခက်အခဲ ရှိလိမ့်မယ်ထင်ပြီး မန္တလေး ဒကာ–ဒကာမများက ဆန်–ဆီ–ပဲ စသော လှူဘွယ်များကို သူတမျိုး ကိုယ်တဖုံ တချို့မှာ စုပေါင်း၍ ကား ကြီးနဲ့ တနေ့တည်း လာပို့ကြလို့ အားလုံးကို ပြောလိုက်ရပါတယ်၊ ကျောင်းတိုက်မှာ အားလုံးပြည့်စုံပါတယ်, ပို့နေဘို့ မလိုပါဘူး၊ နီးစပ်ရာ ကိုလဲ ပြည့်စုံကြောင်းကို ပြောလိုက်ပါလို့ မှာလိုက်ရပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော့်ကျောင်းတိုက်ကို ဒါလောက်ဘဲ ကြည်ညိုကြသကိုး၊ ဒါထက် မေးရအုံးမယ်, ရွှေနှစ် ဝါတွင်းက သံဃာ(၅၀၀)ကျော် ရှိပြီး ယခုဝါမှာ (၄၅၀)ကျော်သာ ရှိတာဟာ ဘာဖြစ်လို့လဲ။

**တပည့်တော်။** ။မနှစ်က သံဃာလက်ခံပုံစည်းကမ်း လျှော့လိုက်တော့ သံဃာ များပြီး ဝါတွင်းမှာ ဆန္ဒပြတဲ့ကိစ္စ ဖြစ်ရတယ်မဟုတ်လား၊ အဲဒီကိစ္စကို အကြောင်းပြုပြီးတော့ ယခုနှစ် သံဃာလက်ခံပုံစည်းကမ်းကို ပြင်ထားပါ တယ်၊ စာသင်သားအချို့ကိုလဲ စာမေးပွဲ ဥုးစားမပေးစေဘဲ ရှေးရှေးက တပည့်တော်ကိုယ်တိုင် အခြေပြုပေးခဲ့သလို စာချတုန်းကြီးများကို စာသင် သားများ အခြေခံရအောင် စာပို့ချကြဘို့ တိုက်တွန်းထားပါတယ်၊ ဒါ့ကြောင့် စာမေးပွဲ မြန်မြန်အောင်ဘို့ အရေးကြီးနေသော အဟောင်း တချို့က မန္တလေး နေ့ပြောင်းပြီး အသစ်များလဲ လာဘို့ရန် နဲနဲတွန့်သွား ကြဟန် တူပါတယ်၊ တပည့်တော်က ဝိနည်းကိုလဲ ဂရုမစိုက်, စာအခြေရ ဘို့လဲ ဂရုမစိုက်ဘဲ စာမေးပွဲအောင်ပြီး နာမည်ကြီးဘို့လောက်သာ ဂရုစိုက် သူများကို နောင် သံသရာရေးအတွက် အားမရသောကြောင့် တင်းတင်း ကြပ်ကြပ်ဘဲ လက်ခံချင်ပါတော့တယ် ဘုရား။

**ခမ္မဂုတ်။** ။ယခုနှစ် ဝါကျွတ်တော့မယ်, သရိုင်ရွာမှာပြင်နေတဲ့ စေတီတော် ကြီးနဲ့ သိမ်တော်အတွက် ကိုယ်တော် သွားရအုံးမှာလား။

**တပည့်တော်**။ ။စေတီတော်ကြီးနဲ့ သိမ်တော်ကို ပြုပြင်တဲ့ကိစ္စက ပြီးပြီဟု ကြားရလို့ ဝါတွင်းမှာဘဲ သူတို့ထုံးစံအတိုင်း ဘုရားပူဇော်ပွဲ ပြီးပါပြီ။

**ဓမ္မဂုတ်**။ ။ဒါဖြင့် ကိုယ်တော်သွားဘို့ မလိုတော့ဘူးပေါ့။

**တပည့်တော်**။ ။သီတင်းကျွတ်တဲ့အခါ ရန်ကုန်က အလှူ့ရှင်များက သွားလို သော ဆန္ဒရှိယင် ရပ်ရွာကလဲ တာဝန်ခံပြီး ပင့်ကြယင်တော့ သွားရဦး မှာပေါ့ဘုရား။

လာ၍ ပင့်ကြခြင်း။ ။သီတင်းကျွတ်သောအခါ အနီးအပါးရွာများနဲ့ သရိုင် ရွာ လူကြီးများက တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့ ကြွဘို့ရန် လာ ပင့်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ ဒီလို အပင့်လာတော့ ကိုယ်တော်က ဘာများ စီစဉ်သေးသလဲ၊ (ကိုယ်တော်က နဲနဲတော့ အထွင်္ဒတပ်ချင်တတ်လို့ မေးရတာပါ။)

**တပည့်တော်**။ ။လာပင့်တဲ့အခါ ပြီးစီးသော စေတီတော်နဲ့ သိမ်တော်ကို ဖူးမျှော်ယင်း လာမယ်လို့ ဝန်ခံလိုက်ပါတယ်၊ သို့သော် မနှစ်က သံဃာ တရာသာ ကြွလာလို့ တချို့ရွာတွေမှာ ခွဲ၍ကြွရတဲ့အတွက် သံဃာနဲနေပါ တယ်၊ ဒါ့ကြောင့် အားမရဘူးဆိုတာ သိခဲ့ရပါတယ် ဒီတခါတော့ သံဃာ တရာ့ငါးဆယ်နဲ့ လာခဲ့မယ်လို့ ပြောလိုက်ပါတယ်။

**ဓမ္မဂုတ်**။ ။ရန်ကုန်က ဘုရားဒကာများကိုတော့ အကြောင်းမကြားဘူးလား။

**တပည့်တော်**။ ။သူတို့ကိုလဲ တန်ဆောင်မုန်းလပြည့်ကျော်တရက်နေ့ သွားဘို့ ရန် အသိပေးထားလို့ ဦးထိန်ဝင်း–ဗိုလ်မှူးကြီးဟောင်း ဦးအောင်သိန်း– ဒကာ ဦးစောလွင်နဲ့ ဒကာ-ဒကာမ ဆယ့်ငါးယောက်လောက် လမပြည့် ခင်က ရောက်နေကြပါတယ်၊ ဦးမောင်မောင် – ဦးပေါ်ဇံတို့ကတော့ လပြည့်နေ့ညမှ ရောက်လာကြပါတယ်။

**ဓမ္မဂုတ်**။ ။သွားဘို့ကိစ္စတော့ ဘယ်လိုစီစဉ်သလဲ။

**တပည့်တော်**။ ။ဒီနှစ်တော့ ကားပစ္စည်းတွေကလဲရှား, ခေတ်ဆိုကလဲရှားလို့ အသွားမှာ ရထားနဲ့ သွားဘို့ စီစဉ်ရပါတယ်၊ ရထားနဲ့ သွားယင် ဝက်လက်သို့ နေ့ဆွမ်းအမှီ ရောက်နိုင်ပါတယ်။

**ခမ္မဂုတ်။** ။ဒီသံဃာတွေ အမရပူရဘူတာကစီးလို့ ဖြစ်ပါ့မလား၊ မန္တလေး သွားစီးယင်လဲ ခရီးစရိတ်တွေ အပိုကုန်ဦးမှာပေါ့။

**တပည့်တော်။** ။သယ်ယူပို့ဆောင်ရေးဌာနကို မေတ္တာရပ်ခံရပါတယ်၊ရထားတွဲ သုံးတွဲလောက်ကို အထူးစီစဉ်ပေးပါ၊ အမရပူရဘူတာက စီးနိုင်အောင်လဲ မေတ္တာရပ်လို့ ရလဲ့ပေါ့တယ်၊ နံနက်ဆွမ်းတော့ ပိန်းတာန်းဘူတာအနီး အပါးက ဒကာညိမ်ရဲ့အိမ်မှာ အရက်မထက်ခင်သွားပြီး အရုဏ်တက် တက်ချင်း စားကြပါတယ်၊ ဆွမ်းစားပြီး မကြာခင် ရထားလဲဆိုက်လာ တာပါဘဲ၊ သံဃာများနဲ့ ဒကာ-ဒကာမများ လိုက်ပါလာသလောက် လက်မှတ်ခကို ထုံးစံအတိုင်းပေးရပါတယ်၊ အားလုံးလက်မှတ်ခငွေကိုတော့ တပည့်တော်ရဲ့ ကျောင်းအမ ညီအမများက တာဝန်ယူကြပါတယ်။

**ခမ္မဂုတ်။** ။ဝက်လက်ဘူတာရောက်သည်ကစ၍ နောက်အစီအစဉ်များတော့ မနှစ်ကထက် ဘာထူးသေးသလဲ။

**တပည့်တော်။** ။ဝက်လက်ကဆင်းပြီး သံဃာတရာ့ငါးဆယ် ဝက်လက်မြို့ထဲက ဘုရားကြီးကျောင်းတိုက်သို့ စီတန်းပြီးကြွသွားတာကို ကြည်ညိုလွန်းလို့ နိဗ္ဗာန်ဆော်ဒကာကြီးက "သံဃာစစ်သံဃာမှန်များ ကြွလာပါပြီခင်ဗျား" လို့ ကြွေးကြော်တာနဲ့ နောက်ဆုံးကလိုက်တဲ့ တပည့်တော်က "ထိုအသံကို အမြန်ဆုံးပိတ်ပါ" လို့ အပြောခိုင်းရပါတယ်။

**ခမ္မဂုတ်။** ။ဘာပြုလို့လဲကိုယ်တော် အကောင်းသားဘဲဥစ္စာ။

**တပည့်တော်။** ။ဘာ ကောင်းရမှာလဲဘုရား၊ အခြားသံဃာများ ကြားယင် "သူတို့ကို သံဃာစစ်မဟုတ်ဘူး"လို့ ပြောရာရောက်ပါတယ်၊ ဒါ့ကြောင့် မကြွေးကြော်ဘို့ ပိတ်ရတာပါ၊ ပိတ်ပင်ရုံတွင်မကဘဲ၊ အဲဒီနိဗ္ဗာန်ဆော်နဲ့ တွေ့တဲ့အခါ ဒီလိုမကြွေးကြော်ရဘူး၊ ပုထုဇဉ်သံဃာဟူသမျှ သံဃာအစစ် မဟုတ်ဘဲ အားလုံး သမ္မုတိသံဃာ ( သံဃာလို့ သမုတ်ထားတဲ့ သံဃာ အတုသာ)ဖြစ်တယ်လို့ ပြောရပါတယ်၊ အပြန်ညဥ့် တရားပွဲမှာလဲ အဲဒီ စကားကို ထပ်ပြီး ရှင်းပြရသေးတယ်၊ တပည့်တော်ရဲ့သဘောက ဂိုဏ်း ဂဏမရွေး စီးစီးလုံးလုံးနဲ့ ဝိုင်းပြီး သာသနာတော်ကို ထိန်းသိမ်းစေချင် ပါတယ်။

**ခမ္မဂုတ်။** ။ဒီလိုစိတ်ထားနိုင်တာလဲ ကောင်းပါ့ကိုယ်တော်၊ သရိုင်ရောက်တော့ နေရေး စားရေး အားလုံး မနှစ်ကလို အဆင်ပြေမှာပေါ့နော်။

**ဘပည့်တော်**။ ။မနှစ်ကလို သားစိမ်းငါးစိမ်းမပါစေရဘဲ အလှူည့်ကျနဲ့ အနီး အပါး ရွာများက ဆွမ်းကပ်ကြလို့ အဆင်ပြေပါတယ်၊ ဒီနှစ်မှာတော့ "ဆင်နင်း"ဆိုတဲ့ ရွာကလဲ လာပြီးဆွမ်းကပ်ပါတယ်။

**ဓမ္မဂုတ်**။ ။စေတီတော်ကြီးနဲ့ သိမ်တော်ကို ဖူးမျှော်ရတော့ အလှူ့ရှင်များက ကျေနပ်ပုံ ရကြရဲ့လား။

**တပည့်တော်**။ ။ကျေနပ်ကြပါတယ်, စေတီတော်က ရန်ကုန် (ရွှေတိဂုံ) ပုံတော်ဖြစ်တော့ အနီးအပါးရွာများကလဲ စိတ်ဝင်စားပြီး လာရောက် ဖူးမြော်ကြပါတယ်၊ စေတီတော်ကြီးကို ပြင်လိုက်သည့်အတွက် ကြပ်မပြီး ပြုပြင်တဲ့ ဦးကောဏ္ဍညာဘိဝံသက တံတိုင်းတွေပါ ပြုပြင်စေလို့ စေတီ တော်, သိမ်တော်များရဲ့ ပတ်ဝန်းကျင်နဲ့တကွ ဇေတီလှကြီး တဝိုင်းလုံး သာယာနေပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။"မောင်ရင်စျာန်ရ" စေတီတော်ကလေးနေရာကိုတော့ မပြင်ကြ ဘူးလား။

**တပည့်တော်**။ ။"မောင်ရင်စျာန်ရ" စေတီတော်ကလေးနေရာကိုလဲ ရပ်ရွာ ဒကာများက အသစ်တည်ပြီး ရွာလူကြီး "ဒကာထွေးသိမ်း" က စေတီ တော်ကလေးကို ကျောက်ကွန်ကရစ်အမိုးနဲ့ အတိုင်အကာများဖြင့် ပူဇော် ထားလို့ အလွန်ကြည်ညိုဘွယ် ဖြစ်နေပါပြီဘုရား။

**ဓမ္မဂုတ်**။ ။အဲဒီ "မောင်ရင်စျာန်ရ" ရဲ့ အကြောင်းတော့ ဘာမျှ ခြေခြေ မြစ်မြစ် မသိရဘူးလား။

**တပည့်တော်**။ ။ဒီတခေါက်တော့ ဖိုဝန်းတောင်သမိုင်း သဲလွန်စရလို့ သိရ ပါပြီဘုရား၊ "မောင်ရင်စျာန်ရ"ဆိုတာ ပုဂံရာဇဝင်ထဲမှာလဲ ပါပါတယ်၊ ဖိုဝန်းတောင်သမိုင်းမှာတော့ သာ၍သေချာပါတယ်၊ မူလက ဟန်လင်း (ဟလင်း) မြို့က မင်းမျိုးဖြစ်ပါသတဲ့၊ နောက်တော့ သရိုင်ရွာမှာနေဟန် တူပါတယ်၊ နောက်ဆုံးမင်းဖြစ်သူမှာ ထိုမောင်ရင်ရဲ့ ဘထွေးတော်စပ်၍ မယ်တော်နဲ့ ဖေါက်ပြန်တယ်ကြားတော့ စျာန်ဖြင့်သွားပြီး တရားဟော ပါသေးသတဲ့။

**ဓမ္မဂုတ်**။ ။ထို "မောင်ရင်စျာန်ရ" နေသွားတဲ့နေရာ အတွက်တော့ ဘာမျှ အစွန်းအစ မသိရဘူးလား။

**တပည့်တော်။** ။ယခုတခေါက် သရိုင်ရောက်မှ သိခဲ့ရတာရှိပါတယ်၊ သရိုင်ရွာက ဒကာမများ ဘုရားဖူးသွားကြတော့ ရထားပေါ်မှာ တွေ့ခဲ့ရတဲ့ ဒကာကြီးတယောက်က "သရိုင်ရွာက"ဆိုတာ စကားစပ်မိလို့ "အမိတို့ရွာမှာ တန်ခိုးကြီးတဲ့ဘုရား မရှိဘူးလား"လို့ မေးပါသတဲ့၊ ဘုရားအများရဲ့ နာမည်တော်ကို ပြောတဲ့အခါ "ရွှေညောင်ရွာစေတီတော်" ဆိုတဲ့ နာမည်ရောက်တော့"အဲဒီစေတီတော်ရဲ့ တံတိုင်းအတွင်းမှာ အုဋ္ဌခံုရှိလိမ့်မယ်၊ အဲဒီအုဋ္ဌခံုဟာ မောင်ရင်ဈာန်ရ ဈာန်ကြွတဲ့နေရာနဲ့ ကောင်းကင်မှ ဆင်းတဲ့နေရာဘဲ"လို့ ပြောပြီး "တူမကြီးတို့ရွာကတော့ မတိမ်ကောနိုင်ပါဘူး"လို့ ပြောလိုက်ပါသတဲ့၊ ထိုအုဋ္ဌခံုကလဲ ယခုအထိ ရှိပါသေးတယ်။

**ဓမ္မဂုတ်။** ။ဒီတခေါက် သံဃာများနဲ့ သွားတော့ အယင်တခေါက်က ရောက်ပြီး ရွာများအပြင် ဘယ်ရွာများ ရောက်သေးတုန်း။

**တပည့်တော်။** ။သီတင်းကျွတ်လ အပင့်လာကြတုန်းကပင် တန်ဆောင်မုန်းလပြည့်ကျော်ယင် နှဲနဲအေးတော့မှာမို့ ဒီတခေါက်တော့ သံဃာများကို ဟန်လင်း (ဟလင်း) မြို့ဟောင်းမှာရှိတဲ့ ရေပူတွင်းကို ပို့ပေးရဦးမယ်လို့ ပြောလိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ရေပူတွင်းက အတော်ကို ပူသလား။

**တပည့်တော်။** ။ပူပါတယ်"ကြက်ဥ ကျက်လောက်အောင်ပူတယ်"လို့ ပြောကြပါတယ်၊ ခပ်လှမ်းလှမ်းမှာရှိတဲ့ ရေတွင်းတွေကတော့ ရိုးရိုး ရေအေးတွင်းတွေပါဘဲ။

**ဓမ္မဂုတ်။** ။ဘာပြုလို့ အဲဒီတွင်းရေကျမှ ထူးပြီး ပူရတာတုန်း။

**တပည့်တော်။** ။လောကဓာတ်ဆရာတွေက "ကန့်ဓာတ်များသောကြောင့် ပူတယ်"လို့ ယူဆကြပါသတဲ့၊ တပည့်တော်တို့ကျမ်းစာ စတုတ္ထပါရာဇိကပါဠိတော်မှာ ရာဇဂြိုဟ်မြို့၏ အနီးဝယ် "တပေါဒါ"ဆိုတဲ့ ရေအိုင်ရှိပါတယ်၊ (ဝေဘာရတောင်) လို့ ခေါ်ရသော တောင်ရဲ့အောက် မြေအတွင်း၌ နဂါးတို့နေရာမှာ အလွန်ကြည်လင်အေးမြသော ရေအိုင်လဲ ရှိပါတယ်၊ ထိုရေအိုင်တခုမှ အထက်သို့တက်လာသောရေသည် လောဟကုမ္ဘိငရဲ နှစ်လုံးတို့၏အကြားမှ ဖြတ်သန်းစီးခဲ့ရသောကြောင့် မြေပြင်သို့ ရောက်သောအခါ "အလွန်ပူသော တပေါဒါရေအိုင် ဖြစ်ရတယ်" လို့ ဘုရားဟောရှိပါတယ်။

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင် ဟန်လင်းကြီးက "ရေပူအိုင်–ရေပူတွင်းကလဲ ဒီသဘောဘဲ"လို့ ဆိုလိုသလား။

**တပည့်တော်**။ ။ဒီသဘောဘဲထင်လို့ ပါလာသော ကိုယ်တော်များကို ထိုရေပူတွင်းရဲ့ပူပုံကိုဆင်ခြင်ပြီး ဇရဲကိုသတိရအောင် ပို့လိုတာဖြစ်ပါတယ်။

**ခမ္မဂုတ်**။ ။လောကဓာတ်ဆရာတို့ အလိုအားဖြင့် ကန့်ဓာတ်များလို့ ပူတာမှန်ယင် ကိုယ်တော့် အယူအဆ ဘယ့်နှယ်မှန်ပါ့မလဲ။

**တပည့်တော်**။ ။ဒီလိုဖြစ်ယင် တပည့်တော်တို့ အယူအဆကို "မှားတယ်"လို့ ဝန်ခံရမှာပေါ့၊ ကန့်ဓာတ်များလို့ ပူတယ်ဆိုတဲ့ ဆရာတို့ အလိုအတိုင်း မှန်လိမ့်မယ်လို့ထင်ယင် ရေအေးတွင်းတခုထဲကို ကန့်တွေ အများကြီးထည့်ပြီး ပူ–မပူ စမ်းကြည့်နိုင်သားဘဲ။

**ခမ္မဂုတ်**။ ။ကိုယ်တော့်သံဃာများ ရေပူရေကို ချိုးခဲ့ကြရဲ့လား။

**တပည့်တော်**။ ။မချိုးခဲ့ကြရပါဘူး ဘုရား, သရိုင်ရွာနဲ့ ဟန်လင်းက နဲနဲဝေးပါတယ်, ကုန်းလမ်းကလဲ လယ်တွေကြားက သွားရမှာမို့ လမ်းမကောင်းပါဘူး, ညောင်ပင်တွင်းက လှေနဲ့ပို့ကြရပါတယ်၊ ဒါကြောင့် သရိုင်က နံနက်အရုဏ်ဆွမ်း စားပြီးပြီးချင်း သွားတာတောင် ဟန်လင်းသို့ နေ့ဆွမ်းစားခါနီးမှ ရောက်ပါတယ်။

**ခမ္မဂုတ်**။ ။ရောက်ရောက်ချင်း ဆွမ်းစားကြရော့လား, ဘယ်လို ဆွမ်းကပ်ကြတုန်း။

**တပည့်တော်**။ ။တပည့်တော်ရဲ့သံဃာများ လာမယ်ကြားလို့ တပည့်တော်ရဲ့ ညီတဝမ်းကွဲတော်သူက သံဃာအားလုံး ဆွမ်းကပ်ဘို့ စီစဉ်ပါတယ်၊ ဒီအကြောင်းကို ရွာလူကြီး (ဦးအို) ဆိုသူက ကြားပြန်တော့ သူကလဲ ကပ်ပါရစေလို့ ခွင့်တောင်းပါသတဲ့။

**ခမ္မဂုတ်**။ ။ဒီလိုဆိုတော့ (၂)ရက် နေရမှာပေါ့နော်။

**တပည့်တော်**။ ။ညီကလဲ ခွဲမပေးနိုင်ကြောင်းကိုပြောတော့ တပည့်တော်တို့ ဝက်လက်ရောက်ယင်ပင် သူတို့ရောက်လာပြီး အကျိုးအကြောင်းလျှောက်ကြပါတယ်၊ ဒီတော့ တပည့်တော်က(၂)ရက်လဲ မနေနိုင်ပါ၊ ညီဖြစ်သူက

တဝက်ခွဲပြီး ဒကာကြီး(ဦးအို)ကို ပေးဘို့ရန် မေတ္တာရပ်ခံလို့ ကျေနပ် သွားကြပါတယ်။

**ဓမ္မဂုတ်။** ။ဆွမ်းစားခါနီးမှရောက်ယင် ဆွမ်းစားပြီးတဲ့အခါ ရေမချိုးနိုင်ဘူးလား။

**တပည့်တော်။** ။ရေပူတွင်းဆိုတာ ဆောင်းအခါမှာသာ စောစောချိုးရမှ ကောင်းတာဘုရား, ဆွမ်းစားပြီးတော့မှ ရေချိုးလဲ မကောင်းတော့ဘူး၊ ဆွမ်းမကပ်ရတဲ့ လူအများကလဲ နောက်ရက် ဆွမ်းမကပ်ရယင်''ဆွမ်းဆန်စိမ်း လောင်းပါရစေ''လို့ လျှောက်ကြတော့ နေ့ဆွမ်းစားပြီး မကြာခင် ကပ္ပိယကိုယ်စီလိုက်ပြီး ဆွမ်းဆန်စိမ်း ခံကြရပါသတဲ့၊ ဆွမ်းဆန်စိမ်းခံပြီး တော့လဲ အပြန်မှာ ဆားတောင်ကြီးရွာကဝင်ဘို့လျှောက်လို့ ဆားတောင် ကြီးရွာ ဝင်ဘို့ကိစ္စ ထိုညနေမှာပင် ညောင်ပင်တွင်းနဲ့ စမ္ဗန်းရွာတို့ သံဃာခွဲပြီး ပရိတ်ချတ်ဘို့ကိစ္စက စီစဉ်ပြီးဖြစ်နေလို့ ချက်ခြင်းပင် ပြန်ခဲ့ ကြရပါတယ်၊ (လိုက်ပါသွားကြသော ရှင်ကုန်က ဒကာ-- ဒကာမများ ကတော့ ရေပူ ချိုးခဲ့ကြရပါရဲ့။)

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ကို ရွာခံသံဃာများကရော ဒကာ-ဒကာမများကပါ ဒီလို ကျေနပ်ကြ-ကြည်ညိုကြယင် နောက်တခေါက် သွားတဲ့အခါ သံဃာ များများနဲ့ ရက်ကြာကြာနေဘို့ မကောင်းဘူးလား။

**တပည့်တော်။** ။နောက်တခါသွားခွင့်ကြုံယင် သံဃာ(၂၀၀)လောက်သာဘို့ နဲ့,, ဟန်လင်းမြို့မှာ သီးခြား တညအိပ်ဘို့ကောင်းတယ်လို့တော့ စိတ်ကူး ခဲ့ပါတယ်, ရက်ကြာကြာနေဘို့တော့ ဖြစ်ဘို့ခဲယဉ်းပါရဲ့၊ ကျောင်းတိုက် မှာလဲ ကိစ္စ အသစ်အသစ်က ရှိနေတာလဲ ပါတယ်၊ ယခုပြန်ပြီးနောက် (၈)ရက်နေ့မှာပင် ကျောင်းရေစက်ချ ရှိနေပါတယ်။

**ဓမ္မဂုတ်။** ။သရိုင်မှ ပြန်တဲ့အခါ ရွှေးနှစ်တုန်းကလို ဝက်လက်ပြန်ပြီး ညအိပ် ကြသလား။

**တပည့်တော်။** ။ဝက်လက်ပြန်ပြီး ညအိပ်ကြဘို့ အစီအစဉ် လုပ်ပါတယ်၊ ဒါပေမဲ့ ဝက်လက်အိပ်ဘို့ညမှာ မင်းရွာနဲ့ ကျည်းပင်ကန်ရွာတို့က ပရိတ် နာလိုပါတယ်လို့ လျှောက်ကြလို့,, ထိုနှစ်ရွာသို့ သံဃာ (၅၀)စီခွဲပြီး သွားကြရပါတယ်၊ ကျည်းပင်ကန်ဆိုတာ ဝက်လက်ရဲ့မြောက်ဘက် ကျပါ

တယ်၊ဘုန်းတော်ကြီးကိုယ်တိုင် သရိုင်လာပြီးပင့်လို့ မလိုက်ယင်မကောင်းတာကြောင့် လိုက်ကြရပါတယ်၊ ဒါ့ကြောင့် ဝက်လက် ဘုရားကြီးကျောင်းတိုက်၌ တပည့်တော်နဲ့ သံဃာ(၅၀)သာ အိပ်ကြရပါတယ်။

**ခမ္မဂုတ်။** ။သရိုင်က ဝက်လက်အပြန်မှာ မန္တစ်ကလို လှေတွေနဲ့ဘဲလား။

**တပည့်တော်။** ။အင်းကိုကူးတဲ့အခါတော့ မန္တစ်ကလို လှေတွေနဲ့ပါဘဲ၊ ဒါပေမဲ့ ညောင်ပင်တွင်းမှာ ပရိုတ်ရွတ်ပြီး ဖြစ်လို့ ညောင်ပင်တွင်းကို မဝင်ရတော့ပါဘူး။

**ဓမ္မဂုတ်။** ။ကိုယ်တော်လဲ မန္တစ်ကလို သရိုင်က အင်းဆိပ်အထိ ခြေလျင်ဘဲလား။

**တပည့်တော်။** ။အလာတုန်းက ဝက်လက်မှ မြင်တော်အထိ ခြေလျင်လာခဲ့ရတဲ့အတွက် ပင်ပန်းတာကိုသိလို့ ဘမ်းစင်နဲ့ထမ်းကြဘို့ လျှောက်ကြပါတယ်၊ ထမ်းစင်စီးလောက်အောင် မအိုသေးပါဘူး ပြောတော့ လယ်ထွန်စက်နောက်က (ထရေလာဆိုလား) အဲဒီဟာနဲ့ကြွဘို့ နံနက်စောစောကဘဲ ရောက်လာပါတယ်၊ ဒါကို တချို့က မကျေနပ်လို့ ဝက်လက်သွားပြီး လမ်းပြေးကားကြီးကို (ကားပိုင်ရှင်ကျေနပ်အောင် ငွေပေးပြီး) ဟူလာကြပါတယ်၊ ဒါ့ကြောင့် ငယ်တဲ့ကိုယ်တော်တွေက ထရေလာနဲ့ တပည့်တော်နဲ့ ခပ်ကြီးကြီးကိုယ်တော်များက လမ်းပြေးကားနဲ့ ကားမဆန့်လို့ မစီးရတဲ့ ကိုယ်တော်များက ခြေလျင်တချို့ အင်းရေပြင်ကတချို့ ဝက်လက်သို့ လာခဲ့ကြပါတယ်၊တပည့်တော်လဲ လှေနဲ့သွားဖြစ်တဲ့နေရာမှာ လှေပေါ်စီးပြီး လှေလမ်းဆုံးမှ ကားပေါ်တက်စီးပြီး ဝက်လက်သို့ လာခဲ့ပါတယ်၊ ဝက်လက်ရောက်မှ သံဃာငါးဆယ်ကို ကျည်းပင်ကန်က လာပင့်ပါတယ်။

**ဓမ္မဂုတ်။** ။ဝက်လက်မှာတော့ ပရိတ်မရွတ်တော့ဘူးလား။

**တပည့်တော်။** ။မန္တစ်ကလိုဘဲ ပရိတ်ရွတ်ကြပါတယ်၊ တရားလဲ ဟောပါသေးတယ်၊ ဒါပေမဲ့ သံဃာနဲနေလို့ နံနက် ယာဂု- ဆန်ပြုတ်ကပ်သူတို့ကတော့ အားရကြဟန် မတူပါဘူး။

**ဓမ္မဂုတ်။** ။အပြန်အစီအစဉ်တော့ မန္တစ်ကထက် ဘာထူးသေးတုန်း။

**တပည့်တော်။** ။သိပ်မထူးပါဘူး, သံဃာများသည့်အတွက် မန္တစ်က ကား ၃ စီးနဲ့ ပြီးသော်လဲ ဒီနှစ်တော့ ကျောင်းဒကာ ဥုးဘသန်း, တူမ ဒကာမ မသန်းရှင်တို့ရဲ့ ရန်အောင်မန်းကားကြီး သုံးစီး, တူ ခမောင်သန်းမြင့်တို့က

ကားကြီးတစီး, စုစုပေါင်း ကားကြီးလေးစီးဖြင့် ပြန်ရပါတယ်၊ တပည့်တော်တို့တော့ ကျောင်းဒကာကို့ ကျောင်းအမ မသိန်းတို့က လင့်ရှိဗာကားတစီး လွှတ်ပေးပါတယ်။

**ခမ္မဂုတ်။** ။ဝက်လက်မှ ဘယ်အချိန်လောက် ပြန်ခဲ့ကြသလဲ။

**တပည့်တော်။** ။(၁၂)နာရီခွဲလောက် ပြန်ခဲ့ကြပါဘယ်၊ ပြန်ခါနီး၌ ဝက်လက်ဒကာ-ဒကာမများက ဘီလပ်ရည်ကပ်ဘို့ ရောက်လာကြလို့ ဒီအချိန်က ဆာတဲ့အချိန် မဟုတ်သေးဘူး၊ ဒါ့ကြောင့် မသောက်ကောင်းပါဘူးလို့ ပြောတော့ "သောက်ကောင်းတဲ့အချိန်ကျမှ သောက်ကြပါ, ပုလင်းတွေကို တောင်မြို့ကျောင်းတိုက်လိုက်ပြီး ယူပါ့မယ်"လို့ လျှောက်ကြသောကြောင့် တောင်မြို့ထိအောင် ယူခဲ့ရပါတယ်၊ လမ်းမှာလဲ ရွာသားကြီးက ဖျော်ရည်ကပ်လို့ အဲဒီ ဘီလပ်ရည်ကို မသောက်ကြရပါဘူး၊ တောင်မြို့ရောက်တော့လဲ အားလုံး သံဃာများကို ခွင့်ပန်ပြီး နောက်တရက်ညနေမှ ကျန်ရစ်တဲ့ သံဃာများကို ကပ်စေရပါတယ်။

**ခမ္မဂုတ်။** ။ကျောင်းတိုက်ပြန်ရောက်ပြီးနောက် ဘာများ အထူးအစီအစဉ် လုပ်သေးတုန်း။

**တပည့်တော်။** ။ ဝါတွင်းကပင် နံနက်တိုင်း ဩဝါဒပေးတဲ့အခါ ပဋိပတ်ဘက်က အလုပ်လုပ်တဲ့အချိန် များမှတော်မည်၊ ပရိယတ်ချည်း ကြိုးစားလာကြတာ စိတ်အနေ ဘာမှ ထူးထူးခြားခြား ကောင်းမလာဘူး၊ သီလအကျင့် မပါတဲ့ ပရိယတ် စာသင်နည်းကိုတော့ ဒီကျောင်းတိုက်မှာ ဘယ်နည်းနဲ့မှ လက်မခံထိုက်ဘူးလို့ မကြာမကြာ သတိပေးထားပါတယ်၊ ဝါကျွတ်ခါနီးတော့ ဝါကျွတ်ပြီးယင် စည်းကမ်းပြင်ရလိမ့်မယ်၊ မနေနိုင်တဲ့ ကိုယ်တော်များ ရွှေ့ကြ-ပြောင်းကြဘို့ သတိပေးထားပါတယ်။

**ခမ္မဂုတ်။** ။အဲဒီလို သတိပေးတဲ့အတိုင်း နေထိုင်ကြဘို့ ဘယ်လိုစီစဉ်သလဲ။

**တပည့်တော်။** ။ဤကျောင်းတိုက်၌ ကျောင်းသစ်ခတွလဲ ဆောက်နေတုန်းမှာ အရပ်ရပ်က တိုက်ရှိသံဃာကုန် ဆွမ်းကျွေးတွေကလဲ မကြာမကြာ လာကြပုံကိုရှင်း, သရိုင်သွားတဲ့အခါ မန္တစ်ကထက် ယခုနှစ်မှာ ပိုပြီး ဂရုစိုက်တဲ့ ရွာတွေ များလာပုံကိုရှင်း, ညွှန်ပြပြီး သံဃာများက ကိုယ်ကျင့်သီလနဲ့နေယင်....



၅၀၀ ( ငါးရာ ) ကျော် တပည့်သံဃာတော်များအား နေ့စဉ်နံက်တိုင်း ဩဝါဒပေးတော်မူနေပုံ။

(၁) မိမိတို့အတွက် ဒုတိယဘဝမှာပင် ဂတိကောင်းဘို့ စိတ်မချရပုံကို ကျမ်းဂန်မှာ ပါသော ဝတ္ထုများအရရင်း, ပြန်တော်မူပြီးနောက် တဏှာ–ပြိတ္တာဘဝဖြင့် ချောက်လှန့်ပုံ ပူး၍ပြောကြပုံကို လက်တွေ့ ညွှန်ပြ၍ရင်း, ယခုဘဝမှာ ဆရာတော် အခေါ်ခံနေသော်လဲ သေတဲ့အခါ တဏှာ–ပြိတ္တာ ဖြစ်ရပုံ, လူ့ဝင်စားဖြစ်သော်လဲ အမိဆင်းရဲဝမ်း၌ဝင်စားရပုံကို လက်တွေ့ ညွှန်ပြ၍ရင်း, မိမိတို့က သီလ–သမာဓိ–ပညာ နဲ့နေယင် ကျောင်းဒကာ–ကျောင်းအမ ဆွမ်းဒကာ–ဆွမ်းအမတို့မှာ အကျိုးရနဲ့ပုံကိုပြောပြ၍ရင်း, မိမိတို့အတွက် စာတတ်ဘို့ထက် သီလစင်ကြယ်ဘို့ သမာဓိရဘို့ အရေးကြီးကြောင်းကို ပြောပြရပါတယ်ဘုရား။

(၂) ထို့အပြင် ယခုအခါ စာသင်ကြပုံကလဲ စာတတ်ဘို့ထက် စာမေးပွဲအောင်ဘို့ကို ပဓာနထား၍ သင်ကြပုံကိုရင်း, စာမေးပွဲအောင်လိုတဲ့ဆန္ဒမှာလဲ ဂုဏ်ရမှု လာဘ်ရမှုကို ရည်ရွယ်သူက များနေပုံကိုရင်း, ထိုသို့ များသည့်အတွက် စာမေးပွဲတွေ အောင်သော်လဲ စာပို့ချနိုင်သူက နဲပါးပုံ, စာပို့ချနိုင်ပြန်တော့လဲ သူ့ဘို့အထံ စာတက်သူက နဲပါးပုံ, တချို့မှာ "ကုသိုလ်တပဲ ငရဲတပိဿာ" ဆိုသလို ဖြစ်နေသော ရဟန်းဘဝကို စွန့်ခွါရပုံကိုရင်း, လက်တွေ့ သာကေဖြင့် ညွှန်ပြရပါတယ်။

(၃) ဗုဒ္ဓမြတ်စွာသည် (က) ဂုဏ်လာဘ် လို၍ရင်း, (ခ) သူတပါးအပေါ် မောက်မောက်လို၍ရင်း, စာသင် စာချမှုကိုက မြွေဖမ်းပုံနဲ့တူသော စာသင် စာချနည်းလို့ ဟောတော်မူပုံကိုလဲ ထပ်ပြီး ပြောပြရပါတယ်၊ (အလဂ္ဂဒ္ဒူပမ သုတ်ကို ရည်၍ ပြောတိုင်းလိုပါယ် ပြဘို့ မြွေဆိုးကိုဖမ်းရာ၌ အဖမ်းမတတ်သူမှာ မြွေကိုက်ခံရသော စာသင်နည်းလို့ ဟောတော်မူလိုရင်း ဖြစ်၏၊ ထို့ကြောင့် ဂုဏ်လာဘ်ကို မျှော်ကိုး၍ စာသင်ယင် မြွေကိုက်ခံရသူကဲ့သို့ အပါယ်လေးပါးထိအောင် ဒုက္ခရောက်ရလိမ့်မည်လို့ ဟောတော်မူလိုရင်း ဖြစ်သည်။)

(၄) ထို့ကြောင့် ဂုဏ် လာဘ် စသည်ကို မတောင့်တဘဲ ဗုဒ္ဓမြတ်စွာရဲ့ တရားတော်ကို သိလိုသောဆန္ဒ, သိသောအခါ ကျင့်မည်ဟူသော ဆန္ဒဖြင့် သင်ခြင်းကို သံသရာဝဋ်မှ လွတ်ဘို့ကို ရည်စူးသော စာသင်နည်းလို့ ဟောတော်မူပုံကိုလဲ ပြောပြရပါတယ်။

**ဓမ္မဂုတ်**။ ။ဒီလိုဆိုတော့ မြွေဖမ်းတဲ့ စာသင်နည်းကို အမြန်ဆုံး ပယ်နိုင်လေ့ ကောင်းလေပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်ဘုရား၊ တပည့်တော်တို့နိုင်ငံမှာ မြန်မာမင်းများ လက်ထက်ကပင် "ပဌမပြန်" ခေါ် စာတော်ပြန်များကို ဂုဏ်တော်လာဘ်တော် ပေးပြီး ချီးမြှောက်ခဲ့ကြပါတယ်၊ ယခုခေတ် စာပြန်ပွဲအမျိုးမျိုး ဘွဲ့တံဆိပ် အမျိုးမျိုးဟာ မြန်မာမင်းလက်ထက်က အမွေအဆက်များ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဂုဏ်လာဘ်ကိုဘမ်းပြု၍ ကျင်းပနေကြတဲ့ စာပြန်ပွဲတွေဟာ အကောင်း နဲပါးလှပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဟုတ်ပါရဲ့၊ ကိုယ်တော် စိစစ်သလို စိစစ်ကြည့်တော့ စာပြန်ပွဲ တွေဟာ ငွေကုန် လူပန်းသလောက် အကျိုးမရဘဲ အပြစ်သာ များနေပါ ပြီကော၊ ဒီလိုဆို သာသနာပြုစာပြန်ပွဲတွေ ဟုတ်နိုင်ပါတော့မလား။

**တပည့်တော်။** ။ငွေကုန်လူပန်းသလောက် အကျိုးရ-မရတော့ အရှင်ဘုရားဘဲ စဉ်းစားကြည့်ပေါ့ဘုရား၊ အဲဒီလို စာပြန်ပွဲတွေ အောင်ပြီးတဲ့ပုဂ္ဂိုလ်က မိမိတို့ မွေးရာဇာတိပြန်ပြီး မနေလိုတော့ဘူးဘုရား၊ မိုးထိအောင် ရောမ ဘွဲ့တံဆိပ်ကြီးတွေရထားသော်လဲ မိမိတို့ရဲ့ သွေးသားကလေးများကို လူရာ ဝင်အောင် သင်ပြနိုင်တဲ့အစီအစဉ်က မပါတော့ (ပြောရမှာရှက်ပါရဲ့) လေးတန်းလောက်တောင် သင်ပြဘို့ မဆိုထားဘိ၊ တချို့များ သတ်ပုံ မှန်အောင် မရေးနိုင်ဘူးကိုယ်တော်၊ ဒါတွေကတော့ တပည့်တော် လက်တွေ့ဘဲ။

**ဓမ္မဂုတ်။** ။ဘယ်ကြည့်နေလို့ တော်တော့မှာတုန်းကိုယ်တော်။

**တပည့်တော်။** ။ ဒီတော့ တပည့်တော်တို့ရဲ့ ယခုအထိ စာသင်နည်းဟာ လောကမှာလဲ လူရာမဝင် (မွေ့ဖမ်းတဲ့) စာသင်နည်းဖြစ်လို့ နောက်ဘဝ မှာလဲ အကျိုးမပြုဘဲ တဘဝထဲ စားရ-သောက်ရရုံသာ ဖြစ်နေတဲ့အတွက် စာသင်နည်းကိုလဲ ပြင်ချင်ပါတယ်ဘုရား၊ သို့သော် ဒီကိစ္စက အစိုးရပါမှ ဖြစ်နိုင်တာမို့ တပည့်တော် တိုက်မှာ တပည့်တော်နဲ့ စာချဘုန်းကြီးများ တာဝန်ယူပြီး ပြင်နိုင်မဲ့နည်းလမ်းကိုသာ ရှာပါတော့တယ်။

**ဓမ္မဂုတ်။** ။ဘယ်လိုပြုပြင်ဘို့ စီစဉ်ပါသလဲ။

**တပည့်တော်။** ။နေ့ပိုင်းမှာ စာသင်-စာချဆိုတဲ့ ဂန္ထဓုရတာဝန်ကို ဆောင်ကြ ဘို့နဲ့ ညဉ့် ဘုရားဝတ်တက်ပြီးချိန်ကစ၍ အိပ်ဘို့ တုံးခေါက်ချိန်အထိ ဝိပဿနာဓုရတာဝန်ကို ဆောင်ကြဘို့ရန် စီစဉ်ရပါတယ်ဘုရား။

**ဓမ္မဂုတ်** ။ ။ အများစုက စာမေးပွဲအောင်ဘို့ အရေးကြီးနေတဲ့ခေတ်ကြီး ဖြစ်နေလေတော့ ကိုယ်တော့် အစီအစဉ်က ဖြစ်နိုင်ပါ့မလားကိုယ်တော်။

**တပည့်တော်**။ ။ယခုလို မိုးခါးရေသောက် ခေတ်ကြီးဆိုပြီး မပြင်ဝံ့ကြလို့ သာသနာရေး ဘာသာရေးက ရေစုံခမြာခဲ့ကြပြီ မဟုတ်လားဘုရား၊ အလှူဒါနတွေ အကုန်အကျများသလောက် ဘာသာရေး သာသနာရေး အစစ်အမှန်တွေ ကွယ်လုမတတ် ဖြစ်နေပါပြီ၊ လှူသူလဲ အကျိုးအရန် အလှူခံအများစုမှာလဲ ဂုဏ်ပကာသန လာဘ်လာဘတွေ သာယာပြီးတော့ လောဘစိတ်တွေများပြီး သေတော့ တစ္ဆေ ပြိတ္တာဘဝမှာ တွေ့နေကြရပြီ မဟုတ်လားဘုရား၊ ဒီတော့ သာသနာတော်ကြီးဟာ ဘုရားအလိုတော်ကျ ဟုတ်နိုင်ပါတော့မှာလား။

**ဓမ္မဂုတ်**။ ။ရှေးရှေး ဆရာတော်ကြီးတွေ ပြင်လို့ရမှာ မဟုတ်တော့ဘူးလို့ ယူဆတော်မူကြပြီး ကိုယ်တပါးကောင်း ကျင့်သွားကြပါလျက်, ကိုယ်တော်က လူစွမ်းကောင်းကြီးလုပ်ပြီး ပြင်မယ်ဆိုတော့ စောင့်ကြည့်ရသေးတာပေါ့နော်။

**တပည့်တော်**။ ။တပည့်တော်က အစိုးရပါတဲ့အခါ တသာသနာလုံးပြင်မယ်၊ အစိုးရမပါယင် ကိုယ့်ကျောင်းတိုက် ကိုယ်ပြင်မယ်လို့ ရည်ရွယ်တာပါဘုရား၊ အစိုးရ မပါဘဲ တသာသနာလုံးပြင်ဘို့ ကြံစည်တာ မဟုတ်ပါဘူး၊ ဒီတော့ ကိုယ့်တတိုက်တာကလေးပြင်ဘို့အတွက် လူစွမ်းကောင် လုပ်နေဘို့ မလိုပါဘူး၊ သုံးနှစ်လောက်ပြင်လိုက်ယင် ကောန်မုချ အသားကျနိုင်ပါတယ်၊ အရှင်ဘုရားလဲ ဒါလောက်တော့ စောင့်ကြည့်ပါအုံး။

**ဓမ္မဂုတ်**။ ။စောင့်ကြည့်ပါ့မယ်ကိုယ်တော် , ကိုယ်တော်ရဲ့ ရည်ရွယ်ချက်ကို ထပ်ပြီး ပြောပြစမ်းပါအုံး။

**တပည့်တော်**။ ။တပည့်တော်ရည်ရွယ်ချက်က အခြားမဟုတ်ပါဘူး, သာသနာတော်ရဲ့ မူလရည်ရွယ်ရင်းအတိုင်း ပြန်ဖြစ်ဘို့ပါဘဲ။

**ဓမ္မဂုတ်**။ ။မူလရည်ရွယ်ရင်းဆိုတာ ဘာကိုဆိုလိုသလဲ။

**တပည့်တော်**။ ။ ဗုဒ္ဓမြတ်စွာက သာသနာတော်ကို တည်ထောင်တော်မူတဲ့ ကိစ္စမှာ လူအများစုကို ကုသိုလ်ရစေဘို့ဘဲ မဟုတ်ပါလား၊ ဒါ့ကြောင့် သာသနာတော်ကိုဝင်ပြီး ရဟန်းပြုလိုယင် လူဝတ်ကြောင်များ ရိုးရိုးရ

နိုင်တဲ့ ကုသိုလ်ထက်ပိုပြီး ကုသိုလ်ရလို့တဲ့ဆန္ဒ ပြင်းပြမှ ဝင်ထိုက်ပါတယ်၊ ဒါ့ကြောင့် သာသနာတော် ဝင်သောပုဂ္ဂိုလ်မှာ ယခုဘဝပင်လျှင် ကျွတ်တမ်းဝင်နိုင်အောင် ကြိုးစားလိုသောဆန္ဒသော်လဲ ရှိရပါ့မယ်၊ သို့မဟုတ် သီလပါရမီကို မူထား၍ ပါရမီဖြည့်လိုသော ဆန္ဒသော်လဲ ရှိရပါ့မယ်၊ ထို နှစ်မျိုးတွင် တမျိုးမျိုးမှ ဆန္ဒမပြင်းထန်ယင် ရိုးရိုးလူဝတ်ကြောင် ဘဝ ဖြင့်ပင် ကုသိုလ်ရအောင် နေသင့်ပါတယ်၊ ဒီလိုဆန္ဒမရှိဘဲ ဝင်လာသူဟာ စားဝတ်နေရေးချောင်အောင် ဝင်နေသော အချောင်သမားသာ ဖြစ်စရာ ရှိပါတယ်။

**ခမ္မဂုတ်။** ။သေသေချာချာ စဉ်းစားယင်တော့ ဒီလိုဘဲ ဖြစ်စရာရှိနေတာ ပေါ့နော်။

**တပည့်တော်။** ။ဒါ့ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော်ဖြစ်လာယင် ခေတ်အလိုက် တာဝန်သုံးမျိုးတွင် တမျိုးမျိုး ထမ်းနိုင်အောင် ကြိုးစား ရပါ့မယ်။

(၁) အမျိုးက–အတ္တဟိတ ပရဟိတ နှစ်မျိုးရအောင် ကျောင်းထိုင်ဘုန်းကြီး လုပ်ပြီး သီလစင်ကြယ်စွာဖြင့် မိမိနေရာ ရပ်ရွာနယ်ပယ်၏ ကလေးများကို ခေတ်နဲ့ လျော်အောင် လူတန်းစေ့ ပညာသင်ပေးဘို့နဲ့ လူကြီးများကို ဘာသာရေးတရား နားလည်အောင် ဟောပြဘို့ တာဝန်ယူရပါ့မယ်၊ တရွာလျှင် ရွာငယ်ယင်တကျောင်းသာ, ရွာအလွန်ကြီးမှ နှစ်ကျောင်းသာ ရှိသင့်ပါတယ်။

(၂) အမျိုးက အတ္တဟိတ မိမိတပါးတည်း အကျိုးကိုသာ ပဓာနထား၍ တောကျောင်းဘုန်းကြီးအဖြစ်ဖြင့် ဘာဝနာကမ္မဋ္ဌာန်းကို အချိန်မှန်မှန် ကြိုးစားသော ပုဂ္ဂိုလ်ဖြစ်ရပါ့မယ်၊ ထိုပုဂ္ဂိုလ်မျိုးကတော့ ရပ်ရွာရဲ့ အလှူဒါနကိစ္စကို လိုက်ကိုမလိုက်ဘောဘဲ တရားအားထုတ်မှုဖြင့်သာ အချိန်ကုန် စေရပါ့မယ်၊ တပါးတည်းသာမက ဘုရားလက်ထက်တော်တုန်းကကဲ့သို့ ဆွမ်းခံရာဌာန ပြည့်စုံယင် သုံးဆယ် – ခြောက်ဆယ် စုပေါင်း၍ တော ကျောင်းမှာ နေနိုင်ကြပါတယ်၊ နံနက် ယာဂုဘုဉ်းပေး၍ အချိန်ကျယင် အားလုံး ဆွမ်းခံကြပြီး အပြန်မှာ ဆွမ်းတထပ်ဖြင့် ကိစ္စပြီးစေရပါ့မယ်၊ စာချနိုင်သော ကမ္မဋ္ဌာန်းဆရာတော်ပါယင် ဝိသုဒ္ဓိမဂ် – အထက်နိကာယ် ကြီးများကို သဒ္ဓါ- ပညာ- ဝီရိယတိုးပွားအောင် ပို့ချသင့်ပါတယ်။

အားလုံးသော တောကျောင်း ဘုန်းတော်ကြီးများ၏ ကိုယ်အနေမှာ ဣန္ဒြေခြောက်ပါးလုံး လုံခြုံနေသည့်လက္ခဏာဖြင့် လွန်စွာငြိမ်သက်သော အသွင်ကို ဆောင်နိုင်ဘို့ ကြိုးစားရပါမယ်။

နေရာကျောင်းအများလဲ ကြီးကြီးကျယ်ကျယ်မဟုတ်ဘဲ တပါးသွားယင် ပျက်ကျန်ရစ်သော်လဲ အရေးမကြီးသော ကျောင်းတိုက်, သံဃာမရှိ၍ ပျက်သော်လဲ အရေးမကြီးသော ဘုရားလက်ထက်တော်က ကျောင်းကလေးများလို, ကုန်ကျစရိတ် မများသော ကျောင်းကလေးများသာ ဖြစ်သင့်ပါတယ်။

အနီးအပါးရွာက ဒကာများ ကမ္မဋ္ဌာန်းအားထုတ်လိုယင် လိုက်ခဲ့သို့ ကျောင်းကလေးမှာ(ကပ္ပိယ)များလို အကြွင်းအကျန် သာမန်အစာမျိုးကို စား၍ နေနိုင်ယင် လက်ခံပြီး, ကောင်းကောင်းစားရမှ ဖြစ်မည်ဆိုယင် တရားယူပြီးအိမ်ပြန်၍ ကျောင်းမှာ နေ့အချိန် ခဏသာ နေသင့်ပါတယ်၊ ဒကာမများကိုတော့(မာတိကာ မာတာ)ဒကာမကြီးကဲ့သို့ တရားနည်းကို ယူပြီး အိမ်ပြန်၍, (သို့မဟုတ် ရွာအနီးစရပ်၌ အဖော်များနဲ့နေ၍) တရား အားထုတ်သင့်ပါတယ်၊ သံဃာတော်များအနီး၌ကား အားထုတ်ရိုးထုံးစံ မရှိခဲ့ပါ။

ထို တောကျောင်း၌ ကုသိုလ်ဒါန ပြုဘို့နေ့်လည်း လာကြဘို့ မလိုပါ၊ သီတင်းကျွတ် ကထိန်သော်မှလည်း ဒကာ – ဒကာမများ ( အလှူရှင် ကိုယ်တိုင်လောက်သာ)လာ၍ သင်္ကန်းကပ်လှူသင့်ပါသည်၊ တောကျောင်းသည် တောကျောင်းပီပီ အမြဲ တိတ်ဆိတ်နေသင့်ပါသည်။

ရွာကျောင်း၌ ဘုန်းတော်ကြီးမရှိသောအခါ တောကျောင်းမှ တာဝန်ဆောင်နိုင်မဲ့ ဘုန်းကြီးတပါးကို တောင်းတောင်းပန်ပန်ဖြင့် ရွာကျောင်း၌ သီတင်းသုံး၍ (အတ္တဟိတ–ပရဟိတ) တာဝန်ကိုယူဘို့ လျှောက်ထားသင့်ပါသည်၊ ထိုဘုန်းတော်ကြီးလဲ နဂိုရ်ကပင် ရွာသူ–ရွာသား လူအများ၏ လေးစားလောက်သောပုဂ္ဂိုလ် ဖြစ်သင့်ပါတယ်။

(၃) အမျိုးကတော့ သီလစင်ကြယ်စွာဖြင့် စာသင်တိုက်၌ စာပို့ချနေသော ပုဂ္ဂိုလ်ဖြစ်ရပါမယ်၊ ထို စာသင်တိုက် စာချပုဂ္ဂိုလ်ကတော့ ကျေးရွာတို့၌ ကျောင်းဘုန်းကြီး အရည်အချင်း, ကျေးရွာတောကျောင်းတို့၌ ကျောင်းဘုန်းကြီး အရည်အချင်းများကို အဆင့်ဆင့်ရပြီးပုဂ္ဂိုလ် ဖြစ်သင့်ပါတယ်။

စာသင်တိုက်တို့မှာလဲ ခေတ်နဲ့လျော်အောင် စာသင်နည်း ရှိရပါမယ်၊ မြို့ကြီးများ၌သာ မဟုတ်ဘဲ, မြို့ငယ်-ရွာကြီးတို့၌လည်း အောက်တန်း-အလယ်တန်း-အထက်တန်း စာသင်တိုက်များ အစားစားရှိသင့်ပါတယ်။

**ဓမ္မဂုတ်။** ။ ကိုယ်တော်ရဲ့ ကျောင်းတိုက်မှာ ယခုပြုပြင်ဘို့ ရည်ရွယ်တာ ဒီသုံးမျိုးသောပုဂ္ဂိုလ်များ ပေါ်ထွက်လာအောင်ရှေးရှုပြီး ပြုပြင်ဘို့လား, ကိုယ်တော်ရည်ရွယ်တဲ့အတိုင်း ဖြစ်မြောက်ယင်တော့ သာသနာတော်မှာ တရားလဲမကျင့်, စာလဲ မသင်-မချတဲ့, ဗုံမဟုတ် ပတ်မဟုတ်နဲ့ အလုပ်လက်မဲ့ကိုယ်တော်တွေ ရှိတော့မှာ မဟုတ်ဘူးနော်။

**တပည့်တော်။** ။ဟုတ်ပါတယ်, ဖြစ်နိုင်ယင် ဒီလိုပုဂ္ဂိုလ်သုံးမျိုး ပေါ်ထွက်လာအောင် ရည်ရွယ်ဘာပါ၊ သို့သော် ဒီလိုဖြစ်အောင်ဆိုတာ အစိုးရလဲ ပါမှ လွယ်ကူမှာပါ, အစိုးရ မပါသေးခင် တပည့်တော် တတ်နိုင်သမျှ ပြုပြင်ဘို့ကတော့ ဒါ့ခလောက် မကျယ်ဝန်းသေးပါဘူး, ဝိနည်းတော်ကို လေးလေးစားစားနဲ့ နေ့ (စာသင်), ည (ဘာဝနာပွား)ဘို့လောက်သာ ကြိုးစားရအုံးမှာပါ။

**ဓမ္မဂုတ်။** ။အဲဒီလောက်ဖြစ်ဘို့ကို ယခု ပြုပြင်နေပြီလား။

**တပည့်တော်။** ။ယခု ပြုပြင်နေပါပြီ၊ သံဃာ (၅၀)လောက်ကစပြီး အချိုးကျကျ ပြင်ချင်ပါတယ်, " တချို့ ကိုယ်တော်များ ခေတ္တ ပြန်ကြပါဦး, ဒီက အချိုးကျလို့ ဒီအတိုင်းနေနိုင်တယ်ဆိုမှ ပြန်လာကြပါ"လို့ ပြောပါတယ်၊ ဒါပေမဲ့ မပြန်လိုကြပါဘူး, မပြန်တော့ အားလုံးကို တရားဟောပြီး ညဥ့် စာမအံဘဲ တရားထိုင်ကြဘို့ စီစဉ်ပါတယ်၊ ကိုရင်ငယ်ကလေးများနဲ့ သူတော်များကိုတော့ ( အိပ်ချင်ယင် စောစောအိပ်နိုင်ပါတယ် )လို့ ခွင့်ပြုထားရပါတယ်။

**ဓမ္မဂုတ်။** ။" တရားထိုင် "ဆိုတာ သီလက ပဌမအဆင့်ဘဲ, သီလစင်ကြယ်အောင် ဘယ်လို စီစဉ်သလဲ။

**တပည့်တော်။** ။ ကိုယ်ပိုင် သပိတ်-သင်္ကန်း-စာအုပ် စသည်တို့ကို ဝိနည်းတော်နဲ့ မလျော်အောင် ကိုယ်တိုင် ဝယ်ထားသော ပစ္စည်းဖြစ်ယင်, ကိုယ်တိုင် အာပတ်သင့်ပါတယ်၊ ဒါ့ကြောင့် အားလုံး စွန့်ပစ်ကြပါ, ငွေကိုလဲ ကပ္ပိယ(ဖိုးသူတော်)ထံမှာ ရှိစေကာမူ အလွယ်တကူ သုံးစွဲမိစရာရှိ

သောကြောင့် ဒကာကြီး- ဒကာမကြီးတို့ထံ ဖိုးသူတော်က စာရင်းနှင့် အပ်ပါစေ့ နောက်ထပ်လဲ ကပ္ပိယထံ၌သော်မှ ငွေမရှိအောင် သန့်ရှင်းကြ ပါစေ၊ လိုအပ်သောပစ္စည်းမျ ားကို ဒကာကြီး-ဒကာမကြီး စသူတို့ လာတဲ့ အခါမှာ ကပ္ပိပါစေ၊ ဤသို့ ညွှန်ပြနေပါတယ်။

**ခမ္မဂုတ်**။ ။မကျန်းမာ၍ ဆေးလိုနေယင် ဘယ်လိုလုပ်ရမည်လဲ။

**တပည့်တော်**။ ။သာမန် မကျန်းမာသော အဖျ ား အနာလောက် အတွက် ဂိလာနကျော င်းမှာ နေရာရော ဆေးရော တော်တော် ပြည့်ပြည့်စုံစုံ ရှိပါ တယ်၊ အထူးရောဂါအတွက် အထူးဆေးလိုယင် တာဝန်ခံဘုန်းကြီးက ဒကာကြီးထံ သံဃိကငွေကို ခေတ္တ ယူစေ၍ ကပ္ပိစေနိုင်ပါတယ်၊ ပျောက် သောအခါ ထိုပုဂ္ဂိုလ်ဆိုင်ရာက ဒကာကြီးထံ အစားပေးဘို့ တာဝန်ရှိပါ တယ်၊ အကြော င်းအမျိုးမျိုးကြောင့် အစားမပေးနိုင်ယင်လဲ မတရား သုံးစွဲစေခြင်း မဟုတ်သောကြောင့် တာဝန်ခံဘုန်းကြီးက သံဃာမျ ားထံ ခွင့်ပန်ရပါ့မယ်၊ ယခုအထိတော့ ဒီတိုင်အောင် မဖြစ်သေးပါဘူး၊ ရည်ရွယ် ချက်ကိုသာ ပြောထားရပါတယ်။

**ခမ္မဂုတ်** ။ ။ သီလက အရင်းခံဖြစ်လို့ သီလစင်ကြယ်အောင် နေနိုင်ယင်ပင် သာသနာတော်အတွက် အတော်နှစ်သက်စရာကောင်းနေပါပြီကိုယ်တော်, ဒါ မဟုတ်ပေဘူးလား။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား, သီလစင်ကြယ်ယင် အလိုလို စိတ်ချမ်းသာ ပြီး နှစ်သက်မှုပီတိ, ဝမ်းမြော က်မှု ပါမောဇ္ဇ, ကိုယ်စိတ်ငြိမ်းအေးမှု ပဿဒ္ဓိ တရားတွေ နေ့ ဉ တိုးပွားစေနိုင်ပါတယ်၊ ဒီလို တရားကောင်းတွေ တိုးပွား နေတဲ့အတွက် သီလ စင်ကြယ်ရုံဖြင့်ပင် အပါယ် မကျနိုင်ပါဘူးဘုရား၊ ရဟန်းတော်များ ပြန်လွန်တော်မူတဲ့အခါ တစ္ဆေ-ပြိတ္တာ ဖြစ်နေတယ် ဆိုတာဟာ များသောအားဖြင့် သီလမစင်ကြယ်လို့ ဖြစ်ရတာပါ။

**ဓမ္မဂုတ်**။ ။တချို့ကလဲ သီလက သိပ်မပျက်ပေမဲ့ ပစ္စည်းဥစ္စာကလေးတွေ စုထ ားမိတဲ့အတွက် အဲဒီ စွဲလမ်းမှုကြောင့်လဲ တစ္ဆေ-ပြိတ္တာ ဖြစ်နိုင်တယ် မဟုတ်လား။

**တပည့်တော်**။ ။ဒါကတော့ လူဝတ်ကြောင်များ အတိုင်းပေါ့ဘုရား၊ လူဝတ် ကြောင်များလို ပစ္စည်းခင်မင်နေယင်တော့ သီလစင်ကြယ်နေရုံနဲ့ ပြိတ္တာ-

တစ္ဆေဘဝက မလွတ်နိုင်သေးပါဘူး၊ ဘာဝနာကမ္မဋ္ဌာန်းကို နေ့စဉ်မှန်မှန် ပွားစေပြီး ပစ္စည်းသာမက မိမိ ခန္ဓာကိုယ်ကိုပါ အနိစ္စ – ဒုက္ခ – အနတ္တ မှန်မှန်ရှုနိုင်မှ အရပ်ရပ် တွယ်တာတတ်သော သံယောဇဉ်က လွတ်နိုင်မှာပေါ့၊ ဒါကြောင့် စင်ကြယ်သော သီလကို အခြေခံပြီး နေ့စဉ် မှန်မှန် ဘာဝနာပွားတဲ့အလုပ်ကလဲ သူတော်ကောင်းမှန်ယင် ကေန် အားထုတ်ရမဲ့ အလုပ် ဖြစ်ပါတယ်။

ဓမ္မဂုတ်။ ။ဟုတ်ပါတယ်, သူတော်ကောင်းမှန်ယင်တော့ ကိုယ်ရဲ့ လာမဲ့ဘဝ အတွက် လမ်းမလွဲအောင် နေ့စဉ် ဘာဝနာအလုပ် ရှိရမှာပါဘဲ၊ ယခု ကိုယ်တော့်ကျောင်းမှာ တော်တော်ခရီးရောက်ကြပြီလား။

တပည့်တော်။ ။ခရီးရောက်ပြီလို့တော့ ဘယ်မှာ ဆိုနိုင်အုံးမှာလဲ ဘုရား၊ ဒါပေမဲ့ ယခုလို တဖက်တလမ်းက ဘာဝနာနဲ့ နေရတဲ့အတွက် စာ အားလုပ်ချိန် နဲသောကြောင့် ဒီအလုပ်ကို လျှော့ကာ "ပြန်ဆုတ်ထိုက် သလား" လို့ မေးတော့ "ပြန်မဆုတ်ထိုက်ပါဘူးလို့" အများက ဖြေကြ ပါတယ်၊ ဒါ့ကြောင့် ကျောင်းတိုက်တိုင်းမှာ ဆရာသမားများက ဝိနည်း စင်ကြယ်အောင် စီစဉ်ပေးပြီး, ယခုလို တိုက်တွန်းကြယင် တပည့်အများ ပင် လိုက်နာကြမည် ထင်ပါတယ်ဘုရား။

ဓမ္မဂုတ်။ ။ ဖြစ်နိုင်စရာဘဲ ကိုယ်တော်, ရဟန်း – သာမဏေ တော်တော် များများဟာ ကုသိုလ်ကိုတော့ လိုချင်ကြပါတယ်, အစီအစဉ် မရှိကြလို့ တော်သလို နေကြရရှာတာပါ။

ဘပည့်တော်။ ။ တပည့်တော်လဲ ဒီလိုဘဲ ယူဆပါတယ်, တချိန်ကယင် သာသနာတော် ဝင်ကထဲက ကုသိုလ်လိုချင်မှု၌ လူဝတ်ကြောင်ထက် ဆန္ဒ ပြင်းပြမှ သာသနာတော်ဝင်ကြဘို့ စည်းကမ်းလုပ်နိုင်ပါလိမ့်မယ်၊ ထိုအခါ အမျိုးဘာသာ— သာသနာအတွက် ကျေနပ်စရာ အချက်တွေကို မြင်ကြရ ပါလိမ့်မယ်လို့ မျှော်မှန်းမိပါတယ် ဘုရား။

ဓမ္မဂုတ်။ ။ကိုယ်တော့်ရဲ့အသက် (၇၅) နှစ် ပြည့်လုပြီနော်, ဝါတွင်းမှာ ဆွမ်းကိစ္စမှ၍ အားလုံး အဆင်ပြေကြလို့ ဝမ်းမြောက်စရာဖြစ်ပါတယ်၊ မွေးဇာတိ သချိုင်ရွာသို့ သွားခဲ့ရတာလဲ မနှင်ကထက် ပိုပြီး ဟနယ်လုံးဘ အရေးပါကြလို့ နယ်သံဃာများနဲ့ ဒကာ–ဒကာမများရော ကိုယ့်တော်ရဲ့

သံဃာများပါ သာသနာတော်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းရာရောက်လို့ ဝမ်းမြောက်စရာပါဘဲ။

ဘုရားဒကာ- ဘုရားအမများလဲ စေတီတော်ကြီးနဲ့ သိမ်တော်ကြီးကို ပြုပြင်ပြီးတာ ဖူးတွေ့ရလို့ ဝမ်းမြောက်ကြမှာပါဘဲ၊ ကိုယ်တော်ရဲ့ ကျောင်းတိုက်ကလဲ ပြုပြင်ပြီးရင်း ပြုပြင်ရင်းမို့ လာရောက်တဲ့ ရဟန်း-ရှင်လူ အများဘဲ အားရကြပါတယ်၊ ကိုယ်တော်ရဲ့ ကျန်းမာရေးကလဲ စာရေး-စာချတဲ့အပြင် ပြုပြင်စရာတွေကို ပြုပြင်ကာ စိတ်ရော ကိုယ်ပါ အနားမယူဘဲ အလုပ် လုပ်ပြနိုင်တာကိုလဲ အားရစရာပါဘဲ၊ ဒါ့ကြောင့် ဒီလို ဝမ်းမြောက်စရာ အားရစရာ များတဲ့နှစ်က နောက် တနှစ်အား ကျေးဇူးပြုဘို့ရာ နိဂုံး အုပ်ကြပါစို့နော်၊ ကဲကဲ.... ကိုယ်တော် ရွတ်နေကျ ကဗျာကလေးကို တပည့်တော် ရွတ်လိုက်ဦးမယ်။....

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက,
နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးမို့,
အသက်ပေး၍ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့,
ငါပါ အသက် ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ခုလိုတွေးလို့,
ကုသိုလ်ရေးမို့ ကြိုးစားမည်။

သာဓု သာဓု သာဓု။

## ၁၉။ ခုနစ်ဆယ့်ခြောက်နှစ် မှတ်တမ်း

**မမွှေဂုဏ်။** ။ဦးဇနကရေ....ကိုယ်တော့်အသက် ၇၆ နှစ်အတွင်း ရောက်လာပြီနော်, ရှေ့ပိုင်းမှာ ဘာများရှိသေးလဲ။

**တပည့်တော်။** ။အထူးမှတ်စရာ မရှိလှပါဘူးဘုရား, တပည့်တော်ကို တွေ့ချင်ကြလို့ လာတဲ့ဒကာ - ဒကာမတွေကတော့ ရှေးတုန်းကထက်များလို့ တခါတခါ အလုပ်ပျက်ပြီး ငြီးငွေ့စရာဖြစ်လာပါတယ်၊ ကျောင်းတိုက်မှာ ဆောက်လက်စကျောင်းများလဲ ရှေ့သီတင်းကျွတ်ပြီးကစ၍ တကျောင်းပြီး တကျောင်းပြီးလာလို့ သံဃာများနေစရာ အတော်များလာပါတယ်။

**မမွှေဂုဏ်။** ။ငါဆိုတ္ထိ အတော်နီးလာပြီနော်, ဘာစာဝါများ ပို့ချဖို့ စီစဉ်ထားပါသလဲ။

**တပည့်တော်။** ။နယုန်လပြည့်ကျော်တရက်နေ့ကစပြီး ပဋ္ဌာန်ကြိုက်ငါးကျမ်းတွင် ကထာဝတ္ထုကျမ်းကို ပါဠိတော်အဋ္ဌကထာဋီကာတွဲပြီး ပို့ချနေပါတယ်၊ ပို့ချရင်းလဲ ရေးနေရပါတယ်၊ ဝါဆိုပြီးယင် သုတ်မဟာဝဂ္ဂပါဠိတော်နဲ့ အဋ္ဌကထာကို ပို့ချဖို့ စီစဉ်ထားပါတယ်။

**မမွှေဂုဏ်။** ။ဝါဆိုသံဃာ ဘယ်လောက်ရှိသလဲ။

**တပည့်တော်။** ။ရှေ့ဝါကျွတ်လောက်ကစ၍ "စာခမေးပွဲ ဦးစားမပေးသော စာပို့ချနည်းဖြင့် စာချရ - စာသင်ရမယ်၊ ညဉ့်ဘုရားဝတ်တက်ပြီး တရားထိုင်ရမယ်" ဆိုတဲ့ စည်းကမ်းကို ပီပီသသ လိုက်နာရမည်ဖြစ်သောကြောင့် ယခုဝါဆိုချိန်မှာ သံဃာ လေးရာကျော်သာ ရှိပါတယ်ဘုရား။

**မမွှေဂုဏ်။** ။အင်း....မနှစ်ကဝါထက် ငါးဆယ်နီးနီး လျော့သွားပြီနော်, ဒီလိုဆိုယင် ကြာလေလျော့လေဖြစ်ပြီး သံဃာ နဲမသွားပေဘူးလား။

**တပည့်တော်။** ။တပည့်တော်မှာ "စာချဘုန်းကြီး, မွေ့ကထိကဘုန်းကြီး, တပည့်တော်ရဲ့တိုက်အနီးက ရိပ်သာဘုန်းကြီး, နိုင်ငံရေးဘုန်းကြီး" ဝတဲ့ ဘုန်းတော်ကြီးအမျိုးမျိုးတွေသေယင် တစ္ဆေ-ပြိတ္တာဖြစ်သူကမနဲကြောင်း ကြားနေရတဲ့အပြင် ဝါမဆိုခင် မကြာမီက သတင်းတခု ကြားရပြန်တော့ ကောင်းကောင်း မနေမှာကိုသာတွေးပြီး ရင်မအေးဘဲ ဖြစ်နေပါတယ်ဘုရား။

**ခမ္မဂုတ်။** ။ဘာအကြောင်း ကြားရပြန်လို့တုန်း။

**တပည့်တော်။** ။မြို့သာ ရဟန်းခံကိစ္စဥ သိမ်ထဲမှာ သက်တော်ကြီးဆရာတော် တပါးက " ဦးပဥ္စင်းတို့ ဝိနည်းသိက္ခာကို ရှိသေစွာဖြင့် ကောင်းကောင်း နေကြပါ၊ အမြင် - အကြားရနေသော ပိဋကတိုက်ကျောင်းဘုန်းကြီးက မြန်မာရှင်ဘုရင်လက်ထက်က ဝိနည်းမလေးစားသော (ရာဇဂုရု) တံဆိပ်ရ တချို့ပင် တစ္ဆေ - ပြိတ္တာဖြစ်နေတာကို မြင်ရတယ်" လို့ ပြောသည်ဟု သတိပေးပါသတဲ့ဘုရား။

**ခမ္မဂုတ်။** ။ဝိနည်းမလေးစားယင်တော့ ဟုတ်မှာပေါ့ကိုယ်တော်၊ (ရာဇဂုရု) ဆိုပေမဲ့ "အရှင်ဘုရား ဆန်တော်ပါဘုရား" လို့ လျှောက်ပြီးလှူတဲ့ ဒေါင်းဒင်္ဂါးငွေ တွေကို တချို့က လက်ခံသာယာနေကြလို့ " မိုးချုပ်လို့ ပြန်ချိန်တော်၊ မြလေးစွယ်တော် ပေါ်သည့်ချောင်းမှာ ဒေါင်းတွေကအော်.... ဒေါင်း အော်ယင် ကြိုသူလွတ်ပါ့ ပျိုတို့မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ချည့် လေး " လို့ ဝိနည်းလေးစားသော ဆရာတော်တပါးက ဤ လေးချိုး ကလေးကိုပင် ရေးသား၍ သတိပေးရသေးတယ် မဟုတ်လား။

**ဘပည့်တော်။** ။ကဿပဘုရားရှင်ရဲ့ သာသနာတော်နောက်ပိုင်းမှာ ရဟန်း တော်တွေ အကျင့်ပျက်လို့ အဝီစိကျပြီးမှ တပည့်တော်တို့ဘုရားလက်ထက် တော်ရောက်တဲ့အခါ ဂိဇ္ဈကုဋ်မှာ ပြိတ္တာတချို့ ဖြစ်နေကြပုံကို လက္ခဏ သံယုတ်စတုတ္ထပါရာဇိကတို့၌ ဖတ်ရသော်လဲ စွဲစွဲမြဲမြဲ သတိမထားမိပါဘူး။

ယခုတော့ မိမိလက်လှမ်းမှီသလောက် ပုဂ္ဂိုလ်တွေက တစ္ဆေ - ပြိတ္တာ ဖြစ်နေကြပုံကို နည်းအမျိုးမျိုးနဲ့ ကြားရ - သိရတဲ့အခါ ဘဝကောင်းဘို့ အတွက် လူဝတ်ကြောင်များ ငါးပါးသီလ, အာဇီဝဋ္ဌမကသီလ မပါတဲ့ ဒါနချည်းစိတ်မချရပုံ, ရဟန်းသံဃာများအတွက် ဝိနည်းကိုဂရုမစိုက်ယင် စာပေပရိယတ်က မိုးထိအောင် တတ်သော်လဲ နောက်ဘဝကောင်းဘို့ စိတ်မချရပုံ, မိမိတို့ကသီလမစင်ကြယ်ယင် ဒကာ-ဒကာမတို့ရဲ့ အလှူဒါနလဲ လယ်ယာမြေကောင်းမှာ မစိုက်ရသလိုဖြစ်သောကြောင့် အကျိုးမများပုံ အတော်စုံစုံလင်လင် တွေးမိနေတယ်။

ထို့ကြောင့် သံဃာနဲ့ရုံမက တယောက်ထဲကျန်စေကာမူ တရားကျင့်တဲ့မှု မပါသောစာသင်တိုက်ဝယ် သီလစင်ကြယ်ဘို့ ကြိုးစားမှုမရှိသော ရဟန်း သံဃာများ၏ မိမိဒကာ - ဒကာမများရဲ့ ပစ္စည်းလေးပါးကို သုံးစွဲပြီး

ဂုဏ်ရအောင် — လာဘ်ရအောင်ကြိုးစားသော စာခမ်းပွဲကို နဲနဲလေးမျှ အားမပေးလိုသောစိတ်ဆန္ဒ ဖြစ်နေပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ရဲ့ အသက်အရွယ်ကြီးပုံ၊ ဒီလိုစိတ်ဖြင့်ပုံကတော့ ကိုယ်တော့်အတွက် နှစ်သက်ကျေနပ်ဘွယ် ဖြစ်ပါဘယ်၊ ကိုယ်တော်ရည်ရွယ်သလို ကိုယ်တော့် ကျောင်းတိုက်ကစပြီး တသာသနာလုံးပြင်ဘို့ ဘိုက်တွန်းနိုင်ယင်ဖြင့် "အတိုင်းထက် အလွန် တံခွန်နဲ့ ဘုရား" ဆိုတာလို ဗုဒ္ဓဘာသာဝင်အားလုံး ကံကောင်းထောက်မတယ်လို့ ဆိုရမှာဘဲ။

**တပည့်တော်**။ ။တနိုင်ငံလုံးရဲ့ သာသနာတော်ကို ပြုပြင်ဘို့ကိစ္စမှာတော့ အစိုးရကသာ စိတ်ဝင်စားယင် နှစ်အနဲငယ်အတွင်း ရှင်းလင်းပြီးဖြစ်နိုင်ပါလိမ့်မယ်။

**ဓမ္မဂုတ်**။ ။အစိုးရကလဲ မဆူ- မပူဘဲနဲ့ ပြုပြင်နိုင်တဲ့ နည်းလမ်းကိုတွေ့ရယင် လက်ခံမှာ သေချာပါတယ်၊ ဘာပြုလို့လဲဆိုတော့.... ဘာသာရေး အပိုကုန်ကျစရိတ်က နိုင်ငံအပေါ်မှာ တာဝန်ပိုနေသလို အတုအယောင်ရဟန်းတွေကြောင့်၊ သို့မဟုတ် ရဟန်းအလုပ်ကိုမလုပ်ဘဲ လူ့အလုပ်ကိုလုပ်နေတဲ့ ရဟန်းတွေကြောင့်၊ အုပ်ချုပ်ရေးမှာလဲရှုပ်ထွေး၍ တာဝန်ပိုတာကို အစိုးရကိုယ်တွေ့ ဖြစ်နေရလို့ပါ။

**တပည့်တော်**။ ။သာသနာတော်ကို ပြုပြင်ရတဲ့အတွက် ဆူဆူပူပူနဲ့ ဒေါသတွေဖြစ်ရမဲ့နည်းမျိုးဆိုယင် တပည့်တော် မစဉ်းစားပါဘူး၊ ယခုစဉ်းစားထားတာက မည်သူမျှ ဆူပူဘို့မလိုဘဲ အားလုံးလက်ခံနိုင်မဲ့ အစီအစဉ်သာဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။ကောင်းပါတယ်ကိုယ်တော်၊ အထမြောက်ပါစေလို့လဲ ဆန္ဒပြုပါတယ်၊ ဒါထက် မြောင်းမြ ဆရာတော်ဘုရားကြီး ဒီနှစ် ဘယ်မှာဝါကပ်တော်မူမှာတဲ့လဲ။

**တပည့်တော်**။ ။ဆရာတော်ဘုရားကြီး ဒီနှစ်၁၃၁၇-ခုနှစ်ဝါဆိုလပြည့်ကျော် (၂)ရက်နေ့ နံနက်(၇)နာရီ သာသာလောက်က နှစ်ဖက်ကွဲနေတာ သို့ အများက သမုတ်ကြသော ရန်ကုန်မဟာဗောဓိကျောင်းတိုက်ကို မျှော်နှာလွှဲ၍ တပါးထဲ ကြွသွားတော်မူပါပြီဘုရား။

**ဓမ္မဂုတ်**။ ။အား....အဲဒီ ကိစ္စနဲ့ စပ်ပြီး ကိုယ်တော်ကော အလောင်းတော်ကို အဖူးမျှော် သွားသေးလား။

**တပည့်တော်။** ။တပည့်တော်သွားသော်လဲ ဆရာတော်အတွက် ထူးတော့မည် မဟုတ်တာလဲတကြောင်း, ကွဲနေသောတပည့်နှစ်ဖက်ကို စေ့စပ်ခအောင် တတ်နိုင်မည် မထင်တာလဲ တကြောင်း, အများနဲ့ အတူစား မဟုတ်ဘဲ သက်သတ်လွတ်စားနေတဲ့အတွက် ဒကာများကို တာဝန်ပိုမှာစိုးတာလဲ တကြောင်းကြောင့် အဝေးကသာ ပူဇော်ရပါတော့တယ်ဘုရား။

**ခမ္မဂုတ်။** ။ဆရာတော်ကြီးက ကိုယ်တော့်အပေါ်မှာ အလွန် ကျေးဇူးများခဲ့တယ်နော်။

**တပည့်တော်။** ။တပည့်တော်ရဲ့ ယခုအချိန်အထိ အလုပ်လုပ်နေနိုင်တာဟာ အရင်းခံကတော့ ဆရာတော်ကြီးရဲ့ စောင့်ရှောက်မှုပါဘဲဘုရား၊ အဲဒီ အကြောင်းကို ရှေ့ပိုင်းမှာ ရေးခဲ့ပါပြီ၊ ဒီလို ကျေးဇူးရှင်ဖြစ်သောကြောင့် တပည့်တော့် ကျောင်းတိုက်သို့ ဆရာတော် ကြွလာတဲ့အခါ ချမ်းသာစွာ သီတင်းသုံးဘို့ရာ ကုဋီ-ရေ အပြည့်အစုံပါသော သီးခြား နံကပ်ကျောင်းကို စီစဉ်ထားပါတယ်၊ ဆရာတော်ကြီးက အပူကြောက်လို့ တပည့်တော်နဲ့ စပ်တဲ့ မေမြို့ ဂန္ဓာရုံကျောင်းမှာလဲ ယခု ဝါတွင်း ကျောင်းသစ်ဆောက်ဘို့ စီစဉ်ပြီးပါပြီ၊ ဆရာတော်ကြီးကို နွေတုန်းက မေမြို့ကို ခေတ္တကြွဘို့ ပင့်ပါ တယ်ဘုရား၊ဒါပေမဲ့ "မိမိမရှိယင် မဖြစ်ဘူး" လို့ ယူဆတော်မူပြီး ကြွတော် မမူနိုင်ပါဘူး။

**ခမ္မဂုတ်** ။ ။ မဟာဗောဓိကျောင်းတိုက်နဲ့ စပ်ပြီးတော့ ဘာမှ အကြံညဏ် မလျှောက်ဘူးလား။

**တပည့်တော်။** ။တပည့်တော်မှာ ငယ်တပည့်ဖြစ်လို့ ဆရာတော်ကြီး စိတ်ထိ ခိုက်မဲ့ အကြံကိုလဲ မပေးရဲပါဘူး၊ ဒီမဟာဗောဓိကျောင်းတိုက်ကို လက်ခံ တဲ့အခါတုန်းက ကျွန်းကုန်းဆရာတော်လဲ ရှိပါသေးတယ်, ဆရာတော် ကြီးနဲ့ နှစ်ကိုယ်တစိတ်လိုဖြစ်နေပါတယ်, ဝါတော်လဲ တူတယ်လို့ ထင်ပါ တယ်, သက်တော်-ရှယ်တော် အတူပါဘဲ၊ မဟာဗောဓိကျောင်းကို လက်ခံ စဉ်က ဆရာတော်နှစ်ပါးလုံး အသက် (၇၀)အရွယ် ရှိနေပါပြီ။

ဒါ့ကြောင့် ကျွန်းကုန်းဆရာတော်ကြီးထံ စာရေးပြီး လျှောက်ဘူးပါ တယ်, ကျောင်းတိုက်တတိုက် အထမြောက်ဘို့အတွက် အနဲဆုံး (၁၀)နှစ် လောက် ကြိုးစားမှ အရာထင်နိုင်ပါတယ်၊ ဒါ့ကြောင့် မဟာဗောဓိ ကျောင်းကို စာသင်တိုက်ဖြစ်အောင် ကြိုးစားမည်ဆိုယင် ဆရာတော်များ

သက်တော် ( ၈၀ ) လောက်မှ အထမြောက်ပါမယ်, ဆက်လက်ပြီး ခိုင်မြဲအောင်လုပ်ဘို့ အချိန်မရှိတော့ပါ, အေးအေးဆေးဆေးနေဘို့ အရွယ်ကိုလဲ ချန်ရပါသေးတယ်၊ ဒီလို အဓိပ္ပါယ်ပါသောစာကိုရေးပြီး လျှောက်လိုက်ပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဘယ်လို စာပြန်ပါသလဲ။

**တပည့်တော်**။ ။" ကြောင့်ကြ မစိုက်ကြပါဘူး, အေးအေး နေကြပါတယ်" ဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ စာပြန်ပါတယ်, တပည့်တော်နဲ့ တွေ့တိုင်းလဲ ကျွန်းကုန်းဆရာတော်နဲ့ ဆရာတော်ကြီးကပါ"အေးအေးနေကြပါတယ်" လို့ဘဲ အမိန့်ရှိပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ကတော့ ဘယ်လိုတွေးသလဲ။

**တပည့်တော်**။ ။တပည့်တော်က တပည့်တော်ရဲ့ဂန္ဓာရုံတိုက်၌ ကြောင့်ကြစိုက်ရပုံကိုစဉ်းစားပြီး ကိုယ်ချင်းစာမိပါတယ်, အတော်ကြာတော့ ကျွန်းကုန်းဆရာတော် ပြန်လွန်တော်မူတဲ့အခါ ဆရာတော်ကြီးတပါးတည်းမှာ အကူအညီ တပည့်ကြီးကောင်းကောင်း လိုတယ်လို့သာ စဉ်းစားမိပါတယ်၊ နောင် တခြားက ဘုန်းကြီးတပါးရောက်လာလို့ အဆင်ပြေသိမ့်မယ်လို့ ယူဆထားရာမှ အဆင်မပြေကြောင်း ကြားသိရပါတော့တယ်၊ ဒီကိစ္စကို ဒီတွင်ဘဲ ရပ်ကြပါစို့ဘုရား။

**ဓမ္မဂုတ်**။ ။ဆရာတော်ကြီး ပြန်လွန်တော်မူပြီးနောက် ရန်ကုန် မဟာဗောဓိသို့ ရောက်သေးသလား။

**တပည့်တော်**။ ။ပဲခူးမှာ ရွှေကျောင်ဂိုဏ်းအစည်းအဝေးရှိလို့, ရန်ကုန်က သိမ်သမုတ်ကိစ္စ နှစ်ကိစ္စရှိတာနဲ့ တချက်ခုတ် နှစ်ချက်ပြတ်ဖြစ်အောင် ရန်ကုန်က လှည့်သွားပါတယ်၊ အဲဒီအခါ မဟာဗောဓိမှာ တဲပါတယ်။

**ဓမ္မဂုတ်**။ ။အယင် ပဲခူးအစည်းအဝေးတုန်းက မလိုက်ဘဲ ယခုအစည်းအဝေးကျမှ ဘာမျှော်လို့ လိုက်ရတာတုန်း။

**တပည့်တော်**။ ။မျှော်လို့ မဟုတ်ပါဘူး, မြောင်းမြဆရာတော် ပြန်လွန်တော်မူကတည်းက ဂိုဏ်းအတွက် ဥက္ကဋ္ဌ ( သာသနာပိုင် )တပါး လိုနေလို့ ထိုအစည်းအဝေးမှာ ဥက္ကဋ္ဌ ရွေးကြရပါလိမ့်မယ်၊ " ဒီကိစ္စအတွက် တပည့်

တော်ကို မစဉ်းစားကြပါနဲ့ ”လို့ မန္တလေးက တာဝန်ဆောင်များကို အသိပေးထားပါတယ်၊ အစည်းအဝေးကိုလဲ တပည့်တော် ( အဝေး ) လိုက်လေ့ မရှိပါဘူးလို့ ပြောတော့ အစည်းအဝေးတော့ တရက်ဖြစ်ဖြစ် ကြွပါအုံးလို့ ပြောကြလို့ တညအတွက် တရားဟောရုံ ဟောပြီး အစည်းအဝေးပြီးမဲ့ နောက်တရက်မှာ ( အစည်းအဝေးပြီးအောင် မနေဘဲ ) ရန်ကုန်မှာ ကိစ္စရှိလို့ ပြန်လာခဲ့ပါတယ်။

**ဓမ္မဂုတ်။** ။တရားဟောတော့ ဘာအကြောင်းများ ဟောခဲ့သလဲ။

**တပည့်တော်။** ။ ပဲခူး ရွှေကျင်ဂိုဏ်းကို “ တောဂိုဏ်း ” လို့ ခေါ်ပါတယ်၊ “တောဂိုဏ်း”ဆိုတာ ပဲခူးဆရာတော် ဦးသီလနဲ့အတူ တောမှာ သီတင်းသုံးကြသော ဘုန်းတော်ကြီးများကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ ဂိုဏ်းပါ၊ နောက်မှ ရွှေကျင်ဆရာတော်ကြီးရဲ့ ဂိုဏ်းနဲ့ သဘောတူလို့ ပေါင်းပြီး “ရွှေကျင်ဂိုဏ်း တောဂိုဏ်း”လို့ ခေါ်ကြတာပါ၊ ဒါ့ကြောင့် ယခုအခါမှာ သာသနာတော်၌ အကျင့်စာရိတ္တဘက်က အလွန် လျော့ကျနေပြီဖြစ်သည့်အတွက် ပဲခူးနယ်စသော အောက်ပြည် ဂိုဏ်းဝင် သံဃာတော်များက ဆရာတော် ဦးသီလနီးနီး သီလသိက္ခာကြီးဘို့ အထက်ပိုင်း ဂိုဏ်းဝင်သံဃာတော်များကလဲ ရွှေကျင်ဆရာတော်နီးနီး သီလ သိက္ခာကြီးဘို့ ကြိုးစားသင့်ပါကြောင်း လျှောက်ထားခဲ့ပါတယ်၊

**ဓမ္မဂုတ်။** ။သီလသိက္ခာလျော့ကျလို့ အပြစ်ရပုံကိုကော မဟောခဲ့ဘူးလား။

**တပည့်တော်။** ။ဟောခဲ့ပါတယ်ဘုရား, သီလသိက္ခာ မရှိကြလို့ ပြိတ္တာဘဝမှာ ယခုခေတ်ပုဂ္ဂိုလ်တချို့ တွေ့ရပုံကို လက်တွေ့ဝတ္ထုများပြ၍ လျှောက်ခဲ့တဲ့ အပြင်, အမြင် အထင်ပေါက်သော ဆရာတော်တပါးကမူ ရှင်ဘုရင်လက်ထက်က ရာဇဂုရုဆရာတော်တချို့ကိုပင် ပြိတ္တာဘဝ၌ တွေ့မြင်ရသည်ဟု ပြောကြောင်း, ယခုခေတ် အဂ္ဂမဟာပဏ္ဍိတများလဲ သီလမစင်ကြယ်ယင် ထိုရာဇဂုရုဆရာတော်များလမ်းသို့ မြန်းရဘို့ရှိကြောင်းကိုပါ လျှောက်ခဲ့ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်တရားကို ဘုန်းတော်ကြီးအများကတော့ ကျေနပ်မယ် မဟုတ်ဘူး၊ မြောက်ဟောမှ အများက ကျေနပ်တာကိုယ်တော်။

**တပည့်တော်။** ။ တပည့်တော်ကျောင်းမှာ ပြောလေ့ရှိတဲ့ စကားတရပ်က “ကိုယ့်ကိုယ်တိုင် အထင်မကြီးတဲ့အရာကို လူဒကာ-ဒကာမများ အထင်

ကြီးအောင် မပြောရ မဟောရဘူး ” လို့ တားမြစ်လေ့ရှိပါတယ် ဘုရား၊ ဒါ့ကြောင့် လူအများက အမှန်အတိုင်း နားလည်ဘို့ အရေးကြီးပါတယ်။

**ဓမ္မဂုတ်**။ ။ဒါပြင်တော့ ဘာအကြောင်းကို ဟောသေးတုန်း။

**တပည့်တော်**။ ။တရားပြီးခါနီးတော့ "ခယံ ဝိရာဂံ အမတံ ပဏီတံ" ဂါထာအတိုင်း နိဗ္ဗာန်၏အကြောင်း ဟောပါတယ်၊ အဲဒီအချိန်မှာ ပရိသတ်လဲ အလွန်ငြိမ်ပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်ဟောတဲ့ညက ပရိတ်သတ် တော်တော်များသလား။

**တပည့်တော်**။ ။ကျခတ်ဝိုင်းကျောင်းတိုက် ဓမ္မာရုံကြီးဆိုတာ သံဃာတထောင်ကို ချောင်ချောင် ဆွမ်းကပ်လို့ ဆံ့ပါသတဲ့၊ အဲဒီဓမ္မာရုံအတွင်း ပြည့်နေတဲ့အပြင် ပတ်ဝန်းကျင်မှာလဲ လူရော သံဃာတော်များပါ အတွင်းလောက်မက များတယ်လို့ ပြောကြပါတယ်၊ တရားဟောပြီး ထွက်လာတော့ လူတွေက တိုးဝှေ့ပြီး တပည့်တော်ကို ကြည့်လိုက်ကြတာ တပည့်တော်မှာ ထွက်လာယင်း မေတ္တာပို့လို့ မပြီးနိုင်အောင် ရှိရပါတယ်၊ အဲဒီကပြန်လို့ မိမိနေရာရောက်တဲ့အခါလဲ ယနေ့တိုင်အောင် မေတ္တာပို့တဲ့အခါ ပဲခူးနယ် နတ်ကြီးများနှင့်တကွ ဆရာတော် သံဃာတော် ဒကာ-ဒကာမအားလုံးကို သီးခြား နာမည်ထဲမှာထည့်၍ ပို့ရပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ကိုယ်တော့်စကားထဲမှာ "ကိုယ့်ကိုယ်တိုင် အထင်မကြီးတဲ့အရာကို လူ ဒကာ- ဒကာမများ အထင်ကြီးအောင် မပြောရ- မဟောရဘူး" လို့ ဆိုတယ်, ကိုယ်တော့်ကိုယ်တိုင်က သာသနာတော်ကိုအထင်မကြီးလို့လား။

**တပည့်တော်**။ ။ဗုဒ္ဓမြတ်စွာရဲ့ သာသနာတော်ဆိုတာ ပရိယတ် ( စာပေသင်ကြား ပို့ချမှု ) ပဋိပတ် (သီလမှစ၍ သမာဓိရအောင် ဝိပဿနာဉာဏ်မြင်အောင် ကျင့်မှု ) ပဋိဝေဓ ( မဂ်ဖိုလ်ရမှု ) ဤသုံးမျိုးကို ဆိုပါတယ်၊ ရဟန်းတော်များကိုတော့ ထိုသာသနာတော်သုံးရပ်၏ တာဝန်ကို(မကွယ်အောင် မလျော့အောင် ) ထမ်းဆောင်နေကြသည့် အတွက်ကြောင့် "သာသနာ့ဝန်ဆောင်များ" လို့ ခေါ်ပါတယ်။

**ဓမ္မဂုတ်**။ ။ဟုတ်ပါတယ်လေ, ကိုယ်တော်က အဲဒီသာသနာကို အထင်မကြီးလို့လား။

**တပည့်တော်**။ ။တပည့်တော်က သာသနာတော်ကိုတော့ သိပ်အသင်ကြီးတာဘဲ၊ သို့သော် သာသနာ့ဝန်ဆောင်များ၏ ဝန်ဆောင်ပုံကိုတော့ အားမရဘူးဘုရား။

**ဓမ္မဂုတ်**။ ။ဘာပြုလို့ ဝန်ဆောင်ပုဂ္ဂိုလ်များကို အားမရတာလဲ။

**တပည့်တော်**။ ။အရှင်ဘုရားဘဲ လေးလေးနက်နက် စဉ်းစားကြည့်ပါလား, လူတွေက ထောက်ပံ့လိုက်ကြတာ လိုတယ်ကို မရှိသလောက်ဘဲ၊ ဒါပေမဲ့ ထောက်ပံ့ပုံ နည်းမမှန်တော့ သာသနာတော်က အောက်ဆုံးဖြစ်တဲ့ သီလအကျင့်ဘက်က ပျက်စီးလိုက်တာ အတော်ကြာယင် သာသနာ အစစ်ပျောက်ပြီး အတုတွေသာ ကျန်ရစ်တော့မှာဘဲ။

**ဓမ္မဂုတ်**။ ။ အင်း.... ကိုယ်တော်ပြောတော့ တပည့်တော် စိတ်ထဲမှာလဲ နှံနံမကောင်းဖြစ်သွားတယ် ကိုယ်တော်၊ ပရိယတ် (စာပေ သင်ကြား ပို့ချမှု) မှာ ဂုဏ်ရှိဘို့ လာဘ်ရဘို့က ပဓာနဖြစ်နေတယ်၊ ပဋိပတ်ဆိုတဲ့ ကျင့်မှုမှာလဲ ဂုဏ်တွေ လာဘ်တွေ လွှမ်းမိုးပြီး တချို့နေရာမှာ သီလရော- သမာဓိရော လက်လွှတ်သလောက်ပါဘဲ၊ ဘယ့်နှယ် ကိုယ်တော်....တရားအားထုတ်တယ် ဆိုပြီး, ကဲလေ....မပြောချင်ပါဘူး။

**တပည့်တော်**။ ။မပြောတာဘဲ ကောင်းပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ပဲခူးအစည်းအဝေးမှာ ဥက္ကဋ္ဌ တင်ဖြစ်ရဲ့လား။

**တပည့်တော်**။ ။ တပည့်တော် တရားဟောတဲ့ညကပင် အရွှေ မဟာဝိသုဒ္ဓါရုံတိုက်အုပ် သက်တော်ကိုးဆယ်ကျော် ဆရာတော်ကြီးကို ဥက္ကဋ္ဌတင်ကြပါသတဲ့၊ ထို့နောက် ဒုတိယဥက္ကဋ္ဌရွေးတော့ အခြားဆရာတော်များအပြင် တပည့်တော်ကိုလဲ ထည့်ထားတယ်ကြားလို့ ပြန်နှုတ်ဘို့ (ဆိုင်ရာကို) ပြောခဲ့ပါသေးတယ်၊ ဒါပေမဲ့ အနှုတ်မခံကြပါဘူးတဲ့။

**ဓမ္မဂုတ်**။ ။ "ရန်ကုန် ကိစ္စရှိလို့" ဆိုဒါက ဘာကိစ္စလဲ, သိမ်သမုတ်ကိစ္စလား။

**တပည့်တော်**။ ။သိမ်သမုတ်ကိစ္စက ပဲခူးအစည်းအဝေးမသွားခင်ကပင် ဆောင်ရွက်ပြီးပါပြီ၊ ယခုကိစ္စကတော့ ပြန်လွန်တော်မူသော ဆရာတော်ကြီး၏ မြောင်းမြ ပဇ္ဇောဘာရုံကျောင်းတိုက်ကိစ္စနဲ့ ရန်ကုန် မဟာဗောဓိကျောင်းတိုက်ကိစ္စဖြစ်လို့ အရေးကြီးဘဲ့ကိစ္စ ဖြစ်ပါတယ်။

**စမ္မဂုဏ်**။ ။ဒီကိစ္စများကို ဘယ်လို စီစဉ်ခဲ့တုန်း။

**တပည့်တော်**။ ။ပဇ္ဇောတာရုံက ဦးဉာဏိကနဲ့ တပည့်အားလုံးက ရန်ကုန် မဟာဗောဓိ ရွှေ့ပြီး မဟာဗောဓိ စာချတုန်းကြီး ဦးကုမာရနဲ့ တပည့် အားလုံးက မြောင်းမြပဇ္ဇောတာရုံရွှေ့ဘို့ အစီအစဉ်ပါဘဲ။

**စမ္မဂုဏ်**။ ။ဘာ့ကြောင့် ဒီလိုစီစဉ်ရတာတုန်း။

**တပည့်တော်**။ ။စာချတုန်းကြီး ဦးဉာဏိကက သက္ကတ အင်္ဂလိပ်နှင့် ပိဋကပါ ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်ဖြစ်တော့ ရန်ကုန်မှာသာ အလုပ် လုပ်သင့်တယ်လို့ ယူဆပါတယ်၊ စာချတုန်းကြီး ဦးကုမာရက ထိုက်တာအုပ်ချုပ်မှုနှင့် စာချ မှု၌သာ ကျွမ်းကျင်တယ်၊ အဟော အပြော အလေ့အထ မရှိပါဘူး၊ မြောင်းမြမှာတော့ ထိုဘုန်းကြီးနဲ့ ကောင်းတူ ဆိုးဘက် စာချတုန်းကြီး ဦးဣန္ဒဝံသက ပဇ္ဇောတာရုံဘိုက်သစ်မှာရှိတော့ နှစ်ဘိုက် တတိုက်ဆိုသလို အပြန်အလှန် အကူအညီရနိုင်သောကြောင့် ဦးကုမာရက မြောင်းမြ ပဇ္ဇောတာရုံတိုက်ဟောင်းမှာ နေသင့်တယ်လို့ ယူဆပါတယ်၊ ဒါ့ကြောင့် သာ ထိုဘုန်းကြီး နှစ်ပါးလုံးရဲ့ နောင်ရေးကို ကြည့်ပြီး စီစဉ်ရခြင်း ဖြစ်ပါတယ်။

**စမ္မဂုဏ်**။ ။ဒီအစီအစဉ်ကို ထိုဘုန်းကြီးများက သဘောတူရဲ့လား။

**တပည့်တော်**။ ။တပည့်တော် သိရသလောက်တော့ ထိုဘုန်းကြီး နှစ်ပါးကလဲ သဘောတူပါတယ်၊ ထိုအခါ လပ္ပတ္တာ လေးထပ်ဆရာတော်လဲ ရှိလို့ လေးထပ်ဆရာတော်ကလဲ သဘောတူပါတယ်၊ ရန်ကုန် မဟာဗောဓိ ကျောင်းဒကာ ဦးကိုကိုလေးနဲ့ ဒကာထိန်ဝင်းတို့ကလဲ ဒီလိုဖြစ်ယင် အတိုင်းထက်အလွန် ကောင်းပါတယ်လို့ လျှောက်ကြပါဘယ်။

**စမ္မဂုဏ်**။ ။သာဓု ကိုယ်တော် သာဓု-သာဓု။

**တပည့်တော်**။ ။သုံးခွန်းပြည့်အောင် မခေါ်သေးနဲ့ ဘုရား၊ နှစ်ခွန်းလောက်နဲ့ ရပ်ထားပါအုံး၊ အလုပ်ကိစ္စဆိုတာ အားလုံးပြီးစီးမှ ချီးမွမ်းရတယ်လို့ လောကနီတိက ဆိုထားပါတယ်။

**စမ္မဂုဏ်**။ ။ဘယ်တော့မှ ပြီးမှာတုန်း။

**တပည့်တော်**။ ။ယခုအချိန်မှာ တထောင့်သုံးရာသုံးဆယ့်ခုနစ်ခု တန်ဆောင်မုန်း လကုန်ခါနီးဖြစ်လို့ စာမေးပွဲမဝင်ကြရသေးဘူး၊ အစိုးရစာမေးပွဲအတွက်

ကြိုးစားကြတုန်း ရှိသေးတယ်၊ ထိုစာမေးပွဲပြီးတော့လဲ သင်္ကြန်က တဆက်တည်းကျမှာ, အဲဒီ သင်္ကြန်ပြီးမှ အပြောင်းအရွှေ့ လုပ်ကြရပါ့မယ်၊ အားလုံးပြောင်းရွှေ့ပြီးရှိနေသားတကျဖြစ်တဲ့အခါရောက်မှ သာခုသုံးခွန်း ပြည့်အောင် ခေါ်တာပေါ့ဘုရား။

**ဓမ္မဂုတ်**။ ။ကောင်းပြီ, သာခု-သာခု (နှစ်ကြိမ်သာ ခေါ်ထားဦးမယ်နော်)။

**တပည့်တော်**။ ။ဟုတ်ပါတယ်, နှစ်ခွန်းဘဲခေါ်ပါဦး၊ ယခုခေတ်က အကောင်း လုပ်ပေမဲ့ အများက အကောင်းလို့ ယူဆချင်မှ ယူဆကြမှာပါ၊ တပည့်တော်ကတော့ ဖြစ်တာ မဖြစ်တာ မိမိဘာဝန်မဟုတ်, ဖြစ်သင့်တာကို အကြံဉာဏ်ပေးခြင်းသာ မိမိဘာဝန်လို့ ယူဆပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဦးဇနကရေ.... ယခု တပို့တွဲလပြည့်ကျော်သာပြီ, ကိုယ်တော့် အသက် ခုနစ်ဆယ့်ခြောက်နှစ် ပြည့်တော့မယ်, ကိုယ်တော့် အလုပ်များ တော်တော် အထမြောက်ရဲ့လား။

**တပည့်တော်**။ ။မှန်ပါ, အတော်တော့ အထမြောက်တယ်လို့ ဆိုရမှာဘဲ, ပို့ချနေတဲ့ စာဝါနှစ်ဝါတွင် ကထာဝတ္ထုပါဠိတော် အဋ္ဌကထာ ဋီကာ သုံးကျမ်းက တန်ခူးလ သင်္ကြန်မကျခင် ပြီးစီးစရာရှိပါတယ်၊ သုတ်မဟာဝဂ္ဂ ပါဠိတော် အဋ္ဌကထာလဲ စာလိုက်သံဃာများကို မှတ်စရာတွေ ထောက်ထောက်ပြပြီး မနေးလွန်း မမြန်လွန်း ပို့ချနေတာမို့ အများစုမှာ သဒ္ဓါ တရား တိုးတက်ကြဟန် တူပါတယ်၊ ယခု မဟာပဒါနသုတ် ရောက်တဲ့ အခါမှာ စာချတာဝန်ဆောင်များပင် လိုက်နေကြပါတယ်။

**ဓမ္မဂုတ်**။ ။အဲ.... ကောင်းတယ်ကိုယ်တော်, သကျသီဟ ဓမ္မာစရိယဖြစ်ဖြစ်, အခြား ဓမ္မာစရိယဖြစ်ဖြစ် ကိုယ်တိုင် မသွားဘူးသောလမ်းကို (အကျိုးရှိပုံ ကိုယ်တိုင် မသိဘူးတော့) ကိုယ့်တပည့်များကို လမ်းမပြဝံ့ဘူး၊ ကိုယ်တော် ကတော့ ကိုယ်တိုင် သွားဘူး - ပေါက်ဘူး - ချဘူးနေလို့ ကိုယ်တိုင်ချပြီး တပည့်များအား သဒ္ဓါတရားဖြစ်မဲ့အချက်များကို မှတ်ချက်ချပြနိုင်တာ။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား, ပြီးခဲ့တဲ့ မဟာပဒါနသုတ်မှာ "ဥဂ္ဃဋိတညူ- ဝိပဉ္စိတညူ-နေယျ-ပဒပရမ"ဟု ပုဂ္ဂိုလ်လေးမျိုး ပြတော်မူပါတယ်၊ အဲဒီ လေးမျိုးတွင် ရှေ့သုံးမျိုးက ယခုဘဝမှာပင် တရားထူး ရကြပါတယ်၊ နောက်ဆုံးတမျိုးက ဆရာကောင်းထံ နာယူမှတ်သားပြီး ကြိုးကြိုးစားစား

တရားအားထုတ်ရပါတယ်၊ သို့သော် တရားထူးမရဘဲ နောက်နောက်ဘဝ၌ အထုံဝါသနာပါဘို့ အကျိုးသာ ရပါတယ်၊ နောက်ဘုရားနဲ့ တွေ့ယင်လဲ တရားရဘို့ လွယ်ကူပါတယ်၊ အဲဒီပုဂ္ဂိုလ်တောင်မှ ယခုခေတ်လို စာမေးပွဲတွေ အောင်ပြီး နားမည်ကြီးရုံနဲ့ ကျေနပ်တဲ့ပုဂ္ဂိုလ်မဟုတ်ဘဲ တကယ့်ကို တရားအားထုတ်ပါသေးတယ်။

ထိုသို့ အားမထုတ်တဲ့ပုဂ္ဂိုလ်ဆိုယင် နောက်ပိတ်ဆုံး ပဒပရမအဆင့် လောက်မှ မရောက်ပါဘူး၊ အဲဒီလို ထောက်ပြတဲ့အခါမှာ စာချဘုန်းကြီး တချို့က သူတို့မှတ်ထားပုံနဲ့ မတူသောကြောင့် ကျမ်းရင်းအတိုင်း သိဘို့ လိုကြောင်း သဘောပေါက်ပြီး ကိုယ်တိုင် စာလိုက်ကြတာဖြစ်ပါတယ်။

**ဓမ္မဂုတ်** ။ ။ အင်း....စာပို့ချရကျိုး နပ်လိုက်တာ ကိုယ်တော်၊ အဲဒီပုဂ္ဂိုလ် လေးမျိုးရဲ့သဘောကို ဒီမှာထည့်ရယင် မကောင်းပေဘူးလား။

**တပည့်တော်**။ ။အကျယ်ပြဘို့တော့ စိတ်မဝင်စားတဲ့သူများအတွက် ပျင်းစရာ ဖြစ်ပါလိမ့်မယ်၊ စိတ်ဝင်စားတဲ့ပုဂ္ဂိုလ်များ အကျဉ်း မှတ်သားရအောင် စာပို့ချတုန်းကရေးပေးတဲ့ လင်္ကာလေးပုဒ်ကို ထည့်သွင်းပါ့မယ်၊အကျယ် လိုချင်ယင်တော့ ထိုအဋ္ဌကထာကို ကြည့်ကြပေါ့ဘုရား။

၁။ သစ္စာလေးဝ, မြတ်ဓမ္မကို, စ၍ဟောလင့်, ဉာဏ်ကိုဖွင့်က, လွယ်သင့်ထုတ် ချောက်, တရားပေါက်မှု, ထိုသည့်သူ, တဉ္ဇူဃဋိတဉ်မှတ်။

၂။ အကျဉ်းတရား, ဟောတုံငြားက, တရားထင်ထင်, မသိမြင်ဘဲ, ချဲ့ထွင် ထပ်လှော့က်, အကျယ်ရောက်မှ, ထွင်းဖေါက်သိမှု, ထိုသည့်သူ, တဉ္ဇူ ဝိပဉ္စိမှတ်။

၃။ ဘုရားဟောဖေါ်, တရားတော်ကို, သင်သော်မယွင်း, နာယူခြင်းနှင့်, ရှင်းလင်းအောင်မေး, မြဲဆွေးနွေးလျက်, ကြံတွေးစဉ်းစား, ဘာဝနာ ပွားမှ, တရားရမှု, ထိုသည့်သူ, ခေါ်ယူ နေယျမှတ်။

၄။ ဘုရားဟောဖေါ်, တရားတော်ကို, သင်သော်မယွင်း, နာယူခြင်းနှင့်, ရှင်းလင်းအောင်မေး, မြဲဆွေးနွေး လျက်, ကြံတွေး ပို့ချ, တရားပြ၍, သီလသိက္ခာ, စင်ကြယ်စွာဖြင့်, ဘာဝနာ ကမ္မဋ္ဌာန်း, လွန်ကြိုးပမ်း လည်း, ဉာဏ်စွမ်းမပြ, တရား မရဘဲ, ဘဝနောင်ခါ, အထုံပါဘို့, ကျမ်းစာပုဒ်ပါ၌, တတ်ရုံသာမျှ, အကျိုးရ, ပဒပရမမှတ်။

**ဓမ္မဂုတ်။** ။စတုတ္ထဖြစ်တဲ့ ပဒပရမပုဂ္ဂိုလ်က ယခုကာလအများနှင့် ဆိုင်နေပါတယ်, နားလည်အောင် ရှင်းပြစမ်းပါ ကိုယ်တော်။

**တပည့်တော်။** ။ဘုရားတရားတော်ကို စာသင်သားအဖြစ်ဖြင့် သင်ယူခြင်း, သို့မဟုတ် တရားနာသူအဖြစ်ဖြင့် နာယူခြင်း, သင်အပ်ပြီး- နာယူအပ်ပြီးသောတရားကို ဆရာ့အထံ၌ အဖန်ဖန်မေးမြန်းခြင်း, ထိုတရား၏အဓိပ္ပါယ်ကို ကြံစည်ခြင်း, ဆရာလုပ်၍ ပို့ချခြင်း, သို့မဟုတ် ဟောပြခြင်း, သီလသိက္ခာ စင်ကြယ်စွာဖြင့် သမထကမ္မဋ္ဌာန်း-ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ခြင်း, ဤအားလုံးကို ပြုပါသော်လည်း ဉာဏ်၏ အစွမ်းပြသောအားဖြင့် တရားထူးကို မရနိုင်၊ နောက်နောက်ဘဝ, သို့မဟုတ် နောက်သာသနာနဲ့ ကြုံသောအခါ တရားအားထုတ်မှု အထုံပါသောကြောင့် လွယ်ကူစွာ တရားပေါက်ဘို့ အကြောင်းသာဖြစ်၏၊ ဤဘဝ အတွက်မှာ ကျမ်းစာ ပုဒ်ပါဌ်တို့ကို တတ်ရုံအထိသာ အကျိုးရှိ၏၊ ဤပုဂ္ဂိုလ်ကို "ပဒပရမပုဂ္ဂိုလ်"လို့ ခေါ်သည်။[ပဒ-ကျမ်းစာ ပုဒ်ပါဌ်တတ်ခြင်းဟူသော+ပရမ-အလွန်ဆုံး အကျိုးရှိသူ။]

**ဓမ္မဂုတ်။** ။ကိုယ်တော်ပြောတာက အတွေးနဲ့ပြောတာလား၊ လူဝတ်ကြောင်ဖြစ်ဖြစ်, ရဟန်းသာမဏေဖြစ်ဖြစ်, တရားအားမထုတ်တဲ့ပုဂ္ဂိုလ် တရားအားထုတ်သော်လဲ သီလမစင်ကြယ်တဲ့ ပုဂ္ဂိုလ်များဟာ တရားထူး မရဘူးဆိုတာတော့ ထုံးစံဖြစ်လို့ ထားလိုက်ပါတော့, ကိုယ်တော့်စကားထဲမှာ.... "သီလသိက္ခာ စင်ကြယ်စွာဖြင့် တရားအားထုတ်သော်လဲ"ဆိုတဲ့ အပိုဒ်ကို ရှင်းပြစမ်းပါ။

**တပည့်တော်။** ။ဒီနေရာကနေပြီး ရှင်းပြလို့တော့ နားလည်ဘို့ မလွယ်ဘူးဘုရား၊ သုတ်မဟာဝဂ္ဂ မဟာပဒါနသုတ်အဋ္ဌကထာ ဋီကာကို သေချာစွာ ကြည့်မှ နားလည်နိုင်မယ်။

**ဓမ္မဂုတ်။** ။အဲဒီ အဋ္ဌကထာ ဋီကာမှာ "တရားအားထုတ်တယ်"လို့ မပါဘူးဆိုပါလား။

**တပည့်တော်။** ။ထိုဘဝ၌"တရားမရနိုင်ဘူး"လို့တော့ ဆိုတယ်မဟုတ်လား။

**ဓမ္မဂုတ်။** ။ဆိုပါတယ်, ဋီကာမှာလဲ "ထိုအတ္တဘောဖြင့် မဂ်ဖိုလ်ကို မရနိုင်, အောက်ဆစ်ဆုံး ဈာန်လဲမရ, ဝိပဿနာလဲ မရနိုင်"လို့ ဆိုပါတယ်။

**တပည့်တော်**။ ။အားမထုတ်တဲ့ပုဂ္ဂိုလ် သီလမစင်ကြယ်တဲ့ ပုဂ္ဂိုလ်များအတွက် ''မရနိုင်''လို့ ဆိုဘို့ လိုသေးသလား။

**ဓမ္မဂုတ်**။ ။အား….ဟုတ်ပြီကိုယ်တော်, နေယျပုဂ္ဂိုလ်က အားလဲထုတ်တယ် တရားထူးလဲရနိုင်တယ်၊ ပဒပရမပုဂ္ဂိုလ်ကတော့ အားထုတ်ပါလျက် နေယျပုဂ္ဂိုလ်ကဲ့သို့ ''တရား မရနိုင်''လို့ ဆိုလိုတာဘဲ။

**တပည့်တော်**။ ။ ဟုတ်ပါတယ်ဘုရား, နောက်ဆုံး ပဒပရမ ပုဂ္ဂိုလ်ဟာ တရားထူး မရသောကြောင့် အကျိုးမယုတ်ပါဘူး, အနာဂတ်ကာလ၌ တရားကျင့်မှု အထုံဝါသနာပါသွားလို့ ထိုအခါ၌ ဥဂ္ဃဋိတညူ–ဝိပဉ္စိတညူ ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်ပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဒီအဓိပ္ပါယ်ကိုတော့ အဋ္ဌကထာမှာပင် ''ပဒပရမာနံ အနာဂတေ ဝါသနတ္ထာယ ဟောတိ''လို့ တိုက်ရိုက်ဆိုပေသားဘဲ. ဒီတော့ ဘာဘဲ ပြောပြော ယခုလိုဘဝမှာ သီလ စင်စင်ကြယ်ကြယ်နဲ့ တရားအားထုတ်ဘို့တော့ ရှင်သာမဏေ ရဟန်းတော်တိုင်း လိုအပ်နေတာပေါ့နော်။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား, သီလ မစင်ကြယ်ယင်၎င်း, သီလစင်ကြယ် သော်လဲ ကမ္မဋ္ဌာန်း အားမထုတ်ယင်၎င်း ( ပုဂ္ဂိုလ်လေးမျိုးတွင် ''ဒါးမ နောက်ပိတ်ခွေး''လို့ ခေါ်ရတဲ့ ) ပဒပရမပုဂ္ဂိုလ်လောက်မှ ဖြစ်တော့မည် မဟုတ်ပါဘဲ, ဗုဒ္ဓသာသနာတော်မှာ ချောင်ချောင်လည်လည် ပေါ့ပေါ့ ဆဆ နေမဲ့အစား လူဝတ်ကြောင်ဘဝဖြင့်နေရခြင်းက တွက်ခြေကိုက်ပါ တယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဘာ တွက်ခြေကိုက်သလဲကိုယ်တော်။

**တပည့်တော်**။ ။လူဝတ်ကြောင်ဆိုတာ ကိုယ့်လုပ်စာကိုယ်စားပြီး ကိုယ့်ဇနီး သားသမီးများနဲ့ အတူနေရလို့, အလုပ်အကိုင် ဆင်းရဲသော်လဲ စိတ်ပျော် နေတယ်, ဒါနလဲ ထိုက်တန်သမျှ ပြုကြပါတယ်၊ ငါးပါးသီလ လုံခြုံယင် အပါယ်လဲ မကျနိုင်ပါဘူး၊ သေယင် ဘဝကောင်းရဘို့ များပါတယ်၊ ရဟန်းဘဝဆိုတာကတော့ လူဝတ်ကြောင်များရဲ့လုပ်စာကို စား–ဝတ်– နေရလို့ သီလမစင်ကြယ်ယင် အပါယ်ကျဘို့ သေချာပါတယ်၊ ဒါ့ကြောင့် ရဟန်း–သာမဏေဘဝနဲ့ ပေါ့ပေါ့ဆဆ နေမဲ့အစား လူဝတ်ကြောင်ဘဝ ဖြင့် နေခြင်းက တွက်ခြေကိုက်တယ်လို့ ဆိုပါတယ်၊ ယောကျ်ားဖြစ်ပါ

လျက် သူများလုပ်စာကို မှီခိုပြီး(ရဟန်းကျင့်ဝတ်ကို မကျင့်ဘဲ)အချောင် စားနေခြင်းဟာလဲ ယောက်ျား မပီသရာရောက်ပါတယ်။

**ခမ္မဂုတ်**။ ။ကျမ်းစာအဘိုင်း ပဒပရမပုဂ္ဂိုလ်လောက်မျှ ဖြစ်အောင် မကျင့်နိုင်ယင် ရဟန်းဘဝနဲ့ မနေထိုက်သောကြောင့် ရဟန်းတော်အများ လူထွက်ကုန်ယင် သာသနာတော် အားမသေးပေဘူးလား။

**တပည့်တော်**။ ။ အရှင်ဘုရားက သာသနာဆိုတာ ဘုန်းတော်ကြီးများကို ဆိုလိုသလား။

**ခမ္မဂုတ်**။ ။အဲ....မှားပြီကိုယ်တော်, မှားပြီ၊ သာသနာဆိုတာ သီလ-သမာဓိ-ပညာ, (တနည်း) ပရိယတ်-ပဋိပတ်-ပဋိဝေဓတရားများ ဖြစ်ပေတယ်။

**တပည့်တော်**။ ။အဲဒီ သာသနာသုံးရပ်ကို ရဟန်းတော်စစ်စစ် ငါးပါးလောက်က အားရှိပါးရှိ ထမ်းနေယင် နောက်ထပ် သာသနာ့ဝန်ထမ်း ရဟန်းတော် ပေါင်း ထောင် သောင်းမက ပွားစေနိုင်ပါတယ်ဘုရား၊ သာသနာသုံးရပ် ဝန်ကို မထမ်းဘဲ သာသနာတော်လေးအောင် သာသနာ့ဝန်စီးတွေများ နေလို့တော့ သာသနာစည်ကားဘယ်လို့ မခေါ်ရပါဘူး။

**ခမ္မဂုတ်**။ ။ဒီလိုဆိုယင် ကိုယ်တော့်ကျောင်းတိုက်၌ သာသနာ့ဝန်ဆောင် များလာအောင် ဘယ်သို စိတ်ကူးမှာလဲ။

**တပည့်တော်**။ ။ အစီအစဉ်တော့ ရှိပါပြီဘုရား, ဒါပေမဲ့ အကောင်အထည် ဖေါ်တဲ့အခါ ဘယ်လို အသမြောက်မယ်ဆိုတာ မသိနိုင်သေးလို့ အဲဒီ အစီအစဉ်ကို မလျှောက်ပါရစေနဲ့။

**ခမ္မဂုတ်**။ ။ဘယ်တော့ စ-မယ် စိတ်ကူးတုန်း။

**တပည့်တော်**။ ။ယခုအချိန်မှစပြီး အဲဒီ အစီအစဉ်အတိုင်း နှိုးဆော်နေပါတယ် ဘုရား၊ ဘုရားဝတ်တက်အပြီး ၇ နာရီလောက်မှစ၍ ညဥ့်အခါ စာမအံရ တော့ပါဘူး၊ ညဝါဆိုဆဲ ပုဂ္ဂိုလ်များလဲ ဘုရားဝတ်မတက်ခင် ဆိုကြရပါ တယ်၊ ရပြီးစာတွေ မမေ့အောင်ပြန်ဘို့လဲ ဘုရားဝတ်မတက်ခင်သာ ပြန်ကြ ရပါတယ်၊ ဘုရားဝတ်တက်တာလဲ ၁၅ မိနစ်လောက်သာကြာပါတယ်။

**ခမ္မဂုတ်**။ ။ယခုဝါပမှာ ဒီလိုစီစဉ်ယင် ဝါတွင်းကျတော့ ဘယ်လို စီစဉ်အုံး မှာလဲ။

**တပည့်တော်**။ ။အဲဒါတော့ ယခုထက်ပို၍ ကျင့်ဘို့သိုပါတယ်၊ အစီအစဉ်တော့ တကယ်လုပ်ကြည့်မှ သိပါလိမ့်မယ်။

**ဓမ္မဂုတ်**။ ။နောက်လာမဲ့ အသစ် သံဃာများက ကိုယ်တော့် စည်းကမ်းကို လိုက်နိုင်မှာတဲ့လား၊

**တပည့်တော်**။ ။သူတို့ကို လာဘ်ခေါ် ယူဘာမှ မဟုတ်ဘဲ, စည်းကမ်းအတိုင်း တရားမကျင့်နိုင်ယင် သီလနဲ့ စပ်၍ စင်ကြယ်အောင်မနေနိုင်ယင် နဂိုရှိကပင် မလာဘဲ နေကြဘို့ပေါ့ဘုရား၊ တပည့်တော်ကတော့ ရဟန်း သာမဏေ မှန်သမျှ အညံ့ဆုံးဖြစ်တဲ့ ပဒပရမပုဂ္ဂိုလ် အဆင့်လောက် ကျင့်ကိုယ်ကျင့်မှု အပါယ်မကျဘဲ "မဂ်ဖိုလ်နိဗ္ဗာန်လမ်း သွားနေတယ်" လို့ ဆိုနိုင်ပါဘယ်၊

**ဓမ္မဂုတ်**။ ။ပဒပရမပုဂ္ဂိုလ်အကြောင်း ပြတဲ့ လင်္ကာလေးကို ထပ်ဆိုစမ်းပါအုံး ကိုယ်တော်၊ တပည့်တော် ကျောချမ်းလွန်းလို့ ။

**တပည့်တော်**။ ။ဘုရားဟောဖေါ်, တရားတော်ကို, သင်ယော်မယှဉ်း, နာယူခြင်းနှင့်, ရှင်းလင်းဖေါ်မေး, မြဲဆွေးနွေးလျက်, ကြံဖန်ပို့ချ, တရားပြ၍, သီလသိက္ခာ, စင်ကြယ်စွာဖြင့်, ဘာဝနာ ကမ္မဋ္ဌာန်း, လွန်ကြိုးပမ်းလည်း, ဉာဏ်စွမ်းမပြ, တရားမရဘဲ, ဘဝနောင်ခါ, အထုံပါဘို့, ကုမ်းစာ ပုဒ်ပါ၍, တတ်ရှိသမျှ အကျိုးရ, ပဒပရမမှတ်။

**ဓမ္မဂုတ်**။ ။ဦးဇနကရေ... ယနေ့ "တပို့တွဲလပြည့်ကျော် ၅ ရက်ဆိုတော့ ကိုယ်တော့် အသက် ခုနစ်ဆယ့်ခြောက်နှစ်" ပြည့်လုနေပြီနော်၊ ဒီအသက် ဒီအရွယ်မှာ ဒီလို အသက်တန်းကျတဲ့ အဘိဓမ္မာပါဠိတော်နဲ့ ပဋ္ဌာန်ကြိုဏ် အဋ္ဌကထာ မူလဋီကာကိုလဲ ချရင်း ရေး, သုတ်မဟာဝဂ္ဂ ပါဠိတော် အဋ္ဌကထာကိုလဲ ချရင်း ရေးတဲ့အလုပ်အပြင် တိုက်သံဃာများကို တခြားတည်း အုပ်ချုပ်၍ နံနက်ဆွမ်းလည်း ကျွေး, နေ့ဆွမ်းအတွက် အားလုံး သံဃာများဘို့ ဟင်းနှစ်ခွက်လည်း ချက်ပေးနိုင်, ညနေလဲ ထန်းလျက်ရည် ကျွေးပြီးတိုက်နိုင်သေးတယ်ဆိုတဲ့ ကိုကို ကျေနပ်ဘို့ ကောင်းလှပြီကိုယ်တော်၊ ယခုတဖန် တိုက်သံဃာများကို ပဒပရမပုဂ္ဂိုလ်အဆင့်အတန်းရောက်အောင် ပို့နိုင်ဘို့ ကြိုးစားပြန်တယ်ဆိုတော့ တိုက်သံဃာများက သူတို့အကျိုးဖြစ်သည့်အတွက် လိုက်နာချင်စရာ ကောင်းပါတယ်၊ အားလုံးလိုက်နာ၍ အနာဂတ်သာသနာအတွက် ပန်ဆောင်ကောင်းအများ ထွန်းကားပါစေ လို့ ဆုတောင်းပါတယ်ကိုယ်တော်။

**တပည့်တော်**။ ။တပည့်တော်က ဘုတပါးတို့ရဲ့ ကောင်းရာကောင်းကြောင်း ဆုတောင်းကြ၊ မေတ္တာပို့ကြတာကို သိပ်အားမကိုးပါဘူး ဘုရား၊ ကိုယ့်ကိုယ်တိုင် ကျန်းကျန်းမာမာနဲ့ အလုပ်လုပ်နိုင်ဘို့ရာ ကျန်းမာရေး ကောင်းတဲ့ အာဟာရနဲ့ ဆေးကိုသာ အားကိုးပါတယ်။

**မမြဂုတ်**။ ။ကိုယ်တော့်အယူအဆဟာ မှန်ပါတယ်၊ တချို့ကတော့ သူ့အတွက် မေတ္တာပို့ပေးပါ၊ ဆုတောင်းပေးပါလို့တောင် ပြောကြ ဆိုကြ လျှောက်တတ်ကြတယ် မဟုတ်လား။

**တပည့်တော်**။ ။အရှင်ဘုရားဘဲ စဉ်းစားပါလား၊ ဘုရားရှင်ကို သက်တော်ရာကျော်မက ရှည်အောင် ကျန်းမာအောင် လူရော-နတ်ရော-ဗြဟ္မာရော-မေတ္တာထားကြ ဆုတောင်းကြမယ် မဟုတ်လား၊ ဒါပေမဲ့ အကြောင်းအားလျော်စွာ မကျန်းမာခွင့် ကြုံတဲ့အခါ ဇီဝက သမားတော်ကိုယ်တိုင် ဆေးကပ်ရတယ် မဟုတ်လား၊ သက်တော်ရှစ်ဆယ်ပြည့်တော့လဲ ပရိနိဗ္ဗာန်စံတော်မူရတယ် မဟုတ်လားဘုရား။

**မမြဂုတ်**။ ။ဟုတ်ပါကိုယ်တော်...ဟုတ်ပါ ဟုတ်ပါ၊ ဒီလိုဆိုယင် ကိုယ်တော်ရဲ့ ၇၆ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ကို ဘာမှမလုပ်တော့ဘူးပေါ့နော်။

**တပည့်တော်**။ ။ကျောင်းအမတယောက်က မွေးနေ့အထိမ်းအမှတ်ဖြင့် တပည့်တော့်အတွက် သံဃာများကို ဆွမ်းကပ်လိုတယ်လို့ လျှောက်ပါတယ်၊ တပည့်တော်က ပြောလိုက်ပါတယ်၊ ငါ့မှာ နေ့တိုင်း ကုသိုလ်တွေ အများကြီး ရနေတယ်ဆိုတာ သင်တို့ အသိသားတဲ့ "မွေးနေ့ရောက်မှ အထူးကုသိုလ်ပြုနေတို့မလိုပါဘူး" လို့ ပြောလိုက်ပါတယ်။

**မမြဂုတ်**။ ။ဟုတ်ပါတယ်ကိုယ်တော်၊ ဒီလိုဆိုယင် ကိုယ်တော့်မွေးနေ့ အထိမ်းအမှတ်ကို ခြောက်ခြောက်သွေ့သွေ့နဲ့ (အား အား... မှားလို့ မှားလို့) အေးအေး တိတ်ဆိတ်စွာဖြင့် ပြုလုပ်ရတော့မှာပေါ့နော်။

**တပည့်တော်**။ ။ခြောက်ခြောက်သွေ့သွေ့ဆိုဆို၊ အေးအေးဆေးဆေးဆိုဆို၊ မွေးနေ့ဆိုတာ သေဘို့ရာ နှစ်တပတ် ပြည့်လာပြန်တဲ့ အထိမ်းအမှတ်ဘဲဘုရား၊ ဒါ့ကြောင့် ယနေ့မွေးနေ့မှာ နံနက်စောစောကစပြီး ကိုယ့်စိတ်ကို သတိထားပါတယ်၊ စိတ်မကောင်းဖြစ်စရာတွေတောင် ဒေါသ-ဒေါမနဿ မဖြစ်စေဘဲ မေတ္တာစိတ်ဖြစ်အောင် ကြိုးစားပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဒီလို စိတ်ကောင်း နှလုံးကောင်းထားပြီး မွေးနေ့ အထိမ်းအမှတ် လုပ်ဘယ်ဆိုတာ အမှတ်တရဖြစ်အောင် လင်္ကာကလေးတခု လုပ်ထားယင် ကောင်းမှာဘဲ ကိုယ်တော်။

**တပည့်တော်။** ။တပည့်တော်လုပ်တာထက် မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရားကြီး ရေးသားထားတဲ့ လင်္ကာကလေးကိုဘဲ မှတ်ပါတော့ဘုရား။

ဘေးပွဲကြုံ့, အေးသဲဘုန် ကိုယ်စီကုတ်ပါကို့, အားထုတ်သင့်သား၊
သို့ပါကို...ဘယ်တော့ ဘာလိုလို့, နောင်ရေးကို မျှော်ခေါ် လင့်
လို့, ဘာဝနာ သီခေါင်လှင့်တယ်....ဖျင်းဖင့် အများ။

**ဓမ္မဂုတ်။** ။အင်း....တယ်ကောင်း တယ်ကောင်း။

**တပည့်တော်။** ။ဒီလင်္ကာကလေးထက် ဗုဒ္ဓမြတ်စွာရဲ့ တရားတော်က သာပြီး သတိရစရာ ကောင်းပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ရွတ်ပါအုံးကိုယ်တော် (၇၆) နှစ်ပြည့် အထိမ်းအမှတ်ပေါ့။

ကတီဟံ စရေယျ သာမညံ, စိတ္တံ စေ န နိဝါရယေ၊
ပဒေပဒေ ဝိသီဒေယျ, သင်္ကပ္ပါနံ ဝသာနုဂေါ။

စိတ္တံ-အာရုံအများ, လှည့်လည်သွားလျက်, ကျက်စားရှိနေ့, စိတ်လေ စိတ်လွင့်ကို၊ စေ နနိဝါရယေ — သတိတရား, ကောင်းစွာထားလျက်, အကယ်၍ မတားမြစ်နိုင်ငြားအံ့၊ (ဓေ့သတိ - ကိုယ့်စိတ်ကိုပင်, အမြဲယဉ်အောင်, ဆင်ခြင်သောအား, သတိထား၍, မတားမြစ်နိုင်သည်ရှိသော်၊ ) ကတီဟံ — ဘယ်နှစ်ဘယ်လ, ဘယ်ရက်ကျမှ၊ သာမညံ-ကိလေသာခန်း, လွန်ငြိမ်းချမ်းသဖြင့်, ရဟန်းအစစ်, ဖြစ်ဘို့အကြောင်း, ကောင်းသောဘာဝနာအလုပ်ကို၊ စရေယျ-လုံ့လရင့်သန်, အသင့်မှန်အောင်, ကျင့်ကြံကြိုးကုတ်, အားထုတ်နိုင်ပါတော့အံ့နည်း၊ သင်္ကပ္ပါနံ-ကာမဗျာပါ, ဝိဟိံသာဟု, ယုတ်မာသုံးလီ, အကြံအစည်တို့၏၊ ဝသာနုဂေါ-အလိုအကြိုက်, ကိုယ့်ခရိုက်ကို, မိုက်မိုက်မှားမှား, လိုက်ဝားသည်ဖြစ်၍၊ ပဒေပဒေ—သွား ရပ် ထိုင် လျောင်း, လိုရာပြောင်း၍, အကြောင်းအားလျော်စွာ, ဣရိယာပုထ်တိုင်း၌၊ ဝိသီဒေယျ — ဘာဝနာအလုပ်, အားမထုတ်ဘဲ, ဆုတ်ကာ ဆုတ်ကာ, နစ်မြုပ်၍နေရာ သတည်း။

## ၂၀။ ခုနစ်ဆယ့်ခုနစ်နှစ် မှတ်တမ်း

**ဓမ္မဂုတ်။** ။ဦးဇနကရေ.... ကိုယ်တော့်အသက် (၇၇) နှစ်ထဲ ရောက်လာပြီ နော်၊ နှစ်ဦးမှာ ဘာများ မှတ်စရာရှိတုန်း။

**ဘပည့်တော်။** ။(၇၇)နှစ်ထဲရောက်ပြီးစ တပေါင်းလအကုန်မှာ ကထာဝတ္ထု ပါဠိတော် အဋ္ဌကထာ ဋီကာကို အပြီး ပို့ချ ရေးသားနိုင်ပါတယ် ဘုရား၊ တန်ခူးလ သင်္ကြန်မတိုင်မီ ပြီးအောင်မှန်းပြီး ကျောင်းတိုက် အတွင်းရှိ စေတီတော်ကို ရွှေသင်္ကန်း ကပ်နိုင်ပါတယ် ဘုရား။

**ဓမ္မဂုတ်။** ။သာဓုပါ ကိုယ်တော်, သာဓုပါ, သာဓုပါ။

**ဘပည့်တော်။** ။တပည့်တော်လဲ ထိုကုသိုလ် နှစ်ရပ်အတွက် အလွန် နှစ်သက်မှု ဖြစ်ပါတယ်ဘုရား၊ တချို့က ရွှေသင်္ကန်းကပ်မှုအတွက် ရွှေတွေ မိုးထဲ ပါပါသွားလို့ နဲနဲ သဒ္ဓါတွန့်ကြပါတယ် ဘုရား၊ တပည့်တော်ကတော့ ဘုရားနဲ့စပ်လာယင် ဘာတဲ့ဖြစ်ဖြစ် အမြတ်ချည်းဘဲလို့ သဘောထားပြီး ဖြစ်လို့ သဒ္ဓါတရားမတွန့်ပါဘူး၊ စိတ် အလွန်ထက်သန် ကြည်နူးပါတယ်။

**ဓမ္မဂုတ်။** ။အသက်က အတော်ကြီးလာပြီ, ကျန်းမာရေး ဘယ်လိုနေသေး သလဲ။

**ဘပည့်တော်။** ။ ကျန်းမာရေးတော့ နဲနဲ အားမရဘူးဘုရား၊ မကြာမီက ခါးနာလို့ တော်တော်ခံရပါသေးတယ်၊ ဟိုဆေး–ဒီဆေး လုပ်သော်လဲ မပျောက်ပါဘူး။

**ဓမ္မဂုတ်။** ။နောက်တော့ ဘယ်နည်းနဲ့ ပျောက်တုန်း။

**ဘပည့်တော်။** ။အနှိပ်ကျွမ်းကျင်တဲ့ဆရာကို ဒကာမကြီး ဒေါ်မြက ခေါ်လာ လို့ ထိုဆရာက ပဌမတခါနှိပ်, နောက်တရက်ခြားပြီး တခါနှိပ်တာမို့ ပျောက်ပါတယ်၊ နှိပ်ဆိုပေမဲ့ အပြင်းအထန် ကြာကြာနှိပ်တာ မဟုတ်ပါ ဘူး၊ ငါးမိနစ်လောက် အကြောပြင်ပေးတာနဲ့ ပျောက်သွားပါတယ်။

**ဓမ္မဂုတ်။** ။နာတော့ မနာဘူးလား။

**တပည့်တော် ။** ။ နှိပ်တာကတော့ မနာပါဘူး, သူ့ရဲ့ လက်သည်းတွေက ရှည်လို့ လက်သည်းအတွက်တော့ နာပါတယ်၊ အားနာလို့လဲ သူ့ကို မပြောလိုက်ပါဘူး။

**ဓမ္မဂုတ်။** ။ဆရာဝန်ကိုတော့ မပြဘူးလား။

**တပည့်တော်။** ။တပည့်တော်ကို အမြဲကြည့်တဲ့ ဆရာဝန်တောင် သူခါးနာတုန်းက အခြားဆရာဝန်ဆေးထိုးသော်လဲ မပျောက်ဘူးပြောလို့ တပည့်တော်က ပြဘို့မလိုတော့ပါဘူး။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင် ဆရာဝန်တွေ ခါးနာတဲ့အခါ ဘယ်နှယ်လုပ်ပါ့။

**တပည့်တော်။** ။ဆရာဝန်တယောက် လည်ပင်းမစောင်းနိုင်အောင် နာနေလို့ သူ့နည်းနဲ့ သူ ကုံအောင်လုပ်သော်လဲ မပျောက်လို့ ဒကာမကြီးဒေါ်မြက ထိုဆရာဝန်ကို တောင်းတောင်းပန်ပန်ခေါ်ပြီး မြန်မာ လက်နှိပ်ဆရာကို ပြပါသတဲ့၊ လက်နှိပ်ဆရာက ခဏကလေး အကြောလွဲနေတာကို တဲ့အောင် လုပ်လိုက်တော့ ချက်ခြင်း ပျောက်ပါရောတဲ့၊ ဒါနဲ့ ဒေါ်မြက ဆရာခကို သူက ပေးပြီးပါပြီပြောသော်လဲ "ကျုပ်ကလဲ ပညာကို ကန်တော့ပါရစေဦး"လို့ ပြောပြီး ငွေနှစ်ဆယ် ကန်တော့သွားသတဲ့။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတော့ မြန်မာ့နည်းတွေလဲ ခရီးရောက်သားနော်၊ မြန်မာ့နည်းတွေ ပျောက်ကွယ်မသွားအောင် ထိန်းထားဘို့လိုတယ်။

**တပည့်တော်။** ။မှန်ပါတယ်, ဟင်းထဲ၌ ဆားလေးယင် သွေးတိုးတတ်လို့ ဆားပေါ့ပေါ့ဟင်းကို စားနေရတာ ကြာပါပြီ, မကြာမီက သွေးတိုးများလာတော့ မူးပါတယ်၊ ဒေါက်တာလာပြီး သွေးတိုင်းတော့ နဲနဲများနေတယ်လို့ ဆိုပါတယ် ဒါပေမဲ့ သူ့ဆေးကို မပေးပါဘူး, တပည့်တော် စားနေကျဆေးကို စားပါလို့ပြောပါတယ်၊ တပည့်တော်လဲ စားနေကျ ကေရာဇ်မြစ်ကို မန်ကျီးစေ့သာသာလောက် သွေးသောက်ပါတယ်၊ ပဌမ ၂ ရက်လောက်တုန်းက အခြားဆေးတမျိုးလဲ သုံးနေလို့ သွေးမကျပါဘူး, ထိုဆေးကိုဖယ်ပြီး ကေရာဇ်မြစ်ကို တရက် နှစ်ရက်လောက်သောက်တော့ သွေးတိုးကျသွားပါတယ်၊ ဒီဟာကို သဘောကျလို့ ဒေါက်တာသဲ ထိုဆေးကို မှတ်ယူသွားပါသေးတယ်။

**ဓမ္မဂုတ်။** ။နိုင်ငံခြားက ဆေးတွေဟာ လက်တွေ့စမ်းသတ်ပြီးမို့ ကောင်းပါတယ်၊ ဒါပေမဲ့ နိုင်ငံခြားငွေနဲ့ ဝယ်ရတော့ တိုင်းပြည်မှာ မသက်သာပါဘူး၊ ကိုယ့်နိုင်ငံကဖြစ်တဲ့ ဆေးတွေကို လက်တွေ့ဖြစ်အောင် လုပ်ကြဘို့ ကောင်းပါတယ်။

**တပည့်တော်**။ ။သိပ်ကောင်းတာပေါ့ဘုရား၊ ယခုလဲ တော်တော်တော့ ထုတ်ဖေါ်နေကြပါပြီ။

**ခမ္မဂုတ်**။ ။ကိုယ်တော် လွန်ခဲ့တဲ့နှစ်က သရိုင်မသွားဘူးပေါ့နော်၊ ကိုယ်တော် မသွားတော့ သံဃာများလဲ မသွားကြဘူးလား။

**တပည့်တော်**။ ။တပည့်တော် မသွားပါဘူး၊ ဒါပေမဲ့ သရိုင်ညောင်ပင်တွင်း ဒကာများ အပင့်လာလို့၊ ရွာသားကြီးက နှစ်ဆန်းတရက်နေ့ပင့်နေကျ သံဃာတရာနဲ့ ပတ်ဝန်းကျင်ကျေးရွာများအတွက် သုံးဆယ်လောက်မှန်း ထားပြီး သံဃာ (၁၃၀)လောက် သကြံန်နီးမှ ကြကြရပါတယ်၊ သရိုင် ပတ်ဝန်းကျင်ရွာများနဲ့ ဟန်လင်းမြို့ဟောင်း ပတ်ဝန်းကျင်ရွာ ဝင်းလက် ပတ်ဝန်းကျင်ရွာတွေကပါ တော်တော်နှံ့အောင် ပင့်ကြလို့ သံဃာတော် များ နဲ့နဲ့ပင်ပန်းကြပါတယ်။

ဒီလိုကြပြီးရှ် စည်းစည်းလုံးလုံးနဲ့ မှောင်ခါစ ပရိတ်ရွတ်ကြသည်ကို ကြားနာကြရလို့ တချို့ရွာ၌ ဆွမ်းဆန်စိမ်းလောင်းကြနဲ့ အတော်ဝမ်း မြောက်ဝမ်းသာ ဖြစ်ကြဟန်တူပါတယ်၊ ဒီအကြောင်းကြားလို့ အင်းဝ တပယ်နယ်ကလဲ မကြာမီက သံဃာသုံးဆယ်လောက်ပင့်ပြီး ပရိတ်နာကြ ပါတယ်၊ ယခုလဲ သံဃာသုံးဆယ်လောက် မရကန်စတဲ့ရွာများနဲ့ ရေဦး မြို့သို့ ပရိတ်ရွတ် ဆွမ်းဆန်စိမ်းခံ ကြွနေကြပါတယ်၊ အဲဒီက အပြန်မှာ မကြာမီ တံတားဦးမြို့က သံဃာတရာပင့်လို့ တည၌အိပ်ကြရပါဦးမယ်။

**ခမ္မဂုတ်**။ ။ဒီလိုသာ ရွာရိုးလျှောက်နေယင်တော့ အကျင့်နဲ့ စာဘက်က လျော့ကုန်မှာစိုးရတယ်နော်။

**တပည့်တော်**။ ။တပည့်တော်တို့လဲ သတိရှိကြပါတယ်၊ လူတွေက အကြည်ညို များပြီး အလှူဒါနတွေ ပေါသည့်အတွက် ပိုပြီး သီလထိန်းကြဘို့ သတိ ပေးနေပါတယ်၊ ယခုလဲ တတိုက်လုံး ကိုယ်ကျင့်ဘက်ကတိုးအောင် ယခု စာဝါနားချိန်မှာ "ဒုလ္လဘကထာ"ဆိုတဲ့ ကျမ်းစာကို ရေးနေပါတယ်၊ အကျင့်ဘက်က မလျော့တဲ့အပြင်၊ တိုးတက်ဘို့ ရည်ရွယ်ချက်နဲ့ ရေးနေ တာပါ၊ တဘက်ကတော့ နယုန်လဆန်းယင် ရပ်နားထားသော စာဝါ အားလုံး ပို့ချကြရမှာပါ။

**ခမ္မဂုတ်**။ ။ဦးဇနကရေ...ယခု ဝါတွင်းရောက်လာပြီနော်၊ သံဃာဘယ် လောက် ရှိတုန်း။

**တပည့်တော်။** ။သံဃာ (ရဟန်း-သာမဏေ) အားလုံး လေးရာ့ခုနစ်ကျိပ် ရှိပါတယ်၊ သူတော်ကလေးများက နှစ်ဆယ်ကျော်လောက်ရှိပါတယ်။

**ဓမ္မဂုတ်။** ။အားလုံးပေါင်းယင် ငါးရာနီးနီး ရှိနေတာပေါ့၊ စားစရာကော လုံလောက်ရဲ့လား၊ ယခုနှစ် ဆန်ဈေး - ဆီဈေးစသော အားလုံးဈေး တွေက တက်နေလို့ စားရေးအတွက် အခက်အခဲရှိမယ်ထင်တယ်။

**တပည့်တော်။** ။အစားအသောက် ဈေးတွေကတော့ မကြားဝံ့အောင်ပါဘဲ၊ ဆန်တတင်း ရှစ်ဆယ်, ဆီတပိဿာ သုံးဆယ့်ငါးကျပ်, ပဲတတင်း ခလေးဆယ်, ဆားတပိဿာ လေးကျပ်, ကြက်သွန်တပိဿာ သုံးကျပ်ခွဲ, ထန်းလျက်တပိဿာ သုံးကျပ်အထက်, သားငါး ဈေးတွေလဲ ဒီလိုဘဲ တက်ပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင် သံဃာ (၅၀၀) လောက်ကို နံနက်ဆွမ်း ကျွေးနိုင် သေးရဲ့လား။

**တပည့်တော်။** ။ဓောဓောက အရှင်ဘုရားစကားအတိုင်းဆိုယင် ရှာရိုးလျှောက် ခဲ့ကြတဲ့အတွက် ဆန်-ပဲ-ဆား-ထန်းလျက်တို့ အလုံအလောက်ရှိလို့, ဆီ ကိုလဲ ပိုတဲ့ဆန်နဲ့ လဲတန်လဲပြီး, ဟိုက-ဒီက လှူကြတဲ့ ဆန်-ဆီနဲ့ (နဝ ကမ္မ) ကြောင့် နံနက်ဆွမ်းလဲ ပဲပြုတ်- ငံပြာရည်- လဘက်ရည်ကြမ်းဖြင့် ကျွေးနိုင်ပါသေးတယ်, နေ့ဆွမ်းအတွက်လဲ အားလုံးလောက်အောင် ဟင်း ၂ ခွက် ချက်နိုင်ပါတယ်၊ ညနေ ထန်းလျက်ရည်လဲ လုံလုံလောက်လောက် တိုက်နိုင်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ "ရှာရိုးလျှောက်" ဆိုတဲ့စကားကို သုံးစွဲရတာက ကိုယ်တော် ကလေးတွေ စာသင်ပျက်မှာစိုးလို့ပါ ကိုယ်တော်၊ အမှန်ကတော့ ယခုလို ဆန်ဈေး - ဆီဈေး-ပဲဈေးနဲ့ ဆိုယင် တခါတရံ လှူတဲ့ ဆန် - ဆီ - ပဲနဲ့ လုံလောက်နိုင်မယ် မဟုတ်ပေဘူး။

**တပည့်တော်** ။ ။ မလုံလောက်ပါဘူး ဘုရား၊ တပည့်တော်တို့ ကိုယ်တိုင်လဲ ဟိုရွာ-ဒီရွာသွားပြီး ဆွမ်းဆန်စိမ်းခံဘို့ မရည်ရွယ်ကြပါဘူး၊ အကြောင်း အားလျော်စွာ သရိုင်တနယ်လုံး သွားရာဝယ် အရင်တနှစ်က စပြီး ဟန်လင်းမြို့ဟောင်းက ဆွမ်းဆန်စိမ်းလောင်းတဲ့အလုပ် ဖြစ်သွားတာပါ၊ ဒီအကြောင်းကြားတော့ ရွာအများကလဲ ဆွမ်းဆန်စိမ်းလောင်းဘို့ စီစဉ်

ကြပါတယ်၊ ဒီလိုစီစဉ်ရတဲ့ကိစ္စက မည်သူမျှတာဝန်မကြီးဘဲ ကျောင်းတိုက်အတွက်တော့ အထောက်အပံ့ကြီး ဖြစ်သွားပါတယ်၊ ဆန်တွင်မက ပဲ-ထန်းလျက်-ဆား စသည်ပါ တတ်နိုင်သလို လောင်းကြပါတယ်။

**ဓမ္မဂုတ်**။ ။ကိုယ်တော်တို့က မစရဘဲ ဒီလို ဆန်စျေး ဆီစျေး ကြီးတော့မဲ့အချိန် မရောက်မီ အယင်တနှစ်က ဆွမ်းဆန်စိမ်းလောင်းတဲ့အလေ့ ပေါ်လာတာ ကိုယ်က ကိုယ်တော့်ကျောင်းအတွက် ကိုယ်တော်နဲ့တကွ နေ့စဉ် နံနက်တိုင်း စုပေါင်းပို့ကြတဲ့ မေတ္တာရဲ့တန်ခိုးအတွက် အကျိုးထွက်တာဘဲလို့ ဆိုရမှာပေါ့နော်။

**တပည့်တော်**။ ။မှန်ပါ့, မေတ္တာရဲ့တန်ခိုးဆိုဆို, မေတ္တာပို့ရာတွင် နတ်အများရော တန်ခိုးရှင်တွေပါ ပါဝင်နေလို့ နတ်အများနဲ့ တန်ခိုးရှိသူများက ဝိုင်းကြတယ်လို့ ဆိုချင်လဲ ဆိုနိုင်ပါတယ်၊ ဒါထက် ကျောင်းတိုက်အတွင်းမှာ အများစုက ဝိနည်းတရားတော်နဲ့ အညီ ခေတ်အလိုက်နေကြလို့ တရားတော်က ပြန်စောင့်ရှောက်တာဘဲလို့ဆိုယင် သာ၍ သဘာဝကျမယ်ထင်ပါတယ်ဘုရား။ [ ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိံ = တရားသည် တရားအတိုင်း ကျင့်နေသူကို အမှန်ပင် စောင့်ရှောက်၏။—ဓမ္မပဒ။]

**ဓမ္မဂုတ်**။ ။ယခု ဝါဆိုပြီးပြီ, စာဝါတော့ အားလုံးပြန်ကောက်ကြပြီပေါ့နော်။

**တပည့်တော်**။ ။ မှန်ပါ, အားလုံး ပြန်ကောက်ကြပါပြီ၊ တပည့်တော်ရဲ့ ယမိုက်ပါဠိတော် အဋ္ဌကထာ မူလဋီကာနဲ့ သုတ်မဟာဝဂ္ဂ ပါဠိတော် အဋ္ဌကထာကိုတော့ နယုန်လပြည့်ကျော် (၁) ရက်ကပင် ၏ ပို့ချခဲ့ပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ယခု ၁၃၃၇-ခုနှစ် ဝါမှာ သံဃာ ဘယ်လောက်ရှိတုန်း။

**တပည့်တော်**။ ။တာဝန်ဆောင် ဘုန်းကြီးများကို သေသေချာချာ မမေးမိပါဘူး၊ လေးရှင့်ခြောက်ဆယ့်ကိုးပါးနဲ့ သူတော်ကလေးများ နှစ်ဆယ်ကျော် ရှိတယ်လို့တော့ သိရပါဘယ်။

**ဓမ္မဂုတ်**။ ။ဝါကျွတ်တော့လဲ ဒီလောက်ဘဲ ရှိသေးသလား။

**တပည့်တော်**။ ။ဒီအရေအတွက်က ဝါကျွတ်မှ ကထိန့်အမများက သံဃာအရေအတွက်သိချင်လို့ တာဝန်ဆောင် ဘုန်းကြီးများကပြောတဲ့ အရေအတွက်ပါ။

**ဓမ္မဂုတ်။** ။ကထိန်အမများက ဒီသံဃာအားလုံးကို သင်္ကန်း အစေ့အငှ လှူနိုင်ရဲ့လား။

**တပည့်တော်။** ။တပည့်တော်ကျောင်းမှာ ရှေ့နှစ် ကထိန်ပြီးနောက် ရသမျှ သံဃိကပစ္စည်းများကို မဝေသေးဘဲ နောက်တနှစ်ကထိန်ကျတော့ ကထိန်က ရတဲ့ပစ္စည်းနဲ့ ပေါင်းပြီး မဲချဝေလေ့ရှိပါတယ်၊ ဒါ့ကြောင့် ကထိန်ဒကာ-ဒကာမတချို့က ကျောင်းမှာရှိတဲ့ သင်္ကန်းအရေအတွက်ကိုမေးပြီးမှ သူတို့တတ်နိုင်ယင် အားလုံး သံဃာစေ့ အောင် ဖြည့်ပြီး သင်္ကန်းလှူလေ့ရှိပါတယ်။

**ဓမ္မဂုတ်။** ။ယခုနှစ် ကထိန်ဒကာ-ဒကာမက ဘယ်ကလဲ, သူတို့ကော သံဃာ ‌စေ့အောင် သင်္ကန်းဖြည့်နိုင်ရဲ့လား။

**တပည့်တော်။** ။ယခုနှစ် ကထိန်ခင်းမည့်သူက စာချကျောင်းကြီးတကျောင်းရဲ့ ကျောင်းအမ ဒေါ်ညွန့်ညွန့်-ဒေါ်သန်းသန်းနဲ့ ဆွေမျိုး မောင်နှမများ ဖြစ်ပါတယ်၊ ကျောင်းတိုက်မှာ စုပေါင်းထားတဲ့ သံဃိက သင်္ကန်းက သုံးရာ့ခြောက်စုံသာရှိလို့ လိုသမျှကို သံဃာစေ့ရအောင် ဖြည့်ပြီး လှူကြပါတယ်။

**ဓမ္မဂုတ်။** ။သင်္ကန်းတစုံ ဘယ်လောက်ပေးရတုန်း။

**တပည့်တော်။** ။ဝါတွင်းတုန်းကတော့ တစုံကို တရာ့သုံးဆယ်လောက် ပေးရပါတယ်၊ ကထိန်ခေတ်ရောက်တော့ အစိုးရ ရောင်းဈေးတောင် တရာ့ခြောက်ဆယ်လို့ ကြားပါတယ်။

**ဓမ္မဂုတ်။** ။အင်း– ဒီသံဃာအားလုံး သင်္ကန်းစေ့အောင် ရတယ်ဆိုတာတော့ ချီးမွမ်းစရာပါဘဲ၊ နောက်နောက်နှစ်တွေမှာ ဒီလိုသာ သင်္ကန်းဈေးကြီးနေယင် ကျောင်းမှာ ဒါလောက်များများ စုမိဘို့ ခဲယဉ်းပါလိမ့်မယ်။

**တပည့်တော်။** ။သင်္ကန်းသာမကပါဘူး , ဆန်ဈေး- ဆီဈေးမှစ၍ အားလုံး ဈေးတွေ ကြီးနေတော့ သံဃာများများ လက်ခံဘို့တောင် စဉ်းစားစရာ ဖြစ်လာပါတယ်။

**ဓမ္မဂုတ်။** ။အင်း....စဉ်းစားစရာဘဲ, သီတင်းကျွတ်တော့ စာဝါမနားဘူးလား။

**တပည့်တော်။** ။နေပူလွန်းတဲ့အခါကျမှ နားကြဘို့ရန် သီတင်းကျွတ်မှာ မနားကြပါဘူး၊ တပည့်တော်လဲ သီတင်းကျွတ်ခါနီးမှ ယမိုက်အဋ္ဌကထာ မူလ

ဋ္ဌိကာ ကုန်ခဲ့လို့ ယခု ပဋ္ဌာန်းအဋ္ဌကထာ မူလဋ္ဌီကာကို ပို့ချနေပါတယ် ဘုရား။

**စမ္မဂုတ်။** ။သာခု ကိုယ်တော်, သာခု သာခု၊ ကိုယ်တော့်မှာတော့ သံဃာ အများကိုလဲ စောင့်ရှောက်နိုင်, ကျမ်းစာတွေကို ရေးရာမှာလဲ ထိပ်ဆုံး ပဋ္ဌာန်းအဋ္ဌကထာ မူလဋ္ဌီကာ တိုင်အောင် ပို့ချနိုင် — ရေးသားနိုင်လို့ ကိုယ်တော်ရဲ့ လူ့ဘဝဟာ အားရစရာကြီးပါဘဲ။

**တပည့်တော်။** ။အရှင်ဘုရား ဝမ်းမြောက်ရအောင် အခြားကုသိုလ်ကြီးများ ကိုလဲ လျှောက်ပါဦးမယ်။

**စမ္မဂုတ်။** ။လျှောက်စမ်းပါ ကိုယ်တော်။

**တပည့်တော်။** ။တပည့်တော်တို့ ကျောင်းတိုက်ရဲ့တောင်ဘက် ခပ်နီးနီးမှာ ''တောင်မင်းကြီးဘုရား''လို့ ထင်ရှားတဲ့ ဆင်းတုတော်ကြီးတဆူ ရှိပါ တယ်၊ ထို ဘုရားဝင်းရဲ့တောင်ဘက်၌ တောင်သမန်အင်းရေ ကြီးတဲ့အခါ လှိုင်းပုတ်လို့ တံတိုင်းအခြေကမြေတွေ ရေထဲ ပါကုန်ပါတယ်၊ အမရပူရ ပ–လ–စ အမှတ် (၂) အင်ဂျင်နီယာစစ်တပ်က မြေတွေကို (ဘူလ်ဒိုဇာ) ဆိုသား, အဲဒီဟာကြီးနဲ့ကော်ပြီး ဖို့လို့ တံတိုင်းအခြေမှာ မြေတွေတော့ ပြန်ရောက်ပါရဲ့၊ ဒါပေမဲ့ မိုးတွင်းရောက်ယင် ဒီလိုဘဲ လှိုင်းထဲပါသွား ဦးမှာဘဲ၊ ဒါ့ကြောင့် အများကုသိုလ်နဲ့ ရေကာတာ ကျောက်တုပ်လုပ်တဲ့ အခါ ကျောင်းတိုက်တာဝန်ဆောင် ဒကာကြီး ဦးကျော်ဝင်းက အလှူ ငွေကိုလက်ခံပြီး စာချဘုန်းကြီး ဦးစန္ဒောဘာသက ကြည့်ရှု စောင့်ရှောက် လို့ တံတိုင်းကြီး စိတ်ချရအောင် ကျောက်တုပ်ပြီးပါပြီ၊ အဲဒီငွေထဲမှာ ဂန္ဓာရုံကျောင်းဒကာ ဦးထွန်းလှိုင်(ယခု သက်န်းဝတ်နေသူ)နှင့် ကျောင်း အမဖြစ်တဲ့ ဒေါ်သိန်းက လိုသမျှငွေကို တာဝန်ယူပါတယ်၊ ကျောက်ဘုပ် လဲ အခြား ကျန်သေးသောနေရာအတွက် ဆက်စရာရှိပါသေးတယ်။

**စမ္မဂုတ်။** ။ဒီကိစ္စလဲ ကိုယ်တော့်ရဲ့ ကျောင်းတိုက်က တာဝန်ဆောင်လို့ အထမြောက်သွားတဲ့အတွက် ဝမ်းမြောက်စရာပါဘဲ၊ ကျောက်တုပ်မရှိယင် တံတိုင်းကြီးပြိုမယ်၊ တံတိုင်းပြိုယင် ဆင်းတုတော်ကြီးလဲ မကြာခင် ရေနန်း စံရမှာ ကေန်ပါဘဲ။

**တပည့်တော်။** ။ ဒါ့ပြင် တမျိုးရှိပါသေးတယ်၊ ဒါက တံတားကြီးကိစ္စပါ၊ တောင်မင်းကြီးဘုရားနဲ့ နီးနီးမှာပင် တောင်သမန်ရွာမှစ၍ ဟိုဘက်က

ရွှာအများ သွားဘို့ရာ (ဦးပိန်တံတား) ဆိုတဲ့ တံတားကြီးလဲ ရေးကြီးတဲ့ အခါ အင်းရေရဲ့ လှိုင်းဒဏ်ကြောင့် သွားလို့ ခဲယဉ်းလောက်အောင် ပျက်စီးသွားပါတယ်, ဒီကိစ္စကို အစိုးရကလဲပြင်ပါတယ်၊ ကျောင်းတိုက်နဲ့ နီးနေလို့ ကျောင်းက ဒကာကြီး ဦးကျော်ဝင်းထံလဲ လှူကြပါတယ်။

နိုင်ငံတော်ကောင်စီဝင်တယောက်ဖြစ်တဲ့ ဒေါက်တာ ဦးမောင်မောင် ကိုယ်တိုင်ပင် တံတားပြင်ဘို့ရန် ဒကာကြီးအထံ ငွေတထောင်အပ်ပါတယ်၊ ဒကာကြီးက ငွေကို တာဝန်ယူပြီးတော့ စာချတုန်းကြီး ဦးစန္ဒောဘာသ နဲ့ ဦးမဟိန္ဒတို့က လက်သမားများကို ကြည့်ရှုစီစဉ်စေကြလို့ ယခုနှစ်မှာ ကောင်းကောင်းကြီး သွားနိုင်အောင် ပြီးစီးပါဘယ်၊ သို့သော် အားလုံး ကောင်းအောင် ထပ်မံပြင်စရာ ကျန်ပါသေးတယ်။

**ဓမ္မဂုတ်**။ ။ဒီကိစ္စလဲ ကိုယ်တော့်ကျောင်းတိုက်က စောင့်ရှောက်လို့သာ ခပ်မြန်မြန် အထမြောက်တယ်လို့ ဆိုရမှာဘဲ၊ ကိုယ်တော့်အတွက်တော့ ပရဟိတကိစ္စတွေမှာ ကိုယ်တော်က အရင်းခံဖြစ်နေလို့ ကိုယ်တော့်ဘဝကို ကျေနပ်ပေမှာဘဲ။

**တပည့်တော်**။ ။ယခုလောခလာဆယ် တာဝန်တမျိုး တိုးလာပြန်ပါတယ်၊ ထို တာဝန်က တောင်သမန်ဘက်မှာရှိသော ကျောက်တော်ကြီး ဘုရားကို ပြုပြင်စရာဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ ကျောက်တော်ကြီးဆင်းတုတော်ကို အင်းဝခေတ် ဘကြီးတော် လက်ထက်က ပူဇော်ပါတယ်, ကျောက်သားလဲ အလွန်ကောင်းတယ်, လက်ရာလဲ အလွန်ကောင်းတယ်လို့ ချီးမွမ်းကြပါတယ်။

**တပည့်တော်**။ ။မှန်ပါတယ်, အဲဒီ ဆင်းတုတော်ကြီးကို ပုဂံမင်းက အမရပူရ ပင့်ပြီး ထုထည်ကြီးမားသော စေတီတော်ကြီးအတွင်းမှာ ပူဇော်ပါတယ်၊ အဲဒီစေတီကြီးမှာ ပြုပြင် စောင့်ရှောက်ဘို့ တာဝန်ရောက်လာပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်လိုနည်းနဲ့ တာဝန်ရောက်လာတုန်း ကိုယ်တော်။

**တပည့်တော်**။ ။ထီးတော်မှာ ရွှေကုန်နေလို့ တပည့်တော် ကျောင်းတိုက်၌ ထွက်–ဝင်နေသော မန္တလေးမြို့ မျက်ပါးရပ် ဒေါ်သိန်းမေတို့ ညီအမက ရွှေချဘို့ရန် မျက်ပါးရပ်ပင့်ပြီး ရွှေချပါတယ်၊ ပြီးတော့ ထီးတော်ကို

ပြန်တင်တဲ့အခါ တပည့်တော် ကျောင်းတိုက် ဆွမ်းစားကျောင်းဘုန်းကြီး ဦးအဂ္ဂဝံသလဲ ဘုရားပေါ် သို့ ပြမ်းရှိတုန်း တက်သွားပါတယ်၊ ကျောင်းတိုက်ပြန်ရောက်တဲ့အခါ စေတီတော်ကြီးအပေါ် မှာ သစ်ပင်တွေသဲပေါက်နေပါတယ်၊ တချို့ သစ်ပင်တွေမှာ အတော်ကြီးပြီး စေတီအတွင်းသို့ ရောက်နေပါတယ်၊ ရှေးဟောင်း သုတေသနဌာနက တနှစ်တခါ ပြုပြင်စောင့်ရှောက်သော်လဲ သစ်ပင်တွေကို တူးမပစ်နိုင်ပါ၊ ဒီလိုဆိုယင် အဘော်ကြာယင် စေတီတော်ကြီး ပျက်စီးပါလိမ့်မယ်လို့ လျှောက်ပါတယ်၊ ဒီအကြောင်းကို ကြားရတော့ တပည့်တော်မှာ တာဝန်မရှိပေဘူးလား။

**ခမ္မဂုတ်။** ။ဒီအကြောင်းလဲကြားရ, မိမိမှာ သစ်ပင်တွေကို ရှင်းနိုင်လောက်အောင် အင်အားလဲရှိယင်တော့ ကိုယ်တော့်မှာ တာဝန်ရှိတာပေါ့။

**တပည့်ဘော်။** ။ဒါ့ကြောင့် အဲဒီ သစ်ပင်တွေကို အခြေကစပြီး မရှိအောင် လုပ်ဘို့ စိစဉ်ပါ၊ ကုန်ကျစရိတ်တော့ တပည့်တော်တာဝန် ရှိပါစေလို့ ပြောရပါတယ်၊ ထိုသို့ ပြောသောအခါ စေတီတော်မှာသာမကဘူး, စေတီတော်ဝင်းနဲ့ ပတ်ဝန်းကျင် ငံတိုင်းကြီးတွေရဲ့ အတွင်း အပြင် အထက်မှာလဲ ညောင်ပင်စသော သစ်ပင်မျိုးစုံ ပေါက်နေရုံမက အမြစ်တွေလဲ အတွင်းရောက်နေပါပြီ၊ ယခုလဲ အတော်ပျက်နေပြီး, နောင်အခါဆိုယင် သာ၍ အပြင်ခက်ပါလိမ့်မယ်လို့ လျှောက်ပါတယ်၊ ဒီလို ကြားပြန်တော့ အားလုံးကိုဘဲ ရှင်းအောင် စီစဉ်ပါ၊ ကုန်ကျစရိတ် တပည့်တော် တာဝန်ယူပါ့မယ်လို့ ပြောလိုက်ရပြန်ပါတယ်။

**ခမ္မဂုတ်။** ။ဒီလိုဆိုယင်တော့ ကုန်ကျစရိတ် မနဲပေဘူးနော်။

**တပည့်တော်။** ။ဘယ်နဲမှာလဲဘုရား, သစ်မြစ်တွေ တူးပစ်ရတဲ့ နေရာမှာလဲ နဂိုရ်အတိုင်းဖြစ်အောင် ပန်းရံဆရာက လိုက်ရဦးမှာပါ။

**ခမ္မဂုတ်။** ။ဒီတာဝန်တွေ ကိုယ်တော်က အကုန်ယူနိုင်မှာလား။

**တပည့်တော်။** ။သစ်မြစ်တူးပစ် ပြန်ပြီး မွမ်းမံရုံလောက်တော့ တာဝန်ယူနိုင်ပါရဲ့၊ ဒါပေမဲ့ တကယ် ပြုပြင်တော့ စေတီတော်ကြီးဘေးက အမိုးပတ်ဝန်းကျင်မှာ မိုးယံယိုနေတာတွေရော, လင်းနို့တွေ မဝင်နိုင်အောင်လုပ်ဘို့ရာရော, ပျက်နေသော မျက်နှာကြက်ကို ပြုပြင်ဘို့ရာရော, တံတိုင်းကြီး၏ ပျက်နေသောအရာ, ယိုင်နေသောအရာ, ပြိုနေသောအရာတို့ကို ပြင်ဘို့

ရာရောဆိုတော့ တပည့်တော်မှာရှိနေသော နဝကမ္မ(ငွေ)လောက်နဲ့ မလုံလောက်ပါဘူး။

**ဓမ္မဂုဘ်။** ။ဒီလိုဆိုယင် လိုတဲ့ငွေကို အလှူခံမှာလား, ငွေဆိုတာ ဘုရားအတွက်လဲ အလှူမခံကောင်းဘူးဆိုတာ ကိုယ်တော်လဲ အသိသားဘဲ။

**တပည့်တော်။** ။အလှူမခံပါဘူးဘုရား, သက်တော်ထင်ရှား ဗုဒ္ဓမြတ်စွာရဲ့ "အရဟံ - ပူဇော်အထူးကို ခံတော်မူထိုက်သော ဘုရား" ဆိုတဲ့ အရဟံဂုဏ်တော်ကို အထူးသတိထားပြီး အာရုံပြုနေပါတယ်။

**ဓမ္မဂုတ်။** ။ဒီလို အာရုံပြုတော့ အကျိုးရရောလား။

**တပည့်တော်။** ။အကျိုးသိပ်ရပါတယ်ဘုရား, ဘုရား အတွင်း–အပြင် သစ်ပင်သစ်မြစ်တွေ ရှင်းလင်းဘို့ရန် ကျောင်းအမ ဒေါ်သိန်းက ဒကာကြီး ဦးကျော်ဝင်းထံ ( နဝကမ္မ )အတွက် ငွေတသောင်း ပို့လာပါတယ်၊ "ဘုရားပြင်ဘို့ လိုတာလဲပြောပါ"လို့ လျှောက်ပါတယ်၊ မျက်နှာကြက်ပြင်ဘို့ ကျောင်းအမ ညွန့်ညွန့်–သန်းသန်း ညီမတို့က တာဝန်ယူပါတယ်၊ အရပ်ရပ် ကုန်ကျစရိတ်တွေကို ဦးသာငွေး, သမီးမြင့်မြင့်တို့က တာဝန်ယူပါတယ်၊ သူတို့အတွက် ဘယ်နှစ်သိန်းကုန်လို့ ဂဏန်းမပိုင်းပါဘူးတဲ့။

**ဓမ္မဂုတ်။** ။အား....ဒီလိုဆိုတော့ အားရှိစရာပါသားကိုယ်တော်, နဂိုရ်မူလအတိုင်း ကောင်းကောင်းပြင်မယ်ဆိုယင် ဘယ်လောက်ကုန်မယ်လို့ ခန့်မှန်းသလဲ။

**တပည့်တော်။** ။ တပည့်တော်တော့ မမှန်းတတ်ပါဘူး, အများကတော့ ၂ သိန်းတောင် လောက်မှာမဟုတ်ဘူးလို့ ခန့်မှန်းကြပါတယ်, ဘုရားကြီးပုဂံမင်း တည်ပြီးသည်ကစပြီး ကျကျနန ပြုပြင်ခဲ့ကြဟန် မတူပါဘူး၊ ဒါ့ကြောင့် တပည့်တော်လက်ထက်မှာ တပည့်ဘော်နဲ့ ဒကာ–ဒကာမများ ပြင်ထိုက်လို့ ပြင်ရတာဘဲလို့ ယူဆပြီး ယခုအချိန်မှာ တနေ့ လူ ၁၀ ယောက်လောက်နဲ့ သစ်ပင်–သစ်မြစ်တွေ ရှင်းနေပါတယ်၊ ဘုရားကြီး ပြုပြင်ပြီးတဲ့အခါ အစောင့်အရှောက် စီစဉ်ဘို့ပါ တာဝန်ရှိပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အနီးအပါးရွာက မစောင့်ရှောက်ဘူးလား။

**တပည့်တော်။** ။အနီးအပါးရွာကလဲ စောင့်ရှောက်ပါတယ်၊ ဒါပေမဲ့ အမြဲစောင့်ရှောက်ဘို့ကိုတော့ မလွယ်ပါဘူး၊ အနီးအပါး သုံးရွာလောက်က

လူတွေတော့ စေတီတော်ကြီးကို ပူပြင်နေတယ်လို့ ကြားရသည်ကစပြီး အလွန် ဝမ်းမြောက်နေကြပါတယ်၊ ဘုရားဖူးလာတဲ့သူတွေလဲ အလွန် ဝမ်းမြောက်ကြပါတယ်၊ ထီးတော်ကို ရွှေချပြီးလို့ ပြန်တင်တဲ့အခါမှာ ရထားပျံနဲ့တင်ကြလို့ အားလုံး ဝမ်းမြောက်ကြပါတယ်, သံဃာတရာ ဆွမ်းကပ်ပြီး တချို့က ပိုက်ဆံကြဲကြ, တချို့က ကကြ-ခုန်ကြပါသတဲ့၊ တပည့်တော်တော့ ယခုအထိ စေတီတော်ကြီးကို ကျောင်းကနေပြီး ကန်တော့နေရပါတယ်၊ စေတီတော်ကြီးနဲ့ တပည့်တော်ကျောင်းဟာ အရှေ့ဘက်ကမ်းနဲ့ အနောက်ဘက်ကမ်းကွာခြားနေပေမဲ့ နေရာချင်းတော့ တဲ့နေပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့ အများကောင်းဘို့ ကြိုးစားတဲ့ စေတနာတွေဟာ ယခုဘဝမှာလဲ အကျိုးပေးနေပြီ ထင်ပါရဲ့၊ ကြိုးစားပါ, ကြိုးစားပါ။

**တပည့်တော်။** ။အရှင်ဘုရားက သတိပေးလို့ ရှေးက ရေးခဲ့ဘူးတဲ့ လင်္ကာ ကလေးကို ပြန်၍ အမှတ်ရတယ်ဘုရား။

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက, နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးမို့, အသက်ပေးလို့ ဖြည့်ခဲ့သည်၊
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့, ငါပါ အသက် ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ခုလိုတွေးလို့, ကုသိုလ်ရေးမို့ ကြိုးစားသည်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်အလုပ်တွေက ကြာလေ အထမြောက်လေဖြစ်တော့ ကိုယ်တော် အသက်ရှည်ရှည်နဲ့ အလုပ်လုပ်နိုင်ဘို့ ကျန်းမာရေးကို ဂရု စိုက်ပါကိုယ်တော်။

**တပည့်တော်။** ။ကျန်းမာရေးကို ဂရုစိုက်ပေမဲ့ တချို့ကို နားမလည်တော့ ကိုယ့်မှာ ဘာဖြစ်နေတယ်ဆိုတာ မသိပါဘုရား, ကိုယ်နားလည်သလောက် အနေအထိုင် အစားအသောက်တော့ အမြဲသတိထားပါတယ်၊ ဟိုက-ဒီက ပင့်တာကိုလဲ အလွန် အလိုက်နဲပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်နားမလည်တဲ့ ကျန်းမာရေးအတွက်တော့ နားလည်တဲ့ဆရာ များကို မမေးဘူးလား။

**တပည့်တော်။** ။တပည့်တော်ကို မကြာမကြာ ကျန်းမာရေးစစ်တဲ့ ဒေါက်ဘာ တပည့်မက သမားတော်ဘွဲ့ရ ဆရာဝန်ကြီး ဒေါက်ဘာဦးထွန်းသင်ကို

ဆရာတော်ကို စမ်းသပ်စေချင်ပါတယ်ပြောလို့ တန်ဆောင်မုန်းလဆန်း ၁၂ ရက်နေ့လောက်က နှလုံးစမ်းတဲ့စက်ပါ အပြည့်အစုံယူလာပြီး စမ်းပါတယ်ဘုရား။

**စမ္မဂုတ်။** ။ဘာရောဂါများ တွေ့သတဲ့တုန်း။

**တပည့်တော်။** ။ဘာရောဂါမှ ကြီးကြီးမားမား မရှိပါတဲ့၊ ဒါပေမဲ့ သာ၍ သေချာအောင်ဆိုပြီး၊ ၁၄ ရက်နေ့လောက် ဓာတ်မှန်ရိုက်ဘို့ ပြောလို့ ဆေးရုံကြီးသွားပြီး ဓာတ်မှန်ရိုက်တော့ ဓာတ်မှန်ဆိုင်ရာ ဒေါက်တာ ဌေးမြင့်ကလဲ အထူးဂရုစိုက်ပြီး ရိုက်ပေးပါကယ်။

**စမ္မဂုတ်။** ။ဓာတ်မှန်ထဲမှာ ဘာတွေ့သတဲ့လဲ။

**တပည့်တော်။** ။သိပ်တော့ ထူးထူးခြားခြား တွေ့ဟန်မတူပါဘူး၊ နဲနဲပါးပါး ချို့ယွင်းတဲ့အတွက် ၇ရက်လောက်စားဘို့ ဆေး ၃မျိုးပေးလိုက်ပါတယ်။

**စမ္မဂုတ်။** ။ဒီလိုသာ သမားတော်များကလဲ ဂရုစိုက်ပေးယင်တော့ အတော်ကြာကြာ သာသနာ့အကျိုးကို ဆောင်နိုင်ဦးမှာဘဲနော်။

**တပည့်တော်။** ။တပည့်တော်က အလုပ်လုပ်နိုင်တဲ့အား ရှိသလောက်တော့ လူ့ဘဝ နေချင်ပါသေးတယ်, အလုပ်မလုပ်နိုင်ဘဲနဲ့တော့ မနေချင်ပါဘူးဘုရား၊ ဘဝအသစ်မှာ လုပ်စရာအလုပ်တွေ ရှိဦးမှာပါ။

**စမ္မဂုတ်။** ။ကိုယ်တော် အလုပ်လုပ်ချင်သလို လုပ်စရာတွေ များလာစရာရှိပါတယ်။

**တပည့်တော်။** ။အား... အရှင်ဘုရားပြောတာ သိပ်မှန်တာဘဲ, ကျောက်တော်ကြီးဘုရားကို ပြုပြင်နေတယ်ကြားလို့ ဒကာမခင်မြင့်(မန္တလေးဒါးတန်း ရေခဲစက် ဒေါ်သန်း ကွယ်လွန်သူရဲ့သမီး)က သူ့မိခင် ရှိတုန်းက ရည်မှန်းထားပြီးဖြစ်တဲ့, မေမြို့ ဂန္ဓာရုံကျောင်းဆောက်ဘို့ကိစ္စ ကြုံလာပါတယ်၊ ထိုကျောင်းမှာ မြောင်းမြဆရာတော် နေ့အခါ သီတင်းသုံးဘို့ရာကျောင်း ဆောက်ဘို့ အစီအစဉ်ရှိသော်လဲ ဆရာတော်မရှိတဲ့အခါ မဆောက်တော့ဘူးလို့ စိတ်ကူးထားပါတယ်။

**စမ္မဂုတ်။** ။ယခုတော့ ဘာစိတ်ကူးရပြန်တုန်း။

**တပည့်တော်။** ။ယခုတော့ ကျောင်းဆောက်ဘို့ စိတ်ကူးရပါတယ်။

**ဓမ္မဂုတ်။** ။ဘာ့ကြောင့်တုန်း ကိုယ်တော်။

**တပည့်တော်။** ။တပည့်တော်တိုက်က စာချဘုန်းကြီးတပါး ဂန္ထာရုံနေတုန်းက နေကောင်းတယ်လို့ မရှိပါဘူး, မေမြို့ ဂန္ထာရုံရောက်တော့ ဆရာဝန်များက စောင့်ရှောက်ပေးလို့ နေကောင်းပါသတဲ့၊ ဒါ့ကြောင့် မိုးဃ်းရေ ဆောင်းရေ ဆက်နေပါတယ်, သူက စာပို့ချပေးတော့ သံဃာလဲ တော်တော်များလာပါတယ်၊ ဒါ့ကြောင့် ကျောင်းက စာချဘုန်းကြီး များလဲ နွေအခါသွားနေနိုင်အောင် ၃ ခန်း ၅ ခန်း ထထပ်သိမ်ကျောင်း ဆောက်ဘို့ စီစဉ်ရပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်လောက်ကုန်မယ် ထင်သလဲ။

**တပည့်တော်။** ။မမှန်းတတ်ပါဘူးဘုရား, သိပ် မကုန်အောင် သတိပေးပါ တယ်, သိမ်ကျောင်းဆောက်နေတုန်းမှာဘဲ, အမြင့်ဆုံး ကုန်းပေါ်မှာ စေတီတော်ကလေးနဲ့ စေတီတော်ရဲ့ ကျောင်းဆောင်လဲ ဖြစ်အောင် တန်ဆောင်းဆောက်ဘို့ စိတ်ကူးပါလို့ တာဝန်ယူပြီး ကြပ်မတ်နေသော စာချဘုန်းကြီး ဦးမဟိန္ဒကို သတိပေးထားပါတယ်။

**ဓမ္မဂုတ်။** ။ကျောင်းမှာ ဆင်းတုတော်တော့ မပူဇော်ရဘူးလား။

**တပည့်တော်။** ။ဆင်းတုတော် အများစုက သက်တော်ထင်ရှားဘုရားနဲ့ မတူ လို့ သက်တော်ထင်ရှား အာရုံမရမှာစိုးပါတယ်၊ ဒါ့ကြောင့် ခေတ်တော် ဌာပနာဘဲ့ စေတီတော်ကို စဉ်းစားရတာပါ၊ အဲဒီ စေတီတော်ကလေးကို တဆူလုံးရွှေချပြီး တန်ဆောင်းကြီးအတွင်းမှာ သံတိုင်ကလေးတွေကာလို့ အလွန် ကြည်ညိုစရာကောင်းမှာပေါ့၊ ကျောင်းတိုက်ရဲ့ စေတီတော် ဆိုပေမဲ့ ပတ်ဝန်းကျင်ရွာများငဲ့ ကိုးကွယ်ရာလဲဖြစ်မှာပါဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော်က "ရွှေပြောင်ပြောင် တောင်ပေါ်ကဘုရား" ဆိုတာကို ရည်ရွယ်တာလား။

**တပည့်တော်။** ။လူ အမျိုးမျိုးဆိုတော့ တပည့်တော် မရည်ရွယ်ပေမဲ့ သူတို့ ဘာသာ သူတို့ သစ္စာပြုကြတာလဲ ရှိမှာပေါ့ဘုရား၊ တပည့်တော်ကတော့ ကျောင်းသံဃာများဝတ်ပြုရအောင် ရည်ရွယ်ချက်က ပဌမ, ပတ်ဝန်းကျင် ရွာများ ကုသိုလ်တိုးပွားအောင် ရည်ရွယ်ချက်က ဒုတိယဖြစ်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်က ဆင်းတုတော်များကို သက်တော်ထင်ရှားဘုရားနဲ့ မတူလို့ ကိုးကွယ်လေ့မရှိဘူးဆိုယင်၊ ကျောက်တော်ကြီးဘုရားဆင်းတုတော်ကြီးကို ဘာ့ကြောင့် စောင့်ရှောက်ရတုန်း။

**တပည့်တော်။** ။ကျောက်တော်ကြီးက စေတီတော်ရော ဆင်းတုတော်ကြီးရော, အလွန် ထိန်းသိမ်းထိုက်ပါတယ်၊ ကျောက်ဆင်းတုတော်ကြီးက ကျောက်လဲ အလွန်ကောင်း လက်ရာလဲ အလွန်ကောင်းတယ်လို့ ချီးမွမ်းကြပါတယ်၊ ဒီလို သက်တော်ထင်ရှားဘုရားဂုဏ်ပြုနေတဲ့ ဆင်းတုတော်မျိုးတော့ တပည့်တော်မှာ စောင့်ရှောက်ဘို့တာဝန် ရှိနေပါတယ်ဘုရား၊ တတ်နိုင်လျက်နဲ့ မစောင့်ရှောက်ယင် တပည့်တော်မှာ တာဝန်မကျေရာ ရောက်ပါလိမ့်မယ်။

**ဓမ္မဂုတ်။** ။ဟုတ်တယ် ဟုတ်တယ်၊ သာဓုကိုယ်တော် သာဓု သာဓု။

**တပည့်တော်။** ။အရှင်ဘုရား သာဓုခေါ်ရဲအောင် ယခု လောလောဆယ် ထိန်းသိမ်း စောင့်ရှောက်ရသော ကြေးဆင်းတုတော်ကြီး အကြောင်းကို လျှောက်ရဦးမယ်။

**ဓမ္မဂုတ်။** ။ပြောပါ ပြောပါ။

**တပည့်တော်။** ။တပည့်တော်တို့တိုက်ရဲ့ တောင်ဘက်မှာ တောင်မင်းကြီးဘုရားရဲ့ တံတိုင်းအပြင်ဘက်ရှိ ကောင်းမှုတော်ပုံ စေတီတော်အဘွင်းမှာ ကြေးဆင်းတုတော်ကြီး တဆူရှိပါတယ်၊ နဂိုရ်တုန်းက ထိုဆင်းတုတော်ကြီးရဲ့ အနီးမှာ ကျောင်းရှိပါတယ်၊ ယခုတော့ ထိုကျောင်းဘုန်းကြီးက ပြန်တော်မူလို့ နေသူမရှိတဲ့အတွက် ကျောင်းကိုအုပ်ချုပ်တဲ့ ဘုန်းကြီးရဲ့ ကျောင်းသို့ ရွှေ့လိုက်ရပါတယ်၊ ဒါကြောင့် ထို ကြေးဆင်းတုတော်ကြီးမှာ အစောင့်အရှောက် မရှိယင် အသွန်စိုးရိမ်စရာ ဖြစ်နေပါတယ်၊ ယခုအချိန်မှာ ရှိုးရှိုးဆင်းတုတော်တွေတောင် ခိုးကြပါတယ်၊ ကြေးဆင်းတုဆိုတော့ အလွန်တန်ဘိုးများလို့ ခေါင်းလောင်းခိုးသူတွေက ဖျက်ဆီးပြီး ကြေးကို ရောင်းကြသလို၊ ဆင်းတုတော်ကြီးကိုလဲ ကြီးမားသည့်အတွက် မရွှေ့နိုင်ဘော့ ဦးခေါင်းတော်–လက်တော်စသည်တို့ကို ဖြတ်ယူမှာစိုးရိမ်ရပါတယ်၊ ဒါ့ကြောင့် တပည့်တော့ ကျောင်းတိုက်သို့ ပင့်ရပါတယ်။

**ဓမ္မဂုတ်။** ။ဆင်းတုတော်ကြီးက မရွှေ့နိုင်အောင် ကြီးသလား။

**တပည့်တော်။** ။ရွှေနိုင်-မရွှေနိုင်တော့ အရှင်ဘုရား စဉ်းစားကြည့်ပေါ့၊ ရွှေ, ငွေ, ကြေးဖြူ, ကြေးနီ, သံ, ငါးမျိုးကို စုပေါင်းပြီးကျိုထားလို့ "ပဉ္စလောဟ ဆင်းတုတော်"လို့ ခေါ်ကြပါသတဲ့၊ မူလ အလှူဒကာက ဘကြီးတော်လက်ထက်က ဘွဲ့ထူးရသော စစ်ဘက်မင်းကြီး (ဇေယျာရာဇ ကျော်ထင်)ဆိုသူဖြစ်ပါတယ်၊ ကျပ်ချိန် နှစ်သိန်းလေးသောင်းရှိပါတယ်၊ မြန်မာသက္ကရာဇ် ၁၃၃၈-ခု, ပြာသိုလပြည့်ကျော် ၂ ရက်နေ့က တပည့် တော်ကျောင်းတိုက် ပင့်တုန်းက (အင်ဂျင်နီယာစစ်တပ် ဒု-ဗိုလ်မှူးကြီး တင်ထွဋ်, ဗိုလ်ကြီး ရွှေစိမ့်)တို့ ခေါင်းဆောင်ပြီး ကရိန်းစက်ဖြင့် ပင့်ခဲ့ရ ပါတယ်၊ လူ(မ)လို့ မလွယ်ပါဘူး။

ကျောင်းတိုက်ရောက်တော့လဲ တိုက်တံခါးပေါက် မဝင်လို့ တံခါးကို ဖြုတ်ပြီး ဘေးနှစ်ဘက်အဝင်ဝက အုတ်နံရံကိုဖြုတ်ပြီးမှ ပင့်လို့ရပါတယ်၊ သွင်းပြီးတော့လဲ ယာယီအသားပလ္လင်ပေါ်ရောက်အောင် ကရိန်းစက်ကြီး နဲ့ဘဲ ခြှောက်ပြီး တင်ရပါတယ်၊ ဒီလို သာသနာ့အသရေ-ဘာသာ့တံခွန် ဖြစ်သော ဆင်းတုတော်များကိုတော့ တပည့်တော်က မစောင့်ရှောက်ယင် ဘယ်မှာ တာဝန်ကြေတော့မှာလဲဘုရား၊ ဒါ့ကြောင့် တာဝန်ကျေအောင် စောင့်ရှောက်ရပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင် သာဓုပါကိုယ်တော်, သာဓုပါ သာဓုပါ။

**တပည့်တော်။** ။နောက်ဆက်တွဲ တာဝန်ကလေးများကလဲ ပေါ့ပေါ့ဆမ်းလို့ မရပါဘူးဘုရား။

**ဓမ္မဂုတ်။** ။ဘာတာဝန်များလဲ ကိုယ်တော်။

**တပည့်တော်။** ။ကောင်းမှုတော်အတွင်း ကိန်းဝပ်တော်မူတဲ့ ကြေးဆင်းတု တော်ကြီး ရွှေ့လာပြီးနောက် ထိုအနီးက ကျောင်းဟောင်းကို တောင် လေးလုံးတိုက်အတွင်းမှာ ထပ်မံဆောက်မဲ့ဒကာ မရှိလို့ တပည့်တော်ကဘဲ ဒကာလုပ်ပြီး ဆောက်ပေးရပါတယ်။

**ဓမ္မဂုတ်။** ။ဒီဟာလဲ ဆောင်သင့်တဲ့တာဝန်ကို ဆောင်ရဘာဖြစ်လို့ ကောင်း ပါတယ် ကိုယ်တော်၊ ဒါ့ပြင်ကော ဒီလိုတာဝန်မျိုး ရှိသေးသလား။

**တပည့်တော်။** ။ကျောက်တော်ကြီးဘုရားရဲ့ အနီးမှာ "မေဃဝတီတိုက်"လို့ ခေါ်တဲ့ ရှေးကျောင်းတိုက်ဟောင်းကြီးထဲမှာလဲ ကျောင်းတွေကပျက်နေ လို့ နေစရာ မိုးလုံတဲ့ကျောင်းဆောင် မရှိပါဘူး၊ အဲဒီကျောင်းကိုလဲ

တပည့်တော်တဲ့ စောင့်ရှောက်ဘို့ တာဝန်ကျနေလို့ ထိုကျောင်းမှာ လက်ရှိဘုန်းတော်ကြီး နေဘို့ရန် ကျောင်းဟောင်းတွေမှ ရသမျှကိုယူပြီး ၃ ခန်း ၂ ခန်း စမြင်နဲ့ ကျောင်းဆောက်ဘို့ စီမံနေပါတယ်ဘုရား။

**ဓမ္မဂုဏ်**။ ။အင်း...ဒါလဲ ဆောင်သင့်တဲ့ တာဝန်ပေဘဲလေ၊ ဒါ့ပြင်တော့ လောလောဆယ် ဘာတာဝန်ရှိသေးတုန်း၊ ကိုယ်တော့်အသက်က ယနေ့ဆိုယင် (၄၄)နှစ် ပြည့်တဲ့နေ့ဘဲ။

**တပည့်တော်**။ ။ ဟုတ်ပါတယ်, (၄၄)နှစ် ယနေ့ပြည့်ပါတယ်၊ ယနေ့ဘဲ ကြေးဆင်းတုတော်ကြီး သီတင်းသုံးခဲ့တဲ့ လိုဏ်အတွင်းမှာ ကြေးဆင်းတုတော်လောက် ကြီးမားတဲ့ ကျောက်ဆင်းတုတော်ကြီးကို ရွှေ့ပြီး ပူဇော်ပါတယ်ဘုရား၊ အဲဒီ ကျောက်ဆင်းတုတော်ကြီး အမိုးပျက်ပြီး အကာမရှိ ဖြစ်နေပါတယ်၊ ပင့်လာတဲ့ ကြေးဆင်းတုတော်ကြီးအတွက် သီတင်းသုံးဘို့ နေရာကလဲ ပြုပြင်တုန်းဘဲ ရှိပါသေးတယ်။

**ဓမ္မဂုဏ်**။ ။သာသနာတော်ကြီးကလဲ အဖြေးဖြေးဆုတ်လာရာက နဲ့နဲ့မြန်သလို ဖြစ်နေလို့ ကိုယ်တော့်ကျောင်းတိုက် သံဃာများကိုတော့ စောင့်ထားဘို့ သတိပေးပါကိုယ်တော်။

**တပည့်တော်**။ ။တပည့်တော့်ကျောင်းတိုက်က အားလုံးသံဃာများ အတူဝါး-အတူနေဖြစ်လို့ အုပ်ချုပ်ရတာ အခြားနေရာနဲ့စာယင် လွယ်ကူပါတယ်ဘုရား၊ စာချဘုန်းကြီးများနဲ့ တာဝန်ဆောင်ကြသော ခပ်ကြီးကြီး ပုဂ္ဂိုလ်များကလဲ တပည့်တော်သဘောအတိုင်း လိုက်လျောကြသော ပုဂ္ဂိုလ်များဖြစ်လို့, ရှေးခေတ်က ကျောင်းတိုက်များလို အတော်တော့ ကြည့်သာရှုသာ ဖြစ်နေပါတယ်ဘုရား။

**ဓမ္မဂုဏ်**။ ။အင်း...သာသနာ့အလုပ် ရည်မှန်းချက်တွေနဲ့ တနှစ်တာကို နှိုင်း အုပ်ရတာ ဝမ်းမြောက်စရာပါဘဲ၊ ရှတ်နေကျ လင်္ကာကလေးကို ရွတ်ကြဦးစို့ ကိုယ်တော်။

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက, နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးမို့, အသက်ပေးလို့ ဖြည့်ခဲ့သည်၊
ဗုဒ္ဓမြတ်စွာ သာသနာအတွက်တော့, ငါ့ပါ့အသက် ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ခုလိုတွေးလို့, ကုသိုလ်ရေးမို့ ကြိုးစားသည်။

## ၂၁။ ခုနစ်ဆယ့်ရှစ်နှစ် မှတ်တမ်း

**ခမ္မဂုတ်။** ။ဦးဇနကရေ....ကိုယ်တော့်အသက်လဲ (၇၈)နှစ်ထဲ ရောက်လာပြီ နော်, ယနေ့ဆိုယင် (၂)လကျော်ကျော်တောင်ရောက်လာပြီ၊ ဘာများ မှတ်သားစရာ ရှိပြီလဲ။

**ဘပည့်တော်။** ။အကောင်းဘက်မှာတော့ အထက်-အောက် အများစုက တိုက်သံဃာများကို ကြည်ညိုကြလို့ အရောက်အပေါက် များလာပါ တယ်၊ ရောက်ပြန်တော့လဲ ကျောင်းတိုက်က သန့်သန့်ရှင်းရှင်း ဆိတ်ဆိတ် ငြိမ်ငြိမ်ဆိုတော့ နံနက်ဆွမ်း နေ့ဆွမ်း တတ်နိုင်သလို ကပ်လှူကြသူတွေ များလာပါတယ်။

**ခမ္မဂုတ်။** ။များစရာပေဘဲကိုယ်တော်, နံနက်ဆွမ်းကပ်ပြီးတဲ့အခါ ကိုယ်တော် ရဲ့ နေ့တိုင်းပေးနေကျ ဩဝါဒကလဲ ဆွမ်းဒကာ-ဒကာမများရဲ့စိတ်ကို အလွန် ဆွဲဆောင်နိုင်စရာ ကောင်းပါပေတယ်၊ ရှိသမျှ သံဃာအားလုံး ပဌမဆွမ်းစားကျောင်းကြီးရဲ့ အထက်ထပ်မှာ စုပေါင်းပြီး ညီညီညာညာ တရားစာအမျိုးမျိုးကို ရွတ်တာရယ်, ကိုယ်တော်က တရားစကားနဲ့ ဩဝါဒပေးတာရယ်, ဩဝါဒအပြီးမှာ ဆွမ်းစေစာချ တိုတိုချပြီး, သံဃာအားလုံး ညီညီညာညာ မေတ္တာပို့ကြတဲ့အသံရယ်, အားလုံးခြုံလိုက် တဲ့အခါ ဆွမ်းဒကာ-ဒကာမများနဲ့ ပါလာသမျှ အားလုံးဘဲ သာသနာ့ အရသာကို ခံယူကြရပေလိမ့်မယ်။

**တပည့်တော်။** ။အဲဒီ နံနက်ဆွမ်း စားပြီးချိန်မှာ စုပေါင်းပြီး ရွတ်ဆိုကြ, ဩဝါဒလဲ ပြုပြင်စရာရှိယင် ပြုပြင်စရာတွေပါ ထည့်ရှုပေးရလို့ ကျောင်း တိုက်အတွက် အလွန် အကျိုးများခဲ့ပါတယ်၊ ဒီအလုပ်ဟာ သံဃာတော် များကတည်းက လုပ်လာတဲ့ အလုပ်ဖြစ်လို့ ယခုတော့ အသားကျနေ ပါပြီ။

**ခမ္မဂုတ်။** ။ကိုယ်တော်ပြောတဲ့စကားထဲမှာ "အကောင်းဘက်မှာတော့" ဆိုတဲ့ စကားကို သုံးစွဲထားတော့, အဆိုးဘက်မှာလဲ မှတ်သားစရာ ရှိနေဟန် တူတယ်။

**တပည့်တော်။** ။ မှတ်သားစရာ ရှိပါတယ်, တပေါင်းလကွယ်နေ့မှာပါ၊ ကွယ်လွန်သူ ဒကာကြီး ( ဦးကာက ) ရှိစဉ်ကစပြီး သိန်းကျော်အောင်

အကုန်ခံ၍ဆောက်တဲ့ မီးတင်းကုပ်ကြီးပြီးလို့ ကျန်ရစ်ခဲ့တဲ့ မိသားစုက ရေစက်ချဘို့ကိစ္စ ရှိပါတယ်, နံနက်ဆွမ်း-နေ့ဆွမ်း ၂ ထပ်ကပ်ပါတယ်၊ နံနက်ဆွမ်းလောင်းတဲ့နေရာကို တပည့်တော်ကိုယ်တိုင် ကြပ်မတ်ကြည့်ရှု ပြီးမှ စာချဘုန်းကြီး တပါးပါးကို ကြည့်ရှုကြပ်မတ်လိုက်ပါလို့ မှာခဲ့ပြီး ယာဂုသောက်သွားလေ့ ရှိပါတယ်၊ ထိုနေ့ကလဲ ထိုသို့ ကြည့်ရှုမှာထား ခဲ့ပြီး ယာဂုသောက်အသွားမှာ ခွေးတကောင်က သံဃာတွေ ဆွမ်းခံနေတဲ့ နေရာသွားဘို့ဝင်လာလို့ ကိုယ်တော်တပါးကို ခွေးခြောက်ဘို့ပြောယင်း အသွားမပျက် သွားနေစဉ် ခလုတ်တိုက်ပြီး လဲပါရောဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော်က အသက်အရွယ် ကြီးရင့်နေတာကို သတိမထားဘူး၊ ငယ်တုန်းကလို စိတ်နောက် ကိုယ်ပါ အလုပ်လုပ်တာဟာ မှားတာဘဲ ကိုယ်တော်၊ ခွေးခြောက်ခိုင်းယင်လဲ ရပ်ပြီး ခိုင်းပါလား, ပြီးမှသွားပေါ့။

**တပည့်တော်။** ။မှားတာတော့ အမှန်ဘဲဘုရား, နောက်ထပ် အမှားကလဲ ရှိသေးတယ်၊ တပည့်တော်မှာ တာဝန်တွေက သိပ်များတယ်မဟုတ်လား၊ သံဃာများ နံနက်ဆွမ်းစားပြီးယင် ကျောင်းကြီးပေါ် ရောက်တဲ့အခါ အလှူရှင်များရော ဘိတ်ထားတဲ့လူအချို့ပါ ကျောင်းကြီးပေါ် ရောက်ကြ ရပါတယ်၊ အဲဒီနေရာမှာ တပည့်တော်က သူတို့နောက်မှ ရောက်ရိုးထုံးစံ မရှိပါဘူး, တပည့်တော်က အယင်ရောက်ရိုး သုံးစံပါ၊ ယာဂုသောက်ဘို့ ကိစ္စကို အမြန်ပြီးအောင် လုပ်ရပါတယ်၊ ဒါ့ကြောင့် ခွေးခြောက်ခိုင်း ယင်း ယာဂုသောက်တဲ့နေရာသွားလို့ ဒီလို ခလုတ်တိုက်ပြီး လဲရတာဘဲ။

**ဓမ္မဂုတ်။** ။လဲတော့ ဘာမှ မဖြစ်ဘူးလား။

**တပည့်တော်။** ။လဲတော့ ခွေးခြောက်တဲ့ ဦးပဥ္စင်းက ပြေးလာပြီး ထူပေးမှ ထနိုင်ပါတယ်, ဘာတွေဖြစ်တယ်ဆိုတာလဲ မစဉ်းစားအားပါဘူး၊ ယာဂု အမြန်သောက်ဘို့ သွားပါတယ်၊ ဒီနောက်လဲ ဩဝါဒတရားစကားပြောရ ရေစက်ချရနဲ့ ကိုယ့်အနာကို ဂရုမစိုက်အားသေးပါဘူး။

**ဓမ္မဂုတ်။** ။ဒါဟာ အကြောင်းအားလျော်စွာဖြစ်ရပေမဲ့ ခဏလောက်တော့ နာတဲ့နေရာ ဂရုစိုက်ဘို့ ကောင်းတာဘဲကိုယ်တော်။

**တပည့်တော်။** ။ဟုတ်ပါတယ်, လဲပြီးပြီးချင်း ဂရုစိုက်ယင်တော့ သိပ် ကြီးကျယ်ရောမရှိပါဘူး၊ အကြောင်းတွေက ဒီလိုဆက်နေတော့ အားလုံး

ကိစ္စပြီးတဲ့အခါ ဆေးကျောင်းက ကိုယ်တော်ကိုခေါ်ပြီး ကြည့်တော့ ဝဲဘက်ခြေသလုံးရိုး ၂ နေရာလောက် ပွဲနေတာကို တွေ့ရပါတယ်၊ ပွန်းတဲ့ ပွဲတဲ့နေရာ ဆေးထဲ့ခိုင်းရပါတယ်။

**ဓမ္မဂုတ်။** ။ဘာဆေး ထဲ့ပေးသလဲ။

**တပည့်တော်။** ။တပည့်တော်က ဘာမှ နားမလည်ပါဘူး, သူထဲ့ပေးတဲ့ဆေး ကိုဘဲ လက်ခံရပါတယ်၊ လက်မောင်းလဲ အတော်နာနေကြောင်းကို အဲဒီ အခါမှ သိရပါတယ်၊ နောက်ရက်၌ တပည့်ဆရာဝန်ကလေးရောက်လာလို့ သူကလဲ ဆေးကုပေးပါတယ်၊ ဒါပေမဲ့ အမျိုးမျိုး ချို့ယွင်းချက်တွေ ကြောင့် အနာပေါက် ကုသမှုမှာ နာမည်ရသော ဒကာ-ဒကာမရင်းတို့ရဲ့ မြန်မာဆေးနဲ့ဘဲ ထပ်ပြီး ကုရပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်လောက်ကြာအောင် ကုရတုန်း။

**တပည့်တော်။** ။တလခွဲလောက် ကုရပါတယ်, ယနေ့ ကဆုန်လပြည့်နေ့ပါ၊ အနာလဲ ပျောက်ပါပြီ၊ ဒီကိစ္စအတွက် တပည့်တော်ရဲ့ ချို့ယွင်းချက် သင်ခန်းစာ(မှတ်စရာ)တွေ အများပင် ရလိုက်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော်ကတော့ " လူမိုက်နောက်မှ အကြံရ " ဆိုတာမျိုးဘဲ, ကိစ္စပြီးမှ သင်ခန်းစာ ရတော့တယ်။

**တပည့်တော်။** ။ဟုတ်ပါတယ်ဘုရား, တပည့်တော်လဲ ကိုယ့်ချို့ယွင်းချက်ကို ကိစ္စပြီးမှ သိလေ့ရှိတာဟာ အမှားကြီးပါဘဲ။

**ဓမ္မဂုတ်။** ။နိုင်ငံခြားဧည့်သည်များကော ကိုယ်တော့်ဆီ မလာကြဘူးလား။

**တပည့်တော်။** ။ကျောင်းတိုက်ကိုပြဘို့ မကြာခဏ ကားပို့တဲ့ ဒကာက နိုင်ငံခြားဧည့်သည်များကို ကျောင်းတိုက်ခေါ် လာလေ့ရှိပါတယ်၊ တပည့်တော် ထံတော့ ဗုဒ္ဓဘာသာကိုမှ ခေါ် လာလေ့ရှိပါတယ်။

**ဓမ္မဂုတ်။** ။ဗုဒ္ဓဘာသာ ဧည့်သည်များက ဘာကို မေးလေ့ရှိတုန်း။

**တပည့်တော်။** ။စကားပြန်နဲ့ပြောနေရဘော့ သူတို့က သိပ်မမေးတတ်ပါဘူး၊ ၁၃၃၀-ခု, ပဌမဝါဆိုလဆန်း ၁၁ ရက်နေ့ကတော့ အမေရိကန် ဒကာ

တယောက်က သရဏဂုံယူပြီးတော့ ငါးပါးသီလ ဆောက်တည်သွားလို့ များစွာ ဝမ်းမြောက်မိပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဝမ်းမြောက်စရာဘဲကိုယ်တော်, ယခု ဝါဆိုပြီးပြီ၊ ဝါဆိုသံဃာ ဘယ်လောက်ရှိတုန်း။

**တပည့်တော်**။ ။ရဟန်း-သာမဏေ (၅၅၀)ကျော် ရှိပါတယ်, ဖိုးသူတော် (၂၀)ကျော် ရှိပါတယ်။

**ဓမ္မဂုတ်**။ ။အားလုံးအတွက် ဆွမ်းပြည့်စုံရဲ့လား, ဆန်စျေး-ဆီစျေးတွေက အလွန်ကြီးနေတယ်။

**တပည့်တော်**။ ။ဗုဒ္ဓမြတ်စွာရဲ့ သာသနာ့အရှိန်အဝါဆိုတာ အံ့သြစရာဘဲ ဘုရား၊ သံဃာအားလုံး နံနက်ဆွမ်း စားနိုင်လောက်အောင် နေ့ဆွမ်း အတွက် ဟင်း ၂ ခွက် စီမံနိုင်လောက်ရုံတွင် မက, ညနေ ထန်းလျက်ရည် တိုက်နိုင်လောက်အောင် အားလုံး ပြည့်စုံပါတယ်ဘုရား။

အထူးသဖြင့် ယခုနှစ်အနေနဲ့ ရေဦး, မရကန်, ဝက်လက်, တပယ်, ပေါက်မြိုင်, တံတားဦးတို့အပြင်၊ မြင်းခြံ, နွားထိုးကြီးနဲ့, လိပ်ဆန်ခွန်, ကတ္တီပါရွာတို့က ဆွမ်းဆန်စိမ်းပင့်လောင်းမှုများ တိုးလာသဖြင့် ပို၍ ပြည့်စုံလာပါတယ်၊ ယခုအချိန်မှာ ဒု-ဝါဆိုလဆန်း ၁၃ ရက်နေ့မှစ၍ လပြည့်ကျော် ၄ ရက်နေ့တိုင်အောင် နံနက်ဆွမ်း-နေ့ဆွမ်းကပ်မဲ့သူများ အဆက်မပြတ် ရှိနေပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။သံဃကံဆိုတာ အံ့သြစရာပေဘဲနော်, ဒါ့ထက် ပဋ္ဌာနကျမ်း အဋ္ဌ ကထာနဲ့ မူလဋီကာ ပို့ချနေတာ မကုန်သေးဘူးလား။

**တပည့်တော်**။ ။၁၃၃၈-ခုနှစ်, ဝါခေါင်လဆန်း ၁၂ ရက်နေ့မှာ ပို့ချလို့ ပြီးဆုံးပါပြီဘုရား။

**ဓမ္မဂုတ်**။ ။သိပ် ဝမ်းမြောက်စရာဘဲနော်, မူလတန်း ပါဠိသိက္ခာနဲ့ တကွ, သင်ရိုး အဋ္ဌကထာကျမ်းကြီးများကို ကုန်အောင်ရေးနိုင်တဲ့ ဇွဲလုံ့လကို ကိုယ်တော့်ကိုယ်တိုင် ဝမ်းမမြောက်ဘူးလား။

**တပည့်တော်**။ ။အားလုံး ပညာပါရမီဖြစ်လို့ ဝမ်းမြောက်ပါတယ်ဘုရား၊ ရှေးရှေး ဘဝများစွာက ပညာအထုံပါလာလို့ ယခုဘဝ၌ ပညာရေး

ဆိုင်ရာဝယ် အရာရာ အထခမြောက်တဲ့အပြင်၊ အကျိုးများရစ်လိမ့်မည်ကို တွေးကာ ယခုဘဝ ထပ်၍တိုးပွားသော ပညာပါရမီကို များစွာကျေနပ် နေပါတယ်၊ ဒါပေမဲ့ ရေးသားရုံဖြင့် သာသနာတော်မှာ အကျိုးမများ လှသေးပါဘူး၊ ကျမ်းစာအုပ်ဖြစ်အောင် ရိုက်နှိပ်နိုင်မှ အကျိုးများရစ်မှာ ပါ၊ ဒါ့ကြောင့် ရေးသမျှအားလုံး ကျမ်းစာအုပ်ဖြစ်ပြီးသည့်တိုင်အောင် အသက်ရှည်စေချင်ပါသေးတယ်။

**ဓမ္မဂုတ်။** ။ဗုဒ္ဓမြတ်စွာရဲ့ သာသနာ့ အချိန်အဝါဟာ အံ့သြလောက်ပါပေ တယ်၊ ဒီလို အရာရာ ပြည့်စုံနေတဲ့အခါ ကိုယ်တော့်ကျန်းမာရေး သိပ် အရေးကြီးတာဘဲ၊ ကျန်းမာရေး လုံလောက်ရဲ့လား။

**တပည့်တော်။** ။လူကတော့ နေထိုင်ကောင်းပါရဲ့၊ ပဌမဝါဆိုလ မကုန်ခင် မျက်မွေးရောင်တဲ့ရောဂါဖြစ်လို့ ယခု ဝါဆိုပြီးတဲ့အချိန်အထိ မျက်လုံး အားနဲ့နေပါတယ်၊ ဒါ့ကြောင့် စာကြည့်မှု လျှော့ထားလိုက်ရပါတယ်။

**ဓမ္မဂုတ်။** ။ ကိုယ်တော့် ကျန်းမာရေးကိုတော့ ဉာဏ်ရှိသမျှ ကြိုးစားပါ ကိုယ်တော့်ကိုယ်တော့်တာဝန်တွေက များလွန်းနေတယ်၊ ကျောင်းတိုက် တာဝန်အပြင်၊ ကျောက်တော်ကြီးဘုရား တာဝန်ကလဲ မငယ်လှဘူး။

**တပည့်တော်။** ။တာဝန်တွေများလို့ ကျန်းမာရေးကို ဂရုစိုက်ပါတယ်ဘုရား၊ ပတ်ဝန်းကျင်ကလဲ တပည့်တော်ရဲ့ကျန်းမာရေးကို နားစိုက်ကြဟန်တူပါ ရဲ့၊ ဒု-ဝါဆိုလပြည့်ကျော် (၈)ရက်နေ့က စစ်ကိုင်းဘက်မှာ တပည့်တော် ပြန်တော်မူပြီကြားလို့ သံဃာတော်တချို့နဲ့ သီလရှင် တော်တော်များ များ လာကြပါတယ်၊ သံဃာတော်ထဲမှာ ( ရွှေဟင်္သာချောင် ဒုတိယ သာသနာပိုင်)တပါးလဲ ကြွတော်မူလာလို့ အားနာစရာဖြစ်သွားပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော် ပြန်တော်မူတဲ့သတင်းက ဘာ့ကြောင့် ဖြစ်တာတုန်း။

**တပည့်တော်။** ။မလျှောက်တတ်ပါဘူးဘုရား၊ ဒီအချိန်မှာ မင်္ဂလာတိုက်က တပည့်တော်နဲ့ အသက် မကွာလှတဲ့ တိုက်အုပ်ဘုန်းတော်ကြီး ပြန်တော် မူလို့ ၃ ရက်လောက်ရှိပါပြီ၊ ဒီဟာနဲ့များ ရောသွားသလားမသိပါဘူး။

**ဓမ္မဂုတ်။** ။ဒီလိုဆိုလဲ ပြီးတာပါဘဲ၊ ကျန်းမာရေးတော့ အထူးဂရုစိုက်ပါ၊ ယခု သီတင်းကျွတ်ပြီ၊ ဝါတွင်းက ကျောင်းတိုက်မှာ ဘာများ အထူး ဖြစ်သေးသလဲ။

**တပည့်တော်။** ။သိပ်တော့ မထူးပါဘူး၊ တချို့အပြစ်များတော့ ရှိပါရဲ့၊ ဒါပေမဲ့ မကြားကောင်း မနာသာ တိုက်ရိုက်မသိတော့ ဒီလိုဘဲထားလိုက်ရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်အတွက်တော့ ဘာများ အထူးဖြစ်သေးသလဲ။

**တပည့်တော်။** ။သီတင်းကျွတ် မတိုင်မီကပင် တပည့်တော်စိတ်မှာ သံဝေဂလိုလို၊ ဘာလိုလို၊ အများနဲ့ မဆက်ဆံလို၊ ရှုပ်ရှုပ်ထွေးထွေး အခါရုံတွေ မကြည့်လိုတဲ့စိတ်တွေ သိသိသာသာ ဖြစ်နေပါတယ်၊ ဝဲဘက်လက်မှာလဲ အခြားလက္ခဏာတော့ သတိထားကြည့်ပေမဲ့ မသိသာပါဘူး၊ လက်ခလယ်တံတွဲ တက်လာတဲ့အကြောင်းကတော့ ရှေးက မရှိဘဲ ပေါ်နေတယ်။

**ဓမ္မဂုတ်။** ။လက္ခဏာဆရာများကို မေးမကြည့်ဘူးလား။

**တပည့်တော်။** ။တပည့်တော်ရဲ့ ဇာတာရေး၊ လက္ခဏာရေး၊ အမြဲဂရုစိုက်ဘဲ့ ဒကာ ဦးတင်မောင်ကို ပြပါတယ်၊ ဒီလက္ခဏာဟာ လောကကြီးကို ငြီးငွေ့တဲ့ အထိမ်းအမှတ်ဘဲ၊ စိတ်ဖြစ်တဲ့အတိုင်း ပေါ်လာတာဖြစ်တယ်လို့ ပြောတဲ့အတွက် စိတ်ဖြစ်ပုံကိုလဲ ပြောလိုက်ပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင်တော့ အကောင်းသားဘဲကိုယ်တော်၊ ရှေးသူတော်ကောင်းများလဲ အသက်ကြီးလာတဲ့အခါ တောထဲမှာပျော်ကြလို့ တောထွက်ကြပါတယ်။

**တပည့်တော်။** ။ဒကာဦးတင်မောင်ကလဲ တပည့်တော်ကို(၇၃)နှစ်လောက်ရောက်တဲ့အခါ "လက်ရှိကျောင်းတိုက်ကို လျစ်လျူရှုလိမ့်မယ်" လို့လဲ ပြောပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ကလဲ ဒီလို စိတ်ကူးသလား။

**တပည့်တော်။** ။အထူးစိတ်ကူးဘို့ မလိုပါဘူး၊ ယခုလဲ မလွှဲသာလို့ စောင့်ရှောက်နေရတာပါ၊ ရေးပြီး ကျမ်းစာတွေကလဲ စာအုပ် မဖြစ်သေးသို့ တဖြေးဖြေး စာအုပ်ဖြစ်အောင် ကြိုးစားယင်း၊ စာကိုလဲ တနေ့ နှစ်ဝါ လောက်ချပြီး ဩဝါဒကို နံနက်တိုင်း ပေးနေရပါတယ်။

**ဓမ္မဂုတ်။** ။ဒီဟာတွေလဲ သာသနာတော်မှာ အကျိုးများပါတယ်ကိုယ်တော်။

**တပည့်တော်**။ ။ အကျိုးများတန်သလောက်တော့ များပါရဲ့၊ ဒါပေမဲ့ သေရေးအတွက် သန့်သန့်ပြင်နေတာလောက်တော့ အကျိုး မများဘူး ဘုရား။

**ခမ္မဂုတ်**။ ။''သေရေးပြင်''ဆိုဘာ ဘာကို ဆိုလိုတာလဲကိုယ်တော်။

**တပည့်တော်**။ ။သမ္မပ္ပဓာန် လုံ့လဝီရိယအတိုင်း အကုသိုလ်ဖြစ်မဲ့ကိစ္စ ကြုံလာတဲ့အခါ ကြာကြာမဖြစ်စေဘဲ သတိထားပြီး ချက်ခြင်းရပ်တဲ့နဲ့ ကုသိုလ်ဆိုင်ရာ ကိစ္စမှာတော့ မှန်မှန်တိုးပွားဘို့ အချိန်ရှိသမျှ ကြိုးစားရတဲ့အလုပ်ပါဘုရား၊ ဒီလို သတိ-ဝီရိယဖြင့် မှန်မှန်ကြိုးစားနေယင် သေရေးအတွက် ကြောက်စရာမရှိတော့ဘူးဘုရား။

**ခမ္မဂုတ်**။ ။အင်း....ဒီအတိုင်းကြိုးစားယင်တော့ သေဘို့ကိစ္စအတွက် ကြောက်စရာ မရှိတာအမှန်ဘဲကိုယ်တော်၊ ကြိုးစားပါ၊ ကြိုးစားပါ။

**တပည့်တော်**။ ။သေရေး-နေရေး, နှစ်ထွေ အေးဘို့, လေးလေးနက်နက်, စဉ်းစားလျက်ပင်, နေ့ရက်-လတွေ, ကုန်သွားလေလည်း, စိတ်နေမပြောင်း, စိတ်ကောင်းမပျက်, စိတ်စက် တည်ကြည်, သေဘို့ရည်သည်.... သေမည် မကြောက်အောင်ထကား။

**ခမ္မဂုတ်**။ ။သေရေး ကြိုးစားယင်း, နေရေးလဲ ကျန်းမာအောင်ကြိုးစားပေါ့ကိုယ်တော်။

**တပည့်တော်**။ ။''ကံ''ဆိုတာ အင်မတန် ဆန်းကြယ်ပါတယ်ဘုရား, ကျန်းမာအောင် ကြိုးစားနေပါလျက် မျက်မွေးရောင်ရောဂါက သီတင်းမကျွတ်ခင် ထပ်ပြီးဖြစ်လို့ ဒေါက်တာ သန်းတင်ကို ပြရပါသေးတယ်၊ သူ့ဆေး ပေးလို့ ပျောက်ပြန်ပါတယ်။

**ခမ္မဂုတ်**။ ။နောက်ထပ်လဲ ဘာမှမဖြစ်အောင် သတိထားပေါ့ကိုယ်တော်။

**တပည့်တော်**။ ။သတိတော့ထားပါတယ်, ဒါပေမဲ့ သီတင်းကျွတ်လပြည့်ကျော် (၈) ရက်နေ့က ရေချိုးခန်းထဲမှာ ရေချိုးအပြီး ချော်လဲလို့ အင်္ဂခုံနဲ့တိုက်ပြီး ဥုးထိပ်မှာ အနည်းငယ်ပေါက်သွားပါတယ်၊ (၁၀)ရက်လောက်ကုလိုက်ရပါတယ်။

**ခမ္မဂုတ်**။ ။ကံမကောင်းတဲ့အထဲမှာ ဒါလောက်နဲ့ ပြီးသွားတာ ကံကောင်းတယ်လို့ ဆိုရမှာဘဲ၊ တချို့များ ကျိုးတောင် ကျိုးကြတယ်။

**တပည့်တော်**။ ။ကံကတော့ ကောင်းသင့်သလောက် ကောင်းဟန်တူပါတယ်, သမားတော်ကြီး ဦးထွန်းသင် ဆိုတဲ့ မနှစ်က ဒီအချိန်မှာ တပည့်တော်ရဲ့ ကျန်းမာရေးကို စစ်ဆေးပါတယ်၊ ယခုနှစ်လဲ မနှစ်ကလိုဘဲ နှလုံးစမ်းတဲ့စက်နဲ့အတူ အခြားကရိယာတွေကိုပါ စုံအောင်ယူလာပြီး သူ့လက်ထောက်များနဲ့အတူ လာရောက် စစ်ဆေးပါတယ်၊ မနှစ်ကနဲ့ မတူဘူးလို့ ပြောပါတယ်၊ ဒါပေမဲ့ သာ၍ သေချာအောင် ဓာတ်မှန် ရိုက်ဘို့ပြောလို့ ဆေးရုံကြီးလိုက်ပြီး ဓာတ်မှန်ရိုက်ရပါတယ်, ဆေးလဲ ၂ မျိုးလောက်ပေးပါတယ်၊ ၁၂ ရက်လောက် စားရမယ်လို့ဆိုပါတယ်။

**ဓမ္မဂုတ်**။ ။ဆေးစားပြီးတော့ ဘာလုပ်သေးတုန်း။

**တပည့်တော်**။ ။ဆေးပေးတာက ရောဂါရှာတာနဲ့ တူပါရဲ့, ဆေးစားပြီး တော့ ဓာတ်မှန်ရိုက်ကြည့်ပါတယ်, ဓာတ်မှန်ရိုက်ပြီး ဆေးအမျိုးမျိုးလဲ ထပ်ပေးပါတယ်၊ ယခု အဲဒီဆေးများကို စားနေတုန်းဖြစ်ပါတယ်။

**ဓမ္မဂုတ်**။ ။တနေ့တုန်းကလို ထပ်မလဲအောင် သတိထားပါကိုယ်တော်။

**တပည့်တော်**။ ။ထပ်မလဲအောင် ရေချိုးခန်းအပြည့် အသားကွက်တွေ ခင်းထားပါတယ်, အဲဒီ အသားကွက်ပေါ် နင်းသွားယင်တောင် လဲမှာကို အထူးသတိထားပြီး နေပေါတယ်၊ လဲထားတဲ့ဒဏ်က မကြီးကျယ်သော်လဲ ကြောက်စရာကောင်းလွန်းလို့လား မသိပါဘူးဘုရား, ဟိုနား – ဒီနား သွားတာတောင် လဲမှာကြောက်နေသလို မရဲတရဲ ဖြစ်နေပါတယ်။

**ဓမ္မဂုတ်**။ ။လဲထားတာက ခွေးခြောက်ခိုင်းတုန်းက တခါ, ရေချိုးခန်းထဲ တခါ, ၂ ခါတောင်ရှိနေလို့ အလိုလို စိတ်စွဲနေဟန်တူပါတယ်၊ ပိုပြီး သတိထားပေါ့ ကိုယ်တော်။

**တပည့်တော်**။ ။အိုတဲ့အခါကျတော့ ခန္ဓာကိုယ်မှာရှိတဲ့ အရိုးတွေ အကြော တွေက ခန္ဓာကိုယ်ကို မအိုခင်တုန်းကလို မဆောင်နိုင်တော့ဘူး၊ ဥပမာ— ''လှည်းအိုကြီးဟာ ဝန်မဆောင်နိုင်သလိုပါဘဲ ''လို့ ဓမ္မပဒအဋ္ဌကထာ, ကောသလသုတ်ဝတ္ထုမှာ မိန့်တဲ့အတိုင်း, တပည့်တော်ရဲ့ အရိုး–အကြော တွေဟာလဲ ထုံးစံအတိုင်း ခန္ဓာဝန်ကိုဆောင်ဘို့ ခဲယဉ်းဟန်တူပါတယ်။

ဇိဏ္ဏော အင္ဂိစ နှာရုစ, ဂတ္တာနိ န ဝဟန္တိ မေ၊
ဇိဏ္ဏောဝ သကဋော ဘာရံ, သာယံ လောကဿ ဓမ္မတာ။

**ခမ္မဂုတ်။** ။ဦးဇနကရေ....နိုင်ငံခြားညွှေ့သည်များ မလာတာကြာပြီ၊ ယခုလဲ လာဘို့အကြောင်း မရှိသေးဘူးလား။

**တပည့်တော်။** ။အကြောင်းထူးမကြားဘဲနဲ့ ယခုနှစ် တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့က တောင်ကိုရီးယားနိုင်ငံမှ ဘုန်းကြီးသုံးပါး ရောက်လာပါ တယ်၊ ထိုနိုင်ငံ၌ ဘောင်းဘီ-အင်္ကျီ ဝတ်နေကြသော ( မဟာယာန ) ဘုန်းတော်ကြီးများသာ ဖြစ်ကြပါတယ်၊ သို့ရာဘွင် ရောက်လာကြသော ဘုန်းတော်ကြီးသုံးပါးထဲမှ အလတ်တပါးက ယိုးဒယား ( ထိုင်း ) နိုင်ငံ၌ ထေရဝါဒဘုန်းကြီးအဖြစ် ပြောင်းခဲ့သည်မှာ ၄ လလောက် ရှိပါပြီတဲ့၊ ထို့ကြောင့် အဲဒီဘုန်းကြီးကတော့ ယိုးဒယားဘုန်းကြီးများအတိုင်းပင် သင်္ကန်းဝတ်လာပါတယ်။

**ခမ္မဂုတ်။** ။သူတို့က ကိုယ်တော့်ဆီကို ဘာကိစ္စနဲ့ ရောက်လာကြသလဲ။

**တပည့်တော်။** ။ယိုးဒယားလိုဝတ်ထားတဲ့ ထေရဝါဒဘုန်းကြီးက မြန်မာ နိုင်ငံ လှည့်လည်ယင်း ဤကျောင်းတိုက်ကိုဖြတ်ပြီး ဦးပိန်တံတားကြီးသို့ သွားသောအခါ ဤကျောင်းတိုက်၏ သန့်ရှင်း သာယာပုံကိုရှင်း့ တိတ် ဆိတ်ပုံကိုရှင်း့ သတိထား၍ မှတ်သားခဲ့ဘူးပါသတဲ့၊ နောက်တကြိမ် မြန်မာနိုင်ငံသို့ ကိုရီးယား ဒကာ-ဒကာမများနဲ့ လာသောအခါ တပည့် တော်ဆီ ဝင်လာပါတယ်, ဝင်လာသောအခါ တပည့်တော်နေရာ၌ ရေခဲ သေတ္တာ, ဆိုဖါကြီးစသော ခေတ်မှီ အသုံးအဆောင်ကောင်းတွေ ဘာ တခုမှ မရှိသည်ကို သတိထားမိပါသတဲ့။

**ခမ္မဂုတ်။** ။အဲဒီကိုယ်တော်က စဉ်းစားဉာဏ် အရှိသားဘဲနော်၊ ဒါ့ကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာ ပြောင်းလိုက်တာနဲ့တူတယ်။

**တပည့်တော်။** ။အဲဒီကိုယ်တော်က တပည့်တော် နေပုံထိုင်ပုံတွေကို ဓာတ်ပုံ တော်တော်များများ ရိုက်သွားပါတယ်၊ ကိုရီးယားသို့ ရောက်သောအခါ တချို့ ထေရဝါဒဘုန်းကြီးများ ခမ်းခမ်းနားနားနဲ့ (ရေခဲသေတ္တာ-အသံ ဖမ်းစက် စသော ခေတ်မှီအသုံးအဆောင်များနဲ့ ) နေပုံကိုကြည့်၍ ထိုသို့ နေလိုစိတ်ဖြစ်သောအခါ တပည့်တော် ယခုလိုနေပုံကို အထူးသတိရ၍ ခမ်းခမ်းနားနား နေလိုစိတ်ကို ပြုပြင်နိုင်ပါသတဲ့။

**ခမ္မဂုတ်။** ။ဒီကိုယ်တော်နဲ့ တခြားကိုယ်တော် ၂ ပါးက ကိုယ်တော့်ကျောင်း တိုက်သို့ ဘယ်လိုစိတ်နဲ့ ရောက်လာပါတုန်း။

**တပည့်တော်။** ။သူတို့ သုံးပါးထဲတွင် အငယ်ဆုံး မဟာယာနဘုန်းကြီးကလဲ ပဋ္ဌမအကြိမ် မြန်မာနိုင်ငံသို့ ရောက်လာသောအခါ ဤကျောင်းတိုက်ကို ဖြတ်၍သွားစဉ် သန့်ရှင်း တိတ်ဆိတ်ပုံကို သတိထားမိပါသတဲ့၊ သူတို့ ၂ ပါးက ကိုရီးယားသို့ ထင်ရှားသော မဟာနာယက ဆရာတော်ကြီးကို ဤကျောင်းတိုက်အကြောင်း ပြောပြသောအခါ ကမ္ဘာလှည့်ယင်း ဤကျောင်းတိုက်ကို ဝင်ရောက်လေ့လာမည်လို့ ပြောပါသတဲ့။

**ဓမ္မဂုတ်။** ။သူတို့သုံးပါး လာသောအခါ ဘယ်နည်းနဲ့ ကိုယ်တော့်ကျောင်း ရောက်သလဲ။

**တပည့်တော်။** ။မန္တလေးဟိုတယ် ရောက်သောအခါ အင်္ဂလိပ်လိုပြောတတ်သော ဆေရဝါဒဘုန်းကြီးက ဟိုတယ်ဆိုင်ရာ ကားသမားကို မန္တလေးမြို့ရဲ့ တောင်ဘက်မှာ သန့်ရှင်းသာယာသော ကျောင်းတိုက်ရှိတယ်၊ အဲဒီကျောင်းတိုက်ကို ပို့ပေးစမ်းပါ၊ ထိုကျောင်းတိုက်မှာ အိပ်ခွင့်- လေ့လာခွင့် ရယင် ဟိုတယ် ပြန်မအိပ်ပါ၊ အခွင့်မရယင် ပြန်အိပ်ပါ့မယ်လို့ ဟိုတယ် ဆိုင်ရာကို ပြောသောအခါ "ကြွပါ ကြွပါ၊ အခွင့်ရပါလိမ့်မယ်" လို့ ပြောလိုက်ပါသတဲ့။

**ဓမ္မဂုတ်။** ။ဒီနည်းနဲ့ ကိုယ်တော့်ကျောင်းတိုက်သို့ ရောက်လာတာပေါ့နော်။

**တပည့်တော်။** ။ရောက်လာသောသည အိပ်ခွင့်-လေ့လာခွင့်ရလို့ ပဋ္ဌမအကြိမ် ဝမ်းမြောက်ကြပါတယ်၊ "မဟာနာယက" ဆိုတဲ့ မထေရ်ကြီးက သက်တော်(၆၈)နှစ် ရှိပါပြီ၊ မဟာနာယကနဲ့ ထိုက်တန်အောင် ဇလွန်ကြီးရင့်ပါသည်၊ မျက်နှာ ကြည်လင်ပါသည်၊ စကားပြောသောအခါ အေးအေးပင် ပြောတတ်ပါသည်။

**ဓမ္မဂုတ်။** ။သူတို့နဲ့ စကားပြောဘို့ရန် စကားပြန်က ကိုယ်တော့်ကျောင်း **တိုက်မှာ ရှိသလား။**

**တပည့်တော်။** ။ ဆယ်တန်းဆရာလုပ်ခဲ့ပြီး၊ ပိဋကဘွဲ့လည်း အတော်ခရီး ရောက်နေတဲ့ ဦးပဉ္ဇင်းတပါး ရှိပါတယ်၊ အင်္ဂလိပ်လို ကောင်းကောင်း ပြောနိုင်သော လူဝတ်ကြောင်ယောဂီ ဒကာမ တယောက်လဲ ရှိပါတယ်၊ သို့သော် အရာရာနှံ့စပ်နေသော လူ့ဘဝတုန်းက အလုပ်အကိုင် ကြီးကြီးမားမားနဲ့ နိုင်ငံ တော်တော်များများကိုရောက်ခဲ့ပြီးသော တပည့်တော်

ရဟန်းအမနဲ့ သူဇနီးဘက်က ဆွေမျိုးတော်စပ်သူ ဦးမောင်မောင်လေး သည် ဒုလ္လဘရဟန်းအဖြစ်ဖြင့် ၉ ကြိမ်ဝတ်ခဲ့ရာမှ သဒ္ဓါတရားပြင်းပြသော ကြောင့် လူဝတ် မလဲတော့ဘဲ ပိဋကကျမ်းစာတို့ကိုလေ့လာယင်း တပည့် တော် ကျောင်းတိုက်မှာ ရောက်နေပါသည်၊ ဘွဲ့က ( ဦးကုဏ္ဍလ )လို့ ခေါ်ပါသည်၊တပည့်တော်ကျောင်းတိုက်မှာ စာချဘုန်းကြီး' ဦးကုဏ္ဍလ" တပါးလဲ ရှိပါသည်၊ ထို ၂ပါးက ကိုရီးယားဘုန်းကြီးများ၏ စားသောက် နေထိုင်ရေးနဲ့တကွ စကားပြန်ပြုလုပ်ရေးပါ အပြည့်အစုံ ဆောင်ရွက် ကြပါသည်။

**ဓမ္မဂုတ်။** ။ကိုယ်တော်နဲ့ကော ပဌမဆုံးတွေ့တော့ ဘာများ ပြောရတုန်း။

**တပည့်တော်။** ။ညနေအချိန်မှာ ဦးကုဏ္ဍလ ၂ ပါးနဲ့အတူ တပည့်တော်ထံ လာကြသောအခါ တပည့်တော်က " မတ်မတ်ရပ်ပြီးတော့ ယနေ့မှ ဤ ကျောင်းတိုက်သို့ ရောက်သော်လဲ ဘုန်းကြီးအားလုံးသည် ရှေးက အတူ နေခဲ့ကြဘူးသောအကြောင်းကြောင့် ယခုပြန်၍ တွေ့ကြရပါသည်၊ အယူ ဝါဒ ကွဲပြားသော်လဲ ဗုဒ္ဓမြတ်စွာရဲ့ သားတော်ချည်းသာ ဖြစ်ကြသော ကြောင့် ဧည့်သည် ( အာဂန္တု )ကဲ့သို့ သဘောမထားဘဲ မိမိတို့ နေမြဲ ကျောင်းတိုက်ကဲ့သို့ ရင်းရင်းနှီးနှီး လွတ်လွတ်လပ်လပ်နေကြပါ, လေ့လာ လိုသမျှ အားလုံးစုံအောင် လေ့လာကြပါ " လို့ ပြောလိုက်သည်ကို ဦးကုဏ္ဍလက အင်္ဂလိပ်လိုပြန်၍ပြောသောအခါ ထေရဝါဒ ဘုန်းကြီးက ဝမ်းမြောက်လွန်းလို့ သူ့ မဟာနာယကဆရာတော်အား ရှိုက်၍ရှိုက်၍ မျက်ရည်တလည်လည်နဲ့ ပြောပြရှာသည်၊ မဟာနာယက ဆရာတော်လဲ မျက်ရည်ဝိုင်း၍လာပါသည်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ရဲ့စကားကလဲ ဝမ်းမြောက်စရာဖြစ်လို့ ဝမ်းသာလုံး ဆို့တဲ့ မျက်ရည်မျိုးကျတာပေါ့နော်၊ သူတို့ ဘာများလေ့လာသွားတုန်း။

**တပည့်တော်။** ။ကျောင်းတိုက်မှာ ဘုရားဝတ်တက်ပုံ, ဘုရားဝတ်တက်အပြီး၌ ကမ္မဋ္ဌာန်းထိုင်ကြပုံကို ထိုည၌လေ့လာ၍ ဓာတ်ပုံရိုက်ကြပါသည်၊ နံနက် ရောက်တဲ့အခါ ယာဂုကပ်သော အလှူ့ရှင်များက ယာဂုလောင်းချိန်မှာ နှစ်တန်းခွဲ၍ နှစ်နေရာ၌သာ ယာဂုခံယူကြပုံ, ယာဂုဘုဉ်းပေးကြပုံကို ဓာတ်ပုံရိုက်ကြပါသည်၊ ယာဂုဘုဉ်းပေးပြီး၍ ဩဝါဒခံယူဘို့ရန် ဆွမ်းစား ကျောင်းပေါ်သို့ရောက်တဲ့အခါ ဩဝါဒနာယူသော သံဃာတော်များကို

အဖက်ဖက်မှ လှည့်ပတ်ပြီး အတော်များများ ဓာတ်ပုံရိုက်ကြပါသည်၊ သြဝါဒပြီးတဲ့အခါ မဟာထေရ်ကြီးနဲ့ တပည့်တော်တို့ အနီးကပ်ထိုင်နေပုံကို ဓာတ်ပုံရိုက်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ဒီနောက်တော့ ဘယ်နေရာများ ဓာတ်ပုံရိုက်ကြသေးတုန်း။

**တပည့်တော်**။ ။ကျောင်းထဲသို့လှည့်ပတ်၍ ကြည့်ရှုစဉ်, ဥယျာဉ်ထဲသို့ ရောက်သောအခါ သစ်ပင်များ၏အောက်၌ ကမ္မဋ္ဌာန်းထိုင်ခုံကလေးတွေကို တွေ့၍ မဟာနာယကထေရ်ကြီးသည် ထိုခုံကလေးပေါ် ဝယ် စကျွဲခြုံ ချ၍ ကမ္မဋ္ဌာန်းထိုင်နေသည်မှာ လွန်စွာ ကြည်ညိုဘို့ကောင်းသောကြောင့် ဥူးကုဏ္ဍလ ၂ ပါးက စကားပြန်ဘုန်းကြီးကို ဓာတ်ပုံရိုက်ဘို့ပြောရပါသဘဲ့။

**ဓမ္မဂုတ်**။ ။မဟာနာယက ထေရ်ကြီးက သူ့နည်းနဲ့သူ တရားထိုင်နေကျ ဖြစ်ဟန်တူပါတယ်နော်။

**တပည့်တော်**။ ။တရားထိုင်နေကျ ဖြစ်ပါလိမ့်မယ်, ပင်ကိုယ်မျက်နှာအနေ ကိုယ်က တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာ ပဋ္ဌမ မဟာဂန္ဓာရုံဆရာတော်ကဲ့သို့ အေးအေးဆေးဆေး ငြိမ်ငြိမ်သက်သက် ရှိလှပါတယ်။

**ဓမ္မဂုတ်**။ ။နောက် ဘယ်နေရာများ ဓာတ်ပုံရိုက်သေးတုန်း။

**တပည့်တော်**။ ။နေ့ဆွမ်းစားသောအခါ သေခိယသိက္ခာပုဒ်နဲ့အညီ, စားကြပုံကိုကြည့်၍ ဓာတ်ပုံ တော်တော်များများ ရိုက်ပါတယ်၊ နေ့ဆွမ်းစားပြီးနောက် စစ်ကိုင်းဘက်သို့သွား၍ လှေလှလာပြီးမှ ပြန်လာကြပါသည်၊ နောက်တနေ့နံနက်ရောက်သောအခါ ဆွမ်းချက်ရာမီးဖို့ ဆွမ်းဟင်းချက်ရာ ဌာန စသည်ကို ဓာတ်ပုံရိုက်၍ တောင်သမန် ကျောက်တော်ကြီးဘုရားကို သွားရောက် ဖူးမျှော်ကြပါသည်၊ ပြန်လာသောအခါ တတိုက်လုံးသံဃာများနဲ့အတူ ကိုရီးယားဘုန်းကြီးနဲ့ တပည့်တော်ပါ-ပါအောင် ဓာတ်ပုံရိုက်ကြပါတယ်။

**ဓမ္မဂုတ်**။ ။ဘယ်အချိန် ပြန်ကြတုန်း။

**တပည့်တော်**။ ။နေ့လည်လောက် လေယာဉ်ပျံစီးရမည်ဖြစ်၍ ဆွမ်းစားပြီးသောအခါ ပြန်ကြပါသည်။

**ဓမ္မဂုတ်**။ ။ပြန်ခါနီးတော့ ဘာများ လျှောက်ထားသေးတုန်း။

**တပည့်တော်။** ။"ပြန်တော့မဲ့အနေနဲ့ နှုတ်တောင် မဆက်ချင်ပါဘူး, ပြန်လဲ မပြန်ချင်ပါဘူး၊ ဒီမှာနေရတာ အားလုံးချမ်းသာ, အားလုံးပြည့်စုံပါတယ်"လို့ မဟာနာယကထေရ်က သူ့မှာ ကံမကောင်း အကြောင်းမသင့်လို့ ဝိနည်းတော်ကို အပြည့်အစုံ မလိုက်နာရသော်လဲ နိဗ္ဗာန်မရခင် ဆရာတော်နဲ့အတူ ဗုဒ္ဓသာသနာတော်ကို ပြုနိုင်ဘို့ရန် ဆုတောင်းပါတယ်လို့ ဝမ်းနည်းစွာလျှောက်ထား၍ ခွဲခွါသွားကြပါသည်ဘုရား။

**ဓမ္မဂုတ်။** ။သမားတော်ဦးထွန်းသင်က ဆေးတွေပေးပြီးတော့ ကျန်းမာရေး စစ်နေတာ မပြီးသေးဘူးလား။

**တပည့်တော်။** ။ယနေ့ ၁၃၃၈-ခု, နတ်တော်လဆန်း ( ၄ ) ရက်နေ့မှာ ရက်ချိန်းပေးပြီးတော့ ခေတ်မှန် တဲ့တဲ့တကြိမ်, ယာဘက်စောင်းလျက် တကြိမ် ရိုက်ကြည့်ပါတယ်၊ ထို့နောက် ခေတ်မှန်ဆိုင်ရာ အကြီးအကဲဖြစ်တဲ့ ဒေါက်တာဌေးမြင့် ရောက်လာတဲ့အခါ နှလုံးသက်သက် စမ်းသပ်ဘို့ရန် စက်တမျိုးဖြင့် ပက်သက်အိပ်စေပြီး နှစ်ကြိမ်, ဝဲဘက်စောင်းအိပ်စေပြီး သုံးကြိမ်, ယာဘက်စောင်းလျက် အိပ်စေ၍ သုံးကြိမ် ရိုက်စေပါသည်၊ အားလုံးကြည့်ပြီးသောအခါ နှလုံးစသည်၌"စိုးရိမ်စရာ ရောဂါမရှိပါ"လို့ လျှောက်ကြပါသည်၊ သူတို့က"ဝမ်းထဲ၌ စိုးရိမ်စရာမရှိဘူး"လို့ ဆိုသော်လဲ မျက်စိအတွက် မျက်စိဆရာဝန်ကိုပြ၍ စမ်းသပ်နေရပါသည်။

**ဓမ္မဂုတ်။** ။ကိုယ်တော့်ကို ဆရာဝန်များနဲ့ သမားတော် ကိုယ်တိုင်က စောင့်ရှောက်နေကြခြင်းမှာလဲ သာသနာတော်အလုပ်ကို ကြိုးစားဘို့ရာ အားတက်ဘွယ် တမျိုးပါဘဲနော်။

**တပည့်တော်။** ။မှန်ပါတယ်, တပည့်တော်တော့ ကျန်းမာရေးကို ဒါလောက် နားမလည်ပါ၊ အစားအသောက် အနေအထိုင်ကိုသာ ပြုပြင်ရပါတယ်။

**ဓမ္မဂုတ်။** ။စားလို့ သောက်လို့တော့ ကောင်းတယ်မဟုတ်လား။

**တပည့်တော်။** ။သက်သတ်လွတ်စားနေတာဖြစ်တော့ ကောင်းလှတယ်မဟုတ်ပါဘူးဘုရား, အားရှိသောဆေးကလေးများ ကူပြီးတော့ အလုပ်လုပ်နိုင်အောင် စားနေရတာပါ၊ တခါတခါ ငါးခြောက်ဖုတ် အနံ့ကလေးများ မွှေးလို့ စားချင်စိတ်ဖြစ်ပါရဲ့၊ ဒါပေမဲ့ စိတ်ကို ချုပ်တည်းရပါတယ်။

**တဘဝ သံသရာ ပြီး ပြီ။**

---

**အမှာ။** ။ဆရာတော်၏"တဘဝသံသရာ"မှတ်တမ်းကို ၁၃၃၉–ခုနှစ်, နတ်တော်လဆန်း ( ၄ )ရက်နေ့အထိ ကိုယ်တော်တိုင်ရေးပြီး ဖြစ်ပါသည်၊ ဤဘဝမှ ပြန်လွန်တော်မမူမီ ကျန်ရှိသေးသော ( ၁၃ )ရက်ကာလနှင့်, နောက်ဆုံး ဈာပန ပွဲပြီးချိန်အထိ ဖြစ်စဉ်များကို ဆက်လက် ရေးသားတင်ပြရန် တာဝန်ရှိသည့် အလျောက် ရေးသား တင်ပြပါသည်။

ဤသို့ ရေးသားဘင်ပြရာတွင် နိမ္မိတဆရာတော် ဦးခမ္မဂုတ္တနှင့် ဆွေးနွေးဟန် ဖြင့်ပင် ဆက်လက် ရေးသားတင်ပြရယင် ဆရာတော်၏ မူလ ချခင်းထားသည့် ဇာတ်ကြောင်း ဟန်မပျက်စေဘဲရှိသဖြင့် ဖတ်ရှု ကြည်ညိုရသူတို့၏စိတ်မှာ အာရုံ မပြောင်း တကြောင်းတည်းသော သမာဓိဖြင့် စိတ်အေးချမ်း တည်ငြိမ်မှုကို ရယူ နိုင်လိမ့်မည်လို့ မျှော်လင့်ပါသည်။

**ခမ္မဂုတ်။** ။ကိုယ်တော့်ဘွဲ့က ဘယ်လိုခေါ်သလဲ။

**တပည့်တော်။** ။"စန္ဒောဘာသ"လို့ ခေါ်ပါတယ်။

**ခမ္မဂုတ်။** ။ကိုယ်တော် ဒီဂန္ဓာရုံရောက်တာ ဘယ်လောက်ကြာပြီလဲ။

**တပည့်တော်။** ။ဆရာတော် တောင်မြို့ရောက်တာနဲ့ တပြိုင်တည်းလိုပါဘဲ ဘုရား။

**ခမ္မဂုတ်။** ။ဒါဖြင့် ဒီဂန္ဓာရုံစာသင်တိုက် တည်ထောင်ကတည်းက နေမှာပေါ့။

**တပည့်တော်။** ။ဆိုနိုင်ပါတယ်ဘုရား, အမှန်ကတော့(၂)နှစ်လောက်တောင် စောရောက်ပါသေးတယ်။

**ခမ္မဂုတ်။** ။သြော်....ဒီလိုဆိုတော့ ကိုယ်တော်က တပည့်ကြီးပေါ့။

**တပည့်တော်။** ။လက်ရှိ တပည့်တွေထဲမှာတော့ တပည့်တော် အကြီးဆုံးပါ ဘုရား။

**ခမ္မဂုတ်။** ။ကျောင်းတိုက်လက်ရှိ တပည့်တွေထဲမှာ အကြီးဆုံးဆိုတော့ ယခု ကျောင်းတိုက်ထဲမရှိဘဲ အဝေးရောက် တပည့်ကြီးတွေကော ရှိကြသေး သလား။

**တပည့်တော်။** ။မှန်ပါ့ ရှိကြပါသေးတယ်၊ ဒါပေမဲ့ သူတို့ ဂ္ဂဟာသရိယနဲ့ သူတို့ (ကျောင်းထိုင်) ဖြစ်နေကြပါတယ်။

**ဓမ္မဂုတ်။** ။ဒါဖြင့် ကိုယ်တော်တို့ဆရာတော်မရှိတော့ ဆရာတော်ကို တိုက်ရိုက် မေးချင်တာတွေ မေးလို့ မဖြစ်တော့ဘူး၊ ကိုယ်တော့်ကိုဘဲ မေးရဦးမယ်။

**တပည့်တော်။** ။မေးပါဘုရား။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ဆရာတော် ပြန်လွန်တော်မမူမီ မှတ်တမ်း မရေးဘဲ ကျန်နေတဲ့ နေ့ရက်တွေမှာ ဘယ်လိုကိစ္စတွေကို ဆောင်ရွက်သေးသလဲ။

**တပည့်တော်။** ။ကျန်ရှိနေတဲ့ရက်တွေမှာ နေ့စဉ် ဆောင်ရွက်နေကျအတိုင်း နံနက်အရုဏ်ဆွမ်းစားပြီး ဥပုသ်နေ့မှတပါး, တပည့်သံဃာတွေနဲ့ ဒကာ-ဒကာမတွေကို ဩဝါဒပေးပါတယ်၊ နေ့လည်အချိန် စာဝါများ ပို့ချခြင်း, ကျမ်းစာရေးသားခြင်းပြုပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ဆရာတော် ကျမ်းစာရေးသားတဲ့အခါ နေ့အချိန်မှာသာ ရေးသလား, ညမှာကော မရေးဘူးလား။

**တပည့်တော်။** ။တခါတရံ အရေးပေါ်ကိစ္စရှိတဲ့အခါနဲ့, အိပ်ရာတွင်းနေစဉ် စိတ်ကူးပေါ်လာတဲ့ အချက်အလက်ရှိတဲ့ အခါများမှာတော့ ညညမှာလဲ ရေးပါတယ်။

**ဓမ္မဂုတ်။** ။ဒီတော့ ကိုယ်တော်တို့ဆရာတော်ဟာ ကျန်းမာရေးအတွက် ညမှာ မီးမကြည့်ဘူးလို့ ကြားဘူးပါကလား။

**တပည့်တော်။** ။မှန်ပါတယ်, ရှေ့ပိုင်းအချိန်တုန်းကတော့ ညမှာ လုံးဝ မီးနဲ့ စာမရေးပါဘူး, လွန်ခဲ့တဲ့ (၅)နှစ်အတွင်းလောက်မှ သေဘို့အချိန် နီးနေပြီ, အလုပ်တွေ ကျန်နေမှာစိုးလို့ ဆိုပြီး တခါတရံ မီးနဲ့ စာရေးခြင်းဖြစ်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အဲဒီလို စာရေးတော့ ထိုင်ရေးသလား။

**တပည့်တော်။** ။ထိုင်မရေးတာ ကြာပါပြီ၊ တပည့်တော် မှတ်မိသလောက်တော့ ၁၃၀၅-ခုနှစ်, ကစ္စည်းဘာသာဋီကာ ရေးကတည်းက မတ်တတ် စာပွဲနဲ့သာ ရေးပါတယ်၊ ရိုးရိုးစာပွဲခုံကို အောက်က အုဋ်ခဲခုပြီး မတ်တတ် စာပွဲဖြစ်အောင် စီမံပေးရပါတယ်။

**ခမ္မဂုတ်**။ ။စာရေး–စာပို့ချတယ်ဆိုတော့ ဘယ်အချိန်မှာ ပို့ချသလဲ။

**တပည့်တော်**။ ။နေ့ ၁၂ နာရီမှ တနာရီအထိ တဝါ, ၅ မိနစ် နားပြီးတော့ ၂ နာရီအချိန်အထိ တဝါ၊ နေ့စဉ် စာဝါနှစ်ကြိမ် ပို့ချပါတယ်။

**ဓမ္မဂုတ်**။ ။တနေ့ စာဝါနှစ်ကြိမ် ပို့ချတယ်ဆိုတော့ တော်တော်ပင်ပန်းမှာ ဘဲနော်, အမြဲတမ်း နှစ်ဝါပို့ချတာဘဲလား။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဘာစာဝါတွေ ပို့ချသလဲ။

**တပည့်တော်**။ ။အမြဲတမ်းဆိုတော့ အစုံပါဘဲဘုရား, ယခု နောက်ဆုံးပို့ချတဲ့ စာဝါကတော့ လွန်ခဲ့တဲ့နှစ်က ပြီးသွားတဲ့ ''ပဋ္ဌာနကြိုဏ်''ခေါ်တဲ့ အဘိဓမ္မာအဋ္ဌကထာနဲ့ မူလဋီကာပါဘုရား။

**ဓမ္မဂုတ်**။ ။ဩော်....စာချဘုန်းကြီးတွေကြောက်တဲ့ တကယ့်စာဝါကိုး။

**တပည့်တော်**။ ။မှန်ပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။အဲဒီ အဘိဓမ္မာအဋ္ဌကထာနဲ့ မူလဋီကာကျမ်းများပြီးသွားတော့ နောက်တပ် ဘာစာဝါများ ပို့ချသေးသလဲ။

**တပည့်တော်**။ ။ပါရာဇိကဏ်ပါဠိတော်ကို အစားထိုးပြီး ပို့ချပါတယ်ဘုရား၊ ပို့ချလက်စ သုတ်မဟာဝါ ပါဠိတော်နဲ့ အဋ္ဌကထာကိုလဲ ဆက်လက် ပို့ချပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီ သုတ်မဟာဝါစာဝါကို ပို့ချရုံဘဲလား, အယင်ကျမ်းစာတွေလို အဓိပ္ပါယ်ဖွင့် (ဘာသာဋီကာ)မရေးဘူးလား။

**တပည့်တော်**။ ။ရေးပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။အဲဒီကျမ်းကိုရေးတော့ ကျမ်းနာမည်ကို ''သုတ်မဟာဝါ ဘာသာဋီကာ''လို့ တပ်မှာပေါ့နော်။

**တပည့်တော်**။ ။ထုံးစံအတိုင်း''ဘာသာဋီကာ''နာမည်ချည်းပါဘဲဘုရား။

**ဓမ္မဂုတ်။** ။ဒါ့ကြောင့် အများကလဲ "ဘာသာဋီကာဆရာ"လို့ ခေါ်ကြတာ နေမှာပေါ့၊ ဒါနဲ့စပ်ပြီးမေးရဦးမယ်, အဲဒီနာမည်ဟာ ဘယ်လိုအဓိပ္ပါယ် ရှိလို့ မှည့်ခေါ်တာလဲ၊ ကိုယ်တော်က ရှေ့မှီနောက်မှီဆိုတော့ ကိုယ်တော် တို့ ဆရာတော်ရဲ့ အာဘော်(ရည်ရွယ်ချက်)ကို ပြောပြပါအုံး။

**တပည့်တော်။** ။" ဘာသာဋီကာ "ဆိုတဲ့ စကားလုံးကတော့ အများသိပြီး ဖြစ်ပါလိမ့်မယ်, ပေါ်လဲ ပေါ်လွင်ပါတယ်၊ ဆိုင်ရာ ကျမ်းစာများရဲ့ အဓိပ္ပါယ်ကို တိုင်းရင်းမြန်မာ ဘာသာနဲ့ ချဲ့ဖွင့်ပြတာမို့ "မြန်မာ"ဆိုတဲ့ စကားလုံးကိုဖြုတ်ပြီး, "ဘာသာဋီကာ"လို့ သုံးတာပါဘုရား။

**ဓမ္မဂုတ်။** ။ဒါဖြင့် ဒီစကားလုံးဟာ ကိုယ်တော်တို့ဆရာတော်ကစပြီး တွင်တဲ့ စကားလုံးဘဲလား။

**တပည့်တော်။** ။မဟုတ်ပါဘုရား, တပည့်တော်တို့ဆရာတော်ရဲ့ ဆရာဖြစ်တဲ့ အဘယာရာမဆရာတော် အသုံးပြုတဲ့ စကားလုံးကို ပူဇော်တဲ့အနေလဲ ရောက်, အဓိပ္ပါယ်လဲ ပေါ်လွင်တာနဲ့ အသုံးပြုခြင်းဖြစ်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဒီစကားလုံးနဲ့စပ်ပြီး အတိုက်အခံများ မပေါ်ပေါက်ခဲ့ဘူးလား။

**တပည့်တော်။** ။ပေါ်ပေါက်ခဲ့ဘူးပါတယ် ဘုရား။

**ဓမ္မဂုတ်။** ။ဘယ်လိုပေါ်တာလဲ ကိုယ်တော်, အတိုက်အခံပေါ်တယ်ဆိုတော့ စိတ်ဝင်စားစရာဘဲနော်၊ တပည့်တော်တို့သိရအောင် ပြောပြစမ်းပါအုံး။

**တပည့်တော်။** ။အဲဒီ အတိုက်အခံပေါ်တဲ့အချိန်မှာ သဂြိုဟ်ဘာသာဋီကာနဲ့ ပါတိမောက်ဘာသာဋီကာ နှစ်ကျမ်းထွက်ပြီးပါပြီ၊ နောက်ဆက်လက်ပြီး ရူပသိဒ္ဓိဘာသာဋီကာ- ကစ္စည်းဘာသာဋီကာများထွက်လာပါလိမ့်မည်လို့ ဆိုင်ရာဒကာများက ကြေငြာလိုက်တော့, "ပုပ္ပါးဦးကျော်ရင်"လို့ နာမည် ကျော်ကြားတဲ့ မြန်မာပညာရှိ စာရေးဆရာ, မုံရွာ လယ်တီဥုးကောဝိဒ ဆရာတော်က ဒီနာမည်ကို တပည့်တော်တို့သုံးဘို့ ရည်ရွယ်ထားပါတယ်။

ဒါ့ကြောင့် အရှင်ဘုရား ခွင့်ပြုထားတဲ့ ဒကာများရဲ့ ကျေညာချက်ကို ပြန်ရုပ်သိမ်းခိုင်းပေးပါလို့ စာနဲ့ အကြောင်းကြားပါတယ်၊ အဲဒီအခါ တပည့်တော်တို့ ဆရာတော်က " နာမည်ဆိုတာ နာမည်ပါဘဲ " တပည့် တော်ရေးတော့ တပည့်တော်ဘာသာဋီကာ, အရှင်ဘုရားရေးတော့ အရှင်

ဘုရား ဘာသာဋီကာ ဖြစ်ရပ်ပါဘဲ, မှတ်ပုံတင်ထားတာလဲ မဟုတ်တော့ အရှင်ဘုရားလဲ သုံးပါ၊ တပည့်တော်လဲ သုံးပါရစေလို့ စာပြန်လိုက်သည့် အတွက် နှစ်ဦးနှစ်ဝ ကြေနပ်မှု ရသွားတယ်လို့ သိရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ဆရာတော်က "ဇွဲကောင်း–ဝီရိယကောင်း"ဆိုတော့ လျှော့ဘို့တော့ စိတ်ကူးထဲတောင် ထည့်မှာမဟုတ်ဘူးထင်တယ်။

**တပည့်တော်။** ။ဇွဲကောင်းပုံကို အထူးပြောစရာ မလိုပါဘူးဘုရား၊ ဂျပန် ခေတ်တုန်းက ဖြစ်ပုံကလေးတခု အကြောင်းတိုက်ဆိုင်တုန်း လျှောက်ပါ ဦးမယ်၊ အဲဒီတုန်းက တနေ့သောအခါ ဆရာတော်မှာ ငှက်ဖျားဆန်ဆန် တုန်ဖျားနေပါတယ်, စာရေးယင်း လက်ကခဲတံ မြဲအောင်မကိုင်နိုင်လို့ တပည့်တော်ကို ခေါ်ပါတယ်၊ ခေါ်ပြီးတော့ ဆရာတော် မထိုင်နိုင်လို့ ခေါင်းပေါ်လှဲပြီး ဖျားနေယင်း ဆရာတော်ကပြောလိုက် တပည့်တော်က နောက်ကလိုက်ရေးနဲ့ လုပ်ခဲ့ရပါသေးတယ်ဘုရား။

**ဓမ္မဂုတ်။** ။တော်တော့ကို ဇွဲကြီးတာဘဲနော်, ချီးကျူးထိုက်တဲ့ ဇွဲပါဘဲ၊ ဒါ့ထက် အဲဒီဖျားတုန်း ရေးတဲ့ကျမ်းက ဘာကျမ်းတုန်း။

**တပည့်တော်။** ။ကစ္စည်းဘာသာဋီကာကျမ်းပါဘုရား။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင် အဲဒီကျမ်းကို ကစ္စည်းဘာသာဋီကာလို့ နာမည် မပေးဘဲ "ဇွဲကျမ်း"လို့ နာမည်ပေးစရာကောင်းတယ်နော်၊ဇွဲအကြောင်း ပြောရတာနဲ့ မူလစကားပြတ်သွားတယ်, ပြန်ပြီး ဆက်မေးရဦးမယ်။

**တပည့်တော်။** ။မေးပါဘုရား။

**ဓမ္မဂုတ်။** ။အဲဒီ ပို့ချလက်စ သုတ်မဟာဝါကျမ်းကြီး ပြီးဆုံးသွားတော့ ဘယ်ကျမ်း ဆက်ပို့ချဦးမယ်လို့များ ပြောသေးတုန်း။

**တပည့်တော်။** ။ဒီညနိကာယ်ထဲက နောက်ဆုံးဖြစ်တဲ့"သုတ်ပါထေယျကျမ်း" ဆက်ပြီး ပို့ချဘို့ အစီအစဉ်ရှိပါတယ်။

**ဓမ္မဂုတ်။** ။ကဲလေ အဲဒါတော့ ထားပါဦး၊ တပည့်တော် ဆက်မေးချင် တာက ပို့ချလက်စ သုတ်မဟာဝါကျမ်း ပို့ချရေးသားလို့ ပြီးဆုံးတော့ ကျန်းမာရေးကော ကောင်းရဲ့လား။

**တပည့်တော်။** ။ကောင်းပါတယ်ဘုရား, ကောင်းရုံတွင်မက တော်တော်ကို ပျော်ရွှင်နေပုံရပါတယ်။

**ဓမ္မဂုတ်။** ။"စိတ်လန်းတော့ ကိုယ်ကြည့်, စိတ်ပျိုတော့ ကိုယ်နု" ဆိုသလို စိတ္တဇရုပ်တွေ ဖြစ်နေမှာပေါ့ခနော်၊ အဲဒီလို ကျမ်းစာတွေ ရေးလို့-ပို့ချလို့ ပြီးတိုင်း ဘာတွေများ ပြောလေ့-ပြုလေ့ ရှိပါသလဲ၊ ကိုယ်တော်က နှစ်ပေါင်းများစွာ နီးနီးကပ်ကပ် အတူနေရလို့ အတွင်းကျကျ သိသင့်သလောက် သိလိမ့်မယ်ထင်လို့ မေးရတာပါ, ပြောစမ်းပါအုံး။

**တပည့်တော်။** ။အဲဒီလို ကျမ်းစာတွေ ရေးသား-ပို့ချပြီးတိုင်း ရက်ပေါင်း တော်တော်ကြာကြာ တပည့်တွေနဲ့ ဆက်ဆံတွေ့နေရာမှာလဲ ရယ်စရာ မောစရာများ ပြောတတ်ပါတယ်၊ သွားယင်းလာယင်း နှုတ်ကလဲ တိုးတိုး ကလေး "ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ, ဗုဒ္ဓံ ပူဇေမိ-ဓမ္မံ ပူဇေမိ- သံဃံ ပူဇေမိ" လို့ မကြာမကြာ ကြားရပါတယ်၊ ပြီးတော့....

"စိရံ တိဋ္ဌတု သဒ္ဓမ္မော, ဓမ္မေ ဟောန္တု သဂါရဝါ, သဗ္ဗေပိ သတ္တာ ကာလေန သမ္မာဒေဝေါ ပဝဿတု, ယထာရက္ခိံသု ပေါရာဏာ သုရာ ဇာနော တထေဝိမံ, ရာဇာ ရက္ခတု ဓမ္မေန အတ္တနောဝ ပဇံ ပဇံ" လို့ ဆက်ပြီးရွတ်နေတာကိုလဲ ကြားရဘူးပါတယ်ဘုရား။ [ဆရာတော်ရွတ်ဆိုတဲ့ ပါဠိများကို အများသိနိုင်ရန် ယောဇနာအနက်များကို ဆက်လက်ရေး ထည့်လိုက်ပါသည်၊]

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-ဤသို့ ကျမ်းစာပို့ချ ရေးသားရခြင်း ဟူသော ဓမ္မာနုဓမ္မ(ပတိပတ်)လောကုတ္တရာအကျင့်မြတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာ ဘုရားကို၊ ပူဇေမိ - ပူဇော်ပါ၏ အရှင်ဘုရား၊ ဓမ္မံ-မဂ်လေးတန်, ဖိုလ် လေးတန်, နိဗ္ဗာန်ႎရိယတ် ဆယ်ပါးသော တရားတော်မြတ်ကို၊ ပူဇေမိ— ပူဇော်ပါ၏ အရှင်ဘုရား၊ သံဃံ - မဂ်ဖိုလ်၌တည့်, ရှစ်လီသော အရိယာ သံဃာတော်နှင့်တကွ, ထိုမဂ်ဖိုလ်ကို ရည်မှန်း၍ ကျင့်ခတော်မူနေကြသော သမ္မုတိသံဃာတော် အရှင်မြတ်အပေါင်းကို၊ ပူဇေမိ— ရှိခိုး ကော်ရော် ပူဇော်ပါ၏ အရှင်ဘုရား။

သဒ္ဓမ္မော-ဘုရားဟောဖေါ်, သူတော်ကောင်းတရားတော်သည်၊ စိရံ- ခေတ်အဆင့်ဆင့်, ဆောင်ယူ ကျင့်၍, ကြာမြင့်လှစွာ, ငါးထောင်သာ အောင်၊ တိဋ္ဌတု-ပါဠိအနက်, မလျော့ပျက်ဘဲ, ထွန်းတက်၍သာ တည်တံ့ ပါစေသတည်း။

သဗ္ဗေပိ–ကမ္ဘာလွှမ်းခြုံ အလုံးစုံလည်းဖြစ်ကုန်သော၊ သတ္တာ–သွားလာ လှုပ်ရှား သတ္တဝါအများသည်၊ ဓမ္မ - ဆိုင်ရာဆင့်ဆင့်၊ ကိုယ်ကျင့်တရား၌၊ သဂါရဝါ – ရိုသေလေးစားခြင်းရှိကုန်သည်၊ ဟောန္တု-ဖြစ်ကြပါစေကုန် သတည်း။

ဒေဝေါ – လူအများ၏ ချမ်းသာပွားတိုး အားထားရာ မိုးသည်၊ ကာလေန – သင့်လျော်လျောက်ပတ်၊ ကောင်းမြတ်သောအခါ၌၊ သမ္မာ–မဖောက်မပြန် မှန်ကန်စွာ၊ ပဝဿတု-ရွာသွန်းပါစေသတည်း။

ပေါရာဏာ – ရှေးအထက်က ဆက်ဆက်များလှ ဖြစ်ပေါ်ကြကုန်သော၊ သုရာဇာနော– ရေမြေ အပေါင်း တိမ်း မခစောင်းအောင် ထိန်းကျောင်းပေတတ် မင်းကောင်း မင်းမြတ်တို့သည်၊ ပဇံ-တိုင်းသားပြည်သူ ရှင်လူအပေါင်းကို၊ ရက္ခိံသု ယထာ-ခိုးသား ဒါးမြ မရှိရအောင် နေ့ညပုံသေ စောင့်ရှောက်ကြလေကုန်သကဲ့သို့၊ တထေဝ-ပဓာထားတူ အလားတူသာလျှင်၊ ရာဇာ-နိုင်ငံပိုင်နင်း အစိုးရမင်းသည်၊ ဣမံ ပဇံ–တိုင်းသားပြည်သူ ရှင်လူအများကို၊ အတ္တနောပဇံ ဣဝ – မိမိရင်နှစ် သားရင်းစစ်ကဲ့သို့၊ ဓမ္မေန–တရားသဖြင့်၊ ရက္ခတု – ကျောသား ရင်သား မခွဲခြားဘဲ တရားအလျောက် စောင့်ရှောက်ပါစေသတည်း။

**ဓမ္မဂုတ်**။ ။တယ်ကောင်းတဲ့ ရည်ရွယ်ချက်ဘဲကိုယ်တော်၊ လက်စနဲ့ ဆက်မေးရဦးမယ်၊ နောက်တော့ ဘာများ ဆက်လုပ်သေးတုန်း။

**တပည့်တော်**။ ။နတ်တော်လဆန်း (၁၃)ရက်နေ့က သုတ်မဟာဝါ ပြီးဆုံးတော့ (၁၄-၁၅) ရက်နေ့များမှာ ထုံးစံအတိုင်း စာပို့ချမှု အနားယူပါတယ်။

**ဓမ္မဂုတ်**။ ။အဲဒီနတ်တော်လဆန်း(၁၄)ရက်နေ့မှာ အားလပ်တဲ့နေ့ဖြစ်တော့ ကျန်းကျန်းမာမာနဲ့ စိတ်ပေါ့ ကိုယ်ပေါ့ ရှိနေမှာပေါ့နော်။

**တပည့်တော်**။ ။ကျန်းမာရေးအတွက် ဘာမှ ထူးထူးခြားခြား မဖြစ်ပါဘူး၊ အဲဒီလို ထူးခြားမှုမရှိတော့ နေ့ဆွမ်းကို ဗူးသီးကြော်နဲ့ စားချင်တယ်ဆိုလို့ ဆွမ်းပြုစုနေတဲ့ ဒကာမကြီးက ဗူးသီးကြော် ကပ်ပါတယ်၊ အဲဒီ ဗူးသီးကြော်နဲ့ စားရလို့ ထင်ပါရဲ့ ဆွမ်းတော်တော်များများ ဘုဉ်းပေးနိုင်တယ်လို့ သိရပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဒီလို ဗူးသီးကြော်စားတော့ ကျန်းမာရေးကော ကောင်းရဲ့လား။

**တပည့်တော်။** ။ဗူးသီးကြော် မဘုဉ်းပေးခင်က နုံနုံဖြစ်နေတဲ့ မျက်မွေး (မျက်ခွံ)ရောင်နေတာကလွဲပြီး ထူးထူးခြားခြား ဘာဖြစ်တယ်လို့ အမိန့်မရှိတော့ အားလုံးကလဲ နေထိုင်ကောင်းတယ်လို့ ယူဆကြပါတယ်။

**ဓမ္မဂုတ်။** ။နောက်တရက် လပြည့်နေ့ရောက်တော့ ဘာများ ထူးထူးခြားခြား ဖြစ်တယ်လို့ ပြောသေးစာနိုး။

**တပည့်တော်။** ။လပြည့်နေ့ နေ့လည်ပိုင်းအထိ ဘာမှ ထူးထူးခြားခြား အမိန့်မရှိပါဘုရား၊ မျက်မွေးရောင်ရောဂါအတွက် ဆရာဝန်ကိုလဲ ဘာမှမပြောရသေးတော့ စာချဘုန်းကြီးတပါးရဲ့ ကိုယ်တွေ့သုံးဘူးတဲ့ ပေါက်ပန်းဖြူ ရွက်ကြမ်းပြုတ် ရေနွေးငွေ့ကြက်ထုပ်ဘဲထိုးပါတယ်၊ နုံနုံသက်သာတယ်လို့ သိရပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဒါဖြင့် လပြည့်နေ့မှာကော ဘာများ ဘုဉ်းပေးသေးတုန်း။

**တပည့်တော်။** ။နေ့စဉ် ဘုဉ်းပေးသလို ဆန်ပြုတ်ဘုဉ်းပေးပါတယ်၊ ၉ နာရီအချိန်လောက် သစ်သီးနဲ့ဘုဉ်းပေးပြီး (၁၀)နာရီခွဲမှာ ဆွမ်းဘုဉ်းပေးပါတယ်။

**ဓမ္မဂုတ်။** ။နေ့လည်နဲ့ ညနေအချိန်မှာကော ဘာများ ဘုဉ်းပေးသေးတုန်း။

**တပည့်တော်။** ။ခါတိုင်းတော့ ဖျော်ရည် ဘုဉ်းပေးပါတယ်၊ လပြည့်နေ့ နေ့ပိုင်းမှာ ထန်းလျက်ရည် ဘုဉ်းပေးချင်တယ်ဆိုလို့ ဆွမ်းပြုစုနေတဲ့ ဒကာမကြီးက ကျိုပြီးကပ်ပါတယ်။

**ဓမ္မဂုတ်။** ။ဒါဖြင့် နတ်တော်လပြည့်နေ့မှာ တနေ့လုံး နေထိုင်ကောင်းတယ်လို့ ဆိုရမှာပေါ့နော်။

**တပည့်တော်။** ။တနေ့လုံး နေထိုင်ကောင်းတယ်လို့ မဆိုနိုင်ပါဘူး၊ ညနေ (၃)နာရီခွဲတော့ သံဃာအားလုံး စုဝေးပြီး ဥပုသ်ပြုပါတယ်, အဲဒီ ဥပုသ်ပြုပြီး အမြဲနေတဲ့ကျောင်းပြန်ရောက်တော့ မောတယ်လို့ ပြောပါတယ်၊ ဒီအချိန်မှာ ဆရာဝန်ရောက်နေပါတယ်, ဆရာဝန်က ပြုစုပေးလိုက်တော့ နေသာထိုင်သာ ရှိသွားပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်အချိန်လောက် ရှိပြီလဲ။

**တပည့်တော်။** ။ညနေ (၅)နာရီလောက်ရှိပါပြီ။

**ဓမ္မဂုတ်။** ။ အဲဒီညမှာကော ဘယ်လို နေသေးတုန်း, နေထိုင်ကောင်းသွားရောလား။

**တပည့်တော်။** ။မကောင်းပါဘူး, နှံနဲ့ဖျားပါတယ်။

**ဓမ္မဂုတ်။** ။အမြဲနေတဲ့ကျောင်းကလေးပေါ်မှာ ဘယ်နှစ်ပါးနေသလဲ, တပါးတည်းနေသလား။

**တပည့်တော်။** ။အမြဲတမ်း တပါးတည်းနေပါတယ်။

**ဓမ္မဂုတ်။** ။အဲဒီတော့ နှံနဲ့ နေမကောင်းဘူးဆိုတော့ အစောင့်အရှောက်ခေါ်မထားဘူးလား။

**တပည့်တော်။** ။ကိုရင် နှစ်ပါးနဲ့ ပုံစုတတ်တဲ့ ဦးပဥ္စင်းတပါး ဆရာတော့်ကျောင်းပေါ် အိပ်ဘို့လျှောက်တဲ့အခါ ဘုန်းကြီးဘာမှမဖြစ်တာမှမဟုတ်ဘဲ, အိပ်ဘို့မလိုဘူးလို့ပြောတော့, တပည့်တော်တို့က ဇွတ်ထားလို့လဲ မဖြစ်ပါဘူးဘုရား။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင် ကိုယ်တော်တို့က ဒီအတိုင်းထားလိုက်ရောလား။

**တပည့်တော်။** ။ မထားပါဘူးဘုရား, ကျောင်းပေါ်အိပ်ဘို့ လက်မခံတော့ အနီးကပ်နေတဲ့ ကျောင်းပေါ်မှာ အလှည့်ကျ နားထောင်ဘို့, တခါတရံကျောင်းပေါ်တက်ကြည့်ဘို့, ကိုရင်နှစ်ပါးနဲ့ ဦးပဥ္စင်းတပါးကို တာဝန်ပေးထားပါတယ်။

**ဓမ္မဂုတ်။** ။အဲဒီညမှာ ထူးထူးခြားခြား ဘာဖြစ်သေးတုန်း။

**တပည့်တော်။** ။ဘာမှမဖြစ်ပါဘူး, နံနက်အရုဏ်တက်ချိန် ဆန်ပြုတ်ဘုဉ်းပေးပြီး နေ့ဝဉ်ဆောင်ရွက်နေကျအတိုင်း သံဃာများကို ဩဝါဒပေးပါတယ်၊ (၈)နာရီလောက်မှာ သစ်သီးဘုဉ်းပေးပြီး (၁၀) နာရီခွဲအချိန် ဆွမ်းဘုဉ်းပေးတဲ့အခါ ခါတိုင်းရက်လို ဆွမ်းမစားနိုင်ပါ၊ ဒီနောက် ရေချိုးပါတယ်။

**ဓမ္မဂုတ်။** ။ဟင်....အယင်ရက်က ဖျားတယ်ဆိုပြီး ရေချိုးသေးသတဲ့လား။

**တပည့်တော်။** ။အဲဒါ တပည့်တော်တို့ မသိလိုက်ပါဘူး၊ ရေချိုးပြီးမှ သိရပါတယ်။

**ဓမ္မဂုတ်။** ။ရေချိုးတော့ ထူးထူးခြားခြား ဘာဖြစ်သေးတုန်း။

**တပည့်တော်။** ။ဘာမှ ပြောလောက်အောင် မဖြစ်ပါဘူး၊ နေကောင်းဘယ်ဆိုပြီး နေ့ (၁၂)နာရီမှ (၁) နာရီအထိ ဒီဃနိကာယ်၊ သုတ်ပါထေယျ စာဝါ ပို့ချပါတယ်ဘုရား၊

**ဓမ္မဂုတ်။** ။သုတ်ပါထေယျ စာဝါကို လပြည့်ကျော် (၁)ရက်နေ့မှစပြီး ပို့ချတာလား။

**တပည့်တော်။** ။မှန်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အဲဒီ စာဝါပြီးတော့ ကျန်းမာရေး ဘယ်လိုနေသေးတုန်း။

**တပည့်တော်။** ။အနည်းငယ် အားနဲတဲ့သဘောရှိပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဘယ်ဆရာဝန်များ ခေါ်ပြသေးတုန်း။

**တပည့်တော်။** ။သီးခြား မခေါ်ပါဘုရား၊ အမြဲ စမ်းသပ်နေတဲ့ သာမားတော်ကြီး ဒေါက်တာဦးထွန်းသင်က သူ့တပည့်ဖြစ်တဲ့ အမရပူရပြည်သူ့ဆေးရုံ ဆေးရုံအုပ် ဒေါက်တာကံရွှင်နဲ့ အခြားဆရာဝန် ၂ယောက်လာပါတယ်။

**ဓမ္မဂုတ်။** ။ဆရာဝန်တွေ ဒါလောက်များတာက အရေးကြီးလို့ ခေါ်လာတာလား။

**တပည့်တော်။** ။မဟုတ်ပါဘုရား၊ ဒေါက်တာဦးထွန်းသင်က အမရပူရမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လောင်းဖြစ်၍ ရွေးကောက်ပွဲရက်နီးလို့ လိုအပ်လျှင် ဆက်လက် စောင့်ရှောက်ဘို့ရန် ဆရာဝန်များ ပါလာတယ်လို့ သိရပါတယ်။

**ဓမ္မဂုတ်။** ။ဆရာဝန်များက ဘယ်လိုပြောကြသေးတုန်း။

**တပည့်တော်။** ။ထူးထူးထွေထွေ မပြောပါဘူး၊ နေ့စဉ်သုံးရန် ပေးထားတဲ့ ဆေးများကို ပြန်လည်စိစစ်ပြီး ပြောင်းလဲပေးပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်တို့ ဆရာတော်ကကော ဘာများပြောသေးတုန်း။

**တပည့်တော်။** ။အထူး ဘာမှမပြောပါဘူး၊ ယခုသောက်ရမဲ့ဆေးတွေထဲမှ ဆီးဆေးပါယင် လျော့တိုကောင်းမယ်ထင်တယ်၊ ဆီးသွားရတာ များနေတယ်လို့ ဆရာတော်က ပြောပါတယ်။

**ခမ္မဂုတ်။** ။အဲဒီတော့ ဆရာဝန်က ဘာပြောသေးတုန်း။

**တပည့်တော်။** ။ဘာမှ မပြောပါဘူး၊ ဆီးဆေး လျော့ပေးသွားပါတယ်၊ ဆရာဝန်ကတော့ သဘောမကျဘူးလို့ ထင်ပါတယ်။

**ခမ္မဂုတ်။** ။ဘယ်လို သဘောမကျဘာလဲ, ပြောစမ်းပါအုံး။

**တပည့်တော်။** ။လွန်ခဲ့တဲ့ တလကျော်လောက်က ဓာတ်မှန်ရိုက်ကြည့်တော့ အဆုပ်ထဲမှာ အပြစ်နဲနဲတွေ့ဘယ်လို့ သိရပါတယ်, အပြစ်အတွက် ပေးထားတဲ့ ဆီးဆေးလျော့လိုက်ရလို့ သိပ်အားမရတဲ့ သဘောပါဘုရား။

**ခမ္မဂုတ်။** ။အဆုပ်ထဲမှာ အပြစ်တွေ့တယ်ဆိုတာ ကိုယ်တော်တို့ဆရာတော်က မသိဘူးလား။

**တပည့်တော်။** ။ပဌမ ဘယ်သူမှ မလျှောက်ကြလို့ မသိပါဘူး, နောက်တော့ ဆရာဝန်ကလေးတယောက် လျှောက်တာနဲ့ သိသွားပါတယ်။

**ခမ္မဂုတ်။** ။ဒီလို သိသွားတဲ့အခါ ဘာပြောသေးတုန်း။

**တပည့်တော်။** ။အထူးမပြောပါ, အသက်ကြီးလို့ လူအိုယင် ရောဂါတခုခု ရှိစမြဲဘဲ, "လှည်းအိုကြီးလို ချို့ယွင်းချက်ဖြစ်လာတဲ့သဘော နေမှာပေါ့" လို့, ဒါလောက်ဘဲ ပြောပါတယ်။

**ခမ္မဂုတ်။** ။ပြီးတော့ ဆရာဝန်ကြီး ပြန်သွားရောလား။

**တပည့်တော်။** ။ပြန်ဘို့ ကျောင်းပေါ်က ဆင်းလာပြီး, ကျောင်းအောက်လဲ ရောက်ရော တပည့်တွေက ဆရာဝန်ကြီးကို ဝိုင်းပြောကြပါတယ်။

**ခမ္မဂုတ်။** ။ဘယ်လို ပြောကြတုန်း။

**တပည့်တော်။** ။ဆရာတော်ကို လျှောက်ထားပေးပါအုံး, နံနက်ဆွမ်းဝါဒမပေးဘို့နဲ့ နေ့လည် စာဝါလဲနားထားဘို့, ဒေါက်တာလျှောက်ယင် ရပါတယ်လို့ ဝိုင်းပြောကြရပါတယ်။

**ဓမ္မဂုတ်။** ။အဲဒီတော့ ဆရာဝန်က ဘာပြောတုန်း။

**တပည့်တော်။** ။ဘာမှမပြောဘဲ ကျောင်းပေါ်ပြန်တက်ပြီး (၃)ရက်လောက် အနားယူပါလို့ လျှောက်ထားပါတယ်။

**ဓမ္မဂုတ်။** ။ဒီလိုလျှောက်တော့ လက်ခံရောလား။

**တပည့်တော်။** ။ပြန်မပြောဘဲ ပြုံးပြီးနေပါတယ်။

**ဓမ္မဂုတ်။** ။ပြုံးနေတယ်ဆိုတာ လက်ခံတဲ့သဘောပေါ့။

**တပည့်တော်။** ။မဟုတ်ပါဘုရား, ကိစ္စမရှိဘူးဆိုပြီး လက်မခံတဲ့ သဘောပါ။

**ဓမ္မဂုတ်။** ။ဘာ့ကြောင့် ကိုယ်တော်က ဒီလို ပြောနိုင်ရတာလဲ။

**တပည့်တော်။** ။တပည့်တော်တို့ ဆရာတော့်သဘောကို ကောင်းကောင်းသိပါတယ်, ဒီလို အမူအရာမျိုးဆိုယင် လက်မခံတဲ့သဘောပါ။

**ဓမ္မဂုတ်။** ။အားလုံးကိစ္စတွေမှာ လက်မခံယင် ဒီလိုအမူအရာမျိုးချည်း ပြတာဘဲလား။

**တပည့်တော်။** ။မဟုတ်ပါဘုရား, ကိုယ့်အရေးကိစ္စများသာ ဒီလို အမူအရာပြတာပါ၊ အခြားသူတွေကိစ္စများတော့ ဖြေရှင်းပြောပြလေ့ ရှိပါတယ်။

**ဓမ္မဂုတ်။** ။ဆရာတော်ဟာ ကျန်းမာရေးအတွက်ဆိုယင် ဒေါက်တာ ညွှန်ကြားတဲ့အတိုင်း လိုက်နာတယ်လို့ ကြားဘူးပါကလား။

**တပည့်တော်။** ။မှန်ပါ့, ဆရာဝန်ညွှန်ကြားချက်ဆိုယင် သူကိုယ်တိုင်မဆိုထားနဲ့ အခြားသူများ ဖေါက်ဖျက်တာတောင် မကြိုက်ပါဘူး၊ ဒါပေမဲ့ ယခုအကြိမ်တော့ စာဝါက ယန္တေမှစပြီး ပို့ချတာဖြစ်လို့ "ဝေဿန္တရာမင်း ဆန္ဒမျိုး ဖြစ်စေချင်တဲ့သဘော" လို့ ထင်ပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ပြောတဲ့ စကားထဲမှာ "ဝေဿန္တရာမင်းရဲ့ ဆန္ဒ"ဆိုတာ ဘယ်လိုတုန်း။

**တပည့်တော်။** ။ဝေဿန္တရာမင်းဟာ အလှူဒါနပြုတဲ့နေရာမှာ နောက်မဆုတ်ဘဲ အလှူခံပုဂ္ဂိုလ်လာယင် "မလှူနိုင်ဘူး, မလှူချင်ဘူး, မရှိဘူး" ဆိုတာမျိုး

လုံးဝ မဖြစ်စေချင်တဲ့အတွက် သားတော် သမီးတော်၊ ဆင်ဖြူတော်၊ သက်ရှိပစ္စည်းများအပြင် (အများက မသင့်တော်ဘူးလို့ အသိအမှတ်ပြုထားတဲ့)သေရည်အရက်ကိုတောင် ထည့်လှူပါတယ်၊ အဲဒါဟာ မဟာဇ္ဈာသယ(လှူဒါန်းလိုတဲ့ဆန္ဒက ပြင်းထန်လွန်းအားကြီးလို့ သေရည်အရက်ကို ထည့်လှူခြင်းဖြစ်ပါတယ်၊) အဲဒီလို ကျမ်းစာပြီးစေချင်တဲ့ဆန္ဒက ပြင်းထန်လွန်း အားကြီးတဲ့ မဟာဇ္ဈာသယကြောင့် လက်မခံချင်သလို ဖြစ်ပါလိမ့်မယ်ဘုရား။

ခမ္မဂုတ်။ ။ဇွဲလို့လက ပြင်းထန်လွန်းတော့ ဟုတ်ပေမှာပေါ့ကိုယ်တော်၊ သူ့ကိုယ်သူ "သေမဲ့အလုပ်တောင်မရပ်ဘူး" ဆိုတဲ့သဘောများထားရောလား။

တပည့်တော်။ ။မလျှောက်တတ်ပါဘုရား။

ခမ္မဂုတ်။ ။ ခါတိုင်းဆိုယင် ကျန်းမာရေးလိုက်စားတာက ပိုတောင်နေသေးတယ်ဆိုပြီး၊ ယခုတော့ မှားတယ်လို့ ဆိုရမှာပေါ့နော်။

တပည့်တော်။ ။ကျမ်းစာများ ပို့ချ–ရေးသားမှုအတွက် ပြီးစေချင်တဲ့ဆန္ဒက ပြင်းထန်လွန်းအားကြီးတော့ မှားတယ်လို့ဘဲ ပြောရတော့မှာပေါ့ဘုရား၊ ယခု ပို့ချ–ရေးသားတဲ့ ကျမ်းစာကုန်ဆုံးယင် ပိဋကသုံးပုံရဲ့ အဖွင့်တွေအားလုံး ပြီးဆုံးသွားပါပြီ၊ ဒါကြောင့် နောက်မဆုတ်ချင်တဲ့သဘောဖြစ်လိမ့်မယ်လို့ ထင်ပါတယ်ဘုရား၊ ကောင်းတဲ့ ပါရမီအလုပ်နဲ့စပ်ပြီး ကဗျာတောင် စပ်ခဲ့ဘူးပါသေးတယ်။

ခမ္မဂုတ်။ ။အဲဒီကဗျာကို ကိုယ်တော် ရွတ်မပြနိုင်ဘူးလား။

တပည့်တော်။ ။ရွတ်ပြပါမယ်ဘုရား။

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိ ပါရမီ၊
လူနတ်များစွာ ချမ်းသာရေးမို့၊ အသက်ပေးလို့ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ သာသနာအတွက်မို့၊ ငါ့ပါ အသက် ဆုံးစေမည်၊
နောက်မဆုတ်ပေါင် ခုလိုတွေးလို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

ခမ္မဂုတ်။ ။ တောက်.... နာကျည်းလိုက်တာ ကိုယ်တော်၊ သူ့ ရည်ရွယ်ချက်အတိုင်း အဲဒီ နောက်ဆုံးဖြစ်တဲ့ "သုတ်ပါထေယျကျမ်း" သာ ပြီးဆုံးမယ်ဆိုယင် ဒီဘုရားသာသနာတော်မှာ မှတ်တမ်းတင်ရမဲ့ကိစ္စကြီးဘဲ၊ "နောင်

ပွင့်တော်မူမှဲ့ အရိမေတ္တေယျမြတ်စွာဘုရား လက်ထက်ရောက်ယင် လွန်ခဲ့သော ဂေါတမဘုရားသာသနာတုန်းက ဇနကထေရ်ဟာ ပိဋကသုံးပုံကို ထိုဘုရားသာသနာနဲ့ အများအတွက် အဖွင့်ကျမ်းစာ ရေးသားခဲ့သောကောင်းမှုကြောင့် မည်သည့်ဘဝ ( သို့မဟုတ်- ငါဘုရားလက်ထက်မှာ ) မည်ကဲ့သို့ အကျိုးတရားများ ရရှိသွားပြီ”လို့ မိန့်တော်မူမှာ သေချာပါတယ် ကိုယ်တော်။

**တပည့်တော်။** ။မှန်ပါတယ်ဘုရား၊ သို့သော်လဲ “တပည့်တော်တို့မှာ ဖြစ်သမျှ အကြောင်း အကောင်းချည်း”လို့ အောက်မေ့ပြီး....

သကိစ္စေ အသမတ္တေဝ၊ သဥ္ဇဟန္တိ ဗဟုဇနာ၊
ယထာလဒ္ဓံ ဘဝံ သာယံ၊ ပုထုဇ္ဇနာန ဓမ္မတာ။

“ရဟန်း-ရှင် လူ ခပ်သိမ်းသူတို့သည် မိမိကိစ္စ မပြီးဆုံးမီ လက်ရှိဘဝ (လုပ်ငန်း)ကို စွန့်ပစ်ချန်ထား၍ သွားကြရခြင်းသည် ပုထုဇဉ်တို့၏သုံးစံပါ”ဆိုတဲ့ ဩဝါဒဖြင့် ဖြေသိမ့်ရပါတော့တယ်ဘုရား။

**ဓမ္မဂုတ်။** ။အဲဒီရက်တွေမှာ ကိုယ်အမူအရာ နှုတ်အမူအရာတွေကို အကဲခပ်တဲ့သဘောနဲ့ သတိထားပြီး မကြည့်မိဘူးလား။

**တပည့်တော်။** ။အနည်းငယ်တော့ သတိထားမိပါတယ်၊ “ကာယဝိဝေက စိတ္တဝိဝေက”ဖြစ်အောင် နေတယ်လို့ ထင်ပါတယ်၊ (ကာယဝိဝေက-ကိုယ်ငြိမ်းချမ်းမှု၊ စိတ္တဝိဝေက- စိတ်၏ ဆိတ်ငြိမ် အေးချမ်းမှု )၊ ပြီးတော့လဲ လပြည့်ကျော်တရက်နေ့နံနက်က စရပ်မှာနေပြီး ဥပုသ်ရက်ရှည် စောင့်နေကြတဲ့ ကျောင်းအမတွေကိုလဲ ပြန်လှတ်ပါတယ်၊ သားဒုလ္လဘရဟန်းဝတ်နေလို့ ဆွမ်းပြုစုနေတဲ့ ကျောင်းအမတွေကိုလဲ ပြန်လွှတ်ပါတယ်၊ ဆရာတော်ကို ပြုစုနေတဲ့ ကိုရင်-ဦးပဥ္စင်းများကိုလဲ ကိစ္စရှိမှ ခေါ်မယ်ပြောပြီး အနားမှာမထားဘဲ တပါးတည်း နေပါတယ်၊ အဲဒါတွေကိုထောက်ပြီး ဝိဝေက(ဆိတ်ငြိမ်အေးချမ်းမှု)ယူတယ်လို့ ထင်ရပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။လပြည့်ကျော် ၂ ရက်နေ့နံနက်ရောက်တော့ကော ကျန်းမာရေးက ဘယ်လိုနေသလဲ၊ ကောင်းရဲ့လား။

**တပည့်တော်။** ။အနည်းငယ်ဖျားနေတဲ့ရောဂါ သက်သာလာပါတယ်။

**ခမ္မဂုတ်။** ။ဒါဖြင့် ၂ ရက်နေ့နံနက်ကော ဘာများဘုဥ်းပေးသေးတုန်း။

**တပည့်တော်။** ။နံနက် (အရုဏ်)ဆန်ပြုတ်နဲ့ ( ၈ ) နာရီလောက် သစ်သီး ဘုဥ်းပေးပါတယ်။

**ခမ္မဂုတ်။** ။(၈)နာရီလောက် ဘုဥ်းပေးတဲ့သစ်သီးက ဘာသီးတုန်း။

**တပည့်တော်။** ။မာလကာသီးပါဘုရား။

**ခမ္မဂုတ်။** ။ဟင် .... မာလကာသီးဆိုတော့ မောတဲ့ ရင်ကြပ်တဲ့ ဖျားတဲ့ ရောဂါနဲ့ တဲ့ပါ့မလားကိုယ်တော်။

**တပည့်တော်။** ။အမျှားကတော့ မသင့်မြတ်ဘူးလို့ ထင်ပါတယ်ဘုရား။

**ခမ္မဂုတ်။** ။မသင့်မြတ်ဘူးထင်ယင် ဘာ့ပြုလို့ ကပ်ကြတာတုန်း။

**တပည့်တော်။** ။ကိုရင်ကလေးတပါးကို ဆွမ်းပြုစုတဲ့ ဒကာမကြီးထံသွားပြီး အယူခိုင်းတော့ ဒကာမကြီးက မသင့်ကြောင်း ဆရာတော့်ထံပြန်ပြီး အလျှောက်ခိုင်းပါတယ်။

**ခမ္မဂုတ်။** ။အဲဒီတော့ ကိုယ်တော့်ဆရာတော်က ဘာပြန်ပြောတုန်း။

**တပည့်တော်။** ။ယူသာယူခဲ့ပါ တဲ့ပါတယ်၊ ခါတိုင်းလဲ စားနေကျဘဲလို့ ပြောပြီး အယူခိုင်းတော့ ဒကာမကြီးက ခွဲစိတ်ပြီးပေးလိုက်ရပါတယ်။

**ခမ္မဂုတ်။** ။အဲဒီ မာလကာသီးပေးလိုက်တာ အခြားသူတွေ မသိကြဘူးလား။

**တပည့်တော်။** ။မသိကြပါဘုရား ၊ ဒါပေမဲ့ ဒကာမကြီးက စာချဘုန်းကြီး တပါးကို မြန်မြန်သွားလျှောက်ပါတယ်။

**ခမ္မဂုတ်။** ။အဲဒီ စာချဘုန်းကြီးကကော ဘာပြောသလဲ။

**တပည့်တော်။** ။ဘာမှမပြောပါဘုရား၊ ချက်ချင်းလိုက်သွားတော့ ဘုဥ်းပေးပြီး ဖြစ်နေပါတယ်ဘုရား။

**ခမ္မဂုတ်။** ။အဲဒီ မာလကာသီးကို ဘယ်လောက်ကုန်အောင် ဘုဥ်းပေးသလဲ။

**တပည့်တော်။** ။လေးစိတ်စိတ်ပေးလိုက်တာ သုံးစိတ် ဘုဥ်းပေးပါတယ်ဘုရား။

၆၇

**စမ္မဂုတ်။** ။အကြောင်းက တိုက်ဆိုင်လာတော့ အမှားကို အမှန်ထင်မိယက် ဖြစ်တယ်လို့ ဆိုရမလိုပါကလား ကိုယ်တော်။

**တပည့်တော်။** ။ဟုတ်ပါတယ်, တပည့်တော်လဲ စဉ်းစားမိပါတယ်၊ ရှေးပညာရှိကြီးများ ညွှန်ပြထားတဲ့ နီတိစကားကိုလဲ သတိပြုမိပါတယ်ဘုရား။

**စမ္မဂုတ်။** ။ကိုယ်တော်သတိပြုမိတဲ့ နီတိစကားကဘယ်လိုလဲ ပြောပြစမ်းပါဦး။

**တပည့်တော်။** ။အသမ္ဘဝေါ ဟေမမိဂဿ ဇာတိ,
တထာပိ ရာမော လုလုဘေ မိဂါယ၊
ပါယေန သမာပန္နဝိပတ္တိကာလေ,
ဓိယောပိ ပုမာနံ ခလိနာ ဘဝန္တိ။

ဟေမမိဂဿ–ရွှေသမင်၏(ရွှေအစစ်ဖြစ်တဲ့သမင်၏၊) ဇာတိ–မွေးဖွားခြင်းသည်၊ အသမ္ဘဝေါ–မဖြစ်သင့်, မဖြစ်နိုင်ပါ၊ တထာပိ–သို့ပါလျက်လည်း၊ ရာမော–ရာမမင်းသည်၊ မိဂါယ–ရွှေသမင်ရဘို့ရာ၊ လုလုဘေ–လိုချင်မက်မောဘူးလေပြီ၊ သမာပန္နဝိပတ္တိကာလေ–နီးကပ်သော ပျက်စီးခြင်း၏အခါ၌၊ (ပျက်စီးချိန်နီးရာအခါ၌၊) ပုမာနံအပိ–ယောကျာ်းပညာရှင်တို့၏ သော်မှလည်း၊ ဓိယော–အသိဉာဏ်တို့သည်၊ ပါယေန–များသောအားဖြင့်၊ ခလိနာ–ချွတ်ချော်မှားယွင်းကြကုန်သည်၊ ဘဝန္တိ–ဖြစ်တတ်ကုန်၏။

ရွှေသမင်အလိုက်မှား၍ ချောက်ကြားကျပြီး အသက်ဆုံးရှုံးရသော ရာမမင်းလို အမှားကို အမှန်ထင်မိယက်သား ဖြစ်များနေရော့လားလို့ တွေးမိပါတယ်ဘုရား။

**စမ္မဂုတ်။** ။အဲဒီနေ့ နံနက်က ခါတိုင်းလို သြဝါဒပေးသေးသလား။

**တပည့်တော်။** ။အစပဌမတော့ သြဝါဒပေးဘို့ ကြံပါသေးတယ်၊ ဘေးက လျှောက်ကြလို့ အဲဒီ ၂ရက်နေ့ နံနက်တော့ မပေးတော့ပါဘူး၊ သြဝါဒတော့ ဒီနေ့တရက်နားမယ်, ဒါပေမဲ့ (၁၂) နာရီ စာဝါကိုတော့ မနားဘူးလို့ ပြောလိုက်ပါသေးတယ်။

**စမ္မဂုတ်။** ။ဇွဲကတော့ ၂ ပါးမရှိသလောက်ပါဘဲ, နောက်ပြီးတော့ ဘာဆက်လုပ်သေးတုန်း။

**တပည့်တော်**။ ။နေ့လည် (၁၂) နာရီစာဝါအတွက် နဲနဲပါးပါးကိုတင်ပြီး စာရေးပါတယ်၊ ပြီးတော့ (၁၀)နာရီလောက်မှာ နွားနို့နဲ့ကျိုထားတဲ့ ဆွမ်းပျော့ပျော့(နွားနို့ဆွမ်း)ကို ဘုဉ်းပေးပါတယ်၊ နောက် နာရီဝက်ခန့် ခြားပြီး ကွယ်ကာအုတ် ဘုဉ်းပေးပါတယ်။

**ဓမ္မဂုတ်**။ ။တော်တော်များများကုန်အောင် ဘုဉ်းပေးနိုင်ရဲ့လား။

**တပည့်တော်**။ ။သိပ်မများဘူးလို့ ဆွမ်းကပ်ဘဲ့ကိုရင်နဲ့ ဦးပဉ္စင်းများက လာပြီးလျှောက်ပါတယ်၊ ပြီးတော့ဆက်ပြီး ခါတိုင်းလိုလဲ မဟုတ်ဘူး, လက်တွေလဲတုန်နေတယ်၊ ကွယ်ကာအုတ်ဘုဉ်းပေးတော့ ပါးစပ်တွေရော သက်နှ်းတွေပါ ပေပွပြီး, စားပွဲခုံပေါ်မှာရော ဖိတ်စင်နေတာဘဲလို့ သူတို့ လျှောက်လို့ သိရပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။အဲဒီတော့ ကိုယ်တော်တို့က ဘာများလုပ်ကြသေးတုန်း။

**တပည့်တော်**။ ။ဘာမှထူးမလုပ်ရပါဘူး, ဆွမ်းဘုဉ်းပေးပြီးတော့ ဆေးကပ်တဲ့ ကိုရင်များကိုမေးကြည့်ပါတယ်, ဆွမ်းဘုဉ်းပေးတုန်းက လက်တွေတုန်နေ တာသာဖြစ်ပါတယ်, ငါနေကောင်းတယ်လို့တောင် အမိန့်ရှိပါတယ်တဲ့၊ အဲဒီလိုသိရတော့ ဘာမှလုပ်စရာမလိုဘူးလို့ ယူဆပြီး ကိုယ့်ကျောင်းကို ပြန်သွားကြပါတယ်၊ အကြောင်းမထူးဘဲ သူ့အနားလာတာလဲ မကြိုက်လို့ မသွားတော့ပါဘူးဘုရား။

**ဓမ္မဂုတ်**။ ။အဲဒီနောက်တော့ ဘာများဆက်လုပ်သေးတုန်း။

**တပည့်တော်**။ ။(၁၁)နာရီအချိန်ခန့်မှာ လူဒါန်းရန်, ကန်တော့ရန် ရောက် လာတဲ့ ဒကာ - ဒကာမတွေကို ဓေတ္တစကားပြောပြီး ပြန်လွှတ်လိုက်ပါ တယ်၊ (၁၂)နာရီအချိန်မှာ စာဝါပို့ချရဦးမှာဖြစ်လို့ အနားယူတဲ့ သဘောနဲ့ ခေတ္တကျိန်းတယ်လို့ သိရပါတယ်။

**ဓမ္မဂုတ်**။ ။(၁၂)နာရီအချိန်ရောက်တော့ စာဝါပို့ချနိုင်ရဲ့လား။

**တပည့်တော်**။ ။(၁၂)နာရီထိုးဘို့ (၁၀) မိနစ်လောက်အလိုမှာ စာတက်မဲ့ သံဃာများထက် အယင်ရောက်အောင် ပြုစုတဲ့ဦးပဉ္စင်းနဲ့ ကိုရင်များက ထိန်းပြီး စာဝါပို့ချတဲ့ကျောင်းသို့ ပို့ပေးရပါတယ်။

ဓမ္မဂုတ်။ ။ဆရာတော်က အယင်ရောက်နေတယ်ဆိုတော့ လုံ့လဝီရိယကတော့ ပြောစရာမလိုတော့ဘူးနော်၊ ဒါ့ကြောင့်လဲ သူ့အလုပ်တွေ တွင်ကျယ်တာ နေမှာဘဲ, မဟုတ်ပေဘူးလား။

တပည့်တော်။ ။ဟုတ်ပါတယ်ဘုရား, ဒီဘဝအတွက်သာမက သံသရာခရီး အတွက်ပါ ကြိုတင်ပြင်ဆင်မှုတွေလဲ အမြဲတမ်း ဆောင်ရွက်နေပါတယ်၊ ဘာကိစ္စဖြစ်ဖြစ် ( ကိစ္စအထူးမရှိယင် ) နောက်ကျတယ်လို့ မရှိပါဘူး၊ ဒါ့ကြောင့် တပည့်တွေကိုလဲ လုံ့လ-ဝီရိယနဲ့လို့ မကြာမကြာ မြည်တွန် ပါတယ်၊ "ကိုယ်တော်တို့ဟာ ဘာမှ တက်တက်ကြွကြွ မရှိဘူး, သံသရာ သွားရမဲ့ခရီးက အရှည်ကြီးရှိသေးတယ်, ဒီလို လုံ့လ-ဝီရိယမျိုးနဲ့ ဆိုယင် ကိုယ်တော်တို့ဘတွေ သံသရာခရီးရှည်သလောက် ဒုက္ခကြော ရှည်နေကြ ဦးမှာဘဲ၊ နောက်ကျတယ်ဆိုတာ ဘယ်ဟာမှ မကောင်းဘူး, သေတာ တောင် ကောင်းချင်မှ ကောင်းမှာ, တချို့ စောစောသေတာတောင် ကောင်းချင်ကောင်းဦးမယ်"လို့ မကြာမကြာ အမိန့်ရှိပါတယ်ဘုရား။

ဓမ္မဂုတ်။ ။ဒါဖြင့် ၁၂ နာရီထိုးတော့ စာဝါ ပို့ချရောလား။

တပည့်တော်။ ။မှန်ပါ, ၁၂ နာရီက ၁ နာရီအထိ စာဝါပို့ချပါတယ်။

ဓမ္မဂုတ်။ ။အဲဒီစာဝါကို ကိုယ်တော်ကော လိုက်သေးသလား။

တပည့်တော်။ ။မလိုက်ပါဘုရား, ဒီစာဝါက တပည့်တော်ကိုယ်တိုင်ဆိုပြီး တက်တာက ၃ ခေါက်နဲ့, သူများဆိုပြီး လိုက်နားထောင်တာက ၂ခေါက် ဆိုတော့ အားလုံး ၅ ခေါက်ရှိပြီးဖြစ်၍ ဆရာတော်က မလိုက်ချင်နေတော့ လို့ အမိန့်ရှိသဖြင့် မလိုက်တော့ပါဘုရား။

ဓမ္မဂုတ်။ ။စာဝါပို့ချတော့ ကောင်းကောင်း ပို့ချနိုင်ရဲ့တဲ့လား။

တပည့်တော် ။ ။အဓိပ္ပါယ်ပြောသလောက်တော့ ပြောပါသတဲ့၊ ဒါပေမဲ့ "လေအားတော့ တော်တော်ပြော့တယ်"လို့ ပြောကြပါတယ်, စာဝါ ပြီးဆုံးတော့ ဒီနေ့တော့ အချိန်စေ့ပြီ, မသေသေးယင် မနက်ဖန်ဆက်ပြီး ပို့ချမယ်လို့ အမိန့်ရှိပါသတဲ့။

ဓမ္မဂုတ်။ ။ဩော်....အဲဒီလို ပြောသေးသတဲ့လား၊ ဒီလိုဆိုယင် သူ့ကိုယ်သူ သိမျှားနေရောလား ကိုယ်တော်။

**တပည့်တော်။** ။သိနေသလို ထင်စရာပါဘဲဘုရား, သေသေချာချာတော့ မခုလျှောက်တတ်ပါဘူး။

**ခမ္မဂုတ်။** ။စာပို့ချပြီးတော့ သူ့ကျောင်းပြန်ကြွသွားရောလား။

**တပည့်တော်။** ။ပြန်ကြွသွားပါတယ်ဘုရား၊ ဒါပေမဲ့ ဦးပဉ္ဇင်း ၂ ပါးရှိပြီး ပို့ပေးပါတယ်။

**ခမ္မဂုတ်။** ။ဦးပဉ္ဇင်း ၂ ပါး ပို့ပေးတယ်ဆိုတော့ သူ့ကျောင်းသူ မပြန်နိုင်လို့လား, အခြေအနေက ဘယ်လိုနေလို့တုန်း။

**တပည့်တော်။** ။ပြန်နိုင်ပါတယ်တဲ့၊ ဒါပေမဲ့ လိုလိုမယ်မယ် ထိန်းတဲ့အနေနဲ့ လိုက်ပို့တာကို လက်ခံခြင်းဖြစ်ပါတယ်တဲ့။

**ခမ္မဂုတ်။** ။ကျောင်းရောက်တော့ ကျန်းမာရေး ဘယ်လိုနေသေးတုန်း။

**တပည့်တော်။** ။အနည်းငယ် မောလာပါသတဲ့။

**ခမ္မဂုတ်။** ။အဲဒီလို မောလာတော့ ဆရာဝန် မခေါ်ဘူးလား, ဘယ်လို ပြုစုပေးကြသလဲ။

**တပည့်တော်။** ။ဆရာဝန်ခေါ်ဘို့ မလိုဘူးလို့ အမိန့်ရှိပါတယ်၊ ထန်းလျက်ရည် သောက်လိုက်ယင် ပျောက်သွားမှာပါ, ခါတိုင်းလဲ ယခုလို စာချပြန်ယင် နဲနဲမောတာပါဘဲ, ကိစ္စမရှိပါဘူးလို့ အမိန့်ရှိပါတယ်၊ဒါ့ကြောင့် ဒကာမကြီးထံ ကိုရင်တပါးလွှတ်ပြီး ထန်းလျက်ရည် အကျိုးခိုင်းပါတယ်၊ မကြာမီ ထန်းလျက်ရည် ဘုဉ်းပေးပါတယ်ဘုရား။

**ခမ္မဂုတ်။** ။ထန်းလျက်ရည် ဘုဉ်းပေးတော့ သက်သာရဲ့လား။

**တပည့်တော်။** ။နဲနဲတော့ သက်သာသွားပါတယ်ဘုရား။

**ခမ္မဂုတ်။** ။ပြီးတော့ ဘာများ ဆက်လုပ်သေးတုန်း။

**တပည့်တော်။** ။ ပြုစုနေတဲ့ ဦးပဉ္ဇင်း–ကိုရင်များကို ဆေးရုံကျောင်းအမ ဒေါ်ခင်မနဲ့ ဒေါ်ညိုညိုဆိုတဲ့ ဒကာမကြီး ၂ ယောက်က အကြံပေး ပြုစုနေကြပါတယ်။

**ဓမ္မဂုတ်။** ။ဒီလို ပြုစုတော့ အခြေအနေ ဘယ်လိုနေသေးတုန်း။

**တပည့်တော်။** ။အနည်းငယ်တော့ သက်သာသွားပါတယ်၊ မကြာမီ ဆရာဝန်များ ရောက်လာပြီး ထပ်မံပြုစုပြန်တော့ တော်တော် နေကောင်းသွားပါတယ်။

**ဓမ္မဂုတ်။** ။ဆရာဝန်တွေ ဆက်ပြီး စောင့်ရှောက်နေသေးသလား။

**တပည့်တော်။** ။မနေပါဘုရား, ဆရာဝန်ကြီးလဲ ရွေးကောက်ပွဲနီးကပ်နေလို့ သူ့မဲဆန္ဒနယ်က လူထုနဲ့ ဆွေးနွေးစရာရှိလို့ ပြန်သွားပါတယ်။

**ဓမ္မဂုတ်။** ။ဆရာဝန်ပြန်သွားတော့ ဘယ်အချိန်လောက်ရှိပြီလဲ။

**တပည့်တော်။** ။၂ နာရီခွဲလောက် ရှိပါပြီ။

**ဓမ္မဂုတ်။** ။အဲဒီ အခါန်မှာ ခပ်စောစောက ဥုးပဥ္ဇင်း–ကိုရင်များကို အကြံပေးနေတဲ့ ကျောင်းအမ ဒကာမကြီး ၂ ယောက်ကော ရှိသေးသလား။

**တပည့်တော်။** ။မရှိတော့ပါဘုရား, ဆရာဝန်လိုက်ပို့တဲ့ ကားကြုံနဲ့ ဆရာတော်က အပြန်ခိုင်းလို့ ပြန်သွားကြရပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ပြန်ခိုင်းတယ်ဆိုတော့ သူ့အနားမှ ရှုပ်ရှုပ်ထွေးထွေး မနေစေချင်လို့နဲ့ တူပါရဲ့နော်။

**တပည့်တော်။** ။ဟုတ်လောက်ပါတယ်ဘုရား, အနားမှာ ဒကာ–ဒကာမတွေ မပြောနဲ့ ပြုစုနေတဲ့ ဦးပဥ္ဇင်း–ကိုရင်တွေတောင် နေခစချင်ပုံ မရပါဘူးဘုရား၊ လွန်ခဲ့တဲ့ လပြည့်နေ့ညနဲ့ လပြည့်ကျော်တရက်နေ့ ညများကလဲ ကိုရင် ၂ ပါးနဲ့ ဦးပဥ္ဇင်း ၁ ပါး အနားမှာအိပ်ဘို့ လျှောက်တာတောင် လက်မခံပါ၊ ညဉ့်နက်တော့ ဦးပဥ္ဇင်းတပါးအိပ်ဘို့ ကျောင်းပေါ်တက်သွားတော့ မအိပ်နဲ့ ကိုယ့်ကျောင်း ကိုယ်ပြန်ဆိုလို့ ပြန်ခဲ့ရပါတယ်၊ ဦးပဥ္ဇင်းက ကျင်ငယ်ခွက် ခဍ္ဍင်ခြေရင်းနား ထားခဲ့ပါ့မယ်လျှောက်တော့ ထားချင်ထားခဲ့လို့ ပြောပါတယ်၊ ဒါတောင် “ရှေးသူတော်ကောင်းတွေ တောထွက်ရာမှာ ဒီလို ကျင်ငယ်ခွက် ဘယ်သူမှ လိုက်မထားကြပါဘူး” လို့ အမိန့်ရှိပါသေးတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဒီလိုဆိုယင် တညလုံး တပါးတည်းနေမှာပေါ့နော်။

**တပည့်တော်။** ။နေတာတော့ တပါးတည်းပါဘဲ၊ ဒါပေမဲ့ ကျောင်းပတ်ဝန်းကျင်မှာ ပြုစုသူများ အမြဲ ရှိနေပါတယ်ဘုရား, မကြာမကြာ အလှည့်ကျကျောင်းကလေးပေါ် တက်ကြည့်ကြပါတယ်, အိပ်ရာပေါ်မှာ အမြဲ ထိုင်နေတာ တွေ့ရပါတယ်တဲ့။

**ခမ္မဂုတ်။** ။ကဲ....ဒီစကား ထားလိုက်ပါဦး၊ ခပ်စောစောကစကား ပြန်ဆက်ကြစို့၊ ၂ နာရီခွဲလောက် ဆရာဝန်ပြန်သွားပြီးနောက် ဘယ်လိုနေသေးသလဲ။

**တပည့်တော်။** ။ထူးထူးခြားခြား မရှိပါဘုရား, ကုလားထိုင်ပေါ်မှာ မှီစရာခေါင်းအုံးထားပြီး မတ်မတ်ထိုင်နေတာပါဘဲဘုရား။

**ခမ္မဂုတ်။** ။အဲဒီလို ကုလားထိုင်ပေါ် ထိုင်နေတာ ဘယ်လောက်ကြာတုန်း။

**တပည့်တော်။** ။တနာရီခွဲလောက် ကြာပါတယ်။

**ခမ္မဂုတ်။** ။ကုလားထိုင်ပေါ်မှာ ဘနာရီခွဲလောက် ထိုင်နေတဲ့အချိန်အတွင်းမှာ ဘာတွေပြောပြီး ဘယ်လို အမူအရာများ တွေ့ရသေးတုန်း။

**တပည့်တော်။** ။ဘာမှ မပြောပါဘုရား, အမူအရာလဲ ထူးထူးထွေထွေ မတွေ့ပါ၊ မျက်စိကို အမြဲမှိတ်ထားပြီး လက်အုပ်ချီနေတာသာ တွေ့ရပါတယ်ဘုရား။

**ခမ္မဂုတ်။** ။အဲဒီ ၄ နာရီလောက်အချိန်ရောက်တော့ ရောဂါက ဘယ်လိုနေသေးတုန်း။

**တပည့်တော်။** ။ရောဂါတိုးပြီး အနေခက်တယ် ဆိုရမှာဘဲဘုရား, ဒါပေမဲ့ ဘေးက ပုဂ္ဂိုလ်တွေကိုတော့ ဘာမှ အမိန့်မရှိပါဘူး၊ ခဲ့ရွင်ပေါ် ရွှေ့ချင်တယ်ဆိုလို့ ရွှေ့ပေးရပါတယ်။

**ခမ္မဂုတ်။** ။ခုရွင်ပေါ် ရွှေ့တော့ (မ)ပြီး ရွှေ့ပေးရတာလား။

**တပည့်တော်။** ။မဟုတ်ပါဘုရား, သူ့ဟာသူ ကြွတာပါဘဲ၊ ဘေးက လိုလိုမယ်မယ် ထိန်းပေးရုံပါဘုရား။

**ခမ္မဂုတ်။** ။ခုရွင်ပေါ်ရောက်တော့ ထိုင်နေသလား လှဲနေသလား။

**တပည့်တော်။** ။ညာဘက်မျက်နှာပြုပြီး စောင်းနေပါတယ်, ၁၅မိနစ်လောက်ကြာတော့ ပက်လက်ပြောင်းပြီး လက်နှစ်ဘက် ဘေးချကာ မျက်စိမှိတ်ထားပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အဲဒီအချိန်မှာ ဆရာဝန်တွေ မရှိဘူးလား။

**တပည့်တော်။** ။မကြာမီအချိန်ကမှ ပြန်သွားကြလို့ မရှိပါဘုရား၊ ဒါပေမဲ့ နီးစပ်ရာ ဆရာဝန်များ အမြန်ဆုံး သွားခေါ်ပါတယ်။

**ဓမ္မဂုတ်။** ။သွားခေါ်တဲ့ ဆရာဝန်က ဘယ်ဆရာဝန်တွေလဲ, မကြာမီက ပြန်သွားတဲ့ သမားတော်ကြီး ဦးထွန်းသင်ဘဲလား။

**တပည့်တော်။** ။မဟုတ်ပါဘုရား, အနီးဆုံးဖြစ်တဲ့ မြို့နယ်ဆရာဝန်နဲ့ အခြားဆရာဝန် ၂ ဦးပါ။

**ဓမ္မဂုတ်။** ။ဆရာဝန်များ ဘယ်အချိန်လောက် ရောက်လာကြတုန်း။

**တပည့်တော်။** ။မကြာပါဘုရား, ၄ နာရီ ၁၅ မိနစ်လောက် ပဌမဆရာဝန်တယောက် ရောက်လာပြီး နောက် ၁၅ မိနစ်လောက်ခြားပြီး ဆရာဝန် ၂ ယောက် ရောက်လာကြပါတယ်။

**ဓမ္မဂုတ်။** ။ပဌမရောက်တဲ့ ဆရာဝန်က ဘာပြောသေးတုန်း။

**တပည့်တော်။** ။ဘာမှမပြောပါဘုရား, မျှော်လင့်ချက်မရှိတဲ့အနေနဲ့ မျက်နှာမကြည်မသာနေတာသာ တွေ့ရပါတယ်။

**ဓမ္မဂုတ်။** ။နောက်ရောက်လာတဲ့ ဆရာဝန်တွေကကော ဘာပြောသေးတုန်း။

**တပည့်တော်။** ။ဘာမှ မပြောကြပါဘူး, နဲနဲပါးပါး စမ်းသပ်ပြီး ၁ မိနစ်လောက် ဆရာတော်ကိုစိုက်ကြည့်ပြီး အောင့်ငိုတော့တာပါဘဲဘုရား။

**ဓမ္မဂုတ်။** ။အဲဒီတော့ ဘယ်အချိန်လောက်ရှိပြီလဲ။

**တပည့်တော်။** ။ဆရာဝန်များရဲ့နာရီ မေးကြည့်တော့ ၄ နာရီခွဲတိတိရှိပြီလို့ ပြောပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဆရာတော်ပြန်လွန်တော်မူတာ "၁၃၃၉- ခုနှစ်, နတ်တော်လပြည့်ကျော် (၂)ရက်၊ (၂၇-၁၂-၇၇) အင်္ဂါနေ့ညနေ ၄ နာရီခွဲတိတိ" လို့ သတ်မှတ်ရမှာပေါ့နော်။

**တပည့်တော်။** ။မှန်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။အဲဒီအချိန်မှာ ကျောင်းတိုက်ရှိသံဃာတွေကော မငိုကြဘူးလား။

**တပည့်တော်။** ။တချို့သံဃာတွေတော့ ကျိတ်ငိုကြပါတယ်ဘုရား, သိပ်ပြီး ကျယ်ကျယ်လောင်လောင် မငိုကြဖို့ သတိပေးနေရပါတယ်။

**ဓမ္မဂုတ်။** ။ကိုယ်တော်ကော မငိုဘူးလား။

**တပည့်တော်။** ။ငိုတော့ ငိုချင်ပါတယ်ဘုရား, တပည့်တော်ကစငိုယင် အခြား သံဃာတွေ ပိုဆိုးမှာစိုးလို့ ဖြေသိမ့်နေရပါတယ်, အခြားအကြောင်းတွေ တွေးပြီးတော့လဲ ငိုချင်စိတ်ကို သိမ်းဆည်းထားရပါတယ်။

**ဓမ္မဂုတ်။** ။ဘယ်လိုအကြောင်းတွေတွေးပြီး စိတ်ကိုသိမ်းဆည်းထားသလဲ။

**တပည့်တော်။** ။ငါငိုတာကို ဆရာတော်သာမြင်ယင် ကြိုက်မှာမဟုတ်ဘူး, အကျိုးမဲ့ကို လိုလားတဲ့သူများရှိယင် သူတို့ကျိတ်ပြီး လက်ခုပ်တီး ဝမ်းသာ နေကြမှာဘဲ, အကျိုးလိုလားတဲ့ သူတွေအားလုံးလဲ စိတ်ဆင်းရဲနေမှာဘဲ, ပြီးတော့ နေ့စဉ် ဆရာတော်ဟောပြော, ဩဝါဒပေးနေတာတွေလဲ ဘာမှ အဓိပ္ပါယ်ရှိမှာမဟုတ်ဘူး, အထက်တန်း နိကာယ်စာပေများကို သင်ယူ လေ့ကျက်ထားတာတွေလဲ ငါ့အတွက် ဘာတန်ဖိုးမှ မရှိသလိုဖြစ်ကုန်မှာ, အဲဒီလိုတွေးပြီး ငိုချင်စိတ်ပျောက်အောင် သိမ်းဆည်းထားရပါတယ်။

**ဓမ္မဂုတ်။** ။ရှေ့ဆက်ပြီး ဘယ်လိုစီစဉ်ကြတုန်း။

**တပည့်တော်။** ။ဆရာတော်ပြန်လွန်တော်မူခြင်းကို ဆရာ၁န်များ၏ အတည် ပြုချက်ရပြီးနောက် တပည့်တော်စဉ်းစားချက်မှာ....ဆရာတော်၏ ရဟန်း တပည့်, လူဝတ်ကြောင်တပည့်တွေဟာ တပြည်လုံးမှာ နေရာအနှံ့အပြား ရှိတော့ ပြည့်စုံအောင် အကြောင်းကြားနိုင်မည် မဟုတ်, ဈာပနပွဲရန် ရက်ကလဲ ကြာကြာထားချင်မှ ထားနိုင်မှာ, အဲဒ်တော့ (မြန်မာ့အသံ) ရေဒီယိုမှ ယနေ့ည သတင်းနေ်းမှာပါယင် ကောင်းမယ်လို့ ဆုံးဖြတ်ပြီး တပည့်တော်စပ်တဲ့ တောင်လေးလုံးကျောင်းမှ(ကလောင်ရှင် ကိုပညာ)ကို တာဝန်ပေးပြီး ဟံသာဝတီသတင်းစာတိုက်နှင့် ယက်ဆိုင်သူများထံ အကူ အညီယူပြီး ရေဒီယိုသတင်းပါအောင် စီစဉ်ရပါတယ်, မန္တလေးရှိ ရွှေကျင် သာသနာပိုင် ဆရာတော်ဘုရားကြီး အမှူးပြုသော ဂိုဏ်းဥ‌းစီးဆရာတော်

[illegible]



များကို အကြောင်းကြား ပြောကြားထားခြင်းများသာ ပဌမနေ့အတွက် ဆောင်ရွက်နိုင်ပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။ပတ်ဝန်းကျင်က ဒကာ-ဒကာမတွေ မလာကြဘူးလား။

**တပည့်တော်**။ ။လာကြပါတယ်, ညဥ့်နက်လေ လူများလာလေဖြစ်တော့ အမရပူရမှာရှိတဲ့ သာရေးနာရေးအဖွဲ့မှ အသင်းဝင်လူငယ်များ ရောက်လာလို့ ပရိသတ်ကို ထိန်းခိုင်းထားရပါတယ်, ည (၁၂)နာရီ လောက်မှ ပရိသတ် စဲသွားပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။နောက်တနေ့ကော ဘာအစီအစဉ်တွေ လုပ်ဆောင်ကြတုန်း။

**တပည့်တော်**။ ။နတ်တော် လပြည့်ကျော် (၃) ရက်နေ့တော့ သာသနာပိုင် ဆရာတော်ဘုရားကြီးနှင့် ဂိုဏ်းဦးစီး ဆရာတော်များကိုပင့်ပြီး ဘယ်လို ဆောင်ရွက်ရမည်ဆိုတဲ့ အမိန့်ကို ခံယူပါတယ်။

**ခမ္မဂုတ်**။ ။ဒီတော့ သာသနာပိုင်ဆရာတော်ဘုရားကြီးများက ဘယ်လိုအမိန့် ပေးတော်မူကြပါသလဲ။

**တပည့်တော်**။ ။တပည့်တော်များကို ဘယ်လိုစီစဉ်ချင်ကြသလဲ, ဘယ်လိုဆန္ဒ ရှိကြသလဲလို့ ထပ်မေးပါတယ်ဘုရား။

**ခမ္မဂုတ်**။ ။အဲဒီလို ဆရာတော်ဘုရားကြီးများကမေးတော့ ဘယ်လိုလျှောက် ထားကြတုန်း။

**တပည့်တော်**။ ။အဲဒီလို ဆရာတော်ဘုရားကြီးများကမေးတော့ ဆရာတော့် ဆန္ဒအရ ရက်တိုတိုကျဉ်းကျဉ်းနဲ့ (၅)ရက်လောက်ထားပြီး မီးသင်္ဂြိုဟ်လို သော်လဲ ယခုဆိုယင် နှစ်ရက်ကုန်သွားပါပြီ, နက်ဖန်တရက်သာ စီမံဖို့ အချိန်ရမှာမို့ အချိန်တိုတောင်းသဖြင့် (၅)ရက်ထား အစီအစဉ်က မဖြစ် နိုင်တော့ပါ, သို့အတွက် (၇) ရက်ထားလိုကြောင်း, အခြားဆရာတော် ကြီးများ သင်္ဂြိုဟ်တဲ့နည်းအတိုင်း မန္တလေးအရှေ့ပြင်သို့ ပင့်ဆောင်ပြီး သင်္ဂြိုဟ်လိုသော်လဲ တောင်မြို့ (အမရပူရ) မှာသာ ဆန္ဒရှိသူများသဖြင့် တောင်မြို့မှာသာ သင်္ဂြိုဟ်တော့မည့်အကြောင်း လျှောက်ထားပါတယ်။

**ခမ္မဂုတ်**။ ။အဲဒီတော့ သာသနာပိုင် ဆရာတော်ဘုရားကြီးများက ဘာများ ဆက်ပြီး အမိန့်ရှိတော်မူကြသေးတုန်း။

**တပည့်တော်။** ။ ၇ ရက်ထားခြင်း, တောင်မြို့မှာသာ သင်္ဂြိုဟ်လိုခြင်း ဆိုတဲ့ အချက်များကို အများဆန္ဒအရ သင့်မြတ်ပါတယ်၊ အဲဒီအတိုင်းဆက်ပြီး ဆောင်ရွက်ကြတာပေါ့၊ ယခုကိစ္စမှာ သာရေးမဟုတ်, နာရေးဖြစ်တော့ ပဌမ ရွှေကျင်ဆရာတော်, မဟာဝိသုဒ္ဓါရုံဆရာတော်, နောက်ဆုံး သက်တော်ရှည် သာသနာပိုင် ဗကင်းဆရာတော်ဘုရားကြီးများ၏ ဈာပနတွေ တုန်းကလိုပင် အလှူခံသံဃာလဲ ပင့်ဘို့မလိုဘူး, သူတို့ထံမှ အဆောက်အပံ့ ကိုလဲ လက်မခံပါနဲ့, လှူဘွယ်ဝတ္ထုများကိုလဲ လှူဘို့မလိုဘူး၊ ဈာပနကိစ္စ ကြလိုတဲ့ပုဂ္ဂိုလ်များ သူတို့ဆန္ဒအတိုင်းဘဲ ပင့်လိုက်ယင် လာလိုတဲ့ အခြား ပုဂ္ဂိုလ်များကို ဟန့်တားထားသလိုဖြစ်ပြီး အလာခက်ကြလိမ့်မယ်၊ အဲဒီ တော့ အကြောင်းကြားရုံသာ အကြောင်းကြားပါလို့ အမိန့်ပေးတော်မူ သည့်အတိုင်း လိုက်နာဆောင်ရွက်ပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဒီလိုဆိုတော့ ဈာပနမှာ ဘုန်းကြီးပရိသတ် နဲနေမှာပေါ့နော်။

**တပည့်တော်။** ။မှန်ပါ, အထိုက်အလျောက်တော့ ကြွလာပါတယ်ဘုရား, ကြွလာတဲ့ သံဃာတော်များကို ဆွမ်းကပ်ရန် စီစဉ်ထားရာ စာရင်းအရ ၂၅၀၀(နှစ်ထောင့်ငါးရာ)လောက် ဆွမ်းကပ်ရပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။ဒကာ-ဒကာမတွေကိုကော ထမင်းကျွေးသေးသလား။

**တပည့်တော်။** ။ အားလုံးအနေနဲ့တော့ မကျွေးပါဘုရား, ဝေယျာဝစ္စ (ကပ္ပိယကာရက)နဲ့ သီလရှင်, စုစုပေါင်း နှစ်ထောင်နီးပါးလောက်သာ ကျွေးပါတယ်။

**ဓမ္မဂုတ်။** ။သံဃာတော် ၂၅၀၀, ဝေယျာဝစ္စ(ကပ္ပိယကာရက),နဲ့ သီလရှင် နှစ်ချပ်ပေါင်း ၄၀၀၀(လေးထောင်)ကျော်ခန့်ဆိုတော့ မနဲပါလား၊ အဲဒီ သူတွေအတွက် သားကြီးငါးကြီးတွေ တော်တော်ရှာရဖွေရမှာပေါ့နော်။

**တပည့်တော်။** ။ဒီရက်အတွင်း ဒီကိစ္စနဲ့ပတ်သက်ပြီး သားကြီးငါးကြီးတွေ မစီမံဘို့ (ကပ္ပိယကာရက) ကျောင်းဒကာ-ကျောင်းအမများကို မေတ္တာ ရပ်ခံထားလို့ လိုက်နာကြပါတယ်ဘုရား။

**ဓမ္မဂုတ်။** ။နောက်ဆုံး ဈာပနပွဲမှာ စည်စည်ကားကားရှိရဲ့လား။

တပည့်တော်။ ။မှန်ပါဘုရား, ပရိသတ် အဂ္ဂခပ်တတ်တဲ့သူများကတော့ (သိန်းကျော်ပရိသတ်)လို့ သတ်မှတ်ကြပါတယ်ဘုရား။

ဓမ္မဂုတ်။ ။ ဒါလောက် ပရိသတ်များတော့ ဆိတ်ဆိတ်ငြိမ်ငြိမ်ဖြစ်အောင် ထိန်းနိုင်ရဲ့လား, ဘာပြဿနာများ ပေါ်သေးတုန်း။

တပည့်တော်။ ။ပဋ္ဌမတော့ ထိန်းလို့မှ ရပါ့မလားလို့ စျာပနကော်မီတီဥက္ကဋ္ဌဖြစ်တဲ့ (ပ-လ-စ-၂) တပ်မှူး ဒု-ဗိုလ်မှူးကြီးတင်ထွဋ်နဲ့ တာဝန်ရှိသူများက စိုးရိမ်မကင်း ဖြစ်မိပါတယ်တဲ့၊ သို့သော် အားလုံး အေးအေးချမ်းချမ်း ကိုယ့်သံဝေဂစိတ်နဲ့ ကိုယ်ဖြစ်နေသဖြင့် ဘာပြဿနာမှ မပေါ်ပါဘုရား။

ဓမ္မဂုတ်။ ။ရုပ်ကလာပ်တော်ကို ကျောင်းတိုက်က စျာပနပြုတဲ့(မီးသင်္ဂြိုဟ်တဲ့) နေရာပင့်တော့ ကရဝိက်ဖေါင်စသည့် အဆောင်အယောင်တွေနဲ့လား။

တပည့်တော်။ ။မဟုတ်ပါဘုရား, အားလုံး သံဃာတပည့်တွေကို ပြောထားပါတယ်၊ ဆရာတော်ရဲ့ရုပ်ကလာပ်တော်ကို ပင့်ဆောင်ရာမှာ နောက်ဆုံးပူဇော်တဲ့အနေနဲ့ ကိုယ့်ကိုယ်ကို ယာဉ်အဖြစ် အသုံးပြုခြင်းဟာ အမွန်မြတ်ဆုံး-အကောင်းဆုံး- သဘာဝအကျဆုံး ဖြစ်တယ်လို့ နားလည်ပြီး, ဒီအတိုင်း ကျင့်သုံးကြပါတယ်ဘုရား။

ဓမ္မဂုတ်။ ။အဲဒီလို ရုပ်ကလာပ်ပင့်ဆောင်တဲ့ ( ထမ်းတဲ့ ) နေရာမှာ ဒကာ-ဒကာမတွေ မပါဘူးလား။

တပည့်တော်။ ။ဒကာ-ဒကာမတွေ မကိုင်ရ (မထမ်းရ)ပါဘုရား၊ အားလုံး သံဃာတော်တွေချည်းပါဘဲ။

ဓမ္မဂုတ်။ ။ရုပ်ကလာပ် ပင့်ဆောင်တဲ့နေရာမှာ ဒကာ-ဒကာမတွေကို ဘာဖြစ်လို့ ကိုင်ဆောင်ခွင့်(ထမ်းခွင့်)မပြုတာတုန်း။

တပည့်တော်။ ။ဒကာ-ဒကာမတွေကို ကိုင်ဆောင်ခွင့်(ထမ်းခွင့်)ပြုလိုက်ယင် အလုအယက် ရုတ်ရုတ်သဲသဲဖြစ်ပြီး ဆိတ်ငြိမ်တဲ့ သံဝေဂပွဲနဲ့ မတူဘဲ, ပျော်ပွဲလို ဖြစ်သွားမှာစိုးလို့ပါဘုရား။

ဓမ္မဂုတ်။ ။ဒီလိုဆိုတော့ ဒကာ-ဒကာမတွေက ကျေနပ်ကြပါ့မလား။

**တပည့်တော်**။ ။အစိမ်း အမှည့်မရွေး တပြေးညီထဲ ဘယ်သူ့မှ ခွင့်မပြုတော့ ကျေနပ်ကြလိမ့်မယ်လို့ ထင်ပါတယ်။

**ဓမ္မဂုတ်**။ ။ဈာပနကိစ္စနဲ့ ပတ်သက်ပြီး ဆွမ်းကျွေးမှုစသော အခြားဆောင်ရွက်ဘွယ်ကိစ္စတွေကို သီးခြား ကောင်းမှုရှင်များ (တပည့်တော်က ဘာဘာတာဝန်ယူပါ့မယ်လို့ ဆိုသူများကော) မရှိဘူးလား။

**တပည့်တော်**။ ။လျှောက်ထားသူတွေကတော့ များပါတယ်ဘုရား, ဒါပေမဲ့ ကြီးကြီးငယ်ငယ် ဘာတာဝန်မှ သီးခြားမယူကြဘဲ, ဘာဘဲ ဆောင်ရွက်ဆောင်ရွက် အသေးအဖွဲ့ကစပြီး အများကောင်းမှုချည်း ဖြစ်စေကြဘို့ ပြောထားတော့ အားလုံး ကျေကျေနပ်နပ်နဲ့ လိုက်နာကြပါတယ်။

**ဓမ္မဂုတ်**။ ။ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်တာလား, မြေမြှုပ်တာလား, ရေမျှောတာလား၊ ဒါက ပိဋကစာပေမှာလာတဲ့ ဈာပန ၃မျိုးရှိလို့ သိရအောင် မေးတာပါ, လျှာရှည်တယ်လို့လဲ မအောက်မေ့ပါနဲ့ ကိုယ်တော်။

**တပည့်တော်**၊ ။မီးသင်္ဂြိုဟ်ပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။ဒီလို မီးသင်္ဂြိုဟ်တော့ အရိုးကျန်အောင် မီးသင်္ဂြိုဟ်တာလား, အားလုံးပြာဖြစ်အောင် မီးသင်္ဂြိုဟ်တာလား။

**တပည့်တော်**။ ။အရိုးကျန်အောင် မီးသင်္ဂြိုဟ်ပါတယ်, အားလုံးပြာဖြစ်အောင် မသင်္ဂြိုဟ်ပါဘုရား။

**ဓမ္မဂုတ်**။ ။ဒါဖြင့် နောက်ချက်မှာ အရိုးကောက်ပွဲ ကျင်းပသေးသလား။

**တပည့်တော်**။ ။မကျင်းပပါဘုရား, ရိုးရိုးဘဲ ကိုယ့်ဘာသာ သံဃာတွေနဲ့ ကောက်ပြီး သိမ်းဆည်းထားပါတယ်။

**ဓမ္မဂုတ်**။ ။သိမ်းဆည်းထားတဲ့အရိုးကို ဘယ်လိုလုပ်ဘို့ ရည်ရွယ်ထားသလဲ။

**တပည့်တော်**။ ။အခွင့်သာတဲ့အချိန်မှာ(တပည့်များ အမှတ်ရစေရန်)အထိမ်းအမှတ် ဗိမာန်ဆောက်ပြီးထားရန် ရည်ရွယ်ပါတယ်ဘုရား။

**ဓမ္မဂုတ်**။ ။အားလုံး ဈာပနပွဲတခုလုံး ခြုံကြည့်ယင် အေးအေးချမ်းချမ်း ချောချောမောမောပြီးဆုံးသွားလို့ ဝမ်းမြောက်ပါတယ်၊ ကဲကဲ....တပည့်

ဖြစ်တဲ့ အားလုံးသော ရဟန်း-ရှင်လူ ခပ်သိမ်းသူတို့ရဲ့ ကိုယ်စား နောက်ဆုံး အဖြစ်ဖြင့် ရှိခိုး ကန်တော့လိုက်ပါဦးကိုယ်တော်။

**တပည့်တော်။** ။မှန်ပါ့ဘုရား။

သုဗ္ဗတော နေ၁ သိဿောဟာယ,
ဒိဗ္ဗောကာသ ဂတောတုရံ၊
ထေရော သော၁ကပရေတာနံ,
အယံ စရိမ ဝန္ဒနာ။

သုဗ္ဗတော - ရဟန်းတော်မြတ်, ကျင့်သုံးအပ်သည့်, လေးရပ်သုဒ္ဓိ, ကောင်းမြတ်သော သီလရှိတော်မူသော၊ ထေရော-သာသနာ့အလုပ်, နောက်မဆုတ်ဘဲ, အားထုတ်ရှင်ပျော်, ဆရာတော်သည်၊ နေ၁ သိဿော-အမိမဲ့သား, ရေနဲ့ငါးနှင့်, မခြား တမူ, အလားတူသည့်, သားတပည့်တို့ကို၊ ဩဟာယ - တာဝန်ဟူသမျှ, ယူရစ်ကြဘို့, စိတ်ချအနေ, မိန့်မချွေဘဲ, မျက်နှာတော်လွှဲလျက်သာလျှင်၊ ဒိဗ္ဗောကာသံ — ရုတ်တရက်သားဟာမို့, တပည့်တွေကို နှုတ်မဆက်အားရော့ထင့်, ထက်ဖျားက ပင့်ဆောင်ယူ, ကြည်ကြည်ပျူ ရှိန်ဝါသန်းပြီမို့, ဟို........သီတဂူ နိမ္မာနန်းဆီသို့၊ တုရံဂတော-သံယောဇဉ်နွယ်ကြိုးကို, ပယ်ချိုးကာ ချိန်ခါဆန်းလို့, ဩြ်....ကြွလှမ်းတော်မူရှာပြီဘုရား။

သော၁ကပရေတာနံ - သော၁ကတွေ ပွေကာလှိုင်, တွေကာမှိုင် ကယ်သူဝေး ပြီမို့, တပည့်တွေမှာဘုရား,.... ပရိဒေဖြင့်လဲ ဘယ်မအေးနိုင်ဘူ, ဆွေးတာသာ, ငေးတာ-ရတဲ့ တပည့်တော်တို့၏၊ အယံ-ကာယနှင့် မြတ်ဝစီ, မနောကံ အလီလီ ဖြင့်, တင်ချီကာ ဦးနှိမ်ကျိုးလို့, အကြိမ်ကြိမ် ၎ှိခိုးလိုက်ခြင်းသည်ကား၊ စရိမ ဝန္ဒနာ-ဂုဏ်တော်တမ်းတ, ပုံမှန်းဆလျက်, လွမ်းရချုံးမှိုင်, မမုန်းနိုင်သော်လဲ, ဩြ်.... နောက်ဆုံးတိုင် ကန်တော့ခြင်းပါဘုရား။

**ဘာဘာဝသံသရာ ပြီးပြီ။**

အုပ်ရေ (၅၀၀၀)

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက်အမှတ် (၁၁၁၆၇)

★

**ထုတ်ဝေသူ—**

ဦးအောင်ခန့်, မှတ်ပုံတင်အမှတ်(၀၁၆၂၄) သရိုင်စာပေ။
အမှတ်(၅၀၇) ၈၂-လမ်း, ၃၆/၃၇လမ်းကြား မန္တလေး။

—o—

**ပုံနှိပ်သူ—**

ဦးကျော်, မြဲ (၀၁၈၂၄), နယူးဘားမား ပိဋကပုံနှိပ်တိုက်
မဟာဂန္ဓာရုံ စရပ်ဝင်း, အမရပူရမြို့။

—o—

မျက်နှာဖုံး ဒီဇိုင်း — မောင်အေးမြင့် (မြန်မာ့ရိုးရာ ဒီဇိုင်း) ရေးဆွဲသည်။